ရန်ကုန်မြို့-ကြည့်မြင်တိုင်
ကျေးဇူးရှင် ပဉ္စမ ဝေဠုဝန်ဆရာတော်ဘုရားကြီး၏ တပည့်
မော်လမြိုင် မုဒုံမြို့ ကွမ်တုံကျောင်း ဘုန်းတော်ကြီး

## ဘဒ္ဒန္တ တေဇောဘာသ

သီရိဝဏ္ဏ မာလာလင်္ကာရ သာသနဝံသ ရက္ခိတဓဇ
အမည်ရှိသော
မဟာထေရ် အရှင်မြတ်သည်
ရေးသား အပ်သော

## ကွမ်တုံ ယထာဘူတ ဓမ္မဒေသနာ

# ကမ္မဋ္ဌာန်းကျမ်းသစ်

---

ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
(၄၈၈)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၃၃၇၄)
ကင်းလွတ်ခွင့်အမှတ် (၀၉၃၄)

ကျမ်းပြုဆရာတော်–ဘဒ္ဒန္တတေဇောဘာသ။

ထုတ်ဝေသူ–ဦးပဒုမ။ ဝေဠုဝန်တိုက်၊ ပါဠိကျောင်း၊
ကြည့်မြင်တိုင်၊ရန်ကုန်မြို့။

ပါဠိဆရာများ – ဦးထွန်းသိန်း၊ ဦးစိန်အုပ်၊ ဦးဝင်းဖေ။

---


ပုံနှိပ်သူ–ဦးသန်းမောင်
ပုံနှိပ်သူ မှတ်ပုံတင် အမှတ် (၀၇၉၄)
ဣန္ဒြာသယ ပိဋကတ် ပုံနှိပ်တိုက်
၁၁၃၊ ၂၄–လမ်း၊ ရန်ကုန်မြို့။

၁၃၃၁–ခု၊ သီတင်းကျွတ်လ။ ၁၉၆၉–ခု၊ အောက်တိုဘာလ။

ပဌမ အကြိမ် စာအုပ်ရေ ၁၀၀၀။

(ဓမ္မဒါန)

# မော်လမြိုင် — မုဒုံမြို့



ကွမ်တုံဆရာတော်

အရှင်တေဇောဘာသပုံ

# ပဏ္ဍိတဝိလာသနီ နိဒါန်း

အရှင်ဘုရား အကျိုးအကြောင်းကိုသိ ပညာရှိ၏၊ မြေကြီး အထုကဲ့သို့သော ပညာရှိ၏၊ ဤသို့ ဟောကြားညွှန်ပြ ပြောဆိုကြ၏။ အရှင်ဘုရား အဘယ်မျှလောက်သော အတိုင်းအရှည်ဖြင့် ပညာရှိသည် ကြီးကျယ်သော ပညာရှိ ကေန်စင်စစ် ဖြစ်ပါသနည်း။ ဤသို့ နားတော်လျှောက်တင်၏၊ သာသနာထမ်း ချစ်သားရဟန်း ဤသာသနာတော်၌ ပညာရှိဟူသည် ကြီးကျယ်သော ပညာရှိပုဂ္ဂိုလ်သည် မိမိ၏ ပင်ပန်းခြင်းငှာ မစေ့ဆော်,သူတပါး၏ ပင်ပန်းခြင်းငှာ မစေ့ဆော်၊ မိမိ၏အကျိုးစီးပွား, ခပ်သိမ်းသော သတ္တလောက၏ အကျိုးစီးပွားကိုသာလျှင် ရုံခါမမှေ့ အဘန်ဘန်တွေ့ခါ ကြံစည်သည်ဖြစ်ပါ၍ အမှန်မသွေ ကြံစည်မိပေ၏။ သာသနာထမ်း ချစ်သားရဟန်း-ဤသို့လျှင် ပညာရှိသည် ကြီးကျယ်သော ပညာရှိ ဖြစ်ပေ၏၊ဤသို့ ရွှေညာဏ်တော်ပွင့်လင်း ရွှေခံတွင်းမှ ထင်လင်းကြည်ဖြူ မိန့်တော်မူပါပေ၏။

ဤသို့ အတ္ထုပ္ပတ် ပဏ္ဍိတစကားရပ်တို့ကို တတ်အပ်ထင်ထင် မိန့်တမ်းတင်တော်မူသည်နှင့် ညီစွာ ဟိတတရား အကျိုးစီးပွား လေးပါးတို့ကို လိုလားတောင့်တ အဇ္ဈာသယ ရှိကြကုန်သော ရဟန်းရှင်လူ ပဏ္ဍိတမည်သူတို့သည် လဆန်းပက္ခ သော်တာလသည် တနေ့ထက်တနေ့ ထွန်းလင်းတောက်ပ ရောင်ခြည်ပြည့်ဝသကဲ့သို့ ဗုဒ္ဓဘုရား တည်ထားသာသနာ ရောင်ဝါထွန်းပ မကွယ်ပခြင်း အလို့ငှာ သု၊စိ၊ပု၊ဘာ၊သိ၊ ဝိ၊လိ၊ဓာ အက္ခရာလုံး ပါဠိကုံး၍ အလုံးစုံပိဋကတ် အထပ်ထပ် အရာရာ အဓိပ္ပါယ်လာတို့ကို သိကြားချိန်သည့် ဝရဇိန်စက်အဖျား မိုးယံကြိုး၏ အသွားကဲ့သို့ တက်ကြွားညာဏ်ရှင် အာဇာနည်ဝင်ကြွား ပညာရှိဆရာတော် ဘုရားတို့၏ နယူပဒေသ အာစရိယဝါဒ တို့ဖြင့် ကျမ်းလာအစဉ် တန်ဆာဆင်၍ ကြည်လင်တောက်ပ မြတ်ပသာဒဂုဏ် ပေါင်းခါဆုံသော ဓမ္မာရုံကျမ်းဂန်ကြီးတို့ကို အသီးသီး လက်ပန်းမှု မှီကြတော့သည့်အတိုင်း ညာဏ်အဟုန်ကွန့်ဆိုင်း သမ္မာဂုဏ်တွန့်မလှိုင်းမှု၍ ကျမ်းဂန်လာဝိုက်သိုင်းလျက် ကျင့်ကြံကြိုးကုတ် အားပါးထုတ်၍ ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သော ယထာဘူတ ဓမ္မဒေသနာ ကမ္မဋ္ဌာန်းကျမ်းသစ်ကို သဘာဝဝင် အဓိပ္ပါယ်ထင်ပေါ်စေရန် ကျမ်းဂန်ညာဏ်အသွားဖြင့် ရေးသားပေလတ္တံ့။

ဇမ္ဗူသယ ၄၈၈-က

တရားအဓိပ္ပါယ် ယူကာ မကြည့်နိုင်သော တပည့်ဒါယကာ-ဒါယိကာမ အများတို့ကို သနားရှေးရှု ထောက်ထားကာပြုပြီးလျှင် မာဂဓပေါဠိပြင်မှာ စကားအစဉ် အဓိပ္ပါယ်သွား ဆန်းကြယ်သည့် တရားသဘော များကို ညာဏ်ရထားတင်၍ အဆူဆူကျမ်းပြတို့ဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်၍ ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သော ကွမ်တုံယထာဘူတဓမ္မဒေသနာ ကမ္မဋ္ဌာန်း ကျမ်းသစ် မည်ဟီး အထူးပြ ကျမ်းဂန်သစ်ကို ဘွင့်လှစ်၍ တီးလိုက်ပေသတည်း။

အိုခြင်း,နာခြင်း,သေခြင်းစသော ဘေးအနန္တဆင်းရဲ အပ္ပမေယျတို့၏ တည်နေခိုအောင်းရာ ခန္ဓာဝန်လက်စသိမ်း ဘဝဇာတ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ မရောက်သေး၍ ခန္ဓာဝန်တွဲလွဲနှင့် သံသရာဝဋ်ဆင်းရဲ ဒုက္ခထဲမှာ တလူးလူးတလဲလဲအိုပွဲ,နာပွဲ,သေပွဲ စသော အမင်္ဂလာပွဲ အနဲနဲနှင့် တွေ့ကြုံနေရသော သတ္တဝါတို့ကို နိဗ္ဗာန်ချမ်းသာကြီးကို ရစေလိုသော မေတ္တာ, သံသရာဝဋ်ဆင်းရဲ ဘေးကြီးထဲမှ ထွက်စေလိုသော ကရုဏာ တရားတို့ကို ရှေ့ထား၍ ရေးသားပြုပြင် စီရင်အပ်သော ကွမ်တုံကျောင်း ယထာဘူတဓမ္မဒေသနာ ကမ္မဋ္ဌာန်းကျမ်းသစ်ကို ကြည့် ရှုကြကုန်သော ပညာရှိသူ တော်ကောင်း သူမြတ်လောင်း အပေါင်းတို့သည် အပ္ပမာဒ မေ့လျော့သောအားဖြင့်ရင်း၊အညာဏမသိသော အားဖြင့်ရင်း ရေးသား မိ၍ မှားယွင်းချက်,ပျက်သော အချက်များရှိ၍ မှားယွင်းချက်,ပျက်သော အချက်များကို မှားယွင်းမှန်း ပျက်မှန်းကို အသေအချာ သိတော်မူကြကုန်လျှင် ယောနိသောပဒဟာနံ သဗ္ဗသမ္ပတ္တီနံ မူလံ-ဟူသည်နှင့် အညီ သဗ္ဗသမ္ပတ္တိမူလ ယောနိသော မနသိကာရဖြင့် ပြင်ဆင်၍ ဘတ်ရှုတော် မူကြစေကုန်သတည်း၊ အသင့်အတင့် နှလုံးသွင်းတော် မူကြစေကုန် သတည်း။

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပရိတ်ကြီးပါဠိတော်စသည် | ၁ |
| နှလုံးသွင်းရန်နှင့် သစ္စာအဓိဋ္ဌာန် | ၁၄ |
| ဈာန်ရ သမထကမ္မဋ္ဌာန်းစီးဖြန်းပုံ | ၂၀ |
| မဂ်ဖိုလ်ရ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းပုံ | ၂၃ |
| ခန္ဓာငါးပါး တရားတော် | ၂၅ |
| သမထဝိပဿနာ သံပေါက် | ၃၀ |
| ယောဂါဝစရပုဂ္ဂိုလ် အကျိုးငါးပါး | ၃၂ |
| အမည်အားဖြင့် တဆဲ့ရှစ်ပါးသောရုပ် | ၃၃ |
| ရုပ်နှစ်ဆဲ့ရှစ်ပါးသဘောသဘာဝနှင့်ဥပမာ | ၃၄ |
| ဓာတ်လေးပါး၏ဥပမာ | ၃၆ |
| ပသာဒရုပ်ငါးပါးဥပမာ | ၃၇ |
| ဂေါစရဝိသယရုပ်ခုနစ်ပါး | ၄၃ |
| ရူပရုပ် | ၄၄ |
| သဒ္ဒရုပ်စသည် | ၄၅ |
| ဘာဝရုပ်နှစ်ပါး | ၄၉ |
| ဟဒယရုပ် | ၅၃ |
| ဇီဝိတရုပ် | ၅၅ |
| အာဟာရရုပ် | ၅၆ |
| အာဟာရလေးပါးအရ ဘူမိတ္တမကိုပြခြင်း | ၆၁ |
| အာကာသရုပ်ကိုပြခြင်း | ၆၄ |
| ဝိညတ်ရုပ်ကိုပြခြင်း | ၆၅ |
| လဟုတာဒိတ္တယရုပ်ကိုပြခြင်း | ၇၀ |
| ဥပစယသန္တတိရုပ်ကိုပြခြင်း | ၇၁ |
| ဇရတာရုပ်စသည် | ၇၄ |
| ပုဗ္ဗာနယငုပ်မှတ်ရန်လင်္ကာအချုပ် | ၇၇ |
| နာမ်တေပညာသ ၅၃-ပါး | ၇၉ |
| ရူပသမုဒ္ဒေသဿ ပဟေဠိဂါထာ | ၇၉ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာရုံနှင့် စိတ်စေတသိက် ဖြစ်ရိုပ် ဘယ်သူအစနည်း | ၈၀ |
| လက္ခဏရသစသည် ခွဲပြခြင်း | ၈၇ |
| မာန်တက်ခြင်းအပြားဆွဲနှစ်ပါး | ၉၆ |
| သဟံပတိဗြဟ္မာ တောင်းပန်ရာ | ၁၂၉ |
| အာရတိ ဝိရတိအထူး | ၁၃၀ |
| ဒုစရိုက် ဒုရာဇီဝအထူး | ၁၃၁ |
| သမ္မာအာဇီဝသရုပ် | ၁၃၂ |
| အညာဏပေက္ခာ | ၁၃၇ |
| ရုပ်နာမ်အခွဲလက်ာ | ၁၄၇ |
| ပဉ္စဂ္ဂပုဏ္ဏား လင်မယားဝတ္ထု | ၁၅၁ |
| မဟာသိဝမထေရ်ကြီးဝတ္ထု | ၁၅၇ |
| ဝတ္ထုနှစ်ခု ကောက်နုတ်ချက် | ၁၆၂ |
| ဝိသုဒ္ဓိ ခုနစ်ပါး | ၁၆၆ |
| ဝိပဿနာဉာဏ် ဆယ်ပါး | ၁၆၇ |
| ဝိပဿနာကမ္မဋ္ဌာန်း အဓိပ္ပါယ် | ၁၆၇ |
| ဝိမောက္ခ ဘေဒစသည် | ၁၈၁ |
| သီလဝိသုဒ္ဓိအရ ဖြည့်ကျင့်ရန် | ၁၈၃ |
| ဣန္ဒြိယသံဝရသီလကိုပြခြင်း | ၁၈၇ |
| အာဇီဝပါရိသုဒ္ဓိသီလ | ၁၈၇ |
| ပစ္စယသန္နိဿိတသီလ | ၁၉၄ |
| စိတ္တဝိသုဒ္ဓိစသည် | ၁၉၇ |
| သမ္မသနဉာဏ်နှင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | ၂၁၀ |
| ဥဒယဗ္ဗယဉာဏ်နှင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | ၂၁၄ |
| ဥဒယဗ္ဗယဉာဏ်ဘင်ဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | ၂၁၆ |
| ဘယဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | ၂၁၈ |
| အာဒီနဝဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | ၂၂၁ |
| အာဒီနဝဉာဏ်ဖြစ်ဟန် | ၂၂၁ |
| နိဗ္ဗိန္ဒ မုဉ္စိတု ပဋိသင်္ခါဉာဏ်သုံးပါးနှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | ၂၂၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မုဠ္ဌိတုကမျှတာညဏ်ဖြစ်ဟန် | ၂၂၃ |
| ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်လာ တော-၄၀ | ၂၂၄ |
| မဂ်လေးပါးနှင့် ဉာဏဒဿနဝိသုဒ္ဓိ | ၂၃၃ |
| မဂ္ဂဝီထိ၌ အနုလုံ ဂေါတြဘူအာရုံထူး | ၂၃၄ |
| အဋ္ဌကထာဥပမာ | ၂၃၆ |
| လက္ခဏာရေးသုံးပါး ထင်ဟန် မထင်ဟန် | ၂၃၉ |
| အနိစ္စာဒိစတုက္ကဝိနိစ္ဆယ | ၂၄၉ |
| အရိယာပုဂ္ဂိုလ်အပြား | ၂၅၃ |
| နန္ဒိယသူဌေးဝတ္ထု | ၂၅၇ |
| အသဒိသဒါန တရားတော် | ၂၅၇ |
| သဒ္ဓါမိကဒါန တရားတော် | ၂၅၈ |
| အနာထပိဏ်သူဌေးဝတ္ထုစသည် | ၂၅၉ |
| သမ်ပါလပုဏ္ဏားဝတ္ထု | ၂၆၀ |
| ဒါနပြုရာခေတ် | ၂၆၁ |
| စိန္တာမဏိ တရားတော် | ၂၆၂ |
| တင်းလဲရေထက် ပိုးပရွက်သို့ | ၂၆၃ |
| လောကီသုခ အနိစ္စ | ၂၆၄ |
| အရိပ်ပမာ ကံနှစ်ဖြာ | ၂၆၄ |
| ကုသိုလ်ဟူသမျှ ကြိုတင်ကြ | ၂၆၅ |
| ပါရမီမြောက် နိဗ္ဗာန်ပေါက် | ၂၆၇ |
| မဂ္ဂင်ကူးရန် လှေတော်သံ | ၂၆၉ |
| ပုညကြိယဝတ္ထု ဆယ်ပါး | ၂၆၉ |
| ဒါနသရူပကိုပြခြင်း | ၂၇၁ |
| ဒေယျဓမ္မဒါနစသည် | ၂၇၃ |
| သံဃိကဒါနထက် ပုဂ္ဂလိကဒါန မဟပ္ဖလ | ၂၈၈ |
| သံဃစိတ္တိကာရကိုပြုသောဝတ္ထု | ၂၉၁ |
| ကောက်ဦးကိုးကြိမ် | ၃၀၁ |
| ဘုရားလောင်း၏ ကုသိုလ်ကောင်းမှု | ၃၀၅ |
| သူဆင်းရဲ လင်မယား | ၃၁၆ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သံဃာဒတ္တမထေရ်ဝတ္ထု | ၃၂၂ |
| နှမြောဝန်တိုသော ကောသိယ သူဌေးကြီး | ၃၃၉ |
| မဟာပနာဒမင်းမြတ် ကျောင်းလှူကဗျာစသည် | ၃၅၀ |
| နိဗ္ဗာန်ရောက်ဘွယ် ကြွေးကိုးဆယ် | ၃၅၃ |
| တိလောကဝိဇယစကြာမင်းကြီးဝတ္ထု | ၃၆၇ |
| ကုသိုလ်သုံးတန် ပဟာန်သုံးချက် | ၃၇၀ |
| ကထိနဒါနခဏ်း | ၃၇၄ |
| ကထိန်ဒါနရှစ်လုံးဘွဲ့စသည် | ၃၉၂ |
| လမြတ်တန်ဆောင် | ၄၀၁ |
| သုံးဆယ့်ရှစ်ဖြာ မင်္ဂလာအစစ်စသည် | ၄၁၃ |
| မင်္ဂလာခွဲအမေးအဖြေစသည် | ၄၂၀ |
| သီဝလိရှစ်လုံးဘွဲ့ကဗျာ | ၄၄၀ |
| သီလအတိုချုပ် မှတ်သားရန် | ၄၄၅ |
| သီလခံယူပုံ | ၄၄၇ |
| ရေစက်ချရန် နှုံးဆော်စာ | ၄၅၅ |
| ဓမ္မဒေသနာ တရားတော်မြတ်ကြီး | ၄၅၇ |
| ကျိုက္ကမော့ နှုံးဆော်စာ | ၄၆၀ |
| ဝိနယစာပြန်ပွဲ နှုံးဆော်စာစသည် | ၄၆၂ |
| ပဋိစ္စသမုပ္ပါဒ်လင်္ကာ ပွားများရန်စသည် | ၄၇၃ |
| ဝေဠုဝန်နိကာယ မိန့်ခွန်းတော် | ၄၈၀ |
| မင်္ဂလာရတုပိုဒ်စုံ | ၄၈၉ |
| ကွမ်တုံဆရာတော် မိန့်ခွန်းတော် | ၄၉၅ |
| သတိပဋ္ဌာန်တရား လေးပါးစသည် | ၄၉၈ |
| ခန္ဓာငါးပါးစသည် | ၅၀၅ |
| အပူကင်းဝေး အေးအေးနိဗ္ဗာန် | ၅၂၅ |
| သူငါမရှိ ရုပ်နာမ်ရှိ | ၅၂၉ |
| မျက်စိစသည်မှ လျှောင် နိဗ္ဗာန် | ၅၄၁ |
| မယ်သုမနဝတ္ထု | ၅၄၂ |
| ဗုဒ္ဓဘာသာစစ်ဖြစ်ပုံကဗျာစသည် | ၅၄၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တရားအားထုတ်ရာ၌ နည်းသုံးမျိုးစသည် | ၅၆၁ |
| ကုန်သည်နှင့်ဘီလူးမဇာတ်လမ်း | ၅၀၇ |
| တုလက ကိုဘချိန်ဝတ္ထု | ၅၉၀ |
| မှာပုံတော်နှင့် အာရုံပျော် လွှမ်းစေတီဂါထာ | ၅၉၇ |
| အဘိဓမ္မာတပ်၍ အဆုံးသတ်ရန် | ၆၀၂ |
| ရေစက်ချ အမျှပေးဝေရန် | ၆၀၀ |
| သစ္စာအဓိဋ္ဌာန်ပြုရန် | ၆၀၉ |
| အမိမွန်မြန်မာပြေ ဥဒ္ဒိဿမေတ္တာပို့ | ၆၀၉ |
| ဆုတောင်းပတ္ထနာ မင်္ဂလာသြဘာ | ၆၁၀ |
| ရှစ်လုံးဘွဲ့ တရားကဗျာ | ၆၁၁ |
| တနည်း ဆုတောင်းရန် ဓမ္မဒေသနာ | ၆၁၂ |
| နှိုးဆော်စာနှင့် တရားလက်ာ | ၆၁၂ |
| နိဂုံးပတ္ထနာ | ၆၁၃ |
| မြန်မာဆုတောင်း သံပေါက် | ၆၂၂ |
| မြန်မာဆုတောင်းလက်ာ | ၆၂၂ |
| အသင့်အတင့်နှလုံးသွင်းဆင်ခြင်ရန် | ၆၂၃ |
| ဥယျောဇဉ် | ၆၂၄ |
| ကျမ်းပြီး နိဂုံးလက်ာ | ၆၂၅ |



ကွမ်တုံ ယထာဘူတဓမ္မဒေသနာ

# ကမ္မဋ္ဌာန်းကျမ်းသစ်

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

**ပဥ္စင်္ဂုဏံ အဟံဝန္ဒာမိ**

ဗုဒ္ဓံ ဓမ္မံ၊ သောဓအဟံ၊ သံဃံနမာမိ။
တိသရဏံ၊ ပဏာမံ၊ ဘယံနဿတိ။

ရတနာသုံးပါး၊ ဆရာများနှင့်၊ နှစ်ပါးမိဘ၊ဂုဏ်နန္တကို၊တုပ်ကွရှိုးကြိုး၊ ရှိမြတ်နိုးသည်၊ ကောင်းကျိုးလျှင်ဆော ရစေသောဝ်။

**ပရိတ်ကြီးပါဠိတော်**

သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

အစ ပရိတ်ကြီး အဆုံးအထိ

ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေအတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာဗုဒ္ဓသာသနေ။
အရောဂါ သုခိတာဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။

## အပြင်အောင်ခြင်းရှစ်ပါးပါဠိ

ဗာဟုံ သဟဿ မဘိနိမ္မိတသာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရံ သသေနမာရံ။

အစ။

ဒါနာဒိဓမ္မဝိဓိနာ၊ ဇိတဝါ မုနိန္ဒော။
တံတေဇသာ ဘဝတုမေဇယမင်္ဂလဂ္ဂံ။

အဆုံးအထိ။

## အတွင်းအောင်ခြင်းရှစ်ပါးပါဠိ

အဝိဇ္ဇာ အဏ္ဍကောသမှိ၊ သတ္တေတဏှာ ဇလာဗုဇေ။
တမှာဌာနာ နိက္ခာမေသိ၊ ဒေသနာ ဉာဏတေဇသာ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

အစ။

ပဉ္စတာလီသဝဿာနိ၊ ဌတွာလောကံ သဒေဝကံ။
ဝိဝယိတွာ ဓမ္မရသံ၊ နိဗ္ဗုတော သော သသာဝကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

အဆုံးအထိ။

## ရတနာရွှေချိုင့်ပါဠိ

ဇယာသနာ ဂတာဗုဒ္ဓါ၊ ဇိတွာ မာရံ သဝါဟနံ။
စတုသစ္စာမတရသံ၊ ယေပိဝိံသု နရာသဘာ။

အစ။

ဣစ္စေဝမေ ကန္တကတော၊ သုရက္ခော ဇိနာနုဘာဝေ။
ဟတာရိ သံဃော သံဃဿ၊ တေဇေန ဂုဏာကရဿ။

အဆုံးအထိ။

## နမက္ကာရပါဠိ

သုဂတံ သုဂတံ သေဋ္ဌံ၊ ကုသလံ ကုသလံ ဇဟံ။
အမတံ အမတံ သန္တံ၊ အသမံ အသမံ ဒဒံ။

သရဏံ သရဏံ လောကံ၊ အရဏံ အရဏံ ကရံ။
အဘယံ အဘယံ ဌာနံ၊ နာယကံ နာယကံ နမေ။

အစ။

ပူဇိတော သဗ္ဗလောကေဟိ၊ ဘာဝနာ ဘိရတိမနော။
ဇနပ္ပိယော မနာပေါစ၊ ကာကထာ ခိလဓာရဏော။

အဆုံးအထိ။

## ၂၄-ပစ္စည်း

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊အဝိဂတပစ္စယော ဟောတိ။

## ၃၂-ကောဋ္ဌာသ

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ၊လောမာ၊ နခါ၊ဒန္တာ၊တစော၊မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ဟဒယံ၊ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ။ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊မုတ္တံ။

## ပဋိစ္စသမုပ္ပါဒ်အနုလုံ ပဋိလုံ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာ တဏှာ၊တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ဘဝပစ္စယာ ဇာတိ၊ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပ

နိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာ နိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါ ဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ပဋမဗုဒ္ဓဝစနာဒိ

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာသင်္ခါရာ အပ္ပမာ ဒေန သမ္ပာဒေထ၊

အနိစ္စာမေ ပဉ္စက္ခန္ဓာ၊ အနိစ္စာယ မရိဿန္တိ။
မရဏန္တံ ဂမိတ္တာန၊ ဌမ္မံကာယံ ခိဝိဿန္တိ။

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

သညာ အတီတာနာဂတပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊အနတ္တာ အသာရကဋ္ဌေန။

ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊အနတ္တာ အသာရကဋ္ဌေန။

အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေဓမ္မာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

## မေတ္တာပို့

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ၊ ဒုက္ခာ မုစ္စာမိ၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆာမိ ကမ္မဿကော။

မမ အာရက္ခ ဒေဝတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

မမ ဝိယပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

မမ ဝေရိပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

မမ မဇ္ဈတ္တပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

သီမဋ္ဌကသံဃာ သီမဋ္ဌကဒေဝတာ သီမဋ္ဌကမနုဿာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

အမှာကံ ဂေါစရဂါမေ ဇေဋ္ဌကမနုဿေ အာဒိံကတွာ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ သဗ္ဗာ ဣတ္ထိယော သဗ္ဗေ ပုရိသာ သဗ္ဗေအရိယာ သဗ္ဗေ အနရိယာ သဗ္ဗေ ဒေဝါ သဗ္ဗေ မနုဿာ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

ဣမသ္မိံ ဝိဟာရေ ဣမသ္မိံ နဂရေ ဣမသ္မိံ ပဗ္ဗတာဒိမှိ အာရက္ခ ဒေဝတာ ဘုမ္မဋ္ဌဒေဝတာ ရုက္ခဋ္ဌဒေဝတာ အာကာသဋ္ဌဒေဝတာ သဗ္ဗာ ဒေဝတာယော အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ–သဗ္ဗေသတ္တာ(လ)ကမ္မဿကာ။

ဥဒ္ဓံယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝအဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။

ဥဒ္ဓံ ယာဝဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေစရာ။
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ အာကာသေစရာ။
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။

ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။

ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောကမနုပါယာသံ၊ နိဗ္ဗာနသုခမုတ္တမံ။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ။

ဣဒံ မေ ပုညံ အာသဝက္ခံ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

ဣဒံ မေ ပုညံ အရဟတ္တ မဂ္ဂ ဖလ နိဗ္ဗာနဿ ပစ္စယော ဟောတု။

ကတပုညဿ မေ ဘာဂံ၊ သဗ္ဗေသာနံ ဒါနမဟံ။
လဘန္တု မေ သမဘာဂံ၊ သုခံ ပါပေါန္တု ပါဏိနော။

အရောဂါ သုခိတာ ဟောန္တု၊ သောဥဿ ရဋ္ဌဝါသိနော။
သမဂ္ဂါ သခိလာ ဟောန္တု၊ ဗုဒ္ဓ ဓမ္မ သံဃ ပရာယနာ။

## တရားအားမထုတ်မီ ရွတ်ဘတ်ပွားများရန် အန္တရာယ်ကင်း ဂါထာများ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာဝေါရောပေယျ။

ပထဝိဗလသုန္ဒြီ၊သဗ္ဗညုဗောဓိမင်္ဂလံ။
အသင်္ချေယျံ မာရသေနံ ဇယော ဇယတု သဗ္ဗမင်္ဂလံ။

မုနိန္ဒက္ကောတမံ မောဟံ၊ဟန္တွာ ဗောဓေသိ ပက်ဇံ။
ဇနံ သဒ္ဓမ္မရံသီဟိ၊သော သမ္ပာလေတု မံ ဇိနော။

ဇယန္တော ဗောဓိယာမူလေ၊သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ဇယဿု ဇယမင်္ဂလေ။

အပရာဇိတပလ္လင်္ကေ၊သီသေပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊အဂ္ဂပတ္တော ပမောဒတိ။

ဇိနော အဘိဇ္ဈကာယောပိ၊နတ္ထိ လောဟိတသူဒနံ။
တဒေဝ ဝစနံ သစ္စံ၊ဝန္ဒေတံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ဟောတု မေ ဇယမင်္ဂလံ။

တိဋ္ဌေယျနန္တဝဿမ္ပိ၊ဇယုဿဝေါ သမာပန္နော။
တဒေဝ ဝစနံ သစ္စံ၊ဝန္ဒေတံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။
တဒေဝ ဝစနံသစ္စံ၊ ဝန္ဒေတံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဥပေတွာ ပဉ္စဒတ္တဿ၊ နေကဘာဝေန ဃာတနံ။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေတံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

ယေကေစိ ဓမ္မံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

ယေကေစိ သံဃံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝတာယံ ပရိပူရေဿန္တိ။

ဗုဒ္ဓေါ စ မင်္ဂလောလောကေ၊ သမ္ဗုဒ္ဓေါ စာပိ လောကဂ္ဂေါ။
ဗုဒ္ဓံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

ဓမ္မော စ မင်္ဂလောလောကေ၊ ဂမ္ဘီရော ဟောတိ ဒုဒ္ဒသော။
ဓမ္မံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

သံဃော စ မင်္ဂလောလောကေ၊ ဒက္ခိဏေယျော သဒါ ဟောတိ။
သံဃံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလ္လာနော၊ ပုရတော ပိဋကတ္တယံ။

ပစ္ဆိမေ မမ အာနန္ဒော၊ စတုဒ္ဒိသာ ခီဏာသဝါ။
သမန္တာ လောကပါလာစ၊ ဇိန္ဒာဒေဝါ သမြဟ္မကာ။

တေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယဥပဒ္ဒဝါ။
အနေကာအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စ သတ သဟဿာနိ၊ နမာမိ သိရသာ မဟံ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

သီဝဟံ ဗုဒ္ဓါနံ မေတ္တံ ဂဏှာမိ၊ သီဝဟံ ဓမ္မာနံ မေတ္တံ ဂဏှာမိ၊
သီဝဟံ သံဃာနံ မေတ္တံ ဂဏှာမိ၊
သီဝဟံ အာစရိယာနံ မေတ္တံ ဂဏှာမိ။
သီဝဟံ မာတာပိတူနံ မေတ္တံ ဂဏှာမိ၊
သီဝဟံ ဉာတကာနံ မေတ္တံ ဂဏှာမိ။
သီဝဟံ သဗ္ဗသတ္တာနံ မေတ္တံ ဂဏှာမိ။

မေတ္တာစိတ္တေန မံ ဒိနေဒိနေ အာယုဒီဃကာယံ အနေကအန္တရာ
ယာပိ ဝိနဿန္တု အသေသတော။

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေနုရက္ခန္တု၊ အရောဂေန သုခေန စ။

ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

စတ္တာရော တေ မဟာရာဇာ၊ လောကပါလာ ယသဿိနော။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣဓ သာသနေ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွန္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

သတ္တိမေ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ။ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဝိရိယသမ္ဗောဇ္ဈင်္ဂါ ခေါ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာ ယနိဗ္ဗာနာယ သံဝတ္တတိ။

ပီတိသမ္ဗောဇ္ဈင်္ဂါ ခေါ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါ ခေါ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

သမာဓိသမ္ဗောဇ္ဈင်္ဂါ ခေါ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာသမ္ဗောဇ္ဈင်္ဂါ ခေါ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ သတ္တ သမ္ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

နာညတြ ဗောဇ္ဈာပသာ၊ နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

ဘဝေဝေါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ နဥပါဒိယိံ။

သံသာရစက္ကဝိဒ္ဓံသံ၊ သံသုဒ္ဓမဿ ဩရသံ။
သံဆိန္နကံ ဘဝေ အာသံ၊ သံဃံ အပိ သုမာနသံ။

ကေစိတ္တံ ဝိစိန္တေတွာ၊ ကေဓမ္မံ သုနိဿတိ။
သေတော သေမော လောကေ၊ ကေ္ရာဇာတိ ပါကဋော။

သေတိ သမ္မာသမ္ဗုဒ္ဓံ၊ သေတိ ဓမ္မမုတ္တမံ။
သေတိ မဂ္ဂမုဂ္ဂယှ၊ သေတိ ပန တေ နမော။

အဂ္ဂေါဟသ္မိ လောကဿ၊ ဇေဋ္ဌောဟသ္မိ လောကဿ။
သေဋ္ဌော ဟသ္မိလောကဿ။

ဗုဒ္ဓေါပေါဓေယျံ၊ မုတ္တောမောစေယျံ၊တိဏ္ဏောတာရေယျံ။

ကိံမေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။

ဧတေန ပုညကမ္မေန၊ ပညာဓိကော ဘဝါမဟံ။
ဗုဒ္ဓတ္တံ ပါပုဏိတွာန၊ သန္တာရေဿံ သဒေဝကံ။

ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊ ကသိဏေနာပိ ဇမ္ဗူဒီပဿ။

ဓမ္မောတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊ ကသိဏေနာပိ ဇမ္ဗူဒီပဿ။

သံဃောတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊ တသိဏေနာပိ ဇမ္ဗူဒီပဿ။

သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဗ္ဗဓမ္မာနုဘာဝေန၊ သဗ္ဗသံဃာနုဘာဝေန၊ သဗ္ဗသတ္တာနုဘာဝေန၊ သဗ္ဗဒေဝါနုဘာဝေန၊ သဗ္ဗပရိတ္တာနုဘာဝေန၊ မဝန္တမန္တဿာ နုဘာဝေန၊ အဇ္ဈတ္တိကဗာဟိရေသု ဇာတာ ပဝတ္တာ ဆနဝုတိရောဂါ၊ မဥ္စရိသတိဘယာ ဒွတ္တိံသကမ္မကာရဏာ သောဠသ ဥပဒ္ဒဝါ ပဉ္စဝေရီ ဒသဒဏ္ဍာ အဋ္ဌဒေါသာစ နာနာဘယာ နာနာ ရောဂါဝါ တိဏိကပ္ပါနိ သဗ္ဗအန္တရာယာစ ဝိနာသံ န္တေ့ပါပုဏန္တု။

သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊ ပစ္စေကာနဉ္စ ယံဣဒ္ဓိံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ခေမပတ္တာ၊ ပစ္စေကာနဉ္စ ယံခေမံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ဇိနပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံဇိနံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ လာဘပတ္တာ၊ ပစ္စေကာနဉ္စ ယံလာဘံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ တေဇပတ္တာ၊ ပစ္စေကာနဉ္စ ယံတေဇံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ဗလပတ္တာ၊ ပစ္စေကာနဉ္စ ယံဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ယသပတ္တာ၊ ပစ္စေကာနဉ္စ ယံယသံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ သီရိပတ္တာ၊ ပစ္စေကာနဉ္စ သံသိရိံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ဇုတ္တိပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဇုတ္တိံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဂန္တွာ ကသ္မိရဂန္ဓာရံ၊ ဣသိ မေဇ္ဈန္တိကော တဒါ။
ဒုဋ္ဌနာဂံ ပသာဒေတွာ၊ မောစေသိ နိဗ္ဗာနဗဟူ။

ဂန္တွာန ရဋ္ဌံမဟိံသံ၊ မဟာရေဝေါ မဟိဒ္ဓိကာ။
တေ ဒတွာ ဒေဝဒူတေဟိ၊ မောစေသိ ဗန္ဓနာဗဟူ။
ဂန္တွာန ရက္ခိတထေရော၊ ဝနဝါသိ မဟိဒ္ဓိကော။
အန္တလိက္ခေ ဌိတော တတ္ထ၊ ဒေသေသိ အနမတဂ္ဂိယံ။
အပရန္တံ ဝိဂါဟိတွာ၊ ယောနကော ဓမ္မရက္ခိတော။
အဂ္ဂိခန္ဓူပမေနေတ္ထ၊ ပသာဒေသိ ဇနေဗဟူ။
မဟာရဋ္ဌံ ဣသိ ဂန္တွာ၊ သော မဟာဓမ္မရက္ခိတော။
ဇာတကံ ကထယိတွာန၊ ပသာဒေသိ မဟာဇနံ။
ယောနရဋ္ဌံ တဒါ ဂန္တွာ၊ သော မဟာရက္ခိတော ဣသိ။
ကာဠကာရာမ သုတ္တေန၊ တေပသာဒေသိ ယောနကေ။
ဂန္တွာန မဇ္ဈိမထေရော၊ ဟိမဝန္တံ ပသာဒယိ။
ယက္ခသေနံ ပကာသန္တော၊ ဓမ္မစက္ကပဝတ္တနံ။
သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရမဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလ မဒေသယျုံ။
ဂန္တွာန မဟိန္ဒထေရော၊ လင်္ကာဒီပံ ဒီပုတ္တမံ။
ပေတဝတ္ထုံ ကထယိတွာန၊ ပသာဒေတိ ဇနေဗဟူ။

ဣစ္ဆန္တော သာသပဂ္ဂေ၊ ဣတောစိတော စင်္ကမတိ။
ဣစ္ဆန္တော စက္ကဝါဠမ္ပိ၊ အတ္တဘာဝေန ဆာဒယိ။
ဗုဒ္ဓမ္မာ အဟုစ္ဆရာ၊ တထာ မေ ဟောန္တု နန္တဂုဏာ။
ဒုက္ခပတ္တာစ နိဒ္ဒုက္ခာ၊ ဘယပတ္တာစ နိဗ္ဘယာ။
သောကပတ္တာစ နိဿောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။
ဣဒ္ဓိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။
ပသန္နမုခဝဏ္ဏာစ၊ ပရိပုဏ္ဏာ မနောရထာ။

ပီတိပါမောဇ္ဇဗဟုလာ၊ စိရံ ဇီဝန္တု နာမယာ။
နဝစသမ္ပိ နောမိတ္တာ၊သုလဘန္တု နဝံ နဝံ။
သုခံ ရုက္ခံ မနာပဉ္စ၊ သုခါ ယန္တု လဟုံ လဟုံ။
သာသနဿစ လောကဿ၊ ဝုမ္ဍိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။
ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တုတေ။
ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တုတေ။
ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တုတေ။

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထသဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တီဟိရတနေဟိ ဥတ္တမံ၊ ကော်ဇယမင်္ဂလံဒေထာတိ။

---

ကျေးဇူးရှင် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန် ဆရာတော်ဘုရားကြီး၏ တပည့်မုဒုံမြို့ ကွမ်တုံကျောင်းဟောင်း ဘုန်းတော်ကြီး အရှင်မြတ်သည် ရေးသားစီရင်အပ်သော နေ့ညမပြတ် သစ္စာအဓိဋ္ဌာန်ပြု၍ ဘေးရန်ဥပဒ်အန္တရာယ် အသွယ်သွယ် ဖြစ်ပေါ်လာသောအခါ အရေးကြုံပါက အောက်ပါ မကျဉ်းမကျယ်ဘေးရန်ကင်းကွာ အန္တရာယ်ကင်း ပြဟ္မစိုရ်ရတရားများကို အထူးနှလုံးသွင်း၍ အာရုံပြုလျှင် ပစ္စုပ္ပန်သံသရာ နှစ်ဖြာတွင် အသက် စည်းစိမ် ဥစ္စာ ခန္ဓာကိုယ်ကြီးပါ မုချမသွေ ချမ်းသာစွာရရှိကြပါလိမ့်မည်။

## အထူးသတိပြု နှလုံးသွင်းပါရန်

ရတနတ္တယံ ရက္ခတု မံ နိစ္စံ၊ အန္တရာယံ ဝိနဿတိ။
သမ္မာ ဒေဝါ ရက္ခန္တုသဒါ၊ မနုဿာ မောဒန္တု သဗ္ဗဒါ။
သဗ္ဗမင်္ဂလာ ဝဍ္ဎန္တု၊ နိရန္တရာ၊ တိဋ္ဌန္တု စိရာနိ သဒ္ဓမ္မာ။

အနန္တငါးဖြာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အံ့ဘွယ်ရှစ်ဖြာနှင့်ပြည့်စုံတော်မူသော သာသနာတော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးကို ပုထုဇဉ်

လူရှင်ရဟန်းအပေါင်း သူတော်ကောင်းတို့ထက် အထူးသဖြင့် သိတတ်သော အရိယာ, နတ်, သိကြား,ဗြဟ္မာ,ဒေဝါအပေါင်း, သူတော်ကောင်းတို့သည် သွားလေရာရာ ထိုင်လေရာရာ ခလုပ်မထိဆူးမငြိဘဲ ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာအောင် လစ်လျူမရှု ဥပေက္ခာမပြုဘဲ ကူညီဝိုင်းဝန်း မိုင်းမ,စောင့်ရှောက်ကယ်မ, သနားတော်မူပါ အရိယာ, နတ်, သိကြား,ဗြဟ္မာဒေဝါ အပေါင်းသူတော်ကောင်းတို့။

ရှင်ကောဏ္ဍညသံ မြတ်စွာဘုရား၊ ရှင်ကောဏာဂုံ မြတ်စွာဘုရား၊ ရှင်ကဿပ မြတ်စွာဘုရား၊ ရှင်ဂေါတမမြတ်စွာဘုရား၊ အရှင်မေတ္တေယျ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ တရားတော်မြတ်၏ ဂုဏ်ကျေးဇူးကိုအာရုံပြု၍ သံဃာတော်မြတ်၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ ဆရာသမား၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ အမိအဘ၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ပေးကမ်း စွန့်ကြဲလှူဒါန်းအပ်သော ဒါနကုသိုလ်စောင့်ရှောက်ထိန်းသိမ်း အပ်သော သီလ ကုသိုလ် ကြိုးစည်ပွားများ အားထုတ်အပ်သောဘာဝနာကုသိုလ် အစုစု,အဟုန်တို့ကြောင့် မှန်ကန်စွာ ပြုလုပ်ပြောဆိုအပ်သော သစ္စာစကား အစွမ်းသတ္တိ တန်ခိုး အာနုဘော်တို့ကြောင့် မိမိ၏ခန္ဓာကိုယ်နှင့်တကွ ကုသိုလ် အဆောက်အဦ ပါရမီတို့ကို ဘေးရန် ဥပဒ်အန္တရာယ် ရန်သူမျိုး ငါးပါးတို့မှ ကင်းလွတ်စေခြင်းအကျိုးငှာ အထူးသဖြင့် ကောင်းကျိုးမင်္ဂလာ စည်းစိမ်ရတနာအထွေထွေ တိုးတက် ပွားများစေခြင်း အကျိုးငှာ ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ သိမ်စောင့်နတ်၊ ဇရပ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ မိုဃ်းစောင့်နတ်၊ လေစောင့်နတ်၊ ရေစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မောဓိပင်စောင့်နတ်၊ ဘုရားစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ ဝိဇ္ဇမိုရ်,ဇော်ဂျီ, တပဿီ, မာတလိ, ပဉ္စသိခ, ဝိသုကြို, ပဏ္ဏုကမ္ဗလာကျောက်ဖြာတင်း၍ သိကြားမင်း ကိုယ်တိုင်ဆင်း၍ မပျက်မကွက် မချွတ်မယွင်းစောင့်ရှောက်ကယ်မ,သနားတော်မူပါ။

## တနည်းသစ္စာအဓိဋ္ဌာန်ပြုရန်

စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သော ဒါနကုသိုလ်၊ စောင့်ရှောက်ထိန်းသိမ်းအပ်သော သီလကုသိုလ်၊ ကြိုးစည်ပွားများ အားထုတ်အပ်သော ဘာဝနာကုသိုလ် အစုစုအဟုန် တို့ကြောင့် ဒါနတန်ခိုး သီလ

တန်ခိုး ဘာဝနာတန်ခိုး မှန်ကန်ခဲ့လျှင် မှန်ကန်သော သစ္စာစကား ကြောင့် မှန်ကန်သောသစ္စာစကားကို ဆိုရခြင်းကြောင့် ဇူတိပိ သော ဘဂဝါ အစရှိသော မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါး မှန်ကန်လျှင် မှန်ကန်သော သစ္စာစကားကြောင့် မှန်ကန်သော သစ္စာစကားကို ဆိုရ ခြင်းကြောင့် သွာက္ခာတာ အစရှိသော တရားတော်မြတ်၏ ဂုဏ်တော် ၆-ပါး မှန်ကန်ခဲ့လျှင် မှန်ကန်သောသစ္စာကြောင့် မှန်ကန်သောသစ္စာကို ဆိုရခြင်းကြောင့် သုပ္ပဋိပန္န အစရှိသော သံဃာတော်မြတ်၏ဂုဏ်တော် ကိုးပါးမှန်ကန်ခဲ့လျှင်မှန်ကန်သောသစ္စာစကားကြောင့်မှန်သောသစ္စာကို ဆိုရခြင်းကြောင့် မိမိမှာအမိ,အဘမွေးဖွားသည်မှစ၍ ယနေ့တိုင်အောင် ကုသိုလ် အကုသိုလ်တို့သည် ထိုက်သည့်အားလျော်စွာရှိတန်ရာ၏။မှန်ကန် ခဲ့လျှင် မှန်ကန်သော သစ္စာစကားကြောင့် မှန်ကန်သော သစ္စာကို ဆိုရခြင်းကြောင့် ဗုဒ္ဓဂုဏောအနန္တော အစရှိသော ဂုဏ်ကျေးဇူးတရား ငါးပါးမှန်ကန်ခဲ့လျှင် မှန်ကန်သော သစ္စာစကားကြောင့် မှန်ကန်သော သစ္စာကို ဆိုရခြင်းကြောင့် ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာဟူသော သစ္စာလေးပါးသည် သဗ္ဗညုတဉာဏ်ကို ရင့်ကျက်စေ တတ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့ကို ထိုးထွင်း၍ သိခြင်း၏ အကြောင်း ရင်း မှန်ကန်ခဲ့လျှင် မှန်ကန်သော သစ္စာစကားကြောင့် မှန်ကန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်တရား ရှစ်ပါးသည် နိဗ္ဗာန်သို့ ရောက်ကြောင်း မှန်ကန်ခဲ့လျှင် မှန်ကန်သော သစ္စာစကားကြောင့် မှန်ကန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် သတိပဋ္ဌာန်လေးပါးအစရှိသော သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားသည် သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သော အရိယာမဂ်၏ အသင်းအပင်းအဘို့ဖြစ်ခြင်း မှန်ကန်ခဲ့လျှင် မှန်ကန်သော သစ္စာစကား ကြောင့် မှန်ကန်သော သစ္စာကို ဆိုရခြင်းကြောင့် ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ သိမ်စောင့်နတ်၊ ဇရပ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊မိုးစောင့်နတ်၊ လေစောင့်နတ်၊ ရေစောင့် နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဗောဓိပင်စောင့်နတ်၊ဘုရား စောင့်နတ်၊ သာသနာစောင့်နတ်၊ ဝိဇ္ဇာမိုရ်, ဇော်ဂျီ, တပဿီ, မာတလိ, ပဉ္စသိခ, ဝိသုကြုံ, ဗန္ဓုကမ္ဗလာ ကျောက်ဖျာ တင်း၍ သိကြားမင်း ကိုယ်တိုင်ဆင်းလျက် မပျက်မကွက် မချွတ်မယွင်း စောင့်ရှောက်ကယ်မ သနားတော်မူပါ။

စိတ်ကောင်း စေတနာကောင်း ရှိသော ပုဂ္ဂိုလ်တွေကို ယခုလို ဝန်းဝိုင်းပြီး ညှဉ်းပန်းနှိပ်စက်နေတာ ကြည့်နိုင်ကြမလား၊ မကြည့်နိုင်ကြပါနှင့်၊ သို့အတွက်ကြောင့် မိမိကိုယ်ကိုမကောင်းတာ ကြံစည်တဲ့ပုဂ္ဂိုလ် မကောင်းတာပြောတဲ့ပုဂ္ဂိုလ်၊မကောင်းတာပြုလုပ်တဲ့ ပုဂ္ဂိုလ်မှန်ကန်လျှင် ဒိဋ္ဌဓမ္မချက်ချင်း လက်ငင်း မကောင်းတာတွေ့ရ မြင်ရ ဖြစ်ရလို၏။ မိမိကိုယ်ကို ကောင်းတာ ကြံစည်တဲ့ပုဂ္ဂိုလ် ကောင်းတာ ပြောတဲ့ပုဂ္ဂိုလ် ကောင်းတာပြုလုပ်တဲ့ ပုဂ္ဂိုလ် မှန်ကန်ခဲ့လျှင် ဒိဋ္ဌဓမ္မ ချက်ချင်းလက်ငင်း ကောင်းတာ တွေ့ရ မြင်ရ ဖြစ်ရပါလို၏၊ မှန်ကန်သော သစ္စာစကားကြောင့် မှန်ကန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် မီးလိုလင်းရေလို ပန်းလိုမွှေး အသံကြား သနားပါစေ၊မျက်နှာမြင် ချစ်ခင်ပါစေ၊ မရှိစကားတောင်းဆိုကြား ကင်းဝေးကွာ၍ လို့တရစေ ဆုနှစ်ထွေနှင့် ပြည့်စုံပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနှင့် လျင်မြန်စွာ ရောက်နိုင်ရနိုင်ကြပါစေကုန်သတည်း။

မှတ်ချက်။ ။အလုပ်မှန်မှလဲ လမ်းမှန်မယ်၊ လမ်းမှန်မှလဲ အလုပ်မှန်မယ် ဆိုတဲ့စကားကို များစွာသတိပြုကြရန် တိုက်တွန်း လိုက်ပါသည်။

ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမာပိ ယေဣဓ။
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။

ဣဓ၊ ဤလောက သာသနာတော်ကြီး အတွင်း၌။ သုဒ္ဓိကာမာပိ၊ စင်ကြယ်ခြင်း စင်ကြယ်ကြောင်း ခရီးကို အလိုရှိကြကုန်သော်လည်း။ (ဝါ)၊မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင် တောင့်တကြကုန်သော်လည်း။ယေယောဂိနော၊ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်လေ့ ရှိကြကုန်သော အကြင်ယောဂီပုဂ္ဂိုလ်ဟူသမျှ အပေါင်းတို့သည်။ အတ္ထိသန္တိ၊ ထင်ထင်ရှားရှား ရှိကြကုန်၏။ တေယောဂိနော၊ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်လေ့ ရှိကြကုန်သော ထိုယောဂီဟူသမျှ အပေါင်းတို့သည်။ ယထာဘူတံ၊ ကမ္မဋ္ဌာန်း ဘာဝနာကို ဟုတ်တိုင်းမှန်စွာ။(ဝါ)ရုပ်နာမ်ဓမ္မ တရားနှစ်ပါးကို ဟုတ်တိုင်းမှန်စွာ။ ဝါယမန္တာပိ၊ လုံ့လပြုသော်လည်း။ အဇာနန္တာ၊ မသိကုန်သည်ဖြစ်၍။ ဝိသုဒ္ဓိံ၊ အထူးသဖြင့် စင်ကြယ်ကြောင်းဖြစ်သော ခရီးကို။ (ဝါ)၊ တဏှာရာဂ ကိလေသာစသည်မှ အထူးသဖြင့် စင်ကြယ်သော ခပ်သိမ်းသော ဒုက္ခအပေါင်းတို့၏ ချုပ်ငြိမ်းရာ ချမ်းသာရာစင်စစ် ပရမတ္ထအနှစ်ဖြစ်သော မဂ်ဖိုလ်အသခ်တဓာတ် အမြိုက်နိဗ္ဗာန် ချမ်းသာ

ကြီးကို။ နာမိဂန္ဓန္တိ၊ မိမိကြံစည် ရည်ရွယ်လိုချင် တောင့်တကြသည့် အတိုင်း မရောက်နိုင် မရနိုင်လေကုန်၏တကား။

ဤသို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ–အရှင်မဟာဗုဒ္ဓဃောသမထေရ်ဆရာမြတ် မိန့်ဆိုတော်မူအပ်သည်နှင့် အညီ ဟုတ်မှန်စွာသိကြရမှ မိမိကြံစည် ရည်ရွယ်လိုချင် တောင့်တကြသည့်အတိုင်း မဂ်ဖိုလ်နိဗ္ဗာန်သို့ မကြာခဏ လျင်မြန်စွာ ရောက်လေအောင် နေ့လ အသွင် ကောင်းကင် ခရီးသို့ မငြိကပ်မူ၍ အလိုရှိရာဌာနအရပ်သို့ ရောက်နိုင်သကဲ့သို့ ထိုနည်းအတူ ဥပမာယူကာ မလွဲမူ၍သာလျှင် ဒါန, သီလ, ဘာဝနာ တည်းဟူသော ကောင်းကင်ခရီးသို့ မငြိမကပ်မူ၍ ကိုယ်စီကိုယ်ငှ အသီးသီးသွားရောက် ကြည့်ရှုလေ့လာ ပွားများအားထုတ်ခြင်း နေ့လ တည်းဟူသော လူ, ရှင် ရဟန်းအပေါင်း တို့သည် မိမိတို့အလိုရှိရာ ဌာနအရပ် တည်းဟူသော မဂ်ဖိုလ်နိဗ္ဗာန်ဌာနအရပ်သို့ မငြိမကပ်မူ၍ မိမိတို့ကြံစည်ရည်ရွယ် လိုချင် တောင့်တကြသည့်အတိုင်း မကြာခဏ လျင်မြန်စွာရောက်ရ ပါလိမ့်မည် လူရှင်ရဟန်းအပေါင်း သူတော်ကောင်း သူမြတ်လောင်းတို့။

ဇောတိရသ ပြည်တန်ပြ ပတ္တမြားတုံးကြီးကဲ့သို့ စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာရ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကြစေကုန်သည် ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ကောင်းချီး အနုမောဒနာ ကောင်းပြီ ကောင်းပြီဟု သာဓု သာဓု သာဓု ခေါ်နိုင်ကြစေကုန်သတည်း။

ဘာဝနာအလုပ် ဆိုတာလဲ သမထဘာဝနာ ဝိပဿနာဘာဝနာ ရယ်လို့ နှစ်မျိုးရှိပြန်တယ်။ ကသိုဏ်းဝန်းအလုပ် ထွက်သက် ဝင်သက် အလုပ် ကေသာလောမာ အစရှိတဲ့ ကောဋ္ဌာသအလုပ်၊ အသုဘအလုပ် မှစ၍ ကမ္မဋ္ဌာန်းလေးဆယ်လို့ ခေါ်ရတယ်၊ အဲဒီ အလုပ်များကတော့ သမထဘာဝနာ အလုပ်ရယ်လို့ မှတ်ရမယ်၊ရုပ် နာမ် ခန္ဓာ အာယတန ဓာတ်တို့ကို သရုပ်သဘောနှင့် တကွ ထိထိမိမိ သိရှိကြေနပ်အောင် ကြိုးစားပြီး ထိုရုပ်နာမ်တရားတို့၏ မမြဲပုံ-အနိစ္စ သဘောအစစ် ဆင်းရဲပုံ ဒုက္ခ သဘောအစစ်၊ အစိုးမရပုံ အလိုသို့မလိုက်ပုံ အနှစ်သာရမရှိပုံ အနတ္တသဘောအစစ်၊ အဲဒီလို....အနိစ္စ, ဒုက္ခ, အနတ္တ သဘောကြီးအစစ် သုံးပါးကို ထင်ထင်ရှားရှား ပိုင်းခြားဝေဘန်ကာ အသိဉာဏ်ထိုးထွင်း နိုင်တဲ့ အလုပ်ကြီးဆိုတဲ့ ဝိပဿနာဘာဝနာရယ်လို့ မှတ်ကြရမယ်။

## အထူးမှတ်ချက်

ယခုပြဆိုရေးသားခဲ့ပြီးသော တရားဒေသနာကို သေချာကျနနှလုံးသွင်းပြီးလျှင် မိမိတို့ လှူဒါန်းပြီးသောဒါနကို စာဂါနုဿတိ ခြောက်ပါးနှင့် မိမိတို့ သီတင်းသီလဆောက်တည်ခံယူပြီးလျှင် သီလာနုဿတိရှစ်ပါးနှင့် ဘာဝနာစီးဖြန်းလိုလျှင် သမထဝိပဿနာ နှစ်ပါးကို ယထာဘူတ ဟုတ်မှန်စွာပညာသိဖြစ်အောင် သစ်တပင်ဝါးတပင်အောက် ဆိတ်ငြိမ်ရာ အရပ်၌ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်မှသာလျှင် သံသရာဇာတ်သိမ်း ဝဋ္ဋဒုက္ခချုပ်ငြိမ်းပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနှင့် လျင်စွာ ရောက်ကြလိမ့်မည်၊ သို့မဟုတ် ယထာဘူတဉာဏ်မရ ယခုအသိမဖြစ်လျှင် ဘယ်ကျောင်း ဘယ်ကံ ဘယ်ဘုရားဘဲ သွားသွား အပိုမဟုတ်သော်လည်း အပိုဘဲအလကား အချည်းနှီး ဖြစ်မည်ကို သတိပြုကြပါ။ ဝဋ်နှင့်မကင်း၍ သံသရာ မြစ်သမုဒ္ဒရာ ပင်လယ်ထဲမှာ ဆုံလည်နွားကဲ့သို့ မရပ်မနားဘဲ သစ်တုံးတိုနှင့်မျော၍ ဘယ်သောင် ဘယ်ကမ်းမှ ဆိုက်နိုင်မည်မဟုတ်ဘဲ သံသရာ သစ်ငုတ်သဘွယ် ဖြစ်လိမ့်မည်၊ ထို့ကြောင့် ကျင့်ကြံကြိုးကုတ် အားထုတ်ကြဘို့ အထူးသဖြင့် နှိုးဆော်တိုက်တွန်းလိုက်ပါသည်၊ သူတော် သူမြတ်လောင်း အပေါင်းတို့။

ရှင်ကောဏ္ဍညသံ ကဿပ ဂေါတမမြတ်စွာဘုရား လက်ထက်တော်က ကြက်,စပါးကြီးမြွေ,လင်းနို့သား, ဘား,ကျေးသား, ကြက်တူရွေး,ဒီးဒုတ်, ခင်ပုတ်ငှက်, ပလလဲဆင်, မျောက်, မဟာဒတ္တနွားလား အစရှိသော တိရစ္ဆာန် သတ္တဝါတို့သည် တရားဟောတော်မူသောအခါ ကုသိုလ် အကုသိုလ် အဘို့ကို မသိမူ၍ တရားသံဟူသော အမှတ်ဖြင့် မှတ်ဘူး ကြားဘူး နှလုံးသွင်းဘူး၊ ဘုရားကို ကိုယ်စိတ်ဖြင့် ကြည်ညိုဘူးသော ကုသိုလ်ကံကြောင့် ၎င်းတိရစ္ဆာန် သတ္တဝါတို့သည် နတ်ပြည်သို့ရောက်လေ၏၊ နတ်စည်းစိမ်ကိုခံစားစံစားပြီး၍ လူ့ပြည်သို့တဘန် လူဖြစ်ပြန်၍ လူ့စည်းစိမ်ကို ခံစားပြီးလျှင် နိဗ္ဗာန်သို့ ဝင်ကြလေကုန်၏၊ ၎င်းဝတ္ထု သက်သေ သာဓကကို ထောက်ထား၍ သူတော်ကောင်းနှင့် ပေါင်းစည်း ခြားက ပေါင်းဖော်မိက တိရစ္ဆာန်ပင် ဖြစ်ငြားသော်လည်း တရား အမွေခံ မဟာပ္ဖလအာနိသံသ အကျိုးထူးအကျိုးမြတ်ကို ရကြသည်ဖြစ် ဟန်ကို အဘန်ဘန် တွေးဆဘို့သူတော်ကောင်း သူမြတ်လောင်းနှင့်သာ ပေါင်းဖော်မိရအောင် သူတော်ကောင်းတို့ ဟောကြား ပြသဆိုဆုံးမ ဩဝါဒကိုသာ လိုက်မိကြရအောင် ကောင်းကောင်းကြီး သတိအမြဲ

ဆောင်ထားရမည်၊ သူတော်ကောင်းကျေးဇူးကြောင့်ကိုလည်း ကောင်းကောင်းကြီးသိရှိရမည် ဟုလိုသတည်း။

## နမတ္ထု ဇိနဿ

ကျေးဇူးရှင် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန် ဆရာတော်ဘုရားကြီး၏တပည့် မော်လမြိုင်မုဒုံမြို့ ကွမ်တုံကျောင်းဟောင်း ဘုန်းတော်ကြီးအရှင်မြတ်မဟာထေရ်သည် ယခုပစ္စုပ္ပန်ဘဝ မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ကြရန်ရည်ရွယ်တောင်းတ၍ ရေးသားစီရင်အပ်သော ပုတီးစိပ်ပုံ။

## သံဝေဂလင်္ကာပြန်ဆို

မမသမုတ် အကျွန်ုပ် အိုခြင်းဇရာ နာခြင်းဗျာဓိ သေခြင်းမရဏ တရားဓမ္မ ဤသုံးပါးဖြင့် ဖန်တလဲလဲ မပြတ်ညှဥ်းပန်း နှိပ်စက်နေ၍ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ အသက်ဝိညာဏ်အလွန်နည်း လျှင်မြန်တိုလှ သေရရှာ၏ ကာလံမျှလောက် ခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည် သေကြေပျက်စီး ရွှေလျောတတ်၏။

မအိုမနာ မသေမပျက် ရွှေဘုံကာလ အကျွန်ုပ်အား ဒါနသီလ သမထ ဝိပဿနာ ဘာဝနာကို ကြိုးစားလုံ့လ အားမထုတ်ဘဲ မွေ့မွေ့လျော့လျော့ ပေါ့ပေါ့နေခြင်း တနာရီခန့် တဗိဇနာ တမိနစ်မျှ ဝိုလွန်ပါလှ အချိန်ကာလ စင်စစ်မုချ မရှိချေတကား။

## ဈာန်အဘိညာဏ် သမာပတ်ကို ရစေတတ်သော သမာဓိ ပြဋ္ဌာန်းသော သမထကမ္မဋ္ဌာန်းစီးဖြန်းပုံ

၁။ ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရား။ ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါး၌ ဖြစ်သော အလုံးစုံသော တရားတို့ကို ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရား။ အရဟံ အစရှိသော ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၂။ ဓမ္မော၊ သတ္တဝါတို့ကို အပါယ်သံသရာဝဋ်ဆင်းရဲတို့မှ မရောက်စေတတ်သောတရား။ မဂ်ဖိုလ်နိဗ္ဗာန် ပရိယတ္တိဟုဆိုအပ်သော ဆယ်ပါးသော တရား။ သွာက္ခာတာ အစရှိသော ဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသောတရား။

၃။ သံဃော၊ တထောင့်ငါးရာ ကိလေသာတို့ကို အကြွင်းမဲ့ဖျက်ဆီးတတ်သော အရိယာသံဃာတော်နှင့်တကွ ကလျာဏ ပုထုဇဉ်သံဃာ။

အယူသီလညီမျှသောအဖြစ်သို့ ကပ်ရောက် တတ်သောသံဃာ။ သုပ္ပဋိပန္န အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာ။

ဘုရား တရား သံဃာများနှင့် ကိုးကွယ် ဆည်းကပ် ပူဇော်ကြပြီး လေးပါးပါယ်ရွာ မလားရာတည်း လူခန္ဓာကိုယ် စွန့်ပစ်ပြီးက နတ်ပြည် ခြောက်ရွာ ဗြဟ္မာဘုံသို့ ပြည့်ရဖြစ်ရရောက်ရလတ္တံ့တည်း။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ၊ ဂုဏ်တော်မြတ်အစဉ်ကို သိရသရေအဓိကမို့ သိကြသလို ပြဆို ခဲ့သည့်အတိုင်း သာလျှင်။ ဗုဒ္ဓါ၊ ဆည်းကပ်သူ အနန္တတို့မှာ အမှန်ပ မဲ့ညှိုးငယ် တန်ခိုးကြွယ်ကာ တအားသစ်နိုင်တဲ့ ဘုရားစစ် ဘုရားမှန် ဟူသမျှတို့သည်။ ဝါ၊ တရားစစ် တရားမှန် သံဃာစစ် သံဃာမှန် ဟူသမျှ တို့သည်။ အစိန္တိယာ၊ အတွေးဉာဏ်မရောက်အားနိုင်ဟု ထောက်ထား စရာဉာဏ်မှီအောင် ကြံစည်ခြင်းမပြုနိုင်ကြလေကုန်။ ဗုဒ္ဓဓမ္မာ၊ ကိုယ်တော် မြတ်ပုံသဏ္ဌာန် ဟောသမျှ ဒေသနာဉာဏ်ကို ဘွေရှာကြံလျှင် မပြတ် မြင်ကြသည့် မြတ်အရှင်၏ ဂုဏ်တော် အပေါင်းတို့သည်။ ဝါ၊ တရား သံဃာတော် အရှင်မြတ်၏ ဂုဏ်တော် အပေါင်းတို့သည်။ အစိန္တိယာ၊ အတွေးဉာဏ် မရောက်အားနိုင်ဟု ထောက်ထားစရာ ဉာဏ်မှီအောင် ကြံစည်ခြင်း မပြုနိုင်ကြ လေကုန်။ အစိန္တိယေ၊ မတွေးဝံ့ မကြံသာ ဉာဏ်ပတ္တရာဖြန့်မရသည့် ဗုဒ္ဓ ဓမ္မ သံဃာ အရှင်မြတ်၏ အနန္တဂုဏ်တော် အပေါင်း၌။ ပသန္နာနံ၊ စိတ်စေတနာသဒ္ဓါမျှ၍ အနိဋ္ဌာဘယာမကျအောင် လားရာမှီခိုလျက် ကြည်ညိုလေးစားကြတဲ့ သူအပေါင်းတို့၏။ ဝိပါကော၊ လောကီစခန်းမှာတော့ ဘေးဘယာပျောက်လောကုတ္တရာစခန်းမှာတော့ အေးအမတာရောက် တွေးကာထောက်လျှင် စိတ်ရှိတိုင်း ဉာဏ်အမြင်မှီ သိဒ္ဓိဂုဏ်ဝင်ဖြစ်တဲ့ အကျိုးတရားသည်။ အစိန္တိယော၊ တန်ခိုးတော်စုံစုံ ဂုဏ်တော် အနန္တဟာမို့ ကြံသမျှမပြီးနိုင်တဲ့ ငြိးမှိုင်၍ နေစရာသည်။ ဟောတိ၊ ဘယ်လိုမှ ဉာဏ်မကၢားနှင့်တော့ အမှန်အားဖြင့် ဖြစ်နိုင်လေ တော့သတည်း။

၄။ ၇-ရက်သွီး ၇-ရက်သားတို့သည် ဘေးကင်းရန်ကွာ ကျန်းမာ ချမ်းသာကြပါစေ မိမိသည် တနေ့တခြား ကိုယ်ရောစိတ်ပါ အရာရာ၌ ကျန်းမာချမ်းသာကြပါစေ သူတပါးသည် တနေ့တခြား ကိုယ်စိတ်ပါ အရာရာ၌ ကျန်းမာချမ်းသာ ကြပါစေ။

မေတ္တာပွားများ၊ အကျိုးတရားဟူ၊ အိပ်မူချမ်းသာ၊ နိုးခါသုခ၊ အပအိပ်မက်၊ နှစ်သက်လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ကြည်လင်မျက်နှာ၊ သေခါမမှိုင်၊ ဗြဟ္မာတိုင်သား၊ အကျိုးဆယ့်တပါးကို၊ လိုလားကြကုန်ရာသတည်း။

မေတ္တာဝိဟာရီ ယော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်မြတ်ကြီး အတွင်း၌။ ပသန္နော၊ ကြည်ညိုသည်ဖြစ်၍။ မေတ္တာဝိဟာရီ ယော၊ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေထိုင်လေ့ရှိသော။ ဘိက္ခု၊ သံသရာဘေးလာမည့်ရေးကို ရှုလေ့ရှိသော ယောကျ်ား မိန်းမ ဒေဝ ဗြဟ္မာ ဖန်ဝါဆင်မြန်း ရဟန်းရှင်လူ ဟူသမျှသည်။ သင်္ခါရူပသမံ၊ သင်္ခါရတရားတို့၏ ကင်းငြိမ်းရာ ချုပ်ငြိမ်းရာ မှန်သော။ သုခံ၊ ဝေဒယိတ သုခမဟုတ် သက်သက်သန္တိသုခ သဘော သာလျှင်ရှိသော။ သန္တံ၊ ငြိမ်သက်အေးချမ်းလှစွာသော။ ပဒံ၊ နိဗ္ဗာန် တရားတော်မြတ်ကြီးကို။ အဓိဂစ္ဆေ၊ ရောက်နိုင်ကြလေ၏။ ပဒံ၊ နိဗ္ဗာန် တရားတော်မြတ်ကြီးကို။ အဓိဂစ္ဆေ၊ ဉာဏ်အားသိသောအားဖြင့် ရရှိနိုင်လေတော့သတည်း။

၅။ မရဏံ မေ နိစ္စံ ဘဝိဿတိ၊ ခန္ဓာကိုယ်ကြီးအမြဲမရှိ သေခြင်းတရားမြဲ၏။ ။မမသမုတ် အကျွန်ုပ် စုတေမကင်း သေရခြင်းလျှင် ကေန်စင်စစ်ဖြစ်ရလတ္တံ့၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ မုချဆတ်ဆတ် ပြတ်ရလတ္တံ့၊ မချွတ်မယွင်း သေရချေမည် သေရချေမည်တကား။

သေခြင်းတရား၊ ပွားများက၊ ကျိုးများအာနိသာ။ ။ဥစ္စာသိမ်း၊ သိမ်းဆည်းခြင်း၊ အလျှင်းမရှိရာ။ ။မိမိသူတပါး၊ ဥစ္စာများ၊ ဝန်တိုမနှမြောပါ။ ။အနိစ္စသညာ၊ မမြဲပါ၊ အလိုလို ဖြစ်ပေါ်လာ။ ။ကြွင်းကျန်ဒုက္ခ၊ အနတ္တ၊ သဘောထင်မြင်မှာ။ ။ဘဝတပါး၊ ပြောင်းရွှေ့သွား၊ တွေးဝေမရှိပါ။ ။နိဗ္ဗာန်အမြတ်၊ မဆိုက်ကပ်၊ လားရဗြဟ္မာရွာ။ ။သေခြင်းကမ္မဋ္ဌာန်း၊ ပွားများလမ်း၊ ကြိုးပမ်းတို့သူငါ။ ။စေ့စေ့သေချာ၊ တွေးကြည့်ပါက၊ သူငါကစ၊ ဆိုသမျှ လုံ့လပြုထိုက်စွာ။ ။အမှန်တရား၊ သိသူများ၊ လွန်အားတက်ဘို့သာ။

ယထာပုပ္ဖဂ္ဂုဍံ ပသေ၊ ယထာပသော မရီစိကံ။
ဧဝံ လောကမဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

ပုပ္ဖုဋ္ဌကာံ၊ ရေပွက်ကို။ ပဿေယထာ၊ ဖြစ်၍ ပျက်သည်ဟု ရှုရာသကဲ့သို့။ လောကာံ၊ ခန္ဓာငါးပါးဟု ဆိုအပ်သော လောကလူများအပေါင်းကို။ ပဿေ၊ ဖြစ်၍ပျက်သည်ဟုရှုရာ၏။ မရီစိကာံ၊ မျက်လှည့်တံလျှပ်ကို။ ပဿေယထာ၊ ထင်သည့်အတိုင်း မဟုတ်ဟု ရှုရာသကဲ့သို့။ လောကာံ၊ ခန္ဓာငါးပါးဟု ဆိုအပ်သော လောကလူများအပေါင်းကို။ ပဿေ၊ ထင်သည့်အတိုင်းမဟုတ်ဟု ရှုရာ၏။ ဧဝံ၊ ဤသို့အတူ။ လောကာံ၊ ခန္ဓာငါးပါးဟု ဆိုအပ်သော လူများအပေါင်းကို။ အဝေက္ခန္တံ၊ မပြတ်ကြည့်ရှုလေ့ရှိသော လူရှင်ရဟန်းများအပေါင်းကို။ မစ္စုရာဇာ၊ သူတော်မတော် မကျော်မကွင်း ရှင်သေမင်းသည်။ နပဿတိ၊ ဘယ်လိုမှ ဉာဏ်မကာစားနှင့်တော့ အမှန်အားဖြင့် မတွေ့မမြင်နိုင်လေတော့သတည်း။

**မင်္ဂဖိုလ်နိဗ္ဗာန့်ကိုရစေတတ်သော ပညာပြဋ္ဌာန်းသော ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်း ပုတီးစိပ်ပုံ**

၁။ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၂။ ဝေဒနာ အနိစ္စံ ဒုက္ခံ အနတ္တာ။
၃။ သညာ အနိစ္စံ ဒုက္ခံ အနတ္တာ။
၄။ သင်္ခါရာ အနိစ္စံ ဒုက္ခံ အနတ္တာ။
၅။ ဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ။

ဘောက်ပြန် ပျက်စီးတတ်သော သဘောရှိသော ရူပက္ခန္ဓာသည် မမြဲဆင်းရဲ ကိုယ်မဟုတ်။

ခံစားတတ်သော သဘောရှိသော ဝေဒနာက္ခန္ဓာသည် မမြဲဆင်းရဲ ကိုယ်မဟုတ်။

မှတ်သားတတ်သော သဘောရှိသော သညာက္ခန္ဓာသည် မမြဲဆင်းရဲ ကိုယ်မဟုတ်။

ပြုပြင်စီရင်တတ်သော သဘောရှိသော သင်္ခါရက္ခန္ဓာသည် မမြဲဆင်းရဲ ကိုယ်မဟုတ်။

အာရုံ ခြောက်ပါးကို ကြံတတ် သိတတ်သော သဘော ရှိသော ဝိညာဏက္ခန္ဓာသည် မမြဲဆင်းရဲကိုယ်မဟုတ်။

## တနည်း ဝိပဿနာစီးဖြန်းပုံ

၁။ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၂။ နာမံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၃။ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။
၄။ နာမံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။
၅။ ယံကိဉ္စိရူပံ သပစ္စယံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ အနိစ္စံ ဒုက္ခံ အနတ္တာ။

ယံကိဉ္စိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ ရူပံ၊ ကာလသုံးပါး ဘုံသုံးရပ်၌ ဖောက်ပြန်ပျက်ဆီးတတ်သော ရုပ်တရားသည်။ သပစ္စယံ၊ အဝိဇ္ဇာအစ ရှိသော အကြောင်းတရားနှင့် တကွဖြစ်၏။ သင်္ခတံ၊ ကံ,စိတ်,ဥတု,အာ ဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင်စီရင် အပ်၏။ ပဋိစ္စသမုပ္ပန္နံ၊ အဝိဇ္ဇာစသော အကြောင်းတရားကို စွဲ၍ဖြစ်၏။ ခယဓမ္မံ၊ ကုန်ခြင်းသဘောတရားရှိ၏။ ဝယဓမ္မံ၊ ပျက်ခြင်းသဘောတရား ရှိ၏။ ဝိရာဂဓမ္မံ၊ ကိုယ်သဏ္ဍာန်မှ ကင်းခြင်းသဘောတရားရှိ၏။ နိရောဓ ဓမ္မံ၊ ချုပ်ခြင်းသဘောတရားရှိ၏။ အနိစ္စံ၊အမြဲမရှိအနိစ္စ။ ဒုက္ခံ၊ ချမ်းသာ မရှိ ဆင်းရဲဒုက္ခ။အနတ္တာ၊မိမိအလိုမကျ အစိုးမရ ကိုယ်မဟုတ် အနတ္တ။

ယံကိဉ္စိ၊ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ နာမံ၊ကာလသုံးပါး ဘုံသုံးရပ်၌ အာရုံသို့ ညွတ်တတ်သောနာမ်တရားသည်။သပစ္စယံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားနှင့် တကွဖြစ်၏။ သင်္ခတံ၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင်စီရင်အပ်၏။ ပဋိစ္စသမုပ္ပန္နံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကို စွဲ၍ဖြစ်၏။ ခယဓမ္မံ၊ ကုန်ခြင်းသာဘောတရားရှိ၏။ ဝယဓမ္မံ၊ ပျက်ခြင်းသဘောတရား ရှိ၏။ ဝိရာဂဓမ္မံ၊ ကိုယ်သဏ္ဍာန်မှ ကင်းခြင်းသဘောရှိ၏။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ အနိစ္စံ၊အမြဲမရှိ အနိစ္စ။ ဒုက္ခံ၊ ချမ်းသာမရှိ ဆင်းရဲ ဒုက္ခ။ အနတ္တာ၊ မိမိအလိုမကျ အစိုးမရ ကိုယ်မဟုတ် အနတ္တ။

## တနည်းလက္ခဏာရေးသုံးပါး ဝိပဿနာမြန်မာလိုစီးဖြန်းပုံ

ကြီးကြီးငယ်ငယ် အရွယ်မထောက် ပျက်ချိန် ရောက်က ပျက်စီး ရမည် စိတ်ချ အနိစ္စခန္ဓာကိုယ်။

အသက်ရှိစဉ် မသေခင်လည်း ပူပင်သောက ဗျာပါရမှ စသည်မစဲ ဆထက်ကဲ၍ ဆင်းရဲရမည်ဟုတ်စွ ဒုက္ခခန္ဓာကိုယ်။

ပဋိသန္ဓေ နေ၍ ယွင်းယို အိုချိန်အိုကာ နာချိန်နာလျက် သေချိန်သို့ကျ သေပျောက်ရသောကြောင့် အစိုးမရဟုမှတ်ကြ အနတ္တာခန္ဓာကိုယ်။

## တနည်း သတိပဋ္ဌာန်အားဖြင့် ဝိပဿနာစီးဖြန်းပုံ

အနိစ္စဟု၊ စိတ်ကထင်ထင်၊ ဒုက္ခဒုက္ခ၊ နှုတ်ကတွင်တွင်။
အနတ္တဟု၊မှတ်ကြလူရှင်၊အသုဘ၊ရှုကြထာဝစဉ်။
၇–နှစ် ၇–ရက်၊ပွားများမပျက်၊ဖြစ်လေ အနာဂါမ်ရဟန္တာ။
ခပ်သိမ်းဒုက္ခ၊ချုပ်ငြိမ်းလှ၊အဇ ဆုံး ပြည်နိဗ္ဗူတာ။
ရာဂ ဒေါသ မောဟတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်။

## ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားဝေဘန် သိရှိနိုင်တာ ဒုက္ခဆင်းရဲမရှိ သုခချမ်းသာရှိတရားတော်

ပဉ္စက္ခန္ဓာ ပရိညာတာ၊ တိဋ္ဌန္တိ ဆိန္နမူလကာ။
ဒုက္ခက္ခယော အနုပ္ပတ္တော၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရား နှစ်ပါးတို့ကို။ ပရိညာတာ၊ ပိုင်းခြားဝေဘန် ကေန်တိတိ သိရှိနားလည်ကြကုန်သည် ဖြစ်၍။ ဆိန္နမူလကာ၊ အဝိဇ္ဇာနှင့် တဏှာမူလ မြစ်မခေါတ်ရင်း ဖြတ်ရှင်းလဲပြိုကြကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ ပြည်နိဗ္ဗာန် တရားခေါတ်ပေါ်၌ မားမားကြီး ရပ်တည်ကြလေကုန်၏။ ဒုက္ခက္ခယော၊ ဆင်းရဲဒုက္ခ ကုန်ရာ မဟာသိဇ နိဗ္ဗာန်တရား တည်းဟူသော အမြတ်ဆုံး ဌာနသို့။ အနုပ္ပတ္တော၊ အစဉ် ရောက်တော်မူကြသည် ဖြစ်၍။ ဒါနိ–ဣဒါနိ၊ ဤယခုအခါ ကာလ၌။ ပုနဗ္ဘဝေါ၊ တဖန်ဘဝသစ်၌ ဖြစ်ပေါ်လည်ရခြင်းသည်။ နတ္ထိ-နတ္ထိဝေ၊ ဘယ်လိုမှ ညာဏ်မကစားနှင့်တော့ အမှန်အားဖြင့် မရှိပြီဟု ယတိပြတ် ငြိမ်းရလေတော့သတည်း။

မတပ်မက်နှင့်,ပြတ်လျက်အာသာ၊ ဆင်းရဲကင်းကွာ၊ ချမ်းသာရမှာ။
ပါယ်ရှောင်ရှားလို့,ပြတ်သားခိုင်မာ၊ တရားကျ,ငါးဝနာမ်ရုပ်ပါ။
ရုပ်ံ၍ရုပ်, ရေမြှုပ်သဏ္ဌာန်၊ အနိစ္စဘဲ, မမြဲအမှန်။
မကင်းဘဲမို့, ဆင်းရဲပူပန်၊ အနတ္တ,မှတ်ကြ ဝေကန်။
နာမ်ံ၍နာမ်, ရေပွက်သဏ္ဌာန်၊ အနိစ္စဘဲ,မမြဲအမှန်။
မကင်းဘဲမို့, ဆင်းရဲပူပန်၊ အနတ္တ,မှတ်ကြ ဝေကန်။

ဣန္ဒြသယ ၄၀၀-၄

တရားရေစ, မြှိက်ဆေးဓမ္မာ၊ ဒါယကာများ, သောက်စို့စေရာ။
မပျင်းမရှိ, အားထုတ်ရှုကာ၊ နိဗ္ဗာန်လမ်း, ဝင်ကြ စေန်သာ။
ကွမ်းတိုးသခင်, တို့ဘုန်းအရှင်၊ သွန်သင်ညွှန်ပြ, ဆုံးမနေစဉ်။
နောင်လာနောက်သား,လူသူအများ၊ သတိထား၊ မှတ်သားကြစေရာ။

ဤသို့သော အစဉ်အားဖြင့် မီးပွတ်သမားသည် သဲသဲမဲမဲ မီးစွဲမှ တန်ဘိတော်ဘိသကဲ့သို့ ထိုနည်းအတူ သမ္မာသနညာဏ်ကိုရအောင် နေ့ည မယုတ် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ရာသတည်း။

## လိုရင်းမှတ်ချက်ကား

ဝိပဿနာတရားကို အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည် ဒိဋ္ဌိ ဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိဟု ဆိုအပ်သော နာမရူပပရိစ္ဆေဒညာဏ်, ပစ္စယပရိဂ္ဂဟညာဏ် နှစ်ပါးကိုရမှသာလျှင် ယုံမှားခြင်း တဆယ့်ခြောက် တန် ယုံမှားခြင်း ရှစ်တန်နှင့် တဏှာငါ, မာနငါ, ဒိဋ္ဌိငါဆိုတဲ့ အစွဲ ပြုတ်နိုင်မယ်၊ အစွဲပြုတ်နိုင်မှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သည်။

အစွဲကင်းလျှင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင် ရောက်စမြဲ။
အစွဲပြုတ်လျှင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင် အဟုတ်ပင်။
အတ္တတကယ် ပြုတ်တော့ မဂ်ညာဏ်ရဒါ အဟုတ်။
နှလုံးဓာတ် စွဲကပ်အယူကို ခွဲဖြတ်ရှာကြတော့လေး။
အနိစ္စတလုံးထင်လျှင် သက်ဆုံးတိုင်ရေန်ဘို့လေး။
ရုတ္တိပုရိသ အက္ခရာငါးလုံးပျောက် မဂ်ဖိုလ်နိဗ္ဗာန်ရောက်။
နာမရူပ အက္ခရာလေးလုံးထင် မဂ်ဖိုလ်နိဗ္ဗာန်မြင်နိုင်၏။

လောဘ ဒေါသ မောဟစိတ်အစဉ် ဖြတ်မှသာလျှင် ဆုတောင်း နေကြသော နိဗ္ဗာန်တရားကိုရမည်။

ဤစိတ်ကို ခဏဖြစ်စေ၊ တာရှည်ဖြစ်စေ၊ အမြဲဖြစ်စေ ပျောက်ကင်း နိုင်အောင် ဒါန သီလ ဘာဝနာ ဝိပဿနာတရားကို အားထုတ်ခြင်းဖြင့် ပါရမီဖြည့်ကျင့်ကြလျှင် နိဗ္ဗာန်တရားကိုရအောင် ရင့်သန်လာလိမ့်မည်ဟု မှချမှတ်ပါ၊ ထို(၃၇)ပါးသော မဂ်လာတရားနှင့် ပြည့်စုံလျှင် မုချနိဗ္ဗာန် ရောက်မည်။

ထိုကြောင့် နိဗ္ဗာန်ကိုအလိုရှိလျှင် မဂ်လာတရား(၃၇)ပါးကို တပါးစီ တပါးစီ အဓိပ္ပါယ်နားလည်အောင် သင်ကြားလေ့လာ ကျင့်သုံးကြရန်

ရှိပေသည်။ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားသည် နိဗ္ဗာန်မရောက်မီ စပ်ကြား၌လူလောကဖြစ်ကောင်းကျိုးချမ်းသာကို မုချချက်ချင်း လက်ငင်း တဟုန်တည်း တိုးတက် ပွားစေလိမ့်မည်၊ မည်သည့်ခေတ်မဆို မင်္ဂလာ တရားကို သင်ကြားလေ့ကျင့်ပါ မမှားအလွန်ကောင်းပါသည်။

ရုပ်တရားချည်းသိ၍ မလုံလောက်ပါ၊ နာမ်တရားကိုပါ သိရမည်၊ ရုပ်နာမ်တရားနှစ်ပါးကို တကယ်သိသောအခါ နိဗ္ဗာန်တရားကိုရမည်၊ ရုပ်နာမ်တရားကို တကယ်သိအောင် တရားကိုရှာရမည်၊ မဇ္ဈိမပဋိပဒါ အလယ်အလတ်ဖြစ်အောင်ကျင့်ရမည်၊ သို့မှနိဗ္ဗာန်တရားကို မုချရမည် မှတ်ပါ၊ ယထာဘူတဉာဏ်ရမှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်မည်။

( သတိပြုပါ ) အမိုက်မှောင်၌ နေသော သူသည် တစုံ တခုသော အလင်းရောင်ကို ရမှသာလျှင် ကောင်းမကောင်းသော အရာဝတ္ထုများကို မုချအမှန်သိနိုင်ရာသည်၊ ထိုနည်းအတူ အဝိဇ္ဇာတည်းဟူသော ကြီးလှစွာသောမိုက်လုံးကြီး မောဟအမိုက်မှောင်တိုက်၌ နေသောပုထုဇဉ်သည် ယထာဘူတဉာဏ်တည်းဟူသော အလင်းရောင်ကို ရမှသာလျှင် အနိစ္စ ဒုက္ခ အနတ္တဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားကို အနိစ္စအစစ် ဒုက္ခ အစစ် အနတ္တအစစ်ဟု မုချကေန်သိနိုင်ရာသည်။

(ဥပမာ) မာလာနွယ်သည် မိမိတည်ရာ မှိုရာသစ်ပင်ကို သေစေဘိ သကဲ့သို့ ရေသည် မိမိသို့ရောက်သောမီးကို ငြိမ်းစေဘိသကဲ့သို့ ထိုနည်း အတူ အမြိုက်နိဗ္ဗာန် အသင်္ခတ တရားသည်လည်း ရောက်ရာဒုက္ခသစ္စာ တည်းဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားကို ငြိမ်းစေတတ်သည်၊ ထိုကြောင့် အသင်္ခတဓာတ်နိဗ္ဗာန်တရားသည် ဥပသမာတရား မည်၏၊ ထိုနိဗ္ဗာန်ကိုအာရုံပြုသော အောက်မေ့ခြင်းသတိသည် ဥပသမာနုဿတိ တရားမည်၏။

သစ္စာလေးပါးတရားကို မသိခြင်းသည် အဘယ်ကြောင့်နည်း။
မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရခြင်းကြောင့်တည်း။
တနည်း ရုပ်နာမ်အကြောင်းကို မသိမ်းဆည်းနိုင်ခြင်းကြောင့်တည်း။
မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရခြင်းသည် အဘယ်ကြောင့်နည်း။
ကောင်းမှုကုသိုလ်အားနည်းသောကြောင့်တည်း။
ကောင်းမှုကုသိုလ် အားနည်းခြင်းသည် အဘယ်ကြောင့်နည်း။
ပမာဒ မေ့လျော့ခြင်း သတိတရားလွတ်ကင်းခြင်းကြောင့်တည်း။
သတိတရားလွတ်ကင်းခြင်းသည် အဘယ်ကြောင့်နည်း။

မောဟာအမိုက်မှောင် အဝိဇ္ဇာကြောင့်တည်း၊ ထိုကြောင့် မောဟ အမိုက်မှောင် အဝိဇ္ဇာတွေကို ရှင်းလင်းကြရန် ဉာဏ်အလင်းရောင်ကို ကောင်းစွာရှာဖွေအားထုတ်ရာသတည်း။

သတိမရှိလျှင် အရှက်အကြောက် ဟိရိဩတ္တပ္ပ ပျက်၏၊ ဟိရိဩတ္တပ္ပ မရှိလျှင် ဣန္ဒြေစောင့်စည်းခြင်း ပျက်၏၊ ဣန္ဒြေမရှိလျှင် အကျင့်သီလ ပျက်၏၊ အကျင့်သီလမရှိလျှင် သမာဓိပျက်၏၊ သမာဓိမရှိလျှင် ဟုတ်မှန်သော ယထာဘူတဉာဏ်ပျက်၏၊ ယထာဘူတဉာဏ်မရှိလျှင် ငြီးငွေ့ခြင်း နိဗ္ဗိန္ဒဉာဏ် မဖြစ်နိုင်၊ နိဗ္ဗိန္ဒဉာဏ်မရှိလျှင် သံသရာမှလွတ်ရန် နိဗ္ဗာန်ချမ်းသာကိုသိသောဉာဏ် မမြင်မရနိုင်မှတ်ပါ။

သာသနာ အလင်းရောင် ဆိုသည်ကား မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ကြောင်း ကျင့်ကောင်းကြီးအစီအစဉ်နှင့်တကွ ထိုကျင့်စဉ်ကြီးကို အစဉ်လျှောက်၍ ဉာဏ်ဖြင့် လိုက်သွားသော် မဂ်ဖိုလ်နိဗ္ဗာန်ကို မြင်ရအောင် လင်းကနဲ ဝင်းကနဲ ဖြစ်လာသောအလင်းကြီးကို သာသနာအလင်းရောင် ဆိုလိုသည်မှတ်။

ပျင်းသောသူသည် အတတ်ပညာမတတ်၊ အတတ်ပညာမတတ်သော သူသည် ပစ္စည်းဥစ္စာရဘို့ခဲယဉ်းသည်၊ ပစ္စည်းဥစ္စာ မရှိသောသူသည် မိတ်ကောင်း ဆွေကောင်း ရဘို့ခဲယဉ်း၏၊ မိတ်ကောင်း ဆွေကောင်း မရှိသောသူသည် ချမ်းသာရဘို့ခဲယဉ်း၏၊ ချမ်းသာ မရမရှိသောသူသည် ကုသိုလ်ကောင်းမှု ပြုနိုင်ဘို့ အားထုတ်နိုင်ဘို့ ခဲယဉ်းသည်၊ ကုသိုလ်ကောင်းမှုမရှိသောသူသည် နိဗ္ဗာန်ချမ်းသာကိုရဘို့ခဲယဉ်းသည်၊နိဗ္ဗာန်ကို မရနိုင်မှတ်ပါတော့။

နိဗ္ဗာန်အကြောင်းကို သိချင်လျှင် ဘင်စွန်းကိုမြင်အောင် ကြည့်ကသိလိမ့်မည်။ ။ယောဂီပုဂ္ဂိုလ်တယောက်သည် မိမိခန္ဓာကိုယ်ကို သတိနှင့် သုံးသပ်ဆင်ခြင်၍ သမာဓိတရားကြီးထွားလာသော် စိတ်စေတသိက်ရုပ်ဆိုတဲ့ တရားသုံးပါးကို ပိုင်းပိုင်းခြားခြား မြင်လာသောအခါ သည်ဆင်းရဲကြီး ဒုက္ခကြီးဟာ အဘယ်ကြောင့်လို့ စိစစ်ကြည့်ရှု လိုက်တော့ လုပ်ပေး ပြုပြင်တတ်တဲ့ လောဘတဏှာ တည်းဟူသော သမုဒယကို မြင်တော့ မဂ်ကမဂ်သစ္စာက အနုသယ ကိလေသာ တထောင့်ငါးရာကို အကြွင်းမဲ့ သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်လိုက်တာနှင့် ဥပါဒ်ဌီဘင်ဆိုတဲ့ အကြောင်းအကျိုး ပြတ်တာကို ဘင်စွန်းဟု ခေါ်တယ်၊ အဲဒါဟာ ဘင်စွန်းမှတ်။

တကျိပ် နှစ်ယောက်သော ခိုးသူတို့ကို သတ်ဖြတ်သည့် နေ့မှစ၍ ဘေးဘယမရှိ ချမ်းသာဘိ၍ ကြီးလှစွာသော ရွှေနန်းစည်းစိမ်ကို ခံစား စံစားဘိသကဲ့သို့ ထိုအတူ အကုသိုလ်တရား တဆယ့်နှစ်ပါးတို့ကိုပယ်ရှား နိုင်သည့်နေ့မှစ၍ ကိလေသာဘေးရန်ငြိမ်း၍ အလွန်တရာကောင်းမြတ် လှစွာသော မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ မြတ်ကြီးကို ခံစား စံစားခြင်းကို မှတ်သားအပ်တော့၏။

လွန်ကြူးဆုပ္ပက်၊ မျိုးမပျက်၊ သုံးချက်ကိလေသာ။ ။သီလ သမာ၊ ဓိပညာ၊ သတ်ရာသုံးသိက္ခာ။ ။အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ပျောက် ရေးမခက်ပါ။ ။သိပယ်ဆိုက်ပွား၊ လေးပါးအချက်၊ တပြိုင်နက်၊မဂ်၏ ကိစ္စတည်း။ ။ခန္ဓာငါးပါး၊ ရုပ်နာမ်တရားကို ပညတ်နှင့် ပရမတ် ကွဲအောင်ရှုနိုင် ပွားနိုင်မှသာလျှင် ငါစွဲကင်းမည်၊ ငါစွဲပြုတ်မည်မှတ်။

၁။ ယခုသေကျေ ပျက်စီးတာက ငါသေကျေ ပျက်စီးတာ မဟုတ်၊ ရူပက္ခန္ဓာဆိုတဲ့ ရုပ်တရားက သေကျေပျက်စီးတာဘဲဟု ပွားများဆင်ခြင် လိုက်လျှင် ငါစွဲကင်းတာဘဲ ငါစွဲပြုတ်တာဘဲဟုမှတ်ပါ။

၂။ ယခုအာရုံကို ခံစားတာက ငါးခံစားတာမဟုတ် ဝေဒနာဆိုတဲ့ ဝေဒနာက ခံစားတာဘဲဟု ပွားများဆင်ခြင်လိုက် ငါစွဲကင်းတာဘဲ ငါစွဲပြုတ်တာဘဲဟုမှတ်ပါ။

၃။ ယခု အာရုံကို မှတ်သားတာက ငါမှတ်သားတာ မဟုတ် သညာက္ခန္ဓာဆိုတဲ့သညာကသာမှတ်တာဘဲဟုပွားများဆင်ခြင်လိုက်လျှင် ငါစွဲကင်းတာဘဲ ငါစွဲပြုတ်တာဘဲဟု မှတ်ပါ။

၄။ အမှုကိစ္စဟူသမျှအဝဝကို စီရင်ပြုပြင် လုပ်ကိုင်တာက ငါစီရင် ပြုပြင်လုပ်ကိုင်တာမဟုတ် သင်္ခါရက္ခန္ဓာဆိုတဲ့ သင်္ခါရက စီရင်ပြုပြင် လုပ်ကိုင်တာဘဲဟု ပွားများဆင်ခြင်လိုက်လျှင် ငါစွဲကင်းတာဘဲ ငါစွဲ ပြုတ်တာဘဲဟုမှတ်ပါ။

၅။ အာရုံကိုကြံတတ် သိတတ် ညွှတ်တတ်တာက ငါကြံတတ်သိတတ် ညွှတ်တတ်တာမဟုတ် ဝိညာဏက္ခန္ဓာဆိုတဲ့ ဝိညာဏ်ကအာရုံကို ကြံတတ် သိတတ် ညွှတ်တတ်တာဘဲဟု ပွားများ ဆင်ခြင်လိုက်လျှင် ငါစွဲကင်း တာဘဲ ငါစွဲပြုတ်တာဘဲဟုမှတ်။

ဝိပဿနာဆိုတာကဘာကို ရှုသလဲ ?
မြတ်ယ်ချမ်းသာ၊ ငါစွဲရာ၊ ခန္ဓာရှုရမြဲ။
စွဲမှုကင်းလျှင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ရောက်စမြဲ။

ပြေးဝင်ဆိုက်ရောက်မြဲ၊ နှလုံးဓာတ်စွဲကပ်အယူကို၊ ခွဲဖြတ်မှုရှာကြ တော့လေး။ အတ္တတကယ် ပြုတ်တော့ မဂ်ညဏ်ရတာ အဟုတ်မှတ် ပါတော့။

## ရုပ်နှင့်နာမ်ကွဲ၍ သိရန်ဆောင်ပုဒ်လင်္ကာ

မှန်အထဲတွင်၊ အရိပ်ထင်သို့၊ ရုပ်တွင်မှီကပ်၊ နာမ်ထင်လတ်၏၊ စုန်းနတ် ပူးသူ၊ လူမှုတခြား၊ စုန်းတခြားတည်း၊ သောက်စားသေရက်၊ အရက် တခြား၊ လူတခြားသို့၊ ရုပ်ကားတထွေ၊ နာမ်တထွေဟု၊ သိလေခွဲခြမ်း၊ ကျိုးအကန်းကို၊ မှီငြမ်းပြုကာ၊ ချင်းချင်းသာလျှင်၊ သွားလာသည့်တူ၊ လှေစီးလူနှင့်၊ လှေမူသဏ္ဍာန်၊ ရုပ်နှင့်နာမ်လည်း၊ နှစ်တန်နှစ်ဝ၊ ပေါင်းဆုံ ရမှ၊ ကိစ္စဖြာဖြာ၊ ပြီးစေပါသည်၊ ခွဲကာသိတို့ မှတ်တမ်းတည်း။

## ရှုတ်ဆိုပွားများရန် လင်္ကာ

သုံးဖြာလောက၊ ရုပ်နာမ်မျှတည်း၊ ထိုမှအပို၊ အမှန်ဆိုဘို၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါသူတပါး၊ ယောကျ်ားမိန်းမ၊ ဒေဝဗြဟ္မာ၊ မရှိပါခဲ့၊ နှစ်ဖြာ အဟုတ်၊ နာမ်နှင့်ရုပ်ကား၊ပြုလုပ်ဖန်ဆင်း၊ ကတ္တားကင်း၏၊ ကြောင်းရင်း ပစ္စယ၊ ပြုပြင်ကြ၍၊ ကာလသုံးဖြာ၊ ယထာရဟ၊ ဖြစ်ကုန်ကြသည်၊ သုံးဝလက္ခဏာမကင်းတည်း။

## အထူးနှလုံးသွင်း ဆင်ခြင်ပွားများရန်

ပရမတ်ကို ပညတ်ဖုံးအုပ်၊ ခုနစ်ရက်စခန်း ကြိုးပမ်း အားထုတ်၊ ဟောစမ်းသရုပ်၊ ပညတ်ကို ဖြူစင်ပယ်ဖြုတ်၊ ပရမတ်ကို သိပိုင်တာက အလုပ်၊ ရုပ်နာမ်ပေါ်၌ အနိစ္စကို မြင်အောင်အားထုတ်၊ အသိညဏ်ထူး တာကိုဘဲ ဝိပဿနာအချုပ်၊ အတ္တတကယ်ပြုတ်၊ မဂ်ညဏ်ရတာအဟုတ်။

## သံဝေဇနီယ ကထာပွားများရန်လင်္ကာ

ဒုက္ခမျိုးတို့၊သည်းပိုးရှက်ဆောင်၊အပုပ်ကောင်ကို၊ လူယောင်ထင်မှတ်၊ စဥ်မပြတ်လို့၊ မြဲမှတ်သညာ၊ တောင့်တပါလည်း၊ လိုရာမဖြစ်၊ ဤကိုယ် ညစ်ကို၊ စွန့်ပစ်ပယ်ခွါ၊ နိဗ္ဗုတာသို့၊ လျင်စွာသွားခွင့်၊ ခုကြုံလင့်သည်၊ နှေးဖင့်မရှိရာသတည်း။

## သမထဝိပဿနာ လိုရင်းသံပေါက်

သမထဝိပဿ်၊ ဤနှစ်ရပ်၊ မှတ်ကြဘာဝနာ။
သမထဝိပဿနာ၊ ထိုနှစ်ဖြာ၊ တူတာမဟုတ်ပါ။

သမထဘာဝနာ၊ ဆိုသည့်မှာ၊ ငြိမ်ရာကပ်ရပါ။
ပလိဗောဓ၊ ဆယ်ကြောင့်ကြ၊ ဖြတ်ရသေးသည်သာ။
နေရာအပြစ်၊ တဆဲ့ရှစ်၊ စင်စစ်ကင်းစေရာ။
အင်္ဂါငါးဝ၊ ပြည့်စုံမှ၊ ဟန်ကျထိုနေရာ။
ငြိမ်ရာဌာန မကပ်ဘဲ၊ စိတ်ကစွဲ၊ အမြဲမဖြစ်ပါ။
လေးဆယ်သမထ၊ အကုန်ပြ၊ ကြည့်ကြသင့်ဟိုမှာ။
သမထတရား၊ ဆိုသည်ကား၊ ရငြားဈာန်ကိုသာ။
ခြောက်ရှစ်နီဝရဏ၊ ခွါနိုင်မှ၊ ရကြဈာန်ဆိုတာ။
ကာမဂုဏ်ငါး၊ တွေ့ကြုံငြား၊ ပျက်ပြားတတ်သည်သာ။
မပျက်ပါမှ၊ နှစ်ဘဝ၊ ရကြထောက်တည်ရာ။
အပါယဘေး၊ မလွတ်သေး၊ တွေးတောညဏ်နှင့်သာ။
ဝိပဿနာညဏ်ဆိုတာ၊ လွန်စွာမခက်ပါ၊ အိမ်ထောင်ကိစ္စ၊ မပယ်ချဘဲ၊ စိတ်ကစွဲ၊ အမြဲလုပ်ရပါ။
နှစ်ပါး နီဝရဏ၊ ပယ်နိုင်က၊ ရကြမဂ်သောတာ။
အပါယဘေး၊ ရှင်းရှင်းဝေး၊ တွေးလော့ညဏ်နှင့်သာ။
ကာမဂုဏ်ငါး၊ ခံစံစား၊ မြတ်ဖျားမရှိပါ။
ဝိသာခါနှင့်၊ သဏ္ဍသိကြား၊ ထိုသူများ၊ ညဏ်အားထင်စရာ။
ဝိပဿနာရောက်၊ ကျိုးမရောက်၊ ကျမ်းထောက်ပြနိုင်ပါ။
ယောဂီသူမြတ်၊ သိစေအပ်၊ သုံးရပ်ပရိညာ။
ညာတတီရဏ၊ ပဟာန၊ သုံးဝသရုပ်ဖြာ။
ရုပ်နာမ်နှစ်ခု၊ ပိုင်းခြားမှု၊ ရှုလော့ညာတကာ။
လက္ခဏာသုံးခု၊ မြင်အောင်ရှု၊ ခေါ်မှုတီရဏာ။
ကိလေပယ်ချ၊ မဂ်ဆိုက်က၊ ပဟာနပရိညာ။
ပရိန်သုံးခု၊ ထင်စေမှု၊ ရှုလော့ဥပမာ။
လှေတွေ့သောခါ၊ ကူးသောခါနှင့်၊ လိုရာအရပ်၊ ရောက်တုံလတ်၊ မှတ်ကြအထူးသာ။
လှေတွေ့ငြားက၊ ကူးထတီရဏာ၊ ရောက်ခါပဟာန၊ ပမာပြ၊ မှတ်ကြသေအချာ။
မြစ်သမုဒ်ပမာ၊ သံသရာ၊ မှန်စွာတူလှပါ။
တကယ်ရေထဲ၊ တကယ်ဝဲ၊ အံ့ခဲကြိတ်ကြပါ။
ကြောက်ဖွယ်စခန်း၊ ကြောက်ဖွယ်လမ်း၊ စုံစမ်းကြည့်ကြပါ။

သုံးပရိညာဉ်၊ ရှေ့မထင်၊ မဝင်နိဗ္ဗာနာ။
ဝိပဿနာတင်၊ ပရိညာဉ်၊ ကိုယ်တွင်အမြဲထား။
ပရိညာဉ်မပါ၊ လက္ခဏာ၊ လိုရာမထွက်ငြား။
ဘုရားမုနေ၊ သဲစုကြွေ၊ မဂ်ရေမတိုက်သွား။
ရေကန်ရှိလျက်၊ မချိုးသက်၊ကိုယ်တွက်မဟုတ်လား။
ပြေးပေါက်သာလျက်၊ ပြေးမထွက်၊ ကိုယ်တွက် အထင်ရှား။
လက္ခဏာတွင်၊ သုံးပါးယာဉ်၊ ကိုယ်ပင်မကျင့်အား။
မဂ်ရေစင်၊ ကြည်လင်၊ ကိုယ်ပင်မသောက်စား။
နိဗ္ဗာန်ကမ်းခိုင်၊ မြေမဏ္ဍိုင်၊ လက်ကိုင်မရငြား။
လက်ကိုင်ရအောင်၊ မဂ်ရှစ်ဖောင်၊ ကျင့်ဆောင်စီး၍သွား။

## ယောဂါဝစရပုဂ္ဂိုလ်အား အကျိုးငါးပါးပြခြင်း

ပဉ္စိမေ အာနန္ဒ အာနိသံသာ ပုဗ္ဗယောဂါဝစရေ။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ပုဗ္ဗယောဂါဝစရေ၊ ရှေးဦးစွာ သမထ ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ရာ၌။ ပဉ္စ၊ ပိုင်းခြားမှတ်သား ငါးပါးအရေအတွက် ရှိကုန်သော။ ဣမေ အာနိသံသာ၊ ဤအကျိုးဖလ အာနိသင် တို့သည်-ဟူသော ပါဠိတော်နှင့် အညီ သမထ ဝိပဿနာ တရားကို အားထုတ်ရာ၌ အကျိုးအာနိသင်တို့သည် ငါးပါးရှိကုန်၏။

## ငါးပါးဟူသည်ကား

၁။ သမထဝိပဿနာကို ကောင်းစွာအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ အရှယ်သုံးပါးတို့တွင် တပါးပါး၌ပင် အရဟတ္တမဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်၏၊ ဤသည် ပထမဦးစွာသော အကျိုးပေတည်း။

၂။ ယင်းသို့ အရဟတ္တ မဂ်ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက် မပြုရသည် ရှိသော် သေခါနီးကာလ၌ အရဟတ္တ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုအပ်၏၊ဤသည်ကား နှစ်ခုမြောက်သော ဒုတိယအကျိုးပေတည်း။

၃။ ယင်းသို့ သေခါနီးကာလ၌ အရဟတ္တမဂ်ဖိုလ် နိဗ္ဗာန်သို့ မျက်မှောက် မပြုရသည်ရှိသော် စုတေ၍ နတ်ပြည်၌ နတ်သား ဖြစ်သဖြင့် အရဟတ္တ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏၊ ဤသည်ကား တတိယ သုံးခုမြောက်သော အကျိုးပေတည်း။

၄။ ယင်းသို့ နတ်သားဖြစ်၍ နတ်ပြည်၌ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် မပြုရသေးသည် ရှိသော် နောင်ပွင့်တော်မူကုန်သော ဘုရားရှင်တို့၏ မျက်မှောက်တော်၌ လျင်မြန်သော ဈာန်အဘိညာဏ်တန်ခိုးရှိသော မဟာသာဝက ရဟန္တာဖြစ်၍ အရဟတ္တမဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏၊ ဤသည်ကား စတုတ္ထလေးခုမြောက်သော အကျိုးပေတည်း။

၅။ ယင်းသို့ မြတ်စွာဘုရား လက်ထက်တော်၌ အရဟတ္တမဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်မပြုရသည်ရှိသော် သာသနာတော် ပသောအခါ၌ အရှင်ပစ္စေကဗုဒ္ဓါဖြစ်၍ အရဟတ္တ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏၊ ဤသည်ကား ပဉ္စမငါးခုမြောက်သော အကျိုးပေတည်း။

ချစ်သား အာနန္ဒာ သမထဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် အကျိုးအကြောင်းရင်း အားလျော်စွာ ငါးပါးသောဌာနတို့၌ အရဟတ္တ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ခြင်း ရှိကုန်သည် ဖြစ်၍ သမထဝိပဿနာကို အားထုတ်ခြင်း၏ အကျိုးတို့သည် ငါးပါးတို့တည်း၊ ယင်းသို့ဖြစ်၍ အရဟတ္တမဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကုန်ငြား အမျိုးကောင်းသားသမီးတို့သည် အရဟတ္တ မဂ်ဖိုလ်နိဗ္ဗာန်၏ နီးစွာသော အကြောင်းရင်းစစ်ဖြစ်သော သမထဝိပဿနာ တရား၌ ကြိုးစားအားထုတ် အပ်လှတော့သည်၊ သူတော်သူမြတ်လောင်း အပေါင်းတို့။

ဤသည်လျှင် ယောဂါဝစရ ယောဂီပုဂ္ဂိုလ်အား အကျိုးငါးပါး ပြခြင်းတည်း။

## အမည်အားဖြင့် တဆယ့်ရှစ်ပါး ရှိသောရုပ်

သရုပ်အားဖြင့် နှစ်ဆယ်ရှစ်ပါး အပြားရှိသောရုပ်ကား–

| | |
|---|---|
| ၁။ ပထဝီ,တေဇော,အာပေါ,ဝါယော | ၄–ပါး။ |
| ၂။ စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ | ၅–ပါး။ |
| ၃။ ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ပထဝီ,တေဇော, ဝါယော | ၇–ပါး ၃–ပါးနုတ်။ |
| ၄။ ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ | ၂–ပါး။ |
| ၅။ ဟဒယဝတ္ထု | ၁–ပါး။ |
| ၆။ ဇီဝိတိန္ဒြေ | ၁–ပါး။ |
| ၇။ ကဗဠီကာရအာဟာရ | ၁–ပါး။ |

| | | |
|---|---|---|
| ၈။ | ပရိစ္ဆေဒ | ၁-ပါး။ |
| ၉။ | ကာယဝိညတ်,ဝစီဝိညတ် | ၂-ပါး။ |
| ၁၀။ | လဟုတာ,မုဒုတာ,ကမ္မညတာ, ဝိညတ္တိဒွယ | ၅-ပါး ၂-ပါးနှုတ်။ |
| ၁၁။ | ဥပစယ,သန္တတိ,ဇရတာ,အနိစ္စတာ | ၄-ပါး။ ပေါင်း ၂၈-ပါး ရှိ၏။ |

ဤသို့အားဖြင့် နှစ်ဆယ့်ရှစ်ပါး အပြားရှိသောရုပ်ကို အနုလုံ ပဋိလုံ အစဉ်အတိုင်း ကြေပွန်အောင် အပြန်ပြန်အလှန်လှန် အဘန်ဘန်ခွဲစိတ် ရေတွက်လေ၊ အမည်အားဖြင့် တဆယ့်ရှစ်ပါး အပြားရှိသောရုပ်သည် သဘောအားဖြင့် နှစ်ဆယ့်ရှစ်ပါးအပြားရှိသတည်း။

**အဘိဓမ္မတ္ထ သင်္ဂဟ ပါဠ်အနက်**

ဘူတပ္ပသာဒဝိသယာ၊ ဘာဝေါဟဒယမိစ္စပိ။
ဇီဝိတာဟာရရူပေဟိ၊ အဋ္ဌာရသဝိဓံတထာ။
ပရိစ္ဆေဒေါစ ဝိညတ္တိ၊ ဝိကာရောလက္ခဏန္တိစ၊
အနိပ္ဖန္နာ ဒသစ္စေတိ၊ အဋ္ဌဝီသတိဝိဓံ ဘဝေ။

ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ ဘူတပသာဒဝိသယာပိ၊ ဘူတရုပ် လေးခု, ပသာဒရုပ် ငါးခု, ဝိသယရုပ်ခုနစ်ခုတို့ငင်း။ ဘာဝေါပိ၊ ဘာဝရုပ်နှစ်ခုငင်း။ ဟဒယံပိ၊ ဟဒယရုပ်ငင်း။ ဣတိ၊ ဤသို့။ ဇီဝိတာဟာရရူပေဟိ၊ ဇီဝိတရုပ် အာဟာရရုပ်တို့နှင့်။ သဟ၊ တကွ။ အဋ္ဌာရသဝိဓံ၊ တဆယ့်ရှစ်ပါးအပြားရှိသော။ နိပ္ဖန္နဥ္စ၊ နိပ္ဖန္နရုပ်ငင်း။ တထာ၊ ထိုမှတပါး။ ပရိစ္ဆေဒေါစ၊ ပရိစ္ဆေဒရုပ်ငင်း။ ဝိညတ္တိစ၊ ဝိညတ် ရုပ်နှစ်ခုငင်း။ ဣတိ၊ ဤသို့။ ဒသ၊ ဆယ်ပါးကုန်သော။ အနိပ္ဖန္နာစ၊ အနိပ္ဖန္နရုပ်တို့ငင်း။ ဣတိ ဣမိနာပဘေဒေန၊ ဤသို့သောအပြားအားဖြင့်။ အဋ္ဌဝီသတိဝိဓံ၊ နှစ်ဆယ့်ရှစ်ပါးအပြားရှိသည်။ ဘဝေ၊ ဘယ်လိုမှ ညက် မကစားနှင့်တော့ အမှန်အားဖြင့် ဖြစ်လေတော့သတည်း။

**ရုပ်နှစ်ဆယ့်ရှစ်ပါးအစဉ်အတိုင်း သဘောသဘာဝနှင့်တကွ ဥပမာကို ပြဆိုခြင်း**

ရုပ်သည် မဟာဘုတ် ဥပါဒါရုပ်ဟု နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါး တို့တွင် မဟာဘုတ်လေးပါးတို့မှာ တပါးသည် သုံးပါးကို သုံးပါးသည်

တပါးကို နှစ်ပါးသည် နှစ်ပါးကိုမှီ၍ ဖြစ်ကုန်၏၊ ဥပါဒါရုပ် နှစ်ဆယ့်လေးပါး တို့မှာမူကား မဟာဘုတ် လေးပါးတို့ကိုသာမှီ၍ ဖြစ်ကုန်၏ သူတို့ချင်းချင်းမှီ၍ မဖြစ်နိုင်ကုန်၊ ထိုသို့မဟာဘုတ် လေးပါးကိုသာမှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ်ဟုခေါ်၏၊ ဆယ့်တပါး အပြားရှိသည်ဟု ဆိုသည်မှာ အမည်နာမ တဆယ့်တပါးကို ဆိုသည်ဟုမှတ်။

ပထဝီဓာတ်သည် ကြမ်းတမ်းခက်မာခြင်းလက္ခဏာရှိ၏။
အာပေါဓာတ်သည် ပျောင်းအိခြင်း ယိုစီးဖွဲ့စည်းခြင်း လက္ခဏာရှိ၏။
တေဇောဓာတ်သည် ရင့်ခြင်း ကျက်ခြင်းပူလောင်ခြင်း လက္ခဏာရှိ၏။

ဝါယောဓာတ်သည် ပြည့်ခြင်း ထောက်ပံ့နိုင်စေခြင်း လှုပ်ရှားခြင်း လက္ခဏာရှိ၏၊ ၎င်းလေးပါးတို့သည် ဘူတရုပ်မည်၏ မဟာဘုတ်လည်း မည်၏။

မျက်လှည့်သည် ဘီလူးမနှင့်လည်းတူ၏၊ တူဟန်ကား မျက်လှည့်သည်သည် ရွှေငွေမဟုတ်သည်ကို ရွှေငွေဟု ပြဘိသကဲ့သို့ငှင်း၊ ဘီလူးမသည် မိမိအဆင်း ဆိုးဝါးရုန့်ရင်းပါလျက်ကို တဆယ်နှစ် တဆယ့်ခြောက်နှစ်ပျိုမြစ်ရောက်ခါ ဆင်းနှစ်ဖြာနှင့်ရုပ်ဝါတင့်တယ် မိန်းမငယ်သို့ ပုံဆောင်မခြား အလားတူစွာ ပြနိုင်သကဲ့သို့ငှင်း၊ ထိုအတူမဟာဘုတ် လေးပါး သည်လည်း ဥပါဒါရုပ်တို့က ရွှေပါ စိမ်းပါ ဖြူပါ ပြာပါ မည်းပါ နီပါသည်ကို မိမိရွှေသည် စိမ်းသည် ဖြူသည် ပြာသည်မည်းသည် တို့ကဲ့သို့ပြတတ်၏။

၎င်းမဟာဘုတ် လေးပါးတို့တွင် ကျွေ့ကောက်သော သဘောသည် ပထဝီဓာတ်သဘောမည်၏၊ ကြွေပွပျက်စီး၍ မသွားအောင် ဖွဲ့စည်းတတ်သော သဘောသည် အာပေါဓာတ်သဘောမည်၏၊ ဆံဖြူခြင်း သွားကျိုးခြင်းစသည်ဖြင့် ရင့်ခြင်းစသော သဘောသည် တေဇောဓာတ် သဘောမည်၏၊ ၎င်းတေဇောဓာတ်မှာ ချောင် သီတတေဇော ပူလျှင် ဥဏှတေဇောဟုခေါ်၏၊ သွားလာလှုပ်ရှားခြင်းသဘောသည် ဝါယောဓာတ်သဘောမည်၏။

ဤလေးပါးတို့တွင် ပထဝီသည်လည်း ကမ္မဇပထဝီ စိတ္တဇပထဝီ အစရှိသောအားဖြင့် အလွန်များ၏၊ ထို့အတူ သုံးပါးလည်းအတိုင်းမသိ များပြားလှ၏၊ ထိုလေးပါးသည် မည်သည့်ဝတ္ထုမှာမှမကင်းရှိကြသည် ချည်းသာ တခုတခုအားကြီး၍ အကုန်မထင်ရှားသော ကြောင့်သာ

မတွေ့မထင်သည်၊ သရက်သီးသည် တေဇောဓာတ် အားကြီး၍ မှည့်လွယ်သည်၊ ဤသို့စသည်ဖြင့် သစ်ပင်စသည်မှာ ရှာ၍ခွဲလေ။

## တနည်းဓာတ်လေးပါး၏ ဥပမာကိုပြခြင်း

ဓာတ်လေးပါးတို့တွင် ပထဝီဓာတ် ဘောက်ပြန် ပျက်စီးသောအခါ ကဋ္ဌမုခမြွေသည် ခဲအပ်သကဲ့သို့ ကိုယ်အလုံးသည် ထင်းခြောက်နှင့်အတူ ခက်ဘရော် ရှိသည်ဖြစ်၍ ပျက်၏၊ အရိုးဆက်တို့၌ သံတံကျင် လျှိုအပ်သကဲ့သို့ အတိုင်းထက်အလွန် တောင့်တင်း ခိုင်မာခြင်းသည် ဖြစ်၏ ဟုမှတ်။

အာပေါဓာတ် ပျက်သောအခါ ပုတိမုခမြွေသည် ခဲအပ်သကဲ့သို့ ကိုယ်အလုံးသည် ပုပ်သောပိန္နဲသီးမှည့်အတူ သွေးပြည်အတိဖြစ်၍ ယိုစီးတတ်၏ဟုမှတ်။

တေဇောဓာတ်ပျက်သောအခါအဂ္ဂိမုခ မြွေသည်ခဲအပ်သကဲ့သို့ ကိုယ်အလုံး အလွန်ပူလောင်သည်ဖြစ်၍ ဖွဲပြာအတူဖရိုဖရဲကြေလျက်ပျက်တတ်၏ ဟုမှတ်။

ဝါယောဓာတ် ပျက်သောအခါ သတ္ထမုခ မြွေသည် ခဲအပ်သကဲ့သို့ ကိုယ်အလုံးသည် ဆောက်ဖြင့်ဖြတ်သည်နှင့်အတူ အပိုင်းပိုင်းပြတ်လျက် ပျက်တတ်၏ဟုမှတ်။

## ကျက်မှတ်ရန် လင်္ကာအချုပ်ကား

၁။ ကဋ္ဌမုခ မြွေ၊ ကိုက်အပ်လေ၊ ကာယေခက်ထန်သော်။
၂။ ပုတိမုခ၊ ကိုက်အပ်စွ၊ ပုပ်လှညှီနံ့စော်။
၃။ အဂ္ဂိမုခ၊ ကိုက်အပ်စွ၊ ကာယပူလောင်သော်။
၄။ သတ္ထမုခမြွေ၊ ကိုက်အပ်လေ၊ ကာယေစုတ်ပြတ်သော်။
၅။ ဓာတ်ခံအရ၊ မြွေလေးဝ၊ တူမျှမိန့်ကြသော်။
ဤသည်လျှင်တနည်းဓာတ်လေးပါး ဥပမာပြခြင်းတည်း။

## တနည်း လေးဆယ်ကောဋ္ဌာသကို ဓာတ်ဖြင့် ဝေဘန်ရာလင်္ကာ

၁။ ကေသာအစ၊ မတ္ထလုံအဆုံး၊ နှစ်ဆယ်သုံး၊ သိမ်းကျုံးပထဝီ။
၂။ ပိတ္တံအစ၊ မုတ္တံအဆုံး၊ ဆယ့်နှစ်လုံး၊ စွဲသုံးအာပေါမှီ။
၃။ သန္တပ္ပန၊ ဇီရတာနှင့်၊ ဒဟနတေဇော၊ ပါစကော၊ တေဇော လေးခုစီ။

၄။ ထက်အောက် ဝမ်းဦးလေ၊ ကိုယ်အင်္ဂေ၊ ထွက်ဝင်လေဝါခြောက်စီ။
၅။ ဒွေစတ္တာလီသ၊ ကောဋ္ဌာသ၊ မိန့်ဟကျမ်းအညီ။

## လက်ာအချုပ် နယ ရုပ်ကား

၁။ ကျင်ကြီးကျင်ငယ်၊ ပြည်တသွယ်၊ စာသစ်ဝယ်ဥတုဇ။
၂။ ဝမ်းမီးပါစကံ၊ ကမ္မဇံ၊ ထွက်သက်မှန် စိတ္တဇ။
၃။ ကေဇဖြစ်၊ ခြောက်ပါးလစ်၊ ခွဲစစ်သင်္ခေပ။
၄။ ချွေးနှပ်မျက်ရည်၊ တံတွေးရည်၊ နှစ်လီ ဥစိတ္တ။
၅။ ထိုမှကြွင်းသမျှ၊ ဒွတ္တိံသ၊ လေးဝစတုဇ။
၆။ သစ္စသင်္ခေပ၊ ကျမ်းဝယ်ပြ၊ မှတ်ကြ သောတုဇ။
ဤသည်လျှင် လေးဆယ့်နှစ်ကောဋ္ဌာသအရပြခြင်းတည်း။

## စက္ခု သောတ ဃာန ဇိဝှါ ကာယဟု ပသာဒရုပ်ငါးပါးကို ဥပမာနှင့်တကွ အစဉ်အတိုင်းပြခြင်း

၎င်း ငါးပါးကို ပသာဒရုပ် ခေါ်သည်မှာ မိမိနှင့် အတူတကွ တကလာပ်တည်း ဖြစ်သောရုပ်တို့ကို ကြည်လင်စေတတ်သောကြောင့် ပသာဒရုပ်ခေါ်၏။

အကြင် ပသာဒရုပ်သည် ဝိညာဉ်တည်ရာဖြစ်၍ ညီညွတ် မညီညွတ် သည်ကို ဟောကြားသကဲ့သို့ ဖြစ်တတ်သောကြောင့် ထိုပသာဒရုပ်သည် စက္ခုပသာဒရုပ်မည်၏၊ ထိုစက္ခုပသာဒသည် ရူပါရုံကို ထိပါးခြင်းငှာ ထိုက်သော မဟာဘုတ်ကို ကြည်စေခြင်းတည်းဟူသော ရူပါဘိဃာတာ ရဟ ဘူတပသာဒ လက္ခဏာရှိ၏၊ ထိုစက္ခုမည်သော တရားသည်လည်း မံသစက္ခု ပညာစက္ခုဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပညာ စက္ခုသည်လည်း ဗုဒ္ဓစက္ခု သမန္တစက္ခု ဉာဏစက္ခု ဒိဗ္ဗစက္ခု ဓမ္မစက္ခု အားဖြင့် ငါးပါးအပြားရှိ၏။

ထိုငါးပါးအရ သရူပတ္တကို ဤလင်္ကာဆောင်ပုဒ်ဖြင့် သိအပ်၏။

၁။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယံ၊ နှစ်တန်စက်ဗုဒ္ဓ။
၂။ အောက်မင်္ဂဖိုလ်မှန်၊ သုံးတန်ဉာဏ်၊ ဓမ္မစက္ခုပြ။
၃။ သဗ္ဗညုတဉာဏ်၊ ဤတတန်၊ မှတ်ရန် သမန္တ။
၄။ အရဟတ္တမဂ္ဂံ၊ ဤသည်ဉာဏ်၊ ဉာဏံစက္ခုပြ။
၅။ အဘိညာဉ်ဉာဏ်၊ ဒိဗ္ဗမှန်၊ ငါးတန် စက္ခုက။
၆။ သဥ္စာယတန သံယုတ်၊ ဘွင့်ပြထုတ်၊ အချုပ်မှတ်ကုန်ကြ။

ထိုမှတပါးသော သမန္တစက္ခုသည်လည်း သသမ္ဘာရစက္ခု ပသာဒစက္ခုအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မျက်စိအောက်၌ မျက်ရိုးပြင် အထက်၌ မျက်မှောင်ရိုးဖြင့် နှစ်ဘက်သော အဘို့မှ မျက်တောင်တို့၏ အတွင်း၌ ဦးနှောက်ဖြင့် အပ၌ မျက်မွေးတို့ဖြင့် ပိုင်းခြားအပ်သော အကြင်အသားစိုင်သည်ရှိ၏၊ ထိုအသားစိုင်သည် သသမ္ဘာရစက္ခုမည်၏။

ပသာဒစက္ခု ဟူသည် မျက်ဖြူဝန်းတို့ဖြင့် ခြံရံအပ်သော မျက်နက်ဝန်း၏ အလယ်၌ ရှေးရှုတည်ကုန်သော သူတို့ ကိုယ်ရိပ် ထင်ရာအရပ်ဟု ဆိုအပ်သော သန်းဦးခေါင်းမျှ ပမာဏရှိသော အရပ်ဝယ် ခုနစ်စုသော ဝါဂွမ်းလွှာတို့၌ နှံ၍ဟည်သော ဆီကဲ့သို့ ခုနစ်ထပ်သော မျက်လွှာတို့ကို နှံ၍တည်သော ပသာဒရုပ်သည် စက္ခုပသာဒမည်၍ ဟူလို။ ။ဥပမာ။ ။ ဤစက္ခုပသာဒသည် အချည်အပိုးမှ ရေချိုးမိုးချိုးမှ သုတ်သင်ရှင်းလင်းမှု တန်ဆာဆင်ယင် ပြင်ဆင်မှု ယပ်လေခတ်ခြင်း အမှုတို့ကို ပြုကုန်သော အထိန်းလေးယောက်တို့သည် မင်းသားသူငယ်အား ကျေးဇူးပြုသကဲ့သို့ ခိုင်ခံ့ခြင်း ဘွဲ့ခြင်း ကျက်ခြင်း လှုပ်ရှားခြင်း ကိစ္စတို့ဖြင့် ဓာတ်လေးပါးတို့သည် ကျေးဇူးပြုလျက် ဥတုစိတ် အာဟာရ တို့သည် ထောက်ပံ့လျက် ဇီဝိတိန္ဒြေသည် စောင့်ရှောက်လျက် ဝဏ္ဏ, ဂန္ဓ, ရသတို့သည် ခြံရံလျက် စက္ခုဝိညာဏ်စိတ် စသည်တို့၏ ထိုက်သည်အားလျော်စွာ ဝတ္ထုဒွါရ အဖြစ်ကို ပြီးစေလျက် တည်နေ၏။

သောတပသာဒရုပ်ကား အကြင်ပသာဒရုပ်သည် သောတဝိညာဉ်၏ တည်ရာဖြစ်၍ ကြားတတ်သောကြောင့် ထိုပသာဒရုပ်သည် သောတမည်၏၊ ထိုသောတရုပ်သည် သဒ္ဒါရုံကို ထိပါးခြင်းငှာ ထိုက်သော မဟာဘုတ်ကို ကြည်လင်စေခြင်း သဒ္ဒါဘိဃာတာရဟ ဘူတပ္ပသာဒလက္ခဏာရှိ၏၊ သသမ္ဘာရဖြစ်သောနားပေါက်၏အတွင်း၌ နုသောမွေးနီ စိရရှိစုဝေးပေါက်ရောက်သော လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အရပ်၌ ပျံ့နှံ့၍သောတဝိညာဉ်စသည်တို့၏ ထိုက်သည်အားလျော်စွာ ဝတ္ထုဒွါရ အဖြစ်ကို ပြီးစေလျက် တည်နေ၏။

ဃာနပသာဒရုပ်ကား အကြင်ပသာဒရုပ်သည် ဂန္ဓာရုံအနံ့ကို ယူခြင်းကိုပြုတတ်သောကြောင့် ထိုပသာဒရုပ်သည် ဃာနမည်၏၊ ထိုပသာဒရုပ်သည် ဂန္ဓာရုံအနံ့ကို ထိပါးခြင်းငှာထိုက်သော မဟာဘုတ်ကို ကြည်စေခြင်း ဂန္ဓာဘိဃာတာရဟ ဘူတပ္ပသာဒလက္ခဏာရှိ၏၊ သသမ္ဘာရ

ဖြစ်သောနှာခေါင်းပေါက်၏ အတွင်း၌ ဆိတ်ခွါခြေ သဏ္ဍာန်ရှိသော အသားစုအရပ်၌ ပျံ့နှံ့၍ ဃာနဝိညာဉ်စသည်တို့၏ ဝတ္ထုဒွါရအဖြစ်ကို ပြီးစေလျက်တည်နေ၏။

## မှတ်ချက်အထူးကား

ဤလောက၌ နှာစေးသော သူတို့ကား စိတ်ကြောင့်လည်း ဖြစ်၏၊ ဥတုကြောင့်လည်း ဖြစ်၏။ ထိုနှစ်ပါးတို့တွင် သားမယား စသည်တို့ သေဆုံးသောသူတို့အား ဆုတ်နစ်သော ဒေါမနဿ သောက တရားကြောင့် တေဇောဓာတ် လွန်ကဲသောအခါ အာပေါဓာတ်သည် ပဃ္ဃရန လက္ခဏာသို့ ရောက်၍ နှာရည်တို့သည် ဖြစ်ခွဲလျက် အာဗန္ဓဏ လက္ခဏာဖြင့်နှာခေါင်းပေါက်ကို ပိတ်ဖုံးဖွဲ့စည်း၍ဖြစ်စေ၏၊ထိုကဲ့သို့သော နှာစေးခြင်းကို စိတ္တဇနှာစေးခြင်းဟုမှတ်အပ်၏။ ။ဥဏှတေဇောကြောင့် ဖြစ်ဖြစ်ခွဲခွဲခဲ၍ နေသော နှာစေးရည် အစုတို့သည် အာပေါဓာတ်၏ ပဃ္ဃရဏလက္ခဏာသို့ရောက်၍ ကြေပျက်ယိုစီးခြင်းသို့ ရောက်သည်ကိုဖြင့်း၊ သီတဥတုအုပ်စိုးသော ညဥ့်အခါရောက်လတ်သော် အာဗန္ဓန လက္ခဏာဖြင့် နှာရည်သည် ဖြစ်ခွဲခဲအပ်သည်ဖြစ်၍ နှာပိတ်သည်ကိုဖြင့်း ဥတုဇ နှာစေးဟုမှတ်အပ်လေတော့သတည်း။

ဇိဝှါပသာဒရုပ်ကား အကြင်ပသာဒ သဘောသည် ဇီဝိတိန္ဒြေ၏ အကြောင်းဖြစ်သော ရသာရုံကိုခေါ်ဝေါ်သကဲ့သို့ဖြစ်တတ်သောကြောင့် ထိုပသာဒသဘောသည် ဇိဝှါမည်၏။ ။ထိုဇိဝှါပသာဒရုပ်သည် ရသာရုံကို ထိပါးခြင်းငှါထိုက်သော မဟာဘုတ်ကိုကြည်လင်စေခြင်း ရသာဘိဃာတာရဟ ဘူတပ္ပသာဒ လက္ခဏာရှိ၏၊ ဇိဝှါပသာဒရုပ် သည်လည်း သသမ္ဘာရဇိဝှါဟု ဆိုအပ်သော လျှာ၏ အထက် အရပ်၌ အလယ်၌ ဖြတ်အပ်သော ကြာရွက်အဖျားပိုင်းသဏ္ဍာန်ရှိသော အရပ်ဝယ် ပျံ့နှံ့၍ ဇိဝှါဝိညာဉ်စသည်တို့၏ ဝတ္ထုဒွါရအဖြစ်ကို ပြီးစေလျက်တည်နေ၏။

## အထူးမှတ်ချက်

ထိုဇိဝှါပသာဒရုပ်သည် ကာမဘုံ၌ မချို့ကောင်းရကာ ဇိဝှါချို့သော သတ္တဝါကာမဘုံ၌မရစကောင်း၊ထိုသို့ဖြစ်သောကြောင့်မိကျောင်းစသော သတ္တဝါတို့အား လျှာပင် မရှိသော်လည်း ဇိဝှါပသာဒရုပ် သည်ကား ကေန်တိတိအမှန်ပင်ရှိ၏၊ လျှာရှိသောသတ္တဝါတို့၌ လျှာ၏အဖျား၌ ဇိဝှါပသာဒသည်တည်၏၊ လျှာမရှိသောသတ္တဝါ၌ လျှာ၏တည်ရာအရပ်သည်

ဇိဝှါပသာဒရုပ် နှံ့ လျက်တည်ရ၏ဟု တပ်အပ်သေချာ မှတ်ကုန်ရာ၏၊ ထိုကြောင့်အဘိဓမ္မာဋီကာတို့၌....

သဗ္ဗေသမ္ပိ၊ အလုံးစုံလည်းဖြစ်ကုန်သော ကာမဘုံသား သတ္တဝါတို့အားလည်း။ ဇိဝှါဝေကလ္လံနာမ၊ ဇိဝှါပသာဒရုပ်၏ ချို့ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

ဤအရာဝယ်ဆွံ့အသောစကား မပြီသသောသူတို့၌ဇိဝှါပသာဒသည် ထင်ရှားရှိလျက် အဘယ်ကြောင့် ဆွံ့အခြင်း စကားထစ်ခြင်းဖြစ်ရလေ သနည်းဟူမူ သတ္တဝါတို့၏ အဇ္ဈတ္တ သဏ္ဍာန်၌ဖြစ်သော ကမ္မဇပထဝီနှင့် စိတ္တဇပထဝီနှစ်ပါး ထိခိုက်ခြင်းကြောင့်ဖြစ်သော ဝါယောဓာတ်အဟုန်အားကြီးသောကြောင့်ဘဝင်လေအဆန်အတက်မြန်ရကား စကားမပြီသ ထစ်အခြင်း ဖြစ်ရ၏ဟု မှတ်အပ်၏။ ကမ္မဇ ပထဝီကြောင့် ဖြစ်သော ဝါယောဓာတ် လေအဟုန်အသင့်သာလျင်ရှိသော သတ္တဝါတို့သည်ကား ဘဝင်ဝါယောဓာတ် မနှေး မလျှင် ဆန်တက် သောကြောင့် စကား ပြီပြီသသ ပြောဆိုနိုင်၏ဟုမှတ်သားလေ။

ကာယပသာဒရုပ်ကား-ဤကာယိန္ဒြေ၌ စက်ဆုပ်အပ်သော ဆံအစရှိသော ကောဋ္ဌာသအစုတို့၏ဖြစ်ရာအရပ်ဖြစ်သောကြောင့် ကာယမည်၏။ ထိုကာယပသာဒ ရုပ်သည် ဖောဋ္ဌဗ္ဗာရုံကို ထိပါးခြင်းငှာ ထိုက်သော မဟာဘုတ်ကို ကြည်လင်စေခြင်း ဖောဋ္ဌဗ္ဗာဘိဃာတာရဟ ဘူတပ္ပသာဒ လက္ခဏာရှိ၏။ ထိုကာယပသာဒရုပ်သည် ကမ္မဇတေဇောဓာတ် တည်ရာကိုင်း၊ဆံဖျား အမွေးဖျား၊ ခြေသည်းလက်သည်းဖျား ခြောက်သွေ့သော အရေဖျား တို့ကိုင်း ချန်ခြွင်း၍ အကြွင်မျှလောက်သော အရပ်၌ကမ္မဇ ရုပ်သည်ရှိ၏။ ထိုကမ္မဇရုပ် ရှိသောအရပ်၌ ကာယပသာဒသည် ဝါဂွမ်းလွှာ၌ ဆီထည့်သကဲ့သို့ ပျံ့နှံ့၍တည်၏။ ၎င်းကာယပသာဒ ရုပ်သည်၎င်း၊ ဇီဝိတရုပ်သည်၎င်း၊ အဗဒ္ဓ သည်းခြေသည်၎င်း၊ သွေးဓာတ်သည်၎င်း၊ သုက်ဓာတ်သည်၎င်း တကိုယ်လုံးပျံ့နှံ့၍ ဝိညာဉ်စသည်တို့၏ ဝဏ္ဏုဒ္ဓါရ အဖြစ်ကို ပြီးစေလျက် တည်နေ၏ဟုမှတ်။ထိုကြောင့် ရှေးပညာရှိ ကင်ဆရာထေရ်မဟာတို့သည်လည်း အဋ္ဌကထာကို ကြည့်ရှု၍။

၁။ ဘောပသာဒ၊ လောဟိတ၊ ဇီဝသည်းခြေသုက်။

၂။ ကိုယ်လုံးနှစ်ဖြာ၊ တည်လေရာ၊ ကျမ်းလာမှန်သမုတ်။

ဤသို့ လင်္ကာကဗျာတို့ကို စပ်ဆိုတော်မူကြကုန်၏။

အဟိ အာဒိ-သမာနာနိ စေတာနိ။(အဋ္ဌသာလိနီအဋ္ဌကထာ)။

စ၊ ဆက်၍ဆိုဦးအံ့။ တောနီ၊ ထိုစက္ကူ, သောတ, ဃာန, ဇိဝှါ, ကာယ ပသာဒတို့သည်။ အဟိအာဒိသမာနာနိ၊ မြွေစသည်တို့နှင့် တူကုန်၏။

### စက္ခူဥပမာ

ဤသို့ဘွင့်ပြ အဋ္ဌကထာအရတို့နှင့်ညီစွာ မြွေတို့မည်သည် တံမြက်ချေး စွန့်ရာအရပ် မြက်သစ်ရွက်ထူထပ်သောအရပ် တောင်ပို့တို့၌ သာလျှင် ဝင်၍ မွေ့လျော်ဘိသကဲ့သို့ ထိုအတူ စက္ခုပသာဒသည်ကား အရုပ်ဖြင့် ဆန်းကြယ်သောအရပ် ခြူးပန်းခြူးနွယ်တို့ဖြင့် ဆန်းကြယ်သော အရပ် တို့၌ မွေ့လျော်ပျော်ပါး ကျက်စား၏ဟု မှတ်အပ်၏။

### သောတဥပမာ

မိကျောင်းသတ္တဝါတို့သည် အလုံတရာမျှသော ရေကိုငုပ်၍ တွင်း၌ ဝင်၍ အိပ်သောအခါ ထိုမိကျောင်းအား တည်ကြည်သောစိတ် ဖြစ် သကဲ့သို့ ထိုအတူ သောတပသာဒသည် အာကာသဓာတ်ကို မှီသည် ဖြစ်၍ နားပေါက် နားတွင်း၌သာလျှင် မိမိအလိုကိုပြု၏။ နားပေါက် ဟူသော အာကာသဓာတ်သည် သာလျှင် သောတပသာဒ၏ အသံကို နာခြင်းအကြောင်းဖြစ်၏ဟု မှတ်အပ်၏။

### ဃာနပသာဒ၌ ဥပမာ

ငှက်တို့သည် အဇ္ဈောပြင်ကျယ် ကောင်းကင်လယ်၌ လေဟုန်စီး၍ ပျံသွားသောအခါ စိတ်တည်ကြည် ပျော်မွေ့ဘိသကဲ့သို့ ထိုအတူ ဃာန ပသာဒသည်လည်း ကောင်းကင်ကို အလိုရှိရကား လေဟူသော မှီရာ ရှိသော ဂန္ဓာရုံလျှင် အာရုံရှိ၏ဟုမှတ်။

မူလဋီကာဆရာတော်ကား–ဝါယောဓာတ်လေသည် အနံ့ကို ယူခြင်း ၏ ဥပနိဿယဖြစ်၏။ ထိုသို့ပင်ဖြစ်ငြားသော်လည်း ထိုအနံ့ကို ယူခြင်း၏ ခေါ်ဝေါ်ခြင်းဖြင့် အနံ့ကိုလေ၏ ဥပနိဿယဟူ၍ ဆိုအပ်၏ဟုမိန့်တော် မူ၏။

### ဇိဝှါပသာဒ၌ဥပမာ

အိမ်ခွေးသည် ရွာ၏အပြင်ပ၌ လှည့်လည်သည်ရှိသော် ဘေးမရှိရာ အရပ်ကို မမြင်။ ခဲပစ်ခြင်းစသည်တို့ဖြင့် နှိပ်စက်အပ်သည်ဟု ထင်၍ ရွာ တွင်းသို့ ဝင်ရောက်ခါ ဖိုခနောက်သုံးလုံးတို့၏ဌာန၌ ပြာကိုယက်၍ အိပ် ရသောခွေးအား ချမ်းသာခြင်းသည်ဖြစ်သကဲ့သို့ ထိုအတူ ဇိဝှါပသာဒ

သည်လည်း လျှာကို အလိုရှိလျက် တံထွေးဟူသော အာပေါ ဓာတ်၌ မှီသော ရသာရုံသျှင် အာရုံရှိသည် ဖြစ်၏ဟုမှတ်လေ။

## ကာယပသာဒ၌ဥပမာ

မြေခွေးသည် သူကောင်ပစ်ရာ သုသာန်သင်းချိုင်း၌ လူသားကို စားသောက်၍ အိပ်ရသောအခါ ချမ်းသာခြင်းဖြစ်ရသကဲ့သို့ ထို့အတူ ကာယပသာဒသည်လည်း ဥပါဒိန္နကရုပ်ကို အလိုရှိလျက် ပထဝီဓာတ်ကို မှီသော ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိ၏ဟုမှတ်လေ။

ဤသို့ပြအပ်ပြီးသော ပသာဒငါးပါးသည် လက္ခဏာတပါးစီ အသီး အသီးဖြစ်ရကား အချင်းချင်း မရောယှက်ကုန်၊ (ဥပမာ အားဖြင့်) စိုက် ဆောက်အပ်ကုန်သော ငါးပါးသော အဆင်းရှိကုန်သော အောင်လံ၏ အရိပ်သည် အချင်းချင်းမရောယှက်ဘိသကဲ့သို့ ထို့အတူ ဤငါးပါးသော ပသာဒတို့သည် တခုတည်းသောအတ္တဘော၌ ဖြစ်ကြသော်လည်း မရော မယှက်သည်သာတည်းဟုမှတ်၊ ကြွင်းသောရုပ်တို့၌လည်း ဤနည်းအတူ မှတ်ယူအပ်၏။(ဤသည်လျှင် ပသာဒငါးပါး၌ ဥပမာတည်း)။

## ကာယသုံးမျိုးပိုင်းခြား၍ပြခြင်း

ဤလူတို့ ခန္ဓာကိုယ်ချက်မှစ၍ အောက်ဖြစ်သော အစုသည်ဟေဋ္ဌိမ ကာယမည်၏ ၎င်းဟေဋ္ဌိမကာယ၌ ကာယဒသက ဘာဝဒသကအာဟာ ရလျှင်ဖြစ်ကြောင်းရှိသော အဋ္ဌကလာပ်ရုပ်ရှစ်ပါး ဥတုလျှင်ဖြစ်ကြောင်း ရှိသော အဋ္ဌကလာပ်ရုပ်ရှစ်ပါး ဤသို့အားဖြင့် လေးဆယ့်လေးပါးသော ရုပ်တို့သည်ဖြစ်ကုန်၏၊ ချက်မှအထက် ရေမျိုချိုင့်တိုင်အောင် အစုသည် မဇ္ဈိမကာယမည်၏၊ ဤမဇ္ဈိမကာယ၌လည်း ယခင်ရုပ်လေးဆယ်လေးပါး တို့တွင် ဝတ္ထုဒသကကိုထည့်သွင်း၍ လေးဆယ့်ငါးပါးသော ရုပ်တို့သည် ဖြစ်ကုန်၏၊ ရေမျိုချိုင့်မှ အထက်ဖြစ်သောအစုသည် ဥပရိမကာယမည်၏၊ ဤဥပရိမကာယ၌ စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှါ ဒသက၊ ကာယဒသက၊ ဘာဝဒသက၊ အာဟာရဇအဋ္ဌက၊ ဥတုဇအဋ္ဌက၊ စိတ္တဇ အဋ္ဌကပေါင်း ရှစ်ဆယ့်လေးပါးသော ရုပ်တို့သည် ဖြစ်ကုန်၏၊ ဤသို့အားဖြင့် ဖြစ်သောရုပ်တို့တွင် ဟေဋ္ဌိမကာယ၌ဖြစ်သော ရုပ်သည် မဇ္ဈိမကာယဥပရိမကာယ၌ဖြစ်သောရုပ်တို့နှင့် မရောမယှက် ဖြစ်ကုန်၏၊ မဇ္ဈိမကာယဥပရိမကာယရုပ်သည်လည်း ဟေဋ္ဌိမကာယ၌ဖြစ်သောရုပ်နှင့်

မရောမယှက် ဖြစ်ကုန်၏ဟု မှတ်အပ်၏။ ။ဥပမာအားဖြင့်သော်ကား။ တောင်အရိပ် သစ်ပင် အရိပ်သည် ညနေချမ်းအခါ၌ တစပ်တည်း စပ်ရာရှိဘိသကဲ့သို့ ထင်ငြားသော်လည်း ဧင်စစ်သော်ကား အချင်းချင်း မရောမယှက် ကုန်ဘိ သကဲ့သို့ မှတ်အပ်၏။ ။ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌-

ကိဉ္စာပိ ကောဇဒ္ဓါနိ ဝိယဟောန္တိ၊အညမညံပန အသမ္ဘိဿာ နေ၀ါတိ ဟု ဘွင့်ပြ၏။

ရူပါနိ၊ ရုပ်သုံးမျိုးတို့သည်။ ကောဇဒ္ဓါနိဝိယ၊ တစပ်တည်းစပ်ကုန်ဘိ သကဲ့သို့။ ကိဉ္စာပိ ဟောန္တိ၊ အကယ်၍ဖြစ်ငြားကုန်၏ရှင့်။ ပနတထာပိ၊ ထိုသို့ပင် ဖြစ်ငြားသော်လည်း။ အညမညံ၊ တပါးသည် တပါးအား အချင်းချင်း။ အသမ္ဘိဿာနေ၀၊ မရောမယှက် ကုန်သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။

ဤသို့ပြအပ်သော အဓိပ္ပါယ်စကားရပ်၌ မှတ်ရန်လင်္ကာအချုပ်ကား-

(၁) ကာယ၊ ဘာဝ ဒသက၊ ဟာရဥတုရှစ်။ ။(၂) လေးဆယ့် လေးဖြာ၊ ချက်အောက်မှာ၊ ဖြစ်ရာရုပ်ဟုစစ်။ ။(၃) လေးဆယ့် လေးတွင်၊ ဝတ္ထုဝင်၊ ခေါ်တွင်မဇ္ဈိမ။ ။(၄) ငါးဆယ့်လေး၀၊ဤရုပ်ရ၊ ချက်မှ ရေမျိုဖြစ်။ ။(၅) ပသာဒ ဘာဝ၊ ဒသက၊ အဋ္ဌက သုံးဖြာ လှစ်။ ။(၆) ရှစ်ဆယ့်လေးပါး၊ သင်္ချာကား၊ မှတ်သားဥပရိဖြစ်။ ။ (၇) တရာ့ရှစ်ဆယ်၊ စွန်းနှစ်သွယ်၊ အလွယ်ကွဲကာလှစ်။ ။(၈) ချင်း ချင်းရုပ်ချက်၊မရောယှက်၊ မိန့်မြွက်ကျမ်းတွင်လှစ်။ ။(၉) ဤကိုယ်ကာယ၊ ပေါင်းသုံး၀၊ ခွဲပြသောတုစစ်။ ။(၁၀) အဋ္ဌသာလိနီ၊ ကျမ်းဂန္ထီ၊ မိန့်ဪစီစင်စစ်။

ဤသည်လျှင် ဤကိုယ်ကာယ၌ ရုပ်ပေါင်းအရကိုခွဲခြား ပိုင်းခြား၍ ပြဆိုခြင်းအရတည်း။

## ဂေါစရရုပ် ဝိသယရုပ် ၇-ပါးကိုပြခြင်း

မျက်စိဖြင့် မြင်ကောင်းသော ကောင်းကောင်းဆိုးဆိုး အာရုံသည် ရူပါရုံမည်၏၊ ထို့အတူနားဖြင့် ကြားကောင်း သောအာရုံသည် သဒ္ဒါရုံ မည်၏၊ နမ်းကောင်းသော အာရုံသည် ဂန္ဓာရုံမည်၏၊ လျှာဖြင့်လျက် ကောင်းသော အာရုံသည် ရသာရုံမည်၏၊ အာပေါဓာတ်သည် ကြဉ် အပ်သော ဘူတရုပ်သုံးခု အပေါင်းဟု ဆိုအပ်သော အာရုံသည်

ဖောဋ္ဌဗ္ဗာရုံမည်၏၊ ပေါင်းခုနစ်ပါးသောရုပ်သည် ဒွေပဉ္စဝိညာဉ်တဆယ်တို့၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် အာရုံပြုရာဖြစ်သောကြောင့် ဂေါစရရုပ်၊ ဝိသယရုပ်မည်၏၊ စက္ခုဝိညာဉ်ဒွေး၏ ကျက်စားရာရူပါရုံ ဤကဲ့သို့အစဉ်အတိုင်းဟပ်၍ယူလေ။

## ရူပရုပ်ကိုပြဆိုခြင်း

နှလုံး၌ဖြစ်သော အလိုကို ထင်ရှားအောင် ပြတတ်သောကြောင့် ရူပရုပ်မည်၏။ ထိုရူပသည် စက္ခုပသာဒအား ထိပါးခြင်း စက္ခုပဋိဟနနလက္ခဏာရှိ၏။ထိုရူပရုပ်သည် နိပ္ပရိယာယရူပရုပ် ပရိယာယရူပရုပ် ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် အညို,အရွှေ, အနီ, အဖြူ,အမည်း အစရှိသော အဆင်း အရောင် အလင်း အမိုက် အရိပ် နေပူစသော ရူပါရုံတို့သည် နိပ္ပရိယာယမုချ ရူပရုပ်မည်၏။ အရှည် အတို အကြီး အငယ် အဝန်း အလုံး လေးထောင့် ခြောက်ထောင့် စသော ရူပါရုံ တို့သည် ပရိယာယဥပစာ ရုပ်မည်၏။ဤပရိယာယဟု ဆိုအပ်သော အရှည်စသည်တို့ကို တွေ့ထိ၍ သိနိုင်၏၊အညိုစသည်တို့ကို တွေ့ထိ၍ မသိနိုင်။ ထိုကြောင့် မုချအားဖြင့် အရှည် အတိုသည် ရူပါရုံမဟုတ်၊ ထိုထို အရှည် အတိုသဏ္ဍာန်အစရှိသော ဘုတ်လေးပါးအပေါင်းကိုမှီ၍ ထိုထိုသောအခြင်းအရာအားဖြင့် တည်သော အဆင်းအပေါင်းဖြစ်သော ရူပါရုံကို ဒီဃရဿ ဆိုအပ်၏။ အဋ္ဌကထာအထွက်တည်း။ ။ထိုရူပကိုပင်လျှင် ဝဏ္ဏဓာတ်ဟု ဆိုအပ်၏။ ထိုဝဏ္ဏဓာတ်သည်လည်း သီတဓာတ်လွန်ကဲသော အဆင်း ဥဏှလွန်ကဲသော အဆင်းဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် စိမ်းသောအဆင်း ပြာသောအဆင်း ညိုသောအဆင်း နက်သော အဆင်းတို့သည် သီတဓာတ်လွန်ကဲသော အဆင်းမည်၏။

ထိုကြောင့်ရကား ဂိလာနပုဂ္ဂိုလ်တို့၏ မျက်နှာကိုယ်အင်္ဂါစသည်တို့၌ အသားအရေ တို့သည် မည်းနက်ညိုပြာ ခြောက်သွေ့ခြင်းကို မြင်လတ်သည်ရှိသော် သီတတေဇောဓာတ်နှင့်တကွ ပထဝီဓာတ် အာပေါဓာတ်တို့သည် လွန်ကဲတတ်၏ဟု ဆေးဆရာတို့သည် ဓာတ်မျက်စိဖြင့်သိအပ်၏၊ နီသောအဆင်း ဝါသောအဆင်း ဖြူသောအဆင်း တို့သည် ဥဏှဓာတ်လွန်ကဲသော အဆင်းမည်၏။ ထိုကြောင့်ရကား ဂိလာန ပုဂ္ဂိုလ်တို့၏ မျက်နှာ ကိုယ်အင်္ဂါတို့၌ နီခြင်း ဝါခြင်း ဖြူခြင်း ကြည်လင်ခြင်း တို့ကို မြင်လတ်သည် ရှိသော် ဥဏှတေဇောဓာတ် ဝါယောဓာတ် တို့သည်

လွှန်ကဲတတ်၏ဟု ဆေးဆရာတို့သည် ဓာတ်မျက်စိဖြင့် သိအပ်၏။ ဤကား ရူပရုပ်ပြီး၏။

## သဒ္ဒရုပ်ကိုပြဆိုခြင်း

**သောတ**ဝိညာဉ်၏ အာရုံအဖြစ်သို့ ရောက်တတ်သောကြောင့် သဒ္ဒရုပ်မည်၏။ ထိုသဒ္ဒရုပ်သည်လည်း သောတပသာဒအား ထိပါးခြင်း သောတပဋိဟနန လက္ခဏာရှိ၏။ ထိုသဒ္ဒရုပ်သည် နှုတ်မြွက်သောအခါ ကမ္မဇပထဝီ စိတ္တဇပထဝီ နှစ်ပါးတို့ ထိခိုက်၍ စိတ်ကြောင့် ဖြစ်သော စိတ္တဇအသံ မိုးချုန်းခြင်း စသည်ကို ပြုသောအခါ ဥတုကြောင့် ဖြစ်သောအသံ နှစ်ပါးတို့သည် သောတဝိညာဉ်၏ အာရုံအဖြစ်သို့ ရောက်တတ်သောကြောင့် သပ္ပတိ သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါဟူသော ဝစနတ္ထအရနှင့်ညီစွာ သဒ္ဒရုပ်မည်၏ဟု မှတ်အပ်၏။ ။ ထိုစိတ္တဇအသံသဒ္ဒ ဥတုဇအသံသဒ္ဒ ရုပ်နှစ်ပါးတို့တွင် စိတ္တဇအသံသည်လည်း လူတို့နားဖြင့် ကြားကောင်း သဒ္ဒ၊ မကြားကောင်း သဒ္ဒ ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် ဤအက္ခရာကို ရွတ်တော့အံ့ဟု ကြံသော သူအား ဝိတက္ကဝိပ္ဖါရသဒ္ဒသည် ဖြစ်၏။ ထိုဝိတက္ကဝိပ္ဖါရအသံသည် အလွန်သိမ်မွေ့သောကြောင့် လူတို့၏နားဖြင့် မကြားကောင်းဟု သကဝါဒီဆရာတို့ ဆိုကြောင်း ကထာဝတ္ထုပါဠိတော် အဋ္ဌကထာတို့၌ မိန့်ဆိုတော်မူ၏။ အချို့သော ဆရာမြတ်တို့သည်ကား ဤဝိတက္ကဝိပ္ဖါရ အသံကိုသိမ်မွေ့သော ဝိညာဉ်နှင့် မကင်းသောကြောင့် နတ်တို့၏နားဖြင့် ကြားကောင်း၏ဟု ယူရန်ရှိ၏ဟူ၍ မိန့်ဆိုတော်မူ၏။ ဤလူတို့၏ နားဖြင့် ကြားကောင်း သဒ္ဒရုပ်၊ နတ်တို့၏နားဖြင့် ကြားကောင်း သဒ္ဒရုပ်တို့သည် သာလျှင် သဒ္ဒအစစ် မည်၏။ ထိုသဒ္ဒအစစ်ကို သိစေခြင်းငှာ ပေ့စက္ကူတို့၌ တင်ထားအပ်သော သဒ္ဒသည် သဒ္ဒအတုမည်၏ဟု ဆရာတော်ဘုရားကြီးတို့ မိန့်ဆိုတော်မူ၏။ ။ဤသည်ကား သဒ္ဒရုပ်ပြီး၏။

## ဂန္ဓရုပ်ကိုပြဆိုခြင်း

အကြင် ပသာဒရုပ်သည် မိမိ၏ တည်ရာဝတ္ထုကို ကုန်းတိုက်ခြင်းကို ပြုသကဲ့သို့ ဆိုတတ်သောကြောင့် ဂန္ဓရုပ်မည်၏။ ဂန္ဓယတိ အတ္တနော ဝတ္ထုံ သူစေတီတိ ဂန္ဓော ဟူသောဝစနတ္ထနှင့်အညီ မြက်သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းသော သစ်သီးစသော ဝတ္ထုသည် ဤအရပ်၌ရှိ၏ဟု ပြတတ်သောကြောင့် ဂန္ဓရုပ်မည်၏ ဟူလို။ ။ထိုဂန္ဓရုပ်သည် ဃာနအား

ထိပါးခြင်း ဃာနဃဋ္ဋနလက္ခဏာရှိ၏။ ထိုဂန္ဓမည်သော နံ့သာမျိုးတို့သည်ကား လေးပါးအပြားရှိ၏။ လေးပါးအရကား တောင်ဇလပ်မာလာကြီးကျူ လေးညှင်းပွင့် ပန်းညိုရွက်ဟူ၍ လေးမျိုးရှိ၏။အဘိဓာန်၌ပြဆိုတော်မူ၏။

တနည်း။ ။နံ့သာမျိုး ဆယ်ပါးရှိ၏၊ ဆယ်ပါး အရကား အမြစ်နံ့သာ အနှစ်နံ့သာ အကာနံ့သာ အခေါက်နံ့သာ အပွေးနံ့သာ အရည်နံ့သာ အရွက်နံ့သာ အပွင့်နံ့သာ အသီးနံ့သာ အနံ့နံ့သာဟူ၍ ဇာတ်တော်၌ ပြဆိုတော်မူ၏၊ ဤသည်ကား ဂန္ဓရုပ်ပြီး၏။

## ရသရုပ်ကိုပြဆိုခြင်း

ထိုရသာရုံကို သတ္တဝါတို့သည် သာယာတတ် ကုန်သောကြောင့် ရသမည်၏၊ရသရုပ်မည်၏။ထိုရသရုပ်သည် ဇိဝှါပသာဒအား ထိပါးခြင်း ဇိဝှါပဋိဟနနလက္ခဏာရှိ၏။ ထိုရသသည်လည်း ချိုဆိမ့်သောအရသာ ချဉ်သောအရသာ ဖန်သောအရသာစပ်သောအရသာခါးသောအရသာ ငန်သောအရသာဟူ၍ ခြောက်ပါးအပြားရှိ၏။ ထို ခြောက်ပါးတို့တွင် နွားနို့ထောပတ်စသောအရသာသည် ချိုဆိမ့်သောအရသာမည်၏။ယက်တက်ရည်စသောအရသာသည် အချဉ်အရသာမည်၏။ပျားရည်အရသာသည် ဖန်သောအရသာမည်၏။ ကြာရှည်ထားလျှင် ဖန်သောကြောင့်တည်း။ ချင်းငရုပ်သည် စပ်သောအရသာမည်၏။တမာရွက်စသည် ခါးသောအရသာမည်၏။တင်လဲသည်ငန်သောအရသာမည်၏ဟုအဋ္ဌကထာ၌မိန့်ဆိုတော်မူ၏။ထိုအရသာ ခြောက်ပါးကိုစားပြီးသည့် နောက်ကာလ ဝယ် ပါစကတေဇောဓာတ် ချက်လတ်သည်၏ အဖြစ်ကြောင့် ရသာတပါးသို့ ပြောင်းသွားတတ်၏။ ထိုကြောင့်ရကား အရသာခြောက်ပါးပြားငြားသော်လည်း ဝမ်းမီးပါစက တေဇောဓာတ် ချက်၍ ကျက်သောအခါ ချိုဆိမ့်တပါး ချဉ်တပါး အစပ်တပါး ဤသုံးပါး တို့သည်လျှင်ဖြစ်၏။ ။ဖြစ်ဟန်ကား ချိုဆိမ့်သော အရသာ ငန်သော အရသာ ဤနှစ်ပါးသည် ဝမ်းမီးချက်၍ကျက်ပြီးသောအခါ ချိုဆိမ့်သော အရသာတပါးလျှင်ဖြစ်၏။အစပ် အဖန် အခါး အရသာသုံးတန်တို့သည် ကျက်ပြီးသောအခါ စပ်သောအရသာ တပါးလျှင်ဖြစ်၏။ အချဉ်ကား ဝမ်းမီးချက်ပြီးငြားသော်လည်း အချဉ်သဘောသာလျှင် ဖြစ်၏။ ပါစက တေဇောမချက်နိုင်လျှင်လည်း အရသာ ခြောက်ပါးလုံးပင် ပုပ်သိုးလျက် အချဉ်

သဘောသို့ရောက်တတ်၏ဟု တပ်အပ်သေချာ ဆေးဆရာတို့သည် မှတ်ယူအပ်ရာ၏။ ။မှတ်ချက်။ ။ဤအရာ၌ ဓာတ်အားဖြင့် သိရန်ကား ပထဝီဓာတ် အာပေါဓာတ် လွန်သော ဆေးအစာ အာဟာရတို့သည် ချိုဆိမ့်သော အရသာဖြစ်၏။ တေဇောဓာတ် ပထဝီဓာတ် လွန်သော ဆေးအစာအာဟာရ တို့သည် ချဉ်သော အာရသာ ဖြစ်၏။ အာပေါဓာတ် တေဇောဓာတ်လွန်သော ဆေးအစာအဟာရတို့သည် ငန်သောအရသာဖြစ်၏။အာကာသဓာတ် ဝါယောဓာတ် လွန်သော ဆေးအစာအာဟာရတို့သည် ခါးသောအရသာ ဖြစ်၏၊ တေဇောဓာတ် ဝါယောဓာတ် လွန်သော ဆေးအစာအာဟာရတို့သည် စပ်သောအရသာဖြစ်၏။ပထဝီဓာတ် ဝါယောဓာတ်လွန်သောဆေးအစာအာဟာရတို့သည် ဖန်သောအရသာဖြစ်၏ဟူ၍ ဓာတ်အားဖြင့် သိအပ်၏ဟု မှတ်လေ။

## လင်္ကာအချုပ်ကား

၁။ ချိုဆိမ့်ချဉ်ငန်၊ စပ်ခါးဖန်၊ ခြောက်တန်အရသာ။ ။၂။ ချိုဆိမ့်အငန်၊ ဤနှစ်တန်၊ ကျက်ပြန်ချို၏သာ။ ။၃။ စပ်ခါးအဖန်၊ ကျက်တုံပြန်၊ ကေန်အစပ်ပါ။ ။၄။ မကျက်သော်ချဉ်၊ ကျက်သော်ချဉ်၊ အချဉ်တပါးသာ။ ။၅။ ခြောက်ပါးရသ၊ ဟူသမျှ၊ ပုပ်ကချဉ်လေရာ။ ။၆။ အချိုမီးချက်၊ သလိပ်ပျက်၊ နှိပ်စက်လေသည်းခြေ။ ။၇။ အစပ်မီးချက်၊ လေကိုပျက်၊ နှိပ်စက် သလိပ်သည်းခြေ။ ။၈။ အချဉ်မီးချက်၊ သည်းခြေပျက်၊ နှိပ်စက် သလိပ်လေ။ ။၉။ ရသာခြောက်ပါး၊ ပွားတုံငြား၊ ခုနစ်ဆယ်ငါးပါးရေ။ ။၁၀။ တနည်းတွက်ရှု၊ တေသဋ္ဌ၊ ရေဘိ ဘိသဗ္ဗေ။

ဤရသာခြောက်ပါးကို ရာသီ တဆယ့်နှစ်ပါးနှင့် မြှောက်၊ခုနစ်ဆယ်နှစ် ဖြစ်၏။ မြှောက်သော တစ်ဂဏန်း နှစ်ဂဏန်းကို ပေါင်းသော် သုံးဂဏန်းဖြစ်ရကား ယခင် ခုနစ်ဆယ်နှစ်နှင့် ရောလျှင် ခုနစ်ဆယ်ငါးပါးသော အရသာအကျယ်ဖြစ်၏ဟု မှတ်လေပါ။

၁။ အချိုကိုစား၊ နှလုံးသွား၊ ဓာတ်သက်ခါးခုနစ်လီ။ ။၂။ အချဉ်မှာကား၊ အူသိမ်သွား၊ ဓာတ်သက်ထား စတုဝီ။ ။၃။ ငန်သောရသ၊ ကြောဆေးမ၊ တခဏ ဓာတ်သက်မှီ။ ။၄။ အစပ်မှာကား၊ ရိုးတွင်းသွား၊ ဓာတ်သွား ဆယ့်နှစ်လီ။ ။၅။ အရသာခါး၊ အရေသွား၊ ဓာတ်သက်ကား စတုဝီ။ ။၆။ အဖန်အရသာ၊ အသားမှာ၊ ဓာတ်သက်လာ ခုနစ်လီ။ ။၇။ မဟာတိကိစ္စ၊ သိတုံကြ၊ ခွဲဟမိန့်လိုက်ပြီ။ ။၈။ ရသာ

မသိ၊ ဆေးမရှိ၊ ကုဗြောအဘိမတော်ပြီ။ ။၉။ ရသာသိဗြော၊ ဆေးမရှား၊ သမားဖြစ်သင့်ပြီ။ ။၁၀။ အဘိဓမ္မာမကျွမ်း၊ ဆေးကုလှမ်း၊ ကြက်ကန်း ဆန်အိုးမှီ။

ဤသည်ကား သရုပ်ပြီး၏။

---

ဖောဋ္ဌဗ္ဗရုပ်အရကိုပြဆိုခြင်း

အာရုံကို တွေ့အပ် ထိအပ်သည်၏ အဖြစ်ကြောင့် ဖောဋ္ဌဗ္ဗရုပ်မည်၏။ တွေ့အပ် ထိအပ်သော သဘောရှိသော အာပေါဓာတ်သည် ကြဉ်အပ်သော ပထဝီ,တေဇော,ဝါယော-ဟူသော ဘုတ်သုံးပါး အပေါင်းသည် ဖောဋ္ဌဗ္ဗရုပ်မည်၏။ ထိုဖောဋ္ဌဗ္ဗသည်ကား ကာယပသာဒ ထိပါးခြင်း ကာယပဋိဟနနလက္ခဏာရှိ၏။ ဤဖောဋ္ဌဗ္ဗရုပ်ကိုကောက်ယူရာ၌ အဘယ့်ကြောင့် အာပေါဓာတ်ကို ကြဉ်ရလေသနည်းဟူမူ အာပေါဓာတ်၏ သိမ်မွေ့သည်၏ အဖြစ်ကြောင့် တွေ့ထိခြင်းငှာ မတတ်ကောင်းရကား အာပေါဓာတ်ကို ကြည့်ရလေ၏။ ။ထိုဋီကာကျမ်းမြတ်၌ အာပေါဓာတုယာ သုခုမာဝေန ဖုသိတုံ အသက္ကုဏေယျတ္တာ၊ ကြောင့်။ အာပေါဓာတု ဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတန္တိ၊ ဟူ၍။ အာစရိယေန၊သည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူ၏။

မှတ်ချက်။ ။ဤနေရာဝယ် အကယ်၍ရေဖြင့်တွေ့ထိ၍ မြေခြင်းသည် အာပေါဓာတ်ကို တွေ့ထိသည် မဟုတ်လော ဟူမူ၊ အာပေါဓာတ်ကို တွေ့ထိသည် မဟုတ်၊တေဇောဓာတ်ကိုသာ တွေ့ထိ၏ဟုမှတ်။ အဘယ်ကြောင့်ဟူမူ မြေသည်၏ အဖြစ်သည် ဥဏှတေဇောနှံ၍ သီတတေဇောပွားခြင်း ဖြစ်သောကြောင့်တည်း။ထိုကြောင့် ဋီကာကျော် ကျမ်းမြတ်၌ သာ ပန တေဇောယေဝ၊မန္ဒေ ဟိ ဥဏှတ္တေ သီတဗုဒ္ဓိ-ဟု မိန့်တော်မူ၏။ သာပန၊ ထိုမြေသည် အဖြစ်သည်ကား။ တေဇောယေဝ၊ တေဇောဓာတ်သည်သာလျှင်တည်း။ ဟိသစ္စံ၊မှန်လေ၏။ ဥဏှတ္တေ၊ပူသောသဘောသည်။ မန္ဒေ၊နံ့သည်။ သတိ၊ရှိသော်။ သီတဗုဒ္ဓိ၊ အေး၏ပွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသည်လျှင် ဂေါစရဂ္ဂါဟိကာဝိသယရုပ် ခုနစ်ပါးပြီး၏။

## ဘာဝရုပ်နှစ်ပါးကိုပြဆိုခြင်း

မိန်းမ၏အဖြစ်သည် မိန်းမမည်၏၊ ဣတ္ထိဘာဝရုပ်ရ၏။ ယောက်ျား၏အဖြစ်သည် ယောက်ျားမည်၏၊ ပုရိသဘာဝရုပ်ရ၏။ ဣတ္ထိဘာဝရုပ်သည် ဣတ္ထိဘာဝလက္ခဏာ ရှိ၏။ ပုရိသဘာဝရုပ်သည် ပုရိသဘာဝလက္ခဏာ ရှိ၏။ဤဘာဝရုပ်နှစ်ပါးသည် ကံတရားကြောင့် ပဋိသန္ဓေစိတ်နှင့်တူသော ခဏတ္တယ၌ဖြစ်၏။ ဣတ္ထိလိင် ပုရိသလိင်တို့သည်ကား ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ တို့ကိုစွဲ၍ ပဝတ္တိကာလ၌သာလျှင် ဖြစ်၏ဟု အဋ္ဌကထာ၌ပြတော်မူ၏။ ။ ဥပမာအားဖြင့် မျိုးစေ့ကိုစွဲ၍ သစ်ပင်သည် ကြီးပွား၍ အခက်အခွနှင့် ပြည့်စုံဘိသကဲ့သို့ ပဋိသန္ဓေအခါ၌ ဖြစ်သော ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့ကို စွဲ၍ ဣတ္ထိလိင် ပုရိသလိင်သည် ပဝတ္တိအခါ၌ဖြစ်ရ၏ဟုမှတ်။ ။တနည်းအားဖြင့် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့ကို စက္ခုဝိညာဉ်ဖြင့် မသိနိုင်၊ မနောဝိညာဉ်ဖြင့်သာသိနိုင်၏။ဣတ္ထိလိင် ပုရိသလိင်တို့ကို စက္ခုဝိညာဉ်ဖြင့်ရင်း၊ မနောဝိညာဉ်ဖြင့်ရင်း သိနိုင်၏။ ။ဤသည်ကား ဣန္ဒြေနှင့် လိင်အထူးတည်း။

ဣတ္ထိလိင် ပုရိသလိင် နှစ်ပါး၏ အထူးကို အဋ္ဌကထာဆရာ၏ဝါဒဖြင့် ပြဦးအံ့။

လိင်ံ့ ဟတ္ထာဒိသဏ္ဌာနံ၊ နိမိတ္တံ မိဟိတာဒိကံ။
ကုတ္တံ သုပ္ပါဒိနာ ကီဠာ၊ အာကပ္ပေါ ဂမနာဒိကံ။

ဟတ္ထာဒိသဏ္ဌာနံ၊ လက်,ခြေအစရှိသောသဏ္ဌာန်သည်။ လိင်ံ့၊ လိင်မည်၏။မိဟိတာဒိကံ၊ ပြုံးရယ်ခြင်းအစရှိသည်သည်။ နိမိတ္တံ၊ နိမိတ်မည်၏။ သုပ္ပါဒိနာ၊ မန်းစကော ဘန်းစကော စသည်ဖြင့်။ ကီဠာ၊ မြူးတူးကစားခြင်းသည်။ ကုတ္တံ၊ ပြုခြင်းအမူအရာ ကုတ္တမည်၏။ ဂမနာဒိကံ၊ သွားခြင်းစသည်သည်။ အာကပ္ပေါ၊ အသွင်အပြင် အာကပ္ပမည်၏။

ဂင်းဂါထာအရနှင့် ညီစွာ ဣတ္ထိဘော ရှိသောသူ၏ လက်, ခြေသဏ္ဌာန်သည် သေးသေးသွယ်သွယ် ငယ်လှ၏။ပုရိသဘော ရှိသောသူ၏ လက်,ခြေသဏ္ဌာန်သည် ကြီးကြီးမားမားရှိ၏။ဤသည်လျှင် လိင်အားဖြင့် သိရသတည်း။ ။ဣတ္ထိဘာဝ ရှိသောသူ၏ ပြုံးရွှင်ခြင်းသည် သိမ်မွေ့ယဉ်ကျေး၏။ ပုရိသဘာဝ ရှိသောသူ၏ ပြုံးရွှင်ခြင်းသည် ကြမ်းထမ်း၏။ ဤသည်ပင်လျှင် အကြောင်းနိမိတ်အားဖြင့် သိရသတည်း။ ဣတ္ထိဘော ရှိသောသူတို့သည် ငယ်သောအခါ မန်းငယ် ဘန်းငယ် ကျည်ပွေ့ငယ်

တို့ဖြင့် ကစားမြူးတူးကြကုန်၏။ပုရိသဘော ရှိသောသူတို့သည် ငယ်သော အခါ ရထားငယ် ထွန်ငယ်တို့ဖြင့် ကစားမြူးတူးကြကုန်၏။ ဤသည်လျှင် အမူအယာ ကုတ္တအား သိရသတည်း။ ဣတ္ထိဘော ရှိသောသူတို့၏ သွား လာခြင်း အမူအယာတို့သည် မသန့်ရှင်းသော အခြင်းအရာရှိ၏။ ပုရိသ ဘောရှိသော သူတို့၏ သွားလာခြင်း အမူအယာတို့သည် သန့်ရှင်းသော အခြင်းအရာရှိ၏။ ဤသည်လျှင် သွားလာခြင်း ဂမနအားဖြင့် သိရ သတည်း။

ဋီကာနည်းအားဖြင့် မိန်းမတို့၏ အင်္ဂါဇာတ်သည် ဣတ္ထိလိင် မည်၏။ ယောကျ်ားတို့၏ အင်္ဂါဇာတ်သည် ပုရိသလိင်မည်၏။ မိန်းမတို့၏ အသံ အလိုသည် ဣတ္ထိနိမိတ်မည်၏။ ယောကျ်ားတို့၏ အသံအလိုသည် ပုရိသ နိမိတ်မည်၏။ မိန်းမတို့၏ မသန့်ရှင်းသော ရပ်ခြင်း, သွားခြင်း, နေထိုင် ခြင်းသည် ဣတ္ထိကုတ္တမည်၏။ ယောကျ်ားတို့၏ သန့်ရှင်းသော ရပ်ခြင်း, သွားခြင်းစသည်သည် ပုရိသကုတ္တမည်၏။ မိန်းမတို့၏ သဏ္ဌာန်သည် ဣတ္ထိအာကပ္ပမည်၏။ ယောကျ်ားတို့၏ သဏ္ဌာန်သည် ပုရိသအာကပ္ပ မည်၏။ ။ဤသည်လျှင် ဋီကာကျော်ဆရာဝါဒ အလိုပေတည်း။

ချာသကျမ်းပြုသော ရှင်ဝိမလဗုဒ္ဓိအလိုအားဖြင့် ဤသို့မှတ်အပ်၏။

ထနကေသဝတိ ဣတ္ထိ၊ မဿုမာ ပုရိသော သိယာ။
ဥဘိန္နံ မန္တရံ တေံ၊ ဣတရော ဘယမုတ္တကော။

ထနကေသဝတိ၊ ကြီးမားသော သားမြတ်,ရှည်လျားသောဆံရှိသော သူသည်။ဣတ္ထိ၊မိန်းမသည်။ သိယာ၊ဖြစ်ရာ၏။မဿုမာ၊မုတ်ဆိတ်ကျင်စွယ် ရှိသောသူသည်။ ပုရိသော၊ ယောကျ်ားသည်။ သိယာ၊ဖြစ်ရာ၏။ ဥဘိန္နံ၊ မိန်းမ,ယောကျ်ား နှစ်ယောက်တို့၏။ ယံအန္တရံ၊ အကြင် အကြားသည်။ အတ္ထိ၊ရှိ၏။ တေံ၊ ဤအကြား ထိုအကြားသည်။ ဥဘယမုတ္တကော၊ ဣတ္ထိ, ပုရိသလိင်နှစ်ပါးမှ လွတ်သော။ ဣတရော၊နပုံးလိင်ရှိသော သူမည်သည်။ သိယာ၊ ဖြစ်ရာ၏။

ဤသည်လျှင် ဝါဒသုံးပါးဖြင့် ဣတ္ထိလိင်, ပုရိသလိင် ထူးခြားဟန် တည်း။ ထိုသို့ပြအပ်ပြီးသော လိင်နှစ်ပါးတို့တွင် ပုရိသလိင်သည်မြတ်၏၊ ဣတ္ထိလိင်သည် ယုတ်၏။ ထိုကြောင့် ယောကျ်ား ဖြစ်သော သူသည် ကာမေသုမိစ္ဆာစာရ စသော အကုသိုလ်ကံကြောင့် ပုရိသ လိင်သည် ယခုဘဝတွင် ကွယ်ပျောက်၏၊ ထိုသို့ ပုရိသလိင် ကွယ်ပျောက်သော

သူအား တဘန် ဇာတ္တိလိင်ဖြစ်ပေါ်ရခြင်းသည်ကား ယခင် ပုရိသလိင်ကို ဖြစ်စေတတ်သော ကုသိုလ်ကံဟောင်းသည် အကုသိုလ်ကြောင့် အားနည်းရကား ပုရိသလိင်ကို မဖြစ်စေနိုင်၊ ဇာတ္တိလိင်ကိုသာလျှင် ဖြစ်စေနိုင်၏ဟုမှတ်။ ဤနေရာ၌ ရှင်မဟာကစ္စည်း မထေရ်ကို ပြစ်မှားသော သောရေယျ သူဌေးသား မိန်းမဖြစ်ဟန်ကို မှတ်ယူရာ၏။ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌ ပုရိသလိင်ံ ဗလဝအကုသလေန အန္တရဓာယတိ၊ဇာတ္တိလိင်ံ ဒုဗ္ဗလကုသလေန ပတိဋ္ဌာတိ-ဟု မိန့်ဆိုတော်မူ၏။

ပုရိသလိင်ံ၊ ပုရိသလိင်သည်။ ဗလဝအကုသလေန၊ အားကြီးသော အကုသိုလ် ကံကြောင့်။ အန္တရဓာရယတိ၊ ကွယ်ပျောက်ရ၏။ ဇာတ္တိလိင်ံ၊ ဇာတ္တိလိင်သည်။ ဒုဗ္ဗလကုသလေန၊အားနည်းသော ကုသိုလ်ကံကြောင့်။ ပတိဋ္ဌာတိ၊ တည်ရပြန်၏။ ။ဤသည်ကား ယောကျ်ားဘဝမှ မိန်းမဘဝသို့ လိင်ပြန်၍ ကူးပြောင်းဟန်တည်း။

အကုသိုလ်ကံကြောင့် ကုသိုလ်ကံသည် အားနည်း၍ မိန်းမဖြစ်၍ နေရသော သောရေယျ လုလင်သည် ထိတ်လန့်ခြင်း သံဝေဂဖြစ်လျက် ရှင်မဟာကစ္စည်းမထေရ်ကို ကန်တော့သောအခါ ယခင်ပြစ်မှားမိသော အကုသိုလ်ကံ အားနည်း သောကြောင့် ဇာတ္တိလိင် ကွယ်ပျောက်၍ ကန်တော့လိုက်သော ကုသိုလ်ကံထောက်ပံ့၍ ပေးရင်းကုသိုလ်ကံ အားကြီးပြန်၍ ပုရိသလိင် တဖန်ဖြစ်စေ၏ဟုမှတ်။ ။ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌-

ဇာတ္တိလိင်ံ ပန အန္တရဓာယန္တံ ဒုဗ္ဗလအကုသလေန အန္တရဓာယတိ၊ ပုရိသလိင်ံ ဗလဝကုသလေန ပတိဋ္ဌာတိ။

ဟုမိန့်ဆိုတော်မူ၏။ ။ပန၊ ထိုမှတပါး။ ဇာတ္တိလိင်ံ၊ဇာတ္တိလိင်သည်။ အန္တရဓာယန္တံ၊ကွယ်သည်ရှိသော်။ ဒုဗ္ဗလအကုသလေန၊အားနည်းသော အကုသိုလ်ကံကြောင့်။ အန္တရဓာယတိ၊ ကွယ်ပျောက်ရပြန်၏။ ပုရိသလိင်ံ၊ ပုရိသလိင်သည်။ ဗလဝကုသလေန၊ အားကြီးသော ကုသိုလ်ကံကြောင့်။ ပတိဋ္ဌာတိ၊ တဖန်တည်ရပြန်၏။

ဤသို့အဋ္ဌကထာ မိန့်ဆိုသည်နှင့်ညီစွာ ဤလိင်နှစ်ပါးတို့ ကွယ်ရခြင်းသည် အကုသိုလ်ကံကြောင့် ကွယ်ပျောက်ရ၏။ လိင်နှစ်ပါး တဘန်ဖြစ်ပေါ်လာရခြင်းသည် ကုသိုလ်ကံကြောင့် ဖြစ်ရ၏ဟူ၍ မှတ်ရာ၏။ အဋ္ဌကထာမှာလည်း မိန့်ဆိုတော်မူ၏။

မူလဋီကာတို့၌ကား ဇာတ္တိလိင်,ပုရိသလိင်နှစ်ပါး ပေါ်ပေါက်လာရခြင်းသည် ကုသိုလ်ကံကြောင့် ဖြစ်လာရ၏ဟူ၍ အဋ္ဌကထာ ပြတော်မူခြင်းသည် သုဂတိဘုံသားတို့ကို ရည်၍ မိန့်ဆိုတော်မူ၏။ ။ဒုဂ္ဂတိအပါယ်ဘုံ၌ကား ဇာတ္တိလိင် ပုရိသလိင် နှစ်ပါးကိုရခြင်း ကွယ်ပခြင်းတို့သည် အကုသိုလ်ကံကြောင့်သာလျှင် ပဝတ္တိပဋိသန္ဓေတို့၌ဖြစ်၏ဟု မိန့်ဆိုတော်မူ၏။ထိုကြောင့်မူလဋီကာ၌ ဒုဂ္ဂတိယံ ပန အကုသလေနေဝ ဥဘိန္နံပိ ဥပ္ပတ္တိစ ဝိနာသောစ-ဟု မိန့်တော်မူ၏။

ဒုဂ္ဂတိယံပန၊ ဒုဂ္ဂတိအပါယ်ဘုံ၌ကား။ အကုသလေနေဝ၊ အကုသိုလ်ကံကြောင့်သာလျှင်။ ဥဘိန္နံပိ၊နှစ်ပါးကုန်သော ဇာတ္တိဘော ပုမ္ဘောတို့၏။ ဥပ္ပတ္တိစ၊ ဖြစ်ရခြင်းသည်၎င်း။ ဝိနာသောစ၊ ကွယ်ပ ပျောက်ရခြင်းသည်၎င်း။ဟောတိ၊စင်စစ်မုချမသွေ ဖြစ်ရလေ၏။

ဤအရာ၌ ဥဘတောဗျည်းကို ပြဦးအံ့။ဥဘတောဗျဉ္ဇနံ အဿအတ္ထိတိ ဥဘတော ဗျဉ္ဇနကော။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ဥဘတောဗျဉ္ဇနံ၊ ဇာတ္တိနိမိတ်ဖြစ်သောကံ, ပုရိသနိမိတ် ဖြစ်သောကံကြောင့် နှစ်ခုသော အင်္ဂါဇာတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ ဥဘတောဗျဉ္ဇနကော၊ ဥဘတောဗျည်း မည်၏။ ထိုဥဘတောဗျည်းအား ဇာတ္တိန္ဒြေ, ပုရိသိန္ဒြေ နှစ်ပါးရှိသလော တပါးတည်းပင် ရှိသလောဟူမူ၊ ဣန္ဒြေတခုတည်းသာ ရှိ၏။ ထိုတခုသော ဣန္ဒြေသည်လည်း ဇာတ္တိဥဘတောဗျည်းအား ဣန္ဒြေ တပါးသာလျှင်ရှိ၏၊ပုရိသဥဘတောဗျည်းအား ပုရိသိန္ဒြေတပါးသာလျှင် ရှိ၏၊ ဇာတ္တိဥဘတောဗျည်းအား အကြင်အခါ၀ယ် တပါးသော မိန်းမ၌ ရာဂစိတ်သည် ဖြစ်အံ့၊ ထိုအခါ ပုရိသလိင်သည် ထင်ရှားဖြစ်၍ ဇာတ္တိလိင်သည် ဖုံးလွှမ်းလျှို့ဝှက် ပျောက်ပျက်ရ၏၊ ပုရိသဥဘတောဗျည်းအားလည်း အကြင်အခါ တပါးသော ယောကျ်ား၌ ရာဂစိတ်သည်ဖြစ်၏၊ ထိုအခါ ဇာတ္တိလိင် ထင်ရှားဖြစ်၍ ပုရိသလိင်သည် ဖုံးလွှမ်းလျှို့ဝှက် ပျောက်ပျက်ရ၏၊ အချို့သော ပညာမရှိ ကေစိတို့သည်ကား ဂုဠ္ဇ္ဆန္နံ-ဟု အဋ္ဌကထာ ဆိုခြင်းကြောင့် ဇာတ္တိဥဘတောဗျည်းအား ဇာတ္တိလိင် ကွယ်ပျောက်၍ ပုရိသလိင် ရောက်လျှင် ဇာတ္တိလိင်နိမိတ် အင်္ဂါဇာတ်သည် သေးသေးငယ်ငယ် ဖုံးကွယ် လျှို့ဝှက်သကဲ့သို့ရှိ၏-ဟု ဆိုကြကုန်၏၊ ထိုစကားသည် မသင့်ကုန်၊ အလျှင်းပင် ကွယ်ပျောက်၍ ဇာတ္တိလိင် နိမိတ်နေရာ၌ပင် ပုရိသလိင်နိမိတ် ပေါ်ပေါက် လာရသောကြောင့်တည်း။

ထိုကြောင့် အဋ္ဌကထာကြီး၌ သဒ္ဓါဝိ ဗျဥ္ဇနဒွယံ တိဋ္ဌေယျ၊ န ပန တိဋ္ဌတိ–ဟု မိန့်ဆိုတော်မူ၏။ သဒ္ဓါဝိ၊ အခါခပ်သိမ်းလည်း။ ဗျဥ္ဇနဒွယံ၊ အင်္ဂါဇာတ် နှစ်ခုအပေါင်းသည်။ တိဋ္ဌေယျ၊တည်ရာ၏။ပန၊ စင်စစ်သော်ကား။ နတိဋ္ဌတိ၊မတည်နိုင်။

ထိုဥဘတောဗျည်းတို့အား ဣန္ဒြေတပါးတည်းသာလျှင် ရကောင်း၏၊ ဣန္ဒြေနှစ်ပါး မရကောင်းကုန်။ အကြင် ဥဘတောဗျည်းအား ဣတ္ထိန္ဒြေ ဖြစ်လာလျှင် ပုရိသိန္ဒြေ ချုပ်ရ၏၊ ပုရိသိန္ဒြေ ဖြစ်လာလျှင် ဣတ္ထိန္ဒြေချုပ်ရ၏–ဟု မှတ်။

ထိုကြောင့် ဣန္ဒြိယယမကပါဠိတော်၌ ယဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ နော-ဟူ၍ ဟောတော်မူ၏။ယဿ၊အကြင် ပုဂ္ဂိုလ်အား။ ဣတ္ထိန္ဒြိယံ၊ဣတ္ထိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ဆဲ။ တဿ၊ထိုပုဂ္ဂိုလ်အား။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ဆဲလော။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးတော်သည်။သတိ၊ရှိသော်။ နော၊ဣတ္ထိန္ဒြေဖြစ်ဆဲသော ပုဂ္ဂိုလ်အား ပုရိသိန္ဒြေဖြစ်ဆဲမဟုတ်–ဟု ဟောတော်မူသည်။

ဣန္ဒြေတပါးတည်း ဖြစ်လျက် အင်္ဂါနှစ်ပါးကို ရရှိခြင်းသည်ကား ရှေးဘဝ၌ ပြုခဲ့သော ထဗ္ဘသဟာယမေထုနရာဂစိတ်ကြောင့်သာဟုမှတ်။

ဣတ္ထိ ဥဘတောဗျည်းသည် မိမိလည်းကိုယ်ဝန်ယူ သူတပါးကိုလည်း ကိုယ်ဝန်ပေးနိုင်၏၊ ပုရိသဥဘတောဗျည်းကား မိမိသည်ကား ကိုယ်ဝန် မယူနိုင်၊ သူတပါးအားသာကိုယ်ဝန်ပေးနိုင်၏ဟု အထူးဝိသေသကိုအဋ္ဌကထာ၌ပြ၏၊ဤသည်လျှင် ဘာဝရုပ်အပြီးသတ်တည်း။

## ဟဒယဝတ္ထုရုပ်ကိုပြဆိုခြင်း

အကြင်ရုပ်သည် မှီ၍နေသော စိတ်ကို ဆောင်တတ်သောကြောင့် ထိုရုပ်သည် ဟဒယ ဝတ္ထုမည်၏၊ ထိုဟဒယဝတ္ထုရုပ် သည်ပင်လျှင် မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာတည်ရာဖြစ်သောကြောင့် ဝတ္ထုလည်းမည်၏၊ ထိုသို့ဖြစ်၍ ဟဒယဝတ္ထုဟုဆိုအပ်၏၊ ထိုဟဒယ ဝတ္ထုသည် မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာလက္ခဏာရှိ၏၊ ထိုဟဒယဝတ္ထုသည် နှလုံးသား၏ အတွင်းဝယ် တလက်ဖက်ဆွန်းခွဲ မျှသော သွေးကိုမှီ၍ တည်၏၊ အဆင်းအားဖြင့် ပဒုမ္မာ ကြာရွက်၏ ကျောက်ကုန်းကျောပြင်ကဲ့သို့ နီးမြန်းသောအဆင်းရှိ၏၊သဏ္ဌာန်အားဖြင့် အပြင်ဘက် အရွက်ကိုပယ်ရှား၍ အောက်မျက်နှာ ထားအပ်သော

ပဒုမ္မာကြာရွက်သဏ္ဍာန်ရှိ၏၊ အပမှုကား သန့်ရှင်းပြေပြစ်၏၊ အတွင်းမှုကား သဖွတ်အူ အလားရှိကုန်၏၊ အရပ်အားဖြင့် အထက်အရပ်၌တည်၏၊ နေရာအားဖြင့် သားမြတ်နှစ်ခုအလယ်ဝယ်တည်၏၊ ထိုဟဒယဝတ္ထုသည် ပညာရှိသော ပည၀န္တပုဂ္ဂိုလ်တို့အား စဉ်ငယ်ပွင့်ကုန်၏၊ ပညာနံ့သော ပုဂ္ဂိုလ်တို့အား အငုံအတိုင်းသာတည်၏၊ ထိုကြောင့် ရှေးဆရာတော်တို့သည်-

ဆင်ရွက်ပဒုံ၊ ကျော့ပြင်ပုံတည်း၊ ကြာငုံအောက်ရှု၊ ဉာဏ်ရှိသူဝယ်၊ စဉ်ငယ်ပွင့်တုံ၊ စုငုံမန္ဒ၊ အပသန့်ရှင်း၊ အတွင်းသပွတ်အူ၊ နှစ်ဆူမခတ်မှီ၊ တည်ကုန်သည်တို့ဟု၊ စပ်ဆိုတော်မူ၏။

စရိတ အားဖြင့်သော်ကား ရာဂစရိုက် ပြောသော ပုဂ္ဂိုလ်အား နီမြန်းသောအဆင်းရှိ၏၊ ဒေါသစရိုက် ပြောသောပုဂ္ဂိုလ်အား မည်းနက်သော အဆင်းရှိ၏၊ မောဟစရိုက်ပြောသော ပုဂ္ဂိုလ်အား အသားဆေးသောအရည်နှင့် တူသောအဆင်းရှိ၏၊ ဝိတက်စရိုက် ပြောသော ပုဂ္ဂိုလ်အား ကုလားပဲရည် အဆင်းရှိ၏၊ သဒ္ဓါစရိုက် ပြောသော ပုဂ္ဂိုလ်အား မဟာလှေခါးပန်း အဆင်းရှိ၏၊ ပညာစရိုက်ပြောသော ပုဂ္ဂိုလ်အား ပြိုးပြိုးပြက်သော ဇောတမျက် ပတ္တမြားအသွင် ဖြူစင်သော အဆင်းရှိ၏၊ ထိုကြောင့် ရှေးပညာရှိဆရာတော်တို့သည်-

နီသော်ရာဂ၊ ဒေါသမဲပြောင်း၊ သားဆေးရည်မောဟ၊ တက္ကပဲရည်၊ ဝါသည်သဒ္ဓါ၊ ပညာပြိုးပြက်၊ ဇောတမျက်သွင်၊ဖြူစင်လွန်ကဲ၊ လက်ဆွန်းခွဲမျှ၊လောဟိတသည်၊ ပုန္နာဂဗ္ဗီ၊ တွင်းမှာရှိလတ်၊ သားမြတ်လယ်ဗွေ၊ ရင်မှာနေသည်၊ မှတ်လေသောတု ဝေနေတည်းဟု စပ်ဆိုတော်မူ၏။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာအထွက်တည်း)။

ထိုဟဒယဝတ္ထုရုပ်ကို ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဒုက်ပျက်မည်စိုး၍ မြတ်စွာဘုရား ဟောကြားတော်မမူကုန်၊ အဘယ်သို့လျှင် ဝတ္ထုအာရမ္မဏ ဒုက်တို့ကို ဟောတော်မူခြင်း ပျက်သနည်းဟူမူ ပဉ္စဝိညာဉ်၌ အတ္ထိ ရူပံ စက္ခုဝိညာဏဿ ဝတ္ထု၊ အတ္ထိ ရူပံ စက္ခုဝိညာဏဿ နဝတ္ထု၊ အတ္ထိ ရူပံ စက္ခုဝိညာဏဿ အာရမ္မဏံ၊ အတ္ထိ ရူပံ စက္ခုဝိညာဏဿ အနာရမ္မဏံ အစရှိသည်ဖြင့် ဝတ္ထုဒုက် အာရမ္မဏဒုက်တို့ကို စက္ခုဝိညာဉ် အစရှိသည်တို့၌ ရသကဲ့သို့ ထို့အတူ မနောဝိညာဉ်၌ မရကုန်။ မနောဝိညာဉ်မှာမူကား အတ္ထိ ရူပံ မနောဝိညာဏဿ ဝတ္ထု၊ အတ္ထိ ရူပံ မနောဝိညာဏဿ နဝတ္ထု ဟူ၍ ဝတ္ထုဒုက်တို့ကိုသာလျှင်ရအပ်၏။ မနောဝိညာဏ်၏ အာရုံ

မဟုတ်သော တရားမည်သည် မရှိသောကြောင့် အတ္တိ ရူပံ မနောဝိညာဏဿ အာရမ္မဏံ၊ အတ္တိ ရူပံ မနောဝိညာဏဿ နအာရမ္မဏံဟု အာရမ္မဏဒုက်ကိုကား မရအပ်။ ထိုသို့ မနောဝိညာဏ်၌ အာရမ္မဏဒုက်ကို မရသောကြောင့်ဟောအပ်သော ဒေသနာသည် ပျက်၏၊ ထိုသို့ပျက်သောကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌ မနောဝိညာဏ်၏ မှီရာဖြစ်သောဟဒယဝတ္ထုရုပ်ကို ရအပ်လျက် ဘုရားမဟောအပ်ကုန်။ ဟဒယဝတ္ထုရုပ် မရှိသောကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌ မဟောသည်မဟုတ်။ ဤသည်လျှင် ဒေသနာဒုက် ပျက်ပုံတည်း။

ဤသို့ပင် ဟဒယဝတ္ထုကို ဓမ္မသင်္ဂဏီ ပါဠိတော်၌ မဟောငြားသော်လည်း၊ ပဋ္ဌာန်းပါဠိတော်ဝယ် နိဿယပစ္စည်း၌ ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ပဝတ္တန္တိ တံရူပံ မနောဓာတုယာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယောဟု ဟဒယဝတ္ထုကို မြတ်စွာဘုရား ဟောကြားတော် မူ၏။ ဤသည်လျှင် ဟဒယဝတ္ထုရုပ် အပြီးသတ်တည်း။

## ဇီဝိတရုပ်ကိုပြခြင်း

ဤဇီဝိတိန္ဒြေနှင့်တကွ ဖြစ်သောတရားတို့သည် တည်တတ်ကုန်သောကြောင့် အာယု-အသက်သည် ဇီဝိတမည်၏။ ထိုဇီဝိတဟူသည် မိမိနှင့်တကွဖြစ်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း သဟဇာတာနုပါလန လက္ခဏာရှိ၏၊ ဤစကားရပ်၌ စောဒနာ ဝင်ရန်မှာမူကား အာဟာရဇစသော ရုပ်တို့၏ အာဟာရစသည်တို့သည် တည်ခြင်း၏ အကြောင်းဖြစ်သကဲ့သို့ ထို့အတူ ကမ္မဇရုပ်တို့၏လည်း ကံသည်သာလျှင် တည်ခြင်း၏အကြောင်း ဖြစ်ခြင်းရှိထိုက်၏၊ အဘယ့်ကြောင့် ဇီဝိတရုပ်သည် ကမ္မဇရုပ်ကို စောင့်ရှောက်ရသနည်းဟူမူ အာဟာရဇရုပ်စသည်တို့အား အာဟာရစသော အကြောင်းတို့သည် ထိုအာဟာရရုပ်တို့ဖြစ်စဉ် ထင်ရှားရှိသကဲ့သို့ ကမ္မဇရုပ်တို့အား ရှေးရှေးသော ဘဝဖြင့် ရှည်စွာကာလက ပြုခဲ့ဘူးသော ကံဟူသောအကြောင်းသည် ထိုကမ္မဇရုပ်တို့ဖြစ်စဉ် ထင်ရှားမရှိခဲ့၊ ထိုကြောင့်ဖြစ်ရကား အဘမဲ့သောသားသည် ဘထွေး အရီးစသည်တို့ကို မှီ၍ အသက်ရှင်ရ သကဲ့သို့ ကမ္မဇရုပ်တို့သည်လည်း ကံမှတပါးကိုမှီ၍ မျှရရှင်ရ၏။ ဇီဝိတိန္ဒြေကို ကြည့်၍လည်း ထိုကမ္မဇရုပ်တို့၏ မျှခြင်း ရှင်ခြင်းငှာ စွမ်းနိုင်သော တပါးသော

အကြောင်းလည်း မရှိဟု မှတ်အပ်တော့သည်၊ အာဟာရဇရုပ်တို့သည် ကား အဘ ရှိသောသားသည် ဘထွေးအရီး စသောသူကို ငဲ့ကွက်ခြင်း ကင်း၍ ရှင်ကုန် မှုကုန်သကဲ့သို့ အာဟာရဇစသော ရုပ်တို့သည်လည်း မိမိတို့၏ အကြောင်း၏အစွမ်းအားဖြင့်ရှင်ကုန်မှုကုန်၏၊ ထိုစကားမှန်စွ၊ အာဟာရစသည်တို့သည် မိမိတို့ရှိစဉ်ခဏ၌ ရုပ်ကိုဖြစ်စေ၏၊ ထိုရုပ်တို့၏ တည်ခြင်း မှုခြင်းငှာ တည်နေကုန်၏၊ ထို့ကြောင့် အာဟာရဇစသော ရုပ်တို့သည် ဇီဝိတိန္ဒြေကို ငဲ့ကွက်ခြင်းရှိကုန်၏၊ ထို့သို့မိမိတို့၏ အကြောင်း ဖြင့်သာ တည်ကုန်၏၊ တည်ခြင်း မှုခြင်း အကြောင်းတပါးကို မငဲ့ပြီဟု တတ်အပ်သေချာကုန်၏။ (ဝိသုဒ္ဓိမဂ် မဟာဋီကာ အထွက် အဓိပ္ပါယ် မှတ်ချက်) ဤဇီဝိတိန္ဒြေသည် ဝမ်းမီးပါစက တေဇောဓာတ်နှင့်တကွ အလုံးစုံသော ဥပါဒိန္နက ကာယကို နှံ၍ဖြစ်၏။

ထို့ကြောင့် ဋီကာ၌ ဇုဒ္ဒံပန သဟ ပါစနဂ္ဂိဌာနေန သဟာသကလ သရီရံ ဗျာပေတွာ တိဋ္ဌတိ ဟု ဖွင့်ပြ၏။ ဇုဒ္ဒံပနဇီဝိတံ၊ ဤဇီဝိတိန္ဒြေ သည်ကား။ပါ စနဂ္ဂိဌာနေန၊ဝမ်းမီးပါစကတေဇောဓာတ်တည်ခြင်းနှင့်။ သဟ၊ တကွ။ သကလသရီရံ၊ အလုံးစုံသော ဥပါဒိန္နက ကာယကို။ ဗျာပေတွာ၊ နှံ့စေ၍။ တိဋ္ဌတိ၊ တည်နေ၏။ ဤသည်လျှင် ဇီဝိတရုပ် အပြီးတည်း။

## အာဟာရရုပ်ကိုပြခြင်း

မျိုအပ်သောကြောင့် အာဟာရရုပ် မည်၏၊ အဓိပ္ပါယ်ကား အလုပ် အလွေ့ပြု၍ မျိုအပ်သော သတ္တိကြောင့် ဘောဇဉ်လေးပါး စသော ဝတ္ထုသည် ပြဋ္ဌာန်းသော အားဖြင့် အာဟာရမည်၏၊ ထိုဝတ္ထုတည်သော ဩဇာသည်ကား ဌာနူပစာရအားဖြင့် အာဟာရမည်၏ဟုမှတ်။

ထိုအာဟာရသည် အဘယ့်ကြောင့် ကဗဠီကာရမည်သနည်းဟူမူ အကဗဠမ္ပိ ကဗဠံ ကရီယတီတိ ကဗဠီကာရော။ အကဗဠမ္ပိ၊ အလုပ် အလွေ့မဟုတ်သော်လည်း။ ကဗဠံဝိယ၊ အလုပ်အလွေ့ကဲ့သို့။ ကရီယတိ၊ ပြုအပ်၏။ ဇုတိတသ္မာ၊ ထို့ကြောင့်။ ကဗဠီကာရော၊ ကဗဠီကာရမည်၏။ အဓိပ္ပါယ်ကား – ခဲဘွယ် စားဘွယ် လျက်ဘွယ် သောက်ဘွယ်စသော ဘောဇဉ်လေးပါးသည် မူလပထမ ဝတ္ထုက အလုပ်အလွေ့ မဟုတ် သော်လည်း အလိုရှိတိုင်း အလုပ်အလွေ့ ပြုအပ်သော သတ္တိကြောင့် ပြဋ္ဌာန်းသော အားဖြင့် ကဗဠီကာရမည်၏။ ထိုဝတ္ထု၌ တည်သော

သြဇာသည်ကား ဌာနူပစာရအားဖြင့် ကဗဠီကာရမည်၏ ဟူလို။ ။ ဤကဗဠီကာရဟူသောပုဒ်သည် တုဏ္ဍီဘူတောပုဒ်ကဲ့သို့ အဘူတတဗ္ဘော ဖြစ်၏၊ အဘူတတဗ္ဘောဟူသည် ဖောက်ပြန်ခြင်းကို ဟောသောပုဒ်နှောင် မောဂ္ဂလာန်ဆရာ၏ အလိုအားဖြင့် စိပစ္စည်း။ ဇာလိနီ ဆရာ၏အလို အားဖြင့် ဤပစ္စည်း။ သဒ္ဒနီတိ ဆရာ၏ အလိုအားဖြင့် ဘူပစ္စည်း ဤပစ္စည်း နှစ်ချက်သက်အပ်၏။ ပစ္စည်းမသက်ဘဲ ဖောက်ပြန်ခြင်းကို ဟောသောပုဒ်၏အစိတ် အ-အက္ခရာကို ဤ-ပြုရ၏ဟုဇာလိနီဆရာဆို၏။ ထို့ကြောင့်စာချနိယံသစ်၌-

၁။ ကရဘူအသ၊ ခေတ်ယှဉ်က၊ သာခနေကမ္မမှာ။
၂။ မောဂ္ဂလာန်စီ၊ ဇာလိနီ၊ ဘူ-ဤ-နီတိလာ။
၃။ ပစ္စည်းမသက်လို၊ စိတ်အ-ကို၊ ဤ-ဆိုပြုသည်သာ။
၄။ ကတ္တုသာခန၊ တနည်းပြ၊ ဇာလိယကျမ်းအလာ။
၅။ အဘူတတဗ္ဘော၊ သောတုချော၊ မှတ်သောကျမ်းသဒ္ဒါ။
ဟုမိန့်တော်မူ၏။

ဤကဗဠီကာရော ဟူသောပုဒ်၌လည်း အလုပ်အလွေ့မဟုတ်သော အခိုက်အတန့်တပါးရှိသော ဘောဇဉ်လေးပါးစသော ဝတ္ထု၏ အလုပ် အလွေ့ပြုသဖြင့် ဘောက်ပြန်သောအနက်သည် အဘူတတဗ္ဘောဖြစ် သတည်းဟု တတ်အပ်သေချာ နေရာတကျ ကောင်းမွန်စွာမှတ်ရ၏။

ထိုကဗဠီကာရအာဟာရသည် အင်္ဂါကြီးငယ်သို့ လျှောက်တတ်သော ရသဓာတ်၏ အနှစ်သာရဟုဆိုအပ်သော ဇာနွှေရှိသောကာယအထောက် အပံ့အားကို ပြုတတ်သော မျိုအပ်သော အာဟာရ၏ ပရမတ္ထ အဆီ အစေးဖြစ်သော ဘုတ်၌မှီသော တခုသော ဝိသေသသဘောသြဇာဟူ၍ မှတ်ခြင်း သြဇာလက္ခဏာရှိ၏။

သြဇာဟူသည်ကား အတ္တနော ဥဒယာနန္တရံ ရူပံ ဇနေတီတိ သြဇာ၊ ဝစနတ္ထပြု။ဥ-ပုဗ္ဗ ဇန-ဓာတ်။အတ္တနော၊မိမိ၏။ဥဒယာနန္တရံ၊ဖြစ်သည်၏ အခြားမဲ့၌။ ရူပံ၊ရုပ်ကို။ ဇနေတိ၊ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ သြဇာ၊သြဇာမည်၏။

ထိုသြဇာ၏ သရူပတ္ထကိုကား မူလဋီကာ၌ အင်္ဂမင်္ဂါနုသာရိနော ရသဿ သာရော ဥပတ္ထမ္ဘလကာရော ဘူတနိဿိတော ဩဇာ ဝိသေသော သြဇာဟု ဘွင့်ပြ၏။ ။အင်္ဂမင်္ဂါနုသာရိနော၊ အင်္ဂါကြီး,

ငယ်သို့လျှောက်သော။ ရသသ၊ အရသာခြောက်ပါး၏။ သာရော၊အနှစ် အစေး အဆီဖြစ်သော။ ဥပတ္ထမ္ဘဗလကာရော၊ ထောက်ပံ့တတ် အားကို ပြုတတ်သော။ ဘူတနိဿိတော၊ ဘုတ်၌မှီသော။ ဧကော၊ တခုသော။ ဝိသေသော၊ သုကတ်ဂုဏ်အထူးသည်။ ဩဇာ၊ ဩဇာမည်၏။ (ဝိသုဒ္ဓိမဂ် မဟာဋီကာနည်းတူ)။

ကဗဠီကာရ အာဟာရ၌ပါသော ပရမတ္ထသဘောဖြစ်သော ချိုဆိမ့် ခြင်းစသော အစေး အဆီဓာတ် အနှစ်သာရ သဘောရပ်သည် ဩဇာ မည်၏ဟုမှတ်။ ထိုကြောင့် အနုဋီကာ၌ အာဟာရ ရသဿ အဇ္ဈတ္တ ရာ ဟာရပစ္စယော သ္နေဟော ယောလောကေ ရသဓာတူတိ ဝုစ္စတိ-ဟု ဘွင့်ပြ၏။ ။အာဟာရ ရသဿ၊ မျိုအပ်သော အာဟာရ အရသာ၏။ အဇ္ဈတ္တရာဟာရပစ္စယော၊ အတွင်း၌ဖြစ်သော အာဟာရ၏ အကြောင်း ဖြစ်သော။ သ္နေဟော၊ပရမတ္ထဓာတ်ဖြစ်သော အဆီအစေးသည်။ ဩဇာ၊ ဩဇာမည်၏။ယော၊အကြင်ပရမတ္ထဖြစ်သော အဆီအစေးကို။လောကေ၊ လောက၌။ရသဓာတူတိ၊ရသဓာတ်ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဤနေရာ၌ အချို့သော ဂဏ္ဌိဆရာတို့သည် အဆီ အစေးသည် ပညတ် သဘောဖြစ်သည်ဖြစ်၍ အနုဋီကာ ရှင်ဓမ္မပါလဘွင့်အပ်သော သ္နေဟော ဟူသော သံဝဏ္ဏနာစကားရပ်သည် မသင့်ဟုဆိုကြ၏။ထိုသို့ ဆိုခြင်းသည် အနုဋီကာ၏ အဓိပ္ပါယ်ကို မမှီလင့်သော စကားသာတည်း။ အဘယ့် ကြောင့်ဟူမူ အဆီ အစေးဟု ဆိုသော်လည်း ပရမတ္ထဓာတ်ဖြင့် အဆီ အစေးအနှစ်ကိုသာ ပညတ္တိဝေါဟာရတ္တ နည်းအားဖြင့် ဘွင့်တော်မူ၏။ ပညတ်အဆီ အစေးကို ရည်သန်၍ ဘွင့်သည်မဟုတ်ကုန်။

ဤအရာဝယ် ငါဆရာ ရှင်ဇောတိပါလ မထေရ်ကဝိက အနုဋီကာကို ဆင့်၍ ဘွင့်၍ ပြလိုက်ပါအံ့။ ။သ္နေဟောတိ ပရမတ္ထ ဓာတုဘူတော သ္နေဟသင်္ခါတော သာရောတျတ္ထော၊ အာစရိယော ဟိ ပညတ္တိဝေါဟာ ရတ္တနယေန ဝဏ္ဏိတောတိ ဒဋ္ဌဗ္ဗော။ (သဒ္ဓမ္မဇောတိပါလဋီကာသစ်)။

သ္နေဟောတိ၊ ဟူသည်ကား။ ပရမတ္ထဓာတုဘူတော၊ ပရမတ္ထဓာတ် ဖြစ်သော။ သ္နေဟသင်္ခါတော၊ အဆီ အစေးဟုဆိုအပ်သော။ သာရော၊ ချိုဆိမ့်ခြင်း အနှစ်သဘောသာတည်း။ ဣတိအယံ၊ ဤသည်လျှင်။ အဿ၊ ထိုသ္နေဟော-ဟူသောပုဒ်၏။ အတ္ထော၊ အနက် သဘောတည်း။ ဟိသစ္စံ၊ မသေ့မုချ ဋီကာစကားမှန်လှပေ၏။အာစရိယော၊အနုဋီကာရှင် ဓမ္မပါလ ထေရ်မဟာဆရာသည်။ ပညတ္တိဝေါဟာရတ္တနယေန၊ပညတ္တိဝေါဟာရတ္တ

နည်းဖြင့်။ ဝဏ္ဏိတော၊ ဘွင့်ပြတော်မူ၏။ ဣတိ၊ ဤသို့။ သောတုဇနေဟိ၊ စာသင်ပျိုနု မောင်သောတုတို့သည်။ ဒဠှမ္ဗော၊ မုချဆတ်ဆတ် မှတ်သား အပ်၏။

## အာဟာရနှစ်ပါးကိုပြခြင်း

ဤအရာ၌ အဇ္ဈတ္တိကာဟာရသည် ရုပ်ကိုဖြစ်စေသလော၊ ဗာဟိရာ ဟာရသည်ရုပ်ကိုဖြစ်စေသလော–ဟူမူ ဗာဟိရာဟာရဟူသောအထောက် အပံ့ကို ရမှ သာလျှင် အဇ္ဈတ္တိကာဟာရသည် ရုပ်ကိုဖြစ်စေနိုင်ရကား အဇ္ဈတ္တိကာဟာရ၏ ဥပနိဿယ အဖြစ်ဖြင့် ရုပ်ကိုဖြစ်စေ၏။ ဥပစာရထ္တ နည်းဖြင့် မှတ်အပ်၏။ ထိုကြောင့် အဘိဓမ္မာဝတာရဋီကာ၌ ဗာဟိရာ ဟာရံ ပစ္စယံ ပဋိလဘိတွာဝ။ အဇ္ဈတ္တိကာဟာရော ရူပံ ဥပ္ပါဒေတီတိ အယံ အဇ္ဈတ္တိကာဟာရဿ ဥပနိဿယဘာဝေနပိ အာဟာရတိ–ဟု ဘွင့်ပြတော်မူ၏။ဗာဟိရာဟာရံ၊ ဗာဟိရဖြစ်သော။ပစ္စယံ၊အကြောင်းကို။ ပဋိလဘိတွာဝ၊ တဘန်ရ၍သာလျှင်။ (ဝါ)၊ရသော အကြောင်းကြောင့် သာလျှင်။အဇ္ဈတ္တိကာဟာရော၊ အဇ္ဈတ္တိကာဟာရသည်။ ရူပံ၊အာဟာရဇ ရုပ်ကို။ ဥပ္ပါဒေတိ၊ဖြစ်စေ၏။ဣတိတသ္မာ၊ထိုကြောင့်။ အယံ၊ ဤဗာဟိရာ ဟာရသည်။အဇ္ဈတ္တိကာဟာရဿ၊အဇ္ဈတ္တိကာဟာရ၏။ ဥပနိဿယ ဘာ ဝေနပိ၊ ဥပနိဿယအဖြစ်ဖြင့်လည်း။ အာဟာရတိ၊ ဆောင်၏။

ဤအာဟာရအရ ဝတ္ထုသြဇာနှစ်ဝတို့တွင် ဘောဇဉ်လေးပါးဟူသော ဝတ္ထုသည် ကမ္မဇတေဇော တည်းဟူသော ဘေးရန်ကို ပယ်ဖျောက် တားမြစ်နိုင်၊ အာဟာရဇရုပ်ကို မစောင့်နိုင်၊ သြဇာသည်ကား အာ ဟာရဇရုပ်ကို စောင့်နိုင်၏။ ကမ္မဇတည်းဟူသော ဘေးရန်ကို ပယ် ဖျောက်ခြင်းငှာ မတတ်နိုင်။ ဤသို့ နှစ်ပါးသော ဝတ္ထု သြဇာတို့သည် တပေါင်းတည်း ဖြစ်မှသာလျှင် စောင့်လည်း စောင့်နိုင်၏၊ ဘေးရန်ကို လည်း ပယ်ဖျောက်နိုင်၏။ထိုစကားသည်မှန်၏။ သတ္တဝါတို့၏ ဝမ်းတွင်း၌ ထမင်းစသောဝတ္ထုသည်မရှိသော် ကမ္မဇတေဇောသည် ထ၍ ဝမ်းပြင်ကို ကိုက်၏၊ထိုအခါ သတ္တဝါတို့သည် ထမင်းဆာလှ၏၊ ငါ့အား အာဟာရ ကို ပေးကြပါကုန်လောဟု ဆိုကြကုန်၏။ ထိုသို့ဆိုသောအခါ ထမင်း စသော အာဟာရကို စားပြီးသောကာလ၌ ဝမ်းပြင်ကိုလျက်၍ ထမင်း စသောဝတ္ထုကို ကမ္မဇတေဇောသည် ကိုက်ပြန်၏။ ထိုသို့သော အခါ ကာလမှ သတ္တဝါတို့သည် တည်သော စိတ်ရှိသည် ဖြစ်၏၊လောကူပမာ အားဖြင့် သစ်ပင်ရိပ်သို့ ဝင်သောသူကို ဘမ်းစားတတ်သော ရက္ခိုက်

သည် သစ်ပင်ရိပ်သို့ ဝင်သောသူကို ဘမ်းစား၍ နတ်သံခြေကျင်းဖြင့် ဘွဲ၍ မိမိဗိမာန်၌ မွေ့လျော်လျက် ဆာမွတ်သောအခါလာ၍ ဦးခေါင်းကို ကိုက်၏၊ထိုအခါ သတ္တဝါသည် ရက္ခိုက်ကိုက်အပ်သည် အဖြစ်ကြောင့် နာကျင်သော အသံပြု၏၊ ထိုအသံကိုကြားလျှင် ဤအရပ်၌ ဆင်းရဲသော သူရှိ၏ဟူ၍ ထိုအရပ်မှ လူတို့သည် လာလတ်ကုန်၏၊ ထိုသို့လာသော အခါ ထိုရက္ခိုက်သည် လာတိုင်း လာတိုင်းသော သူကိုခဲ၍ ဘုံနန်း ဗိမာန်၌ မွေ့လျော်သကဲ့သို့ ဤနည်းအတူ ဤ၌လည်း မှတ်အပ်၏။ ဤသို့ အားဖြင့် ဥပမာ ဥပမေယျ နှစ်ခုကို စပ်ဟပ်၍ ရှုအပ်တော့သည်။

ဝဏ္ဏု၌ရှိသော ဩဇာသည်လည်း နံ့ခြင်း ထက်ခြင်း ရှိရကုန်၏၊ ရှိဟန်ကား ရန့်ရင်းသောလူးဆတ် ထမင်းစသည်တို့၏ ဩဇာသည်နံ့၏၊ သိမ်မွေ့နူးညံ့သော ထောပတ်စသည်တို့၌ ဩဇာသည် အားကြီးစွာ ထက်၏၊ ထိုသို့ဖြစ်၍ လူးထမင်းစသည်ကို စား၍ သောက်၍ တခဏဖြင့် သာလျှင်ဆာမွတ်သည်ဖြစ်၏၊ ထောပတ်ထမင်းစသည်ကိုစားသောက်၍ တည်သောသူအား တနေ့ပတ်လုံးလည်း ထမင်းသည် မဆာကုန်ဟု တတ်အပ်သချာ မှတ်အပ်ကုန်ရာ၏၊ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌ ကထာ၌ တတ္ထ ဩဠာရိကေ ဝတ္ထုသ္မိံ ဩဇာ မန္ဒာ ဟောတိ၊ သုခုမေ ဗလဝတီ-ဟု ဘွင့်ပြတော်မူ၏။ တတ္ထ၊ထိုဩဠာရိကစသည်တို့တွင်။ ဩဠာ ရိကေ၊ ရန့်ရင်းသော။ ဝတ္ထုသ္မိံ၊ ဝတ္ထု၌။ ဩဇာ၊ ဩဇာသည်။ မန္ဒာ၊ နံ့နေးသည်။ ဟောတိ၊ ဖြစ်၏။ သုခုမေ၊ သိမ်မွေ့နူးညံ့သောဝတ္ထု၌။ ဩဇာ၊ ဩဇာသည်။ ဗလဝတီ၊ အားကြီးသည် ထက်သည်။ ဟောတိ၊ ဖြစ်၏။

### အာဟာရအဓိကကိုပြခြင်း

လောက၌ မိကျောင်းသတ္တဝါတို့သည်ရှိကုန်၏၊ ထိုမိကျောင်းတို့သည် ကျောက်တို့ကို မျိုကုန်သတတ်၊ ဝမ်းသို့ရောက်သော် ထိုကျောက်တို့သည် ကြေမွခြင်းသို့ ရောက်ကုန်၏၊ ထိုမိကျောင်းတို့၏ အာဟာရထက် မြွေ ကင်း သန်းစသော သတ္တဝါတို့ကို စားကုန်ခဲကုန်သော ဥဒေါင်းတို့၏ အာဟာရသည် သိမ်မွေ့ကုန်၏၊ ထိုဥဒေါင်းတို့၏အာဟာရထက် အောင်း တို့၏အာဟာရသည် သိမ်မွေ့ကုန်၏၊ ထိုအောင်းတို့သည် သုံးနှစ်ပတ်လုံး စွန့်ပစ်အပ်ကုန်သော ဦးချိုတို့ကို ခဲကုန်၏၊ ထိုဦးချို အရိုးတို့သည် ထိုအောင်းတို့၏ တံတွေးဖြင့်စွပ်ခါမျှသာလျှင် သစ်ဥ သစ်မြစ် ကဲ့သို့ သိမ်မွေ့နူးညံ့ကုန်၏၊ ထိုအောင်းတို့၏ အာဟာရထက် ဆင်တို့၏ အာဟာ

ရသည် သိမ်မွေ့ကုန်၏၊ ထိုဆင်တို့သည် အထူးထူးသော သစ်ရွက်စသည် တို့ကိုခဲကုန်၏၊ ထိုဆင်တို့၏ အာဟာရထက် နွားနောက် စိုင်သမင်တို့၏ အာဟာရသည် သိမ်မွေ့ကုန်၏၊ ထိုအာဟာရထက် ယုန်တို့၏ အာဟာ ရသည် သိမ်မွေ့ကုန်၏၊ ထိုအာဟာရထက် ငှက်တို့၏ အာဟာရသည် သိမ်မွေ့ကုန်၏၊ ထိုအာဟာရထက် ပစ္စန္တရာဇ်၌နေသော သူတို့၏ အာဟာ ရသည် သိမ်မွေ့ကုန်၏၊ ထိုထက် ရွာစားတို့၏ အာဟာရသည်၊ထိုထက် မင်းအမတ်တို့၏ အာဟာသည်၊ ထိုထက်, စကြဝတေးမင်း၏ အာဟာရး ထိုထက် ဘုမ္မစိုဇ်နတ်တို့၏ အာဟာရ ထိုထက် စတုမဟာရာဇ်နတ်တို့၏ အာဟာရသည် သိမ်မွေ့နူးညံ့၏၊ ပရနိမ္မိတဝသဝတ္တိနတ်ပြည်တိုင်အောင် ချဲ့ထွင်ခါဆိုအပ်၏၊ထိုပရနိမ္မိတနတ်တို့၏ အာဟာရသည်သိမ်မွေ့စွတကာ တို့ထက် သိမ်မွေ့ကုန်၏ဟု မှတ်လေ။ ဤသည်ကား သံယုတ်အဋ္ဌကထာ ဓမ္မသင်္ဂဏီအဋ္ဌကထာ အထွက်တည်း။

## အာဟာရလေးပါးအရ ဘူမိက္ကမကိုပြခြင်း

ကဗဠီကာရ အာဟာရသည် ဩဇာလျှင် ရှစ်ခုမြောက်သောရုပ်ကို ဆောင်တတ်၏၊ ဖဿာအာဟာရသည် ဝေဒနာ သုံးပါးကို ဆောင် တတ်၏၊ လောကီကုသိုလ် အကုသိုလ်စေတနာဟု ဆိုအပ်သော မနော သဉ္စေတနာ အာဟာရသည် ဘုံသုံးပါး၌ ပဋိသန္ဓေဝိညာဉ်ကို ဆောင် တတ်၏၊ ပဋိသန္ဓေစိတ် တဆယ့်ကိုးခုဟု ဆိုအပ်သော ဝိညာဏာဟာ ရသည် သဟဇာတ်ဖြစ်သောနာမ်ရုပ်ကို ဆောင်တတ်၏၊ ဤသို့အာဟာရ လေးပါးကို ဝိုင်းခြား၍မှတ်၊ ၎င်းအာဟာရ လေးပါးကို ကာမဘုံ၌ ရအပ်၏၊ အသညသတ်ဘုံကြဉ်သော ရူပဗြဟ္မာတို့အား အာဟာရ လေးပါးတို့တွင် ကဗဠီကာရအာဟာရကိုမရကုန်၊ ကြွင်းသုံးပါးကိုသာ ရအပ်၏၊ အသညသတ် ပုဂ္ဂိုလ်တို့မှာကား အဘယ် အာဟာရများကို မှတ်သားရအံ့နည်းဟူမူ။ ။သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ (သိဂိတိ သုတ်ပါဠိတော်)။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ၊ အာဟာရလျှင် တည်ရာရှိကုန်၏။ ဝါ၊ အာဟာရ ကြောင့် တည်ခြင်းရှိကုန်၏။

ဤပါဠိတော်အပြ သဗ္ဗသဒ္ဒါမှာလည်း သဗ္ဗေမစ္ဆုပရာယနာဟူသော ပြယုဂ်ကဲ့သို့ ကာမ ရူပ အရူပ ဟူသော အလုံးစုံသောဘုံ၌ တည်သော သတ္တဝါတို့ကိုပြသော အကြွင်းအကျန်မရှိသော အနဝသေသ သဗ္ဗ သဒ္ဒါ ဖြစ်၏ဟု အဋ္ဌကထာ ဋီကာဆရာတို့ ဘွင့်ပြရကား အသညသတ္တဒေဝါ

အဟေတုကာ အနာဟာရာ အဖဿကာဟု ဘွင့်ပြသော ပါဠိတော်နှင့်လည်း ဆန့်ကျင်ပါသောကြောင့် အသညသတ်ဘုံ၌ အာဟာရကို ဆုံးဖြတ်ဘို့ အလွန်တရာပင် ခဲခက်လှ၏၊ ထိုသို့ပင် ခဲခက်သော်လည်း အဋ္ဌကထာတို့ကို သာဓကထား၍ ဆုံးဖြတ်သတ်မှတ် ဝိနိစ္ဆယကို ပြအပ်၏။

ပြဟန်ကား အာဟာရသည် နိပ္ပရိယာယ အာဟာရ သပရိယာယ အာဟာရ အားဖြင့်နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် ကဗဠီကာရစသော အာဟာရလေးပါးသည် မုချဆတ်ဆတ် ဆောင်အပ်သော အာဟာရ လက္ခဏာသဘောဖြင့် မှတ်အပ်သောကြောင့် နိပ္ပရိယာယ အာဟာရ မည်၏၊ ကေဝေါကာရဘဝကို ဆောင်နိုင်သော သညာ၌တပ်ခြင်းကင်း သည်၏ အစွမ်းအားဖြင့်ဖြစ်သော ရူပါဝစရ စတုတ္ထဈာန်သည် အသ ညသတ်ဘုံ၌ ကမ္ဘာငါးရာခန့်ကာလပမာဏမျှ တည်ခြင်းအကြောင်းဖြစ်၍ ဖြစ်သောကြောင့် ပရိယာယ အာဟာရမည်၏။

ထို့ကြောင့် သုတ်ပါထေယျ အဋ္ဌကထာ။ ။သမ္မောဟအဋ္ဌကထာ။ အင်္ဂုတ္တရအဋ္ဌကထာတို့၌ တတ္ထ အသညဘဝေ ပစ္စယာဟာရော လဗ္ဘတိ၊ ဟုဘွင့်ပြ၏၊ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ အသညဘဝေ၊ အသညသတ် ဘဝ၌။ ပစ္စယာဟာရော၊ ထိုဘုံ၌တည်ခြင်း၏ အကြောင်းဖြစ်သော ဈာန် တည်းဟူသော ပစ္စယာဟာရကို။ လဗ္ဘတိ၊ ထင်ထင်ရှားရှားရအပ်၏။

ဤသို့မှတ်ကြသဖြင့် အသညသတ်ဘုံ၌ အာဟာရလေးပါး မရှိခြင်းကို သာ ရည်သန်၍ ဟောကြားသော အသညသတ္တာ အနာဟာရာ- ဟူသော ပါဠိတော်လည်း မဆန့်ကျင်ကုန်၊ သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ-ဟူ၍ ဈာန်တည်းဟူသော အာဟာရကို ရည်၍ ဟောကြား သော ပါဠိတော်နှင့်လည်း မဆန့်ကျင်ကုန် ဟူ၍မှတ်။ ထိုအသညသတ် သတ္တဝါတို့အား ရှေးဘဝ၌ အကြင်ဈာန်ကိုပွား၏၊ ထိုဈာန်သည်ပင်လျှင် ထိုဘုံ၌ တည်ခြင်း အကြောင်းဖြစ်၏၊ လောကူပမာအားဖြင့် လေးညှို့ အဟုန်ဖြင့် ပစ်လိုက်သောမြားသည် အကြင်ရွေ့လောက် လေးညှို့အဟုန် ရှိ၏၊ ထိုရွေ့လောက်သွားသကဲ့သို့ ထိုအတူဈာန်တည်းဟူသောအကြောင်း သည် အကြင် ရွေ့လောက်ရှိ၏၊ ထိုရွေ့လောက်တည်၏၊ အကြင် လေး မြားသည် အဟုန်ကုန်သည် ဖြစ်၍ ကျသကဲ့သို့ ထို့အတူ ဈာန်အဟုန် သည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် အသညသတ်ဘုံမှ ရွေ့ရှားရ၏ဟု ဥပမာ ဥပမေယျ နှစ်ရပ်ကို ဂဟေစပ်၍ မှတ်ယူပါ။

အသညသတ်ဘုံ၌ဖြစ်သော သတ္တဝါတို့မှတပါး နိရယသတ္တဝါတို့၌ မူကား-နစ တာဝ ကာလံ ကရောတိ၊ ယာဝ န တံ ပါပကမ္မံ ဗျန္တိ ဟောတိ-ဟု တိကအင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောကြားသည်နှင့် အညီ အကြင်ရွေ့လောက် အကုသိုလ်ကံမကုန်သေး၊ ထိုရွေ့လောက် နိရယဘုံ၌ ထိုနိရယသတ္တဝါတို့သည် မသေ၊မစုတေသေးကုန် ဟူရကား-ထိုနိရယ သတ္တဝါတို့အား ကံသည်ပင် အာဟာရဟု မှတ်သားအပ်တော့သည်။ ကဗဠီကာရအာဟာရ မရှိချေ၊ ထိုကြောင့် ဒသင်္ဂုတ္တရ အဋ္ဌကထာ၌- တေသံ ကမ္မမေဝ အာဟာရော-ဟု ဘွင့်ပြ၏။ ။တေသံ၊ ထိုနိရယ သတ္တဝါတို့အား။ ကမ္မမေဝ၊ ကံသည်ပင်လျှင်။ အာဟာရော၊ အာဟာရ မည်၏။ ပါထေယျ သမ္မောဟအဋ္ဌကထာ ဋီကာတို့မှာလည်း နည်းတူ မှတ်ပါ၊ တနည်းအားဖြင့် ထိုနိရယသတ္တဝါ ခံတွင်း၌ဖြစ်သော တံထွေး သည်လည်း ထိုနိရယသတ္တဝါတို့၏ အာဟာရကိုပြီးရကား ၎င်းတံထွေး သည်ပင်လျှင် အာဟာရဟု မှတ်အပ်၏။

ထိုကြောင့် မနောရထပူရဏီ အဋ္ဌကထာ၌ မုခေ ဥပ္ပန္နော ခေဠောပိ ဟိ တေသံ အာဟာရကိစ္စံ သာဓေတိ-ဟု ဘွင့်ပြတော်မူ၏။ ဟိသစ္စံ၊ မှန်၏။မုခေ၊ခံတွင်း၌။ ဥပ္ပန္နော၊ဖြစ်သော။ခေဠောပိ၊ တံထွေးသည်လည်း။ တေသံ၊ ထိုနိရယသတ္တဝါ တို့အား။ အာဟာရကိစ္စံ၊ အာဟာရကိစ္စကို။ သာဓေတိ၊ပြီးစေ၏။ ။ဤသည်လျှင် စကားတရပ်တည်း။

အာဟာရသရုပ် အကျဉ်းချုပ်ကား-ကာမဘုံ၌ အာဟာရ လေးပါး၊ အသညသတ်ကြဉ်သော ရူပ,အရူပဘုံ၌ အာဟာရသုံးပါး၊ အသညသတ် နိရယသတ္တဝါ တို့အား ပစ္စယာအာဟာရကို ရအပ်၏၊ နိပ္ပရိယာယ အာဟာရ,ပရိယာယအာဟာရကို ခွဲခြား၍မှတ်။ ။ပစ္စယာဟာရကား အလုံးစုံနှင့်ဆက်ဆံ၏။ထိုကြောင့်သင်္ဂီတိသုတ်ဋီကာ၌-ပစ္စယာဟာရောပိ သဗ္ဗေသံ သာဓာရဏော-ဟု ဘွင့်ပြ၏၊ ဤသည်လျှင် အာဟာရဇရုပ်၌ မှတ်သားဘွယ် စကားရပ်တည်း။

## အာဟာရကို ငါးဌာနဝေဘန်ခြင်း

ဤသို့ စားအပ် သောက်အပ်သော ကဗဠီကာရဟု ဆိုအပ်သော အဖတ်,အရည်,အဆီတို့တွင် အဖတ်သည် ဆာလောင်သည်ကို ဖျောက် ၏၊ အရည်သည် မွတ်သိပ်ခြင်းကို ဖျောက်၏၊ အဆီ အစေးသည် အသွေး အသားကို တိုးပွားစေ၏။ ဤသုံးရပ်တို့တွင် အဆီ အစေးမှ တပါးသော ရှေ့အဖတ် အရည်တို့ကို လေးစုပြုပြန်သော် တစုကို ပိုးစား

၏၊ တစုကို ဝမ်းမီးလောင်၏၊ တစုသည် ကျင်ငယ် ဖြစ်၏၊ တစုသည် ကျင်ကြီးဖြစ်၏၊ ရွှေအသားအသွေးဖြစ်သော တစုနှင့် ပေါင်းလျှင် ငါးစု ဖြစ်၏။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာထွက်)။ ထို့ကြောင့် ဆရာဦးပုမ်သည်- ပိုးစားလောင်မီး၊ကျင်ကြီး,ကျင်ငယ် တသွယ်သွေးသား၊ဖြစ်လေငြားသည် ငါးပါးအစာ ခွဲဝေတည်း-ဟု စပ်ဆိုတော်မူ၏။ ။အာဟာရပြီးပြီ။

## နိဋ္ဌပ္ဖရုပ်ကိုပြခြင်း

ဤသို့ပြဆိုအပ်ပြီးသော တဆယ့်ရှစ်ပါးသော ရုပ်တို့သည် ကြမ်းထမ်း ခြင်းစသော ကက္ခဠလက္ခဏာ အစရှိသောအားဖြင့် ဖြစ်သောကြောင့် သဘာဝရုပ်မည်၏။ဥပါဒ်,ဌီ,ဘင်,အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာနှင့် တကွ ဖြစ်သောကြောင့် သလက္ခဏရုပ်လည်းမည်၏၊ကံအစရှိသော အကြောင်း တရားတို့သည် ပြီးစေအပ်သော သဘောကြောင့် နိပ္ဖန္နရုပ်မည်၏။မိမိ သဘောအားဖြင့် စင်စစ်ကေန် ဘောက်ပြန်သော မုချမှန်သောကြောင့် ရူပရုပ်မည်၏၊အနိစ္စ-စသော လက္ခဏာသုံးပါးသို့တင်၍ သုံးသပ်ခြင်းငှာ ထိုက်သောကြောင့် သမ္မသနရုပ်မည်၏၊ဤသည်လျှင် တဆယ့်ရှစ်ပါးသော နိပ္ဖန္နရုပ် ဝိနိစ္ဆယပြီးပြီ။

## အာကာသရုပ်ကိုပြခြင်း

အာကာသ ရုပ်သည် အကြင် သဘောတရားကို မရေးခြစ်အပ်၊ ထိုသဘောတရားသည် အာကာသမည်၏၊ ထိုအာကာသသည် စက္ခု ဒသကစသော တခုတခုသောကလာပ်၌ တည်သောရုပ်တို့ကို ကလာပ် တပါးနှင့် ရောပြွမ်းသည်အဖြစ်သို့ မရောက်စေသောအားဖြင့် ပိုင်းခြား တတ်သည်လျှင် မှတ်ကြောင်း ရူပပရိစ္ဆေဒလက္ခဏာရှိ၏၊ ထိုအာကာသ သည် အာကာသဓာတ်ဟု ဆိုအပ်သော ပရိစ္ဆေဒါ ကာသမည်၏၊ ကသိုဏ်းမှခွါ၍ရသော ကသိဏုဃ္ဃါဋိမာကာသ,ရေးခြစ်ခြင်းငှာ မတတ် ရာသည့် အဇဋ္ဌာပြင် မိုးကောင်းကင်ဟူသော အာဇဋ္ဌာကာသကို မမှတ်ယူအပ်၊ အဘယ့်ကြောင့်ဟူမူ ဤနှစ်ပါးသော အာကာသသည် ပညတ်အာကာသဖြစ်သောကြောင့်တည်း၊ ရူပ ပရိစ္ဆေဒါ ကာသသည် သာလျှင် ပရမတ္ထအာကာသမည်၏။

ထို့ကြောင့် ကထာဝတ္ထု အဋ္ဌကထာ၌-တေသု ပရိစ္ဆေဒေါ ကာသော သခ်တော၊ ဣတရေ ဒွေ ပညတ္တိမတ္တာဟု ဘွင့်ပြတော်မူ၏။

တေသု၊ ထိုသုံးပါးသောအာကာသတို့တွင်။ ပရိစ္ဆေဒေါကာသော၊ ပရိစ္ဆေဒါ ကာသသည်။ သခ်တော၊ သခ်တတရား ပရမတ်သာတည်း။

ဇာတရေ၊ ဤပရိစ္ဆေဒ ါကာသမှတပါးကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော အာကာသတို့သည်။ ပညတ္တိမတ္တာ၊ ပညတ်တို့မျှသာတည်း။ ဤသည်လျှင် အာကာသခေတ်အပြီးတည်း။

## ဝိညတ်ရုပ်ကိုပြခြင်း

ဝိညတ်ရုပ် ဟူသည်ကား အကြင်သဘောတရားသည် လှုပ်သော ကိုယ်ဖြင့် စကားဖြင့် မိမိ၏အလိုကို သူတို့ကိုသိစေတတ်၏၊ ထိုသဘော တရားသည် ဝိညတ်မည်၏၊ တနည်းသုပ်ရှားသော ကိုယ်ဖြင့် စကားဖြင့် မိမိအလိုကို သူတပါးတို့သည် သိအပ်သောကြောင့် ဝိညတ်မည်၏၊ အဓိပ္ပါယ်ကား–ရှေ့သို့ တက်ခြင်းအစရှိသည်ကို ဖြစ်စေတတ်သော စိတ္တဇ ဝါယောဓာတ်လွန်သောရုပ်ကလာပ်၏ ဘောက်ပြန်သော အခြင်းအရာ အထူးဟုဆိုအပ်သောဂုဏ်သည်ကာယဝိညတ်မည်၏၊အဘယ့်ကြောင့်မည် သနည်းဟူမူ လှုပ်သောကိုယ်ဖြင့် မိမိအလိုကိုသူတပါးတို့ကို သိစေတတ် သောကြောင့်၎င်း မိမိအလိုလိုပင် တုန်လှုပ်သောကိုယ်ကြောင့် သူတပါး တို့သည်သိအပ်သောကြောင့်၎င်း ကာယဝိညတ်မည်၏ဟု မှတ်အပ်၏။

ဝစီဝိညတ်၌ကား နှုတ်မြွက်ခြင်းကို ပြုတတ်သော ဝစီဘေဒဝိညတ်ကို ဖြစ်စေတတ်သော စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ်၏ ဘောက်ပြန်သော အခြင်းအရာ အထူးဟု ဆိုအပ်သော ဂုဏ်သည်ဝစီဝိညတ်မည်၏၊အဘယ့်ကြောင့်မည်သနည်းဟူမူသဝိညာဏက အသံဟုဆိုအပ်သောစကား မိမိအလိုကိုသူတပါးတို့ကို သိစေတတ်သော ကြောင့်၎င်း၊ မိမိအလိုလိုပင် သဝိညာဏက အသံဟူသောဝါစာကြောင့် သူတပါးသည်ဆိုအပ်သောကြောင့်၎င်း ဝစီဝိညတ်မည်၏၊ ပေါင်းဝိညတ် ဒွေးနှစ်ခုတည်း။

ထိုဝိညတ်နှစ်ပါးတို့တွင် ကာယဝိညတ်ဖြင့် သိစေအပ်သောအလိုကို စတုတ္ထမနောဒွါရဝီထိဖြင့် သူတပါးတို့သိအပ်၏၊ သိဟန်ကား-ပဉ္စဒွါရ ရူပါရုံစသော အာရုံထင်ခြင်းသို့ ရောက်လတ်သော် အကြောင်းအား လျော်စွာ ကုသိုလ် အကုသိုလ် ဇောသည် ဇောသည်ဖြစ်၍ ဘဝင်သို့ သက်လတ်သော် တဒနုဝတ္တကမနောဒွါရိက ဇောသည် ထိုဒွါရိက ဝိညာဉ်၏ အာရုံကိုပင်လျှင် ယူ၍ဘဝင်သို့သက်၏၊ တဘန်ထိုပဉ္စဒွါရိက၌ ပင်လျှင် ထင်လာသော အာရုံကို ဆုံးဖြတ်မှတ်သား၍ သုဒ္ဓမနောဒွါရ ဇောသည် ဘဝင်သို့သက်၏၊ ထိုကြောင့်စက္ခုဒွါရိကဇော၏ အခြားမဲ့၌ ဖြစ်ကုန်သော နှစ်ပါးကုန်သော မနောဒွါရိကဇောတို့တွင် စက္ခုဒွါရ

ဝီထိမှ တတိယဒွါရ၌ ဖြစ်ကုန်သော ကာယဝိညတ်ကို သိအပ်ရကား ပဥ္စဒွါရဝီထိနှင့် တကွသုံးဝီထိမှသိသတည်း၊ ထိုတတိယဝီထိဖြင့်သိအပ်သော ကာယဝိညတ်ကို စတုတ္ထဒွါရ အကြိမ်၌ဖြစ်သော မနောဒွါရဇော ဝီထိဖြင့် လှုပ်သောသူ၏ အလိုကို သူတပါးတို့သိအပ်သတည်းဟုမှတ်။

ထိုကြောင့်အတိဓမ္မာဝတာရဋီကာသစ်၌–ဝဏ္ဏံ ပထမစိတ္တေနာ၊ တီတံ ဒုတိယစေတသာ။ တတိယေနတု ဝိညတ္တိ၊ ဘာဝံ စတုတ္ထစေတသာ–ဟု ဘွင့်ပြ၏။ ဝဏ္ဏံ၊ ရူပါရုံအဆင်းကို။ ပဌမစိတ္တေန၊ ရှေဦးစွာသော ပဥ္စဒွါရိကဖြစ်သော စက္ခုဒွါရစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ အတီတံ၊ ချုပ်လွန်ပြီးသော အာရုံအဆင်းကို။ ဒုတိယစေတသာ၊ စက္ခုဒွါရသို့ အစဉ်လိုက်သော နှစ်ကြိမ်မြောက်သော တဒနုဝတ္တက မနောဒွါရစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။တတိယေနတု၊တတိယသုဒ္ဓမနောဒွါရဝီထိစိတ်ဖြင့်ကား။ ဝိညတ္တိ၊ ကာယဝိညတ်ကို။ ဇာနာတိ၊ သိ၏။ ဘာဝံ၊ သိသောအလို အဓိပ္ပါယ်ကို။ စတုတ္ထစေတသာ၊ စတုတ္ထ မနောဒွါရ ဝီထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ ဤသည်လျှင်ကာယဝိညတ်ဝစီဝိညတ်မှာလည်း နည်းတူ မှတ်ယူအပ်၏။

**ဝိညတ်နှစ်ပါးအကျယ် အဆုံးအဖြတ်ကိုပြခြင်း**

ကာယဝိညတ် ဝစီဝိညတ်ရပ်နှစ်ရပ်၏ ဖြစ်ပုံ အဓိပ္ပါယ် စကားရပ်ကို တတ်အပ်ထင်ထင် လွန်သိမြင်အောင် ရေးသားခါပြဦးအံ့။ ရှေ့သို့ တက်လိုသော သူအားငင်း, နောက်သို့ ဆုတ်လိုသောသူအားငင်း သွားလို ဆုတ်လိုသောစိတ် ဖြစ်လာလတ်သည် ရှိသော် ငင်းစိတ်သည် စိတ္တဇ အဋ္ဌကလာပ်ရပ်တို့ကို ဖြစ်စေ၏။ထိုအဋ္ဌကလာပ်တို့၏ အတွင်း၌ စိတ်လျှင် ဖြစ်ကြောင်းရှိသော အကြင် ဝါယောဓာတ်သည် ရှိ၏။ ထိုဝါယော ဓာတ်သည် မိမိနှင့်တကွဖြစ်သော ရူပကာယကို ခိုင်ခံ့စေ၏၊ ကောင်းစွာ ဆောင်၏၊ လှုပ်ရှားစေ၏၊ ရှေ့သို့တက်စေ၏၊ နောက်သို့ဆုတ်စေ၏၊ဤသို့ ဖြစ်ရာ၌ တခုသော အာဝဇ္ဇန်းရှိသော မနောဒွါရဝီထိဝယ် ဇောခုနစ် ချက်တို့တွင် ပဌမဇောကြောင့် ဖြစ်သော ဝါယောဓာတ်သည် မိမိနှင့် တကွဖြစ်သော ရူပကာယကို ခိုင်စေခြင်းငှာ ကောင်းစွာ ဆောင်ခြင်းငှာ စွမ်းနိုင်၏။

ထိုမှဤမှ လှုပ်ရှားစေခြင်းငှာ မတတ်နိုင် ဒုတိယ ဇောစသည်တို့၌ ဖြစ်သော ဝါယောဓာတ်သည်လည်း ပဌမဇော ဝါယောဓာတ်ကဲ့သို့ပင် တည်း။ သတ္တမဇောဖြစ်သော ဝါယောဓာတ်သည်ကား ရှေ့၌ဖြစ်သော

ခြောက်ပါးသော စိတ်ဇောကြောင့် ဖြစ်သော ဝါယော ဓာတ်၏ အထောက်အပံ့ဟူသော အကြောင်းကိုရ၍ မိမိနှင့် တကွဖြစ်သော ရူပကာယကို ထောက်လည်း ထောက်ပံ့နိုင်၏၊ ခိုင်လည်း ခိုင်ခံ့စေနိုင်၏၊ လှုပ်ရှားစေနိုင်၏၊ ရှေ့သို့တက်စေ၏၊ နောက်သို့ဆုတ်စေ၏၊ သွားခြင်း လာခြင်းကို ဖြစ်စေနိုင်၏၊ လောကူပမာအားဖြင့် ဆိုသည်ရှိသော် ခုနစ်ခုသော တံပိုးအစုံတို့ဖြင့် ရန်းအပ်သောလှည်း၌ ပဌမထမ်းပိုး၌ ကသော နွားသည် ထမ်းပိုးကို တည်ကုံ့ခြင်းငှာ စွမ်းနိုင်၏၊ လှည်းဘီးကို မလိမ့်မလည်စေနိုင်ဘိ သကဲ့သို့ ဒုတိယထမ်းပိုး စသည်တို့၌လည်း နည်းတူ သိအပ်၏။

သတ္တမထမ်းပိုး၌ ကယှဉ်အပ်သော နွားတို့ကို လိမ္မာသော ရထားထိန်းသည် လှည်းဦး၌နေ၍ ကကြိုးတို့ကိုကိုင်၍ အလုံးစုံသော နွားတို့၏ ရှေ့ဦးမှစ၍ နှင်တံဖြင့် နွားတို့ကို ရိုက်နှက်သောအခါ အလုံးစုံသော နွားတို့သည် တူသော အားရှိကုန်သည်ဖြစ်၍ လှည်းဦးကို ကောင်းစွာဆောင်ရာ၏၊ လှည်းဘီးစက်တို့ကိုလည်း လိမ့်လည်စေနိုင်၏၊ လှည်းကို ယူ၍ တယူဇနာစသော အရပ်သို့လည်း ရောက်စေ၏ ဟူမှတ်။ ။ဤသို့ ဥပမာ ဥပမေယျ နှစ်ရပ်တို့ကို နဘောစပ်သကဲ့သို့ ဂဟေစပ်၍ မှတ်အပ်သိအပ်တော့သည်။

ဤသို့ ပြအပ်ပြီးသော ကာယဝိညတ်ကို စက္ခုဝိညာဉ်ဖြင့် သိအပ်သည် မဟုတ်၊ မနောဝိညာဉ်ဖြင့်သာသိအပ်၏။ ထိုစကားသည်မှန်၏၊ စက္ခုဝိညာဉ်ဖြစ်လတ်သော် ဘောက်ပြန်ခြင်း စသည့်တို့၏ အစွမ်းအားဖြင့် တုန်လှုပ်သော ရုပ်ကိုသာလျှင် မြင်၏။ ကာယဒွါရ၌ ဖြစ်သော စိတ်၏ကြိယာဟုဆိုအပ်သော အကြံအစည် အလိုဆန္ဒကို မနောဒွါရိက စိတ်ဖြင့် ကြံ၍ ဤသူသည် ဤမည်သောအမှုကို ပြုစေလိုယောင် တကားဟု သိတော့သည်ဟုမှတ်။ လောကူပမာအားဖြင့် နွေအခါကာလဝယ် တောအရပ် ဒေသရေရှိရာအရပ်၌ လူတို့သည် ဤအမှတ်ဖြင့် ဤအရပ်၌ ရေရှိသည်၏ အဖြစ်ကို သိစေခြင်းငှာ သစ်ပင်ဖျား၌ ထမ်းရွက်တို့ကို ဖွဲ့စေကုန်၏။ သေတင်းကုတ်၌ အလံကိုစိုက်ကုန်၏။ ဤသို့သော အမှတ်ကို မြင်သည်ရှိသော စက္ခုဝိညာဉ်ဖြင့် တတ်အပ်ထင်ထင် ရေ-သေမမြင်သော်လည်း ဤနေရာ၌ ရေသည်ဂင်း, သေသည်ဂင်း ရှိသည်ဖြစ်လတ္တံ့ဟူ၍ မနောဝိညာဉ်ဖြင့် သိသကဲ့သို့ ထို့အတူ ဝိညတ်ကိုလည်း စက္ခုဝိညာဉ်ဖြင့် သိအပ်သည် မဟုတ်။ မနောဝိညာဉ်ဖြင့်သာ သိအပ်၏။ ရေ၏ အတွင်း၌

ငါးသည်ရှိသော် အပေါ်၌ ရေပွက်သည်ကို မြင်သဖြင့် ရေထဲ၌ ငါးရှိသည်ကိုသိသော တံငါသည်တို့ကိုလည်း ပမာပေးလေကုန်။ ဤသည်လျှင် ကာယဝိညတ်ဖြစ်ပုံ အဓိပ္ပါယ်တည်း။

ဝစီဝိညတ်၌ကား ဤစကားကိုဆိုအံ့၊ ထိုစကားကို ဆိုအံ့ဟု ကြံသောသူအား ဝိတက်ဘောက်ပြန်ခြင်းကြောင့် ဖြစ်သော ဝိတက္ကဝိပ္ဖါရ အသံသည် ဖြစ်အံ့။ ထိုအသံသည် သောတဝိညာဉ်ဖြင့် သိအပ်သည် မဟုတ်၊ မနောဝိညာဉ်ဖြင့်သာ သိအပ်၏ဟု မဟာအဋ္ဌကထာ၌ ဆိုတော်မူ၏။ ပဋ္ဌာန်း ဒေသနာတော်၌ကား-စိတ္တသမုဋ္ဌာနံ သဒ္ဒါယတနံ သောတဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော-ဟူ၍ လာသောကြောင့် ဝိညတ်လျှင် အကြောင်းရှိသော ဘုတ်တို့၏ ထိခိုက်ခြင်းကို ကြည့်၍ ဖြစ်သော သောတဝိညာဉ်ဖြင့် မသိအပ်သော ဝိတက်ပြန့်ခြင်းကြောင့် ဖြစ်သော အသံမည်သည် မရှိဟု အဋ္ဌကထာသစ် ရှင်မဟာဗုဒ္ဓဃောသ ဆိုတော်မူ၏၊ ထိုသို့ ဆိုအပ်သော နှစ်ဝါဒတို့သည် အဋ္ဌကထာ ဆရာတော်တို့ချည်းဖြစ်၍ နှစ်သက်အပ်သည်သာလျှင် ဖြစ်တော့သည်။အဘယ့်ကြောင့်ဟူမူ မဟာအဋ္ဌကထာဆရာ ဆိုတော်မူသော ဝိတက္ကဝိပ္ဖါရအသံသည် နတ်နားဖြင့် ကြားသိကောင်းသော အသံကိုရည်သန်ကာ ဘွင့်ဆိုသောကြောင့်တည်း။

ဤစကားကိုဆိုဦးအံ့ ထိုစကားကိုဆိုဦးအံ့ဟု ကြံစည်သောပုဂ္ဂိုလ်၏ စိတ်သည် စိတ္တဇ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏၊ ထိုအဋ္ဌကလာပ်ရုပ်၏ အတွင်း၌ စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်သည် ကမ္မဇပထဝီဓာတ်ကို ထိခိုက်၍ဖြစ်၏၊ ထိုစိတ္တဇ ပထဝီဓာတ်၏ ကမ္မဇပထဝီဓာတ်ကို ထိခိုက်ခြင်းနှင့် တကွ သဒ္ဒရုပ်အသံသည်ဖြစ်၏၊ ဤသို့ဖြစ်ရာ၌ ဇောခုနစ်ချက်တို့တွင် ပဌမဇောစိတ်ကြောင့်ဖြစ်သောပထဝီဓာတ်သည် အထောက်အပံ့ ကင်း၍ ထိခိုက်သော အခြင်းအရာအားဖြင့်ဖြစ်၏၊ အဘယ့်ကြောင့်ဟူမူ ရအပ်သော ပုဗ္ဗာဘိသင်္ခါရရှိသော ပဌမဇောစိတ်ဖြင့်သာလျှင် ထိခိုက်ခြင်း၏ အားရှိသည်၏အဖြစ်ကြောင့်တည်း၊ ထိုသို့ဖြစ်၍ အဏ္ဍရာဖြစ်ရာ၌ တည်သော ကမ္မဇပထဝီဓာတ်ကို ထိခိုက်ခြင်းငှာ ပဌမ ဇောသည် ထောက်ပံ့သဖြင့် အကျိုးမရှိဟု အဋ္ဌကထာဆရာသည် အဋ္ဌကထာ၌ ပုရိမစိတ္တ သမုဋ္ဌာနာယ ဥပတ္ထမ္ဘနကိစ္စမ္ပိ နတ္ထိဟု ဘွင့်ပြတော်မူ၏။ ပုရိမစိတ္တသမုဋ္ဌာနာယ၊ ရှေ့စိတ်ဖြစ်သော ပထဝီဓာတ်၏။ ဥပတ္ထမ္ဘနကိစ္စမ္ပိ၊ ထောက်ပံ့ခြင်းကိစ္စသည်လည်း။ နတ္ထိ၊ မရှိ။

ထိုသို့အဋ္ဌကထာ ဆရာတော်ဆိုသော စကားကိုသာရဖြင့် မှတ်ရမည်လောဟူမူ မူလဋီကာရှင်အာနန္ဒာသည် ဥပတ္တမ္ဘနံ နတ္ထိ၊ အတ္ထီတိ၊ ဝိစာရေတ္ဗာ ဂဟေတဗ္ဗံဟု ဘွင့်ပြတော်မူ၏။ ဥပတ္တမ္ဘနံ၊ ထောက်ပံ့ခြင်းသည်။ အတ္ထိ၊ ရှိသလော။ နတ္ထိ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ ဝိစာရေတ္ဗာ၊ စူးစမ်းဆင်ခြင်၍။ သောတုဇနေဟိ၊ စာသင်သားတို့သည်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဤသို့မူလဋီကာဆရာ ပယ်ချင်တော်မူခြင်းသည် အဋ္ဌကထာဆရာ ပြတော်မူအပ်သော ဥပတ္တမ္ဘန နှင့်ကင်း၍ ပဌမဇော စိတ်ကြောင့်ဖြစ်သော ပထဝီမာတ်သည် ထိခိုက်သော အခြင်းအရာအားဖြင့် ဖြစ်သည်ဟု အဓိပ္ပါယ်ရောက်ရကား တေန ဓာတု သံဃဋ္ဋနေန သဟေဝသဒ္ဒေါဥပ္ပဇ္ဇတိ ဟူသော နောက်စကားနှင့် နှီးနှော၍ ပဌမဇောကပင် အက္ခရာဖြစ်သည်ဟု အဓိပ္ပါယ်ကျ၍ ဇောခုနစ်ချက်သော် အက္ခရာခုနစ်လုံးဖြစ်၏ဟု အဓိပ္ပါယ်ရောက်သည်။

ထို့ကြောင့် မူလဋီကာဆရာတော်သည် နှစ်သက်တော်မမူလေ။ မူလဋီကာဆရာတော်၏ အလိုအားဖြင့် တခုသောဇောဝါရ၌ အကျုံးဝင်ကုန်သောစိတ်တို့သည် တလုံးသော အက္ခရာကိုဖြစ်စေကုန်၏ဟု မိန့်တော်မူသည်။

ထိုနှစ်ဝါဒတို့တွင် အဘယ်ဝါဒသည် သင့်သနည်းဟူမူ မူလဋီကာဆရာ၏ ဝါဒသည်သာလျှင် အလွန်အကြူး အထူးသဖြင့် သင့်ပေသည်ဟု အနုဋီကာဆရာ၏ အဓိပ္ပါယ်မြိတ်စကားရိပ်ထွက်တော့သည်။

ထို့ကြောင့်အနုဋီကာ၌ ပုရိမဇဝန သမုဋ္ဌိတာဟိ ဃဋ္ဋနာဟိ ပဋိလဒ္ဓါသေဝနေန သတ္တမဇဝနေန သမုဋ္ဌိတာ ဃဋ္ဋနာ ပရိဗျတ္တမက္ခရံ နိဗ္ဗတ္တေ တီတိ ဥပတ္တမ္ဘနံ နတ္ထီတိ နသက္ကာ ဝတ္တုံဟု ဘွင့်ပြ၏။

ပုရိမဇဝနသမုဋ္ဌိတာဟိ၊ ရှေ့ရှေ့၌ဖြစ်ကုန်သော ဇောတို့သည်ဖြစ်စေအပ်ကုန်သော။ ဃဋ္ဋနာဟိ၊ ထိပါးခြင်းတို့မှ။ ပဋိလဒ္ဓါသေဝနေန၊ ရအပ်သော ပုဗ္ဗာဘိသင်္ခါရရှိသော။ သတ္တမဇဝနေန၊ သတ္တမဇောသည်။ သမုဋ္ဌိတာ၊ ဖြစ်စေအပ်သော။ ဃဋ္ဋနာ၊ ထိပါးခြင်းသည်။ ပရိဗျတ္တံ၊ ထင်ရှားသော။ အက္ခရံ၊ အက္ခရာကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပတ္တမ္ဘနံ၊ ထောက်ပံ့ခြင်းကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။

ဤသို့ အနုဋီကာဆရာ ရှင်မွေ့ပါလသည် မူလဋီကာ နောက်သို့ လိုက်လျက် အဓိပ္ပါယ်ကိုပြပြီး၍ ရှင်မဟာဗုဒ္ဓဃောသကိုလည်းမျက်နှာကြီ

ဂုဏ်ကြီးသော ရောမပညာရှိကြီးဖြစ်၍ တင်းတင်းမာမာ မပယ်ဝန့်ရကား ရအပ်သော ပုဗ္ဗာဘိသင်္ခါရ ပြုပြင်ခြင်းအစရှိသော ပဉ္စမ ဇောစိတ် ဖြစ်လည်း ထိပါးအားကြီးသည်ဖြစ်၏။

ထို့ကြောင့်အဋ္ဌကထာ၌ ဥပတ္ထမ္ဘနကိစ္စံ နတ္ထိ ဟူ၍ ဆိုတော်မူ၏ဟု ဘွင့်ပြတော်မူခဲ့၏။ ဤသို့အနုဋီကာဆရာသည် မူလဋီကာ၏ အဓိပ္ပါယ် လည်းနှစ်ခြိုက် အဋ္ဌကထာ ဂုဏ်ကြီးသည်လည်း ဂုဏ်ကြီးသည်ဖြစ်၍ မပယ်မဖျက်လိုက်ဝံ့ ဤကဲ့သို့ဖြစ်လင့်၍ အဓိပ္ပါယ်စကား တင့်စေခြင်း အကျိုးငှာ သဗ္ဗမေတံ ဝိမံသိတွာ ဂဟေတဗ္ဗံ-ဟု ဘွင့်ပြတော်မူ၏။ ။ ဧတံသဗ္ဗံ၊ ဤအလုံးစုံကို။ ဝိမံသိတွာ၊ စူးစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဤသည်လျှင်အကျဉ်းသင်္ခေပ ဘွင့်ဆိုရေးသားခါပြအပ်သော ကာယဝိညတ် ဝစီဝိညတ်စကားနှစ်ရပ် အဓိပ္ပါယ် ဝိနိစ္ဆယမြတ် အပြီး သတ်လိုက်ပြီ။

## လဟုတာဒိတ္တယရုပ်ကိုပြခြင်း

ရူပဿ လဟုတာရုပ်ဟူ၍ စိတ္တဇ ဥတုဇ အာဟာရဇဟူသော တိသမု ဋ္ဌာနိက မဟာဘုတ် နိပ္ဖန္နရုပ်တို့၏ မလေးမနှံ့သည်၏ အဖြစ်တည်း ဟူသော လက္ခဏာရှိ၏၊ ဥပမာအားဖြင့် အနာကင်းသော ယောကျ်ား၏ ထိုမှဤမှ ပေါ့ပေါ့ပါးပါး ပြောင်းရွှေ့ပြန်လှန်ခြင်းဖြစ်၏ သို့မှတ်အပ်၏၊ ရူပဿမုဒုတာသည် တိသမုဋ္ဌာနိက မဟာဘုတ် နိပ္ဖန္နရုပ်တို့၏ ကြမ်းထမ်း ခက်ထရော်မရှိသည်၏ အဖြစ်တည်းဟူသော မှတ်ကြောင်းလက္ခဏာရှိ၏၊ ဥပမာအားဖြင့် ကောင်းစွာနယ်အပ်သော သားရေ၏ နူးညံ့ပျော့ပြောင်း ဘိ သကဲ့သို့တည်းဟု မှတ်အပ်၏၊ ရူပဿ ကမ္မညတာသည် ကိုယ်ဖြင့် ပြုအပ်သော အမှုကိစ္စတို့အား လျော်သည်၏အဖြစ်ဟု ဆိုအပ်သောအမှု၌ ကောင်းသည်၏ အဖြစ်တည်းဟူသော မှတ်ကြောင်း လက္ခဏာရှိ၏၊ ဥပမာအားဖြင့် ကောင်းစွာဦးပြီးသောရွှေစင်၏ တန်ဆာကြီးငယ်ပြုအပ် သောငှာ ကောင်းသည်လျော်သည် အဖြစ်ကဲ့သို့တည်းဟု မှတ်အပ်၏။

ဤ သုံးပါးတို့သည် အချင်းချင်း မစွန့်ကြကုန်၊ ထိုသို့ပင် မစွန့်ငြား သော်လည်း အနာကင်းသောသူ၏ ကိုယ်လက်ပေါ့ပါးသည်၏ အဖြစ် ကဲ့သို့ ရုပ်တို့၏ ပေါ့ပါးသည်၏ အဖြစ်ဟု ဆိုအပ်သော မလေးမနှံ့ သည်၏အဖြစ်,ပေါ့ပါးလျင်မြန် ပြောင်းရွှေ့ပြန်လှန်ခြင်း အထူးရှိသော ရုပ်၏လေးလံသည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့် ဖြစ်သော အကြင် ရုပ်

ဘောက်ပြန်ခြင်းသည် ရူပဿ လဟုတာမည်၏၊ ကောင်းစွာ နယ်အပ်သောသားရေ၏ နူးညံ့ဘိသကဲ့သို့ ရုပ်တို့၏နူးညံ့သည်၏အဖြစ်ဟု ဆိုအပ်သော အလုံးစုံသော ကိုယ်ဖြင့် ပြုအပ်သော ကိစ္စအထူးတို့၌ အလိုသို့ လိုက်တတ်သည်၏အဖြစ် နူးညံ့သည်၏ အဖြစ်ဟူသော အထူးထူး အပြားပြားရှိသောရုပ်၏ ကြမ်းထမ်း ခက်ထန်သည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော အကြောင်းကြောင့် ဖြစ်သော အကြင် ရုပ်၏ဘောက်ပြန်ခြင်းသည် ရူပဿမုဒုတာ မည်၏။ ကောင်းစွာ ဦးပြီးသော ရွှေစင်၏ တန်ဆာကြီးငယ် ပြုအပ်သောငှာ ကောင်းသည် လျော်သည်၏အဖြစ်ကဲ့သို့ ရုပ်တို့၏အမှု၌ ကောင်းသည် လျော်သည်၏ အဖြစ်ဟူသော အထူးအပြားရှိသော ကိုယ်ဖြင့် ပြုသော အမှုကိစ္စတို့အား မလျော်သည်၏အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖြစ်သော ရုပ်တို့၏ ဘောက်ပြန်ခြင်းသည် ရူပဿကမ္မညတာမည်၏။

ဤရုပ်သုံးပါးတို့ကို ကံသည် ပြုပြင်စီရင်ခြင်းငှာ မစွမ်းနိုင်၊ အာဟာရ စိတ် ဥတုသည်သာလျှင် စီရင်နိုင်၏၊ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၌ တောပန တိဿောပိ ကမ္မံ ကာတုံ နသက္ကောတိ အာဟာရာဒယော ကာရေန္တိ-ဟု ဘွင့်ပြတော်မူ၏။

ပန၊ ဆက်ဦးအံ့။တိဿောပိ၊ သုံးပါးအပြားရှိသည်လည်း ဖြစ်သော။ တောပိ၊ ထို ရူပဿလဟုတာ စသောရုပ်တို့ကို။ ကမ္မံ၊ ကံသည်။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကောတိ၊မစွမ်းနိုင်။ အာဟာရာဒယော၊ အာဟာရ စိတ် ဥတုတို့သည်သာလျှင်။ ကာရေန္တိ၊ပြုနိုင်ကုန်၏။

ထိုသို့အဋ္ဌကထာ ပြအပ်သည်နှင့်အညီ ယောဂီ ပုဂ္ဂိုလ်တို့သည်လည်း ယနေ့ ငါတို့သည် လျောက်ပတ်သော ဘောဇဉ်ကို ရကုန်ပြီ၊ ငါတို့၏ ကိုယ်သည်ပေါ့၏,နူးညံ့၏,အမှု၌ခံ့၏ ဟူ၍ဆို၏။ယနေ့လျောက်ပတ်သော ဘောဇဉ်ဥတုကိုရပြီ၊ယနေ့ ငါတို့၏ စိတ်သည် တည်ကြည်၏, ကိုယ်သည် ပေါ့၏,နူးညံ့၏, အမှု၌ခံ့၏ဟု ဆိုကြကုန်၏။　။ဤသည်လျှင် လဟုတာ ဒိတ္တယရုပ်ပြီးပြီ။

## ဥပစယသန္တတိရုပ်ကိုပြခြင်း

ဥပစယရုပ်သည် နိပ္ဖန္နရုပ်တို့၏ ရှေ့ဦးစွာ ဖြစ်ခြင်း ပဝတ္တိ လက္ခဏာ ရှိ၏၊သန္တတိရုပ်သည် ရုပ်တို့၏ ဆက်ခါဆက်ခါဖြစ်ခြင်း ပဝတ္တိလက္ခဏာ

ရှိ၏၊ ထိုနှစ်ပါးတို့တွင် ဥပစယဟူသည် နိပ္ဖန္နရုပ်တို့၏လက်ဦးအစဖြစ်ခြင်း ပွားသော သဘောတရား သာလျှင်တည်း။ မူလဋီကာ အလိုအားဖြင့် ဥပစယပုဒ်၌ အာစယ ဥပစယဟု ခွဲခြား၍ယူ၏၊ ယူပုံကား အာဒိတော စယော အာစယော။ ။အာဒိတော၊ လက်ဦးအစ၌။ စယော၊ ဖြစ်ခြင်းတည်း။ အာစယော၊လက်ဦးအစ၌ဖြစ်ခြင်း လက်ဦးအစရုပ်၏ ဥပါဒ်ခြင်း ဖြစ်ခြင်းကိုရ၏။ အာသဒ္ဒါ အာဒိအနက် စယသဒ္ဒါ ဥပ္ပါဒအနက်တည်း။ဥပရိ စယော ဥပစယော။ ဥပရိ၊ အထက်၌။ စယော၊ ပွားခြင်းတည်း။ ဥပစယော၊ အထက်၌ပွားခြင်း။ ဥပသိတ္ထံ၊ ပြယုဂ်ကဲ့သို့ ဥပသဒ္ဒါသည် ဥပရိ အတ္ထဝါစကတည်း။စယသဒ္ဒါ ဝုဍ္ဎိဝါစကတည်း။

တနည်း ပဌမံ စယော ဥပစယော။ ပဌမံ၊ ရှေးဦးစွာ။ စယော ဥပတ္တိ၊ ဖြစ်ခြင်းတည်း။ ဥပစယော၊ရှေးဦးစွာ ဖြစ်ခြင်း။ ဥပညတ္တံ၊ ပြယုဂ်ကဲ့သို့ ဥပသဒ္ဒါ ပဌမအနက် စယသဒ္ဒါ ဥပ္ပါဒအနက်သာတည်း။

ထိုသို့ မူလဋီကာဆရာ ပြဆိုခဲ့သည်ရှိသော် အဘယ့်ကြောင့် အဋ္ဌကထာဆရာတို့သည် ဥပစယသန္တတိဟူ၍ နှစ်ပါးကိုသာ ပြလေသနည်း၊ မူလဋီကာဆရာကဲ့သို့ အာစယ ဥပစယ သန္တတိ-ဟု သုံးပါးပြသင့်သည် မဟုတ်ပါလောဟူမူ အဋ္ဌကထာ ဆရာတို့သည်ကား ရှေးဦးစွာ ဖြစ်ခြင်း ဟူသော အာစယကို ဥပစယသဒ္ဒါဖြင့် အတူပြု၍ ဆိုတော်မူ၏ဟု ဖြေဆိုအပ်၏။ထို့ကြောင့်မူလဋီကာ၌ တတ္ထ ဥဒ္ဒေသေ အဝုတ္တောပိ အာစယော ဥပစယသဒ္ဒေနေဝ ဝိညာယတိ-ဟူ၍ ပြ၏။

တတ္ထ၊ ထိုအဋ္ဌကထာ၌။ ဥဒ္ဒေသေ၊ ဥဒ္ဒေသပါဠိတော်၌။ အဝုတ္တောပိ၊ မဟောအပ်သော်လည်း။ အာစယော၊ ရှေးဦးစွာဖြစ်ခြင်းဟု ဆိုအပ်သော အာစယကို။အာစယဥပစယသဒ္ဒေနေဝ၊နိဒ္ဒေသ၌ ဟောတော်မူအပ်သော အာစယ ဥပစယသဒ္ဒါဖြင့် သာလျှင်။ ဝိညာယတိ၊ သိအပ်၏။ ဣတိ၊ ဤသို့ နှလုံးသွင်းခြင်းပြု၍။သင်္ဂဟကာရော၊ အဋ္ဌကထာဆရာသည်။ ယော အာယတနာ ဝံ။ပ။ ဥပစယောတိ၊ဟူ၍။ အာဟ၊မိန့်တော်မူ၏။

ဤသို့မူလဋီကာဆရာ,အဋ္ဌကထာဆရာ၏ အယူဝါဒဆိုပုံ အခြင်းအရာ အာကာရကိုပြပြီး၍မိမိ၏အယူဝါဒအားဖြင့် ပြဆိုဟန်ကား-ဤသို့ အဋ္ဌကထာ ပြဆိုအပ်သော်လည်း ဥဒ္ဒေသပါဠိတော်၌ ဥပသဒ္ဒါသည် ရှေးဦးစွာသောအနက် ပဌမတ္ထဝါစက၊ အထက်ဟူသော အနက် ဥပရိအတ္ထဝါစက၊ နှစ်နက်ပြု၍ အစ၌ပြုခြင်းသည် ဥပစယ၊အထက်၌ ပွားခြင်းသည် သန္တတိ၊ ဤသို့ သိအပ်၏။ ဤသို့ ဆိုအပ်သည်မှတပါး ဥပသဒ္ဒါ၏ ဥပရိ

အနက်တပါးကိုသာ ယူခဲ့သည်ရှိသော် အာစယဟု ဆိုအပ်သော ရှေဦး စွာဖြစ်ခြင်းကို ဥဒ္ဒေသ၌ မဟောအပ်သည်၏အဖြစ်သို့ ရောက်ခဲ့ရာ၏။

ဤသည်လျှင် အာစယဥပစယအထူးတည်း။သန္တတိ-ဟူသည် နိပ္ဖန္နရုပ် တို့၏ပွားခြင်းတည်း၊အထက်ထက်၌ အစဉ်မပြတ် စပ်ခါစပ်ခါ ဖြစ်သော ကာလ၌ ပွားခြင်းသည်သာလျှင်တည်း။ သမ္ဗန္ဓော ဟုတ္ဝာ တနိယတေ သန္တတိ။သမ္ဗန္ဓော ဟုတွာ တနိယဝေ၊ အဆင့်ဆင့် စေ့စပ်ဖွဲ့ယှက်သည် ဖြစ်၍ ကျယ်ခြင်း, ပြန့်ခြင်း။

**ဥပစယ သန္တတိ ရုပ်နှစ်ပါးတို့၏ အထူးကို ခွဲခြား၍ပြခြင်း**

တဘဝတည်းတွင်ရှေ့ကမဖြစ်ဘူးသောရုပ်တို့၏ရှေ့ဦးစွာဖြစ်ခြင်းသည် ဥပစယမည်၏၊ တကြိမ်ဖြစ်ဘူး၍ တဘန်ထိုနောက်ရုပ်တို့၏ ဖြစ်စဉ်သည် **သန္တတိ** မည်၏၊ ထိုသို့မည်ဟန်ကား ဂဗ္ဘသေယျက သတ္တဝါတို့၏ ကာယဒသက ဝတ္ထုဒသက ဘာဝဒသက ကမ္မဇကလာပ်သုံးစည်တို့၏ ရှေ့ဦးဖြစ်စသည် ဥပစယ၊ တဘန်ထပ်၍ဖြစ်စဉ်သည် သန္တတိ၊ပဋိသန္ဓေ၏ ဌီကာလ၌ ဥတုဇရုပ်တို့၏ ရှေ့ဦးဖြစ်စသည် ဥပစယ၊ ၎င်းရုပ်တို့၏ ထပ်၍ ဖြစ်စဉ်သည် သန္တတိ၊ ပဋိသန္ဓေနောင် ပဌမဘဝင် ဥပါဒ်ခဏ၌ စိတ္တဇ ရုပ်တို့၏ ရှေ့ဦးစွာဖြစ်စသည် ဥပစယ၊ ၎င်းတို့၏ ဒုတိယဘဝင်စသည်တို့၌ ဖြစ်စဉ်သည် သန္တတိ မည်၏။ မဟိဒ္ဓသြဇာနှံ့သောကာလ၌ အာဟာရဇ ရုပ်တို့ရှေ့ဦးဖြစ်စသည် ဥပစယ၊ ၎င်းရုပ်တို့၏ နောက်ပြီးတဖန် ဆက်ခါ ဆက်ခါ ဖြစ်စဉ်သည် သန္တတိ၊ မိမိတို့ကာလသို့ရောက်၍ စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသကတို့၏ ရှေ့ဦးစွာ ဖြစ်စသည် ဥပစယ၊ နောက်ပြီးတဘန် ဆက်ခါဆက်ခါ ဖြစ်စဉ်သည် သန္တတိ မည်၏။

ဤသည်လျှင် ဂဗ္ဘသေယျက သတ္တဝါတို့အား ကံစိတ်ဥတုအာဟာရ ရုပ်တို့၌ ဥပစယ သန္တတိ ယူပုံအရ သရူပအခွဲတည်း။ သံသေဒဇ သြပပါတိက သတ္တဝါတို့၌ကား ပဋိသန္ဓေခဏဝယ် ရုပ်တို့၏ ဥပါဒ်သည် ဥပစယမည်၏၊ ထိုမှနောက်၌ စုတိတိုင်အောင် နိပ္ဖန္နရုပ်တို့၏ ဖြစ်စဉ်သည် အဆင့်ဆင့်စေ့စပ်သဖြင့် ကျယ်ခြင်းပြန့်ခြင်းဟူသော ဖြစ်စဉ်ဖြစ်သော ကြောင့် သန္တတိ မည်၏ဟုမှတ်လေ။ ဤသည်လျှင် အဘိဓမ္မာဝတာရ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဋီကာကျမ်းအတွက်တည်း။

အာစယ ဥပစယ သန္တတိ ရုပ်တို့၏ ဖြစ်ပုံကိုဥပမာပြဦးအံ့။ မြစ်ကမ်း ဦးစ သဲသောင်ပြင်ဌာန၌ တူးသောလက်ယက်တွင်းငယ်၌ ရေထွက်သော

ဣစ္ဆာသယ ၄၈၈-၁၀

ကာလကဲ့သို့ရုပ်တို့၏ လက်ဦးစွာဖြစ်ခြင်း အာစယကိုမှတ်အပ်၏၊ ရေပြည့်သောကာလကဲ့သို့ ရုပ်တို့၏အထက်၌ပွားခြင်း ဥပစယကိုမှတ်အပ်၏၊လွှမ်းမိုး၍စီးသွားသော ကာလကဲ့သို့ ရုပ်တို့၏အစဉ်မပြတ် ဆက်ကာဆက်ကာဖြစ်ခြင်းကိုမှတ်အပ်၏။ ဤဥပမာကား အဋ္ဌကထာဆရာ ပြအပ်သောဥပမာတည်း။

ထိုဥပစယ သန္တတိ နှစ်ပါးအပေါင်းသည် ဇာတိရုပ်အမည်သာလျှင်တည်း၊ ယင်းသို့ဇာတိရုပ်တပါးတည်း၏အမည်ဖြစ်လျက် အဘယ့်ကြောင့်နှစ်ပါးခွဲသနည်းဟူမူ ဖြစ်သောခြင်းရာထူးသောအားဖြင့်၎င်း၊ ဝေနေယျတို့၏အစွမ်းအားဖြင့်၎င်း ဥပစယ သန္တတိ ဟူ၍ခွဲခြား၍ ဟောတော်မူအပ်၏။ ထို့ကြောင့်အဋ္ဌသာလိနီ အဋ္ဌကထာ၌ အာကာရနာနတ္တေန ပန ဝေနေယျဝသေနစ ဥပစယော သန္တတိတိ ဥဒ္ဒေသဒေသနံ ကတွာ ယသ္မာ ေတ္တ အတ္ထတောနာနတ္တံ နတ္ထိဟု ဘွင့်ပြ၏။

ပန၊ ထိုဇာတိ၏ အမည်သာဖြစ်သော်လည်း။ အာကာရနာနတ္တေန၊ ဖြစ်သောခြင်းရာ ထူးသောအားဖြင့်၎င်း။ ဝေနေယျဝသေနစ၊ ဝေနေယျ၏ အစွမ်းအားဖြင့်၎င်း။ ဥပစယောသန္တတိတိ၊ဥပစယ သန္တတိဟူ၍။ ဥဒ္ဒေသဒေသနံ၊ ဥဒ္ဒေသပါဠိတော်၌ ဟောကြားသောဒေသနာကို။ ကတွာ၊ ပြုပြီး၍။ ေတ္တ၊ ဤဥပစယသန္တတိ နှစ်ပါး၌။ အတ္ထတော၊ သရုပ်သဘောအနက်အားဖြင့်။ နာနတ္တံ၊ ထူးသည်၏အဖြစ်သည်။ယသ္မာ၊အကြင်ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ မိန့်အပ်ဟောအပ်၏။ ဤသည်လျှင် ဥပစယသန္တတိရုပ် ပြီး၏။

## ဇရတာရုပ်ကိုပြခြင်း

ဇရတာရုပ်ဟူသည် ရင့်ရင်းခြင်း ဟောင်းခြင်းဟူ၍ မှတ်အပ်သော တည်ခြင်း၏ အခိုက်အတန့်သည် သာလျှင်တည်း။ ။ဥပမာအားဖြင့် ကောက်ပဲပင်၏ ဟောင်းမြင်းခြင်း ကဲ့သို့တည်း။ ရုပ်တို့၏ ဟောင်းခြင်း ရင့်ခြင်း ရူပ ပရိပါကလက္ခဏာရှိ၏၊ ထိုဇရာ၏ အပြားကိုကား ဤသို့သိအပ်၏။ပါကဋဇရာ ပဋိစ္ဆန္နဇရာဟုနှစ်ပါးရှိ၏၊ထိုနှစ်ပါးတို့တွင်ရုပ်တရားတို့ဇရာသည် ဆံဖြူခြင်း သွားကျိုးခြင်း စသည်ဖြစ်၍ ဘောက်ပြန်ခြင်း သိသာ ထင်ရှားသောကြောင့် ပါကဋဇရာ မည်၏။ နာမ်တရားတို့၏ ဇရာသည် ဘောက်ပြန်ခြင်း မထင်ရှားသောကြောင့် ပဋိစ္ဆန္နဇရာမည်၏။ ထိုနှစ်ပါးတို့တွင် ပါကဋဇရာသည်လည်း သွား ခြေသည်း လက်သည်းတို့၏ ကျိုးပဲ့ပျက်စီးခြင်းဟူသော ခဏ္ဍိစ္စဇရာ ဆံအမွေးတို့၏ ပကာတိ

အဆင်းမှ တောက်ပြောင်၍ ဥဇျိုင်းအတူဖွေးဖွေးဖြူခြင်းဟူသော ပါလိစ္စဇရာ အရေတို့တွန့်လိမ်ခြင်းဟူသော ဝလိတ္တစတာဇရာအားဖြင့် သုံးပါးအပြား ရှိ၏။ ထိုသုံးပါးသော ပါကဋဇရာတို့ကို ဤနေရာ၌ အလိုရှိအပ်၏။ ထိုသို့သွားကျိုးခြင်း ဆံဖြူခြင်းစသည်ကား ပကတိသော စက္ခုဖြင့် သိနိုင် သောကြောင့် ရူပါရုံသာတည်း၊ ဇရာမဟုတ်ကုန်၊ ဇရာကိုစက္ခုဝိညာဉ်ဖြင့် မသိမမြင်ကောင်းကုန် ဟူ၍မှတ်။

ထို့ကြောင့် အဋ္ဌကထာ၌ နဟိ ဇရာ စက္ခုဝိညေယျာ ဟောတိ–ဟု ဘွင့်ပြ၏။ ဟိသစ္စံ၊ထိုစကားသည်မှန်၏။ဇရာ၊ဇရာသည်။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကောင်းသည်။ နဟောတိ၊မဖြစ်။ ဇရာကို မနော ဒွါရဖြင့် သိကောင်း၏ ဟူလို။ အဘယ့်ကြောင့် ဟူမူ ကျိုးသောသွား ဖြူသောဆံစသည်ကို မြင်သဖြင့် ဤသွားစသည် တို့သည် ဇရာ နှိပ်စက် သောကြောင့် ကျိုးပဲ့ခြင်းစသည်ဖြစ်ကုန်၏ဟု ကြံဆ၍သာ သိအပ်သော ကြောင့်တည်း။ လောကူပမာ အားဖြင့် သစ်ပင် စသည်တို့၌ ဖွဲ့ချည်စိုက် ထားသောအလံ ပန်းတုံးစသော အမှတ်ကိုမြင်သဖြင့်အောက်၌ရေရှိသည် ၏ အဖြစ်ကိုသိသကဲ့သို့တည်း၊ ပါကဋဇရာတည်း။

ပဋိစ္ဆန္န ဇရာသည်လည်း အသက်၏ ယုတ်လျော့ ကုန်းခန်းခြင်း ဟူသော အာယုသံဟာနိဇရာ၊ စက္ခုစသောဣန္ဒြေတို့၏ ရင့်ရော်နောက် ကျုခြင်း ဟူသော ဣန္ဒြိယပရိပါကဇရာ–ဟူ၍ နှစ်ပါးရှိ၏။ တနည်း ဇရာသည် အဝိစိဇရာ သဝိစိဇရာ–ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် သဝိညာဏက၌ ပျိုနုသောသူစသည်တို့၏ တောက်ပြောင်သော အဆင်းထူး စသည်ကို သိနိုင်ခဲသောကြောင့် ထိုဝတ္ထု၌ ဇရာသည် အဝိစိဇရာမည်၏။ အဝိညာဏက၌ လှည်းအို, လှေအို,သစ်ပင်အို စသည်တို့၏ရင်း သဝိညာ ဏက၌ သူအိုစသည်တို့၏ရင်း တောက်ပြောင်သော အဆင်းထူးကို သိသာ လွယ်သောကြောင့် ထိုဝတ္ထု၌ ဇရာသည် သဝိစိဇရာမည်၏။ ရူပဿ ဇရတာရုပ်ကို ပြခြင်းပြီး၏။

## အနိစ္စတာရုပ်ကိုပြခြင်း

အနိစ္စတာရုပ်ဟူသည် အကြောင်း အားလျော်စွာဖြစ်၍ အစဉ်မတည် ပျက်ခြင်းသဘောအားဖြင့် မြဲသည်မဟုတ်သော သဘောရှိသော ရုပ်၏ အဖြစ်သာလျှင်တည်း။ အနိစ္စတာရုပ်သည် ရုပ်တို့၏ ထက်ဝန်းကျင်အား ဖြင့် ပျက်ခြင်းဟူသော မှတ်အပ်သော ပရိဘေဒလက္ခဏာရှိ၏။ ဥပမာ

အားဖြင့် ရေဒ္ဓရေးသည့်အမှတ် အရေးကဲ့သို့တည်း။ဤအနိစ္စတာ ဟူသည် ပင်လျှင် မရဏတရားမည်၏။

ထိုမရဏတရားသည် ခဏိကမရဏ, သမုတိမရဏ, သမုစ္ဆေဒမရဏ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ပဝတ္တိအခါဝယ် ခဏ်သိမ်းသော ရုပ်နာမ်တရားတို့၏ ပျက်ခြင်းဘင်ခဏသည် ခဏိကမရဏမည်၏၊ တိဿ သေသည် ဖုဿသေသည် စသည်ဖြင့် ခေါ်ဝေါ်အပ်သော မရဏသည် သမုတိမရဏမည်၏၊ ပရမတ္ထအားဖြင့်ကား သတ္တဝါသေသည်ဟု မရှိ။ ခဏ်သိမ်းသော စုတိခန္ဓာ၏ ဘင်ခဏသာတည်း၊ တဖန် ပဋိသန္ဓေနေခြင်း မရှိသော ရဟန္တာပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန်ပြုခြင်းဟူသော စုတိခန္ဓာစုတို့၏ ပျက်ခြင်းသည် သမုစ္ဆေဒမရဏမည်၏။

ထိုသုံးပါးတို့တွင် သမုတိမရဏသည် ဘဝကုန်၍ သေခြင်း ဇာတိက္ခယ မရဏ၊တစုံတခုသောပယောဂဖြင့်သေခြင်း ဥပက္ကမမရဏ၊အသက်ကုန်၍ သေခြင်း အာယုက္ခယမရဏ၊ ကောင်းမှုကုန်၍ သေခြင်း ပုညက္ခယမရဏ အားဖြင့် လေးပါးတည်း။ ။ဤသည်လျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာအထွက် တည်း။

ဤသို့ ပြဆိုအပ်ပြီးသော ဇရတာ အနိစ္စတာရုပ်ကို ပင်လျှင် ရောဂ ရုပ်ဟု အဋ္ဌကထာဆရာပြတော်မူ၏။ ထိုကြောင့် အဋ္ဌကထာ၌ ဇရတာ အနိစ္စတာဟိ ရောဂရူပံ ဂဟိတမေဝ အညံ့ ရောဂရူပံနာမ နတ္ထိ-ဟု ဘွင့်ပြ၏။ဇရတာ အနိစ္စတာဟိ၊ဇရတာ အနိစ္စတာရုပ်တို့ဖြင့်။ ရောဂရူပံ၊ ရောဂရုပ်ကို။ ဂဟိတမေဝ၊ ယူအပ်သည်သာလျှင်တည်း။ အညံ၊ ဇရတာ အနိစ္စတာမှ တပါးသော။ ရောဂရူပံနာမ၊ ရောဂရုပ်မည်သည်။ နတ္ထိ၊မရှိ။ ဇရတာ အနိစ္စတာရုပ်ပြီး၏။

## လက္ခဏရုပ်မည်ဟန်ကိုပြခြင်း

ဤဥပစယသန္တတိရုပ် ဇရတာအနိစ္စတာရုပ် လေးခုသည် နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်းဟု ဆိုအပ်သော အခိုက်အတန့်၏အစွမ်းအား ဖြင့် မှတ်အပ်သောကြောင့် လက္ခဏရုပ်မည်၏။လက္ခီယတေ အနေနာတိ လက္ခဏံ။ လက္ခဏမေဝ ရူပံ လက္ခဏရူပံ။ အနေန၊ ဤဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်းဟု ဆိုအပ်သော အခိုက်အတန့် အထူးဖြင့်။ လက္ခီယတေ၊ မှတ် အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။လက္ခဏံ၊ လက္ခဏမည်၏။လက္ခဏမေဝ၊ အခိုက်အတန့် အထူးဖြင့် မှတ်အပ်သော နိပ္ဖန္နရုပ်ပင်လျှင်။ လက္ခဏံရူပံ၊ လက္ခဏရုပ်မည်၏။ဤသို့ပြအပ်ပြီးသော ရုပ်ဆယ်ပါးသည် ကံအစရှိသော

အကြောင်းတို့ဖြင့် မပြီးသောကြောင့် အနိပ္ဖန္နရုပ် မည်၏။ ထိုကြောင့် ဒီပနိ၌ ကမ္မာဒိ ပစ္စယေဟိ နနိပ္ဖါဒိယန္တေတိ အနိပ္ဖန္နံ။ ယေ၊ အကြင် ရုပ်တို့သည်။ကမ္မာဒိပစ္စယေဟိ၊ကံအစရှိသော အကြောင်းတို့ဖြင့်။နနိပ္ဖါဒိ ယန္တေ၊ မပြီးနိုင်ကုန်။ ဣတိတသ္မာ၊ ထိုကြောင့်။ တေ၊ ထိုရုပ်တို့သည်။ အနိပ္ဖန္နံ၊အနိပ္ဖန္နရုပ်မည်၏။ ထိုမှပြန်သောအားဖြင့် နိပ္ဖန္နရုပ်ခေါ်ဝေါ်ပုံကို သိလေကုန်။

ဤဆယ်ပါးသော ရုပ်သည် အနိပ္ဖန္နရုပ် အမည်ရှိသော အသင်္ခတ သဘောတရား နိဗ္ဗာန်များကဲ့သို့ ဖြစ်ရကား ရုပ်ဟု မခေါ်ဝေါ်နိုင်ဟု မေးငြားအံ့၊ နိဗ္ဗာန်ကဲ့သို့မဟုတ်၊ ရုပ်သည်သာခေါ်ဝေါ်အပ်၏၊ အဘယ့် ကြောင့်ဟူမူ တဆယ့်ရှစ်ပါးသော နိပ္ဖန္နရုပ်တို့၏ သဘောကိုလွန်၍ မဖြစ် နိုင်သောကြောင့်တည်း၊ အဋ္ဌကထာကြီးအထွက်သာတည်း။

ဤအတူ သစ္စသင်္ခေပ အဋ္ဌကထာခေါ်သောလက်သန်း စာတော် တို့၌လည်း–ယထာ သင်္ခတမ္ဗောနံ လက္ခဏံ သင်္ခတံ၊ တထာ ပရိစ္ဆေဒါဒိ ကံ ရူပံ တဗ္ဗာတိ မနတိက္ကမာ။ ။သင်္ခတမ္ဗောနံ၊ အကြောင်းတို့သည် ပြုပြင်အပ်သော သင်္ခတ တရားတို့၏။ လက္ခဏံ၊ ဇာတိဇရာမရဏဟူသော လက္ခဏတရားသည်။ သင်္ခတံယထာ၊ သင်္ခတ မည်သကဲ့သို့။ တထာ၊ ထို့အတူ။ပရိစ္ဆေဒါဒိကံ၊အာကာသဓာတ်အစရှိသောရုပ်သည်။တဗ္ဗာတိ မနတိက္ကမာ၊ ထိုနိပ္ဖန္နတို့၏သဘောကို မလွန်ဆန်နိုင်သောကြောင့်။ ရူပံ၊ ရုပ်မည်၏။

## ပုဏ္ဏာနယငုတ် မှတ်ဘို့ရန်လင်္ကာအချုပ် ထုတ်နှုတ်ကာပြခြင်း

မေး။ ။ဝိသယ ဂေါစရ၊ ထိုနှစ်ဝ၊ အရဘယ်သို့ထူးသနည်း။

ဖြေ။ ။အာရုံတပါးမဖြစ်၊ များစွာဖြစ်၊ ခဲစစ်ဌီကာပြသတည်း။

စက္ခုဝိညာဉ်စိတ်၏ တပါးသောအာရုံ၌မဖြစ်ခြင်းသည်ဝိသယမည်၏၊ ထိုရူပါရုံ၌ ကြိမ်ဖန်များစွာ ဖြစ်ခြင်းရှိသည်၏ အဖြစ်သည် ဂေါစရရုပ် မည်၏၊ အထူးတည်း။ ဤသည်လျှင် ဝိသယရုပ် ဂေါစရရုပ်ခေါ်ရာ နာမဝိသေသ အပြတည်း။

ထိုကြောင့် မူလဋီကာ ဝိသုဒ္ဓိမဂ် မဟာဋီကာတို့၌ ဝိသယဂေါစရာနံ ဝိသေသော အနညတ္ထဘာဝေါ တဗ္ဗဟုလဝါရိတာစ စက္ခုဝိညာဏဿဟု ဘွင့်ပြ၏။ စက္ခုဝိညာဏဿ၊ စက္ခုဝိညာဉ်၏။ အနညတ္ထဘာဝေါစ၊

(ရုပ် ၂၈-ပါး သရုပ်ခွဲ ဇယားကွက်ပုံ) ရုပ် ၂၈-ပါး သရုပ်ခွဲ ဇယားထွက်ပုံ။

| ရုပ်အမည် | အမည်ထူး | ဖြစ်ကြောင်း | ကလာပ် | ဘုံ | ချို-မချို | သနိဒဿန-ပဝတ္တိ | ပစ္စည်း | မရသော ပစ္စည်းစု |
|---|---|---|---|---|---|---|---|---|
| ပထဝီ | မုတရုပ် | စတုဇရုပ် | ၂၀ | ၂၇ | ချို | ၂ | ၁၀ | အာ-မိ-ဟာ-ည-ဥ-ပု-ဝိပ္ပ-အတ္ထိ။ |
| အာပေါ | ဝိညာတရုပ် | ၎င်း | ၂၀ | ၂၇ | ၎င်း | ၂ | ၁၀ | ၎င်း-အဝိ။ |
| တေဇော | မုတရုပ် | ၎င်း | ၂၀ | ၂၇ | ၎င်း | ၂ | ၁၀ | ၎င်း |
| ဝါယော | မုတရုပ် | ၎င်း | ၂၀ | ၂၇ | ၎င်း | ၂ | ၁၀ | ၎င်း |
| စက္ခု | ဝိညာတရုပ် | ကေဇ | ၁ | ၂၆ | ၎င်း | ၂ | ၉ | အာ-မိ-နိ-ဥ-ပု-ဈာန်-ဝိပ္ပ-အတ္ထိ-အဝိ။ |
| သောတ | ၎င်း | ကေဇ | ၁ | ၂၆ | ၎င်း | ၂ | ၉ | ၎င်း |
| ဃာန | ၎င်း | ၎င်း | ၁ | ၁၁ | ၎င်း | ၂ | ၉ | ၎င်း |
| ဇိဝှါ | ၎င်း | ၎င်း | ၁ | ၁၁ | မချို | ၂ | ၉ | ၎င်း |
| ကာယ | ၎င်း | ၎င်း | ၁ | ၁၁ | မချို | ၂ | ၉ | ၎င်း |
| ရူပ | ဒိဋ္ဌရုပ် | စတုဇ | ၂၀ | ၂၇ | ချို | ၂ | ၆ | အာ-မိ-ဥ-ပု-ထွိ-အဝိ။ |
| သဒ္ဒ | သုတရုပ် | ဒွိဇ | ၄ | ၂၆ | မချို | ပဝတ္တိ-၁ | ၆ | ၎င်း |
| ဂန္ဓ | မုတရုပ် | စတုဇ | ၂၀ | ၂၇ | ချို | ၂ | ၆ | ၎င်း |
| ရသ | မုတရုပ် | စတုဇ | ၂၀ | ၂၇ | ၎င်း | ၂ | ၆ | ၎င်း |
| ဣတ္ထိန္ဒြေ | ဝိညာတရုပ် | ကေဇ | ၁ | ၁၁ | ၎င်း | ၂ | ၆ | ၎င်း |
| ပုရိသိန္ဒြေ | ၎င်း | ကေဇ | ၁ | ၁၁ | ၎င်း | ၂ | ၆ | ၎င်း |
| ဟဒယ | ၎င်း | ၎င်း | ၁ | ၁၆ | မချို | ၂ | ၁၀ | အာ-မိ-ဟာ-ည-နိ-ဥ-ပု-ဝိပ္ပ-ထွိ-အဝိ။ |
| ဇီဝိတ | ၎င်း | ၎င်း | ၁ | ၁၇ | မချို | ၂ | ၇ | အာ-မိ-ဥ-ပု-ဟာ-ထွိ-အဝိ။ |
| အာဟာရ | ၎င်း | စတုဇ | ၂၀ | ၁၂ | ချို | ၂ | ၇ | ၎င်း |
| အာကာသ | ၎င်း | စတုဇ | မ | ၂၇ | မချို | ၂ | ၂ | အာ-ဥ-ရသော ပစ္စည်း။ |
| ဝိညတ္တိဒွေ | ၎င်း | ကေဇ | ၂ | ၂၆ | ၎င်း | ပဝတ္တိ-၁ | ၂ | ၎င်း |
| ဝိကာရ | ၎င်း | တိဇ | ၆ | ၂၇ | ၎င်း | ၎င်း | ၂ | ၎င်း |
| ဥပစယသန္တတိ | ၎င်း | အနေကဇ | မ | ၂၇ | ၎င်း | ၂ | ၂ | ၎င်း |
| ဇရတာအနိစ္စတာ | ၎င်း | အနေကဇ | မ | ၂၇ | ၎င်း | ပဝတ္တိ-၁ | ၂ | ၎င်း |

အနိန္ဒြိယဗဒ္ဓရုပ် ဟူသမျှမှာမူကား သ-ည-နိဿယ-အတ္ထိ-အဝိဂတ ၅-ပစ္စည်းသာ ရ၏ဟုမှတ်။
အဋ္ဌဝီသ-ရုပ်ရူပ-သရူပ နိဋ္ဌိတာ။

တပါးသောအာရုံ၌ မဖြစ်ခြင်းငှင်း။ တဗ္ဗဟုလဝါရိတာစ၊ ထိုရူပါရုံ၌ များစွာဖြစ်ခြင်းရှိသည်၏ အဖြစ်သည်ငှင်း။ ဝိသယဂေါစရာနံ၊ ဝိသယ သဒ္ဒါ ဂေါစရသဒ္ဒါတို့၏။ ဝိသေသော၊ အထူးတည်း။

မေး။ ။ဗလ သဏ္ဌဝ၊ ရုပ်အရ၊ နှစ်ဝဘယ်သို့ထူးသနည်း။
ဖြေ။ ။ဗလဝရုပ်မှာ၊ ဝါယောသာ၊ သဏ္ဌဝါ အာပေါတည်း။

ဝါယောဓာတုယာ ဟိ ဂဟိတာယ ဗလရူပံ ဂဟိတမေဝ၊ အညံ့ ဗလရူပံနာမ နတ္ထိ အာပေါဓာတုယာ သဏ္ဌဝရူပံဟု ဘွင့်ပြ၏။ (အဋ္ဌကထာ) ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဝါယောဓာတုယာ၊ဝါယော ဓာတ်ကို။ ဂဟိတာယ၊ ယူအပ်သည်ရှိသော်။ ဗလရူပံ၊ ဗလရုပ်ကို။ ဂဟိတမေဝ၊ ယူအပ်သည် သာလျှင်တည်း။ အညံ၊ ဝါယောဓာတ်မှ တပါးသော။ ဗလရူပံနာမ၊ ဗလရုပ်မည်သည်။ နတ္ထိ၊ မရှိ။ အာပေါ ဓာတုယာ၊ အာပေါဓာတ်၏။ သဏ္ဌဝရူပံ၊ သဏ္ဌဝရုပ်ကို။ ဂဟိတံ၊ ယူအပ်၏။ ဤရုပ် နှစ်ပါးတို့တွင် ဗလဟူသည် ခွန်အား ဗလဟု မှတ်အပ်၏။

ကာယဗလဟူသည်လည်း ဝါယောဓာတ်၏ ဖြစ်ခြင်း အရာအထူး သာတည်း။ ကာယဗလံနာမ အတ္ထတော ဝါယောဓာတုယာ ပဝတ္တိ အာကာရဝိသေသော။ ။ဋီကာကိုထောက်။ (မှတ်ချက်) သဏ္ဌဝရုပ် ဟူသည် သုက်ဓာတ်ကို မှတ်အပ်၏။ မာတုဂါမတို့အားလည်း သုက်ဓာတ် ရှိသည်သာလျှင်တည်း။

ဆန္ဒရာဂုပ္ပတ္တိဝသေန ဇုတ္တိယာ သုက္ကကောဋ္ဌာသော ခလိတော ဟောတိ။ သာရတ္ထဒီပနီ ဝိနည်းဋီကာကို ထောက်ရှု မှတ်သားလေ။ ရူပ သမုဒ္ဒေသ နှစ်သာရ ဝိနိစ္ဆယပြီးကုန်ပြီ။

## ရူပသမုဒ္ဒေသ၌ ပဟောဋ္ဌိဂါထာကိုပြခြင်း

ကောနုဝီသတိ ဇုတ္တိယော၊ နှာနတ္တာယ နဒိံ ဂတာ။
တာသွေကံ ကုမ္ဘိလောဂဏှိ၊ ဝီသတိ ဃရမာဂတာ။

ကောနုဝီသတိဇုတ္တိယော၊ တကျိပ်ကိုးယောက်သော မိန်းမတို့သည်။ နှာနတ္တာယ၊ ရေချိုးခြင်းအလို့ငှာ။ နဒိံ၊ မြစ်ဂင်္ဂါသို့။ ဂတာ၊ သွားကြကုန်၏။ တာသု၊ ထိုတကျိပ်ကိုးယောက်တို့တွင်။ ဧကံ၊ တယောက်သော မိန်းမကို။ ကုမ္ဘိလော၊ မိကျောင်းသည်။ ဂဏှိ၊ ဘမ်းယူလေ၏။ ဝီသတိ၊ နှစ်ကျိပ်သောမိန်းမတို့သည်။ ဃရံ၊မိမိအိမ်သို့။ အာဂတာ၊ပြန်ခဲ့၏။

## ၎င်းပဟောဋ္ဌိဂါထာပါဠိအရ ဝိသဇ္ဇနာအပြသော်ကား

သတ္တဝါတို့အား ပဋိသန္ဓေ အခါဝယ် ကမ္မဇရုပ် တဆယ့်ကိုးပါးတို့သည် ဖြစ်၍ ပဝတ္တိအခါကျသည်ရှိသော် ဇာတိရုပ် ချုပ်ခဲ့လေသော် ဥပစယ သန္တတိ အမည်နှစ်ပါးရသောကြောင့် နှစ်ဆယ်ဖြစ်၍ နှစ်ကျိပ် ဟု ဆိုအပ်လေသည်ဟု မှတ်အပ်၏။

ထိုကြောင့် သင်္ဂဟအဋ္ဌကထာ၌။ ။ဇာတိရူပမေဝ ပနေတ္ထ ဥပစယ သန္တတိနာမေန ပဝုစ္စတိ-ဟု မိန့်တော်မူ၏။၍သည်လျှင် ရူပသမုဒ္ဒေသ သရူပကား ပြီး၏။

## နာမ်တေပညာသ ၅၃-ပါးကို ပြဆိုပေအံ့

သမ္ပယုတ္တာ ယထာယောဂံ၊ တေပညာသ သဘာဝတော။
စိတ္တစေတသိကာ ဓမ္မာ၊ တေသံ ဒါနိ ယထာရဟံ။

ယထာယောဂံ၊ ယှဉ်သင့်သည် အားလျော်စွာ။ သမ္ပယုတ္တာ၊ အညီအညွတ်အပြားအားဖြင့် ယှဉ်ကုန်သော။စိတ္တစေတသိကာ၊စိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊တရားတို့သည်။သဘာဝတော၊ အာရမ္မဏ,ဝိဇာနန, ဖုသန-အစရှိသော မိမိတို့၏ ကိစ္စလက္ခဏာ အပြား အားဖြင့်။ တေပညာသ၊ငါးဆယ့်သုံးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဒါနိ-ဇဒါနိ၊ယခုအခါ၌။ တေသံ၊ငါးဆယ့်သုံးပါး ကုန်သော သဘောတရားတို့၏။ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ထိုသို့ အညီအညွတ်အပြား အားဖြင့်ယှဉ်သောစေတသိက်တို့သည် အာရမ္မဏ,ဝိဇာနန,ဖုသန-အစရှိ သော မိမိတို့၏ လက္ခဏာ အားဖြင့် ငါးဆယ့်သုံးပါး အပြား ရှိ၏။ အဘယ့်ကြောင့် စိတ်စေတသိက်တို့ကို ငါးဆယ့်သုံးပါး ဆိုရပါသနည်း

ဟူမှု စိတ်တခုယုတ်ကိုးဆယ်သည် အာရုံကိုသိခြင်း တပါးသာဖြစ်သော ကြောင့် ၎င်းစိတ်တခုယုတ်ကိုးဆယ်ကိုလည်း တပါးသာယူ၍ စေတသိက်ဒွေပညာသမှာ ဖုသန အစရှိသောအားဖြင့် လက္ခဏာသဘော ကွဲပြားသောကြောင့် ငါးဆယ့်နှစ်ပါးကို ငါးဆယ့်နှစ်ပါးပင်ယူ၍ ၎င်းနှစ်ရပ်ကို ပေါင်းသော် ငါးဆယ့်သုံးပါးပင် ဖြစ်၏၊ ၎င်းငါးဆယ့်သုံးပါးသည် နာမ်တရား ဖြစ်သောကြောင့် နာမ်တေပညာသ ဟူ၍လည်း ခေါ်ဆိုအပ်၏။

ဧကုပ္ပါဒနိရောဓာစ၊ ဧကာလမ္ဗဏဝတ္ထုကာ။
စေတောယုတ္တာ ဒွိပညာသ၊ ဓမ္မာစေတသိကာ မတာ။

ဧကုပ္ပါဒနိရောဓာစ၊ စိတ်နှင့်တကွ ဖြစ်ခြင်း တကွချုပ်ခြင်းလည်း ရှိကုန်ထသော။ ဧကာလမ္ဗဏဝတ္ထုကာ၊ စိတ်နှင့်တူသောအာရုံ တူသောမှီရာလည်း ရှိကုန်ထသော။ စေတောယုတ္တာ၊ စိတ်နှင့် ယှဉ်ကုန်သော။ ဒွိပညာသ၊ ငါးဆယ့်နှစ်ပါး ကုန်သော။ ဓမ္မာ၊ သဘောတရားတို့ကို။ စေတသိကာ၊ စေတသိက် အမည်ရှိကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ဤဂါထာ လာသည်နှင့် အညီ တကွဖြစ်ခြင်း တကွချုပ်ခြင်း တူသော အာရုံ တူသောမှီရာရှိသည်ဖြစ်၍ စိတ်နှင့်ယှဉ်သောငါးဆယ့်နှစ်ပါးသော သဘောတရားတို့သည် စေတသိက် မည်၏။ စေတသိ ဘဝံ စေတသိကံ၊ စေတသိ နိယုတ္တံ စေတသိကံ-ဟုပြု။ စေတသိ၊ စိတ်၌။ ဘဝံ၊ ဖြစ်သည်တည်း။ စေတသိကံ၊စိတ်၌ဖြစ်သည်။ (၀၁)၊စေတသိ၊စိတ်၌။ နိယုတ္တံ၊ ယှဉ်သည်တည်း။ စေတသိကံ၊ စိတ်၌ယှဉ်သည်။

ဤဧကုပ္ပါဒ အစရှိသော သမ္ပယောဂလက္ခဏာ လေးပါး တို့တွင် ဧကနိရောဓ သဒ္ဒါဖြင့် သဟဇာတ်ဖြစ်သော ကမ္မဇရုပ် စိတ္တဇရုပ်တို့ကို နစ်စေသည်၊ ဧကာလမ္ဗဏသဒ္ဒါဖြင့် ဝိညတ်ဒွေစုတိစိတ်၏ အထက်၌ ရှိသော အဝိနိဗ္ဘောဂရုပ် ရှစ်ခုကို နစ်စေသည်၊ဧကဝတ္ထုကာ သဒ္ဒါဖြင့် ရှေ့လက္ခဏာသုံးပါးနှင့်ပြည့်စုံသော စေတသိက်တို့သည် စင်စစ်တူသော မှီရာ ရှိသတည်းဟု ပြသတည်း။၎င်းဧကဝတ္ထုကာသဒ္ဒါကို အလွန်အားဖြင့် ဆိုအပ်သောကြောင့် ဥက္ကဋ္ဌနည်းမည်၏။

### အာရုံနှင့် စိတ်၊စေတသိက်၊ ဖြစ်ရိပ် ဘယ်သူအစနည်း

အာရုံနှင့်စိတ်၊ စေတသိက်တွင်ငြား၊ ဤသုံးပါး၊ ဖြစ်ငြား အာရုံအစတည်း။ ။အဘိဓမ္မာ တရားတော်မြတ်ကို တတ်အပ်ထင်ထင် အလွန်သိမြင်ရအောင် ပရမတ္ထတရားဝယ် လွန်ကဲသော အတိရဒ္ဓဝိရိယတရားတို့

မထပ်မနှား အားထုတ်အပ်လှတော့သည်၊ ထိုသို့ ဖြစ်ရကား အဘိဓမ္မာ တရားကို အသီးသီး ခွဲခြမ်းဝေဘန်ခြင်းကိုပြု၍ နာမပညတ်ကိုထုတ်တော်မူသော မြတ်ဘုရားသည် ခဲယဉ်းသည်ကို ပြုတော်မူ၏။

လောကူပမာ အားဖြင့်သော်ကား တခုသောခွက်၌ထည့်၍ တနေ့ ပတ်လုံး မွှေအပ်နှောက်အပ်ကုန်သော အထူးထူးသော ရေတို့၏ငင်း အထူးထူးသော အဆီတို့၏ငင်း အဆင်းအနံ့ အရသာတို့၏ ထူးသည်၏ အဖြစ်ကြောင့် မြင်၍သော်ငင်း နမ်း၍သော်ငင်း လျက်၍သော်ငင်း အသီးသီး ခွဲခြားသည်၏အဖြစ်ကို ပြုတတ်သော အထူးကို သိခြင်းငှာ တတ်ကောင်းသည်ဖြစ်ရာ၏၊ ဤသို့သိခြင်းငှာ တတ်ကောင်းသော်လည်း ထိုအတူးကိုသိခြင်းငှာ ခဲယဉ်းလှ၏၊ ထိုသို့သိခြင်းငှာ ခဲယဉ်းသည်ထက် တခုတည်းသော အာရုံ ဖြစ်ကုန်သော နာမ်တရားဟု ဆိုအပ်သော စိတ်စေတသိက်တရားတို့၏အသီးသီး ခွဲခြမ်းဝေဘန်ခြင်းကိုပြု၍ သိခြင်းငှာ အလွန်တရာပင် ခဲယဉ်းလှပေ၏။

ထို့ကြောင့် ရှင်နာဂသေနမည်တွင် ရဟန္တာအရှင်မြတ်သည်-ဒုက္ကရံ မဟာရာဇ ဘဂဝတာ ကတံ-ဟု မိန့်တော်မူ၏။ မဟာရာဇ၊ မြတ်သော မိလိန္ဒမင်းကြီး။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဒုက္ကရံ၊ အာရုံ တပါး၌ဖြစ်သော စိတ်စေတသိက် နာမ်တရားတို့ကို ဤကား-ဖဿ ဤကား-ဝေဒနာ စေတနာဟူ၍ သိသာခြားနား ပိုင်းခြား မှတ်သား ခဲယဉ်းသောအမှုများကို။ ကတံ၊ ရွှေညဏ်တော်ဖြင့် ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ နာဂသေနမည် မဟာထေရ်သည် အလွယ်တကူ ဖြေဆိုတော်မူ၏။

ထိုသို့ ဖြေဆိုတော်မူသောအခါ မိလိန္ဒမင်းသည် ထင်ရှားအောင် ဥပမာဖြင့် ဟောကြားတော်မူပါဟု လျှောက်ထားရာတွင် နာဂသေန မထေရ်မြတ်သည် မြတ်သောမင်းကြီး တယောက်သောသူသည် သင်္ဘောဖြင့် သမုဒ္ဒရာသို့သွား၍ လက်ခုပ်ဖြင့်ရေကိုယူလျက် လျှာဖြင့်လျက်သော အခါ ဤရေသည် ဂင်္ဂါမြစ်ရေ ဤရေသည် ယမုနာ အစိရဝတီ မဟီ သရဘူမြစ်၏ရေဟု သိခြင်းငှာ ခဲယဉ်းသည်ထက် နာမ်တရားဖြစ်သော စိတ် စေတသိက်တရားတို့ကို ဤကား-ဖဿ ဤကား-ဝေဒနာ သညာ စေတနာစိတ်ဟူ၍ သိခြင်းငှာခဲယဉ်းလှ၏။ ဤသို့နာဂသေနမည် မဟာ ထေရ်ရှင် မိန့်တော်မူ၏။

ဋ္ဌကထာသယ ၄၈၈-၁၁

ဒွိန္နံ စိတ္တာနံ ကောက္ခဏေ ပဝတ္တိနာမ နတ္ထိ (ဇိနလင်္ကာရ ဋီကာ) ဒွိန္နံစိတ္တာနံ၊ နှစ်ပါးသော စိတ်တို့၏။ ကောက္ခဏေ၊ တခုတည်းသော ခဏာ၌။ ပဝတ္တိနာမ၊ ဖြစ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဤဋီကာ၌ ရေ-မီး အစရှိသော အစုံစုံသော တန်ခိုးပြာဋိဟာတို့ကို ပြသောအခြင်းအရာကို ဆိုသော စကားအလုံးစုံတွင် အလျင်းသင့်၍ ပြသောဋီကာပါဠိတည်း။ ဤသို့ပြသည်ကို ထောက်၍ စိတ်တို့သဘောသည် တခုသောခဏာ၌ နှစ်ခု စသည်မဖြစ်၊ တခုတခုသာဖြစ်၏ဟုမှတ်အပ်၏၊ ထိုသို့သော စိတ္တက္ခဏာ တခုခု၌ သမ္ပယုတ်နာမက္ခန္ဓာ အစရှိသော စေတသိက် တရားတို့သည် တပြိုင်နက် တချက်တည်းဥပါဒ် ကြကုန်၏၊ ထိုသို့ဥပါဒ် ကြသော စိတ္တုပ္ပါဒ်တို့ကို ဤသည်ကား-ဖဿ ဤသည်ကား-ဝေဒနာ ဤသည် ကား-သညာ ဤသည်ကား-စေတနာ ဤသည်ကား-စိတ်ဟူ၍ ပုထုဇဉ်တို့ ဉာဏ်အား ပိုင်းခြားဝေဘန်၍ သိခြင်းငှာ ခဲယဉ်းလှ၏၊ ခဲယဉ်းပုံကို ရှင်နာဂသေနသည် မိလိန္ဒမင်းကြီးအား ဟောကြားပြသသော ဥပမာ အတိုင်းပင်တည်း။

ဘုရားရဟန္တာတို့၏ဉာဏ်တော်မှာမူကား အသင့်လွယ်ကူသိမြင်တော် မူပါပေ၏၊ ဤဆိုခဲ့ပြီးသော စေတသိက် လက္ခဏာလေးပါးကို ပဉ္စဝေါ ကာရဘုံ၌သာ ရည်၍ဆိုသည်ဟုမှတ်၊ စတုဝေါကာရဘုံ၌ကား တည်ရာ ဝတ္ထုရုပ်မရှိသောကြောင့် စေတသိက် လက္ခဏာသုံးပါးသာရှိ၏၊ ကေ ဝတ္ထုကမရှိဟုမှတ်။ ။အရူပဘုံ တည်ခိုလှုံ လေးစုံလက္ခဏာဘယ်သို့နည်း။ တစုံလက္ခဏာ၊ အရူပါ၊ ထိုမှာဝတ္ထုရုပ်မရှိသောကြောင့်တည်း။

ဧတ္တာ ဝတာစ တေရသညာ သမာနာစ၊ စုဒ္ဒသာ ကုသလာ တထာ။
သောဘဏာ ပဉ္စဝီသာတိ၊ ဒွိပညာသ ပဝုစ္စရေ။

စ၊ အကျယ်မှ တပါးအကျဉ်းကိုဆိုဦးအံ့။ ဧတ္တာဝတာ၊ ဧတ္တာဝန္တေန ဝစနက္ကမေန၊ ဤမျှ အတိုင်းအရှည်ရှိသော သဒ္ဒါ၏ အစဉ် အနက်၏ အစဉ်ဖြင့်။ မယာ၊ ငါသည်။ ဝုတ္တာ၊ မိန့်ဆိုအပ်ကုန်သော။ စေတသိကာ၊ စေတသိက်တို့ကို။ တေရသ၊ တဆယ့် သုံးပါးကုန်သော။ အညသ မာနာစ၊ အညသမာန်း စေတသိက်တို့ဂုဏ်း။ စုဒ္ဒသ၊ တဆယ့်လေးပါး ကုန်သော။ အကုသလာစ၊ အကုသိုလ်စေတသိက်တို့ဂုဏ်း။ တထာ၊ ထိုမှ တပါး။ ပဉ္စဝီသတိ၊ နှစ်ဆယ့်ငါးပါး ကုန်သော။ သောဘဏာစ၊ သောဘဏစေတသိက်တို့ဂုဏ်း။ ဣတိ၊ ဤသို့။ ဒွိပညာသ၊ ငါးဆယ့်နှစ်ပါး အပြားရှိကုန်၏ဟူ၍။ ပဝုစ္စရေ၊ အပြားအားဖြင့်မိန့်အပ်ကုန်၏။

ဤသို့ လက္ခဏာလေးပါးနှင့် ပြည့်စုံသော စေတသိက် ၅၂-ပါး တို့သည် အစုစုအားဖြင့် အညသမာန်းရာသီ အကုသလရာသီ သောဘဏ ရာသီအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် အညသမာန်း ရာသီကိုပြလို၍ ဖဿောစသော စေတသိက်ကိုမိန့်ဆို၏၊ ထိုဖဿော စသော စေတသိက်တို့ကို လက္ခဏရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ဖြင့် ဝေဘန်ပိုင်းခြားနိုင်မှ ပရမတ္ထ သဘာဝလို ထင်ရှားကေန် အမှန်သိသည် ဟုမှတ်၊ စိတ်ကဲ့သို့အာရုံကိုသိခြင်းတပါးသာမဟုတ် လက္ခဏာအသီးသီး ၅၂-ပါးပြားသောကြောင့်ထို ၅၂-ပါးသောလက္ခဏာတို့ကို ကျမ်းဂန် လာသည့်အတိုင်း ပြဆိုရေးသားပေအံ့။

သဗ္ဗစိတ္တသာဓာရဏစေသသိက် ၇-ပါးတို့သည်—

၁။ ဖဿ အာရုံကို တွေ့ခြင်းလက္ခဏာရှိသော စေတသိက်တခု။ ။၂။ ဝေဒနာ အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိသောစေတသိက် တခု။ ။၃။ သညာ အာရုံ၏သဘောကို မှတ်ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၄။စေတနာ အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော် ခြင်း လက္ခဏာ ရှိသောစေတသိက်တခု။ ။၅။ ဧကဂ္ဂတာ တခုတည်း သော အာရုံကိုသာ ယူသည်ဖြစ်၍ တည်ကြည်ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၆။ ဇီဝိတိန္ဒြေ သဟဇာတ်ဖြစ်သောနာမ်တရားတို့ကို စောင့်ခြင်းအစိုးရခြင်းလက္ခဏာရှိသော စေတသိက်တခု။ ။၇။ မနသိ ကာရ အာရုံကို နှလုံးသွင်းခြင်း လက္ခဏာရှိသောစေတသိက်တခု။

ပေါင်း ၇-ပါး ဤခုနစ်ပါးသော စေတသိက်တို့သည် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့် သဗ္ဗစိတ္တ သာဓာရဏ စေတသိက်တို့ မည်ကုန်၏။

ပကိဏ်းစေတသိက် ၆-ပါးတို့သည်—

၁။ ဝိတက် သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုထင်ခြင်းလက္ခဏာ ရှိသော စေတသိက်တခု။ ။၂။ ဝိစာရ အာရုံ၌သမ္ပယုတ် တရားတို့ကို သုံးသပ်ခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၃။ အဓိမောက္ခ အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၄။ ဝီရိယ သမ္ပယုတ်တရားကို ထောက်ပံ့ခိုင်မာခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၅။ ပီတိ အာရုံကိုနှစ်သက်ခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၆။ ဆန္ဒ ပြုလိုကာမတ္တသာ လက္ခဏာ ရှိသော စေတသိက်

တခု။ ။ဤ၆-ပါးသော စေတသိက်တို့သည် ပြိုးပြွမ်းယှဉ်သည်၏ အဖြစ်ကြောင့် ပကိဏ်းစေတသိက်မည်ကုန်၏။

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု၊ပကိဏ်းစေတသိက် ၆-ခု၊ ဤတဆယ့်သုံးပါးသော စေတသိက်တို့သည် သောဘဏစိတ်၌ ယှဉ်ခိုက် အသောဘဏစိတ်မှတပါး သောဘဏစိတ်နှင့် တူသည်၏ အဖြစ်ကြောင့် ၎င်း၊အသောဘဏစိတ်၌ ယှဉ်ခိုက်သောဘဏစိတ်မှတပါး အသောဘဏစိတ်နှင့်တူသည်၏အဖြစ်ကြောင့်၎င်းအညသမာန်းစေတသိက်မည်ကုန်၏။

အကုသိုလ်စေတသိက် ၁၄-ပါးတို့သည်-

၁။ မောဟ အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၂။ အဟိရိက ကာယဒုစရိုက် စသည်မှ မရှက်ခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၃။ အနောတ္တပ္ပ ကာယဒုစရိုက် စသည်မှ မလန့်ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၄။ ဥဒ္ဓစ္စ စိတ်၏မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။ ၅။ လောဘ အာရုံ၌ငြိသော အားဖြင့် တပ်ခြင်း လက္ခဏာ ရှိသော စေတသိက်တခု။ ။၆။ ဒိဋ္ဌိ မှားသောအားဖြင့် နှလုံးသွင်းခြင်းလက္ခဏာ ရှိသော စေတသိက်တခု။ ။၇။ မာန မိမိကိုယ်ကို ငါသာလျှင်မြတ်၏ဟု တံခွန်ကဲ့သို့ ထောင်လွှားခြင်းလက္ခဏာရှိသော စေတသိက်တခု။ ။ ၈။ ဒေါသ ကြမ်းထမ်းသော အားဖြင့် ပြစ်မှားခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၉။ ဣဿာ သူတပါး စည်းစိမ်ကို ငြူစူခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၁၀။ မစ္ဆရိယ မိမိ၏စည်းစိမ်ကို လျှို့ဝှက်ခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၁၁။ ကုက္ကုစ္စ ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်ခဲ့မိသော သုစရိုက်တို့၌ အဘန်တလဲလဲ စိုးရိမ်ခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၁၂။ ထိန စိတ်၏ မခံ့ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၁၃။ မိဒ္ဓ စေတသိက်တို့၏ မခံ့ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၁၄။ ဝိစိကိစ္ဆာ အာရုံကိုမဆုံးဖြတ်နိုင်ခြင်းလက္ခဏာရှိသော စေတသိတ်တခု။ ။ပေါင်း ၁၄-ပါး၊ဤတဆယ့်လေးပါးသော စေတသိက်တို့သည် အကုသိုလ်စိတ်၌ ယှဉ်သည်၏ အဖြစ်ကြောင့် အကုသိုလ်စေတသိက် မည်ကုန်၏။

သောဘဏသာဓာရဏစေတသိက် ၁၉-ပါးတို့သည်

၁။ သဒ္ဓါ ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်စေခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၂။ သတိ

ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို အောက်မေ့ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၃။ ဟိရီ ကာယဒုစရိုက်စသည်တို့မှ ရှက်ခြင်းလက္ခဏာရှိသော စေတသိက်တခု။ ။၄။ ဩတ္တပ္ပ ကာယဒုစရိုက်စသည်မှ လန့်ခြင်းလက္ခဏာရှိသော စေတသိက်တခု။ ။၅။ အလောဘ အာရုံ၌ ငြိသောအားဖြင့် မတပ်ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၆။ အဒေါသ ကြမ်းထမ်းသောအားဖြင့် မပြစ်မှားခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၇။ တတြမဇ္ဈတ္တတာ ထိုထိုသို့သောအာရုံ၌ သမ္ပယုတ်တရားတို့ကို လျစ်လျူရှုခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၈။ ကာယပဿဒ္ဓိ စေတသိက်တို့၏ ငြိမ်းခြင်း လက္ခဏာ ရှိသော စေတသိက်တခု။ ။၉။ စိတ္တပ္ပဿဒ္ဓိ စိတ်၏ ငြိမ်းခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၁၀။ ကာယလဟုတာ စေတသိက်တို့၏ ပေါ့ခြင်း လက္ခဏာရှိသော စေတသိက် တခု။ ။၁၁။ စိတ္တလဟုတာ စိတ်၏ပေါ့ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ၁၂။ ကာယမုဒုတာ စေတသိက်တို့၏ နူးညံ့သော လက္ခဏာ ရှိသော စေတသိက်တခု။ ။၁၃။ စိတ္တမုဒုတာ စိတ်၏ နူးညံ့ခြင်း လက္ခဏာ ရှိသော စေတသိက်တခု။ ။၁၄။ကာယကမ္မညတာ စေတသိက် တို့၏ ကောင်းသော အမှု၌ ခံ့ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၁၅။ စိတ္တကမ္မညတာ စိတ်၏ ကောင်းသော အမှု၌ ခံ့ခြင်း လက္ခဏာ ရှိသော စေတသိက်တခု။ ။၁၆။ ကာယပါဂုညတာ စေတသိက်တို့၏ လေ့လာခြင်း လက္ခဏာရှိသော (ဝါ)၊ စေတသိက်တို့၏ ကျင်နာခြင်းမှ ငြိမ်းခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။၁၇။ စိတ္တပါဂုညတာ စိတ်၏ လေ့လာခြင်း လက္ခဏာရှိသော(ဝါ)၊ စိတ်၏ကျင်နာခြင်းမှ ငြိမ်းသော လက္ခဏာရှိသော စေတသိက် တခု။ ။၁၈။ ။ကာယဇုကတာ စေတသိက်တို့၏ ဖြောင့်စွာ ဖြစ်ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ၁၉။ စိတ္တုဇုကတာ စိတ်၏ ဖြောင့်စွာဖြစ်ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ။ပေါင်း ၁၉-ပါး။ ။ဤတခုယုတ် နှစ်ဆယ်(၁၉)ပါးသော စေတသိက်တို့သည် အလုံးစုံသော သောဘဏစိတ်တို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် သောဘဏ သာဓာရဏ စေတသိက်တို့မည်ကုန်၏။

ဝိရတီစေတသိက် ၃-ပါးတို့သည်

၁။ သမ္မာဝါစာ အာဇီဝဟေတုကိုမငဲ့မူ၍ ပြုအပ်သော(ဝါ)၊အသက်မွေးခြင်းလျှင်အကြောင်းမရှိသော မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ

သမ္ဖပ္ပလာပ တည်းဟူသော ဝစီဒုစရိုက် ၄-ပါးမှ ကြဉ်ခြင်း လက္ခဏာရှိသော စေတသိက်တခု။

၂။ သမ္မာကမ္မန္တ အာဇီဝဟောတုကို မငဲ့မူ၍ပြုအပ်သော(ဝါ)၊အသက်မွေးခြင်းလျှင် အကြောင်း မရှိသော ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက်၃-ပါးမှကြဉ်ခြင်း လက္ခဏာရှိသော စေတသိက်တခု။

၃။ သမ္မာအာဇီဝ အာဇီဝဟောတုကို မငဲ့သည် ဖြစ်၍ ပြုအပ်သော (ဝါ)၊ အသက်မွေးခြင်းလျှင် အကြောင်းရှိသော ဝစီဒုစရိုက် ၄-ပါး ကာယဒုစရိုက်သုံးပါးမှ ကြဉ်ခြင်းလက္ခဏာရှိသော စေတသိက်တခု။

ဤသုံးပါးသောစေတသိက်တို့သည်ဝိရမိတဗ္ဗဝတ္ထုမှကြဉ်တတ်သည်၏ အဖြစ်ကြောင့် ဝိရတီစေတသိက်မည်ကုန်၏။

အပ္ပမညာစေတသိက်နှစ်ပါးတို့သည်-

၁။ ကရုဏာ အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်တို့ကို အာရုံပြု၍ သနားခြင်းလက္ခဏာရှိသော စေတသိက်တခု။

၂။ မုဒိတာ အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း လက္ခဏာရှိသော စေတသိက်တခု။ ပေါင်း ၂-ပါး၊ ဤနှစ်ပါးသောစေတသိက်တို့သည် အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြုသည်၏ အဖြစ်ကြောင့် အပ္ပမညာ စေတသိက်တို့မည်ကုန်၏။

အမောဟစေတသိက်သည် ၁။ အနိစ္စအစရှိသော အစွမ်းအားဖြင့် ထိုးထွင်း၍ သိတတ်သည်၏ အဖြစ်ကြောင့်ရင်း ထိုသို့သိခြင်း၌ အစိုးရသည်၏အဖြစ်ကြောင့်ရင်း ပညိန္ဒြေစေတသိက်မည်၏။

သောဘဏ စေတသိက်တခု ယုတ်-၂ဝ၊ ဝိရတီ စေတသိက် ၃-ခု၊ အပ္ပမညာစေတသိက် ၂-ခု ပညိန္ဒြေစေတသိက်တခုအားဖြင့် ၂၅-ပါးသော စေတသိက်တို့သည် သောဘဏစိတ်၌သာ ယှဉ်သည်၏ အဖြစ်ကြောင့် သောဘဏစေတသိက်တို့မည်ကုန်၏။

ဤသို့လျှင် အလုံးစုံသော စေတသိက်တို့သည် ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရပေါင်း သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး ဝိတက် ဝိစာရ အဓိမောက္ခ ဝီရိယ ပီတိ ဆန္ဒ ပေါင်း ပကိဏ်းစေတသိက် ၆-ပါး၊ ခုနစ်ပါးနှင့် ခြောက်ပါးကို ပေါင်းသော် အညသမာန်စေတသိက် ၁၃-ခု။

မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ လောဘ ဒိဋ္ဌိ မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ထိန မိဒ္ဓ ဝိစိကိစ္ဆာတည်းဟူသော အကုသိုလ် စေတသိက် ၁၄–ခု။

သဒ္ဓါ သတိ ဟိရိ ဩတ္တပ္ပ အလောဘ အဒေါသ တတြမဇ္ဈတ္တတာ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ကာယလဟုတာ စိတ္တလဟုတာ ကာယ မုဒုတာ စိတ္တမုဒုတာ ကာယကမ္မညတာ စိတ္တကမ္မညတာ ကာယပါဂု ညတာ စိတ္တပါဂုညတာ ကာယုဇုကတာ စိတ္တုဇုကတာ တည်းဟူသော သောဘဏသာဓာရဏ စေတသိက် ၁၉–ခု။

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ တည်းဟူသော ဝိရတီ စေတသိက် ၃–ခု ကရုဏာ မုဒိတာတည်းဟူသော အပ္ပမညာစေတသိက် ၂–ခု ပညိန္ဒြေ အမည်ရှိသော အမောဟ စေတသိက် ၁–ခုအားဖြင့် ၅၂–ပါးအပြားရှိကုန်၏မှတ်။

**လက္ခဏရသစသည် ခွဲပြခြင်း**

ဤင်းစေတသိက် ၅၂–ပါးတို့ကို လက္ခဏရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့နှင့်တကွ ဥပမာကို အသီးသီးပြဆိုဦးအံ့။

ဖဿ စေတသိက်သည် အာရုံကိုတွေ့ခြင်း လက္ခဏာရှိ၏ စိတ်အာရုံကို သိဘိသကဲ့သို့ ထိခိုက်ခြင်းကိစ္စရှိ၏ ဝတ္ထုအာရုံဝိညာဉ်တို့၏ စုဝေးသော အခြင်းအရာဖြင့် ဉာဏ်အား ရှေးရှုထင်ခြင်းရှိ၏၊ ထင်ခြင်းသို့ရောက်သော အာရုံလျှင် နီးစွာသောအကြောင်းရှိ၏။ ။ဥပမာချဉ်းသီးစားသောသူကို မြင်သည်ရှိသော် တပါးသောသူ၏ တံထွေးရည် လျှာရည် ဖြစ်ခြင်း ပါးရှုံ့ခြင်း တွခြင်း ဖောင်းခြင်း ဝိန်ခြင်းဖြစ်သကဲ့သို့ ဖဿ၏ တွေ့ခြင်း သဘောတရားကိုမှတ်ရမည်။

၂။ ဝေဒနာ စေတသိက်သည် အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိ၏၊ အာရုံ၏အရသာကိုခံစားခြင်းကိစ္စရှိ၏။ ဝါ၊ ကား အာရုံ လိုအပ်သော ကောင်းစနိုးသောအတ္တိုတို့ကို သုံးဆောင်ခြင်း ကိစ္စရှိ၏ စိတ်၌မှီသော သာယာအပ်သောတရား၏ အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင် တတ်၏၊ ကိုယ်စိတ်၏ငြိမ်းခြင်းပြဋ္ဌာန်းခြင်းလျှင် နီးစွာသော အကြောင်း ရှိ၏။ ။ဥပမာ ဝေဒနာသည်အာရုံကို အစိုးရခံစားတတ်၏ ဝေဒနာမှ ကြွင်းသော တရားတို့သည်ကား တစိတ်တဒေသ အားဖြင့် အာရုံ၏ အရသာကိုခံစားတတ်ကုန်၏ ကောင်းသော ခဲဘွယ် ဘောဇဉ်အရသာ ဩဇာကို သုံးဆောင်တတ်သော ပြည့်ရှင်မင်းနှင့် တူ၏ဟု ဝေဒနာကို

မှတ်အပ်၏၊ ဝေဒနာမှ ကြွင်းသောတရားတို့သည် စားတော်ကဲစားပွဲပြင် ခံတမန် စဖိုသည်သမားတို့နှင့်တူ၏ဟုမှတ်။

၃။ သညာ စေတသိက်သည် အမှတ်ပြု၍ သိခြင်း လက္ခဏာရှိ၏၊ ဝေဘန်သိခြင်း၏ အကြောင်းဖြစ်သော အညို,အရွှေ,အကြောင်,အကျား အနီ,အဖြူ,အရှည်,အတိုစသော အမှတ်ကိုပြုခြင်း ကိစ္စရှိ၏၊ ယူဘူးသော အကြင်အကြင်သို့သော အမှတ်၏ အစွမ်းအားဖြင့် ဤသည်လျှင် အမှန်ဟု အမှားဟု နှလုံးသွင်းခြင်းကို ပြုခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏၊ ထင်တိုင်းသော အကြင်အကြင်သို့သော အာရုံလျှင် နီးစွာသော အကြောင်း ရှိ၏။ ။(ဥပမာ)ဤသညာ စေတသိက်သည် လက်သမား၏ သစ်ကိုရွေသောအခါ၌အမှတ်ပြုသကဲ့သို့ နောက်မှအမှတ် ပြု၍ သိတတ်၏ဟုမှတ်။ ။(အထူးမှတ်ချက်)။သညာသိသူငယ်နှင့် တူ၏၊ ဝိညာဉ်သိ အမိအဘနှင့်တူ၏၊ ပညာသိ ရွှေပန်းထိမ်သည်နှင့် တူ၏မှတ်။

၄။ စေတနာ စေတသိက်သည် စေ့စပ်နှိုးဆော်ခြင်း လက္ခဏာရှိ၏။ သမ္ပယုတ်တရားတို့ကို မိမိတို့ကိစ္စ ဖရိုဖရဲမရှိစေမူ၍ စည်းဝေးစုရုံး စေ့စပ် နှိုးဆော်ခြင်းကိစ္စရှိ၏၊ စီရင်တတ်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။ ဝိညာဉ်လျှင် နီးစွာသော အကြောင်းရှိ၏။ (ဥပမာ)။ မိမိ ကိစ္စ သူတပါးကိစ္စကို ပြီးစေတတ်သော တပည့်ကြီး လက်သမားကြီး စစ်ဗိုလ်မှူးကြီးကဲ့သို့ စေတနာကို မှတ်ယူအပ်၏။

၅။ ဧကဂ္ဂတာ စေတသိက်သည် မတုန်လှုပ်ခြင်း၊ မပျံ့လွင့်ခြင်း လက္ခဏာရှိ၏၊ သဟဇာတ်တရားတို့ကို ပေါင်းခြင်းကိစ္စရှိ၏၊ ငြိမ်သက်စွာ ဖြစ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ ချမ်းသာခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။(ဥပမာ)လေမလာသောအရပ်၌ ဆီမီးလျှံ၏ တည်တံ့ခြင်းကဲ့သို့ ဧကဂ္ဂတာကို မှတ်အပ်၏။

၆။ ဇီဝိတိန္ဒြေ စေတသိက်သည် အစဉ်စောင့်ရှောက်ခြင်း လက္ခဏာ ရှိ၏၊ မိမိနှင့်တကွ ဖြစ်သော ရုပ်နာမ်တရားတို့ကို ဖြစ်ခြင်းကိစ္စရှိ၏၊ ထို သဟဇာတ် ဖြစ်သော ရုပ်နာမ် တရားတို့ကို ပင်လျှင် ဥပါဒ်မှသည် ဘင် တိုင်အောင် ထားတတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ မိမိစောင့်ရှောက်ခြင်း၏ အစွမ်းအားဖြင့် မျှစေအပ်သည့်၊ စေအပ်သော ရုပ်နာမ်တရားလျှင် နီးစွာသော အကြောင်းရှိ၏။ ။(ဥပမာ) ကြာရိုး၌ ရှိသော ရေသည် ကြာကို မညှိုးမနွမ်းရအောင် စောင့်ရှောက် သကဲ့သို့

ဇီဝိတိန္ဒြေသည် မိမိနှင့်တကွဖြစ်သော ရုပ်နာမ်တရား အပေါင်းတို့ကို စောင့်ရှောက်တတ်၏ ဟုမှတ်။

၇။ မနသိကာရစေတသိက်သည် သမ္ပယုတ် တရားတို့ကို ရှေ့ရှုနှင်စေခြင်း ပြေးစေခြင်း လက္ခဏာရှိ၏၊ သမ္ပယုတ်တရားတို့ကို အာရုံ၌ ယှဉ်စေခြင်း ကိစ္စရှိ၏။ တပါးသို့ မသွားစေမူ၍ စိတ်၏ အာရုံ၌ ရှေ့ရှုသည်၏ အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏၊အာရုံလျှင်နီးစွာသော အကြောင်းရှိ၏။ ။(ဥပမာ) အာဇာနည် မြင်းနှစ်ကောင်ကို က,၍ နှင်စေတတ် ပြေးစေတတ်လျက် စီးသွားသော ရထားထိန်းကဲ့သို့ မနသိကာရ စေတသိက်ကို မှတ်အပ်၏။ ။(အထူးမှတ်ချက်)။ ။မနသိကာရ စေတသိက် (၁) အာရမ္မဏပဋိပါဒကမနသိကာရ၊ (၂) ဝီထိပဋိပါဒကမနသိကာရ၊ (၃) ဇဝနပဋိပါဒကမနသိကာရဟူ၍ ၃-ပါး သတိထားလေ။

မေး။ ။ဥဒ္ဓစ္စနှင့် ကေဂ္ဂတာ ဖြစ်ခြင်းရာသည် တည်ကြည် ပျံ့လွင့် ဆန့်ကျင်ခွင့်သို့ မသင့်မည်သို့ ကျနိသနည်း။

ဖြေ။ ။ဥဒ္ဓစ္စနှင့် ကေဂ္ဂတာ ဖြစ်ရာ၌ခဏ်း မြင်းကြမ်း စီးကြွား ယောကျ်ားလိမ္မာ ဆုံးမရာထင့်အသင့် ဤသို့ကျနိသတည်း။

ဤကား သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးပြီး၏။

ပကိဏ်းစေတသိက် ၆-ပါးကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့် တကွ ဥပမာကို ပြဆိုပေအံ့။

၁။ ဝိတက် စေတသိက်သည် အာရုံကို အစမှ ခေါက်ခြင်း ရှေ့ရှု ခေါက်ခြင်း လက္ခဏာရှိ၏၊ အာရုံကိုအစမှခေါက်ခြင်း၊ ရှေ့ရှုခေါက်ခြင်း၊ ထက်ဝန်းကျင်ခေါက်ခြင်း၊ လှည့်လည်၍ ခေါက်ခြင်း၊ ပြန်လှန်၍ ခေါက်ခြင်း ကိစ္စရှိ၏။ အာရုံ၌ စိတ်၏ ရှေ့ရှုထင်ခြင်း ဆွဲငင်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ ဝိညာဉ်လျှင် နီးစွာသောအကြောင်းရှိ၏။ ။(ဥပမာ) ဝိတက်သည် အာရုံသို့ ရှေ့ရှုထင်သောအရာ၌ကား တောသားတယောက်သည် မြို့တော်၌ မင်းအိမ်သို့တက်သည်ရှိသော် မင်းနှင့် အကျွမ်းဝင်သော ဆွေမျိုး ခင်ပွန်းကောင်းကို အမှီရမှ မင်းအိမ်တော်သို့ တက်နိုင်သည်။ ထို့အတူ ဝိတက်ကို အမှီပြု၍ စိတ်သည်အာရုံသို့ တက်နိုင်လေသည်မှတ်။

၂။ ဝိစာရစေတသိက်သည် အာရုံကို အဘန်တလဲလဲ သုံးသပ်ခြင်း လက္ခဏာရှိ၏၊သဟဇာတ်တရားကို အဘန်တလဲလဲ ယှဉ်စေခြင်းကိစ္စရှိ၏၊ စိတ်ကိုအာရုံ၌ အစဉ်မပြတ်သကဲ့သို့ ဖြစ်ခြင်းလျှင်ထင်သော အခြင်းအရာ ရှိ၏၊ ဝိညာဉ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။(ဥပမာ) ဝိတက်

ဝိစာရ ၂-ပါးတို့ကား ရှန့်ရင်းသော အနက်ကြောင့်၎င်း, ပြဋ္ဌာန်းခြင်း ဟူသော အနက်ကြောင့်၎င်း အာရုံသို့ ရှေ့ရှုထင်ခြင်း တည်းဟူသော အနက်ကြောင့်၎င်း ရှေ့ဦးစွာ ထိုးအပ်သော ခေါင်းလောင်းသံကဲ့သို့ ၎င်း၊စိတ်၏ရှေ့ဦးစွာ အာရုံ၌ကျခြင်းသည် ဝိတက်မည်၏။သိမ်မွေ့သော အနက် သဘောကြောင့်၎င်း၊ မပြဋ္ဌာန်းသော သဘောကြောင့်၎င်း၊ အဘန်တလဲလဲ သုံးသပ်သော အနက် သဘောကြောင့်၎င်း ခေါင်းလောင်း၏ ကြေးညည်းသံကဲ့သို့ စိတ်၏အာရုံကိုဘွဲ့ခြင်း သုံးသပ်ခြင်းသည် ဝိစာရမည်၏။ ။ဤကား ဝိတက် ဝိစာရ ၂-ပါးတို့ အထူးမှတ်။

၃။ အဓိမောက္ခစေတသိက်သည် အာရုံကိုဆုံးဖြတ်ခြင်း လက္ခဏာ ရှိ၏၊ ဤမှထိုမှ မရွေ့ရှားသော ဆုံးဖြတ်ခြင်း ကိစ္စရှိ၏၊ ဆုံးဖြတ် တတ်သောတရားဟူ၍ ဉာဏ်အား ရှေ့ရှုထင်တတ်၏၊ အာရုံဖြစ်သော ဆုံးဖြတ်အပ်သော တရားလျှင်နီးစွာသော အကြောင်းရှိ၏။ ။ဥပမာ မြဲမြံစွာစိုက်ထားအပ်သောတံခါးသည်တိုင်ကြီးသည်အရပ်လေးမျက်နှာမှ လာသော လေတို့ကြောင့် တုန်လှုပ်ခြင်း ယိမ်းယိုင်ခြင်း မရှိသကဲ့သို့ အဓိမောက္ခသည်အာရုံ၌ တုန်လှုပ်ခြင်း ယိမ်းယိုင်ခြင်း မရှိဟုမှတ်။

၄။ ဝီရိယ စေတသိက်သည်ထိုထိုကိစ္စကို ကောင်းစွာ အားထုတ်ခြင်း (ဝါ)၊ လွန်စွာ လုံ့လပြုခြင်း လက္ခဏာရှိ၏၊ သဟဇာတ် တရားတို့ကို ထောက်ပံ့ခြင်းအားပေးခြင်း ချီးပင့်ခြင်း ချီးမြှောက်ခြင်းကိစ္စရှိ၏၊ မဆုတ် မနစ်စေသည်၏အဖြစ်လျှင် ထင်သောခြင်းရာရှိ၏၊ ထိတ်လန့်ခြင်း သံဝေဂ ဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။ဥပမာ ယိမ်းယိုင် ယိုယွင်း ဆွေးမြေ့ခြင်းရှိသော အိမ်အိုကြီးကို မကျိုးမလည် မပျက်စီးရအောင် ကြပ်မတ်ထောက်ကန်၍ ထားအပ်သောကျား ဝါးကဲ့သို့၎င်း၊ အားနည်း သော စစ်သည်ဗိုလ်ထုတို့ အားကြီးအောင် စစ်မက်ဗိုလ်ပါ ဆင် မြင်း စသည်တို့ကို ထပ်မံ၍ ချီးပင့်ထောက်ပံ့သသို့ကဲ့၎င်း ဝီရိယကိုမှတ်အပ်၏။

၅။ ပီတိစေတသိက်သည် အာရုံကိုကောင်းစွာ နှစ်သက်ခြင်း ချစ်ခြင်း မြတ်နိုးခြင်း လက္ခဏာရှိ၏၊ ကိုယ်စိတ်တို့၏ ပြည့်ဖြိုးခြင်း ပွားစေခြင်းကိစ္စ ရှိ၏ (ဝါ)၊ မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့် ကိုယ်ကိုပျံ့နှံ့စေခြင်းကိစ္စရှိ၏၊ ဝမ်းမြောက်တက်ကြွသော ကိုယ်၏အဖြစ်ဟူ၍ ဉာဏ်အား ရှေ့ရှုထင်၏၊ ဝိညာဉ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။ဥပမာ ပြည်တန်သော ပတ္တမြားရတနာကိုရသော ယောကျ်ားကဲ့သို့တည်း။ တနည်း ပူသော နွေကာလ၌ ခရီးခဲသို့သွားခြင်းကြောင့် ပင်ပန်းသော ယောကျ်ားအား

တောအုပ်၌အရိပ်ရှိ၏၊ ရေရှိ၏ဟူသောစကားကို ကြားရသောအခါ မြင်သောအခါတို့၌ကဲ့သို့ ပီတိကိုမှတ်၏၊ တောရိပ်သို့ဝင်သော့အခါရေကို သုံးဆောင်ရသောအခါရေချိုးရသောအခါတို့၌ကဲ့သို့သုခကိုမှတ်အပ်၏။ တနည်းဆိထိသောဥပမာနှင့်တူ၏။

၁။ မွေးညှင်းထခါ၊ ပီတိမှာ၊ ခုဒ္ဒကာဟုမှတ် ၁-ခုဒ္ဒကာပီတိ။ ။
၂။ လျှပ်စစ်ပြက်ခါ၊ ပီတိမှာ၊ ခဏိကာဟုမှတ် ၂-ခဏိကပီတိ။ ။
၃။ လှိုင်းတံပိုးရှိ၊ မြတ်ပီတိ၊ ဩက္ကန္တိဟုမှတ် ၃-ဩက္ကန္တိကာပီတိ။ ။
၄။ ပျံတက်အာကာ၊ ပီတိမှာ၊ ဥဗ္ဗေဂါဟုမှတ် ၄-ဥဗ္ဗေဂါပီတိ။ ။
၅။ ဆီထိအိခါ၊ ပီတိမှာ၊ ဖရဏာဟုမှတ် ၅-ဖရဏာပီတိ။ ဤသို့ပီတိ ငါးပါးကိုမှတ်အပ်၏။

ပီတိသောမနဿ ထိုနှစ်ဝမှာ လက္ခဏာခြင်းရာ ဘယ်သို့ထူးသနည်း။ ပီတိသောမနဿ ထိုနှစ်ဝမှာ အရမတူ ပီတိမူကား ကြည်ဖြူနှစ်သက် တချက်သောမနဿ ဝမ်းမြောက်ရသာပြ ကိစ္စဤသို့ထူးသတည်း။ ပီတိ သုခ ယင်းနှစ်ဝမှာ သဘာဝလက္ခဏာ ဘယ်သို့ထူးသနည်း။ ပီတိသုခ ယင်းနှစ်ဝမှာ သဘာဝလက္ခဏာမတူ ပီတိမူကား သွင်းသန်ါရာ တဖြာ သုခ သဘာဝမှာ ဝေဒနာခြင်းရာဤသို့ထူးသတည်း။

၆။ ဆန္ဒစေတသိက်သည် အမှုကိုပြုလိုကာမတ္တမျှသာ လက္ခဏာရှိ၏ အာရုံကိုရှာမှီးခြင်းကိစ္စရှိ၏အာရုံဖြစ်လိုရှိလိုသည်၏အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏၊ ထိုအာရုံ၌သာလျှင် ထိုဆန္ဒ၏နီးစွာသော အကြောင်း ရှိ၏။ ဥပမာ ညဉ့်အခါ သူတပါး ဥစ္စာထုပ်ကို ခိုးယူခြင်းငှာ လက်ကို ဆန့်တန်းသကဲ့သို့ အကုသိုလ်ဆန္ဒကို မှတ်အပ်၏၊ လေးသမား တို့သည် မိမိပစ်ဦးမည့်မြားကို တဘန်ကောက်ယူခြင်းငှာ လက်ဆန့်တန်းသကဲ့သို့ ကုသိုလ်ဆန္ဒကို မှတ်အပ်၏။

လောဘဆန္ဒ ထိုနှစ်ဝ အရာဘယ်သို့ ထူးသနည်း။ လောဘငြိတွယ် တသွယ်ဆန္ဒ မငြိထ ကိစ္စဤသို့ ထူးသတည်း။ ဤသည်ကား ပကိဏ်း စေတသိက် ၆-ပါးပြီး၏။

အကုသိုလ် စေတသိက် ၁၄-ပါးတို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့်တကွ ဥပမာကိုပြဆိုပေအံ့။

၁။ မောဟစေတသိက်သည် စိတ်၏မိုက်မဲတွေဝေသည်၏ အဖြစ်လျှင် လက္ခဏာရှိ၏ အာရုံသဘောကို ဖုံးလွှမ်းခြင်းကိစ္စရှိ၏ မိုက်မဲစွာဖြစ်ခြင်း

လျှင်ထင်သော အခြင်းအရာရှိ၏၊မသင့်တင့်သော အားဖြင့် နှစ်လုံးသွင်းခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။

(မှတ်ချက်) မောဟ၏ သဘောသည် သစ္စာလေးပါးတရားကို ပဋိစ္စသမုပ္ပါဒ်တရားတို့၏ ရှေ့အစွန်းကို မမြင်မထင်ရအောင် ဖုံးလွှမ်းတတ်ခြေ၏၊ သံသရာစက် အကန့်အကွက်တို့ကို မသိမမြင် မထင်နိုင်အောင် ဖုံးလွှမ်းခြင်းသည်ကား မောဟဖုံးလွှမ်းခြင်းကြောင့်သာ မသိမမြင် မထင်နိုင်သည်ဟုမှတ်၊ ဘုံအားဖြင့်' နေဝသညာနာသညာယတနဘုံတိုင်အောင် ဓမ္မအားဖြင့် သောတာပတ္တိမဂ်ရှေ့ဂေါတြဘူတိုင်အောင် ပုဂ္ဂိုလ်အားဖြင့် အနာဂါမ်ပုဂ္ဂိုလ်တိုင်အောင်ပင် ဖုံးလွှမ်းတတ်သည်ဟုအသေအချာမှတ်၊ ထိုမောဟသည် များသောအားဖြင့် မိုက်မဲတွေဝေသော တိရစ္ဆာန်မျိုး၌ ဖြစ်ချေ၏။ ။ဥပမာ-အင်္ဂါလေးပါးနှင့်ပြည့်စုံသော အမိုက်အမှောင်နှင့်တူ၏၊ လောက၌အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမှောင်ကိုတွေ့ကြုံသောအခါ မမြင်သည်ဖြစ်၍ မသွားတတ် မလာတတ်ဘဲရှိကာမျှသာ မောဟတည်းဟူသော အမိုက်မှောင်မှာ အပါယ်လေးပါးသို့ ချတတ်၏၊ ဒါကိုရည်၍ သန်းခေါင်လကွယ် တောအုပ်လယ်၌ ရှစ်နယ်ပတ်ကုံးအပြည့်ဖုံးသည် မိုးလုံးတိမ်တိုက် လျှပ်မကြိုက်သား အမိုက်အပြား လေးပါးအင်ထက် နင်ကားရာထောင် မကမှောင်၏ဆိုသည်။

တနည်း။ ။သူကန်းနှင့်တူ၏ ဘွင့်နိုင်ခဲသည် နုတ်နိုင်ခဲသည်ဖြစ်သော ပလိဃဟု ဆိုအပ်သော တံခါးကျည် တံခါးကလန့်နှင့်လည်း တူ၏၊ ထိုမောဟတရားတို့ကို ပညာဝန္တ အာသဘအစစ် ဖြစ်ကြသော သူတော်တို့သည် ရှောင်ကြဉ်လိုသော စိတ်ထားနှင့် ပယ်ရှားခြင်းအမှုကို သမ္မာရကုသိုလ်စုဖြင့် ပြုကြပါကုန်၊အဘယ့်ကြောင့်ဟူမူ အလုံးစုံသောအကုသိုလ်တရားတို့၏ မူလအမြစ်သဘွယ် ဖြစ်သောကြောင့်တည်း။ ။ထိုကြောင့် အဋ္ဌကထာ၌ သဗ္ဗာကုသလ မူလာနံ မူလန္တိ ဒဋ္ဌဗ္ဗောဟု ဘွင့်ပြ၏။ သဗ္ဗာကုသလမူလာနံ၊ အလုံးစုံသော အကုသိုလ်တရားတို့၏။ မူလန္တိ၊ အမြစ်အခြေမူလဟူ၍။ဒဋ္ဌဗ္ဗော၊ တိုင်းတွာမှတ်သားအပ်၏။

၂။ အဟိရိက စေတသိက်သည် ကာယဒုစရိုက် အစရှိသည်တို့မှ မရှက်ခြင်း မစက်ဆုပ်ခြင်း လက္ခဏာရှိ၏၊ မရှက်သော အခြင်းအရာဖြင့် မကောင်းမှုတို့ကို ပြုခြင်းကိစ္စရှိ၏၊ မတွန့်ခြင်းမရွံ့ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ မိမိကိုယ်ကို မရိုသေခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။ဥပမာ-ရွာသူတို့ဝက်သည် ရွာသူတို့ စွန့်ပစ်အပ်သော မစင်မှ

စက်ဆုပ်ခြင်း မရှိသကဲ့သို့ အဟီရိကသည် ကာယဒုစရိုက် စသည်တို့မှ စက်ဆုပ်ခြင်းမရှိသည်ဟုမှတ်။

၃။ အနောတ္တပ္ပ စေတသိက်သည် ကာယဒုစရိုက်စသည်တို့မှ မထိတ်လန့်ခြင်းလက္ခဏာရှိ၏၊ မထိတ်လန့်သော အခြင်းအရာဖြင့် မကောင်းမှုတို့ကို ပြုခြင်းကိစ္စရှိ၏၊ ကာယဒုစရိုက်စသည်တို့မှ မတွန့်တိုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏၊ သူတပါးတို့ကို မရိုသေခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။ဥပမာ–ဥဒ္ဒစ္စသည် ပြန့်လွင့်သောအရာ၌ ကျောက်ခဲဖြင့်ခတ်မိမှု ထက်ဝန်းကျင်မှ လွင့်သော အထက်သို့ တက်လာသော ပြာကဲ့သို့မှတ်အပ်၏။ ။တနည်း- လေခတ်သဖြင့် လှုပ်ရှားသော တံခွန်ကုက္ကားနှင့်လည်းတူ၏။

၅။ လောဘ စေတသိက်သည် အာရုံကိုစွဲလမ်းခြင်း လက္ခဏာရှိ၏၊ အာရုံ၌ ငြိကပ်ခြင်း ကိစ္စရှိ၏၊ စွန့်အပ်သောဝတ္ထုကို မစွန့်ကြဲခြင်းလျှင် ထင်သောအခြင်းအရာရှိ၏ တပ်သောအားဖြင့်ရှုခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။ဥပမာ- မျောက်နဲ့စေးနှင့်တူ၏၊ တူပုံကား မျောက်နဲ့စေးပင်မှထွက်သောအစေးကိုနေရောင်ဖြင့် ပြောင်ပြောင်မြင်သည်ရှိသော် မျောက်သတ္တဝါတို့သည် လက်ခြေဆော့သည်ဖြစ်၍ လက်တဘက်ဖြင့် ထိုအစေးကိုကိုင်၏ ထိုလက်သည်ကပ်၍နေ၏ ထိုကပ်၍နေသောလက်ကို မနှုတ်မူ၍ လက်တဘက်ဖြင့် ကိုင်ပြန်၏၊ ထိုလက်လည်းကပ်၍နေပြန်၏၊ ထိုလက်နှစ်ဘက်ကိုမနှုတ်မူ၍ ခြေတဘက်ဖြင့်တို့ပြန်၏၊ ၎င်းခြေတဘက်ကို မနှုတ်မူ၍ ခြေတဘက်ဖြင့် တို့ပြန်၏၊ ၎င်းခြေနှစ်ဘက်လည်း ကပ်၍နေပြန်၏၊ ၎င်းလက်နှစ်ဘက် ခြေနှစ်ဘက်ကိုမနှုတ်မူ၍ နှုတ်သီးဖြင့်တို့ပြန်၏၊ ထိုသို့တို့သောအခါ မျောက်သတ္တဝါသည် မျောက်နဲ့ပင်အစေးမှ အင်္ဂါငါးပါးလုံး စုံးစုံးမြုပ်၍ မလွတ်နိုင်သကဲ့သို့ ထို့အတူ အကြင်သတ္တဝါတို့သည် ရူပါရုံကို တပ်နှစ်သက်၏၊ ထိုရူပါရုံကိုမလွတ်မူ၍ သဒ္ဒါရုံကိုတပ်နှစ်သက်ပြန်၏၊ ထိုသဒ္ဒါရုံကို မလွတ်မူ၍ ဂန္ဓာရုံကို တပ်နှစ်သက်ပြန်၏၊ ထိုဂန္ဓာရုံကိုမလွတ်မူ၍ ရသာရုံကို တပ်နှစ်သက်ပြန်၏၊ ထိုရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ တို့ကို မလွတ်၍ ဖောဋ္ဌဗ္ဗာရုံကို ရှေ့အာရုံတို့ထက် လွန်လွန်မင်းမင်းတပ်စွန်းနှစ်သက်မူ၏၊ ထိုသို့တပ်စွန်းနှစ်သက်သောအခါ တမက်မောမော လောဘဇောနှင့် အာရုံ ငါးပါးလုံး ကပ်ငြိသဖြင့် လွတ်ခွင့်ကို မရနိုင်အောင် ရှိတတ်ချေ၏။ ထို့ကြောင့် လောဘသည် မြောက်နဲ့စေးနှင့် ဥပမာတူလှချေ၏။

တနည်း။ ။ထိုလောဘသည် တဏှာမြစ်ရေနှင့် ကူ၏၊သတ္တဝါတို့ကို သံသရာ ဝဋ်ဆင်းရဲ၌ ဆွဲငင်သည်၏ အစွမ်းအားဖြင့် ထိုလောဘကို ဇောတဏှာဟူ၍ ဆိုအပ်၏။ သတ္တဝါတို့ကို ဖြစ်စေတတ်သောကြောင့် ဇနိက ဟူ၍လည်း ခေါ်ဆိုအပ်၏။ စုတိပဋိသန္ဓေ၏ အစွမ်းအားဖြင့် ချုပ်တတ် စပ်တတ်သောကြောင့် သိဗ္ဗိနီဟု ဆိုအပ်၏။ အပ်လျှိုသမား, အပ်ချုပ်သမားနှင့်တူ၏။ ပိယသဟာယ ချစ်လှစွာသော အဆွေခင်ပွန်းနှင့်လည်းတူ၏၊ အလွန်တရာထူထပ်သော သဘောကြောင့် ဝနထမည်သော တောအုပ်ကြီးနှင့်လည်း တူပေ၏။ ထိုထိုဘဝသို့ ဆွဲငင်ယူဆောင်တတ်သောကြောင့် ဘဝရင္ဇုမည်သော ကြိုးကြီးနှင့်လည်းတူ၏။

တဏှာ တရာ့ ရှစ်ပါးကား-၁။ တဏှာသုံးတန် တည်ထားပြန် အာကာသံနှင့်မြှောက်။ ၂။ တရာ့ရှစ်ဖြာ မင်းတဏှာ ထိုခါ အပြီးမြှောက်။

တထောင့်ငါးရာ ကိလေသာကား-၁။ နံ,နိ,လက်,ကို,ခံ,၊ ကိသန္တာန်နှင့်မြှောက်။ ၂။ တထောင့်ငါးရာ ကိလေသာ ထိုအခါ အပြီးမြှောက်။

စိတ် လောဘသည် လောဘသာမည်၏၊ စေတသိက် လောဘမှာမူ မူလလည်းမည်၏၊လောဘလည်းမည်၏။

၆။ ဒိဋ္ဌိစေတသိက်သည် မသင့်တင့်သော အားဖြင့် နှလုံးသွင်းခြင်းလက္ခဏာရှိ၏။အနိစ္စသည်မှ တပါးသော နိစ္စသည်ဖြင့် စွဲလန်းခြင်းကိစ္စရှိ၏၊ ဘောက်ပြန်သော အားဖြင့် အထန်တလဲလဲ နှလုံးသွင်းခြင်းလျှင်ထင်ရသော အခြင်းအရာရှိ၏။ အရိယာပုဂ္ဂိုလ်တို့ကို မဖူးမြင်ခြင်း မတွေ့ခြင်း၄ာ အလိုရှိသည်၏ အဖြစ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။ (ဥပမာ) ဒိဋ္ဌိသည် သူရူးခြင်းတောင်းနှင့် တူ၏၊ တူပုံကား- သူရူးခြင်းတောင်းသည် မုံ့ ပဲ ငါး စသည်တို့ကိုလည်း ထည့်တတ်၏၊ ကျောက်အုတ်ခဲ ဆီးဖြူ သျှစ်သျှား သဖန်းခါးစသော အထူးထူး အထွေထွေသော ဝတ္ထုတို့ကိုလည်း ထည့်တတ်၏။ ဤသို့ တွေ့မြင်ရာရာကို မရွေးမချယ် ထည့်တတ်သည်နှင့် တူသော ဒိဋ္ဌိအယူဝါဒသည် အမြဲအမှန် မဟုတ်၊ ရံခါ သဿတအယူကို ယူ၏၊ ရံခါ ဥစ္ဆေဒအယူကို ယူ၏၊ ရံခါ ဧကစ္စ သဿတအယူကို ယူ၏။မည်သည့်အယူဟူ၍ အမြဲအစွဲမရှိ၊ တွေ့မြင်ရာကိုသာ ယူတတ်၏။ထို့ကြောင့် ဒိဋ္ဌိအယူကို သူရူး ချင်းတောင်းနှင့် တူသည်ဟူ၍မှတ်။

တနည်း။ ။အလွန် သက်ဝင်နိုင်ခဲသော တောအုပ်ကြီး နှင့်လည်း တူ၏၊ခရီးမှားသောသူ ပိုးဖလံနှင့်လည်းတူပေ၏။

## အထူးမှတ်ချက်

ထို ၆၂-ပါးသော ဒိဋ္ဌိတို့တွင် နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကြိယဒိဋ္ဌိတို့ဖြင့်သာလျှင် ကမ္မပထအထူးသည် ဖြစ်၏။တပါးသော ဒိဋ္ဌိတို့ဖြင့် ကမ္မပထမဖြစ်ဟု မှတ်အပ်၏။ ဤသုံးပါးသော ကမ္မပထ မြောက်သော ဒိဋ္ဌိတို့တွင် နတ္ထိကဒိဋ္ဌိသည် အကျိုးကို တားမြစ်၍ အကြိယ ဒိဋ္ဌိသည် အကြောင်းကို တားမြစ်၏၊ အဟေတုက ဒိဋ္ဌိသည် အကျိုးအကြောင်း နှစ်ပါးကိုလည်း တားမြစ်၏ဟု မှတ်အပ်၏။ ။နတ္ထိကဒိဋ္ဌိ ၁၀-ပါး အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀-ပါးစသော အားဖြင့် ၆၂-ပါးသော ဒိဋ္ဌိများကို သီလက္ခန် ပါဠိတော် ဗြဟ္မဇာလသုတ်, ဥပရိပဏ္ဏာသ ပါဠိတော်, ပပဉ္စသူဒနီ ယသုတ်တို့၌ ကြည့်ရှုအပ်၏။

ထိုသို့ ပြအပ်ပြီးသော ဒိဋ္ဌိသုံးပါးကို ယူသောသူသည် အဘယ်အခါ သမယ ဇောခဏ၌ နိယတစင်စစ် ကေန်ဖြစ်သနည်းဟူမူကား ပဌမဇော ဒုတိယဇော တတိယဇော စတုတ္ထဇော ပဉ္စမဇော ဆဋ္ဌမဇောတို့၌ ကုစား၍ရကောင်းသေး၏၊သတ္တမဇောခဏ၌ ဂင်္ဂါဝါဠု သဲထုမက အများရှိသော ဘုရားရှင်တို့၏လည်း ကုစား၍ ၎င်းသူကိုမရတော့ပြီ။ထို့ကြောင့် သာမည သုတ်အဋ္ဌကထာ၌ သတ္တမေဇုဒ္ဓါနမ္ပိ အတေကိစ္ဆာ-ဟုဘွင့်ပြ၏။သတ္တမေ၊ သတ္တမဇောခဏ၌။ ဗုဒ္ဓါနမ္ပိ၊ဘုရားရှင်တို့၏လည်း။အတေကိစ္ဆာ၊မကုစားနိုင်ကုန်မှတ်အပ်၏။သည်ကိုရည်၍-သုစရိုက်ပြုလိုက်ထာဝရေ၊မြတ်အဟုန်နတ်ဘုံယာမာပြေ။ ဝါယောကသိုဏ်းကို နေ့တိုင်းသာပွား သတ္တဝါများ ဓမ္မတာအား ဗြဟ္မာလားလို့ ရှိသမျှဆိတ်ခါနေ၊ နိယတမိစ္ဆာတွေ၊ မပျက်သော စက္ကဝေါနရက်မှာ ပြောင်းရချေ၊သုတ္တန်ကျမ်းမှာ လမ်းမှန်လာရှိ ပါဠိတော်ပါပေ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြွက်ခါထုတ်ပြန်လေ-ဟု စပ်ဆိုတော်မူ၏။

တသ္မာ အကလျာဏဇနံ၊ အာသီဝိသ မိဝေါရဂံ။
အာရကာ ပရိဝဇ္ဇေယျ၊ ဘူတိကာမော ဝိစက္ခဏော။

တသ္မာ၊ ထိုသို့ အဖြစ်ကြီးကျယ် သံသရာ သစ်ငုပ်သဘွယ် ဖြစ်သောကြောင့်။ အကလျာဏဇနံ၊ သူတော်ကောင်းတရား လွန်ကင်းငြားသော တရားမဖြူ ရဟန်းရှင်လူ မသူတော်ပုဂ္ဂိုလ်ကို။ အာသီဝိသံ၊ လတ်တလော မျက်မှောက် ဆိပ်တောက်လျက် သေစေပျောက်စေတတ်သောအဆိပ်ဟုန် ရှိထသော။ ဥရဂံဣဝ၊မြွေပွေး မြွေဟောက်ကဲ့သို့။ ဘူတိကာမော၊ ဒိဋ္ဌဓမ္မ သမ္ပရာယိက အကျိုးကို ဖွံ့ဖြိုးခြင်းငှာ အလိုရှိသော။ ဝိစက္ခဏော၊

အထူးထူး အကျိုးမြင် ပညာရှင်ဖြစ်သော သူတော်ကောင်းသည်။ အာ ရကာ၊ ဝေးလံစွာ။ ပရိဝဇ္ဇေယျ၊ အနီးတွင်မကပ် ထက်ဝန်းကျင် ရှောင် ကြဉ်ရာသတည်း။

၇။ မာနစေတသိက်သည် ငါသာလျှင်မြတ်၏ဟု မိမိကိုယ်ကို ထောင် လွှားခြင်း လက္ခဏာရှိ၏၊မိမိကိုယ်ကို ချီးမြှောက်ခြင်း ကိစ္စရှိ၏၊မှန်ကင်း ကဲ့သို့ အလိုရှိခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ ဒိဋ္ဌိနှင့် မယှဉ်သော လောဘလျှင် နီးစွာသော အကြောင်း ရှိ၏။ ။ဥပမာ-အရူးကဲ့သို့ မှတ် အပ်၏။ ။တနည်း မှန်ကင်းနှင့်တူ၏။

## မာန်တက်ခြင်းအပြား ၁၂-ပါးပြခြင်း

၁။ ငါမြတ်၏ဟု မာန်တက်ခြင်း သေယျမာန်။ ။၂။ ငါထိုသူနှင့် တူ၏ဟု မာန်တက်ခြင်း သဒိသမာန်။ ။၃။ ငါထိုသူအောက် ယုတ်၏ ဟု မာန်တက်ခြင်း ဟီနမာန်။ ။၄။ မြတ်သည် ဖြစ်လျက် ငါမြတ်၏ဟု မာန်တက်ခြင်း သေယျသာ သေယျမာန်။ ။၅။ မြတ်သည် ဖြစ်လျက် ငါသူနှင့်တူ၏ဟု မာန်တက်ခြင်း သေယျသဒိသမာန်။ ။၆။ မြတ်သည် ဖြစ်လျက် ငါသူအောက်ယုတ်၏ဟု မာန်တက်ခြင်း သေယျသဟီနမာန်။ ၇။ သူနှင့်တူသည်ဖြစ်လျက်သူထက်မြတ်၏ဟု မာန်တက်ခြင်း သဒိသဿ သေယျမာန်။ ။၈။ သူနှင့်တူသည် ဖြစ်လျက် သူနှင့်တူ၏ဟု မာန်တက် ခြင်း သဒိသဿ သဒိသမာန်။ ။၉။ သူနှင့် တူသည် ဖြစ်လျက် သူ့ အောက် ယုတ်၏ဟု မာန်တက်ခြင်း သဒိသဿဟီနမာန်။ ။၁၀။ သူ့ အောက်ယုတ်လျက် သူ့ထက်မြတ်၏ဟု မာန်တက်ခြင်း ဟီနဿသေယျ မာန်။ ။၁၁။ သူ့အောက် ယုတ်လျက်သူနှင့် တူ၏ဟု မာန်တက်ခြင်း ဟီနဿ သဒိသမာန်။ ။၁၂။ သူ့အောက် ယုတ်လျက် သူ့အောက် ယုတ်၏ဟု မာန်တက်ခြင်း ဟီနဿ ဟီနမာန်။

## တနည်း ၁၆-ပါးပြခြင်း

၁။ မာန်တက်ခြင်း မာန။ ။၂။ အလွန်မာန်တက်ခြင်းအတိမာန။ ။ ၃။ မာန်တက်သည်ထက် မာန်တက်ခြင်း မာနာတိမာန။ ။၄။ အမျိုးကို အစွဲပြု၍ မာန်တက်ခြင်း ဇာတိမာန်။ ။၅။ အနွယ်ကို အစွဲပြု၍ မာန် တက်ခြင်း ဂေါတ္တမာန်။ ။၆။ ရောဂါမရှိသည်ကို စွဲ၍ မာန်တက်ခြင်း အာရောဂျမာန်။ ။၇။ အရွယ်ကိုစွဲ၍ မာန်တက်ခြင်း ယောဗ္ဗနမာန်။ ။ ၈။ အသက်ရှည်သည်ကိုအစွဲပြု၍ မာန်တက်ခြင်း ဇီဝိတမာန်။ ။၉။ လာဘ်

ကိုအစွဲပြု၍ မာန်တက်ခြင်း လာဘမာန်။ ။၁၀။ ပူဇာသက္ကာရကို အစွဲပြု၍ မာန်တက်ခြင်း သက္ကာရမာန်။ ။၁၁။ သူတပါးတို့ အလေးပြုသည်ကို အစွဲပြု၍ မာန်တက်ခြင်း ဂရုဂါရဝမာန်။ ။၁၂။ ရှေ့သွား အကျိုးပြုရသည်ကိုစွဲ၍ မာန်တက်ခြင်း ပုရက္ခာရမာန်။ ။၁၃။ အခြံအရံများသည်ကို အစွဲပြု၍ မာန်တက်ခြင်း ပရိဝါရမာန်။ ။၁၄။ စည်းစိမ်ဥစ္စာရှိသည်ကိုအစွဲပြု၍ မာန်တက်ခြင်း ဘောဂမာန်။ ။၁၅။ အဆင်းလှသည်ကို အစွဲပြု၍ မာန်တက်ခြင်း ဝဏ္ဏမာန်။ ။၁၆။ အကြား အမြင်ရှိသည်ကို အစွဲပြု၍ မာန်တက်ခြင်း သုတမာန်။ ပညာရှိသည်ကို အစွဲပြု၍ ဇာရိယာပုထ်ကိုအစွဲပြု၍ ဈာန်ကိုအစွဲပြု၍ မာန်တက်ခြင်း စသည်တို့သည်လည်း များပြားလှ၏။

ဂ။ ဒေါသ စေတသိက်သည် ကြမ်းထမ်းခြင်း လက္ခဏာရှိ၏၊ အာရုံ၌ပြင်းစွာကြံခြင်း ကိစ္စရှိ၏၊ ပြစ်မှားခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ မျက်ကြီးအမျိုး ရန်ငြိုးဘွဲ့လျက် အမျက်ထွက်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။(ဥပမာ) ဤဒေါသကိုလုံ့တံဖြင့် ခတ်သော မြွေပွေး မြွေဟောက်ကဲ့သို့ မြားဆိပ် မြွေဆိပ်ကျသကဲ့သို့ တောမီးဟောက်လောင်သကဲ့သို့ ရအပ်သော အခွင့်ရှိသော ရန်သူကဲ့သို့ အဆိပ်နှင့် ရောသော ကျင်ပုပ်ကဲ့သို့ မှတ်အပ်၏။ ။တနည်း။ ။သူတပါးကို ပစ်ခတ်ခြင်းငှာ လက်ဖြင့်ကိုင်၍ ယူသောမစင်သည် မိမိကို လက်ဦးလူးသကဲ့သို့ သူတပါးအား လူးသည်လည်းရှိ၏ မလူးသည်လည်း ရှိကောင်း၏ဟု မှတ်အပ်၏။ (မှတ်ချက်)။ ။အားနည်းသော အမျက်သည် ဒေါသမည်၏၊ အားကြီးသောအမျက်သည် ပဋိဃမည်၏၊ ရှေ့ဦးစွာဖြစ်သောအမျက်သည် ကောဓမည်၏၊ နောက်အတွင့်၌ဖြစ်သော အမျက်သည် ဒေါသမည်၏ဟု မှတ်အပ်၏။

၉။ ဣဿာ စေတသိက်သည် သူတပါး စည်းစိမ်တို့ကို ငြူစူခြင်း သည်းမခံနိုင်ခြင်း လက္ခဏာရှိ၏၊ သူတပါး စည်းစိမ်၌သာလျှင် မမွေ့လျော်ခြင်း မနှစ်သက်ခြင်း ကိစ္စရှိ၏။ ။ထိုသူတပါးစည်းစိမ်မှ မျှစိမ့်ဘဲ မျက်နှာလွှဲသည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေ့ရှုထင်တတ်၏၊ သူတပါးတို့၏ စည်းစိမ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။(ဥပမာ)သီရိမာပြည့်တန်ဆာမနှင့်တူ၏။ ။မှတ်ချက်။ ။ထိုဣဿာတရားသည် တစုံတခု အကျိုးမရှိ၊ မိမိစီးပွားကိုသာ ပျက်တတ်သည်ဖြစ်၍ သူတော် သူမြတ်တို့သည် ယောနိသော မနသိကာရ ရှေ့ထား ကောင်းမွန်မြတ်လှသော တရားဖြင့်

အမြဲမပြတ် အထပ်ထပ်အခါခါ နှလုံးထားရတော့သည်။ ထို့ကြောင့် ပညာရင့်သီး ဆရာတော် ဘုရားကြီးတို့သည် ဤသို့သော ဝါဒစကားဖြင့် တပည့်သားတို့အား ဟောကြားတော်မူ၏။

ဉာဿာ နုလ်သိခါ ယေသံ၊ ဟာဒယေ ဇလတိဝ တေ။
နေဝဝိန္ဒန္တိ ပါမောဇ္ဇံ၊ သမ္ဗုဒ္ဓါဒိပဟိ သေဝိတံ။

ယေသံ၊ အကြင်နှလုံးသွင်းမကောင်း ဉာဿာ ကိုယ်တွင်း အောင်းသော သူတို့၏။ ဟာဒယေ၊ နှလုံးသွင်း၌။ ဉာဿာနုလသိခါ၊ သူတပါး စည်းစိမ်ကို ငြူစူခြင်း လက္ခဏာရှိသော ဉာဿာဟူသော မီးလျှံသည်။ ဇလတိဝ၊ ထိန်ထိန်တောက်၏သို့ ဖြစ်၏။ တေ၊ ထိုဉာဿာ ဟူသော ကိုယ်တွင်းမီးလျှံကို လက်ခံမှားသော သူတို့သည်။ သမ္ဗုဒ္ဓါဒိပဟိ၊ ဘုရား ပစ္စေကဗုဒ္ဓါစသော အရိယာ သူတော်ကောင်းတို့သည်။ သေဝိတံ၊ အမြဲမပြတ်မှိဲဝဲသုံးဆောင်အပ်သော။ ပါမောဇ္ဇံအဝိ၊ နုသောဝမ်းမြောက် ခြင်းတည်းဟူသော ပါမောဇ္ဇမျှကိုလည်း။ နေဝဝိန္ဒန္တိ၊ မရနိုင်ကုန်သည် သာလျှင်တည်း။

အဝိသဒ္ဒါကား ဂမျမာန်လုတ္တ နိဒ္ဒဋ္ဌတည်း၊ ထိုအဝိသဒ္ဒါဖြင့် နုသော ဝမ်းမြောက်ခြင်း တည်းဟူသော ပါမောဇ္ဇကိုမျှမရသေး၏ရှင့် အားကြီးသော ဝမ်းမြောက်ခြင်း တည်းဟူသော ပီတိကို ကိုယ်စိတ်၏ ငြိမ်းခြင်း တည်းဟူသော ပဿဒ္ဓိ စသည်တို့ကား ဆိုဘွယ်မရှိ မရသည်သာဟု ဂရဟာကဲ့ရဲ့လေသတည်း။ ထို့နည်းအတူ ၂ှင်မဟာ ဗုဒ္ဓဃောသမထေရ် သည်လည်း–သံယောဇနန္တိ ဒဋ္ဌဗ္ဗံ။ ။သံယောဇနန္တိ၊ သံယောဇဉ်ကြိုး တစဟူ၍။ ဒဋ္ဌဗ္ဗံ၊ ရှုမှတ်အပ်၏။

၁၀။ မစ္ဆေရ စေတသိက်သည် မိမိစည်းစိမ် တို့ကို လျှို့ဝှက်ခြင်း လက္ခဏာရှိ၏၊ ထိုမိမိတို့၏စည်းစိမ်ကိုသာလျှင် သူတပါးတို့နှင့် ဆက်ဆံသည်၏ အဖြစ်သာလျှင် သည်းမခံနိုင်ခြင်း ကိစ္စရှိ၏၊ မနှစ်သက်သော အခြင်းအရာဖြင့် စိတ်၏တွန့်ခြင်း နှာခေါင်းရှုံ့ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ အာဝါသ စသော မိမိစည်းစိမ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။ဥပမာ–မစ္ဆေရ သဘောသည် ယောက်မဖျားဖြင့် ဟူ၍ ဆိတ်ဆွန်းဆိတ်ဆွန်းသာ ပူဇော်ပေးကမ်းတတ်သည်၏ အဖြစ်ဟူ၍ စစ်စည်စည်းနဲ နှမျောချူချာ လျှို့ဝှက်သော အခြင်းအရာဥပမာရှိ၏။ ။ တနည်း–ဥဘတော ပဒုဋ္ဌဇာတ်၌ တံငါသည်လင်မယားနှင့်တူ၏။

## ၎င်းမစ္ဆေရတရားငါးပါးဟူသည်ကား

၁။ အာဝါသ မစ္ဆေရ မိမိအရံကို မိမိနှင့်သာဆက်ဆံရအောင်ဝန်တိုခြင်း။ ။၂။ ကုလမစ္ဆေရ မိမိအမျိုးကို မိမိနှင့်သာ ဆက်ဆံရအောင်ဝန်တိုခြင်း။ ။၃။လာဘ မစ္ဆေရ မိမိလာဘ်ကို မိမိနှင့်သာဆက်ဆံရအောင်ဝန်တိုခြင်း။ ။၄။ ဝဏ္ဏမစ္ဆေရ မိမိအဆင်းလှလိုခြင်းဟူသော သူတပါးအား ဝန်တိုခြင်း။ ။၅။ ဓမ္မမစ္ဆေရ ပရိယတ္တိဓမ္မကို သူတပါးအား မသိစေရအောင်ဝန်တိုခြင်း။ အာဝါသောစ ကုလံ လာဘော၊ ဝဏ္ဏောစ ဓမ္မောတိ မစ္ဆေရာ။ မစ္ဆေရငါးဖြာ အဋ္ဌကထာလာ၏။

ထိုမစ္ဆေရ ငါးပါးအကျိုးအပြစ်ကို ပြပေဦးအံ့။ ထိုမစ္ဆေရ ငါးပါးတို့တွင် အာဝါသမစ္ဆေရကြောင့် ဘီလူး ပြိတ္တာဖြစ်၍ ထိုကျောင်း၌အရိပ်အာဝါသ၏ တံမြက်ချေးတို့ကို ဦးခေါင်းဖြင့်ရွက်၍ လှည့်လည်ရတော့သတည်း။ ကုလမစ္ဆေရကြောင့် ခံတွင်းမှသွေးသည်အန်ထွက်၏ ဝမ်းသွေးကျသည်လည်းဖြစ်၏၊ အူတို့သည် အပိုင်းပိုင်း အတုံးအတုံးဖြစ်၍ ထွက်ကုန်၏။ လာဘမစ္ဆေရကြောင့် စပါးကြီးမြွေဖြစ်တတ်၏ဟုမှတ်။

တနည်းအားဖြင့်သော်ကား ဤသို့မှတ်အပ်သေး၏။

> အာဝါသေန လောဟဂေဟေ၊ ကုလေန ဂူထ နိရယေ။
> လာဘေန အပ္ပလာဘော၀၊ ဝဏ္ဏေန တု အဝဏ္ဏကော။
> ဓမ္မာ ကုက္ကုဠနိရယေ၊ ပစ္စတေ ဝိညူ ဝဇ္ဇရေ။

အာဝါသေန၊ အာဝါသ မစ္ဆရိယကြောင့်။ လောဟဂေဟေ၊ သံရေအိမ်၌။ ပစ္စတေ၊ ကျက်ရတတ်ချေ၏။ ကုလေန၊ ကုလမစ္ဆရိယကြောင့်။ ဂူထနိရယေ၊ ဘင်ပုပ်ငရဲ၌။ ပစ္စတေ၊ ကျက်ရတတ်ချေ၏။ လာဘေန၊ လာဘမစ္ဆရိယကြောင့်။ အပ္ပလာဘော၀၊ နည်းသောလာဘ်ရှိတတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝဏ္ဏေန၊ ဝဏ္ဏမစ္ဆရိယကြောင့်။ အဝဏ္ဏကော၊ အဆင်းမလှအရုပ်ဆိုးသည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မာဓမ္မေန၊ ဓမ္မမစ္ဆရိယကြောင့်။ ကုက္ကုဠနိရယေ၊ ပြာပူငရဲ၌။ ပစ္စတေ၊ ကျက်ရတတ်ချေ၏။ ဣတိ၊ ဤသို့။ တံမစ္ဆေရံ၊ ထိုမစ္ဆရိယ တရားကို။ ဝဇ္ဇရေ၊ ဝေးဝေးက ကွေကွင်း၍ ကြဉ်ကုန်ကြရာ သတည်း။ (တနည်းအားဖြင့်) ထိုမစ္ဆရိယတရားသည် မုဒုမစ္ဆရိယ ထဒ္ဓမစ္ဆရိယအားဖြင့် နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် ဤစည်းစိမ်သည် ငါအားသာလျှင်ဖြစ်စေ သူတပါးအား မဖြစ်စေလင့် ဤသို့အလုံးစုံသော စည်းစိမ်တို့၌ ပျံ့နှံ့စေခြင်းငှာ အလိုမရှိသောသူ၏အဖြစ်သည် နုနုဝန်တိုခြင်းဟုဆိုအပ်သော

မုဒုမန္တရိယမည်၏။ အကြင်ပုဂ္ဂိုလ်တို့သည် သူတပါးတို့အားပေးလှူသော အလှူကိုလည်း မပေးလှူအောင်မြစ်တတ်၏ ထိုပုဂ္ဂိုလ်၏ အဖြစ်သည် ကြမ်းထမ်း ဝန်တိုခြင်းဟု ဆိုအပ်သော ထဒ္ဓမန္တရိယဖြစ်၏၊ ထိုမန္တရိ တရားသည် စိတ်၏ဘောက်ပြန်သော အဖြစ်တည်းဟုမှတ်အပ်၏။

ထိုကြောင့် အဋ္ဌကထာ၌-စေတသော ဝိရူပ ဘာဝေါတိ ဒဋ္ဌဗ္ဗံဟု ဘွင့်ပြ၏။ စေတသော၊ စိတ်၏။ ဝိရူပဘာဝေါ၊ ဘောက်ပြန်သော အဖြစ်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်သားအပ်၏။

၁။ ဣဿာမစ္ဆေ၊ ဤနှစ်ထွေ၊ သဘောအနေ မည်သို့နည်း။

၂။ ဣဿာဗဟိ၊ အာရုံရှိ၊ မစ္ဆရိမှာ၊ အဇ္ဈတ္တာ၊ ထင်ရာအာရုံကွဲ သတည်း။

၁၁။ ကုက္ကုစ္စစေတသိက်သည် နောက်၌အဘန်တလဲလဲ ပူပန်စေခြင်း နှိပ်စက်ညှဉ်းဆဲခြင်း လက္ခဏာရှိ၏၊ ပြုကျင့်မိ လွန်ကျူးမိသော ဒုစရိုက် မပြုခဲ့မိ မကျင့်ခဲ့မိသော သုစရိုက်တရားကိုအဘန်တလဲလဲ လျှောက်၍ အောက်မေ့ စိုးရိမ်ခြင်း ကိစ္စရှိ၏၊နှလုံးမဖြောင့်တည်နိုင် အဘန်တလဲလဲ အောက်မေ့ခြင်းကိုဖြစ်စေခြင်းလျှင် ထင်သောအခြင်းအရာရှိ၏၊ပြုပြီးသော ဒုစရိုက် မပြုလိုက်မိသော သုစရိုက်လျှင် နီးစွာသောအကြောင်းရှိ၏။

ဤကုက္ကုစ္စစေတသိက် အဓိပ္ပါယ်ကား-ပြုမိလွန်ကျူးမိသော ဒုစရိုက်, မပြုမကျင့်မိသော သုစရိုက်အမှုသည် ရွံရှာစက်ဆုပ် အပ်သောကြောင့် ကုကတမည်ရင်းသာတည်း။ ထိုအမှုကို အာရုံပြု၍ သူတော်ကောင်းတို့ စက်ဆုပ်ရွံရှာဘွယ် အပါယ်လားကြောင်း ဤသည်ဤသည် မကောင်းမှု ဒုစရိုက်ကို ငါပြုမိလေသည် ခက်စွဟု နှလုံးမသာယာသော စိတ္တုပ္ပါဒ် နတ်ရွာ နိဗ္ဗာန်ဟု ဆိုအပ်သော သဂ္ဂမောက္ခကို ရခြင်း၏ အကြောင်း ကောင်းမြတ်သော ဤသည်ဤသည် သုစရိုက်တရားကို မပြုမကျင့်မိလေ၊ ငါ့အား သေခါနီးအခါ အဘိရူတာဏာ လေဏာ ပရာယန ဖြစ်သော တစိုးတစိသော သုစရိုက်တရား မရှိသည်ကားခက်စွ ငါ့ကိုယ်ဟု နှလုံး မသာယာသောစိတ္တုပ္ပါဒ်သည်လည်း ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဈာန်သည် ပထဝီကသိုဏ်းမည်သကဲ့သို့ ကာရဏူပစာရနည်းဖြင့် ကုကတ မည်၏။

ထိုကုကတ မည်သော နှလုံးမသာယာသော စိတ္တုပ္ပါဒ်၏ အဖြစ် ဟူသော သတ္တိကြောင့် သဒ္ဒပဝတ္တိနိမိတ် ဖြစ်သော ကုက္ကုစ္စစေတသိက် သည် ကုက္ကုစ္စမည်၏ဟူ၍ မှတ်အပ်၏။

ဥပမာ–ကျွန်အဖြစ်နှင့်တူ၏။ ။တူပုံကား မိမိကိုယ်ကို အစိုးမရသော ကျွန်သည် အစိုးရသောအရှင်က သင်သည် ဤအမှုကိုမပြုလင့်၊ ဤအမှုကို ပြုဟူ၍ မြစ်တားဆုံးမလျက် မြစ်သည့်အရာကို ပြုမိ၍ ငါသည် အရှင် မြတ်အား သည်အမှုကိုပြုမိ၍ ခွင့်ပြုသည်ကို မပြုမိဟု နောက်၌ အဘန် တလဲလဲ ပူပန်ခြင်းဖြစ်သကဲ့သို့ ထို့အတူ ငါသည် မြတ်စွာဘုရားမြစ်တား တော်မူသည့် အရာကိုပြုမိ၏၊ခွင့်ပြုတော်မူသည့်အရာကိုမပြုမိဟု နောက်၌ အဘန်တလဲလဲ ပူပန်ခြင်း ဖြစ်လေတော့သတည်းဟု မှတ်လေ။

(မှတ်ချက်) လိုရင်း အကျဉ်းစုံစုံ စကားပုံကား – ဒုစရိုက် ဖြစ်စေ, သုစရိုက်ဖြစ်စေ ပြုအပ်ပြီးသော အမှုကို ဒုစရိုက် ထင်မှတ်လျှင် ကုက္ကုစ္စ ဖြစ်၏၊ ဒုစရိုက်ဖြစ်စေ,သုစရိုက်ဖြစ်စေ မပြုမိသောအမှုကို သုစရိုက် ထင် မှတ်လျှင် ကုက္ကုစ္စဖြစ်၏။ ထို့ကြောင့် နိက္ခေပကဏ္ဍ မူလဋီကာ၌ အန ဝဇ္ဇေ ဘိက္ခုဒဿန စေတိယ ဝန္ဒနာဒိ ဝဇ္ဇသညီ အကတ္ဗာ ကတ္ဗာစ ကောစိ အသဒ္ဓေါ ဝိပ္ပဋိသာရီဟောတိ–ဟု ဘွင့်ပြ၏။

အနဝဇ္ဇေ၊ အပြစ်မရှိသည်လည်း ဖြစ်သော။ ဘိက္ခုဒဿနစေတိယ ဝန္ဒနာဒိ၊ရဟန်းတို့ကို ဖူးမြင်ခြင်း,စေတီတော်ကို ရှိခိုးခြင်းအစရှိသည်ကို။ ဝဇ္ဇသညီ၊ အပြစ်ရှိ၏ဟု အမှတ်ရှိသည်ဖြစ်၍။ အကတ္ဗာစ၊ မပြုမူ၍ငင်း။ ကတ္ဗာစ၊ ပြုပြီး၍ငင်း။ ကောစိ၊ တစုံတယောက်သော။ အသဒ္ဓေါ၊ သဒ္ဓါ တရားမရှိသော သူသည်။ ဝိပ္ပဋိသာရီ၊ နှလုံးမသာသာခြင်း ရှိသည်။ ဟောတိ၊ဖြစ်၏။ ။တနည်း။ ထင်းခွေသည် ကျွန်မ ဥပမာ ရှင်ပစ္စေက ဗုဒ္ဓါကို သက်နင်းပုဆိုးမလှူမိသော ဒါယကာ ဥပမာများကို မှတ်လေ။

၁၂။ ထိနစေတသိက်သည် အားထုတ်ခြင်းမှ ကင်းသည် ဟူသော လက္ခဏာရှိ၏၊ ဝီရိယကိုဖျက်ဆီးခြင်း ကိစ္စရှိ၏၊ သမ္ပယုတ် တရားတို့ကို ဆုတ်နစ်စေသောအားဖြင့် ထင်သောအခြင်းအရာရှိ၏၊ မသင့်မတင့်သော အားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။ဥပမာ– ညဦးယာမ်၌ ပွင့်သော ပဒုမ္မာကြာပန်းသည် ရှင်လန်း၍ နေသည်ဖြစ်ပါ လျက် နေထွက်၍ နေနှင့် တွေ့သောအခါ ငင်းနေသည် ထိုပဒုမ္မာ ကြာ ပွင့်ကို ညှိုးနွမ်းခြင်းသို့ ရောက်စေသကဲ့သို့ ထို့အတူ သတ္တဝါ သန္တာန်၌ ထိန မယှဉ်သောအခါ ပေါ့ပါးခြင်းရှိပါလျက် ထိနနှင့် ယှဉ်သောအခါ ကိုယ်စိတ်လေးလံခြင်း ကိုယ်စိတ်၏မခံ့ခြင်း ဖြစ်လာ၏၊ထိနသည် နေနှင့် တူ၏။

၁၃။ မိဒ္ဓစေတသိက်သည် သမ္ပယုတ် တရားတို့၏ အမှု၌ မခံ့ခြင်း လက္ခဏာရှိ၏၊ သမ္ပယုတ်တရားတို့ကို ဘွဲခြင်းကိစ္စရှိ၏၊အာရုံကို ယူခြင်း၌ တွန့်သောအားဖြင့် ညဏ်အားထင်သော အခြင်းအရာရှိ၏၊ မသင့်သော အားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။ဥပမာ– မီးထဲသို့ ကြက်မွေးကြက်တောင်ကိုချသောအခါ တွန့်လိမ်ခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ သတ္တဝါတို့၏ သန္တာန်၌ မိဒ္ဓနှင့် မယှဉ်သောအခါ ပေါ့ပါး၍ မိဒ္ဓနှင့် ယှဉ်သောအခါ မီးသည် ကြက်မွေး ကြက်တောင်တို့ကို တွန့်စေသကဲ့သို့ မိမိနှင့် အတူတကွ ဖြစ်သော စေတသိက်တို့ကို တွန့်တိုစေ၏၊ မိဒ္ဓသည် မီးနှင့်တူ၏။

ထိနနှင့် မိဒ္ဓနှစ်ပါး အထူးကား-ထိနသည်စိတ်၏ မခံ့ခြင်း မိဒ္ဓသည် ဝေဒနာ သညာ သင်္ခါရဟု ဆိုအပ်သော ခန္ဓာ သုံးပါး၏ မခံ့ခြင်းဟု မှတ်အပ်၏။ ။တနည်း-မိဒ္ဓ စေတသိက်သည် တရားကို ပိတ်ပင်တတ်သောကြောင့် သမောရုန္ဓတိ တရားမည်၏။ ဥပမာ–အားဖြင့် မြို့ကိုပိတ်ယူအပ်သည်ရှိသော် လူတို့သည် ပြင်ဘက်သို့ ထွက်ခြင်းငှာ မရကုန်သကဲ့သို့ ထိုနည်းအတူ မိဒ္ဓစေတသိက်ဖြင့် ပိတ်ပင်အပ်သော တရားတို့သည် ပြန့်သည်၏ အစွမ်းအားဖြင့် ထွက်ခြင်းငှာ မရကုန်၏ဟု မှတ်အပ်တော့သည်။ တနည်းအားဖြင့် ရဟန္တာ အရှင်မြတ်သည် ရှည်စွာသော ခရီးသို့ ကြွသွားသော်၎င်း တပါးပါးသောအမှုကိစ္စကို ပြုတော်မူ၍ ပင်ပန်းသော်၎င်း ဤသို့သောအခါ၌ ကရဇကာယ၏ အားနည်းသည်၏ အဖြစ်ကို ဥပါဒိန္နက သန္တာန်၌ရအပ်၏၊ အချို့ကုန်သော ကုက္ကိုပြင်ဇသည်တို့၏ အရွက်တို့သည် နေပူသဖြင့် ပြန့်ကုန်၏၊ ညဉ့်၌တွန့်ကုန်၏ ပဒုမ္မာကြာပန်း စသည်တို့သည် နေပူသဖြင့် ပွင့်ကုန်၏၊ ညဉ့်၌တွန့်ကုန်၏၊ ဤသည်ကရဇ ကာယသဒိသ၏ အားနည်းသည်၏ အဖြစ်ကို အနုပါဒိန္နက သန္တာန်၌ ရအပ်၏ဟုမှတ်။

(မှတ်ချက်) ထိနနှင့်မိဒ္ဓ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့ကား ဝိရိယ၏ ဆန့်ကျင်ဘက် သမထ၏ ဆန့်ကျင်ဘက်ချင်းတူကြသော သဘောရှိကြ၏။

၁၄။ ဝိစိကိစ္ဆာ စေတသိက်သည် ယုံမှားတွေးတောခြင်း လက္ခဏာရှိ၏၊ အထူးထူးသောအာရုံ၌ စိတ်၏တုန်လှုပ်ခြင်း ကိစ္စရှိ၏၊ မဆုံးဖြတ်နိုင်ခြင်းနှလုံးနှစ်ခွကို ဖြစ်စေလျက် ထင်သော အခြင်းအရာရှိ၏၊ မသင့် မသင့်သောအားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

(မှတ်ချက်) ဝိစိကိစ္ဆာသည် ကျင့်ဝတ် ပဋိပတ်၏ အန္တရာယ်ကို ပြုတတ်သော သဘောတရားတခုဟု မှတ်အပ်၏။ ။ဥပမာ-ခရီးလမ်း မှားသောသူနှင့်တူ၏၊ခရီးလမ်းမှားသောသူသည် လမ်းဆုံလမ်းခွတွေ့လျှင် တောင်လမ်းလေလော မြောက်လမ်းလေလောဟု ခရီးလမ်းကိုမဆုံးဖြတ် နိုင်သကဲ့သို့ရင်း၊ သုသာန်အရပ်၌ ဒူးထောင်၍ အိပ်သောသူသည် မိမိဒူး ကိုပင် ဘီလူးလေလော ဒူးလေလောဟု ဒူးနှင့်ဘီလူးကို မဆုံးဖြတ်နိုင် သကဲ့သို့ရင်း ရုပ်ပါရုံ၌ အဖြူ အနီ အစရှိသော အာရုံကို မဆုံးဖြတ်နိုင် သကဲ့သို့ရင်းတည်း။

(မှတ်ချက်) ဥဒ္ဒစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ ဤသုံးပါးသည် သဘော တူယောင်လိုလိုရှိ၏၊ ၎င်းဝိစိကိစ္ဆာသည် ဓမ္မ ဝိစိကိစ္ဆာ ပဋိရူပက ဝိစိကိစ္ဆာအားဖြင့် နှစ်ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ဘုရား၌ ယုံမှားခြင်းရှိသောရှစ်ပါးသောယုံမှားခြင်းသည်ဓမ္မဝိစိကိစ္ဆာမည်၏၊ အတိတ်၌ယုံမှားခြင်း ၅-ပါးအနာဂတ်၌ယုံမှားခြင်း ၅-ပါး ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး ပေါင်း ၁၆-ပါးသော ယုံမှားခြင်းသည် ပဋိရူပက ဝိစိကိစ္ဆာမည်၏။

၁။ မနောဝိလေခမည်၊ ဤနှစ်လီ၊ အညီဘယ်သို့ကောက်သနည်း။

၂။ ကုက္ကုစ္စ ဝိစိကိစ္ဆာ၊ ဤနှစ်ဖြာ၊ သေချာမှတ်အပ်လေသတည်း။

ဤသည်လျှင် အကုသိုလ်စေတသိက် ၁၄-ပါးပြီး၏။

## သောဘဏစေတသိက် ၂၅-ပါး

သောဘဏ စေတသိက် ၂၅-ပါးကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့နှင့်တကွ ဥပမာအသီးသီးကို ပြဆိုပေအံ့။

၁။ သဒ္ဓါစေတသိက်သည် ဘုရား တရား သံဃာ ကံ,ကံ၏အကျိုးဟု ဆိုအပ်သော သဒ္ဓေယျဝတ္ထုကို ယုံကြည်ခြင်း လက္ခဏာရှိ၏၊ နောက်ကျု ခြင်း ဟူသော အညစ်အကြေးကို ပယ်ထုတ်၍ သမ္ပယုတ် တရားတို့ကို ကြည်စေခြင်း ကိစ္စရှိ၏၊သမ္ပယုတ်တရားတို့၏ မနောက်ကျုသည်၏ အဖြစ် လျှင် ထင်သော အခြင်းအရာရှိ၏၊ ရတနာသုံးပါး၏ ကံ ကံ၏အကျိုး ဟူသော ယုံကြည်အပ်သော ဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။

(မှတ်ချက်) သဒ္ဓါတရား ဟူသည် သမ္ပယုတ် တရားတို့၏ ရှေ့သွား ဖြစ်၍ နောက်သို့မဆုတ် စုတ်စုတ်နစ်နစ် အသစ်သစ်ဖြစ်လျက် သက်ဝင် ယုံကြည်တတ်သော တရားတခုဟုမှတ်။ ။ဥပမာ။ ။မိကျောင်းမကာရီး ဘမ်းစားတတ်သော ရက္ခိုုသ် ဘီလူးတို့ဖြင့် ပြွမ်းသော ကမ်းလုံးလျှံ

ပြည့်သော မြစ်ကြီးသို့ ရောက်၍ ကြောက်တတ်သော သဘောရှိသော လူအပေါင်းတို့သည် နှစ်ဘက်သောကမ်းတို့၌ ရပ်ကြ တည်ကြကုန်၏။ ထိုအခါ စစ်မြေပြင်၌ ရဲရင့်သောသူရဲကောင်း တယောက်သည် လာလတ်၍ သင်တို့သည် အဘယ့်ကြောင့် ရပ်ကြတည်ကြကုန်သနည်းဟု မေးသည်ရှိသော် အရှင် အကျွန်ုပ်တို့သည် မိကျောင်းမကန်း ဘမ်းစားတတ်သော ရက္ခိုသ် ဘီလူးဟူသော ဘေးဘျမ်းတို့နှင့်ပြွမ်းသော ဤမြစ်ကြီးကို ကူးခပ်ခြင်းငှာ မဝံ့ပါကုန်ဆိုသည်ရှိသော် ကောင်းစွာ သွေးအပ်သော သံလျက်ကိုင်ဆွဲ၍ သူ၏နောက်မှ လိုက်ခဲ့ကြကုန်၊ မကြောက်ကြကုန်လင့် ဆို၍ မြစ်ကြီးသို့ ကူးလေ၏၊လာတိုင်းလာတိုင်းသော မိကျောင်းမကန်း စသည်ကို တားမြစ်၍ ဤမှာဘက်ကမ်းမှသည် ထိုမှာဘက်ကမ်း၊ ထိုမှာဘက်ကမ်းမှသည် ဤမှာဘက်ကမ်းသို့ လူအပေါင်းတို့၏ ချမ်းသာသည်၏ အဖြစ်ကိုပြုလျက် ရွက်ဆောင်သကဲ့သို့ ဤအတူသာလျှင် သဒ္ဓါတရားသည် သမ္ပယုတ် တရားတို့၏ ရှေ့သွားဖြစ်၍ သံသရာ တည်းဟူသော ဤမှာဘက်ကမ်းမှသည် နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ မရောက်ရောက်အောင် ပို့ဆောင်နိုင်သောတရားကြီး တခုပါပေတည်းဟု အဋ္ဌကထာ၌ဆို၏။စကားအကျယ် အမိပ္ပါယ်ကား လှူဒါန်းခြင်းဒါန စောင့်ရှောက်ခြင်းသီလ အားထုတ်ပွားများခြင်း ဘာဝနာ တရားတို့ကို သဒ္ဓါရှိသော သူမှသာလျှင် အားထုတ်နိုင်ကြကုန်သည်ဟု မှတ်။

တနည်း။ ။ရေနောက် မြုချေးတို့ကို ကြည်လင် စေတတ်သော စက္ကဝတ်မင်းဖျား၏ ပတ္တမြားရတနာကဲ့သို့ သဒ္ဓါတရားကို မှတ်အပ်၏။ တနည်း။ ။ထိုသဒ္ဓါတရားသည် ကုသိုလ်တရားတို့ကိုယူခြင်း၌ လက်နှင့်တူ၏။ တနည်း၊ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့ကို ပြီးစေခြင်း၌ ဥစ္စာနှင့် တူ၏။ တနည်း၊ အမြိုက်နိဗ္ဗာန် တည်းဟူသော အသီးအရွက်တွေ အညွန့်အဖူးတွေကို ဖြစ်စေခြင်း မျိုးစေ့နှင့် တူ၏ဟူ၍ မှတ်အပ်၏။လက်ရှိသော သူသည်သာ ထိုထိုဝတ္ထုကို ဆွဲယူနိုင်သကဲ့သို့ သဒ္ဓါတရားရှိသော သူသည်သာလျှင်ကုသိုလ်အမျိုးမျိုး စည်းစိမ်ချမ်းသာအမျိုးမျိုး သာဝကဗောဓိ ပစ္စေကဗောဓိ သမ္မာသမ္ဗောဓိဆု အမျိုးမျိုးတို့ကို ရအောင် ယူနိုင်သည်။ ထို့ကြောင့် သဒ္ဓါတရားသည်လက်နှင့်တူ၏၊ ဥစ္စာရှိသောသူအား ရောင်းတို့ရာ အထူးထူး အပြားပြားရှိသော ဈေးကြီးဈေးဆိုင်ကြီးကန္တားကြီးတို့၌ ဤမည်သော ဝတ္ထုသည် ရခဲ၏ခဲယဉ်း၏ဟုမဆိုရသကဲ့သို့ သဒ္ဓါတရားရှိသောသူအား ဤအမည်ရှိသော လူစည်းစိမ် နတ်

စည်းစိမ် ဗြဟ္မာစည်းစိမ်တို့သည် ခဲယဉ်း၏ ရခဲ၏ဟုမဆိုသာ၊ထို့ကြောင့် သဒ္ဓါတရားသည် ဈေးဘိုးဥစ္စာနှင့်တူ၏၊ မျိုးစေ့သည် အညွန့်အညှောက် အသီးအပွင့် စသည်တို့၏ အရင်းအစဖြစ်သကဲ့သို့ သဒ္ဓါသည် သူတော်ကောင်း တရားတို့၏ရင်း၊ လူတွေ နတ်တွေ ဗြဟ္မာတွေ၏ စည်းစိမ်အမျိုးမျိုးတို့၏ရင်း အရင်းအစဖြစ်၍ မျိုးစေ့နှင့်တူ၏၊ထို့ကြောင့် "သဒ္ဓါလှူမျိုး၊ တကြိမ်ပျိုးက၊ ကောင်းကျိုးသန္ဓေ၊ ပွားတိုးစေသည်၊ လယ်မြေအမှန်၊ ခွန်ထွက်သံ၊ ကေန်မုချ၊ ရမည်မလွဲ ဖြစ်လေသတည်း"။

သဒ္ဓါဗီဇံ တပေါဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။
ဟိရိဤသာ မနောယောတ္တံ၊ သတိ မေ ဖာလပါဇနံ။

သဒ္ဓါ၊ သဒ္ဓါတရားသည်။ မေ၊ ငါ၏။ ဗီဇံ၊ မျိုးစေ့ ပါပေတည်း။ တပေါ၊အကျင့်လို့လသည်။ မေ၊ငါ၏။ဝုဋ္ဌိ၊ သည်းထန်စွာဖြိုး မဟာမိုဃ်းကြီးပါပေတည်း။ ပညာ၊ ပညာတရားသည်။ မေ၊ ငါ၏။ ယုဂနင်္ဂလံ၊ ထမ်းပိုးထွန်တုံးတည်း။ ဟိရိ၊ဟိရိတရားသည်။ မေ၊ငါ၏။ ဤသာ၊ ထွန်တံထွန်ကိုင်းတည်း။ မနော၊စိတ်သည်။မေ၊ငါ၏။ ယောတ္တံ၊ကြိုးပါပေတည်း။ သတိ၊ သတိတရားသည်။ မေ၊ငါ၏။ ဖာလပါဇနံ၊ ထွန်သွား နှင်တံပါပေတည်း။

ဤအရာဝယ် အဓိပ္ပါယ်သော်ကား-လောက၌ ဘုရားရတနာ တရားရတနာ သံဃာရတနာ ဟု သရဏ, တာဏ, လေန, ပရာယန, အစစ်ကိုးကွယ်ရာ ပုန်းအောင်းရာ ဖြစ်သော ပုညခေတ်ရှိ၏၊ ကုသိုလ်ကံ အကုသိုလ်ကံ ထိုကံ၏ ကောင်းကျိုး မကောင်းကျိုး မည်သည်ရှိ၏ဟု ဤငါးပါး၌ ယုံကြည်ခြင်းသည် သဒ္ဓါတရားမည်၏။ပုရဏကဿပစသော တိတ္ထိတက္ကဒွန်းတို့၌ ယုံကြည် ကြည်ညိုခြင်းတို့ကား သဒ္ဓါတရား မမည်။ မိစ္ဆာအဓိမောက္ခ စေတသိက် မည်၏။ ဤနည်းအတူ အမှတ်မဲ့သော သူတို့၏ တစုံတခုသော အကြောင်းကိုစွဲ၍ ကြည်ညိုခြင်းသည်လည်း သဒ္ဓါတရားမဟုတ်၊ အဓိမောက္ခ စေတသိက်သာတည်း။ ဤအရာဝယ် အချို့သော သူတို့သည် များသောအားဖြင့် ရတနတ္တယ ကမ္မဖလတို့၌ ပညာရှေ့ရှု သတိကိုမပြုမူ၍ အမှတ်မဲ့စကားပြောကောင်း၍ ကြည်ညိုခြင်း တရားဟော အသံကောင်း၍ ကြည်ညိုခြင်း စသည်တို့သည် သာလျှင်များကြ၏၊ သတိရှိကြစေ၊ သဒ္ဓါမပါ အဓိမောက္ခ သာတည်းဟု မှတ်ကြလေ။

ထိုသို့ပြခဲ့သော သဒ္ဓါတရားသည် ပဘေဒအားဖြင့် အာဂမသဒ္ဓါ, အဓိဂမသဒ္ဓါ, ဩကပ္ပနသဒ္ဓါ, ပသာဒသဒ္ဓါအားဖြင့် လေးပါးရှိ၏။ (၁) အာဂမနသဒ္ဓါတရား- ဘုရားလောင်းတို့၏ သဒ္ဓါမျိုးဖြစ်၍ ဘဝအမျိုးမျိုးတို့၌တည်နိုင်၏။ ။(၂) အဓိဂမသဒ္ဓါတရား-အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားမျိုးဖြစ်၍နိဗ္ဗာန်တိုင်အောင် တည်နိုင်၏။ ။(၃)ဩကပ္ပနသဒ္ဓါတရား-ဉာဏသမ္ပယုတ် သဒ္ဓါမျိုးဖြစ်၍ တဘဝလုံးတည်နိုင်၏။ ။(၄)ပသာဒတရားမျိုး-ဉာဏဝိပ္ပယုတ်သဒ္ဓါမျိုးဖြစ်၍ မခိုင်တတ် ပျက်လွယ်တတ်၏။ ဤသည်လျှင်သဒ္ဓါတရားအပြားလေးပါးတည်း။

ထိုမှတပါး မုဒ္ဓပသန္န သဒ္ဓါဟူသည် သဒ္ဓါတရားအားကြီး၍ ပညာနည်းသော ပုဂ္ဂိုလ်အားဖြစ်သော ကြည်ညိုခြင်းတည်း။ ထိုသဒ္ဓါသည် သဒ္ဓါအစစ်မဟုတ် မိုက်သောကြည်ညိုခြင်းဟု ဆိုအပ်သော မုဒ္ဓ ပသန္နသဒ္ဓါဟု ဆိုအပ်၏။ ။အဘယ့်ကြောင့်ဟူမူ ကြည်ညိုအပ်သော ဝတ္ထုမဟုတ်မူ၍ ပါပဒုစ်မှို အလဇ္ဇီ ဒုဿီလစသောဝတ္ထု၌ ကြည်ညိုတတ်သောကြောင့်တည်း။ မုဒ္ဓပသန္နသဒ္ဓါတရားသည် သဒ္ဓါတုသဒ္ဓါယောင်တည်း၊ သဒ္ဓါအစစ်မဟုတ်။ ရတနတ္တယ ကမ္မဖလငါးဌာနတို့၌ သက်ဝင်ယုံကြည်သော သဒ္ဓါသည်သာလျှင် သဒ္ဓါစစ် သဒ္ဓါမြစ်အရင်းမူလ ဖြစ်သောကြောင့် အဝေစ္စ ပသန္န သဒ္ဓါတရားဟု ဆိုအပ်၏၊ ဤကား မုဒ္ဓပသန္နသဒ္ဓါ အဝေစ္စပသန္နသဒ္ဓါမှတ်ချက်တည်း။

ဤအရာဝယ် ကုသိုလ်ဖြစ်ကြောင်း သုံးပါးတို့တွင် လှူဘွယ်ဝတ္ထုဟု ဆိုအပ်သော ဒေယျဓမ္မ အလှူခံပုဂ္ဂိုလ်ဟု ဆိုအပ်သော ဒက္ခိဏေယျသည် ဖြစ်လွယ် ရလွယ်၏ သဒ္ဓါတရားမူကားဖြစ်ရန် ရရန်ဧကန်အလွန်တရာပင် ခဲယဉ်း၏ ပုထုဇဉ်တို့၏ သဒ္ဓါတရားသည် အမြဲမတည်၊ ဘဝါးလှမ်းတိုင်း ဘဝါးလှမ်းတိုင်းဖြစ်၏၊ အထူးထူးဖြစ်၍ ပျက်စီးတတ်၏ ထို့ကြောင့် ရှင်မောဂ္ဂလာန်တည်းဟူသော အဂ္ဂသာဝကကိုယ်တော်မှလည်း အလုပ်အကျွေး ဥပဋ္ဌက ဒါယကာ၏ အသက်ကိုရင်း ဥစ္စာကိုရင်း ခုနစ်ရက်အတွင်းမပျက်မစီးရအောင် ငါစောင့်ရှောက်မည် သဒ္ဓါတရားကိုမူကား သင်ဒါယကာသည်သာလျှင် မပျက်အောင် စောင့်ပေတော့ဟု ဆိုတော်မူ၏-ဥဒါန်းပါဠိတော်မှာ ကြည့်လေ။ ထိုသို့သဒ္ဓါတရားသည် ခဲယဉ်းသည်ဖြစ်ရကား အင်္ဂုတ္တရအဋ္ဌကထာ၌ ဧတ္ထစ ဒွေမဓမ္မာသုလဘာ ဒေယျဓမ္မာစေဝ ဒက္ခိဏေယျာ စ သဒ္ဓါပန ဒုလ္လဘာဟု ဘွင့်ပြ၏။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္တဝစနေ၊ ဤစကားရပ်၌။ ဒေယျဓမ္မာစေဝ၊ လှူဘွယ်ဝတ္ထုတို့သည်ငင်း။ ဒက္ခိဏေယျာစ၊ အလှူခံပုဂ္ဂိုလ်တို့သည်ငင်း။ ဒွေဓမ္မာ၊ တရားနှစ်ပါးတို့သည်။ သုလဘာ၊ ရလွယ်ကုန်၏။ သဒ္ဓါပန၊ သဒ္ဓါတရားသည်ကား။ ဒုလ္လဘာ၊ အလွန်တရာရခဲလှပါပေ၏။ ဤသည် သဒ္ဓါစေတသိက် ဒုလ္လဘဖြစ်ပုံတည်း။

သဒ္ဓါတရားနှင့်စပ်ပြီး မဃဒေဝလင်္ကာသစ်၌ မန်လည်ဆရာတော် ရေးသားတော်မူသော အလှူဒါန ပေးကမ်းစွန့်ကြဲရာ၌ စေတနာသုံးတန် ပျက်ပါက အကျိုးအပြစ်ခံစားရပုံ မြန်မာလင်္ကာ ဓမ္မဒေသနာ တရားတော်ကား-မိမိဥစ္စာ၊ နှစ်သက်စွာကို၊ သဒ္ဓါကြည်ဖြူ၊ ပေးအံ့ဟူ၍၊ လှူမည်ဝမ်းထဲ၊ ကြံမရဲရှင့်၊ ကြံခဲစွာဘိ၊ ကြံသည်ရှိလည်း၊ မငြိမနား၊ မနွန်အားဖြင့်၊ အသွားမတုံး၊ ထိလျှင်ဆုံးမျှ၊ သုံးဆယ့်သုံးတန်၊ လက်သစ်ပြန်သည်၊ ပေးမည်မြွက်ခဲ၊ မြွက်တပဲလျက်၊ ရဲရဲရက်ရက်၊ အပေးခက်လှ၊ ဆက်ဆက်မုချ၊ ပေးပြီးမှလည်း၊ နှောင်တမမူ၊ ခဲစွာဟူ၏၊ ဤလူတို့ဘောင်၊ အိမ်ရာထောင်ဘို့၊ မရှောင်ပူချမ်း၊ ကြိုးပမ်းဥစ္စာ၊ ရအောင်ရှာလျက်၊ လေးဖြာခွဲမူ၊ လေးဘို့ပြု၍၊ တစုခံစား၊ နှစ်စုအားလျှင်၊ စီးပွားရှဉ်ရာ၊ တစုမှာမူ၊ လိုခါနှောင်ဘို့၊ မချို့ကောင်းဘွယ်၊ မြေဝယ်မြှုပ်ထား၊ ပြုအပ်ငြား၏၊ ဘုရားဆုတောင်း၊ အလောင်းတို့မှာ၊ သုံးဘုံလျှာအပေါင်း၊ မြတ်လောင်းတို့ထုံး၊ အားလုံးမချန်၊ အကုန်သွန်၍၊ ပေးလေ့တတ်ဟူ၊ ဗိုလ်လူတကား၊ ပမာဘက်ယှား၊ မတူငြားတည်း၊ ထင်ရှားရောက်ဘိုး၊ ဘိညာဏ်စိုး၍၊ တန်ခိုးကြီးစွာ၊ ရဟန္တာလည်း၊ ဥစ္စာအသက်၊ နှစ်ပါးတွက်ကို၊ မပျက်စီးရာ၊ ဝန်ခံစွာလျက်၊ သဒ္ဓါဟူငြား၊ ဤတရားမူ၊ ဘောက်ပြားယွင်းသွေ၊ မချွေဖီသန်း၊ ပျက်လွယ်စွမ်းကြောင့်၊ ခံထမ်းပိုင်ပိုင်၊ မပြုနိုင်ဘူး၊ မြဲခိုင်စိမ့်ငှာ၊ ထိုသဒ္ဓါကို၊ ပညာကွန့်ထွေ၊ မဆွန့်စေနှင့်၊ သက်ဝေမင်းဖြူ၊ မှတ်နည်းယူ၍၊ ဆယ်ဆူပုည၊ မြဲမခွဘူး၊ ဒါနဟူသည်၊ ပြုအံ့ရည်သော်၊ မလည်မသုန်၊ သဒ္ဓါဟုန်ဖြင့်၊ မတုန်မလှုပ်၊ ထိန်အုပ်မချွေ၊ မတွန့်စေနှင့်၊ လှူတွေရှေ့ဘို့၊ ညဏ်မချို၍၊ တွန့်တိုတုံက၊ ပဌမအရွယ်၊ နှောင်ခါဝယ်၌၊ နွမ်းနယ်ချမ်းသာ၊ ဆိုးရပ်ဝါနှင့်၊ မဟာကုလ၊ ပဋ္ဌပါဝိ၊ မဟေသီတို့၊ ယက္ခီယက္ခ၊ တူသမျှဖြင့်၊ ရူပလက္ခဏာ၊ ပျက်တတ်စွာဟု၊ နောက်မှာတွန့်ငြား၊ သားသမီးမဲ့၊ ချိုတဲ့ယွင်းယို၊ ထန်းငုတ်တိုသို့၊ အိုခါဒုက္ခ၊ ရသည်ဆင်းရဲ၊ တိမ်းလွဲစည်းစိမ်၊ ဂုဏ်သိရ်နိမ့်ကျ၊ ဖြစ်တတ်ကြ၏၊ ပဒုမဝတီ၊ ဒေဝီနေမြတ်၊ သန္ဓေနတ်နှင့်၊ ပညတ်

စည်ထုတ်၊ အပုတ္တက၊ သူဌေးစသည်၊ ထိုမှဝတ္ထု၊ အစုစုကို၊ မျှော်ရှု နိုင်းစာ၊ ထောက်အပ်စွာလင့်၊ မုဋ္ဌအခါ၊ တွန့်တိုပါသော်၊ အင်္ဂါချို့တဲ့၊ ဂုဏ်မဲ့မျိုးနွယ်၊ မတင့်တယ်ဘဲ၊ ငယ်၏တန်ခိုး၊ မပြည့်ဖြိုးသည်၊ နွမ်းညှိုး ငယ်ရမည် မလွဲလေတော့သတည်း။

ဒါနကို ပေးလှူသောသူအား သီလကိုစောင့်ရှောက်သော သူအား ဘာဝနာကို ပွားများသောသူအား သဒ္ဓါတရားသည် ရှေးသွား ပုဗ္ဗင်္ဂမ ပုရေစာရိက အမှန်စင်စစ် ကေန်ဖြစ်တော့သည်ဟု မှတ်အပ်၏။ ထိုသို့ ဖြစ်ရကား-သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ အာဠဝက ဘီလူးသည် သံသရာဝဋ်ဒုက္ခမှ လွန်မြောက်နိုင်သောတရား စင်ကြယ်နိုင်သောတရား တို့ကို မြတ်စွာဘုရားအား မေးလျှောက်သောအခါဝယ် မြတ်စွာဘုရား သည် ဤသို့ဟောကြားတော်မူ၏။

သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။

အာဠဝက၊ ကြမ်းတမ်းရန့်ကြူး အာဠဝကဘီလူး။ သဒ္ဓါယ၊ သက်ဝင် ယုံကြည်ခြင်း သဒ္ဓါတရားကြောင့်။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ တရတိ၊ လွန်မြောက်နိုင်၏။ အပ္ပမာဒေန၊ ကုသိုလ်ကောင်းမှု အစုစု၌ သတိမပေါ့ မမေ့လျော့ခြင်းကြောင့်။ အဏ္ဏဝံ၊ ဘဝပြင်ကျယ် မြစ်ပင်လယ်သံသရာကို။ တရတိ၊ ကူးမြောက်နိုင်၏။ ဝီရိယေန၊ ထကြွလုံ့လ ဝီရိယတရားကြောင့်။ ဒုက္ခံ၊ တမလွန်ပစ္စုပ္ပန်နှစ်တန်သော ဆင်းရဲကို။ အစ္စေတိ၊ လွန်မြောက် နိုင်၏။ ပညာယ၊ အသိထက်သန် ပညာဉာဏ်ကြောင့်။ ပရိသုဇ္ဈတိ၊ ကိလေသာမြူး တဏှာတေးမှ လွတ်ရေးလွတ်ဘွယ် လွန်စင်ကြယ်နိုင်လေ တော့သတည်း။ ဤသည်လျှင် သဒ္ဓါစေတသိက်ပြီး၏။

၂။ သတိစေတသိက်သည် အာရုံကိုမျော၍ သွားစိမ့်သောငှာ မပေး မူ၍ ကျောက်ဖျာကဲ့သို့ မလှုပ်မရှား အာရုံကိုတားခြင်း လက္ခဏာရှိ၏။ မေ့လျော့ခြင်းကို ဖျက်ဆီးခြင်းကိစ္စရှိ၏၊ စိတ်ကိုစောင့်ရှောက်တတ်သော တရားဟု ဉာဏ်အား ရှေ့ရှုထင်သော အခြင်းအရာရှိ၏၊ မြဲမြံသော သညာသာလျှင် နီးစွာသော အကြောင်းရှိ၏။ ဥပမာ-သတိတရားကို အာရုံ၌ မြဲမြံစွာတည်သည်၏ အဖြစ်ကြောင့် ကောင်းမွန်စွာ စိုက်ထား အပ်သောတံခါးတိုင်ကဲ့သို့ရင်း။ စက္ခုဒွါရအစရှိသည်ကို စောင့်ရှောက် တတ်သောကြောင့်ရင်း တံခါးစောင့်ယောက်ျားကဲ့သို့ မှတ်အပ်၏။ ။ တနည်း။ ဥပမာ-အားဖြင့် မင်း၏ဘဏ္ဍာကို သိမ်းဆည်းသော ဘဏ္ဍာ

စိုးနှင့်တူ၏။ ။တနည်း ဧင်းသတိသည် စီးပွားမဲ့ကို ဆောင်တတ်သော ဒုစရိုက်တရားကိုပယ်ရှား၍အကျိုးစီးပွားကို ဆောင်တတ်သော သုစရိုက်တရားကို ချီးပင့်ခြင်း ဥပဂ္ဂဏှနလက္ခဏာရှိ၏။ စကြဝတေးမင်း၏ သားကြီးရတနာသည် စကြဝတေးမင်း၏ စီးပွားမဲ့ကို ဆောင်တတ်သောသူကို ပယ်ရှား၍ အကျိုးစီးပွားကိုဆောင်တတ်သောသူကို ချဉ်းကပ်စေသကဲ့သို့ မှတ်အပ်၏။

ဧင်းသတိသည် မိစ္ဆာသတိ သမ္မာသတိ ၂-ပါးတို့တွင် ဤအရာ၌ သမ္မာသတိတရားကိုသာမှတ်အပ်၏၊ မိစ္ဆာသတိဟူသည် လောကီအာရုံကာမဂုဏ်တရားဖြစ်၍ ဖြစ်သော သားမယားကျေးကျွန် ဥစ္စာပစ္စည်းတို့ကို အောက်မေ့သော အကုသိုလ် စိတ္တုပ္ပါဒ်သာတည်းဟု မှတ်အပ်၏။ ။ (မှတ်ချက်) သတိစေတသိက်နှင့် သညာစေတသိက် အထူးကား သညာသည် ရှေဦးစွာယူအပ်သော အာရုံကို နိမိတ်၌ မပြဋ္ဌာန်းသော ကိစ္စရှိ၏၊ သတိကား ရှေဦးစွာယူအပ်သောအာရုံကိုနိမိတ်၌ပြဋ္ဌာန်းသောကိစ္စရှိ၏။ ဤသည်လျှင် အထူးတည်း။

၃။ ဟိရိစေတသိက်သည် မကောင်းမှုမှ စက်ဆုပ်ခြင်း လက္ခဏာရှိ၏၊ ရှက်သောအခြင်းအရာဖြင့် မကောင်းမှုတို့ကို မပြုခြင်းကိစ္စရှိ၏၊ မကောင်းမှုမှ တွန့်တိုဆုတ်နစ်သော အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏၊ မိမိကိုယ်ကိုရိုသေခြင်း လျှင်နီးစွာသော အကြောင်းရှိ၏။ ဥပမာ-ဟိရိတရားသည် အမျိုးကောင်း ချွေးမနှင့်တူ၏၊ အမျိုးကောင်းချွေးမသည်ဒုစရိုက်တရားတို့ကို ငါပြုသည်ရှိသော် သူတပါးတို့သည် ငါ့ကို ကဲ့ရဲ့လတ္တံ့ ငါသည် ရှက်ဘွယ်လိလိရှိလတ္တံ့ဟု လောကဥ္စရှက်လျက် မိမိကိုယ်ကို ရိုသေသည်၏ အစွမ်းအားဖြင့် မကောင်းမှုကိုမပြု ကြဉ်ရှောင်သကဲ့သို့ ထို့အတူ ဟိရိ တရားသည် မကောင်းမှုမှရှက်တတ် စက်ဆုပ်တတ်၏ဟု မှတ်အပ်၏၊ ဟိရိသည် မိမိအဇ္ဈတ္တကိုငဲ့၍ ရှက်သောအားဖြင့် အကုသိုလ်ကို ကြဉ်ရှောင်၏။ ဥပမာ-တနည်း ဟိရိသည် ယောသံတွေခဲကို မစင်လူး၍ ထားသည်နှင့်တူ၏၊ မှူကား၏ မစင်လူးမည်ကိုကြောက်သောကြောင့် ပညာရှိတို့မကိုင်။

ဟိရိသည် မိမိအဇ္ဈတ္တကို အာရုံပြု၏၊ ဖြစ်ကြောင်းတရား ၄ပါးရှိ၏ ၁။ ဇာတိ-မိမိဇာတ်မြတ်သည်ကိုဆင်ခြင်ခြင်း။ ။၂။ ဝယ-မိမိအရွယ်ကြီးသည်ကို ဆင်ခြင်ခြင်း။ ။၃။ သူရဘာဝ- မိမိရဲရင့်သည် အဖြစ်ကို ဆင်ခြင်ခြင်း။ ။၄။ ဗဟုသစ္စ-မိမိအကြားအမြင် ရှိသည်၏ အဖြစ်ကို

ဆင်ခြင်ခြင်း။ ။၅။ ဇာတိမဟတ္တ – အမျိုး မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း။ ။၆။ သတ္ထုမဟတ္တ–ဘုရားမြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း။ ။၇။ ဒါယဇ္ဇမဟတ္တ–အမွေခံမြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း။ ။၈။ သဗြဟ္မစာရီမဟတ္တ–အဆွေခင်ပွန်း မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း။

## လင်္ကာပုဒ်ကား

ဇာတိဝယ၊ သူရအစစ်၊ ဗာဟုသစ်တွင်၊ ချစ်အပ်မြတ်နိုး၊ အမျိုး တရန်၊ ဘုရားမြတ်မွန်၊ မွေခံတဦး၊ ကြည်နူးအဆွေ၊ ရှစ်ထွေဟိရိ၊ အကြောင်းရှိသည်၊ မိမိငြားငြား၊ သတိထားဘွယ်တည်း။

၄။ ဩတပ္ပစေတသိက်သည် မကောင်းမှုမှ ထိတ်လန့်ခြင်း လက္ခဏာ ရှိ၏၊ ထိတ်လန့်ခြင်း အခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်း ကိစ္စရှိ၏၊မကောင်းမှုမှ တွန့်တိုသောအဖြစ်လျှင် ထင်သော အခြင်းအရာ ရှိ၏၊ သူတပါးတို့ကို ရိုသေခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။ (ဥပမာ) ဩတ္တပ္ပသည် ပြည့်တန်ဆာမနှင့် တူ၏၊ ပြည့်တန်ဆာမသည် မိမိ သဘောသည် ငါကိုယ်ဝန် ပဋိသန္ဓေ ယူသည်ရှိသော် သူတပါး တို့သည် ငါ့ကိုမနှစ်သက် မစုံမက် မမြတ်နိုးလတ္တံ့ဟု သူတပါးကို ရိုသေ သည်၏ အစွမ်းအားဖြင့် ကိုယ်ဝန် ယူအပ်သည်မှ လန့်သကဲ့သို့ ထို့အတူ ဩတ္တပ္ပသည် မကောင်းမှုမှ ထိတ်လန့်တတ်၏၊ ဩတ္တပ္ပသည် ဗဟိဒ္ဓကိုငဲ့၍ အပါယ်ဘေးစသည်မှကြောက်သောကြောင့်အကုသိုလ်ကို ကြဉ်ရှောင်၏။ (တနည်း ဥပမာ) ဩတ္တပ္ပကား ပူသောသံတွေခဲနှင့်တူ၏၊ပူမည် လောင် မည်ကိုကြောက်သောကြောင့် ပညာရှိတို့ မကိုင်။

ဩတ္တပ္ပသည် ဗာဟိရကိုအာရုံပြု၍ ဖြစ်ကြောင်းတရားလေးပါးကား–

၁။ အတ္တာနုဝါဒဘယ မိမိကိုယ်ကို မိမိစွပ်စွဲခြင်း ဟူသောဘေး။

၂။ ပရာနုဝါဒဘယ သူတပါး စွပ်စွဲခြင်း တည်းဟူသော ဘေး။

၃။ ဒဏ္ဍဘယ မင်းဒဏ် စိုးဒဏ်စသော ဆယ်ပါးသော ဘေး။

၄။ ဒုဂ္ဂတိဘယ အပါယ်သို့ ကျမည့်အရေးကို ကြောက်သောဘေး။

ဤဟိရီ ဩတ္တပ္ပ တရားနှစ်ပါးသည် လောကကို ထိန်းသိမ်း စောင့် ရှောက်ကုန်သောကြောင့် လောကပါလ တရားမည်၏။ အကယ်၍ ဤ တရားနှစ်ပါးမရှိခဲ့လျှင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သား အိမ်ယာပြစ်မှားခြင်းစသည်ကို မဆိုထားနှင့်ဦး၊အမိ မိထွေး အရီးစသော ကိုးကွယ်ထိုက်သော မိန်းမများကို သော်လည်း မယားလုပ်၍ ခွေး၊ဝက်၊

ကြက်တို့ကဲ့သို့ ဖြစ်၍ လောကသည် ပျက်စီးလတ္တံ့။ ထို့ကြောင့် လောကပါလတရား နှစ်ပါးဟု ဒုကအင်္ဂုတ္တိုရ် ပါဠိတော်၌–ဒွေ မေ ဘိက္ခဝေ သုက္ကာဓမ္မာ လောကံ ပါလေန္တိ ကတမေ ဒွေ ဟိရီစ ဩတ္တပ္ပဉ္စ–ဟု ဟောကြားတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သုက္ကာ၊ဖြူစင်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေဓမ္မာ၊ ဤတရားနှစ်ပါးတို့သည်။ လောကံ၊လောကလူများ သတ္တဝါ အပေါင်းကို။ ပါလေန္တိ၊ စောင့်ရှောက်ကုန်၏။ ဒွေ၊နှစ်ပါးတို့ ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဟိရီစ၊ ဟိရီစေတသိက်ဒင်း။ ဩပ္ပတ္တဉ္စ၊ ဩတ္တပ္ပစေတသိက်ဒင်းတည်း။

ဒင်းတရားနှစ်ပါးကို ရှေးပညာရှိ ကဝိအမော် မထေရ်ကျော် တို့သည် ကား–လူအပေါင်းတို့၏ အကွပ်တရားမည်ဟု ဆိုကြ၏။ အဘယ်ကြောင့် ဟူမူ ဤတရားနှစ်ပါး မရှိခဲ့လျှင် အစည်းမရှိ ဝါးအကွပ်မရှိသော ကြမ်း သည် ပျက်စီးသကဲ့သို့ ပျက်စီးလိမ့်မည် ကေန်စင်စစ် ဖြစ်သောကြောင့် တည်း။ ထို့ကြောင့် လူတို့၏အကွပ် ဟိရောတ္တပ္ပဟု ပညာရှိတို့ စပ်ဆိုကြ ကုန်၏။ကေနိပါတ် မဟာ်သဇာတ်တော်၌ကား ဒေဝဓမ္မ ဒေဝဓမ် တရား ဟု ဟောတော်မူ၏။

ဟိရီ ဩတ္တပ္ပ သမ္ပန္နာ၊ သုက္က ဓမ္မ သမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝ ဓမ္မာတိ ဝုစ္စရေ။

လောကေ၊ လောကသုံးပါး လူအများ အပေါင်း၌။ ဟိရီ ဩတ္တပ္ပ သမ္ပန္နာ၊ ရှက်တတ်,လန့်တတ် ဟိရီ ဩတ္တပ္ပတရား နှစ်ပါးနှင့် ပြည့်စုံကုန် သော။ သုက္ကဓမ္မသမာဟိတာ၊ ဟိရီဩတ္တပ္ပကို အရင်းပြု၍ ကျင့်အပ်သော ကုသိုလ်တရားနှင့် ပြည့်စုံကုန်သော။ သန္တော၊ ငြိမ်သက် သိမ်မွေ့သော ကိုယ်နှုတ်နှလုံး သုံးပါးစုံ အမှူးရှိကုန်သော။သပ္ပုရိသာ၊သူမြတ်အပေါင်း သူတော်ကောင်းတို့ကို။ ဒေဝဓမ္မာတိ၊ နတ်တို့၏ အကျင့် ရှိကုန်သော သူမြတ်တို့ ဟူ၍။ ဝုစ္စရေ-ဝုစ္စန္တိ၊ ဘုရားအစရှိသော အရိယာ သူတော် ကောင်းတို့ ကောင်းစွာဟောကြားတော် မူအပ်လေကုန်တော့သတည်း။
မှတ်ချက်။ ထိုတရားနှစ်ပါးတို့တွင် ဟိရီတရားအားကြီးစွာ ဗလဝဖြစ်ရာ၌ ဩတ္တပ္ပသည် ဒုဗ္ဗလအဗ္ဗောဟာရိက ဩတ္တပ္ပကိုအားကြီးစွာ ဗလဝဖြစ်ရာ၌ ဟိရီသည် ဒုဗ္ဗလအဗ္ဗောဟာရိကသာတည်း။ ဤသည်လျှင် ဟိရီဩတ္တပ္ပ နှစ်ပါး၏ အထူးကိုမှတ်အပ်၏။

၅။ အလောဘစေတသိက်သည် အာရုံ၌မကပ်ငြိခြင်း လက္ခဏာရှိ၏၊ ငါ၏ဥစ္စာ ငါ့ဟာ-ငါ့ဟာဟူ၍ မသိမ်းဆည်းခြင်းကိစ္စရှိ၏၊ မငြိမကပ် အလိုမရှိမမက်သောအဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏၊ ဝိညာဉ်လျှင် နီးစွာသောအကြောင်းရှိ၏။ ။ဥပမာ-အလောဘကို ကြာဘက်အပြင်၌ ဧရပေါက်ကဲ့သို့ရင်း၊ ကိလေသာမှ လွတ်ပြီးသော ရဟန္တာကဲ့သို့ရင်း မှတ်အပ်၏။ ။တနည်း-မစင်တွင်း၌ ကျသောသူနှင့်တူ၏၊ မစင်တွင်း၌ ကျသောသူသည် မိမိ၌ ကပ်သောမစင်ကို မတပ် မနှစ်သက် သကဲ့သို့ ထို့အတူခြောက်ပါးသောအာရုံ၌ မငြိတွယ်သောအားဖြင့် မတပ်ခြင်း လက္ခဏာရှိ၏၊ ထို့ကြောင့်မစင်တွင်း၌ကျသောသူနှင့်တူ၏။

၆။ အဒေါသ စေတသိက်သည် မကြမ်းတမ်းသော လက္ခဏာရှိ၏၊ မျက်ကြတ်ကိုးတန်ငြိုးထားရန်ကိုဖျောက်ခြင်းကိစ္စရှိ၏ချမ်းသေည်၏အဖြစ် လျှင်ထင်သောအခြင်းအရာရှိ၏၊ ဝိညာဉ်လျှင် နီးစွာသော အကြောင်း ရှိ၏။ ။ဥပမာ-အဒေါသကို လျောက်ပတ်သော အဆွေခင်ပွန်းကောင်း ကဲ့သို့ မှတ်ယူအပ်၏။ (မှတ်ချက်) ဤအရာဝယ် အဘောဘ အဒေါသ အမောဟတို့၏ သဘောကို ခွဲခြား၍ ပြပေဦးအံ့။ ။ထိုသုံးပါးတို့တွင် အလောဘသည် ဒါနဖြစ်ခြင်းအကြောင်းတည်း၊ အဒေါသသည် သီလ ဖြစ်ခြင်း အကြောင်းတည်း၊ အမောဟသည် ဘာဝနာ ဖြစ်ခြင်း၏ အကြောင်းတည်း၊ တနည်း-အလောဘဖြင့်လူတို့၏ လယ်ယာအစရှိသည် တို့၌ ငြင်းခုံခြင်း၏ မရှိခြင်းကြောင့် ချမ်းသာစွာ နေရခြင်း ရှိသည်၏ အဖြစ်သည်ရှိ၏၊ အမောဟဖြင့်ရဟန်းတို့အယူ၌ ငြင်းခုံခြင်း၏ မရှိခြင်း ကြောင့် ချမ်းသာစွာနေရခြင်းရှိသည်၏ အဖြစ်သည်ရှိ၏၊ အဒေါသဖြင့် လူရှင်ရဟန်း ၂-ပါးစုံတို့ဖြင့် ငြင်ခုံခြင်း၏ မရှိခြင်းကြောင့် ချမ်းသာစွာ နေရခြင်း ရှိသည်၏ အဖြစ်သည်ဖြစ်၏၊ ထို့ကြောင့် မူလဋီကာဆရာ ရှင်အာနန္ဒာသည်-ကာမရာဂါ ဘိနိဝေသ ဝိနိဗန္ဓာဟိဂဟဋ္ဌာ ဂဟဋ္ဌေဟိ ဝိဝဒန္တိ ဟု ဘွင့်ပြ၏။

ဟိသစ္စံ၊ ထိုစကားသည်မှန်လှပေ၏။ ကာမရာဂါဘိနိဝေသဝိနိဗန္ဓာ၊ ကာမရာဂဖြင့် မှားသော အားဖြင့် နှလုံးသွင်းခြင်းသည် ရစ်ဖွဲ့အပ် ကုန်သော၊ ဂဟဋ္ဌာ၊ လူတို့သည်။ ဂဟဋ္ဌေဟိ၊ လူတို့နှင့်။ ဝိဝဒန္တိ၊ ငြင်းခုံကြကုန်၏၊ ဒိဋ္ဌိဝိရာဂါ ဘိနိဝေသ ဝိနိဗန္ဓာ၊ ဒိဋ္ဌိရာဂ ပြစ်မှားသော အားဖြင့် နှလုံးသွင်းခြင်းသည် ရစ်ဖွဲ့အပ်ကုန်သော။ သမဏာ၊ ရဟန်း

တို့သည်။ သမဏေဟိ၊ ရဟန်းတို့နှင့်။ ဝိဝဒန္တိ၊ ငြင်းခုံကြကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်သားရှုကြည့်အပ်၏။

ဤသည်လျှင် ပစ္စုပ္ပန်ဘဝ၌ ဖြစ်ခြင်းအကြောင်းတည်း၊ တမလွန်ဘဝ၌မှာမူကား အလောဘကြောင့် ပြိတ္တာဘုံ၌ ပဋိသန္ဓေ အားဖြင့် ဖြစ်ခြင်းသည် မဖြစ်ကုန်၊ အဘယ့်ကြောင့်ဟူမူ လောဘကြောင့်သာလျှင် ပြိတ္တာဘုံ၌ ဖြစ်သောကြောင့်တည်း၊ အမောဟကြောင့် တိရစ္ဆာန်ဘုံ၌ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းသည် မဖြစ်ကုန်၊ အဘယ့်ကြောင့်ဟူမူ မောဟကြောင့်တိရစ္ဆာန်ဘုံ၌ဖြစ်သောကြောင့်တည်း။ဝိပဿနာအမြင်မှာမူကား အလောဘကြောင့် အနိစ္စဟုရှုခြင်သည်ဖြစ်၏၊ အဒေါသဖြင့် ဒုက္ခဟုရှုခြင်းသည်ဖြစ်၏၊ အမောဟဖြင့် အနတ္တဟုရှုခြင်းသည်ဖြစ်၏။ သံသရာမှ လွတ်ရန်မှာမူကား-အလောဘဖြင့် ဇာတိဒုက္ခသည်မဖြစ်ရ မခံရ၊ အဘယ့်ကြောင့်ဟူမူ ပဋိသန္ဓေနေရသော ဇာတိဒုက္ခ၏ တဏှာလောဘလျှင် အကြောင်းရင်းရှိသည်၏ အဖြစ်ကြောင့်တည်း။ ။အဒေါသဖြင့် ဇရာဒုက္ခသည် မဖြစ်ရ မခံရ၊ အဘယ့်ကြောင့်ဟူမူ ထက်သောဒေါသရှိသော သူအားလျှင်မြန်စွာ အိုရခြင်း၏ ဖြစ်သင့်သောကြောင့်ဌင်း၊ အမောဟဖြင့် မရဏသေရခြင်းဒုက္ခသည်မဖြစ်ရ မခံရ၊အဘယ့်ကြောင့်ဟူမူ တွေဝေသော မောဟရှိသော့သူအားသာ တွေဝေသဖြင့်သေရခြင်း မရဏ ဒုက္ခဆင်းရဲ ရသောကြောင့်တည်း။ ။(မှတ်ချက်)ဤအရာဝယ် ပါဠိလို အလောဘ အဒေါသ အမောဟတို့၏ သဘောကိုခွဲခြား၍ပြပေဦးအံ့။

အလောဘော ဒါနဟေတု၊ အဒေါသော သီလဟေတု၊ အမောဟော ဘာဝနာဟေတု၊ အလောဘေန ပိယဝိပ္ပယောဂဒုက္ခံ နဟောတိ၊ အဒေါသေန အပ္ပိယ သမ္ပယောဂဒုက္ခံ နဟောတိ၊ အမောဟေန ဣစ္ဆိတာ လာဘဒုက္ခံ နဟောတိ၊ အလောဘေန ဇာတိဒုက္ခံ နဟောတိ၊ အဒေါသေန ဇရာဒုက္ခံ နဟောတိ၊ အမောဟေန မရဏဒုက္ခံ နဟောတိ၊ အလောဘော အာရောဂျဿ ပစ္စယော ဟောတိ၊ အဒေါသော သဗ္ဗန္နဿ ပစ္စယော ဟောတိ၊ အမောဟော ဒီဃာယုကတာယ ပစ္စယော ဟောတိ၊ အလောဘော ဘောဂသမ္ပတ္တိယာ ပစ္စယော ဟောတိ၊ အမောဟော အတ္တသမ္ပတ္တိယာ ပစ္စယော ဟောတိ၊ အလောဘေန အနိစ္စ ဒဿနံ ဟောတိ၊ အဒေါသေန ဒုက္ခဒဿနံ ဟောတိ၊ အမောဟေန အနတ္တဒဿနံ ဟောတိ။ အနက်လွယ်၏။ ဤသည်လျှင် အလောဘ အဒေါသ အမောဟ အချက်ခွဲပြပြီးပြီ။

ဣဋ္ဌာသယ ၄၁၁-၁၅

၇။ တတြမဇ္ဈတ္တတာ စေတသိက်သည် အညီအမျှ အကြင်အကြင် မိမိကိစ္စတို့၌ ဖြစ်စေခြင်းလက္ခဏာရှိ၏၊ ယုတ်သည်အဖြစ် ဟီန လွန်သည်အဖြစ် အဓိကကိုတားမြစ်ခြင်းကိစ္စရှိ၏၊ အလယ်အကြား၌ တည်သည်၏အဖြစ်ဟူ၍ ဉာဏ်အား ရှေ့ရှုထင်သော အခြင်းအရာရှိ၏၊ နှစ်သက်ခြင်း ဝိတိကိုလွန်မြောက်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ဥပမာ–တတြမဇ္ဈတ္တတာ စေတသိက်ကို အတူအမျှဖြစ်သော အဖြစ်ဖြင့် အတူအမျှ သွားကုန်သော အာဇာနည် မြင်းတို့ကိုသာလျှင် လျစ်လျူ ရှုသော ရထားထိန်းကဲ့သို့ မှတ်ယူအပ်၏။

မဇ္ဈတ္တတာ၊ ဥပေက္ခာ၊ လက္ခဏာ ဘယ့်သို့ထူးသနည်း။ မဇ္ဈတ္တတာ၊ ဥပေက္ခာ၊လက္ခဏာမတူထူး၏တည်း။ တတြမဇ္ဈတ္တတာသည်စေတသိက်၏ လက္ခဏာ ဥပေက္ခာသည် စိတ်၏လက္ခဏာဖြစ်၍ မတူထူးကြ၏ဟုမှတ်။ ။ တခုခုတရားကို ဘော်ဝင်ရိုင်ပင်း အသင်းမပြုမူ၍ လျစ်လျူရှုသည်ကို တတြမဇ္ဈတ္တတာ စေတသိက်ဟု သေချာစွာ မှတ်ယူအပ်၏၊ ဤအရာဝယ် ဥပေက္ခာ အပြားပေါင်း ဆယ်ပါးကို ခွဲခြား၍ ထုတ်ပြဦးအံ့။ ။ ဆဠင်္ဂုပေက္ခာ ဗြဟ္မဝိဟာရုပေက္ခာ ဗောဇ္ဈင်္ဂုပေက္ခာ ဝီရိယုပေက္ခာ သင်္ခါရုပေက္ခာ ဝေဒနုပေက္ခာ ဝိပဿနုပေက္ခာ တတြမဇ္ဈတ္တု ပေက္ခာ ဈာန်းဆယ်ပါးအရ ဆောင်ပုဒ်ကိုကား ဤသို့မှတ်အပ်၏။

၁။ ဆ ဗြ ဗော ဝီ၊ သ ဝေ ဝိ၊ပါရိ တ ဈာန။ ။၂။ ဥပေက္ခာ မည်ရ၊ သရူပ၊ အရ ဤဆယ်ဖြာ။ ။၃။ ဆ ဗြ ဗော တ၊ဈာနှင့်ပ၊ အတ္တတတြာ။ ၄။ သံ ဝိဘေဒ၊ဒွေဓမ္မ၊အတ္တမြတ်ပညာ။ ။၅။ ရိဝေဘေဒ၊ဒွေဓမ္မ၊အတ္တ ပုဒ်အလာ။ ။၆။ ဥပေက္ခာသရုပ်၊ အကျဉ်းချုပ်၊ မယုတ် မှတ်အပ်စွာ။ ထိုဥပေက္ခာ ဆယ်ပါးတို့တွင် ဆဠင်္ဂုပေက္ခာသည် ရဟန္တာ တို့သည် ကောင်းမကောင်းသော အာရုံခြောက်ပါးကို ရှုလတ်သော် ဝမ်းသာစွာလည်းမရှိ နှလုံးမသာယာသည်လည်းမရှိ လျစ်လျူ ဖြစ်သည်ကား ဆဠင်္ဂုပေက္ခာတည်း။သဗ္ဗေသတ္တာ ကမ္မဿကာ စသည်ဖြင့် သတ္တဝါခပ်သိမ်းတို့၌ လျစ်လျူ ရှုသည်ကား ဗြဟ္မဝိဟာရု ပေက္ခာတည်း။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ စသည်ဖြင့် လာသော သဟဇာတ် တရားတို့၌ လျစ်လျူရှုသော ဥပေက္ခာကား ဗောဇ္ဈင်္ဂုပေက္ခာတည်း၊ လုံ့လပြင်းစွာ အားထုတ်ခြင်းလည်းမရှိ၊ လုံ့လလျော့ခြင်း မရှိသော ဝီရိယသည်ကား ဝီရိယုပေက္ခာတည်း၊ သင်္ခါရတရား၌ လျစ်လျူရှုသော ဉာဏ်သည်ကား သင်္ခါရုပေက္ခာတည်း၊ အဒုက္ခမသုခဝေဒနာ သည်ကား ဝေဒနုပေက္ခာ

တည်း၊ ဝိပဿနာညဏ်ကား ဝိပဿနုပေက္ခာတည်း။ ယေဝါပနက-၌ ဟောတော်မူအပ်သော သဟဇာတ်တရားတို့ကို အမျှရွက်ဆောင်သော ဥပေက္ခာ စေတသိက် သည်ကား တတြမဇ္ဈတ္တုပေက္ခာတည်း၊ ဥပေက္ခကောစ ဝိဟရတိ-ဟူ၍ ဈာနပါဠိ၌လာသော မြတ်လှစွာသော တတိယဈာန်ချမ်းသာ၌လည်း လျစ်လျူရှုသည်ကား ဈာနုပေက္ခာတည်း၊ စတုတ္ထဈာန်၌ ဥပေက္ခာကား ပါရိသုဒ္ဓိဥပေက္ခာတည်း၊ ဤသည်လျှင် ဥပေက္ခာဆယ်ပါးသရုပ် အကျဉ်းချုပ် အဓိပ္ပါယ်တည်း။

အယံပိ ဥပေက္ခာ တတ္ထ တတ္ထ ပါဠိပဒေသေ အာဂတနယတော စ၊ ဘူမိပုဂ္ဂလ စိတ္တာရမ္မဏ ခန္ဓာသင်္ဂဟ ဧကက္ခဏ ကုသလတ္တိက သင်္ခေပဝသေန အဋ္ဌသာလိနိယာ မဓ္မသင်္ဂဟ အဋ္ဌကထာယ ဝုတ္တနယေန ဝေဒိတဗ္ဗာ - ဟူသော ပါရာဇိက ကဏ္ဍ အဋ္ဌကထာ အလာနှင့် ခွဲခြား၍ပြပေဦးအံ့။

၎င်းဥပေက္ခာ ၁၀-ပါးကို ဘုံအားဖြင့် ဆုံးဖြတ်ဘို့ရာ လင်္ကာ အချုပ်ကား-“ဆ သင် ဝိပဿ်၊ သုံးရပ်ကာမာ၊ ပြ ဈာန်ပါဟူ၊ သုံးဆူရူပ၊ ဗောဇ္ဈင်မှာ၊ ကာမာလောကုတ်၊ ဤသို့ထုတ်၊ မယုတ် ဘုံစဉ်ရသတည်း”။

ပုဂ္ဂိုလ်အားဖြင့် ဆုံးဖြတ်ဟန်ကား-“ဆဠင် အရဟန်၊ ကြွင်းကျန်ကိုး၀၊ ဥပေက္ခမှာ၊ သေက္ခဖြစ်မူရဟန်၊ ဤသုံးတန်၊ကေန် ဖြစ်သတည်း”။

စိတ္တအဆုံးအဖြတ်ကား-ဈာနပေက္ခာန်၊ သောမနံတည်း၊ ပြဟ္မံဝေပေါ်၊ ဥပေက္ခာပြ၊ ကြွင်းခြောက်ဝမှာ၊ ဥသောလာ၊မှတ်ပါ စိတ်ယှဉ်အရတည်း။ အာရုံအားဖြင့် ဆုံးဖြတ်ဟန်ကား-ဗောဇ္ဈင်နိဗ္ဗာန် ပြဈာန်ပါရိ၊ မဓ္မာသိအာရုံ၊ ကြွင်းခြောက်စုံမှာ၊ ရုံခြောက်ဖြာ၊ ရမ္မဏာအရအခွဲတည်း။ ခန္ဓာအားဖြင့် ဆုံးဖြတ် ဟန်ကား-ဝေ ဝေဒနံ၊ ကြွင်းကိုးတန်မှာ၊ ခန္ဓာအရ၊ သင်္ခါရသာ၊ ဘွဲ့ကုန်ရာ၊ ခန္ဓာဤသို့ခွဲသတည်း။ ဧကက္ခဏ အားဖြင့်ကား-ဝေ ဝိ ရိ မှာ၊ တပြိုင်သာဖြစ်၊ ကြွင်းကျန် ရှစ်သာ၊ အသီးသာ၊ သေချာခွဲရန်တည်း။ကုသလတ္တိကအားဖြင့် ခွဲဟန်ကား-ဆဠင်အဗျာ၊ဝေမှာသုံး၀၊ ကျန်ရှစ်ဝမှာ၊ ကုနှင့်ဗျာ၊ သေချာ မှတ်ဘို့တည်း။ သင်္ခေပအားဖြင့် ခွဲဟန်ကား-ဝိ ဝေ တတြာ၊ပညာလာ၊ဆယ်ဖြာလေးခုတည်း။ ။ဤသည်လျှင် တတြမဇ္ဈတ္တတာ စေတသိက်ပြီးပြီ။

၈-၉။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက် နှစ်ပါးတို့သည် ကိုယ်စိတ်ကိုပူပန်စေတတ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေ

ခြင်းကိစ္စရှိကုန်၏၊ကိုယ်စိတ်တို့၏ ပူပန်ခြင်း တုန်လှုပ်ခြင်းကင်းသည်ဖြစ်၍ ငြိမ်းသေည်၏ အဖြစ်ဖြင့် ညက်အားထင်သော အခြင်းအရာ ရှိကုန်၏၊ ကိုယ်စိတ်လျှင် နီးစွာသော အကြောင်းရှိ၏။ (မှတ်ချက်) ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ တို့သည် မငြိမ်သက်ခြင်း တုန်လှုပ်ခြင်းကို ပြုတတ်ကုန်သော ဥဒ္ဓစ္စပြဓါန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ကို ပြုတတ်ကုန်၏ဟု မှတ်အပ်ကုန်၏။ ထိုမှတပါး ကာယပဿဒ္ဓိ အစရှိကုန်သော တရားတို့၏ ကောကပဋိပက္ခ ဖြစ်သောကြောင့် ဒရထ နိမ္မဒ္ဒ အစရှိသော ကိစ္စတစုံ တခုကို ပြုတတ်ကုန်၏။

ထိုသို့တပါးတည်း ဖြစ်ပါလျက် အဘယ့်ကြောင့် ၂-ပါး ၂-ပါးဟော တော်မူသနည်းဟူမူကား စိတ္တပဿဒ္ဓိ အစရှိသည်ဖြင့် စိတ်သည်သာလျှင် ပဿဒ္ဓိလဟုတာ မုဒု ကမ္မည ပဂုဏ ဥဇုဖြစ်၏။ကာယပဿဒ္ဓိ အစရှိသည် တို့ဖြင့်ကား ဝေဒနာစသော နာမကာယသည်၎င်း, ရူပကာယသည်၎င်း ပဿဒ္ဓိလဟုမုဒုကမ္မညပဂုဏဥဇုဖြစ်၏။ထိုကြောင့်ကာယပဿဒ္ဓိဟူ၍၎င်း၊ စိတ္တပဿဒ္ဓိဟူ၍၎င်း ဘုရားမြတ်စွာသည် တရားဓမ္မတို့၏ နှစ်ပါးအဖြစ်ကို ဟောတော်မူအပ်၏။ ။ဤအရာ၌ ကာယဟူသဒ္ဒေါ ဝေဒနာ သညာ သင်္ခါရဟူသော ခန္ဓာ ၃-ပါးကိုယူလေ။ စိတ္တဟူသဒ္ဒေါ ဝိညာဏက္ခန္ဓာ တပါးကိုသာယူလေ။(မှတ်ချက်)။ နောက်နောက်ကို အစဉ်အတိုင်းမှတ်။ (ဥပမာ) အလွန် မြေကြည်လင်သော ရေ၌ လွှတ်အပ်သော ငါးနှင့် တူ၏။ ။တနည်း။ ကာယပဿဒ္ဓိ စေတသိက်သည် မိမိနှင့် အတူတကွ ဖြစ်သော စေတသိက်တို့ကို ငြိမ်းစေ၏၊ စိတ္တပဿဒ္ဓိ စေတသိက်သည် မိမိနှင့်တကွဖြစ်သော သောဘဏစိတ်တို့ကို ငြိမ်းစေ၏၊ ပြင်းစွာ နေပူမှ လာသောသူသည် ကြီးစွာသော အရိပ်သို့ ဝင်သောအခါ နေပူမှ ငြိမ်း ပေပြီဟု ဆိုသော သူနှင့်တူ၏၊ ပြင်းစွာသော နေပူနှင့်မူ ဥဒ္ဓစ္စနှင့် တူ၏၊ ဝင်ဘည်နှင့်မူ အရိပ်သို့ ရောက်သောအခါ ကာယပဿဒ္ဓိဖြစ်၍ ငြိမ်သက် သည်နှင့် တူ၏။

၁၀-၁၁။ ကာယလဟုတာ စိတ္တလဟုတာ စေတသိက် ၂-ပါး ၎င်းစေတသိက် ၂-ပါးတို့သည် ကိုယ်စိတ်တို့၏ လေးသည်၏ အဖြစ်မှ ငြိမ်းခြင်း လက္ခဏာ ရှိကုန်၏။ ထိုကိုယ်စိတ် တို့၏ လေးသည်၏ အဖြစ်ဟုဆိုအပ်သော ကိလေသာတို့ကို နှိမ်နင်းခြင်း ကိစ္စရှိကုန်၏၊ ကိုယ် စိတ်တို့၏မလေးသည်၏ အဖြစ်ဖြင့် ဖြစ်ခြင်းလျှင် ထင်သော အခြင်းအရာ ရှိကုန်၏၊ ကိုယ်စိတ်တို့လျှင် နီးစွာသော အကြောင်းရှိကုန်၏။ ။

(မှတ်ချက်) ၎င်းစေတသိက် ၂-ပါးတို့သည် ကိုယ်စိတ် နှစ်ပါးတို့၏ လေးသည်၏ အဖြစ်ဟူသော ထိန မိဒ္ဓ ပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏။ ဥပမာကား- ရွှံ့ညွန်မှ ကင်းပြီးသော ညီမျှသောခရီး၌လမ်းသွားသော ပြကတေ့သော ယောကျ်ားနှင့်တူ၏။ ။ တနည်း။ ကာယလဟုတာ စေတသိက်သည် မိမိနှင့်အတူတကွဖြစ်သော စေတသိက်တို့ကို ပေါ့စေခြင်းလက္ခဏာရှိ၏၊ စိတ္တလဟုတာ စေတသိက် သည် မိမိနှင့်အတူတကွဖြစ်သော သောဘဏ စေတသိက်တို့ကို ပေါ့ စေခြင်း လက္ခဏာရှိ၏၊ ၎င်းစေတသိက်သည် လေးစွာသော ဝန်ကို ချသည်နှင့်တူ၏၊ လေးစွာသော ဝန်သည် ထိန မိဒ္ဓနှင့်တူ၏။

၁၂-၁၃။ ကာယမုဒုတာ စိတ္တမုဒုတာ စေတသိက် နှစ်ပါးသည် ကိုယ်စိတ်တို့၏ ခက်ထန်ခိုင်မာသည်၏ အဖြစ်ဟူသော ဒိဋ္ဌိပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်းလက္ခဏာရှိ၏၊ ကိုယ်စိတ်တို့၏ ခက်ထန် သည်၏အဖြစ် ကိလေသာတို့ကို နှိမ်နင်းခြင်းကိစ္စရှိ၏၊ မထိခိုက် မပင် ပန်းသော အဖြစ်လျှင် ထင်သော အခြင်းအရာရှိကုန်၏၊ ကိုယ်စိတ်လျှင် နီးစွာသော အကြောင်းရှိကုန်၏။ ။(မှတ်ချက်) ၎င်းစေတသိက်သည် ကိုယ်စိတ်တို့၏ ခက်ထန်ခိုင်မာသည်၏အဖြစ်ကို ပြုတတ်သော ဒိဋ္ဌိ မာန ပြဋ္ဌာန်းသောကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ဖြစ်ကုန်၏။ဥပမာကား ချစ်ခင်စုံမက် အလွန်နှစ်သက်ခြင်းရှိသော အဆွေအမျိုးတို့၏ အလယ်သို့ ရောက်သော စစ်သူကြီးနှင့်တူ၏၊ ကာယမုဒုတာ စေတသိက်သည် မိမိ နှင့်အတူတကွဖြစ်သောစေတသိက်တို့ကို နူးညံ့စေခြင်းလက္ခဏာရှိ၏၊ စိတ္တ မုဒုတာစေတသိက်သည်မိမိနှင့်အတူတကွဖြစ်သော သောဘဏစိတ်တို့ကို နူးညံ့စေခြင်းလက္ခဏာရှိ၏၊ ၎င်းမုဒုတာ စေတသိက်သည် ကြမ်းသော သားရေကို အကြိမ်ကြိမ် အဘန်ဘန်နယ်ခြင်း ရေစိမ်ခြင်းကိုပြု၍ နူးညံ့စွာ ဖြစ်သည်နှင့်တူ၏ ကြမ်းသောသားရေနှင့် ဒိဋ္ဌိတူ၏။

၁၄-၁၅။ ကာယကမ္မညတာ စိတ္တကမ္မညတာ စေတသိက် ၂-ပါး သည် ဒါန သီလ စသော ပုညကြိယာဝတ္ထု၌ မကောင်းသည်၏အဖြစ် မလျော်ပတ်သည်၏ အဖြစ်ဟူသော ကာမစ္ဆန္ဒ ပြဋ္ဌာန်းသောသံကိ လေသ ဓမ္မတို့ကို ငြိမ်းစေခြင်းလက္ခဏာရှိကုန်၏၊ကိုယ်စိတ်တို့၏ဒါနသီလ စသောပုညကြိယာဝတ္ထု၌ မကောင်းသည်၏ အဖြစ်ဟူသော ကာမစ္ဆန္ဒ ပြဋ္ဌာန်းသော သံကိလေသ ဓမ္မတို့ကို နှိပ်စက်ခြင်းကိစ္စရှိကုန်၏၊ ကိုယ်စိတ် တို့၏အာရုံပြုခြင်း၏ ပြည့်စုံခြင်းလျှင် ထင်သော အခြင်းအရာ ရှိကုန်၏၊

ကိုယ်စိတ်လျှင် နီးစွာသော အကြောင်းရှိကုန်၏။ ။(မှတ်ချက်) ထိုစေတသိက်သည် ကိုယ်စိတ်တို့၏အမှု၌ မကောင်းသည်၏ အဖြစ်ကို ပြုတတ်ကုန်သော ဆိုအပ်ပြီးသော ဥဒ္ဓစ္စသည်မှ ကြွင်းသော ကာမစ္ဆန္ဒ နီဝရဏ သံကိလေသ ဓမ္မတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏ဟုမှတ်၊ ဥပမာကား- အစီးအပွားကို ပြုခြင်းတို့၌ ယှဉ်ခြင်းငှာ ခံ့သည်၏အဖြစ် သင့်လျော်သည်၏အဖြစ်ကို ဆောင်တတ်ရကားဦးသစ်ပြီးသောရွှေစင်နှင့် တူ၏ဟုမှတ်။

၁၆-၁၇။ ကာယပါဂုညတာ စိတ္တပါဂုညတာ စေတသိက် ၂-ပါးသည် ကိုယ်စိတ်တို့၏ ကျင်နာခြင်း မရှိသည်၏အဖြစ် အသဒ္ဓိယစသော ပါပဓမ္မတို့၏ဆန့်ကျင်ဘက်၏အဖြစ်ဟူသောလက္ခဏာရှိကုန်၏၊ကိုယ်စိတ်တို့၏ ကျင်နာခြင်းမရှိသည်၏အဖြစ် အသဒ္ဓိယစသော ပါပဓမ္မတို့ကို နှိမ်နင်းခြင်း ရှိသည်၏အဖြစ်လျှင် ကိစ္စရှိကုန်၏၊ အပြစ်ကင်းခြင်းလျှင် ထင်သောအခြင်းအရာရှိကုန်၏၊ ကိုယ်စိတ်လျှင် နီးစွာသော အကြောင်းရှိကုန်၏၊ ထိုစေတသိက်တို့သည် ကိုယ်စိတ်တို့၏ နာသည်၏အဖြစ်ကို ပြုတတ်ကုန်သော အသဒ္ဓိယစသော ပါပဓမ္မတို့၏ ပဟာယက ပဋိပက္ခ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏ဟုမှတ်။ ။ဥပမာကား- အလွန်တရာ နက်သောနေ့၌ လွတ်အပ်သောမိကျောင်းကဲ့သို့ မှတ်အပ်၏။ ။တနည်း။ ပြင်းထန်စွာအန္တရာယ်ရောက်သောသူသည် ၎င်းအန္တရာယ်ပျောက်သည့်ကာလ ငါ့မှာကြီးစွာသော အန္တရာယ်မှပျောက်လေပြီဟု ဟီးချသည်နှင့် တူ၏၊ ထို့အတူ မကျင်နာခြင်း မသဒ္ဒါခြင်းတည်းဟူသော အကုသိုလ် နီဝရဏတရားသည်ကား ကြီးစွာသော အန္တရာယ်ရောက်သည်နှင့်တူ၏၊ ၎င်းအန္တရာယ်ပျောက်၍ ဟီးချသည်နှင့်မူ ကာယပါဂုညတာ စိတ္တပါဂုညတာ ယှဉ်သည့်ကာလ ငါကားကျင်နာသောတရား မသဒ္ဒါသောတရားတို့ကို ပျောက်ရပေပြီဟု ဟီးချ၍မကျင်နာခြင်း မသဒ္ဒါခြင်းဖြစ်သည်နှင့် တူ၏။

၁၈-၁၉။ ကာယုဇုကတာ စိတ္တုဇုကတာ စေတသိက် ၂-ပါးသည် ကိုယ်စိတ်တို့၏ ဖြောင့်မတ်စွာဖြစ်ခြင်း လက္ခဏာရှိကုန်၏၊ ကိုယ်စိတ်တို့၏ ကောက်သည်အဖြစ်ကို နှိမ်နင်းဖျက်ဆီးခြင်း ကိစ္စရှိ၏၊ မကောက်သော အဖြစ်လျှင် ထင်သော အခြင်းအရာရှိကုန်၏၊ ကိုယ်စိတ်လျှင် နီးစွာသော အကြောင်းရှိ၏။ (မှတ်ချက်) ထိုစေတသိက် တို့သည် ကိုယ်စိတ် တို့၏ ဖြောင့်မတ်သည်၏ အဖြစ်ဟူသော အဇ္ဇဝလက္ခဏာရှိ၏။ ၎င်းစေတသိက်

သည် ကိုယ်စိတ်တို့၏ ကောက်သည်၏ အဖြစ်ကို ပြုတတ်သော မာယာ သာဌေယျ အစရှိသည်တို့၏ ပဟာယက ပဋိပက္ခဖြစ်၍ ဆန့်ကျင်ဘက် ဖြစ်၍ ဖြစ်ကုန်၏ဟုမှတ်။ ထိုမှတပါး ကာယုဇုကတာ စိတ္တုဇုကတာသည် ထွန်တုံးကောက်ဟု ဆိုအပ်သော နင်္ဂလကောဋိဝက်, နွားသေးကောက် ဟုဆိုအပ်သော ဂေါမုတ္တဝက်,လရေးကောက်ဟုဆိုအပ်သော စန္ဒလေခါ ဝက်အားဖြင့် သုံးပါးသော အကောက်တို့မှ ဆန့်ကျင်တော့သည် ဟူရာ ဝယ် မှတ်ဘွယ် အမိပ္ပါယ်သော်ကား အကြင်ပုဂ္ဂိုလ်အား သုံးပါးသော ကမ္မဒ္ဒါရတို့သည်မစင်ကြယ်ကုန်သည်ဖြစ်၏၊ထိုသူသည် နွားသေးကောက် ဟုဆိုအပ်သော အစမှအဆုံးတိုင် ကောက်သော ဂေါမုတ္တဝက် မည်၏၊ အကြင် ပုဂ္ဂိုလ်အား အမှတ်မရှိကုန်သော ရှစ်ပါးကုန်သော ကမ္မဒ္ဒါရ တို့သည် မစင်ကြယ်ကုန်သည် ဖြစ်၏၊ ထိုသူသည် လရေးကောက် ဟု ဆိုအပ်သော အလယ်မှသည် အဆုံးတိုင်အောင် ကောက်သော စန္ဒ လေခါ ဝက်မည်၏၊ အကြင် ပုဂ္ဂိုလ်အား အမှတ်မရှိ တစုံတခုသော ကမ္မဒ္ဒါရသည် မစင်ကြယ်သည် ဖြစ်၏၊ ထိုသူသည် ထွန်တုံးကောက်ဟု ဆိုအပ်သော အဆုံးတွင်သာ ကောက်သော နင်္ဂလကောဋိဝက်မည်၏၊ ဤသည်လျှင် အဋ္ဌကထာ ရှင်ဗုဒ္ဓဃောသ အင်္ဂုတ္တရဋီကာဆရာတော်တို့၏ နည်းတည်း။ ဒီဃနိကာယ်ကို ဆောင်သော ဆရာတို့၏ အလိုအားဖြင့် အချို့သော ရဟန်းသည် အလုံးစုံသော ပဌမ,ဒုတိယ,တတိယ အရွယ် သုံးပါး၌ နှစ်ဆယ့်တပါးသော အနေသန, ကျက်စားရာ မဟုတ်သော အဂေါစရတို့ကို ကျင့်လိုရာ ကျင့်၏၊ ထိုရဟန်းသည် ဂေါမုတ္တအကောက် မည်၏၊အကြင်ရဟန်းသည် ပဌမ,ဒုတိယ,တတိယ အရွယ်၌ စတုပါရိသုဒ္ဓိ သီလကို ဖြည့်ကျင့်၏၊လဇ္ဇီသီလဝန္တ ဝိနယ ကုက္ကုစ္စ သိက္ခာကာမကို ဖြည့် ကျင့်၏။ ဒုတိယ,တတိယ အရွယ်၌ ရှေ့ရဟန်းတို့နှင့် အတူပြုကျင့်တတ်၏၊ ထိုရဟန်းသည် စန္ဒလေခကောဋိ အကောက်မည်၏။အကြင် ပုဂ္ဂိုလ်သည် ပဌမ မဇ္ဈိမအရွယ်၌ စတုပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်၏၊ လဇ္ဇီသီလဝန္တ ဝိနယ ကုက္ကုစ္စ သိက္ခာကာမ ဖြည့်ကျင့်၏၊ ပစ္ဆိမအရွယ်၌ ရှေ့ရဟန်းနှင့် အတူပြုကျင့်၏၊ ထိုရဟန်းသည် နင်္ဂလကောဋိ အကောက်မည်၏။ ဤ သည်လျှင် အကောက် သုံးပါးတည်း။ ။(ဥပမာ) တွင်းသို့ ဝင်သော မြွေနှင့်တူ၏ဟုမှတ်။ တနည်း။ ကောက်ကျစ်သောနွားကို မကောက်ကျစ် အောင်ဆုံးမသောနွားကျောင်းသားနှင့်တူ၏။တူဟန်ကား၊ ကောက်ကျစ် သောနွားနှင့် မာယာသာဌေယျနှင့်တူ၏၊ နွားကျောင်းသားနှင့် ကာယုဇု

ကဘာ စိတ္တုဇုကတာနှင့် တူ၏ဟု မှတ်။ တနည်း၊ ကောက်ကျစ်သော မြားကိုဖြောင့်သော မုဆိုးနှင့်တူ၏။ ၎င်းမုဆိုးသည် ကောက်ကျစ်သော မြားကို ဖြောင့်မတ်သကဲ့သို့ ထိုအတူ၎င်း ကောက်ကျစ် သည်နှင့်မူ အကုသိုလ် စိတ်နှင့်တူ၏၊ မြားဖြောင့်သည်နှင့်မူ ကာယဇုကတာ စိတ္တုဇုကဘာယှဉ်သောအခါ မုဆိုးမြားကို ဖြောင့်အောင် ပြုသည်နှင့်တူ၏။

## ယုဂန္ဓရ ယုဂန္ဓရ ခေါ်ရကြောင်းကိုပြခြင်း

ဤကာယပဿဒ္ဓိစသော စေတသိက်တို့ကို ဒရထ နိမ္မဒ္ဒန အစရှိသော ကိစ္စအားဖြင့် တူသည်ဖြစ်သောကြောင့် တခုတည်းဟု ဆိုအပ်လျက် အဘယ့်ကြောင့် နှစ်ပါးနှစ်ပါး ယုဂန္ဓရတွဲ၍ ဆိုရသနည်းဟူမူ စိတ္တပ္ပဿဒ္ဓိ အစရှိသည်ဖြင့် စိတ်သာလျှင် ပဿဒ္ဓိ လဟု မုဒုကမ္မည သုံးလုံးဖြစ်၏၊ ကာယပ္ပဿဒ္ဓိ အစရှိသည်တို့ဖြင့်ကား ဝေဒနာ စသော နာမကာယ သည်၎င်း၊ ရူပကာယသည်၎င်း ပဿဒ္ဓိစသည်ဖြစ်၍ ဖြစ်၏၊ ထိုကြောင့် ကာယပ္ပဿဒ္ဓိစသည်တို့၌သာလျှင် ဘုရားမြတ်စွာသည် တရားတို့၏ ဒုဝိဓ အဖြစ်ကို ဟောတော်မူအပ်၏။ သမာဓိစသည်တို့၌ ဒုဝိဓအဖြစ်ကို ဟောတော်မမူ၊ထိုသို့ ဘုရားရှင်ဟောတော်မမူသည့်အတိုင်း ရှင်မဟာအနုရုဒ္ဓါ မထေရ်သည်လည်း မိန့်ဆိုတော်မူ၏။ထိုသို့မူလဋီကာ၌ ဋ္ဌေစ စိတ္တပ္ပဿဒ္ဓိ အာဒီဟိ ပန ရူပကာယောပိ တေန ဝေတ္တ ဘဂဝတာ ဓမ္မာနံ ဒုဝိဓတာ ဝုတ္တာ၊ န သဗ္ဗတ္ထ-ဟု ဘွင့်ပြ၏။

စ၊ ဆက်၍ဆိုဦးအံ့။ ဌေတ္ထ၊ဤနေရာ၌။စိတ္တပ္ပဿဒ္ဓိအာဒီဟိ၊ စိတ္တပ္ပဿဒ္ဓိ အစရှိသည်တို့ဖြင့်။ စိတ္တသောဝ၊ စိတ်၏သာလျှင်။ ပဿဒ္ဓိ လဟု မုဒုကမ္မညဥ္စ၊ ငြိမ်းခြင်း ပေါ့ခြင်း နူးညံ့ခြင်း အမှု၌ ခံ့ခြင်းသည်၎င်း။ ပဂုဏံ၊ လေ့လာခြင်းသည်၎င်း။ ဥဇုစ၊ဖြောင့်မတ်ခြင်းသည်၎င်း။ ဟောတိ၊ဖြစ်၏။ ကာယပ္ပဿဒ္ဓိအာဒီဟိ၊ ကာယပ္ပဿဒ္ဓိ စသည်တို့ဖြင့်။ ရူပကာယောပိ၊ ရူပကာယသည်လည်း။ ဟောတိ၊ ဖြစ်၏။ တေနေဝ၊ ထိုကြောင့်ပင်လျှင်။ ဌေတ္ထ၊ဤနေရာ၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မာနံ၊ တရားတို့၏။ ဒုဝိဓတာ၊နှစ်ပါးအပြားရှိသည်၏အဖြစ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ သဗ္ဗတ္ထ၊အလုံးစုံသော စေတသိက်တို့နှင့်။ နဝုတ္တာ၊ဟောတော်မမူအပ်။

ဤစေတသိက်ဆယ်ပါးကို လှည်းထမ်းပိုး၌ ကသောနွားကဲ့သို့ အချင်းချင်း အကြောင်းနိမိတ်၏ အဖြစ်ဖြင့် တပါးသည်တပါးကို မလွန်သောအားဖြင့် အညီအညွတ် တူသော ကိစ္စရှိသည်၏ အဖြစ်ကြောင့် ယုဂန္ဓရ စေတသိက်ဟု ဆိုအပ်၏။ ယုဂံ ဓာရေန္တီတိ ယုဂန္ဓရာ၊ ယေ

ဂေါစာ၊ အကြင်နွားတို့သည်။ ယုဂံ၊ ထမ်းပိုးအစုံကို။ ဓာရေန္တိ၊ ဆောင် တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေ ဂေါဏာ၊ ထိုနွားတို့သည်။ ယုဂန္ဓရာ၊ ယုဂန္ဓရမည်ကုန်၏။ နွားကိုအရကောက်လေ။ ။ယုဂန္ဓရာ ဝိယာတိ ယုဂန္ဓရာ။ ယေစေတသိကာ၊ တို့သည်။ ယုဂန္ဓရာဝိယ၊ ထမ်းပိုး အစုံကိုဆောင်သော နွားကဲ့သို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေစေတသိကာ၊ တို့သည်။ ယုဂန္ဓရာ၊ ယုဂန္ဓရမည်ကုန်၏။ ။တနည်း။ ယုဂနဒ္ဓါဟု သဒ္ဒါနည်းအားဖြင့် ဆိုအပ်၏။ အာဇာနေယျယုဂေါဝိယ ယုဂလကော ဟုတ္វာ အညမညံ နာတိဝတ္တနေန နဒ္ဓါဝိယာတိ ယုဂနဒ္ဓါ။ အာဇာနေယျယုဂေါဝိယ၊ အာဇာနည်မြင်းအစုံကဲ့သို့။ ယုဂလကော၊ အစုံသည်။ ဟုတွာ၊ ဖြစ်၍။ အညမညနာတိဝတ္တနေန၊ အချင်းချင်း တပါးသည်တပါးကို မလွန်ခြင်းဖြင့်။ နဒ္ဓါဗဒ္ဓါဝိယ၊ ဖွဲ့အပ်ကုန်သကဲ့သို့။ ပဝတ္တာ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ယုဂနဒ္ဓါ၊ ယုဂနဒ္ဓါ မည်ကုန်၏။

ဝင်းဆယ်ပါးသော စေတသိက်တို့ကို အလောဘစသော ဟိတ်တို့နှင့် ယှဉ်သောကြောင့် သောဘဏစေတသိက်ဟု ဆိုအပ်ကုန်၏၊ သောဘဏ စိတ်နှင့်သာလျှင် ဆက်ဆံသောကြောင့် သာဓာရဏဟုဆိုအပ်ကုန်၏။ ။ ဤသည်လျှင်သောဘဏသာဓာရဏ တဆယ့်ကိုးပါးအရပြီးကုန်ပြီ။

၂၀။ သမ္မာဝါစာစေတသိက်သည် သမ္ပယုတ်တရားတို့ကို သိမ်းဆည်း ခြင်းလက္ခဏာရှိ၏၊ မိစ္ဆာဝါစာမှ ကြဉ်ခြင်းကိစ္စရှိ၏၊ မိစ္ဆာဝါစာကို ပယ်တတ်သောတရားဟူ၍ ဉာဏ်အားရှေ့ရှုထင်သော အခြင်းအရာရှိ၏၊ သဒ္ဓါဟိရိဩတ္တပ္ပ တရားလျှင် အမွန်ရှိသော အလိုနည်းခြင်း အစရှိသော ကျေးဇူးလျှင်နီးစွာသော အကြောင်းရှိ၏။ ။(မှတ်ချက်) အမျိုးကောင်း သား အမျိုးကောင်းသမီးတို့သည် အမှတ်မဲ့ ပြောဆိုအပ်သော မုသာ ဝါဒါ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာ တည်းဟူသော ဝစီဒုစရိုက် လေးပါးတို့သည်လည်း အသက်မွေးကြောင်း မဟုတ်သော ကြောင့် မိစ္ဆာဝါဒမည်၏၊ ထိုမိစ္ဆာဝါဒမှ ကြဉ်ရာ၌ကား-သမ္မာဝါစာ ဖြစ်၏ဟုမှတ်။ ဤသမ္မာဝါစာ၏ စေ့စပ်ပြေပြစ်သည်၏ အဖြစ်ကိုကား- သဒ္ဒါစသော တရားထူးနှင့် ယှဉ်သည်၏ အဖြစ်ကြောင့် သာတည်းဟု မှတ်အပ်၏၊ ထိုသမ္မာဝါစာသည် စေတနာဝါစာ ဝိရတိဝါစာ သဒ္ဒဝါစာ အားဖြင့် သုံးပါးရှိ၏၊ ထိုသုံးပါးတွင် ကောင်းစွာ ကာရကကြိယာနှင့် ပြည့်စုံစွာဆိုခြင်းဟူသောအပိသုဏာဝါစာတရားနှင့်ယှဉ်၍ဆိုခြင်းဟူသော

အသမ္ဗပ္ပလာပ ချစ်ဘွယ် သာယာဘွယ် ဆိုခြင်းဟူသော အဖရုသဝါစာ မှန်ကန်စွာဆိုခြင်းဟူသောအမုသာဝါဒ ဤအင်္ဂါလေးတန်နှင့် မှန်ကန်စွာ ပြောဆိုသင့်သော စကားသည် စေတနာဝါစာမည်၏။ ။(မှတ်ချက်) စကားဆိုရန် ဤအင်္ဂါလေးတန် ပါဠိကို အလိုရှိလျှင် သုတ္တနိပါတ် ပါဠိတော် သုဘာသိတသုတ်၌ ကြည့်လေ၊ ဂန္ထဂရု အတိဘယကြောင့် ကဝိဆရာမပြလိုက်ပြီ။

။အချုပ်လင်္ကာ။ ၁။ သုဘာသိတံ၊ ယင်းဓမ္မံ၊ သစ္စံဝိယသာ။ ၂။ စကားအရာ၊အင်လေဖြာ၊ ကျမ်းမှာဤသို့လာ။

ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသည် ဝိရတိဝါစာ မည်၏၊ နှုတ်မြွက်ခြင်းသည် သဒ္ဒဝါစာမည်၏၊ ထိုသုံးပါးတို့တွင် ဝိရတိဝါစာကို သာလျှင် ဤနေရာ၌ အလိုရှိအပ်၏။ ။ဤသည်လျှင် သမ္မာဝါစာ ပြချက်တည်း။

၂၁။ သမ္မာကမ္မန္တ စေတသိက်သည် ကောင်းမှုကို ဖြစ်စေခြင်း လက္ခဏာရှိ၏၊ မိစ္ဆာကမ္မန္တမှ ကြဉ်ခြင်းကိစ္စရှိ၏၊ မိစ္ဆာကမ္မန္တကို ပယ်တတ်သောတရားဟူ၍ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏၊ သဒ္ဓါဟိရိဩတ္တပ္ပလျှင် နီးစွာသောအကြောင်းရှိ၏။ ။(မှတ်ချက်)အမျိုး ကောင်း သားသမီးတို့သည် တရံတခါ ပြုအပ်သော ပါဏာတိပါတ အဒိန္နာဒါန် မိစ္ဆာဝါစာ တည်းဟူသော ကာယ ဒုစရိုက်သုံးပါးသည် အသက်မွေးခြင်းမဟုတ်ရကား မိစ္ဆာ ကမ္မန္တမည်၏၊ ထိုမိစ္ဆာကမ္မန္တမျိုးမှ ကြဉ်ရာ၌သမ္မာကမ္မန္တဖြစ်၏၊ သမ္မာဝါစာ သမ္မာကမ္မန္တတရား ၂-ပါး တို့တွင် အသက်မွေးကြောင်းကိုမငဲ့မူ၍ ဝစီဒုစရိုက် ၄-ပါးမှကြဉ်ရှောင် တတ်သည်ဟု သမ္မာဝါစာကိုမှတ်၊ အသက်မွေးကြောင်း မငဲ့မူ၍ကား- ကာယဒုစရိုက် ၃-ပါးမှကြဉ်တတ်၏ဟု သမ္မာကမ္မန္တကိုမှတ်ပါ။

ထိုသမ္မာကမ္မန္တသည် စေတနာကမ္မန္တ ဝိရတိကမ္မန္တ ကြိယာကမ္မန္တ၏ အစွမ်းအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် အပြစ်မရှိသော အမှုကို ပြုစေတတ်သော စေတနာသည် စေတနာကမ္မန္တမည်၏၊ ကာယ ဒုစရိုက် ၃-ပါးမှရှောင်ကြဉ်ခြင်းသည်ဝိရတိကမ္မန္တမည်၏၊အပြစ်မရှိသော အမှုကိုပြုသော ကိုယ်အမူအရာသည် ကြိယာကမ္မန္တမည်၏၊ ဤသုံးပါး တို့တွင် ဤအရာ၌ ဝိရတိကမ္မန္တကို မှတ်အပ်၏။ ။(မှတ်ချက်) သမ္မာ ဝါစာနှင့် သမ္မာကမ္မန္တ စေတသိက် ၂-ပါးတို့သည် ဓဟိဒ္ဓကို ငဲ့၍ အကုသိုလ်ကို ကြဉ်ရှောင်သည်။ ။ဥပမာ-သမ္မာဝါစာ သမ္မာကမ္မန္တ

စေတသိက် ၂-ပါးသည် မင်းဘေးမင်းဒဏ်ကိုကြောက်၍ မခိုးဝံ့'မတိုက်ဝံ့၊ မယူဝံ့သောသူခိုးသည် သားမယားတို့အား ကျွေးမွေးဝတ်ဆင်ရန် ရွှေငွေရတနာစသောပစ္စည်းတို့ကို မရလျှင်ရအောင် ခိုးစွမ်းနိုင်သော သတ္တိပင်ရှိသော်လည်း ထိုမင်းလက်ထက်၌ သူခိုးဟုဆိုလျှင် ဟင်းရွက်သူခိုးကိုမျှ မလွတ်ရအောင် သတ်သည်၊ မင်းဓားထက်သဖြင့် မတော်၍ ခိုးမိဘည် ရှိသော် သေတတ်သောအမှုနှင့်ပင် သေလတ္တံ့ဟု ထိုသူခိုးသည် မင်းဓားထက်သောကြောင့် မင်းဘေး တည်းဟူသော ဗဟိဒ္ဓဝဲ့သောအားဖြင့် မခိုးဝံ့ဘဲကြဉ်ရှောင်နေသကဲ့သို့ သမ္မာဝါစာ သမ္မာကမ္မန္တ စေတသိက်တို့သည်လည်း အပါယ် တည်းဟူသော ဗဟိဒ္ဓကိုငဲ့၍ မုသာဝါဒစသော ဝစီဒုစရိုက် လေးပါး ပါဏာတိပါတစသော ကာယဒုစရိုက် သုံးပါးတို့မှကြဉ်ရှောင်၏။

၂၂။ ထိုသမ္မာအာဇီဝ စေတသိက်သည် အသက်မွေးသော သတ္တဝါကို ဖြူစင်ခြင်း သမ္ပယုတ်တရားတို့ကို ဖြူစင်စေခြင်း လက္ခဏာရှိ၏၊ အသင့်အားဖြင့် အသက်မွေးခြင်းကို ဖြစ်စေခြင်းကိစ္စရှိ၏၊မိစ္ဆာဇီဝကို ပယ်တတ်သောတရားဟူ၍ ဉာဏ်အား ရှေ့ရှုထင်သော အခြင်းအရာရှိ၏၊ သဒ္ဓါ ဟိရိတရား ဩတ္တပ္ပတရားလျှင် အမွန်ရှိသော အလိုနည်းခြင်းအစရှိသော ကျေးဇူးလျှင် နီးစွာသော အကြောင်းရှိ၏၊ ထိုသမ္မာအာဇီဝသည် ဝိရိယ အာဇီဝ ဝိရတိအာဇီဝဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အပြစ်မရှိသော 'ကုန်သွယ်ခြင်း အစရှိသော အမှုကိုပြု၍ အသက် မွေးသော သူ၏ လုံ့လသည် ဝိရိယအာဇီဝ မည်၏၊ အသက်မွေးကြောင်း ကာယ ဝစီဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်းသည် ဝိရတိ အာဇီဝမည်၏။ ထို နှစ်ပါးတို့တွင် ဤအရာ၌ ဝိရတိအာဇီဝကို အလိုရှိအပ်၏။ ။ထိုသမ္မာ အာဇီဝသည် အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယဒုစရိုက် ဝစီဒုစရိုက်မှ ကြဉ်ခြင်း၏ အစွမ်းအားဖြင့် ၃နစ်ပါး ရှိ၏ဟုမှတ်။ ။ ရှေ့နှစ်ပါးနှင့် နောက်တပါး၏ အထူးကား အသက်မွေးခြင်းကို မငဲ့မူ၍ ကြဉ်မှု ရှေ့နှစ်ပါးဖြစ်၏၊ ငဲ့၍ကြဉ်မှုကား သမ္မာအာဇီဝဖြစ်၏။ ဤကား ဝိရတိစေတသိက် သုံးပါးတည်း။ ထိုသုံးပါးသော ဝိရတိတို့တွင် သမ္ပတ္တ ဝိရတိ သမာဒါနဝိရတိ သမုစ္ဆေဒဝိရတိ အားဖြင့် တပါးတပါးလျှင် သုံးပါးပြားရကား ဝိရတိ ၉-ပါး အပြားရှိ၏၊ သမ္ပတ္တဝတ္ထုတော့ဝိရတိ သမ္ပတ္တဝိရတိ။ သမ္ပတ္တဝတ္ထုတော၊ရောက်လာသောဝတ္ထုမှ။ ဝိရတိ၊ရှောင်ကြဉ်ခြင်းသည်။ သမ္ပတ္တဝိရတိ၊ မည်၏။ သမာဒါနဝသေန ပဝတ္တာဝိရတိ

သမာဒါနဝိရတိ သမာဒါန၀သေန၊ ဆရာသမားထံ။ ဆောက်တည်သည့်၏ အစွမ်းအားဖြင့်။ ပ၀တ္တာ၊ ဖြစ်သော။ ဝိရတိ၊ ရှောင်ကြဉ်ခြင်းသည်။ သမာဒါနဝိရတိ၊မည်၏။သမုစ္ဆေဒ၀သေနပ၀တ္တာဝိရတိသမုစ္ဆေဒဝိရတိ။ သမုစ္ဆေဒ၀သေန၊ အရိယာမဂ်နှင့်ယှဉ်၍ ဖြတ်တောက်သည့်၏ အစွမ်းအားဖြင့်။ပ၀တ္တာ၊ ဖြစ်သော။ ဝိရတိ၊ တချက်တည်း ရှောင်ကြဉ်ခြင်းသည် သမုစ္ဆေဒဝိရတိ၊မည်၏။ ။ဝိရတိသုံးပါးကြဉ်ခြင်းဟိတ်မှု တိ စု နာဂတ်၊ ထိုသုံးရပ်တွင်၊ အဘယ်လျှင်မိုက်၊ ဒုစရိုက်ကို ကြဉ်သနည်း။ တိ စု နာဂတ် ထိုသုံးရပ်တွင် ပစ္စုနာဂတ် ဤနှစ်ရပ်ကို ကြဉ်သတည်း။

ဝိရတိသုံးပါးတို့သည် ဒုစရိုက်ကို ကြဉ်၏ဆိုသော် ရှေးလွန်လေပြီးသောဒုစရိုက်လည်း ချုပ်လေပြီးဖြစ်၍ ကြဉ်လေဘွယ်မရှိ။ မပြုသေ့သော ဒုစရိုက်လည်း မရှိသေးသည်ဖြစ်၍ ကြဉ်ဘွယ်မရှိ၊တွေ့ဆဲသော ဒုစရိုက်ကိုသာ ကြဉ်ဘွယ်ရှိသင့်သည်။ ထိုကာလသုံးပါးတို့တွင် အဘယ်ကာလဖြစ်သော ဒုစရိုက်ကို အာရုံပြု၍ ကြဉ်သနည်းဟု မေးလိုသည်။ လွန်လေပြီးသော ဒုစရိုက်ကိုကား မကြဉ်နိုင် ပြုဆဲဖြစ်သော ဒုစရိုက် ကိုငင်း၊ နောင် ပြုလတ္တံ့သော ဒုစရိုက်ကိုငင်း အာရုံပြု၍ ကြဉ်နိုင်သည်။ ။ ဥပမာ–သီးဆဲဖြစ်သောသရက်ပင်ကိုခုတ်သတ်လျှင် ပစ္စုပ္ပန်အသီးကိုငင်း၊ နောင် သီးလတ္တံ့သော အသီးကိုငင်း ဖျက်ဆီးသည် မဟုတ်သကဲ့သို့ မှတ်အပ်၏။ ဝိရမိတဗ္ဗ၀တ္ထုတော ဝိရမဏံ ဝိရတိ။ ဝိရမိတဗ္ဗ၀တ္ထုတော၊ ကြဉ်အပ်သောဒုစရိုက် ဒုရာဇီ၀မှ။ဝိရမဏံ၊ကြဉ်ခြင်းသည်။ဝိရတိ၊မည်၏။ ဒုစရိုက်နှင့် ဒုရာဇီ၀ သဘောမှာ၊ ထိုနှစ်မြွာ၊ ဘယ်ခြင်းရာနှင့် ကွဲသနည်း။ အသက်မွေးကြောင်း မဟုတ်။ ပါဏာတိပါတ စသည်တို့သည် ဒုစရိုက်မည်၏၊ အသက်မွေးလို၍ ပြုအပ်သော ပါဏာတိပါတ စသည်တို့သည် ဒုရာဇီ၀မည်၏၊(မှတ်ချက်)သမ္မာအာဇီ၀ စေတသိက်သည် အဇ္ဈတ္တကိုငဲ့၍ အကုသိုလ်ကို ကြဉ်ရှောင်သည်ဟု မှတ်အပ်၏။ ။ဥပမာ–သမ္မာအာဇီ၀ စေတသိက်သည် သေအံ့သော ဘေးမှ ကြောက်သောကြောင့် အဆိပ်သီး အဆိပ်ဆေးတို့ကို မစားဝံ့သော သူနှင့်တူ၏။ ထိုသို့ သေအံ့သော ဘေးမှ ကြောက်သော သူသည် မိမိသေရမည်ကို ကြောက်၍ မိမိအဇ္ဈတ္တငဲ့သောအားဖြင့် အဆိပ်သီး အဆိပ်ဆေးတို့ကို မစားဝံ့သကဲ့သို့ ထိုအတူ မိမိ၏အသက်မွေးခြင်း တည်းဟူသော အာဇီ၀အဇ္ဈတ္တကိုငဲ့၍ ၀စီဒုစရိုက်လေးပါး ကာယဒုစရိုက်သုံးပါးတို့မှ ကြဉ်ရှောင်သောကြောင့် ဘေးမှ ကြောက်၍ အဆိပ်သီးအဆိပ်ဆေးတို့ကို မစားဝံ့သောသူနှင့်တူ၏။

ဝိရတီသုံးပါးတို့၏ဖျာသတ္တအဓိပ္ပါယ်ကိုပြဦးအံ့။လောက၌ မင်း မင်း၏အမတ်တို့သည် မြူးတူးခြင်း၌လေ့လာလိုသည် ဖြစ်၍ငင်း၊ရဲရင့်သည်၏။ အဖြစ်ပြလိုသည် ဖြစ်၍ငင်း သားကိုသတ်ခြင်း ခရီးလမ်း၌ လုယက်ခြင်း သူ့သားမယားကို လွန်ကျူးခြင်းဟု ဆိုအပ်သော အကြင်အမှုကိုပြု၏၊ ဤအမှုသည် အကုသိုလ် ကာယကံမည်၏၊ ထိုကာယကံမှ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တ မည်၏၊ အသက်မွေးကြောင်း မဟုတ်သော မုသာဝါဒ စသော ဝစီကံကို အကြင်သူသည် ပြောဆို၏၊ ထိုဝစီကံကို ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာမည်၏။အသက်မွေးခြင်း၏ အကြောင်းကြောင့် မုဆိုးတံငါစသည်တို့သည် သတ္တဝါကိုသတ်ဖြတ်၏၊ အရှင်မပေးသော သူ့ဥစ္စာကိုယူ၏၊ဤသို့ ပြုခြင်းသည် မိစ္ဆာဇီဝမည်၏။ထိုမိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝမည်၏၊ အချို့သောသူတို့သည် တံစိုးလက်ဆောင်ယူ၍ မုသားဆို၏၊ ချောပစ်ကုန်းတိုက်သော စကားကိုဆို၏၊ ဤသို့ဆိုခြင်းသည် မိစ္ဆာဇီဝမည်၏၊ ထိုမိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝ မည်၏၊ ဤသမ္မာအာဇီဝသည် အသက်မွေးကြောင်း ဟု မှတ်။ အသက် မွေးကြောင်း မပါလျှင် သမ္မာအာဇီဝ မဖြစ်၊ ဝါစာ ကမ္မန္တသာ ဖြစ်၏။ သဘင်သမား ကချေသည် များမှာ သမ္မာအာဇီဝ ပျက်၏၊ သမ္မာဝါစာ သမ္မာကမ္မန္တ မပျက်ကုန်။ မုဆိုး တံငါ များမှာ သမ္မာအာဇီဝပျက်၏။ ဝါစာကမ္မန္တ မပျက်ကုန်၊ ဤသည်လျှင် ထြိနယ နည်းတည်း။

ရယ်ရွှင်လို၍ မုသားပြောသောသူမှာ သမ္မာဝါစာပျက်၏၊ သမ္မာအာဇီဝမပျက်၊ မင်းတို့သည် မြူးတူးလို၍ သားသမင်တို့ကို သတ်ငြားအံ့။ သမ္မာကမ္မန္တပျက်၏၊ သမ္မာအာဇီဝမပျက်၊ ဒုတ္တနယနည်းတည်း၊ဤသမ္မာအာဇီဝအရာ၌ မိမိသည်ရှေ့ကာလ၌ တံငါမုဆိုးလုပ်၍ရသောပစ္စည်းဖြင့် တံငါအမှု မုဆိုးအမှုမှ ကြဉ်ရှောင်လျက် ဒါနစသော အလှူကို လှူခြင်းအမှုကိုပြုသောသူအား သမ္မာအာဇီဝဖြစ်၏ဟုမှတ်။ အဘယ့်ကြောင့်ဟူမူ ပစ္စည်းဝတ္ထုသည် အဓမ္မိယလဒ္ဓဝတ္ထု ဖြစ်သော်လည်း စေတနာသည် ဖြူစင်သော စေတနာဖြစ်သောကြောင့်တည်း။ ။ပစ္စည်းကား-ဝိရတီ မဟုတ် အကုသိုလ်မှ ရှောင်ကြဉ်ခြင်း စေတနာသည်သာလျှင် ဝိရတီ ဖြစ်သည်ဟု မှတ်သားကြလေ။ ထိုကြောင့် ဝိနာ တေဟိ ရမတီတိ ဝိရတီ ဟု ဘွင့်ပြ၏။ တေဟိ၊ ထိုအကုသိုလ်စေတနာတို့မှ။ ဝိနာ၊ ကြဉ်၍။ ဝါ၊ ကင်း၍။ ရမတိ၊ ကြဉ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိရတီ၊ ဝိရတီ

မည်၏။ ဝေရမဏီအမည်သည်လည်း ဝိရတိပါဠိနှင့် သဒ္ဒါသာလျှင် ကွဲပြား၍ အနက်ကား- တူသည်သာတည်း။ ထိုဝေရမဏီသည်လည်း အကုသိုလ်မှ ရှောင်ကြဉ်ခြင်းကြောင့် ဝေရမဏီမည်၏ဟု မှတ်လေ။ ။ ဤသို့ဋီကာဆရာ ပြသည်အတိုင်း ခုဒ္ဒကပါဌ အဋ္ဌကထာ၌ ဝေရမဏီ သိက္ခာပဒံဟူ၍ရင်း၊ ဝိရမဏီသိက္ခာပဒံဟူ၍ရင်းဘွင့်ပြတော်မူ၏၊ ထိုနှစ်ပါး စုံကို ကုသိုလ်စိတ်နှင့်ယှဉ်သော ဝိရတီဟုမှတ်အပ်၏။

ဤသို့ပြဆိုခဲ့ပြီးသော အဋ္ဌကထာဋီကာတို့ဖြင့် အဓိဋ္ဌယလဒ္ဓပစ္စည်းပင် ဖြစ်ငြားသော်လည်း ဝိရတီအစွမ်းအားဖြင့် သမ္မာအာဇီဝဖြစ်၏ဟုမှတ်။ အဋ္ဌကထာဆရာမြတ်တို့သည်လည်း အကြင်အခါ၌ မိစ္ဆာဇီဝကိုပယ်၏၊ ထိုအခါ၌ သမ္မာအာဇီဝ ဖြစ်၏ဟု မိန့်ဆိုတော်မူ၏။ ။(မှတ်ချက်) ရဟန်းတော်များမှာမူကား အဓိဋ္ဌယလဒ္ဓပစ္စည်းကို မသုံးဆောင်အပ်ကုန် သုံးဆောင်လျှင် အာပတ်သင့်၏၊ သူတပါးအားလှူလျှင် တပါးသော ရဟန်းအားမအပ်ကုန်သကဲ့သို့ လူတို့မှာမဖြစ်ကုန် မဟုတ်ကုန်၊ လူတို့မှာ ကား-အပ်သည်သာတည်း။ ယူတို့မှာကား- အာပတ်သင့်စရာ မရှိကုန် အကုသိုလ်မှာလဲ တံငါမုဆိုးအမှုပြုဆဲခဏ၌ ကမ္မပထမြောက်ပြီးဖြစ်သော ကြောင့် နောင်တဘန်ထပ်၍ကံလည်းမထိုက် သမ္မာအာဇီဝလည်းတဘန် မပျက်ကုန် အကုသိုလ် ပြုသည်အခါကာလ မရှောင်ကြဉ်သောအခါ သမ္မာအာဇီဝမပျက်မူ၍ ဖြစ်တော့သည်သာတည်း မှတ်ပါ။ ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာအထွက်ဖြစ်သော ကုက္ကုဋမုဆိုးကြီး၏ ဝတ္ထုကိုလည်း ထောက်။ အယမေတ္ထ ဝိနိစ္ဆယသာရော အဋ္ဌကထာဒိတော ဥဒ္ဓရိတွာ အာစရိယပရံပရာ အာဘတာတိ ဒဋ္ဌဗ္ဗော-ဟုပညာရှိအပေါင်း သူတော် ကောင်းတို့ သိအပ်မှတ်အပ်၏၊ ထိုသုံးပါးတို့တွင် သမ္ပတ္တဝိရတီသည် တစုံ တခုသောပစ္စည်းဝတ္ထုကို မတွေ့ခင်ကပင် ဆရာသမားထံတွင် ပါဏာတိ ပါတာဝေရမဏီအစရှိသောအားဖြင့် ဆောက်တည် ထိန်းသိမ်း၍မထား၊ တွေ့လျှင်တွေ့ချင်း မျက်မှောက်၌ကြဉ်လေ၏၊ ထိုသို့ကြဉ်ရှောင်ခြင်းသည် သမ္ပတ္တဝိရတီမည်၏၊ သမာဒါနဝိရတီသည် ဝတ္ထုပစ္စည်းအစရှိသည်တို့ကို မသိမမြင်မကြားခင်ကပင် ဆရာသမားတို့အထံ၌ ယနေ့မှစ၍ ရက်ပေါင်း နှစ်ပေါင်း ဤရွေ့ ဤမျှကာလပတ်လုံး သူ့အသက်ကို သတ်ခြင်း အစ ရှိသောမကောင်းမှုအကုသိုလ်တို့ကိုမပြုပါပြီဟုပါဏာတိပါတာဝေရမဏီ အစရှိသည်ဖြင့် ဆောက်တည် ထိန်းသိမ်းခြင်းသည် သမာဒါန ဝိရတီ မည်၏။ သမုစ္ဆေဒဝိရတီသည် တစုံတယောက်သောသူက ထိုသူကို

သင်သတ်ရမည်၊ မသတ်လျှင်သင့်ကိုငါသတ်မည်ဟု ဆိုငြားသော်လည်း မသတ်မူ၍ မိမိအသက်ကိုသာ အသေခံ၏၊ ထိုသူသည်မသတ်ပြီ၊ ဤသို့ ရှောင်ကြဉ်ခြင်းသည် သမုဋ္ဌေဒဝိရတိမည်၏။ ။သမ္ပတ္တဝိရတိဖြစ်ဟန်ကား စူဠဇဂ္ဂန မဟာဇဂ္ဂန ဟူ၍ ညီနောင်နှစ်ယောက်ရှိ၏၊ တရံရောအခါ ထိုညီနောင်နှစ်ယောက်တို့၏ အမိသည် ပြင်းစွာသော ရောဂါဝေဒနာ သည် ဖြစ်လေ၏၊ ထိုအခါ သမားတို့ကိုခေါ်၍ ကုသစေသည်ရှိသော် သမားတို့ကလည်း ဤသို့ဆို၏ သင်တို့အမိသည် အခြားသော ဆေးဝါး မန္တန်တို့နှင့်ပျောက်မည်မဟုတ် ယုန်သွေးကိုရမှ ပျောက်မည်ဟု ဆို၏၊ ထိုအခါအကိုဖြစ်သော မဟာဇဂ္ဂနက ညီဖြစ်သော စူဠဇဂ္ဂနကို ယုန်ရှာ ခိုင်းသောကြောင့် စူဠဇဂ္ဂနလည်း တောအရပ်သို့သွား၍ ယုန်ကိုငိုက်နှင့် ထောင်ပြီးလျှင်လိုက်သည်ရှိသော် ပိုက်၌ယုန်မကြီးတကောင်ကို မိလေ၏၊ ထိုယုန်မ၏ သားသမီးတို့သည် အမိကိုမိ၍ အမိ၏အနီး၌ မသွားဘဲ နေလေ၏၊ ထိုစူဠဇဂ္ဂနသည် ယုန်ကိုဘမ်း၍သတ်အံ့ဟုကြံသော် ငါသည် သတ်အံ့ ထိုယုန်မသည် သေရှာလေတော့မည် ကေန်မှန်၏၊ ထိုယုန်မ သေလျှင် ယုန်သားငယ်တို့သည် ငါ၏အမိသေသည်ကာလ ငါတို့ပူပန် ဆင်းရဲသကဲ့သို့ ဆင်းရဲဒုက္ခရောက်ရှာတော့မည် ထိုယုန်မသွေးနှင့်လည်း ငါ့အမိ ပျောက်မည်လည်းမသိ ထိုဆရာတို့သည် ရမ်းရော်သောအား ဖြင့်သာ ပြောဆို၏၊ သို့ဖြစ်၍ ငါသည်ယုန်မကို မသတ်ပြီဟု လွှတ်လိုက် လေ၏၊ ထိုအခါအကိုဖြစ်သော မဟာဇဂ္ဂနက ယုန်ရ-မရကိုမေးသည် ရှိသော် ငါသည်တကောင်သောယုန်မကိုရလေ၏၊ ထိုသို့ရသော်လည်း ငါလွှတ်လိုက်၏ဟုပြောလျှင် မဟာဇဂ္ဂနသည် များစွာသော ဆဲရေးခြင်း တို့ဖြင့် ဆဲရေးလေ၏၊ ထိုအခါ စူဠဇဂ္ဂနသည်လည်း အမိ၏ အထံသို့ ဝင်၏၊ ငါ၏အမိသည် ထိုယုန်မ၏ အသက်ဘေးမှ ချမ်းသာရသကဲ့သို့ ထို့အတူရောဂါဝေဒနာမှ ပျောက်ကင်း ငြိမ်းစေသတည်းဟု မိဋ္ဌာန်၍ အမိကျောကိုလက်ဖြင့် ဆုပ်နယ်သည်ရှိသော် အမိသည် ပြင်းထန်စွာ ခံရသော ရောဂါ ဝေဒနာတို့မှ မကြာဆောလျှင် ပိန်းကြာဖက်ပေါ် ရေမတင်သကဲ့သို့ ပျောက်ကင်းလေ၏၊ ထိုအခါစူဠဇဂ္ဂန၏ ဝိရတီသည် သမ္ပတ္တဝိရတီမည်၏၊ယုန်လွှတ်လိုက်စဉ်ကပင် သမ္ပတ္တဝိရတီဖြစ်၏။

သမာဒါနဝိရတီ ဖြစ်ဟန်ကား–ရှေးသရောအခါ ပုဏ္ဏားတယောက် သည် ဆရာသမားတို့ထံ၌ ပါဏာတိပါတ အစရှိသဖြင့် ဆောက်တည် ခံယူ၍ငါးပါးသီလ ပုဆိန် ဓားမတို့ကိုယူဆောင်ပြီးလျှင် တောအရပ်သို့သွားသည်

ရှိသော် ထိုတောအရပ်၌ တကောင်သောမြွေသည် ပုဏ္ဏားကိုပတ်လေ၏၊ ထိုသို့ပတ်သောအခါ ပုဏ္ဏားလက်၌ပါသော ပဲခွပ် ပုဆိန် ဓားမတို့ဖြင့် သတ်တော့မည်ဟုကြံ၏၊ ထိုသို့ကြံသောအခါ ငါသည် ဆရာသမားတို့ ထံ၌ဆောက်တည် ထိန်းသိမ်းအပ်သော သီလသည် ပျက်ရတော့မည်ဟု ဆိုပြီးလျှင် သူ့အသက်ကိုငါမသတ်ပြီဟု ကြံ၍နေ၏၊ ဤကဲ့သို့သတ်မည်ဟု သုံးကြိမ်ကြံပြီးမှ ဤသို့ကြံ၏ ငါကိုမြွေကိုက်၍ ငါမူပင်သေပါစေ ထိုမြွေကို ငါမသတ်ပြီဟု မိမိလက်၌ပါသော ပုဆိန် ပဲခွပ် ဓားမတို့ကို လွှင့်ပစ်လိုက်၏၊ ထိုအခါမြွေသည် မကိုက်ဘဲ အပတ်ကို ဖြေ၍ သွားလေ၏၊ ထိုအခါပုဏ္ဏားမှာ သမာဒါန ဝိရတီဖြစ်၏။

သမုစ္ဆေဒဝိရတိ ဖြစ်ဟန်ကား ရဟန္တာတို့နှင့်တူ၏၊ သောတာပတ္တိမဂ်ကိုရလျှင် ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခုနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်ခြင်း သကဒါဂါမိမဂ်ကိုရလျှင် ရာဂ ဒေါသ မောဟတို့ကို ခေါင်းပါးသောအားဖြင့် ပယ်ခြင်း၊အနာဂါမိမဂ်ကိုရလျှင် ကာမရာဂ ဗျာပါဒတို့ကိုအကြွင်းမဲ့ ပယ်ခြင်း၊ အရဟတ္တမဂ်ကို ရလျှင် ရူပရာဂ အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဝိပ္ပယုတ် ၄-ခုနှင့် ဥဒ္ဓစ္စကို အကြွင်းမဲ့ပယ်ခြင်းသည် သမုစ္ဆေဒ ဝိရတီမည်၏။ ထိုဝိရတီကို အဘယ်ကြောင့် ဝိရတီဟု ခေါ်ရသနည်းဟူမူ ဝိရမိတဗ္ဗဝတ္ထုမှ ကြဉ်တတ်သောကြောင့် ဝိရတီ စေတသိက် ခေါ်၏။ ဝိရမိတဗ္ဗဝတ္ထုဆိုသည်မှာ ဒုစရိုက် ခုနစ်ပါးကိုဆို၏။ ဒုစရိုက် ခုနစ်ပါးကား ကြဉ်အပ်သော တရားဖြစ်၏၊ ထိုဝိရတီ စေတသိက် သုံးခုသည် ကြဉ်တတ်သော တရားဖြစ်၏၊ထိုကြောင့် ဝိရတီဟုခေါ်၏။

ဤဝိရတီသုံးပါးတို့တွင် သမ္ပတ္တ သမာဒါနဟု ဆိုအပ်သော ဝိရတီ နှစ်ပါးသည် လွန်ကျူးအပ်သော ဇီဝိတိန္ဒြေစသော ဝိတက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၏၊ နောက်သမုစ္ဆေဒ ဝိရတီသည် နိဗ္ဗာန်ကိုအာရုံပြု၏ဟု မှတ်အပ်၏၊ထိုသို့ ပြအပ်ပြီးသော ဝိရတီသုံးပါးတို့တွင် သမ္ပတ္တနှင့် သမာဒါန ဝိရတီသည် ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြုငြားသော်လည်း ဝိတိက္ကမိတဗ္ဗ ဝတ္ထုကို အာရုံပြု၍ ထိုဝိရမိတဗ္ဗဖြစ်သော ဒုဿီလျဖြစ်သော စေတနာမှ ကြဉ်ရာ၌ သမ္ပတ္တိဝိရတီဖြစ်အံ့ ပစ္စုပ္ပန်ဖြစ်သော ဝိတိက္ကမိတဗ္ဗကို အာရုံပြု၍ ဒုဿီလျစေတနာမှ ကြဉ်သည်ဟူ၍မှတ်။သမာဒါနဝိရတီ ဖြစ်အံ့ ပစ္စုပ္ပန် အနာဂတ်ဖြစ်သော ဝိတိတ္တမိတဗ္ဗဝတ္ထုကို အာရုံပြု၍ ဒုဿီလျစေတနာမှ ကြဉ်သည်ဟူ၍မှတ်၊ ဤကားလောကီဝိရတီနှစ်ပါး ပြချက်တည်း။

## ဗြဟ္မာတို့၌ဝိရတီရှိ,မရှိကိုပြခြင်း

၁။ ထက်ရပ်ဘုံမှီ၊ ဝိရတီ၊ သုံးလီဗြဟ္မာရှိအံ့နည်း။ ။၂။ ရှေ့ဝိရတီမရှိပြီ၊ တလီသမုစ္ဆေဒ ရှိသတည်း။ ။ထိုဝိရတီသုံးပါးတို့တွင် ဗြဟ္မာတို့မှာ သမ္ပတ္တဝိရတီ သမာဒါနဝိရတီ တို့သည် မရှိကုန်၊ အဘယ့်ကြောင့်ဟူမူ လွန်ကျူးအပ်သောဝတ္ထု၏ ဗြဟ္မာဘုံ၌ မရှိသောကြောင့်တည်း။ လောကုတ္တရာဖြစ်သော သမုစ္ဆေဒဝိရတီကား ရှိသင့်၏ဟုမှတ်အပ်၏။

## ဝိတိက္ကမိတဗ္ဗ ဝိရမိတဗ္ဗအထူးကိုပြခြင်း

၁။ ဝိတိက္ကမိတဗ္ဗ၊ ဝိရမိတဗ္ဗ၊ ဤနှစ်ဝ၊ အရဘယ်သို့ ထူးသနည်း။ ။၂။ ဇီဝိတိန္ဒြေ၊ ဝိတိက္ကမေတဗ္ဗံ၊ စေတနံမှာ၊ ဝိရမာ၊ သဘာဝါ ဤသို့ ထူးသတည်း။ ။ပါဏာတိပါတစသည်တို့၏ အာရုံဖြစ်သော ဇီဝိတိန္ဒြေစသည်သည် ဝိတိက္ကမိတဗ္ဗဝတ္ထုမည်၏၊ ရှောင်ကြဉ်အပ်သော ပါဏာတိပါတစသော ဒုစရိုက်စေတနာသည် ဝိရမိတဗ္ဗဝတ္ထုမည်၏ ။(ဝိသေသအချက်တည်း)။ ။ဤနည်း အတူ မိုင်းခိုင်း ဆရာတော် ဘုရားကြီး၊ မန်လည်ဆရာတော်ဘုရားကြီး၊ ကျေးဇူးရှင်ဝေဠုဝန်ဆရာတော်ဘုရားကြီးများလည်း သဘောကျပေသည်၊ ထိုမှတပါး သုနန္ဒာရာမ ဆရာတော်အရှင်သည်ကား ဝေရစေတနာ ဟူသော ဝိရမိတဗ္ဗ ဝတ္ထုသည် အာရမ္မဏိက ပစ္စယုပ္ပန်တည်း။ထိုတရား၏ အာရုံဖြစ်သော ဇီဝိတိန္ဒြေစသော ဝိတိက္ကမိတဗ္ဗဝတ္ထု သည်ကား အာရုံပစ္စည်း တရားတည်း။ ဝိရမိတဗ္ဗကို ရှောင်ကြဉ်လျှင်ပင် ဝိတိက္ကမိတဗ္ဗဝတ္ထု ကိုလည်း ရှောင်ကြဉ်ခြင်း ဖြစ်သောကြောင့် သဘောအားဖြင့်ကား တူ၏၊ ကြဉ်ရှောင်သော အားဖြင့်ကား မတူဟုမှတ်။တပ်အပ်သောချာ စာချသောအခါ၌ မိန့်တော်မူ၏။ ဤသည်လျှင် ဝိတိက္ကမိတဗ္ဗဝတ္ထု၊ ဝိရမိတဗ္ဗဝတ္ထု၊ ဝိသေသ နာနာဝါဒတည်း။

## သဟမ္ပတိဗြဟ္မာတောင်းပန်ရာ၌ သမ္မာဝါစာဖြစ်,မဖြစ် မေးဖြေခြင်း

၁။ သဟမ္ပတိဗြဟ္မာ၊မြတ်ဗုဒ္ဓါအား၊ တရားဟောပါ၊တောင်းပန်ကာ၊ သမ္မာဖြစ်လိမ့်လော။ ၂။ မိုဃ်းရပ်ဗြဟ္မာ၊ သဟမ္ပတိ၊တောင်းပန်သည်ခါ၊ ဝါစာသမ္မာ၊ မဖြစ်ရ၊ ပမညစေတသိက် ဖြစ်၏တည်း။သဟမ္ပတိဗြဟ္မာသည် မြတ်စွာဘုရားအား တရားဟောတော် မူပါဟု တောင်းပန်သောအခါ အရာဌာနမှာ ဝဋ်ဆင်းရဲ၌ ကျင်လည်ကြသော ဒုက္ခိတသတ္တဝါအပေါင်းကို အာရုံပြု၍ တောင်းပန်သော အရာဖြစ်သောကြောင့် ကရုဏာ စေ

တသိက်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်၏ဟုမှတ်။ ။ယခင်ပြခဲ့ပြီးသော ဋီကာစကားများကိုလည်းထောက်၊အချို့သော သင်္ဂြိုဟ်အကောက်ဆရာတို့သည် သမ္မာဝါစာ စကားမဖြစ်၊ သုဘာသိတဝါစာ ဖြစ်၏ဟု ရေးသားကြခြင်းသည် အပ္ပမညာ စေတသိက် သဘောအရာ ကိုလည်း မချင့်၊သဟမ္ဗတိပြဟ္မာ တောင်းပန်သော စကားကိုလည်း ဉာဏ်မစွင့်၊ အဋ္ဌကထာမတိ မိမိ၏အဓိပ္ပါယ် မတင့်ခြင်းသာတည်း။ မုံရွေးဆရာတော် အဖြေ၌ကား– မြင့်မိုရ်ခနီလုံး ရွှေပန်းကုံးနှင့် သုံးလူတွင်ထား မြတ်စွာဘုရားအား တရားဟောကြောင်း ခညွှတ်ပျောင်း၍ တောင်းပန်သောခါ မိုဃ်းပြဟ္မာအား သမ္မာဝါစာ မဖြစ်ပါတည်း ဟူ၍ သမ္မာဝါစာ မဖြစ်ကြောင်းကိုသာ စပ်တော်မူသည် အဘယ် စေတသိက်ဖြစ်၏ဟု မပါမရှိ၊ ဤသည်လျှင် တချက်မှတ်သားဘွယ် အဓိပ္ပါယ် အမြွက်တည်း။

### အာရတီဝိရတီအထူးကိုပြခြင်း

၁။ အာရတီ, ဝိရတီ၊ ဤနှစ်လီ၊ အညီဘယ်ဘို့ ထူးသနည်း။ ။ ၂။ မနောကိုမှီ၊ အာရတီသာ၊ ဝစီကာယ၊ ဖြစ်အပ်စွ၊ မှတ်ပ ဝိရတီ အရတည်း။ ။အဓိပ္ပါယ်ကား – စိတ်ဖြင့်သာလျှင် မကောင်းမှုကို ကြဉ်ခြင်းသည် အာရတီမည်၏။ ကိုယ်နှုတ်တို့ဖြင့် မကောင်းမှုမှကြဉ်ခြင်းသည် ဝိရတီမည်၏။ ထိုကြောင့် သုတ္တနိပါတ် အဋ္ဌကထာ၌– အာရတိ နာမ ပါပေ အာဒီနဝ ဒဿာဝိနော မနသာဧဝ အနဘိရတိ ဝိရတီနာမ၊ ကမ္မဒွါရဝသေန ကာယဝါစာဟိ ဝိရမဏံ သာ စေသာ ဝိရတီနာမ-ဟု ဘွင့်ပြ၏။ အာရတီနာမ၊ အာရတီမည်သည်ကား။ ပါပေ၊ မကောင်းမှု၌။ အာဒီနဝဒဿာဝိနော၊အပြစ်ဟု ရှုလေ့ရှိသောသူ၏။ မနသာဧဝ၊စိတ်ဖြင့်သာလျှင်။ အနဘိရတိ၊ မမွေ့လျော်ခြင်းတည်း။ ဝိရတီနာမ၊ ဝိရတီမည်သည်ကား။ ကမ္မဒွါရဝသေန၊ ကမ္မဒွါရ၏ အစွမ်းအားဖြင့်။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်။ ဝိရမဏံ၊ ကြဉ်ခြင်းတည်း။ သာစေသာ၊ ထိုကြဉ်ခြင်းသည်လည်း ။ဝိရတီနာမ၊ ဝိရတီမည်၏။ ဤသို့အဋ္ဌကထာ အပြအတိုင်း အာရတီ ဝိရတီတို့၏ အထူးကို ငါတို့ သုနန္ဒာရာမ ဆရာတော် မန်လည်ဆရာတော် ဝေဠုဝန်ဆရာတော်များမိန့်ဆိုသည်ကို ကြားနာရပေသည်။ အင်းခန်းဆရာတော် ဘုရားကြီးကား အာရတီ၌ အာ ရှေ့ရှိသော ရမုဓာတ် ဝိရတီ၌ ဝိရှေ့ရှိသော ရမုဓာတ် ဤသို့ အာဥပသာရ ဝိဥပသာရ သာလျှင် ထူးခြား၍ ရမုဓာတ်၏ ဓာတွတ္ထမှာမူ အကုသိုလ်မှ ကြဉ်ခြင်း ပရိဝဇ္ဇနတ္ထအနက်ဖြစ်၍မထူးကုန်ဟု အမိန့်ရှိသည်ကို ကြားသိရ

ပေသည်။ ဒိဇကူပ အမည်ရသော ၄က်တွင်းတောရ၌ သီတင်းသုံးတော် မူသော ချမ်းသာကြီး ဆရာတော် ဘုရားကြီးသည်ကား အာရတီဟူသည် ဝိတိက္ကမိတဗ္ဗဝတ္ထုကို မတွေ့မဆိုင်မီ ရှောင်ကြဉ်ခြင်းသာတည်း၊ ဝိရတိ ဟူသည် ဝိတိက္ကမိတဗ္ဗဝတ္ထုကို တွေ့ဆိုင်တိတိ ရှိသည်ကို ကြဉ်ခြင်းသာ တည်းဟု မိန့်တော်မူ၏။ဤသည်လျှင် တဝါဒ၊ကေစိဆရာတို့၏ အယူဝါဒ ကိုလည်း အဋ္ဌကထာ ဝါဒ၊ အာစရိယ ဝါဒတို့မှ အသီးပင် ပြဦးအံ့။ ဒုစရိုက်ဖြစ်သော အကုသိုလ်မှ ရှောင်ကြဉ်ခြင်းသည် အာရတီမည်၏။ ဒုရာဇီဝအကုသိုလ်မှ ရှောင်ကြဉ်ခြင်းသည်ဝိရတီမည်၏။ ။ဤသည်လျှင် အထူးဝိသေသတရပ်တည်း။

## ဒုစရိုက် ဒုရာဇီဝအထူးကိုပြခြင်း

၁။ ဒုစရိုက်ဒုရာဇီဝ၊ ဤနှစ်ဝ၊ အရဘယ်သို့ထူးသနည်း။ ။၂။ဒုစရိုက် မှာ၊ ဝါစာကမ္မ၊ အာဇီဝမှာ၊ ဒုဇီဝါ၊သေချာဤသို့ထူးသတည်း။ ။ အမိပ္ပါယ်ကား-အသက်မွေးခြင်း အကြောင်းမဟုတ်သော မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တအကုသိုလ်သည်၊ ဒုစရိုက်အကုသိုလ်မည်၏။အသက်မွေးခြင်း အကြောင်းဖြစ်သော မိစ္ဆာဇီဝ အကုသိုလ်သည် ဒုရာဇီဝ အကုသိုလ် မည်၏။ ။ဤသို့အားဖြင့် ဒုစရိုက် ဒုရာဇီဝအထူးကို သိလေကုန်၊ ဤသို့ ပြဆိုခဲ့သည့်အတိုင်း အဋ္ဌကထာဝါဒ ဋီကာဝါဒ အာစရိယဝါဒတို့နှင့် အညီ ဝိရတိ အာရတိတို့၏အထူးကိုသိကြရာဝယ် ဝိရတိဟူသည် ကာယကံ ဝစီကံအားဖြင့် ခုနစ်ပါးသာရှိ၏၊မနောကံ၌ ဝိရတိဖြစ်ခြင်းရှိသည်မဟုတ်၊ အဘယ့်ကြောင့်ဟူမူ မနောကံသုံးပါးကို ဝိရတိ သီလဖြင့် ဆောက်တည် ကောင်း၏ဟု ဘယ်ပါဠိတော် အဋ္ဌကထာ ဋီကာတွင်မျှ မလာရှိကုန်၊ အာရတိ သီလဖြင့်သာ လာရှိပေသည်၊ လာရှိပုံကား-ဒသအင်္ဂုတ္တိုရ် ပါဠိတော်၌ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိ ဟူ၍သာလျှင် အာရတိ သီလအဖြစ်မျှ ကိုပြ၏။ ။ပါဏာတိပါတာ ပဋိဝိရတော စသော ဝိရတိ သီလကဲ့သို့ အဘိဇ္ဈာ ပဋိဝိရတော ဟူ၍၎င်း အဘိဇ္ဈာ ဝေရမဏိ သိက္ခာ ပဒံ သမာဒိယာမိ ဟူ၍၎င်း ဝိရတိ သီလအဖြစ်ဖြင့် မနောကံမလာရှိကုန်၊ ထို့ကြောင့် သိဂ်ီတိသုတ်ဋီကာ၌ နဟိ မနောဒုစရိတတော ဝိရတိ အတ္ထိ၊ အနဘိဇ္ဈာဒီဟေဝ တပ္ပဟာန သိဒ္ဓိတောဟု ဘွင့်ပြ၏။

ဟိ၊ အပြန်အလှန်ဖြင့် ဗျတိရိတ်ကိုဆိုဦးအံ့။ မနောဒုစ္စရိတတော၊ မနောဒုစရိုက်သုံးပါးမှ။ ဝိရတိ၊ ဝိရတိသည်။ နအတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အနဘိဇ္ဈာဒီဟေဝ၊ အနဘိဇ္ဈာစသည်

တို့ဖြင့်သာလျှင်။ တပ္ပဟာနသိဒ္ဓိတော၊ ထိုအဘိဇ္ဈာစသည်ကို ပယ်ခြင်းပြီးသောကြောင့်တည်း။ ။ဤဋီကာ၌ အနဘိဇ္ဈာဒိဟေဝ တပ္ပဟာနသိဒ္ဓိတော ဟူသောပါဌ်ဖြင့် အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိဟု ရှောင်ကြဉ်အပ်သော အာရတိ သီလကိုမျှပြသောကြောင့် အဘိဇ္ဈာဝေရမဏီစသည်ဖြင့် မနောကံပါထည့်စွက်၍ သီလခံယူကြသော အာရတိ ဝိရတိ အထူးကိုမျှ မသိကြသော ဒသသီလပေးသောဆရာတို့၏ မိစ္ဆာအမှားကို တခါတည်း ပယ်ရှားကြလေ။ အဋ္ဌကထာ ဋီကာ ကြီးများတို့လည်း ဋီကာနှင့် နည်းတူ ပြတော်မူကြပေ၏၊ အာရတိ ဝိရတိ၏ အဆုံးအဖြတ်တည်း။

## သမ္မာအာဇီဝသရုပ်ကိုမေးဖြေခြင်း

၁။ အာဇီဝမှာ၊ အသီးသာ၊ သရုပါရှိအံ့နည်း။ ။၂။ အာဇီဝမှာ၊ မရှိပါ၊ သမ္မာကမ္မန္တမှာ ဝင်ပါသတည်း။ ။ဤဝိရတိ သုံးပါးတို့တွင် အာဇီဝသည် အသီးအခြားသရုပ်အားဖြင့်မရှိသမ္မာဝါစာ သမ္မာကမ္မန္တကို ယူသဖြင့် အာဇီဝ ပါဝင်တော့သည်ဟုမှတ်။ ထို့ကြောင့် ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌ အာဇီဝေါနာမေသ ပါဋိယေက္ကော နတ္ထိ၊ ဝါစာကမ္မန္တေသု ဂဟိတေသု ဂဟိတောဝ ဟောတိ၊ တပ္ပက္ခိကတ္တာ-ဟု ဘွင့်ပြ၏။ ။ စ၊ ဆက်၍ဆိုဦးအံ့။ သောသော အာဇီဝေါနာမ၊ ဤအာဇီဝမည်သည်။ ပါဋိယေက္ကော၊ အသီးအခြား အပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။ ဝါစာကမ္မန္တေသု၊ သမ္မာဝါစာ သမ္မာကမ္မန္တတို့ကို။ ဂဟိတေသု၊ ယူအပ်ကုန်သည်ရှိသော်။ ဂဟိတောဝ၊ ယူအပ်သည်သော်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တပ္ပက္ခိကတ္တာ၊ ထိုသမ္မာဝါစာ သမ္မာကမ္မန္တတို့၏ အဘို့၌ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။ ။ ဤဝါစာကမ္မန္တကို ယူလျှင် အာဇီဝပါသည်ရှိသော် အာဇီဝကို တသီးတခြားအဘယ့်ကြောင့်ဟောပြန်သနည်းဟူမူ ပါဏာတိပါတ အစရှိသည်တို့ဖြင့် ဖြစ်စေအပ်သော အစား အဝတ်သက်န်းစသော ပစ္စည်းဝတ္ထုတို့ကို အမြဲမှီဝဲလျက် အကုသိုလ်မှ မကြဉ်ရှောင်ဘဲ ပြုကျင့်သောသူအား မိစ္ဆာဇီဝဖြစ်သည်ကိုပြအံ့သောငှာ ဤသမ္မာအာဇီဝကို ထိုသမ္မာဝါစာ သမ္မာကမ္မန္တတို့မှ အသီးအခြားထုတ်အပ်၏ဟုမှတ်။ ။ထိုကြောင့် အဋ္ဌကထာ၌ မုဝပင္ဒိသေဝန ဝသေန၊ အမြဲမှီဝဲခြင်း၏အစွမ်းအားဖြင့်။ (ဝါ)၊မိစ္ဆာဇီဝမှ မကြဉ်ရှောင်မှု၍ အမြဲမှီဝဲခြင်း၏ အစွမ်းအားဖြင့်။ အယံအာဇီဝေါ၊ ဤအာဇီဝကို။ တတော၊ ထိုဝါစာကမ္မန္တမှ။ နီဟရိတွာ၊ ထုတ်နုတ်၍။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒေသိတော၊ ပြတော်မူဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်သားအပ်၏။ ။ဤသို့ အာဇီဝစေတသိက်သည် ဝါစာ ကမ္မန္တတို့နှင့် တရားကိုယ် ခြားသော်လည်း ဓုဝပဋိသေဝနဟုဆိုအပ်သော မိစ္ဆာဇီဝမှ မရှောင်ကြဉ်ဘဲ အမြဲမှီဝဲသည်၏ အစွမ်းအားဖြင့် ဝါစာကမ္မန္တတို့မှ ထုတ်၍ ပြအပ်သည်ဟု ပြဆိုသဖြင့် ကာယကံသုံးပါး ဝစီကံလေးပါးနှင့်တကွ သမ္မာအာဇီဝကို ရှစ်ခုမြောက်ပြ၍ငင်း၊ သီလကိုအာဇီဝဋ္ဌမက သီလဟု ပြအပ်တော့သည်။

ထို့ကြောင့် အင်္ဂုတ္တရအဋ္ဌကထာ, သုတ်သီလက္ခန် အဋ္ဌကထာ, သစ္စဝိဘင်းအဋ္ဌကထာ, သီလက္ခန် ဋီကာသစ်တို့၌ အာဇီဝဋ္ဌမက သီလံနာမ စတုဗ္ဗိဓ ဝစီဒုစ္စရိတ တိဝိဓကာယသုစရိတေဟိ သဒ္ဓိံ သမ္မာအာဇီဝံ အဋ္ဌမကံ ကတွာ ဝုတ္တံ၊အာဒိဗြဟ္မစရိယကသီလံ-ဟု ဘွင့်ပြ၏။ ။အာဇီဝဋ္ဌမကသီလံနာမ၊ အာဇီဝဋ္ဌမကသီလ မည်သည်။ စတုဗ္ဗိဓ ဝစီသုစရိတ တိဝိဓကာယသုစရိတေဟိ၊ လေးပါးသော ဝစီသုစရိုက် သုံးပါးသော ကာယသုစရိုက်တို့နှင့်။ သဒ္ဓိံ၊အတူတကွ။သမ္မာအာဇီဝံ၊သမ္မာအာဇီဝကို။ အဋ္ဌမံ၊ရှစ်ခုမြောက်ကို။ ကတွာ၊ပြု၍။ အာဒိဗြဟ္မစရိယကသီလံ၊အာဒိဗြဟ္မစရိယကသီလကို။ ဝုတ္တံ၊မိန့်ဆိုအပ်၏။ ။ဤနည်းအတူ ဝိဘင်းပါဠိတော် သုတ်ပါဠိတော်တို့၌ လာရှိတော့သည်ဟုမှတ်။ ၎င်းအာဇီဝသည် ပဋိပတ္တိအစဉ်အားဖြင့် မဂ်၏အစဟုဆိုအပ်သော အာဒိဗြဟ္မစရိယက သီလဟုဆိုအပ်၏။ အဓိသီလသိက္ခာပုဒ်၌ အကျုံးဝင်သော သီလဟူသမျှသည် အာဘိသမာစာရိက သီလမည်၏။ဤသို့ပြဆိုခဲ့သည့်အတိုင်း ပါဠိ အဋ္ဌကထာကို အာရုံသိုင်းကြ၍ ဟုတ်တိုင်းကို တပ်အပ်ထင်ထင် သိမြင်ကြတော့သည်ဟု မှတ်ကြလေ။

စောင့်ထိန်းအပ်သော သီလသည် သီလုံလောကေ အနုတ္တရံဟူသော ပါဠိတော်နှင့်အညီ မွန်မြတ်သည်ချည်း ဖြစ်ကြ၍ အာဇီဝဋ္ဌမကသီလကို ဖြစ်စေ, ငါးပါး ရှစ်ပါးသီလကိုဖြစ်စေ မကျိုးမပေါက် မပျောက်မကြား လုံခြုံစွာ စောင့်ရှောက်ထားလျက် အဓိသီလ အမည်ရအောင်သာလျှင် လုံ့လကြိုးကုတ် စွမ်းအားထုတ်၍ စောင့်သုံးခြင်း ကိစ္စကိုပြုအပ်၏။ ဘယ်သီလမျိုးမဆို အဓိသီလဖြစ်အောင် စောင့်နိုင်မှ အလွန်မြတ်၍ နိဗ္ဗာန်ခေတ်သို့ ရောက်နိုင်သည်။အဓိသီလဖြစ်အောင် မစောင့်နိုင်ပါမူ ငါးပါး ရှစ်ပါး ဆယ်ပါး အာဇီဝဟု ဆိုအပ်သော ဘယ်သီလများမှ နိဗ္ဗာန်သို့ မရောက်နိုင်ဟုမှတ်။ ထို့ကြောင့် ပါထေယျဋီကာ၌ အဓိသီလမေဝ နိဗ္ဗာ

နာမိဂမဿ ပစ္စယဘာဝတော-ဟု ဘွင့်ပြ၏။ အဓိသီလမေဝ၊ အဓိသီလ သည်သာလျှင်။ နိဗ္ဗာနာမိဂမဿ၊ နိဗ္ဗာန်သို့ ရောက်ခြင်း၏။ ပစ္စယ ဘာဝတော၊ အကြောင်းဖြစ်သောကြောင့်တည်း။ ။တနည်း။ ဘဂဝါမိ သီလ ဝိဘဂဝါမိသီလ ဟု နှစ်ပါး ပြသည်ကိုလည်း သတိမူလေ။ ။ ဤကဲ့သို့ဘွင့်ပြ ပါဠိ အဋ္ဌကထာ ဋီကာအလာတို့ကို တတ်အပ်ထင်ထင် ဟုတ်မှန်စွာ သိမြင်ကြသဖြင့် ငါးပါးသီလက မြတ်သည်၊ရှစ်ပါးသီလက မြတ်သည်၊ဆယ်ပါးသီလက, အာဇီဝဋ္ဌမကသီလက မြတ်သည်ဟု ဝိဝါဒ စကား ဝိတ္ထာရအကျယ် မပွားစေမူ၍ မိမိသီလတရားကိုသာလျှင် ကြိုးစား အားထုတ် အဓိသီလ ဖြစ်အောင် ပြုလုပ်ကြလေ။ ထို့ကြောင့် စရိယ ပိဋကတ်ပါဠိတော်၌ သုံးလူ့ထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား-သည်-

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ဟု ဟောတော်မူ၏။ ဝိဝါဒံ၊ တယောက်နှင့်တယောက် မထောက် ပြင်းဟုန် ငြင်းခုံကွဲပြား စကားများခြင်းကို။ ဘယတော၊ ကြောက်ဘွယ် အတိ ဘေးဘျမ်းများ ရှိ၏ ဟူ၍။ ဒိသွာ၊ ပညာရှုထင် သိမြင်ကြ၍။ အဝိဝါဒဉ္စ၊ တယောက်နှင့် တယောက် ထောက်ချင့် စာနာ ငဲ့ညှာကြ၍ မငြင်းမခုံ ညီညွတ်ခြင်းကိုလည်း။ ခေမတော၊ ဘေးဘယမသန်း ချမ်း၏ ဟူ၍။ဒိသွာ၊ပညာရှုထင် သိမြင်ကြ၍။ သမဂ္ဂါ၊ညီညွတ်သော ကိုယ်စိတ် နှစ်ဖြာရှိကြကုန်သည်။ သခိလာ၊ ချိုသာပြေပြစ် ကျစ်လစ်သော စကား ရှိကြကုန်သည်။ ဟောထ၊ဖြစ်ကြကုန်လော့။ ဧသာ၊ဤသို့ ဆုံးမခြင်းသည်။ ဗုဒ္ဓါနုသာသနီ၊ သမုဒ္ဒရာ ဂင်္ဂါမြစ်ထဲ သဲလုံးမက ပွင့်ကြကုန်ပြီးသော သစ္စာသိမြင် ဘုရားရှင်တို့၏ အကျိုးလိုလား ဆုံးမတော်မူသော အနု သာသနီ စကားတော်ပါပေတည်း။ ။ဤသည်လျှင် ဝိရတီ စေတသိက် သုံးပါး၏ စကားသခ်ေပ အားဖြင့်ပြီးပြီ။

၂၃။ ကရုဏာ စေတသိက်သည် သူတပါးတို့၏ ဆင်းရဲခြင်းကို ပယ် သောအခြင်းအရာ ဖြစ်ခြင်း လက္ခဏာရှိ၏၊ သူတပါးဆင်းရဲကို သည်းမခံ နိုင်ခြင်း ကိစ္စရှိ၏၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်းလျှင် ထင်သော အခြင်း အရာရှိ၏၊ဆင်းရဲခြင်းသည် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့၏ကိုးကွယ် ရာမရှိသည်၏ အဖြစ်ကို မြင်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။ (မှတ်ချက်) ဤကရုဏာသည် ဝိဟိံသကိုပယ်ဖျောက်တတ် ဖျက်ဆီးတတ် ညှဉ်းဆဲတတ်၏ဟုမှတ်အပ်၏။ ။ဥပမာ-သားသွီးတို့၌ ပြင်းထန်စွာသော

ရောဂါဝေဒနာ ရောက်သောအခါ အမိသည် ငါ၏သားသမီးတို့သည် အဘယ်ကာလ အဘယ်အခါမှ ပျောက်ပါလေသနည်း၊ယခုပင်ပျောက်လျှင် ကောင်းစွဟု သနားခြင်းဖြစ်သကဲ့သို့ ထိုအတူ ကရုဏာ အားကြီးသောသူလည်း ဒုက္ခိတသူဆင်းရဲ သတ္တဝါကို မြင်သည့်ကာလ ထိုသတ္တဝါသည် အဘယ်ကာလ အဘယ်အခါ ချမ်းသာပါလိမ့်မည်နည်း၊ ယခု ချမ်းသာလျှင် ကောင်းလေစွဟု သနားခြင်း ကရုဏာဖြစ်၏။

၂၄။ မုဒိတာ စေတသိက်သည် သူစည်းစိမ် ပြည့်စုံကုံလုံသည်ကို ဝမ်းမြောက်ဝမ်းသာခြင်းလက္ခဏာရှိ၏၊ သူတပါးစည်းစိမ်ကို မငြူစူခြင်း ကိစ္စရှိ၏၊ သူတပါး စည်းစိမ်၌ မမွေ့လျော်ခြင်း မနှစ်သက်ခြင်းကို ဖျောက်သော အခြင်းအရာရှိ၏၊ သတ္တဝါတို့၏ စည်းစိမ်ကုံလုံပြည့်စုံသည်ကို အသင့်ရှုနိုင်သော ယောနိသော မနသိကာလျှင် နီးစွာသော အကြောင်းရှိ၏။ ။(မှတ်ချက်) ဤမုဒိတာ စေတသိက်သည် စည်းစိမ်၌ မမွေ့လျော်ခြင်း မ နှစ်သက်ခြင်းတို့ကို ငြိမ်းစေတတ်၏ဟု မှတ်။ ။ထိုကရုဏာ မုဒုတာဟူသော စေတသိက်နှစ်ပါးသည် အပ္ပမညာမည်၏။ ဥပမာ–သား သမီးတို့၏ စည်းစိမ်ဖြင့်ပြည့်စုံခြင်းကိုရင်း, အဆင်းသဏ္ဌာန်နှင့် ပြည့်စုံခြင်းကိုရင်း၊ အမိမြင်သည့်ကာလ အလွန်ဝမ်းမြောက်သကဲ့သို့ ထို့အတူ မုဒိတာအားကြီးသောသူတို့သည်၊ စည်းစိမ်ဥစ္စာအခြွေအရံနှင့် ပြည့်စုံသောသူကိုမြင်လျှင် ကောင်းလေစွဟု ဝမ်းမြောက်ဝမ်းသာဖြစ်၏။

ကရုဏာ မုဒိတာ စေတသိက်နှစ်ပါးသည် ဗဟိဒ္ဓကိုသာအာရုံပြုသည် ပညတ်ကိုသာအာရုံပြုသည်။ ။(မှတ်ချက်) အခြားစေတသိက်၌ သမ္ပယုတ္တ သဒ္ဒါကို ထည့်သကဲ့သို့ ဤအပ္ပမညာစေတသိက်၌ အဘယ့်ကြောင့် သမ္ပယုတ္တ သဒ္ဒါကို မထည့်ရလေသနည်း ဟူမူကား–အပ္ပမညာ စေတသိက်တို့၏ နှစ်ပါးသာ မကသော ကြောင့်တည်း။ ။ထိုကြောင့် ကမ္မဋ္ဌာန်းပိုင်း၌ စတသော အပ္ပမညာယောဟု ဆိုလတ္တံ့၊ဤစေတသိက်ပိုင်း၌ လေးပါး စေ့အောင် ရေတွက်လိုမူကား- အဒေါသ စေတသိက်ကို မေတ္တာ၌ တတြမဇ္ဈတ္တတာကို ဥပေက္ခာ၌သွင်း၍ လေးပါးစေ့အောင်ရေတွက်လေ။

၁။ အပ္ပမညာလေးဖြာရှိလျက် ဘယ်အတွက်ကြောင့် နှစ်ချက်မျှသာ ထင်ရှားလာသော် ကြွင်းရာဘယ်သို့ ကောက်သနည်း။ ။၂။ အပ္ပမညာ လေးဖြာဆိုမှု တရားစုကို နှစ်ခုမျှသာ ထင်ရှားလာသော် မေတ္တာဥပေက္ခာ ကြွင်းနှစ်ဖြာမှာ အဒေါတတြ မဇ္ဈတ္တတာ လက္ခဏာ ထင်စွာဤသို့ ကောက်သတည်း။ ။အပ္ပမညာဟူသည် အတိုင်း မသိသော ဒုက္ခိတ

သုခိတသတ္တဝါတို့ကို အာရုံပြု၍ ဖြစ်သည်ဟုမှတ်။ ။ထိုသို့မှတ်ရာဝယ် မေတ္တာဟူသည်– မေဇ္ဇတီတိ မေတ္တာ။ ယာဓမ္မဇာတိ၊ အကြင် တရား သဘောသည်။ မေဇ္ဇတိ၊ ချစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာဓမ္မဇာတိ၊ ထိုတရားသဘောသည်။ မေတ္တာ၊ မည်၏။ ထိုမေတ္တာ၏ ချစ်ခြင်းကို တဏှာပြဋ္ဌာန်းသောချစ်ခြင်းကို မှတ်ရအံ့လောဟူမူ-တဏှာ ပြဋ္ဌာန်းသောချစ်ခြင်းမဟုတ် ဉာဏ် ပြဋ္ဌာန်းသောအစီးအပွားကို လိုလား သောအခြင်းအရာ ဖြစ်သောအားဖြင့် ချစ်ခြင်းဟူလို၊ ထိုကြောင့်မူလ ဋီကာ၌ ဉာဏပုဗ္ဗင်္ဂမံ ဟိတကာရ ပဝတ္တိဝသေန သိနေဟနံ ဒဋ္ဌဗ္ဗံ နတဏှာ ယနဝသေနဟု ဘွင့်ပြတော်မူ၏။ ။ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်ရှေ့သွားရှိသော။ ဟိတာကာရပဝတ္တိဝသေန၊ အစီးအပွားကိုလိုလားသော အခြင်းအရာ ဖြစ်ခြင်း၏ အစွမ်းအားဖြင့်။ သိနေဟနံ၊ ချစ်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ တဏှာယနဝသေန၊ တဏှာတည်းဟူသော ချစ်ခြင်း၏ အစွမ်းအားဖြင့်။ နဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ထိုမေတ္တာသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်သောအခြင်းအရာအားဖြစ်ခြင်း။ ဟိတကာရ ပဝတ္တိလက္ခဏာရှိ၏။

ဥပေက္ခာသည် မဇ္ဈတ္တဘာဝူပဂမနေန ဥပေက္ခတီတိ ဥပေက္ခာ။ ။ ယာဓမ္မဇာတိ၊ အကြင် သဘောတရားသည်။ မဇ္ဈတ္တဘာဝူပဂမနေန၊ အလတ်သဘောရှိသည့်အဖြစ်သို့ ရောက်ခြင်းဖြင့်။ ဥပေက္ခတိ၊ ဥပပတ္တိတော ဣက္ခတိ၊ အသင့်အားဖြင့် ရှုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာဓမ္မဇာတိ၊ ထိုသဘောတရားသည်။ ဥပေက္ခာ၊ မည်၏။ ထိုဥပေက္ခာ သည် ပိယစသည် အပြားရှိကုန်သော သတ္တဝါတို့၌ အလတ်သဘော ရှိသောအခြင်းအရာအားဖြင့်ဖြစ်ခြင်းမဇ္ဈတ္တတာကာရပဝတ္တိလက္ခဏာရှိ၏၊ ထိုလေးပါးသော အပ္ပမညာတို့၏ သမ္ပတ္တိ ဝိပ္ပတ္တိတို့ကို ခွဲခြား၍ ပြလိုက် ဦးအံ့။ ဗျာပါဒကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ငြိမ်းခြင်းသည် မေတ္တာ၏ ပြည့်စုံခြင်းမည်၏ တဏှာသိနေဟာ၏ ဖြစ်ခြင်းသည် မေတ္တာ၏ပျက်စီးခြင်း မည်၏။ ထို့ကြောင့် မေတ္တာ မုခေနဟိ ရာဂေါ ဝဉ္စေတိဟု မိန့်တော် မူ၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ မေတ္တာမုခေန၊ မေတ္တာကို အကြောင်းပြုသဖြင့်။ ရာဂေါ၊ တပ်နှစ်သက်ခြင်းရာဂသည်။ ဝဉ္စေတိ၊ လှည့်ပတ်ဖြားယောင်းတတ်၏။ သတ္တဝါတို့ကို ညှဉ်းဆဲကြောင်းဖြစ်သော ပဋိဃစိတ္တုပ္ပါဒ်၏ ငြိမ်းခြင်းသည် ကရုဏာ၏ပြည့်စုံခြင်းမည်၏၊သောက ဖြစ်ခြင်းသည် ကရုဏာပျက်စီးခြင်းမည်၏၊ ထိုကြောင့် ကရုဏာ မုခေန သောကော ဝဉ္စေတိဟု မိန့်ဆိုတော်မူ၏။ ကရုဏာမုခေန၊ သနားခြင်း

ကရုဏာကိုအကြောင်းပြုသဖြင့်။ သောကော၊ စိုးရိမ်သောကတရားသည်။ ဝဋ္ဋေတိ၊ လှည့်ပတ် ဖြာယောင်းတတ်၏။ မပျော်မွေ့ခြင်း အရတိ၏ ငြိမ်းပျောက်ခြင်းသည် မုဒိတာ၏ ပြည့်စုံခြင်းမည်၏၊ ဂေဟသိတ ပီတိ အားဖြင့် ရွှင်ပြုံးခြင်း၏ ဖြစ်ခြင်းသည် မုဒိတာပျက်ခြင်းမည်၏။ မုန်းခြင်း ချစ်ခြင်းတို့ကို ငြိမ်းစေခြင်း ခွါခြင်းသည် ဥပေက္ခာ ပြည့်စုံခြင်းမည်၏။ ကာမဂုဏ်ကိုမှီသော သောမနဿ ဒေါမနဿမှကင်းလျက် သက်သက် အညာဏသာဖြစ်ခြင်းသည် ဥပေက္ခာပျက်စီးခြင်းဝိပတ္တိမည်၏။

## အညာဏုပေက္ခာကို မေး ဖြေခြင်း

၁။ အညာဏုပေက္ခာ၊ ဟူသည်မှာ၊ သေချာကောက်စမ်း အဘယ် နည်း။ ။၂။ မောဟ ယှဉ်လာ၊ ဥပေက္ခာ၊ သေချာ အရကောက်၏ တည်း။ ။အညာဏသမ္ပယုတ္တာ ဥပေက္ခာ ဝေဒနာ အညာဏုပေက္ခာတိ ပိ တောသံ ယေဝနာမံ။ (အဋ္ဌကထာ)။ အညာဏသမ္ပယုတ္တာ၊ ဉာဏ်နှင့် မယှဉ်သော။ဥပေက္ခာဝေဒနာ၊ဥပေက္ခာဝေဒနာသည်။ အညာဏုပေက္ခာ၊ မည်၏။ ဣတိပိ၊ ဤသို့လည်း။ တောသံယေဝ၊ ထိုဥပေက္ခာတို့၏သာလျှင်။ နာမံ၊အမည်သည်။ဟောတိ၊ဖြစ်၏။ ။(မှတ်ချက်)။ မောဟစေတသိက် နှင့်ယှဉ်သော ဥပေက္ခာသည် အညာဏုပေက္ခာဟူလို၊မူလဋီကာ၌လည်း- သောမနဿ ဒေါမနဿ ရဟိတံ အညာဏမေဝ အညာဏုပေက္ခာ-ဟု ဘွင့်ပြ၏။ထိုသို့ပြခဲ့ပြီးသော လေးပါးသော အပ္ပမညာတို့၏ဆက်ဆံသော သာဓာရဏအကျိုးသည်ကား ဝိပဿနာ သုခနှင့် သုဂတိ ဘဝ၏ ပြည့်စုံ ခြင်း ဘဝသမ္ပတ္တိတို့ကို မှတ်အပ်၏။ အသီးအသီး မဆွေမကွာဖြစ်သော အာဝေဏိက အကျိုးမှာမူကား မေတ္တာသည် ဗျာပါဒကို ဖျောက်ခြင်း အကျိုးရှိ၏။ ကရုဏာသည် ဝိဟိံသကို ဖျောက်ခြင်း အကျိုးရှိ၏။မုဒိတာ သည် အရတိကို ဖျောက်ခြင်း အကျိုးရှိ၏။ ဥပေက္ခာသည် ရာဂကို ဖျောက်ခြင်း အကျိုးရှိ၏။ဤသည်သာလျှင် စကားတရပ်တည်း။

ဤ လေးပါးသော အပ္ပမညာ တရားတို့တွင် တပါးပါးသော တရား တို့အား နီးသောရန်သူ, ဝေးသောရန်သူ၏ အစွမ်းအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ရာဂသည် မေတ္တာ၏ ရန်သူ မည်၏။ အဘယ့်ကြောင့်ဟူမူ ဂုဏ်ကိုရှုခြင်း သဘောတူသည်၏ အဖြစ်ကြောင့် အဆွေခင်ပွန်းကဲ့သို့ နူတ်ဖြင့်သာ ချစ်ယောင် မူ၍ ရန်သူကဲ့သို့ တူသော အခြင်းအရာအားဖြင့် ဖျက်တတ်သောကြောင့်တည်း။ ဤသို့ ဖြစ်ရကား ရာဂ ဟူသော တရားသည် လျင်စွာသော အခွင့်ကိုရှာ၍ သတိမေ့လွတ်

ခါမျှဖြင့် မေတ္တာကို တွန်းဖယ်၍ ထိုမေတ္တာ၏ အာရုံ၌ ဓိဓိသည် ဖြစ်စေခြင်းငှာထိုက်သည်၏အဖြစ်ကြောင့် ထိုရာဂတရားမှကောင်းစွာမေတ္တာကို စောင့်ရှောက်အပ်၏။ ဗျာပါဒသည် မေတ္တာ၏သဘောနှင့် မတူသည်၏ အဖြစ်ကြောင့် မေတ္တာ၏ ဝေးသောရန်သူမည်၏။ ထိုကြောင့် ဗျာပါဒ ကြောက်ရွံ့ခြင်း ကင်းသည်ဖြစ်၍ မေတ္တာတရားကို ပွားများ ဆင်ခြင်သုံးသပ်အပ်၏၊ ဤသည်လျှင် စကားတရပ်တည်း။ ။ချစ်အပ်, သာယာအပ်,နှစ်သက်အပ်သော ကာမအာရုံ အလုံးစုံကို ငါမရလေစွတကားဟု တညည်းတွားတွားပြုသဖြင့် ကြံသောသူအား ဒေါမနဿပြဋ္ဌာန်းသော သောကတရားသည် ကရုဏာ၏နီးသော ရန်သူမည်၏။အဘယ့်ကြောင့်ဟူမူ ပျက်စီးခြင်း ဝိပ္ပတ္တိကိုရှုခြင်း သဘောတူသည်၏ အဖြစ်ကြောင့်တည်း။ဝိဟိံသသည် ကရုဏာ၏ သဘောနှင့်မတူသည်၏ အဖြစ်ကြောင့် ဝေးသောရန်သူမည်၏။ ထို့ကြောင့် ဝိဟိံသကို ကြောက်ရွံ့ခြင်း ကင်းသည်ဖြစ်၍ ကရုဏာကို ပွားအပ်၏၊ ချစ်အပ်,သာယာအပ်, နှစ်သက်အပ်သော ကာမအာရုံ အလုံးစုံကို ငါရပေစွ တကားဟု အတန်တလဲလဲ ကြံအောက်မေ့သည်သူအား သောမနဿပြဋ္ဌာန်းသော ပဟာသ တရားသည် မုဒိတာ၏ နီးသောရန်သူ မည်၏။ အဘယ့်ကြောင့်ဟူမူ ပြည့်စုံခြင်း သမ္ပတ္တိကို ရှုခြင်း သဘောတူသည်၏ အဖြစ်ကြောင့်တည်း။ အရတိသည် မုဒိတာ၏ သဘောနှင့် မတူသည်၏ အဖြစ်ကြောင့် ဝေးသောရန်သူမည်၏။ ထို့ကြောင့် အရတိ အခွင့်ရအံ့သည်မှ ကြောက်ရွံ့တွန့်တိုခြင်း မရှိသည်ဖြစ်၍ မုဒိတာကိုပွားများအပ်၏။ ကာမဂုဏ်ကို မှီသော သောမနဿ ဒေါမနဿမှ ကင်းလျက် အညာဏ သက်သက်သာ ဖြစ်သော ဥပေက္ခာသည် အပြစ်ကျေးဇူးကိုအထူးစိစစ် ဆင်ခြင်သောအားဖြင့် သဘောတူသည်၏ အဖြစ်ကြောင့် ဥပေက္ခာ၏ နီးသော ရန်သူမည်၏။ ရာဂပဋိဃ တို့သည် ဥပေက္ခာနှင့် သဘောမတူသည်၏ အဖြစ်ကြောင့် ဥပေက္ခာ၏ ဝေးသောရန်သူမည်၏။ထိုကြောင့် ရာဂပဋိဃမှ ကြောက်ရွံ့ခြင်းကင်းသည်ဖြစ်၍ ဥပေက္ခာကို ပွားများစေအပ်၏။

ဤသို့ ပြရာဝယ် လင်္ကာအချုပ် နယဒုပ်ကား။

၁။ ရာဂဒေါသ၊ဤနှစ်ဝ၊မေတ္တာ့ရန်နှစ်ဆူ။ ။၂။ သောဝိဟိံသာ၊ ဤနှစ်ဖြာ၊ ကရုဏာ ဖြစ်ရန်သူ။ ။၃။ ပဟာသအရတိ၊ နှစ်ပါးရှိ၊ မုဒိဖြစ်ရန်မူ။ ။၄။ အညာဏုပေက္ခာ၊ ပဋိဃာနှင့်၊ ရာဂါမှတ်ရှု၊ ဤနှစ်ခု၊ ဥပေက္ခာရန်သူ။ ။၅။ နီးဝေးနှစ်ဝ၊ရန်ကိုပြ၊ပမည်စေတသူ။

ဤသို့ ပြအပ်ပြီးသော မေတ္တာ ကရုဏာ မုဒိတာ စေတသိက်တို့သည် အတိုင်းအရှည်ပမာဏရှိကုန်သော လုံးစုံများစွာ သတ္တဝါတည်းဟူသော အာရုံ၌ ဖြစ်တတ်သောကြောင့် အပ္ပမညာဟူ၍ ဆိုအပ်၏။ ထို့ကြောင့် အဋ္ဌသာလိနီ စသော အဋ္ဌကထာ၌ - ယသ္မာပန သဗ္ဗာပေတာ အပ္ပမာဏေ ဂေါစရေ ပဝတ္တန္တိ၊ တသ္မာ အပ္ပမညာတိ ဝုစ္စန္တိ၊ အပ္ပမာဏာဟိ သတ္တာ ဧတာသံ ဂေါစရဘူတာ-ဟု ဘွင့်ပြ၏။ ။ပန၊ အဘိုတပါးကို ဆိုဦးအံ့။ ယသ္မာ၊အကြင်ကြောင့်။ သဗ္ဗာပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ ဧတာ၊ ထိုမေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တို့သည်။ အပ္ပမာဏာ၊ ပမာဏမရှိသော။ ဂေါစရေ၊ အာရုံ၌။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ အပ္ပမညာတိ၊ အပ္ပမညာဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဟိ၊ ထင်စွာဆိုဦးအံ့။ အပ္ပမာဏာ၊ အတိုင်းအရှည် မရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဧတာသံ၊ ထိုမေတ္တာ စသည်တို့၏။ ဂေါစရဘူတာ၊ အာရုံဖြစ်၍ ဖြစ်ကုန်၏။ ဤသို့ အဋ္ဌကထာဆရာ ဘွင့်ပြသည်နှင့်အညီ တယောက်တည်းပင်ဖြစ်သောသတ္တဝါအား အာရုံပြု၍ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပင် စီးဖြန်းငြားသော်လည်း ထိုမေတ္တာစသည်တို့၏ သဘောသည် အလုံးစုံသော ကိုယ်အရပ်ကို နှံ့စေသည်၏ အစွမ်း အားဖြင့်သာလျှင် ဖြစ်သည်၏အဖြစ်ကြောင့် အပ္ပမညာဟု ခေါ်ဆိုအပ်၏။ ထိုကြောင့် မူလဋီကာ၌-မေတ္တာဒီနံ ဧကသတ္တာရမ္မဏာနမ္ပိ အပ္ပမာဏ ဂေါစရတာ ဝုတ္တာတိ ဝေဒိတဗ္ဗာ-ဟု ဘွင့်ပြ၏။ ။မေတ္တာဒီနံ၊ မေတ္တာစသည်တို့၏။ ဧကသတ္တာရမ္မဏာနမ္ပိ၊ တယောက်သော သတ္တဝါလျှင် အာရုံရှိကုန်သော်လည်း။ အပ္ပမာဏ ဂေါစရတာ၊ အတိုင်းမသိသော အာရုံ ရှိသည်၏ အဖြစ်ကို။ ဝုတ္တာ၊မိန့်အပ်၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗာ၊သိအပ်၏။

လောကူပမာ အားဖြင့် ဤဗြဟ္မဝိဟာရ တရားတို့သည် သားငယ် သားနာ ယုဝါဖြစ်ပြီး ကြီးပြောင်စင်မြောက် အရွယ် ရောက်သော သား ရေခြားလူမှု အမှန်ပင်ရှု၍ မိမိကိစ္စကို လွှေကျက် ဆောင်ရွက်နိုင်သော သားဟုဆိုအပ်သော သားလေးယောက်တို့၏ အမိသည် သားငယ်၏ကြီးပွားခြင်း သားနာ၏အနာကို ပျောက်ပယ်ခြင်း အရွယ်ရောက်သော သား၏ ကြလိုမြစ်သို့ ပျိုမျစ်နုနယ် အရွယ် ပြည့်စုံခြင်း၌ မြဲမြဲစွာတည်ခြင်း မိမိကိစ္စ၌ လေ့ကျက် ရွက်ဆောင် တတ်နိုင်အားသော သား၏ကိစ္စအားဖြင့် တစုံတခုသောအလှည့်အစဥ်၌အားထုတ်ကြောင့်ကြ ဗျာပါရမရှိခြင်း ဤသို့သော သားလေးယောက်တို့၌ လျောက်ပတ်စွာ

အလိုရှိခြင်း ဖြစ်၍ ကျင့်ဘိသကဲ့သို့ ထိုအတူ ပြဟ္မစိုတရားဖြင့် နေလေ့ရှိသော ရဟန်းရှင်လူတို့သည်လည်း ချစ်အပ်,မချစ်အပ် လျစ်လျူရှုအပ်ရန်သူဖြစ်လတ်သော အလုံးစုံသော သတ္တဝါတို့၌ မေတ္တာ စသည်၏အစွမ်းအားဖြင့် ဖြစ်သင့်၏ဟု အမြဲ မှတ်သားယုံကြည်အပ်၏။

မေတ္တာစသည်တို့၏ သရုပတ္ထအရ လင်္ကာနယကား။

၁။ အနောဒိသ၊ ဩဒိသ၊ ပေါင်းက ဒွါဒသာ။ ။၂။ အပ္ပမာဏာဟု၊ နှုလေးခု၊ မြောက်မှု ဋ္ဌစတ္တာ။ ။၃။ လေးရာ ရှစ်ဆယ်၊ ဂဏန်းချယ်၊ မြောက်ဆယ်ရပ်မျက်နှာ။ ။၄။ ငါးရာနှစ်ဆယ်၊ ရှစ်ခုကယ်၊ များကျယ် ပေါင်းမေတ္တာ။ ။၅။ နောဒိပဋ္ဌ၊ ဩသတ္တ၊ဒွါဒပုဂ္ဂလာ။ ။၆။ အရပ်ဆယ်ဝ၊ မြောက်ပွားက၊ တရာ့ နှစ်ဆယ်သာ။ ။၇။ တရာ့ သုံးဆယ်၊ နှစ်ခုကယ်၊ များကျယ် ကရုဏာ။ ။၈။ မုဒိဥပေက္ခာ၊ နည်းတူသာ၊ သေချာ မှတ်အပ်စွာ။ ။အပ္ပမညာစေတသိက်ပြီးပြီ။

၂၅။ ပညိန္ဒြေ စေတသိက်သည် ပကာရေန ဇာနာတိ အနိစ္စာဒိဝသေန အဝဗုဇ္ဈတီတိ ပညာ။ ယာမဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ပကာရေန၊ အပြားအားဖြင့်။ အနိစ္စာဒိဝသေန၊ အနိစ္စစသည်တို့၏ အစွမ်းအားဖြင့်။ ဇာနာတိ-အဝဗုဇ္ဈတိ၊ ထိုးထွင်း၍ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ပညာ၊ ပညာမည်၏။ပညာဝ ဣန္ဒြိယံ ပညိန္ဒြိယံ။ ပညာဝ၊ ပညာသည်သာလျှင်။ ဣန္ဒြိယံ၊ ဣန္ဒြေမည်၏။ ပညိန္ဒြိယံ၊ ပညာသည်ပင်လျှင်ဣန္ဒြေ။ ပညာသည် သဘာဝဓမ္မကို မဘောက်မပြန်သိခြင်း လက္ခဏာရှိ၏၊ ပရမတ္ထတရားတို့၏ ဟုတ်မှန်သော သဘောတို့ကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်၏အခြင်းအရာကို ပျက်ဆီးခြင်းကိစ္စရှိ၏၊ အာရုံ၌ မတွေဝေသောအားဖြင့် ထင်သော အခြင်းအရာရှိ၏ သမာဓိလျှင် နီးစွာသောအကြောင်းရှိ၏၊ ထိုအမောဟ စေတသိက်ကို ပညာ စေတသိက်ဟု ဆိုရသည်၊ ထိုပညာ စေတသိက်ကို ပညိန္ဒြေ စေတသိက်ဟူ၍လည်း ဆိုအပ်၏၊ ထိုပညိန္ဒြေ စေတသိက်သည် အနိစ္စ စသည်တို့ကို ထိုးထွင်း၍သိခြင်း အစိုးရခြင်း လက္ခဏာရှိ၏။ ဥပမာ- ထူထဲသောပျဉ်ပြား သံပြားစသည်တို့ကို ဘောက်ထွင်း၍ သွားအောင်ပင်စွမ်းနိုင်သော လေးအရာ၌ အလွန်လိမ္မာသော လေးသမားနှင့် တူ၏၊ ခရီးအရာ၌ အလွန်လိမ္မာသော ခရီးညွှန်း ယောကျ်ားနှင့် တူ၏ဟူ၍ ဆိုအပ်၏။

၁။ ပညာဝိဋ္ဌိ အသိနှစ်ပါး၊ ထင်ရှားမည်သို့ခွဲမည်နည်း။ ။၂။ ဝိဋ္ဌိလည်း ထိုးထွင်၍သိသည်၊ ပညာလည်းထိုးထွင်း၍သိသည်၊ ဝိဋ္ဌိထိုးထွင်း၍ သိခြင်းသည် ဘောက်ပြန်သောအားဖြင့်သိသည် ပညာ၏ ထိုးထွင်း၍ သိခြင်းသည် မဘောက်မပြန် ယုတ်မှန်သောအားဖြင့် သိသည်။ ဤသို့ အသိထူးကြ၏၊ သညာသိ ဝိညာဉ်သိ ပညာသိ အသိသုံးပါးမှာ အောက် သညာ စေတသိက် အချက်က ပြခဲ့ပြီ။ ။၁။ ပန်းချီ ပန်းပု လုပ်မှု လက်သမား ထွေပြားစွာသည် ပညာစေတသိက်ပင်လော။ ။၂။ ပန်းချီ ပန်းပု လုပ်မှု လက်သမားထွေပြားစွာသည် ပညာစေတသိက်ပင်တည်း။ ၁။ သေနတ် အမြောက် စူးဆောက် လှံ ဓား မြား မြှုံး ပိုက်ကွန် အလွန် များစွာ လုပ်ဆောင်ရာသည် ပညာစေတသိက်ပင်လော။ ။၂။ သေနတ် အမြောက်စူးဆောက်လှံဓားမြား မြှုံး ပိုက်ကွန်အလွန်များစွာလုပ်ဆောင် ရာသည် ပညာစေတသိက်ပင်တည်း။ ပကာရေန ဇာနာတိ အဝဗုဇ္ဈတီတိ ပညာဟု ဤသို့ဋီကာဝစနတ္ထပြသောကြောင့် ပန်းချီ ပန်းပုစသော လက်မှု မြား မြှုံး ပိုက်ကွန် သေနတ် အမြောက် စသော ဝတ္ထုအပြားတို့၌ ယုတ်မှန်စွာ သိသောဉာဏ်သည် ပညာ စေတသိက်ပင်ဟု မှတ်သင့်၏။ အနိစ္စာဒိဝသေနဟု ဋီကာဆရာတို့ ဆိုသည် အားလျော်စွာ ဤခန္ဓာ ကိုယ်ကိုလက္ခဏာရေးသုံးပါးအားဖြင့် ထိုးထွင်း၍သိခြင်းကိုသာ ပညာဟု ယူသင့်ပါသည် မဟုတ်လောဟူငြားအံ့။ အနိစ္စာဒိ၌ အာဒိသဒ္ဒါဖြင့် သဒ္ဒါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ်တည်းဟူသော ငြေယျတရား ငါးပါးကိုပင် ယူအပ်ရကား ပညတ်ဖြစ်သော ပန်းချီ ပန်းပု အတတ် သေနတ် အမြောက် စူးဆောက် လှံ ဓား မြား မြှုံး ပိုက်ကွန် စသော အတတ် တည်းဟူသော လက်မှုပညာ နှုတ်မှုပညာတို့ကို ယူသင့်၏။ ဤတွင်မကသေး မိမိကိုသတ်အံ့ဟု ကြံသောသူအား ပြန်၍သေကြောင်း ကြံသောအမှုကိုပင် ဉာဏ်ပညာရှိသည်ဟု အနာထပိဏ်သူဌေးကျွန်မဝတ္ထု ကုဏ္ဍလကေသီ မိန်းမ၏ဝတ္ထု တို့၌ ဟောတော်မူခဲ့၏ဟုဖြေ။

န သော သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။ ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။ ။သဗ္ဗေသုဌာနေသု၊ အလုံး စုံသောအရာတို့၌။ သောပုရိသော၊ ထိုယောက်ျားသည်။ ပဏ္ဍိတော၊ ပညာရှိသည်။ နဟောတိ၊ မဟုတ်သေး မဖြစ်သေး။ ဣတ္ထီပိ၊ မိန်းမ သည်လည်း။ ပဏ္ဍိတော၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်နိုင်ပါသေး၏။

တတ္ထတတ္ထ၊ထိုထိုအရာတို့၌။ဝိစက္ခဏာ၊ ပညာဉာဏ်ရေး ကြံတွေးနိုင်သည်။ ဟောတိ၊ ဖြစ်နိုင်ပါပေ၏။

ပညာသည်အကုသိုလ်ကို အာရုံပြု၏လောဟု မေးငြားအံ့။ ။ပညာ၏ ယှဉ်ရာ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခုသည် အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော အလုံးစုံသော တရားကို အာရုံပြု၏ဟုမှတ်၊ အာရုံပြုနိုင်သော် မဟာကုသိုလ်စိတ်နှင့် သတ်ကြောင်းလုံ့လကိုမပြုပေ၊ ဤသို့စိမ်သော် ငါချမ်းသာ၍ ဤသူပျက်စီးလတ္တံ့ဟု ကုသိုလ်စိတ်နှင့် သိ၏၊ သိပြီးမှဒေါသစိတ်နှင့် သတ်ကြောင်းလုံ့လကိုပြု၏၊ ထိုသို့ပြုသော်လည်း သိတတ်သော ကုသိုလ်စိတ်သည် သတ်ခြင်းကိစ္စကိုပြီးစေသော သန္တတိပစ္စုပ္ပန်၌ ဝင်လေရကား- ဒေါသစိတ်၏ ရှေ့ကျသော ကုသလ ဝိထိစိတ်၌ ဝင်သောဉာဏ်ကိုပင် သမိပူပစာ အားဖြင့် သေကြောင်း ကြံသောဉာဏ်ဟုဆိုသည်ယူရမည်၊ သို့မှ ကုဏ္ဍလကေသီ မိန်းမတို့ဝတ္ထုနှင့် ညီမည်၊ ခဲရပ်ခဲစေ့ ဖြစ်သောကြောင့် စေ့စေ့စပ်စပ်ဆင်ခြင် နှလုံးသွင်း ကြရမည် သတိပြု၍ရှုလေ့။

၁။ သာတ္ထက သမ္ပဇဉ်-အကျိုးရှိသည်၊ အကျိုးမရှိသည်ကိုသိတတ်၏။
၂။ သပ္ပါယ သမ္ပဇဉ်-လျောက်ပတ် မလျောက်ပတ်သည်ကို သိတတ်၏။
၃။ ဂေါစရ သမ္ပဇဉ်-ကျက်စားသင့်မကျက်စားသင့်သည်ကို သိတတ်၏။
၄။ အသမ္မောဟ သမ္ပဇဉ်-ကမ္မဋ္ဌာန်းလေးဆယ်ကိုမတွေမဝေသိတတ်၏။
ပညာ ၄-ပါး မှတ်ချက်တည်း။ ၎င်း ၄-ပါးတို့တွင် ဂေါစရ သမ္ပဇဉ် အရ၌ကား- မျိုးပဏ် သုရာ ပြည့်တန်ဆာ လင်ကွာ ရဟန်းမ။ မကျက်စားအပ်၊အရပ်ခြောက်ပါး၊အလွန်သတိထားမမှားပါ။ ။ပညိန္ဒြေဟူသည် ပဇာနာတိတိ ပညာ။ ယာဓမ္မဇာတိ၊ အကြင်တရား သဘောသည်။ ပဇာနာတိ၊ အပြားအားဖြင့် သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ပညာ၊ ပညာဖြစ်၏။ အဘယ်ကို သိသနည်းဟူမူ- ဒုက္ခစသော သစ္စာလေးပါးတို့ကို သိ၏ဟူလို၊ မဟာ အဋ္ဌကထာ အလိုအားဖြင့် သိစေတတ်သောကြောင့် ပညာ မည်၏။ ထိုပညာသည် အဝိဇ္ဇာကို လွှမ်းတတ်ရကား အစိုးရသော အနက်ကြောင့် ဣန္ဒြေမည်၏။ ပညာဝ ဣန္ဒြိယံ ပညိန္ဒြိယံ။ ပညာဝ၊ ပညာသည်သာလျှင်။ ဣန္ဒြိယံ၊ ဣန္ဒြေမည်၏။ ပညိန္ဒြိယံ၊ ပညာသည်ပင်လျှင် ဣန္ဒြေ၊ ထို ပညိန္ဒြေသည် ထွန်းပခြင်း သြဘာသလက္ခဏာရှိ၏။ ဥပမာအားဖြင့်-နံရံ လေးခုရှိသောအိမ်၌ ညအခါဝယ် ထွန်းအပ်သော ဆီမီးလျှံနှင့်တူ၏။

အရောင်အလင်းတို့သည် လေးပါးရှိ၏။ လေးပါးအရ ရွှေလမင်း၏ အရောင် နေမင်း၏အရောင် မီး၏အရောင် ပညာ၏အရောင်အားဖြင့် လေးပါးရှိ၏။ ထိုအရောင် လေးပါးတို့တွင် ပညာ တည်းဟူသော အလင်းရောင်သည် သာလျှင် ရွှေအရောင်တို့ထက် အလွန်အကျူး အထူးသဖြင့် မြတ်တော့သည်၊ လောက၌ ပညာနှင့် တူသောအရောင် မည်သည်မရှိ၊ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌ ပညောဘာသ သမော ဩဘာသောနာမ နတ္ထိဟု ဘွင့်ပြ၏။ ပညောဘာသသမော၊ ပညာ အလင်းရောင်နှင့်တူသော။ ဩဘာသောနာမ၊ အရောင် အလင်းသည်။ နတ္ထိ၊ မရှိ။ အဘယ့်ကြောင့်ဟူမူ တခုတည်းသော ထက်ဝယ်ပလ္လင်ဖြင့် နေသော ပညာရှိသောပုဂ္ဂိုလ်အား တထောင်သော လောကဓာတ်သည် တပြိုင်နက်သော အရောင် အလင်းသည် ဖြစ်၏။ ဤသို့ ဖြစ်သော ကြောင့်တည်း။

ဤပညာသည် စိန္တာမယပညာ သုတပယမညာ ဘာဝနာမယပညာ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် လုံ့လဖြင့်စီရင်အပ်ကုန်သော ကမ္မာယတန- သိပ္ပါယတန-ဝိဇ္ဇာဋ္ဌာန-ဟု ဆိုအပ်သော လက်မှုပညာ အတတ်ကို သူတပါးထံမှမကြားမနာရမူ၍ ရအပ်သိအပ်၏။ ထိုပညာ သည် စိန္တာမယမည်၏။ ယခင်ပြဆိုအပ်ခဲ့ပြီးသောအတတ်တို့ကိုသူတပါးမှ ကြားနာရ၍ ရအပ်သိအပ်၏၊ ထိုပညာသည် သုတမယ ပညာမည်၏၊ အလုံးစုံသောမဂ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ပညာ ဝိပဿနာပညာတို့သည် ဘာဝနာမယပညာမည်၏၊ ထိုပညာသုံးပါးတို့တွင် သစ္စာနုလောမဉာဏ် ကမ္မဿကတ ဉာဏ်ကိုလည်း စိန္တာမယ ပညာဟူ၍သာ မှတ်အပ်၏၊ ထိုစိန္တာမယပညာဟု ဆိုအပ်သော သစ္စာနုလောမဉာဏ်သည် ဘုရား အလောင်း ပစ္စေကဗုဒ္ဓါအလောင်းနှစ်ပါးတို့အား ပစ္ဆိမဘဝိကအခါ ကာလများ၌ဖြစ်၏ဟုမှတ်။ ကြွင်းသော ကမ္မဿကတပညာစသည်တို့သည် အလုံးစုံသော ဖြည့်ကျင့်အပ်သောပါရမီရှိသော မဟာသာဝကတို့အား ဖြစ်၏ဟုမှတ်။ ။ထိုပညာသည်ပင်လျှင် ထက်ဝန်းကျင် အပြားအားဖြင့် သိတတ်သောကြောင့် သမ္ပဇညတရားမည်၏၊ ထိုသမ္ပဇညတရားသည် လည်း သာတ္ထကသမ္ပဇဉ် သပ္ပါယသမ္ပဇဉ် ဂေါစရသမ္ပဇဉ် အသမ္မောဟ သမ္ပဇဉ်အားဖြင့် လေးပါးရှိ၏၊ ထိုလေးပါးတို့တွင် စေတီတော်ကို ရှိခိုးခြင်း အကြောင်းကြောင့် ရှေ့သို့တက်ခြင်းအစရှိသည်တို့၌ အကျိုး ရှိသည်အကျိုးမရှိသည်ကိုသိမ်းဆည်းခြင်းသည်သာတ္ထက သမ္ပဇဉ်မည်၏

အကျိုးတရားပင်ရှိသော်လည်း လျော့ကဲပတ်သည် မလျော့ကဲပတ်သည် ဖြစ်သော ရူပါရုံအစရှိသည်ကိုသိမ်းဆည်းခြင်းသည် သပ္ပါယသာတ္ထက သမ္ပဇဉ်မည်၏၊ ဆွမ်းခံရွာတို့၌ ရှေ့သို့တက်ခြင်း အစရှိသော အရာတို့၌ ကမ္မဋ္ဌာန်းကိုမစွန့်ခြင်းသည် ဂေါစရသမ္ပဇဉ်မည်၏၊ ရှေ့သို့ တက်ခြင်း အစရှိသည်ကို နိသတ္တနိဇီဝ အစရှိသောဓာတ်၏ အစွမ်းအားဖြင့် ရှုးစမ်း ဆင်ခြင်ခြင်းသည် အသမ္မောဟ သမ္ပဇဉ်မည်၏၊ ဤသည်လျှင်စကားတရပ် အပြီးသတ်သတည်း။

ထိုပညာသည်ပင်လျှင် မဘောက်မပြန် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေ တတ်သည်၏အဖြစ်ဖြင့် မြင်တတ်သည်၏ အဖြစ်ကြောင့် သမ္မာဒိဋ္ဌိမည်၏။ ထိုသမ္မာဒိဋ္ဌိသည်လည်း ကမ္မဿကတ သမ္မာဒိဋ္ဌိ ဈာနသမ္မာဒိဋ္ဌိ ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိအားဖြင့် ငါးပါး အပြားရှိ၏။ ထိုငါးပါးတို့တွင် ကမ္မဿကတ သမ္မာဒိဋ္ဌိသည် လူနတ်စည်းစိမ်စသော ဘဝ၏ ပြည့်စုံခြင်းကိုခင်း၏၊ ဈာနသမ္မာဒိဋ္ဌိသည် ရူပဘဝ အရူပဘဝ၌ ပဋိသန္ဓေကိုပေး၏၊ မဂ္ဂသမ္မာဒိဋ္ဌိသည်ဘုံသုံးပါးဟု ဆိုအပ်သောဝဋ်တရားကို ဖျက်ဆီး၏၊ ဖလသမ္မာဒိဋ္ဌိသည် ဘဝကို တားမြစ်၏၊ ဝိပဿနာသမ္မာ ဒိဋ္ဌိသည် ပဋိသန္ဓေကို မပေးမငင်ခြင်းတည်း။ ဤသည်လျှင် အဋ္ဌကထာ ဝါဒတည်း။ ။တိပိဋကစူဠာဘယ မထေရ်၏ ဝါဒအားဖြင့်ကား ၎င်းဝိပဿနာ သမ္မာဒိဋ္ဌိကိုပွားအပ်သော ပုဂ္ဂိုလ်သည် ဤယခု ပစ္စက္ခ ဘဝ၌ အရဟတ္တမဂ်ဖိုလ်ကိုရောက်ခြင်းငှာ စွမ်းနိုင်ပါမူကား-ပဋိသန္ဓေကို မပေးဟု ဆိုခြင်းသည်သင့်မြတ်၏၊ ဤဘဝ၌ အရဟတ္တဖိုလ်သို့ မရောက် သော သတ္တက္ခတ္တုပရမ သောတာပန်ဖြစ်ပါမူကား-ခုနစ်ဘဝပဋိသန္ဓေ ပေးသေး၏၊ အဘယ့်ကြောင့်ဟူမူ ခုနစ်ဘဝအတွက် အဝိဇ္ဇာတည်း ဟူသော ဝဋ်မြစ် မပြတ်သေး သောကြောင့်တည်း။ ။ထို့ကြောင့် ဧကင်္ဂုတ္တရ အဋ္ဌကထာ၌ တိပိဋကစူဠာဘယတ္ထေရော ပနာဟ သစေ ဝိပဿနာ သမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ ဓမ္မေ ပါပေတုံ သက္ကောတိ၊ ဣစ္စေတံ ကုသလံ၊ သစေ နသက္ကောတိ၊ သတ္တဘဝေ ဝဒတိ အာဝုသောတိဟု ဘွင့်ပြ၏။ တိပိဋကစူဠာဘယတ္ထေရောပန၊ တိပိဋက စူဠာဘယမထေရ်သည်ကား။ အာဟ၊ ဆို၏။ ကိံ အာဟ၊ အဘယ်သို့ ဆိုသနည်းဟူမူကား။ အာဝုသော၊ ငါ့ရှင်တို့။ ဘာဝိတာ၊ ပွားစေအပ် သော။ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ ပညာသည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌။ အရဟတ္တံ၊အရဟတ္တမဂ်သို့။ပါပေတုံ၊

ရောက်စေခြင်း၄ာ။ သစေသက္ကောတိ၊ အကယ်၍ တတ်နိုင်သည်ဖြစ်အံ့။ ဠခွေတံ ဠတိတော်၊ ဤသို့တတ်နိုင်ခြင်းသည်။ ကုသလံ၊ ကောင်း၏။ သစေ နသက္ကောတိ၊ အကယ်၍မတတ်နိုင်သည်ဖြစ်အံ့။ သတ္တဘဝေ၊ ခုနစ်ဘဝ တို့ကို။ ဒေတိ၊ ပေး၏။ ဠတိ၊ ဤသို့။ အာဟ၊ မိန့်ဆို၏။

ဤသို့ပြရာဝယ် သမ္မာဒိဋ္ဌိဉာဏ်ပညာသည် အလွန်တရာပင် လောကီ လောကုတ်နှစ်ဖြာသော အကျိုးဟုတ်တို့ကို ရွက်ဆောင်တတ်သည်၏ အဖြစ်ကြောင့် တပါးသောတရားတို့ထက် မွန်မြတ်၏ဟုမှတ်အပ်၏။

ပါရမီ ဆယ်ပါး တို့တွင်လည်း ပညာပါရမီ သာလျှင် မြတ်၏၊ ကြွင်းသော ပါရမီတို့သည် ပါရမီ၏ အခြေခံသာဖြစ်ကုန်၏၊ ထိုကြောင့် သတ္တု ဘဿဇာတ်အဋ္ဌကထာ၌ အမတ မဟာနိဗ္ဗာန သမ္ပာပကေသု ဟိ ဓမ္မေသု ပညာဝ သေဋ္ဌာ၊ အဝသေသာ တဿပရိဝါရာ ဟောန္တိ-ဟု ဘွင့်ပြ၏။

ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ အမတမဟာနိဗ္ဗာန သမ္ပာပကေသု၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဓမ္မေသု၊ တရားတို့တွင်။ ပညာဝ၊ ပညာ ပါရမီသည်သာလျှင်။ သေဋ္ဌာ၊ မြတ်၏။ အဝသေသာ၊ ကြွင်း ကုန်သောပါရမီတို့သည်။ တဿ၊ ထိုပါရမီ၏။ ပရိဝါရာ၊ အခြံအရံ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

လောကူပမာ အားဖြင့်သော်ကား-ကြယ်တာရာ အပေါင်းတို့၏ အကြီးအမှူးဖြစ်သော အလျှံဝင်းဝင်း ရွှေလမင်းကဲ့သို့ ပညာပါရမီသည် သာလျှင် မှန်ကန်စွာ ထွန်းလင်းနိုင်တော့သည်။ထိုသို့ဖြစ်၍ အလွန်တရာ သိနိုင်ခဲ့သော အရိယာအရှင် ထေရ်သခင် ပုဂ္ဂိုလ်မြတ်တို့ကို ဉာဏ် သမ္ဘာရရှင် ဉာဏအဟုန်ရှင် မှသာလျှင် တတ်အပ်ထင်ထင် သိမြင်နိုင် တော့သည်။ အကယ်၍ ဉာဏ်သမ္ဘာရ မယှဉ်မူ၍ မံသစက္ခု ဖြင့်ရင်း၊ ဒိဗ္ဗစက္ခုဖြင့်ရင်း ရှုဆင်ခြင်ပင် ရှုဆင်ခြင်ငြားသော်လည်း အရိယာအရှင် တို့ကို မသိမမြင်နိုင်ကုန်၊ အဘယ့်ကြောင့်ဟူမူ ထိုမံသစက္ခု ဒိဗ္ဗစက္ခုတို့၏ အဆင်းအမူအရာကိုသာ မြင်ခြင်းကြောင့်တည်း။

ဤအရာ၌ သာဓကဝတ္ထု ထုတ်ပြလိုက်ဦးအံ့။ သီဟိုဠ် ကျွန်းဝယ် စိတ္တလတောင်၌ နေလေ့ရှိသော ရဟန္တာမထေရ်မြတ်၏ အလုပ်အကျွေး ဖြစ်သော အရွယ်ကြီးမှ ရဟန်းပြုသော တောထွက် ရဟန်းအိုကြီးသည် တနေ့သောအခါ ရဟန္တာ အရှင်မြတ်နှင့်တကွ ဆွမ်းခံသွားကြရာဝယ် ၎င်းတောထွက်ရဟန်းအိုသည် မထေရ်မြတ်၏ သပိတ်ကိုယူ၍ နောက်မှ

လိုက်သည်ရှိသော် ရဟန္တာမထေရ်မြတ်ကို မေးလျှောက်၏။ အဘယ်သို့ လျှောက်သနည်းဟူမူ အရှင်ဘုရား အရိယာပုဂ္ဂိုလ်တို့ မည်သည် အဘယ်သို့ သဘောရှိသနည်းဟု မေးလျှောက်၏။ ထိုအခါ ရဟန္တာအရှင်မြတ်သည် ငါ့ရှင် ဤသာသနာတော်၌ အချို့သော အသက်ကြီး ရဟန်းတို့သည် အရိယာပုဂ္ဂိုလ်တို့၏ သပိတ်သက်နဲ့ကို ကိုင်ယူ၍ ဝတ်ကြီး ဝတ်ငယ်ကို ပြုလျက် တကွအတူပင် သွားသော်လည်း အရိယာတို့ကို မသိမမြင်သည် သာတည်းဟု ဆိုတော်မူလိုက်၏။ ။အာဝုသော၊ ငါ့ရှင်။ အရိယာ၊အရိယာပုဂ္ဂိုလ်တို့ကို။ ဝေဒဇ္ဇာနာ၊ ဤသို့သိနိုင် မြင်နိုင်ခဲကုန်၏။ ဤသို့စသည်ဖြင့် ရဟန္တာအရှင်မြတ်က ပြောဆိုသော်လည်း ထိုတောထွက်ရဟန်းသည် အနည်းငယ်မျှ မရိပ်မိ မသိမမြင်လေ။ ထိုသို့ ဖြစ်၍ စက္ခုဖြင့်မြင်သော်လည်း မြင်သည်မမည်၊ ဉာဏ်ပညာစက္ခုဖြင့် မြင်သိမှ သာလျှင် သိမြင်ခြင်း ကောင်းစင်စစ်မှန်တော့သည်ဟု မှတ်ပါလေ သေသေချာချာ။ ။(မှတ်ချက်) သညာဝိညာဉ်တို့သည် ဉာဏ်နှင့်ယှဉ်သည်ရှိသော် ဉာဏ်နောက်သို့ အစဉ်တစိုက်လိုက်၍ ဖြစ်တော့သည်၊ ဉာဏ်နှင့်မယှဉ်သောအခါ အခြင်းအရာကို ယူသည်၏အစွမ်းအားဖြင့် ဖြစ်ရာဝယ် ဝိညာဉ်သည် မပြဋ္ဌာန်း သညာသာလျှင် ပြဋ္ဌာန်းတော့သည် ဟုမှတ်၊ အခြင်းအရာကို ယူသည်မှ ကြွင်းသော ကာလတို့၌ ဝိညာဉ်သည်သာလျှင် ပြဋ္ဌာန်း၏ဟုမှတ်။

ဆရာ သညာလည်းသိ၏၊ ဝိညာဉ်လည်းသိ၏၊ ပညာလည်းသိ၏။ ဤအသိသုံးမျိုးသည် အသို့ ထူးခြားသနည်းမေးသော် သညာ သိသည်မှာ အဖြူ အနီ အဝါ အကြောင် အကြားတို့ကို မြင်သည်ကာလ၊ အဖြူ အနီ အဝါ အကြောင် အကြား ဟူ၍သာ သိ၏။ အဘယ့်ကြောင့် ဖြူသည် နီသည် ဝါသည် ကြောင်သည် ကြားသည်ကို မသိတတ်၊ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကိုလည်း မသိတတ်၊မဂ်ရခြင်း ဖိုလ်ရခြင်း၏ အကြောင်းကိုလည်း မသိတတ်၊ ဤသို့သိခြင်းသည် သညာ၏သိခြင်း မည်၏။ ဝိညာဉ်သိသည်ကား အဖြူ အနီစသော ရူပါရုံတို့သည် အဘယ့်ကြောင့် ဖြူသည် နီသည် ဝါသည်ကိုလည်း သိ၏၊ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော တို့ကိုလည်း သိ၏၊မဂ်ကိုရခြင်း ဖိုလ်ကိုရခြင်း အကြောင်းကိုလည်း သိ၏၊ အဘယ်ကမ္မဋ္ဌာန်း စီးဖြန်းမှရသည်ဟူ၍ မသိတတ်၊ ဤသို့သိခြင်းသည် ဝိညာဉ်၏ သိခြင်းမည်၏။ ပညာသိ သည်ကား အဖြူ အနီစသော ရူပါရုံတို့သည် အဘယ့်ကြောင့် ဖြူသည် နီသည် ဝါ

သည်ကို သိတတ်၏။ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကိုလည်း သိတတ်၏၊ မဂ်ကိုရခြင်း ဖိုလ်ကိုရခြင်းကိုလည်း သိတတ်၏၊ ဤကမ္မဋ္ဌာန်း တရားကို စီးဖြန်းသော် မဂ်ကိုရ၏၊ ဤကမ္မဋ္ဌာန်း တရားကို စီးဖြန်းသော် ဖိုလ်ကိုရ၏ဟု သိတတ်ခြင်းသည် ပညာသိမည်၏။ ဥပမာကား-သူငယ် အမိအဘ ရွှေပန်းတိမ်သည် ၎င်းသုံးယောက်နှင့် တူ၏၊ သူငယ်သည် သူငယ်တို့ဘာဝ ကစားကြရာ ရွှေကျောက်ပြောင်ပြောင်မြင်သောကြောင့် ကောက်ခဲ့၏၊ထိုသူငယ်သည် ရွှေမှန်းကိုလည်း မသိ၊ ဘယ်နှစ်မူးရည် မှန်းကိုလည်း မသိ၊ ပြောင်ပြောင်ရှိ၍သာ ကောက်ခဲ့၏၊ ၎င်းရွှေကို အမိအဘအားပေးလျှင် ထိုအမိအဘသည် ပြောင်ပြောင်ကိုလည်း သိ၏၊ ရွှေမှန်းကိုလည်း သိ၏၊အဘိုးထိုက်မှန်းကိုလည်း သိ၏၊ ထိုရွှေသည် ကိုးမူးရည် ဆယ်မူးရည်ရှိသည်ဟု မသိတတ်၊ရွှေပန်းတိမ်သည်ကို ပြသည့်ကာလ ရွှေပန်းတိမ်သည်လည်း ပြောင်ပြောင်ကိုလည်း သိ၏၊ ထိုရွှေ၏အဘိုးကိုလည်း သိ၏၊ကိုးမူးရည် ဆယ်မူးစသည်ကိုလည်း သိ၏၊ ထိုအတူ သညာသိခြင်းသည် သူငယ်သိခြင်းနှင့်တူ၏၊ ဝိညာဉ်သိခြင်းသည် အမိအဘသိခြင်းနှင့်တူ၏၊ ပညာသိခြင်းသည် ရွှေပန်းတိမ်သည်သိခြင်းနှင့် တူ၏၊ သေချာစွာ မှတ်သားကြလေ။

သဒ္ဓါအစ ပညာအဆုံးရှိသော နှစ်ဆယ့်ငါးပါးသော စေတသိက်တို့သည် သောဘဏ စိတ်နှင့်သာ ယှဉ်သောကြောင့် သောဘဏသာဓာရဏစေတသိက် မည်ကုန်၏။ ။ဤသည်ပင်လျှင် ပညိန္ဒြေ စေတသိက်ပြီးပြီ။

၁။ သောဘဏသညာ၊ဖျည်းဝိသာ၊ဤမှာပြီးပြည့်စွာ။ ။၂။ ဒွိပညာသ၊ သရူပ၊ အရစေတသိကာ။ ။၃။ ပါဠိအဋ္ဌကထာ၊ ကျမ်းဋီကာ၊ ဆရာစရိယာ။ ။၄။ နောက်သား နောက်လာ၊ သိစိမ့်ငှာ၊ ရေးပါ ဘုန်းဆရာ။ ။၅။ ဤတွင်တရပ်၊သဘာဝတ်၊ဆုံးဖြတ် နိဋ္ဌိတာ။

**မဃဒေဝ လင်္ကာသစ်၌ မာန်လည်ဆရာတော်ဘုရား**
**ရေးသားတော်မူသော ရုပ်ဖြစ်ခြင်း လင်္ကာ အရကောက်**

ဤကိုယ်အစ ဖြစ်ချင်းတလည်း ကာယဘာဝ ဝတ္ထုမျှဖြင့် ဒသကသုံးသွယ် ရုပ်သုံးဆယ်ကို နုနယ်ပရမ ငယ်ဆုံးစွလောက် ကလလမည်ရုပ်ရေကြည်လျှင် စသည်ခုနစ်ရက် ဖြစ်လျက်သိမ်းရုပ် ဘောက်ပြန်ချုပ်ပြီး အမြှုပ်သားတစ် အနှစ်တခဲ ငါကွဲခက်ဖြာ သတ်ပဉ္စာတိုင် ရက်ကြာလွန်မှ

သတ်အဌနှင့် နဝဒသ သတ္တာဟချည်း ပေါင်းစည်းတွက်ဘွဲ့ ခြောက်ဆယ့်လေးရက် ရပ်ခေတ်မဲ့လျှင်း ထိုအတွင်းမျှ မကြွင်းစေမှု ကံလျှင်ပြုသား စက္ခုသောတ ဃာနဇိဝှါ စဉ်တိုင်း သာတည်း ခြောက်အာယတန လူ့ဘဝဋ္ဌ ဥပစယ သန္တတိ ဟူတုံဘိလျက် ဇာတိတပါး နှစ်မည်ပြား၍ ထင်ရှားဖြစ်ရိုး ရွေ့ရွေ့တိုးမှ ကိုးလဆယ်လ တိုင်ကဘွားခါ ဓမ္မတာတည်း ကြမ္မာဥတု မိုးလေမှုနှင့် ဥပက္ကမ ကြောင်းထိုမျှကြောင့် ဝမ်းကတည်းပင် မဘွားမီခင် ပြင်သို့မကျ ပျောက်ကျေမွ၍ သေကြပျက်ကြမဘွားရဘူး ဘွားကာဘွားစ တရက်ရနှင့် တလတနှစ် အဆစ်ဆစ်သာ န္တိအနာစု မက္ခယု မက္ခဝါ မာတြာစုန်းနတ် ဥပါဒ်ရောဂါ ဝေဒနာနှင့် စားစာပူအေး ဖျားနာရေးက အိုဘေးနာဘေး ရှုပ်၍ထွေးအောင် သေဘေးအန္တရာယ် ပေါယယ်ထွေပြား ကြောက်ဘွယ်များခဲ့ ဆူကြားဘူသီး အနိုင်ကြီး၏ ဖြစ်ပြီးသေခါ မလွဲသာဟု မှန်စွာအဖြောင့် လမ်းမထောင့်ဟု ထို့ကြောင့်ရကား ငါမင်းဖျားအား လှံ့ ခေး သေနတ်အထပ်ထပ်ဖြင့် ပတ်ရစ်တွင်းပြင် ရုံးခြင်းတင်လျက် ဝန်းကျင်ထိုမျှ နေ့ညစင်းလျှင်း ရွှေရံသင်းတို့ ရှေ့ဝင်းနောက်ဝင်း ဝဲယာဝင်းနှင့် အတွင်းခြောက်စို့ ပြင်ခြောက်စို့ပါ ဆီးတို့ပတ်ခြီ ထပ်ထပ်ရံ၍ နံ့ယံဘုံတွင်းစံတုံလျှင်းလည်း သေမင်းလုံရာ မရသာခဲ့ အင်္ဂါလေးပါး ရထားမြင်းဆင်အထင်ထင်ဖြင့် မြေပြင်ညီလျှင်း မဟာကျင်းကြီး ဗိုလ်သင်းစီမံ တင်းခခံလျက် လေးလံအဲ့မောင်း စိန်ပြောင်း မီးပေါက် အမြောက်တမူပြောထူလက်နက် ဝန်းရှက်ရံလစ် လွန်အားသစ်၍ ထိုးပစ်ပါလျှင်း ထိုသေမင်းကို အောင်ခြင်းဆက်ခါ မရရာခဲ့ ရက်ကြာလရှည် နှစ်ပွားစည်တိုင် ထူးသည်တူရှု ရှေ့ရှုသဖြင့် သတ်မည်လင့်သည် သေမင့်အပါး ရွေ့ရွေ့သွား၏ ကျားခံတွင်းပေါက် မြွေဘားစောက်သို့ မြောက်တီမြောက်တောက် မျက်စိမှောက်၍ ဝင်ရောက်သားကောင် တိုးသောယောင်သည် တည်ထောင်ပြည်ကြီး အသီးသီးလျှင် နန်းထီးစိုးအုပ်ဆောက်လုပ်အိမ်ရာ ဥစ္စာသိမ်းဆည်း အဖြီးဖြီးဖြင့် ပစ္စည်းပစ္စယံ မြေနှယ်မံလည်း အကြိမချ တရွရွတည်း ကိစ္စမအား မထပ်လျှားဘဲ မယားပြိန်းပြောင် ယူသိမ်းဆောင်လျက် အိမ်ထောင်ရောရှု သား-မြေးစု၍ကောင်းမှုမလို ကုသိုလ်မပွား တရားမေ့လျော့ တမော့မော့နှင့် လာဘ်ရွှင်ပျော်ပါး လွန်ထင်ရှားအောင် နေပြေးတုံဘိ ဤကိုယ်ရှိသား ဇာတိမကာင်း တို့တသင်းကို သေမင်းမမြင် နေလိမ့်မည်နည်း။

## နာမ်ဖြစ်ခြင်းလင်္ကာ တရားတော်

မှတ်ကြောင်းသိစိမ့် ပဏ္ဏိကဝိန် သုခမိန်တို့ ပညိန္ဒြိယ သတိစသား ကုသလဇော ယောနိသောဖြင့် သဘောကြည်ဖြူ ဘတ်နာယူလော့ ဘတ်ယူနာသား ယောကျ်ားမိန်းမ ဝဒန္တနှင့် သုဏန္တဆို နှစ်ပါးထိုတွင် ပုဂ္ဂိုလ်ဝဒန် ဖြစ်ရိုးမှန်က လက်မွန်ဆတ်ဆတ် ပရမတ်ဖြင့် ပညတ်တဏ္ဍာ ဥပါဒါသမူဟ သန္တာနနှင့် အတ္တသင်္ကေတ သဒ္ဒပညတ် မှတ်၍ဦးစွာ မနောဒွါက ကာမာဝစရ ကုသလဇောစစ် ချက်ခုနစ်နှင့် တူဖြစ်ဝစီ ဝိညာဏ်မှီ၍ မြွက်ချီသဒ္ဒ ဒသကလာပ် ထိုကလာပ်မှ ဖြစ်စေအပ်လျက် ကလာပ်ထိုတွင် ပါကျင်အညီ ပထဝီနှင့် ငါးလီဌာန်မှ ကမ္ဘဇမည်မှတ် ဖြစ်ပေါ်လတ်သည် မြေဓာတ်နှစ်ပါး ထိခိုက်ငြား၍ နား၏ဝိသယ ရုပ်သဒ္ဒတို့ ဖြစ်ကြအသံ ညိုးညိုးညံ့တည်း ထိုအသံက ပြန်ကာချသော် သုဏန္တနား နားသူများ၏ ကြားသော်ခဏ သဒ္ဒပညတ် မည်မှတ်နာမ သင်္ကေတက အတ္တစဉ်လျှောက် တဏ္ဍာရောက်အောင် ဉာဏ်ရောက်ပြန်၍ သိစေလေ့၏ သိမ်မွေ့လုံးစုံ အာရုံအာရမ္မဏ် ပေါင်းကြည့် ဆယ်ဖြာ အက္ခရာတလုံး နှစ်သုံးလေးချက် ဝိထိဆက်၍ အနက်ဆီမြဲ ထပ်မစဲဖြင့် ကြားဆဲကြားပြီး ဆီမီးရေလျဉ် အစဉ်မပြတ် စိတ္တုပ္ပါဒ်နှင့် သံအက္ခရာ လွန်ထချုပ်ထ ဤခြင်းခဏ အနိစ္စ ဒုက္ခ အနတ္တချည်း သိမ်းဆည်း ကုန်အောင် တိမ်တောင်မီးခိုး စက်သံမျိုးတို့ ကြောင်းကျိုး စဝ်ကာ ထင်လာပေါ်ငတ် နာမ်ရုပ်သက်သက် ဖြစ်ချုပ်ပျက်ဟု တိလက္ခဏာ ထင်၍သာလျှင် ဝိပဿနာဖြစ်ကြောင်း ဘတ်နာကောင်းသည် နတ် စောင်းရွှေစည် ဆော်နိုးတည်း။ ။ဖြစ်တည် ချုပ်ပြတ်၊ ဤသုံးရပ်၊ စိတ်ဓာတ်အသက်မှာ။ အကြောင်းမချုပ်၊ တလှုပ်လှုပ်၊ နာမ်ရုပ်ထုံးစံပါ။ ဆဲ့ခုနစ်ချက်၊ စိတ်ဓာတ်သက်၊ ရုပ်သက်တချက်သာ။ လျှပ်တပျက်တွင်၊ ချုပ်ပျက်ကုန်လေ၊ စိတ်ဓာတ်တွေ၊ ကုဋေတသိန်းသာ။ ဤသည်လျှင် ရုပ်နာမ်ဖြစ်ခြင်းလင်္ကာတရပ်အပြီးတည်း။

## ရုပ်နှင့်နာမ်ခွဲ၍သိရန်ဆောင်ပုဒ်လင်္ကာ

မှန်အထဲတွင် အရိပ်ထင်သို့ ရုပ်တွင်မှီကပ် နာမ်ထင်လတ်၏ စုန်းနတ် ပူးသူ လူကတခြား စုန်းတခြားတည်း သောက်စားသေရက် အရက် တခြား လူတခြားသို့ ရုပ်ကားတထွေ နာမ်တထွေဟု သိလေခွဲခြမ်း ကျိုးအကန်းတို့ မှိုငြမ်းပြုကာ ချင်းချင်းသာလျှင် သွားလာသည့်တူ

လှေစီးလူနှင့် လှေသူသဏ္ဌာန် ရုပ်နှင့်နာမ်လည်း နှစ်တန်နှစ်ဝ ပေါင်းဆုံ ရမှ ကိစ္စဖြာဖြာ ပြီးစေပါသည် ခွဲကာသိဘို့မှတ်တမ်းတည်း။

### ရုပ်နှင့်နာမ်ကိုဆင်ခြင်ပွားများရန်အကျဉ်းချုပ်

ဇာဒံရုပံ ဇာဒံနာမံ၊ ဇာဒံနာမ ဇာဒံရူပံ။ ။ဇာဒံ၊ ဤကိုယ်အကောင်ပုပ်ကြီးသည်။ ရူပံ၊ ဖောက်ပြန်တတ်သည့် ရုပ်တရားကြီးပါ ပေတည်း။ ။တနည်း။ ဇာဒံ၊ဤမဟာဘုတ် လေးပါးနှင့်တကွ ယင်းမဟာဘုတ်ကို မှီ၍ဖြစ်တတ်သော ဥပါဒါရုပ် ၂၄–ပါး ပေါင်း ၂၈-ပါးသော ရုပ်တို့ကို သဲပုံနှမ်းပုံကြီးအလား ပေါင်းဆုံလုံးထွေး၍လူသေကောင်ကြီးနှင့်တူသော ဤကိုယ်ကောင်ကြီးသည်။ရူပံ၊မလှုပ်တတ် မလှည့်တတ်ဘာကိုမျှမသိတတ်တဲ့ ဖောက်ပြန်တဲ့ ရုပ်တရားကြီးပါပေတည်း။ ။ဇာဒံ၊ ဤအသိမျိုးသည်။ နာမံ၊ နာမ်တရားကြီး ဖြစ်ပါပေတည်း။ ။တနည်း။ ။ဇာဒံ၊ ဤ မျက်စိသိ ၊နားသိ၊ နှာခေါင်းသိ၊ လျှာသိ၊ ကိုယ်သိ၊ စိတ်သိ၊ တောင်သိ၊ မြောက်သိ တွေ့သိတတ်တဲ့ အသိအမျိုးမျိုးသည်။နာမံ၊အာရုံသို့ညွှတ်တတ် အာရုံကို သိတတ်တဲ့ နာမ်တရားကြီး ဖြစ်ပါပေသတည်း။ ။ရူပံ အနိစ္စံ၊ ရူပံဒုက္ခံ၊ရူပံအနတ္တာ။နာမံ အနိစ္စံ၊နာမံ ဒုက္ခံ၊နာမံ အနတ္တာ။ ။ရူပံ၊ ရုပ် ၂၈–ပါးသည်။ အနိစ္စံ၊ အမြဲမရှိ အနိစ္စ တရားကြီး ပါပေတကား။ ။တနည်း။ ရူပံ၊မဟာဘုတ် ဥပါဒါရုပ်တို့၏ အပေါင်းအစု အလုံးအထွေး အစုအဝေးဖြစ်တဲ့ ရုပ်တရားကြီးသည်။အနိစ္စံ၊တဖြစ်ထဲဖြစ် တပျက်ထဲပျက် ရေပွက်လျှပ်စစ်တို့ကဲ့သို့ ဖြစ်ပျက်မစဲ အမြဲမရှိသော တရားပါပေတကား။ ရူပံ၊ရုပ် ၂၈-ပါးသည်။ဒုက္ခံ၊ချမ်းသာမရှိ ဆင်းရဲတရားကြီးပါပေတည်း။ ။တနည်း။ ။ရူပံ၊ရုပ် ၂၈–ပါး တို့၏ အပေါင်းအစု အလုံးအထွေး အစုအဝေးတွေသည်။ ဒုက္ခံ၊ဘေးအတန်တန် ရန်အမျိုးမျိုး ဘေးဆိုးကြီးတွေ နှိပ်စက်သဖြင့် ကြောက်မက်ဘွယ်ဖြစ်တဲ့ ဒုက္ခဆင်းရဲကြီး ပါပေတကား။ ။ရူပံ၊ရုပ် ၂၈-ပါးသည်။အနတ္တာ၊အစိုးမရ ကိုယ်မဟုတ် အနတ္တတရားကြီး ပေတကား။တနည်း။ရူပံ၊မဟာဘုတ်ဥဒါဒါရုပ်တို့၏အပေါင်းအစုအဝေး အလုံးအထွေးဖြစ်တဲ့ ရုပ်တရားသည်။ အနတ္တာ၊ ငါမဟုတ်, ကိုယ်မဟုတ် သူဖြစ်ချင်သလိုဖြစ် ပျက်ချင်သလိုပျက် အစိုးမရတဲ့ အနတ္တတရားကြီးပါ ပေတည်း။ နာမံ၊ နာမ်တရားသည်။ အနိစ္စံ၊ အမြဲမရှိ အနိစ္စတရားကြီးပါ ပေတည်း။ တနည်း။ နာမံ၊သိတတ်တဲ့နာမ်တရားသည်။ အနိစ္စံ၊ တဖြစ်ထဲ ဖြစ် တပျက်ထဲပျက် ရေပွက် လျှပ်စစ်ကဲ့သို့ ဖြစ်ပျက်မစဲ အမြဲမရှိသော တရားကြီးပါပေတည်း။ နာမံ၊နာမ်တရားသည်။ဒုက္ခံ၊ချမ်းသာမရှိ ဆင်းရဲ

ခြင်း ဒုက္ခတရားကြီးပါပေတည်း။ တနည်း။ နာမံ၊ သိတတ်သော နာမ်တရားသည်။ဒုက္ခံ၊ဘေးအတန်တန် ရန်အမျိုးမျိုး ရောဂါဆိုးတွေ နှိပ်စက်သဖြင့် ကြောက်မက်ဘွယ်ကောင်းတဲ့ ဒုက္ခမျိုးကြီးတွေပါတကား။ နာမံ၊ နာမ်တရားသည်။ အနတ္တာ၊ အစိုးမရ ကိုယ်မဟုတ် အနတ္တတရားကြီးပါပေတကား။ တနည်း။ နာမံ၊ သိတတ်တဲ့ နာမ်တရားသည်။ အနတ္တာ၊ငါမဟုတ် ငါ့ကိုယ်မဟုတ် သူဖြစ်ချင်သလိုဖြစ် ပျက်ချင်သလိုပျက် အစိုးမရတဲ့ အနတ္တတရားကြီးပါပေတကား ။(မှတ်ချက်) အဲသည်အတိုင်း ပုတီးနာနာစိပ် ကြပ်ကြပ် စိပ်ပါ၊ နေရင်း ထိုင်ရင်း သွားရင်း လာရင် ဘယ်အခါမဆို ဆင်ခြင်ပွားများ ဥပုသ်စောင့်ရင်းဖြစ်စေ၊ မစောင့်တဲ့အခါဖြစ်စေ အခါခပ်သိမ်း ဘယ်အခါမဆို စိတ်က ဆင်ခြင်ပွားများ၍နေရမယ်၊ရုပ်တရား နာမ်တရားကို ခွဲခြား၍နေရမည်၊ပါးစပ်က တတွတ်တွတ်ရွတ်ပြီး ပုတီးစိပ်နေရုံမျှနှင့် မပြီးသေးဘူး၊ စိတ်ထဲက သဘောကျအောင် နာနာတွေးကြည့်၊ ဉာဏ်နှင့်မြင်အောင်ကြိုးစား၍ကြည့်၊ လိုရင်းမှာ ရုပ်တွေ တခုစီတခုစီမြင်အောင် နာနာခွဲ၍ကြည့်၊နာနာစိတ်၍ကြည့်၊ အလုံးကြီး အပေါင်းကြီး မမြင်စေနှင့်၊ တခုစီ တခုစီ တရုပ်စီ တရုပ်စီ ခွဲစိတ်၍ ကိုယ်လုံးကြီးကို အစိပ်စိပ် အမွှာမွှာ ဖြစ်အောင် ဖျက်ဆီး၍ မြင်မှပရမတ်ဉာဏ်ခေါ်တယ်၊နာမ်တရားလဲ တပေါင်းထဲ မမြင်စေနဲ့၊စိတ်တွေက သူ့သဘောနှင့်သူတခုစီတခုစီတစိတ်စီတစိတ်စီအသီးသီးခွဲ၍စိတ်၍အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဖျက်ဆီး၍မြင်အောင်ကြည့်ရမယ်၊လုံး၍ပေါင်း၍အပေါင်းကြီးကိုမြင်နေလျှင် ပညတ်နယ်က မထွက်နိုင်သေးဘူး၊ သို့ကလိုဆင်ခြင်ပွားများ၍ ဉာဏ်တဖြေးတဖြေးရင့်သန်ကာ ရုပ်နှင့်နာမ်ကို တခုစီတခုစီ ခွဲခြား၍မြင်ပါလျှင် ယခုဘ၀ မဂ်ဖိုလ်ရထိုက်တဲ့ လူဖြစ်ပါက ချက်ခြင်း မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်တယ်၊ယခုဘ၀ မရသေးလျှင် မဖြစ်စဘူး ထူးမြတ်သော ကုသိုလ်ကြီးကို ရသဖြင့် နောင်ဘ၀မှာ လွယ်လွယ်ကလေးနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တယ်၊ ရုပ်နာမ်တရားကို ခွဲခြား၍သိအောင် အားထုတ်ဘူးတာနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို အလွယ်ကလေးနှင့် ရတဲ့ ပုဏ္ဏားလင်မယား ဝတ္ထုကိုကြည့်ကြပါလေ၊အလွန်တရာ အားကျဘို့ကောင်းတဲ့ ဝတ္ထုပါဘဲ။

## ဦးစွန်ငါးခုရှိသော ပဉ္စဂ္ဂပုဏ္ဏားလင်မယားဝတ္ထု

ကဿပဘုရားရှင်လက်ထက်တော်က ပုဏ္ဏားလင်မယား နှစ်ယောက်တို့ဟာ နာမ်နှင့်ရုပ်စပ်သောတရားကို နာကြားဘူးတယ်၊ ဆရာသမား

ဓမ္မကထိက ပုဂ္ဂိုလ်များက ရုပ်တရားသည် ဖောက်ပြန်တတ်၏၊ တစုံတရာကို မသိတတ်၊ နာမ်တရားသည် အာရုံကိုညွတ်တတ် သိတတ်၏၊ ဖြူသည် မဲသည်စသည်ဖြင့် အာရုံကို ညွတ်တတ် သိတတ်၏၊ ဤသို့ အစရှိသဖြင့် ရှေးကပြဆိုခဲ့သည့် အတိုင်း ရုပ်သဘော နာမ်သဘော များကို အမျိုးမျိုး ခွဲခြား၍ ဟောတဲ့အခါ ပုဏ္ဏားလင်မယားတို့က နားစိုက်၍ နာဘူးကြတယ်၊ ရုပ်သဘော နာမ်သဘောများကို ခွဲခြား၍ သိအောင် ပွားများဆင်ခြင် အားထုတ်ခဲ့ကြတယ်၊ အဲဒီဘဝက မဂ်ဖိုလ်နိဗ္ဗာန် ရမဲ့ အခြေခံပါရမီရှိ၍ လာကြတာပေါ့လေ၊ တဘဝထဲနှင့် မဂ်ဖိုလ် နိဗ္ဗာန်ကို မရသေးပေမဲ့ ရုပ်တရား နာမ်တရား များကို ကြားနာ မှတ်သားဘူးတော့ အလွန်တရာ ထူးမြတ်တဲ့ ကုသိုလ်ပါရမီကြီးကို ရရှိ၍ လာကြတာပေါ့၊ ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်းကို စီးဖြန်းရတဲ့ ကုသိုလ်ဟာ အလွန်တရာ မွန်မြတ်တာကလား၊ လင်မယားနှစ်ယောက်စလုံး ရုပ်ခွဲ နာမ်ခွဲကို ကွဲပြားအောင် အားထုတ်ကြပြီး မဂ်ဖိုလ်နိဗ္ဗာန် အခြေခံရအောင် လုပ်ခဲ့ကြရလို့ သို့ကလို ရုပ်တရား နာမ်တရားကို ကွဲပြားအောင် ပွားများအားထုတ်ခဲ့တဲ့ လင်မယား နှစ်ယောက်ဟာ ယခု ဂေါတမဘုရားရှင် လက်ထက်တော်သို့ ရောက်တဲ့အခါကျတော့ သာဝတ္ထိပြည်မှာ ပစ္စည်းဥစ္စာ များစွာကြွယ်ဝတဲ့ ပုဏ္ဏားလင်မယား လာ၍ ဖြစ်ကြတယ်။ ပုဏ္ဏားကြီး နာမည်ကတော့ ပဥ္စဂ္ဂပုဏ္ဏားကြီးလို့ ခေါ်တယ်၊ ပစ္စည်းဥစ္စာ များစွာ ကြွယ်ဝေသဖြင့် အကျော်ဇေယျဖြစ်၍ နေတာပေါ့၊ လောကီစည်းစိမ်ကို မြိန်မြိန်ကြီးခံစားပြီး အထက်တန်းစားက နေထိုင်ရတယ်၊ ကဿပဘုရားရှင်လက်ထက်တော်က ရုပ်တရား နာမ်တရားကို ပွားများအားထုတ်ခဲ့တဲ့ အခြေခံပါရမီကုသိုလ်ကြီး ပါ၍လာသော်လည်း အစပဌမမှာတော့ မီးခဲပြာဖုံးဖြစ်၍ နေသေးတာဘဲ၊ ဘုရားသခင်ကိုလည်း မဖူးမြင်ရသေး တရားကိုလည်း နာရမှန်းမသိသေးဘူး၊ အမှုမဲ့ အမှတ်မဲ့ လောကီစည်းစိမ်ကိုခံစား၍ နေကြသေးတာဘဲ။ တနေ့သဉ်တော့ ဘုရားသခင် ကိုယ်တော်မြတ်လည်း ကျွတ်ထိုက်တဲ့ သတ္တဝါတို့ကို ရှေ့ဉာဏ်တော်စက္ခုဖြင့် ကြည့်တော်မူတဲ့အခါ ပုဏ္ဏားကြီးလင်မယားကို ထင်စွာမြင်တော်မူတယ်။ ပုဏ္ဏားကြီး လင်မယားသည် ကဿပဘုရားရှင် လက်ထက်တော်အခါက ရုပ်တရား နာမ်တရားများကို နာကြား မှတ်သားခဲ့ဘူးကြောင်း အခြေခံပါရမီရှိ၍လာသဖြင့် ရုပ်နာမ်နှင့် စပ်သော တရားများကို ဟောကြားရလျှင် ဘွားခနဲဉာဏ်မျက်စိပွင့်လင်းပြီး အကျွတ်တရားရမဲ့ အကြောင်းကို

ကောင်းစွာ မြင်တော်မူတာကို၊ သို့ကလို သိမြင်တော်မူတော့ ရှင်တော်ဘုရားက ထိုပုဏ္ဏားလင်မယားအိမ်သို့ ဆွမ်းခံရန်ကြွတော်မူတယ်၊ ဘုရားသခင် ကြွလာတော်မူတဲ့အခါ ပုဏ္ဏားကြီးလင်မယားကလဲ ထမင်းစား၍ နေကြသတဲ့၊ ထမင်းပွဲနားသို့ ဘုရားသခင်ကြွ၍ ဆွမ်းရပ် လာတာကို ပုဏ္ဏားကြီးက ရုတ်တရက် မမြင်သေးဘူး၊ ပုဏ္ဏေးမကြီးကသာ ရှေ့ဦးစွာ မြင်တယ်၊ပုဏ္ဏေးမကြီးက ဆွမ်းခံကြွလာတဲ့ ဘုရားသခင်ကို မြင်တဲ့အခါ ဆွမ်းမလောင်းချင်တာနဲ့ လင်ဖြစ်သူပုဏ္ဏားကြီး မသိအောင် ခေါင်းကို ငြိမ့်ပြီး မျက်ရိပ်ပြကာ ကန်တော့သတဲ့။ ဤကဲ့သို့ ပုဏ္ဏေးမကြီးက ကန်တော့ ဆွမ်းလောင်း၍နေသော်လဲ ဘုရားသခင်က ဆွမ်းမရလျှင် မပြန်ဘူးဆိုတဲ့ သဘောနှင့် ခေါင်းခါတော် မူတာကို ဘုရားရှင်ခေါင်းခါတာကို မြင်တော့ ပုဏ္ဏေးမကြီးက ဖြစ်မှဖြစ်ရလေနော်၊ ဘယ့်နှယ် ဘုရားဘာလိမ့် မလဲလို့ မရယ်တဲ မနေနိုင်တော့တာနှင့် ရယ်မိတာနှင့် ရယ်မိတာကို ပုဏ္ဏေးမကြီး ရယ်သံကို ကြားတော့မှ ပုဏ္ဏားကြီး မော်၍ကြည့်တဲ့အခါ ဘုရားဆွမ်းရပ်နေတာမြင်တော့ သည်တော့မှ ကမျာကရာ ကြည်ညိုလှစွာနှင့် စားနေတုန်း စားပွဲမှ လက်ကို သုတ်ပြီး ထမင်းပွဲပါ မချိုလျက် ဘုန်းတော် ကြီးလှစွာသော မြတ်စွာဘုရား တပည့်တော်တို့ ထမင်းစားနေတာ ထက်ဝက်ကျ၍ နေပါပေါ့၊ အကြွင်းအကျန်ကို အလှူခံ ကောင်းပါရဲ့လား ဦးဦးဖျားဖျား မဟုတ်ပါဘဲ အကြွင်းအကျန်ပေမဲ့ အလှူခံ ကောင်းပါလျှင် အလှူခံပါ ဘုရားလို့ လျှောက်ထားတယ်။ ပုဏ္ဏားကြီးက အလွန်တရာသဒ္ဓါတရား ထက်သန်တာကို၊ ဘုရားရှင်နှင့် မတွေ့သေးလို့သာ မီးခဲပြာဖုံးဖြစ်၍ နေတာကို၊ ဘုရားနှင့် တွေ့ပါလျှင် လွယ်ကူစွာ ကျွတ်တမ်းဝင်မဲ့ ပုဏ္ဏားကြီးဘဲ ဘုရားသခင်က ငါတို့ ဘုရားမည်သည်မှာ သူတောင်းစားနှင့် အလားတူတယ်၊ ဦးဦးဖျားဖျား လှူရင်လဲ ဦးဦးဖျားဖျား အလှူခံရတယ်၊ စား၍ တဝက်ကျန်တာကို လှူရင်လဲ အလှူခံရတယ်၊ စားလို့ကျန်တဲ့ အကြွင်းအကျန်ကို လှူရင်လဲ အလှူခံကောင်းတယ်၊ အယုတ် အလတ် အမြတ်သုံးပါးတွင် ဘယ်ဟာ ကိုဘဲလှူလှူ အလှူခံကောင်းတာကြီးဘဲ၊ငြင်းပယ်ဘို့ မရှိပေဘူးလို့ သို့ကလို မိန့်တော်မူတဲ့အခါ ပုဏ္ဏားကြီးက ဝမ်းမြောက်ဝမ်းသာနှင့်စား၍ တဝက် ကျနေတဲ့ ထမင်းပွဲကို ဘုရားသခင်အား လှူဒါန်းတယ်၊ဘုရားသခင်ကလဲ ကောင်းမွန်စွာ အလှူခံတော်မူတယ်။

ဇာတ္တသယ ၄၀၀-၂၀

ဤနေရာမှာ အချို့ကဦးဦးဖျားဖျားလှူမှ လှူကောင်းတယ်လို့ မှတ်နေကြသနော်၊ ဤပုဏ္ဏားကြီးဝတ္ထုကိုထောက်ပြီး သဒ္ဓါတရားထက်သန်လျှင် အကြွင်း အကျန်ပေမဲ့ လှူကောင်းတဲ့အကြောင်း ကောင်းကောင်းကြီး ထင်ရှားတယ်၊ သို့သော်လည်း ဦးဦးဖျားဖျားကို သဒ္ဓါတရားထက်ထက် နှင့် လှူရတော့ သာပြီးအကျိုးကြီးတာပေါ့လေ အလှူဒါနသုံးမျိုးသုံးစား ရှိတာကို။ ဒါနသာမိ၊ အရှင် သခင် အလှူ။ ဒါနသဟာယ၊ မိမိနှင့် ကိုယ်တူမိတ်ဆွေ ဖြစ်သောအလှူ။ ဒါနဒါသ၊ ကျွန်ဒါနအောက်အကျ ဆုံးသောအလှူ။ သို့ကလိုဒါနသုံးမျိုးရှိတယ်၊ ထိုသုံးမျိုးတို့တွင် မိမိသုံးစွဲတာထက် မွန်မြတ်သာလွန်တဲ့ ပစ္စည်းကို လှူတာကို ဒါနသာမိလို့ ခေါ်တယ် မစားမသောက်ခင် ဦးဦး ဖျားဖျားလှူတဲ့ အလှူမျိုးပေါ့။ အဲဒီဦးဦးဖျားဖျား အလှူမျိုးဟာ အကျိုးပေးတဲ့အခါ ကြီးကျယ်စွာသော အကျိုးကို ပေးတတ်တယ် သူများအရင်ဦးပြီး တရားထူးသိရတယ်၊ ဘုရားလက်ထက်က ကောဏ္ဍညမဟာထေရ်ဟာ နောက်နောက်သော ဘဝက ကောက်ဦးကိုး ကြိမ်လှူပြီး ဦးဦးဖျားဖျား လှူဒါန်းခဲ့လေတော့ ယခုဂေါတမ ဘုရားသာသနာမှာ ရှေ့ဦးစွာအဦးဆုံး ကျွတ်တမ်းဝင် ရတယ်၊ ဒါနသဟာယ ဆိုတာကတော့ မိမိသုံးစွဲတဲ့ပစ္စည်းနှင့် တန်းတူ အလယ်အလတ်ပစ္စည်းကို လှူတာက ဒါနသဟာယလို့ ခေါ်တယ်။ ယခု ပုဏ္ဏားကြီးစား၍ တဝက်ကျန်တဲ့ထမင်းကို ဘုရားသခင်အား လှူဒါန်းတဲ့ အလှူမျိုးပေါ့လေ၊ဒီလိုကိုယ်နှင့်တန်းတူတဲ့ ဒါနသဟာယမျိုးဟာအလယ် အလတ်အကျိုးကိုပေးသတဲ့။ ။ဒါနဒါသ ဆိုတာကတော့ မိမိသုံးစွဲနေတဲ့ ပစ္စည်းအောက် ယုတ်ညံ့သည့် အညံ့ဆုံး ပစ္စည်းလှူတာကို ဒါနဒါသ အလှူလို့ခေါ်တယ်၊ ဒီလိုအညံ့ဆုံးအလှူကတော့ အညံ့ဆုံးအောက်ထစ်ဆုံး အကျိုးကိုပေးတယ်။

## ပုဏ္ဏားကြီးက ဘိက္ခုမည်ပုံကို မေးလျှောက်ခဏ်း

သို့ကလိုဆွမ်းများကပ်ပြီးတဲ့အခါ ပုဏ္ဏားကြီးက မေးလျှောက်သည်မှာ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား အရှင်ဘုရား၏တပည့်သားများကို ဘိက္ခုလို့ ခေါ်တဲ့အကြောင်းကို ဘယ်အတွက်ကြောင့် ခေါ်ပါသလဲ ဘယ်လိုပုဂ္ဂိုလ်မျိုးကိုဘိက္ခုခေါ်ပါသလဲ ဘိက္ခုလို့ ခေါ်တဲ့အကြောင်းကို ကောင်းမွန်စွာ ဟောတော်မူပါဘုရားလို့ လျှောက်ထားကာ မေးမြန်းတယ်။ ။သို့ကလို ပုဏ္ဏားကြီးကလျှောက်ထားမေးမြန်းတဲ့အခါ မြတ်စွာဘုရားကိုယ်တော်မြတ်က မိမိ၏ တပည့်သားများကို ဘိက္ခုလို့ခေါ်တဲ့

အကြောင်းကို ဟောကြားတော်မူသည်မှာ– အိုဒါယကာ ပုဏ္ဏားကြီး ယောက်ျားဖြစ်စေ မိန်းမဖြစ်စေ ရဟန်းဖြစ်စေ လူဖြစ်စေ အကြင်သူသည် ရုပ်တရား နာမ်တရား နှစ်ပါးတို့၏ ချစ်ခင်တွယ်တာ သာယာခြင်းမရှိ ထိုရုပ်နာမ် နှစ်ပါးတို့ ပျက်စီး၍ သွားသည့်အတွက် စိုးရိမ် ပူဆွေး ငိုကြွေးခြင်းလည်းမရှိ ပျက်စီးတတ်သော သဘောတရားမို့ ပျက်စီး၍ သွားသည်ဟု စဉ်းစားဆင်ခြင်လေ့ရှိ၏၊ ဤကဲ့သို့ ရုပ်နာမ်တရား နှစ်ပါး၌ ချစ်ခင်တွယ်တာခြင်းမရှိ စိုးရိမ်ကြောင့်ကြခြင်း မရှိသောသူကို ရဟန်း ဖြစ်စေ လူဖြစ်စေ ဘိက္ခုဟူ၍ ခေါ်တယ်လို့ အဲဒါလို မိန့်တော်မူပြီး အောက်ပါဂါထာကို ဟောကြားတော်မူတယ်။

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာစ န သောစတိ၊ သဝေ ဘိက္ခူတိ ဝုစ္စတိ။

ယဿ၊ မိန်းမ ယောက်ျား များစွာခန်းခန်း ရဟန်းရှင်လူ အကြင် သူအား။ သဗ္ဗသော၊ လုံစုံများစွာ ခပ်သိမ်းသော အခြင်းအရာဖြင့်။ နာမ ရူပသ္မိံ၊ သိတတ် မသိတတ်ဖောက်ပြန်တတ်ဟု နှစ်ရပ်ထင်ရှား နာမ်ရုပ် တရား၌။ မမာယိတံ၊ ငါနှင့် ငါပိုင် ငါဆိုင် ငါ့ဟာ ငါ့ဥစ္စာဟူ၍ တွယ်တာနှစ်သက်ခြင်းသည်။ နတ္ထိ၊ နာမ်ရုပ်အဖြစ်စင်စစ်တိတိ မြင်ကာ သိတာကြောင့် မရှိပါချေ။ အသတာစ၊ ကိုယ်ပိုင်မဟုတ် နာမ်နှင့်ရုပ်တို့ တဖြုတ်ဖြုတ်သာကုန်ဆုံးပျက်စီးခဲ့ပါသော်လည်း။ နသောစတိ၊ ဓမ္မတာ အတိုင်း မဆိုင်းမသွေ ပျက်စီးလေသည်ဟု အထွေထွေနှလုံးသွင်းပြီး စိုးရိမ် ပူပန်ခြင်းမရှိလေ။ သ–သော၊ ထိုကဲ့သို့ ရုပ်နာမ်နှစ်ဖြာ၌ တွယ်တာ နှစ်သက်ခြင်း စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မရှိသောသူကို။ ဝေ၊ စင်စစ်ဧကန် မသွေမှန်သဖြင့်။ ဘိက္ခူတိ၊ ရုပ်နာမ်ဘေးကို တွေး၍မြော်ရှု ပယ်ခွာ မှုကြောင့် ဘိက္ခု အမည်ရှိသောသူဟူ၍။ ဝုစ္စတိ၊ ကေန်မသွေ ဆိုအပ် ပေတော့သတည်း။

အို–ဒါယကာ ပုဏ္ဏားကြီး ဘိက္ခုဟူသောအမည်ဟာ ရဟန်းတို့ကိုသာ ခေါ်တာမဟုတ် ရဟန်းဖြစ်စေ လူဝတ်ကြောင်ဖြစ်စေ ယောက်ျားဖြစ်စေ မိန်းမဖြစ်စေ ရုပ်နာမ်တရားနှစ်ပါး၌ ငါ့ရုပ် ငါ့နာမ်ဟူ၍ တွယ်တာ နှစ်သက်တတ်သော တဏှာတရားမရှိ ထောင်လွှားတတ်သော မာန တရားလည်းမရှိ၊ စွဲလန်းတတ်သော ဒိဋ္ဌိတရားလည်းမရှိ၊ ရုပ်နာမ်နှစ်ပါး များများကြီးအပြစ်မြင်ပြီး တွင်တွင်ကြီး ပယ်ခွါတတ်သောသူကို ဘိက္ခု ဟူ၍ ခေါ်ဆိုတယ်လို့ အဲသို့ကလို ဂါထာနှင့် ဟောကြားတော်မူတဲ့အခါ

ပုထုဇွားလင်မယား နှစ်ယောက်တို့မှာ ကာမရာဂ ဗျာပါဒတို့ကို အကြွင်းမရှိ ပယ်ပြီး အနာဂါမ် တည်ကြလေ သတည်း။ ပုထုဇွား လင်မယား နှစ်ယောက်တို့က ကဿပဘုရားရှင် လက်ထက်တော်အခါက ရုပ်နာမ် တရားတို့ကို နာကြားခဲ့ဘူးကြတာကိုး၊ အဲသည်လို ရုပ်နာမ် တရားကို နာကြားခဲ့ဘူးသောပါရမီအခြေခံ ရုပ်ကမ္မဋ္ဌာန်းနာမ်ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခဲ့ဘူးသော ပါရမီကုသိုလ်ကံ ပါရှိ၍လာသောကြောင့် ယခုဘဝမှာ ရုပ်နာမ်နှင့်စပ်တဲ့ တရားကို နာကြားရတဲ့အခါ ဉာဏ်မျက်စိဘွားခနဲ ပွင့်လင်းသွားပြီး လွယ်ကူစွာ အကျွတ်တရားကို ရရှိသွားတာပေါ့၊ သို့အတွက်ကြောင့် ယခုဘဝချက်ချင်း မဂ်ဖိုလ်နိဗ္ဗာန်ကို မရကြသေးသော်လည်း အခြေခံပါရမီ ကုသိုလ်ရပြီး နောက်နောင်သောဘဝနောင်ကာလ ဘုရားရှင်တို့လက်ထက်တော်မှာ လွယ်ကူစွာ ကျွတ်တမ်းဝင်ကြရအောင်ရုပ်ကမ္မဋ္ဌာန်းနာမ်တမ္မဋ္ဌာန်းများကိုကြိုးစား၍စီးဖြန်းရမည်ရုပ်နာမ် သဘောများကိုနားလည်ရအောင်အားထုတ်ကြိုးစား၍ထားရမည်၊ ပုထုဇွာကြီးအားဘုရားသခင်ဟောကြားတော်မူသည့်အတိုင်း ဘိက္ခုဆိုတာ ရဟန်းကိုသာခေါ်တာမဟုတ်၊ ရဟန်းကိုရော လူဝတ်ကြောင်းကိုရော ဘယ်သူမျိုးကိုမဆို ရုပ်နာမ်တရား နှစ်ပါး၌ ငါ့ရုပ်ကြီး ငါ့နာမ်ကြီး ရယ်လို့ တဏှာမာနဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် စွဲလမ်းတပ်မက်မောခြင်း မရှိလျှင် ဘိက္ခုလို့ခေါ်တယ်ဆိုတာ အသေအချာ မှတ်သားကြ၊ လူဝတ်ကြောင်တွေကိုတော့ ဘိက္ခုလို့ မခေါ်ဘူး မှတ်နေတတ် ကြတယ်၊ သို့အတွက် ဘိက္ခဝေ ငါ၏ချစ်သားရဟန်းများတို့ဟူ၍ ပေးတဲ့အနက်ဟာ မစုံလင်သေးဘူး၊ ဘိက္ခဝေ-ရုပ်နာမ်နှစ်ဖြာ တွယ်တာ နှစ်သက်ခြင်းမရှိ ငါ၏ချစ်သား ရဟန်းများတို့၊ဘိက္ခဝေ-ငါ၏ချစ်သား ယောကျ်ားများတို့၊ ဘိက္ခဝေ-ငါ၏ချစ်သမီး ဒါယကာမများတို့ အဲဒီလို အားလုံးစုံအောင် အနက်ပေးရမည်။ ။တနည်းလည်း- သံသရာဘေးကို လေးသောဝန်ဟူ၍ ရှုတတ်သောသူ၊ သံသရာဘေးကြီးကို ကြက်သီးမွေးညှင်းထအောင် ကြောက်လန့်တတ်သောသူကို ရဟန်းရောလူရော ဘယ်သူကိုမဆို ဘိက္ခုဟူ၍ ခေါ်ဆိုသတဲ့။

သံသာရဘယံ ဣက္ခတီတိ ဘိက္ခု။ သံသာရဘယံ၊ သံသရာဘေးကြီးကို။ ဣက္ခတိ၊ လေးသောဝန်ဟု ကြည့်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဘိက္ခု၊ ဘိက္ခုမည်၏။ အဘိဓမ္မာပရမတ္ထအရာ ကမ္မဋ္ဌာန်း အားထုတ်တဲ့ နေရာမှာ စာတတ်တာ မတတ်တာ အရေးမကြီးဘူး

စာတလုံးမှ မတတ်တဲ့လူဖြစ်ပေမဲ့ ဆရာသမား နည်းပေးသည့်အတိုင်း ကျကျနန အားထုတ်လျှင် ကမ္မဋ္ဌာန်း ပေါက်နိုင်တယ်။ ။(မှတ်ချက်) ပိဋကတ်သုံးပုံ နှုတ်ငုံနေတဲ့ဆရာတော် သမားကြီးဖြစ်ပေမဲ့ ကမ္မဋ္ဌာန်း စီးဖြန်းပုံနည်းမကျသောသူနောက်နောက်ကပါရမီ အခြေခံမရင့်သန်ခဲ့တဲ့ လူများဟာ တော်တော်နှင့် ကမ္မဋ္ဌာန်းမပေါက်နိုင် မဂ် ဖိုလ် နိဗ္ဗာန်သို့ မရောက်နိုင်ဘူး၊ ဒါကြောင့်မို့ စာတတ်တို့ မတတ်တို့ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်တို့မဆောင်တို့က လိုရင်းမဟုတ်လှဘူး၊ ရုပ်ခွဲနာမ်ခွဲတရားကို အမျိုးမျိုးခွဲခြားပြီး ရှေးကပြဆိုခဲ့သည့်အတိုင်း နည်းလမ်းကျကျ စီးဖြန်း ပွားများတတ်ဘို့ ပါရမီအခြေခံ ထက်ထက်သန်သန်ရရှိဘို့ အရေးကြီး တယ်၊ အဲဒီလိုပါရမီ အခြေခံ ပါရှိအောင် ကြိုးစား အားထုတ်ရမည်၊ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နေပေမဲ့ ရတ်တရက် ကမ္မဋ္ဌာန်းမပေါက် နိုင်တဲ့ မထေရ်ကြီးတပါးဝတ္ထုကို ဆောင်လိုက်ရအုံးမယ်၊သေသေချာချာ နှလုံးသွင်း၍ သတိပြုပါ။

## မဟာသီလဝ မထေရ်ကြီးဝတ္ထု

မဟာသီဝ မထေရ်ကြီးဆိုတာ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နေတဲ့ စာချပုဂ္ဂိုလ်ကြီးဖြစ်တယ် အရပ်လေးမျက်နှာမှလာရောက်တဲ့စာသင်သား အပေါင်းတို့အား စာပေပို့ချပြီး ကမ္မဋ္ဌာန်းစီးဖြန်းဘို့ နည်းလမ်းများကိုလဲ ဟောကြားပြသလျက် ကမ္မဋ္ဌာန်းပေး၍နေတဲ့ မထေရ်ကြီး ဖြစ်တယ် မဟာသီလဝ မထေရ်ကြီးသင်ကြားပြသ၍ပေးတဲ့ တပည့်တပန်း ရဟန်း၊ သာမဏေများသည် မထေရ်ကြီးအထံမှာ စာပေများကို သင်ကြားပြီး ကမ္မဋ္ဌာန်းစီးဖြန်းပုံ နည်းလမ်းများကို သင်ယူလျက် မထေရ်ကြီး၏ဆုံးမ ဩဝါဒအတိုင်း ကမ္မဋ္ဌာန်းအားထုတ်သဖြင့် ရဟန္တာဖြစ်သွားတဲ့ တပည့် တွေဟာ များစွာပင်ရှိတယ်။ ထိုကဲ့သို့ ရဟန္တာဖြစ်ပြီး ကျွတ်တမ်းဝင် သွားတဲ့ တပည့်တွေဟာ ဘယ်လောက်များ- များပါသလဲ ဆိုတော့ အားလုံးပေါင်း သုံးသောင်းတောင်ရှိသတဲ့၊ များလဲများတဲ့ တပည့်တွေ ပါဘဲနော် တပည့်ပေါင်း သုံးသောင်းတောင် ကျွတ်တမ်းဝင်၍သွားတယ် ဆိုတော့ သင်ကြားပြသပေးတဲ့ဆရာကိုလဲ ချီးမွမ်းစရာဘဲ တပည့်တွေက သုံးသောင်းတောင် ရဟန္တာဖြစ်၍ သွားသော်လည်း သင်ကြားပြသ ဆုံးမ ဩဝါဒပေးတဲ့ ဆရာကြီးကတော့ အာသဝေါ မကင်းသေးတဲ့ ပုထုဇဉ်သာ ဖြစ်သေးတယ်၊ အာသဝေါကင်းကွာ၍ ရဟန္တာအဖြစ်သို့ မရောက်သေးဘူး၊ မဟာသီလဝ မထေရ်ကြီး၏ စိတ်အထင်ကတော့

ငါ့တပည့်တွေတောင် ရဟန္တာဖြစ်၍သွားကြတာဟာသုံးသောင်းတောင် ရှိသွားပြီး ငါ့မှာတော့ဘာမှ ခဲယဉ်းမည်မဟုတ်ဘူး၊ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နေတဲ့ စာချပုဂ္ဂိုလ်ကြီးဘဲ စာတတ်ပြီးသားဘဲ ဘယ်မှာ ခဲယဉ်းမှာလဲ ကမ္မဋ္ဌာန်းအားထုတ်လိုက်လျှင် အလွယ်ကလေးနဲ့ ရဟန္တာ ဖြစ်မှာဘဲလို့ အဲဒီလိုအောက်မေ့နေသတဲ့ အမှုမဲ့အမှတ်မဲ့ ထင်လဲထင်စရာ ဖြစ်နေတာကိုး၊ မိမိသင်ကြားပေးတဲ့ တပည့်တွေက သုံးသောင်းတောင် ရဟန္တာဖြစ်သွားကြတာကလား သင်ကြားပေးတဲ့ ဆရာမှာတော့ ဘာမှ မခဲယဉ်းဘဲ အလွယ်ကလေးနှင့် ရဟန္တာဖြစ်မှာဘဲဆိုတာ ကိုယ့်ကိုယ်ကို ထင်စရာဖြစ်နေတာပေါ့။

မထေရ်ကြီးက ငါသာလျှင် ကမ္မဋ္ဌာန်းအားထုတ်ရလျှင် သုံးရက်ထဲ နှင့် ကိစ္စပြီးမှာဘဲ သုံးရက်က ပိုလွန်ပြီး အားမထုတ်ရဘူး မှတ်ထင်နေ သတဲ့၊သို့ကလိုအလွယ်ကလေးနှင့်ပေါက်နိုင်မယ်လို့မှတ်ထင်ပြီး ကမ္မဋ္ဌာန်း အားထုတ်လိုက်တာ အထင်နှင့်အမြင် အလွန်ကွာ၍နေတယ်၊ သုံးရက် နှင့်လည်းမရ သုံးနှစ်နှင့်လည်းမရ သုံးနှစ် ကြာတောင်မှ ကမ္မဋ္ဌာန်း မပေါက်သေးဘူး၊ မဂ်ဖိုလ်နိဗ္ဗာန် မရောက်သေးဘူး၊ ပုထုဇဉ်သာရှိသေး တယ်၊ရဟန္တာမဖြစ်သေးဘူး၊ သို့ကလို သုံးရက်နှင့် ရဟန္တာဖြစ်လိမ့်မယ် ထင်မှတ်ပြီး အားထုတ်တာဟာ သုံးနှစ်တောင်ကြာမှ မဖြစ်သေးဘူး ဆိုတော့ မထေရ်ကြီးမှာ အလွန်တရာ စိတ်ပျက်တော့ တာပေါ့လေ။ စိတ်ညစ်လိုက်တဲ့အညစ်ဟာ ပြောစရာမရှိဘူး၊ ငါ့မှာ ကျမ်းဂန်တတ်တဲ့ စာတတ်ပေတတ်ကြီး ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် ရဟန္တာမဖြစ် နိုင်ပါလိမ့်မလဲ လမ်းလွဲ၍ နေလို့လား ပါရမီမရှိလို့လား မျှားစွာ စိတ် မချမ်းမသာ ဖြစ်တော်မူရှာတယ်။ သီတင်းကျွတ်လပြည့်နေ့မှာ ရဟန်းတို့ ဝိနည်းတော်အတိုင်း သိမ်ထဲဝင်၍ ပဝါရဏာပြုတဲ့အခါ ကိလေသာ ကင်းကွာတဲ့ ရဟန္တာအဖြစ်နှင့် စင်ကြယ်စွာပြုခြင်းဟူ၍ ဝိသုဒ္ဓိပဝါရဏာ ဖြင့် ပဝါရဏာပြုမယ်၊ မစင်ကြယ်တဲ့ ပုထုဇဉ်အဖြစ်နှင့် ပဝါရဏာ မပြု ဘူးလို့ အားခဲပါသော်လည်း ကမ္မဋ္ဌာန်းမပေါက် မဂ်ဖိုလ်သို့ မရောက် သေးသဖြင့် စင်ကြယ်သော ဝိသုဒ္ဓိပဝါရဏာဖြင့် မပြုရသောကြောင့် ပဝါရဏာ ပြုတိုင်းပြုတိုင်း ဝမ်းနဲပက်လက်ဖြစ်ပြီး မျက်ရည်ကျ၍ ငိုတော် မူရှာသတဲ့၊ မထေရ်ကြီး ကိုယ်တော်တိုင် ငိုတယ်ဆိုတော့ သနားစရာ ဝမ်းနည်းစရာဘဲနော်။

ဤသို့ သုံးနှစ်ကြာအောင် အားထုတ်သော်လဲ ရဟန္တာမဖြစ်သေးသဖြင့် ရှေ့ကိုဆက်လက်ပြီးအားထုတ်လေရာ နှစ်ပေါင်းသုံးဆယ်တောင်ကြာသွားသတဲ့၊ နှစ်ပေါင်းသုံးဆယ်တောင် ကြာသွားသော်လဲ ရဟန္တာမဖြစ်သေးဘူး၊ ပုထုဇဉ်သာ ရှိသေးတယ်၊ အနှစ်သုံးဆယ် ကြာအောင်အားထုတ်လို့မှ ရဟန္တာမဖြစ်ရတော့ မထေရ်ကြီးက စိတ်အပျက်ကြီးပျက် လက်လျှော့သွားရော။ ငါ့မှာ အနှစ်သုံးဆယ်ကြာအောင် အားထုတ်လို့မှ မဂ်ဖိုလ်ကိုမရပါကလား၊အားလျှော့ပါပေါ့ စိတ်ပျက်ပါပေါ့၊ ဒီဘဝမှာ မဂ်ဖိုလ်ရထိုက်တဲ့သူ ဟုတ်မယ်မထင်ဘူး၊ မဂ်ဖိုလ်မရထိုက်တဲ့ ပဒပရမပုဂ္ဂိုလ် ဖြစ်ဟန်တူပါရဲ့ ရှေ့ကို ဆက်ပြီး အားမထုတ်တော့ပါဘူးလို့ ဆိုပြီး ဒေါမနဿနှလုံး မသာမယာ ဖြစ်လျက် ရှိုက်ကြီးငင်ကြီး ဝမ်းနည်းပက်လက်နှင့် မျက်ရည်ကျကာ ငိုတော်မူရှာတယ်တဲ့။

အချို့သူများကဖြင့် ဒီကိုယ်တော်ကြီးနှယ် ကလေးသူငယ်လို ရှိပါ့သိတော့တယ်၊ ကမ္ဘဋ္ဌာန်း အားထုတ်လို့ မရတာနှင့် ငိုရရော သလားလို့ဆိုတောင်ဆိုကြပေလိမ့်မည်။ဆရာတော်ကြီး သမားတော်ကြီးများငိုတယ်ဆိုတာ ရှားလဲ အရှားသားကိုး၊ ငိုတယ်ဆိုတာ ကလေး သူငယ်များအလုပ်ကလား၊ သို့သော်လဲ မဟာသီလဝမထေရ်ကြီး ငိုတာကိုတော့ ကဲ့ရဲ့စရာမရှိပေဘူး၊ အလွန် အဘိုးထိုက်တန်လှတဲ့ ဈာန်မဂ်ဖိုလ်တရားကို မရနိုင်ပါကလားလို့ များစွာဝမ်းနည်းပြီး အပန်းတကြီးငိုတော်မူတာကိုး၊ ဈာန်မဂ်ဖိုလ် တရားကို များစွာ လိုချင်ကြောင်း ကောင်းစွာ ထင်ရှားတာဘဲ။မဟာသီလဝမထေရ်ကြီးဟာ အနှစ်သုံးဆယ်ကြာအောင် တရားအားထုတ်လိုက်တာ တခါဘူးမှ အိပ်စက်ခြင်း မရှိဘူးတဲ့၊ အနှစ်သုံးဆယ်တိုင်တိုင် ခေါင်းချ၍ တခါမှ မအိပ်ဘူးဘူး၊ အိပ်ချင်တဲ့အခါ တရားအားထုတ်ရင်းသာ ငိုက်ရှာတော်မူတယ်၊ခြေကိုလဲ တခါမျှမဆေးဖြစ်ဘူး၊ ခြေဆေးရမှန်း ရေချိုးရမှန်းကိုမှ မသိဘဲ မဂ်ဖိုလ်မရ,ရအောင် တရားကိုသာကြိုးစားအားထုတ်တယ်၊ အလွန်တရာ ချီးမွမ်းဘွယ်ကောင်းတဲ့ မထေရ်ကြီးပါဘဲနော်။ယနေ့တရားနာပရိသတ်တွေ ဒီမထေရ်လို ဇွဲကောင်းကောင်းနှင့် အရိုးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်ဘဲ အားထုတ်နိုင်မှ ရရှိတဲ့ လူကများတယ်၊ ဧသောသာ လွယ်လွယ်ကူကူနှင့် မဂ်ဖိုလ်ပေါက်တဲ့ လူကတော့ အနဲသားဘဲ၊ဟိုရှေးနားက ဟောခဲ့တဲ့ ပုဏ္ဏား လင်မယားနှစ်ယောက် ကတော့ လွယ်လွယ်ကူကူနှင့် မဂ်ပေါက် ဖိုလ်ပေါက်သွားတာဘဲနော်၊ယခု တရားနာပရိသတ်တွေကဖြင့် မဟာသီလဝမထေရ်

ကြီးလို အနှစ်သုံးဆယ်တိုင်တိုင် မအိပ်ဘဲ ခြေဆေးခြင်းမျှ မပြုဘဲ တရား အားထုတ်နိုင်မှာဝေးရော့ ခဏကလေး တရားထိုင်ပြီး နာရတာတောင် ညောင်းကြလှပြီ ထင်ပါရဲ့၊ တရားရှည်တယ်လို့များ ထင်နေကြသလား နားမရှုတ်ရပါဘူး၊ စိတ်စိုက်၍သာနာပါ သည့်ထက်ရှင်းတာဖြင့် ရှိမယ် မထင်ဘူး၊အဘိဓမ္မာတရားဟာ နားမစိုက်ဘဲ နားမလည်ရင်သာ ပျင်း ချင်ရင် ပျင်းပါလိမ့်မယ်၊ နားစိုက်၍များနာသဖြင့် သဘောကျလို့များ သွားမှဖြင့် အင်မတန် ပျော်တာမျိုးကလား၊ တရားအရသာကို တွေ့ပြီ ဆိုမှဖြင့် မမေ့နိုင်အောင် စွဲတာမျိုးဖြစ်တယ်။ တရားအရသာ မတွေ့ကြ လို့သာ မေ့လျော့ကာ နေကြတာကလား၊ တရားနှင့် ပျော်တာဟာ အပျော်တကာတွင် အပျော်ဆုံး ဖြစ်ကြောင်း တရားတည်းဟူသော အရသာဟာ လွန်စွာအမြတ်ဆုံး ဖြစ်ကြောင်းနှင့် ရှင်တော်ဘုရားကလဲ ဟောကြားတော်မူတယ်၊ဒါကြောင့်မို့ လွဲမပြောဘဲ ကြိုးစား၍ အားထုတ် ကြရမယ်။

## မထေရ်ကြီးကို နတ်သမီးကလှောင်ပြောင်ခြင်း

ပြဆိုခဲ့ပြီးသည့်အတိုင်း မဟာသီလဝ မထေရ်ကြီးသည် ဈာန်မဂ်ဖိုလ် တရားကို မရနိုင်တာနှင့်ပြင်းပြစွာ ငိုကြွေးတဲ့အသံကို အနားရှိတဲ့နတ်သမီး တယောက်က ကြားတာကိုး သည်တော့နတ်သမီးကလဲ ကိုယ်တိုင်ပြပြီး ပြင်းစွာ ငိုကြွေး၍နေသတဲ့ မထေရ်ကြီးက နတ်သမီးကိုမြင်တဲ့အခါ သင် ဘယ်သူလဲ လူလား-နတ်လားခွဲခြား၍ ပြောပါဦး၊ ဘယ်အတွက်ကြောင့် ငိုကြွေးရသလဲ ဘယ်လိုအပူမိ၍လာသလဲ၊ လင်မှုသားမှု တပူပူမိ၍လာတဲ့ အပူသယ်များ ဖြစ်သလားလို့ မေးမြန်းတော် မူရှာတယ် နတ်သမီးက တပည့်တော်မ, လူသားမဟုတ်ပါ နတ်သမီးဖြစ်ပါတယ်၊ ငိုကြွေးခြင်း၏ အကြောင်းကတော့ မဂ်ဖိုလ်တရားကို ငိုလို့ရမလားလို့ ငိုခြင်းဖြစ်ပါတယ်၊ တပည့်တော်မလဲ မဂ်ဖိုလ်ကို အလွန်လိုချင်သူ ဖြစ်ပါတယ်၊ ငိုရုံနှင့်များ မဂ်ဖိုလ်ကိုရပါလျှင် အတိုင်းထက်အလွန် ငိုကြွေးလိုလှပါတယ်၊ တကာတဲ ငိုလို့ ငိုရုံကလေးနှင့်များ မဂ်ဖိုလ်ရတာဖြင့် တပည့်တော်မ, မထဘဲ တသက်လုံး ငိုကြွေး၍ နေပါမယ်လို့ – အဲဒါလို နတ်သမီးက လှောက် ကြားတယ်။

နတ်သမီးလျှောက်ကြားပုံကဖြင့် အလွန်ချက်ပိုင်တာဘဲနော် မဂ်ဖိုလ် တရားကိုလိုချင်တာနှင့် သူလဲဘဲငို၍နေပါတယ်၊ မဂ်ဖိုလ်တရားကိုငိုရုံ နှင့်များ ရတာဖြင့် သူလဲဘဲများများကြီး ငိုချင်တယ်လို့ဆိုတော့ နတ်သမီး

ဆိုလိုရင်း အမိပ္ပါယ်က မဂ်ဖိုလ်တရားကိုငိုရုံနှင့်မရဘူး ရရာရကြောင်း တရားကို ကြိုးစားအားထုတ်မှ ရရှိမယ်လို့ ဆိုတာပေါ့လေ၊ နတ်သွီး လျှောက်တဲ့အတိုင်း ဟုတ်လဲဟုတ်တာကိုး၊ မဂ်ဖိုလ်တရားကို ငိုနေရုံနှင့် ရတယ်လို့ ဘယ်မှာ ထုံးစံရှိမှာလဲ တရားအားထုတ်မှ မဂ်ဖိုလ်ကိုရမှာပေါ့ နတ်သွီးက မထေရ်ကြီး သံဝေဂရရှိအောင် သတိပေးသောအားဖြင့် လျှောက်ထားတာပေါ့လေ၊ သို့မဟုတ်ယင်လဲ မထေရ်ကြီး ရင့်မာကြီးဖြစ် ပါလျက်နှင့် ကလေးကလား ငိုလားယိုလား လုပ်နေရမလားလို့ အမြင် ကပ်တာနှင့် ပြက်ရယ်ပြုကာ လှောင်ပြောင်ချင်ရင်လဲ လှောင်ပြောင် မှာပေါ့။

## မထေရ်သံဝေဂရ၍ ကျွတ်တမ်းဝင်ခဏ်း

အဲဒီလို နတ်သွီးက ပြက်ရယ်ပြုကာ လှောင်ပြောင်တဲ့အခါ မဟာ သီလဝမထေရ်ကြီးမှာ ပြင်းစွာသတိသံဝေဂရပြီး မိမိကိုယ်ကို သို့ကလို ဆုံးမသတဲ့၊ အချင်း မဟာသီလဝ သင့်ကိုနတ်သွီးများကတောင် လှောင် ပြောင်ပြက်ရယ်ပြု၍ ကုန်ကြပါပေါ့ကလား၊ သင့်အကြောင်းကို နတ်တွေ ကတောင်သိ၍ ကုန်ကြပါပေါ့ကလား၊ များစွာပင် ရှက်ဘွယ်ကောင်းပါ ဘိတယ်၊ဝမ်းနည်းဘွယ်လည်း အလွန်ကောင်းတာဘဲ။ ဒီလိုငိုနေရုံနှင့် မပြီး သေးဘူး၊ ငိုကြွေးပြီး နေရုံမျှနှင့် မဂ်ဖိုလ်ရမှာ မဟုတ်ဘူး၊ ရှေ့ကိုတိုးပြီး ကြိုးစားအားထုတ်အုံးမှဘဲလို့ အဲဒီလို မိမိကိုယ်ကို ဆုံးမကာတရားများကို ကြိုးစားပြီး အားထုတ်ပြန်လေရာ ထိုနေရာမှာပင် အာသဝေါကင်းကွာ၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်တယ်တဲ့၊ ယခုမှဘဲ ကိစ္စတုန်းပေတော့သနော်။တကတဲ အားထုတ်လိုက်ရတာအနှစ်သုံးဆယ် တောင် ကြာတာဘဲ။

## တပည့်သုံးသောင်းနှင့်တကွ သိကြားမင်းပါ လုပ်ကျွေးလာခဏ်း

အဲဒါလို မဟာသီလဝ မထေရ်ကြီးသည် အာသဝေါ ကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်တဲ့အခါ ဝမ်းမြောက်ဝမ်းသာ ကြည်နူးနှစ်သက် လိုက်တာ ပြောစရာမရှိဘူးပေါ့လေ။မအိပ်စက်ရတာ ခြေမဆေးရတာလဲ အနှစ်သုံးဆယ်တောင် ကြာသွားပြီကို၊ ကနေ့ဖြင့် ရဟန်းကိစ္စတုန်းလို့မို့ အဆုံးဘဝ ရဟန္တာအဖြစ်သို့ ရောက်ရသဖြင့် စိတ်ချလက်ချ မြေချမ်းသာ စွာ အိပ်စက်အုံးမယ်လို့ ထောင်၍ထားတဲ့ ညောင်စောင်းကုတင်ကို ပြင် ဆင်၍နေတယ်။ မအိပ်ခင် ခြေများကို သန့်စင်အောင်ဆေးအုံးမည်၊ ခြေ

ဆေးပြီးမှ သန့်သန့်ရှင်းရှင်း အိပ်တော်မည်လို့ ကြံစည်တော်မူပြီး ခြေဆေးရန်အလို့ငှာ မြစ်ဆိပ်သို့ ဆင်းသွား၍ ထိုင်နေတယ်။ သို့ကာလို မြစ်ဆိပ်မှာ ခြေဆေးရန် ထိုင်နေတော်မူတဲ့အခါ မထေရ်ကြီး၏တပည့်ပေါင်း ရဟန္တာ သုံးသောင်းတို့ကလည်း သောင်းသောင်းဖျဖျ မထေရ်ကြီးထံသို့ ရောက်လာကြသတဲ့။ တပည့်သုံးသောင်းကလဲ ဆရာကြီးရဟန္တာအဖြစ်သို့ ရောက်ပြီလို့ ကြားရတော့ ဝမ်းမြောက်ဝမ်းသာနှင့် ပြာယာခပ်ပြီး နေကြတာပေါ့လေ။တပည့်များက ခြေမကိုင်မိ လက်မကိုင်မိ ပြာပြာသလဲ ဝတ်နိဗဒ်ပြုကြပြီး အရှင်ဘုရား ခြေတော်ကို တပည့်တော်များ ဆေးပေးပါမည်၊ အရှင်ဘုရား ကိုယ်တော်တိုင် ဆေးတော်မမူပါနှင့် ဘုရားလို့ ဝိုင်း၍ လျှောက်ထားကြသတဲ့။ နတ်ရွာသနင်း သိကြား မင်းကြီးကလဲ မိဖုရားကြီး သူဇာဒေဝီနှင့်တကွ နတ်ပြည်က ဆင်းလာပြီး သုံးသောင်းသော ရဟန်း ပရိသတ်ကြီး ထဲမှာ တိုးဝှေ့၍ အရှင်ဘုရားတို့ မာတုဂါမပါတယ်၊လမ်းဖယ်၍ပေးကြပါ၊တဆိတ်ကလေးသည်းခံတော်မူပါလို့ လျှောက်ထားပြီး မဟာသီလဝမထေရ်ကြီး၏ ခြေရင်းမှာ ထိုင်နေလျက် အရှင်ဘုရား၏ခြေတော်ကို တကာတော်သိကြားမင်း ဆေး၍ပေးပါမယ်၊ အရှင်ဘုရားသည် ရဟန္တာအဖြစ်သို့ ရောက်ပါသဖြင့် လွန်စွာ ကြည်ညိုလှသောကြောင့် ဝတ်ကြီးဝတ်ငယ် ပြုလုပ်လိုပါတယ်လို့ အဲဒီလို လျှောက်ထားတယ်။ မထေရ်ကြီးက တကာတော်သိကြားမင်း သင်တို့ နတ်တို့ သိကြားတို့ မည်သည်မှာ ငါတို့လူကိုယ်ကို ယူဇနာတရာရှိသော အရပ်က ပုပ်စော်နံတယ်၊ငါ့ခြေကို ငါဆေးပါ့မယ်၊ သင်သိကြားမင်း မဆေးပါနှင့်ဟု မိန့်တော်မူတယ်၊ သိကြားမင်းက အရှင်ဘုရား အရှင်ဘုရား၏ သီလယနံ့ဟာ နတ်ပြည်ခြောက်ထပ်ကိုကျော်လွန်၍ဘဝဂ်တိုင်အောင်မွှေးပါတယ်၊ ဒါယကာတော် မရွံရှာပါဘူး၊ပုပ်စော်မနံပါဘူး၊ မွှေးကြိုင်တဲ့ သီလဂုဏ်ကိုအာရုံပြုပြီးပြုစုလုပ်ကျွေးလိုပါတယ်လို့ အဲဒါလိုလျှောက်ထားပြီး သိကြားမင်းက လက်ဝဲလက်ဖြင့်ခြေမျက်စိကိုကိုင်၍ လက်ယာလက်ဖြင့် ခြေဘဝါးပြင်ကို ပွတ်တိုက် သုံးသပ်လေသတည်း။ (မှတ်ချက်) ဤမဟာသီလဝမထေရ်ဝတ္ထုမှာ မှတ်သားရန် ကောင်းလှသဖြင့် သုတ်မဟာဝါ အဋ္ဌကထာသတ္တပဋ္ဌာသုတ်အဖွင့်မှ ထုတ်နုတ်၍ ဖော်ပြလိုက်ပါသည်။

## ဤဝတ္ထုနှစ်ခု၌ကောက်နုတ်ချက်

ဤနေရာ၌ မဟာသီလဝမထေရ်ကြီးသည် အနှစ်သုံးဆယ်ကြာအောင် တရားအားထုတ်မှ မဂ်ဖိုလ်ကို ရသည်မှာ စာတတ်သော်လည်း အလုပ်

စခန်းနည်းလမ်းကွာ၍ နေသောကြောင့်ရင်း၊ ရှေ့ရှေ့ဘဝက အထုံပါရမီ နှေးကန် သောကြောင့်ရင်း မင်္ဂဖိုလ်ကို အရနှေးသည်ဟု ဆိုဘွယ်ရာ ရှိတယ်။ ။ပုဏ္ဏား လင်မယားနှစ်ယောက်တို့ မင်္ဂဖိုလ်ကို လျင်မြန်စွာ ရသည်မှာ နောက်နောက်သောဘဝက ရုပ်နာမ်တရားကို ကြားနာအား ထုတ်ခဲ့ဘူးတယ်၊ ပါရမီအခြေခံက ရင့်သန်လှသည်အတွက် မင်္ဂဖိုလ်ကို အလျင်အမြန်ရတယ်လို့ မှတ်ရမယ်။ ။ဒါကြောင့်မို့ မဟာသီလဝမထေရ် ကြီးကဲ့သို့ မင်္ဂဖိုလ်အရနှေး၍ မနေသဲ ပုဏ္ဏားလင်မယား နှစ်ဦးတို့ကဲ့သို့ လျင်မြန်စွာ မင်္ဂဖိုလ်ကိုရအောင် ပါရမီအခြေခံ ထက်သန်စွာပါရှိစေရန် ရုပ်တရား နာမ်တရား အဘိဓမ္မာ ပရမတ် တရားများကို နေ့ညမယုတ် နားရေဝအောင် ကြားနာလေ့လာ၍ ထားကြရမယ်။

သတ္တိယာဝိယ ဩမဋ္ဌော၊ ဒယှမာနေဝ မတ္ထကေ။
အတ္တဒိဋ္ဌိံ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

သတ္တိယာ၊ အသွားမြမြ ထက်လှလေပြီး လှံမကြီးဖြင့်။ ဩမဋ္ဌောဝိယ၊ လည်မျိုရင်ဝ ခံခက်လှအောင် စူးရှ၍နေသော သူကဲ့သို့ရင်း။ မတ္ထကေ၊ တကိုယ်လုံး၏ ထိပ်ဆုံးဗွေချက် ဦးခေါင်းထက်၌။ ဒယှမာနေဝ၊ တရှန်း ရှန်း တဟုန်းဟုန်း မဆုံးလေပြီး ငြီးငြီးပြောင်ပြောင်မီးလောင်၍ နေသော သူကဲ့သို့ရင်း။ အတ္တဒိဋ္ဌိံ၊ ငါငါ့ငါငါ တစာစာ တဖွဖွ စွဲလန်းကြသည့်။ အတ္တဒိဋ္ဌိ တရားကြီးကို။ပဟာနာယ၊ သမထဝိပဿနာ ပညာထက်မြက် မင်္ဂလက်နက်ဖြင့် ပယ်ဖျက်စွန့်ပစ်ခြင်းငှာ။ သတော၊ မမေ့မလျော့ မပေါ့ မပျင်း မကင်းသတိ အမြဲရှိသော။ ဘိက္ခု၊ သံသရာဘေး လာမည့်ရေးကို တေးဟုရှု၍ ဘိက္ခုမည်ရှောင်း သူတော်ကောင်းသည်။ ပရိဗ္ဗဇေ၊ ရင့်ရင့် သန်သန် အပွင့်မြန်အောင် ကျင့်ကြံတိုးပွား အကျိုးများတို့ ပွားများ နေထိုင်ကြရာလေတော့သတည်း။

## ရှင်းဂါထာ၏ လင်္ကာတရားတော်

ရင်မှာလှံစူး၊ မီးရှူး ဥဩျောင်၊ ဟူးဟူးလောင်၊ ဘုန်းခေါင် မိန့်ခဲ့မှာ။ ဒိဋ္ဌိဘေးကြီး၊ အရေးကြီး၊ စောထီးဥပမာ။ ဒိဋ္ဌိတရား၊ ဆိုသည်ကား၊ ကြီးမားအပြစ်မှာ။ ဘုရားပွင့်မှ၊ သက္ကာယ၊ သိကြတို့သူငါ။ ဘုရားသုံးလူ၊ မပွင့်မူ၊ မည်သူမသိရှာ။ ဘုရားကိုထား၊ သူတပါး၊ မိတ်ကားမတတ်ရှာ။ မြေလျှိုးမိုးပျံ၊ ဈာန်အဘိညာဏ်ထက်၊ သူတို့လျက်၊ သက်သက်မရှိရှာ။ ခန္ဓာအာယတန၊ ပဋိစ္စဓာတ်၊ ပရမတ်၊ တတ်အောင် ခဲကြိတ်ပါ။ ဤနည်း

ကိုမှ၊မတတ်က၊ အန္တခေါ် သညာ။ ကလျာဏ၊ အမည်ရ၊ တတ်ကြသူတို့မှာ။ ငါငါထင်သမျှ၊ သတ္တာဝါ၊ သို့မှခွါနိုင်ရာ။ ယင်းသတ္တာဝါ၊ ခွါနိုင်မှ၊ ရကြ ထောက်တည်ရာ။ အန္တနယ်တွင်း၊ မလွတ်ကင်း၊ ရှုံးခြင်းကြီးလှပါ။ ဒိဋ္ဌိ ခွါရန်၊ မရည်သန်ကြ၊ အန္တအများ၊ မြတ်ဘုရား၊ မတွေ့ကား မဆိုရာ။ စေ့စေ့သေချာ၊ တွေးကြည့်ပါက၊ သူငါအစ၊ ဆိုသမျှ၊ လုံ့လပြုထိုက်စွာ။ အမှန်တရား၊သိသူများ၊ လွန်အားတက်ဘိုရာ။

ကမ္မဋ္ဌာန်းစီးဖြန်းရာ၌ ဝိဝေကသုံးပါးကိုပြဆိုခြင်း

ကမ္မဋ္ဌာန်းအားထုတ် ပြုလုပ်ခြင်း၌ အလိုရှိကုန်သော ယောဂီပုဂ္ဂိုလ် တို့သည် ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေက-ဟု ဆိုအပ်သော ဝိဝေကတရား သုံးပါးတို့ကို လိုလားတောင့်တ ပွားများကြကုန်ရာ၏။ ထိုသုံးပါးတို့တွင် အဖော်မဲ့ တယောက်တည်းသော ပုဂ္ဂိုလ်၏ အဖြစ် သည် ကာယဝိဝေက မည်၏။ ထိုကာယဝိဝေကသည် သူအပေါင်းနှင့် ပေါင်းဆုံ နေထိုင်ခြင်းကို ပယ်ဖျက် တတ်သောကြောင့် ဂဏသင်္ဂဏိက အပေါင်းအဖော်မှဆိတ်ကင်း၏။ဥပစာရဘာဝနာနှင့်တကွ ရှစ်ပါးသော သမာပတ်တို့သည် စိတ္တဝိဝေက မည်၏၊ ထိုစိတ္တဝိဝေကသည် ကိလေသာ တို့နှင့် ပေါင်းဖော်ခြင်းကို ပယ်ဖျက် တတ်သောကြောင့် ကိလေသ သင်္ဂဏိက၊ ကိလေသာမှ ဆိတ်ခြင်းကင်း၏၊ အသခ်တဖြစ်သော နိဗ္ဗာန် သည် ဥပဓိဝိဝေက မည်၏။ ထိုဥပဓိဝိဝေကသည် ခန္ဓာငါးပါး ရုပ်နာမ် တရားတည်းဟူသော သခ်တတရားတို့နှင့် ပေါင်းဖော်ခြင်းကို ပယ်ဖျက် တတ်ကြောင့် သခ်ါရဂဏိက သခ်ါရ တည်းဟူသော ခန္ဓာငါးပါးမှ ဆိတ်ငြိမ်ခြင်းကင်း၏။ထိုသုံးပါးသော ဝိဝေက တို့တွင် ကာယဝိဝေကကို ရသည်ရှိသော် စိတ္တဝိဝေကကိုရ၏၊ စိတ္တဝိဝေကကို ရသည်ရှိသော် ဥပဓိ ဝိဝေကကိုရ၏ဟု ဥပနိဿယပစ္စည်းအား ကျေးဇူးပြုဟန်ကို သိအပ်၏ ဟူလို။

ထိုကြောင့်ရကား မဇ္ဈပဒ အဋ္ဌကထာ၌- ကာယဝိဝေကော စ စိတ္တ ဝိဝေကဿ ပစ္စယော စိတ္တဝိဝေကော ဥပဓိဝေကဿ ပစ္စယော ဟောတိ ဟု ဘွင့်ပြတော်မူ၏။ ကာယဝိဝေကော စ၊ အဘော်မဲ့ တယောက် တည်း၏ အဖြစ်တည်းဟူသော ကာယဝိဝေကသည်လည်း။ စိတ္တဝိဝေ ကဿ၊ ဥပစာရ ဘာဝနာနှင့်တကွ သမာပတ်ရှစ်ပါး တည်းဟူသော စိတ္တဝိဝေက၏။ ပစ္စယော၊ အကြောင်းအထောက်အပံ့သည်။ ဟောတိ၊ ဖြစ်၏။စိတ္တဝိဝေကော၊ဥပစာရဘာဝနာနှင့်တကွသမာပတ် ရှစ်ပါးတည်း

ဟူသော စိတ္တဝိဝေကသည်။ ဥပဓိဝိဝေကဿ၊ နိဗ္ဗာန်တည်းဟူသော ဥပဓိဝိဝေက၏။ ပစ္စယော၊ အကြောင်းအထောက်အပံ့သည်။ ဟောတိ၊ ဖြစ်၏။ ။ဤပြအပ်ခဲ့ပြီးသော ဝိဝေကတရားသုံးပါးတို့သည် ကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ် ပြုကျင့်လုပ်ကြကုန်သော ယောဂီသူမွန် သီလဝန် တို့အား ကျေးဇူးပြုကုန်၏ဟုမှတ်အပ်၏၊ကျေးဇူးပြုဟန်ကား ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ကာယဝိဝေက အလို့ငှာ ဆိတ်ငြိမ် ရာသို့ ချည်းကပ်သဖြင့်၎င်း၊ စိတ္တဝိဝေက အလို့ငှာ အထူးထူးသောအာရုံမှ ဖယ်စေလျက် ဝေးစေလျက် ကမ္မဋ္ဌာန်းကိုစိတ်သွင်းသဖြင့် ဥပဓိဝိဝေက အလို့ငှာ ကမ္မဋ္ဌာန်းကိုစီးဖြန်းအားထုတ်အပ်၏ဟူလို။

## ၎င်းဝိဝေကသုံးပါး၏ သံပေါက်တရားတော်

၁။ ကာမဂုဏ်ငါးဖြာ၊ ဆိတ်ငြိမ်းရာ၊ နေပါကာယဝိဝေက။
၂။ နီဝရဏဆိတ်လတ်၊ သမာပတ်၊ ရှစ်ရပ် စိတ္တဝိဝေက။
၃။ အသင်္ခတဓာတ်၊ နိဗ္ဗာန်မြတ်၊ စွဲမှတ်ဥပဓိဝိဝေက။
၄။ ဥပနိဿယည်း၊ သုံးရပ်မှီး၊ ပစ္စည်းဆက်အပ်စွ။
၅။ ဓမ္မပဒဥဒါန်း၊ သာရတ်ကျမ်း၊ မိန့်မြန်းဤသုံးဝ။
၆။ ကမ္မဋ္ဌာန်းအမှု၊ စီးဖြန်းပြု၊ မှတ်ရှုရှေ့ဦးမှ။
၇။ မင်္ဂဖိုလ်မျိုးစေ့၊ ရဘို့လေ့၊ ယောဂီဋ္ဌေဝသီပြ။
၈။ အားထုတ်ပါက၊ တခဏ၊ ရစ္စမျိုးဗီဇ။
၉။ ကောသဇ္ဇသွင်း၊ မေ့လျော့ခြင်း၊ ဝေးကွာခြင်းနိဗ္ဗာန။
၁၀။ မပျင်းမရိ၊အားထုတ်သိ၊ နီးစွာနိဗ္ဗာန။
၁၁။ ဤသည့်တရပ်၊ စကားပြတ်၊ နိဂုံးသတ်လိုက်ပြီ။
ရုပ်နာမ်မသိ ဆင်းရဲမုက္ခ ထိသည်။

အကွေယျ သညိနော သတ္တာ၊ အကွေယျသ္မိံ ပတိဋ္ဌိတာ။
အကွေယျံ အပရိညာယ၊ ယောဂမာယန္တိ မစ္စုနော။

သတ္တာ၊ အာရုံငါးပါးလိုက်စားငြိကပ် တပ်နှစ်သက်တတ်ကုန်သော သတ္တဝါအပေါင်းတို့သည်။ အကွေယျ သညိနော၊ အဟုတ်အမှန် ရုပ်နှင့် နာမ်ကို တူဟန်ဒါဘဲ အမှတ်လွဲကြ ကုန်သည်ဖြစ်၍။ အကွေယျသ္မိံ၊ အဟုတ်နှင့်အမှန်ရုပ်နှင့်နာမ်၌။ ပတိဋ္ဌာ၊ သူယောင်ငါယောင်အကောင် အထယ်ဆေးစုံချယ်၍ ဆန်းကြယ်ပွေလီ အမြဲမမှီလျက် စွဲတည်ကြလေ ကုန်၏။အကွေယျံ၊ အဟုတ်နှင့်အမှန်ရုပ်နှင့်နာမ်ကို။အပရိညာယ၊ ပရိညာ

သုံးချက် ဉာဏ်လက်နက်ဖြင့် ကွက်ကွက်ကွင်းကွင်း မသိနိုင်ခြင်းကြောင့်။ မစ္ဆုနေ၁၊ သူဟော်မတော် မကျော်မကွင်း ရှင်သေမင်း၏။ ယောင်၊ သူ့ခရိုင်ပိုင်ထိုက်အတွင်းသို့။ အာယန္တိ၊ ခန္ဓာအိမ်အကြိမ် ကြိမ်ဆောက် လျက် ပြန်ရောက်ရလေကုန်တော့သတည်း။

နှစ်ဆယ်နှင့်ခြောက်၊ ဘုံတလျှောက်၊ အောက်ကပါယ်မင်းပိုင်။ ။ အတ္တဒိဋ္ဌိ၊ စွဲကပ်ငြိ၊ မသိတွေဝေမှိုင်။ ။ပုထုဇဉ်များ၊ လောကီသား၊ လေးပါးပါယ်မွေဆိုင်။ ။ဒိဋ္ဌိကင်းကွာ၊ နေသောခါ၊ သောတာစုဥ္သာ။ သောတာစုဥ္၊ ဖြစ်လေက၊ မကျအပါယ်ရွာ။ ။နာမ်ရုပ်တည့်တည့်၊ မြင် အောင်ကြည့်၊ ဒိဋ္ဌိစင်စစ်ကွာ။ ။နာမ်ရုပ်အကြောင်းမှန်၊ သိနိုင်ပြန်၊ ကင်္ခါ ဝိစိကွာ။ ။ဒိဋ္ဌိဝိစိ၊ ပယ်နိုင်ဘိ၊ ဖြစ်၏သောတာပန်။ ။သမ္မသန၊ ရင့်လေက၊ မုချပြတ်မည်သာ။ ။မဂ်ဖိုလ် နိဗ္ဗာန်တရား၊ လိုသူများ၊ ကြိုးစားကြလေပါ။ ။နားမလည်သေး၊ ပြန်၍မေး၊ ကျင့်ရေးအလွယ်သာ။ ကွမ်တုံသခင်ထေရ်အရှင်၊ သွန်သင်ညွှန်းပြပါ။ ။နောင်လာနောင်သား၊ လူအများ၊ သတိထား၊ မှတ်သားကြံစည်ရာ။

## ဝိသုဒ္ဓိ ခုနစ်ပါးပြဆိုအံ့

သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ လောကုတ္တရဉာဏဒဿနဝိသုဒ္ဓိ အားဖြင့် ခုနစ်ပါးတည်း။

၁။ အဓိသီလ၊ စိတ္တပညာ၊ သာသနာ၊ သိက္ခာသုံးပါးလာ။ အာဒိ ဗြဟ္မ၊ စရိယနှင့်၊ ထိုမှတစ်၊ အဘိသမာစာရိက၊ ၎င်းနှစ်ဝ၊ သီလသာသနာ။ အာဇီဝဋ္ဌ၊ အကျဉ်းပြ၊ ဗြဟ္မအာဒိသာ။ ကာယသုံးလီ၊ လေးဝစီ၊ အာဇီဝရှစ် သမ္မာ။ ကျင့်ဝတ်ခုတင်၊ အမှွမ်းတင်၊ ဖြူစင်ဘိသမာ။ ပါတိမောက္ခ၊ သံဝရနှင့်၊ ဇီဝပါရိ၊ သုဒ္ဓိတလစ်၊ ပစ္စယသန်၊ နိသိတံတည့်၊ ခြောက်တန် ဣန္ဒြေ၊ လုံခြုံစေမှု၊ သုဒ္ဓိစု၊ စတုလေးလီဖြာ။ ။သီလဝိသုဒ္ဓိပြီး၏။

၂။ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗနှစ်ထွေ၊ စေတောပရိ၊ ပုဗ္ဗေနိဝါ၊ ယထာကမ္မံ၊ နာဂတံသ၊ ၎င်းသတ္တ၊ မှတ်ကြအဘိညာ။ ပါဒကစျာန်၊ အဓိဋ္ဌာန်နှင့်၊ တဖန်ပါဒက၊ စတုတ္ထ၊ ကျတုံအဘိညာ။ ။စိတ္တဝိသုဒ္ဓိပြီး၏။

၃။ လက္ခဏနှင့်၊ ရသနှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန်နာမ်နှင့် ရုပ်။ လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူဒိဋ္ဌိ၊ ဝိသုဒ္ဓိ။ ။ဒိဋ္ဌိဝိသုဒ္ဓိပြီး၏။

၄။ နာမရူပ၊ သင်္ခါရ၏၊ ပဋိစ္စခေတ်၊ သမုပ္ပါဒ်ကို၊ အတတ်ထင်ထင်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ ဆဲ့ခြောက်ပါးနှင့်၊ ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်ကွာ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ။ကင်္ခါတရဏဝိသုဒ္ဓိပြီး၏။

၅။ ဥဒယညာဏ်၊ ရင့်သန်တုံလတ်၊ ဖြစ်လာတတ်၊ ဆယ်ရပ်အန္တရာယ်၊ အရောင်ပီတိ၊ ပဿဒ္ဓိနှစ်ဖြာ၊ သဒ္ဓါဝိရိယာ၊ သုခဗုဒ္ဓိ၊ နိကန္တိနှင့်၊ သတိ ဥပေက္ခာ၊ ဤဆယ်ဖြာ၊ မှတ်ပါအန္တရာယ်။ထိုဆယ်ချက်တွင်၊ မဂ်အထင်ကို ပယ်တွင်ရှင်းကာ၊ အလင်းသာ။ ။မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ။

၆။ ဥဒယညာဏ်၊ တဘန်ပြိုးကာ၊ ကိုးဖြာညာဏ်စဉ်၊ စခန်းတွင်၍၊ အမြင်လင်းဘိ၊ ထိုးထွင်းသိ။ ။ပဋိပဒါညာဏဒဿနဝိသုဒ္ဓိ။

၇။ သင်္ခါရနှင့်၊ အနုလောမ၊ ညာဏ်နှစ်ဝ၊ ဝုဋ္ဌာနဂါမိနီလည်း ခေါ်သတည်း။ ဝုဋ္ဌာနဂါမ်၊ လွန်ရင့်သန်က၊ နိဗ္ဗာန်ပေါက်ခါ၊ မဂ် ရောက်လာ။ ညာဏဒဿန ဝိသုဒ္ဓိ။

သိပယ်ဆိုက်ပွား၊ လေးပါးအချက်၊ တပြိုင်နက်၊ မဂ်၏ကိစ္စတည်း။ ဒိဋ္ဌိဝိစိ၊ ပယ်သတ်ဘိ၊ အာဒိမဂ်သောတာ။ မဂ်ဝိုသ်နိဗ္ဗာန်၊ ပယ်ကြွင်းကျန်၊ နှစ်တန်ကိလေသာ။ အစဉ်သမှု၊ အမြင်ရှု၊ ငါးခုပစ္စဝေက္ခဏာ။ ထက်မဂ် ကိုလျှင်၊ မရောက်ခင်၊ ဖိုလ်လျှင်လဲလျှောင်းရာ။ ကာမျာနှစ်ထွေ၊ အကျန်ချွေ၊ ရောက်လေသကဒါဂါ။ ကာမျာနှစ်ထွေ၊ အကုန်ချွေ၊ ရောက်လေ အနာဂါ။ သဗ္ဗကိလေ၊ အကုန်ချွေ၊ရောက်လေအရဟတ္တာ။ လောကုတ္တရ ညာဏဒဿန ဝိသုဒ္ဓိပြီး၏။

## ဝိပဿနာညာဏ် ၁၀-ပါး

သမ္မသနညာဏ် ဥဒယဗ္ဗယညာဏ် ဘင်ညာဏ်ဘယညာဏ် အာဒီနဝညာဏ် နိဗ္ဗိန္ဒညာဏ် မုစ္စိတုကမျတာညာဏ် ပဋိသင်္ခါညာဏ် သင်္ခါရုပေက္ခာညာဏ် အနုလောမညာဏ်အားဖြင့် ၁၀-ပါးတည်း။

၁။ ခန္ဓာဒိနည်း၊ ဘွဲ့စည်းပြီးကာ၊ သုံးဖြာ လက္ခဏာ၊ သုံးသဝ်ရ၊ သမ္မသနညာဏ်။ ။၂။ ဖြစ်ပွားပျက်မှု၊ အစုံရှု၊ ဥဒယဗ္ဗယညာဏ်။ ။၃။ အပျက်ကိုသာ၊ ရှုတုံပါ၊ သညာဘင်ညာဏ်။ ။၄။ အပျက်မြင်က၊ ဘယမစ္ဆု၊ပျက်မှုခပင်း၊ ဘေးသေမင်းဟု၊ ကြောက်ခင်းထွေထွေ၊ ရှုတုံပေ၊ မှတ်လေဘယညာဏ်။ ။၅။ ကြောက်ဘွယ်ခပင်း၊ မြင်တုံလျှင်းက၊ ဘေးဘယမျိုး၊ ရုပ်နာမ်ဆိုး၍၊ ကိုးရာမရှိ၊ ခက်မှန်းသိ၊ အာဒီနဝညာဏ်။ ။၆။ ကိုးရာမထင်၊ ခက်ပုံမြင်က၊မရွှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြွေ၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေနိဗ္ဗိန္ဒညာဏ်။ ။၇။ ငြီးငွေ့အား

သန်၊ စိတ်ပူပန်က၊ လျှင်မြန်တစ်၊ လွတ်လိုဘိ၊ မုစ္စိတုကမျတာညာဏ်။ ။ ၈။ လွတ်လိုလှ၍၊ လွတ်ရတဲ့ရှာ၊ ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက်ဖိ၊ ပဋိသင်္ခါညာဏ်။ ။၉။ အားတိုက်ရှု၍၊ လွတ်မှုလွတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာညာဏ်။ ။ ၁၀။ မဂ်ရောက် လိုသော်၊ အလျော်အနူး၊ မဂ်လေးဦးအား၊ အထူးလျော်မှု၊ ကျေးဇူးပြု၊ အနုလောမညာဏ်။ ။ ၁၀-ပါးပြီး၏။

၁။ အနိမိတ္တ ဝိမောက္ခ အပ္ပဏိဟိတ ဝိမောက္ခ သုညတ ဝိမောက္ခ။ ဝိမောက္ခ ၃-ပါး။ ။၂။ ဝိမောက္ခနက်၊ ကျွတ်လွတ်ချက်၊ ဖိုလ်မဂ် မည်သညာ။ ။၃။ အနိမိတ္တာ နုပဿနာ၊ အပ္ပဏိဟိတာ နုပဿနာ၊ သုညတာနုပဿနာ။ ။အနုပဿနာ ၃-ပါး။

ဝိမောက်မုခ၊ တံခါးဝ၊ အရလက္ခဏာ။ ဝုဋ္ဌာန်ဂါမိနီ၊ ညာဏ်ဆိုက်ဘိ၊ ဝိမုနယ်အပါ။ အနိမိတ္တ၊ အနိစ္စ၊ ဒုက္ခပဏိဟိတာ။ အနတ္တမူ၊ သုညယူ၊ သုံးဆူနုပဿနာ။ ပုဂ္ဂိုလ်သတ္တဝါ၊ အင်္ဂါကြီးငယ်၊ ဆန်းတကြယ်၊ မှတ်ဘွယ်နိမိတ္တာ၊ အကုန်နိမိတ်၊ ပျောက်အောင်ကြိတ်၊ အနိမိတ္တသာ။အတင့် အတယ်၊ အဘွယ်အရာ၊ မင်္ဂလာသုဘ၊ သုခဇုဋ္ဌ၊ ထင်သမျှ၊ မှတ်ကြပဏိ ဟိတာ။ အကုန်ပဏိဟိ၊ ပျောက်စေဘိ၊ အပ္ပဏိဟိတာ။ နတ်လူဗြဟ္မာ၊ ငါသူတပါး၊ ယောကျ်ားမိန်းမ၊ ပုဂ္ဂလနှင့်၊ စိုးရပိုင်နိုင်၊ ခံ့ခိုင်မြင့်ရှည်၊ သက်ဆုံးတည်ဟု၊ အားစည်သမျှ၊ အနန္တ၊ အတ္တဇီဝသာ။ အတ္တဇီဝေ၊ ပျောက်ကင်းစေ၊ မှတ်လေသုညတာ။ သူ့တံခါးမှ၊ ပေါက်ရောက်က၊ မောက္ခသူ့မင်္ဂသာ။ ဝိမောက္ခသုံးပါးပြီး၏။

ဇာတိကုလပုတ္တ အာစာရကုလပုတ္တ ဓမ္မမာမကလဇ္ဇီပေသလသိက္ခာကာမ သံသာရ ဘယဘီရုက-ဖြစ်ကြသော အမျိုးကောင်းသားတို့သည် ဘဝများစွာ သံသရာက ခါခါဘန်ဘန် ခံစား၍မဝ စံစား၍အားမရ နိုင်သော ခွေး, ဝက်, ကြက်, ငှက်, ခြ, ပရွက်တို့မှ မလွတ်ရသည် သဗ္ဗသန္တက ဗဟုသာဓာရဏ လောကီယစည်းစိမ် လာဘ်လာဘဂုဏ် သိမ်ကို ချိုးနှိပ်ခါထွက် ကိုယ်အသက်၌ ငဲ့ကွက်ညှာတာ ထောက်စာမရှိ ဗလိဗောဓကြီးက ဆယ်သွယ် ဗလိဗောဓ ငယ်များတို့ကို ပယ်ရှားစွန့် ခွါလျက် လွန်စွာမပေး ဇာတိဘေးစသည်တို့၏ ကင်းလွတ်ရာ ခေမာ နဂရ အဘယပူရ အမတသာခေါင် မီးမလောင်သည် ငွေသောင် ကမ်းမ အနိမိတ္တ အပ္ပဏိဟိတ သုညတဓာတ် အောင်ဇေယျာဉက္ကာ၌

ပြည်နိဗ္ဗာန် နန်းမြတ်သို့ ဖြောင့်မတ်စွာရောက်ကြောင်း ဆိပ်ကမ်းကောင်း တမျှ မင်းလမ်းမ ဥပမာ–ဤဆိုလတ္တံ့သော သမထလမ်း ဝိပဿနာလမ်း ဤဆိုလတ္တံ့သော ဆိပ်ကမ်းသို့ ကူးလှမ်းသက်ဆင်းကြ၍ ဘေးကင်းစရာ ကေန်မုချမှန်သော နိဗ္ဗာန်သောင်ရပ် မြေအောက်ထပ်သို့ ချည်းကပ် လျင်စွာ မကြာကူးမြောက် ဤသာသနာတော်မြတ် မျက်မှောက်၌ပင် ရောက်အောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

မြေရေမီးလေ၊ ညိုရွှေနီဖြူ၊ ပေါင်းလင်းဟူ၊ ဆယ်ဆူ ကသိဏာ၊ ရောင်ညိုပြည်ပြတ်၊ ခဲအပ်ပြစ်ထား၊ ထားဖြတ်ပစ်ရေး၊ သွေးယိုပိုးစု၊ အရိုးစု၊ ဆယ်ခုအသုဘာ။ ဗုဒ်–ဓမ်-သံ-သီ၊ စာဂီဒေဝတာ၊ သမာဥပ၊ မရဏနှင့်၊ ကာယဂတာ၊ အာနာပါ၊ ဆယ်ဖြာနုဿတိ။ မေ-က-မု-ဥ၊ ပွားများမှု၊ လေးခုပမညာ။ အာဟာရတွင်၊ ရွံ့ဘွယ်လျှင်၊ မှတ်ထင် ဇော်သညာ။ ဓာတ်ကြီးလေးခု၊ ပိုင်းခြားမှု၊ စတုဝဝတ္ထာ။ အာ-ဝိဉ်–အာ– နေ၊ ဤလေးထွေ၊ မှတ်လေအရူပါ။ ကမ္မဋ္ဌာန်း ၄၀–ပြီး၏။

ရာ–ဒေါ-မော-ဝိ၊ သဒ်–ဗုဒ္ဓိ၊ စရိ၌ခြောက်ဖြာ။ အသု ကာယ၊ ဆယ်ဘဝ၊ ရာဂလျော်လှစွာ။ အဆင်းမည၊ ရှစ်ဌာန၊ ဒေါသလျော်စွာ။ အာနပါန၊ အလျော်ကျ၊ မောဟဝိတက်သာ။ မရဏနှင့်၊ ဥပသမာ၊ သညာတဘန်၊ ဝဝတ္ထာန်၊ ဗလးတန်ဗုဒ္ဓိသာ။ နုဿတိဆ၊ သဒ္ဓါကျ၊ သေသအားလုံးသာ။ ကသိုဏ်းကြီးမူ၊ မောဟဟူ၊ ငယ်မူဝိတက်သာ။ သပ္ပါယအပြားပြီး၏။

ပရိကမ္မ၊ ဥဂ္ဂဟတည်း၊ ပဋိဘာဂါ၊ ဤသုံးဖြာ၊ ထင်လာနိမိတ်တည်း။ လေးဆယ်လုံးမှာ၊ ရွေနှစ်ဖြာ၊ လျော်စွာရသတည်း။ ကသိုဏ်းသုဘာ၊ ကာ အာနာ၊ ပဋိဘာဂတည်း။ နိမိတ်အပြားပြီး၏။

ပရိ ဥပစံ၊အပ္ပနံ၊ သုံးတန်ဘာဝနာ။ပရိ ဥဂ်မူ၊ ပရိယူ၊ဘာမူဥအပ်သာ။ နုဿတိရှစ်၊သညာဇော်၊တလှစ်ဝဝတ္ထာ။ ပရိဥပ၊ နှစ်ခုမျှ၊ရတိုက်ဘာဝနာ။ အကြွင်းသုံးဆယ်၊ အာရုံဝယ်၊ သုံးသွယ် ဘာဝနာ။ က သု ကာ အာ၊ ပမညာ၊ ရူပါသုံးဆယ်အပ်။ သညာတဘန်၊ ဝဝတ္ထာန်၊ ရှစ်တန်နုဿတိ။ ဘာဝနာ သုံးတန်၊ဖြစ်ပွားဟန်၊ မှတ်ရန် ဤသို့တည်း ။ဘာဝနာအပြား သုံးပါးပြီး၏။

ပရိအစ၊ဥဂ္ဂဟအလယ်၊ နှစ်ဘွယ်ရူဘိ၊သမာဓိ၊ပရိကမ္မသာ၊ ပဋိဘာဂ၊ ထင်လာက၊နိဝရဏကွာ။ နိဝရဏ၊ ကွာတုံက၊ ဥပစာရလာ။ ထိုနောက် ဘန်ဘန်၊ ပွားတုံပြန်၊ ပဈာန်အပ္ပနာ။အာဝဇ္ဇနံ၊ အာပဇ္ဇန်၊ ဓိဋ္ဌာန်ဝုဋ္ဌာန။

ပစ္စဝေက္ခန်၊ ဤငါးတန်၊ လျှင်မြန်လိုတိုင်းရ။ ရှေ့ရှေ့ဈာနင်၊ ပယ်စွန့်လျှင်၊ အစဉ်နောက်ဈာန်ရ။ ရူပဈာန် ငါးပါးပြီး၏။

အာရုံပြောင်းကာ၊ ပွားတုံပါ၊ လေးဖြာအရူပါ။ အရူပဈာန်ပြီး၏။

သမထဝိပဿနာဟု ဆိုအပ်သော ကမ္မဋ္ဌာန်း နှစ်ပါးကို ပွားစေခြင်း ဘာဝနာဟုဆိုအပ်သော တရားနှစ်ပါးတို့ကို အစဉ်အတိုင်းပြပေအံ့။

နီဝရဏကိလေသာနံ တဒင်္ဂပဟာန ဝိက္ခမ္ဘနပဟာနဝသေန သမေတီတိ သမထော-ဟူ၍၎င်း၊ အနိစ္စာဒိ တိလက္ခဏော ခန္ဓာဒိနယံ ဝိဝိဓ ကာလေသု သုဒ္ဓေန ပဿတီတိ ဝိပဿနာ – ဟူ၍၎င်း ဆိုအပ်သောကြောင့် သတ္တဝါတို့ကို လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ပိတ်ပင်ဆီးတား မြစ်တားတတ်သော နီဝရဏ တည်းဟူသော ကိလေသာတို့ကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့၏ အစွမ်းအားဖြင့် ငြိမ်းတတ်သော သတ္တိကြောင့် သမထမည်၏၊ ခန္ဓာအာယတန အစရှိသောတရားတို့ကို အတိတ် အနာဂတ် ပစ္စုပ္ပန်တည်းဟူသော ကာလ သုံးပါးတို့ဖြင့် လက္ခဏာယာဉ် သုံးပါးသို့တင်၍ စ င်ကြယ်စွာမြင်သောကြောင့် ဝိပဿနာမည်၏။

သမထသင်္ဂဟေ ဒသကသိဏာနိ ဒသအသုဘာ ဒသအနုဿတိယော စတဿော အပ္ပမညာယော ဧကာသညာ ဧကံဝဝတ္ထာနံ စတ္တာရော အာရုပ္ပါစေတိ သတ္တဝိဓေန သမထကမ္မဋ္ဌာနသင်္ဂဟော-ဟု ဆိုသောကြောင့် ကသိုဏ်း ဆယ်ပါး အသုဘ ဆယ်ပါး အနုဿတိ ဆယ်ပါး ဗြဟ္မစိုရ်တရားလေးပါး အာဟာရေပဋိကူလသညာတပါး စတုဓာတု ဝဝတ္ထာန် အာရုပ္ပလေးပါး အားဖြင့် ခုနစ်ပါး ရှိ၏၊ သရုပ် အားဖြင့် ၄၀-ရှိ၏။

ရာဂစရိုက် ဒေါသစရိုက် မောဟစရိုက် သဒ္ဓါစရိုက် ဝိတက်စရိုက် ဗုဒ္ဓိစရိုက်အားဖြင့် ခြောက်ပါးရှိ၏။

ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာဟူ၍ သုံးပါး ရှိ၏၊ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူ၍ သုံးပါးရှိ၏။

ပထဝီကသိုဏ်း အာပေါကသိုဏ်း တေဇောကသိုဏ်း ဝါယော ကသိုဏ်း နီလကသိုဏ်း ပီတကသိုဏ်း လောဟိတကသိုဏ်း ဩဒါတ ကသိုဏ်း အာကာသကသိုဏ်း အာလောကကသိုဏ်း ဟူ၍ ၁၀-ပါးရှိ၏။

ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကံ ဝိစ္ဆိဒ္ဒကံ ဝိက္ခာယိတကံ ဝိက္ခိတ္တကံ ဟတဝိက္ခိတ္တကံ လောဟိတကံ ပုဠဝကံ အဋ္ဌိကဉ္စေတိ ဣမေဒသအသုဘာ

နာမ-ဟု ဆိုအပ်သောကြောင့် ဖူးဖူးယောင်သော အကောင်ပုပ်ရင်း၊ ညိုညိုရှိသော အကောင်ပုပ်ရင်း၊ သွေးပြည် အတိစီးသော အကောင်ပုပ်ရင်း၊ အဆိတ်ဆိတ်အဆွဆွရှိသော အကောင်ပုပ်ရင်း၊ နှစ်ပိုင်းသုံးပိုင်းပြတ်သော အကောင်ပုပ်ရင်း၊ အသား အကြော လုံးလုံး ပြတ်သော အကောင်ပုပ်ရင်း၊ ဓား,မီးလက်နက်ဖြင့် သတ်၍ ပြတ်သောအကောင်ပုပ်ရင်း၊ သွေးအလိမ်းလိမ်းကပ်သော အကောင်ပုပ်ရင်း၊ ပိုးလောက်အတိပြွမ်းသော အကောင်ပုပ်ရင်း၊ အရိုးချည်း ရှိသော အကောင်ပုပ်ရင်း ဤဆယ်ပါးတည်း။

ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ ဥပသမာနုဿတိ မရဏာနုဿတိ ကာယဂတာသတိ အာဏာပါနဿတိ စေတိ ဣမေဒသ အနုဿတိယောနာမ-ဟု ဆိုအပ်သောကြောင့် ဘုရားသခင် ဂုဏ်တော်ကို အောက်မေ့ခြင်း၊ တရားတော်ဂုဏ်ကို အောက်မေ့ခြင်း၊ သံဃာတော်ဂုဏ်ကို အောက်မေ့ခြင်း၊ သီလဂုဏ်ကို အောက်မေ့ခြင်း၊ လှူဒါန်းပေးကမ်း စွန့်ကြဲသမျှတို့ကို အောက်မေ့ခြင်း၊ နတ်တို့ဂုဏ်ကျေးဇူးကို အောက်မေ့ခြင်း၊ နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကို အောက်မေ့ခြင်း၊ သေခြင်းတရားကို အောက်မေ့ခြင်း၊ ကိုယ်အစုကိုအောက်မေ့ခြင်း၊ထွက်သက် ဝင်သက်တို့ကို အောက်မေ့ခြင်း ဤဆယ်ပါး တို့တည်း။

မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာစေတိ ဣမာ စတဿော အပ္ပမညာယောနာမ ဗြဟ္မဝိဟာရောတိစ ပဝုစ္စတိ-ဟုဆိုအပ်သောကြောင့် ခပ်သိမ်းသော ဘတ္တဝါတို့ကို ကိုယ်နှင့် ထပ်တူချစ်ခြင်း၊ ဆင်းရဲသောသူတို့ကို အာရုံပြု၍ သနားခြင်း၊ ချမ်းသာသော သူတို့ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း၊ ဆင်းရဲ ချမ်းသာဟူသမျှသည် မိမိတို့ပြုသော ကုသိုလ်အကုသိုလ် ကံကြောင့်သာ ဖြစ်ကုန်၏ဟု လျစ်လျူရှုခြင်း။ ဤလေးပါးတို့သည် မမေ့မလျော့နေအပ်သောကြောင့် အပ္ပမညာမည်၏၊ မြတ်သောနေခြင်းလည်း မည်၏။

ဤစားသောက်ခဲမျိုအပ်သမျှသော အာဟာရသည် ပါစကတေဇောချက်ကြေလေသောနောက် အောက်ဒွါရသို့ ဆင်းသောအခါ တစုံတယောက်သောသူမှ မကိုင်ဝံ့သောအဖြစ် ခံတွင်း၌ဝါး၍ခွဲကန်း သလိပ်, သွေး, ချေး, တံထွေးတို့ဖြင့် လိမ်းကျံလျက် လေတက် လေဆန်ကြီး၍ အော့အန်လျက် ထွက်လာသော အန်ဖတ်တို့ကို တဘန် ကောက်၍

သုံးဆောင်ခြင်း၄ာ မငံ့သောအဖြစ်တို့ကို အောက်မေ့ ဆင်ခြင်ခြင်းသည် အစာအာဟာရ၌ စက်ဆုပ်ဘွယ်ကို မှတ်သည်မည်၏။ ရုပ်ဆယ်ရှစ်ခု တို့သည် ပထဝီဓာတ်နှစ်ဆယ်၊ အာပေါဓာတ်ဆယ့်နှစ်ပါး၊ တေဇော ဓာတ်လေးပါး၊ ဝါယောဓာတ်ခြောက်ပါးတို့၏ အစုမျှသာ သုံးဆယ့် နှစ်ပါးသော အခြင်းအရာမျှသာဖြစ်၏၊ မိန်းမယောကျ်ား သတ္တပုဂ္ဂလ မရှိဟု ရှုဆင်ခြင်ခြင်းသည်ဓာတ်လေးပါး၌မှတ်သည်မည်၏။ ကောင်းကင် ကို အာရုံပြု၍ရှုသော အာကာသာနဥ္စာယတန ထိုဈာန်ကိုပင် အာရုံပြု၍ ရှုသော ဝိညာဏဥ္စာယတန နတ္ထိ ကိဉ္စိဟုရှုသော အာကိဉ္စညာယတန သန္တမေတံဟုရှုသော နေဝသညာ နာသညာ ယတန ဟူ၍ လေးပါး တည်း။ အသုဘဆယ်ပါး ကာယဂတာသတိ ဤတဆယ့်တပါးတို့သည် ရာဂစရိုက်ပြောသော သူတို့အားလျောက်ပတ်၏၊မေတ္တာကရုဏာမုဒိတာ ဥပေက္ခာ နီလကသိုဏ်း ပီတကသိုဏ်း လောဟိတကသိုဏ်း ဩဒါတ ကသိုဏ်း ဤရှစ်ပါးတို့သည် ဒေါသစရိုက်ပြောသောသူတို့အား လျောက် ပတ်၏၊ အာနာပါနာနုဿတိမှာမောဟစရိုက်ဝိတက်စရိုက်ပြောသောသူ တို့အား လျောက်ပတ်၏၊ ဗုဒ္ဓနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ ဤခြောက်ပါးတို့သည် သဒ္ဓါစရိုက်ပြောသော သူတို့အား လျောက်ပတ်၏၊ မရဏာ နုဿတိ ဥပသမာနုဿတိ အာဟာရေ ပဋိကူလသညာ စတုဓာတုဝဝတ္ထာန် ဤ လေးပါးတို့သည် ဗုဒ္ဓိစရိုက် ပြောသော သူတို့အား လျောက်ပတ်၏၊ ကြွင်းသော ပထဝီကသိုဏ်း အာပေါ ကသိုဏ်း တေဇော ကသိုဏ်း ဝါယော အာကာသ အာလောက ကသိုဏ်း အာရုပ္ပလေးပါး ဤဆယ်ပါး တို့သည် အလုံစုံသော စရိုက်ခြောက်ပါးလုံးပြောသောသူတို့အားပင်လျှင် လျောက်ပတ်၏၊ မောဟစရိုက် ပြောသော သူတို့အား ကျယ်သော ကသိုဏ်းဝန်း ဝိတက်စရိုက်ပြောသောသူတို့အား ငယ်သောကသိုဏ်းဝန်း တို့၌ လျောက်ပတ်ကုန်၏။ ဤသို့စရိုက်တို့ကို ဝေဘန်သည်မည်၏၊ အလုံ စုံသော ကမ္မဋ္ဌာန်း လေးဆယ်လုံးပင်လျှင် ပရိကမ္မ ဘာဝနာ မည်၏။ အပ္ပနာသို့ကား မရောက်နိုင် မရနိုင်ကြကုန်။

ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါ နုဿတိ ဒေဝတာနုဿတိဥပသမာနုဿတိ မရဏာနုဿတိ အာဟာရေ ပဋိကူလသညာစတုဓာတုဝဝတ္ထာန်ဤဆယ်ပါးသော ကမ္မဋ္ဌာန်းကားဥပ စာရသမာဓိသို့ရောက်နိုင်၏။ အပ္ပနာသို့မရောက်နိုင်ကုန်။ ထိုမှကြွင်းသော

ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး အာနာပါနဿတိ ကာယဂတာသတိ ဖြဟ္မစိုရ်တရား လေးပါး အာရုပ္ပလေးပါး ဤသုံးဆယ်သော ကမ္မဋ္ဌာန်းတို့သာလျှင် အပ္ပနာသို့ ရောက်နိုင်ကုန်၏။ ထိုသုံးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်လည်း အာဏာပါနဿတိကသိုဏ်း ၁၀-ပါး တို့သည် ဈာန်ငါးပါးလုံး၌ပင်ဆက်ဆံကုန်၏၊အကျုံးဝင်ကုန်၏ အသုဘ ၁၀-ပါး ကာယဂတာသတိ ဤဆယ့်တပါးတို့သည် ပဌမဈာန်တို့၏ ကမ္မဋ္ဌာန်း သာတည်း။

မေတ္တာ ကရုဏာ မုဒိတာ ဤသုံးပါးမှာ ဈာန်လေးပါးသာ ဆက်ဆံ အကျုံးဝင်ကုန်၏၊ ဥပေက္ခာမှာ ပဉ္စမဈာန်သားတို့၏ ကမ္မဋ္ဌာန်းသာလျှင် မည်ကုန်၏။ ဤခြောက်ပါးတို့သည် ရူပါဝစရဈာန်သားတို့၏ ကမ္မဋ္ဌာန်း မည်၏။ အာရုပ္ပ လေးပါးတို့မှာ အရူပ လေးဘုံသားတို့၏ သာလျှင် ကမ္မဋ္ဌာန်းမည်ကုန်၏၊ ဤသည်ကား ဘာဝနာကို ခွဲဝေပိုင်းခြားသော နည်းတည်း။

ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူ၍ သုံးပါး တို့တွင် ကမ္မဋ္ဌာန်းလေးဆယ်လုံးပင် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်ကိုရ၏၊ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး ကာယဂတာသတိ အာနာပါနဿတိ ဤနှစ်ဆယ့်နှစ်ပါး၌သာ ပဋိဘာဂနိမိတ်ထင်၏ ရ၏။

အာဒိကမ္မိကဿဟိ-အစရှိသောပါဠိလာသောကြောင့် အစကတည်း ကပင် ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်တို့အား ကသိုဏ်း ပြုပြီးလျှင် ပထဝီ-ပထဝီဟူ၍ စီးဖြန်းသောအခါမှစ၍ပရိကမ္မနိမိတ်မည်၏၊ ထိုဘာဝနာသည်လည်း ပရိကမ္မ ဘာဝနာမည်၏၊ ထိုသို့စီးဖြန်းဖန်များ သောအခါ၌ မျက်စိမှိတ်၍သော်ငင်း မျက်နှာလွှဲ၍ သော်ငင်း စီးဖြန်း သော်လည်း မျက်စိ၌မြင်သကဲ့သို့ မနောဒွါရ၌ထင်လေကုန်၏၊ ထိုအခါ စိတ်တို့သည် အလွန်တည်ကြည်ကုန်၏၊ ဤကား ဥဂ္ဂဟနိမိတ်မည်၏။ ထိုသို့ထင်သော ဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ ကသိုဏ်းဝန်း ကသိုဏ်းကွက် တို့ကို ပယ်ပြီးလျှင် ပထဝီ-ပထဝီဟူ၍ စီးဖြန်းဖန်များသောအခါ၌ နွား ကျောင်းသားတို့သည် နွားအပေါင်းကို သိမ်း၍ ခြံသို့ သွင်းလေပြီးမှ တံခါးချည်ထိုး၍ တံခါးပိတ်လေက တကောင်သောနွားမှ မထွက်ရ လေသကဲ့သို့ စိတ်စေတသိက်တို့သည် အညီအညွှတ် စုဝေးစုရုံးလျက် ငြိမ်သက် တည်ကြည်လေကုန်၏၊ ထိုအခါ အလွန်ထင်သောကြောင့် ပဋိဘာဂနိမိတ်မည်ကုန်၏၊ ထိုပဋိဘာဂနိမိတ်ကိုရသောအခါမှ နီဝရဏ

စသော ကိလေသာတို့ကို ပယ်၏၊ ကာမာဝစရကုသိုလ် ဥပစာရသမာဓိ ဖြစ်၍ ဘာဝနာ၏ အထွတ်အထိပ်သို့ရောက်၍ ပြည့်စုံလေကုန်၏၊ တမေဝ ပဋိဘာဂ နိမိတ္တံ ဥပစာရသမာဓိနာ သမာသေဝန္တဿ ရူပါဝစရပဌမ ဈာနမုပ္ပဇ္ဇတိ-ဟု ဆိုသောကြောင့် ထိုကာမာဝစရ ဥပစာရ သမာဓိကိုပင် အခြေပြု၍ ပထဝီ- ပထဝီဟု စီးဖြန်းခြင်း ပရိကံကို ပြုသောအခါ၌ အထူးထူးသော အာရုံကို ရှေးရှုထင်လျက် ကြံတတ်သော ဝိတက်ကို ထိုသို့ အာရုံကို သုံးသပ်သော ဝိစာရ ထိုအာရုံကိုပင် နှစ်သက်ပြန်သောပီတိ ကိုယ်စိတ်နှစ်ပါးတို့၌ ချမ်းသာသောသုခ ကမ္မဋ္ဌာန်း၌ တည်ကြည်သော ဧကဂ္ဂတာ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရ ပဌမဈာန်သို့ ရောက်၏။

ထိုအခါ ငါရသော ဈာန်သည် အဘယ်နည်းဟု ဆင်ခြင်သော အာဝဇ္ဇနဝသီဘော် ထိုဈာန်ကိုပင် ဝင်စားသော သမာပဇ္ဇနဝသီဘော် တန်ခိုးဘန်ဆင်းခြင်း၌ မိဋ္ဌာန်သော အဓိဋ္ဌာနဝသီဘော် ထိုဈာန်မှ ထမြောက်ခြင်းတည်းဟူသော ဝုဋ္ဌာနဝသီဘော် ဤဈာန်၌အဘယ်တရား သည်ကြမ်းတမ်းရန့်ရင်းလေသနည်းဟုဆင်ခြင်သောပစ္စဝေက္ခနဝသီဘော် ဤငါးပါးတို့ကို လေ့လာသောအခါ ဤဝိတက်သည် အလွန်ရန့်ရင်း ကြမ်းတမ်းလှ၏ဟု ပထဝီ-ပထဝီဟု အဘန်တလဲလဲစီးဖြန်းသော် ဝိတက် ငြိမ်းလေက ဝိစာရပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ လေးပါးနှင့် ပြည့်စုံသော ဒုတိယဈာန်သို့ရောက်လေ၏။

ထိုဒုတိယဈာန်၌လည်း ဝသီဘော်ငါးပါးကို လေ့လာပြန်သော် ဤ ဝိစာရသည်ရန့်ရင်းကြမ်းတမ်းလှ၏ဟု ဝိစာရကိုငြိမ်းစေလျက် ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ သုံးပါးနှင့်ပြည့်စုံသော တတိယ ဈာန်သို့ရောက်ပြန်၍ ဝသီဘော် ငါးပါးကို လေ့လာရာ ဤပီတိသည် ရန့်ရင်းကြမ်းတမ်းလှ၏ဟု ပီတိကိုငြိမ်းစေလျက် ကမ္မဋ္ဌာန်းကိုအားထုတ် ပြန်က သုခ ဧကဂ္ဂတာ တည်းဟူသောဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန်သို့ရောက်လေ၏၊ ဤကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး ကာယဂတာသတိ အာနာပါနဿတိ ကမ္မဋ္ဌာန်း နှစ်ဆယ့်နှစ်ပါးတို့၌ ထင်သော ပဋိဘာဂနိမိတ်ကိုရကုန်၏။

စတုတ္ထဈာန်သို့ ရောက်၍ ဝိပဿနာဉာဏ်သို့ ရောက်သော ပုဂ္ဂိုလ် တို့သည် အနာဂါမ် ဖြစ်၍ ဤသုဒ္ဓါဝါသဘုံသို့ ရောက်ကြလေကုန်၏။ အချို့သော ပုဂ္ဂိုလ်တို့ကား ဤသညာရှိ၍ ကာမဂုဏ်ငါးပါး၌ စွဲလန်း

မှတ်သားခြင်းကိုပြုကြရ၍ သံသရာရှည်းဝေးစွာ ကျင်လည်ကြရလေသည်။ ဤသညာကိုပင် အလိုမရှိဟု နှလုံးသွင်းပြု၍ သညာနတ္တိ,သညာနတ္တိဟူ၍ စီးဖြန်းခြင်းပရိကံကိုပြုကြ၍ အသညသတ်ဘုံသို့ ရောက်ကြလေကုန်၏။

အချို့သော ပုဂ္ဂိုလ်တို့မှာ အပ္ပမညာ လေးပါးကို အားထုတ်ကြ၍ ဝေဟပ္ဖိုလ်ဘုံသို့ ရောက်ကြလေကုန်၏။ ။အချို့သောပုဂ္ဂိုလ်တို့မှာ ဤရုပ်ရှိသောကြောင့် အချမ်းအပူကိုလည်း ခံစားရသည်၊စားရ သောက်ရ ဝတ်ရသောကြောင့် ရှာဖွေကြံစည်ရသော ဒုက္ခ၊ သား,မယား မွေးရသောကြောင့် လောဘ ဒေါသ မောဟ ဖုံးလွှမ်း၍ ခိုးခြင်း ဝှက်ခြင်း လုယက်တိုက်ဖျက်မှုကို ပြုရသောကြောင့် ထိတ်ခတ် ကြိုးချည် နှောင်ဖွဲ့ခြင်း ကားကျက်ခြင်း ကားတင်ခြင်း နေလှန်းခြင်း လက်ဖြတ်ခြင်း ခြေဖြတ်ခြင်း ဦးခေါင်းဖြတ်ခြင်းဟူသမျှသောအပြစ်တို့ကို ခံစားရချေသည်။ ဤရုပ်မရှိက အဘယ်မှာ ခံစားရမည်နည်း၊ ဤရုပ်သည်လည်း အစအဆုံးမမြင် သံသရာတွင် ကျင်လည်သမျှ ဖြစ်ကြရလေသည်။ဤကောင်းကင်နှင့်သာ ပမာတူ၏ဟု ကောင်းကင် ရှုမျှော်၍ အာကာသော အနန္တော အာကာသော အနန္တော-ဟူ၍ စီးဖြန်းဘန် များသောအခါ ရုပ်ပြောင်းလေ၍ အာကာသာနဉ္စာယတနဈာန်သို့ ရောက်လေ၏။တဘန် ထို့အတူ အာကာသာနဉ္စာယတန ဈာန်၌ ဝိညာဉ်ကိုပင် ဤဝိညာဉ်သည်လည်း ကောင်းကင်ကဲ့သို့ အဆုံးမရှိဟု နှလုံးသွင်းပြု၍ အနန္တော အနန္တော ဟု စီးဖြန်းသောကြောင့် ဝိညာနဉ္စာယတန ဈာန်သို့ ရောက်လေကုန်၏။ တဘန် ထိုဝိညာနဉ္စာယတန ဈာန်ကိုပင်လျှင် တခုတခု အနှစ်မရှိဟု နှလုံးသွင်းပြု၍ နတ္ထိကိဉ္စိ နတ္ထိကိဉ္စိ-ဟု စီးဖြန်းခြင်း ပရိကံကိုပြု၍ အာကိဉ္စာယတနဈာန်သို့ ရောက်လေကုန်၏။တဘန် အာကိဉ္စာယတနဈာန်ကိုပင်လျှင် ဤဘုံသာလျှင် ငြိမ်သက်၏၊ ဤဘုံသာလျှင် မြတ်၏ ဟု နှလုံးသွင်းပြု၍ သန္တမေတံ ပဏီတမေတံ-ဟု စီးဖြန်းခြင်းပရိကံကို ပြုပြန်သောကြောင့် နေဝသညာ နာသညာယတနဘုံသို့ ရောက်လေကုန်၏။ ဤသို့ သုံးဆယ်သော ကမ္မဋ္ဌာန်းတို့၏ အစွမ်းဖြင့် အရူပလေးဘုံတိုင်အောင် ရောက်ကြလေကုန်၏။

ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းဆယ်ပါး တို့သည်လည်း ကောင်းစွာ မပြတ်စေမူ၍ ပရိကံကိုပြုကာ အားထုတ်ကာစီးဖြန်းပါက ဥပစာရသမာဓိကိုရကြ၏။ထိုပုဂ္ဂိုလ်တို့အား အဘယ်ဈာန်ကို အခြေပြု၍အဘိညာဏ်ကို ရကြပါသနည်း။ ထိုပုဂ္ဂိုလ်တို့ရသော အဘိညာဏ်ကားအဘယ်နည်း။

အဘိညာပါဒကံ ပဥ္စမဈာနံဟူ၍ ဆိုသောကြောင့် ရူပါဝစရကုသိုလ် ကြိယာပဥ္စမဈာန် ဤနှစ်ပါးတို့သည် အဘိညာဏ်၏ အခြေမည်၏။ အဘိညာဏ် ဟူသည်ကား အထူးထူးသော တန်ခိုးတို့ကို ဘန်ဆင်းခြင်း နတ်၏ နားကဲ့သို့ ခပ်သိမ်းသော သူတို့စကားကို ကြားနိုင်ခြင်း ခပ်သိမ်း သောသူတို့၏အကြံအစည် အယူဝါဒတို့ကို သိနိုင်ခြင်း ရှေးရှေးကနေဘူး သမျှ ခန္ဓာရုပ်တရားတို့ကို အောက်မေ့နိုင်ခြင်း အထက်ကိုဘဝဂ် အောက် ကို အဝီစိတိုင်အောင် နတ်တို့၏မျက်စိကဲ့သို့ မြင်နိုင်ခြင်း ဤငါးပါးကား ရဟန္တာတို့ရသော အဘိညာဏ်တည်း။

မှတ်ချက်။ ။ဘုရားသခင်မှာ အာသဝေါဟရားတို့၏ကုန်ခြင်း ကြွင်း ကျန်ခြင်းကို မြင်နိုင်သော အာသဝက္ခယဉာဏ်ကို ထည့်၍ ခြောက်ပါး ဖြစ်၏။ဤသည်ကား သမထကမ္မဋ္ဌာန်း၌ အကျဉ်းချုံး အဓိပ္ပါယ်ပြီး၏။

## ဝိပဿနာကမ္မဋ္ဌာန်း၌အဓိပ္ပါယ်ကိုပြဆိုအံ့

ဝိပဿနာ ကမ္မဋ္ဌာနေသု ပန သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါ ဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဉာဏဒဿနဝိသုဒ္ဓိ စေတိ သတ္တဝိဓေန ဝိသုဒ္ဓိသင်္ဂဟော-ဟု ဆိုသော ကြောင့် ကမ္မဋ္ဌာန်းကို မစီးဖြန်းမီ ရှေဦးစွာ သီလ၏စင်ကြယ်ခြင်းကို ဖြစ် စေရာ၏။ထို့နောက် စိတ်၏စင်ကြယ်ခြင်း၊ ထို့နောက် အမြင်၏စင်ကြယ် ခြင်း၊ ထို့နောက် ယုံမှားခြင်းတို့မှ လွတ်မြောက်ခြင်း၊ ထို့နောက် မဂ် ဟုတ်သည် မဟုတ်သည်ကို အသိပညာ၏စင်ကြယ်ခြင်း၊ထို့နောက် မဂ်၏ အကျင့်ဟုတ်သည် မဟုတ်သည်ကို အသိပညာ၏ စင်ကြယ်ခြင်းဖြစ်၏။ ။ ဝိသုဒ္ဓိခြောက်ပါး မဂ်ဉာဏ်နှင့်ကား ခုနစ်ပါးတည်း။

ထိုဝိသုဒ္ဓိ ခြောက်ပါးနှင့် ပြည့်စုံစေပြီးမှ အနိစ္စလက္ခဏာ ဒုက္ခ လက္ခဏာ အနတ္တလက္ခဏာ ဟူ၍ လက္ခဏာယာဉ် သုံးပါး အနိစ္စ အနု ပဿနာ ဒုက္ခအနုပဿနာ အနတ္တအနုပဿနာ ဟူ၍ အနုပဿနာ သုံးပါး။ ထိုသုံးပါးတို့ကို ရှုဆင်ခြင်ရာ၌ ရအပ်သောဉာဏ်ကား သမ္မသန ဉာဏ် ဥဒယဗ္ဗယဉာဏ် ဘင်ဉာဏ် ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိန္ဒဉာဏ် မုစ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် အနုလောမ ဉာဏ်ဟူ၍ ဆယ်ပါး။ ထိုသုံးပါးသော ဝိပဿနာကြောင့် ရအပ်သော ဝိမောက္ခကား- သုညတ ဝိမောက္ခ အနိမိတ္တ ဝိမောက္ခ အပ္ပဏိဟိတ ဝိမောက္ခ-ဟူ၍ သုံးပါး။သုညတာနုပဿနာ အနိမိတ္တာနုပဿနာ၊အပ္ပဏိ ဟိတာနုပဿနာဟူ၍ အနုပဿနာ သုံးပါး။

ထိုဝိသုဒ္ဓိ ခုနစ်ပါးတို့တွင် သီလဝိသုဒ္ဓိကား-ရဟန်းတို့မှာ အာပတ်ခုနစ်ဖုံတို့ကို အဆိပ်ထန်သော မြွေပွေး မြွေဟောက်ကဲ့သို့ ထင်မှတ်၍ စောင့်ရှောက်ခြင်း၊ သာမဏေတို့မှာ လိင်ဆယ်ပါး ဒဏ်ဆယ်ပါးတို့ကို မစင်ကဲ့သို့ ထင်မှတ်၍ စောင့်ရှောက်ခြင်း၊ လူတို့မှာ ပဉ္စသီ ငါးပါး ဒုစရိုက် ဆယ်ပါးတို့ကို မီးပုံကြီးကဲ့သို့ ထင်မှတ်၍ စောင့်ရှောက်ခြင်း တည်းဟူသော ပါတိမောက္ခသံဝရသီလ၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန တည်းဟူသော ခြောက်ဒွါရတို့ကို မင်း၏ ဘဏ္ဍာတိုက်တို့ကို စောင့်သော ဘဏ္ဍာစိုးတို့သည် တိုက်တံခါးကို လုံခြုံစွာပိတ်၍ စောင့်သကဲ့သို့ ထို့အတူ ခြောက်ဒွါရတို့ကို လုံခြုံစွာ စောင့်တတ်သော ဣန္ဒြိယသံဝရသီလ၊ရဟန်းတို့၌ ကုလဒူသနရှစ်ပါး၊ အနေသန နှစ်ဆယ့်တပါးမှ ရသောပစ္စည်းတို့ကို တံထွေးခဲကဲ့သို့ ကြဉ်ရှောင်၍ ဓမ္မိယလဒ္ဓနှင့် ရသော ပစ္စည်းဖြင့် အသက်မွေးခြင်း၊ လူတို့၌ ကာယကံသုံးပါး၊ ဝစီကံလေးပါး ဖြင့်ရသော ပစ္စည်းတို့ကို ကြဉ်ရှောင်၍ တရားနှင့်ညီစွာ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ယာလုပ်ခြင်း စသည်ဖြင့် ရသောပစ္စည်းတို့ဖြင့် အသက်မွေးခြင်းတည်းဟူသော အာဇီဝပါရိသုဒ္ဓိသီလ၊ရဟန်း သာမဏေတို့အား ပဋိသင်္ခါယောနိသော စသော ပစ္စဝေက္ခဏာဖြင့် ပစ္စည်း လေးပါးတို့ကို သုံးဆောင်ရခြင်း၊ လူတို့မှာ အာဟာရေ ပဋိကူလသညာ စသည်ဖြင့် သုံးဆောင်ရခြင်းတည်းဟူသော ပစ္စယသန္နိဿိတသီလ၊ ဤလေးပါးတို့နှင့် ပြည့်စုံသောသူတို့၏ သီလစင်ကြယ်ခြင်းကြောင့် သီလဝိသုဒ္ဓိမည်၏။

စိတ္တဝိသုဒ္ဓိကား- ဥပစာရသမာဓိ အပ္ပနာသမာဓိစေတိ ဒုဝိဓောပိ သမာဓိစိတ္တဝိသုဒ္ဓိနာမ-ဟုဆိုသောကြောင့် ကာမာဝစရကုသိုလ်၏အစွမ်း ဖြင့် ဈာန်၏ အနီးသို့ရောက်၍ တည်ကြည်ခြင်း မဟဂ္ဂုတ်လောကုတ္တရာကုသိုလ်၏အစွမ်းကြောင့် ဈာန်မင်ဖိုလ်သို့ရောက်၍တည်ကြည်ခြင်း ဤနှစ်ပါးကိုရသောသူသည် စိတ်၏စင်ကြယ်ခြင်းနှင့် ပြည့်စုံသောကြောင့် စိတ္တဝိသုဒ္ဓိမည်၏။

ဒိဋ္ဌိဝိသုဒ္ဓိကား-လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ-ဟု ဆိုသောကြောင့် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်လေးပါးကား နာမ်မည်၏။ရုပ်နှစ်ဆယ့်ရှစ်ပါးကား အချမ်း အပူ တို့ဖြင့် ဖောက်ပြန်ခြင်း တူမျှသောကြောင့် ရုပ်မည်၏။ နာမ်ရုပ်နှစ်ပါး တို့သည် အမြဲမရှိသော အနိစ္စ၊ ဆင်းရဲတတ်သော ဒုက္ခ၊ ကိုယ်မဟုတ် အစိုးမရသော အနတ္တ ဤသုံးပါးသည် လက္ခဏာမည်၏။ ပြည့်စုံခြင်း

သည် ရသမည်၏။ ဤတရားသုံးပါးသာလျှင် မပြတ်မလတ် ပေးသော အကျိုးတည်းဟူသော ပစ္စုပ္ပဒ္ဓာန၊ ထိုသုံးပါးသော တရားတို့နှင့် နီးစွာသော အကြောင်းရင်း တည်းဟူသော ပဒဋ္ဌာန်၊ ဤသို့ လက္ခဏ ရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် နာမ်ရုပ်တို့ကို စင်ကြယ်စွာမြင်ခြင်းသည် အမြင်၏ စင်ကြယ်ခြင်းကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိကား - တေသမေဝစ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ ဟုဆိုသောကြောင့် ဤနာမ်ရုပ် နှစ်ပါးတို့သည် ဖြဟ္မာ သိကြား နတ် ရက္ခစိုးစသော တစုံတယောက်သော သူတို့သည်လည်း ပြုပြင်ဖန်ဆင်းသည်မဟုတ်။ ဇုတ္တိ ပုရိသ သတ္တ ပုဂ္ဂလလည်း မဟုတ်၊အဝိဇ္ဇာအစ မရဏ အဆုံးရှိသော အင်္ဂါ ၁၂-ပါး၊အခွန့် ၃-ပါး၊ အခြင်းအရာ နှစ်ဆယ်၊အစပ် ၃-ပါး၊ အလွှာလေးပါး၊ ဝဋ်သုံးပါး၊ မူလ နှစ်ပါး ဤခုနစ်ပါးသော တရားအစုသာ ဖြစ်ချေသည်ဟု မြင်ခြင်းသည် ယုံမှားခြင်းတို့ကို လွန်မြောက်နိုင်သော ဉာဏ်၏ စင်ကြယ် ခြင်းကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကား-တတော ပရံ တထာ တထာ ပရိဂ္ဂဟိတေသု သပစ္စယေသု တေဘူမကသင်္ခါရေသု အတီတာဒိဘေဒ ဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ ကလာပဝသေန သံခိပိတွာ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ အဒ္ဓါနဝသေန သန္တတိဝသေန ခဏဝသေန။ လ။ ဥဒယဗ္ဗယံ သမနုပဿန္တဿစ ဩဘာသော ပီတိ ပဿဒ္ဓိ အဓိမောက္ခောစ ပဂ္ဂဟော သုခံဉာဏမုပဋ္ဌာနမုပေက္ခာစ နိကန္တိ စေတိ ဩဘာသာဒိ ဝိပဿနုပက္ကိလေသ ပရိဗန္ဓ ပရိဂ္ဂဟဝသေန။လ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနာမ-ဟု ဆိုသောကြောင့် ထိုသို့နာမ်ရုပ်တို့၏ အကြောင်းကိုသိမ်းဆည်းပြီးသော နောက်ကာလ၌ အကြောင်းနှင့်တကွ ဖြစ်ကုန်သော တေဘူမကသင်္ခါရတရားတို့၌ အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူသော အခွန့်သုံးပါးနှင့်တကွ ဖြစ်ကုန်သော ခန္ဓာ အာယတန စသော နည်းတို့ကို အာရုံပြု၍ ကလာပ်တို့၏ အစွမ်းဖြင့် အကျဉ်းရုံး၍ ကုန်ခန်း တတ်ကုန်သော အနက်သဘောကြောင့် အနိစ္စမည်၏၊ ဘေးနှင့်တကွ ဖြစ်ခြင်းကြောင့် ဒုက္ခမည်၏၊ အနှစ်သာရ မရှိခြင်းကြောင့် အနတ္တမည်၏။ အခွန့်သုံးပါးတို့၏ အစွမ်းအားဖြင့်၎င်း၊ အစဉ်မပြတ်သော အားဖြင့်၎င်း လက္ခဏာယာဉ် သုံးပါးတို့ကို သုံးသပ်ဆင်ခြင်သောအခါ ထိုဝိပဿနာ ကြောင့် ကိုယ်မှ ထွက်လတ်သော အရောင် အလွန်နှစ်သက်တတ်သော

ဝီတိ၊ကိုယ်စိတ်နှစ်ပါး ငြိမ်းသော ပဿဒ္ဓိ၊အာရုံကို ဆုံးဖြတ်သော အဓိမောက္ခ၊ စိတ်ကို ချီးမြှောက်ခြင်းတည်းဟူသော ပဂ္ဂဟ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခ ဝိပဿနာ၌ထင်သောညာဏ်ပြဋ္ဌာန်းသော ဥပဋ္ဌာန၊လျစ်လျူရှုတတ်သော ဥပေက္ခာ၊ ဤဝိပဿနာ၏ အန္တရာယ် ဖြစ်သော သိမ်မွေ့သော ကိလေသာတို့ကို ဤကား မဂ်ဟုတ်မဟုတ် သိမ်းဆည်း၍သိတတ်သောညာဏ်သည် မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိမည်၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကား-တထာ ပရိဗန္ဓ ဝိမုတ္တဿ ပန တဿ ဥဒယဗ္ဗယ ဉာဏတော ပဋ္ဌာယ ယာဝ။ လ ။ပဋိပဇ္ဇန္တဿ နဝ ဝိပဿနာ ဉာဏာနိ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနာမ-ဟု ဆိုအပ်သောကြောင့် ထိုသို့ အနှောင်အဖွဲ့ ဖြစ်ပြီးသော ကိလေသာမှ လွတ်ပြီးသော အခါ ဥဒယဗ္ဗယညာဏ် တိုင်အောင် အစဉ်မပြတ်သုံးသပ်သောညာဏ်၏ စင်ကြယ်ခြင်းသည် မဂ်အကျင့်ဟုတ်သည် မဟုတ်သည်ဟု ညာဏ်အမြင်၏ စင်ကြယ်ခြင်းကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ဉာဏဒဿနဝိသုဒ္ဓိကား- တဿေဝ ပဋိပဇ္ဇန္တဿ ပန ဝိပဿနာ ပရိပါကမာဂမ္မ ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတီတိ ဥပ္ပန္န မနောဒွါရာ ဝဇ္ဇနာနန္တရံ ဒွေတီဏိ ဝိပဿနာ စိတ္တာနိ အနိစ္စာဒိ လက္ခဏမာရဗ္ဘ ပရိကမ္မောပစာရာနုလောမနာမေန ပဝတ္တန္တိ၊ ယာ သိခါပတ္တာ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ ပဝုစ္စတိ-ဟု ဆိုသောကြောင့် ထိုကိလေသာတည်းဟူသော အနှောင်အဖွဲ့မှလွတ်၍ ဝိပဿနာ အဆင့်အဆင့် သုံးသပ်သောကာလ ဝိပဿနာညာဏ် ရင့်ခြင်းသို့ ရောက်သောအခါ ငါသည် ယခု အပ္ပနာသို့ ရောက်ချေတော့မည်ဟု ကြံသော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာယာဉ်သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ပရိကံဥပစာအနုလုံဟူသော ဇောစိတ်သည်ဖြစ်လေ၏။ဤကား ကာမာဝစရကုသိုလ်၏ အစွမ်းကြောင့် ဝိပဿနာ၏ အထွဋ်အထိပ်သို့ ရောက်ခြင်းသည် ထိုပရိကံ ဥပစာ အနုလုံ ဖြစ်၍ ချုပ်ပြီးသော ပုထုဇ္ဇန်၏ အနွယ်ကိုဖြတ်ဆဲ အရိယာ၏ အနွယ်ကို ရောက်ဆဲသာ ဖြစ်သော ဂေါတြဘူစိတ်သည် သုံးကြိမ် လေးကြိမ်ရင်း၊ ဖြစ်ပြီးသော အခြားမဲ့၌ သောတာပတ္တိ မဂ်စိတ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍မြင်ခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊မဂ္ဂသစ္စာကိုပွားစေခြင်း တည်းဟူသော မဂ်ကိစ္စလေးပါးတို့ကို တပြိုင်နက်ပြီးစေလျက် အပ္ပနာသို့ ရောက်၏။ထို့နောင် သောတာ

ပတ္တိဖိုလ်စိတ်သည် နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ဘဝင်ကျလေ၏။တဘန်ဘဝင်၏ အယဉ်ကို ဖြတ်၍ ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်၏။ ထိုအခါ ကုန်သော ကိလေသာတို့ကိုသာ ဆင်ခြင်၍ ကြွင်းသောကိလေသာတို့ကိုမူကား ဆင်ခြင်မိသည်လည်းရှိ၏၊မဆင်ခြင်မိသည်လည်းရှိ၏၊ဤသစ္စာတရား လေးပါး၌ စင်ကြယ်စွာ မြင်ခြင်းကြောင့် ဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဤသည်ကား ဝိသုဒ္ဓိခုနစ်ပါး အကျဉ်းချုပ်ပြီး၏။

## ဝိပဿနာဉာဏ် ၁၀-ပါးကား

အကြင်ပုဂ္ဂိုလ်သည် ဆရာထံ ချဉ်းကပ်၍ ဆရာထံက ခန္ဓာငါးပါး ဒွါရခြောက်ပါး အာရုံခြောက်ပါး၊ဝိညာဉ်ခြောက်ပါး၊ ဖဿခြောက်ပါး ဝေဒနာခြောက်ပါး၊ သညာခြောက်ပါး၊ စေတနာခြောက်ပါး၊ တဏှာ ခြောက်ပါး၊ ဝိတက်ခြောက်ပါး၊ ဝိစာရခြောက်ပါး ဓာတ်ခြောက်ပါး၊ ကသိုဏ်းဆယ်ပါး၊ ဒွတ္တိံသာကာရ အာယတန တဆယ့်နှစ်ပါး။ ဓာတ် တဆယ့်ရှစ်ပါး၊ သစ္စာလေးပါး၊ ဣန္ဒြေတဆယ့်ခြောက်ပါး၊ ဘဝသုံးပါး၊ ဘဝကိုးပါး၊ ဈာန်ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ်တရား တဆယ့်နှစ်ပါး ဤတရား စုတို့ကို အတိတ်အနာဂတ် ပစ္စုပ္ပန်သုံးပါးတို့၌ လက္ခဏာရေးသုံးပါး တို့ဖြင့်တင်၍ စီးဖြန်းဆင်ခြင် သုံးသပ်သောအခါသည် သမ္မသနဉာဏ် မည်၏။ ထိုသို့သုံးသပ်ဖန်များသောအခါ အဖြစ်အပျက်ကို မြင်ခြင်းသည် ဉဒယဗ္ဗယဉာဏ်မည်၏၊ အဖြစ်အပျက်လွတ်၍ အပျက်၌သာလျှင် မြင်ပြန် သောအခါ ဘင်္ဂဉာဏ်မည်၏၊ တဘန်အလုံးစုံသော သင်္ခါရတရားတို့ကို ဘေးဟူ၍မြင်ပြန်သောအခါ ဘယဉာဏ်မည်၏။ ထို့နောက်အလုံးစုံသော သင်္ခါရ တရားကို အပြစ်ဟု မြင်သောအခါ အာဒီနဝဉာဏ် မည်၏၊ ထိုသင်္ခါရတရားကိုပင် ငြီးငွေ့သောအခါ နိဗ္ဗိန္ဒာဉာဏ်မည်၏၊ ထိုငြီးငွေ့ဘန် များသောအခါ သင်္ခါရမှလွတ်ခြင်းကို အလိုရှိပြန်သောအခါ မုစ္စိတု ကမျတာဉာဏ်မည်၏။ ဤသင်္ခါရမှ လွတ်ကြောင်းကား အဘယ်သို့ကြံရပါ အံ့နည်းဟု ကြံ၍ဆင်ခြင်သောအခါ ပဋိသင်္ခါဉာဏ်မည်၏၊ သင်္ခါရ၌ တပ်ခြင်း ကြောင့်ကြခြင်းတို့သည် အကြောင်းမဟုတ် ကမ္မဿကာဟူ၍ လျစ်လျူရှုသောအခါ သင်္ခါရုပေက္ခာဉာဏ်မည်၏၊ ထိုသို့လျစ်လျူရှုပြီးမှ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးဟု ဆိုအပ်သော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး တို့ကို အားထုတ် ခြင်းသည် အနုလောမမည်၏။ ဤသည်ကားဉာဏ် ၁၀-ပါးအကျဉ်ချုပ်ပြီး၏။

## ဝိမောက္ခတရားသုံးပါး

တတ္ထ အနတ္တာနုပဿနာ အတ္တာဘိနိဝေသံ မုဉ္စန္တီ သုညတာနုပဿနာနာမ ဝိမောက္ခမုခံ ဟောတိ၊ အနိစ္စာနုပဿနာ ဝိပ္ပလ္လာသနိမိတ္တံ မုဉ္စန္တီ အနိမိတ္တာနုပဿနာနာမ ဝိမောက္ခမုခံဟောတိ၊ ဒုက္ခာနုပဿနာ တဏှာပဏိဓိံ မုဉ္စန္တီ အပ္ပဏိဟိတာနုပဿနာနာမ ဝိမောက္ခမုခံဟောတိ-ဟု ဆိုသောကြောင့် အနတ္တဟု စီးဖြန်းသော သူတို့သည် အတ္တနိမိတ်မှ ဆိတ်သောကြောင့် သုညတဝိမောက္ခမည်၏၊ အနိစ္စဟု စီးဖြန်းသောပုဂ္ဂိုလ်တို့သည်မြဲ၏ဟု ဘောက်ပြန်ခြင်းနိမိတ်မှ ကင်းသောကြောင့် အနိမိတ္တဝိမောက္ခမည်၏။ ဒုက္ခဟုစီးဖြန်းသော ပုဂ္ဂိုလ်တို့သည် မြတ်၏ ချမ်းသာ၏ဟု တပ်စွမ်းသော တဏှာမှ ကင်းသောကြောင့် အပ္ပဏိဟိတ ဝိမောက္ခမည်၏။ ဤသည်ကား ဝိမောက္ခသုံးပါးပြီး၏။

## ပုဂ္ဂလဘေဒ ပုဂ္ဂိုလ်အပြား

သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိကိစ္ဆာပဟာနေန ပဟီနာပါယဂမနော- အစရှိသည်ဖြင့် ပါဠိလာသောကြောင့် သောတာပတ္တိမဂ်ကို ပွားများစေလိုသော ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဂတသမ္ပယုတ်လေးခု ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ ပယ်သောကြောင့် အပါယ်သို့ မလားကုန် သောတာပန်ဟူသောအမည်ကို ရလေကုန်၏၊ သကဒါဂါမိမဂ်ကို ပွားများစေသောပုဂ္ဂိုလ်တို့သည် ကာမရာဂ ဗျာပါဒတို့ကို ခေါင်းပါးအောင် ကျင့်သောကြောင့် ဤလူ့ပြည်ကိုတကြိမ်သာ လာသောကြောင့် သကဒါဂါမိမဂ်မည်၏၊ အနာဂါမိမဂ်ကို ပွားများစေသော ပုဂ္ဂိုလ်တို့သည် ဝတ္ထုကာမ ကိလေသာကာမ ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်၍ ဤလူ့ပြည်သို့မလာသောကြောင့် အနာဂါမိမဂ်ပုဂ္ဂိုလ်မည်၏၊ အရဟတ္တမဂ်ကို ပွားများစေသော ပုဂ္ဂိုလ်တို့သည် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စတို့ကို အကြွင်းမဲ့ပယ်လျက် မြတ်သောအလှူကို ခံတော်မူထိုက် သောကြောင့် ရဟန္တာဟူသော အမည်ကို ရတော်မူ၏။ ဤသည်ကား မဂ်လေးပါး ဖိုလ်လေးပါးရှစ်ယောက်ပြီး၏။

## သမာပတ်အပြား

ဖလသမာပတ္တိဝီထိယံ ပနေတ္ထ သဗ္ဗေသံပိ ယထာသက ဖလဝသေန သာဓာရဏာဝ။ နိရောဓသမာပတ္တိ သမာပဇ္ဇနံပန အနာဂါမိနဉ္စေဝ အရဟန္တာနဉ္စ လဗ္ဘတိ-ဟု ဆိုသောကြောင့် သမာပတ်တို့သည် ဖလသမာပတ် နိရောဓ သမာပတ်ဟူ၍ နှစ်ပါးရှိ၏၊ ထိုနှစ်ပါး တို့တွင်

ဖလသမာပတ်၌မှာမူကားအလုံးစုံသောပုဂ္ဂိုလ်တို့တွင် မိမိတို့ရအပ်သော ဖိုလ်ကိုပင် မိမိတို့သည် ဝင်စားနိုင်ကြကုန်၏၊ နိရောဓသမာပတ်မှာမူကား အနာဂါမိပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ် ဤနှစ်ပါးတို့သည် ဝင်စားနိုင်ကြကုန်၏။ ထိုသို့ဝင်စားခြင်းသည်လည်း ပဌမဈာန်အစရှိသော မဟဂ္ဂုတ်ဈာန်ကိုဝင်စား၍သင်္ခါရတရားတို့၌ ဆင်ခြင်သုံးသပ်ပြီးလျှင် အာကိဉ္စညာယတနဈာန်သို့တက်၍ အဓိဋ္ဌာန်ခြင်း အစရှိသော ပုဗ္ဗကိစ္စဟူသမျှကို ပြုပြီးမှ နေဝသညာ နာသညာယတနဈာန်ကို ဝင်စားလေပြန်၏၊ ထိုအခါ စိတ်ခေတသိက်တို့သည် ချုပ်ငြိမ်းလေ၏၊ ထိုဈာန်နှစ်ပါးသည် နိရောဓသမာပတ်မည်၏၊ ထိုနိရောဓ သမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်မှာအနာဂါမိဖိုလ်ကိုရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ကိုဝင်စား၍ ဘဝင်ကျလေ၏၊ ထိုနောင် ပစ္စဝေက္ခဏာဉာဏ်ဖြစ်လေ၏။ ဤသည်ကား သမာပတ္တိအပြားပြီး၏။

## တနည်းဝိသုဒ္ဓိ ခုနစ်ပါးကိုထင်ရှားအောင် နေ့,လ,၏အလားကဲ့သို့ပြဆိုပုံ

ဝိသေသေန သုဒ္ဓနံ ဝိသုဒ္ဓိ၊ ဝိသေသေန၊ အထူးအားဖြင့်။ သုဒ္ဓနံ၊ ကိလေသာမှ စင်ကြယ်ခြင်းတည်း။ ဝိသုဒ္ဓိ၊ အထူးသဖြင့် ကိလေသာမှ စင်ကြယ်ခြင်း။ ဤသို့မိန့်အပ် ပါဠိဝစနတ်နှင့်အညီ ကိလေသာ တည်းဟူသော အညစ်အကြေးတို့မှ အထူးသဖြင့် သန့်ရှင်း စင်ကြယ်သော သဘောသည် ဝိသုဒ္ဓိမည်၏။ ထိုဝိသုဒ္ဓိသည်လည်း သင်္ချာအရ သရုပအားဖြင့် ခုနစ်ဝအပြားရှိရကား နိဗ္ဗာန်သို့ရောက်လိုသော ယောဂီပုဂ္ဂိုလ်တို့သည် ဤဝိသုဒ္ဓိ ခုနစ်ပါးကို မိမိခန္ဓာကိုယ်ကဲ့သို့ ဥပမာအားဖြင့် ပြုအပ်ကုန်၏၊ ပြုကြပုံမှာမူကား ဝိသုဒ္ဓိခုနစ်ပါးတို့တွင် သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ နှစ်ပါးတို့ကိုမူကား နိဗ္ဗာန်ရွှေမြို့သွားရာဝယ် ခြေထောက်သဘွယ် အရင်းမူလထား၍ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါ ဉာဏဒဿ နဝိသုဒ္ဓိဤဝိသုဒ္ဓိ လေးပါး တို့ကိုမူကား ခန္ဓာကိုယ်ပမာ လက်နှစ်ဖြာ ပမာထားကြ၍ ဉာဏဒဿန ဝိသုဒ္ဓိတည်းဟူသော ဦးခေါင်းကို တပ်စေရာ၏။ ဤသို့ဖြစ်ရကား သပ္ပုရိသ ခေါ် သြောင်း သူတော်ကောင်းတို့သည် ခန္ဓာအာယတနဓာတ် ပဋိစ္စသမုပ္ပါဒ် တည်းဟူသော မြေကြီးတို့၌ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ တည်းဟူသော ခြေထောက်တို့ဖြင့် နင်းတော်မူ၍ ကိုယ်ခန္ဓာနှင့် တူသော ဝိသုဒ္ဓိနှစ်ပါး လက်နှစ်ဘက်နှင့် တူသော ဝိသုဒ္ဓိနှစ်ပါး ဦးခေါင်းနှင့်တူသော ဉာဏ

ဒဿနဝိသုဒ္ဓိ တရား ပေါင်းငါးပါးတို့ကို ပြည့်စုံစေရာ၏ဟု ဉာဏ်ဂဟေ စွဲ၍အမြဲမှတ်ကြရတော့သည်၊သပ္ပုရိသခေါ် ညောင်းသူတော်ကောင်းတို့။

## သီလဝိသုဒ္ဓိအရ ဖြည့်ကျင့်ဟန်ကိုပြခြင်း

သီလဝိသုဒ္ဓိကို ဖြည့်ကျင့်ကြလိုသော ယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့ စောင့်သုံးအပ်သော ငါးပါးသီလ တည်းဟူသော နိစ္စသီလ, ရှစ်ပါးသီလ တည်းဟူသော ဥပေါသထသီလ ဆယ်ပါးသီလ တည်းဟူသော နိယမ သီလတို့ကို သီလာနုဿတိ ကမ္မဋ္ဌာန်း၌ ပြဆိုခဲ့ပြီးသောနည်းဖြင့် မကျိုး မပေါက် မပြောက်မကျား ခရုသင်းပွတ်သစ် ပုလဲနှစ်အလားကဲ့သို့ ဖြူစင် အောင် အားထုတ်အပ်၏။ ဤသည်ကား ပါတိမောက္ခသံဝရသီလတည်း။

ဣန္ဒြိယသံဝရမှာ မူကား စက္ခု အစရှိသော ဒွါရခြောက်ပါး တို့၌ ရူပါရုံ အစရှိသော အာရုံခြောက်ပါးကို စွဲ၍ အဘိဇ္ဈာ အစရှိသော အကုသိုလ်တရား မဖြစ်စေရအောင် သတိ စေတသိက် တည်းဟူသော တံခါးဖြင့် ပိတ်အပ်ကုန်၏။ ဤသည်ကား ဣန္ဒြိယသံဝရသီလတည်း။

အာဇီဝပါရိသုဒ္ဓိမှာမူကား ပါဏာတိပါတ အစရှိသော ဒုစရိုက် ခုနစ်ပါးတို့ဖြင့် ရအပ်သော ပစ္စည်း၊ ချိန်စဉ်းလဲ တင်းစဉ်းလဲ အသပြာ စဉ်းလဲ ခွက်စဉ်းလဲစသည်တို့ကိုပြု၍ ရသောပစ္စည်း၊ ဝဋ္ဋနတည်းဟူသော လှည့်ပတ်ခြင်း ပရိယာယ် ပြုခြင်းတို့ဖြင့် ရအပ်သော မိစ္ဆာဇီဝ ပစ္စည်း တို့ကို ကြဉ်၍ တရားသဖြင့် ရသော ပစ္စည်းတို့ကို သာလျှင် သုံးဆောင် မှီဝဲ၍ အသက်မွေးအပ်ကုန်၏၊ ဤသည်ကား အာဇီဝပါရိသုဒ္ဓိ သီလ တည်း။

ပစ္စယသန္နိဿိတသီလမှာမူကား တရားသဖြင့် ရအပ်သော ပုဆိုး,အစာ အာဟာရတို့ကို ပဋိကူလသညာ စတုဓာတုဝဝတ္ထာန်တို့ဖြင့် အောက်မေ့ ဆင်ခြင် နှလုံးသွင်းခြင်း စည်းစိမ်ဥစ္စာဖြင့် မိန်းမော တွေဝေခြင်းသို့ မရောက်သောဝဋ်မှထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင် ခံစားမှီဝဲခြင်းအမှုများကို ပြုအပ်၏၊ဤကား ပစ္စယသန္နိဿိတသီလတည်း။

ဤသို့ အကျဉ်းအားဖြင့် ပြအပ်သော သီလလေးပါးတို့တွင် ပါတိ မောက္ခသံဝရသီလကို သဒ္ဓါပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့်ပြည့်စုံစေ ရာသည်။ဣန္ဒြိယသံဝရသီလကို သတိပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပြည့်စုံစေရာသည်။အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်ဖြင့် ပြည့်စုံစေရာသည်။ပစ္စယသန္နိဿိတသီလကို ပညာပြဋ္ဌာန်း

သော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပြည့်စုံစေရာသည်။ ဤသို့သဒ္ဓါ သတိ ဝီရိယ ပညာစေတသိက် လေးပါးဖြင့် သီလကြီးလေးပါးကို ဖြည့်ကျင့်ကြ၍ စတုပါရိသုဒ္ဓိသီလ တရားကို ပြည့်စုံစေအပ်တော့ သတည်း။ ထိုကြောင့် ရကား သံယုတ်ပါဠိတော်များ၌–

သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။

ဟု ဟောကြားတော်မူခဲ့ပြီ။ ။သဒ္ဓါယ၊ ဘက်ဝင်ယုံကြည်ငြား သဒ္ဓါ တရားကြောင့်။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ တရတိ၊ လွန်မြောက် နိုင်၏။ အပ္ပမာဒေန၊ ကုသိုလ်ကောင်းမှုအစုစု၌ သတိမပေါ့ မမေ့လျော့ ခြင်းကြောင့်။ အဏ္ဏဝံ၊ ဘဝပြင်ကျယ် မြစ်ပင်လယ် သံသရာကို။ တရတိ၊ ကူးမြောက်နိုင်၏။ ဝီရိယေန၊ ထကြွလုံ့လ ဝီရိယတရားကြောင့်။ ဒုက္ခံ၊ တမလွန် ပစ္စုပ္ပန် နှစ်တန်သော ဆင်းရဲကို။ အစ္စေတိ၊ လွန်မြောက်နိုင်၏။ ပညာယ၊အသိထက်သန် ပညာဉာဏ်ကြောင့်။ ပရိသုဇ္ဈတိ၊ကိလေသာမှေး တဏှာဘေးမှ လွတ်ရေး လွတ်ဘွယ် အလွန်စင် ကြယ်နိုင် လေတော့ သတည်း။

ဤသည်လျှင် မန္ဒ ပညာနှံ့နှေးသော ပုဂ္ဂိုလ်တို့အား အလွယ်တကူ သိစေခြင်းငှာ အကျဉ်းအားဖြင့် ရေးသားအပ်သော စတုပါရိသုဒ္ဓိသီလ လေးပါး၏အရ အဓိပ္ပါယ်ပြကို မှတ်သားအပ်ပေ၏။

အကျယ်ချဲ့၍ တဘန်ပြဦးအံ့။ ပါတိမောက္ခပုဒ်အရ ဝစနတ္ထအားဖြင့် သီလံ ပါတိရက္ခတီတိ ပါတိ။ ။သီလံ၊ သီလတရားကို။ ပါတိရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပါတိ၊ ပါတိမည်၏။ သီလကိုစောင့်ရှောက်သော ပုဂ္ဂိုလ်ကိုရ၏။ ပါတိံ မောက္ခေတိ–မောစေ တီတိ ပါတိမောက္ခံ။ ပါတိံ၊သီလကိုစောင့်ရှောက်တတ်သော ပုဂ္ဂိုလ်ကို။ မောက္ခေတိ–မောစေတိ၊ အပါယ် အစရှိသော ဆင်းရဲတို့မှ လွတ်စေ တတ်၏။ ဣတိတသ္မာ! ထို့ကြောင့်။ ပါတိမောက္ခံ၊ ပါတိမောက်မည်၏။ သိက္ခာပုဒ် သီလကိုရ၏။ သတိကဝါဋေန သံဝရဏံ ပိဒဟနံ သံဝရော။ သတိကဝါဋေန၊ သတိတည်းဟူသော တံခါးရွက်ဖြင့်။ သံဝရဏံပိဒဟနံ၊ ပိတ်ခြင်းတည်း။ သံဝရော၊ သတိတည်းဟူသော တံခါးရွက်ဖြင့်ပိတ်ခြင်း။ သတိစေတသိက်ကို အရကောက်။

သီလတိ သမ္မာဍ္ဍပေတီတိ သီလံ။ သီလတိ–သမ္မာဍ္ဍပေတိ၊ ကာယကံ ဝစီကံတို့ကို ကောင်းစွာထားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သီလံ၊

သီလမည်၏။ စေတနာ စေတသိက်ကို အရကောက်။ ပါတိမောက္ခ သံဝရောဝေ သီလံ၊ ပါတိမောက္ခသံဝရသီလံ။ ပါတိမောက္ခသံဝရောဝေ၊ ပါတိမောက္ခ သံဝရသည်ပင်လျှင်။ သီလံ၊ သီလတည်း။ ပါတိမောက္ခ သံဝရသီလံ၊ ပါတိမောက္ခသံဝရသည်ပင်လျှင် သီလတည်း။ ဤပါတိမောက္ခသံဝရသီလကို စောင့်သုံးသော ယောဂီပုဂ္ဂိုလ်သည် တော၌ ကျက်စား၍နေသော ကိကီမည်သောတောကြက်ယစ်မသည် မိမိအဥကို စောင့်ရှောက်သကဲ့သို့၎င်း၊ ဇာမရီမည်ပြား ထိုသည့်သားကောင်သည် မိမိ၏အမြီးဆံကို စောင့်ရှောက်သကဲ့သို့၎င်း၊ သားတယောက်၏ အဘသူကြွယ်သည် ချစ်လှစွာပြား တယောက်သောသားကို စောင့်ရှောက်သကဲ့သို့၎င်း၊ မျက်စိတဘက်ရှိသောသူသည် တဘက်သော မျက်စိကို စောင့်သကဲ့သို့၎င်း၊ မိမိ၏အသက်ကို ငဲ့ကွက်ခြင်းမရှိကြမူ၍ ဖြည့်ကျင့်အပ်ကုန်၏၊ ထို့ကြောင့် ရကား အသီတိနိပါတ် မဟာသုတ သောမဇာတ်တော်၌–

ဓနံ စဇေ အင်္ဂရက္ခ၊ အင်္ဂံ စဇေယျ ဇီဝိတံ။

သဗ္ဗမ္ပိ ရက္ခမာနော၊ သဗ္ဗံ စဇေယျ ပဏ္ဍိတော။

ဟုဟောတော်မူခဲ့ပြီ။ အင်္ဂံ၊ ခြေလက်စသော ကိုယ်အင်္ဂါကို။ ရက္ခံ၊ စောင့်ရှောက်သောသူသည်။ ဓနံ၊ ရွှေငွေစသော ရတနာဥစ္စာကို။ စဇေ၊ စွန့်ရဲရာ၏။ ဇီဝိတံ၊ ရုပ်နာမ်နှစ်ချက် ဇီဝသက်ကို။ ရက္ခန္တော၊ စောင့်ရှောက်သောသူသည်။ အင်္ဂံ၊ ကိုယ်လက်စသော ကိုယ်အင်္ဂါကို။ စဇေယျ၊ စွန့်ရဲရာ၏။ သဗ္ဗမ္ပိ၊ သီလစသောသူတော်တရားတည်းဟူသောရတနာကို။ ရက္ခမာနော၊ စောင့်ရှောက်သော။ ပဏ္ဍိတောတု၊ ကြောင်းကျိုးမြင်သိ ပညာရှိသည်ကား။ သဗ္ဗံ၊ အလုံးစုံဥစ္စာ အင်္ဂါ အသက်ကို။ စဇေယျ၊ စွန့်ရဲရာလေတော့သတည်း။

ဤသို့ ပါဠိ ဂါထာ လာရှိသည်နှင့်အညီ ကိုယ်အသက်ကို မငဲ့ကွက်မူ၍ ဘုရားပညတ် သိက္ခာပုဒ်တော်မြတ်ကို ရိုသေချစ်အပ် မြတ်နိုးလတ်၍ နိဗ္ဗာန်ခတ်သို့ဝင်အောင် သီလဝိသုဒ္ဓိတရားကို စောင့်ရှောက်အပ်၏။ စောင့်ရှောက်ဟန်ကား သီလတော်မြတ်ကို စောင့်ရှောက်ရာ၌ သီလ၏ ညစ်နွမ်းခြင်း ကိလေသာတို့ကိုပယ်ရှောင်၍ သီလ၏ဖြူစင်ခြင်း ဝေါဒါန တို့ကိုသိရာ၏၊ သီလညစ်နွမ်းခြင်းဟူသည် အစွန်း၌ပြတ်သော ပုဆိုးကဲ့သို့ မိမိစောင့်သုံးသော သီလ၏ အစသိက္ခာပုဒ် အဆုံးသိက္ခာပုဒ်ပျက်ခြင်းဟု ဆိုအပ်သော ကျိုးခြင်း အလယ်၌ ပေါက်သော ပုဆိုးကဲ့သို့ အလယ် သိက္ခာပုဒ်ပျက်ခြင်းဟု ဆိုအပ်သော ပေါက်ခြင်း နွားပြောက်ကဲ့သို့

သိက္ခာပုဒ် အစဉ်အားဖြင့် တခု နှစ်ခု သုံးခု လေးခုစသည် ပျက်ခြင်းဟု ဆိုအပ်သောကြားခြင်း လာဘ်အခြွေအရံအကျော်အစောကိုတောင့်တ၍ သီလကိုဆောက်တည်ခြင်း မေထုန်ငယ်ခုနစ်ပါးတို့နှင့် မကင်းခြင်း ဤသို့ စောင့်သုံး ခြင်းဟု ဆိုအပ်သော သီလ တရားသည် ညစ်နွမ်းခြင်း သံကိလေသဖြစ်၏၊ ထိုသံကိလေသတို့ကို ပယ်ရှား၍ကျင့်ကြံ အားထုတ် အပ်သော သိက္ခာပုဒ်များသည် သီလဝိသုဒ္ဓိအစစ် ဧကန်ဖြစ်ပါ၍ ပါတိမောက္ခသံဝရ သီလအမည်နာမကို ရဟော့သည်သာလျှင်ကတည်း။

ဤအရာ၌ မေထုန်ငယ်ခုနစ်ပါးတို့ကို ခွဲခြား၍ပြဦးအံ့။ ခုနစ်ပါးအရ ဟူသည်ကား မာတုကာမတို့နှင့် မေထုန်မှီဝဲခြင်း၊ မေထုန ကိစ္စကို မပြုသော်လည်း မာတုကာမတို့နှင့် ကိုယ်လက်ဆံထုံး လက်ရုံးကို သုံးသပ် သာယာခြင်း၊ မာတုကာမတို့နှင့် ပြုံးရယ် ပျော်ပါး ကစားမြူတူးခြင်း၊ မာတုကာမတို့ပြောဆို ရွတ်အံသောအသံကိုနာခံနှစ်သက် စုံမက်သာယာ ခြင်း၊ မာတုကာမတို့ကို မျက်ဝါးတည့်တည့် တစိမ့်စိမ့်ကြည့်ခြင်း၊ မိမိပြု ဘူးသော မေထုန်ကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း၊ သူတပါး ပြုသော မေထုန်ကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း၊ ခြောက်ထပ် နတ်ရွာနတ်ချမ်းသာကို သာယာတောင့်တ၍ သီလကိုဆောက်တည်ခြင်း၊ ဤသို့အားဖြင့် မေထုန်ငယ်ခုနစ်ပါးကို အင်္ဂုတ္တရပါဠိတော်ဝယ် ဇာဏု သောဏိ ပုဏ္ဏားကြီးအားဟောကြားတော်မူ၏။

ဤပါတိမောက္ခသံဝရ သီလအရာ၌ တောမီးလောင်သော မထေရ် ဝတ္ထုကို ထုတ်ဆောင်အပ်၏။ သီဟိုဠ်ကျွန်းဝယ် မထေရ်တပါးသည် မဟာဝဋ္ဋနီဝိဋ္ဋာဋ္ဋဝီတောအုပ်တွင်း၌ သူခိုးတို့သည်နွယ်ဖြင့် ချည်တုတ် အပ်သည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး ဘူတဂါမ် သိက္ခာပုဒ် အတွက်ကြောင့် နွယ်ကိုမဖြတ်မူ၍ နေတော်မူသောအခါဝယ် တောမီးလောင်လတ်၍ လာလျှင် ကိုယ့်အသက်ကို သိက္ခာပုဒ်ပျက်မည်လောက်မျှ မခင်မင်၍ ဝိပဿနာကို သုံးသပ်လျက်လျှင် ဇီဝိတ သမသိသီ ရဟန္တာ ဖြစ်လျက် အသခ်တဓာတ် နိဗ္ဗာန်မြတ်သို့ မီးတောက်ဟတ်သည်နှင့် တပြိုင်နက် ဝင်စံတော် မူရရှာ၏၊ ပါတိမောက္ခ သံဝရသီလကို ဖြည့်ကျင့်အပ် တော့သည်။

ထို့ကြောင့်ရကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ပါတိမောက္ခံ ဝိသော ဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။ ပညတ္တံ လောကနာထေန၊ နဘိန္ဒေ သီလသံဝရံ-ဟု မိန့်တော်မူ၏။ ပါတိမောက္ခံ၊ ပါတိမောက်မည်သော သီလတော်မြတ်ကို။ ဝိသောဓေန္တော၊ သုတ်သင် အားထုတ်လိုငြား

ယောဂီပုဂ္ဂိုလ်များသည်။ ဇီဝိတံအပိ၊ ရုပ်နာမ်နှစ်ချက်ဇီဝသက်ကိုလည်း။ ဇဟေဝေ၊ စွန့်ရာသာလျှင်ကတည်း။ လောကနာထေန၊ လူအပေါင်းတို့၏ ကိုးကွယ်ရာအစစ်ကေန်ဖြစ်ငြား မြတ်ဘုရားသည်။ ပညတ္တံ၊ ပညတ်တော်မူအပ်သော။ သီလသံဝရံ၊သီလတည်းဟူသောစောင့်စည်းခြင်းကို။နသဘိန္ဒေ၊ မပျက်ရာသာလျှင်ကတည်း။

## ဣန္ဒြိယသံဝရသီလကိုပြခြင်း

မနစ္ဆဋ္ဌာနံ စက္ခာဒိဣန္ဒြိယာနံ ရူပါရမ္မဏာဒိဟိ သံဝရဏံ ဣန္ဒြိယ သံဝရော။ မနစ္ဆဋ္ဌာနံ၊ မနောသျှင် ခြောက်ခုမြောက်ကုန်သော။ စက္ခာဒိ ဣန္ဒြိယာနံ၊ စက္ခုစသောဣန္ဒြေတို့၏။ ရူပါရမ္မဏာဒိဟိ၊ ရူပါရုံစသည်တို့မှ။ သံဝရဏံ၊ ပိတ်ဆီးခြင်းသည်။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရမည်၏။

ဤဣန္ဒြိယသံဝရသီလတရားကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်တို့ သည်စက္ခုစသောခြောက်ဒွါရ၌ ရူပါရုံစသောတရားခြောက်ပါးတို့သည် ထင်လာခဲ့သည်ရှိသော် စက္ခုဝိညာဉ်စသည်တို့ဖြင့် ဣတ္ထိနိမိတ် ပုရိသ နိမိတ် သုဘနိမိတ်အစရှိသော ကိလေသာဝတ္ထုဖြစ်၍ ဖြစ်သောအာရုံကို မြင်၍ ထိုအာရုံသို့လိုက်လျက် ယုတ်မာသော အကုသိုလ် တရားတို့ကို မနှစ်မြို့က်ကြဘဲ သတိတည်းဟူသော တံခါးရွက်ဖြင့်ပိတ်နိုင်လျှင် စက္ခု ဣန္ဒြေတို့ကို ပိတ်ဆို့ စောင့်ရှောက်ခြင်းသို့ ရောက်တော့ သည်ဟုမှတ်။ ဤသို့စက္ခုဣန္ဒြေ စသည်တို့ကို စောင့်ရှောက်ခြင်းသို့ ရောက်လျှင် ဒွါရ ခြောက်ပါး၌ဖြစ်သော စိတ်တို့ကိုလည်း ထိန်းသိမ်းခြင်းသို့ ရောက်တော့ သည်အဖြစ် ပြီးမြောက်ခြင်း စင်စစ်ကေန်ဖြစ်ပေ၏။ ထိုသို့ဖြစ်ရကား ဒွါရ ခြောက်ပါးကိုထိန်းလျှင် ထိုဒွါရခြောက်ပါး၌ဖြစ်သော စိတ်တို့ကိုလည်း ထိန်းသည် မည်သောအကြောင်းကို ရည်သန်တော်မူကြ၍ တံခါးခြောက် ဝကို လုံပါစေ ရှစ်ဆယ့်တပါးမြောက်ကြမ်းများကို ထွက်သွားမှေ့နှောက် ခြင်းကင်းပါစေဟု ပညာရှိတို့ မိန့်ဆိုတော်မူကြကုန်သည်။ လောကူပမာ အားဖြင့် မြို့တံခါးကို ပိတ်အပ်သည်ရှိသော် မြို့တွင်း၌တည်သော အိမ် တံခါးကို မပိတ်ကုန်သော်လည်း ပိတ်သည်မည်သကဲ့သို့ စက္ခုစသော ဒွါရခြောက်ပါးတို့ကို သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ်သော လူရှင်ရဟန်းအား ထိုဒွါရခြောက်ပါးကိုမှီ၍ဖြစ်သော ဆစတ္တာလီသစိတ် သတ္တသဋ္ဌိစိတ်တို့ကို မပိတ်အပ်သော်လည်း ပိတ်သည်မည်သည်ဖြစ်၏ဟု ဥပမာစကားရပ်ကို တပ်အပ်သေချာ မှတ်အပ်ကုန်ရာ၏။

ဤဒွါရ ခြောက်ပါးနှင့်တကွ ဒွါရခြောက်ပါး၌ဖြစ်သော စိတ်တို့ကို အဘိဇ္ဈာအစရှိသော အကုသိုလ်တို့ကို မဝင်လာအောင် စောင့်ရှောက်

နိုင်လျှင် ဇုန္တြိယသံဝရသီလ လုံခြုံတော့သည်သာတည်း။ ဤဇုန္တြိယသံဝရသီလနှင့်ပြည့်စုံပါလျှင် ပါတိမောက္ခသံဝရ သီလသည် လုံခြုံတော့သည်ဟုမှတ်။

ဇုန္တြိယသံဝရသီလမပြည့်စုံလျှင် ပါတိမောက္ခ သံဝရသီလပျက်တော့သည်သာတည်း။ လောကူပမာအားဖြင့် အမိုးမလုံသော အိမ်များကို မိုးရေမိုးပေါက်တို့သည် ထိုးဘောက်ဝင်းကျင် စိမ့်ဝင် ယိုကျဘိသကဲ့သို့ ဤအတူ ဇုန္တြိယသံဝရသီလတရား တည်းဟူသော အမိုးမလုံပါက ပါတိမောက္ခသံဝရသီလ တည်းဟူသော အိမ်၌ ရာဂတည်းဟူသော မိုးရေမိုးပေါက်တို့သည် ဝင်ရောက်တော့ သည်လျှင် တည်းဟု မှတ်ကြလေ။ ထို့ကြောင့်ရကား-ဓမ္မပဒပါဠိတော်၌ ယထာအဂါရံ နဆ္ဆန္နံ၊ ဝုဋ္ဌိသမတိဝိဇ္ဈတိ-ဟုဟောကြားတော်မူ၏။

နဆ္ဆန္နံ၊ မကောင်းသဖြင့် မိုးအပ်သော။ အဂါရံ၊ ဇရပ်တန်ဆောင်းအိမ်ကျောင်းမဏ္ဍပ်ကို။ ဝုဋ္ဌိ၊ မိုးရေမိုးပေါက်သည်။ သမတိဝိဇ္ဈတိယထာ၊ ထိုးလျှိုယိုကျဘိသကဲ့သို့တည်း။ ဇုန္တြိယသံဝရသီလတရားကို လုံခြုံအောင် မဟာမိတ္တမထေရ်မြတ်ကဲ့သို့ စောင့်ရှောက်အပ်၏။

သီဟိုဠ်ကျွန်း၌ မဟာမိတ္တမထေရ်မြတ်၏ အမိ ဒါယိကာမကြီးသည် သားမြတ်ရောဂါ စွဲကပ်သောအခါဝယ် သမီးဖြစ်သော ဘိက္ခုနီမကို ခေါ်၍ သင့်မောင်၏အထံသို့ ဆေးဝါးများသွား၍တောင်းချေဟု စေခိုင်းလေသော် သမီးဖြစ်သော ဘိက္ခုနီမသည် မောင်ဖြစ်သော မဟာမိတ္တမထေရ်ထံသို့သွား၍ ဆေးဝါးကို လျှောက်ထားရာ မဟာမိတ္တမထေရ်မြတ်သည် ငါဆေးဝါးကိုမဖော်တတ်ချေ၊ ငါ၏သစ္စာစကားကိုပြောဆို၍ အမိကိုယ်ကိုလက်ဖြင့် သုံးသပ်လေလော့ဟုဆို၍ ငါသည် အကြင်အခါမှစ၍ ရဟန်းပြု၏၊ ထိုရဟန်းပြုသည်အခါမှစ၍ လောဘ ရာဂနှင့်ယှဉ်သော စိတ်ဖြင့် ဧကျွုဇုန္ဒြေကိုဘောက်ပြန်၍ ဖျက်ဆီး၍ မိန်းမတို့၏ အဆင်းကို မကြည့်စဘူးသည် သာတည်း၊ ဤသစ္စာစကားသည် မှန်ကန်သည်ဖြစ်ငြားအံ့၊ အမိဒါယိကာမကြီး၏ ရောဂါဝေဒနာသည် ပျောက်ပါစေ သတည်းဟု သစ္စာစကားကို ပေးလိုက်၏၊ ထိုသစ္စာစကားကို ဘိက္ခုနီမယူဆောင်၍ အမိဒါယိကာမကြီး၏ အသားမြတ်ကို သုံးသပ်ကိုင်တွယ်၍ သစ္စာစကားကို ဆိုလေလျှင် ထိုခဏ၌ ရေမြှုပ်ပမာ သားမြတ်နာသည် လျင်မြန်စွာ ကွယ်ပျောက်ခြင်းသို့ ရောက်တော့သည်၊ ဤသို့လာရှိသော ဝတ္ထုများကို သိကြရှုကြ၍ မဟာမိတ္တမထေရ်အလား ဇုန္တြိယ သံဝရသီလတရားကို ကြိုးစား အားထုတ်၍ ပြည့်ကျင့်အပ်ကုန်ရာ၏၊ သပ္ပုရိသ

အပေါင်း သူတော်ကောင်းတို့၊ ဤသည်လျှင် ဣန္ဒြိယသံဝရသီလ အဆုံးအဖြတ်ပြီးပြီ။

**အာဇီဝပါရိသုဒ္ဓိသီလကိုပြဆိုဦးအံ့**

အာဂမ္မ ဇီဝန္တိ ဧတေနာတိ အာဇီဝေါ။ ဧတေန၊ ဤကောင်းစွာ ပစ္စည်းကိုရှာမှီးသော လုံ့လပယောဂဖြင့်။ အာဂမ္မ၊ အစွဲပြု၍။ ဇီဝန္တိ၊ အသက်ရှည်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုပစ္စည်းကို ရှာမှီးသော လုံ့လသည်။ အာဇီဝေါ၊ အာဇီဝ မည်၏။ ။ပစ္စည်းကို ကောင်းစွာရှာမှီးသော ဝီရိယကို အရကောက်။ ပါရိသုဒ္ဓိဟူသည် မိစ္ဆာဇီဝ တည်းဟူသော အညစ်အကြေးမှ စင်ကြယ်ခြင်းကို မှတ်အပ်ကုန်ရာ၏။အာဇီဝေါယေဝ ပါရိသုဒ္ဓိ၊ အာဇီဝပါရိသုဒ္ဓိ-ဟု ဝစနတ္ထတွဲ၍ပြု။ အာဇီဝေါယေဝ၊ ကောင်းစွာပစ္စည်းကိုရှားမှီးသော လုံ့လသည်ပင်လျှင်။ ပါရိသုဒ္ဓိ၊မိစ္ဆာဇီဝမှ စင်ကြယ်ခြင်းတည်း။အာဇီဝပါရိသုဒ္ဓိ၊ ကောင်းစွာ ပစ္စည်းကို ရှာမှီးသော လုံ့လသည်ပင်လျှင် အာဇီဝမှ စင်ကြယ်ခြင်း။

ဤအာဇီဝပါရိသုဒ္ဓိသီလကိုဖြည့်ကျင့်လိုကြသော ယောဂီပုဂ္ဂိုလ်တို့သည် ဒုစရိုက် ဒုရာဇီဝတို့ဖြင့် ရှာမှီး၍ရသောပစ္စည်း၊ချိန်စဉ်းလဲ တောင်းစဉ်းလဲ အသပြာစဉ်းလဲ ခွက်စဉ်းလဲတို့ဖြင့် ရအပ်သော ပစ္စည်းတို့ကို ပယ်ရှား၍ တရားသဖြင့် လယ်လုပ်ကုန်သွယ် ရောင်းဝယ်ဘောက်ကား ကိစ္စများဖြင့် ရှာမှီးကြပါလျှင် အာဇီဝပါရိသုဒ္ဓိသီလ စင်ကြယ်တော့ သည်ဟုမှတ်။ဤအရာ၌ ပစ္စယပရိဂ္ဂဟာ ပရိယေသန ရှာမှီးကြဟန် မိစ္ဆာဇီဝဖြစ်ဟန်ကို ပြဦးအံ့။

ကာမဘောဂီ အိမ်ကိုမှီ၍ နေထိုင်ကြသော လူအပေါင်း တို့သည် ရှာမှီးအပ်သော ပစ္စည်းတို့သည် အင်္ဂမပစ္စည်း၊ ဇင်္ဂမပစ္စည်း၊ ထာဝရ ပစ္စည်းအားဖြင့် သုံးပါးရှိ၏၊ ထိုသုံးပါးတို့တွင် ရွှေ ငွေ ပုလဲ ကျောက် မျက်ရွဲ အစရှိသော ပစ္စည်းတို့သည် အင်္ဂမပစ္စည်းမည်၏။ ဆင် မြင်း လူ အစရှိသော ပစ္စည်းတို့သည် ဇင်္ဂမပစ္စည်း မည်၏။ မြို့ပြည် တိုင်းကား ဥယျာဉ် လယ်ယာအစရှိသော ပစ္စည်းတို့သည် ထာဝရပစ္စည်းမည်၏။

ဤသုံးပါးသော ပစ္စည်းတို့ကို မတရားသဖြင့် ရှာမှီးခြင်း တို့သည် လည်း တင်းစဉ်းလဲခြင်း မာနကုဋ္ဋ၊ချိန်စဉ်းလဲခြင်း တုလကုဋ္ဋ၊ ခွက်စဉ်းလဲ ခြင်း ကံသကုဋ္ဋ၊အသပြာစဉ်းလဲခြင်း ကဟာပဏကုဋ္ဋ-အားဖြင့် လေးပါး အပြားရှိ၏။ ထိုလေးပါးတို့တွင် မာနကုဋ္ဋ သည်လည်း ဟဒယဘေဒ သိခါဘေဒ ရဇ္ဇုဘေဒ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဟဒယဘေဒ ဟူသည် ဆီထောပတ် စသည် ချင်သောအခါ ရအပ်၏။

မိမိယူသောအခါ အပေါက်ဖြင့် အိုးတကပ်တို့သို့ ထောပတ်ကို ယိုစေလျက် လျင်စွာထည့်ရ၏၊ သူတပါးကို ပေးသောအခါ အပေါက်ပိတ်၍ လျင်စွာချင်၍ပေး၏။ ဤသို့ခိုးခြင်းကား ချင်သောအိုးကို အဝန်းဖောက်၍ ခိုးသည်မည်၏။

ရဋ္ဌုဘေဒ ဟူသည်ကား လယ်ယာ စသည်တို့ကို ကြိုးဖြင့်တား၍ တိုင်းလေသော် အငယ်ကိုအကြီး အကြီးကိုအငယ်ပြု၍ တိုင်း၏၊ ဤသို့ခိုးခြင်းသည် ကြိုးတိုင်းကိုဖျက်၍ ခိုးခြင်းမည်၏၊ ဤသည် မာနကုဋ္ဋတည်း။

ချိန်စဉ်းလဲဖြင့် ခိုးခြင်း တုလကုဋ္ဋ သည်လည်း ရူပကုဋ္ဋ အင်္ဂကုဋ္ဋ ဂဟဏကုဋ္ဋ ပဋိစ္ဆန္နကုဋ္ဋ ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ရူပကုဋ္ဋသည် သဏ္ဌာန်တူသောချိန်နှစ်ခုကိုပြု၍ ယူသောအခါ ချိန်ကြီးဖြင့် ခံယူ၏၊ သူတပါးကိုပေးသောအခါ ချိန်ငယ်ဖြင့်ပေးကုန်သတည်း။ ဤသို့ ခိုးခြင်းသည် ရူပကုဋ္ဋ ခိုးခြင်းမည်၏၊ အင်္ဂကုဋ္ဋဟူသည် မိမိသည် ယူသည်ရှိသော် ချိန်ကိုနောက်မှလက်ဖြင့် နှိမ်၍ယူ၏၊ သူတပါးကို ပေးသောအခါ ချိန်ကို ရှေ့မှလက်ဖြင့် နှိပ်သည်၊ ဤသို့ ခိုးယူခြင်းသည် အင်္ဂကုဋ္ဋ ခိုးယူခြင်းမည်၏။

ဂဟဏကုဋ္ဋ ဟူသည်ကား မိမိယူသောအခါ ကြိုးရင်း၌ကိုင်၍ ချိန်၏၊ သူတပါးကို ပေးသောအခါ ကြိုးဖျားကို ကိုင်ချိန်သတည်း။ ဤသို့ ခိုးယူခြင်းသည် ဂဟဏကုဋ္ဋ ခိုယူခြင်းမည်၏။

ပဋိစ္ဆန္နကုဋ္ဋ ဟူသည် ချိန်ရိုးအတွင်း၌ အခေါင်း ထား၍ သံခဲ ပြဒါး စသည်တို့ကိုသွတ်၍ မိမိယူသောအခါ သံခဲ ပြဒါးကို အောက်သို့ လျှောစေ၍ ပေး၏,ပြု၏၊ သူတပါးကို ပေးသောအခါ ရှေ့သို့ လျှောစေ၍ ပေးသည်။ ဤသို့ ခိုးယူခြင်းသည် ပဋိစ္ဆန္နကုဋ္ဋ ခိုးယူခြင်းမည်၏။

ကံသကုဋ္ဋ ဟူသည် ရွှေဖြင့်ပြီးသော ခွက်တခုပြုလုပ်၍ ကြေးနီခတ်ပျာ ဆေးစသည်ဖြင့် ခွက်များစွာ ရွှေနှင့်တူသော အားဖြင့် ပြုလုပ်၍ ဇနပုဒ် မြို့ရွာသို့သွားလျက် ရောင်းလေသော် ရွှေစစ်ခွက်ကိုပြ၍ ရွှေအတုခွက်ကို တန်ဘိုးထပ်တူ ရောင်းလေသော် အဘိုးကိုယူ၍ ဤသို့ ခိုးယူခြင်းဖြစ်သည်မည်၏၊ ဤသို့ခိုးယူခြင်းသည် ကံသကုဋ္ဋ ခိုယူခြင်းမည်၏။ကဟာပဏကုဋ္ဋ ဟူသည် အဂ္ဂိမီးခတ် လောကီ အတတ်ဖြင့် ရွှေစစ် ငွေစစ် မဟုတ်ဘဲ အဂါခံ အနီခံအဆင်းပြု၍ လှည့်ပတ်၍ ရောင်းခြင်းကို မှတ်အပ်သတည်း။ ထိုမှတပါး ဥပါယ် တမျဉ်ဖြင့် သူတပါးတို့အား လှည့်ပတ်၍ ခိုးခြင်း ဝဥ္စနတည်း။ဥပါယကထာ ခိုးယူခြင်းမည်၏။ ။ဤသို့ ပြဆိုအပ်ပြီးသော အနည်းနည်းဖြင့် ပစ္စည်းတို့ကို ရှာမှီးခြင်းသည် မိစ္ဆာဇီဝ ဖြစ်ကြောင်း

အစစ်ကေန်ပင်ဖြစ်၍ အာဇီဝပါရိသုဒ္ဓိသီလ ပြည့်စုံခြင်း မဖြစ်ကုန်၊ ထိုသို့ ဖြစ်ရကား ဓမ္မိယလဒ္ဓ ဖြစ်ကြရအောင် ပညာရှေ့ထား သတိတရားဖြင့် အာဇီဝပါရိသုဒ္ဓိ သီလတရားကို ကြိုးစား၍ အားထုတ် ကြရလေကုန် သတည်း။

## ရဟန်းတော်တို့၏ အာဇီဝပါရိသုဒ္ဓိကိုပြခြင်း

အသက်မွေးခြင်း ဟူသော အကြောင်းကြောင့် ပညတ်တော် မူအပ်သော ခြောက်ပါးသော သိက္ခာပုဒ်တို့ကို စောင့်ရှောက် ထိန်းသိမ်းခြင်းကြောင့် ဖြစ်သော ရဟန်း၏ သီလသည် အာဇီဝပါရိသုဒ္ဓိ သီလမည်၏။ သိက္ခာပုဒ်ခြောက်ပါးအရ အကြင်ရဟန်းသည် ယုတ်မာသော အလိုဆိုး နှိပ်စက်သည်ဖြစ်၍ မိမိ၌ ထင်ရှားမရှိဘဲလျက် ဈာနလာဘီ အရိယာပုဂ္ဂိုလ်တို့၏ မြတ်သော ဈာန်ဝိမောက္ခ တရားတို့ကို ငါ့ရ၏ဟု သူတပါးတို့အား ပြောကြား၏။ ထိုရဟန်းအား ပါရာဇိက အာပတ် သင့်၏၊ ထိုဥတ္တရိမနုဿဓမ္မအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သော အာပတ်မည်၏။ ထိုရဟန်းအား သံဃာဒိသိသ် အာပတ်သင့်၏၊ ထိုသဉ္စရိတ္တအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သော အာပတ်မည်၏။ အကြင် ရဟန်းတပါးသည် မိမိ ဒါယကာအား အကြင်ရဟန်းသည် သင်၏ကျောင်း၌နေ၏၊ ထိုရဟန်းသည် ရဟန္တာတည်းဟု သူတပါးကို ညွှန်သကဲ့သို့ ဆို၏၊ ထိုစကား၏ အနက်ကို ဒါယကာ သိလေသော် ထိုဆိုသော ရဟန်းအား ထုလ္လစ္စည်း အာပတ် သင့်လေ၏၊ ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သော အာပတ်မည်၏။ အကြင် ရဟန်းသည် ထောပတ် ဆီဦး ပျား မရ တင်လဲ ငါး အမဲ နို့ရည် နို့ဓမ်းဟုဆိုအပ်သော ကိုးပါးသော ဘောဇဉ်တို့နှင့် ရောနှောသော ပဏီတဘောဇဉ်တို့တွင် တပါးတပါးသော ဘောဇဉ်ကို မနာမဖျားဘဲ မိမိအကျိုးငှာ တောင်း၍ စား၏၊ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏၊ ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သောအာပတ်မည်၏၊ အကြင်ရဟန်းမိန်းမသည် ထောပတ်စသော မွန်မြတ်သော ဘောဇဉ် ကိုးပါးတို့တွင် တပါးတပါးသော ဘောဇဉ်ကို မနာမဖျားဘဲ မိမိအကျိုးငှာ တောင်း၍ စားအံ့၊ထိုရဟန်းမိန်းမအား ပါဋိဒေသနီယ အာပတ်သင့်၏၊ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သော အာပတ်မည်၏၊ အကြင်ရဟန်းသည် မနာမဖျားဘဲ မိမိအကျိုးငှာ ဟင်းကိုဖြင်း၊ဆွမ်းကို ဖြင်း တောင်း၍စားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏၊ဤသိက္ခာ

ပုဒ် ခြောက်ပါးတို့တွင် တပါးတပါးသော သိက္ခာပုဒ်ကို မလွန်ကျူးမူ၍ စောင့်ရှောက်သော ရဟန်း၏ သီလသည်လည်း အသက်မွေး စင်ကြယ်ခြင်းဟူသော အကြောင်းကြောင့် အာဇီဝပါရိသုဒ္ဓိသီလမည်၏။ မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူအပ်သော ကုဟန လပန စသော အမှုမှ ကင်းသောအားဖြင့် ရအပ်သောပစ္စည်းဖြင့်သာ အသက်မွေးလေ့ရှိသောရဟန်း၏သီလသည်လည်း အာဇီဝပါရိသုဒ္ဓိသီလမည်၏ဟုသိအပ်၏။ ထိုကုဟနစသော ဇီဝဝတ္ထုတို့၏ အကျယ်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ယူပါလေ။ ဤအာဇီဝပါရိသုဒ္ဓိသီလ ပြည့်စုံအောင် ရှင်သာရိပုတ္တရာမထေရ်ကြီးကဲ့သို့ ကျင့်ကြံအားထုတ်အပ်၏၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဝိဝေကကိုပွားများစေလျက် အရှင်မောဂ္ဂလာန်နှင့် အတူတကွ တခုသော တောအုပ်၌ နေလေ၏။

ထိုသို့နေလေရာ တနေ့သောအခါဝယ် ရှင်သာရိပုတ္တရာသည် လေနာနှိပ်စက်၍ လျှောင်းလျက် နေတော်မူလေ၏၊ ထိုသို့နေတော်မူစဉ် ရှင်မောဂ္ဂလာန်မထေရ်သည် လာလတ်ပြီးလျှင် ရှင်သာရိပုတ္တရာမထေရ်သခင်အား လျှောင်းလျက်နေခြင်းအကြောင်းအရာတို့ကို မေးမြန်းတော်မူ၏၊ ထိုအခါ ရှင်သာရိပုတ္တရာမထေရ်သည် ငါ့ရှင်မောဂ္ဂလာန် ငါ့မှာမူကား လေရောဂါနှိပ်စက်လေသောကြောင့် မသက်မသာလျှောင်းရပါ၏ဟု ပြောပြလေလျှင် အရှင်မောဂ္ဂလာန်မထေရ်သည် အရှင်ဘုရားသာရိပုတ္တရာ ရှေ့အခါဝယ် အဘယ်သို့သော ဆေးဝါးအစာဖြင့် ပျောက်ဘူးပါသနည်းဟု လျှောက်ထား လေသော် မယ်တော် ဒါယိကာမပေးအပ်သော ထောပတ် ပျားသကာစသည်တို့နှင့် ရောနှော၍ ရေမရောသော ဂဏာန္နိဆွမ်းဖြင့် ချမ်းသာ ဘူးပါသည်ဟု ရှင်သာရိပုတ္တရာမထေရ်၏ ပြောသောစကားကို စကြံ့ဝင်ခွင်း၌နေသော ရုက္ခစိုးနတ်ကြားလေ၍ မထေရ်၏အလုပ်အကျွေး ဒါယကာ၏ သားကြီး၌ ပူးဝင်လျက် နက်ဖြန်နံနက် ဂဏာချက်၍ မောဂ္ဂလာန်မထေရ်မြတ် ဆွမ်းခံလာသော အခါ လှူဒါန်းပါမူကား လွတ်ပေတော့အံ့ဟု ပြောကြား လေလျှင် အသင် ပြောကြားသည်အတိုင်း မဆိုင်မတွ လှူဒါန်း ပေတော့အံ့ဟု ပဋိညာဉ်ခံ၍ နတ်ထွက်သွားပြီးသည်နောက် ဒုတိယနေ့သို့ရောက်ခဲ့သော် ရှင်မောဂ္ဂလာန်မထေရ်သည် ဆွမ်းခံလှည့်လည်၍လာရာ ရှင်သာရိပုတ္တရာ၏ ဒါယကာအိမ်သို့ရောက်လေရာ ဂဏာန္နိဆွမ်းဘောဇဉ်ကို သပိတ်၌ထည့်၍ လှူဒါန်း ဆက်ကပ် ကြလျှင် သွားဟန်ကို ပြင်ဆင်သော ရှင်မောဂ္ဂလာန်မထေရ်အား အရှင်ဘုရား ကျောင်းသို့ မကြွပါနှင့်ဦး၊

ဤမှာပင်ဘုန်းပေးတော်မူပါ၊ နောက်ထပ်လျှူဦးမည်ဟု လျှောက်ထား၍ ဂဏ္ဍာနွယ်ဆွမ်းကို လှူဒါန်းပြန်သည်၊ အလှူခံလျက် ဘောဇဉ်ကိစ္စပြီးဆုံးပြီးနောက် ရှင်သာရိပုတ္တရာထံသို့ရောက်လျှင်ရောက်ချင်း ဂဏ္ဍာနွယ်ဆွမ်းကို ဆက်ကပ်လေ၏၊ ထိုအခါ ရှင်သာရိပုတ္တရာမထေရ်ကလည်း ဤဂဏ္ဍာနွယ်ဆွမ်းသည် အလွန်ပင် နှစ်သက်ဘွယ် ရှိလေစွ၊ အဘယ် သို့သော အကြောင်းအခြင်းအရာကြောင့် ဖြစ်လေသလောဟု တွေးတောဆင်ခြင်လိုက်သော် ရက္ခစိုးနတ် နှိုးဆော်အပ်သော အကြောင်းရင်းကို ထင်ရှားတိတိမြင်ကာသိတော်မူရကား ငါ့ရှင် မောဂ္ဂလာန် ဤဆွမ်းဘောဇဉ်သည်ကား သုံးဆောင် ခြင်းငှာ မထိုက်ဟု မိန့်တော် မူလေလျှင် ရှင်မောဂ္ဂလာန်မထေရ်သခင်သည် သပိတ်၏ အနားရေကိုကိုင်၍ မြေ၌ သွန်မှောက်လိုက်၏၊ ထိုသို့သွန်မှောက်သည်နှင့် တပြိုင်နက်ပင် လေနာရောဂါ ပျောက်ကင်းလေ၏၊ လေးငါးဝါတိုင်တိုင် နောက်တဖန်မပေါ်ပေါက်၊ အကြွင်းမဲ့ ပျောက်ကွယ်၍ ရှင်မောဂ္ဂလာန်အား ဝစီဝိညတ်ကို အမှီပြု၍ ဖြစ်ပေါ်လာသော ဂဏ္ဍာနွယ်ဆွမ်းများကို အူသိမ်အူမအပြင်ပသို့ ထွက်ခြားသော်လည်း သုံးဆောင်ခြင်းငှာမလျောက်ပတ် မထိုက်ဟု မိန့်တော်မူပြီးလျှင်။ ။ဝစီဝညတ္တိ ဝိပ္ဖာရာ၊ဥပ္ပန္နံမဓုပါယာသံ။ သစေဘုတ္တောဘဝေယျာဟံ၊ သာဇီဝေါဂရဟိတောမမ ယဒိပိမေ အန္တဂုဏံ၊ နိက္ခမိတွာဗဟိစရေ။ နေဝဘိန္ဒေယျ အာဇီဝံ၊ စဇမာနောပိ ဇီဝိတံ– ဟူသော ဂါထာကို ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်တော်မူ၏။

အဟံ၊ လက်ျာရံတွင်ခေါ် ငါမထေရ်ကျော်သည်။ ဝစီဝိညတ္တိဝိပ္ဖာရာ၊ ရက္ခစိုးနတ်ပျက် နှုတ်ဝစီမြွက်ခြင်းကြောင့်။ ဥပ္ပန္နံ၊ စေတနာ မနှိုးဆော် အပ်ဘဲ ဖြစ်ပေါ်လာရသော။ မဓုပါယာသံ၊ ချိုမြိန်လှစွာ နွယ်ဂဏ္ဍာကို။ ဘုတ္တော၊ သတိမထား ဉာဏ်မသွားဘဲ စားမိသည်။ သစေဘဝေယျံ၊ အကယ်တိတိဖြစ်ဘိချေငြားအံ့။ မမ၊ ငါ၏။ အာဇီဝေါ၊ သာသနာတော်၌ အသက်မွေးခြင်းသည်။ ဂရဟိတော၊ ကဲ့ရဲ့ရှုတ်ချစကားတင်းဆိုကြသည်။ အဿ၊ ဖြစ်ရလေတော့၏။ မေမမ၊ ငါ၏။ အန္တဂုဏံ၊ ရစ်ပတ်၍နေ အတွင်းအူခွေသည်။ နိက္ခမိတွာ၊ ထွက်လေ၍။ ဗဟိ၊ ပြင်ပတခွင် မြေအပြင်၌။ ယဒိပိစရေ၊ ကျက်စားရအောင် သွားရအောင် အကယ်၍ သွားလာ လှည့်ပတ်စေလျက်။ ဇီဝိတံ၊ ရုပ်နာမ်နှစ်ချက် ဇီဝိသက်ကို။ စဇမာနောပိ၊စွန့်ရငြားသော်လည်း။ အာဇီဝံ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ နေဝဘိန္ဒေယျ၊ ကြေနစင်စစ် မဖျက်ဆီးအပ်လေတော့သတည်း။

ဇုဏ္ဍာသယ ၄ဂဂ–၂၅

ဤသို့ အဋ္ဌကထာလာ ရှင်သာရိပုတ္တရာ ဝတ္ထုတော် ဒေသနာကို သိရှိတော်မူကြသဖြင့် အာဇီဝပါရိသုဒ္ဓိသီလကိုကြိုးစားခါဖြည့်ကျင့်တော်မူကြပါကုန်၊ ဤသည်လျှင် အာဇီဝပရိသုဒ္ဓိသီလ အဆုံးအဖြတ်ပြီးပြီ။

## ပစ္စယ သန္နိဿိတသီလကိုပြခြင်း

ပစ္စယေ သန္နိဿိတံ ပစ္စယသန္နိဿိတံ။ ပစ္စယေ၊ သက်န်းစသော လေးပါးသောပစ္စည်းတို့ကို။ သန္နိဿိတံ၊ မှီတတ်သည်တည်း။ ပစ္စယ သန္နိဿိတံ၊ သက်န်းစသော လေးပါးသောပစ္စည်းတို့ကိုမှီသည်။ ပစ္စယ သန္နိဿိတမေဝ သီလံ ပစ္စယသန္နိဿိတသီလံ။ ပစ္စယသန္နိဿိတမေဝ၊ ပစ္စည်းလေးပါးကိုမှီခြင်းသည်ပင်လျှင်။သီလံ၊သီလ။ ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာတင်၍ ဆင်ခြင်သော သီလကိုရ၏။ တရားသဖြင့် ရသော ပစ္စည်းတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်သောရဟန်းရှင်လူတို့၏ သီလသည် ပစ္စယသန္နိဿိတ သီလမည်၏။ ထိုပစ္စယသန္နိဿိတ သီလဟု ဆိုအပ်သော ပစ္စဝေက္ခဏာသည်လည်း မဟာ ပစ္စဝေက္ခဏာနည်း စူဠ ပစ္စဝေက္ခဏာနည်း အားဖြင့် နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါး တို့တွင်ပဋိသင်္ခါယောနိသော အစရှိသည်ဖြင့်ဟောတော်မူအပ်သော ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းသည် မဟာပစ္စဝေက္ခဏာမည်၏၊ သုဝိညေယျပစ္စဝေက္ခဏာ လည်းမည်၏၊ ဓာတုမနသိကာရ ပဋိကူလ မသိကာရဖြင့် ဆင်ခြင်ခြင်းသည် စူဠပစ္စဝေက္ခဏာနည်းမည်၏၊ဒုဝိညေယျ ပစ္စဝေက္ခဏာလည်း မည်၏၊ဤသို့ဆင်ခြင်ခြင်းတည်းဟူသော ရဟန်းတော်တို့၏ ပစ္စဝေက္ခဏာ သည်လည်း ပဋိလာဘကာလပစ္စဝေက္ခဏာ ပရိဘောဂကာလ ပစ္စဝေက္ခဏာဟူ၍ နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် သက်န်းအစရှိသောပစ္စည်း တို့ကို ရသစ်စကာလ၌ ဆင်ခြင်ခြင်းသည် ပဋိလာဘကာလ ပစ္စဝေက္ခဏာ မည်၏၊ သုံးဆောင်သောကာလ၌ ဆင်ခြင်ခြင်းသည် ပရိဘောဂကာလ ပစ္စဝေက္ခဏာမည်၏၊ ဤနှစ်ပါးသော ပစ္စဝေက္ခဏာတို့ကို ဆင်ခြင် ဟန်ကား သီလစင်ကြယ်ခြင်း၌ ဝေ့လေ့ရှိသောရဟန်းသည် ပစ္စည်းကိုမသုံး ဆောင်မီ သုံးဆောင်ခါနီးကာလတို့၌ သုံးဆောင်လတ္တံ့သော ပစ္စည်း တို့ကို စိန်းစိန်းရှု၍ ဤသက်န်းနှင့် ဆွမ်းဘောဇဉ်,ကျောင်းအိပ်ရာ သေနာ သန, ဆေးဘေသဇ္ဇတို့သည်ကား- အဆင်းအနံ့ အစရှိသော ဂုဏ်ဝိသေ သနှင့် ပြည့်စုံရကား နှစ်သက်ဘွယ်အဟုတ်ရှိလေစွ၊ ဤခန္ဓာကိုယ်ကာယ သို့ရောက်လတ်ပါမူ တွေ့ရှိပါမူကား ထွီဘွယ် စက်ဆုပ်ဘွယ်သို့ မုန်စွာ ရောက်လေလတ္တံ့ဟူ၍ ပဋိကူလ သညာဖြင့် ဆင်ခြင်အပ်၏။

ခေါတ်လေးပါးဟု ဆိုအပ်သော ဓာတုမတ္တလညာအားဖြင့် ဆင်ခြင်ဟန်ကား–ဤသင်္ကန်းနှင့် ဆွမ်းဘောဇဉ် ကျောင်းအိမ်ရာ သေနာသန ဆေးဘေသဇ္ဇဟူသမျှသည် ခေါတ်လေးပါး မပေါင်းမျှသမူဟသာတည်း၊ ဤပစ္စည်းတို့ကို သုံးဆောင်သောငါသည်လည်း ခေါတ်လေးပါးပေါင်းမျှသာတည်း၊ ခေါတ်လေးပါး ပေါင်းမျှသာဖြစ်သော ငါ၏ကိုယ်ကို ခေါတ်လေးပါးပေါင်းမျှသာဖြစ်သော ဤပစ္စည်းလေးပါးတို့သည် ထောက်ပံ့သောကြောင့် မြဲစွာခိုင်ခံ့ရပေ၏ဟုနှလုံးပိုက်၍ ဓာတုမတ္တသညာအားဖြင့် ဆင်ခြင်အပ်၏။ ထိုပစ္စည်းလေးပါးတို့တွင် ဆေးပစ္စည်းမှတပါးသော ဆွမ်းသင်္ကန်းကျောင်းဟုဆိုအပ်သော ပစ္စည်းသုံးပါးတို့၌ ပါတိမောက္ခ သီလသောဓနကို အလိုမရှိအပ်၊ ပစ္စယသန္နိဿိတသီလ သောဓနကိုသာလျှင် အလိုရှိအပ်သောကြောင့် သုံးဆောင်ဆဲ ကာလမှစ၍ ထိုနေ့အဘို့၌ ပစ္ဆိမယာမ်တိုင်အောင် အရုဏ်မတက်မီအကြား၌ ပစ္စဝေက္ခဏာသတိဖြင့် ဆင်ခြင်ခြင်းငှာ တတ်ကောင်း၏၊ ဂိလာနပစ္စယဖြစ်သော ဆေးပစ္စည်းကား-ပစ္စယသန္နိဿိတသီလ ပါတိမောက္ခသံဝရသီလနှစ်ပါးကို အလိုရှိအပ်သောကြောင့် အကပ်ခံဆဲကာလ၌ ပစ္စဝေက္ခဏာညဏ် သတိကင်းသော်လည်း သုံးဆောင်ရာကာလ၌ ပစ္စဝေက္ခဏာရှိသော ရဟန်းအား အာပတ်မသင့်၊ ဤကား ပါတိမောက္ခ သံဝရသီလ အတွက်တည်း၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပရိဘောဂေ ကရောန္တဿ အနာပတ္တိ-ဟု မိန့်တော်မူ၏။ ပရိဘောဂေ၊ ဆေးပစ္စည်းကို သုံးဆောင်ရာ၌။ ကရောန္တဿ၊ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းအမှုကိုပြုသော ရဟန်းအား။ အနာပတ္တိ၊ ပါတိမောက္ခသံဝရသီလ အတွက်ကြောင့် အာပတ်မသင့်။ သန္နိမိ ဒုက္ကဋ္ဋ ဝိကာလ ဒုက္ကဋ္ဋမသင့်။

အကပ်ခံရာ၌ သတိပြုမိ၍ သုံးဆောင်ရာကာလ၌ ပစ္စဝေက္ခဏာ သတိမပြုမိသော ရဟန်းအားသာလျှင် ပါတိမောက္ခ သံဝရသီလ အတွက်ကြောင့် အာပတ်သင့်၏၊ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌ ပရိဘောဂေ အကရောန္တဿဝအာပတ္တိ-ဟု မိန့်တော်မူ၏၊ ပရိဘောဂေ၊ ဆေးပစ္စည်းကို သုံးဆောင်ရာ၌။အကရောန္တဿဝ၊ ပစ္စဝေက္ခဏာမပြုမိသော ရဟန်းအားသာလျှင်။ အာပတ္တိ၊ အာပတ်သင့်၏။ ထို့ကြောင့်ရကား ဆေးပစ္စည်းကို သုံးဆောင်လိုသော ပုဂ္ဂိုလ်များသည် အကပ်ခံစဉ်ကာလ၌ အာဒိသုဒ္ဓိအစွမ်းအားဖြင့် ဆင်ခြင်အပ်၏၊ ပါတိမောက္ခ သံဝရသီလ မပျက်ကုန်၊ ဆေးပစ္စည်းကို သုံးဆောင်ပြီး၍ အရုဏ်မတက်မီကာလ

ဆင်ခြင်မိမူကား ပစ္စယသန္နိဿိတ သီလ မပျက်ကုန်ဟူ၍ မှတ်အပ်၏၊ အဘယ့်ကြောင့်ဟူမူ ပစ္စယသန္နိဿိတသီလသည်အတိတ်ပစ္စဝေက္ခဏာဖြင့် ပြီးသောကြောင့်တည်း၊ ဝိမတိဋီကာ၌ တဿအတီတ ပစ္စဝေက္ခဏာယ ဝိသုဇ္ဈနတော-ဟု မိန့်တော်မူ၏၊ ထိုသို့ဖြစ်ရကား ဝိနည်းအဋ္ဌကထာလာ ပရိဘောဂ လေးဖြာတို့တွင် ဣဏပရိဘောဂ မဖြစ်စေရအောင် သတိ တရားရှေ့ဆောင်၍ ပစ္စဝေက္ခဏာအမှုကို အဘန်တလဲလဲပြုအပ်၏။

သီလဝန္တရဟန်းတော်၏ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ဣဏပရိဘောဂ မည်၏၊ သူတပါး၏ မြီကြွေး ကြောင့် အစေခံ ကျွန်အရာနှင့် နေရသောသူသည် မိမိ အလိုရှိသော နေရာသို့ မသွားမလာရဘိသကဲ့သို့ ပစ္စဝေက္ခဏာမဆင်ခြင်မိဘဲ ပစ္စည်း သုံးဆောင်မိသော ရဟန်းသည် သံသရာဝဋ္ဋဒုက္ခမှ ထွက်သွား၍ မရကုန် ဟုမှတ်၊ ထို့ကြောင့်ရကား ပစ္စဝေက္ခဏာအမှု ဆင်ခြင်ပြုလျက် ပစ္စယ သန္နိဿိတသီလကို သံဃရက္ခိတတူ သာမဏေ၏အလားကဲ့သို့ ဖြည့်ကျင့် ဘော်မူအပ်၏။

မှတ်ချက်။ သံဃရက္ခိတ မထေရ်၏ တူဖြစ်သော သာမဏေသည် အလွန်ပြေးသော သလေးဆွမ်းကို ပစ္စဝေက္ခဏာဆင်ခြင်၍ စား၍နေလေ သော် ဦးရီးဖြစ်သော သံဃရက္ခိတမထေရ်သည် ငါ့ရှင်သာမဏေ မဆင် မခြင်စားလျက် လျှာဖျားကို မလောင်စေလင့်ဟု သွန်သင်ဆုံးမပြသတော် မူ၏။ဤသို့ ဦးရီးမထေရ်ဆုံးမသည်များကို နားဝယ်ဆတ်ဆတ် သာမဏေ ကြားလတ်၍ သတိသံဝေဂဉာဏ် ပွားများရကား တနေရာတည်း၌ပင် ရဟန္တာဒိဏာသဝအရှင် ဖြစ်ရတော့၏။ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၌။ ။ဥပဇ္ဈာယဿ ဝစော သုတွာ၊ သံဝေဂမလတ္ထိ ံ တဒါ။ကောသနေ နိသိဒိတွာ၊အရဟတ္တ မပါပုဏိ-ဟု မိန့်တော်မူ၏။

ဥပဇ္ဈာယဿ၊ သံဃရက္ခိတ နာမတွင်သိး ဥပဇ္ဈာယ် ဆရာကြီး၏။ ဝစော၊သွန်သင်ဆုံးမ ပြသတော်မူအပ်သောစကားကို။ သုတွာ၊ ကြားနာ ရ၍။ တဒါ၊ ထိုနားဝယ်ဆတ်ဆတ် ကြားလတ်သော အခါ၌။ သံဝေဂံ၊ သဟောတ္တပ္ပမှန် သံဝေဂဉာဏ်ကို။ အလတ္ထိ ံ၊ ရအပ်လေပြီ။ ကောသနေ၊ တနေရာတည်း တထိုင်တည်း၌။နိသိဒိတွာ၊ထိုင်နေတော်မူပြီး၍။အရဟတ္တံ၊ ရဟန္တာမထေရ်မြတ်အဖြစ်သို့။ အပါပုဏိ ံ၊ ရောက်ရလေတော့သတည်း။ ဤသို့အဋ္ဌကထာလာ ဒေသနာကို ထောက်ထားသဖြင့် ပစ္စယသန္နိဿိတ သီလတရားများကို ကြိုးစားအားထုတ်ကြ၍ ဖြည့်ကျင့်တော်မူကြပါကုန်၊

လူတို့၏ ပစ္စဝေက္ခဏာ ဆင်ခြင်ဟန်ကို သာဓုဝိသောဓနီ ကမ္မဋ္ဌာန်းကျမ်းကြီး၌ ကြည့်ရှုကြလေကုန်၊ ဤသည်လျှင် ပစ္စယသန္နိဿိတသီလ အဆုံး အဖြတ်ပြီးပြီ။

စိတ္တဝိသုဒ္ဓိပြဆိုဦးအံ့။ ။စိတ္တံ ဝိသုဇ္ဈတိ တေဟာတိ စိတ္တဝိသုဒ္ဓိ။ ။ တေဟ၊ ဤသမာဓိဖြင့်။ စိတ္တံ၊စိတ်သည်။ဝိသုဇ္ဈတိ၊အထူးသဖြင့် စင်ကြယ်တတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။စိတ္တဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိမည်၏။နီဝရဏကို ပယ်ခွာသည်မှ စ၍ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ အဆုံးရှိသော သမာဓိသည် ဥပစာရသမာဓိမည်၏၊ပဥ္စမဈာန်အစရှိသော သမာဓိသည် အပ္ပနာသမာဓိမည်၏။ ထိုနှစ်ပါးသော သမာဓိသည် ကာမစ္ဆန္ဒ အစ ရှိသော နီဝရဏခြောက်ပါးတို့မှ စိတ်စင်ကြယ်ကြောင်းဖြစ်သောကြောင့် ၎င်း၊ စိတ်ကို ပဋ္ဌာနပြု၍ သမာဓိကို ပြအပ်သောကြောင့်၎င်း စိတ္တဝိသုဒ္ဓိ မည်၏ဟုမှတ်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌။ ။စိတ္တသီသေန ဟေတ္ထ သမာဓိ နိဒ္ဒိဋ္ဌော-ဟု မိန့်တော်မူ၏။ဟိသစ္စံ၊မှန်လှ၏။ဧတ္ထ၊ဤစိတ္တဝိသုဒ္ဓိအရာ၌။စိတ္တသီသေန၊စိတ်၏စင်ကြယ်ခြင်းကိုအဦးပြုသဖြင့်။သမာဓိ၊ သမာဓိတရားကို။ နိဒ္ဒိဋ္ဌော၊ ညွှန်ပြတော်မူ၏။ ဒေသနာသီသနည်း ဟူလို။ ဤအဋ္ဌကထာပါဠိဖြင့် နိဿယစိတ် ပြဋ္ဌာန်းသည်၏ အစွမ်းဖြင့် ညွှန်ပြ အပ်သောကြောင့် သမာဓိဝိသုဒ္ဓိဟူ၍ မဆိုမူ၍ စိတ္တဝိသုဒ္ဓိဟူ၍ ဆိုဟန်ကို ပြတော်မူ၏။

စိတ္တဝိသုဒ္ဓိ ပွားများဟန်ကား – သီလဝိသုဒ္ဓိကို ဖြည့်ကျင့် ပြီးသော ပုဂ္ဂိုလ်များသည် ဤကိုယ်၌ လွန်စွာထင်ရှားဆုံး ဖြစ်သော ကောဋ္ဌာသ အစု လေးခုကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ-ဟု ခေါ်စရာ အပေါင်းအစုမရှိစေရအောင် အရိုး အကြော အသား အရေ အကြော အရိုးဟု အဘန်တလဲလဲ စိတ်ခွဲဝေဘန် ဉာဏ်ကို ရှေ့ထား၍ ပွားများ အားထုတ်လျှင် လှည်းဘီး လှည်းတံ ရုံတိုင် ဝင်ရိုး စသော အစိတ်ကို မြင်လေက လှည်းဟူသော သမူဟပညတ် ပျောက်သကဲ့သို့ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟူသော သမူဟပညတ် ခြင်းပျက်ပြား၍ လေးပါးသော ကောဋ္ဌာသအစု ထင်လာ၏၊ထိုသို့ ထင် လာသောအခါ ပဥ္စမဈာန်တို့ကို ရတတ်၏ဟူလို။ ။ဤသည်လျှင် စိတ္တ ဝိသုဒ္ဓိအရပြီးပြီ။

## ဒိဋ္ဌိဝိသုဒ္ဓိကိုပြခြင်း

လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ-ဟူသော သင်္ဂဟအဋ္ဌကထာနှင့်အညီ နာမ်ရုပ် နှစ်ပါးတို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်၏ အစွမ်းအားဖြင့် သိမ်းဆည်းခြင်းကို ဟုတ်မှန်တိုင်းမြင်သော ဉာဏ်သည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏၊ထိုဉာဏ်ကို အဘယ့်ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဟု ဆိုအပ်သနည်းဟူမူ ခြောက်ဆယ့် နှစ်ပါးသော အယူတို့မှ၎င်း၊သက္ကာယဒိဋ္ဌိအယူတို့မှ၎င်း ညစ်ကြေးမတင် ထက်ဝန်းကျင် စင်ကြယ်သန့်ရှင်းသောကြောင့် နာမ်ရုပ်တို့ကို သိမြင်တတ်သော ဉာဏ်ပညာကို ဒိဋ္ဌိဝိသုဒ္ဓိဟု ဆိုအပ်၏။ ထို့ကြောင့် ဋီကာကျော်၌ အတ္တဒိဋ္ဌိမလဝိသောဓနတော ဒိဋ္ဌိဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ-ဟု မိန့်ဆိုတော် မူအပ်၏။ အတ္တဒိဋ္ဌိမလဝိသောဓနတော၊ ပရမတ္ထအားဖြင့် ကိုယ်ရှိ၏ဟု မှောက်မှားသော အတ္တဒိဋ္ဌိ၊မိစ္ဆာအယူတည်းဟူသော အညစ်အကြေးကို သုတ်သင်တတ်သည်၏အဖြစ်ကြောင့်။ ဒိဋ္ဌိဝိသုဒ္ဓီတိ၊ ဒိဋ္ဌိဝိသုဒ္ဓိဟူ၍။ ဝေဒိတဗ္ဗံ၊ ဝိုင်းခြားမှတ်သား သိအပ်၏။

ရုပ်နာမ်နှစ်ပါးကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းဟန်ကား။

နမနလက္ခဏံ နာမံ၊ သမ္ပယောဂရသံ။
အဝိနိဗ္ဘောဂ ပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။
ရုပ္ပနလက္ခဏံ ရူပံ၊ ဝိကိရဏရသံ။
အဗျာကတပစ္စုပဋ္ဌာနံ၊ ဝိညာဏ ပဒဋ္ဌာနံ။

အဋ္ဌကထာပါဠိ။

နာမံ၊ အာရုံခြောက်ထွေ ကြီသိလေငြား နာမ်တရားသည်။ နမနလက္ခဏံ၊အာရုံကိုညွတ်ခြင်းလက္ခဏာရှိ၏။ သမ္ပယောဂရသံ၊ ကောင်းစွာ အညီအညွတ် ကေ့ပ္ပါဒအစရှိသော အပြားအားဖြင့် ယှဉ်ခြင်း ကိစ္စရှိ၏။ အဝိနိဗ္ဘောဂ ပစ္စုပဋ္ဌာနံ၊ မခွဲမခြမ်း မဝေဘန်ခြင်းလျှင် ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဉ်လျှင်နီးစွာသော အကြောင်းရှိ၏။ ရူပံ၊ သီတ ဥဏှ ဝိရောဓကြောင့် ဖောက်ပြန်တတ်ငြား ရုပ်တရားသည်။ရုပ္ပနလက္ခဏံ၊ရှေ့နောက်အစဉ် အသွင်မတူလျှင်း ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကိရဏရသံ၊ ဖရိဖရဲ ကွဲခြင်းကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာနံ၊ အကျိုးမပေးတတ်ခြင်းလျှင် ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဉ်လျှင်နီးစွာသော အကြောင်းရှိ၏၊ ။ဤ အဋ္ဌ

ကထာပါဠိအပြ အဓိပ္ပါယ်ကား ဤတလံမျှသော ခန္ဓာကိုယ်၌ ခက်ထန် မာပြင်းသော မြေဓာတ်သဘော၊ စေးဖွဲ့ယိုစီးသော ရေဓာတ်သဘော၊ နိုးရှိန်ပူသော မီးဓာတ်သဘော၊ တောင့်တင်းရွေ့ရှားသော လေဓာတ် သဘော ဤဓာတ်လေးပါး အစုသာတည်း။ ထိုဓာတ်လေးပါးတို့တွင် ပထဝီဓာတ်,အာပေါဓာတ်ဟူသော ဂရုကဓာတ် နှစ်ပါးတို့သည်၊မြေခဲ ရေအယဉ်တို့ကဲ့သို့ သတ္တဝါတို့အား အိပ်ခြင်း, ထိုင်ခြင်းကို ဖြစ်စေ၏၊ သတ္တဝါတို့သည်လည်း ဤဓာတ်နှစ်ပါးတို့ကြောင့် အိပ်ကြ, ထိုင်ကြ၏၊ တေဇောဓာတ်, ဝါယောဓာတ်ဟူသော လဟုက ဓာတ်နှစ်ပါးတို့သည် မီးတောက်လေဟုန်တို့ကဲ့သို့ သတ္တဝါတို့အား ထခြင်း,သွားခြင်းကိုဖြစ်စေ တတ်၏။ထိုသတ္တဝါတို့သည်လည်း ဤနှစ်ပါးတို့ကြောင့် ထကြွသွားကြ၏၊ ဤသို့အိပ်ခြင်း,ထိုင်ခြင်းထခြင်း,သွားခြင်းကိုပြုတတ်သော ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟူ၍ တစုံတရာမျှ မရှိချေဟု အတန် တလဲလဲ ရှုဆင်ခြင်သဖြင့် သတ္တဇီဝသညာကို ပယ်ဖြတ်၍ ဓာတ်လေးပါး အစုသာတည်း ဟု ဉာဏ်တွင် ထင်မြင်သောအခါ ဤလေးပါး၌ မှီ၍ ဖြစ်တတ်သောတရားကား ဥပါဒါရုပ်တို့သာတည်းဟု သိမ်းဆည်းပြီး၍ ထိုရူပက္ခန္ဓာကရဇကိုယ်ကို အာရုံပြု၍ဖြစ်ကုန်သော ဖဿဝေဒနာ သညာ စေတနာ စိတ်ဟူသော ဖဿပဉ္စက တရားတို့ကို အရင်းထား၍ နာမ် ခန္ဓာလေးပါးကိုမြင်ရှု၍ ဤသို့ထင်မြင်သော နာမ်တရား အပေါင်းတို့ကို ဤတရားစုသည်ကား အာရုံသို့ ရှေးရှု ညွှတ်တတ်သောကြောင့် နာမ် မည်၏၊ ထိုနာမ်တရား၏ မှီရာဖြစ်သော ဓာတ်လေးပါးနှင့် ဥပါဒါတရား သည်ကား အချမ်းအပူတို့ကြောင့် ဖောက်ပြန် တတ်သောကြောင့် ရုပ် တရားမည်၏ဟု ပိုင်းခြားမှတ်သားပြီးလျှင် ထိုမြင်အပ်ပြီးသော ရုပ်နာမ် ကိုပင် ပေါင်းစုပူးယှဉ်လျက် ဤကား ရုပ္ပနလက္ခဏာရှိသောရုပ်၊ ဤကား နမနလက္ခဏာရှိသော နာမ်တည်းဟု မှတ်၍ ရှုလိုက်သော် စွဲစပ်စွာ ဖုံးအပ်သော ကြွတ်သေတ္တာအစပ်ကို သန်လျက်ဖြင့် ဖွင့်လှစ်၍ နှစ်စပ် နှစ်လွှာနှစ်ခု ပြုဘိသကဲ့သို့ အနမတဂ္ဂ သံသရာစက်၌ ရိပ်မြွက်မျှမထင် မမြင်ဘူးသော ရုပ်နာမ်တရားတို့ကို ပိုင်းခြား ထင်ထင် သိမြင်ခြင်းသို့ ရောက်လိမ့်မည်၊ထိုရုပ်နာမ်နှစ်ပါးတို့တွင် နာမ်တရားလည်း နာမ်ချည်း သက်သက်၊ ရုပ်တရားလည်း ရုပ်ချည်းသက်သက် ဘယ်ကိစ္စ တခုမျှ မဆောင်ရွက်တတ်သည်ဖြစ်၍ အသေချည်းသာတည်း။စင်စစ်သော်ကား ရုပ်နာမ်နှစ်ပါးတို့သည် ရုပ်ကိုမှီ၍ နာမ်,နာမ်ကိုမှီ၍ရုပ် ငါးထန်းရွက်စပ်

စပ်ကြသဖြင့် စားခြင်း,သွားခြင်းစသော ထိုထိုအမှုကိစ္စ ကြီးငယ်နှင့်တကွ အကျိုးအကြောင်း အဆိုးအကောင်း စသောအလိုဆန္ဒ ဗျာပါရတို့ကို ဖြစ်စေ ပြီးစေနိုင်၏။

ဤအရာ၌ နှိုင်းယှဉ်စရာ ဥပမာကား၊ လက်ခြေလေးဘက် ဝမ်းတွင်း ပျက်၍ ထိုင်လျက် အိပ်လျောင်း မရွေ့ပြောင်းဘဲ တောင်းစား ရသော ဆွံ့နှင့် စက္ခုပသာဒအလင်းမရသော ဇစ္စန္ဓကန်းတို့သည် အချင်းချင်း ဤသို့ဆိုကြကုန်၏။အဆွေဆွံ့ ငါသည် ခြေဖြင့် သွားခြင်းအမှုကို ပြုခြင်းငှာ မစွမ်းနိုင်၊ညီညွတ်မညီညွတ် သွားအပ် မသွားအပ်သော လမ်းခရီးကို မြင်တတ်သောမျက်စိ ငါ့ဝယ် မရှိပါခဲ့ဟုဆို၏။ ဆွံ့ကလည်း အဆွေကန်း ငါမျက်စိဖြင့် ပြုဘွယ်ကိစ္စကို ပြုခြင်းငှာ စွမ်းနိုင်၏၊ ထိုထိုအရပ်တပါးသို့သွားလာတတ်သောခြေ ငါ့ဝယ်မရှိခဲ့ပါဟုဆို၏။ထိုအခါ ကိုယ်အစွမ်းဖြင့် တောင်းရမ်းဘွေရှာ ခွင့်မသာ၍ ဝမ်းစာမရ မမျှတသော ဒုက္ခိတလူနှစ်ဦးတို့သည် ပူးပေါင်းနှီးနှောမိကြသဖြင့် ရှင်ပျအားတက် ငါးထန်းရွက်စပ် စပ်ကြပြီးလျှင် ကန်းက ဆွံ့ကိုပခုံးဖြင့် ထမ်းလျက် မိမိအစွမ်းဟူသော ခြေဖြင့်သွား၏၊ ဆွံ့လည်း ကန်းပခုံး၌တည်လျက် အဆွေလကျ်ာကိုလွှတ် လက်ဝဲကိုယူ၊ လက်ဝဲကိုလွှတ် လကျ်ာကိုယူဟု မိမိအစွမ်းဟူသော မျက်စိဖြင့် ကြည့်၍ပြော၏။ထိုအခါ ထိုသူနှစ်ဝ ဒုက္ခိတတို့သည် လိုရာရောက်ပေါက် ကြီတိုင်းမြောက်၍ စားသောက်ဝပြောကုန်သကဲ့သို့ ထိုအတူ ဆွံ့နှင့်တူသော နာမ်တရားသည် စားလိုသည် သွားလိုသည် စကားဆိုလိုသည် ထိုထိုပယောဂ ဗျာပါရ၌ နှလုံးသွင်းခြင်း အလိုဆန္ဒကား ရှိတတ်၏၊ မိမိမှာမူကား စားခြင်း သွားခြင်းစသည်ကို မစွမ်းနိုင်လေ။ ကန်းနှင့်တူသော ရုပ်ကား မိမိသည် စားတတ်၏၊ သွားတတ်၏၊ စားလို သွားလို ထိုထိုဆန္ဒ ပယောဂကင်း၍ နှလုံးသွင်းခြင်းကား မရှိ၊ မိမိစားသည် သွားသည်ကိုမျှ ငါစား၏ ငါသွား၏ဟု မသိတတ်လေ။ထိုသို့ ကန်းနှင့်ဆွံ့အတူ ရုပ်နာမ့်တရား နှစ်ပါးတို့သည် ရုပ်ကိုမှီ၍နာမ်, နာမ်ကိုမှီ၍ရုပ် ငါးထန်းရွက်စပ် စပ်မိကြသဖြင့် နာမ်သည် စားလို၏၊ စားလိုသော နာမ်ကြောင့် ရုပ်တရားတို့သည် စားခြင်း စသည်ပြု၏၊ ဤနာမ်ရုပ်မှတပါး စားတတ် သွားတတ်သော ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မရှိလေ၊နာမ်ရုပ်တရား နှစ်ပါး မျှသာတည်း။ ထိုကြောင့်ရကား ထိုရုပ်နာမ်တရား နှစ်ပါးတို့ကို ပညာမျက်စိဖြင့် စေ့စေ့ကြည့်လျက် ဤကားရုပ်, ဤကားနာမ်ဟူ၍ တရား

နှစ်တန်တို့ကို မရှုတ်မထွေးစေရ ပိုင်းပိုင်းခြားခြား မှတ်သားသိမ်းဆည်း၍ သတ္တဇီဝသညာကို ဖြတ်ပိုင်းလျက် ဟုတ်တိုင်းမှန်စွာသိသော နာမရူပ ဝဝတ္ထာပနဉာဏ်, နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ဖြောင့်မှန်စွာ သိသော အယူဟုဆိုအပ်သော ဒိဋ္ဌိဝိသုဒ္ဓိအယူကို ဖြစ်စေရာ၏၊ဤဒိဋ္ဌိဝိသုဒ္ဓိကထာ၌ ဆင်ခြင်ကြစေရန် ဂါထာပါဌ် အနက်ကား–

၁။ ယထာပိ နာဝံ နိဿာယ၊ မနုဿာ ယန္တိ အဏ္ဏဝေ။
ဧဝမေဝ ရူပံ နိဿာယ၊ နာမကာယော ပဝတ္တတိ။

၂။ ရဇ္ဇုယောဂါ ဒါရုယန္တံ၊ သဗျာပါရံဝ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊ အညမညသမာယုတံ။

၃။ ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

နာဝံ၊ လှေသင်္ဘောကို။ နိဿာယ၊ အမှီတကဲအစွဲပြု၍။ မနုဿာ၊ ကြီးငယ်ပုရွလူအပေါင်း ဟူသမျှတို့သည်။ အဏ္ဏဝေ၊ ဇလာပြင်ကျယ် မြစ်ပင်လယ်၌။ ယန္တိ၊ယထာပိ၊ မထပ်မနားသွားကြကုန်ဘိသကဲ့သို့လည်း။ ဧဝမေဝ၊ ပမာချင့်ယူ အတူသာလျှင်။ ရူပံ၊ ဤမဟာဘုတ်ခန္ဓာရုပ်ကို။ နိဿာယ၊ အမှီတကဲ အစွဲပြု၍။ နာမကာယော၊ နာမက္ခန္ဓာ တရား အပေါင်းသည်။ ပဝတ္တတိ၊ မုချမသွေ ကေန်စင်စစ် ဖြစ်လေတော့ သတည်း။

ရဇ္ဇုယောဂါ၊ အမျိုးမျိုးအရပ်ရပ်ကြိုးနှင့်တပ်ခါ ဆွဲငင်ခြင်းကြောင့်။ ဒါရုယန္တံ၊ သစ်သားထုလုပ် ယန္တရားရုပ်သည်။ သဗျာပါရံဣဝ၊ ရပ်သွား ကခုန် ဆိုတတ်သည့်ပုံယောင်ယောင်။ ခါယတိ ယထာ၊ ပွဲကြည့်ရှုသူ အပေါင်းလူအား ထင်ရမြင်ရဘိသကဲ့သို့။ ဧဝံတထာ၊ ပမာချင့်နှိုင်း ဤအတိုင်းသာလျှင်။သုညံ၊သတ္တဇီဝသညာမှတ်ထင်ရာမှကင်းဆိတ်သော။ နာမရူပံ၊ အတွင်းနာမ်နှင့် ပြင်ရုံရုပ်နှစ်ပါးသည်။ အညမညသမာယုတံ၊ အချင်းချင်း ပေါင်းရှက်ကြသည်ဖြစ်၍။ သဗျာပါရံဝ၊ သွားလာလှည့်ပတ် လှုပ်ရှားတတ် သကဲ့သို့။ ခါယတိ၊ မျက်မှောက်၌ပင် ထင်ရလေတော့ သတည်း။

အင်္ဂသမ္ဘာရာ၊ဝင်ရိုးစက်ဘီးစသောအစိတ်အစိတ်ဟူသော အဆောက် အဦကြောင့်။ ရထောဣတိ၊ လျင်စွာသွားသည် မီးဝတ်ရထားဟူ၍။ သဒ္ဒေါ၊ ခေါ်ဝေါ်ပြောဆိုခြင်း ဝေါဟာရ သမုတိပညတ်သည်။ ဟောတိ ယထာ၊ ကေန်စင်စစ်ဖြစ်ရဘိသကဲ့သို့။ ဧဝံတထာ၊ ဤအတူ။ ခန္ဓေသု၊

ခန္ဓာငါးတန် ရုပ်နာမ်ဓာတ်တို့သည်။ သန္တေသု၊ ရှိကုန်လတ်သည်ရှိသော်။ သတ္တောတိ၊ သမုတိသတ္တဝါဟု သမုတ်ပညတ်ခြင်းသည်။ ဟောတိ၊ စင်စစ် မသွေဖြစ်ရလေတော့သတည်း။

ဤသို့ အဋ္ဌကထာပါဠိတော်လာဂါထာပါဌ် ဒေသနာတို့၏ အနက် အဓိပ္ပါယ်လာ ရုပ်နာမ်နှစ်ဖြာတို့ကို စိတ်တွင် ထင်မြင်အောင်ရှုကြည့် နိုင်ပါမူ (ဧတ္တိပုရိသ)ဟူသော အက္ခရာငါးလုံးပျောက်၍ နိဗ္ဗာန်သို့ရောက် ယထာဘူတဉာဏ် အမြင်သန်ခြင်း အစစ်ကေန်ပင်ဖြစ်၏၊ သုတ္တနိပါတ် ပါဠိတော် သဘိယသုတ်၌လည်း အက္ခရာ ငါးလုံးပျောက်က နိဗ္ဗာန် ရောက်၏ဟု မြတ်စွာဘုရားဟောတော်မူ၏၊ ၎င်းပါဠိတော်၌ကြည့်ရှုကြ လေကုန်၊ အဘိဓမ္မာအရာဖြစ်၍ ဝတ္ထုဒေသနာအပြကို လျစ်လျူရှုအပ် တော့သည်ဟုမှတ်။ ဤသည်လျှင် ဒိဋ္ဌိဝိသုဒ္ဓိအဆုံးအဖြတ်ပြီးပြီ။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိကို ပြဆိုဦးအံ့။ ကင်္ခါဝိတရဏနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြင်အပ်ပြီးသော နာမ်ရုပ်တရား နှစ်ပါးတို့၏ အကြောင်းကို ဆင်ခြင်ရှားမှီးသိမ်းဆည်ပွားများနှလုံးထားသဖြင့်ကာလသုံးပါး၌ယုံမှား ခြင်းကို တည်သော ဉာဏ်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏၊ ထို့ကြောင့် လက်သန်းအဋ္ဌကထာ၌တေသမေဝစ နာမရူပါနံ ပစ္စယပရိဂ္ဂဟောကင်္ခါ ဝိတရဏ ဝိသုဒ္ဓိနာမ-ဟု မိန့်ဆိုတော်မူ၏။ ဆင်ခြင်ပွားများနှလုံးသွင်း ဟန်ကား- သမားလိမ္မာသည် အနာကို မြင်လတ်သော် ထိုအနာ၏ အကြောင်းသမုဋ္ဌာန်ကို ကြံစည်သကဲ့သို့ငင်း၊ ချမ်းသာမဘက် သက်သက် ဆင်းရဲချည်းဖြစ်၍ စင်စစ်လိတ်လန့်ဘွယ်ရာ အနာ၏အသွင်မြင်ပြီးသော် ရုပ်နာမ်နှစ်ပါး၏ အကြောင်းကို ရှာသည်ရှိသော် ရှေ့ဘဝ၌ အဝိဇ္ဇာ တဏှာ ဥပါဒါနိကံဟူသော ဇနကအကြောင်း ဤဘဝ၌ အာဟာရ ဟူသော ဥပထမ္ဘကအကြောင်း ဤရုပ်အကြောင်းငါးပါးကို ရှေဦးစွာ သိမ်းဆည်းအပ်၏၊ ထို့နောင် လောကီနာမ်တရားတို့၏ စက္ခုပသာဒ အာဝဇ္ဇန်းစသော အဇ္ဈတ္တအကြောင်း၊ ရူပါရုံ အလင်းစသော ဗဟိဒ္ဓ အကြောင်း တို့ကြောင့်ဖြစ်၏ဟု သိမ်းဆည်ခြင်းပြုအပ်၏ ဤသို့ပစ္စုပ္ပန် ဖြစ်သောနာမ်ရုပ်၏အကြောင်းလျှင်။

ယထာယိဒံနာမရူပံ၊ ပစ္စယတော ပဝတ္တတိ။
ဧဝံတီတေပိ နာဂတေ၊ အဘဝိတ္တ ဘဝိဿတိ။

ဟုကာလသုံးပါး၌ပင် မြင်ရတော့သည်ဟုမှတ်။

ဣဒံနာမရူပံ၊ ဤပစ္စုပ္ပန်နာမ်ရုပ်နှစ်ပါးသည်။ ပစ္စယတော၊ အဝိဇ္ဇာ တဏှာဥပါဒါန်ကံအာဟာရ စက္ခုရုပ အာလောက မနသိကာရစသော အကြောင်းကြောင့်။ ပဝတ္တတိယထာ၊ ယခုဘဝ၌ဖြစ်၍နေရဘိသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အတီတေပိ၊ အနမတဂ္ဂရှေးသံသရာ၌လည်း။ ပစ္စယတော၊ အဝိဇ္ဇာစသော အကြောင်းကြောင့်။ အဘဝိတ္ထ၊ ဖြစ်ဘူးလှ လေပြီ။ အနာဂတေပိ၊ မရောက်သေးပေ နောက်ကာလ၌လည်း။ ပစ္စယ တော၊ အဝိဇ္ဇာ စသော အကြောင်းကြောင့်။ ဘဝိဿတိ၊ ဖြစ်လေ သေးလတ္တံ့။

ဤသို့ဉာဏ်တွင်တိတိ မြင်ဘိသောအခါဝယ် ပယ်ဖျောက်ခြင်းငှာ ခဲယဉ်းလှစွာကုန်သော တဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့သည် ကင်းပျောက်ကုန်ရာ၏။ တဆယ့်ခြောက်ပါးသော ယုံမှားခြင်းဟူသည် ၁။ ငါကား- ရှေးအတိတ်ကာလ၌ ဖြစ်ဘူးလေပြီလောဟု သဿတ အခြင်းအရာကိုမှီ၍ ယုံမှားခြင်း။ ။၂။ ငါကား-ရှေးအတိတ် ကာလ၌ မဖြစ်ဘူးလေသလောဟု အကြောင်းမဘက် သက်သက် အဓိစ္စသမုပ္ပန္နကို မှီ၍ယုံမှားခြင်း။ ။၃။ ငါကား- ရှေးအတိတ် ကာလ၌ မင်းဖြစ်ဘူး သလော၊ ပုဏ္ဏားဖြစ်ဘူးသလောဟု အမျိုးအသွင် ပဋိသန္ဓေ ဖြစ်သော ဇာတိလိင် ဥပပတ္တိကိုမှီ၍ ယုံမှားခြင်း။ ။၄။ ငါကား- ရှေးအတိတ် ကာလ၌ မြင့်သောသူ နိမ့်သောသူ ဖြစ်ဘူးလေသလောဟု အဆင်း သဏ္ဌာန်ကိုမှီ၍ ယုံမှားခြင်း။ ။၅။ ငါကား - ရှေးအတိတ် ကာလ၌ အဘယ်သို့သော အဖြစ်က အဘယ်သို့သော အရာ၌ ဖြစ်ဘူးသည်ဟု အဆင့်ဆင့်ကိုစွဲ၍ ယုံမှားခြင်း။ ။ဤသို့ အတိတ်ကာလ၌ ယုံမှားခြင်း ငါးပါးတည်း။

၁။ ငါကား - နောင် အနာဂတ် ကာလ၌ ဖြစ်လတ္တံ့ လောဟု သဿတ အခြင်းအရာကိုမှီ၍ ယုံမှားခြင်း။ ။၂။ ငါကား-အနာဂတ် ကာလ၌ မဖြစ်လတ္တံ့လောဟု ဥစ္ဆေဒဒိဋ္ဌိကိုမှီ၍ ယုံမှားခြင်း။ ။၃။ ငါ ကား--အနာဂတ်ကာလ၌ မင်း ပုဏ္ဏားစသည်တို့တွင်အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်းဟု အမျိုးစသည်ကိုစွဲ၍ ယုံမှားခြင်း။ ။၄။ ငါကား-- အနာဂတ်ကာလ၌ မြင့်သောသူ နိမ့်သောသူဖြစ်လတ္တံ့လောဟု သဏ္ဌာန် ပုံဟန်ကိုစွဲ၍ ယုံမှားခြင်း။ ။၅။ ငါကား-အနာဂတ်ကာလ၌ အဘယ် သို့သောအဖြစ်က အဘယ်သို့သောအဖြစ်၌ ဖြစ်လတ္တံ့နည်းဟု အဆင့်ဆင့် ကို စွဲ၍ယုံမှားခြင်း။ ဤသို့အနာဂတ်ကာလ၌ ယုံမှားခြင်းငါးပါးတည်း။

၁။ ငါဟုတ်၏လောဟု သဿတ သက္ကာယ အခြင်း အရာကို စွဲ၍ ယုံမှားခြင်း။ ။၂။ ငါမဟုတ်လေသလောဟု ဥစ္ဆေဒ သက္ကာယအခြင်း အရာကိုစွဲ၍ယုံမှားခြင်း။ ။၃။ ငါကား-အဘယ် အမျိုးအသွင် ဖြစ်လေသနည်းဟု အမျိုးကိုမှီ၍ယုံမှားခြင်း။ ။၄။ ငါ၏ဇီဝိတိန္ဒြေသည် အတိုလေလော အရှည်လေလောဟု ယုံမှားခြင်း။ ။၅။ ငါကား-အဘယ် ဘဝဂတိမှ ဤပစ္စုပ္ပန်ဘဝသို့ လာသနည်းဟု လားရာဂတိကိုမှီ၍ ယုံမှားခြင်း။ ။၆။ ငါ ဤပစ္စုပ္ပန်ဘဝမှ အဘယ်ဘဝသို့ လားရအံ့နည်းဟု သွားရာဂတိကိုမှီ၍ ယုံမှားခြင်း။ ဤသို့ ပစ္စုပ္ပန် ကာလ၌ ယုံမှားခြင်း ၆-ပါးတည်း။

ဤတဆယ့်ခြောက်ပါးသော ယုံမှားခြင်းအပြားတို့ကို မူလပဏ္ဏာသ ပါဠိတော် သဗ္ဗာသဝသုတ်၌ မြတ်စွာဘုရားဟောတော်မူခဲ့၏။ လက်ာ အချုပ်ကို ရှေးရှေးအကျော် ဆရာတော်ကဝိပညာရှိတို့သည် အတိတ် အနာဂတ်၊ ပဋ္ဌမှတ်၊ ခြောက်ရပ်ပစ္စုပ္ပန်။ သုံးလူထွင့်ထား၊ မိန့်တုံငြား၊ ယုံမှားဆယ့်ခြောက်တန်-ဟု စပ်ဆိုတော်မူခဲ့၏။

ဤသို့ပြအပ်ပြီးသော ယုံမှားခြင်း တဆယ့်ခြောက်ပါးတို့တွင် ပစ္စုပ္ပန် ယုံမှား ခြောက်ပါးအရ စတုတ္ထယုံမှားအပြ ကိုယ်သဏ္ဍာန် အတိုအရှည် ကိုမှတ်ထင်၍ အချို့ဆရာတို့ရေးသားကြ၍ ပစ္စုပ္ပန်ဘဝ၌ ကိုယ်သဏ္ဍာန် မူကား ပစ္စက္ခမျက်မှောက်ဖြစ်၍ ယုံမှားစရာမရှိပြီဟုမှတ်။ ထို့ကြောင့် သဗ္ဗာသဝသုတ် အဋ္ဌကထာ၌-သရီရသဏ္ဍာနံ ပန ပစ္စုပ္ပန္နံ အဇ္ဈာနန္တော နာမ နတ္ထိ-ဟုမိန့်ဆိုတော်မူ၏။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။သရီရသဏ္ဍာနံ ပန၊ ကိုယ်သဏ္ဍာန်ကိုကား။ အဇ္ဈာနန္တော၊ မသိသောသူ မည်သည်။ နတ္ထိ၊ မရှိ။ ကိုယ်အတွင်း၌ရှိသော အသက်ဇီဝကိုသာလျှင် တိုတိုလော ရှည်ရှည်လော လေးထောင့်စသည်လောဟု ယုံမှားသင့်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌- ကေဝလင္ဆေတ္တ အဇ္ဈတ္တရေ ဇီဝေါ်နာမ အတ္ထီတိ ဂဟေတွာ တဿသဏ္ဍာနာကာရံ နိဿာယ ဒီဃော နု ခေါသ္မိရဿ၊ စတုရဿ၊ဆဠံသ အဋ္ဌံသ သောဠသံသာဒီနံ အညတရပ္ပကာရော တိ ကင်္ခန္တော ကထံနုခေါသ္မိတိ ကင်္ခတီတိ ဝေဒိတဗ္ဗော-ဟု မိန့်ဆိုတော် မူ၏။မဟာဋီကာ၌လည်းနည်းတူ ဘွင့်ပြတော်မူ၏။(သတိမူလေ ဝိညူတို့)။

ဤတဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့သည် ကင်းပျောက်ကုန် သော်ပုဂ္ဂိုလ်သတ္တဝါမြဟ္မာလူနတ်ဟု ကမ္ဘာဦးသူတို့၏ ပညတ်သင်္ကေတ ဖြင့်သာ ပညာရှိတို့ ခေါ်ဝေါ်သမုတ်ကြသည်၊ စင်စစ်မူကားအကြောင်း

ကိုစွဲ၍ဖြစ်သော ရုပ်နာမ်မှတပါး ပုဂ္ဂိုလ်သတ္တဝါမရှိဟု မဘောက်မပြန် အဝိပရိတညာဏ်ဖြင့် ဤကားနာမ်ရုပ်၊ နာမ်ရုပ်ကား ဤမျှသာ၊ ဤကား နာမ်ရုပ်၏အကြောင်း၊ နာမ်ရုပ်၏အကြောင်းကားဤမျှသာဟုပိုင်းခြား၍ သိသော ဉာတပရိညာဖြစ်လာ၏၊ ထိုသို့ဉာတပရိညာဖြစ်လာသောအခါ ဘုရား၌ယုံမှားခြင်း၊ တရား၌ယုံမှားခြင်း၊ သံဃာ၌ယုံမှားခြင်း၊ သိက္ခာ ပုဒ်၌ယုံမှားခြင်း၊ သံသရာ ရှေ့အစွန်း၌ ယုံမှားခြင်း၊ သံသရာနောက် အစွန်း၌ယုံမှားခြင်း၊ ရှေ့အစွန်းနောက်အစွန်း နှစ်ပါး၌ယုံမှားခြင်း၊ ပဋိစ္စ သမုပ္ပါဒ်တရား၌ယုံမှားခြင်း၊ ဤရှစ်ပါးသော ယုံမှားခြင်းတရားတို့သည် တန့်စရာမရ ပျောက်ပျက်ရတော့သည်၊ ဤသို့နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းလျက် အဝွန့်သုံးပါး၌ ယုံမှား ခြင်းကိုလွန်၍ တည်သော ဉာဏ်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။

ဤဝိသုဒ္ဓိ ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ သာသနာတော်၌ မဂ်တည်းဟူသောထောက်တည်ရာ ဖိုလ်တည်းဟူသော သက်သာရာကို ရဘိသည့်အလား လောကီဉာဏ်ဖြင့်ပင် သစ္စာလေးပါးကို သိသောကြောင့် မြဲသော လားရာသုဂတိ ရှိရကား စူဠသောတာပန် အငယ်ဆုံး အဖြစ်၌တည်ကုန်၏၊ ဤဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဟု ဆိုအပ်သော နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးတို့သည် ဝိပဿနာဉာဏ်ဖြစ်ရကား ယထာဘူတဉာဏ် ဓမ္မဋ္ဌိတိဉာဏ် သမ္မာဒဿန ဉာဏ်မည်၏-ဟု ထိုထိုပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူ၏၊

ဤဉာဏ်နှစ်ပါးကိုရစေအောင် သံသရာဘယဘီရုက သူတော်ကောင်း တို့သည် ကိုယ့်အသက်ကိုငဲ့ကွက်မချစ် မဖြစ်မနေရ နေ့ညမယုတ်အားပါး တကုတ်ကြိုးစားသင့်တော့သည်၊ ဤဉာဏ်ကို ရရှိပါက အပါယ်တံခါး ပိတ်၏ဟူလို။

ထို့ကြောင့်ရကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌- ဣမိနာပန ဉာဏေန သမန္နာဂတော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ-ဟု မိန့်တော်မူ၏။ ပန၊ အကျိုးကြီးဟန်ကို ထုတ်ပြန်၍ ပြဦးအံ့။ ဣမိနာပနဉ ဏေန၊ ဤသို့ နာမ်ရုပ်နှစ်တန် ပစ္စယံကို ဟုတ်မှန်တိတိ ဧကန်သိသော ယထာဘူတဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံလိုသော။ ဝိပဿကော၊ ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင် သာသနာတော်၌။ လဒ္ဓ ဿာသော၊ ရအပ်သောသက်သာရာရှိသည်။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော

ထောက်တည်ရာရှိသည်။ နိယတဂတိတော၊မြဲသောသုဂတိလားရာရှိသည် ဖြစ်၍။ ရှုဋ္ဌသောတာပန္နောနာမ၊ ရှုဋ္ဌသောတာပန် မည်သည်။ (ဝါ)၊ မထိပါယ်ဘေး သောတာပန်ထွေးမည်သည်။ ဟောတိ၊ ကေန်စင်စစ် အမှန်ပင်ဖြစ်လေတော့သတည်း။

တေ သတ္တုဒသာနကာလတော ပဋ္ဌာယ ပုတ္တသိနေ္နဟံ ပဋိလဘိတွာ ကဟံ တာတကိံ တာတာတိ ဝဍ္ဍကံ ဒိသွာ ဝဍ္ဍဂိဒ္ဓါယ ဂါဝိဝိယ ဝိဝရ မာနာ ဥပသင်္ကမိတွာ ပဌမဒဿနေနေဝ သောတာပန္နာဇာတာ။(စတုက္က အင်္ဂုတ္တရအဋ္ဌကထာ)။

တေ၊ ထိုနကုလမာတာ နကုလပိတာ တို့သည်။ သတ္တုဒသာနကာလ တော၊ ဘုရားရှင်အား မြင်သောကာလမှ။ ပဋ္ဌာယ၊ စ၍။ ပုတ္တသိနေ္နဟံ၊ သားဟူသော ချစ်ခြင်းကို။ ပဋိလဘိတွာ၊ တဘန် ရ၍ အောက်မေ့၍။ တာတ၊ ချစ်သား။ ကဟံ၊ အဘယ်၌နေသနည်း။ တာတ၊ ချစ်သား။ကိံ၊ အဘယ်သို့သွားအံ့နည်း။ ဣတိ၊ဤသို့။ ဝဍ္ဍကံ၊ နွားငယ်ကို။ ဒိသွာ၊မြင်၍။ ဝဍ္ဍဂိဒ္ဓါယ၊ နွားငယ်ဟူသော တပ်နှစ်သက်ခြင်း။ (ဝါ)၊ သားသမီး ဟူသော တပ်နှစ်သက်ခြင်းဖြင့်။ ဂါဝိဝိယ၊ အမိနွားမသည် မြည်တမ်း သကဲ့သို့။ ဝိဝရမာနာ၊ မြည်တမ်းလျက်။ ဥပသင်္ကမိတွာ၊ ကပ်၍။ ပဌမ ဒဿနေနေဝ၊ရှေးဦးစွာမြင်ခြင်း၌သာလျှင်။ သောတာပန္နာ၊သောတာပန် တို့သည်။ ဇာတာ၊ချမှကေန်မသွေ ဖြစ်ကြရလေကုန်တော့သတည်း။

ယေသံ အရိယဓမ္မော နတ္ထိ၊ တထာဂတေ ပန သဒ္ဓါမတ္တံ ပေမမတ္တ မေဝ ဟောတိ၊ နိယတဂတိကာ ကိရ တေ၊ ပေါရာဏထေရာပန ဧဝ ရူပံ ဘိက္ခုံ ရှုဋ္ဌသောတာပန္နောတိ ဝဒန္တိ။(မူလပဏ္ဏာသအဋ္ဌကထာ)။

ယေသံ၊ အကြင်သူတို့အား။ အရိယဓမ္မော၊ အရိယာတို့၏တရားသည်။ နတ္ထိ၊ မရှိ။ တထာဂတေပန၊ မြတ်စွာဘုရား၌ကား။သဒ္ဓါမတ္တံ၊ ကြည်ညိုရုံ မျှသာလျှင်။ ပေမမတ္တမေဝ၊ နှစ်သက်မြတ်နိုး ရုံမျှသာလျှင်။ ဟောတိ၊ ဖြစ်၏။ တေ၊ ထိုသူတို့သည်။ နိယတဂတိကာကိရ၊ မြဲသောလားရာဂတိ ရှိကုန်သတတ်။ ပေါရာဏထေရာပန၊ ရှေးပေါရာဏမထေရ်တို့သည်ကား။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဘိက္ခုံ၊ရဟန်းကို။ ရှုဋ္ဌသောတာပန္နောတိ၊ ရှုဋ္ဌသောတာပန်ဟူ၍။ (ဝါ)၊ သောတာပန်အငယ်အထွေး ဟူ၍။ ဝဒန္တိ၊ ဆိုကြလေကုန်တော့သတည်း။

သီလဝန္တပုထုဇ္ဇနောပိ သောတာပန္နေနေဝ သင်္ဂဟိတော။ ။(ဒုက အင်္ဂုတ္တရအဋ္ဌကထာ)။ သီလဝန္တ ပုထုဇ္ဇနောပိ၊ သီလရှိသော ပုထုဇဉ်

ပုဂ္ဂိုလ်ကိုလည်း။ သောတာပန္နေနေ၀၊ သောတာပန်ဖြင့် သာလျှင်။ (ဝါ)၊ သောတာပန်၌သာလျှင်။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ (ဝါ)၊ သွင်းယူအပ်၏။ ။ကလျာဏပုထုဇ္ဇနေန သဒ္ဓိံ သတ္တသေက္ခာ အဓိပ္ပေတာ၊ (ပါရာဇိကဏ်အဋ္ဌကထာ)။ ကလျာဏပုထုဇ္ဇနေန၊ခန္ဓာ အာယတနတို့ကို ကောင်းစွာသိသော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်နှင့်။ သဒ္ဓိံ၊ အတူတကွ။ သတ္တသေက္ခာ၊ အောက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်, အထက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ဟူသော ခုနစ်ပါးသော သေက္ခပုဂ္ဂိုလ်တို့ကို။အဓိပ္ပေတာ၊ အလိုရှိအပ်လေကုန်တော့သတည်း။

ကလျာဏပုထုဇ္ဇနော၀ိ သောတာပန္နေနေ၀ သင်္ဂဟိတော။ ။(အင်္ဂုတ္တရ အဋ္ဌကထာ)။ ကလျာဏပုထုဇ္ဇနော၀ိ၊ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်ကိုလည်း။ သောတာပန္နေနေ၀၊သောတာပန်ဖြင့်သာလျှင်။ (ဝါ)၊ သောတာပန်၌ သာလျှင်။ သင်္ဂဟိတော၊ သင်္ဂြိုဟ် ရေတွက်အပ်သည် သာလျှင်ကတည်း။

ဧ၀ံ သန်္ဒါရေ သလ္လက္ခေတွာ ဌိတဿ ပန ဘိက္ခုဿ ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏံနာမ ဟောတိ၊ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။(အဘိဓမ္မာဝိဘင်း အဋ္ဌကထာ)။ ။ဧ၀ံ၊ ဤသို့။ သန်္ဒါရေ၊ဖြစ်တုံပျက်တုံ တက်တက်ကုန်၍ တောဘူမက ရုပ်နာမ်ဓမ္မ ခန္ဓာငါးပါး သန်္ဒါရတရားတို့ကို။သလ္လက္ခေတွာ၊ လက္ခဏာယာဉ်သို့ တင်ပြီး ကောင်းစွာ သုံးသပ်မှတ်သား၍။ ဌိတဿ၊ တည်သော။ (ဝါ)၊ရှေ့ရှုသော။ ဘိက္ခုဿပန၊ ရဟန်း၏ကား။ (ဝါ)၊ ပုဂ္ဂိုလ်များ၏ကား။ ဒသဗလဿ၊ အားတော်ဆယ်ပါးရှိသော မြတ်စွာ ဘုရား၏။ သာသနေ၊ သာသနာတော်တွင်း၌။ မူလံ၊ အမြစ်အရင်းသို့။ ဩတိဏ္ဏံနာမ၊သက်ဝင်သည်မည်သည်။ (ဝါ)၊အတွင်းဝင်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ လဒ္ဓဿာသော၊ မင်္ဂဖိုလ်၌ရအပ်သော သက်သာရာ ရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ မင်္ဂဖိုလ်၌ ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြဲသောလူပြည် နတ်ရွာ လားရာဂတိ ရှိသော။စူဠသောတာပန္နောနာမ၊ငယ်သော စူဠသောတာပန်မည်သည်။ ဟောတိ၊ စင်စစ်မုချမသွေ ဖြစ်ရလေတော့သတည်း။

ယေသံ ပန နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသံပိ ဂတိ နိဗဒ္ဓါ၊ သောတာ ပန္နသဒိသာနေ၀ တာနိ ကုလာနိ။ ။(နဝင်္ဂုတ္တရ အဋ္ဌကထာ)။ ။ ယေသံပန၊ အကြင် ဒါယကာ ဒါယိကာမတို့ အားကား။ နိဗဒ္ဓပုညာနိ၊

မြဲသော ကုသိုလ် ကောင်းမှုတို့သည်။ အတ္တိသန္တိ၊ ထင်ရှား ရှိကုန်၏။ တေသံဝိ၊ ထိုသူတို့အားလည်း။ ဂတိ၊ လူပြည်နတ်ရွာလားရာ ဂတိသည်။ နိဗဒ္ဓါ၊ မုချမသွေ မြဲလေရာ၏။တာနိကုလာနိ၊ ထိုဒါယကာမျိုးတို့သည်။ သောတာပန္န သဒိသာနေဝ၊ သောတာပန်နှင့် တူကုန်သည် သာလျှင်ကတည်း။

ယေသံ ပန ကုလာနံ တိဏ္ဏံ သရဏာနိ ပဉ္စသီလာနိ ဧကံသလာကဘတ္တံ ဧကံပက္ခိကဘတ္တံ ဧကံဝဿာဝါသိကံ ဧကာပေါက္ခရဏီ ဧကော အာဝါသောတိ ဝေရူပါနိ နိဗဒ္ဓပုညာနိအတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါနိ၊ သောတာပန္နသဒိသာနေဝ တာနိကုလာနိ။ (ဒသနိပါတ် အဋ္ဌကထာ)။ ယေသံပနကုလာနံ၊ အကြင်ဒါယကာ ဒါယိကာမ အမျိုးတို့အားကား။ တိဏ္ဏံသရဏာနိ၊ သရဏဂုံသုံးပါးနှင့်တကွ ဖြစ်ကုန်သော။ ပဉ္စသီလာနိ၊ ငါးပါးသော သီလတို့ကိုဃင်း။ ဧကံ၊ တခုတပါးသော။ ပက္ခိကဘတ္တံ၊ စာရေးတန်မဲချ၍လှူသောဆွမ်းကိုဃင်း။ ဧကံ၊ တခုတပါးသော။ ပက္ခိကဘတ္တံ၊ လဆန်းလဆုတ်၏ ပက္ခအတိုင်း၌လှူသော ဆွမ်းကိုဃင်း။ ဧကံ၊ တခုတပါးသော။ ဝဿာဝါသိကံ၊ မိုးရေခံသင်္ကန်းစသော ဝါဆိုသင်္ကန်း ကထိန်သင်္ကန်းဃင်း။ ဧကာပေါက္ခရဏီ၊ တခုသောရေတွင်းရေကန်ဃင်း။ ဧကော၊ တခုတပါးသော။ အာဝါသော၊ ကျောင်း ဇရပ် သိမ်စသော နေရာထိုင်ခင်းဃင်း။ ဣတိ၊ ဤသို့။ ဝေရူပါနိ၊ ဤသို့ခြောက်ပါးသော သဘောရှိကုန်သော။ နိဗဒ္ဓပုညာနိ၊ မြဲသောကုသိုလ်ကောင်းမှုတို့သည်။ အတ္တိသန္တိ၊ ထင်ရှားရှိကုန်၏။ တေသံ၊ ထိုဒါယကာ ဒါယိကာမမျိုးတို့အား။ ဂတိနိဗဒ္ဓါနိ၊ လူ့ပြည်နတ်ရွာလားရာဂတိ မြဲခြင်းရှိကုန်၏။ တာနိကုလာနိ၊ ထိုဒါယကာ ဒါယိကာမမျိုးတို့သည်။ သောတာပန္နသဒိသာနေဝ၊ သောတာပန်နှင့်တူကုန်သည်သာလျှင်ကတည်း။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿဂ မနေနဝါ။
သဗ္ဗလောကာဓိပစ္စေန၊သောတာပတ္တိ ဖလံဝရံ။ ဓမ္မပဒပါဠိတော်။

ပထဗျာ၊ လေးကျွန်းတခွင် မြေအပြင်၌။ ဧကရဇ္ဇေနဝါ၊ ပြိုင်သူဘက်ကင်း စကြာမင်းအဖြစ်ထက်ဃင်း။ သဂ္ဂဿ၊ နတ်ပြည်ဗြဟ္မာပြည်ကို။ ဂမနေနဝါ၊ သွားရသည်ထက်ဃင်း ကိုယ်ပိုင်မိမိရရှိပျော်ပါး ခံစားရသည်ထက်ဃင်း။ သဗ္ဗလောကာဓိပစ္စေနဝါ၊ အလုံးစုံသောလောကကိုအားဏာတန်ခိုးလွှမ်းမိုးပိုင်သ အစိုးရသည်ထက်ဃင်း အလုံးစုံသောလောကတို့၏ အကြီးအကဲဖြစ်သော ဗြဟ္မာမင်းကြီး၏ စည်းစိမ်ထက်ဃင်း။ သောတာပတ္တိ

ဖလံ၊ သောတာပတ္တိ မဂ်ဖိုလ်သည်ကား။ ဝရံဝရမေဝ၊ ဘယ်လိုမှ ညှက်မကစားနှင့်တော့ အမှန်အားဖြင့် အပါယ်တေးကင်း၍ကွာ၍ လွန်စွာမြင့်မြတ်လှတော့သတည်း။

၁။ ထွေ ပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တု ပရမော သောတာပန္နောနာမ ဟောတိ။

၂။ သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂဒေါသ မောဟာနံ တနု-ကရတ္တာ သကဒါ ဂါမိနာမ ဟောတိ သကိံဒေဝ ဣမံလောကံ အာဂန္တွာ။

၃။ အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမရာဂဗျာပါဒါနံ အနဝသေသပဟာနေန အနာဂါမိနာမ ဟောတိ၊ အနာဂန္တွာ ဣတ္ထတ္တံ။

၄။ အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသ ကိလေသပဟာနေန အရဟာနာမ ဟောတိ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော၊ အယမေတ္ထ ပုဂ္ဂလဘေဒေါ။ ။ကမ္မဋ္ဌာနသင်္ဂဟပါဠိ။

၁။ ပန၊ ဝိမောက္ခဘေဒမှတပါး ပုဂ္ဂလဘေဒကို ပြဆိုဦးအံ့။ ထွေ၊ ဤဝိပဿနာကမ္မဋ္ဌာန်း၌။ ဝါ၊ ထွေတေသု စတုသုပုဂ္ဂလေသု၊ ထိုလေးယောက်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့တွင်။ သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်ကို။ ဘာဝေတွာ၊ ပွားများစေ၍။ ဝါ၊ အားထုတ်စေ၍။ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန၊ ဒိဋ္ဌိဝိစိကိစ္ဆာကိုပယ်ခြင်းဖြင့်။ ဝါ၊ ပယ်ခြင်းကြောင့်။ ပဟီနာပါယဂမနော၊ ပယ်အပ်ပြီးသော အပါယ်သို့ သွားခြင်းရှိသည်ဖြစ်၍။ ဝါ၊ အပါယ်သို့သွားခြင်း ပယ်အပ်ပြီးသည်ဖြစ်၍။ ဝါ၊ လူပြည်နတ်ပြည် အရေရေအားဖြင့် ခုနစ်ကြိမ်ပဋိသန္ဓေယူခြင်း အတိုင်းအရှည်ရှိသော။သောတာပန္နောနာမ၊ သောတာပန်မည်သည်။ ဟောတိ၊ စင်စစ်မသွေဖြစ်လေတော့သတည်း။

၂။ သကဒါဂါမိမဂ္ဂံ၊ သကဒါဂါမိမဂ်ကို။ ဘာဝေတွာ၊ ပွားများအားထုတ်စေ၍။ ရာဂဒေါသမောဟာနံ၊ ရာဂဒေါသမောဟတို့ကို။ တနုကရတ္တာ၊ ခေါင်းပါးအောင် ပြုတတ်သည်၏အဖြစ်ကြောင့်။ သကိံဝေ၊ တကြိမ်သာလျှင်။ ဣမံလောကံ၊ ဤလူ့ပြည်သို့။ အာဂန္တွာ၊ လာ၍။ ဝါ၊ လာခြင်းကြောင့်။ သကဒါဂါမိနာမ၊ သကဒါဂါမိမည်သည်။ ဟောတိ၊ စင်စစ်မသွေဖြစ်ရလေတော့သတည်း။

၃။ အနာဂါမိမဂ္ဂံ၊ အနာဂါမိမဂ်ကို။ ဘာဝေတွာ၊ ပွားများ အား ထုတ်စေ၍။ ကာမရာဂဗျာပါဒါနံ၊ကာမရာဂဗျာပါဒတို့ကို။အနဝသေသ ပဟာနေန၊ အကြွင်းမဲ့ပယ်ခြင်းဖြင့်။ ဝါ၊ ပယ်ခြင်းကြောင့်။ ဧတ္ထတ္တံ၊ ဤကာမဘုံသို့။ အနာဂန္တွာ၊ မလာမူ၍။ ဝါ၊ မလာခြင်းကြောင့်။ အနာ ဂါမိနာမ၊ အနာဂါမ်မည်သည်။ ဟောတိ၊ စင်စစ်မသွေဖြစ်ရလေတော့ သတည်း။

၄။ အရဟတ္တမဂ္ဂံ၊ အရဟတ္တ မဂ်ကို။ ဝါ၊ အရဟတ္တ ဖိုလ်ကို။ ဘာဝေတွာ၊ ပွားများအားထုတ်စေ၍။ အနဝသေသကိလေသ ပဟာ နေန၊ အကြွင်းမဲ့ကိလေသာကိုပယ်ခြင်းဖြင့်။ ဝါ၊ အကြွင်းမဲ့ကိလေသာကို ပယ်ခြင်းကြောင့်။ ခိဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသော။ လောကေ၊ လူ့ဘုံလောက၌။ အဂ္ဂဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံထိုက်သော။ အရဟာနာမ၊ ရဟန္တာ မည်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်လေတော့ သတည်း။ ။ဧတ္တော၊ ဤဝိပဿနာ ကမ္မဋ္ဌာန်း၌။ အယံ၊ ဤဆိုခဲ့အပ်ပြီးသော နည်းသည်။ ပုဂ္ဂလဘေဒေါ၊ ပုဂ္ဂိုလ်အပြားတည်း။ ဝါ၊ ပုဂ္ဂိုလ်အပြားကို ဆိုကြောင်းဖြစ်သော နည်းတည်း။ ဤသည်လျှင် ကင်္ခါဝိတရဏ ဝိသုဒ္ဓိအဆုံးအဖြတ်ပြီးပြီ။

## သမ္မသနဉာဏ်နှင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကိုပြခြင်း

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့်ပြည့်စုံလိုသော ပုဂ္ဂိုလ်သည် တေဘူမက သင်္ခါရတို့၌ ကလာပ အဒ္ဓါန သန္တတိခဏဖြင့်ရှုအပ်သော သမ္မသနဉာဏ် ဖြင့်၎င်း၊ ပစ္စယခဏဖြင့် ရှုအပ်သော ဥဒယဗ္ဗယဉာဏ်ဖြင့်၎င်း သုံးသပ် ဆင်ခြင်အပ်၏။ ထိုပုဂ္ဂိုလ်အား သြဘာသော ဂါထာနှင့်ညီစွာ ထက် မြက်လှစွာသော ဥဒယဗ္ဗယာနုပဿနာစိတ်ကြောင့် ဖြစ်ပေါ်လာသော ကိုယ်မှထွက်သော စိတ္တဇရောင်ခြည်၊ ယင်း ဝိပဿနာစိတ်နှင့် တကွ ဖြစ်သော ပီတိငါးပါး၊ကိုယ်စိတ်နှစ်ပါး၏ ငြိမ်းခြင်း လက္ခဏာရှိသော နှစ်ပါးသော ပဿဒ္ဓိ အားကြီးသော သဒ္ဓိန္ဒြေဟု ဆိုအပ်သော အဓိ မောက္ခ သမ္ပပ္ပခာန် ကိစ္စကို ပြီးစေတတ်သော ဝီရိယ သမ္ဘောဇ္ဈင်ဟု ဆိုအပ်သောပဂ္ဂဟ၊ဝိပဿနာစိတ်နှင့်ယှဉ်၍အလွန်မြတ်သော စေတသိက သုခ သိကြားမင်းသည် ပစ်လွှတ်အပ်သောဝဇိရဖိန်လက်နက်နှင့် တူသော အလွန်ထက်သော ဝိပဿနာပညာ၊ ကြာမြင့်စွာ အောက်မေ့ခြင်းငှာ စွမ်းနိုင်သော ထင်ခြင်းဟု ဆိုအပ်သောသတိ၊ ဝိပဿနာ စိတ်နှင့်တကွ ဖြစ်သော ဥပေက္ခာသမ္ဘောဇ္ဈင်ဟု ဆိုအပ်သော တတြမဇ္ဈတ္တုပေက္ခာ,

မနောဒွါရ၌ အာဝဇ္ဇနုပေက္ခာ ဤသို့အားဖြင့် နှစ်ပါးသော ဥပေက္ခာ၊ အာရဒ္ဓဝိပဿကမဖြစ်မီ ရှေးအတိုင်၌ ဤသို့သောသဘောရှိသော အလင်းရောင်တို့သည် ငါ့အားမထွက်စဘူး၊ယခုငါ၏ကိုယ်မှ ဤအလင်းအရောင်တို့သည် ထွက်ပေတယ်၊ ဤသို့ ကိုယ်မှ ထွက်သော အလင်းရောင်၌ တပ်နှစ်သက်သော သိမ်မွေ့သော တဏှာဟုဆိုအပ်သော နိကန္တိတို့သည် ဖြစ်၏၊ ဤဆယ်ပါးသည်ကား ဝိပဿနာ၏ညစ်ညူးကြောင်း တေးရန်တည်း။ ထိုဥပက္ကိလေသ ဆယ်ပါးမှ လွတ်သော လမ်းမှန် ကျသော ဝိပဿနာဉာဏ်သည်သာ အရိယာမဂ်၏ ရှေးအတိုဖြစ်သော လမ်းကည်း။ အကြောင်းမဂ်တည်းဟု မဂ်ဟုတ်သည် မဟုတ်သည်ကိုပိုင်းခြား၍ တည်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။ ထို့ကြောင့် သင်္ဂဟ အဋ္ဌကထာ၌-

တထာ ပဋိဂ္ဂဟိတေသု သပစ္စယေသု တေဘူမကသင်္ခါရေသု။လ။ ဩဘာသာဒိဝိပဿနုပက္ကိလေသ ပရိဗန္ဓပရိဂ္ဂဟာဝသေန မဂ္ဂါမဂ္ဂလက္ခဏဝဝတ္ထာနံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနာမ-ဟု မိန့်တော်မူ၏။ ဤဝိသုဒ္ဓိကို ရရှိသောပုဂ္ဂိုလ်သည် အတိတ်အစုစသည့်ကို တပေါင်းတည်းစုရုံးလျက် သုံးသပ်အပ်သော ကလာပ သမ္မသနမည်သော နယဝိပဿနာကို ရှေးဦးစွာ ပွားများအပ်၏။ ပွားဟန်ကား။ ။၁။ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ၂။ နာမံ အနိစ္စံ ဒုက္ခံ အနတ္တာ။(သုဒ္ဓသမ္မသနဉာဏ်ခြောက်ပါး)။ ၁။ ရူပံ အနိစ္စံ ခယဋ္ဌေန၊ဒုက္ခံ ဘယဋ္ဌေန၊အနတ္တာ အသာရကဋ္ဌေန။ ။၂။ နာမံ အနိစ္စံ ခယဋ္ဌေန၊ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။(သကာရဏ သမ္မသနဉာဏ် ခြောက်ပါး)။ ။၁။ ယံကိဉ္စိရူပံ သပစ္စယံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ။၂။ ယံကိဉ္စိနာမံ သပစ္စယံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ အနိစ္စံ ဒုက္ခံ အနတ္တာ။ (သပရိယာယသဘာဝသမ္မသနဉာဏ် ခြောက်ပါး) ဤတဆယ့်ရှစ်ပါးသော သမ္မသန ဉာဏ်တို့ကို ရှင်သာရိပုတ္တရာမဟာထေရ်သည် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူ၏။

၁။ ရူပံ၊ ကာလသုံးရပ်၌ ဖြစ်ပွားလေပြား ရုပ်တရားသည်။ အနိစ္စံ၊ ကုန်ပျက်ချုတ်ယွင်း မြဲခြင်းမရှိချေ။ ဒုက္ခံ၊မသက်မသာ ကျင်နာအမြဲ လွန်ဆင်းရဲ၏။ အနတ္တာ၊အစိုးမရ အနှစ်သာရ မရှိချေ။ ။၂။ နာမံ၊ကာလသုံးရပ်၌ ဖြစ်ပွားလေပြား နာမ်တရားသည်။ အနိစ္စံ၊ ကုန်ပျက်ချုတ်ယွင်း

မြဲခြင်းမရှိချေ။ ဒုက္ခံ၊မသက်မသာ ကျင်နာအမြဲ လွန်ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ အနှစ်သာရ မရှိချေ။

၁။ ရူပံ၊ကာလသုံးရပ်၌ ဖြစ်ပွားလေငြား ရုပ်တရားသည်။ခယဋ္ဌေန၊ ကုန်ပျောက်ပြုန်းတီး ပျက်စီးတတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ မြဲသောသဘောမရှိချေ။ ဘယဋ္ဌေန၊ ထိတ်လန့်ကြောက်ရွံ့ဘွယ် ဖြစ်သော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဆင်းရဲလှ၏။ အသာရကဋ္ဌေန၊ နိစ္စဓုဝ အနှစ်သာရမရှိသော အနက်သဘောကြောင့်။ အနတ္တာ၊အစိုးမရ အနှစ် သာရမရှိချေ။ ။၂။ နာမံ၊ ကာလသုံးရပ်၌ ဖြစ်ပွားလေငြား နာမ်တရား သည်။ ခယဋ္ဌေန၊ ကုန်ပျောက်ပြုန်းတီး ပျက်စီးတတ်သော အနက်သဘော ကြောင့်။အနိစ္စံ၊မြဲသောသဘောမရှိချေ။ ဘယဋ္ဌေန၊ထိတ်လန့်ကြောက်ရွံ့ ဘွယ်ဖြစ်သော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဆင်းရဲလှ၏။ အသာရက ဋ္ဌေန၊ နိစ္စဓုဝ အနှစ်သာရ မရှိသော အနက်သဘောကြောင့်။ အနတ္တာ၊ အစိုးမရ အနှစ်သာရ မရှိချေ။

၁။ ယံကိဉ္စိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ နာမံ၊ အာရုံသို့ ညွတ်စေ တတ်ငြား နာမ်တရားသည်။ သပစ္စယံ၊ အဝိဇ္ဇာစသော အကြောင်းနှင့် တကွဖြစ်၏။ သင်္ခတံ၊ အကြောင်းတရားတို့သည် ပြုပြင်စီရင်အပ်၏။ ပဋိစ္စ သမုပ္ပန္နံ၊ အကြောင်းတရားကို စွဲ၍ဖြစ်၏။ခယဓမ္မံ၊ ကုန်ခြင်းသဘောရှိ၏။ ဝယဓမ္မံ၊ ပျက်ခြင်းသဘော ရှိ၏။ ဝိရာဂဓမ္မံ၊ ကိုယ်သဏ္ဌာန် ကင်းခြင်း သဘောရှိ၏။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ အနိစ္စံ၊ အမြဲမရှိ အနိစ္စ။ ဒုက္ခံ၊ ဆင်းရဲခြင်း ဒုက္ခ။ အနတ္တာ၊အစိုးမရ အနတ္တ။

ဤသို့သော နည်းစဉ်အားဖြင့် မီးပွတ်သမားသည် သဲသဲမဲမဲ စွဲမှတ်တိ သကဲ့သို့ ထိုနည်းအတူ သမ္မသနဉာဏ်သို့ ရောက်အောင် နေ့ညမယုတ် အားထုတ်နိုင်ရာ၏။ ထိုသို့ အားထုတ်သည်ရှိသော် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး၌ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲ ဖြစ်သော ခန္ဓာငါးပါး တို့၏ ပျက်ပြီး ပျက်လတ္တံ့ ပျက်ဆဲ ဖြစ်သော အနိစ္စ လက္ခဏာသည် ကောင်းစွာထင်လေကုန်၏။ ထို့ကြောင့်–

အနန္တရာစ ယေ ဘဂ္ဂါ၊ တေစ ဘဂ္ဂါ အနာဂတာ။
တဒန္တရာ နိရုဒ္ဓါနံ၊ ဝေသမံ နတ္ထိ လက္ခဏေ။

ဟု မိန့်ဆို၏။ အနန္တရာ၊ အခြားမဲ့ဖြစ်ရ အတိတ် ကာလ၌။ ယေစခန္ဓာ၊ အကြင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ သည်လည်း။ ဘဂ္ဂါ၊ ချုပ်ပျက် ပြုန်းတီး ပျက်စီးလေကုန်ပြီ။ အနာဂတာ၊ အခြားမဲ့ဖြစ်လတ် အနာဂတ်

ကာလ၌။ တေစခန္ဓာ၊ ထိုခန္ဓာ ရုပ်နာမ်တရားတို့သည်။ ဘင္ဂါ၊ ချုပ်ပျက်ပြုန်းတီး ပျက်စီးကုန်လတ္တံ့။ တဒန္တရာ၊ ထိုအတိတ် အနာဂတ် အကြားဖြစ်ဆဲသမယ ပစ္စုပ္ပန်ကာလ၌။ ယေစခန္ဓာ၊ အကြင်ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်လည်း။ ဘင္ဂါ၊ ချုပ်ပျက်ပြုန်းတီး ပျက်စီးကုန်ဆဲ။ နိရုဒ္ဓါနံ၊ ချုပ်ပျက်ကုန်ပြီး ခန္ဓာငါးပါးတို့၏။ အနိစ္စလက္ခဏာ၊အမြဲမရှိ ချုပ်ပျက်ရသည့် အနိစ္စလက္ခဏာ၌။ ဝေသမံ၊မတူထူးခြားပြားသော အဖြစ်သည်။ နတ္ထိ၊မရှိနိုင်ပါတကား။

ဤကဲ့သို့ ကာလသုံးပါး၌ ဖြစ်ပြီးဖြစ်ဆဲဖြစ်လတ္တံ့သော ခန္ဓာငါးပါး ရုပ်နာမ်တို့၏ ပျက်စီးချက် အနိစ္စလက္ခဏာကိုထင်သော ယောဂီပုဂ္ဂိုလ်အား လွန်လေပြီးသော အတိတ်ခန္ဓာတို့၏ တစုံတခုသော အရပ်၌ စုဝေးခြင်း သိုးမှီခြင်းသို့မရောက် ကွယ်ပျောက် ချုပ်ငြိမ်းသည်ကိုဂုဏ်း၊ မရောက်သေးသော အနာဂတ်ခန္ဓာဖြစ်လာရာရုပ်နာမ် တရားတို့သည် ဖြစ်ဘို့ရာစုဆောင်၍ တပေါင်းတည်းမတည်သည်ကိုဂုဏ်း၊ အကြောင်းကို စွဲ၍ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန် ခန္ဓာတို့သည်လည်း ပွတ်ဆောက်ဖျား၌ ထားသော မုန်ညင်းစေ့ကဲ့သို့ တခဏမျှ တည်လျက် ပျက်ကုန်ချုပ်ငြိမ်းသည်ကိုဂုဏ်း၊ ကာလသုံးပါး၌ အဝိတ်အပင် ကင်းလျက် အကွင်းမဲ့ မြင်လေတော့သည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌-

အနိဓာနဂတာ ဘင်္ဂါ၊ ပုဥ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

ဟုမိန့်ဆို၏။ဘင်္ဂါ၊ ချုပ်ပြီးပျက်ရ သင်္ခါရတရားတို့သည်။ အနိဓာနဂတာ၊ ငြိမ်းလေပြီးသည့် ဆီးမီးပမာ သိုမှီးရာမရှိသော အဖြစ်သို့ရောက်လေကုန်ပြီ။ အနာဂတေ၊ မဖြစ်သေးရ အနာဂတ်ကာလ၌။ ပုဥ္ဇော၊လာ၍ ဖြစ်ဘို့ရာ အစုအပုံသည်။ နတ္ထိ၊ ကေန်တီတီမရှိနှင့်လေ။ ယေပိ၊ ပစ္စုပ္ပန်မည်စွာ ခန္ဓာငါးပါး သင်္ခါရတရားတို့သည်လည်း။ နိဗ္ဗတ္တာ၊ ဖြစ်လာပေါ်လာကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ မလွဲမမှန်တည်ကုန်ပြန်၏။ တေပိ၊ ထိုပစ္စုပ္ပန်မည်စွာ ခန္ဓာငါးပါး သင်္ခါရတရားတို့သည်လည်း။ အာရဂ္ဂေ၊ အပ်သွားအလားပွတ်ဆောက်ဖျား၌။သာသပူပမာ၊ မုန်ညင်းစေ့တမူပမာ တူကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တခဏမျှ တည်ကြရလေကုန် သတည်း။ ဤသို့ကာလသုံးပါး၌ ဖြစ်ဆဲ ဖြစ်ပြီးဖြစ်လတ္တံ့ဖြစ်သော ခန္ဓာငါးပါးတို့၏ ခယဝယ ကုန်ခြင်း ပျက်ခြင်းသဘောကို ကွင်းမဲ့ကုန်စင် မြင်သောအခါ

ယောဂီသူမြတ်၏ သန္တာန်၌ သမ္မသနဉာဏ် ရင့်သန် ထက်မြက်ခြင်းသို့ ရောက်ကုန်၏၊ ဤသည်လျှင် သမ္မသနဉာဏ်နှင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဘွဲ့စပ်ဟန်ကို ပြဆိုသောစကားရပ်တည်း။

## ဥဒယဗ္ဗယဉာဏ်နှင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကိုပြခြင်း

ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည် တဘန် သမ္မသနဉာဏ်၏အာရုံဖြစ်သော သင်္ခါရတရားတို့၌ ခဏတ္တယသို့ရောက်ဆဲ ဖြစ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ ပေါ်စ ဖြစ်စဟု ဆိုအပ်သော နိဗ္ဗတ္တိလက္ခဏာရှိသောဉပါဒ်သည်ဥဒယမည်၏၊ထို့ကြောင့် အဋ္ဌကထာ၌-ဇာတာနံ ပစ္စုပ္ပန္နာနံ နိဗ္ဗတ္တိလက္ခဏံ ဇာတိ ဉပ္ပါဒေါ အဘိနဝါကာရော ဥဒယောနာမ၊ ဝိပရိနာမလက္ခဏံ ခယော၊ ဘင်္ဂေါ ဝယောနာမ-ဟု ပြတော်မူ၏။ ဇာတာနံ၊ ဖြစ်ဆဲကုန်သော။ ပစ္စုပ္ပန္နာနံ၊ သန္တတိခဏ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ခန္ဓာနံ၊ ခန္ဓာငါးပါးရုပ်နာမ်တရား တို့၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ပေါ်စလက္ခဏာသည်။ ဇာတိ၊ ဖြစ်စသည်။ ဉပ္ပါဒေါ၊ ဉပါဒ်သည်။ အဘိနဝါကာရော၊ အသစ်ဖြစ်သော အခြင်း အရာသည်။ ဥဒယောနာမ၊ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ဘောက် ပြန်ခြင်းလက္ခဏာသည်။ ခယော၊ ကုန်ခြင်းမည်၏။ ဘင်္ဂေါ၊ ပျက်ခြင်း သည်။ ဝယောနာမ၊ ဝယမည်၏။

ဤသို့အကျဉ်းအားဖြင့် ရှေးဦးစွာ အဘန်ဘန်ရှုလတ်သော် မဖြစ်ခင် လည်းမရှိ တခြားမှလည်းမလာ ချုပ်ပြီးလျှင်လည်း အစုအပုံ မရှိသော စည်သံစောင်းသံ မောင်းသံစသည်ကဲ့သို့ ရုပ်နာမ်တရားတို့သည် ဉာဏ်၌ ထင်ကုန်လတ္တံ့၊ ထိုသို့ထင်လတ်သော် ဤသို့ရုပ်နှင့်နာမ်တဘန်ဖြစ်သော ခန္ဓာငါးတန်တို့အကြောင်း ပစ္စယခဏအားဖြင့် ဆင်ခြင်အပ်၏၊ ဆင်ခြင် ဟန်ကား- အဝိဇ္ဇာတဏှာကံ အာဟာရအကြောင်း လေးဝတို့ကြောင့် ငါ၏ ရူပက္ခန္ဓာသည် ဖြစ်ပေါ်လာရ၏၊ ပေါ်စ ဖြစ်စ ဉပါဒ်စဟူ၍ မှတ် အပ်သောသင်္ခါတ၏ လက္ခဏာသည် ငါ့ ရုပ်၏ ဥဒယမည်၏၊ ဤသို့ အကြောင်းပစ္စယအားဖြင့်ဥဒယလေးပါးဉပါဒ်ခဏအားဖြင့်ဥဒယတပါး ပေါင်းဥဒယလက္ခဏာ ငါးပါးတည်း။ အဝိဇ္ဇာတဏှာ ကံအာဟာရ အကြောင်းလေးဝတို့၏ ချုပ်ခြင်းကြောင့် ငါ၏ရူပက္ခန္ဓာသည် ချုပ်ပျက် ရ၏၊ ဘောက်ပြန်ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သင်္ခတလက္ခဏာသည် ငါ့ရုပ်၏ဝယမည်၏၊ ဤသို့အကြောင်း ပစ္စယအားဖြင့် ဝယလေးပါး ဘင်ခဏ အားဖြင့် ဝယတပါး ပေါင်းဝယလက္ခဏာ ငါးပါးတည်း။

ဤသည့်လျှင် ရုပ်၏ဥဒယကိုရှုသောဉာဏ်ငါးပါး ရုပ်၏ဝယကိုရှုသော ဉာဏ်ငါးပါး ပေါင်းရူပက္ခန္ဓာ၌ ဥဒယဗ္ဗယဉာဏ်ဆယ်ပါးဖြစ်၏ ထို့အတူ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တို့၌လည်း ဥဒယဗ္ဗယဉာဏ် ဆယ်ပါးစီဖြစ်၏။

အထူးကား - ဝေဒနာ သညာ သင်္ခါရတို့၌ အဝိဇ္ဇာတဏှာ ကံ ဖဿဟူ၍ အကြောင်းလေးပါး ဝိညာဉ်၌အဝိဇ္ဇာတဏှာကံ နာမ်ရုပ်ဟူ၍အကြောင်း လေးပါး ခဏတပါးစီ ဟူ၍ အနည်းငယ်မျှ လွဲပြောင်းသဖြင့် ခန္ဓာ ငါးပါး၌ ဥဒယဗ္ဗယဉာဏ်ပေါင်း ငါးဆယ်ရသတည်း။ ဤသို့အားဖြင့် ဥဒယဗ္ဗယဉာဏ်ငါးဆယ်တို့ကို အကျယ်အားဖြင့် ရှုအပ်၏၊ ရှေးသမ္မသန ဉာဏ်၌ အခွန့်အားဖြင့် မြင်ခဲ့ပြီး၍ ယခုလည်း ကာလကိုမဝေဘန်မူ၍ သန္တတိအားဖြင့် ပစ္စယတောဥဒယဗ္ဗယကိုမြင်၍ အစဉ်အတိုင်းခဏတော ဥဒယဗ္ဗယကို မြင်ရကား ဥဒယဗ္ဗယဉာဏ်ထက်သန်ခြင်းသို့ ရောက်၏၊ ဤထက်သန်ခြင်းသို့ရောက်အောင် အမျှငါးဆယ်သော လက္ခဏာတို့ကို ထိုးထွင်း၍သိရန် ရှုကြည့်သော ပုဂ္ဂိုလ်၏ဉာဏ်သည် ဥဒယဗ္ဗယာနုပဿ နာမည်၏ လက်ဦးအစ ရအပ်သော နုသောတရုဏ ဝိပဿနာဉာဏ် ရှိသောပုဂ္ဂိုလ်သည် အာရဒ္ဓ ဝိပဿက အားထုတ်အပ်သော ဝိပဿနာ ရှိသော ပုဂ္ဂိုလ်တယောက်ဟု ခေါ်ဝေါ်ခြင်း မြောက်တော့၏ဟုမှတ်ပါ။

ထိုသို့ တရုဏ ဝိပဿနာကိုရသော ယောဂါဝစရ ပုဂ္ဂိုလ်အား အမှောင့် ရောက်တတ်သော ဆယ်ပါးသော ဝိပဿနာ ဥပက္ကိလေသ ဖြစ်လေသတည်း။ ထိုဆယ်ပါးတို့ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မစွဲလန်းဘဲ ဤအရောင် စသည်ကို အနိစ္စ ဒုက္ခ အနတ္တဟူ၍ ရှုကြည့်၍ ဤအရောင် ဩဘာသသည်ကား မဂ်ဖိုလ်ရောက်ကြောင်းမဟုတ် ဝိပဿနာသည်သာ မဂ်ဖိုလ် ရောက်ကြောင်းဖြစ်၏ဟု အကြောင်းဟုတ်သည် မဟုတ်သည်ကို သိသော ဉာဏ်သည် သာလျှင် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ဤဝိသုဒ္ဓိ၌ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်နှစ်ပါးသည် ရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ သာမညသုံးသပ်သည်၏ အဖြစ်ကြောင့် တီရဏ ပရိညာလည်းမည်၏။ ဤသို့ဥဒယဗ္ဗယဉာဏ် ထက်သန်ဖြစ်က ဝမ်းမြောက်ဝမ်းသာလှသော ပီတိပဿဒ္ဓိတရား ဖြစ်ပွားသည်ကိုရည်၍ ဓမ္မပဒ ပါဠိတော်၌-

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။

ဟု ဟောတော်မူ၏။ ယတော ယတော၊ အကြင် အကြင် ရုပ် နာမ် တပါးပါးဖြင့်။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ သမ္မသတိ၊ သုံးသပ်ဆင်ခြင်၏။ တံတံ၊ ထိုထိုရုပ်နာမ်တရားကို။ ဝိဇာနတံ- ဝိဇာနန္တာနံ၊ သိမြင်ကုန်သော ပုဂ္ဂိုလ်တို့အား။ အမတန္တံ၊ အမြိုက်နိဗ္ဗာန် လျှင် အဆုံးရှိသော။ ပီတိပါမောဇ္ဇံ၊ နှစ်သက် လွန်မင်း ဝမ်းမြောက်ခြင်း ကို။ လဘတိ၊လက်ဝယ်ပိုင်ပိုင် ရရှိနိုင်လေတော့သတည်း။ ။ဤဝိသုဒ္ဓိကို ရောက်ပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်သည် လောကီဉာဏ်ဖြင့်ပင် သစ္စာ သုံးပါးကို ပိုင်းခြား၍သိ၏၊အဘယ်သို့ သိသနည်းဟူမူ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဖြင့် မဂ္ဂသစ္စာကို သိ၏ဟု အဋ္ဌကထာဆရာ ပြတော်မူ၏။ ။ဤသည်လျှင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ အပြီးတည်း။

## ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကိုပြခြင်း

ဝိပဿနာ၏ ညစ်ညူးကြောင်း ဥပက္ကိလေသဆယ်ချက်မှ ထွက်မြောက်၍ လမ်းမှန်သို့ရောက်တတ်သော ခန္ဓာတို့၏ဖြစ်ခြင်း ပျက်ခြင်းကို သိတတ်သော ဥဒယဗ္ဗယဉာဏ် ဖြစ်ခြင်းကို လွှတ်၍ပျက်ခြင်းမျှကို ရှုတတ်သော ဘင်္ဂဉာဏ်၊ ခြင်္သေ့ စသည်တို့၏ ကြောက်အပ်သော အခြင်းအရာကို ရှုသကဲ့သို့ ဘင်၏အစွမ်းအားဖြင့် ထင်ကုန်သော သင်္ခါရတို့၏ ကြောက်မက်ဘွယ်သော အခြင်းအရာကိုရှုတတ်သော ဘင်္ဂဉာဏ်၊မီးလောင်သော အိမ်ရှင်သည် အိမ်၌အပြစ်ကို ရှုသကဲ့သို့ ကြောက်အံ့သော အခြင်းအရာ ဖြင့် အဘန်ဘန် ဘယဉာဏ်ဖြင့် ရှုအပ်သော သင်္ခါရ၏အပြစ်ကို အဘန် တလဲလဲ ရှုတတ်သော အာဒီနဝဉာဏ်၊ မြင်အပ်ပြီးသော အပြစ်ရှိသော သင်္ခါရတို့၌ ငြီးငွေ့သည်၏ အစွမ်းအားဖြင့် ဖြစ်သော နိဗ္ဗိန္ဒဉာဏ်၊ ငါး စသော သတ္တဝါတို့သည် ကွန်စသည်မှလွတ်သကဲ့သို့ တေဘူမကသင်္ခါရ တို့မှ လွတ်ခြင်းငှာ အလိုရှိသည်၏ အစွမ်းအားဖြင့် ဖြစ်သော မုစ္စိတု ကမျတာဉာဏ်၊ငါးဟူသောအမှတ်ဖြင့် မြွေကိုဘမ်းသောသူကဲ့သို့ တဘန် သင်္ခါရ၏ နိစ္စ သုခ သုဘ အတ္တအခြင်းအရာအားဖြင့် ထင်ခြင်းငှာ မစွမ်း သည်၏အဖြစ်တည်းဟူသော ဒုက္ခသင်္ခါရတို့မှလွတ်ခြင်း၏ အကြောင်းကို ပြီးစေခြင်းငှာ ဟဘန် သိမ်းဆည်းသည်၏ အစွမ်းအားဖြင့် ဖြစ်စေသော ပဋိသင်္ခါနုပဿနာဉာဏ်၊ စွန့်အပ်ပြီးသော မယားရှိသော ယောကျ်ား သည် ထိုမယား၌ လျစ်လျူရှုသော အခြင်းအရာဖြင့်ဖြစ်သော သင်္ခါရ ပေက္ခာဉာဏ်။ ။ဤရှစ်ပါးသော ဉာဏ်တို့၏ အစွမ်းအားဖြင့် အနိစ္စအစ ရှိသော လက္ခဏာရေးတို့ကိုရှု၍ မဂ္ဂဝီထိသို့ ရောက်သော ဂေါတြဘူ

ဝေါဒါန်၏ အခြားမဲ့ဖြစ်သော ကိုးခုမြောက်သော သုံးဆယ့်ခုနစ်ပါး သော ဗောဓိပက္ခိယတရားတို့နှင့် လျော်သော အနုလုံဟု ခေါ်ဝေါ်အပ် သော အနုလောမဉာဏ်သည်ပင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။ ။ ထို့ကြောင့် သင်္ဂဟအဋ္ဌကထာ၌-တထာ ပရိဗန္ဓ ဝိမုတ္တဿ ဥဒယဗ္ဗယ ဉာဏာဒော ပဋ္ဌာယ။လ။ ပဋိပဇ္ဇန္တဿ နဝဝိပဿနာဉာဏာနိ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိနာမ-ဟု မိန့်ဆိုတော်မူ၏။

ဤပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ ဥဒယဗ္ဗယဉာဏ်ကို ထပ်မံ၍ တဘန် ရှုပြန်ရခြင်း အကြောင်းကား အညစ်အကြေးရှိသော ဆီမီးစာတို့သည် မီးတောက်သော အရောင်အလင်း ကြည်လင်ခြင်းကို မဖြစ်စေသကဲ့သို့ ထို့အတူ ဤဥဒယဗ္ဗယဉာဏ်သည် အောက်၌ဆယ်ပါးသော ဥပက္ကိလေသ တို့ဖြင့် ညစ်ညူးသောကြောင့် မိမိ သဘောအတိုင်း လက္ခဏာရေးတို့ကို မှတ်ခြင်းငှာ မတတ်နိုင်ရာ၊ ထိုဆယ်ပါးသော ဥပက္ကိလေသတို့ ထွက်မှ သာလျှင် ထင်နိုင်ရာသည်။ထို့ကြောင့် ဥပက္ကိလေသမှ သန့်ရှင်းစင်ကြယ် ၍ လက္ခဏာရေးတို့ကို ကောင်းစွာ မှတ်ခြင်းငှာ နောက်ထပ် တဘန် ရှုကြည့်ရပြန်သတည်းဟုမှတ်။ ဤသို့ ဥဒယဗ္ဗယဉာဏ်ဖြင့် နာမ်ရုပ်တရား တို့ကို အနိစ္စ,ဒုက္ခ,အနတ္တ ဟု အဘန်တလဲလဲ ယူ၍သုံးသပ်သည်ရှိသော် လျှပ်စစ်ကိုမော်၍ကြည့်သောသူသည် အဖြစ်ကိုမထင်မမြင် အပျက်ကိုသာ ထင်မြင်သကဲ့သို့ ထိုအတူ ခယ ဝယ ဘေဒ နိရောဓ၌ သာလျှင် သတိနှင့် တကွသော ဉာဏ်သည် ဖြစ်၏၊အပျက်၌သာ ထင်တော့သည်၊ ဘင်၌သာ သတိတည်မြဲ၏ ဟူလို။ ။ဤကား ဉာဏ်၌အလိုလိုထင်ဟန်တည်း။ ။ အကယ်၍ အလိုလိုမထင်သည်ရှိသော် ဘင်ကိုသာအာရုံပြု၍ အနိစ္စံ ဒုက္ခံ အနတ္တာဟု အဘန်တလဲလဲရှုအပ်၏။ ထို့ကြောင့် ဒီပနီ၌-ဥဒယံ မုဉ္စိတွာ ဝယေဝ အနုပဿနာကာရဝသပ္ပဝတ္တံ ဉာဏံ ဘင်္ဂဉာဏံနာမ-ဟု မိန့်ဆို တော်မူ၏။ ။ခန္ဓာဒီနံ၊ ခန္ဓာစသည်တို့၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ မုဉ္စိတွာ၊ လွှတ်၍။ ဝယေဝ၊ ပျက်ခြင်း၌ သာလျှင်။ အနုပဿနာကာရဝသပ္ပဝတ္တံ၊ အဘန်ဘန်ရှုသောအခြင်းအရာ၏ အစွမ်းဖြင့်ဖြစ်သော။ဉာဏံ၊ဉာဏ်သည်။ ဘင်္ဂဉာဏံနာမ၊ဘင်္ဂဉာဏ်မည်၏။

ဤသို့ဋီကာလာရှိသည့်အတိုင်းဘင်္ဂဉာဏ်ဖြစ်ဟန်ကား သဗ္ဗေ သင်္ခါရာ နိရုဇ္ဈန္တိ ဘိဇ္ဇန္တီတိ တေ ခယဋ္ဌေန အနိစ္စာ၊ဘယဋ္ဌေန ပိဠနဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနိဿရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ။ သဗ္ဗေ၊ခပ် သိမ်းကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးပါး သင်္ခါရတရားတို့သည်။ နိရုဇ္ဈန္တိ၊

ဘင်ခဏာ၌ချုပ်ကြကုန်၏။ ဘိဇ္ဇန္တိ၊ဘင်ခဏာ၌ပျက်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့မပြတ်မလပ်ဘင်ခဏတိုင်းချုပ်တတ်ပျက်စီးတတ်သောကြောင့်။ တေဓမ္မာ၊ ထိုခန္ဓာငါးပါး သင်္ခါရတရားတို့သည်။ ခယဋ္ဌေန၊ ကုန်တတ်သောသဘောကြောင့်။ ဝယဋ္ဌေန၊ပျက်စီးတတ်သောသဘောကြောင့်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဘယဋ္ဌေန၊ ကြောက်မက်ဘွယ်သော သဘောကြောင့်။ ပီဠနဋ္ဌေန၊ နှိပ်စက်တတ်သော သဘောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အသာရကဋ္ဌေန၊အနိစ္စအဓုဝစသော သဘောကြောင့်။အဝသဝတ္တနဋ္ဌေန၊ အလိုသို့ မလိုက်တတ်သော သဘောကြောင့်။ အနတ္တာ၊အစိုးမရ အတ္တမဟုတ်ကုန်။ ဤသို့ရှုသည်ရှိသော် ဘင်္ဂဉာဏ်သည် ဖြစ်၏၊ ထိုဉာဏ်ကို ရသောပုဂ္ဂိုလ်အား ရှစ်ပါးသောအကျိုးတို့ကိုရကုန်၏။

အကျိုးရှစ်ပါး အရကား။ ။ဘဝသည် မြဲ၏ဟုယူသော သဿတဒိဋ္ဌိကိုပယ်ရခြင်းတပါး၊ အသက်၌တပ်သော နိကန္တိက စွန့်ရခြင်းတပါး၊ အခါခပ်သိမ်း ဘာဝနာနှင့် ယှဉ်ရခြင်းတပါး၊ သန့်ရှင်းစင်ကြယ်သော အသက်မွေးခြင်း ရှိသည်တပါး၊ အမှုကြီးငယ်၌ လုံ့လမပြုခြင်း တပါး၊ ကြောက်လန့်ခြင်း ကင်းသည်လည်းတပါး၊သည်းခံခြင်း သီလစောင့်ခြင်း ခန္တီသောရဇ္ဇ ဂုဏ်နှင့် ပြည့်စုံခြင်း တပါး၊ ကုသိုလ်၌ မမွေ့လျော်ခြင်း အရတိ, ကာမဂုဏ်၌ မွေ့လျော်ခြင်း ရတိတို့ကို နှိပ်နင်းနိုင်ခြင်းလည်း တပါး ဤသို့လျှင် အကျိုးရှစ်ပါး ဖြစ်သတည်း။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အထွက်တည်း။ ဤသည်လျှင် ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်နှစ်ပါးနှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအပြ ပြီးသတည်း။

### ဘယဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကိုပြခြင်း

ဤသို့ခပ်သိမ်းသော တေဘူမကသင်္ခါရတို့၏ ခယ ဝယ နိရောဓလျှင် အာရုံရှိသော ဘင်္ဂဉာဏ်ကို အတန်တန် မှီဝဲသော ယောဂီပုဂ္ဂိုလ်အား အသက်ရှည်ကြာ ချမ်းသာစွာ နေလိုသော ဘီရုက ယောကျ်ားသည် ခြင်္သေ့ သစ်ကျား သားရဲ ဝံအောင်း လေးချောင်းစွယ်ပြူး ဘီလူးရက္ခိုသ် နွားမိုက် ခွေးကြမ်း မုန်ပွမ်းသောဆင် ဆိပ်လျှင်သောမြွေဆိုး မိုးကြိုးစက်ကွင်း သင်းချိုင်းစစ်ပွဲ ခိုးလှုံ့စဲသော ရှားမီးစုကို တွေ့၍ မှိုင်းမေ့မူးဝေ မိုးမြေမမြင် သက်ဝင်ဖိုလှုပ် သွေးသံပြတ်အောင် သေမတတ် ကြောက်သကဲ့သို့ ခပ်သိမ်းဥသုံ ပျက်ပြားကုန်သော သင်္ခါရတရားတို့ကို ဘေးကြီးဟု ထင်မြင်လာကုန်၏။ထိုသို့ကြောက်မက်ဘွယ် ထင်သောအခါ

သတ်ပြီး သတ်ဆဲ သတ်လတ္တံ့သော သင်္ခါရတရားတို့ကို မြင်သိသောဘယဉာဏ် ဖြစ်ပေါ်လာ၏။

ဘယဉာဏ် ဖြစ်ပုံကား - အတီတာ သင်္ခါရာ နိရုဒ္ဓါ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတေ နိဗ္ဗတ္တကသင်္ခါရာပိ ဧဝမေဝ နိရုဇ္ဈိဿန္တိ၊ သင်္ခါရာ ဗျသနာပန္နာ သပ္ပဋိဘယာ။ အတီတာ၊ အတိတ်ဖြစ်ကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးပါး သင်္ခါရတရား တို့သည်။ နိရုဒ္ဓါ၊ ဘင်ကွဏ ကျရောက်တိုင်း သာ မြန်စွာပြုန်းတီး ချုပ်ပျက်စီးကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန် ဖြစ်သော။ သင်္ခါရာ၊ ခန္ဓာငါးပါး သင်္ခါရတရားတို့သည်။ နိရုဇ္ဈန္တိ၊ ဘင်ခဏမြန်စွာ ကျပြီး ချုပ်ပျက်စီးကုန်၏။ အနာဂမတေ၊ အနာဂတ်သမယ နောင်ကာလ၌။ နိဗ္ဗတ္တကနသင်္ခါရာပိ၊ ဖြစ်လတ္တံ့သော သင်္ခါရတို့ သည်လည်း။ ဧဝမေဝ၊ အတိတ် ပစ္စုပ္ပန် ဤနှစ်တန်သော သင်္ခါရတရား အတူ ပင်လျှင်။ နိရုဇ္ဈိဿန္တိ၊ ဘင်ခဏကျရောက်ကုန်ပြီး ချုပ်ပျက်စီးကုန်လတ္တံ့။ သင်္ခါရာ၊ ခန္ဓာငါးပါး သင်္ခါရ တရားတို့သည်။ ဗျသနာပန္နာ၊ ပျက်စီးခြင်းသို့ ရောက်ကုန်၏။ သပ္ပဋိဘယာ၊ခြင်္သေ့ သစ်ကျား ဘီလူးများနှယ် ကြောက်ဘွယ်ဘနန်း ဘေးဘျမ်းနှင့်တကွ ဖြစ်ကုန်၏။ ဤသို့အဘန်တလဲလဲရှိသော ပုဂ္ဂိုလ်အား ကာလသုံးပါးနှင့်စပ်၍ ဖြစ်ကုန်သော သင်္ခါရတရားတို့၏ ချုပ်ခြင်းသဘော တူသည်ကိုမြင်သဖြင့် အတိုင်းထက် အလွန်ကြောက် မက်ဘွယ်သောအခြင်းအရာသည် ဉာဏ်အား ရှေ့ရှုထင်လာ၏ဟုမှတ်။

ဤနေရာ၌ နှိုင်းယှဉ်စရာဥပမာအကျယ်ကား-မင်းကိုလွန်ကျူး ပြစ်မှားသော သားသုံးယောက် အပေါင်းကို ဦးခေါင်းကိုဖြတ် ဆုံးရှုံးအောင် သတ်လေဟု မင်းသည် စေခိုင်းသောအခါ သားကိုဖွားမြင်သား မိခင် လည်း သားကိုချစ်ခင် သံယောဇဉ် မပြတ်သဖြင့် သတ်ရာသုသာန်သို့ ငိုကြွေးလျက်လိုက်၍ ကြည့်နေလတ်သော် ထိုအခါ သူသတ်ယောကျ်ား တို့သည် သားကြီး၏ ဦးခေါင်းကို ဖြတ်ပြီး၍ သားလတ် ဦးခေါင်းကို ဖြတ်ဆဲသောအခါ ငိုကြွေးရာမှ ချစ်စွာသော သားတို့၏မိခင်သည် ဤသို့ ကြံဆင်ခြင်၏။ သြော်သားကြီး၏ ဦးခေါင်းကိုဖြတ်၍ သတ်လေပြီ၊ ယခု လည်း သားလတ်၏ ဦးခေါင်းကိုဖြတ်၍သတ်ဆဲ၊မကြာမီပင် သားငယ်၏ ဦးခေါင်းကိုလည်း ကေန်ဖြတ်၍ သတ်လတ္တံ့ဟု အာရုံပြု၍ ယခု ကျန် ကြွင်းသော သားငယ်၌လည်း တပ်ဘွယ်မထင် လိုချင် တောင့်တခြင်း ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးခြင်း ကင်းလေသည့်ပမာ ယောဂါဝစရ

ပုဂ္ဂိုလ်သည်လည်း ငါ၏သဏ္ဍာန်၌ အတိတ်ဖြစ်သော သင်္ခါရတို့သည်လည်း သားကြီးပမာ များစွာဖြစ်လျက် ဖြော်ပျက်ဆဲ ချုပ်ဆဲဖြစ်ကုန်ရ၏။ အနာဂတ်ကာလ သင်္ခါရတရားတို့သည်လည်း သားငယ်ပမာ များစွာ ဖြစ်လျက် ဖြော် ပျက်ကုန်လတ္တံ့ဟု အာရုံပြုဘန် များသဖြင့် သင်္ခါရတရားတို့ကား လိုလားစုံမက် တပ်နှစ်သက်ဘွယ်မရှိ၊ ဘေးအတိသာဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်အား ဘယညာဏ်ဖြစ်၏ဟု ဥပမာ ဥပမေယျ နှစ်ရပ် ဂဟေစပ်လျက်မှတ်။

ဤ ဘယညာဏ်သည်ကား ကြောက်သော သဘော ရှိသလောဟူမူ၊ ကြောက်သော သဘောကား မရှိ၊ အတိတ်ဖြစ်သော သင်္ခါရသဘောတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်ဖြစ်သော သင်္ခါရတရားတို့ သည်လည်း ချုပ်ဆဲဖြစ်ကုန်၏။ အနာဂတ်ဖြစ်သော သင်္ခါရတရားတို့ သည်လည်း ချုပ်လတ္တံ့ဟု စုံစမ်းဆင်ခြင်ကာမျှသာ ဖြစ်၏။

ဥပမာအားဖြင့်သော်ကား- မျက်စိအမြင်နှင့် ပြည့်စုံသောယောကျ်ား သည်မြို့တံခါးပြင်၌ သုံးခုသောမီးကျီးတွင်း သုံးခုသော တံကျင်တို့ကို မြင်သည်ရှိသော် ဤမီးကျီးတွင်း တံကျင်တို့၌ ကျအံ့သောအကြောင်း မကောင်းသော အမှုတို့ကို မပြုသောကြောင့်ကား ကြောက်ခြင်းလည်း မဖြစ်သကဲ့သို့ မီးကျီးတွင်း တံကျင်နှင့်တူသော ကာမရူပ အရူပတည်းဟူသော သုံးပါးသောဘဝတို့၌ နိရောဓဘောဂ်တည်းဟူသော အာရုံကို မြင်သော ယောဂီပုဂ္ဂိုလ်သည်လည်း ကြောက်ခြင်း မည်သည်မရှိမဖြစ် ပညာဖြင့် ကြောက်ဘွယ်ရှိ၏ဟု နှိုင်းယှဉ်ကြံစည်ကာမျှဘေးဟုထင်ကာ မျှသာဖြစ်၏၊ ထိုသို့ဘေးဟု ထင်ကာမျှကိုသာရည်၍ ဘယညာဏ်မည်၏ဟု ဆိုအပ်၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌-တီရဏမတ္တမေဝ ဟောတိ ဟု မိန့်ဆို တော်မူ၏၊ ဤအဋ္ဌကထာပါဠ်၌ မတ္တသဒ္ဒါဖြင့် ကြောက် အပ်သော အာရမ္မဏဘေး မင်းဘေးဟုဆိုအပ်သော အကုသိုလ်ဘေး နှစ်ပါးကိုပယ်မြစ်တော်မူ၏။ ဧဝသဒ္ဒါဖြင့် ဝဋ္ဋဒုက္ခသံသရာကို ဟုတ်မှန်စွာ ထင်မြင်၍ကြောက်မက်ဘွယ်ဟု ဆင်ခြင်သောကုသလဘယကို ဤအရာ၌ ဘယညာဏ်ဟု မှတ်အပ်၏ဟူ၍ သန္နိဋ္ဌာနတ္ထ အားဖြင့် ပြတော်မူ၏။ ထို့ကြောင့် တွင်းကြီးနိယံကျမ်း၌ (ဧဝမတ္တ၊ နှစ်ပါးပြက၊ မတ္တမြစ်ကန် ဧဝသန္နိဋ္ဌာန်)ဟုစပ်ဆိုတော်မူ၏။ ဤသည်လျှင် ဘယညာဏ်နှင့် ပဋိပဒါ ညာဏ ဒဿနဝိသုဒ္ဓိအပြီးတည်း။

## အာဒီနဝဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကိုပြခြင်း

ဤဘယဉာဏ် အဘန်ဘန် မှိဝဲလေ့လာသော ယောဂီ ပုဂ္ဂိုလ်အား ကြောက်လန့်တတ်သော ဘီရုက ယောက်ျားသည် သားရဲပုန်းနေသောရှိ၊ ကျားခိုသော တောင်စောင်း မိကျောင်းရက္ခိုသ်စောင့်သောရေ ခိုးသူနေသောခရီးလမ်း၊ သန်လျက် ထမ်းသောသူသတ်၊ အဆိပ်ခဲပ်သော ထမင်း၊ မီးဝင်းဝင်းလောင်သောအိမ်၊ရှုယ်ချိန်လွှတ်ပစ်ထိုး ထစ်ခုတ်သော စစ်မြေပြင်သို့ရောက်သော် ကြောက်ရွံ့လန့်ထိတ် စိတ်မပျော်ရွှင် အပြစ်ထင်သကဲ့သို့ အလုံးစုံသောဘဝသုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါး၊ သတ္တာဝါသ ကိုးပါးတို့၌ ကိုးကွယ်ပုန်းအောင်း လဲလျောင်းရာမထင် ဘယ်သင်္ခါရတရားတခုကိုမှ မတောင့်တ ဘုံသုံးဝကို မီးကျီးစု ခတ်လေးခုကိုမြွေ ငါတွေသောခန္ဓာကို သူသတ်ယောက်ျား အဇ္ဈတ္တာယတန ခြောက်ပါးကိုရွာပျက် ဗာဟိရာယတန ခြောက်ပါးကို သူခိုးစောရ ဝိညာဏဋ္ဌိတိ နိဝါသတို့ကို ဆယ့်တစ်ဝ လောင်းမီးဖြင့် ရောင်ငြိးပေါက်ပြ ခဲသိမ်းသော သင်္ခါရတရားတို့ကို ဂဏ္ဍရောဂါ အိုင်းအမာကဲ့သို့ မသက်မသာရသောမရှိ သမ္မတ္တိကင်းစင်လျက် ထက်ဝန်းကျင်မှ အပြစ်အစုသာထင်ကုန်၏၊ ထိုသို့အပြစ်တင်သောအခါ အာဒီနဝဉာဏ်သည် ငါးပါးသောဌာနတို့၌ဖြစ်၏၊ ထိုသို့အာဒီနဝဉာဏ်၏ ပဋိပက္ခဖြစ်သော သန္တိပဒဉာဏ်သည်လည်း ငါးပါးသောဌာနတို့၌ဖြစ်၏။

## အာဒီနဝဉာဏ်ဖြစ်ဟန်ကား

၁။ ခန္ဓာနံ ဥပ္ပါဒေါဘယံ၊ ခန္ဓာနံအနုပ္ပါဒေါခေမံ။ ။၂။ ခန္ဓာနံ ပဝတ္တံ ဘယံ၊ ခန္ဓာနံ အပဝတ္တံ ခေမံ။ ။၃။ ခန္ဓာနံ နိမိတ္တံ ဘယံ၊ ခန္ဓာနံ အနိမိတ္တံ ခေမံ။ ။၄။ ခန္ဓာနံ အာယုဟနာဘယံ၊ ခန္ဓာနံ အနာယုဟနာခေမံ။ ။၅။ ခန္ဓာနံ ပဋိသန္ဓိဘယံ၊ ခန္ဓာနံ အပဋိသန္ဓိခေမံ။

၁။ ခန္ဓာနံ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။ ဥပ္ပါဒေါ၊ ရှေးကံပစ်ချ ဤဘဝ၌ အစပဋိသန္ဓေတည်နေအသစ် ဖြစ်ရခြင်းသည်။ ဘယံ၊ ကြောက်မက်ဘွယ်လိလိ ဘေးအတိလည်းဖြစ်၏။ ခန္ဓာနံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ အနုပ္ပါဒေါ၊ ရှေးကံပစ်ချ ဤဘဝ၌အစ ပဋိသန္ဓေတည်နေအသစ် မဖြစ်ရခြင်းသည်။ ခေမံ၊ ဘေးဘျမ်း ကင်းလွတ် မချွတ်ဧကန် နိဗ္ဗာန်ပင်တည်း။ ။၂။ ခန္ဓာနံ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။ ပဝတ္တံ၊ ပဋိသန္ဓေတည်နေပြီးမှ စုတိကျအောင်ကာလမပြတ် အထပ်ထပ်ဖြစ်ရခြင်းသည်။ ဘယံ၊ ကြောက်လန့်စရာဘေးကြီးပါတည်း။ ခန္ဓာနံ၊ ခန္ဓာငါးပါး

ရုပ်နာမ်တရားတို့၏။ အပဝတ္တံ၊ ပဋိသန္ဓေတည်နေပြီးမှ စုတိကျအောင် ကာလမပြတ် အထပ်ထပ်မဖြစ်ရခြင်းသည်။ ခေမံ၊ ဘေးဘျမ်းကင်းလွတ် မချွတ်ကေန်နိဗ္ဗာန်ပင်တည်း။ ။၃။ ခန္ဓာနံ၊ ရာသတ္တကြောင့်နာမသညာ ငါးခန္ဓာတို့၏။ နိမိတ္တံ၊ အတိတ်အနာဂတ် ပစ္စုပ္ပန်သုံးတန်ကာလ သင်္ခါရ နိမိတ်သည်။ ဘယံ၊ ကြောက်မက်ဘွယ်လိ ဘေးအတိ သာတည်း။ခန္ဓာနံ၊ ရာသတ္တကြောင့် နာမသညာငါးခန္ဓာတို့၏။ အနိမိတ္တံ၊ အတိတ်အနာဂတ် ပစ္စုပ္ပန်သုံးတန်ကာလ သင်္ခါရနိမိတ်ကင်းခြင်းသည်။ ခေမံ၊ ဘေးဘျမ်း ကင်းလွတ် မချွတ်ကေန် နိဗ္ဗာန်ပင်တည်း။ ။၄။ ခန္ဓာနံ၊ ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဏဟု ငါးဝပိုင်းခြား ခန္ဓာတရားတို့၏။ အာယုဟနာ၊ နောင်ပဋိသန္ဓေ တည်ရခြင်းကြောင့် ဆိုးကောင်းနှစ်တန်ကံကို အားထုတ်ရခြင်းသည်။ ဘယံ၊ခြသေ့် သစ်ကျားဘေးရန်များနှယ်ကြောက် မက်ဘွယ်သည်။ ခန္ဓာနံ၊ ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဏဟု ငါးဝ ပိုင်းခြား ခန္ဓာတရားတို့၏။ အနာယုဟနာ၊ နောင်ပဋိသန္ဓေတည်နေရ ခြင်းကြောင့် ဆိုးကောင်းနှစ်တန် ကံကို အားမထုတ် ရခြင်းသည်။ ခေမံ၊ ဘေးဘျမ်းကင်းလွတ် မချွတ်ကေန် နိဗ္ဗာန်ပင်တည်း။ ။၅။ ခန္ဓာနံ၊ကိုယ်ဟု သမုတ် အဟုတ်ထင်မှား ခန္ဓာငါးပါးတို့၏။ပဋိသန္ဓိ၊ တည်နေခြင်းသည်။ ဘယံ၊ ရှေးနည်းမပျက် ကြောက်မက်စရာဘေးကြီး သာတည်း။ ခန္ဓာနံ၊ ကိုယ်ဟု သမုတ် အဟုတ်ထင်မှား ခန္ဓာငါးပါးတို့၏။ အပဋိသန္ဓိ၊ နောက် ဘဝ၌အစ အသင်္ခါရဖြစ်သော ပဋိသန္ဓေ မတည်နေရခြင်းသည်။ ခေမံ၊ ဘေးဘျမ်း ကင်းလွတ် မချွတ်ကေန် နိဗ္ဗာန်ပင်တည်း။ ။ဤပါဠိတော် အပြဝယ် ရှေ့၌ဖြစ်သော ဉာဏ်ငါးပါးသည် သင်္ခါရတို့၌ အပြစ်ကိုပြသော ကြောင့် အာဒီနဝဉာဏ်ငါးပါးမည်၏၊ နောက်၌ဖြစ်သောဉာဏ် ငါးပါး သည့်ဘေးမရှိဟု ထင်သဖြင့် ငြိမ်းချမ်းသည်ကိုမြင်သောကြောင့် သန္တိပဒ ဉာဏ်ငါးပါးမည်၏။

ဤဉာဏ်ငါးပါးတို့၌ ယိမ္မာသော ယောဂီပုဂ္ဂိုလ်သည်ကား-အထူးထူး အယူတို့ကြောင့် မတုန်မလှုပ်ကုန်ဟုမှတ်အပ်၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-ပဉ္စအာဒီနဝေဉာဏံ၊ ပဉ္စ သန္တိပဒေဝိစ၊ ယော ဉာဏေ ဒသ ဇာနာတိ၊ န သောဒိဋ္ဌိသု ကမ္ပတိ-ဟု မိန့်ဆို၏။ အာဒီနဝဉာဏံ၊ အာဒီဝန ဉာဏ်သည်။ ပဉ္စ၊ ငါးပါးတည်း။ သန္တိပဒေဝိ၊ နိဗ္ဗာန်၌လည်း။ ဉာဏံ၊ ဉာဏ်သည်။ ပဉ္စ၊ ငါးပါးတည်း။ ယော၊ အကြင် ယောဂီပုဂ္ဂိုလ်သည်။ ဒသဉာဏေ၊ ဆယ်ပါးသော ဉာဏ်တို့ကို။ ဇာနာတိ၊ သိ၏။ သော၊

ထိုယောဂီပုဂ္ဂိုလ်သည်။ ဒိဋ္ဌိသု၊ အထူးထူးဒိဋ္ဌိအယူတို့ကြောင့်။ နကာပ္ပတိ၊ မတုန်မလှုပ်နိုင်လေတော့သတည်း။ ဤသို့လျှင်အာဒီနဝဉာဏ်နှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိအပြပြီးပြီ။

## နိဗ္ဗိန္ဒ မုဉ္စိတု ပဋိသင်္ခါရဉာဏ်သုံးပါးနှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကိုပြခြင်း

ဤအာဒီနဝဉာဏ်ကို အဘန်ဘန်မှီဝဲသော ယောဂီပုဂ္ဂိုလ်အား စိတ္တကုဋ်ငှက်တောင်ခြေ ကြားအိုင်ရေ၌ ပျော်နေကြဟသ်ာသည် ဒွန်းစဏ္ဍားရွာအထွက် တန်စီးပွက်၌ မနှစ်သက်နိုင်သကဲ့သို့ အလုံးစုံဘဝယောနိစသည်တို့၌ ငြီးငွေ့သောစိတ်ရှိ၍ အနုပဿနာဉာဏ် ပြည်နိဗ္ဗာန်သို့ ညွတ်ကိုင်းသောစိတ် ဖြစ်လေ၏၊ ထိုသို့ဖြစ်သော ဉာဏ်သည် နိဗ္ဗိန္ဒ ဉာဏ်မည်၏။ နိဗ္ဗိန္ဒဉာဏ်ဖြစ်ဟန်ကား-ဣမေသံ မမ ခန္ဓာနံ ဘိဇ္ဇနံနာမေတံ အဟောဝတ နိဗ္ဗိဒံ၊ အဟောဝတ ဇေဂုစ္ဆံ၊ အဟောဝတ ပဋိက္ကူလံ၊ အဟောဝတ အနာလယံ။ ။မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။ ဧတံဘိဇ္ဇနံနာမ၊ ကုန်ပျောက်ပြုန်းတီးပျက်စီးခြင်းမည်သည်။ အဟောဝတနိဗ္ဗိန္ဒံ၊ မပျော်မွေ့ ငြီးငွေ့ဘွယ်ရှိစွတကား။ အဟောဝတ ဇေဂုစ္ဆံ၊ ခေါင်းမှသွန်ထုတ် လူကောင်ပုပ်ကဲ့သို့ ဖြော်စက်ဆုပ်ဘွယ်ရှိစွတကား။ အဟောဝတပဋိက္ကူလံ၊ ပိုးလောက်သက်ဆင်းမစင်တွင်းနှယ် ဖြော်ရွံ့ရှာဘွယ်ရှိစွတကား။ အဟောဝတအနာလယံ၊ သာယာခင်မင်လိုချင်ဘွယ်မရှိစွတကား။ ဤသည်လျှင် နိဗ္ဗိန္ဒဉာဏ်အပြတည်း။

ဤသို့တေဘုမ္မက သင်္ခါရတို့၌ ငြီးငွေ့ဗလဝ နိဗ္ဗိန္ဒဉာဏ် ရင့်သန်သော ယောဂီပုဂ္ဂိုလ်အား ကွန်ပိုက်၌ရောက်သောငါး၊ မြွေမိသောဖား၊ ချိုင့်တွင်ထားသောတောကြက်၊ အလမ္ပယ်လက်၌မြွေ၊ ညွတ်ကွင်းမိသောသမင်၊ ဂဠုန်ဖမ်းနဂါးရန် သူဝိုင်းထားသောယောကျ်ားကဲ့သို့ဘယ်သင်္ခါရတရား တခုမျှ ပေါ်ပေါက် တတ်စွမ်းခြင်းမရှိ အပြစ်ကိုသာမြင်၍ လွတ်ချင်လိုသောစိတ်ဖြစ်၏၊ ထိုတေဘုမ္မက သင်္ခါရမှ လွတ်မြောက် လိုသော စိတ်ရှိသော ဉာဏ်သည် မုစ္စိတုကမျတာဉာဏ်မည်၏။

## မုစ္စိတုကမျတာဉာဏ်ဖြစ်ဟန်

ဣမေသံ မမ ခန္ဓာနံ ဥပ္ပဇ္ဇနံဝါ ဘိဇ္ဇနံဝါ ဒုက္ခံဒုက္ခံ အတိဒုက္ခံ၊ တတော ကဒါမုဉ္စေယျံ၊သာဓုဝတ မုဥ္စနံ၊သာဓုဝတအပဂမနံ၊သာဓုဝတ နိဗ္ဗုတံ။ ။ မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ ဥပ္ပဇ္ဇနံဝါ၊အသစ်သစ်အဘန်ဘန် ဖြစ်ရခြင်းသည်၎င်း။ ဘိဇ္ဇနံဝါ၊ဖြစ်တိုင်း

ဖြစ်တိုင်း မဆိုင်းခဏပျက်စီးရခြင်းသည်ဝှင်း။ ဒုက္ခံဒုက္ခံ၊ သည်းခံနိုင်ခဲလွန်ဆင်းရဲလှ၏။ အတိဒုက္ခံ၊ လွန်လွန်ကဲကဲ များစွာဆင်းရဲ၏။ တတော၊ ဘဝတိုင်းမကင်း ထိုဆင်းရဲခြင်းမှ။ ကဒါ၊ ဘယ်ဒေသမှာ ဘယ်အခါမှ။ မုစ္စေယျံ၊ ဆောလျင်မချွတ် လွတ်ရပါအံ့နည်း။ မုဥ္စနံ၊ ဆောလျင်မချွတ် လွတ်ရပါမူကား။ သာဓုဝတ၊ အဟောသုခနိဗ္ဗာန်ရရှိ ကောင်းလှတိတကား။ အပဂမနံ၊ သံသရာဝဋ် လွတ်ကြီးလွတ်အောင် ရှောင်ကြဉ်ပယ်ရှား ဘဲသွားရမူ။ သာဓုဝတ၊ ဘေးရန် လွတ်ပြီး ကောင်းကြီးကောင်းလေစွတကား။ နိဗ္ဗုတံ၊ဖြစ်ပျက်မကိန်း ငြိမ်းရမူကား။ သာဓုဝတ၊ ချမ်းသာတကာ များစွာစုပေါင်း ကောင်းလေစွ တကား။ ဤသည်လျှင်မုစ္စိတုကမျတာဉာဏ်အပြတည်း။

ဤသို့အားဖြင့် ခပ်သိမ်းသော သင်္ခါရတရားမှ လွတ်မြောက်လိုသော ယောဂီပုဂ္ဂိုလ်သည် ထိုသင်္ခါရတို့မှလွတ်မြောက်ခြင်းငှာ လေးဆယ်သော ဝိပဿနာတို့ကို ခန္ဓာငါးပါး၌တင်၍ မုစ္စိတုကမျတာဉာဏ်ဖြင့် သုံးသပ်ရပြန်၏။ အဘယ်ကြောင့်ဟူမူ အနမတဂ္ဂသံသရာမှစ၍ နိစ္စ သုခ သုဘ အတ္တဟု အားကြီးစွာ စွဲယူကိုးစား အထင် မှားသော ဝိပ္ပလ္လာသ တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာဖြင့် အဘန်ဘန်ပယ်ဖျောက်၍ ထိုတေဘူမက သင်္ခါရတို့မှ လွတ်ခြင်း၏အကြောင်း ပြည့်စုံခြင်းငှာ တဖန်ရှုပြန် သုံးသပ်ပြန်ရ၏ဟုမှတ်။ ဤသို့ တဖန်သင်္ခါရတရားကို ကြည့်ရှုပြန်သောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

### ပဋိသမ္ဘိဒါမဂ်ပါဠိတော်အလာ တောလေးဆယ်ဒေသနာ

၁။ သဗ္ဗေ သင်္ခါရာ အနိစ္စန္တိကတော ပလောကတော စလတော ပဘင်္ဂုတော အဓုဝတော ဝိပရိဏာမတော အသာရကတော ဝိဘဝတော သင်္ခါရတော မရဏတော အနိစ္စာ။

၂။ သဗ္ဗေသင်္ခါရာ ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ဤတိတော ဥပဒ္ဒဝတော ဘယတော ဥပသဂ္ဂတော အတာဏတော အလေဏတော အသရဏတော အာဒီနဝတော အဃမူလတော ဝဓကတော အာသဝတော မာရာမိသတော ဇာတိဓမ္မတော ဇရာဓမ္မတော ဗျာဓိဓမ္မတော သောကဓမ္မတော ပရိဒေဝဓမ္မတော ဥပါယာသဓမ္မတော သံကိလေသိကဓမ္မတော ဒုက္ခာ။

၃။ သဗ္ဗေ သင်္ခါရာ ပရတော ရိတ္တတော တုစ္ဆတော သုညတော အနတ္တတောအနတ္တာ။

သဗ္ဗေ! ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သခ်ါရာ၊ ကံ,စိတ်,ဥတု အာ ကြောင်းလေးဖြာတို့သည်ပင် ပြုပြင်စီရင် အပ်ကုန်သော သင်္ခါရတရားတို့သည်။ အနိစ္စန္တိကတော၊ ဘင်ဟူသော နောက်အစွန်းကို မလွန်ဘဲ အဆုံးရှိခြင်းကြောင့်ရင်း။ ပလောကတော၊ ဗျာဓိဇရာမရဏ အပြားဖြင့် လျင်စွာ ပျက်စီးတတ်သောကြောင့်ရင်း။ စလတော၊ ဗျာဓိဇရာမရဏနှင့် လောကဓံရှစ်ပါး တရားတွေ့ကြုံ တုန်လှုပ်တတ်သောကြောင့်ရင်း။ ပဘင်္ဂုတော၊ သူ့ဘာသာအား လုံ့လအားဖြင့် မပြတ်မလတ် ပျက်စီးတတ်သောကြောင့်ရင်း။ အဓုဝတော၊ အရှယ်ခပ်သိမ်း ရွတ်တိမ်းကျကြွေ မမြဲလေသောကြောင့်ရင်း။ဝိပရိဏာမတော၊ဇရာမရဏံ ဤနှစ်တန်ဖြင့် ကောက်ဖောက်ပြန်တတ် သောကြောင့်ရင်း။ အသာရတော၊ အကာအတိ အနှစ်မရှိသော သဘောကြောင့်ရင်း။ ဝိဘဝတော၊ အစည်းအပွားမရှိ တဏှာဒိဋ္ဌိလျှင် အကြောင်းရှိသောကြောင့်ရင်း။သင်္ခါရတော၊အကြောင်းစုတို့ ပေါင်းပြုစီရင် အပ်သောကြောင့်ရင်း။ မရဏတော၊ သေခြင်းသဘောမလေ့ ပြကတေ့ ရှိခြင်းကြောင့်ရင်း။ အနိစ္စာ၊အကြိတ်အခဲ အမြဲမရှိလေကုန်သတည်း။ ။အနိစ္စာနုပဿနာဆယ်ပါးပါဌ်အနက် ပြီးပြီ။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ကံစိတ် ဥတုအာ ကြောင်းလေးဖြာတို့သည်ပင် ပြုပြင်စီရင်အပ်ကုန်သော သင်္ခါရတရားတို့သည်။ ဒုက္ခတော၊ နာကျင်ဆင်းရဲ သည်းခံနိုင်ခဲသောကြောင့်ရင်း။ ရောဂတော၊ ကိုက်ခဲကျင်နာ ရောဂါ၏ စုဝေးရာဖြစ်သောကြောင့်ရင်း။ ဂဏ္ဍတော၊ ချွဲခန်း အန်ဖတ် သလိပ် နှပ်တို့၏ မပြတ်ယိုစီးရာ အိုင်းအမာနှင့်တူသောကြောင့်ရင်း။ သလ္လတော၊ နှုတ်နိုင်ခဲအင် ဝူးဝင်ထိပါး ဆိပ်လူးမြှားနှင့် တူသောကြောင့်ရင်း။ အဃတော၊ အကျိုးစီးပွားမဲ့ကို ရွက်ဆောင် တတ်သောကြောင့်ရင်း။ အာဗာဓတော၊ အထူးထူးသော အနာ၏ နီးစွာသောအကြောင်းရင်း အနာနှင့် မကင်းသောကြောင့်ရင်း။ ဤတိတော၊ ဘေးရန်ကြောင့်ရင်း။ ဥပဒ္ဒဝတော၊ မင်းဒဏ်အစများစွာ ထောင်သောင်း ဥပဒ္ဒဝေါတို့၏ တည်ရာ ဖြစ်သော ကြောင့်ရင်း။ ဘယတော၊ ဘေးငယ်ဘေးကြီး အသီးသီးတို့၏ တည်ရာဖြစ်သောကြောင့်ရင်း။ ဥပသဂ္ဂတော၊ ရာဂဒေါသ စသည်မကင်း ကပ်ငြိခြင်း ရှိသောကြောင့်ရင်း။ အတာဏတော၊ ဘေးအပေါင်းတို့ကို မစောင့်တတ်သောကြောင့်ရင်း။ အလေဏတော၊ ဘေးလွတ်ခြင်းငှာ ကိုးကွယ်လဲလျောင်းရာ မရှိသောကြောင့်ရင်း။ အသရဏတော၊ မှီခိုရာ မရှိသောကြောင့်ရင်း။

အာဒီနဝတော၊ အကျိုးမပါ အပြစ်ရှိသောကြောင့်ဋ္ဌ။ အဃမူလတော၊ မကောင်းမှု၏ အကြောင်းဝတ္ထု ဖြစ်သောကြောင့်ဋ္ဌ။ ဝဓကတော၊ အကျွမ်းဝင်ဟန် ကြီဘန်လှည့်ပတ် သူသတ်နှင့်မူ တူစွာဖြစ်သောကြောင့် ဋ္ဌ၊ သာသဝတော၊ အာသဝေါသာ နီးစွာသော အကြောင်းရင်း ရှိသောကြောင့်ဋ္ဌ။ မာရာမိသတော၊ မစ္စုကိလေ မာရ်နှစ်ထွေ၏ အစာ အာဟာရဖြစ်သောကြောင့်ဋ္ဌ၊ ဇာတိဓမ္မတော၊ ပဋိသန္ဓေတည်နေခြင်း မှ မလွတ်ကင်းသော သဘောကြောင့်ဋ္ဌ။ ဇရာဓမ္မတော၊ ရင့်ရော် ဟောင်းမင်း အိုရခြင်းမှ မကင်းသော သဘောကြောင့်ဋ္ဌ။ ဗျာဓိ-ဓမ္မတော၊ ထန်ထန်ပြင်းပြင်းနာရခြင်းမှ မလွတ်ရသော သဘောကြောင့် ဋ္ဌ။ သောကဓမ္မတော၊ စိုးရိမ်ခြင်း သဘောကြောင့်ဋ္ဌ။ ပရိဒေဝ ဓမ္မတော၊ ငိုကြွေးခြင်း၏ အကြောင်းရင်း ဖြစ်သော ကြောင့်ဋ္ဌ။ ဥပါယာသဓမ္မတော၊ သက်ကြီးရှိုက်ငင် မရှင်မလန်း ပင်ပန်းရခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့်ဋ္ဌ။ သံကိလေသိကဓမ္မတော၊ တဏှာ စသောကိလေသာတို့၏ အာရုံအဖြစ်ဖြင့် ကိလေသာနှင့် တကွဖြစ်သော သဘောရှိသောကြောင့်ဋ္ဌ။ ဒုက္ခာ၊ သည်းခံနိုင်ခဲ လွန်ဆင်းရဲကုန်၏။ ဤကားဒုက္ခာနုပဿနာနှစ်ဆယ့်ငါးပါးတည်း။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ကံစိတ်ဥတုအာ ကြောင်းလေးဖြာ တို့သည်ပင်လျှင် ပြုပြင်စီရင် အပ်ကုန်သော သင်္ခါရ တရားတို့သည်။ ပရတော၊ အလိုမပါ စီရင်ရာမရသည့် သူစိမ်းပြင်ပနှင့် တူသော ကြောင့်ဋ္ဌ။ ရိတ္တတော၊ အသုံးမကျ လောကီယ ကမ္မ၏ ဆိတ်သော သဘောကြောင့်ဋ္ဌ။ တုစ္ဆတော၊ နိစ္စ သုခ သုဘ အတ္တ တင်ပြီးအချီးနှီး ဖြစ်သောကြောင့်ဋ္ဌ။ သုညတော၊ အစိုးရခြင်း အလို လိုက်ခြင်းကိုပြီးစေကုန်လျက်သိတတ်ခံစားတတ်သော အတ္တမှဆိတ်သော ကြောင့်ဋ္ဌ။ အနတ္တတော၊ အာဏာလွှမ်းမိုး ပိုင်စိုးမရသော သဘော ကြောင့်ဋ္ဌ။ အနတ္တာ၊အစိုးမရ အတ္တမဟုတ်ချေကုန်။ ဤကားအနတ္တာ နုပဿနာငါးပါးတည်း။

(မှတ်ချက်) မဟာနိဒ္ဒေသပါဠိတော်၌ကား– အသရဏီ ဘူတတော ဟူ၍ တပုဒ်လွန်လျက်ပါ၏ ဤဝိပဿနာဉာဏ်လေးဆယ်ကို တော ၄၀- ဟူ၍ဋ္ဌ၊ ဝိပဿနာကမ္မဋ္ဌာန်း ၄၀-ဟူ၍ဋ္ဌ၊ အနေလောမဉ္ဇဉာဏ် ၄၀- ဟူ၍ဋ္ဌဆိုအပ်၏၊ ဋ္ဌဝိပဿနာဉာဏ် ၄၀-ကိုခန္ဓာငါးပါးနှင့် မြှောက်

သည့်ရှိသော် အနိစ္စာနုပဿနာ ဆယ်ပါးအားဖြင့် အနုလောမိကခန္တီ ဉာဏ် နှစ်ရာတိတိဖြစ်ကုန်၏ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌မိန့်ဆိုတော်မူ၏။

ဤပဋိသင်္ခါဉာဏ်ဖြင့် တဘန်ရှုရာ၌–ဥပမာအားဖြင့် တံငါယောက်ျား တယောက်သားသည် ငါးဘမ်းမည်အကြံ စိတ်အားသန်၍ ရေကန်သို့ သက် ဆောင်းလက်ကိုင်စွဲ၍ ရေထဲပုန်းအောင်း ငါးကို ဆောင်းလျက် လက်မောင်းလက်ရုံး ဝါးလုံးခန့်နီး အကြေးအကွက် စက်အထွေးထွေး လည်ရေး သုံးတန် မျက်ဆံနီကျင် အဆိပ်လျင်သော ရေတွင်ပေါက်မွေး သဲမြွေပွေးကို အပြေးလိုက်ချုပ် ဆောင်းနှင့်အုပ်က အဟုတ်အဟတ် ငါကြီးမှတ်၍ ရတတ်ပြီးတခါ ငါတံငါမှာ ဝမ်းသာအားရ စိတ်မာန် ကြွလျက် ဆောင်းဝကလက်သွင်းအပြင်းသိမ်းအုပ်လည်စေ့ကိုဆုပ်ပြီးလျှင် ဘော်ထုတ်၍ကြည့်သောအခါ လည်ရေသုံးတန် မျက်ဆံနီကျင် မြွေကို မြင်၍ အထင်ကိုမှောက်မှား ငါးကားမဟုတ် ကြမ်းကြုတ်ခက်ထန်လျင်မြန် အားရှိ မြွေကြီးဟုသိလတ်၍ ဘီတတသိတ မြမြကြက်သီး ချွေးဒီးဒီးကျ ကြောက်လန့်သောကြောင့် အာဂမမြွေ မကိုက်ပေလို့သာ သေဘေး စင်စစ် မုချဖြစ်၏ဟု အပြစ်ကိုမြင်လျက် မနှစ်သက်မသာ လွန်စွာတွန့်ကုပ် စက်ဆုပ်ငြီးငွေ့၍ မတွေ့မမြင်အောင် လွှတ်ချင်သောအခါ လွှတ်ရာ အကြောင်း ဦးခေါင်းအမြီး တလျှောက်တည်း တရပယ် မုန့်ညက်ကိုနယ် သကဲ့သို့ နှောက်နှယ်ပင်ပန်း အားကုန်ခန်းစေပြီးမှ မြွေကြမ်းကိုလွှတ်လျက် ကန်ပေါင်သို့ ပြေးတက်နေဘိသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရှေးမဆွ၌ ရအပ်သော အတ္တဘောကို နိစ္စ သုခ သုဘ အတ္တဟု ထင်မှတ်၍ ကြေးမုံပြင်ထဲ၌ သုတ်သင် ဖီးလိမ်း၍ တစိမ့်စိမ့်ကြည့်ရှုလျက် ဩော်.... သုဘဝတ၊ ဩော်....သုဘဝတဟု စိတ်ထဲ၌ အထွေထွေ နှစ်သက် လေ သည်နှင့် ရေတံငါပိုက်ဆောင်း၌မိငြား မြွေကိုငါးဟုမှတ်မှားသောအခါ ကို ဥပမထပ်တူ ရှေးဦးစွာယူအပ်၏။

ဤယောဂီ ပုဂ္ဂိုလ်သည် ဤအတ္တဘောကား နိစ္စ သုခ သုဘ အတ္တ မဟုတ် နာမ်ရုပ်ခန္ဓာမျှ သာတည်း။ ခဏမြေးရှက် တခဲနက်ကို ခွဲဖျက် ခွာစိတ်၍ အနိစ္စ ဒုက္ခ အသုဘ အနတ္တလက္ခဏာ ကောင်းစွာ ထင်သည် နှင့် တံငါလူသွမ်း မြွေကိုဘမ်း၍ စုံစမ်းကြည့်ရှု သုံးခုလည်ရစ် မြွေအဖြစ် စင်စစ်သိသည်နှင့် ဥပမာထပ်တူ ဒုတိယယူအပ်၏၊ ယောဂီ ပုဂ္ဂိုလ်သည် လောကီ သင်္ခါရ ဟူသမျှ၌ အနိစ္စ ဒုက္ခ အသုဘ အနတ္တဟု ဘင်ကိုရှု၍ ဘယတုပဋ္ဌာနဉာဏ် ထက်သန်လျင်လျင် မြစွာထင်သည်နှင့် ယခင်

တံငါဟာ မြွေလည်ကျားကို ကြောက်အားတကြီး ကြက်သီးတမျှ ဇောချွေးကြသည်ကို ဥပမာထပ်တူ တတိယယူအပ်၏၊ ယောဂီလူ့လွန် ပုဂ္ဂိုလ်မွန်၏ ဉာဏ်မျက်စိ၌ အာဒီနဝဉာဏ်ဖြစ်သောအခါနှင့် တံငါလူမိုက်သည် မြွေကိုက်မည် အဖြစ်ကိုသိ စိစစ်ထင်မြင်ဟန် တူ၏၊ ယောဂီရှင်အာ သင်္ခါရကိုငြီးငွေ့၍ နိဗ္ဗိန္ဒာဉာဏ်ဖြစ်ခြင်းနှင့် တံငါသည်ယောက်ျား မြွေကို ကိုင်ခြင်းငှာအလိုမရှိ ငြီးငွေ့လေဟန်နှင့်တူ၏။ယောဂီပုဂ္ဂိုလ်အား သင်္ခါရတရားတို့မှ လွတ်ခြင်းငှာ အလိုရှိသော မုဉ္စိတုကမျတာဉာဏ်နှင့် တံငါယောက်ျား၏ မြွေကိုလွတ်ခြင်းငှာ အလိုရှိဟန်ပမာတူ၏၊ယောဂီပုဂ္ဂိုလ်၏ ပဋိသင်္ခါ ဉာဏ်ဖြင့် သင်္ခါရတရားတို့၌ အနိစ္စ ဒုက္ခ အသုဘ အနတ္တ လက္ခဏာကို တင်ကာတင်ကာ ကောင်းစွာထင်ထင် ရှုမြင်ခြင်းနှင့် တံငါယောက်ျား၏ မြွေမှလွတ်ကြောင်းကို ကောင်းစွာ ပြုဟန်တူ၏။ ယောဂီပုဂ္ဂိုလ်သည်လည်း လက္ခဏာသုံးပါးသို့ တင်သဖြင့် သင်္ခါရတို့ကို ကြိတ်နှိပ်နင်းနယ် အားငယ်အောင်ပြုပြီးမှ နိစ္စ သုခ သုဘ အတ္တအခြင်းအရာဖြင့် တဘန်ထင်ပြန်ခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်သို့ ရောက်စေသည်နှင့် တံငါယောက်ျားသည် ကြီးမားသော မြွေကို လက်ဖြင့် နှိပ်စက်ပွတ်ချေ ပင်ပန်းစေလျက် ဦးခေါင်းထက်၌ သွက်သွက်လှည့်ရမ်း မကိုက်နိုင်အောင် အားကုန်ခန်းမှ မြွေကြမ်းကိုလွှတ်လျက် ကမ်းပေါ်ထက်သို့ ပြေးတက်နေဟန် တူ၏ဟု ထပ်တူသိမ်းကျုံး နှလုံးသွင်းကြကုန်။ ဤသို့အားဖြင့် နိစ္စ သုခ သုဘ အတ္တအခြင်းအရာ၏ တဘန် မဖြစ်နိုင်သော အခါ ပဋိသင်္ခါနုပဿနာဉာဏ် ဖြစ်သည်မည်၏။ ။ဤသည်လျှင် နိဗ္ဗိန္ဒာ မုဉ္စိတုကမျတာ ပဋိသင်္ခါဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြခြင်း ပြီးပြီ။

## သင်္ခါရုပေက္ခာဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကိုပြခြင်း

ဤပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကို ရပြီးသော ယောဂီ သူမြတ်သည် ထိုပဋိပဒါဉာဏ်ဖြင့် ခပ်သိမ်းသော တေဘူမက သင်္ခါရတရားတို့၏ အတ္တသာရမှ ဆိတ်သော အချည်းနှီးသော သဘောကို အာရုံပြု၍ သဗ္ဗေ သင်္ခါရာ သုညာဟု ရှေးဦးစွာ ရှုအပ်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊သင်္ခါရတရားတို့သည်။ သုညာ၊ အတ္တဟူသော အနှစ်သာရမှဆိတ်ကုန်၏။ဤသို့ရှုပြီး၍ တဘန် ဒွိကောဋိ သုညာ အားဖြင့် ဤသို့ရှုရာ၏။သုညံ ဣဒံ အတ္တေနဝါ အတ္တနိယေနဝါ။ ဣဒံ၊ ဤသင်္ခါရတရားသည်။ အတ္တေနဝါ၊ ငါဟု ထင်မှတ်ကြသော အတ္တ

ဘောမှရင်း။အတ္တနိယေနဝါ၊ ငါ့သား ငါ့သွီး ငါ့ပစ္စည်းဟုမှတ်ယူစွဲလမ်းကြသော အတ္တနိယသဘောမှရင်း။ သုညံ၊ ဆိတ်၏။ ဤသို့ ဒွိကောဋိသုညအားဖြင့်ရှုကြည့်ပြီး၍ တဘန် စတုကောဋိသုညအားဖြင့် ဤသို့ ရှုကြည့်ရာ၏။နာဟံ ကွစနိ ကဿစိ ကိဉ္စန တသ္မိံ နစမမ ကွစနိ ကိသ္မိဉ္စိ ကိဉ္စိ နတ္ထိတိ။ အဟံ၊ငါသည်။ကွစနိ၊တစုံတခုသော ဘဝဌာနကာလ သဘာဝဓမ္မ အဇ္ဈတ္တ ဗဟိဒ္ဓ၌။ အတ္တာနံ၊မိမိကိုယ်ကို။ နပဿာမိ၊ မမြင်။ ကဿစိ၊ တခုတယောက်သော သူတပါး၏။ ကိဉ္စနတသ္မိံ၊ ဉာတိမိတ္တ ပရိဝါရစသည်ဖြင့် စိုးရိမ်ကြောင့်ကြအပ်သော အဖြစ်၌။ ဥပနေတဗ္ဗံ၊ ဆောင်အပ်သော။ အတ္တနော၊မိမိ၏။ အတ္တာနံ၊မိမိကိုယ်ကို။ နပဿတိ၊ မမြင်။ ကွစနိ၊ တစုံတခုသော ဘဝဌာနကာလ သဘာဝဓမ္မ အဇ္ဈတ္တ ဗဟိဒ္ဓ၌။ ပရဿ၊ သူတပါး၏။ အတ္တာနံ၊ ကိုယ်ကို။ နပဿတိ၊မမြင်။ မမ၊ ငါ၏။ ကိသ္မိဉ္စိ၊တစုံတခုသော ဘဝဌာနကာလ သဘာဝဓမ္မ အဇ္ဈတ္တ ဗဟိဒ္ဓ၌။ ကိဉ္စနတံ ကိဉ္စနဘာဝေ၊ ဉာတိမိတ္တ ပရိဝါရစသည်ဖြင့် စိုးရိမ် ကြောင့်ကြအပ်သောအဖြစ်၌။ ပရဿ၊သူတပါး၏။ အတ္တာ၊ကိုယ်သည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့။ နပဿတိ၊မမြင်။ ဤသို့အားဖြင့် မိမိကိုယ် တည်းဟူသော သကအတ္တ၊ တစုံတယောက်သော သူတပါး၏အတ္တနိယ၊ မိမိကိုယ်တည်းဟူသော သကအတ္တ၊ သူတပါးကိုယ် တည်းဟူသော ပရအတ္တ၊ မိမိ၏အတ္တနိယဖြစ်သော သူတပါး၏ကိုယ်တည်းဟူသော ပရအတ္တ ဤလေးဝသော အတ္တ အတ္တနိယတို့မှ ဆိတ်အောင် စတုကောဋိသုညတ နည်းကို သိမ်းဆည်းဆင်ခြင်အပ်၏။ အနက်နှင့် တွဲစပ်၍ သဘော ကြေနပ်အောင်ကြံလေ။ ။ထိုမှတပါး ဆအာကာရ သတ္တအာကာရ ဒသအာကာရ စသောနည်းတို့ကို ကျမ်းလေးမည် ဂရုဘယကြောင့် မပြလိုပြီ။

ဤသို့ရှုသော ယောဂီပုဂ္ဂိုလ်အား ထိုသင်္ခါရတရားတို့ကို မှီ၍ ဖြစ်သော ကြောက်ခြင်း နှစ်သက်ခြင်းဟုဆိုအပ်သော ဘယနန္ဒီ တရားတို့ကို ပယ်ဖျောက်၍ ထိုသင်္ခါရတို့ကို ငါဟူ၍ရင်း၊ငါ၏ဥစ္စာဟူ၍ရင်း မယူမူ၍ ထိုသင်္ခါရတရားတို့၌ လျစ်လျူရှုလျက်သာ တည်၏။ ဥပမာ အားဖြင့် သော်ကား။ ။ဤပဋိသင်္ခါဉာဏ်ကို အဘန်ဘန်မှီဝဲ၍ မြဲမြံခိုင်ခံ့သော ဝိပဿနာရှိသော ယောဂီသူမြတ်အား တယောက်သောမယား ချစ်လှစွာသော ယောက်ျားသည် ရှေးရှေးသောအခါ ကြင်နာနှစ်သက် စုံမက်မြတ်နိုးလျက်နေသောမယားကိုနောက်အခါ၀ယ် တပါးသောယောက်ျားနှင့် ယဉ်ပါးလွန်ကျူး၍ လက်ပူးတွေ့မိ ကိုယ်တိုင်သိသဖြင့် စိစိကြေညက်

နှုတ်လက်ဒဏ်ထား၍ ခါးဝတ်တထည်ချင်း ကွာရှင်း စွန့်လွှတ်ပြီးနောက် ဘောက်ဘောက်ယွင်းယွင်း ဘယ်လိုပင် အကျင့်တရား ကင်းသော်လည်း ချစ်ခြင်း,မုန်းခြင်း အခင်းမပြု လျစ်လျူရှုသကဲ့သို့ ထိုအတူ မရက်မစက် နှစ်သက်စွာလှ အလုံးစုံသော သင်္ခါရတရားတို့၌ ငါကိုယ် ငါ့ဥစ္စာ ဟူသော အတ္တ အတ္တနိယတို့၏ သုညသဘောကို ထိုပင်္သင်္ခါ ဉာဏ်ဖြင့် ပြီးသော ကြောက်ခြင်းကိုင်း၊ ဝိပဿနာဝိတိကြောင့် ဖြစ်သော နန္ဒီဟူသော နှစ်သက်ခြင်းကိုင်း ပယ်ဖျောက် စွန့်ခွာလျက် လျစ်လျူ သာလျှင် ဖြစ်၍ တည်၏။ ထိုသို့ဖြစ်ပြီးသော ယောဂီပုဂ္ဂိုလ်အား အလုံးစုံ သော ဘဝယောနိ သဝိညာဏဋ္ဌိတိသတ္တာဝါသတို့၌ စိတ်သည် စဉ်းငယ် ရှိုင်းသော ဝိန်းကြာရွက်တို့၌ရှာသော မိုးရေပေါက်တို့သည် လျှောကျ ဘိသကဲ့သို့ငင်း၊ မီး၌ထည့်အပ်သော ကြက်တောင်သည် တွန့်သကဲ့သို့ ငင်း တွန့်သည် လျှောကျသည်ဖြစ်၍ အလုံးစုံသော သင်္ခါရတရားတို့၌ လျစ်လျူရှု၍သာလျှင် တည်၏။ ထိုသို့ဖြစ်သော သင်္ခါရ ဥပေက္ခာသည် ဖြစ်၏ဟုမှတ်။

ဤသင်္ခါရဥပေက္ခာ ဉာဏ်သည် အနိစ္စအားဖြင့်ငင်း၊ ဒုက္ခအားဖြင့် ငင်း၊အနတ္တအားဖြင့်ငင်း သင်္ခါရတို့ကို အဘန်တလဲလဲရှုသဖြင့် ရင့်ခြင်း သို့ရောက်၍ အနုလောမဉာဏ်၏အဖြစ်သို့ရောက်၍နိဗ္ဗာန်၌သင္ကလက္ခဏာ ကို အကယ်၍ မြင်အံ့၊ ထိုသို့မြင်သောအခါ သင်္ခါရတရားတို့ကို လွှတ်၍ ဂေါတြဘူဟူသော အမည်တူကို ယူလျက် နိဗ္ဗာန်သို့ ဝင်သည်ဖြစ်၏။ အကြင်ရွေ့သောက် ဂေါတြဘူ ဖြစ်လောက်အောင် မရသေးသည်ဖြစ်၍ နိဗ္ဗာန်ကို အာရုံမပြုနိုင်၊ ထိုရွေ့လောက် သင်္ခါရတရားတို့ကိုသာ အာရုံ ပြု၍ သင်္ခါရပေက္ခာဉာဏ်အဖြစ်၌ တည်၏။

ဥပမာအားဖြင့် သင်္ဘောသားသည် သမုဒ္ဒရာကို ကူးသည်ရှိသော် အရပ်မျက်နှာကို စေတတ်သော ဒိသာကာက မည်သော ကျီးကိုယူ၍ သွားကုန်၏။ အကြင်သို့သောအခါသင်္ဘောသားသည်လေ၏ အဟုန်ဖြင့် တိုင်းတပါး၏အနီးသို့ ရောက်လေ၏။ကမ်းကိုမမြင်၊ထိုအခါ ဒိသာကာက ကျီးကိုလွှတ်ကုန်၏။ ကျီးသည် လင်းယာဉ်တိုင်၌ နားပြီးလျှင် ကောင်း ကင်သို့ ပျံတက်လေ၍ အရပ်လေးမျက်နှာသို့ အစဉ်အတိုင်း ပျံလေလျှင် အကယ်၍ ကမ်းကိုမြင်သည်ဖြစ်အံ့၊ထိုကမ်းသို့ ရှေးရှုပြန်လေ၏။အကယ်၍ ကမ်းကိုမမြင်သည် ဖြစ်အံ့၊အဘန်တလဲလဲ လင်းယာဉ်တိုင်၌သာ ပြန်၍ နားသကဲ့သို့ ထို့အတူသာလျှင် ငင်းသင်္ခါရပေက္ခာဉာဏ်သည် နိဗ္ဗာန်သို့

သင်္ခါရလက္ခဏာအားဖြင့် အကယ်၍ မြင်အံ့၊ အလုံးစုံသော သင်္ခါရတရားတို့ကိုလွတ်၍ ဂေါတြဘူ တည်းဟူသော အမည်ထူးကိုယူလျက် နိဗ္ဗာန်သို့ ဝင်လေ၏။ အကယ်၍ နိဗ္ဗာန်ကိုမမြင်အံ့၊ အဘန်တလဲလဲ သင်္ခါရတရားကိုသာ အာရုံပြု၍ သင်္ခါရုပေက္ခာဉာဏ် အဖြစ်ဖြင့်သာတည်၏။ ။ဤသို့သော ယောဂီပုဂ္ဂိုလ်သည် ဘန်းစကောအဖျား၌ လှိမ့်အပ်ဆင့်အပ်သော မုံညင်းစေ့ကဲ့သို့ငှင်း၊ ထုတ်ပြီးသော အစေ့ရှိသော ဝါဂွမ်းကို အကြိမ်ကြိမ် အထပ်ထပ် ခတ်အပ်သကဲ့သို့ငှင်း ခဝ်သိမ်းသော သင်္ခါရတရားတို့ကို အထူးထူး အပြားပြားအားဖြင့် အဘန်တလဲလဲ နှောက်နယ် သုံးသပ်၍ လျစ်လျူရှုကုန်ရာ၏။ ဤသို့သော သင်္ခါရုပေက္ခာဉာဏ်သည် ဝိမောက္ခ မုခသုံးပါး၏ အကြောင်းအဖြစ်သို့ ရောက်၍ ခုနစ်ပါးသော အရိယာပုဂ္ဂိုလ်တို့ကို ဝေဘန်ခြင်း၏ အကြောင်းအစစ် ကေန်ဖြစ်၏။ ။ဤသည်လျှင် သင်္ခါရုပေက္ခာဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

## အနုလောမဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကိုပြခြင်း

ဤသို့ သင်္ခါရုပေက္ခာဉာဏ်ကို ရောက်ပြီးသော ယောဂီ သူမြတ်သည် ထိုသင်္ခါရုပေက္ခာဉာဏ်ဖြင့် တေဘူမကသင်္ခါရတရားတို့ကို ဠမေ သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာဟူ၍ အဘန်ဘန် မှိဝဲပွားများသည် ရှိသော် သဒ္ဓိန္ဒြေသည် အားကြီးသောအဖြစ်သို့ ဝိရိယိန္ဒြေသည် ချီးမြောက်ခြင်းသို့ သတိန္ဒြေသည် ကောင်းစွာထင်ခြင်း သမာဓိန္ဒြေသည် အလွန်ငြိမ်သက် တည်ကြည်ခြင်းသို့ ရောက်သဖြင့် ဘာဝနာစိတ်သည် ကောင်းစွာ တည်ကြည်၏၊ သင်္ခါရုပေက္ခာဉာဏ်သည် လွန်စွာထက်သန်ခြင်းသို့ ရောက်၏၊ ထိုသို့ရောက်သော ယောဂီပုဂ္ဂိုလ်အား ယခုပင် မဂ်ဖိုလ်ကိုရလတ္တံ့ ဖြစ်သောကြောင့် သင်္ခါရုပေက္ခာ ဉာဏ်သည် အဘန်ဘန် ပွားများသဖြင့် သင်္ခါရကိုလက္ခဏာသုံးတန်ဖြင့် သုံးသပ်ဆင်ခြင်ဘန်များ၍ မဂ်ဖိုလ်တရားတို့ကို ရလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် ထို့နောင်မှတူသော စိတ်သည် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စနှစ်ကြိမ်ကျ၏၊ ထို့နောင်မနောရာ ဝဇ္ဇန်သည်သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟုအာရုံပြု၍ အာဝဇ္ဇန်း ကိစ္စတကြိမ် ထိုနောင်မဟာကုသိုလ် ပဉ္စမဒွေးတွင် တခုတခုသည် သင်္ခါရ တရားတို့ကို အာရုံပြု၍ ပရိကံ ဥပစာ အနုလုံဟု သုံးကြိမ်၊ ထိုနောင် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇဉ်အနွယ်ကို ဖြတ်တတ်၊အရိယာ အနွယ်ကို ပွားစေတတ်သော နိဗ္ဗာန်တည်းဟူသော အာရုံ၌ ရှေးဦးစွာတည်ခြင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းဖြစ်၍ ဖြစ်သောမဂ်အား အနန္တရ သမနန္တရ

ဥပဿနိယ အာသေဝန အတ္တိ အဝိဂတ ခြောက်ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည့်အဖြစ်ကို ပြီးစေတတ်သော ဝိပဿနာ၏ အထွဋ်အထိပ်သို့ရောက်သော တဘန်ပြန်၍ မလည်နိုင်သော မဟာကုသိုလ် ပဉ္စမဒွေးတို့တွင် တခုတခုသည်သာလျှင် ဂေါတြဘူဇောကိစ္စတကြိမ် ဖြစ်၍ ချုပ်၏၊ ထိုဇောတို့တွင် မနောဒွါရာဝဇ္ဇန်းနောင်ဖြစ်သော ပရိကံ ဥပစာ အနုလုံဇော၌ရှိသော ဉာဏ်သည် ရှေ့ဖြစ်သော ဥဒယဗ္ဗယစသော ရှစ်ပါးသော ဉာဏ်တို့အားလည်း၊ အထက်မဂ်ခဏ၌ ဖြစ်သော ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါး အားလျော်သောကြောင့် အနုလောမဉာဏ် မည်၏။ ဂေါတြဘူစိတ်ကား ဝိသုဒ္ဓိဟုမခေါ်ဝေါ်လောက်သောအဗ္ဗောဟာရိက ဉာဏ်ဟူ၍မှတ် သတိပြုလေ။

ထိုအနုလောမ ဉာဏ်အစစ်ဖြစ်သော အနုလုံဇောကို အပါယ်နိမိတ် သင်္ခါရ နိမိတ်မှထခြင်းဟု ဆိုအပ်သော မဂ်သို့သွားတတ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောဟူ၍ လက်သန်း အဋ္ဌကထာ၌–ယာသိခါပတ္တာ သာသာနုလောမ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ ဝုစ္စတိ ဟူသောပါဠိဖြင့် မိန့်ဆိုတော်မူ၏။

ဝုဋ္ဌာနဂါမိ ဝိပဿနာပုဒ်အရ ဝစနတ္ထကား – အပါယာဒိတော သင်္ခါရနိမိတ္တတောစ ဝုဋ္ဌာတိ ဝုဋ္ဌာနံ ဂစ္ဆတီတိ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါမိနီစ ဝိပဿနာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ။အပါယာဒိတောစ၊အပါယ်စသည်မှလည်း။ သင်္ခါရ နိမိတ္တတောစ၊ သင်္ခါရ နိမိတ်မှလည်း။ ဝုဋ္ဌာတိ၊ ထမြောက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝုဋ္ဌာနံ၊ ဝုဋ္ဌာနမည်၏။ (မဂ်လေးပါးရ၏)။ယံဉာဏံ၊အကြင်အနုလောမဉာဏ်နှင့်တကွသောသင်္ခါရုပေက္ခာဉာဏ်သည်။ဝုဋ္ဌာနံ၊သင်္ခါရနိမိတ်မှထသော မဂ်သို့။ဂစ္ဆတိ၊ သွားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံဉာဏံ၊ ထိုအနုလောမဉာဏ်နှင့်တကွသောသင်္ခါရုပေက္ခာဉာဏ်သည်။ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါမိနီမည်၏။ ဝုဋ္ဌာနဂါမိနီစ၊ ဝုဋ္ဌာနဂါမိနီ သည်ပင်လျှင်။ ဝိပဿနာ၊ ဝိပဿနာဇောတည်း။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၊ ဝုဋ္ဌာနဂါမိနီသည်ပင်လျှင် ဝိပဿနာဇောမည်၏။

ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောကို သဠာယတန ဝိဘင်းပါဠိတော်၌ တဏှာနှင့် ယှဉ်သော သမ္ပယုတ်ခန္ဓာ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အကာမ္မယတာဉာဏ်ဟု ဟောတော်မူ၏၊ အလဂဒ္ဒသုတ်၌ နိဗ္ဗိန္ဒဉာဏ်ဟုဟောတော်မူ၏။ ပေါဋ္ဌပါဒသုတ်၌ ပညဂ္ဂဉာဏ်ဟု ဟောတော်

မူ၏၊ဒသုတ္တရသုတ်၌ပါရှိသုဒ္ဓိ ပဓာနိယင်္ဂ-ဟု ဟောတော်မူ၏ ပဋိသမ္ဘိဒါမဂ်၌ မုဋ္ဌိတုကမျတာ ပဋိသင်္ခါ နုပဿနာ သင်္ခါရုပေက္ခာဟူ၍ဟောတော် မူ၏၊ ရထဝိနီတသုတ်၌ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဟူ၍ ဟောတော်မူ၏။ ပရိညာအားဖြင့်ဘင်ဉာဏ်မှစ၍အနုလောမဉာဏ်တိုင်အောင်ရှစ်ပါးသော ဝိပဿနာဉာဏ်တို့သည် နာမ်ရုပ်တရားတို့၏ အနိစ္စစသည်ကို ပယ်သော အားဖြင့် ပဟာနပရိညာမည်၏၊ ဤသည်လျှင် အနုလောမ ဉာဏ်နှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိအပြပြီးပြီ။

**မဂ်လေးပါးနှင့် ဉာဏဒဿနဝိသုဒ္ဓိကိုပြခြင်း**

မဟာကုသိုလ်နှင့်ယှဉ်သော ဂေါတြဘူဇောသည် မဂ်၏အာဝဇ္ဇန်း အရာတည်၍ ပေးအပ်သော အာသေဝနပစ္စည်းအဟုန်ကို မဂ်ဉာဏ်သည် မလွတ်မူ၍ နိဗ္ဗာန်ကိုအာရုံပြုပြီးလျှင် ရှေးအနမတဂ္ဂ သံသရာ၌မဖျက်ဆီး မဖောက်ခွဲဘူးသော လောဘ ဒေါသ မောဟ အစုအခဲကို ဖျက်ဆီး ဖောက်ခွဲခြင်းကိုပြု၍ အနမတဂ္ဂ သံသရာဝဋ်တည်းဟူသော သမုဒ္ဒရာကို ခန်းခြောက်စေလျက်ခပ်သိမ်းသောအပါယ် လေးပါးတံခါးကိုပိတ်လျက် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း သမုဒယသစ္စာကို ပယ်ခြင်း နိရောဓ သစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ပွားများခြင်း တည်းဟူသော မဂ်ကိစ္စလေးပါးကို တပြိုင်တည်း ပြီးစေလျက် မဂ်ဇောတကြိမ်ကျ၏၊ ထိုနောင် သောတာပတ္တိမဂ်ဇော စေတနာသည် ဖြစ်စေ အပ်သော သောတာပတ္တိဖိုလ်စိတ်သည် နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏၊ ထိုနောင် ယထာရဟ ဘဝင်ကျ၍ သောတာပန်ဖြစ်ပြီးမှ အထက်မဂ်သုံးပါးကို ရခြင်းငှာဝိပဿနာ ဘာဝနာကိုအားထုတ်ပြန်၍သကဒါဂါမ်အနာဂါမ် ရဟန္တာအဖြစ်သို့ရောက်ရ၏၊ ဤလေးပါးသော မဂ်စိတ်နှင့် သမ္ပယုတ် ဖြစ်သောဉာဏ်သည်သာလျှင် ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ထို့ကြောင့် လက်သန်းအဋ္ဌကထာ၌-ဆဗ္ဗိသုဒ္ဓိက္ကမေနေဝ ဘာဝေတဗ္ဗော စတုဗ္ဗိဓော ဉာဏဒဿနဝိသုဒ္ဓိနာမ မဂ္ဂေါ ပဝုစ္စတိ-ဟုမိန့်တော်မူ၏။ ဝေါ၊ ဤသို့။ ဆဗ္ဗိသုဒ္ဓိက္ကမေန၊ ခြောက်ပါး ဝိသုဒ္ဓိနှစ်ပါး ကိုယ်နှင့်တူသော ဝိသုဒ္ဓိ လေးပါးပေါင်းခြောက်ပါး၏ အစဉ်အားဖြင့်။ ဘာဝေတဗ္ဗော၊ ပွားများ စေအပ်သော။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသော။ မဂ္ဂေါ၊ မဂ်ကို။ ဉာဏဒဿနဝိသုဒ္ဓိနာမ၊ ဉာဏဒဿနဝိသုဒ္ဓိမည်၏ဟူ၍။ ပဝုစ္စတိ၊ အပြား အားဖြင့် မိန့်ဆိုအပ်၏။ ဤသည်လျှင် မဂ်လေးပါးဟု ဆိုအပ်သော ဉာဏ ဒဿနဝိသုဒ္ဓိကိုပြခြင်းတည်း။

### မဂ္ဂဝီထိ၌ အနုလုံဂေါတြဘူနှစ်ပါး အာရုံထူးဟန်ပြခြင်း

တချက်တည်းသော အာဝဇ္ဇန်း ဖြစ်ပြီးသော မဂ္ဂဝီထိ၌ ဖြစ်သော အနုလုံဂေါတြဘူတို့သည် အာရုံအားဖြင့် ထူးကြကုန်၏။ ထူးဟန်ကား- အနုလုံသည် တေဘူမက သင်္ခါရတရားကို အာရုံပြု၍ ဂေါတြဘူသည် နိဗ္ဗာန်ကိုအာရုံပြု၏။ ဥပမာအားဖြင့် ချောင်း၏တဘက်ကမ်းသို့ ကူးတက်လိုသောယောကျ်ားသည် လျင်စွာပြေး၍ ချောင်းကမ်းပါးနား သစ်ပင်၌ ဆွဲထားသော ကြိုးကို ကိုင်၍ ခုန်တက်ပြီးလျှင် ထိုမှာဘက် ကမ်း၏ တဘက်သို့ ရောက်လျှင် ကြိုးကိုလွှတ်၍ တုန်လှုပ်လျက် တည်သကဲ့သို့ ထို့အတူ ဘဝယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တဝါသတည်းဟူသော ဤမှာဘက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ကူးလိုသော ယောဂီပုဂ္ဂိုလ် သူမြတ်သည်လည်း ဥဒယဗ္ဗယ အစရှိသော ဝိပဿနာတို့ဖြင့် လျင်စွာပြေး၍ အတ္တဘောတည်းဟူသော ကမ်းနားသစ်ပင်၌ ရုပ် ဝေဒနာ သင်္ခါရ ဝိညာဏ်တည်းဟူသောကြိုးကို အနုလုံ တည်းဟူသော အာဝဇ္ဇန်းလက်ဖြင့် အနိစ္စ ဒုက္ခ အနတ္တတို့၏အစွမ်းဖြင့် ကိုင်ဆွဲလျက် ထို ရုပ်ဝေဒနာစသောကြိုးကို မလွှတ်မူ၍ ပထမ အနုလုံဟု ဆိုအပ်သော ပရိကံ စိတ်ဖြင့် အထက်ခုန်တက်၍ ဒုတိယ အနုလုံဟုဆိုအပ်သော ဥပစာရစိတ်ဖြင့် နိဗ္ဗာန်ကမ်းကို ဆွဲကိုင်သည်ဖြစ်၍ တတိယ အနုလုံဟု ဆိုအပ်သော အနုလောမစိတ်ဖြင့် နိဗ္ဗာန်ဟူသော ကမ်းတဘက်သို့ ရောက်၍ ဂေါတြဘူစိတ်ဖြင့် ရုပ်ဝေဒနာ အစရှိသော သင်္ခါရနိမိတ်ကြိုးမှ လွှတ်၍ နိဗ္ဗာန်တည်းဟူသောကမ်း၌ တုန်လှုပ်လျက်ကျ၏ ဟူ၍ ဥပမာ ဥပမေယျ နှစ်ရပ် ဂဟေစပ်လျက်မှတ်ယူအပ်၏။ မဟာမာတိကံ လဃ်ကော ပုရိသောဝိယ။ မဟာမာတိကံ၊ကြီးစွာသောမြောင်းကို။လဃ်ကော၊ ခုန်လွှားသော။ ပုရိသောဝိယ၊ ယောကျ်ားကဲ့သို့တည်း။ ။ဤသည်လျှင် အနုလုံဂေါတြဘူ အာရုံအထူးတည်း။

### အနုလုံနှင့် ဂေါတြဘူကိစ္စ ထူးဟန်ပြခြင်း

မဂ္ဂဝီထိ၌ အနုလုံဂေါတြဘူ နှစ်ပါးတို့တွင် အနုလုံစိတ်သည် သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သောကိလေသာအမိုက်အမှောင်ကိုပယ်ဖျောက်နိုင်၏။ ။နိဗ္ဗာန်ကိုကား အာရုံမပြုနိုင်။ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုသာ အာရုံပြုနိုင်၏။ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်မှောင်ကို မပယ်ဖျောက်နိုင်ကုန်။ ဤသို့အားဖြင့် ထူးခြား၏။ ။ဥပမာအားဖြင့်သော်ကား မျက်စိအမြင်ရှိသော ယောကျ်ား တယောက်သည်

ညအခါ လနှင့် နက္ခတ်ယှဉ်ခြင်းကို သိအံ့သောငှါ အိမ်၏ အပြင်သို့ ထွက်၍ကောင်းကင်သို့ ကြည့်လတ်သော် တခဲနက်သော တိမ်တိုက်သည် ဖုံးလွှမ်းသောကြောင့် လသည် မထင်မပေါ်လေကုန်။ ထိုအခါ လေသုံး ကြိမ်တိုက်လွှင့်၍ အစဉ်အတိုင်း တိမ်ထူတိမ်လတ်တိမ်သေးတိမ်ဖွဲ့ စင်ကြယ် လေသော် ကောင်းကင်အပြင် အလျှံ ဝင်းဝင်း ရွှေလမင်းကို မြင်၍ နက္ခတ်ကိုသိလေသကဲ့သို့ ထိုအတူ သုံးခုသော တိမ်တိုက်နှင့် တူသော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ထူထပ် သိမ်မွေ့သော ကိလေသာ အမိုက်မှောင်ကို သုံးခုသောလေနှင့်တူသော သုံးပါးသော အနုလုံတို့ သည်တိုက်လွှင့်၍ မျက်စိအမြင်ရှိသော ယောကျ်ားနှင့်တူသော ဂေါတြဘူ ဉာဏ်သည် ရွှေလမင်းတည်းဟူသော နိဗ္ဗာန်ကို မြင်နိုင်၏။ ။ဤ ဥပမာ၌ လေသုံးခုသည် တိမ်တိုက်ကိုလွှင့်နိုင်၏၊ လကိုမမြင်နိုင်သကဲ့သို့ အနုလုံ သုံးခုသည် မောဟအမှောင်ကို ဖျက်နိုင်၏။ နိဗ္ဗာန်ကို မမြင်နိုင်ကုန်။ ယောကျ်ားသည်လကို မြင်နိုင်၏။ တိမ်တိုက်ကို မဖျက်ဆီးနိုင်သကဲ့သို့ ဂေါ တြဘူဉာဏ်သည် နိဗ္ဗာန်ကိုမြင်နိုင်၏။ ကိလေသာကို မဖျက်ဆီးနိုင်ကုန်။ ဤသည်လျှင် အနုလုံ ဂေါတြဘူ ကိစ္စထူးဟန်တည်း။

## ဂေါတြဘူနှင့် မဂ်ဉာဏ်ပစ္စည်း ဆက်ဟန်ပြခြင်း

ဂေါတြဘူဉာဏ်သည် အနုလုံ၏အာရုံကိုမယူမူ၍ မဂ်အာဝဇ္ဇန်းအရာ၌ တည်လျက် မဂ်ဉာဏ်အား အာသေဝနသတ္တိကိုပေးသကဲ့သို့ ဖြစ်၍ချုပ် သောအခါ မဂ်သည်လည်း ဂေါတြဘူပေးသော ပစ္စည်း သတ္တိကို မလွှတ်ဘဲ အနမတဂ္ဂသံသရာမှ စွဲ၍လာခဲ့သော လောဘခဲ မောဟခဲ ဒေါသခဲတို့ကို ဖောက်ခွဲလျက် သစ္စာလေးပါးကိုတပြိုင်နက်ပင် ဉာဏ် တွင်ထင်၏။ ဥပမာ အားဖြင့် လေးသမားတယောက်သည် လေးအပြန် တရာအထက်၌ အထပ်တရာတပ်သော မှတ်ပျဉ်ကိုထား၍ မျက်နှာကို အဝတ်ဖိတ်လျက် ယန္တရားစက်၌ တည်ရပ်ပြီးလျှင် စက်လှည့်သောသူ ပေးအပ်သော အမှတ်သညာဖြင့် မြှားကိုပစ်လွှတ်၍ ပိတောက်နှစ်ပျဉ် ချပ်တရာကို ပစ်ဖောက်သကဲ့သို့ မှတ်အပ်၏။ ဤဥပမာ၌ အမှတ်ပေး သောသူနှင့် ဂေါတြဘူနှင့်တူ၏။ လေးသမားနှင့် မဂ်ဉာဏ်နှင့် တူ၏။ ပိတောက်ပျဉ်ချပ်နှင့် လောဘခဲ စသည်နှင့်တူ၏။ အမှတ်သညာဖြင့် လေးသမား ပျဉ်ချဉ်ကိုပစ်သည်နှင့် ဂေါတြဘူပေးသော သတ္တိဖြင့် မဂ် ဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ လောဘသည် ဖောက်ခွဲဟန်နှင့် တူ၏ ဟူလို၊ မဂ်သည် သစ္စာလေးပါးကိုမြင်ရာ၌ ဆီမီး ဥပမာ လှေကူး ဥပမာ

တို့ကိုထုတ်ကြလေ။ ။ဤသည်လျှင် ဂေါတြဘူနှင့် မဂ်ပစ္စည်း ဆက်ဟန်တည်း။ .

## အဋ္ဌကထာ ဥပမာကို ပြဆိုခြင်း

ဤသို့ ပြအပ်ပြီးသော ဉာဏ်တို့တွင် ဘယဉာဏ်မှစ၍ မဂ် ဖိုလ် ဉာဏ်တိုင်အောင် ထိုက်သင့်သည့်အားလျော်စွာ အဋ္ဌကထာလာသည့် အတိုင်း ဥပမာတို့ဖြင့် ထင်ရှားစွာပြပေဦးအံ့။ အပွင့် အသီးကို စားလိုသော လင်းနို့ငယ်သည် ခက်မ ငါးသွယ်ရှိသော သစ်မည်စည်ပင်၌ နားလျက် တခုသောခက်မသို့ တက်လတ်၍ သုံးသပ်ကြည့်ရှုသောအခါ တစုံတခုသော အပွင့်အသီးကိုမမြင်၍ အစဉ်အတိုင်း နှစ်ခုမြောက် သုံးခုမြောက် လေးခုမြောက် ငါးခုမြောက်သော အကိုင်းအခက်မသို့ တက်လတ်၍ သုံးသပ် ကြည့်ရှုပြန်သော်လည်း အတန်ငယ်သော အသီး အပွင့် တို့ကိုမျှ မမြင်၍ ဤသစ်ပင်ကြီးသည် အချည်းနှီးဖြစ်၍ အသီးအပွင့် မရှိလေ တကားဟု နှလုံးပြုပြီးလျှင် ထိုသစ်ပင်၌ ရပ်ခြင်းကိုစွန့်၍ ပြောင်းခွာ သွားသော အကိုင်းဖြင့်အထက်သို့တက်ပြီးမှ သစ်ခွကြားဖြင့် ဦးခေါင်းကို ထုတ်လျက် အထက်သို့ကြည့်ပြီးလျှင် ကောင်းကင်သို့ပျံတက်၍ ထိုမှ တပါးအသီးအပွင့်ရှိသော သစ်ပင်၌ နားနေလေတော့သတည်း။

ဤဥပမာ၌ လင်းနို့ငယ်ကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်းသောအမှု၌ ယှဉ်သော ယောဂီပုဂ္ဂိုလ်တို့ကို သိအပ်၏၊ ငါးခုသော ခက်မရှိသော သစ်မည်စည်ပင်ကဲ့သို့ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို သိအပ်၏၊ လင်းနို့ငယ်သည် ခက်မငါးသွယ်ရှိသော သစ်ပင်၌နားသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ခန္ဓာ ငါးပါး၌ ငါ၏ဥစ္စာတကားဟုမှားသောအားဖြင့်စွဲလန်းခြင်းကိုသိအပ်၏၊ ထိုလင်းနို့ငယ်၏ တခုသော ခက်မသို့ သက်လတ်၍ သုံးသပ် ကြည့်ရှုသော်လည်း တစုံတခုသော အပွင့်အသီးကိုမမြင်သဖြင့် အစဉ်အတိုင်း ကြွင်းလေးကိုင်းသို့သက်လတ်၍ သုံးသပ် ကြည့်ရှုပြန်သော်လည်း အတန်ငယ်သော အသီးအပွင့်ကို မမြင်သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ရူပက္ခန္ဓာကို ဝိပဿနာဉာဏ်ဖြင့်သုံးသပ်ကြည့်ရှုပြန်သော်တစုံတခုသောနိစ္စ သုခ သုဘ အတ္တကို မမြင်ခြင်းကြောင့် ကြွင်းသောခန္ဓာလေးပါးကို သုံးသပ်ကြည့်ရှု ပြန်သော်လည်း အတန်ငယ်သော နိစ္စ သုခ သုဘ အတ္တကိုမမြင်ခြင်းကို သိအပ်၏။ ထိုလင်းနို့ငယ်၏ ဤသစ်ပင်ကြီးသည် အချည်းနှီးကြီးဖြစ်၍ အပွင့်အသီးမရှိလေတကားဟု နှလုံးပြုပြီးလျှင် ထိုသစ်ပင်၌ တပ်ခြင်းကို စွန့်သကဲ့သို့ ခန္ဓာငါးပါး၌ နိစ္စ သုခ သုဘ အတ္တတည်းဟူသော အပွင့်

အသီးမမြင် အနိစ္စ ဒုက္ခ အသုဘ အနတ္တ လက္ခဏာ တည်းဟူသော အချည်းနှီးသာမြင်သဖြင့် မြင်သည်၏အစွမ်းအားဖြင့် ငြီးငွေ့သောယောဂီ ပုဂ္ဂိုလ်၏ မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် သုံးပါးကို သိအပ်၏၊ထိုလင်းနို့ငယ်သည် ဖြောင့်စွာသွားသောအကိုင်းဖြင့် အထက်သို့တက်သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ အနုလောမဉာဏ်ကိုသိအပ်၏၊ ဦးခေါင်းကို ထုတ်လျက် အထက်သို့ကြည့်သကဲ့သို့ ဂေါတြဘူဉာဏ်ကို သိအပ်၏၊ ကောင်းကင်သို့ပျံတက်သကဲ့သို့ မဂ်ဉာဏ်ကိုသိအပ်၏၊ အပွင့် အသီးများသောသစ်ပင်မှတပါးသောသစ်ပင်၌ နားလေသကဲ့သို့မဂ်ဉာဏ် ကိုသိအပ်၏။ ဤသည်ကား လင်းနို့ဥပမာတည်း။

ဥပမာတနည်းကား–အိမ်ရှင် ယောကျ်ားသည် များစွာသော ကိစ္စကို ပြီးစေ၍ ညနေချမ်းအခါ အစာအာဟာရကို စားပြီးလျှင် အိမ်ရာ တိုက်ခန်းသို့ ဝင်၍ အိမ်ပျော်စဉ် ဝန်းကျင် တောက်ပြောင် အိမ်ကို မီးလောင်သောအခါ အိမ်ရှင် ယောကျ်ားသည် ထိတ်လန့်တကြား နိုးပြီး၍ မီးကိုမြင်လေလျှင် အလွန်ပင် ကြောက်ရွံ့သည်ဖြစ်၍ ငါ့ကို မီးမလောင်မနှိပ်စက်မီ အိမ်မှထွက်ရမှုကောင်း၏ယု ကြည့်ရှုသောအခါ ထွက်ပြေးရာ ခရီးလမ်းပေါက်ကို မြင်၍ ထိုခရီး လမ်းပေါက်ဖြင့်သာ ကောင်းစွာထွက်ပြေး၍ ဘေးကင်းလွတ်ရာ ချမ်းသာရာအရပ်သို့လျင်စွာ သွား၍ချည်းကပ်လေ၏၊ ထိုဥပမာ၌ အိမ်ရှင်ယောကျ်ား၏ များစွာသော ကိစ္စကိုပြီးစေ၍ ညနေချမ်းအခါ အစာအာဟာရကို စားပြီးလျှင် အိပ်ရာ တိုက်ခန်းသို့ဝင်၍ အိမ်ပျော်လေသကဲ့သို့ ဗာလပုထုဇဉ်၏ ခန္ဓာငါးပါး၌ ငါ၏ဥစ္စာဟူ၍ စွဲလန်းယုံမှားခြင်းကို သိအပ်၏၊ ထိတ်လန့်တကြားနိုး ပြီးလျှင် မီးကိုမြင်၍ ကြောက်ရွံ့သောအခါကဲ့သို့ ကောင်းစွာပဋိပတ် အကျင့်မြတ်ကို ကျင့်၍ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို ကောင်းစွာ မြင်သဖြင့် ဘယဉာဏ်ကိုသိအပ်၏၊ ထွက်ပြေးရာလမ်းခရီးကို မြင်သကဲ့သို့ အနုလောမဉာဏ်ကို သိအပ်၏၊ လျင်စွာ ထွက်ပြေးသကဲ့သို့ ဂေါတြဘူ ဉာဏ်ကိုသိအပ်၏၊ ကင်းလွတ်ရာ ချမ်းသာသောအရပ်၌ တည်သကဲ့သို့ မဂ်ဖိုလ်ဉာဏ်ကို သိအပ်၏။ ဤသည်ကား အိမ်ကို မီးလောင်သော ယောကျ်ား ဥပမာတည်း။

ဥပမာတနည်းကား–ညအခါ့အခါ လွန်စွာအိပ်ပျော်သော လယ်ထွန် ယောကျ်ား၏ များစွာသော နွားကြီး နွားလတ်တို့သည် ခြံကိုတိုး‌ဖွေ၍ ဖျက်လတ်၍ တရပ်တပါးပြေးသွားကြစဉ် နွားရှင်ယောကျ်ားသည် ခြေရာ

အစဉ်လျှောက်၍ လိုက်လေလျှင် မင်း၏နွားတော်ကိုမြင်၍ ထိုနွားတို့သည် ငါ၏နွားတို့ ပင်တည်းဟု အထင်အမှတ်မှားနှင့် ဆောင်သွား လေရာ မိုးလင်းသောအခါ၌မျှားစွာသောနွားတို့သည် ငါ၏နွားများ မဟုတ်ချေ ရေမြေသေဌ်နင်း ပြည့်ရှင်မင်း၏ နွားတို့ ပေတည်းဟု သိလေရကား မင်းဘေး မင်းဒဏ်ကေန်ရောက်တော့မည်ဟု ကြောက်၍ ဤလူဆိုးကား နွားခိုးသော ယောကျ်ားတည်းဟု လွန်စွာကြမ်းတမ်း ငါ့ကိုဘမ်းပြီးလျှင် အကျိုးမဲ့ ပျက်စီးအောင် မပြုမီပင် လျင်စွာ ငါပြေးတော့အံ့ဟု နွား အပေါင်းကိုစွန့်ခဲ့ပြီးခါ လျင်စွာပြေး၍ ဘေးမရှိရာအရပ်၌ တည်လေ၏။ ဤဥပမာ၌ မင်း၏နွားတော်များကို ငါ၏နွားများပင်ဟု အထင်မှတ်မှား ယူဆောင် သွားသကဲ့သို့ ဗာလဖြစ်သော ပုထုဇဉ်ယောကျ်ား၏ ခန္ဓာ ငါးပါးတို့ကိုသာ ငါ-ငါ၏ဥစ္စာဟု ထင်မှတ်စွဲလန်းခြင်းကို သိအပ်၏၊ မိုးလင်သောအခါထင်စွာမြင်လေကငါ၏နွားမဟုတ်ချေရေမြေသေဌ်နင်း ပြည့်ရှင်၏နွားများပေဘည်းဟု သိသကဲ့သို့ယောဂီပုဂ္ဂိုလ်၏သုံးပါးသော လက္ခဏာ၏အစွမ်းအားဖြင့် ခန္ဓာငါးပါးတို့သည် နိစ္စ သုခ အတ္တမဟုတ် အနိစ္စ ဒုက္ခ အနတ္တပါတကားဟု သိမြင်ခြင်းကို မှတ်အပ်၏၊ မင်းဘေး မင်းဒဏ် ကေန် ရောက်တော့မည်ဟု ကြောက်ရွံ့သော အခါကဲ့သို့ ဘယညာဏ်ကိုသိအပ်၏၊ နွားအပေါင်းကိုစွန့်ပစ်ထား၍ ပြေးသွားခြင်းငှာ များစွာအလိုရှိသကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကိုသိအပ်၏၊ နွားအပေါင်းကို စွန့်ခြင်းကိုကဲ့သို့ ဂေါတြဘူဉာဏ်ကိုသိအပ်၏၊ ပြေးသွားပြီးခါ ဘေးကင်း ရာ၌ ကောင်းစွာတည်သကဲ့သို့ မဂ်ဖိုလ်ဉာဏ်ကိုသိအပ်၏။ ဤမှတပါးသော ဘီလူးမ စသော ဥပမာတို့ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ယူကြလေ။

### ဝိမောက္ခမုခ တရားသုံးပါးကိုပြခြင်း

မဂ်ဖိုလ်သို့ရောက်ခြင်း အကြောင်း ဝိမောက္ခမုခတရားတို့သည် အနိမိတ္တာနုဿနာ မည်သော ဝိမောက္ခမုခတရား၊ အပ္ပဏိဟိတာနုပဿနာ မည်သော ဝိမောက္ခမုခတရား၊ သုညတာဝိပဿနာမည်သော ဝိမောက္ခ မုခတရားဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် အနိစ္စာနုပဿနာ သည် အနိစ္စတရား၌ နိစ္စဟုမှတ်ထင်သော ဝိပ္ပလ္လာသ အကြောင်းတရား တို့ကို ပယ်ခြင်းကြောင့် အနိမိတ္တာနုပဿနာမည်သော ဝိမောက္ခမုခတရား မည်၏။ ဒုက္ခာနုပဿနာသည် ကာမတဏှာ ဘဝတဏှာဖြင့် တောင့်တ ခြင်းတို့ကိုပယ်သောကြောင့် အပ္ပဏိဟိတာနုပဿနာမည်သော ဝိမောက္ခ မုခတရား မည်၏။ အနတ္တာနုပဿနာသည် အနတ္တတရား၌ အတ္တဟု

စွဲလန်းမှတ်ထင်သော ဝိပ္ပလ္လာသတရားတို့ကို ပယ်ခြင်းကြောင့် သုညတာ နုပဿနာမည်သော ဝိမောက္ခမုခတရားမည်၏။

ထို့ကြောင့် လက်သန်း အဋ္ဌကထာ၌။ ။တတ္ထ အနတ္တာနုပဿနာ အတ္တာဘိနိဝေသံ မုဉ္စန္တီ သုညတာနုပဿနာနာမ ဝိမောက္ခမုခံ ဟောတိ။ အနိစ္စာနုပဿနာ ဝိပ္ပလ္လာသနိမိတ္တံ မုဉ္စန္တီ အနိမိတ္တာနုပဿနာနာမ။ ဒုက္ခာနုပဿနာ တဏှာပဏိဓိံ အပ္ပဏိဟိတာနုပဿနာ နာမ-ဟူ၍ မိန့်ဆိုတော်မူ၏။ ။ဤဝိပဿနာ သုံးရပ်တို့ကို အဘယ့်ကြောင့် ဝိမောက္ခ မုခတရားဟု ဆိုသနည်း၊ ဝိပ္ပလ္လာသတရားလေးပါးမှ လွတ်တတ်သော မဂ်၏အကြောင်းတရား ဖြစ်သောကြောင့် ဝိမောက္ခမုခတရား မည်၏၊ ထို့ကြောင့်ဋီကာ၌-ဝိပ္ပလ္လာသ ပဋိပက္ခဓမ္မတော မုစ္စတီတိ ဝိမောက္ခော၊ မဂ္ဂေါ။ဝိမောက္ခဿ မုခံ ဝိမောက္ခမုခံ-ဟုပြတော်မူ၏။ ။ဝိပလ္လာသပဋိပက္ခ ဓမ္မတော၊ဆန့်ကျင်ဘက်ဖြစ်သော ဝိပ္ပလ္လာသ တရားမှ။ မုစ္စတိ၊ လွတ် မြောက်တတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဝိမောက္ခော၊ဝိမောက္ခမည်၏။ မဂ္ဂေါ၊ မဂ်လေးပါးကို။ လဗ္ဘတိ၊ ရအပ်၏။ ဝိမောက္ခဿ၊ ဝိပ္ပလ္လာသ တရားမှ လွတ်တတ်သော မဂ်၏။ မုခံ၊ အကြောင်းတည်း။ ဝိမောက္ခမုခံ၊ ဝိပ္ပလ္လာသ တရားမှ လွတ်တတ်သော မဂ်၏ အကြောင်း။ မုခသဒ္ဒါ အကြောင်းဟော ဥပါယတ္ထတည်း၊ အနုပဿနာ သုံးချက် အဓိပ္ပါယ် အကျဉ်းတည်း။

## လက္ခဏာရေးသုံးပါး ထင်ဟန်,မထင်ဟန်ကိုပြခြင်း

လက္ခဏာနိ ပန ကိဿ အမနသိကာရာ ကေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌဟန္တိ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)။ ကိဿဓမ္မဿ၊ အဘယ်တရားကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ကေနဓမ္မေန၊ အဘယ်တရား ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းသောကြောင့်။ လက္ခဏာနိ၊ လက္ခဏာတို့သည်။ နဥပဋ္ဌဟန္တိ၊ မထင်ကုန်သနည်း-ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ လာသည် နှင့်အညီ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတို့ကို ကောင်း စွာထင်ထင် မမြင်စေခြင်း အလို့ငှာ အဘယ် တရားတို့သည် ဖုံးလွှမ်း သနည်းဟူမူ လက္ခဏာရေး သုံးပါးတို့တွင် ဖြစ်ခြင်း ပျက်ခြင်းကို နှလုံး မသွင်းမဆင်ခြင်ခြင်းကြောင့် တစပ်တည်းတည်သကဲ့သို့သော ရှေ့နောက် အစဉ်ဖြင့် ဖုံးလွှမ်းသည်၏အဖြစ်ကြောင့် အနိစ္စလက္ခဏာသည် သတ္တဝါ တို့အား မထင်နိုင်ကုန်။ ထို့ကြောင့် အနိစ္စတရားကို သန္တတိ တရား ဖုံးလွှမ်းသည်ဟုမှတ်၊ ဖြစ်ခြင်း ပျက်ခြင်းကို သိမ်းဆည်း၍ တစပ်တည်း

ကဲ့သို့ဖြစ်သော ရှေ့နောက်အစဉ်ကို ဉာဏ်ဖြင့် ပယ်ခွာ၍ ကောင်းစွာ ဖျက်ဆီးအပ်သည် ရှိသော် အနိစ္စလက္ခဏာသည် ဟုတ်မှန် တိုင်းသော မိမိကိစ္စသဘော လက္ခဏာအားဖြင့် ထင်မြင်၏၊ သင်္ခါရတရားတို့၏ ဖြစ်ပျက်ခြင်းဖြင့် မပြတ်မလပ် အထပ်ထပ် အဘန်ဘန် အတန်တန် နှိပ်စက်တတ်သည်ကို နှလုံးမသွင်းခြင်းကြောင့် လေးပါးသော ဣရိယာပုထ်တို့ဖြင့် ဖုံးလွှမ်းသည်၏ အဖြစ်ကြောင့် ဒုက္ခလက္ခဏာသည် သတ္တဝါတို့အား မထင်မြင်နိုင်ကုန်။ ထို့ကြောင့် ဒုက္ခတရားကို ဣရိယာပုထ်ဖုံးလွှမ်းသည်ဟု မှတ်။ မပြတ်မလပ် အထပ်ထပ် အဘန်ဘန် အတန်တန် နှိပ်စက်တတ်သည်ကို နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းကိုပြု၍ လေးပါးသော ဣရိယာပုထ်ကို ရှာသည်ရှိသော် ဟုတ်တိုင်း မှန်တိုင်း မိမိကိစ္စသဘောအားဖြင့် ဒုက္ခလက္ခဏာသည် ထင်မြင်လေ၏။ အထူးထူးသော ဓာတ်တို့ကို မပြတ်စီးဖြန်း ခွဲခြမ်းဝေဘန်ခြင်း နှလုံးမသွင်း မဆင်ခြင်ခြင်းကြောင့် အစိုင်အခဲ နက်ဖြင့် ဖုံးလွှမ်းသည်၏ အဖြစ်ကြောင့် အနတ္တ လက္ခဏာ သည် သတ္တဝါတို့အား မထင်နိုင်ကုန်၊ ထို့ကြောင့် အနတ္တတရားကို ဃနဖုံးလွှမ်းသည်ဟုမှတ်။ အထူးထူးသော ဓာတ်တို့ကို မပြတ် စီးဖြန်း ခွဲခြမ်းဝေဘန်၍ အစိုင်မပျက် တခဲနက် ခွဲခြမ်းဝေဘန်ခြင်းကို ပြုသည်ရှိသော် ဟုတ်မှန်တိုင်းသော မိမိကိစ္စသဘောအားဖြင့် အနတ္တလက္ခဏာသည် ထင်မြင်လေ၏ဟု အဋ္ဌကထာဆရာ ပြတော်မူ၏၊ထို့ကြောင့် အဋ္ဌကထာ၌-အနိစ္စလက္ခဏံ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဉပဋ္ဌာတိ။ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝ သရသတော ဉပဋ္ဌာတိ၊ ဒုက္ခလက္ခဏံ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ နဉပဋ္ဌာတိ၊ ဣရိယာပထေ ဉဃ္ဃါဋိတေ ဒုက္ခလက္ခဏံ ယာထာဝ သရသတော ဉပဋ္ဌာတိ၊ အနတ္တလက္ခဏံ ဃနေန ပဋိစ္ဆန္နတ္တာ န ဉပဋ္ဌာတိ၊ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝ သရသတော ဉပဋ္ဌာတိ-ဟု မိန့်ဆို၏။

သန္တတိယာ၊ ရှေ့နောက်အစဉ်ဖြစ်ခြင်းဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။နဉပဋ္ဌာတိ၊ မထင်။သန္တတိယာ၊ရှေ့နောက်အစဉ်ဖြစ်ခြင်းကို။ ဝိကောပိတာယ၊ ဉာဏ်ဖြင့် ခွာအပ်သည်ရှိသော်။အနိစ္စလက္ခဏံ၊အနိစ္စလက္ခဏာသည်။ယာထာဝ သရသတော၊ ဟုတ်မှန်တိုင်းသော မိမိကိစ္စသဘော လက္ခဏာအားဖြင့်။ ဉပဋ္ဌာတိ၊ ထင်မြင်လာ၏။ ဣရိယာပထေဟိ၊ ဣရိယာပုထ်လေးပါးတို့ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခ

ဏာသည်။နဉပဋ္ဌာတိ၊မထင်မြင်လေ။ဣရိယာပထော၊ဣရိယာပုတ်လေးပါး ကို။ ဉဿ ါဋ္ဌိတော၊ ခွာသည်ရှိသော်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်မှန်တိုင်းသော မိမိကိစ္စ လက္ခဏာသဘော အားဖြင့်။ ဉပဋ္ဌာတိ၊ ထင်မြင်လာ၏။ ဃနေန၊အစိုင်အခဲမပျက် တခဲနက် အားဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ အနတ္တ လက္ခဏံ၊ အနတ္တ လက္ခဏာသည်။ နဉပဋ္ဌာတိ၊ မထင်မြင်လေ။ ဃန ဝိနိဗ္ဘောဂေ၊ အစိုင်အခဲမပျက် တခဲနက် တရားကို ခွဲခြမ်းဝေဘန်ခြင်းကို။ ကတေ၊ ပြုအပ်သည် ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တ လက္ခဏာသည်။ ယာထာဝသရသတော၊ဟုတ်မှန်တိုင်းသော မိမိကိစ္စ သဘော လက္ခဏာ အားဖြင့်။ ဉပဋ္ဌာတိ၊ ထင်မြင်လာ၏။

### ဤနေရာ၌ လင်္ကာအချုပ်ကား

၁။ ဖြစ်ပျက်အစဉ်ရှိ၊ သန္တတိ၊ ပယ်ခွာတိ အနိစ္စထင်။
၂။ လေးဣရိယာပုထ်၊ ပယ်ခွာနုတ်၊ အဟုတ်ဒုက္ခထင်။
၃။ အစိုင်မပျက်၊ တခဲနက်၊ ခွဲထွက် အနတ္တထင်။
၄။ လျှပ်စစ်ပမာ၊ ကိုယ်ခန္ဓာ၊ အနိစ္စာရှုဆင်ခြင်။
၅။ ရှားမီးပုံကျ၊ ကိုယ်ကာယ၊ ဒုက္ခရှုဆင်ခြင်။
၆။ ကမ္ဘာလေတိုက်စွ၊ ကိုယ်အတ္တ၊ အနတ္တရှုဆင်ခြင်။
၇။ လက္ခဏာသုံးခု၊ ထင်အောင်ရှု၊ ရောက်မှုနိဗ္ဗာန်ပင်။

ဤသည်လျှင် လက္ခဏာရေးသုံးခု ထင်ဟန် မထင်ဟန်ပြခြင်း ပြီးပြီ။

### အနက်အားဖြင့် လက္ခဏာရေးသုံးပါး ရှုဟန်ပြခြင်း

၁။ သဗ္ဗေသင်္ခါရာ ဥပ္ပါဒဝယ ပဝတ္တိတော ဝိပရိဏာမတော တာဝ ကာလိကတော နိစ္စပဋိက္ခေပတောစ အနိစ္စာ။ ။သဗ္ဗေ၊ ခပ်သိမ်းဉသုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ကံစိတ်ဉဟာ ကြောင်းလေးဖြာ တို့သည် ပြုပြင်စီရင်အပ်ကြသား သင်္ခါရတရားတို့သည်။ ဥပ္ပါဒဝယ ပဝတ္တိတောစ၊ ဖြစ်ခြင်း,ပျက်ခြင်း မကင်းမပြတ် ဖြစ်စေတတ်သောကြောင့်ရင်း။ ဝိပရိ ဏာမတောစ၊ ဖြစ်၍တဘန် ပျက်စီးပြန်သဖြင့် ဖောက်ပြန်တတ်သော ကြောင့်ရင်း။ တာဝ ကာလိကတောစ၊ ဥပါဒ်ပြီးခါ မြန်စွာခဏ ဘင်သို့ကျသဖြင့် အခိုက်အတန့်မျှ ဖြစ်စေတတ်သောကြောင့်ရင်း။ နိစ္စ ပဋိက္ခေပတောစ၊ မြဲသည်ကိုသာ လွန်စွာ ပယ်တတ်သောကြောင့်ရင်း။ အနိစ္စာ၊ ကုန်ပျက်ချုတ်ယွင်း မြဲခြင်း မရှိကုန်စွတကား။ ။အနိစ္စအနက် လေးချက်တည်း။

ဇူဿာသယ ၄၈၈-၃၁

၂။ သဗ္ဗေသင်္ခါရာ အဘိဏှ သမ္ပဋိပီဠနတော ဒုက္ခမတော ဒုက္ခ ဝတ္ထုတော သုခပဋိက္ခေပတောစ ဒုက္ခာ။ ။သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ကံစိတ်ဥတုဟာ ကြောင်းလေးဖြာတို့သည် ပြုပြင်စီရင်အပ်ကြသော သင်္ခါတရားတို့သည်။ အဘိဏှသမ္ပဋိပီဠနတောစ၊ မပြတ်ခလပ် အထပ်ထပ်နှိပ်စက်တတ်သောကြောင့်ရင်း။ ဒုက္ခမတောစ၊ အလွန်ဆင်းရဲ သည်းခံနိုင်ခဲသောကြောင့်ရင်း။ ဒုက္ခဝတ္ထုတောစ၊ ကျင်နာကိုက်ခဲခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့်ရင်း။ သုခပဋိက္ခေပ တောစ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာကို ပယ်ဖြတ်သောကြောင့်ရင်း။ ဒုက္ခာ၊ ကျင်နာအမြဲ ဆင်းရဲကုန်စွတကား။ ဒုက္ခအနက်လေးချက်တည်း။

၃။ သဗ္ဗေ သင်္ခါရာ သုညတော အသာမိကတော အဝသဝတ္တိတော အတ္တ ပဋိက္ခေပတောစ အနတ္တာ။ ။သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ကံစိတ်ဥတုဟာ ကြောင်းလေးဖြာတို့သည် ပြုပြင်စီရင်အပ်ကြသော သင်္ခါရတရားတို့သည်။ သုညတောစ၊ အလိုသို့လိုက်သော အခြင်းအရာမှ ဆိတ်သောကြောင့်ရင်း။ အသာမိကတောစ၊ အစိုးရသူ မရှိသောကြောင့်ရင်း။ အဝသဝတ္တိတောစ၊ မိမိလိုရာ ရုံခါစိုက်စိုက် မလိုက်သောကြောင့်ရင်း။ အတ္တပဋိက္ခေပတောစ၊ ကိုယ်ဟု ခေါ်ကြ အတ္တကိုသာ ကောင်းစွာ ပယ်တတ်သောကြောင့်ရင်း။ အနတ္တာ၊အစိုးမရ အနှစ်သာရ မရှိကုန်စွတကား။ အနတ္တအနက် လေးချက်တည်း။

ဤသည်လျှင် အနက်အားဖြင့် ဝိပဿနာရှုကြည့်ဟန်တည်း။ ရင်းပါဠိ အနက်ကို နှုတ်တွင်မိမိအရကျက်ဆောင်ကြလေ။

## အနိစ္စ အနိစ္စလက္ခဏာစသည်ခြောက်ပါးကိုပြခြင်း

မရှုမီကာလ ရှေဦးစွာသမယဝယ် အနိစ္စကိုရင်းအနိစ္စလက္ခဏာကိုရင်း၊ ဒုက္ခကိုရင်း ဒုက္ခလက္ခဏာကိုရင်း၊ အနတ္တကိုရင်း အနတ္တလက္ခဏာကိုရင်း ပိုင်းခြားမှတ်သားအပ်၏၊ ထိုခြောက်ပါးတို့တွင် ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် အနိစ္စ မည်၏၊ အဘယ့်ကြောင့်ဟူမူ ဖြစ်ခြင်းပျက်ခြင်း ဖောက်ပြန်ခြင်း ရှိသည်၏အဖြစ်ကြောင့်ရင်း၊ ဖြစ်ပြီးသော ကာလ အနည်းငယ်မျှ တတန်မရှိသောကြောင့်ရင်းတည်း။ ထို့ကြောင့်ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-အနိစ္စန္တိ ခန္ဓပဉ္စကံ၊ ကသ္မာ ဥပ္ပါဒ ဝယညထတ္တာဘာဝါ ဟုတွာ အဘာဝတောဝါ-ဟု ဘွင့်ပြတော်မူ၏။ ခန္ဓပဉ္စကံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ အနိစ္စံ၊ အနိစ္စမည်၏။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ ဥပ္ပါဒဝယညထတ္တာဘာဝါ၊ ဖြစ်ခြင်း ပျက်ခြင်း ဖောက်

ပြန်ခြင်းရှိသည်၏ အဖြစ်ကြောင့်တည်း။ ဝါ၊ တနည်းကား။ ဟုတွာ၊ ဖြစ်ပြီး၍။ အဘာဝတော၊ တဘန်မရှိသောကြောင့်တည်း။ ။ဖြစ်ခြင်း ပျက်ခြင်း ရှိသောအဖြစ်သည်ရင်း ဖြစ်ပြီး၍ အနည်းငယ်မျှ မရှိသည်ဟု ဆိုအပ်သော အခြင်းအရာသည်ရင်း အနိစ္စလက္ခဏာမည်၏။ အနိစ္စမည်၊ ထို့ကြောင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ဉပ္ပါဒဝယညထတ္တံ အနိစ္စလက္ခဏံဟုတွာ အဘာဝသင်္ခါတောဝါ အာကာရော-ဟု ဘွင့်ပြ၏။ ဥပ္ပါဒဝယညထတ္တံ၊ ဖြစ်ခြင်းပျက်ခြင်း ဘောက်ပြန်ခြင်းရှိသော အဖြစ်သည်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာမည်၏။ ဝါ၊ တနည်းကား။ ဟုတွာ၊ ဖြစ်ပြီး၍။ အဘာဝ သင်္ခါတော၊ မရှိခြင်းဟုဆိုအပ်သော။ အာကာရောဝါ၊ အခြင်းအရာ သည်ရင်း။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာမည်၏။

အကြင်တရားသည်မရှိ၊ ထိုမမြင် မရှိသော တရားပင် ဆင်းရဲ၏ဟု ဟောတော်မူသောကြောင့် ထိုအနိစ္စမည်သော ခန္ဓာငါးပါး ရုပ်နာမ် တရားသည်ပင်လျှင် ဒုက္ခမည်၏။ ဒုက္ခလက္ခဏာမမည်၊ အဘယ့်ကြောင့် ဟူမူ မပြတ်မလပ် အထပ်ထပ် နှိပ်စက်တတ်သော ကြောင့်တည်း။ ။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-ယဒနိစ္စံ တံ ဒုက္ခန္တိ ဝစနတော ပန တဒေဝ ခန္ဓပဉ္စကံ ဒုက္ခံ၊ ကသ္မာ အဘိဏှပဋိပီဠနာ-ဟုဘွင့်ပြ၏။ ယဒနိစ္စံ တံ ဒုက္ခန္တိ၊ ယဒနိစ္စံ ယံဒုက္ခံ-ဟူ၍။ ဝစနတော၊ ဘုရားဟောတော်မူ သောကြောင့်။ တဒေဝခန္ဓပဉ္စကံ၊ ထိုခန္ဓာငါးပါးသည်ပင်လျှင်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား အဘိဏှပဋိပီဠနာ၊ မပြတ်မလပ် အထပ်ထပ် နှိပ်စက်တတ်သောကြောင့်တည်း။ မပြတ်မလပ် အထပ်ထပ် နှိပ်စက်တတ်သော အခြင်းအရာသည် ဒုက္ခလက္ခဏာသာ မည်၏၊ ဒုက္ခမည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အဘိဏှပဋိပီဠနာ ကာရော ဒုက္ခလက္ခဏံ-ဟုဘွင့်ပြ၏။ အဘိဏှပဋိပီဠနာကာရော၊ မပြတ် နှိပ်စက်တတ်သော အခြင်းအရာသည်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာ မည်၏။ အကြင်တရားသည်ဆင်းရဲ၏ထိုဆင်းရဲသော တရားသည်ပင်လျှင် အစိုးမရ အနှစ်သာရမရှိ မိမိအလိုသို့မလိုက်တတ်သော အနတ္တတရားဟု ဘုရားဟောတော်မူခြင်းကြောင့် ထိုဒုက္ခမည်သော ခန္ဓာငါးပါး ရုပ်နာမ် တရားသည် အနတ္တသာမည်၏၊ အနတ္တလက္ခဏာမမည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌- ယံဒုက္ခံ၊ တဒနတ္တာတိ ဝစနတော တဒေဝ ခန္ဓပဉ္စကံ အနတ္တာ-ကသ္မာ အဝသဝတ္တနတော-ဟုဘွင့်ပြ၏။ ယံ ဒုက္ခံ၊ တဒနတ္တာတိ၊ ယံ ဒုက္ခံ တဒနတ္တာဟူ၍။ ဝစနတော၊ ဘုရားဟောတော် မူသောကြောင့်။ တဒေဝ ခန္ဓပဉ္စကံ၊ ထိုခန္ဓာငါးပါး သည်ပင်လျှင်။

အနတ္တာ၊ အနတ္တမည်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ အဝသဝတ္တနတော၊ မိမိအလိုသို့မလိုက်သောကြောင့်တည်း။

မိမိအလိုသို့ မလိုက်သော အခြင်းအရာသည် အနတ္တာလက္ခဏာသာ မည်၏၊ အနတ္တမမည်ကုန်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အဝသ ဝတ္တနာကာရော အနတ္တလက္ခဏံ-ဟုပြ၏။ အဝသဝတ္တနာကာရော၊ မိမိ အလိုသို့မလိုက်သောအခြင်းအရာသည်။အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာ မည်၏။ အာယတန ဝိဘင်း အဋ္ဌကထာ၌လည်း ဤနည်း အတူဖြစ်၍ အသီးယူလိုက်ပြီ။ ဤသို့ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာဆရာတို့ ဘွင့်ပြသောကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားဟု ဆိုအပ်သော အနိစ္စ ဒုက္ခ အနတ္တတို့ကို လက္ခဏဝန္တတရားဟုသာမှတ်သား အပ်၏၊ လက္ခဏာရေးသုံးပါးဟူ၍ မမှတ်သားအပ်။ ဖြစ်ခြင်း ပျက်ခြင်း တောက်ပြန်သည်၏ အဖြစ်ဖြင့် ဖြစ်ပြီး၍တဘန်မရှိခြင်း အခြင်းအရာ တို့ကိုရင်း၊ မိမိအလိုသို့မလိုက်သော အခြင်းအရာကိုရင်း ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကို မှတ်ကြောင်း ဖြစ်သောကြောင့် လက္ခဏာရေး သုံးပါးဟူ၍ မှတ်သား အပ်၏၊ ထို့ကြောင့်ဓမ္မသင်္ဂဏီအနုဋီကာ၌-သင်္ခါရာနမ္ပိ ဟုတွာ အဘာဝ ဥဒယဗ္ဗယ ပဋိပီဠနာ ဝသဝတ္တနာ ကာရေသု အနိစ္စာဒိလက္ခဏ ဝေါဟာရော-ဟုဘွင့်ပြ၏။ ဟိ သစ္စံ၊ မှန်လှပေ၏။သင်္ခါရာနံ၊ ခန္ဓာငါးပါး ရုပ်နာမ်ဘရားတို့၏။ ဟုတွာ အဘာဝ ဥဒယဗ္ဗယပဋိပီဠနာဝသဝတ္တနာ ကာရေသု၊ ဖြစ်ပြီး၍မရှိခြင်းအဖြစ်အပျက် မပြတ်နှိပ်စက်ခြင်း မိမိအလိုသို့ မလိုက်ခြင်း အခြင်းအရာတို့၌။ အနိစ္စာဒိလက္ခဏဝေါဟာရော၊ အနိစ္စ အစရှိသော လက္ခဏာရေးသုံးပါးခေါ်ဝေါ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

ဤသို့အနုဋီကာရှင် ဓမ္မပါလဘွင့်ပြသည်နှင့်အညီ အနိစ္စ ဒုက္ခ အနတ္တ ဟုဆိုအပ်သော လက္ခဏဝန္တတရားကို လက္ခဏာရေး သုံးပါးဟု မမှတ် သားအပ်ကုန်၊ ထိုသို့ပင် မမှတ်သား အပ်သော်လည်း သေချာသိမြင် ဝိပဿနာ ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်မြတ် တို့မှာမူကား လက္ခဏ ဝန္တတရားဟု ဆိုအပ်သော အာကာရ တရားတို့ကိုလည်း သိမ်းယူအပ် သည်သာလျှင် ဖြစ်၏။ ထို့ကြောင့် ၎င်းအနုဋီကာကျမ်း၌ အာကာရ ဝန္တေသု ဂဟိတေသု တဒါကာရောပိ ဂဟိတောဝ ဟောတိ-ဟု ဘွင့် ပြ၏။ ထိုသို့ ပြအပ်ပြီးသော လက္ခဏာ သုံးပါးတို့တွင် အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ နှစ်ပါးတို့သည် နိဗ္ဗာန်ရောက်အပ် အနတ္တ လက္ခဏာကို ပြတတ်သော အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ၊နိဗ္ဗာန် ရောက်အပ် အနတ္တ

လက္ခဏာကို မပြတတ်သော အနတ္တလက္ခဏာ ဒုက္ခလက္ခဏာဟု နှစ်ပါး ရှိ၏။ ယိုနှစ်ပါး တို့တွင် သာသနာပ အခါ၀ယ် အိုးငယ် ခွက်ငယ် တို့သည် လက်မှကျ၍ ကွဲသည်ရှိသော် ဩော်-အနိစ္စ မမြဲလေစွတကား ဆိုတဲ့ အနိစ္စ၊ မိမိအတ္တဘော၌ ပေါ်ပေါက်လာသော အိုင်းအနာသည် တစုံတခုထိခိုက်သည်ရှိသော် ဩော်-ဒုက္ခ ဆင်းရဲလေစွတကားဟု ဆိုတဲ့ ဒုက္ခတရားတို့သည် နိဗ္ဗာန်ရောက်အပ် အနတ္တလက္ခဏာကိုမပြတတ်၊အနိစ္စ လက္ခဏာ ဒုက္ခလက္ခဏာမည်၏၊ သာသနာတွင်း၀ယ် ရုပ်နာမ်ဓမ္မသင်္ခါရ တို့ ဖြစ်ပျက်ခြင်း၏ ဆင်းရဲပုံ အလုံးစုံကို ထင်ရှား သေချာ လွန် မင်းစွာ မြင်နိုင်သော အနိစ္စ ဒုက္ခတို့သည် နိဗ္ဗာန်သို့ ရောက်အပ် အနတ္တ လက္ခဏာကို ပြတတ်သော အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာမည်၏။ ထိုသို့ ထူးခြားလက္ခဏာပြားရာ၀ယ် အနတ္တလက္ခဏာကို မမြင်နိုင်သော အနိစ္စ လက္ခဏာ ဒုက္ခလက္ခဏာတို့ကို သာသနာပအခါ၀ယ် သရဘင်္ဂရသေ့ ပရိဗိုဇ်တို့သည် ဟောပြခြင်းငှာ စွမ်းနိုင်၏။ အဘယ့်ကြောင့်ဟူမူ မဂ်ဖိုလ် နိဗ္ဗာန်ကို ရသိရခြင်း အကြောင်းမဟုတ်သောကြောင့်တည်း။ ထို့ကြောင့် သာသနာပအခါ၀ယ် သရဘင်္ဂရသေ့ ပရိဗိုဇ် ဆရာတို့သည် နိဗ္ဗာန်သို့ ရောက်အပ် အနတ္တလက္ခဏာကို ပြတတ်သော အနိစ္စလက္ခဏာ ဒုက္ခ လက္ခဏာကိုကား မဟောမစွမ်းနိုင်ကုန်။ အနတ္တလက္ခဏာ သက်သက် ကိုလည်း သာ၍ပင် မဟောကြားနိုင်ကုန်၊ သုံးလူ့ထွဋ်ထား မြတ်စွာ ဘုရားရှင်တို့သည်ကား နိဗ္ဗာန်သို့ရောက်အပ် အနတ္တလက္ခဏာကို ပြတတ် သော အနိစ္စလက္ခဏာ၊အနတ္တလက္ခဏာအရာ သက်သက်ကိုရင်း ဟောဆို ပညတ်ခြင်းငှာ စွမ်းနိုင်ပေကုန်၏။

ထို့ကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ၌-အနတ္တလက္ခဏာ ပညာ ပနဉ္စ အညဿ ကဿစိ အဝိသယော သဗ္ဗညုဗုဒ္ဓါနမေဝ ဝိသယော-ဟု ဘွင့်ပြတော်မူ၏။ ။ဟိသစ္စံ၊ မှန်လှပေ၏။ အနတ္တလက္ခဏာပညာပနံ၊ အနတ္တလက္ခဏာကို ပညတ်ခြင်းသည်။ အညဿ၊ ဘုရားမှ တပါးသော။ ကဿစိ၊ တစုံတယောက်သောသူ၏။ အဝိသယော၊ အရာမဟုတ်, နေရာ မဟုတ်။ သဗ္ဗညုဗုဒ္ဓါနမေဝ၊ သဗ္ဗညုဘုရားရှင်တို့၏သာလျှင်။ ဝိသယော၊ အရာနေရာ စင်စစ်အမှန်ပေတည်း။

ထိုသို့ အဋ္ဌကထာအရှင်ဆရာ မဟာဗုဒ္ဓဃောသသည် အနတ္တလက္ခဏာ ကိုသာလျှင် ဘွင့်ပြကြားသော်လည်း အရှင်အာနန္ဒာ မူလဋီကာဆရာသည် အနတ္တလက္ခဏာကို ပြတတ်သော အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာဏာကို ပညတ်ခြင်း သည်လည်း ဘုရားမှ တပါးသောသူတို့ မပညတ်နိုင်ကုန်၊

သဗ္ဗညုဘုရားရှင်သာလျှင် ပညတ်တော်မူနိုင်ပေ၏ဟု ပြလိုရကား- အာယတနဝိဘင်္ဂမူလဋီကာ၌ အနတ္တလက္ခဏပညာပနဿ အဉေယံ အဝိသယတ္တာ အနတ္တလက္ခဏဒီပကာနံ အနိစ္စဒုက္ခလက္ခဏာနဉ္စ ပညာပနဿ အဝိသယတာ ဒဿိတာ ဟောတိ-ဟု ဘွင့်ဆိုတော်မူ၏။အနတ္တလက္ခဏာ ပညာပနဿ၊ အနတ္တလက္ခဏာကိုပြခြင်း၏။ အဉေယံ၊ ဘုရားမှတပါး သောသူတို့၏။ ဒ႕ဝိသယတ္တာ၊အရာမဟုတ်သည်၏အဖြစ်ကြောင့်။ အနတ္တလက္ခဏဒီပကာနံ၊ အနတ္တလက္ခဏာကိုပြတတ်သော။ အနိစ္စဒုက္ခလက္ခဏာနဉ္စ၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့ကိုလည်း။ ပညာပနဿ၊ ပညတ်ခြင်း၏။အဝိသယတာ၊ ဘုရားမှတပါးသောသူတို့၏ အရာမဟုတ်သည်၏ အဖြစ်ကို။ ဒဿိတာ၊ပြအပ်သည်။ ဟောတိ၊ဖြစ်၏။

ဤသို့ ဘွင့်ပြအပ်သည်နှင့်အညီ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်အပ်သော အနတ္တလက္ခဏာကို ပြအပ်သော အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့မှ တပါးသော အနတ္တလက္ခဏာ ဤသုံးဖြာသော လက္ခဏာရေး တို့တွင် တပါးပါးကို သေချာတိတိ မြင်ကာသိလျှင် ဤမှတပါးသော လက္ခဏာရေး နှစ်ပါးကိုလည်း ဝိပဿနာရှုသော ယောဂီသူမွန် သီလဝန်အား ဉာဏ်ဝယ်ထင်ရှား မြင်တော့သည်သာတည်း။ ထို့ကြောင့် နဝကနိပါတ် အင်္ဂုတ္တရအဋ္ဌကထာ၌-အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ ဟောတိ၊ ဧတေသု တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒ္ဒယံ ဒိဋ္ဌမေဝ ဟောတိ-ဟု ဘွင့်ပြတော်မူ၏။ အဋ္ဌသာလိနီ အဋ္ဌကထာမှာလည်း နည်းတူဖြစ်၍ အသီးမယူလိုက်ပြီ။ အနိစ္စလက္ခဏေ၊ အနိစ္စလက္ခဏာကို။ ဒိဋ္ဌေဝ၊ မြင်ခဲ့သည်ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာကို။ ဒိဋ္ဌမေဝ၊ မြင်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။ဟိသဒ္ဒ၊ ထိုစကားသည် စင်စစ်မသွေ မှန်လှပေသည်။ တီသု၊ သုံးပါးကုန်သော။ ဧတေသု လက္ခဏေသု၊ ထိုလက္ခဏာတို့တွင်။ ဧကသ္မိံ၊တပါးသော လက္ခဏာကို။ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ ဣတရဒ္ဒယံ၊ ဤမှတပါးသော လက္ခဏာနှစ်ပါးကို။ ဒိဋ္ဌမေဝ၊မြင်သည်သာလျှင်။ ဟောတိ၊ဖြစ်၏။ဤကဲ့သို့ အဋ္ဌကထာဆရာသည် အနိစ္စလက္ခဏာတပါးကို ဉာဏ်ဝယ်တိတိ မြင်သည်ရှိသော် ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ တို့ကိုလည်း မြင်သိရတော့သည်သာတည်း-ဟု ဘွင့်ပြအပ်သောကြောင့် မဂ်ဖိုလ်ဓမ္မ နိဗ္ဗာနသို့ လက္ခဏာသုံးလီ ပြည့်စုံညီမှသာ လျှင် ရောက်အပ်တော့သည်။ အနိစ္စလက္ခဏာ တပါးမျှဖြင့် အသခ်တ ဓာတ် နိဗ္ဗာန်မြတ်သို့ မရောက်နိုင် လေကုန်-ဟု သိအပ်လှတော့သည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ ပရမတ္ထမဉ္ဇူသာ၌ သောဝိ ဟိ ဣတရံ

လက္ခဏဒွယံ ဝိဘူတတရံ ကတွာ သမ္မသိတွာ ဝိသေသံ အဓိဂစ္ဆတိ၊ န အနိစ္စလက္ခဏမေဝ–ဟု ဘွင့်ပြတော်မူ၏။ ။ဟိသစ္စံ၊ ထိုစကားမှန်လှပေ၏။ သောဝိ၊ ထိုအနိစ္စလက္ခဏာကိုရှုသော ယောဂီသူမွန်သည်လည်း။ ဣတရံ၊ ဤမှတပါးသော။ လက္ခဏဒွယံ၊ ဒုက္ခအနတ္တလက္ခဏာနှစ်ပါးကို။ ဝိဘူတတရံ၊ အလွန်ထင်ရှားစွာ။ ကတွာ၊ ပြု၍။ သမ္မသိတွာ၊ သုံးသပ်ခြင်းကြောင့်။ ဝိသေသံ၊ ဈာန်မဂ်ဖိုလ်တရားမြတ် အသခ်ခတ်နိဗ္ဗာန်အထူးကို။ အဓိဂစ္ဆတိ၊ ရလေ၏။ အနိစ္စလက္ခဏမေဝ၊ အနိစ္စလက္ခဏာ တပါးတည်း သာလျှင်။ န၊ မဟုတ်။ ။ဤသည်လျှင် အနိစ္စ အနိစ္စလက္ခဏာ ဒုက္ခ ဒုက္ခလက္ခဏာ အနတ္တ အနတ္တလက္ခဏာတို့ကို ပိုင်းခြားပြခြင်းတည်း။

**လက္ခဏာရေးသုံးပါး၌ စက်လှည့်ဟန်ပြခြင်း**

ဝိပဿနာဉာဏ်တင်၍ မရှုသေးခိုက် ခန္ဓာငါးပါးသည် အနိစ္စသာလျှင်မည်၏၊ အနိစ္စလက္ခဏာမမည်၊ ခန္ဓာငါးပါး၏ဖြစ်ပြီး၍ တဘန်ပျက်ပြန်သော အခြင်းအရာ အာကာရပညတ်သဘောသည် အနိစ္စလက္ခဏာသာမည်၏၊ အနိစ္စမမည်၊ ဝိပဿနာဉာဏ် တင်၍ ရှုခိုက် ဖြစ်သော ခန္ဓာငါးပါးသည် အနိစ္စလည်းမည်၏၊ အနိစ္စ လက္ခဏာလည်း မည်၏။ နိဗ္ဗာန်နှင့် နာမပညတ်သည် အနိစ္စလည်းမမည်၊ အနိစ္စလက္ခဏာလည်း မမည်ဟု စတုက္ကနယကိုသိအပ်၏၊ ဒုက္ခလက္ခဏာမှာလည်း နည်းတူ လှည့်လေ။

ဝိပဿနာဉာဏ်တင်၍ မရှုသေးခိုက် ခန္ဓာငါးပါးသည် ဒုက္ခသာမည်၏၊ ဒုက္ခလက္ခဏာမမည်၊ ခန္ဓာငါးပါး၏ မပြတ်မလပ် အထပ်ထပ် အဘန်ဘန် အတန်တန်နှိပ်စက်သော အခြင်းအရာ သဘောသည် ဒုက္ခလက္ခဏာသာမည်၏၊ ဒုက္ခမမည်၊ ဝိပဿနာဉာဏ်တင်၍ ရှုခိုက်ဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခလည်းမည်၏၊ ဒုက္ခလက္ခဏာလည်းမည်၏၊ နိဗ္ဗာန်နှင့် နာမပညတ်သည် ဒုက္ခလည်းမမည်၊ ဒုက္ခလက္ခဏာလည်း မမည်ဟူ၍ စတုက္ကနယကို သိအပ်၏၊ ဝိပဿနာဉာဏ်တင်၍ မရှုခိုက် ခန္ဓာငါးပါးနှင့် တကွ နိဗ္ဗာန်ပညတ်တို့သည် အနတ္တသာလျှင်မည်၏၊ အနတ္တလက္ခဏာမမည်၊ ခန္ဓာငါးပါး၏ မိမိအလိုသို့မလိုက်သော အခြင်းအရာ သဘောသည် အနတ္တသာမည်၏၊ အနတ္တလက္ခဏာမမည်၊ ဝိပဿနာဉာဏ်တင်၍ ရှုခိုက်ဖြစ်သော ခန္ဓာငါးပါးသည် အနတ္တလည်းမည်၏၊ အနတ္တလက္ခဏာလည်းမည်၏၊ (မှတ်ချက်) အနတ္တလည်း မမည်၊ အနတ္တလက္ခဏာလည်း မမည်သောတရားကားမရှိဟု မှတ်လေ၊ ထိုသို့မရှိသောကြောင့် လောကီခန္ဓာနှင့်တကွ လောကုတ္တရာ နိဗ္ဗာန်ပညတ် တရားတို့ကို သိမ်းကျုံး၍

သဗ္ဗေဓမ္မာ အနတ္တာဟူ၍ ဓမ္မသဒ္ဒါဖြင့် အထူးပြု၍ ဟောတော်မူ၏။ ထိုကြောင့် ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ၌ သဗ္ဗေ ဓမ္မာ အနတ္တာတိ သဗ္ဗေ စတုဘူမ္မကဓမ္မာ အနတ္တာ။ သဗ္ဗေဓမ္မာ အနတ္တာတိ၊ သဗ္ဗေ ဓမ္မာ အနတ္တာ-ဟူသည်ကား။ သဗ္ဗေ၊ အလုံးစုံသော။စတုဘူမ္မကဓမ္မာ၊ ဘုံလေးပါး၌ဖြစ်ကုန်သော တရားတို့သည်။ အနတ္တာ၊အတ္တမဟုတ်သော အနတ္တ တရားမည်ကုန်၏။

ၚင်းလောကုတ္တရာ ဖြစ်သော နိဗ္ဗာန်နှင့်တကွ ဖြစ်သော နာမပညတ်သည်ကား ခန္ဓာကိုယ်အတ္တဘောမှ ကင်းသောကြောင့် အနတ္တစင်စစ် ကေန်ဖြစ်၏။ ထိုသို့ နိဗ္ဗာန်တရား နာမပညတ်တရားသည် အနတ္တစင်စစ် ဖြစ်သော်လည်း အတ္တကဲ့သို့ မစွဲလန်းအပ်သော အနတ္တ ဖြစ်သောကြောင့် ဝိပဿနာရှုခြင်းငှါမထိုက်။ တေဘူမ္မက သင်္ခါရတို့ကား အတ္တ ဟူ၍ သက္ကာယဒိဋ္ဌိဖြင့် စွဲလန်း မှတ်ယူအပ်သော အနတ္တ ဖြစ်သောကြောင့် ဝိပဿနာယာဉ်တင်၍ရှုအပ်၏။ ဤသည်သာလျှင် အနတ္တလက္ခဏာရေး သုံးပါး၌ စက်လှည့်ဟန်တည်း။

**ပရမတ်အာရုံပြု၍ ပရမတ်မှ ထမြောက်ဟန်ပြခြင်း**

လက္ခဏံနာမ ပညတ္တိ ဂတိကံ၊ နဝတ္တဗ္ဗဓမ္မဘူတံ (အဋ္ဌသာလိနီ အဋ္ဌကထာပါဠိ) လက္ခဏာရေးသုံးပါးမည်သည်။ ပညတ္တိဂတိကံ၊ ပညတ်တရားသာလျှင် အလားရှိ၏။ နဝတ္တဗ္ဗ ဓမ္မ ဘူတံ၊ အတိတ်အနာဂတ် ကာလ ပစ္စုပ္ပန်ဟူ၍ မဆိုသင့်သောကာလ ဝိမုတ်တရားဖြစ်၍ ဖြစ်၏။ ဤအဋ္ဌကထာပါဠိဖြင့် လက္ခဏာရေးသုံးပါးသည်ကား ပရမတ်မဟုတ်သော တရားမျှသာတည်းဟု ပြတော်မူ၏။ ထိုပညတ်ဖြစ်သော လက္ခဏာကို အာရုံပြုသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောသည် ပရမတ်ဖြစ်သော သင်္ခါရရုပ်နာမ်မှ မထမြောက်နိုင်ကုန်ရာ၊ သင်္ခါရတရားတို့ကို အာရုံပြုမှ ထမြောက်နိုင်ရာ၏ဟု မေးရန်တချက်၊ ဝုဋ္ဌာနဂါမိနီ ဝိပဿ နာဇောသည် ရုပ်နာမ်သင်္ခါရကို အာရုံပြုခဲ့ပြန်သော် ဖြစ်ပြီး၍ တဘန်မရှိ ပြန်သောရုပ်နာမ်ဓမ္မကိုထိုးထွင်း၍မသိပါက သင်္ခါရမှ မထမြောက်နိုင် ရာဟုမေးရန်တချက်၊ ဤကဲ့သို့ မေးရန်စကားနှစ်ချက်အစွန်း ထွက်သော ကြောင့်ပရမတ်အာရုံပြုသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဉာဏ်သည် သာ လျှင်ရုပ် နာမ် ပရမတ် သင်္ခါရမှထ၏ဟု မှတ်အပ်၏။ ပညတ် အာရုံပြု၍ ပရမတ်မှ ထသည် မဟုတ်ကုန်။ အဘယ်ကြောင့်ဟူမူ လက္ခဏာရေး သုံးပါးသည်ကား ခန္ဓာငါးပါး သင်္ခါရတရားတို့၏ အနိစ္စသဘော ဒုက္ခ သဘော အနတ္တသဘောတို့ကို မှတ်ကြောင်းမျှသာ ဖြစ်သောကြောင့်

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော၏ သင်္ခါရတရား၌ အာရုံပြုရန် အကြောင်း မျှသာတည်း ဟူ၍ သိအပ်သောကြောင့် တည်း။ ။ထိုသို့ ဖြစ်ရကား အကြင်ပုဂ္ဂိုလ်သည် သင်္ခါရတရား၌ အနိစ္စတရားအဖြစ် အစရှိသော လက္ခဏာသုံးတန်ကို မှတ်အပ်၏။ ထိုပုဂ္ဂိုလ်အား ခန္ဓာငါးပါး တို့သည် လည်ပင်း၌ဆွဲအပ်သော အကောင်ပုပ်ကဲ့သို့ ဉာဏ်တွင် ထင်မြင်ရ၏။ လောကူပမာအားဖြင့် ဝါကိဇ္ဇ မည်ငြား ကုန်သည်ယောက်ျားသည် အပေါက် သုံးခုရှိသောပုဆိုးကို ကောင်းစွာ ထုပ်၍ ထားသောအခါ ပုဆိုးကိုဝယ်လိုသောသူသည် ပုဆိုးဆိုင်သို့ ချဉ်းကပ်၍ အဆင်းသဏ္ဌာန် မြင်လျှင် အသပြာတရာ စသည်ပေး၍ ဝယ်လိုသောစိတ် ဖြစ်လာ၏။ ပုဆိုးကိုဖြန့်၍ကြည့်လတ်သော် သုံးခုသောအပေါက်ကို မြင်သဖြင့် တချင် ရွေးမျှ ပေး၍ယူလိုသောစိတ်မရှိ၊ ပုဆိုး၌ မနှစ်သက်ခြင်း၊ ငြီးငွေ့ခြင်း ဖြစ်သကဲ့သို့ ထို့အတူ ရုပ်နာမ်တရား ခန္ဓာငါးပါး၌ ဉပါဒ်ဌီဘင်ဟူသော အနိစ္စသဘော လက္ခဏာကို မြင်မှ ခန္ဓာငါးပါး ရုပ်နာမ် တရား၌ ငြီးငွေ့ခြင်း နိဗ္ဗိန္ဒသည်ဖြစ်၏။ ထိုကြောင့် သင်္ခါရပရမတ်ကို အာရုံပြုသော ဝိပဿနာ ဉာဏ်သည်သာလျှင် ရုပ်နာမ်ပရမတ် သင်္ခါရမှ ထမြောက်၏ ဟူ၍ သိအပ်၏၊ ထိုကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ၌-သင်္ခါရာရမ္မဏေ နေဝ ဉာဏေန သင်္ခါရတော ဝုဋ္ဌာတိတိ ဝေဒိတဗ္ဗံ-ဟု မိန့်ဆို၏။ သင်္ခါရာ ရမ္မဏေနေဝ၊ ရုပ်နာမ် သင်္ခါရကို အာရုံပြုသည်သာလျှင် ဖြစ်သော။ ဉာဏေန၊ ဝိပဿနာဉာဏ်သည်။ သင်္ခါရတော၊ ရုပ်နာမ် ဓမ္မ သင်္ခါရမှ။ ဝုဋ္ဌာတိ၊ ထမြောက်၏။ ဣတိ၊ ဤသို့၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤသည်လျှင် ပရမတ်မှ ထမြောက်ဟန်တည်း။

## အနိစ္စာဒိ စတုက္က ဝိနိစ္ဆယပြခြင်း

အနိစ္စကိုရင်း၊ အနိစ္စတာကိုရင်း၊ အနိစ္စာ နုပဿနာကိုရင်း၊ အနိစ္စာ နုပဿီကိုရင်း၊ ဤလေးပါးသော စတုက္ကကိုသိအပ်သည်ဟု အဋ္ဌကထာ ဆရာပြတော်မူ၏။ ထိုလေးပါး တို့တွင် ခန္ဓာငါးပါးသည် မြဲသော သဘောမရှိသောကြောင့်ရင်း၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့် ဘောက်ပြန်သော ကြောင့်ရင်း အနိစ္စမည်၏၊ ထိုကြောင့် နနိစ္စန္တိအနိစ္စံဟု သာရတ္ထဋီကာ ဝိဂ္ဂြိုဟ်ပြတော်မူ၏။ ယံဓမ္မ ဇာတံ၊ အကြင်ခန္ဓာငါးပါးသည်။ နိစ္စံ၊ နိဗ္ဗာန်ကဲ့သို့မြဲသည်။ န၊ မဟုတ်။ ဣတိတသ္မာ၊ ထိုကြောင့်။ တံဓမ္မဇာတံ၊ ထိုခန္ဓာငါးပါးသည်။ အနိစ္စံ၊ အနိစ္စမည်၏။ ဋီကာကျော်ဆရာ အလို အားဖြင့် နိစ္စဓုဝဘာဝေန ဉာဏေန နဣစ္စံ အနုပဂန္တဗ္ဗန္တိ အနိစ္စံ။ ယံဓမ္မ

ဇာတံ၊ အကြင်ခန္ဓာငါးပါးကို။ နိဗ္ဗတ္တံ၊ မြဲသည်၏ အဖြစ်ဖြင့်။ ဉာဏေန၊ ဝိပဿနာဉာဏ်ဖြင့်။ နဇာနန္တိ-အနုပဂန္တွာ၊ မသိအပ်။ ဇာတိ တသ္မာ၊ ထိုကြောင့်။ တံဓမ္မဇာတံ၊ ထိုသဘော တရားသည်။ အနိစ္စံ၊ အနိစ္စမည်၏။ ခန္ဓာငါးပါးတို့၏ ဖြစ်ပြီး၍တဘန် မရှိပြန်သော သဘော တရားသည် အနိစ္စတာမည်၏၊ အနိစ္စသဘောမည်၏ဟု အဋ္ဌကထာ ဆရာပြတော်မူ၏။ အကျဉ်းချုပ်ကား ဥပါဒ်ဌီဘင် ခဏသုံးပါးနှင့် ယှဉ် သော သင်္ခတခန္ဓာသည် အနိစ္စမည်၏၊ ဥပါဒ်ဌီဘင် ခဏသုံးပါး အစဉ်၏ ပျက်ခြင်းသည် အနိစ္စတာမည်၏။ ထိုကြောင့် ပါရာဇိကဏ်အဋ္ဌကထာ၌ အနိစ္စန္တိ ပဉ္စက္ခန္ဓာ၊အနိစ္စတာတိ တေသညေဝ ဥပ္ပါဒဝယညထတ္တံ ဟုတွာ အဘာဝေါဝါ နိဗ္ဗတ္တာနံ တေနေဝါကာရေန အဌတွာ ခဏဘင်္ဂေန ဘေဒေါတိ အတ္တော-ဟု မိန့်ဆို၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး တို့သည်။ အနိစ္စန္တိ-အနိစ္စံနာမ၊ အနိစ္စမည်၏။ တေသညေဝ၊ ထိုအနိစ္စမည်သော ခန္ဓာငါးပါးတို့၏သာလျှင်။ ဥပ္ပါဒဝယညထတ္တံ၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့် ဖောက်ပြန်သည်၏ အဖြစ်သည်။ အနိစ္စတာတိ အနိစ္စတာနာမ၊ အနိစ္စ သဘောမည်၏။ ဝါ၊ တနည်းကား။ နိဗ္ဗတ္တာနံ၊ ဖြစ်ပြီးကုန်သော ခန္ဓာ ငါးပါးတို့၏။ တေနေဝါကာရေန၊ ထိုဖြစ်သော အခြင်း အရာဖြင့်။ အဌတွာ၊ မတည်မူ၍။ ခဏဘင်္ဂေန၊ ခဏသုံးပါးချုပ်သဖြင့်။ ဘေဒေါ၊ ပျက်စီးခြင်းသည်။ အနိစ္စတာတိ၊ အနိစ္စတာနာမ၊ အနိစ္စသဘောမည်၏။

၎င်းအဋ္ဌကထာ ပါဌ်ဖြင့် ဥပါဒ်ဌီဘင် ခဏသုံးပါး အစဉ်ရှိသော ခန္ဓာငါးပါး ခဏပစ္စုပ္ပန်တရားတို့၏ ခဏသုံးပါး ပျက်ဟန်ကို ဆင်ခြင် အပ်၏ဟု ပြတော်မူ၏၊ ခဏသုံးပါးတို့ ဖြစ်ဟန်ကို မရှုအပ်၊ ထိုကြောင့် သာရတ္ထဒီပနီဋီကာ၌လည်း-ဝိသေသတော ဓမ္မာနံ ခဏိကနိရောဓေ အနိစ္စ တာ ဝေါဟာရော-ဟု ဘွင့်ပြ၏။ ဝိသေသတော၊ အထူး အားဖြင့်။ ဓမ္မာနံ၊ သင်္ခါရတရား ခန္ဓာငါးပါးတို့၏။ ခဏိကနိရောဓေ၊ ဥပါဒ်ဌီဘင် ခဏသုံးပါးအစဉ်ပျက်ရာ၌။ အနိစ္စတာ ဝေါဟာရော၊ အနိစ္စဟု ခေါ် ဝေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘင်ဉာဏ်ကိုလည်း သတိမူအပ်၏။ ဟုတွာ အဘာဝဋ္ဌအနက်သည် အနိစ္စသဘောမည်၏ဟု အဋ္ဌကထာ ဆရာပြရာ အဓိပ္ပါယ်ကား အမြဲမရှိခြင်းသည် အစရှိသော အမြဲမရှိခြင်း၊ အစမရှိသော အမြဲမရှိခြင်း နှစ်မျိုးတို့တွင် အစရှိသော အမြဲမရှိခြင်းကို ပြုအံ့သောငှာ ဟုတွာ သဒ္ဒါကို ဆိုတော်မူ၍ မထင်ရှားသော ပျက်စီး ဟန်ကို၊ မပြဟူလို ဤသည်လျှင် သာရတ္ထဒီပနီကာဆရာကြီး အလိုတော်

တည်း။ မူလဋီကာဆရာကြီး အလိုတော် အားဖြင့် ဟုတ္တာ သဒ္ဒါဖြင့် ဥပါဒ်၏ရှေ့အဘို့၌ ဆိတ်သည်၏ အဖြစ်လျှင် ပြဋ္ဌာန်းခြင်းရှိသော ဥပါဒ်ဌီဘင် ခဏငယ်အစဉ်၏ အလယ်တခွင်၌ ထင်ရှားရှိဟန်ကို ပြတော်မူမူ၏၊ အဘာဝသဒ္ဒါအားဖြင့် အလယ်၌ ဥပါဒ်ဌီဘင် ခဏငယ်အစဉ် ထင်ရှားရှိသည်၏အဖြစ်လျှင် ပြဋ္ဌာန်းခြင်းရှိသော ဘင်၏အဆုံး၌ ထင်ရှား မရှိဟန်ကို ပြတော်မူ၏၊ ဟုတ္တာ အဘာဝ သဒ္ဒါနှစ်ပါးဖြင့် အခါခပ်သိမ်း ခဏသုံးပါးထင်ရှားမရှိ ပျက်ခြင်းသည် အနိစ္စလက္ခဏာ မည်၏ ဟူ၍ ပြတော်မူ၏။ ။ထိုကြောင့် မူလဋီကာ၌ ဉဘယေနပိ သဒါ အဘာဝေါ အနိစ္စလက္ခဏန္တိ ဒသေတိဟု ဘွင့်တော်မူ၏။ ဉဘယေနပိ၊ ဟုတ္တာ အဘာဝ နှစ်ပုဒ်ဖြင့်လည်း။ သဒါ အခါခပ်သိမ်း။ အဘာဝေါ၊ ခဏသုံးပါးမရှိ ပျက်စီးခြင်းသည်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာ မည်၏။ ဣတိ၊ ဤသို့။ ဒသေတိ၊ ပြတော်မူ၏။ သာရတ္ထဆရာကား ဧကပဿနည်းမူလဋီကာဆရာကား ဉဘယပဿနည်းဖြင့်ပြ၏၊ အဓိပ္ပါယ်ကား အတူတူပင်တည်း၊ ခန္ဓာ၌ အနိစ္စ သဘောကိုရှုသော ဝိပဿနာ ဉာဏ်သည် အနိစ္စာနုပဿနာမည်၏၊ ထိုအနိစ္စာနုပဿနာနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် အနိစ္စနုပဿီမည်၏၊ ဒုက္ခ အနတ္တာ၌လည်း နည်းတူ မှတ်ရှု သတိပြုလေ။ ။ဤသည်လျှင် အနိစ္စာဒိစတုက္ကဝိနိစ္ဆယ ပြခြင်း ပေတည်း။

## ဝိမောက္ခသုံးပါးကိုပြခြင်း

သော ဟိ အာဂမတော သရသတော အာရမ္မဏတောတိ တိဟိ ကာရဏေဟိ နာမံ လဘတိ-ဟူသော အဋ္ဌကထာပါဠ်နှင့်အညီထိုမဂ်၏ သုညတ ဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတ ဝိမောက္ခဟူသော အမည်ကို ရခြင်းသည် မိမိသဘောဟူသော သရသ နိဗ္ဗာန်ဟူသော အာရမ္မဏ ဝိပဿနာဟူသော အကြောင်းအာဂမအားဖြင့် သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် မဂ်၏ သင်္ခါရတို့မှဆိတ်သောသဘော တို့ကြောင့် သုညတ အနိမိတ္တ အပ္ပဏိဟိတဟူသော အမည်ရခြင်းသည် သရသအားဖြင့် ရသည်မည်၏၊သင်္ခါရတို့မှဆိတ်သော သုညတမည်သော နိဗ္ဗာန် သင်္ခါရဟူသော အကြောင်းမရှိသောနိဗ္ဗာန်ကို သက်ဝင်၍ အာရုံ ပြုသောအားဖြင့် သုညတစသော အမည် သုံးပါးတို့ကို ရခြင်းသည် အာရမ္မဏအားဖြင့် ရသည်မည်၏။ဤကား အလုံးစုံသောမဂ်တို့၌ အချင်း ခပ်သိမ်းရရာသောသဘောတည်း၊

အကြောင်း အာဂမအားဖြင့်ကား-အနတ္တဟုရှုသော ဝိပဿနာဉာဏ်သည် ဝုဋ္ဌာဂါမိနီ ဝိပဿနာကိစ္စတပ်သည်ဖြစ်အံ့၊ မဂ်သည်သုညတမည်၏၊ အနိမိတ္တစသည်မမည်၊ အနိမိတ္တစသည်မမည်လည်း အကြောင်း အာဂမ အားဖြင့်သာမမည်သည်၊ သရသအာရမ္မဏအားဖြင့်ကား မည်သည်ချည်း ဒုက္ခဟူသော ဝိပဿနာဉာဏ်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာကိစ္စတပ်သည် ဖြစ်အံ့၊ မဂ်သည် အပ္ပဏိဟိတမည်၏၊ အနိစ္စဟုရှုသော ဝိပဿနာဉာဏ် သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ကိစ္စတပ်သည်ဖြစ်အံ့ မဂ်သည် အနိမိတ္တ မည်၏၊ ဝိမောက္ခဟူသည်လည်း ညှို့မှလွတ်သောမျှားကဲ့သို့ ဆန့်ကျင်ဘက် ဖြစ်သော ကိလေသာမှ အငြိအတွယ်မရှိ လွတ်သောသဘောသည်ဧင်း၊ အဘ၏ရင်ခွင်သို့ လွတ်အပ်သော သူငယ်ကဲ့သို့ တွန့်တို ဆုတ်နစ်ခြင်းမရှိ မိမိအာရုံသို့ လွတ်လွတ်သက်ဝင်သောသဘောသည်ဧင်း ဝိမောက္ခမည်၏။ ထိုသုံးပါးသော ဝိမောက္ခတွင် အနိစ္စာနုပဿနာအားဖြင့်ရှု၍ရသောအနိ မိတ္တဝိမောက္ခကိုအဘိဓမ္မာဒေသနာ၌ ဟောတော်မမူအပ်။ အနိမိတ္တံဘာ ဝေဟိဣသောသုတ္တန်ဒေသနာတော်၌သာဟောတော်မူ၏၊အဘယ့်ကြောင့် အနိမိတ္တမဂ်ကို အဘိဓမ္မာဒေသနာတော်၌ ဟောတော်မမူသနည်းဟူမူ အနိစ္စဟုရှုသော ဝိပဿနာဉာဏ်သည် မုချအားဖြင့် မဂ်အား အနိမိတ္တ ဟူသောအမည်မပေးတတ်သောကြောင့်တည်း။

ထိုစကားမှန်စွ အနတ္တဟုရှုသော ဝိပဿနာဉာဏ်သည် ပညာပြဋ္ဌာန်း သည်ဖြစ်ရကား အဓိပညာသိက္ခာလည်းမည်၏၊ မဂ်ခဏ၌ သမ္မာဒိဋ္ဌိ မဂ္ဂင်လည်းမည်၏၊ ထို့ကြောင့် ပညာပြဋ္ဌာန်းသော အနတ္တာနုပဿနာ ဉာဏ်သည် မိမိမဂ်အား သုညတဟူသော အမည်ကို ပေးနိုင်၏၊ ဒုက္ခဟု ရှုသော ဝိပဿနာဉာဏ်သည် သမာဓိပြဋ္ဌာန်းရကားအဓိစိတ္တသိက္ခာလည်း မည်၏၊ မဂ်ခဏ၌ သမ္မာဒိဋ္ဌိမဂ္ဂင်လည်းမည်၏၊ ထို့ကြောင့် သမ္မာဒိဋ္ဌိ ပြဋ္ဌာန်းသော အနုပဿနာဉာဏ်သည် မိမိအား အပ္ပဏိဟိတ ဟူသော အမည်ကိုပေးနိုင်၏၊ အနိစ္စဟုရှုသော ဝိပဿနာဉာဏ်သည်ကား အနိစ္စဟု ယုံကြည်သောသဒ္ဓါပြဋ္ဌာန်း၏၊ ထိုသဒ္ဓါသည်ကား သမာဓိပညာတို့ကဲ့သို့ ပြီးစေအပ်သော ပရိကံတရားလည်းမရှိ သိက္ခာကိစ္စလည်းမတပ် မဂ္ဂင် ကိစ္စလည်း မပြီးစေနိုင်၊ ထို့ကြောင့်သဒ္ဓါတရားသည် ပဋ္ဌာနအားဖြင့် မဂ္ဂ ဝုဋ္ဌာနကို မဖြစ်စေတတ် သမ္ပယုတ်ဖြစ်သော သမာဓိပညာတရားတို့ကို သာလျှင် ဖြစ်စေရ၏၊ ထို့ကြောင့် သဒ္ဓါပြဋ္ဌာန်းသော အနိစ္စာနုပဿနာ ဉာဏ်သည်မုချအားဖြင့်အနိမိတ္တဟူသောအမည်ကိုမပေးတတ်၊ထိုမဂ်သည်

အကြောင်းအာဂမအားဖြင့် ဝိမောက္ခဟူသော အမည်ကိုမရ၊သုဒ္ဓမဂ်သာ မည်သတည်း၊ ယင်းသို့မုချ မရအပ်သော်လည်း အနုပဿနာတပါး ဖြစ်သောကြောင့် ဥပစာရအားဖြင့်ရသင့်သည်ကိုရည်၍ သုတ္တန်ဒေသနာ တော်၌ အနိစ္စာနုပဿနာကြောင့် အနိမိတ္တဖြစ်ကြောင်းကို ဟောတော်မူ သတည်း။ ဤသည်လျှင် ထေရဝါဒတည်း။

အဋ္ဌကထာအားဖြင့်သော်ကား–အနတ္တဟုရှုသော သင်္ခါရတရားတို့၏ စင်စစ် အတ္တမှဆိတ်သောကြောင့် ဝိပဿနာဉာဏ်သည်လည်း မိမိမဂ်အား အသုဘဟူသော အမည်ကို မုချအားဖြင့်ပေးနိုင်၏၊ဒုက္ခဟုရှုသော သင်္ခါရ တရားတို့၏ စင်စစ်တဏှာဟူသော တောင့်တခြင်းမှ ကင်းသည်၏အဖြစ် ကြောင့် ထိုဝိပဿနာ ဉာဏ်သည် မိမိမဂ်အား အပ္ပဏိဟိတ ဟူသော အမည်ကိုမုချအားဖြင့် ပေးနိုင်၏၊ အနိစ္စဟုရှုသော သင်္ခါရတရားတို့သည် အကြောင်းတရားတို့မှမကင်း၊စင်စစ်မူကားအကြောင်းတရားနှင့်တကွသာ ဖြစ်၏၊ ထိုအကြောင်းတရားနှင့် တကွဖြစ်သော အနိစ္စအဖြစ်ကိုမရှုအပ်၊ စင်စစ်မူကားအကြောင်းနှင့် တကွဖြစ်သော ပစ္စယအဖြစ်ကိုသာရှုအပ်၏၊ ထို့ကြောင့်အနိမိတ္တအဖြစ်ဖြင့်ကောင်းစွာ သက်ဝင်၍ မထင်သောအနိစ္စာ နုပဿနာဉာဏ်သည်မိမိမဂ်အား အနိမိတ္တဟူသောအမည်ကို မုချအားဖြင့် မပေးတတ်၊ နိစ္စဟူသော ဝိပ္ပလ္လာသ နိမိတ်ကင်းသော အဖြစ်မျှကိုစွဲ၍ ဥပစာရအားဖြင့်သာ အနိမိတ္တအမည်ကို ပေးနိုင်သတည်း။ ဤသည်ကား အဋ္ဌကထာဝါဒတည်း။ ဤသည်လျှင် ဝိမောက္ခတရားသုံးပါး အဆုံး အဖြတ်အပြီးသတ်တည်း။

## အရိယာပုဂ္ဂိုလ်အပြားကိုပြဆိုခြင်း

ဣမေ တာဝ သတ္တအရိယပုဂ္ဂလာ ဟောန္တိ-ဟူသော အဋ္ဌကထာ ပါဠိနှင့်အညီ သုံးပါးသော ဝိမောက္ခ၏အဖြစ်သို့ရောက်၍ သဒ္ဓါနုသာရီ သဒ္ဓါဝိမုတ္တိ ကာယသက္ခိ ဥဘတောဘာဂဝိမုတ္တိ ဓမ္မာနုသာရီ ဒိဋ္ဌိပတ္တ ပညာဝိမုတ္တိဟူသော ခုနစ်ယောက်သော အရိယာ ပုဂ္ဂိုလ် တို့သည်ပြား ကုန်၏၊ ထိုခုနစ်ယောက်တို့တွင် အကြင်ယောဂီသည် အနိစ္စအားဖြင့်ရှု၍ သင်္ခါရတ္တေသက်ခြင်းကိုရ၏၊ ထိုယောဂီသည်သောတာပတ္တိမဂ်၏ အခိုက်၌ သဒ္ဓါတရားသို့ အစဉ်လျှောက်၍မဂ်ကိုဖြစ်စေတတ်ကြောင့် သဒ္ဓါနုသာရီ ပုဂ္ဂိုလ်မည်၏၊ သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ် အရဟတ္တမဂ် အရဟတ္တဖိုလ် ဟူသော ခုနစ်ပါးသော ဌာနတို့၌ကား သဒ္ဓါကိုအရင်းမှီ၍ ကိလေသာမှလွတ်

သောကြောင့် သဒ္ဓါဝိမုတ္တိ ပုဂ္ဂိုလ်မည်၏။ အကြင်ယောဂီသည် ဒုက္ခအားဖြင့်ရှု၍ ပဿဒ္ဓိများသဖြင့် သမာဓိန္ဒြေကိုရသည်ဖြစ်၏၊ ထိုယောဂီသည် ရှစ်ပါးသော ဈာနတို့၌ နာမကာယဖြင့် သစ္စာလေးပါးကို မျက်မှောက်ပြုနိုင်သောကြောင့် ကာယသက္ခိပုဂ္ဂိုလ်မည်၏၊ အကြင်ယောဂီပုဂ္ဂိုလ်သည် အရူပဈာန်ကိုရ၍ ထိုဈာန်မှထပြီးလျှင် အရဟတ္တဖိုလ်သို့ရောက်၏၊ ထိုယောဂီသည် နာမ်ရုပ် နှစ်ပါးမှ လွတ်သောကြောင့် ဥဘတောဘာဂဝိမုတ္တိပုဂ္ဂိုလ်မည်၏၊အကြင်ယောဂီသည် အနတ္တအားဖြင့်ရှု၍ ပညာထက်လွန်းသဖြင့် ပညိန္ဒြေကို ရသည်ဖြစ်၏၊ ထိုယောဂီသည် သောတာပတ္တိမဂ်အခိုက်၌ ပညာသို့အစဉ်လျှောက်၍ မဂ်ကိုမြင်တတ်သောကြောင့် ဓမ္မာနုသာရီ ပုဂ္ဂိုလ်မည်၏၊ အလယ်ခြောက်ဌာန၌ကား ပညာသို့ သက်သောကြောင့်ဒိဋ္ဌိပတ္တပုဂ္ဂိုလ်မည်၏၊ အရဟတ္တ ဖိုလ်၌ကား ပညာဖြင့်ကိလေသာမှ လွတ်သောကြောင့် ပညာဝိမုတ္တိ ပုဂ္ဂိုလ်မည်၏။ ဤသည်လျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာအရ ဆရာတို့ပြအပ်သော ဝိပဿနာဉာဏ်သုံးပါးသို့လိုက်၍ဖြစ်တတ်သော ပုဂ္ဂိုလ်တို့၏အပြားတည်း။

ဖလသမာပတ် နိရောဓသမာပတ်တို့ကိုကား ဝိထိပိုင်း၌ ပြခဲ့ပြီးရကား ဤကမ္မဋ္ဌာန်းပိုင်း၌ လျစ်လျူ ရှုအပ်တော့သတည်း။ ဤသည်လျှင် စကားတရပ် အပြီးသတ်သတည်း။

## လူနတ်နိဗ္ဗာန်အခြေခံလုံလောက်တရားတော်

ပုဗ္ဗေဝ သုမနော ဒါနာ၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ စတ္တမနော ဟောတိ၊ သော ပုညဿ သမ္ပဒါ။

ဒါနာ၊ လူနတ် နိဗ္ဗာန် သုံးတန် မျှော်မှန်း ဒါနခန်းကို ကြိုးပမ်းအားထုတ် ပြုလုပ်သော အခါမှ။ ပုဗ္ဗေဝ၊ လှူဒါန်းစရာ ရှာဖွေစိတ်ကူးမလှူမီ ရှေ့ဦးက ပင်လျှင်။ သုမနော၊ ကုသိုလ်ပါရမီ ပြုတော့မည်ဟုစိတ်ကြည်ကြည်သဒ္ဓါပေါက်၍ ဝမ်းမြောက်ကြရာ၏။ဒဒံ-ဒဒန္တော၊စာဂရဲရဲဒါနပွဲကို လှူဆဲကာလ ထိုခဏ၌။ စိတ္တံ၊ လောဘ ဒေါသ မောဟစရိုက်မှောင်အခိုက်၌ နှစ်မြှုပ်ပျော်ရွှင် မိမိ၏စိတ်အစဉ်ကို။ ပသာဒယေ၊ အရတော်စွ ဤဒါနဟု ကြည်မြသဒ္ဓါ ဖွေးဖြူကြရာသတည်း။ အတ္တမနော၊ မယာကတံ ကုသလံဟု ထက်သန်လျှမ်းတောက် တသက်ပန် ဝမ်းမြောက်ကြသည်။ ဟောတိ၊အာဝိဏ္ဏကံ အရှိန်သန်အောင် ဘန်ဘန်ဆုရွေ ဖြစ်ရလေ၏။ သော၊ စ,လယ်,အဆုံး သဒ္ဓါလုံးဖြင့် ရွှင်ပြုံးဆင့်ဆင့် အသင့်ပြည့်တင်း ဤသို့ဖြစ်ရခြင်းသည်။ ပုညဿ၊ လူနတ်နိဗ္ဗာန် သုံးတန်ရွယ်ကိုး

ကုသိုလ်မျိုး၏။ သမ္ပဒါ၊ သံသရာဝဋ်လမ်းမှာ ကျွတ်တမ်းဝင်ရန် အခြေခံ လောက်လုံ၍ အကြောင်းပြည့်စုံလေတော့သတည်း။

**စောင်းတန်းစသည်နှင့်တူသော ဒါနတရားတော်**

ဒါနံ သဂ္ဂဿ သောပါဏံ၊ ဒါနံ ပါထေယျ မုတ္တမံ။
ဒါနံ ဥဇုဂတံ မဂ္ဂံ၊ ဒါနံ မောက္ခပဒံ ဝရံ။

ဒါနံ၊ စေတနာသုံးတန် ထက်သန်ဖြူဖွေး အလှူပေးခြင်းသည်။ သဂ္ဂဿ၊ ကုသိုလ်ရှင်များ ပျော်ပါးရာမည် ထက်နတ်ပြည်၏။ သောပါဏံ.လွယ်စွာ တက်ကြောင်း စောင်းတန်း လှေခါးကြီးပါပေတည်း။ ဒါနံ၊ စေတနာ သုံးသွယ် စင်ကြယ်ဖြူဖွေးအလှူပေးခြင်းသည်။ ဥတ္တမံ၊ပြိုင်ဘက်ကင်းလတ် အလွန်မြတ်သော။ ပါထေယျံ၊ သံသရာလမ်း ဇခန်းများမှ မပင်မပန်း ချမ်းသာ စေကြောင်း ကောင်းစွာသိမြုပ် ရိက္ခာထုပ်ကြီး ပါပေတည်း။ ဒါနံ၊ မဆုတ်မတွန့် ပေးစွန့်ကြဲချ မြတ်ဒါနသည်။ ဥဇုဂတံမဂ္ဂံ၊ ပြည် နိဗ္ဗာန်သို့ ဘေးရန်မနှောင့် ဖြောင့်ဖြောင့် ရောက်ကြောင်း လမ်းကောင်း အကျော် လမ်းမတော် အစစ်ကြီး ပါပေတည်း။ ဒါနံ၊ ဝင့်နှင့်မနွယ် စင်ကြယ်ဖြူဖွေး အလှူပေးခြင်းသည်။ ဝရံ၊ ပြိုင်လာတိုင်းရှုံး အထွဋ်ဆုံး ဖြစ်သော။ မောက္ခပဒံဝရံ၊ သံသရာဝဋ်နယ်မှ ကျွတ်၍ လွတ်ကြောင်း ထွက်ကြောင်း အကျင့်ကောင်း အစစ်ကြီးပါပေတည်း။

**သာသနမူလ မြတ်ဒါနတရားတော်**

ဒါနံ သာသနမူလံဟိ၊ ဗုဒ္ဓကို့ရေဟိ သေဝိတံ။
အာဒိ ကတ္တာန တေဒါနံ၊ ပူရေန္တိ ဒသပါရမီ။

ဒါနံ၊သဒ္ဓါနှင့်ပညာ အစဉ်မကွာ ပူးတွဲ၍ ထူးကဲစွာ လှူဒါန်းကြတဲ့ မြတ်ဒါနသည်။ သာသနမူလံဟိ-သာသနမူလံဝေ၊ ဗုဒ္ဓမြတ်စွာသာသနာ ၏တည်ရာအစစ်အရင်းမူလပေတည်း။ ဒါနံ၊သဒ္ဓါဖြူဝင်း လှူခြင်းဒါနမြတ် ပုညသည်။ ဗုဒ္ဓကို့ရေဟိ၊ ပါရမီအခက်ပန်းကို လက်လှမ်းကာ ဆွတ်ခူး၍ ထွင့်အဖူး အမြိုက်ဓာတ်သို့ ဆိုက်ကပ်လိုကြောင်း ဘုရားလောင်း သခင် သူတော်စင်အပေါင်းတို့သည်။ သေဝိတံ၊ ဒါနသာမူလ သူအစ ပကတူး ပေမို့ အမြဲမပြတ် ဆည်းပူး မှီဝဲအပ်သော တရားကြီးပါပေတည်း။ တေ၊ ထိုအောင်သိဒ္ဓိ နိဗ္ဗူကို စိတ်ဖြူဖြူမက်လုံးဖြင့် လက်ရုံးကိုဆန့် ခိုင်ခံ့ တည် ကြည် အလောင်းတော် အရှင်မြတ်တို့သည်။ ဒါနံ၊ မျက်နှာကြည်ရေး ဝိယဆေးသို့ ရွှင်စွေ့လှ မြတ်ဒါနကို။အာဒိ ကတ္တာ၊ဝိရိယစက် တန်ခိုးကို သွက်သွက်နိုးကာ တအားတင်းလျက် တရားအလင်း အထူးရအောင်

အဦးအစပြု၍သာလျှင်။ ဒသပါရမီ၊ လက်မလွတ်တန်း ဝဋ်စခန်းမှ ကျွတ်တမ်းမျှော်ရည် ဆယ်ပါးသော ပါရမီတော်တို့ကို။ပူရေန္တိ၊အရှိးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်တမ်း ဆန္ဒတော် အစွမ်းဖြင့် တရားကျင့် လမ်းအတိုင်း ဖြည့်စွမ်းတော်မူနိုင်ကြလေကုန်တော့သတည်း။

**လာဘ်ဖွံ့ဖြိုးရှင်ပျ မြတ်ဒါနတရားတော်**

အဒန္တ ဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထ သာဓကံ။

ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိစ။

ဘောဂန္တော၊ မင်္ဂဖိုလ်နိဗ္ဗာန်လိုလား အိုတရားနာ ပရိသတ်အပေါင်းသူတော်ကောင်းတို့။ ဒါနံ၊စေတနာသန်ထက် သဒ္ဓါကောင်း လက်နက်ဖြင့် ရက်ရက်ရောရော နှမြောမတွန့် ကြဲစွန့်ပေးကမ်း လှူဒါန်းရခြင်းသည်။အဒန္တဒမနံ၊ အပြောကမယဉ် အသွင်ကရိုင်းရိုင်း လူမြင်တိုင်းအော့သူ့ကို ချော့မြှူကာ ယဉ်ကျေးအောင် နည်းပေးညွှန်ကြောင်း ဆေးဝါးကောင်းကြီး တခုပါပေတည်း။ ဒါနံ၊ ပစ္စည်းကိုမခင်တွယ် စင်ကြယ်တဲ့ဘဝင်နှလုံးဖြင့် ရှင်ပြုံးလှူကြ မြတ်ဒါနသည်။သဗ္ဗတ္ထသာဓကံ၊ လောကုတ်နှင့် လောကီ ဇောအကြည် အကျိုးဆိုက်ဘို့ အဘိုးထိုက်တန် တွေ့ကိုကောန်ပင် ပြီးစေနိုင်လေ၏။ ဒါနေန၊ ယခုနောင်ခါ သံသရာမှာ မြန်စွာအကျိုးဖွံ့ဖြိုးစေကြောင်း လာဘ်ကောင်းရှင်ဆေး အလှူပေးခြင်းကြောင့်ဇင်း။ ပိယဝါစာယ၊နားပသာဒ ကြားကာမျှဖြင့် ဟဒယနှလုံး ရှင်ပြုံးစေကြောင်း ချစ်ဘွယ်ကောင်းသည့် ပျော့ပျောင်းညက်ညော ပြေချောသောစကားကို ပြောဆိုခြင်းကြောင့်ဇင်း။ ဥန္နမန္တိ၊ သူတပါးအပေါ် မမော်မမောက် အလိုလိုမြောက်၍ ထွန်းတောက်ပေါ်လွင် ပျော်ရှင်ကာထီးအဆင့်ကဲ့သို့ ကြီးမြင့်ကြရလေကုန်၏။ နမန္တိစ၊အလှူတကာ ဘယ်သူပါဟု မြှူကာအကြိုက် ညွတ်ကိုင်း၍ လိုက်ကြရလေကုန်တော့သတည်း။

**ဒါနနှင့်မစ္ဆေရ ကွာခြားပုံတရားတော်**

ဒါနံ သိနေဟဘေသဇ္ဇံ၊ မစ္ဆေရံ ဒေါသနောသဓံ။

ဒါနံ ယသဿိဘေသဇ္ဇံ၊ မစ္ဆေရံ ကပ္ပနော သဓံ။

လောကေ၊ဖြစ်လျှင်ပျက်တတ်သော ဤကမ္ဘာလောကကြီး အတွင်း၌။ ဒါနံ၊စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည်။သိနေဟဘေသဇ္ဇံ၊ခင်မင်ကြည်ညိုနှစ်လိုမြတ်နိုး အချစ်ပိယဆေးသည်။ ဟောတိ၊ မုချမသွေဖြစ်ရလေ၏။ မစ္ဆေရံ၊ ဝန်တိုစေးနဲ မပေးမငှ မစ္ဆေရသည်။ ဒေါသနောသဓံ၊မခင်မမင် မကြည်မညို မနှစ်မသက် မမြတ်မနိုး အမုန်း တိုးဆေးသည်။

ဟောတိ၊မုချမသွေဖြစ်ရလေ၏။ ဒါနံ၊စေတနာသုံးတန် ထက်သန်ဖြူဖွေး အလှူပေးခြင်းသည်။ ယသသိဘောသဏ္ဍ္ဍံ၊ အခြီအရံ အကျော်အစော များသော မဆီးသည်။ဟောတိ၊မုချမသွေဖြစ်ရလေ၏။ မစ္ဆေရံ၊ ဝန်တိုစေးနဲ မပေးမကမ်း မလှူမတန်း မစ္ဆေရတရားသည်။ ကပ္ပနေ့ာသမံ၊ တယောက် ထီးထီး အဖော်မမှီး အထီးကျန်သော ဆေးသည်။ ဟောတိ၊ မုချမသွေ ဖြစ်ရလေ်တော့သတည်း။

**နန္ဒိယသူဌေးဝတ္ထုတော်**

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။
ညာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။
တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ။
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယံ ညာတိံဝ အာဂတံ။

စိရပ္ပဝါသိံ၊ကြာမြင့်ရှည်စွာ ကွေကွင်း၍နေသော။ ဒူရတော၊ မနည်းအရပ် အဝေးရွာမှ။ သောတ္ထိံ၊ ချမ်းချမ်းသာသာ။ အာဂတံ၊ တခါ တခေါက်ရောက်လာသော။ ပုရိသံ၊ ပုဂ္ဂိုလ်သတ္တဝါ အပေါင်းကို။ (ဝါ) ယောကျ်ား မိန်းမတွေကို။ ညာတိစ၊ လွန်စွာချစ်ကြွမ်းဝင်သော ဆွေမျိုးတို့သည်၎င်း။ မိတ္တာစ၊ မြတ်နိုး နှစ်သက်လှစွာသော အဆွေခင်ပွန်းတို့သည်၎င်း။ သုဟဇ္ဇာစ၊ ကောင်းစွာနှလုံး အကြွမ်းဝင်သော သူတို့သည်၎င်း။ အာဂတံ၊ တရံတခါ လာရောက်သည်ကို။ အဘိနန္ဒန္တိယထာ၊ အလွန် နှစ်သက် မြတ်နိုးကုန်သကဲ့သို့။ တထေဝ၊ ထိုနည်းမခြား အလားတူသာလျှင်။ အသ္မာလောကာ၊ ဤ ယခုပစ္စုပ္ပန် ဘဝမှ။ ပရံ၊ နောင် တမလွန် ဘဝတပါးသို့။ ဂတံ၊ ကံအားလျော်စွာ သွားရောက်သော။ ကတပုညမ္ပိ၊ ပြုအပ်သော ကုသိုလ်ကောင်းမှု ရှိသော သူကို၎င်း။ ပုညာနိ၊ ကောင်းမှုကုသိုလ်တို့သည်။ အာဂတံ၊ ဆိုက်ရောက် လာသော။ ပိယံညာတိံဝ၊ချစ်ခင်မြတ်နိုး နှစ်သက်လှစွာသောဆွေမျိုးကဲ့သို့။ပဋိဂ္ဂဏှန္တိ၊ ခရီးဦးကြိုဆို၍ ချီးမြှောက်စောင့်ဆိုင်းနေ့လင့်ကြပါ ကုန်သတည်း။

**အသဒိသဒါန တရားတော်**

နဝေကဒရိယာ ဒေဝလောကံ ဝဇန္တိ၊ ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။ ဓီရောဝ ဒါနံ အနုမောဒမာနော၊ တေနေဝ သော ဟောတိ သုခီ ပရတ္ထ။ မဟာရာဇာ၊ တကာတော် ကောသလမင်းကြီး။ ကဒရိယာ၊ ဒါနမလို ဝန်တိုစည်းနဲ မစ္ဆရိယ ခက်ထန်သော သူတို့သည်။ ဝေ၊ စင်စစ် ကေန်။ ဒေဝလောကံ၊ ထွန်းလင်းတောက်ပ နတ်ရွာသုဂတိဘဝသို့။ (ဝါ)

ရုပ်နာမ် ခပ်သိမ်း ချုပ်ပြတ်ငြိမ်းသည့် ဇာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန်သို့။ နဝဇန္တိ၊ မသွားမရောက်နိုင်ကြကုန်။ ဗာလာ၊ ကျိုးကြောင်းမသိ ပညာမရှိမိုက်မဲသော သူတို့သည်။ ဒါနံ၊ သူတော်တကာတို့ စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်းဆိုတဲ့ အလှူဒါနကို။ နပ္ပသံသန္တိ၊ သူတော်စရိုက် နှလုံးမပိုက်ကြ၍ ကဲ့ရဲ့ရှုတ်ချ မချီးမွမ်းနိုင်ကြကုန်။ ဓီရောစ၊ ကျိုးကြောင်း မြင်သိပညာရှိသောသူသည်သာလျှင်။ ဒါနံ၊ ပေးကမ်းခြင်းဆိုတဲ့ အလှူဒါနကို။ အနုမောဒမာနော၊ ဝမ်းမြောက် ဝမ်းသာရှိ၍ ချီးမွမ်း နိုင်ကြ လေ၏။ တေနေဝ၊ ထိုသို့ ဝမ်းမြောက် ဝမ်းသာ တိုက်တွန်း အားပေး နိုးဆော်ခြင်းကြောင့် သာလျှင်။ သောဓီရော၊ ပစ္စုပ္ပန်သံသရာ ထိုနှစ်ဖြာကို ပိုင်းခြားသိမြင် ပညာရှင်သည်။ ပရတ္ထ၊ နောင်တမလွန်ဘဝ၌။ သုခီ၊ လူ နတ် နိဗ္ဗာန် သုံးတန်သောချမ်းသာခြင်းနှင့် ပြည့်စုံလုံလောက်သည်။ ဟောတိ၊ မုချမသွေဖြစ်ရလေတော့သတည်း။

### သဒ္ဓါဓိက ဒါန တရားတော်

ယေစ ဗုဒ္ဓါ အတီတာစ၊ သမုဒ္ဒဝါလု ကူပမာ။
ဒါနံဝ အာဒိကံ ကတွာ၊ သမ္ဗောဓိ ံစ လဘန္တိတေ။

သမုဒ္ဒဝါလု ကူပမာ၊ သမုဒ္ဒရာ ဂင်္ဂါမြစ်ထဲ သဲလုံးနှင့်အမျှ ပွင့်တော်မူကြကုန်သော။ အတီတာ၊ ပရိနိဗ္ဗာန်စံ၍ လွန်ပြီးကုန်ထသော။ ယေစ ဗုဒ္ဓါ၊ ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို ကိုယ်တော် သိပြား ဝေနေအားလည်း ထင်ရှား သိစေတော် မူတတ်သည့် အကြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့ သည်လည်း။ အတ္ထိသန္တိ၊ ထင်ထင်ရှားရှား ရှိတော်မူကြလေကုန်၏။ တေဗုဒ္ဓါ၊ ထို ပွင့်ကြသီးသီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်။ ဒါနံဝ၊ ပေးလှူခြင်းဆိုတဲ့ ဒါန တရားတော် မြတ်ကြီးကိုသာလျှင်။အာဒိကံကတွာ၊အစအဦး ဆည်းပူးခြင်းကို ပြုတော်မူကြကုန်၍။ သမ္ဗောဓိ ံစ၊ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ် သဗ္ဗညုတရွှေဉာဏ်တော်ကို။ လဘန္တိ၊ လက်ဆုပ် လက်ကိုင် ပိုင်ပိုင်နိုင်နိုင်ကြီး ရတော်မူကြလေကုန်သတည်း။

### အမြတ်ကုသိုလ် တရားတော်

အဂ္ဂပုညေဟိ အဂ္ဂန္တိ၊ အဂ္ဂေဟိ သံသရန္တိတေ။
အဂ္ဂဋ္ဌာနမ္ပိ ပါပေတုံ၊ သဗ္ဗေယျုံ အဂ္ဂသမ္ဘဝေ။

လောကေ၊ ကမ္ဘာတပိုက် တိုက်အနန္တ ဘုံလောကကြီးထဲ၌။ ယေ သတ္တာ၊ ကောင်းကျိုး မကောင်းကျိုး နှစ်မျိုးစိမ့် ကံသာလျှင် အမိအဘ

အကြောင်းရင်းရှိကြကုန်သော အကြွင် သတ္တဝါတို့သည်။ အဂ္ဂပုညေဟိ၊ မနှောင့်မနှေး ကောင်းမှု အရေးအရာမှာ ငါသာလျှင် ရှေ့ဆုံးက သွားမည်ဟု စိတ်ထား မြင့်မြတ် ကုသိုလ်ဓာတ် တို့ကြောင့်။ အဂ္ဂန္တိ၊ လူ့ဘုံမှာလဲမယှဉ်သာ နတ်ရွာမှာလဲမနှိုင်းသင့် မြင့်ထက်မြင့် ခေါင်က ဖုံး၍ အမြတ်ဆုံး ဖြစ်ကြရလေကုန်၏။တေသတ္တာ၊ အမြင့်တန်းရွယ်မှတ်း၍ မြင့်မြတ်သောတရားကို အားထုတ်လေ့ရှိကြသော ထိုသတ္တဝါအပေါင်း တို့သည်။ သံသာရေပိ၊ ရုပ်နာမ်နှင့် ဓာတ်မကွဲလေတော့ ထပ်တလဲလဲ ကျင်လည်ရာ သံသရာ ဘုံလောကကြီးထဲ၌လည်း။ အဂ္ဂေဟိ၊ သားသမီး ရွှေငွေ ထွေထွေမမှိန် ဂုဏ်ရှိန်တင့်အပ် ဖြအမြတ်ခပင်း ဓာတ်တသင်းတို့နှင့်။ သံသရန္တိ၊ မျိုးနွယ်သန့်ရှင်း ပုံ့ပုံ့သင်း၍ ကောင်းခြင်းမျိုးစုံ ကျင်လည် ကြရကုန်၏။ တေန၊ ထိုကြောင့်။ ပဏ္ဍိတာ၊ အမြင့်အမြတ်ကို မပြတ် လိုလား ပညာရှိအမျိုးကောင်းသားတို့သည်။ အဂ္ဂဋ္ဌာနမ္ပိ၊ မင်လေးဝ ဖိုလ် လေးတန် နိဗ္ဗာန်ကြွင်နှံး လောကုတ္တရာ အမြင့်တန်းသို့လည်း။ ပါပေတုံ၊ မှန်းတိုင်းပေါက်၍ လှမ်းရောက်လျှင်စွာ ကျွတ်တန်းဝင်ဘို့ရာ။ အဂ္ဂသမ္မ တေ၊ အမြတ်သမုတ် မပြတ်လုပ်ဘို့ အထုပ်မပါ ကုသိုလ်ကောင်းမှု အဖြာဖြာတို့ကို။ သဒ္ဓေယျုံ၊ အထက်တန်းကို လက်လှမ်းမည် စိတ်ထား၍ ပွားများ ဆည်းပူးကြရလေကုန်တော့သတည်း။

## အနာထပိဏ်သူဌေးဝတ္ထုတရားတော်

ဂေါတမဘုရားရှင် လက်ထက်အခါ အနာထပိဏ်သူဌေးသည် ကုဋေ ရှစ်ဆယ်ကုန်ခန်းအောင်လှူဒါန်းသဖြင့်ဆန်ကွဲကိုချက်ပြုတ်၍တခွက်သော ပုန်းရေဟင်းဖြင့် ပြုပြင်နေကျဝတ်ကို မပျက်ကွက် မချွတ်ရအောင်သာ လှူဒါန်းလေ၏။ တံခါးစောင့်သည် အရှင်သူဌေးမင်း သင့်အလှူဝတ်ကို လွှတ်ပါတော့လော့ အလှူရဲ၍မွဲသည်မဟုတ်လောဆိုလျှင် နင်ကဲ့သို့သော နတ်ယုတ် တရာတထောင်ပြောငြားသော်လည်း ငါ့စိတ်ဇော စေတနာ သဒ္ဓါတရားကို လှုပ်ရှားစေခြင်းငှာ မတတ်နိုင်ဟုဆို၏။

## ချိန်ခါသင့်မှ အကျိုးရပုံ

ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ နပစ္စတိ။
ယဒါစ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။

ယာဝ၊ အကျိုးမပေးသေးသည့် အကြွင်မျှလောက် ကာလပတ်လုံး။ ဘဒြံ၊ ကောင်းမှုကုသိုလ်သည်။ နပစ္စတိ၊ အကျိုးမပေးသေး။ တာဝ၊

ထိုကောင်းမှု ကုသိုလ်ကံသစ် အကျိုးမပေးသေးသမျှ ကာလပတ်လုံး။ ဘဒြောပိ၊သူတော်ကောင်းသည်လည်း။ ပါပံ၊ မကောင်းကျိုးစ ဝဋ်ဒုက္ခ ဆင်းရဲကို။ ပဿတိ၊ တွေ့ရ မြင်ရ ခံစားရ သေး၏။ ယဒါစ၊ အကျိုး ပေးသောအကြင်အခါ၌ကား။ ဘဒြ၊ ကောင်းမှုကုသိုလ်ကံသည်။ ပစ္စတိ၊ လျင်စွာမနှေး အကျိုးပေး၏။ အထ၊ ထိုကောင်းမှု ကုသိုလ်ကံသစ်သည် အကျိုးပေးသော အခါ၌။ ဘဒြော၊ အလှူဒါနကို ပြုသော သူတော် ကောင်းသည်။ ဘဒြာနိ၊ကောင်းသောဥစ္စာစည်းစိမ်းတို့ကို။ ဝါ၊ သုံးဆယ့် ရှစ်ပါးသော မင်္ဂလာအဖြာဖြာအထွေထွေ ကျက်သရေအမျိုးမျိုး စည်းစိမ် တန်ခိုးတို့ကို။ ပဿတိ၊ ကောန်မသွေတွေ့မြင်ခံစားစံစားရလေသတည်း။

### သခ်ပါလ ပုဏ္ဏားဝတ္ထုတရားတော်

မတ္တာသုခပရိစ္စာဂါ၊ ပဿေစေ ဝိပုလံ သုခံ။
စဇေ မတ္တာ သုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။

မတ္တာသုခပရိစ္စာဂါ၊ မကြီးမကျယ် အနည်းငယ်သော စည်းစိမ် ချမ်းသာကိုစွန့်ခြင်းကြောင့်။ ဝိပုလံသုခံ၊ ကြီးကျယ်ပြန့်ပြောသောစည်းစိမ် ချမ်းသာကို။ စေပဿေ၊ အကယ်၍ ရအပ်သည်ကို မြင်သည်ဖြစ်အံ့။ ဝိပုလံသုခံ၊ ကြီးကျယ်ပြန့်ပြောသော စည်းစိမ်ချမ်းသာသုခကို။ သမ္ပဿံ သမ္ပဿန္တော၊ ကောင်းစွာသိမြင်သော။ ဓီရော၊ ကျိုးကြောင်း မြင်သိ ပညာရှိသည်။ မတ္တာသုခံ၊အနည်းငယ်သောစည်းစိမ်ချမ်းသာကို။ စဇေ စဇေယျ၊ ပေးကမ်းစွန့်ကြရာ၏။ ဝါ၊ မငဲ့မကွက် ရက်ရက်ရောရော နှမြော မတွန့် ပယ်စွန့်လိုက်ကြရာတော့သတည်း။

### လျှင်လျှင်မြန်မြန်ကုသိုလ်အားထုတ်ရန်တရားတော်

အဘိတ္ထရေထ ကလျာဏေ၊ ပါပစိတ္တံ နိဝါရယေ။
ဒန္ဓံဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတိ မနော။

ဘိက္ခဝေ၊ သံသရာဝဋ်မှ လွတ်ကင်းလိုငြား အိုချစ်သား ချစ်သမီးတို့။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ ပုညံ၊ နိဗ္ဗာန်မင် ဖိုလ်နန်းသို့ တက်လှမ်းဘို့ အကြောင်းကောင်းမှုထိုထို မြတ်ကုသိုလ်ကို။ ကရောတော-ကရောန္တဿ၊ ပြုလုပ်လိုသောသူ၏။ စိတ္တံ၊ အကုသိုလ် အသိုက်မှ နှစ်နှစ်ခြိုက်ခြိုက် စရိုက် ပျော်ရွှင် စိတ်အစဉ်သည်။ ဒန္ဓံ– ကြောက်ရွံ့ ကြောက်ရွံ့နှင့်နောက် တွန့်ကာ ရှောင်ပြေး၍ နံ့နှေးလေကုန်၏။ စိတ္တံ၊ စိတ်ဆိုတဲ့ဓာတ်။ သဘောက လတ်တလော လက်ငင်း ယခုလို ဖြစ်တတ်ခြင်းကြောင့်

ကလျာဏော၊ နိဗ္ဗာန်တံခါးသို့ သွားရောက်နိုင်တိ မဟိဒ္ဓိပြည့်ဖြိုး ကုသိုလ်မျိုးကို။ အဘိတ္ထရေယ၊ သဒ္ဓါမောင်းသန်သန်နှင့် မြန်မြန်ကြီးပြုလုပ်ကြရာသတည်း။ မနော၊ ပုထုဇဉ်ဟူသမျှ သူက ငါက မကျန် သတ္တဝါတို့ သန္တာန်မှာ အပြန်ပြန် အလှန်လှန် အဖန်ဖန် ညှဉ်းဆဲ၍ ဆင်းရဲကို ပေးတတ်တဲ့စိတ်သည်။ ပါပသ္မိံ၊ ငါးဖြာအာရုံ ကာမဂုဏ်သိုက်တွင်း အကုသိုလ်အသင်းထဲ၌။ ရမတိ၊ မခွဲမခွါ အမြဲသာလျှင် စွဲကာနှစ်ခြိုက် ပျော်ပိုက်မွေ့လျော်တတ်လေ၏။ တသ္မာပိ၊ စိတ်သဘော ဓာတ်ရင်းက ထိုသို့ဖြစ်တတ်ခြင်းကြောင့်လည်း။ ပါပါ၊ မသူတော်တို့ရှင်ပျော်လိုက်စား အကြိုက်မှားသည့်တရားအယုတ် အကုသိုလ်အလုပ်မှ။ စိတ္တံ၊ ငိုချင်ရဲ့ လက်တို့ဆိုတဲ့ စကားလို အမှားကို အမြဲပျော်တဲ့ အလွဲအချော်ဖြစ်သော စိတ်ကို။ နိဝါရယေ၊ ဉာဏ်လက်နက်ဝရဇိန် သမာဓိဓာတ်အရှိန်ဖြင့် မပြတ်နှိမ်ကာတရားပြ၍ တားကြဆီးကြရလေတော့သတည်း။

## ဒါနပြုရာခေတ်ကိုပြသောတရားတော်

> သုခေတ္တေ သုဗီဇံ ရောပံ လဘတေ သုဖလံ ဗဟုံ။
> ဒါနဗီဇံ သာသနမှိ၊ နာနာသုခဖလံ ဝရံ။

သုခေတ္တေ၊ ရေသွားရေလာ သြဇာတက်ပြီး လယ်ကောင်းကြီးထဲ၌။ သုဗီဇံ၊ ရွေးချယ်သန့်စင် အောင်မြင်လေကြောင်း မျိုးစေ့ကောင်းကို။ ရောပံ-ရောပန္တော၊ အချိန်သင့်လျက် ထွန်ယက်ကြဲချ စိုက်ပျိုးရသည် ရှိသော်။ ဗဟုံ၊ အတိုင်းထက်သာ များလှစွာသော။ သုဖလံ၊ အနှစ်ပြည့်စွာ အရသာနှင့် သြဇာရှိပြီး သစ်သီးသစ်နှံအတန်တန်ကို။ လဘတေ၊ စိုက်ပျိုးသူ အားတက်အောင် နှစ်သက်စွာရနိုင်၏။ တထာ၊ ထိုနည်း မခြား အလားတူစွာ။ သာသနမှိ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ သာသနာတော်တည်းဟူသော မြေကောင်းကြီးထဲ၌။ ဒါနဗီဇံ၊ ပေးလှူလှူလှူ ဒါနတည်းဟူသော မျိုးစေ့ကို။ ရောပံ-ရောပန္တော၊ ခေတ်ကောင်းကြုံကြိုက် စိုက်ပျိုးလိုက်သည် ရှိသော်။ ဝရံ၊ အသီးအနှံတကာတို့ထက် လွန်စွာမြင့်မြတ်ပေထသော။နာနာသုခံ၊ လူ့ပြည်တွင်လည်းသူ့ထက်သာ နတ်ပြည်မှာလည်း သူ့ထက်မိုး မြဟ္မာနယ်ဘုံတရိုးမှာ အဘိညာဏ် ဈာန် တန်ခိုးဖြင့် ဟိုးဟိုးကျော်စံစား၍ နိဗ္ဗာန်ကို အမြန် သွားနိုင်အောင် များပြားလှသော ချမ်းသာစုံကို။ လဘတေ၊ အမှန်ပင် ယုံပေတော့ အလုံးစုံရရှိနိုင်လေတော့သတည်း။

## စိန္တာမဏိတရားတော်

ဘဒ္ဒေ ပုညကမ္မံနာမ စိန္တာမဏိသဒိသံ၊ ကပ္ပရုက္ခသဒိသံ၊ ခေတ္တ သမ္ပတ္တိယာ စိတ္တသမ္ပတ္တိယာစ သတိ ယံယံပတ္ထေတွာ ကရောန္တိ၊ တံတံ နိပ္ဖါဒေတိယေဝ။

ဘဒ္ဒေ၊ အိုအချင်း အမျိုးသားတို့။ (ဝါ)၊ ကျေးဇူးများသည့် လူရှင် ရဟန်းအပေါင်း သူတော်ကောင်းတို့။ ပုညကမ္မံနာမ၊ မိမိ စုဆောင်း ပြုစုခဲ့သော ကုသိုလ်ကောင်းမှု မည်သည်ကား။ စိန္တာမဏိသဒိသံ၊ အလို ဆန္ဒရှိသမျှကို ပြည့်ဝစေတတ်သည့် အမြတ်ရတနာ စိန္တာမဏိပတ္တမြားတုံး ကြီးနှင့် တူလှပေ၏။ ခေတ္တသမ္ပတ္တိယာ စ၊ အလှူခံ ပုဂ္ဂိုလ်နှင့် ပြည့်စုံ ခြင်းသည်၎င်း။ စိတ္တသမ္ပတ္တိယာစ၊ သဒ္ဓါစိတ်နှင့် ပြည့်စုံခြင်းသည်၎င်း။ သတိ၊ ရှိသော်။ ယံယံ၊ အကြင် အကြင် သို့သော အကျိုး တရားကို။ ပတ္ထေတွာ၊ မျှော်လင့်တောင့်တ၍။ ကရောန္တိ၊ ကုသိုလ်များကို ကြိုးစား အားထုတ်ကြကုန်၏။ တံတံ၊ ထိုထိုမျှော်လင့်တောင့်တအပ်သော အကျိုး တရားကို။ နိပ္ဖါဒေတိယေဝ၊ယုံယုံကြည်ကြည်နှင့် အတည် မှတ်ပေတော့ ကေန်မုချ ပြီးစေတတ်သည်သာလျှင်ကတည်း။

## ၎င်းဆောင်ပုဒ် လင်္ကာတရားတော်

ကောင်းမှုမည်သည် ပတ္တမြားမဏိ ကပ္ပရုက္ခ ပဒေသာတမူ အလား တူသည် အလှူခံလတ် ပုဂ္ဂိုလ်မြတ်၏ ခေတ်စိတ်ပြည့်စုံ လုံလောက်ရှိသော် တောင်းဆုထိုထို မျှော်မှန်း၍လည်း ဒါနကုသိုလ် ကြိုးစားကြလျက် လိုရာဆန္ဒ မုချကေန် မလွဲမူ၍ ပြည့်စုံလုံလောက် လိုရာပေါက်သတည်း။

## ဒါနရိက္ခာကင်းခဲ့ရာ သံသရာလွန်ဆင်းရဲ

ယေစ တေ ဗုဒ္ဓကာလေပိ၊ ဝိဂတာ ပုညသဥ္စယာ။
စိရကာလံ နုတပ္ပန္တိ၊ ခီဏာ ပါထေယျကာ ယထာ။
တသ္မာဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
နိစ္စံ ပုညံ ဝါယမေယျ၊ အဟောရတ္တမတန္ဒိတော။

ယေတော၊ အကြင် သူတို့သည်။ ဗုဒ္ဓကာလေ၊ ဘုရား ပွင့်တော်မူရာ အခါကာလ၌။ ပုညသဥ္စယာ၊ ကုသိုလ် ကောင်းမှုကို ဆည်းစုခြင်းမှ။ ဝိဂတာ၊ ကင်းကွာကြကုန်၏။ တေ၊ ထိုသူတို့သည်။ ကန္တာရေ၊ ခရီးခဲ ကန္တာရ၌။ ခီဏာပါထေယျကာယထာ၊ ရိက္ခာကုန်ပြတ် ရေစာငတ်ကုန် သော သူတို့ကဲ့သို့။ စိရကာလံ၊ ရှည်ကြာမြင့်စွာ သံသရာ အခွန့်ကာလ

ပတ်လုံး။ အနုတပ္ပန္တိ၊ ပူပင်သောက ဖြစ်ကြရလေကုန်၏။ တဿာတိ၊ ထို့ကြောင့်သာလျှင်။ အတ္တနော၊မိမိ၏။အတ္တံ၊အကျိုးစီးပွားကို။ သမ္ပဿံ-သမ္ပဿန္တော၊ ကောင်းစွာသိမြင်သော။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိပညာရှိသော။ ပေါသော၊ သတ္တဝါ လူများအပေါင်းသည်။ နိစ္စံ၊ အမြဲမပြတ် နိစ္စဗဒ်။အဟောရတ္တံ၊ နေ့ညပတ်လုံး။အတန္တိတော၊ မပျင်းမရိဘဲ။ ပုညံ၊ ကောင်းမှုထိုထို မြတ်ကုသိုလ်ကို။ ဝါယမေယျ၊ အချိန် မှန်မှန်နှင့်ကြိုးစားလုံ့လ အားထုတ်ကြရလေတော့သတည်း။

## ပတ္တမြားမြင် တောသမင်သို့

မဏိံ မိဂေါ ပဿန္တောပိ၊ တိဏံ ခါဒံဝ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညောပိ၊ ကာမံ ဘုဉ္ဇံဝ ဂစ္ဆတိ။

မိဂေါ၊ တော၌ပျော်မွေ့ ကျက်စားလေ့ ရှိသော သားသမင်သည်။ မဏိံ၊ အဘိုးများစွာ အနဃ္ဃထိုက်တန်သော ပတ္တမြားကို။ ပဿန္တောပိ၊ မြင်ရတွေ့ရ ငြားသော်လည်း။ တိဏံဝ၊ မြက်သစ်ရွက်ကိုသာလျှင်။ ခါဒံ-ခါဒန္တော၊ သုံးဆောင်မျိုဝါးစားသောက်လျက်။ ဂစ္ဆတိ၊ မှန်စွာမသွေ သွားရလေ၏။ ဒုပ္ပညော၊ ပညာနည်းပါး သူတော်တရား ရှားပါးသောသူသည်။ လဒ္ဓကာလောပိ၊ ဗုဒ္ဓုပ္ပါဒ နဝမကာလကို ရကြလျက်လည်း။ ကာမံဘုဉ္ဇံဝ၊ ကာမဂုဏ်ကို နေ့ညမပြတ်သုံးဆောင် ခံစားလျက်။ ဂစ္ဆတိ၊ မုချမသွေ သွားရလေတော့သည်။

## တင်လဲရေထက် ပိုးပရွက်သို့

ဂင်္ဂကုမ္ဘံ လဘန္တောပိ၊ ပါဏကော တမှိ နဿတိ။
ဗုဒ္ဓကာလံ လဘန္တောပိ၊ မန္ဒော တမှိ ပရာဇယော။

ဂင်္ဂကုမ္ဘံ၊ တင်လဲရေ ကျဲကျဲကို။ လဘန္တောပိ၊ ကံအားလျော်စွာ ရလျက်လည်း။ ပါဏကော၊ အသောက် အစား မတတ်သော ပိုးပရွက်ငယ်သည်။ တမှိ၊ ထိုရေကျဲကျဲ တင်လဲအိုးထဲ၌။ နဿတိ၊ အကျိုးမရှိအချည်းနှီး ပျက်စီးရလေ၏။ မန္ဒော၊ သူတော်ကောင်းတရား ပါးရှားလှသော ပြောမှသိ ထိမှနာ သာမှနေ သေမှခင် သင်မှတတ်သူ လူအလူဖျင်းသည်။ ဗုဒ္ဓကာလံ၊ ဘုရားပွင့်ရာ ဗုဒ္ဓုပ္ပါဒ နဝမ ကာလကို။ လဘန္တောပိ၊ ကြုံကြိုက်ရလျက် တွေ့မြင်ကြလျက်လည်း။ တမှိ၊ ထိုဘုရားပွင့်ရာ ဗုဒ္ဓုပ္ပါဒ နဝမခေတ်ကာလ၌။(ဝါ)၊သာသနာနှင့် ကြုံကြိုက်သော ခေတ်ကောင်း၌။ ပရာဇယော၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးများကို မသိ

ပြား၍ တဘ၀ထက်တဘ၀ များစွာပျက်ပြားဆုံးရှုံးကြီး ဆုံးရှုံးခံရလေ တော့သတည်း။

### လောကီသုခ အနိစ္စတရားတော်

လောကုတ္တရာ သုခံ နိစ္စံ၊ အနိစ္စံ လောကိယသုခံ။
တေသာ လောကိယဘာ၀ေန၊ ပဋ္ဌေယျုံ နိစ္စလံ သုခံ။

လောကုတ္တရာ သုခံ၊ ဆင်းရဲကင်းပ ဒုက္ခဟူ၍ မြူခဲ့မသန်း ပင်ပန်း ကင်းကွာ လောကုတ္တရာ ချမ်းသာသည်။ ၀ါ၊ တခါတွေ့က မမေ့နိုင် ဘွယ် တကယ်တန်းမြင့် လောကုတ္တရာ ချမ်းသာဆင့်သည်။ နိစ္စံ၊ ဘယ် တော့မှ ပျောက်မပျက်တဲ့ အနှောက်အယှက် ကင်းလွတ်ငြိမ်း၍ အထွဋ် ကိန်း အစိုင်ခဲမို့ ခိုင်မြဲတည်တံ့လေ၏။ လောကိယသုခံ၊ လူ့ပြည်တရပ် နတ်ပြည်တဖုံ ဗြဟ္မာဘုံ အထက်တန်းထိအောင် ဂဏန်းအပြည့် ချမ်း သာတယ်ဆိုတဲ့ လောကီချမ်းသာမျိုးသည်။ အနိစ္စံ၊ ဒုက္ခတွေ တောထ၍ မောစရာ့အလုပ် ရေမြှုပ်သဏ္ဍာန် အတည်ခံခြင်း ကင်းသဖြင့် ခိုင်မြဲခြင်း မရှိရိုးအမှန်ပင်တည်း။ တေသာ၊ ဒုက္ခပြောထူ မဖြူမစင် မှုသွင်မကောင်း ဤလောကီချမ်းသာ အပေါင်း၏။ အနိစ္စဘာ၀ေန၊ မက်မောစရာ ဗလာ နည်တွ ခိုင်မြဲခြင်း မရှိသည်၏ အဖြစ်ကြောင့်။ သဇ္ဇနာ၊ အခိုင်ဆုံး အမြတ်ဆုံး အသည်းနှလုံး စေရာ မြတ်ချမ်းသာကို လွန်စွာ လိုလား သူတော်ကောင်း ပုဂ္ဂိုလ်များတို့သည်။ နိစ္စလံသုခံ၊ ဘယ်တော့မှ မပျက် မကွက်မူ၍ ဆက်ဆက်နှစ်သက်စရာ ခိုင်မြဲတဲ့လောကုတ္တရာ ချမ်းသာကို။ ပဋ္ဌေယျုံ၊ လောကီကိုရွံ့မုန်း၍ ညွန်တုံးသို့မတွယ်တာ ဘယ်အခါ မပြတ် လပ်ဘဲ အထပ်ထပ်အခါခါ တောင့်တရလေကုန်တော့သတည်း။

### အရိပ်ပမာ ကံနှစ်ဖြာတရားတော်

အတ္ထာဂေဟေ နိ၀တ္တန္တိ၊ သုသာနေ မိတ္တဗန္ဓ၀ါ။
သုကတံ ဒုက္ကဋံ ကမ္မံ၊ ဆာယာ၀ အနုယာယိနီ။

ဘောဂေ္ဂ သဗ္ဗရှိသာ၊မင် ဖိုလ်နှစ်တန် နိဗ္ဗာန် လိုလားအို တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ အတ္ထာ၊ လယ် ယာ မိုးမြေရွှေငွေ စပါး အစားစားနှင့် များပြားလှစွာ ပစ္စည်းဥစ္စာတို့သည်။ ဂေဟေ၊ နေရာထိုင်ခင်း မိမိတို့၏အိမ်အတွင်း၌။ နိ၀တ္တန္တိ၊ တစုံတရာ မလိုက်ပါဘဲ ကျန်ရစ်ကြလေကုန်၏။ မိတ္တဗန္ဓ၀ါ၊ ဇနီးမယား သမီးသားနှင့် ချစ်အား သန်သန် တသက်ပန်တွင် ဆက်ဆံပေါင်းသင်း မိတ်ဆွေရင်းတို့ သည်

သုသာနေ၊ လူသေ မြှုပ်နှံ သုသာန် သင်းချိုင်း မြေလုပ် တိုင်း၌။ နိဝတ္တန္တိ၊ တမ်းတငေးမြော် အဆွေးပေါ်လျက် ခေါ်လို့မကြား ကျန်ရစ်၍ ပြန်သွားကြလေကုန်၏။ သုကတံ ဒုက္ကဋံ၊ ကောင်းမကောင်းနှင့် သောင်း ပြောင်းရောထွေ အခြေမပျက် ကံနှစ်ချက် သာလျှင်။ ဝါ၊ ကုသိုလ် အကုသိုလ်ကံ ၂-ပါးသာလျှင်။ ဆာယာ၊ လူ၏အရိပ်သည်။ အနုယာယိနီ ဣဝ၊ အစဉ်တစိုက် သွားလေရာလိုက်သကဲ့သို့။ အနုယာယတိ၊ သွားလေ သူဇက်ပိုးက ပျက်ညှိုးဘို့ လမ်းမမြင်အောင် တတန်းတန်းပင် လိုက်ပါ၍ နေလေသတည်း။

## ပုညသမ္ဘာရ အဘိန္ဒက တရားတော်

စတ္တိဘူတာနံ ပုဗ္ဗေပိ၊ ဘိန္နာ သမ္ဘတ္တိယော ဗဟူ။
ပါရမီ ပုည သမ္ဘာရ၊ သာရေကော၀ အဘိန္ဒကော။

ဘိက္ခဝေ၊ သံသရာ ဝဋ်အတွင်းမှ လွတ်ကင်းလိုငြား အိုချစ်သား ချစ်သမီးတို့။ ပုဗ္ဗေပိ၊ လွန်ခဲ့လေရာ ကမ္ဘာအဆက်ဆက် သံသရာအထက် တက်ကလည်း။ စတ္တိဘူတာနံ၊ စကြာဝတေးမင်း ဖြစ်ဘူးကုန်သော သူတို့၏။ ဗဟူ၊ အကြီးအကျယ် အသွယ်သွယ်အဝဝ များပြားလှ ကုန်သော။ သမ္ဘတ္တိယော၊ ချမ်းသာရိပ်ငြိမ် စည်းစိမ်ဥစ္စာ ဖြာဖြာကြွယ်ဝ သမ္ဘတ္တိ ဟူသမျှတို့သည်။ ဘိန္နာ၊ ဘရမ်းဘတာ ရှာ၍မရ ပျက်၍ကုန်ကြလေပြီ။ ပါရမီပုညသမ္ဘာရ သာရေကော၀၊ အသွယ်သွယ်အလီလီ ဖြည့်ခဲ့ညီ သည့် ပါရမီကုသိုလ် ထိုထိုပေါင်းစု ကောင်းမှုဟူသော အနှစ်သာရ တခုတည်းသာလျှင်။ အဘိန္ဒကော၊ ပကတူပနိဿယဖြင့် စိတ်ချစေဘို့ နိဗ္ဗာန်ရွှေမြို့သို့မပို့မနေမပျက်မစီးစေဘဲ အမြဲတည်ရှိ လေတော့သတည်း။

## ကုသိုလ်ဟူသမျှကို ယနေ့ကပင်ကြိုတင်၍ ပြုအပ်သော တရားတော်

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကောဇညာ မရဏံ သုဝေ။
နဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

အာတပ္ပံ၊ ပြုသွယ်ကိစ္စ ကုသိုလ်ဟူသမျှကို။ အဇ္ဇေဝကိစ္စံ၊ ယနေ့ကပင် ကြိုတင်၍ပြုအပ်၏။ သုဝေမရဏံ၊ နက်ဖြန်ကျမှ သေမည် ဟူ၍။ ကော ဇညာ၊ မည်သူတဦးတယောက် ထွင်းဖောက်၍ သိနိုင်ပါ မည်နည်း။ မဟာသေနေန၊ များသောစစ်သည် အခြံအရံရှိသော။ တေနမစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။ ဝါ၊ နော၊ ငါတို့နှင့်။ သင်္ဂရံ၊ နှစ်ဦး သဘောတူ အချိန်းအချက်ထားကာ ဆက်သွယ်ခြင်းသည်။ နဟိ နတ္ထိဝေ၊ စင်စစ်မုချ မရှိလေတော့သည်သာလျှင် ကတည်း။

ဣဋ္ဌာသယ ၄၈၈-၃၄

## ညောင်စေ့လောက်သာ လှူခဲ့ရာ ညောင်ပင်ကြီးပမာ အကျိုးဖြာ

ဧဝံ နာတိ မဟန္တမ္ပိ၊ ပုညံ အာယတနေ ကတံ။
မဟာဝိပါကံ ဟောတီတိ၊ ကာတဗ္ဗံ တံ ဝိဘာဝိနာ။

ဧဝံ၊ မုတ္တ-မုတ္တကဖြစ်အောင် ပေးလှူခဲ့လျှင် ညောင်စေ့လောက်လှူက ညောင်ပင်ကြီးမျှ အကျိုး ပေးနိုင်သည့် အတူ။ အာယတနေ၊ ကောင်းမှု၏ တည်ရာဖြစ်ငြား သီလဝန် သံဃာတော် အရှင်မြတ်များ၌။ ကတံ၊ ဒက္ခိဏေယျဂုဏ် အလုံးစုံကို အာရုံကြည်ဖြူ ပေးလှူ အပ်သော။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ နာတိမဟန္တမ္ပိ၊ မကြီးမကျယ် အနည်းငယ်ညောင်စေ့သဘွယ် ဖြစ်ငြားသော်လည်း။ မဟာဝိပါကံ၊ ကြီးကျယ်ပွားစီး ညောင်ပင်ကြီးမျှ အကျိုးဝိပါက်ကိုရနိုင်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ စင်စစ်မသွေ မုချဖြစ်လေ၏။ ဣတိတသ္မာ၊ ထိုသို့ညောင်စေ့လောက်မျှ လှူဒါန်းကလျှင် ညောင်ပင်ကြီး ပမာဏ အကျိုးရသောကြောင့်။ ဝိဘာဝိနာ၊ သဒ္ဓါရှေ့သွား ဖွဲ့ထားပညာ ကောင်းစွာရှိငြား အမျိုးသားသည်။ တံပုညံ၊ ဖြစ်ရာစဥ်စိုက် မပြတ်လိုက်သော အနုဂါမိမှန် ထိုကောင်းမှုကံကို။ ကာတဗ္ဗံ၊ နောက်တွန့်မဆုတ် အားပါးထုတ်၍ လျှင်မြန်စွာ ပြုလုပ်အပ်လေတော့သတည်း။

## အစိန္တိယအကျိုးပြ ဒါနတရားတော်

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ၊ဂုဏ်တော်မြတ် အစိန္တေ့သိရှိသရေအမိကမ္ဘိသိကြသလိုပြဆိုခဲ့သည့်အတိုင်းသာလျှင်။ ဗုဒ္ဓါ၊ ဆည်းကပ်သူအနန္တတို့မှာ အမှန်ပမည္ဘိုးငယ်တန်ခိုးကြွယ်ခါ တအားသစ်နိုင်တဲ့ ဘုရားစစ်ဘုရားမှန် ဟူသမျှတို့သည်။ အစိန္တိယာ၊ အတွေးဉာဏ် မရောက်အားနိုင်ဘ ထောက်ထားစရာဉာဏ်မှိအောင် ကြံစည်ခြင်းမပြုနိုင်ကြလေကုန်။ ဗုဒ္ဓဓမ္မာ၊ ကိုယ်တော်မြတ်ပုံသဏ္ဌာန် ဟောသမျှဒေသနာဉာဏ်ကို တွေ့ရှာကြံလျှင် မပြတ်မြင်ကြသည့်မြတ်အရှင်၏ ဂုဏ်တော် အပေါင်းတို့သည်။ ဝါ၊ တရားသံဃာတော်အရှင်မြတ်၏ ဂုဏ်တော်အပေါင်းတို့သည်။ အစိန္တိယာ၊ အတွေးဉာဏ်မရောက်အားနိုင်ဘ ထောက်ထားစရာဉာဏ်မှိအောင်ကြံစည်ခြင်းမပြုနိုင်ကြလေကုန်။ အစိန္တိယေ၊ မတွေးဝန့်မကြံသာ ဉာဏ်ပတ္တရာဖြန့်မရသည့်ဗုဒ္ဓ ဓမ္မ သံဃ အရှင်မြတ်များ၏ အနန္တဂုဏ်တော်အပေါင်း၌။ ပသန္နာနံ၊ စိတ်စေတနာသဒ္ဓါမျှ၍ အနိဋ္ဌေ ဘယာပကြလေအောင်ဂါရဝမှိခိုလျက်

ကြည်ညိုလေးစားကြတဲ့ သူအပေါင်းတို့၏။ ဝိဝါကော၊ လောကီစခန်းမှာတော့သေးဘယာပျောက် လောကုတ္တရာစခန်းမှာတော့ အေးအမတာရောက် တွေးကာထောက်လျှင် စိတ်ရှိတိုင်း ဉာဏ်အမြင်မှိ သိဒ္ဓိဂိုဏ်းဝင်ဖြစ်တဲ့အကျိုးတရားသည်။ အစိန္တိယော၊ တန်ခိုးတော်အစုံစုံ ဂုဏ်တော်အနန္တဟာမို့ ကြံသမျှမပြီးနိုင်ဘဲ ငြိုးမှိုင်၍နေစရာသည်။ ဟောတိ၊ ဘယ်လိုမှ ဉာဏ်မကစားနဲ့တော့ အမှန်အားဖြင့်ဖြစ်နိုင်လေတော့သတည်း။

**ပါရမီမြောက် နိဗ္ဗာန်ပေါက် တရားတော်**

အာယတိံ ဓမ္မမေဃေန၊ ဖုသိတမှိ သိဝက္ခံရံ။
ရုဟန္တံ ဘာဝနာ ဗီဇံ၊ ဂဝေသေယျ သုခါဝဟံ။

ဘောဒ္ဓေ္တာ သပ္ပုရိသာ၊ သဒ္ဓါစိတ်စင်ဖြူ၍ ပြည်နိဗ္ဗူတဘက်ကမ်းသို့ တက်လှမ်းဘို့ မျှော်ညောင်းကြတဲ့ အိုတရားနာ ပရိသတ် အပေါင်းသူတော်ကောင်းတို့။ အာယတိံ၊ မေတ္တေယျသခင်ဘုရားရှင်၏ ထင်ထင်ပေါ်ပေါ်ပွင့်တော်မူရာ နောင်သောအခါ၌။ ဓမ္မမေဃေန၊ ရွှေနှုတ်တော် ကြာကုမုဒ်မှ ထုတ်ကာထုတ်ကာ ကောင်းစွာမြွက်ကြား တရားတော်မြတ် မိုးသည်းရေစာတ်ဖြင့်။ ဖုသိတမှိ၊ အေးအေးစိမ့်စိမ့် တငြိမ့်ငြိမ့်နှင့် တခြိမ့်ခြိမ့်မွှမ်း ဆွတ်ဖျန်းတုံလတ်တွေ့ထိအပ်သည်ရှိသော် တွေ့ထိရသောအခါ၌။ သိဝက္ခံရံ၊ မင်္ဂဖိုလ်နိဗ္ဗာန်တည်းဟူသော ဖူးတံရွက်ညွန့်တွေကို။ ရုဟန္တံ၊ လွန့်ကာလွန့်ကာ အညွန့်ဖြာ၍ မကြာအမြန် သန်သန်စွမ်းစွမ်း ပြည့်လျှမ်းစွာ ပေါက်လာ စေတတ်သော။ သုခါဝဟံ၊ ဆင်းရဲကင်းပဘေးမခသည့် အေးမြရာမှန် နေရပ်ဌာန်သို့ အမြန်မချို ဆောင်ပို့နိုင်ပေထသော။ ဘာဝနာဗီဇံ၊ ဒါနသီလ သမထဝိပဿနာ ဘာဝနာနှစ်မျိုးအကျိုး အသင်္ချေမျိုးစေ့တွေကို။ ဂဝေသေယျ၊ သာသနာတော် ဤအခိုက်မှာမို့ အကြည်ဆိုက်ကာ သဒ္ဓါကြည်ကြည်ဖြင့် ပါရမီမြောက် နိဗ္ဗာန်ပေါက် စိတ်အကြံရောက် တရားတော်မြတ်ကို ရှာမှီး စုဆောင်ကြရာတော့သတည်း။

**ပါရမီဖြည့်၍နိဗ္ဗာန်ကူးရန် ဖောင်တော်သံတရားတော်**

ဥဒ္ဓဂ်မာ တိသော နာဝါ၊ ဩဟိနာ တတ္ထနာရှင္ဟာ။
ဇုဓာပိ အဓေနာ ဒိဋ္ဌာ၊ သေန္တာ နာဂတာရှင္ဟာ။

သောဒ္ဓေ္တာ – သပ္ပုရိသာ၊ သံသရာဝဲဩဃ ဝဋ္ဋဒုက္ခ တလျှောက်မှ ထွက်မြောက်လိုငြား အိုလူများတို့။ဇုဓဒီပေ၊ ဤငါတို့ဇမ္ဗူဒိပ်ကျွန်းကြီး၌။ တိသောနာဝါ၊ ကကုသန် ကောဏဂုံ ကဿပဟု နာမစိုက်ချွန်အောင်

တံခွန်နှင့် ရောင်ဝန်ညီးညီး သုံးစင်းသော ဖောင်တော် ကြီးတို့သည်။ ဥဒ္ဓဂ်မာ၊ စည်သံမောင်းသံ ဂယက်ပုံမျှ တက်ဆန်တော်မူကြလေကုန်ပြီ။ တတ္တတာသုနာဝါသု၊ ထိုနိဗ္ဗာန်ကူးတို့ သောင်ရွှေမြို့သို့ ဆောင်ပို့ကယ် သွင်း ဖောင်တော်ကြီးသုံးစင်းတို့၌။ တုမှေ၊ သံယောဇဉ်ကြိုး ခင်မင်ငြိး၍ မငြိးနိုင်ကြ ဘုံဘဝမှ မထကြွာညောင်း သင်လူ အပေါင်းတို့သည်။ ဩဟိနာ၊ အိုလားသေလား တဖွားဖွားနှင့်ရှည်လျားမဆုံး မီးမတုံးဘဲ တဟုန်းဟုန်းတောက် ဘေးကြီးရောက်၍ ထွက်ပေါက်မရ ကျန်ရစ်ကြ လေကုန်ပြီ။ဣမခာပိ-ဣမအေပိ၊ ငါတို့ဂေါတမရှင်တော်မြတ်ဘုရား ထင်ရှား အပြီး တရားတိုက်မောင်း ပွဲတင်စောင်းမျှ ရိုက်ညောင်း ဆော်သံ စည်တော်သံနှင့် တက်သံဟီးဟီး ဖောင်တော်ကြီး၌လည်း။ ဒိဋ္ဌာဒိဋ္ဌာ ယေဝ၊ ဘုရားဖောင်မှူး မဖူးလိုက်ရ မလိုက်မနား ရှင်တော်ထားသည့် တရားသံဃာ ရတနာဟု ရောင်ဝါထွန်းပ ပွဲပိုင်းမျှကို ဝေးကမှုံမှုံ မြင်ရ ရုံသာ မြင်လိုက်ကြရလေကုန်၏။ အမနော၊ ကူးတို့ဖောင်ခ လက်ဆောင် သတ္တိ ဒါနသီလာ ဘာဝနာဟု စဖြာသီးသီး ပစ္စည်းဥစ္စာ လက်ကိုင်မပါ ခြင်းကြောင့်။ အနာရဋ္ဌာ၊ သဘော်ဖောင်စီး မာလိန်ကြီးက အစီးမခံ ဟီးဟီးညံမျှ ကြောက်ကန်ရွံ့ဆုတ် နောက်ပြန် ခုတ်သဖြင့် ခွါဆုတ် သွားပြီး မစီးမလိုက်ကြရလေကုန်သည်ဖြစ်၍။ ဩဟိနာ၊ ဤမှာဘက်ကမ်း တဘက်လမ်းမှ ပင်ပန်းရိရော် တမော်မော်နှင့် ဟစ်အော်ငြီးထ ကျန်ရစ် ကြလေကုန်ပြီ။ အနာဂတေ၊ မေတ္တေမြတ်စွာ မျှားမကြာမီ ဆန်လာလုနီး ဖောင်တော်ကြီး၌။ အာရဋ္ဌာယ၊ အမြန်ခုန်ကူး ဘောင်တော်ဦးက ကြည်နူးမြိုင်မြိုင် ဦးစွာထိုင်၍ စီးနိုင်ကြခြင်းအကျိုးငှာ။ တုမှေ၊ သံသရာ ဗွက်ကြမ်း တဘက်ကမ်းမှ ထွက်လှမ်းလိုသော သင်သူတော်ကောင်း အပေါင်းတို့သည်။သေန္တု၊ကူးတို့ဖောင်ခ လက်ဆောင်သတ္တိ ဒါနသီလာ ဘာဝနာအသီး စာဂကြီးကို အပြီးခုက ကြိုတင်ကြ၍ ရှာမှီးလိုက်ကြ ပါကုန်လော့-ရှာမှီးလိုက်ကြရ လေကုန်တော့သတည်း။ ဝါ၊ ကဿပ ဘုရားလက်ထက်သာသနာတွင်းက လှူဒါန်းပြုလုပ်ခဲ့သော သိကြားမင်း မာဃအလောင်းတို့လို တဏှာမဝင် သံယောဇဉ်မဖက် နှစ်ပါးစုံလွတ် ကင်း၍ ညောင်စေ့လောက်လှူဒါန်းက ညောင်ပင်ကြီးလောက်အကျိုး ဝိပါက်ကိုရသောကြောင့် အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာ ကြီးခြင်း ခွန်အားဗလကြီးခြင်း ဉာဏ်ပညာကြီးခြင်းဆိုတဲ့ တရားငါးပါးလဲ သူများထက်ပိုသာ၍ လောကီမှာလဲ အထွဋ်အထိပ် ရောက်၍ လက်ရုံး

မထောင် အလိုလိုအောင်နိုင်ပြီးလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို နေလအသွင် ထွန်းလင်း တောက်ပနိုင်ကြရအောင် ညဏ်ယှဉ်လို့လ ဥဿာဟနှင့် ဗုဒ္ဓမိန့်မှာ သာသနာဝယ် ကြီးငယ်မဟူ အများသူတို့ ရောင်ဝါတောက်ထိန် ခေတ်ကောင်းကြိမ်၍ အချိန်ရှိခိုက် လုံ့လစိုက်ကာ တသန်တည်းကြိုးစား အားထုတ်ကြရလေကုန်တော့သတည်း။

## မဂ္ဂင်ကူးရန် လှေတော်သံတရားတော်

မဂ္ဂင်္ဂနာဝံ ကတ္ဘာန၊ ထိရပီယေန သူဇုတံ။

မယံ ပါရံ တရိဿာမ၊ ဩဃတော ဝီရထာမသာ။

ဘောဇ္ဈင်္ဂ သပ္ပုရိသာ၊နိဗ္ဗူတပြေအကျော်ကို လှေမော်နဲ့သွားကြဘို့ လှေတော်သား လက်ရွေး ပဋ္ဌမတို့ဖြင့် တက်ရေးပြ အကြည်အသာ ညီအညာလာကြောင်း အိုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။မဂ္ဂင်္ဂနာဝံ၊အထက်အထက်တခွင်မှာ မပျက်မပျက်ရှင်ကြဘို့ မဂ္ဂင်ဆိုတဲ့ လောင်းလှေကြီးကို။ကတ္ဘာန၊ဦးမှာတော့ ဝိပဿနာ့ပဲ့မှာတော့ သမထ လှလှပပ ကျနကျော့ပြေ ကော့နေအောင် လုပ်ကြရကုန်သည် ဖြစ်၍။ ထိရပီယေန၊ မနဲ့မယိုင် တည့်ခိုင်စွာဘိ သမာဓိခေါ် တက်မတော်ဖြင့်။ သူဇုတံ၊ နိဗ္ဗာန်ကို ဦးပေးပြီး ဒူးကလေးနှင့် ချိတ်ကာ ဖြောင့်ဖြောင့် တန်းတန်းကြီး သာလျှင်။ ကတ္ဘာန၊ အချက်ပိုင်ပိုင် ဂယက်ဆိုင်ဂယ် တက်မကိုင်လုပ်ကြကုန်သည်ဖြစ်၍။ ဩဃတော၊ကိလေသာ လှိုင်းဂယက် တို့ဖြင့်ပိုင်းလျက်နှိပ်ဖိ ဒိဋ္ဌိတဏှာ များစွာသောင်းသောင်း ပင်လယ် ခေါ် ကြတဲ့ ဩဃစခန်းမှ။ ဝီရထာမသာ၊ ရဲရင့်လုံ့လ ဝီရိယခေါ်ချက် လှော် တက်အစွမ်းဖြင့်။(ဝါ)၊ ရန်းခါပျော်ပျော် ကုန်းခါလှော်ကြဘို့ အမော် တချက် လှော်တက်ခေါ်ငြား ဝီရိယ၏စွမ်းအားဖြင့်၊ ပါရံ၊ဟိုမှာတဘက် ကမ်း အတည်မိဋ္ဌာန် ရည်စိတ်သန်ကြသည့် ပြည်နိဗ္ဗာန် ရွှေနန်းသို့။မယံ၊ အပြေအပျော် ဆွေအဖော်တို့နှင့် အရှေ့ပျော်ပျော် မော်အသွား လှေ တော်သား ဖြစ်ကြကုန်သော အကျွန်ုပ်တို့သည်။တရိဿာမ၊ လူစုံတက်စိ ဂယက်မမိစေဘို့ အချက်ကြည့်ခါ ပျော်ပျော်မြူးပြီး လှော်ကူးလိုက်ကြကုန် စို့တကား။(ဝါ)၊ ပြည်နိဗ္ဗူ ဗဟိုကနက်သို့ ရည်စိတ်တူတူ ခိုမတွက်ကြဘဲ ရိုတက်ကို မှန်မှန်ဆွဲပြီး တသန်တည်း ကူးခတ် လိုက်ကြကုန်စို့တကား။

## ပုညကြိယာဝတ္ထု ဆယ်ပါးကိုပြခြင်း

အတ္တနော သန္တာနံ ပုနာတိ သောဓေတီတိ ပုညံ။ ။ယံမဒ္ဓဇာတံ၊ အကြင် သဘောတရားသည်။ အတ္တနော၊ မိမိ၏။ သန္တာနံ၊ အစဉ်ကို။

သံကိလေသမလတော၊ ကိလေသာ တည်းဟူသော အညစ်အကြေးမှ။ ပုနာတိ သောဓေတိ၊ ဖြူစင်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုသဘောတရားသည်။ ပုညံ၊ ပုညမည်၏။ ။သပ္ပုရိသေဟိ ကာတဗ္ဗန္တိ ကြိယံ။ ယံပုညံ၊အကြင်ကောင်းမှုကို။ သပ္ပုရိသေဟိ၊ သူတော်ကောင်းတို့သည်။ ကာတဗ္ဗံ၊ ပြုကျင့်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ ပုညံ၊ ထိုကောင်းမှုသည်။ ကြိယံ၊ ကြိယမည်၏။ ။တေတေ အာနိသံသာ ဝသန္တိ တိဋ္ဌန္တိ ဧတ္ထာတိ ဝတ္ထု။ ဧတ္ထပုညေ၊ ဤကောင်းမှု၌။ တေတေ အာနိသံသာ၊ ထိုထိုအကျိုးအာနိသင်တို့သည်။ ဝသန္တိ-တိဋ္ဌန္တိ၊ တည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံပုညံ၊ ထိုကောင်းမှုသည်။ ဝတ္ထု၊ ဝတ္ထုမည်၏။

ပုညကြိယဥ္စ တံ ဝတ္ထုစာတိ ပုညကြိယဝတ္ထု။ ပုညကြိယဥ္စ၊ ပုညကြိယာဟူသည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုပုညကြိယာဟူသည်။ ဝတ္ထုစ၊ အကျိုး၏တည်ရာလည်း ဟုတ်၏။ ဣတိဟသ္မာ၊ထို့ကြောင့်။ ပုညကြိယာဝတ္ထု၊ပုညကြိယာဝတ္ထုမည်၏။ ။ဤဝစနတ္ထအရ မိမိသဏ္ဍာန်ဟု ဆိုအပ်သော ခန္ဓာအစဉ်၌ အကုသိုလ် အညစ်အကြေး ဘေးရန်ကင်း၍ သန့်ရှင်းကြည်လင် စင်ကြယ်ကောင်းမြတ်အောင် ထုတ်ဆောင်သုတ်သင် တတ်သည်၏အဖြစ်ကြောင့် ပုည၊ သူတော်ကောင်းတို့သည် နေ့ညမယုတ် အားထုတ်ပြုကျင့်အပ်သည်၏အဖြစ်ကြောင့် ကြိယ၊လူနတ်စည်းစိမ် ရိပ်ငြိမ် စံပျော် မွေ့လျော် ခံစားအပ်သော အကျိုးတို့၏ အကြောင်းဖြစ်သော ကြောင့်ဝတ္ထု၊ ဤသုံးပါးစုံ၍ ထုံအပ်သော ဝိဂြိုဟ်ကြောင့် ပုညကြိယာ ဝတ္ထုမည်၏ဟု မှတ်သားအပ်၏။

ထိုပုညကြိယာဝတ္ထုသည်ကား ထိုထိုဒွါရ၌ ကျရောက်သည်ကို ရည်၍ သာမညတ္တ သုတ္တန္တ နည်းအားဖြင့် ပြဆိုအပ်သော ကမ္မပထကထာနည်း အဘိဓမ္မာနည်းဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ဒါနသည် ပုညကြိယာနည်းအားဖြင့်မိမိကိုယ်တိုင်လှူသောအခါ ကာယကံ၊သူတပါး တို့ကို စေခိုင်း၍ လှူဒါန်းသောအခါဝစီကံ၊စိတ်ဖြင့်ပေးလှူအံ့ဟု ထင်ရှား ရှိသောဝတ္ထုကို ကြံစည်သောအခါမနောကံဖြစ်၏။ အဘယ့်ကြောင့် ဟူမူ သူတပါး၏ ထင်ရှားရှိသောဝတ္ထုကို မိမိသို့ညွတ်စေသောအခါ အဘိဇ္ဈာ ကမ္မပထမနောကံ ဖြစ်သကဲ့သို့ မိမိ၌ ထင်ရှားရှိသောဝတ္ထုကို သူတပါးသို့ ညွတ်သော အခါ၌လည်း အနဘိဇ္ဈာကမ္မပထ ဖြစ်သောကြောင့်တည်း။ ထိုမနောကံ ဖြစ်သော အနဘိဇ္ဈာဒါနသည် ကိုယ်ဖြင့် ရွက်ဆောင်သော

အခါ ကာယဒွါရ၌ဖြစ်သော မနောကံ၊နှုတ်ဖြင့် ရှက်ဆောင်သောအခါ ဝစီဒွါရ၌ ဖြစ်သော မနောကံ၊ စိတ်ဖြင့်သက်သက် ကြံစည်သောအခါ မနောဒွါရ၌ဖြစ်သော မနောကံမည်၏ဟု ကံ,ဒွါရတို့ကို မရောမယှက် ပိုင်းခြားမှတ်သားအပ်၏၊ ဤသည်လျှင် ဒါနသည် ပုညကြိယာနည်းအား ဖြင့် ကံသုံးပါး ကမ္မပထ နည်းအားဖြင့် မနောကံ တပါးတည်းဟု မှတ်အပ်၏။

သီလသည် ပုညကြိယာနည်းအားဖြင့် ကံသုံးပါး၊ ကမ္မပထနည်းအား ဖြင့် ကာယကံ, ဝစီကံမည်၏၊ ဘာဝနာသည် အဗျာပါဒ သမ္မာဒိဋ္ဌိ မနောကံမည်၏၊ အပစာယနဝေယျာဝစ္စသည် ပုညကြိယာနည်းအားဖြင့် ကာယကံ ဝစီကံနှစ်ပါး၊ ကမ္မပထနည်းအားဖြင့် အဗျာပါဒသမ္မာဒိဋ္ဌိ မနောကံမည်၏၊ ပတ္တိဒါန ပတ္တာနုမောဒနတို့သည် ပုညကြိယာနည်း အားဖြင့် ဝစီကံမည်၏၊ ကမ္မပထနည်းအားဖြင့်ကား အနဘိဇ္ဈာသမ္မာဒိဋ္ဌိ မနောကံမည်၏၊ ဓမ္မသဝနသည် ပုညကြိယာနည်းအားဖြင့် ကံသုံးပါး၊ ကမ္မပထ နည်းအားဖြင့် သမ္မာဒိဋ္ဌိ မနောကံမည်၏၊ ဓမ္မဒေသနာသည် ပုညကြိယာအလိုအားဖြင့် ဝစီကံမည်၏၊ကမ္မပထနည်းအားဖြင့် မနောကံ သုံးပါး၌ ထိုက်သည့်အားလျော်စွာ ဖြစ်၏၊ ဒိဋ္ဌိဇုကမ္မသည် ပုညကြိယာ နည်းအားဖြင့် ကံသုံးပါး၊ ကမ္မပထနည်းအားဖြင့် သမ္မာဒိဋ္ဌိမနောကံသာ မည်၏။

ပုညကြိယာနည်းနှင့် ကမ္မပထနည်း အထူးကား ပုညကြိယာနည်းမှာ ဖြစ်ရာဒွါရ၌ ကံကိုအမည်ပေး၍ ဆုံးဖြတ်အပ်၏။ ကမ္မပထနည်းမှာကား ကံဒွါရကို မရောမယှက်သောအားဖြင့် အမြဲဆုံးဖြတ်အပ်၏။ ဤသည်လျှင် အထူးတည်း၊ ဤသည်လျှင် အဘိဓမ္မာဝတာရ ဋီကာအရ နည်းနှစ်ဝ အပြတည်း။

## ဒါနသရူပကိုပြခြင်း

ဒိယတိ ဧတေနာတိ ဒါနံ။ ဧတေန၊ ဤစေတနာဖြင့်။ ဒိယတိ၊ စွန့်ကြဲ ပေးကမ်းလှူဒါန်းအပ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ တံ၊ထိုစေတနာသည်။ ဒါနံ၊ဒါနမည်၏။ အလှူခံပုဂ္ဂိုလ်တို့အား ဆွမ်း သင်္ကန်းစသော တစုံတခု သော ပစ္စည်းဝတ္ထုကို ပေးလှူကြောင်းဖြစ်သော မဟာကုသိုလ် စိတ္တုပ္ပါဒ် နှင့်ယှဉ်သော စေတနာစေတသိက်ကို အရကောက်ယူအပ်၏။ထို့ကြောင့် ကထာဝတ္ထု ပါဠိတော်၌-- စေတသိကော ဒါနန္တိ အာမန္တာ-ဟု ဟော တော်မူ၏။ စေတသိကော၊စေတနာစေတသိက်သည်။ ဒါနံ၊ဒါနမည်လေ

သလော။ ဣတိပုစ္ဆာယံ၊ ဤသို့မေးသည်ရှိသော်။ အာမန္တာ၊ စေတသိက်သည် ဒါနမည်၏။ ဣတိဝိသဇ္ဇနာ၊ ဤသို့ ဖြေတော်မူ၏။ ဤသည်လျှင် စေတနာစေတသိက်သည် ဒါနမည်ဟန်တည်း။ ထိုစေတနာနှင့်ယှဉ်သော အလောဘ စေတသိက်သည်လည်း ဒါနမည်၏။ ထို့ကြောင့်–သုတ္တ ဝိဘင်္ဂအဋ္ဌကထာ မူလဋီကာ၌ တံသမ္ပယုတ္တော အလောဘောပိ ဒါနံ နာမ-ဟု မိန့်ဆိုတော်မူ၏။ တံသမ္ပယုတ္တော၊ ထိုစေတနာနှင့် ယှဉ်သော။ အလောဘောပိ၊ အလောဘ စေတသိက် သည်လည်း။ ဒါနံနာမ၊ ဒါန မည်၏။ ဤသည်လျှင် အလောဘစေတသိက် ဒါနမည်ဟန်တည်း။ ဝိရတီ စေတသိက် သုံးပါးသည် သတ္တဝါတို့၏ ဇီဝိတိန္ဒြေကို ဖျက်ဆီး(?)ဘေးရန် ကင်းအောင် ဘေးမဲ့ပေးသောကြောင့် ဒါနမည်၏။ ထို့ကြောင့် ကထာဝတ္ထု အဋ္ဌကထာ၌– အဘယံ ဒေတိတိ အာဂတဋ္ဌာနေ ဝိရတိဒါနံ– ဟု မိန့်ဆိုတော်မူ၏။ အဘယံ၊ဘေးမရှိသည်ကို။ဒေတိ၊ပေး၏။ ဣတိ၊ဤသို့။အာဂတဋ္ဌာနေ၊ လာရှိသောအရာ၌။ ဝိရတိ၊ အကုသိုလ်မှရှောင်ကြဉ်သော ဝိရတီသည်။ ဒါနံ၊ ဒါနမည်၏။ ။အင်္ဂုတ္တိုရ်ပါဠိတော် ၌လည်း-ပါဏာတိပါတာ ပဋိဝိရတော ဘိက္ခဝေ အရိယသာဝကော အပရိမာဏာနံ သတ္တာနံ အဘယံ ဒေတိ။ပ။ဣဒံ ဘိက္ခဝေ ပဌမံ ဒါနံ မဟာဒါနံ– ဟူ၍ ဟောတော်မူ၏။ ဘိက္ခဝေ၊ရဟန်းတို့။ ပါဏာတိပါတာ၊သူ၏အသက်ကို သတ်ခြင်းမှ။ပဋိဝိရတော၊ရှောင်ကြဉ်သော။ အရိယသာဝကော၊အရိယာ သာဝကသည်။ အပရိမာဏာနံ၊ အတိုင်းအရှည် မရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အဘယံ၊ ဘေးမရှိသည်ကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ဣတိဣဒံ၊ ဤသို့ သတ္တဝါတို့ကိုသတ်ခြင်းမှ ကြဉ်သဖြင့် ဘေးမဲ့ပေးလှူခြင်းသည်။ ပဌမံ၊ရှေးစွာသော။ မဟာဒါနံ၊ မဟာဒါနမည်၏။ ဤသည် လျှင် ဝိရတီဒါန မည်ဟန်တည်း။

ဒေယျဓမ္မ ဝတ္ထုပစ္စည်း သည်လည်း ဒါနမည်၏။ ဒါတဗ္ဗန္တိဒါနံ။ ယံဝတ္ထု၊အကြင်ဝတ္ထုပစ္စည်းကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံဝတ္ထု၊ ထိုဝတ္ထုပစ္စည်းသည်။ ဒါနံ၊ ဒါနမည်၏။ လှူဒါန်း အပ်သော ဝတ္ထုပစ္စည်းကို ကောက်ယူအပ်၏။ ထိုကြောင့် ကထာဝတ္ထု ပါဠိတော်၌ ဒေယျဓမ္မော ဒါနန္တိဟု ဟောတော်မူ၏။ ဒေယျဓမ္မော၊ ဆွမ်း သင်္ကန်းစသော လှူဘွယ် ဝတ္ထုသည်။ ဒါနံ၊ ဒါနမည်သလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသည်ရှိသော်။ အာမန္တာ၊ ဆွမ်း သင်္ကန်း စသော လှူဘွယ်ဝတ္ထုသည် ဒါနမည်၏။ ဣတိဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူ၏။ ။

ဤသည်လျှင် ဒေယျဓမ္မဒါနမည်ဟန်တည်း။ ။ဤသို့အားဖြင့် ဒါန၏ သရူပထွအရ လေးနည်းကိုပိုင်းခြား၍ ပြခြင်းတည်း။

## ဒေယျဓမ္မဒါနကိုပြခြင်း

ဒေယျဓမ္မဒါန သည်လည်း အာမိသဒါနဓမ္မဒါနဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် အာမိသဒါနသည်လည်း အဇ္ဈတ္တိကဒါန ဗာဟိရ ဒါနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ခြေ လက် မျက်စိ နား နှာခေါင်း စသော အင်္ဂါကြီးငယ်ကိုဎင်း၊ အသက်ကိုဎင်း မငဲ့မကွက် စွန့်လှူရခြင်းသည် ကိုယ်၏အတွင်းဖြစ်သော ဝတ္ထုကို ပေးလှူခြင်းကြောင့် အဇ္ဈတ္တိက ဒါနမည်၏၊ ထိုအဇ္ဈတ္တိကဒါနကို နိယတ ဗျာဒိတ်ပန်းကို ပန်ဆင်ရသော ဘုရားလောင်း တို့သာလျှင် စွန့်လှူအပ်၏။ ထိုဘုရား လောင်းမှ တပါးသော သာမန်လူတို့သည် မပေးမလှူကောင်းသော ကြောင့် အဇ္ဈတ္တိကဒါနမည်၏။ ထိုကြောင့် သဂါထာဝဂ္ဂ သံယုတ် အဋ္ဌ ကထာ၌–အတ္တာနံနဒဒေတိ ပရသ ဒါသံ ကတွာ အတ္တာနံ ဒဒေယျ ထပေတွာ ဗောဓိသတ္တေ ဝုတ္တံ၊ နဟိ ပရိစ္စဇေ တိ သီဟဗျဂ္ဃာဒီ နံ နပရိစ္စဇေယျ ဗောဓိသတ္တေ ထပေတွာ ယေဝါတိ–ဝုတ္တံဟု မိန့်ဆိုတော် မူ၏။ အတ္တာနံ နဒဒေတိ၊ အတ္တာနံနဒဒေ ဟူသည်ကား။ ပရဿ၊ သူတပါးအား။ ဒါသံ၊ ကျွန်ကို။ ကတွာ၊ ပြု၍။ အတ္တာနံ၊ မိမိကိုယ်ကို။ နဒဒေယျ၊ မလှူရာ။ သဗ္ဗဗောဓိသတ္တေ၊ ခပ်သိမ်းသော ဘုရားလောင်း တို့ကို။ ထပေတွာ၊ ထား၍။အညော၊ ဘုရားမှ တပါးသော သူသည်။ နဒဒေယျ၊ မလှူရာ။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ နဟိပရိစ္စ ဇေတိ၊ နဟိ ပရိစ္စဇေ-ဟူသည်ကား၊ သီဟဗျဂ္ဃာဒီနံ၊ခြင်္သေ့ ကျား စသော သတ္တဝါတို့အား။ သဗ္ဗေဗောဓိသတ္တေ၊ ခပ်သိမ်းသော ဘုရားလောင်း တို့ကို။ ထပေတွာယေဝ၊ ထား၍သာလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ နပရိစ္စဇေယျ၊ မစွန့်မလှူရာ။ ဘုရားလောင်းတို့ မှာကား ထိုအလှူကြီးကို မပြု ပါက ဘုရားမဖြစ်သောကြောင့် လှူအပ်ကောင်းသော ဒါန မည်၏။ ထိုကြောင့် ဝေဿန္တရာဇာတ် အဋ္ဌကထာ၌ ဣမေ ပဉ္စ မဟာ ပရိစ္စာဂေ အပရိစ္စဇိတွာ ဗုဒ္ဓဘူတ ပုဗ္ဗာနာမ နတ္ထိ-ဟု မိန့်တော်မူ၏။ ဣမေ ပဉ္စမဟာပရိစ္စာဂေ၊ ဤငါးပါးသော စွန့်ခြင်းကြီးတို့ကို။ အပရိစ္စ ဇိတွာ၊ မစွန့်မူ၍။ဗုဒ္ဓဘူတ ပုဗ္ဗာနာမ၊ ဘုရားဖြစ်ဘူးသည်မည်သည်။ နတ္ထိ၊ မရှိ။ ပဉ္စမဟာပရိစ္စာဂ အရ စွန့်ခြင်းကြီးငါးပါးကား-ဥစ္စာကို စွန့်ခြင်း ဓန ပရိစ္စာဂ၊ အင်္ဂါကြီးငယ်တို့ကိုစွန့်ခြင်း အင်္ဂပရိစ္စာဂ၊ သားသမီးကို

စွန့်ခြင်း ပုတ္တပရိစ္စာဂ၊ မယားကိုစွန့်ခြင်း ဘရိယ ပရိစ္စာဂ၊ အသက်ကို စွန့်ခြင်း ဇီဝိတ ပရိစ္စာဂ ပေါင်းငါးပါးတည်း။

၁။ ဓန အင်္ဂါ၊ ဘရိယာ၊ ပုတ္တာ ဇီဝငါ။

၂။ စွန့်ခြင်းငါးပါး၊ သရုပ်ထား၊ မှတ်သားကျမ်းအများ။ဤသည် လျှင် အဋ္ဌကထာ ဒါနတည်း။

ထိုမှတပါးသော စားသောက် ဝတ်ရုံ နေထိုင် သုံးဆောင်ရန်သာ ဖြစ်သော ဝိနည်းဒေသနာတော်အလာ ဆွမ်း သင်္ကန်း ကျောင်း ဆေး ဟူသော လေးပါးသောပစ္စည်း အဘိဓမ္မာ ဒေသနာတော်လာ ရူပါရုံ ဒါန၊ သဒ္ဒါရုံဒါန၊ ဂန္ဓာရုံဒါန၊ ရသာရုံဒါန၊ ဖောဋ္ဌဗ္ဗာရုံဒါန၊ ဓမ္မာရုံ ဒါန-ဟူ၍ခြောက်ပါး သုတ္တန်ဒေသနာအလာ ထမင်း အဖျော် အဝတ် ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ကျောင်း ဆီမီး-ဟူ၍ ဆယ်ပါးတို့ကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် ကိုယ်မှအပ ဖြစ်သော ဝတ္ထုကို ပေးလှူသောကြောင့် ဗာဟိရ ဒါန မည်၏။ ။(မှတ်ချက်)။ ဤဗာဟိရ အရာ၌ ရှေးရှေးသော ပညာရောင်မြင့်ဟီး ဆရာတော်ကြီး တို့သည် ဤသို့ မိန့်ဆိုတော်မူ၏။ ။သုတ္တန်နည်းဖြင့် လှူဒါန်းသော ဒါန ထက် ဝိနည်းအားဖြင့် လှူဒါန်းအပ်သော ဒါနသည် အကျိုးများစွာ ကြီး၏၊ အဘယ့်ကြောင့်ဟူမူ အန္န ဘတ္တ-ဟု ဆိုအပ်သော ထမင်း ဟူသောအမည်ဖြင့် ဒုသီလ စသည့်တို့အား လှူဒါန်းအပ်သောကြောင့် ၎င်း၊ ဆွမ်း တည်းဟူသောအမည်ဖြင့် သီလဝန္တ တို့သည့်တို့အား လှူအပ် သောကြောင့် ၎င်းတည်း၊ ဝိနည်း ဒေသနာတော် အားဖြင့် လှူဒါန်း အပ်သော ဒါနထက် အဘိဓမ္မာ ဒေသနာတော် အားဖြင့် လှူဒါန်း အပ်သောဒါနသည် အကျိုးများစွာကြီး၏၊ အဘယ့်ကြောင့်ဟူမူ ဆွမ်း၏ ဝဏ္ဏာယတနစေတ်ကို ပရမာသအားဖြင့် ရူပါရုံဒါနဟူ၍ နှလုံးသွင်း အပ်သောကြောင့်တည်း။ ထိုကြောင့် အဘိဓာန်ဋီကာကျမ်း၌ တတ္ထေဝ အာစရိယာ ဝဒန္တိ သုတ္တန္တ နယဒါနတော ဝိနယဒါနမေဝ မဟပ္ဖလံ၊ တတောပိ အဘိဓမ္မနယ ဒါနမေဝ မဟပ္ဖလံ-ဟု မိန့်ဆိုတော်မူ၏။ တတ္ထေဝ၊ ထိုဗာဟိရာ ဒါနအရာ၌ ပင်လျှင်။ အာစရိယာ၊ ကျမ်းတတ် အကျော် ဆရာတော်တို့သည်။ ဝဒန္တိ၊ ဉာဏ်ရောင်စူးလျက် မိန့်မြွက် တော်မူကြကုန်၏။ သုတ္တန္တနယဒါနတော၊ သုတ္တန် နည်းအားဖြင့် လှူဒါန်းသောဒါနထက်။ ဝိနယဒါနမေဝ၊ ဝိနည်း ဒေသနာတော်နည်း အားဖြင့်လှူသော ဒါနသည်ပင်လျှင်။ မဟပ္ဖလံ၊ အကျိုး ကြီးပါ ပေ၏။

တတော့ပါ၊ ထိုဝိနည်းဒေသနာဖြင့် လှူသောဒါနထက်လည်း။ အဘိဓမ္မ နယဒါနမေဝ၊ အဘိဓမ္မာ နည်းအားဖြင့် လှူသော ဒါန သည်ပင်လျှင်။ မဟပ္ဖလံ၊ ကြီးကျယ် မြင့်မြတ်သော အကျိုး ရှိလေတော့ သတည်း။ အဘိဓါန် ဋီကာ ဆရာ စတုရင် ဗလအမတ်ကြီးသည်ကား အဘယ် ဒါနပင်ဖြစ်စေ ဒေယျဓမ္မ သမ္ပဒါ စိတ္တသမ္ပဒါနှင့် ပြည့်စုံသည် ဖြစ်အံ့၊ ၎င်းဒါနသည် အကျိုးမဟပ္ဖလ မဟာနိသံသဖြစ်၏ဟု မိန့်တော် မူ၏၊ ဤသည်လျှင် ဗာဟီရဒါနတည်း။

## ဒါန၏ ပဘေဒ အပြားကို ပြခြင်း

ထိုဒါနတို့တွင် စေတနာ ဒါနသည် ပုဗ္ဗ မုဉ္စ အပရ အားဖြင့် သုံးပါး အပြားရှိ၏။ ထို သုံးပါးတို့တွင် လှူအံ့သောငှာ လှူဘွယ် ဝတ္ထုကို တရားနှင့်ညီစွာ ဖြစ်စေသော သူအား၎င်း၊ ဖြစ်ပြီးသော လှူဘွယ်ကို စွန့်အံ့ လှူအံ့ဟုကြံသောသူအား၎င်း၊အလှူခံပုဂ္ဂိုလ်ကို ရှာမှီးသောသူအား ၎င်း၊ အကြင်မျှလောက်သော ကာလပတ်လုံး အလှူဝတ္ထုကို အလှူခံ၏ လက်၌ မစွန့်သေးမီ ပုဗ္ဗစေတနာမည်၏၊ ရှေ့ဦးအဘို့၌ ဖြစ်သော စေတနာဟူလို။ အလှူခံ ပုဂ္ဂိုလ်၏လက်၌ စွန့်အပ်သော ညွတ်သော စေတနာသည် မုဉ္စ စေတနာမည်၏၊ မိမိစွန့်အပ်ပြီးသောဝတ္ထု၌ တပ်မက် ခြင်းကိုမပြုမူ၍ ဘုရားအစရှိသော ပညာရှိအပေါင်း သူတော်ကောင်း တို့သည် ပညတ်အပ်သောဒါနကို ငါပြုအပ်ပေပြီ၊ ကောင်းမြတ်လှပြီ- ကောင်းမြတ်လှပြီဟု ဝမ်းမြောက်သောစိတ်ဖြင့် ဆင်ခြင်သော သူအား ဖြစ်သောစေတနာသည် အပရစေတနာမည်၏၊ ထို့ကြောင့် အဘိဓမ္မာ ဝတာရ ဋီကာသစ် အင်္ဂုတ္တရ အဋ္ဌကထာကြီးတို့၌ အယံ ပန အပရ စေတနာ အပရာပရံအနုဿရန္တဿ လဗ္ဘတိ-ဟု မိန့်ဆိုတော် မူ၏။ အယံပနအပရစေတနာ၊ ဤအပရစေတနာကိုကား။ အပရာပရံ၊ အဆင့် ဆင့် အဆက်ဆက်။ အနုဿရန္တဿ၊ အဘန်တလဲလဲ အောက်မေ့တတ် သောသူအား။ လဗ္ဘတိ၊ ရအပ်၏။ ဤအဋ္ဌကထာကို သိမြင်ကြသဖြင့် ယခုကာလဝယ် စာဟောဆရာ ပြုလုပ်ကြသော ရဟန်း ရှင်လူ တို့၏ ပြောဆိုအပ်သော ပုဗ္ဗ မုဉ္စ ပရစေတနာဟူ၍ အ-သဒ္ဒါပျောက်သော နောက်ဆုံးစကားကိုမ မှတ်သားအပ်ကုန်၊ အပရစေတနာဟု အသဒ္ဒါနှင့် ပြောမှ မှန်တော့သည်ဟူလို။

သတ္တနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော် အဋ္ဌကထာ၌ကား- ပုဗ္ဗစေတနာသည် ကုသိုလ်ဖြစ်ခါမျှ ဖြစ်သောကြောင့် ပုညစေတနာမည်၏၊ အပရစေတနာသည် ကုသိုလ်တရားများစွာပွားသောကြောင့် ပုညမဟီစေတနာမည်၏၊မုဉ္စစေတနာသည်ကား ပုညစေတနာဟူ၍၎င်း၊ ပုညမဟီစေတနာဟူ၍၎င်း ပုဂ္ဂိုလ်အားလျော်စွာ မိန့်ဆိုအပ်၏။ထိုသို့ဖြစ်သောကြောင့် ပုဗ္ဗ, မုဉ္စ,အပရစေတနာ သုံးပါတို့နှင့် ပြည့်စုံစွာ ပေးလှူအပ်သောဒါနသည် ကြီးစွာမြင့်မြတ်သောအကျိုးကိုဖွံ့ဖြိုးစွာပေးနိုင်၏။ထို့ကြောင့် ဒါနဥိနာမ တိဿော စေတနာ ပရိပုဏ္ဏံ ကာတုံ သက္ကောန္တဿေဝ မဟပ္ဖလံ ဟောတိ-ဟု မိန့်ဆိုတော်မူ၏။ ဟိသစ္စံ၊ထိုစကားသည် မှန်လှ၏။ဒါနံနာမ၊ ဒါနမည်သည်ကား။ တိဿောစေတနာ၊ သုံးပါးသော စေတနာတို့ကို။ ပရိပုဏ္ဏံ၊ ပြည့်စုံအောင်။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကောန္တဿေဝ၊ စွမ်းနိုင်သောသူအားသာလျှင်။ မဟပ္ဖလံ၊ ကြီးကြယ်မြင့်မြတ်သော အကျိုးသည်။ ဟောတိ၊ဖြစ်၏။ ထိုသို့ပြုအပ်ပြီးသော စေတနာသုံးတန်တို့တွင် အဘယ်စေတနာသည် ပဋိသန္ဓေအကျိုးကို ပေးသနည်း။စေတနာသုံးတန်လုံးပင် ပဋိသန္ဓေ အကျိုးကို ပေးသလောဟူမူ-ကောဝိဏ္ဏပါတ ဒါနသ္မိံ ဟိ ကော စေတနာ ဒွေ ပဋိသန္ဓိယော နဒေတိ၊ ပုဗ္ဗပစ္ဆိမစေတနာဟိ ပနေသ သတ္တက္ခတ္တုံ သဂ္ဂေ သတ္တက္ခတ္တုံ သေဋ္ဌိကုလေ နိဗ္ဗတ္တောတိ-ဟု သဂါထာ ဝဂ္ဂသံယုတ်အဋ္ဌကထာ၌ မိန့်ဆိုတော်မူ၏။ ဟိသစ္စံ၊ထိုစကားသည်မှန်၏။ ကောဝိဏ္ဏပါတဒါနသ္မိံ၊ တကြိမ်သော ဆွမ်းအလှူ၌။ ကောစေတနာ၊ တခုသော စေတနာသည်။ ဒွေပဋိသန္ဓိယော၊ နှစ်ပါးကုန်သော ပဋိသန္ဓေတို့ကို။ နဒေတိ၊ မပေး။ ပုဗ္ဗပစ္ဆိမစေတနာဟိ၊ ရှေ့စေတနာ နောက်စေတနာတို့ဖြင့်။ ဧသ-ဧသော၊ဤအာဂန္တုကသူဌေးသည်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ သဂ္ဂေ၊နတ်ပြည်၌။ နိဗ္ဗတ္တော၊ဖြစ်၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤအဋ္ဌကထာမြတ်မိန့်အပ်သည်နှင့်အညီ တကြိမ်သော ဆွမ်းလှူရာ၌ တခုသောစေတနာကြောင့် ပဋိသန္ဓေတကြိမ်သာလျှင်ပေးနိုင်၏။ ရှေ့အဘို့ နောက်အဘို့ ပုဗ္ဗစေတနာ အပရစေတနာတို့၏ အစွမ်းတို့ကြောင့် နတ်ပြည်၌ ခုနစ်ကြိမ်, လူ့ပြည်၌ခုနစ်ကြိမ် ဖြစ်ရတော့သည်ကို ရည်သန်၍ ပုဗ္ဗ ပစ္ဆိမစေတနာဟူ၍ မိန့်ဆိုတော်မူ၏။

ဤသို့မိန့်အပ် အဋ္ဌကထာပါဌ်၏ စကားရပ်တို့ကို ထောက်ထား၍ ပုဗ္ဗ မုဉ္စ အပရစေတနာ သုံးတန်လုံးပင် ပဋိသန္ဓေအကျိုးကိုပေးနိုင်၏ဟု မန်လည်ဆရာတော်, လယ်တီဆရာတော်, မိုင်းခိုင်ဆရာတော်ကြီးများ

မိန့်ဆိုတော်မူကြကုန်၏။ကေတုမာလာဘိဓေအတုလာဓိပတိ သီရိပဝရဓမ္မ ရာဇာဓိရာဇဂုရု သွင်းထုတံဆိပ် ခတ်နှိပ်ခံတော်မူရသော စလင်းဆရာတော် ဘုရားကြီးသည်ကား ပုဗ္ဗစေတနာ အပရစေတနာတို့သည် မုဥ္စစေတနာ၏ ထက်သန်မွန်မြတ်ခြင်း၏ အကြောင်းသာ ဖြစ်သောကြောင့် မုဥ္စစေတနာသည်သာလျှင် ပဋိသန္ဓေ အကျိုးကိုပေးသည်။ ပုဗ္ဗ အပရတို့သည်ကား ပဋိသန္ဓေအကျိုးကို မပေးနိုင်၊ ပဝတ္တိ အကျိုးကိုသာလျှင် ပေးနိုင်၏၊ ထို့ကြောင့် ဥပရိပဏ္ဏာသ အဋ္ဌကထာ စူဠကမ္မဝိဘင်္ဂသုတ်အဘွင့်၌-သန္နိဋ္ဌာန စေတနာယ ဒေဝလောကေ နိဗ္ဗတ္တတိ၊ ပုဗ္ဗာပရစေတနာဟိ ဝုတ္တနယေန ဒီဃာယုကော ဟောတိ-ဟု မိန့်ဆိုတော်မူ၏။ သန္နိဋ္ဌာနစေတနာယ၊ဆုံးဖြတ်သော သန္နိဋ္ဌာနစေတနာ၏ အစွမ်းကြောင့်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တတိ၊ ဖြစ်ရ၏။ ပုဗ္ဗအပရစေတနာဟိ၊ ပုဗ္ဗစေတနာ အပရစေတနာတို့ကြောင့်သာလျှင်။ ဝုတ္တနယေန၊ ဆိုအပ်သောနည်းဖြင့်။ ဒီဃာယုကော၊ ရှည်သော အသက်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။(မှတ်ချက်)။ ။အချို့ဆရာတို့သည်ကား သံယုတ်ပါဠိတော်အဋ္ဌကထာတို့၌ လာရှိသော အာဂန္တုက သူဌေး၏ စေတနာကို ထောက်ထား၍ စေတနာ သုံးပါးလုံးပင် ပဋိသန္ဓေ အကျိုးကိုပေး၏ဟု ယူခြင်းသည် မသင့်၊ အဘယ့်ကြောင့်ဟူမူ ဤအာဂန္တုက သူဌေးသည်ကား ပုဗ္ဗစေတနာလည်း မထက်၊ အပရစေတနာလည်း ကင်းသောသူ ဖြစ်သောကြောင့်တည်း။ ။ကောသလသံယုတ်ပါဠိတော်၌ ၎င်းသူဌေးဝတ္ထုကို သေချာစွာ နှလုံးပြု၍ ကြည့်ရှုလေ။

ဤအာဂန္တုကသူဌေးသည် ပုဗ္ဗစေတနာ အပရစေတနာကင်းသောသူဖြစ်ပါလျက် ပုဗ္ဗပစ္ဆိမစေတနာဟိ ပနေသ သတ္တက္ခတ္တုံ သဂ္ဂေ သတ္တက္ခတ္တုံ သေဋ္ဌိကုလေ နိဗ္ဗတ္တော- ဟူ၍ အဋ္ဌကထာဆရာ မိန့်ဆိုအပ်လေသနည်းဟူမူ၊ အဋ္ဌကထာ ဆရာသည် အာဂန္တုက သူဌေး၏ ပုဗ္ဗစေတနာ အပရစေတနာတို့ကို ရည်သန်၍ မိန့်ဆိုတော်မူသည် မဟုတ်ကုန်။ မုဥ္စစေတနာ ဖြစ်သည်အခိုက် တခုသောဇော အကြိမ်ဝီထိ၌ ဖြစ်ဘိသော ရှေ့ဇောစေတနာအကြိမ်၊ နောက်ဇောစေတနာ အကြိမ်ကြောင့် နတ်ပြည်ခုနစ်ကြိမ်, သူဌေးခုနစ်ကြိမ် ဖြစ်သည်ကိုရည်သန်၍ ပုဗ္ဗပစ္ဆိမစေတနာဟိ-ဟူ၍ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏ ဟုမှတ်။ ထို့ကြောင့် ၎င်းသံယုတ်ဋီကာ၌-ဇာမဿ သမဏာဿ ပိဏ္ဍပါတံ ဒေဟီတိ ဝဒတော န ကောယ ဇဝနဝီထိယာ ဝသေန အတ္ထသိဒ္ဓိ အတ္တိ၊အထခေါ

တတ္ထ အာဒိတော ပဝတ္တဇဝနဝါရေပိ အတ္ထိ၊ ပန္တိမဝါရေပိ တံ သန္ဓာယာဟ ပုဗ္ဗပန္တိမစေတနာတိ-ဟု မိန့်ဆိုတော်မူ၏။ ဍမသာ သမဏာသာ၊ ဤရဟန်းအား။ ပိဏ္ဍပါတံ၊ဆွမ်းကို။ ဒေတိ၊ပေးလိုက်လေ့။ ဍတိ၊ဤသို့။ ဝဒတော-ဝဒန္တဿ၊ ဆိုသောအာဂန္တုကသူငှေးအား။ ကောယ၊တကြိမ်သာလျှင် ဖြစ်သော။ ဇဝနဝီထိယာ၊ ဇောဝီထိ၏။ ဝသေန၊ အစွမ်းအားဖြင့်။ အတ္တသိဒ္ဓိ၊ အကျိုး၏ပြီးခြင်းသည်။ ကိဥ္စာပိနအတ္ထိ၊ အကယ်၍မရှိ၏ ရှင့်။ အထခေါ၊ ထိုသို့မရှိသော်လည်း။ တတ္ထ၊ ထိုတခုသောဇောဝီထိ၌။ အာဒိတော၊ အစမှ။ ပဝတ္တဇဝနဝါရေပိ၊ ဖြစ်သော ဇောအကြိမ်သည်လည်း။ အတ္ထိ၊ရှိ၏။ ပန္တာ၊နောက်၌။ ပဝတ္တဇဝနဝါရေပိ၊ ဖြစ်သော ဇောအကြိမ်သည်လည်း။ အတ္ထိ၊ ရှိ၏။ တံ၊ထိုဇောအကြိမ်ကို။ သန္ဓာယ၊ ရည်၍။ ပုဗ္ဗပန္တိမစေတနာတိ၊ ရှေ့စေတနာ နောက်စေတနာ ဟူ၍။ အာဟ၊ မိန့်ဆိုတော်မူ၏။

ဤသို့သံယုတ်ဋီကာ သံဝဏ္ဏနာကို သေချာကြည့်ရှု သိမြင်တော်မူကြသဖြင့် တကြိမ်သောဆွမ်းအလှူ၌ တခုသောစေတနာသည် နှစ်ပါးသော ပဋိသန္ဓေ အကျိုးကိုမပေးနိုင် တခုသောဇောအကြိမ်၌ရှိသော ရှေ့ဇော တကြိမ် နောက်ဇော တကြိမ်ဖြစ်သော စေတနာတို့ကြောင့် နတ်ပြည်၌ ခုနစ်ကြိမ်သူဌေးအဖြစ်၌ခုနစ်ကြိမ်ဖြစ်ရ၏ဟု မုဉ္စစေတနာဇောဝါရ၌ ပိုင်းခြား၍မှတ်ယူအပ်၏၊ပုဗ္ဗစေတနာ အပရစေတနာကိုရည်သန်၍အဋ္ဌကထာဆရာမိန့်ဆိုတော်မမူကုန်၊ ၎င်းစေတနာ နှစ်ပါးတို့သည် ပဝတ္တိအကျိုးကိုသာပေး၏၊ ပဋိသန္ဓေအကျိုးကို မပေးနိုင်ကုန်ဟု သန္နိဋ္ဌာန်ကျမှတ်ယူအပ်၏၊ အချို့သောဆရာတို့သည်ကား-ရာဇဂြိုဟ်ပြည်၌ အဇာတသတ်တည်ထားသော စေတီတော်ကို ပူဇော်မည်ဟု သခွတ်ပန်းလေးခုကိုင်၍ သွားစဉ်နွားဓွေ၍ သေလေလျှင် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ရသောဝိမာနဝတ္ထုပါဠိတော် အဋ္ဌကထာလာဝတ္ထု၌မုဥ္စစေတနာမဖြစ်မီ ပုဗ္ဗစေတနာဖြင့် ပဋိသန္ဓေအကျိုးပေး၏ဟု ပြောဆိုကြ၏၊ ထိုစကားသည် မသင့်၊ အဘယ့်ကြောင့်ဟူမူ နတ်သမီးသည် စေတီတော် မရောက်မီသေ၍ နတ်ပြည်၌ဖြစ်ရခြင်းသည် ပန်းပူဇော်သော ပူဇာယဒါနကုသိုလ်ဖြစ်၏၊ ပုဗ္ဗစေတနာကြောင့် ဖြစ်ရသည်မဟုတ်၊ မြတ်ဘုရား၌ ပြုအပ်သော အပစာယနကုသိုလ် မုဥ္စစေတနာသည် လမ်းခရီးတွင်သာ ပြီးမြောက်သောကြောင့် နတ်ပြည်၌ ဖြစ်ရသတည်း။ ထို့ကြောင့် ဝိမာနဝတ္ထု၊ အဋ္ဌကထာ၌-ထူပံ စေတိယံ ပုပ္ဖေဟိ ပူဇနစိတ္တံ သိဒ္ဓမေဝ၊ ယေန သာ

ဒေဝလောကေ ဥပ္ပန္နာ–ဟုမိန့်ဆိုတော်မူ၏။ထူပံ စေတိယံ၊ ပုထိုးစေတီကို။ ပုပ္ဖေဟိ၊ ပန်းတို့ဖြင့်။ ပူဇနစိတ္တံ၊ ပူဇော်လိုသောစိတ်သည်။ သိဒ္ဓမေဝ၊ ပြီးသည်သာလျှင်တည်း။ ယေန၊ အကြင်ကုသိုလ်ကြောင့်။ သာ၊ ထိုသတို့သမီးသည်။ ဒေဝလောကေ၊ နတ်ပြည်၌။ဥပ္ပန္နာ၊ ဖြစ်ရ၏။ ပန်းပူဇော်သော ဒါနကုသိုလ် ကမ္မပထ မမြောက်သော်လည်း ကမ္မပထမြောက်၏ဟူလို သေသေချာချာမှတ်။

ထိုကေစိဆရာတို့သည် ဤမျှသာမဟုတ်သေး ပဋ္ဌိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်၌ ကမ္မပထ ပုဗ္ဗာပရစေတနာယော ပနေတ္ထ အနေကဏ္ဍိက ပက္ခမေဝ ဘဇာပေတဗ္ဗာ၊ တသ္မိံ သန္တေ သန္ဓိအပစ္စယတ္တာ၊ တဿ ပန ဝိပက္က ဝိပါကတ္တေ တာဝိစန တံ ပက္ခံ ဘဇန္တိ–ဟူ၍ပြအပ်သော စကားတို့ကို သာဓကပြုကြ၏။ ဤပဋ္ဌိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်စကားသည်ကား ပါဠိတော် အဋ္ဌကထာဋီကာတို့ကဲ့သို့ ခိုင်မာသောစကားမဟုတ်ရကား အနှစ်သာရ အားဖြင့်မမှတ်ယူအပ်ကုန်။ကမ္မပထပုဗ္ဗာပရစေတနာယောပိ၊ ကမ္မပထ၏ ရှေ့အဘို့ နောက်အဘို့ဖြစ်သော ပုဗ္ဗအပရစေတနာတို့ကိုလည်း။ ဧတ္ထ၊ ဤပဋ္ဌိသန္ဓေကို ဖြစ်စေရာ၌။ အနေကဏ္ဍိကပက္ခမေဝ၊ မုချကေန်မဟုတ်သော အဘို့သို့သာလျှင်။ ဘဇာပေတဗ္ဗာ၊ သွင်းအပ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ တသ္မိံ၊ ထိုကမ္မပထ မြောက်သော စေတနာသည်။ သန္တေ၊ ရှိလတ်သော်။ သန္ဓိအပစ္စယတ္တာ၊ ပဋ္ဌိသန္ဓေ၏ အကြောင်းမဟုတ်သည်၏ အဖြစ်ကြောင့်တည်း။ တဿ၊ ထိုကမ္မပထ မုဉ္စစေတနာ၏။ ဝိပက္ကဝိပါကတ္တေ၊ အကျိုးပေးပြီးသည်ရှိသော်။ တာဝိစ၊ ထိုပုဗ္ဗစေတနာတို့သည်လည်း။တံပက္ခံ၊ ထိုအနေကဏ္ဍိကအဘို့သို့။နဘဇန္တိ၊ မသက်ဝင်ကုန်။ ဤသို့အားဖြင့် ပညာရောင်မြင့်ဟီး စလင်းဆရာတော် ဘုရားကြီးဆုံးဖြတ်တော်မူ၏။ ထိုဆရာတော်တို့၏ ဝါဒန္တရစကားနှစ်ရပ် တို့တွင် အဘယ်ဆရာတော်တို့၏စကားအမိပ္ပါယ်သည် အနှစ်သာရရှိ၏ဟု သင့်မသင့်ထောက်ချင့်စာနာ ဉာဏ်စိတ်ဖြာ၍ မှတ်ယူကြလေကုန်။တေသု ယုတ္တတရံ ဝိစိနိတ္ဝာ ဂဟေတဗ္ဗံ၊ဤသည်လျှင် စေတနာဒါနအရ ဝိနိစ္ဆယ အဆုံးအဖြတ်စကားရပ် အပြီးသတ်တည်း။

## ဓမ္မဒါန အပြားကိုပြခြင်း

ဓမ္မဒါနသည် သုဒ္ဓိကဓမ္မဒါန ဓမ္မာရမ္မဏ ဓမ္မဒါန သုစရိတပရိယာ ပန္နဓမ္မဒါနဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် အကြင်သူသည် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံတရားတော်ကို

ပူဇော်လှူဒါန်းလိုသည်ဖြစ်၍ ထိုဝိဋကတ်တရားတော်ကို စက္ကူ ထန်းရွက် ပေထက်အက္ခရာ ကျောက်ထက်အက္ခရာ ရေးသား တင်ထားပြီးလျှင် ကြွက် ခြ စသောအန္တရာယ်မရှိလေအောင် သေတ္တာ စာတိုက် ဘီရိုစသည် ပြုလုပ်သွင်းထား ပူဇော်လှူဒါန်းခြင်းကိုပြု၏၊ ထိုသို့ပြုသောဓမ္မဒါနသည် ဝိဋကတ်သုံးပုံတည်းဟူသော တရားတော်ကိုအလှူခံအရာ၌ ထားပြီးလျှင် ပစ္စည်းကို အလှူဝတ္ထုပြု၍ လှူဒါန်းသောကြောင့် စင်စစ်အားဖြင့် စင်ကြယ်သော သုဒ္ဓိက ဓမ္မဒါနမည်၏။ ထို့အတူ ဝိဋကတ်သုံးပုံကို သင်ကြား လေ့ကျက် ဆောင်ရွက်ပို့ချသော ရဟန်းသာမဏေစသော သူတို့အား ပုဂ္ဂိုလ်မရည်မှတ်ဘဲ သန္တာန်၌ကိန်းသောတရားကိုသာ ရည်မှတ်ပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်လှူဒါန်းခြင်းသည်လည်း သုဒ္ဓိကဓမ္မဒါန မည်၏။ ထို့ကြောင့် အင်္ဂုတ္တရ အဋ္ဌကထာ၌-ဓမ္မံ ပူဇေဿာမိတိ ဓမ္မဓရေဘိက္ခူ ပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ စိရဋ္ဌိတိကံ ကရောန္တာ စ မမ္မဒါနံ ဒဒန္တိနာမ-ဟု မိန့်ဆိုတော်မူ၏။ ဓမ္မံ၊ တရားတော်ကို။ ပူဇေ ဿာမ၊ ပူဇော်ကုန်အံ့။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဓမ္မဓရေ၊ တရားကို ဆောင်ရွက်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ပစ္စယေဟိ၊ ပစ္စည်းလေးပါး တို့ဖြင့်။ ဥပဋ္ဌဟန္တာစ၊ လုပ်ကျွေးကုန်သော်ငင်း။ ပူဇေန္တာ၊ ပူဇော်ကုန် သော်ငင်း။ ဓမ္မံ၊ တရားကို။ စိရဋ္ဌိတိကံ၊ မြင့်ရှည်စွာ တည်အောင်။ ကရောန္တာစ၊ ပြုကုန်သော်ငင်း။ ဓမ္မေ-ဓမ္မဿ၊ တရားတော်အား။ ဒါနံ၊ အလှူကို။ ဒေန္တိနာမ၊ ပေးလှူသည်မည်ကုန်၏။

အကြင်သူသည် ဓမ္မဒါနအလှူကို ပေးလှူအံ့ဟု ကြံပြီးလျှင် အဖျော် ရှစ်ပါး ထောပတ် ပျားသကာ စတုမဓု အသက်ရှည်ကြောင်းဖြစ်သော ဆေးတို့ကို အလှူခံပုဂ္ဂိုလ်အား လှူဒါန်းခြင်းသည်ငင်း၊ သေရအံ့သော သတ္တဝါတို့ကို မသေရအောင် အသက်ဘေးမှ ကယ်ဆယ်ခြင်းစသည်ကို ပြုခြင်းသည်ငင်း၊ အဖျော်ရှစ်ပါးတည်းဟူသော အာပေါဓာတ်ထောပတ် ပျားသကာ စတုမဓုတည်းဟူသော ဩဇာအသက်ရှည်ကြောင်းဖြစ်သော ဆေး ဇီဝိတိန္ဒြေ တည်းဟူသော ဓမ္မာရုံကို အလှူဝတ္ထုပြု၍ အလှူခံ ပုဂ္ဂိုလ်အား အလှူပေးသောကြောင့် ဓမ္မာရမ္မဏဓမ္မဒါနမည်၏။

အကြင်သူသည် ဓမ္မဒါနကိုပေးလှူအံ့ဟု ရည်မှတ်ပြီးလျှင် ပါဠိတော် အဋ္ဌကထာစသော ဝိဋကတ် ကျမ်းဂန်တို့ကို သူတပါးတို့အား ပို့ချခြင်း၊ ကမ္မဋ္ဌာန်းနည်းပေးခြင်း၊ အမေးပုစ္ဆာ ပြဿနာတို့ကို ဖြေခြင်း၊ စသည် တို့ကိုပြု၍ မသေရာ တရား တည်းဟူသော အမြိုက် နိဗ္ဗာန်သို့ ရောက်

ကြောင်းအလှူကို ပေးလှူခြင်းသည်-ဓမ္မသဝန ဓမ္မ ပဋိဂ္ဂါဟ ပုဂ္ဂိုလ် တို့ကို အလှူခံအရာ၌ ထားပြီးလျှင် နိယျာနိကဓမ္မကို အလှူ ဝတ္ထုပြု၍ ဟောကြားညွှန်ပြ ပို့ချလှူဒါန်းရသောကြောင့် သုစရိုက်တရား၌ အကျုံး ဝင်သော သုစရိတ ပရိယာပန္န ဓမ္မဒါနမည်၏။ ထိုကြောင့် သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ၌-ယော ဓမ္မံ အနုသာသတိတိ အဋ္ဌကထံ ကထေတိ၊ ပါဠိံ ဝါစေတိ၊ ပုစ္ဆိတပဉှံ ဝိသဇ္ဇေတိ၊ ကမ္မဋ္ဌာနံ အာစိက္ခတိ၊ ဓမ္မသဝနံ ကရောတိ၊ သဗ္ဗောဧသော ဓမ္မံ အနုသာသတိနာမ၊ သဗ္ဗဒါနဉ္စ ဣမံ ဓမ္မဒါနမေဝ အဂ္ဂန္တိ ဝေဒိတဗ္ဗံ-ဟု မိန့်ဆိုတော်မူ၏။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဓမ္မံ၊ တရားကို။ အနုသာသတိတိ၊ ဆုံးမ၏-ဟူ သည်။ အဋ္ဌကထံ၊ အဋ္ဌကထာကို။ ကထေတိ၊ ဆို၏။ ပါဠိံ၊ ပါဠိ အစဉ်ကို။ ဝါစေတိ၊ ပို့ချ၏။ ပုစ္ဆာပဉှံ၊ မေးအပ်သော ပြဿနာကို။ ဝိသဇ္ဇေတိ၊ ဖြေဆို၏။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ အာစိက္ခတိ၊ ပြော ကြား၏။ ဓမ္မသဝနံ၊ တရားနာခြင်းကို။ ကရောတိ၊ ပြု၏။ ဧသော သဗ္ဗောပိ၊ ဤအလုံးစုံသည်လည်း။ ဓမ္မံ၊ တရားတော်ကို။ အနုသာသတိ နာမ၊ ဆုံးမတတ်သည်မည်၏။ သဗ္ဗဒါနဉ္စ၊ အလုံးစုံသော ဒါနတို့ ထက် လည်း။ ဣမံဒါနမေဝ၊ ဤဒါနသည်သာလျှင်။ အဂ္ဂံတိ၊ အမြတ် ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဒုကနိပါတ် အင်္ဂုတ္တရ အဋ္ဌကထာ၌ကား-အမြိုက်နိဗ္ဗာန်သို့ ရောက် ကြောင်းဖြစ်သော အကျင့်ကိုဟော၍ ရေးကူး၍ ပေးသော သူသည် ဓမ္မဒါန အလှူပေးသည်မည်၏ ဟု မိန့်ဆိုတော်မူ၏၊ ထိုကြောင့် အဋ္ဌ ကထာ၌-ဓမ္မဒါနန္တိ ဣဓေကစ္စော အမတပတ္တိပဋိပဒံ ကထေတွာ ဒေတိ၊ ဣဒံ ဓမ္မဒါနံ နာမဟု မိန့်ဆိုတော်မူ၏။ ဓမ္မဒါနန္တိ၊ ဓမ္မဒါန-ဟူသည် ကား။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောသူသည်။ အမတပတ္တိ ပဋိပဒံ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို။ ကထေတွာ၊ ဟော ပြော၍။ ဝါ၊ ရေးကူး၍။ ဒေတိ၊ ပေး၏။ ဣဒံ၊ ဤကုသိုလ်သည်။ ဓမ္မဒါနံ နာမ၊ တရားအလှူမည်၏။ ထို သုစရိတ ပရိယာပန္နဓမ္မဒါန သည်လည်း လောကိယ ဓမ္မဒါနသိခါပတ္တဓမ္မဒါန ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါး တို့တွင် ဤသာသနာတော်၌ အချို့သောသူသည် ဤတရားကား ကုသိုလ် ဤတရားကား အကုသိုလ်၊ ဤတရားကား အပြစ်ရှိသော သာဝဇ္ဇဓမ္မ ဤ တရားကား အပြစ်မရှိသော အနဝဇ္ဇဓမ္မ အစရှိသည်တို့ကို ထင်စွာပြုလျက် အကုသိုလ်တရားမှ ဆုတ်နစ်စေပြီးလျှင် ကုသိုလ်တရား၌ တည်စေလျက်

တရားတော်ကို ပြောကြားပြသရခြင်းသည် လောကိယဓမ္မဒါန မည်၏၊ အကြွင်သူသည်ကား ဤသစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏။ ဤဒုက္ခသစ္စာတရားကို ပိုင်းခြား၍သိအပ်၏၊ ဤသမုဒယသစ္စာ တရားကို ပယ်အပ်၏။ ဤမဂ္ဂသစ္စာတရားကို ပွားများအပ်၏၊ ဤသို့သော အခြင်း အရာဖြင့် သစ္စာလေးပါး တရားတို့ကို ပွားစေလျက် အမြိုက် နိဗ္ဗာန်ကို ထိုးထွင်း၍သိတတ်၊ ရစေတတ်သော တရားကို ဟောကြား ပြသခြင်း သည် အထွဋ် အထိပ်သို့ ရောက်သော သိခါပဋ္ဌ ဓမ္မဒါန မည်၏။ ထို့ကြောင့်ရကား ဇာတိဝုတ် အဋ္ဌကထာ သာရတ္ထသင်္ဂဟ အဋ္ဌကထာ၌– သစ္စာနိ ဘာဝယန္တော အမတာဓိဂမနံ ဓမ္မံ ဒေသေတိ၊ ဣဒံ သိခါပဋ္ဌဓမ္မ ဒါနံနာမ–ဟု မိန့်တော်မူ၏။ ။သစ္စာနိ၊ သစ္စာတရား လေးပါးတို့ကို။ ဝိဘာဝယန္တော၊ ထင်ရှားစွာပြလျက်။ အမတာဓိဂမနံ၊ အမြိုက်နိဗ္ဗာန်ကို ရစေတတ်သော။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောကြား၏။ ဣဒံ၊ ဤသို့ ဟောကြားခြင်းသည်။ သိခါပဋ္ဌ ဓမ္မဒါနံ နာမ၊ အထွဋ် အထိပ်သို့ရောက်သော ဓမ္မဒါနမည်၏။ ။ဤသို့ ပြအပ်သော ဓမ္မဒါန နှစ်ပါးတို့တွင် လောကိယ ဓမ္မဒါနသည် ဝဋ္ဋဂါမိဓမ္မဒါနမည်၏၊ သိခါ ပဋ္ဌဓမ္မဒါနသည် ဝိဝဋ္ဋဂါမိဓမ္မဒါန မည်၏၊ ထိုဝဋ္ဋဂါမိ ဓမ္မဒါနထက် ဝိဝဋ္ဋဂါမိ ဓမ္မဒါနသည် အလွန်အကျိုး အထူးသဖြင့် မြတ်လှပေ၏–ဟု မှတ်၊ ဤသည်လျှင် ဓမ္မဒါနအရ ပဘေဒ အပြား စကားအပြီးတည်း။

## ဝဋ္ဋ ဝိဝဋ္ဋဒါနကို ခွဲပြခြင်း

အာမိသဒါနသည် ဝဋ္ဋနိဿိတဒါန ဝိဝဋ္ဋနိဿိတဒါန–ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် လူ နတ် တို့၏ စည်းစိမ် ချမ်းသာကိုသာ လျှင် နှစ်သက်သာယာ တောင့်တ ပတ္ထနာပြု၍ ပေးလှူအပ်သော ဒါန သည် ဝဋ်ဆင်းရဲကို မှီ၍ ဖြစ်သောကြောင့် ဝဋ္ဋနိဿိတဒါန မည်၏၊ ထိုကြောင့် ရကား သုမင်္ဂလဝိလာသိနီ ဋီကာ၌ ဒါနသီလာဒိ ဓမ္မာ ဝဋ္ဋဿ ဥပနိဿယဘူတာ ဝဋ္ဋဂါမိကုသလံ–ဟု မိန့်ဆိုတော် မူ၏။ ဝဋ္ဋဿ၊ တေဘူမက နာမတွင်ညွှတ် သံသရာဝဋ်၏။ ဥပနိဿယဘူတာ၊ အားကြီးစွာစင်စစ် မှီရာဖြစ်သော။ ဒါနသီလာဒိဓမ္မာ၊ ဒါန သီလ စသောတရားတို့သည်။ ဝဋ္ဋဂါမိနိ ကုသလံ၊ ဝဋ္ဋဂါမိနိ ကုသိုလ်မည်၏။ ထိုဝဋ္ဋဂါမိနိ ကုသိုလ်သည် သံသရာဝဋ်၌ မှီသော လူ နတ် စည်းစိမ် တထိန်ထိန်ဝင်း ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ စသည် ဥဿုံ အလုံးစုံသော ပြည့်စုံခြင်းတို့ကို ပေးစွမ်းနိုင်၏။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ အစစ်

ကေန် ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန် မြဲမြဲကို မပေးစွမ်းနိုင်ကုန်၊ ထို့ကြောင့်ရကား ကေင်္ဂုတ္တရ အဋ္ဌကထာ နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ မူလပဏ္ဏာသ အဋ္ဌကထာတို့၌- သစေဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋနိဿိတဝသေန မိစ္ဆာဒဍ္ဍပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နောဝဋ္ဋံ-ဟူ၍ မိန့်ဆိုတော်မူ၏။ ဝဋ္ဋသမ္ပတ္တိံ၊ လူ နတ် ချမ်းသာ ဟူသော ဝဋ်စည်းစိမ်ကို။ ပတ္ထေတွာ၊ ဆုပန်တောင့်တ၍။ ဝဋ္ဋနိဿိတဝသေန၊ ဝဋ်ဆင်းရဲကိုမှီသည်၏ အစွမ်းအားဖြင့်။ မိစ္ဆာဒဍ္ဍပိတံ၊ မသင့် မလျော်သော စိတ်ကို ထားခြင်း ဆောက်တည် ခြင်းသည်။ သစေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ ဝဋ္ဋမေဝ၊ လောကီချမ်းသာဝဋ်ကို သာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ ဝဋ်မှကင်းရာလောကုတ္တရာချမ်းသာကို။ အာဟရိတုံ၊ ဆောင်ခြင်းငှာ။ နော-သက္ကောတိ၊ မစွမ်းနိုင်သည်သာလျှင်တည်း။

ဤကဲ့သို့သော ဝဋ္ဋနိဿိတ ဒါနကိုပြုကြသောသူတို့ကို ရည်သန်တော်မူ၍ ရှင်မဟာသီလဝံသ မထေရ်သည် ပါရမီခန်းကျော်၌ သူမိုက်အလှူပေးပါမူလည်း ရွယ်ချူဖိုလ်မဂ် မပန်နက်တည့် မှားဘက် ဝယ်သာ ကျင်လည် ရှာ၍-ဟု စပ်ဆိုတော် မူ၏၊ ဝဋ်ဆင်းရဲတို့၏ ချုပ်ငြိမ်းရာ လောကုတ္တရာမှန် မြိုက်နိဗ္ဗာန်ကို ရည်သန်တောင့်တ ပတ္ထနာပြုအပ်သော ဒါနသည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို မှီစွဲ၍ဖြစ်သောကြောင့် ဝိဝဋ္ဋနိဿိတ ဒါန မည်၏။

ထို့ကြောင့်ရကား သုမင်္ဂလဝိလာသိနီဋီကာ၌-ဝိဝဋ္ဋဿ ဥပနိဿိတဘူတာ ဝိဝဋ္ဋဂါမိနိကုသလံ-ဟု မိန့်ဆိုတော်မူ၏။ ဝိဝဋ္ဋဿ၊ သံသရာဝဋ်ဘဝညွတ်မှ လွတ်ရာအမှန် မဂ်ဖိုလ်နိဗ္ဗာန်၏။ ဥပနိဿယဘူတာ၊ အားကြီးရာစင်စစ် မှီရာဖြစ်သော။ ဒါနသီလာဒိဓမ္မာ၊ ဒါနသီလ စသော တရားသည်။ ဝိဝဋ္ဋဂါမိနိကုသလံ၊ ဝိဝဋ္ဋဂါမိကုသိုလ်မည်၏။ ထိုဝိဝဋ္ဋဂါမိကုသိုလ်သည်ကား လောကီဖြစ်သော စည်းစိမ်ကို ပေးပြီး၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ပေးစွမ်းနိုင်၏၊ ထို့ကြောင့်ရကား ထေရာအဋ္ဌကထာစသည်တို့၌-ဝိဝဋ္ဋူပနိဿိတံ ဗဟုံ ပုညကမ္မံ အကာသိ၊ သော တေဟိ ပုညကမ္မေဟိ တတ္ထ တတ္ထ သုဂတီသုယေဝ သံသရန္တော ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ ယေဝ အရဟတ္တံ ပါပုဏိ-ဟု မိန့်ဆိုတော်မူ၏။ ဝိဝဋ္ဋူပနိဿိတံ၊ ဝဋ်မှလွတ်မြောက်ခြင်းကိုမှီသသော။ ဗဟုံ၊ များစွာသော။ ပုညကမ္မံ၊ ဝိဝဋ္ဋမှန်ကုသိုလ်ကံကို။ အကာသိ၊ ပြုပြီးခဲ့လေပြီ။ သော၊ ထိုဝိဝဋ္ဋကုသိုလ်မှန်ကို

ပြုရသော တိသရဏဂမနီယ မထေရ်သည်။ ဧဟိပုညကမ္မေဟိ၊ ထိုဝိဝဋ္ဋကုသိုလ်ကံတို့ကြောင့်။ တဖ္ဘတတ္ထ၊ ထိုထိုဘုံဘဝတို့၌။ သုဂတီသုယေဝ၊ သုဂတိဘုံ ဘုံ့၌သာလျှင်။ သံသရန္တော၊ ကျင်လည်ပြေးသွားလျက်။ ဇာမသ္မိံ ဗုဒ္ဓုပ္ပါဒယေဝ၊ ဤငါတို့ဘုရားလက်ထက်တော်၌သာလျှင်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိံ၊ မုချမသွေရောက်ရလေ၏။

ထိုမှတပါး ကော်ဏ္ဍရ အဋ္ဌကထာစသည်တို့၌လည်း ဇာဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု တိ ဧဝံ ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ-ဟု မိန့်ဆိုတော်မူ၏။ ဇာဒံဒါနံ၊ ဤအလှူသည်။ မေ၊ ငါအား။ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သောနိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ မုချမသွေဖြစ်ပါစေသတည်း။ ဇာတိဧဝံ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝဋ်မှကင်းရာ လောကုတ္တရာ နိဗ္ဗာန်ချမ်းသာကို။ ပတ္ထေန္တေန၊ ဆုပန်တောင့်တသဖြင့်။ သမ္မာဌပိတံ၊ အသင့်လျော်သော စိတ်ထားဖြင့် ဆောက်တည်ခြင်းသည်။ သခေဟောတိ၊ အဟယ်၍ ဖြစ်ငြားအံ့။ အရဟတ္တမ္ပိ၊ ရဟန္တာအဖြစ်ကိုငင်း၊၊ ပစ္စေကဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကိုငင်း။ သဗ္ဗညုတဉာဏမ္ပိ၊ သဗ္ဗညုတဉာဏ်ကိုငင်း။ ဒါတုံ၊ ပေးခြင်းငှာ။ သက္ကောတိယေဝ၊ စွမ်းနိုင်သည်သာလျှင်တည်း။ (မှတ်ချက်)။ ဝိ-သဒ္ဒါဖြင့် တောဘုမ္မကဝဋ်ကို ပေးသေး၏ဟု ဆည်းလေကုန်။ အထူးမှာ-မန်လည်ဆရာတော်ဘုရားကြီး ချမ်းသာ ဆရာတော်ဘုရားကြီးသည်ကား ဝိဝဋ္ဋူပနိဿိတ ဒါနစသော ကုသိုလ်သည် လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ပေးခြင်းသည် အာနိသံသ အကျိုးဆက်မျှသာဖြစ်၏၊ မုချချက်ခြင်း ဝိပါက အကျိုးရင်းကား နိဗ္ဗာန် မရသေးသမျှကာလပတ်လုံး သံသရာအတွင်း၌ လူနတ်ဟူသော လောကီ ဝဋ်အကျိုးကို ပြည့်စွာ ပေးသတည်းဟူ၍ မိန့်မြွက်တော် မူကြကုန်၏။ ဤသည်လျှင် ဝဋ္ဋ ဝိဝဋ္ဋဒါန အကျဉ်းပြစကားရပ်တည်း။

### ပုဂ္ဂလိကဒါန တဆယ့်လေးပါးကိုပြခြင်း

စုဒ္ဒသ ခေါ ပနိမာနန္ဒ၊ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ-ဟူ၍ဟောတော်မူအပ်သော ဥပရိပဏ္ဏာသ ပါဠိတော်အရ သောတုဇနတို့ သုဝိညေယျ သိလွယ်စေရန် ရစနာဂါထာကိုပြပေအံ့။

တထာဂတေ ပစ္စေကေစ၊ အဋ္ဌရိယေစ တာပသေ။
သီလဝန္တေ ဒုဿီလေစ၊ တိရစ္ဆာနဂတေ တိမေ။

တထာဂတေ၊ မြတ်စွာဘုရားအားရင်း။ ပစ္စေကေစ၊ ပစ္စေကဗုဒ္ဓါအား ရင်း။ အဋ္ဌရိယေစ၊ ရှစ်ယောက်သော အရိယာ ပုဂ္ဂိုလ်အားရင်း။ တာပသေစ၊ ကမ္မဝါဒီရသေ့အားရင်း။ သီလဝန္တေစ၊ ပုထုဇဉ် လူသီလ ဝန္တပုဂ္ဂိုလ်အားရင်း။ ဒုဿီလေစ၊ မုဆိုးတံငါစသော လူဒုဿီလ ပုဂ္ဂိုလ် အားရင်း။ တိရစ္ဆာနဂတေစ၊ ခွေး ဝက် ကြက် ငှက်စသောတိရစ္ဆာန်အား ရင်း။ ဒါနံ၊ အလှူကို။ ဒိန္နံ၊ ပေးလှူအပ်၏။ ဣတိဣမေ၊ သည်ျာပိုင်းခြား တဆယ့်လေးပါးတို့တည်း။ ဤပြအပ်သော အလှူခံတကျိပ် လေးယောက် တို့တွင် သီလဝန္တပုဒ်အရ ပုထုဇဉ် သီလဝန္တရဟန်းကို မမှတ်မယူအပ် ပုထုဇဉ်သီလဝန္တလူကိုသာလျှင် မှတ်ယူအပ်၏၊ ထို့ကြောင့် ဒက္ခိဏာဝိဘင် သုတ် အဋ္ဌကထာ၌ ပုထုဇ္ဇန သီလဝါတိ ပုထုဇ္ဇနသီလ ဝါတုကော ဟောတိ၊ အသဌော အမာယာဝီ ပရံ အဝိဋ္ဌိတွာ ဓမ္မေန သမေန ကသိယာဝါ ဝါဏိဇ္ဇာယဝါ ဇီဝိတံ ကပ္ပေတာ-ဟု မိန့်ဆိုတော်မူ၏။

ပုထုဇ္ဇနသီလဝါတိ၊ ပုထုဇ္ဇနသီလဝါ ဟူသည်ကား– ပုထုဇ္ဇနသီလဝါ တုကော၊ ပုထုဇဉ်သီလသဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ အသဌော၊ စဉ်းလဲခြင်း မရှိသော။ အမာယာဝီ၊ လှည့်ပတ်ခြင်း မရှိသော။ ပရံ၊ သူတပါးကို။ အဝိဋ္ဌိတွာ၊ မညှဉ်းဆဲ မနှိပ်စက်မူ၍။ ဓမ္မေန–သမေန၊ တရားနှင့်ညီညွတ်သော။ ကသိယာဝါ၊ လယ်လုပ်ခြင်းဖြင့်ရင်း။ ဝါဏိဇ္ဇာ ယဝါ၊ ကုန်သွယ်ခြင်းဖြင့်ရင်း။ ဇီဝိတံ၊ မိမိအသက်မွေးခြင်းကို။ ကပ္ပေတာ၊ ပြုနိုင်သောသူကတည်း။ ဤနည်းအတူ ဒုဿီလပုဒ်အရကိုလည်း ပုထုဇဉ် ရဟန်း ဒုဿီလကို မမှတ်ယူအပ် ပုထုဇဉ် လူဒုဿီလကိုသာလျှင် မှတ်ယူ အပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌– ပုထုဇ္ဇနော ဒုဿီလော နာမ ကေဝဋ္ဋ မစ္ဆဗန္ဓာဒိ ပရပီဠာယ ဇီဝိတံ ကပ္ပေတာ–ဟု မိန့်တော်မူ၏။ ပုထုဇ္ဇနဒုဿီလောနာမ၊ ပုထုဇဉ်ဒုဿီလမည်သည်။ ကေဝဋ္ဋမစ္ဆဗန္ဓာဒိ၊ မုဆိုး တံငါ စသော။ ပရပီဠာယ၊ သူတပါးကို နှိပ်စက်တတ်သဖြင့်။ ဇီဝိတံ၊ မိမိအသက်မွေးခြင်းကို။ ကပ္ပေတာ၊ ပြုနိုင်သောသူတည်း–ဟုမှတ်။

(မှတ်ချက်)။ ။ကေဝဋ္ဋမစ္ဆဗန္ဓာဒိ – အစရှိသော ပါဌ်ဖြင့် ရဟန်း ဒုဿီလကိုနစ်စေသည်ဟုမှတ်။ ထိုမှတပါး သီလဝန္တ ရဟန်းသည်ကား အရိယာ ရှစ်ယောက်တို့တွင် သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္န ပုဒ်အရသို့ ပါဝင်၏ဟုမှတ်။ အဘယ့်ကြောင့်နည်းဟူမူကား အယုတ်ဆုံး အားဖြင့် သရဏဂုံသုံးပါးကို ဆောက်တည်သော ပုထုဇဉ်၊ သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်သော ပုထုဇဉ်၊ ထိုနေ့

ရှင်ဖြစ်သော သာမဏေ၊ ထိုနေ့၌ပင် ပဉ္စင်းဖြစ်စ ရဟန်းသစ်၊ ဝတ်ကြီး ဝတ်ငယ်နှင့် ပြည့်စုံသောရဟန်း၊ ကမ္မဋ္ဌာန်းကိုအားထုတ်သော ယောဂီ ပုထုဇဉ် ရဟန်း၊ သောတာပတ္တိမဂ်၌ တည်သော ပုဂ္ဂိုလ် ရှစ်ယောက် တို့သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ် ဟု အဋ္ဌကထာ၌ ဖွင့်ပြခြင်းကြောင့်တည်း။ ထိုကြောင့် ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌-သောတာပတ္တိ ဖလသစ္ဆိကိရိယာယ ပဋိပန္နောတိ ဧတ္ထ ဟေဋ္ဌိမကောဋိယာတိသရဏံ ဂတော ဥပါသကောပိ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နောနာမ ဟောတိ-စသည်ဖြင့် ဘွင့်ပြတော်မူ၏။ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နောတိ၊ဟူသောပုဒ်၌။ ဟေဋ္ဌိမ ကောဋိယာ၊ယုတ်သောအစွန်းဖြင့်။ တိသရဏံဂတော၊ သရဏဂုံသုံးပါး၌ တည်သော။ ဥပါသကောပိ၊ ဒါယကာသည်လည်း။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုခြင်းငှာ။ ပဋိ ပန္နောနာမ၊ ကျင့်သောပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ထိုမှတပါးသော အကျိုးပေးရာ အစဉ်အားဖြင့် ထိုတကျိပ်လေး ယောက်တို့တွင် တိရစ္ဆာန်အား ပေးလှူခြင်းသည် ဘဝတရာ ကာလ ပတ်လုံး အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း ခွန်အား ကြီးခြင်း ပညာကြီးခြင်း အကျိုးငါးပါးကို ရကုန်၏။ သီလမရှိသော မုဆိုး တံငါတို့အား ပေးလှူရခြင်းသည် ဘဝတထောင် ကာလပတ်လုံး အကျိုးငါးပါးကို ရကုန်၏။ သီလရှိသော ကုန်သွယ် လယ်လုပ်သဖြင့် အသက်မွေးသူတို့အား ပေးလှူရခြင်းသည် ဘဝတသိန်း ကာလပတ်လုံး ငါးပါးသော အကျိုးကိုရကုန်၏။သာသနာတော်အပ၌ ဈာန်အဘိညာဉ် နှင့် ပြည့်စုံသောရဟန်း ကမ္မဝါဒီ ရှင်ရသေ့အား ပေးလှူရခြင်းသည် ဘဝကုဋေတသိန်း ကာလပတ်လုံး ငါးပါးသော အကျိုးကို ရကုန်၏။ သာသနာတော်အတွင်း၌ သရဏဂုံပဉ္စသီလတည်သူ, ရှစ်ပါး ဆယ်ပါး တည်သော ရှင်သာမဏေ ဝတ်ကြီး ဝတ်ငယ်နှင့်ပြည့်စုံသော ရဟန်း, အားထုတ်အစ်သော ဝိပဿနာရှိသော ရဟန်း၊မဂ်၌တည်သော ပုဂ္ဂိုလ် တည်းဟူသော သောတာပတ္တိဖလသစ္ဆိကိရိယာယ ပုဂ္ဂိုလ်အား ပေးလှူ ရခြင်းသည် ဘဝကို မရေမတွက် နိုင်သော ငါးပါးသော အကျိုးကို ရကုန်၏။ ထိုထက် သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်အား လှူခြင်း, ထိုထက် သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်အား လှူရခြင်း ထိုထက် အနာဂါမိဖိုလ်ပုဂ္ဂိုလ် အား လှူရခြင်း ထိုထက်ရဟန္တာပုဂ္ဂိုလ်အား လှူရခြင်း ထိုထက် ပစ္စေက

ဗုဒ္ဓါအားပေးလှူရခြင်း ထိုထက် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်အားပေးလှူရခြင်း သည် သာလွန်သော အကျိုးထူးဝိသေသရှိ၏ဟူ၍ အသင်္ချေယျ အပ္ပမေယျ မရေမတွက်နိုင် မနှိုင်းယှဉ်နိုင်သော ကောင်းမှု အစုအဝေး ပုညသမ္ဘာရ အပေါင်းတို့ကို ရကြောင်း ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်၌ မြတ်စွာ ဘုရားဟောကြားတော်မူ၏။ဤသည့်လျှင် ပုဂ္ဂလိကဒါန တဆယ့်လေးပါး စကားတရပ် အပြီးသတ်သတည်း။

## သံဃိကဒါန ခုနစ်ပါးကိုပြခြင်း

သတ္တခေါ ပနိမာနန္ဒ သံဃတော ဒက္ခိဏာ-ဟူသော ဒက္ခိဏာဝိဘင်္ဂ သုတ် ပါဠိတော်အရ သောတုဇနတို့ သုဝိညေယျ သိလွယ် ကြစေခြင်း အလို့ငှာ ရစနာဂါထာကို ပြပေအံ့။

ဗုဒ္ဓပမုခသံဃေစ၊ နိဗ္ဗုတေ ဥဘတော ဂဏေ။
အနုဒ္ဒိသာ ဒွယေ သံဃေ၊ ဥဒ္ဒိသကေစ တိဝိဓေ။

ဗုဒ္ဓပမုခသံဃေစ၊ ဘုရား အမှူးရှိသော ဘိက္ခု သံဃာ အားဧင်း။ နိဗ္ဗုတေ၊ ဘုရားပရိနိဗ္ဗာန် စံလွန်ပြီးသော်။ ဥဘတောဂဏေစ၊ ဘိက္ခု ဘိက္ခုနီအားဖြင့် နှစ်ပါးသော သံဃာအပေါင်းအားဧင်း။ အနုဒ္ဒိသာ၊ မပိုင်းမခြား မရည်မမှတ်အပ်သော။ ဒွယေ၊နှစ်ပါးသော။ သံဃေစ၊ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ အားဧင်း။ ဥဒ္ဒိသကေ၊ သံဃာမှ ညွှန်း တော်မူအပ်သော။ တိဝိဓေ၊ သုံးပါးကုန်သော။ သံဃေစ၊ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာအားဧင်း။ ဒါနံ၊အလှူကို။ ဒိန္နံ၊ပေးလှူအပ်၏။ ဣတိ-ဣမေ၊ သင်္ချာပိုင်းခြား ဤခုနစ်ပါးတို့တည်း။

ဤဂါထာနှင့်အညီ သက်တော်ထင်ရှား ဘုရားရှိသောအခါ မြတ်စွာ ဘုရားတို့ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသောအခါ သဓာတုစေတီတော်ကို အလယ်ထား၍ လှူဒါန်းသော ဗုဒ္ဓပမုခဥဘတောသံဃဒါန တပါး, ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ နှစ်ပါးအား လှူဒါန်းသော ဥဘတော သံဃဒါနတပါး,မည်မျှမည်ရွေ့ မပိုင်းမခြား ဘိက္ခုသံဃာအားလှူသော ဘိက္ခုသံဃဒါန တပါး,မည်မျှမည်ရွေ့ မပိုင်းမခြား ဘိက္ခုနီသံဃာအား လှူသော ဘိက္ခုနီသံဃဒါန တပါး, ဥဘတောသံဃထံသို့ ချဉ်းကပ်၍ ညွှန်ကြားတော်မူပါဟု လျှောက်ထား၍ ရအပ်သောသံဃာအားလှူသော ဥဘတောသံဃနိဒ္ဒိဋ္ဌသံဃဒါနတပါး, ဘိက္ခုသံဃနိဒ္ဒိဋ္ဌသံဃဒါနတပါး, ဘိက္ခုနီသံဃနိဒ္ဒိဋ္ဌသံဃဒါနတပါး ဤသို့အားဖြင့် သံဃိကဒါနခုနစ်ပါး တည်းဟု မှတ်အပ်၏။

ဝေလာမသုတ်ဒေသနာအားဖြင့် သံဃိကဒါန အကျိုးကြီးဟန်ကား- သာသနာတော်မှအပကာလဝယ် ခုနစ်နှစ်နှင့် ခုနစ်လပတ်လုံး ထွန်တုံး ထွန်သွားပြတ်အောင် အစောက်ကိုးထွာရှိသော ရှစ်သောင်းလေးထောင်သော ရွှေခွက် ငွေခွက် ကြေးခွက် ရထားပေါင်း ဆင်ပေါင်း နွားမပေါင်း ပလ္လင်ပေါင်း ညောင်စောင်း အခင်း ပုဆိုးအင်္ကျီ ထမင်းအဖျော် စားဘွယ်သောက်ဘွယ်တို့ကို မရေမတွက်နိုင်အောင်လှူဒါန်းသော်လည်း သာသနာတော်အတွင်း၌ ဒက္ခိဏေယျ အလှူခံပုဂ္ဂိုလ်တပါးအား ဆွမ်းတထပ်ကို ကျွေးမွေးရခြင်းအကျိုးကို မမှီနိုင်၊ ထိုသီလဝန္တပုဂ္ဂိုလ်တရာကို ဆွမ်းကျွေးရခြင်းထက် သောတာပန်တပါး ကျွေးရခြင်းငင်းသောတာပန် တရာထက် သကဒါဂါမ်တပါး၊ ငင်းတရာထက် အနာဂါမ်တပါး၊ ငင်းတရာထက် ရဟန္တာတပါး၊ ငင်းရဟန္တာတရာထက် ပစ္စေကဗုဒ္ဓါ တပါး၊ငင်းတရာထက် သမ္မာသမ္ဗုဒ္ဓဘုရားကို ဆွမ်းကျွေးရခြင်း၊ငင်းတဆူ ဆွမ်းကျွေး ရခြင်းထက် ဗုဒ္ဓပမုခသံဃာအား ဆွမ်းကျွေး ရခြင်းသည် မြတ်၏၊ထိုထက်စတုဒိသာသံဃိကကျောင်းကို ဆောက်လှူရခြင်း၊ထိုထက် မဂ်ဉာဏ်ဖြင့် ဆောက်တည်အပ်သော သရဏဂုံ ထိုထက် မဂ်ဉာဏ်ဖြင့် ဆောက်တည်အပ်သော ပဉ္စသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ၊ ထိုထက် ယာဂုတလုပ်မျှ အပွနာဈောဖြင့်ပြီးသော မေတ္တာဈာန်ကိုပွားရခြင်းသည် မြတ်၏၊ ထိုထက်အနိစ္စသညာကို လက်ပစ်တတွက်မျှ ပွားများရသော ဘာဝနာတရားသည် မြတ်၏ဟု ဟောကြားတော်မူ၏။ ဤသည့်လျှင် သံဃိကဒါနစကားတရပ် အပြီးသတ်သတည်း။

**သံဃိကဒါနထက် ပုဂ္ဂလိကဒါန မဟာဖလကိုပြခြင်း**

သံဃိကဒါနထက် ပုဂ္ဂလိကဒါနသည် သာလွန်ထူးမြတ်၏၊ အဘယ့်ကြောင့် နည်းဟူမူကား- လောကသုံးပါးတွင် ဘုရားထက်သာလွန်၍ မြတ်သောပုဂ္ဂိုလ်မည်သည် မရှိသောကြောင့်တည်း၊ ထို့ကြောင့် ဥပရိပဏ္ဏာသ အဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂသုတ်အဘွင့်၌ သတ္ထာရာ ဥတ္တရိတရော ဒက္ခိဏေယျော နာမနတ္ထိ-ဟု မိန့်ဆိုတော်မူ၏။ သတ္ထာရာ၊ ဘုရားမြတ်စွာ ကိုယ်တော်ထက်။ ဥတ္တရိတရော၊ အလွန်အကျူးမြတ်သော။ ဒက္ခိဏေယျောနာမ၊ အလှူခံမည်သည်။ နတ္ထိ၊ ဧကန်စင်စစ်မရှိချေတကား။

ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် မြတ်စွာဘုရားသည် ဂေါတမီ-သံဃာကိုလှူလေ့ဟု နှစ်ကြိမ်သုံးကြိမ်တိုင်တိုင် ပယ်တော်မူသနည်းဟူမူ မိထွေးတော် ဂေါတမီအား အစဉ်သနားသောကြောင့် ပယ်တော်မူ

သတည်း၊ ထိုစကားသည်မှန်၏ မြတ်စွာဘုရားအား အကြိတော် မနေ ပဏ္ဍိမိ ဖြစ်တော်မူတိ သည့်မှာကား မိထွေးတော် ဂေါတမီအား ငါဘုရားကို အကြောင်းပြု၍ ပုဗ္ဗ မုဋ္ဌ အပရစေတနာ တည်းဟူသော စေတနာသုံးကြိမ်တို့သည်ဖြစ်ကုန်ပြီ။သံဃာတော်ကိုအကြောင်းပြု၍လည်း ပုဗ္ဗ မုဋ္ဌ အပရစေတနာ တည်းဟူသော စေတနာသုံးကြိမ်တို့သည် ဖြစ်စေ သတည်း။ ထိုသို့ဖြစ်သည်ရှိသော် မိထွေးတော်အား ခြောက်ကြိမ်သော စေတနာတို့သည် တပေါင်းတည်းဖြစ်၍ ရှည်မြင့်စွာသောကာလပတ်လုံး အကျိုးစီးပွားများခြင်း ချမ်းသာခြင်းဖြစ်လတ္တံ့၊ ဤသို့နှလုံးပိုက်တော်မူ၍ နှစ်ကြိမ် သုံးကြိမ်တိုင်တိုင် ပယ်တော်မူသတည်း။ ထို့ကြောင့် ဒက္ခိဏာ ဝိဘင်္ဂသုတ် အဋ္ဌကထာ၌-ကသ္မာ ပန ဘဂဝါ အတ္တနော ဒိယျမာနံ ဘိက္ခုသံဃဿ ဒါပေသီတိ မာတရံ အနုကမ္ပယ။ ဧဝံကိရဿ အဟောသိ ဣမိဿာမံ အာရဗ္ဘပုဗ္ဗစေတနာ မုဋ္ဌစေတနာ အပရစေတနာတိ တိဿောစေတနာ ဥပ္ပန္နာ၊ ဘိက္ခုသံဃံပိ အာရဗ္ဘဥပ္ပဇ္ဇိဿန္တိ ဧဝ မဿ ဆစေတနာ ဧကတော ဟုတွာ ဒီဃရတ္တံ ဟိတာယ သုခါယ ပဝတ္တိဿန္တိ-ဟု ဟောတော်မူ၏။

ပန၊ စေတနာပုဒ်ကိုထုတ်ဆိုဦးအံ့။ ကသ္မာ၊ အဘယ့်ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္တနော၊ မိမိအား။ ဒိယျမာနံ၊ လှူဒါန်းအပ်သော သင်္ကန်းအစုံကို။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဒါပေသိ၊ လှူစေ သနည်း။ ဣတိပုစ္ဆာ၊ ဤသည်လျှင်အမေးတည်း။ မာတရံ၊ မိထွေးတော် ဂေါတမီကို။ အနုကမ္ပာယ၊ အစဉ်သနားတော်မူသောကြောင့်။ဒါပေသိ၊ လှူစေတော်မူ၏။ အဿ၊ ထိုမြတ်စွာဘုရားအား။ ဧဝံ၊ ဤသို့သောအကြံ တော်သည်။ အဟောသိကိရ၊ ဖြစ်သတတ်။ ဣမိဿာ၊ ဤမိထွေးတော် ဂေါတမီအား။ မံ၊ ငါဘုရားကြီးကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပုဗ္ဗ စေတနာ၊ ပုဗ္ဗစေတနာဝင်း။ မုဋ္ဌစေတနာ၊ မုဋ္ဌစေတနာဝင်း။ အပရ စေတနာ၊ အပရစေတနာဝင်း။ ဣတိ၊ ဤသို့။ တိဿော၊ သုံးပါး ကုန်သော။ စေတနာ၊ စေတနာတို့သည်။ ဥပ္ပဇ္ဇန္တု၊ ဖြစ်စေကုန်သတည်း။ ဣတိဧဝံ၊ ဤသို့ဖြစ်သည်ရှိသော်။ အဿ၊ ထိုမိထွေးတော်ဂေါတမီအား။ ဆစေတနာ၊ ခြောက်ကြိမ်သော စေတနာတို့သည်။ ဧကတော၊တပေါင်း တည်း။ ဟုတွာ၊ ဖြစ်၍။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညပတ်လုံး။ ဟိတာယ၊ စီးပွားခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ပဝတ္တိဿန္တိ၊ ဖြစ်ကုန်လတ္တံ့သတည်း။

ဤသို့မိန့်အပ် အဋ္ဌကထာပါဠိတို့ကို သိမြင်ကြသဖြင့် အချို့သော ပညာရောင်မဖြူ ရဟန်းရှင်လူတို့သည် ဘုရားတည်းဟူသော ပုဂ္ဂိုလ်ကို လှူသည်ထက် သံဃာကိုလှူရာ၌ အကျိုးကြီးမားသောကြောင့် မိထွေးတော်ကို သံဃာတော်အား လှူစေသည်ဟူ၍ ဟောကြားသောအဓိပ္ပါယ်များကို မမှတ်သားအပ်၊ ဘုရားမှတပါးသောပုဂ္ဂိုလ် သံဃာဖြစ်ပါမူကား ပုဂ္ဂလိကဒါနထက် သံဃိကဒါနသည်မြတ်၏ဟုမှတ်အပ်၏။ ထိုသံဃိကဒါနကိုလည်းသံဃာ၌ရှိသေခြင်း သံဃစိတ္တီကာရကို မပြုနိုင်သောသူအား မဖြစ်၊ သံဃစိတ္တီကာရ အမှုကိုလည်း လွန်စွာပြုနိုင်ခဲ၏။ ထို့ကြောင့် ဝိဘင်္ဂသုတ် အဋ္ဌကထာ၌ သံဃေ စိတ္တီကာရောနာမ ဒုက္ကရော-ဟု မိန့်ဆိုတော်မူ၏။ သံဃေ၊ သံဃာတော်၌။ စိတ္တီကာရောနာမ၊ ရှိသေခြင်းမည်သည်ကို။ ဒုက္ကရော၊ ပြုနိုင်ခဲ၏။

ဤသို့ အဋ္ဌကထာဆရာမြတ် မိန့်အပ်သည်နှင့် အညီ အကြင်သူတယောက်သည် သံဃိကဖြစ်သော အလှူကိုပေးလှူအံ့ဟု အလှူဝတ္ထုကို စီရင်ပြီး၍ သံဃာထံသို့ ချဉ်းကပ်လျက် အရှင် ဘုရားတို့ သံဃာမှ ညွှန်၍ မထေရ်တပါးကို ပေးသနားတော်မူပါဟုလျှောက်ရာ သာမဏေကို ရ၍ ငါ့အား သာမဏေကိုရခဲ့ပြီဟု နှလုံးမသာယာသော သူအားလည်း သံဃာ၌ရှိသေခြင်း စိတ္တီကာရဂုဏ် မရှိရကား သံဃိကဒါန မဖြစ်၊ မထေရ်ကြီးကို ရ၍ ငါ့အား မထေရ်ကြီးကို ရပေ၏ဟု ဝမ်းမြောက်သောသူအားလည်း သံဃာ၌ရှိသေခြင်း စိတ္တီကာရဂုဏ်မရှိရကား သံဃိကဒါနမဖြစ်။ ထို့ကြောင့် သံဃိကဒါနပြုလို ထိုထိုပုဂ္ဂိုလ် တို့သည် သာမဏေကို ရသော်လည်း ဝမ်းမနည်း မထေရ်ကြီးကို ရသော်လည်း ဝမ်းမသာ အမှတ်မရှိ တပါးပါး ရရှိ၍ သံဃိက ဒါနကို ငါလိုအပ်၏ဟု အလွန်တရာ ပြုနိုင်ခဲသော သံဃစိတ္တီကာရကို ပြုနိုင်သော ပုဂ္ဂိုလ်၏ ဒါနသည်သာလျှင် သံဃိကဒါနမည်၏၊သံဃိကဒါန ဖြစ်၏။ ထို့ကြောင့် အဋ္ဌကထာ၌ ယောပန သာမဏေရာဒီသု ယံကိဉ္စိ သံဃတော လဘိတွာ နိဗ္ဗိကာရော ဟုတွာ သံဃဿဒေမီတိ စိတ္တီကာရံ ကာတုံ သက္ကောတိ တဿဒက္ခိဏာ သံဃဂတာတိ ·ဟု မိန့်ဆိုတော်မူ၏။

ယောပန ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်ကား။ သာမဏေရာဒီသု၊ သာမဏေစသည်တို့တွင်။ ယံကိဉ္စိ၊ အမှတ်မထား တပါးပါးကို။ သံဃတော၊သံဃာမှ။လဘိတွာ၊ရ၍။နိဗ္ဗိကာရော၊စိတ်ဖောက်ပြန်ခြင်းမရှိသည်။ ဟုတွာ၊ ဖြစ်၍။ သံဃဿ၊ သံဃာတော်အား။ ဒေမိ၊ပေးလှူပါ၏။ ဣတိ၊

ဤသို့။ သံဃော၊သံဃာတော်၌။ စိတ္တီကာရံ၊ ရှိသေခြင်းကို။ ကာတုံ၊ပြုခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ဒက္ခိဏာ၊ အလှူသည်။ သံဃဂတာ၊သံဃဒါနသည်။ ဟောတိ၊ဖြစ်၏။

ယခုကာလ ခါသမယတို့၌ ဒါယကာတို့သည် သံဃာကိုရည်၍ လျှောက်ကြရာဝယ် သာမဏေများကိုမဆိုထားဘိ ရဟန်းငယ် ပဉ္စင်းငယ်များကို ချီးမြှောက်၍ ထည့်လိုက်ရာ၌ပင် သံဃစိတ္တီကာရတရား ပျက်ပြား၍ ကိုယ်တိုင်မလိုက် ရဟန်းငယ်ထည့်လိုက်လေသလားဟု ညည်းတွားသူများကြ၏။ထို့ကြောင့် သံဃိကဒါနကျိုးကို ဖွံ့ဖြိုးစွာအလိုရှိကြကုန်သော သူတော်ကောင်းတို့သည် သဒ္ဓါသံဃိက,ဒါနသံဃိက ဤနှစ်ဌာနကို ညီမျှကြလေအောင် ကြိုးပမ်းတကုတ် အားထုတ်ကြလေရာသည်။ ဤသည်လျှင် သံဃိက ပုဂ္ဂလိကဒါန အပြီးတည်း။

## သံဃစိတ္တီကာရကိုပြုသော ဝတ္ထုပြခြင်း

သမုဒ္ဒရာ၏ တဘက်ကမ်း၌နေသော ဝိဟာရကုဋုမ္ဗိက မည်သော သူကြွယ်သည် သံဃိကအလှူကိုလှူတော့အံ့ဟု သံဃာကိုရည်၍ သံဃာ၏ အထံမှ ရဟန်းကို တောင်းလေသော် တဦးသော ဒုဿီလရဟန်းကို ရရှိခဲ့လျှင် နေရာအရပ်ကို တံမြက်တံလင်း သုတ်သင်ပြီးမှ ကောင်းစွာ ခင်းကျင်းလျက် အထက်၌ ဗိတာန်ကြက်၍ ပန်းအခိုးအထုံတို့ဖြင့် ပူဇော်ပြီးမှ ခြေကိုဆေးလျှော်၍ နယ်ဆီဖြင့် ဆုပ်နယ်လိမ်းကျံ၍ မြတ်စွာဘုရားကို ရှိသေဘိသကဲ့သို့ ရှိသေစွာ သံဃစိတ္တီကာရကို ပြုလျက် လှူဒါန်း ပူဇော်လိုက်၏၊ ထိုဒုဿီလရဟန်းလည်း သူကြွယ်၏အလှူကိုခံ၍ အကျွမ်းဝင်ပြီဟုမှတ်ထင်၍ နေလွဲအခါဝယ် စေတီတော်ကို သုတ်သင် အံ့သောငှာ သူကြွယ် အိမ်သို့သွား၍ အပါး၌ ရပ်ပြီးသော် ပေါက်တူးကို အလှူခံရာ နေရာမှမထဘဲ ပေါက်တူးကိုခြေဖြင့် ခတ်လျက်ပေးလိုက်၏။ ထိုအခါ လူအပေါင်းတို့က ဤသို့ဆိုကြကုန်၏။ သင်သူကြွယ်သည် နံနက်အခါတွင်ပင် ဤရဟန်းကို ရှိသေစွာ လုပ်ကျွေးလျက် ယခုအခါ အလှူခံလာသည်တွင် ဤအရှင်ကို ရဟန်းကဲ့သို့ မဟုတ်မထင် ပေါက်တူးကိုခြေဖြင့် ခတ်၍ မလျှောက်မပတ် ပေးဘိ၏ဟု မေးမြန်းကြလေလျှင် နံနက်အခါဝယ် သံဃာကို ရည်မှတ်၍သာလျှင် ရှိသေစွာပြု၏။ ယခုကား အဘယ်မှာ ငါပြုရအံ့နည်းဟု ဆိုသတည်း၊ ဤဝိဟာရကုဋုမ္ဗိကသူကြွယ်ကဲ့သို့ သံဃာကို ရှိသေခြင်း သံဃစိတ္တီကာရကို ပြုနိုင်သောသူအား အလဇ္ဇီဒုဿီလ ပုဂ္ဂိုလ်ပင် ဖြစ်ငြားသော်လည်း ရဟန္တာပုဂ္ဂိုလ်ကို လှူရသည်ထက်ပင်

သံဃိကဒါန မြောက်၍ မြတ်လှပေ၏။ ထို့ကြောင့် ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌-သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ခီဏာသဝေ ဒိန္နဒါနတော ဥဒ္ဒိသိတ္ဂာ ဂဟိတေ ဒုဿီလေ ဒိန္နဒါနံ မဟပ္ဖလမေဝ-ဟု မိန့်ဆိုတော်မူ၏။ သံဃေ၊သံဃာတော်မြတ်၌။ စိတ္တီကာရံ၊ရိုသေလေးမြတ် တုပ်ဝပ်ခြင်းကို။ ကာတုံ၊ ပြုအံ့သောငှာ။ သက္ကောန္တဿ၊ တတ်စွမ်း နိုင်သောသူအား။ ခီဏာသဝေ၊ ရဟန္တာ ပုဂ္ဂိုလ်၌။ ဒိန္နဒါနတော၊ လှူအပ်သော အလှူထက်။ ဥဒ္ဒိသိတွာ၊ သံဃာတော်ကို ရည်ညွှန်း၍။ ဂဟိတေ၊ ယူအပ်သော။ ဒုဿီလေ၊ သီလမရှိသောပုဂ္ဂိုလ်၌၊ ဒိန္နဒါနံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလမေဝ၊ အကျိုးကြီးမြတ် သည်သာလျှင်တည်း။

ဤကဲ့သို့ သံဃစိတ္တီကာရဂုဏ်ကို ပြုနိုင်သော ပုဂ္ဂိုလ်သည်ကား ယခု အခါတို့၌ အလွန်ပင် နည်းပါးလှချေ၏။ငါ့ဆရာ သူ့ဆရာ ငါ့ဘုန်းကြီး သူ့ဘုန်းကြီး ဟူ၍ပုဂ္ဂလအမိဋ္ဌာန်ကို စွဲပြီးလျှင် ပုဂ္ဂိုလ်ကိုခင်မင်၍ လှူဒါန်း သည်သာ များပြားသောကြောင့် သံဃစိတ္တီကာရ ဖြစ်ရန် ခဲယဉ်းတော့ သည်ဟု မှတ်ကြလေ၊ မြတ်စွာဘုရားရှင်လည်း သံဃစိတ္တီကာရ ဂုဏ်ကို ပြုနိုင်သောသူဘို့ကို ရည်၍ ဥပရိပဏ္ဏာသပါဠိတော်၌-

တေသု ဒုဿီလေသု သံဃံဥဒ္ဒိဿ ဒါနံ ဒဿန္တိ တဒါပိဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယ့်ံ အပ္ပမေယျန္တိ ဝဒါမိ-ဟု ဟောတော် မူ၏။ ။တေသုဒုဿီလေသု၊ ထိုသီလမရှိသော ဒုဿီလပုဂ္ဂိုလ်တို့၌။ သံဃံ၊ သံဃာတော်ဂုဏ်ကို။ ဥဒ္ဒိဿ၊ ရည်မှန်း၍။ ဒါနံ၊ အလှူကို။ ဒဿန္တိ၊ လှူကြကုန်လတ္တံ့။ အာနန္ဒ၊ အာနန္ဒာ။ တဒါပိ၊ ထိုလိင် သာသနာအခါ၌လည်း။ သံဃဂတံ၊ သံဃာအားရည်၍ လှူအပ်သော။ ဒက္ခိဏံ၊ အလှူသည်။ အသင်္ချေယျံ၊ မရေတွက်နိုင်။ အပ္ပမေယျံ၊ မနှိုင်း ယှဉ်အပ်။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော် မူ၏။ ဤသည်လျှင် သံဃစိတ္တီကာရကို ပြုနိုင်သောဝတ္ထုတည်း။

## ဒက္ခိဏာဝိသုဒ္ဓိလေးပါးကို ပြဆိုခြင်း

စတဿော ဣမာ ဘိက္ခဝေ ဒက္ခိဏာ ဝိသုဒ္ဓိယော။ စတုက္ကအင်္ဂုတ္တရ ပါဠိတော်၊ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဒက္ခိဏာ ဝိသုဒ္ဓိယော၊ အလှူ၏ စင်ကြယ်ခြင်းတို့သည်။ ဣမာစ တဿော၊ သင်္ချာ ပိုင်းခြား၍ ဤလေးပါးတို့တည်း။ ဤပါဠိတော်အရ ဒက္ခိဏာ ဝိသုဒ္ဓိလေးပါး လာရ ကား-အလှူဒါယကာ သီလစင်ကြယ်၍ အလှူခံပုဂ္ဂိုလ် သီလ မစင်ကြယ် သော ဒါယကာ ဝိသုဒ္ဓိဒါနတပါး၊ အလှူခံပုဂ္ဂိုလ် သီလစင်ကြယ်၍

အလှူပေးပုဂ္ဂိုလ်ဒါယကာ သီလမစင်သော ပဋိဂ္ဂါဟကဝိသုဒ္ဓိဒါနတပါး၊ အလှူဒါယကာ သီလမစင်ကြယ် အလှူခံပုဂ္ဂိုလ်လည်းသီလ မစင်ကြယ်သော ဥဘယအဝိသုဒ္ဓိဒါနတပါး၊ အလှူဒါယကာ အလှူခံပုဂ္ဂိုလ် နှစ်ပါးသီလ စင်ကြယ်သော ဥဘယဝိသုဒ္ဓိဒါန တပါးဟူ၍ ဝိသုဒ္ဓိဒါန လေးပါး ရှိသတည်း။ ။ထိုလေးပါးသော ဒက္ခိဏဝိသုဒ္ဓိတို့တွင် ဒါယကာဝိသုဒ္ဓိ ဒါန၌ ဝေဿန္တရာမင်းကြီးသည် ဒုဿီလဖြစ်သော ဇူဇကာပုဏ္ဏားကို လှူသောဝတ္ထုဖြင့် သိအပ်၏-ဟု အဋ္ဌကထာဆရာ ပြတော်မူ၏၊ ရဟန်း ဒုဿီလကို အဋ္ဌကထာဆရာပြတော်မမူ၊ အဘယ့်ကြောင့်ဟူမူ အလှူခံ တကျိပ်လေးယောက်၌ မပါဝင်သောကြောင့်တည်း၊ ပဋိဂ္ဂါဟကဝိသုဒ္ဓိ ဒါန၌ ကလျာဏီ မြစ်ဝ၌ နေသော တံငါသည်ကြီးသည် အရှင် ဒီဃသုမ မထေရ်အား သုံးကြိမ်တိုင်ဆွမ်းလှူ၍ သေခါနီးကာလ၌ အရှင်ဒီဃသုမ မထေရ်အား လှူအပ်သောဆွမ်းသည် ငါ့ကို အပါယ်ဘေးမှ ထုတ်ဆောင် ပေလတ္တံ့ဟု ဆိုသောဝတ္ထုဖြင့် သိအပ်၏-ဟု အဋ္ဌကထာဆရာပြတော် မူ၏။

ဥဘယ အဝိသုဒ္ဓိဒါန၌ ဝနုမာနတောင်၌နေသော မုဆိုး တယောက် သည် ပေတဒက္ခိဏဒါနဟု ဆိုအပ်သော သူသေအား ဆွမ်းသွတ် အလှူကို တဦးသော အလဇ္ဇီဒုဿီလ ရဟန်းကြီးအား သုံးကြိမ်သုံးခါ လှူသောအခါဝယ် သေသွားသောပြိတ္တာကြီးသည်လှူစဉ်ကာလ ကိုယ်တိုင် လာ၍ အနိုင်အထက် လုယက် စားသောက်၍ နေသည့်ကိုဒင်း တကျော် ကျော်အော်သည်ကို ကြားလေလျှင် တပါးသော သီလဝန္တပုဂ္ဂိုလ်အား ပေးလှူဒါန်း၍ ရေစက်ချပြီးကာမှ ပြိတ္တာသည် နတ်ဘောဇဉ် အဝတ် အစားကို စားသောက်သုံးဆောင်ရသော ဝတ္ထုဖြင့် သိအပ်၏-ဟု အဋ္ဌ ကထာဆရာ ပြတော်မူ၏၊ ဥဘယဝိသုဒ္ဓိဒါန၌-ပသေနဒီ ကောသလ မင်းကြီးသည် ဘုရားအမှူးရှိသော ရဟန်း ငါးရာတို့အား ပေးလှူအပ် သော အသဒိသအလှူတော်ကြီးကို လှူသောဝတ္ထုဖြင့် သိအပ်၏-ဟု အဋ္ဌကထာဆရာ ပြတော်မူ၏၊ အင်္ဂုတ္တရ အဋ္ဌကထာ ဥပရိပဏ္ဏာသ အထွက်အဓိပ္ပါယ်ပြချက် ဒါနလေးပါး အမြွက်တည်း။ ။ဤသည်လျှင် ဒက္ခိဏဝိသုဒ္ဓိလေးပါးတည်း။

## ဂါဟမုတ္တ စတုက္ကကို ပြခြင်း

အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူအပ်သောဒါနတို့သည် ဂါဟ ဂါဟက ဒါန,ဂါဟမုတ္တကဒါန,မုတ္တဂါဟဒါန,မုတ္တ-မုတ္တကဒါန-ဟူ၍ လေးပါး

အပြားရှိ၏၊ ထိုလေးပါးတို့တွင် အလှူပေး ဒါယကာတို့သည် အလှူခံ ပုဂ္ဂိုလ်တို့၏ သီလ သုတ စသော ဂုဏ်အထူးကို အာရုံမပြုမူ၍ ငါတို့၏ သား မြေး ဆွေမျိုးဆရာမိဘ အစဉ်ကိုးကိုယ်သော ဆရာ စသည်ဖြင့် တဏှာအစဉ် သံယောဇဉ် ကွန်ရက်ဖြင့် မြေးယှက် ချည်နှောင်သော စိတ်ကိုဖြစ်စေ၍ လှူဒါန်းသည်ကို အလှူခံပုဂ္ဂိုလ်ကလည်း ငါ့ဒါယကာ ငါ့ဆွေမျိုး စသည်ကိုမျှော်ကိုး၍ အလှူဒါနကို ခံယူပါမူ နှစ်ဦးစလုံးပင် တဏှာခင်တွယ် မစင်ကြယ် သောကြောင့် ဂါဟ ဂါဟကဒါန မည်၏၊ အလှူပေး ပုဂ္ဂိုလ်တို့က မစင်ကြယ် တဏှာ ခင်တွယ်လျက် ပေးဆက် လှူဒါန်း အပ်သည်ကို အလှူခံ ရဟန်းမြတ်က ဂိဟိသံသဂ္ဂ ပေမမဝင် သန့်စင်သက်သက် အဂ္ဂဒက္ခိဏေယျအကျိုးကို မြတ်နိုး၍ လှူဒါန်းကြကုန် သည်ဟု စိတ်အာရုံသို့တက်စေ၍ သမ္မာအာဇီဝ အချက်ဖြင့် အလှူခံ ယူပါမူ လူတို့၏အတွက် ချေးညှော်တက်၍ တဘက် မစင်ကြယ် သော ကြောင့် ဂါဟမုတ္တကဒါနမည်၏၊ အလှူပေးသူမှာမူ သံသရာ ရည်စူး ဂုဏ်အထူးမှာ ဆွတ်ခူးဆက်ကပ်ပါလျက် အလှူခံရဟန်းမြတ်က ငဲ့ကွက် မစင် တဏှာဝင်သဖြင့် အလှူခံပါမူကား ရဟန်းတော်အလှူခံ မစင်ကြယ် သည့်အတွက်ကြောင့် မုတ္တဂါဟမည်၏၊ အလှူပေးဒါယကာနှင့် အလှူခံ ရဟန်းတို့သည် တဏှာမဝင် သံယောဇဉ်မတွယ် စင်ကြယ် ကောင်းမြတ် သဖြင့် လှူဒါန်းပါ မူကား တိမ်မြူမစွန်း လပြည့်ဝန်းကဲ့သို့ ထွန်းပ ဖြိုးမောက် ကောင်းကျိုးသို့ရောက်သဖြင့် မုတ္တ မုတ္တကဒါန မည်၏။ ။ ထိုလေးပါးတို့တွင် မုတ္တ မုတ္တကဒါန အစစ်ဖြစ်ချေပါမူ ရဟန္တာ အရှင် မြတ်တို့အား လှူဒါန်းရသောအလှူကဲ့သို့ ကောင်းကျိုး ဖွံ့ထွား ခံစားရ လတ္တံ့၊ ထိုကဲ့သို့ မုတ္တ မုတ္တကဒါနကို ရည်သန်တော်မူ၍ ရှေးပညာရှိကြီး တို့သည် ညောင်စေ့လောက်လှူဒါန်းက ညောင်ပင်ကြီးမျှအကျိုးရ၏ဟု ပြောဆိုကြကုန်၏၊ ဤသည်လျှင် ဂါဟမုတ္တ စတုက္ကတည်း။

## ဆဋ္ဌင်္ဂ ဒါနကို ပြဆိုခြင်း

ဧဝံ ဆဠင်္ဂသမန္နာဂတာယ ဘိက္ခဝေ ဒက္ခိဏာယ နသုကရံ ပုညဿ ပမာဏံ ဂဟေတုံ (ပ) အထခေါ အသင်္ချေယျော အပ္ပမေယျော ပုညက္ခန္ဓောတွေဝ သင်္ချံ ဂစ္ဆတိ။ ဆက္ကနိပါတ် အင်္ဂုတ္တရ ပါဠိတော်။ ။ ဘိက္ခဝေ၊ အိုရဟန်းတို့။ ဧဝံ၊ ဤသို့။ ဆဠင်္ဂသမန္နာဂတာယ၊ ခြောက်ပါး အင်္ဂါနှင့်ပြည့်စုံသော။ ဒက္ခိဏာယ၊အလှူမြတ်ဟု ဆိုအပ်သော။ ပုညဿ၊ ကုသိုလ်မျိုး၏။ ပမာဏံ၊ အတိုင်းအရှည်ကို။ ဂဟေတုံ၊ ပြုခြင်းငှာ။ နသုကရံ၊

မလွယ်။ပ။အထခေါ၊ စင်စစ်မူကား။ အသချေ်ယျော၊ မရေ မတွက်နိုင်သော။ အပ္ပမေယျော၊ မနှိုင်းယှဉ်နိုင်သော။မဟာပုညက္ခန္ဓောတွေ၀သံ်၊ များသောကောင်းမှု အစုအဝေးဟူ၍ ရေတွက်ခြင်းသို့သာလျှင်။ ဂစ္ဆတိ၊ ရောက်ရ၏။ ။ဤသို့ ပါဠိတော်မြတ် မိန့်တော် မူအပ်သည်နှင့် အညီ အင်္ဂါ ခြောက်ပါး ဟူသည် မလှူမီကာလ၌ ဝမ်းမြောက်ခြင်း, လှူဆဲကာလ၌ ဝမ်းမြောက်ခြင်း, လှူပြီးသည့်နောက် ဝမ်းမြောက်ခြင်း ဟူ၍- အလှူပေး ဒါယကာ၌ အင်္ဂါသုံးပါး၊ ရာဂကင်းခြင်းငှာ ကျင့်သော ပုဂ္ဂိုလ်, ဒေါသကင်းခြင်းငှာ ကျင့်သောပုဂ္ဂိုလ်, မောဟ ကင်းခြင်းငှာ ကျင့်သော ပုဂ္ဂိုလ်ဟူ၍ အလှူခံပုဂ္ဂိုလ်၌ အင်္ဂါသုံးပါး။ ဤသုံးရပ်ကို ပေါင်းစပ်အပ်သည့် ရှိသော် အင်္ဂါခြောက်ပါးရှိသတည်း။ ဤသို့ အင်္ဂါ ခြောက်ပါးနှင့် ပြည့်စုံ ငြားသော အလှူ ဒါနသည် ကဲလွန်သော အကျိုး အာနိသင်တို့ကို အသာလွယ်ကူ ခံယူနိုင်သော အသချေ်ယျ အပ္ပမေယျ ပုညက္ခန္ဓ အကျိုးဖြစ်သတည်း။ ထို့ကြောင့် ဆနိက္ကပါတ် အင်္ဂုတ္တရ ပါဠိတော် ဆဋ္ဌက်သုတ်၌-

သယံ အာစမယိတွာန၊ ဒတွာ သကေဟိ ပါဏိဘိ။

အတ္တနော ပရတော စေသော၊ ယညော ဟောတိ မဟပ္ဖလော။

ဟု ဟောတော်မူ၏။ ။တေ၊ အလှူခံ ပုဂ္ဂိုလ်မြတ်တို့သည်။ သယံ၊ မိမိကိုယ်တိုင်။ အာစမယိတွာန၊ လက်ခြေ စသည်ကို ဆေးကြောသုတ်သင်၍။ သကေဟိပါဏိဘိ၊ မိမိလက်တို့ဖြင့်။ ဒတွာ၊ ပေးလှူသည် ရှိသော်။ သောယညော၊ ဤအလှူသည်။ အတ္တနော၊ မိမိဟု ဆိုအပ်သော အလှူပေးပုဂ္ဂိုလ်၏။ တီဟိအင်္ဂေဟိစ၊ အင်္ဂါ သုံးပါးတို့ကြောင့် ၎င်း။ ပရတော၊ သူတပါးဟု ဆိုအပ်သော အလှူခံပုဂ္ဂိုလ်၏။ တီဟိအင်္ဂေဟိစ၊ အင်္ဂါသုံးပါးတို့ကြောင့်၎င်း။ ဣမေဟိ ဆဟိအင်္ဂေဟိစ၊ ဤအင်္ဂါ ခြောက်ပါးတို့ကြောင့်။ မဟပ္ဖလော၊ ကြီးကျယ် မြင့်မြတ်သော အကျိုးသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေတော့သတည်း။

ဤဆဋ္ဌက်ဒါန၌ အလှူခံပုဂ္ဂိုလ်တို့သည် ရာဂ ကင်းသော ဝီတရာဂ ဒေါသကင်းသော ဝီတဒေါသ မောဟကင်းသောဝီတမောဟ အစစ်ကေန်ဖြစ်သောရဟန္တာ အနာဂါမ်သကဒါဂါမ်သောတာပန်အား သော် ၎င်း ယုတ်သောအပိုင်း အခြားအားဖြင့် ရာဂ ဒေါသ မောဟတို့ကို ကင်းခြင်းအလို့ငှာကျင့်သောထိုနေ့သာမဏေပြုသစ်စ ရဟန်းနောက်လိုက် ဘဏ္ဍာထမ်းသော သာမဏေအား၎င်း ပေးလှူအပ်ပေမူ အင်္ဂါ ခြောက်

ပါးနှင့်ပြည့်စုံသော ဆဥ္စက်ဒါနဖြစ်၏-ဟု အဋ္ဌကထာ၌ မိန့်ဆိုတော်မူ၏။ ဤသို့ဆိုသော ဆဥ္စက်ဒါနကိုရည်၍ ကိုးခန်းပျို့၌ သဒ္ဒါလှူမျိုး တကြိမ်ပျိုးက ကောင်းကျိုးသင်္ချေ ပွားတိုးစေသည် လယ်မြေအမှန် ခွန်ထွက်သန်တည်း-ဟု စပ်ဆိုလေ၏၊ ဤသည်လျှင် ဆဥ္စက်ဒါနအပြီးတည်း။

## အပုညမည်သောဒါနငါးပါးပြခြင်း

ပဥ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ၊ ကတမာနိပဉ္စ မဇ္ဇဒါနံ သမဇ္ဇဒါနံ ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မဒါနန္တိ (ဝိနည်းပရိဝါပါဠိတော်)။ လောကသ္မိံ၊ လူတို့လောက၌။အပုညာနိ၊ မကောင်းမှုအရေးသာဖြစ်ပါလျက်။ ပုညသမ္မတာနိ၊ သူမိုက်တို့သည် ကောင်းမှုဟုသမုတ်အပ်ကုန်သော။ ဒါနာနိ၊ အလှူတို့သည်။ ပဥ္စ၊ ငါးပါးတို့တည်း။ ကတမာနိပဥ္စ၊ အဘယ် ငါးပါးတို့နည်းဟူမူကား။ မဇ္ဇဒါနံ၊ သေရက်အလှူရင်း။ သမဇ္ဇဒါနံ၊ ပွဲသဘင်အလှူရင်း။ ဣတ္ထိဒါနံ၊ ကာမဂုဏ်ခံစားရအောင် မိန်းမအလှူရင်း။ ဥသဘဒါနံ၊ နွားမတို့အား သန္ဓေရအောင် နွားလာဥသဘ အလှူရင်း။ စိတ္တကမ္မဒါနံ၊ ကိလေသာ ပွားကြောင်း မကောင်းစေ့စုံ မေထုန်မှီဝဲပုံရေးထုပြုလုပ်သောပန်းချီးဆေးရုပ် အလှူရင်း။ ဣတိဣမေပဥ္စ၊ ဤငါးပါးတို့တည်း။

ထိုသို့ပြအပ်သော ငါးပါးတို့တွင် သူတပါးတို့ သောက်စားစေရန် အလို့ငှာ လှူအပ်သော သေအရက်အလှူသည် တစုံတခုသော ကောင်းမှုဖြစ်သည်မရှိ မကောင်းမှုသာဖြစ်၏၊ ဝေလာမဇာတ်တော်၌ အလောင်းတော်ဝေလာမပုဏ္ဏား အသဒိသဒါနပေးရာဝယ် မိန်းမအလှူ နွားလားလွှတ်သောအလှူ သေရည်သေရက်အလှူ ပွဲသဘင်အလှူပါရှိသော်လည်း ဝေလာမပုဏ္ဏား၏ အလှူတင်းကုပ်၌ ဤမည်သောအလှူသည် မရှိဟူသော စကားကို ပယ်ခြင်းငှာ အခြီအရုံပြု၍ လှူတော်မူသည်၊ ကုသိုလ်ပြု၍ လှူတော်မူသည်ဟု မမှတ်ရာ။ ထို့ကြောင့်နဝနိပါတ် အင်္ဂုတ္တအဋ္ဌကထာ၌- ဣတ္ထိဒါနံ ဥသဘဒါနံ မဇ္ဇဒါနံ သမဇ္ဇဒါနန္တိ အဒါန သမ္မတာနိ၊ တာနိပိ သေ ဝေလာမဿ ဒါနမုခေ ဣဒံနာမ နတ္ထီတိ ဝစနမတ္တံ ပစ္ဆိန္ဒိတုံ ပရိဝါရတ္ထာယ အဒါသိ-ဟုမိန့်ဆိုတော်မူ၏။

ဣတ္ထိဒါနံ၊ မိန်းမအလှူရင်း။ ဥသဘဒါနံ၊ နွားလား အလှူရင်း။ မဇ္ဇဒါနံ၊ ယစ်မျိုးအလှူရင်း။ သမဇ္ဇဒါနံ၊ ပွဲသဘင်အလှူရင်း။ ဣတိဣမာနိ၊ ဤအလှူတို့ကို။ အဒါနသမ္မတာနိ၊ အလှူဟူ၍မဆိုအပ်ကုန်။ တာနိပိ၊ ထိုအလှူ မမည်သော ဒါနတို့ကို။ သေ-သော၊ ထိုဘုရားလောင်း

ဝေလာမပုဏ္ဏားသည်။ ဝေလာမဿ၊ ဝေလာမပုဏ္ဏား၏။ ဒါနမုခေ၊ အလှူတင်းကုပ်၌။ ဧဒိနာမ၊ ဤမည်သောအလှူသည်။ နတ္ထိ၊ မရှိ။ ဧတိ၊ ဤသို့။ ဝစနမတ္တံ၊ ကဲ့ရဲ့ရှုတ်ချပြောဆိုခြင်းမျှကို။ ပဏ္ဍိန္ဒိတုံ၊ ပယ်ဖြတ်ခြင်းငှာ။ ပရိဝါရဋ္ဌာယ၊ အခြံအရံအလို့ငှာ။ အဒါသိ၊ ပေးလှူတော်မူပြီ။ (ဝေသန္တရာဇာတ်၌လည်း ဤနည်းအတူမှတ်ယူအပ်၏ ဇာတ်အဋ္ဌကထာတွင်ပြသည်)။

ထိုသို့ဖြစ်ရကား ယစ်မျိုးအလှူ မိန်းမအလှူ နွားလားအလှူ ဇာတ်ရပ်သေးအလှူ ပန်းချီပန်းပုအလှူ ငါးပါးတို့သည် ရာဂပွားကြောင်း အစစ်ကေန် ဖြစ်သောကြောင့် အကုသိုလ် သာတည်းဟု မှတ်ယူ အပ်၏။ ထို့ကြောင့် ပရိဝါအဋ္ဌကထာ၌ ဧမာနိ ပဉ္စ လောကဿ ပုညသမ္မတာနိ အကုသလာနိယေဝ-ဟုမိန့်ဆိုတော်မူ၏။ လောကဿ၊ လူမိုက်အပေါင်းသည်။ ပုညသမ္မတာနိ၊ ကောင်းမှုဖြစ်၏ဟု သမုတ်အပ် ကုန်သော။ ဧမာနိပဉ္စ၊ ဤဒါနငါးပါးတို့သည်။ အကုသလာနိယေဝ၊ အကုသိုလ်တို့သည်သာလျှင်တည်း။ ဧမာနိ အကုသလာနိယေဝ ဟူသောပါဌ်ဖြင့် ဗာလလူမော် မသူတော်တို့ စားသောက် စေရန်ပြုသော ယစ်မျိုးဒါန သူတပါးတို့ ကြည့်ရှုပျော်ရွှင်စေရန် ဇာတ်ရပ်သေးခံခြင်း သမဇ္ဇဒါန ယောကျ်ားတပါးတို့ သွားလာမေထုန်မှီဝဲရန် မိန်းမကိုလှူခြင်း ဣတ္ထိဒါန၊ နွားမအလယ် သားငယ်သန္ဓေယူစေရန် နွားလား ဥသဘလွှတ်ခြင်း ဥသဘဒါန၊ မေထုန်မှီဝဲလေဟန် သဏ္ဍာန်တူစွာပြုလုပ်၍ မိန်းမရုပ် ယောကျ်ားရုပ်ထုလုပ်ရေးခြယ်ခြင်း၊ စိတ္တကမ္မဒါန ဟူသမျှတို့ကိုအပါယ် လားကြောင်း အကုသိုလ်အပေါင်းဟု ပြတော်မူ၏။

ထိုသို့ရာဂပွားကြောင်းဖြစ်သော ဒါနကို ပြုလုပ်ခြင်းမှတပါး ကုသိုလ်လိုလားအမျိုးသားတို့သည်ရဟန်းတော်တို့အား ဆေးအလို့ငှာဝင်း နယ်ဆီပြုလုပ်စေရန်အလို့ငှာဝင်း သေအရက်ကို လှူဒါန်းပါမူ ကုသိုလ်ကေန်ဖြစ်၏ဟုမှတ်။ ထို့ကြောင့် ဝိနည်းမဟာဝါ ပါဠိတော်၌-အနုဇာနာမိ ဘိက္ခဝေ အဘဋ္ဌန်ံ အမိဇ္ဈာတုံ-ဟုရဟန်းတို့အား ခွင့်ပြုတော်မူ၏။ မိန်းမတို့ကို အရံစောင့်အလို့ငှာ လှူဒါန်းပါမူ ကေန်ကုသိုလ်ဖြစ်၏ဟုမှတ်၊ ထို့ကြောင့် မဟာဝါပါဠိတော်၌ အနုဇာနာမိ ဘိက္ခဝေ အာရာမိကံ-ဟု ရဟန်းတို့အား ခွင့်ပြုတော်မူ၏။ နွားလားဥသဘတို့ကို သေနာသန အလို့ငှာ ကျောင်းအား လှူဒါန်းပါမူ ကုသိုလ်ကေန် ဖြစ်၏ဟုမှတ်၊ ထို့ကြောင့် ဝိနည်းအဋ္ဌကထာ၌-ဝိဟာရဿ ဒေမာတိ ဝုတ္တေ အာရာမိ

ကာနံ အာစိက္ခထ ဇင္ဂနတ္တာယာတိ ဝတ္တဗ္ဗံ-ဟု မိန့်ဆိုတော်မူ၏၊ ဇရပ် တန်ဆောင်း ဂူကျောင်းပြာသာဒ် မဏ္ဍာပ်စသည်တို့၌ ကုသိုလ်တရား ပွားများစေခြင်းငှာ ခြူးပန်းခြူးနွယ် အဆန်းတကြယ်ကြည်ညိုဘွယ်သော ဇာတ်ရုပ်သေးစသည်တို့ကို ရှုကြည့်စေရန် စီမံအပ်သော ပန်းချီရုပ် စိတ္တကမ္မဒါန များသည် ကုသိုလ်ကောင်းဖြစ်၏၊ ထို့ကြောင့် ပရိဝါအဋ္ဌကထာ၌ အာဝါသံ ကာရေတွာ တတ္တ စိတ္တကမ္မံ။ စိတ္တကမ္မံ၊ ငရဲခန်း ဘုံခန်း တောထွက်ခန်းအမှု ပန်းချီ ပန်းပု ရေးထုခြင်းကို။ ကာရေတုံ၊ ပြုစေခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဝါ၊ သင့်၏။

(မှတ်ချက်) သမဇ္ဇဒါနဝယ် အပျက်အချော် အသရော် အလော်မာ ဒုစရိုက်မပါမူ၍ ပုပ္ပါရုံကျောင်းကြီးကို ဓရစက် သွန်းချသောအခါ၌ ဝိသာခါကျောင်းအမကဲ့သို့ငှင်း ပလလဲတော၌ပျားရည်လှူသော မက္ကဋ မျောက်ကဲ့သို့ငှင်း၊ ဝမ်းမြောက်ကြည်ယုံ သဒ္ဓါဟုန်ဖြင့် ကိုယ်တိုင်ကခုန်၍ ရတနာသုံးပါးအားပူဇော်ကုန်ပါမူ ကုသိုလ်ကောင်းဖြစ်သည်ဟုမှတ်ရာ၏။ ထို့ကြောင့် သုတ္တသင်္ဂဟ အဋ္ဌကထာ၌-ဧတ္တ စ ဝတ္ထုတ္တယ ပူဇနတ္ထာယ ကတံ နင္စသမဇ္ဇံ ကုသလံ ဟောတိ-ဟုမိန့်ဆိုတော်မူ၏။ ဧတ္တစ၊ ဤသမဇ္ဇဒါန၌လည်း။ ဝတ္ထုတ္တယပူဇနတ္ထာယ၊ ရတနာသုံးပါးတို့ကို ပူဇော်ခြင်းအကျိုးငှာ။ ကတံ၊ ပြုအပ်သော။ နင္စသမဇ္ဇံ၊ ကချေသည်အလား ကခုန်ခြင်းများသည်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ စင်စစ်မသွေဖြစ်ရလေ၏။

အထူးမှာ-အချို့ဆရာတို့က ၎င်းပါဠိကို သာဓကထား၍၎င်း၊ ဝရဏ နတ်သားဝတ္ထုကိုသာဓကပြု၍၎င်း ရတနာသုံးပါးပူဇော်ခြင်းကို ပွဲငှား၍ လှူအပ်၏ဟု ဆိုခြင်းသည် အလျှင်းပင်မသင့် ပညာမရင့်ခြင်းတို့တည်းဟု မှတ်အပ်၏။ အဘယ့်ကြောင့်ဟူမူ ၎င်းအဋ္ဌကထာပါဌ်၌-ဝရဏနတ်သား သည်ကား အစလ သဒ္ဓါဟုန်ဖြင့် ဘုရားကိုကြည်ညိုကုန်သည်အလျောက် မိမိကိုယ်တိုင်ကခုန် ဝမ်းမြောက်ခြင်းကို ပြတော်မူသည်နှင့် ယခုကာလ ကဲ့သို့ ပိုက်ဆံကြေးငွေပေး၍ ပျော်မြူးကြသည့်ပွဲပြရေးတို့နှင့် မတူသော ကြောင့်တည်း၊ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ ဘုရားအား ပူဇော် ရာဝယ် ယခုကာလကဲ့သို့ ပွဲငှား၍ပူဇော်ခြင်းကိုပြသော သာဓကဝတ္ထု တခုမျှမရှိကုန်၊ မိမိသဒ္ဓါဟုန်ဖြင့် မိမိကိုယ်တိုင်ကခုန်သော ဝတ္ထုတို့သည် သာလျှင် အပါဒါန်ပါဠိတော်တို့၌ ထင်ရှားရှိ၏။

ဝါဒိတေနစ နစ္စေန၊ သမတာလသမာဟိတော။
သမ္မုခံ ဝိယ သမ္ဗုဒ္ဓံ၊ ဥပဋ္ဌိံ မောဓိမုတ္တမံ။

တေန စိတ္တပသာဒေန၊ နိမ္မာနံ ဥပပဇ္ဇဟံ။
သဋ္ဌိတူရိယ သဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။

ဟုဟောတော်မူ၏။ ။အရဟံ၊ ဝရဏမည်သင်း ငါနတ်မင်းသည်။ သမတာလ သမာဟိတော၊ ကြေးနင်းခွက်ခွင်း အပေါင်းတို့ဖြင့် ကောင်းစွာစုရုံးအပ်သည်ဖြစ်၍။ ဝါဒိတေနစ၊တီးရိုက်ခြင်းဖြင့်၎င်း။ နစ္စေနစ၊ ကခြင်းဖြင့်၎င်း။ သမ္မုခံ၊ မျက်မှောက်ဖြစ်သော။ သမ္ဗုဒ္ဓံဝိယ၊ မြတ်စွာဘုရားရှင်ကဲ့သို့။ ဥတ္တမံ၊ မြတ်သော။ ဗောဓိံ၊ သစ္စာလေးပါး မြတ်တရားကို သိမြင်ပွင့်လင်းရာဖြစ်သော မဟာဗောဓိပင်မင်းကို။ ဥပဋ္ဌိံ၊ညွတ်တွားကော်ရော်ပူဇော်တော်မူပြီ။ အဟံ၊ မဟာဝရဏာ ငါနတ်မင်းသည်။ တေန စိတ္တပသာဒေန၊ ထိုဗောဓိပင်မင်းကို ကြည်ညိုသော စိတ်ကြောင့်။ နိမ္မာနံ၊ နိမ္မာနရတိမည် ထက်နတ်ပြည်သို့။ ဥပပဇ္ဇ၊ ရောက်ရလေပြီ။ ဘဝါဘဝေ၊ ဖြစ်လေရာဘဝ၌။ သဋ္ဌိတူရိယသဟဿာနိ၊ ခြောက်သောင်းသော ပဥ္စင်္ဂါ တူရိယာအပေါင်းတို့သည်။ မံ၊ ငါ့ကို။ သဒါ၊ အခါခပ်သိမ်း။ ပရိဝါရေန္တိ၊ ခြံရံကြလေကုန်တော့သတည်း။ ။ထိုမှတပါး သုမင်္ဂလ မထေရ် ကေသဝ်နိယမထေရ်ဝတ္ထုတို့ကိုလည်း ရှုလေဦး။

ဤသမဇ္ဇဒါနအရာ၌ ရွှေကျင်ဆရာတော်ဘုရားကြီးသည် လူမိုက်ကြီး ငါးဦးကို အထူးပင် လင်္ကာကဗျာဖြင့် ပြတော်မူ၏။

၁။ အလှူပေးရာ၊ ပွဲထည့်ပါ၊ တိုက်တွန်းလာ သူမိုက်တယောက်။
၂။ သူမိုက်စကား၊နားယောင်မှား၊ပွဲငှားအလှူရှင်သူမိုက်တယောက်။
၃။ လူများအလယ်တွင်၊ ကခုန်ရွှင်၊ သဘင်သည် သူမိုက်တယောက်။
၄။ လာလိုက်ခဲ့မျို့၊ ကြည်ချေစို့၊ အဘော်တို့ သူမိုက်တယောက်။
၅။ အအိပ်စားပျက်၊ ပွဲကိုမက်၊ ကြည့်ရှုချက် သူမိုက်တယောက်။
၆။ ငါးဦးလုံးအတွက်၊ခံရလျက်၊တိုက်တွန်းလျက်၊ ရှေးနည်းကောက်။
၇။ အတိဗာလတရ၊ ခေါ်ဆိုရ၊ အင်္ဂုတ္တရ ကျမ်းကိုကောက်။
၈။ ပဟာသမည်၊ နရက်ပြည်၊ ရောက်မည် အခေါက်ခေါက်။
၉။ တာလပုဋ္ဌဂါမဏိ၊ ဆုံးမဘိ၊ မှတ်သိ အလွန်ကြောက်။
ဤသည်လျှင် အပုညမည်သော ဒါနအပြား ငါးပါးအပြီးတည်း။

## သပ္ပုရိသဒါနရှစ်ပါးကိုပြခြင်း

အဋ္ဌိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ ကတမာနိ အဋ္ဌ၊သုစိံ ဒေတိ၊ ပဏီတံ ဒေတိ၊ကာလေန ဒေတိ၊ ကပ္ပိယံ ဒေတိ၊ဝိစေယျ ဒေတိ၊အဘိဏှံ

ဒေတိ၊ ဒဒံ စိတ္တံ ပသာဒေတိ၊ ဒတွာ အတ္တမနော ဟောတိ၊ ဣမာနိ ခေါ ဘိက္ခဝေ အဋ္ဌသပ္ပုရိသဒါနာနိ။ (အင်္ဂုတ္တရပါဠိတော်)။ ။ဘိက္ခဝေ၊ ရဟန်းတို့။ သပ္ပုရိသဒါနာနိ၊ သူတော်ကောင်းတို့ ပေးအပ်သော အလှူတို့သည်။ ဣမာနိအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ ကတမာနိအဋ္ဌ၊အဘယ်ရှစ်ပါးတို့နည်းဟူမူကား။သုစိံ၊သန့်ရှင်းစင်ကြယ်သောဝတ္ထုကို။ဒေတိ၊ပေးလှူ၏။ ပဏီတံ၊ မွန်မြတ်လှစွာသော အရသာရှိသောဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ ကာလေန၊ သင့်တင့်လျောက်ပတ်သော အခါမြတ်၌။ ဒေတိ၊ ပေးလှူ၏။ ကပ္ပိယံ၊ ရဟန်းတို့အား အပ်သောဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ ဝိစေယျ၊ ဝတ္ထုအလှူခံ ဤနှစ်တန်ကို ဉာဏ်ဖြင့် ရွေးချယ်၍။ ဒေတိ၊ ပေးလှူ၏။ အဘိဏှံ၊မပြတ်မလပ်။ ဒေတိ၊ပေးလှူ၏။ ဒဒံ၊ပေးလှူစဉ်။ စိတ္တံ၊မိမိစိတ်ကို။ ပသာဒေတိ၊ကြည်ညိုစေ၏။ ဒတွာ၊ပေးလှူပြီး၍။ အတ္တမနော၊ဝမ်းမြောက်ဝမ်းသာရှိသည်။ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ရဟန်းတို့။ သပ္ပုရိသဒါနာနိ၊ သူတော်ကောင်းတို့ပေးလှူသောအလှူတို့သည်။ ဣမာနိအဋ္ဌ၊ ဤရှစ်ပါးတို့ ပင်တည်း။

(မှတ်ချက်)။ ထိုသပ္ပုရိသဒါန ရှစ်ပါးတို့တွင် ကာလဒါန ဟူသည် ငါးပါးရှိ၏၊ ငါးပါးအရ ဧည့်သည်အားလှူသော အာဂန္တုက ဒါန၊ ခရီးသွားသောသူအား လှူသော ဂမိကဒါန၊ မကျန်းမမာ ဖျားနာသော သူအားလှူသော ဂိလာနဒါန၊ ဝတ်မွတ် ရှားပါးသော ပုဂ္ဂိုလ်အား လှူသော ဒါန၊အညာတကောဋ္ဌာညမထေရ် အလောင်းကဲ့သို့ ကောက်ဦး ကိုးကြိမ်လှူသော နဝသဿဒါန ဤငါးပါးတို့တည်း၊ ကောက်ဦးကိုးကြိမ် အရကို—

> ဗီဇဂ္ဂံ ခိရံ ပုထုကံ၊ ဃာယနံ ဝေဏိံ ကလာပကံ။
> ခဠံ ဘတ္တံ ကောဋ္ဌဂ္ဂန္တိ၊ နဝ အဂ္ဂါနိ သော အဒါ။

ဟူသော ဂါထာပါဌ်ဖြင့် သိအပ်၏။ ။ဗီဇဂ္ဂံ၊ စပါးမျိုးကြဲဦးဖုင်း။ ခိရံ၊ နို့ရည်တည်ဦးဖုင်း။ ပုထုကံ၊မုံ့ဆန်းဦးဖုင်း။ ဃာယနံ၊ကောက်ရိတ်ဦးဖုင်း။ ဝေဏိံ၊ ကောက်လှိုင်းဦးဖုင်း။ ကလာပကံ၊ ကောက်ထမ်းစုဦးဖုင်း။ ခဠံ၊ ကောက်နယ်တလင်းဦးဖုင်း။ ဘတ္တံ၊ စပါးဦးဖုင်း။ ကောဋ္ဌဂ္ဂံ၊ ကျီကျုသွင်းဦးဖုင်း။ ဣတိ၊ ဤသို့။ နဝဂ္ဂါနိ၊ကိုးကြိမ်သော အဦးတို့ကို။ သော၊ထိုသဒ္ဓါ ကောင်းသော ကောဏ္ဍည မထေရ် အလောင်းသည်။ အဒါ-အဒါသိ၊ ပေးလှူခဲ့ဘူးလေပြီ။

## ကောက်ဦးကိုးကြိမ် အကျဉ်းမှတ်ရန်လင်္ကာ

၁။ နို့ရည်တည်တုန်း၊ အနှစ်လုံး၊ အဖုံးတကြိမ်လှူ။
၂။ မုံ့ဆန်းထောင်းရ၊ ထိုကာလ၊ ရှင်ပြု တကြိမ်လှူ။
၃၊ ရိတ်ချိန်အထူး၊ သဒ္ဓါမြူး၊ ရိတ်ဦးတကြိမ်လှူ။
၄။ ရိတ်ပြီးသမျှ၊ လက်ဆုပ်ချ၊ ဒါနတကြိမ့်လှူ။
၅။ ကောင်းလှိုင်းကိုစည်း၊ အခါနီး၊ အပြီးတကြိမ်လှူ။
၆။ ကောက်လှိုင်း ကောက်သွင်း၊ ဆိုင်ဖြန့်ကျင်း၊ တလင်း တကြိမ်လှူ။
၇။ မင်္ဂဖိုလ်အထူး၊ သူရှယ်စူး၊ နယ်ဦးတကြိမ်လှူ။
၈။ ကြိစည့်စိတ်ကူး၊ ရှင်ရှင်မြူး၊ ချင်ဦးတကြိမ်လှူ။
၉။ ကိုးကြိမ်အဝ၊ မြတ်ဒါန၊ မှတ်ကြမျှားဗိုလ်လှူ။

(အထူးမှတ်ချက်)။ ဝိစေယျ ဒေတိ-ပုဒ်အရ၊ ရွေးချယ်၍ လှူအပ်ရာသည် ဟူသည် အလှူဝတ္ထုကို ရွေးချယ်ခြင်း ဒက္ခိဏာဝိစိနန၊ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ခြင်း ဒက္ခိဏေယျ ဝိစိနနဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ယုတ်ညံ့သော အလှူဝတ္ထုကို ပယ်ရှား၍ မွန်မြတ်သော အလှူဝတ္ထုကိုသာလျှင် လှူဒါန်းခြင်းသည် အလှူဝတ္ထုကို ရွေးချယ်ခြင်း ဒက္ခိဏာဝိစိနနမည်၏။ သီလပျက်ကုန်သော ဒုဿီလအလဇ္ဇီတို့ကိုငင်း၊ ကိုးဆယ့်ခြောက်ပါးကုန်သော ဆနဝုတိပါသဏ္ဍ အယူရှိသော အလှူခံတို့ကိုငင်း ပယ်ရှား၍ သာသနာတွင်းဝယ် သီလစင်ကြယ်သော အလှူခံတို့ကို ရွေးချယ်ခြင်းသည် အလှူခံပုဂ္ဂိုလ်တို့ကို ရွေးချယ်ခြင်း ဒက္ခိဏေယျဝိစိနနမည်၏၊ ထို့ကြောင့် အင်္ဂုတ္တရအဋ္ဌကထာ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာစသည်တို့၌-ဝိစေယျ ဒါနန္တိ ဝိစိနိတွာ ဒိန္နဒါနံ၊ တတ္ထ ဒွေ ဝိစိနနာ ဒက္ခိဏာဝိစိနနံ ဒက္ခိဏေယျ ဝိစိနနဥ္စ၊ တေသု လာမကလာမကပစ္စယေ အပနေတွာ ပဏီတပဏီတေ ဝိစိနေတွာ တေသံ ဒိန္နံ ဒက္ခိဏာဝိစိနနံနာမ၊ ဝိပန္နသီလေ ဋ္ဌတော ဗဟိဒ္ဓါ ဆနဝုတိပါသဏ္ဍာဒိဘေဒေဝါ ဒက္ခိဏေယျေ ပဟာယ သီလာဒိဂုဏသမ္ပန္နာနံ သာသနေ ပဗ္ဗဇိတာနံ ဒါနံ ဒက္ခိဏေယျ ဝိစိနနံနာမ-ဟု မိန့်ဆိုတော်မူ၏။

ဝိစေယျဒါနန္တိ-ဟူသည်ကား။ ဝိစိနိတွာ၊ ရွေးချယ်စီစစ်၍။ ဒိန္နဒါနံ၊ လှူအပ်သောဒါနတည်း။ တတ္ထ၊ ထိုဝိစိနိတွာဟူသောပါဌ်၌။ ဝိစိနနာ၊ ရွေးချယ် စီစစ်ခြင်းတို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။ ဒက္ခိဏာဝိစိနနဥ္စ၊ အလှူဝတ္ထုကိုရွေးချယ် စီစစ်ခြင်းသည်ငင်း။ ဒက္ခိဏေယျဝိစိနနဥ္စ၊ အလှူခံ

ပုဂ္ဂိုလ်ကို ရွေးချယ်စိစစ်ခြင်းငှာ။ တေသု၊ ထိုနှစ်ပါးတို့တွင်။ လာဘ ကလာဘကပစ္စယေ၊ အသုတ်အယုတ်သော ပစ္စည်းတို့ကို။ အပနေတွာ၊ ပယ်ရှား၍။ ပဏီတေပဏီတေ၊ ကောင်းမြတ် ကောင်းမြတ်သော ပစ္စည်း တို့ကို။ ဝိစိနိတွာ၊ ရွေးချယ်၍။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ဒိန္နံ၊ လှူအပ် သောအလှူသည်။ ဒက္ခိဏဝိစိနနံနာမ၊ အလှူဝတ္ထုကို ရွေးချယ်စိစစ်ခြင်း မည်၏။ ဝိပန္နသီလေဝါ၊ ပျက်သောသီလရှိကုန်သော အလဇ္ဇီဒုဿီလ ပုဂ္ဂိုလ်တို့ကိုငှာ။ ဣတော၊ ဤသာသနာတော်မှ။ ဗဟိဒ္ဓါ၊ အပဖြစ်ကုန် သော။ ဆနဝုတိ ပါသဏ္ဍာဒိဘေဒေ၊ ကိုးဆယ့်ခြောက်ပါး ပါသဏ္ဍ အယူ စသည်ပွားကုန်သော။ ဒက္ခိဏေယျေဝါ၊ အလှူခံပုဂ္ဂိုလ်တို့ကိုငှာ။ ပဟာယ၊ ပယ်စွန့်၍။ သီလာဒိဂုဏာနံ၊ သီလစသောဂုဏ်နှင့် ပြည့်စုံကုန် သော။ သာသနေ၊ သာသနာတော်မြတ်ကြီး၌။ ပဗ္ဗဇ္ဇိတာနံ၊ ရဟန်း တော်အရှင်မြတ်တို့အား။ ဒါနံ၊ လှူအပ်သောအလှူသည်။ ဒက္ခိဏေယျ ဝိစိနနံနာမ၊ အလှူခံ ပုဂ္ဂိုလ်ကို ရွေးချယ် စိစစ်ခြင်းမည်၏။ ။ဤသို့ မဟပ္ဖလအကျိုးကို လိုလားကြကုန်သော ပုဂ္ဂိုလ်တို့သည် ရွေးချယ် စိစစ်၍ လှူဒါန်းအပ်၏၊ ဤသို့ လှူဒါန်းခြင်းကို ဘုရား အစရှိသော သူတော် ကောင်းတို့ ချီးမွမ်းတော်မူကြ၏၊ ထိုကြောင့် အာဒိတ္တဇာတ် ပါဠိတော် သံယုတ်ပါဠိတော်တို့၌ ဝိစေယျ ဒါနံ သုဂတပ္ပသင္ဌံ-ဟု ဟောတော်မူ၏ ငှင်းပေတဝတ္ထုတော်၌-

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ၊
ဝိစေယျ ဒါနံ ဒတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

ဟု-ဟောတော်မူ၏၊ ယတ္ထ၊ အကြင်အလှူခံပုဂ္ဂိုလ်မြတ်၌။ ဒိန္နံ၊ ပေးလှူ အပ်သောအလှူသည်။ မဟပ္ဖလံ၊ မြတ်သောအကျိုးရှိ၏။ တံ၊ ထိုအလှူခံ မြတ် ပုဂ္ဂိုလ်ကို။ ဝိစေယျ၊ ဉာဏ်မှီသလောက် ရွေးကောက် စုံစမ်း၍။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ဝိစေယျ၊ ရွေးချယ် စိစစ်၍။ ဒါနံ၊ အလှူဝတ္ထုစေတနာကို။ ဒတွာ၊ ပေးလှူဒါန်းခြင်းကြောင့်။ ဒါယကာ၊ အလှူရှင်ဒါယကာတို့သည်။ သဂ္ဂံ၊ မြတ်သော လူ့ရွာ နတ်ထံ နိဗ္ဗာန်ရွှေပြည် အရပ်၌ါနီသို့။ ဂစ္ဆန္တိ၊ မုချမသွေ သွားရောက်ရလေကုန် တော့သတည်း။ ဤသို့ ဟောကြားအပ်သော ပါဠိတော် စကားမြတ် တို့ကို သိမြင်တော်မူကြသဖြင့် ကောင်းကျိုးဖွံ့ထွား အကျိုး များခြင်းကို လိုလားတောင့်တကြပါလျှင် ရွေးချယ်စိစစ်၍ လှူဒါန်းရာ၏။ ။ဤသည် လျှင် သပ္ပုရိသ ဒါနရှစ်ပါး အပြီးတည်း။

## စိတ္တာလင်္ကာရ ဒါနကိုပြခြင်း

ရှေးရှေးသော ဘုရားလောင်း သူတော်ကောင်းတို့သည် ကောင်းမှုကုသိုလ်ပြုကြသောအခါ စိရကာရဘာဝနာ နိရန္တရဘာဝနာ သက္ကစ္စဘာဝနာ သသမ္ဘာရဘာဝနာ-ဟူ၍ အင်္ဂါလေးပါးနှင့်ပြည့်စုံသော စိတ္တာလင်္ကာရ ဒါနကို ပြုတော် မူကြ ကုန်၏။ ။ပြုကြဟန်ကား ရှည်ဝေးစွာသော ကမ္ဘာကာလမှ ရွယ်ခြုပန်နက်ကာ နှစ်သက် တောင့်တတော်မူအပ်သော ပတ္ထနာဆုကို မလွှတ်မူ၍ ပန်ယူတောင့်တခြင်းသည် စိရကာရဘာဝနာမည်၏၊ ယခု-ဤနှစ် ဤလ ဤနေ့ ဤချိန်အခါ ဤအရပ်တွင်သာလျှင် ငါပြုတော့အံ့၊ နောင်နှစ် နောင်လ နောင်ခါသမယ တပါးသောအရပ်ဌာန၌ ငါမပြုတော့ပြီ၊ ဤသို့ ဝန်ချခြင်း မရှိမူ၍ အစဉ် မပြတ်ပွားများပြုလုပ် အားထုတ်ခြင်းသည် နိရန္တရဘာဝနာမည်၏။ ။အလှူဝတ္ထု အလှူခံပုဂ္ဂိုလ် စသည်တို့ကို အရိုအသေ အလေးအမြတ် ပြုလုပ်ခြင်းသည် သက္ကစ္စဘာဝနာမည်၏၊ အလှူပေးခြင်းဒါန ကုသိုလ် ပြုသောအခါ မလှူမီရှေ့အဘို့၌ မိမိကိုယ်ကို သီလမှာ တည်စေ၍ လှူဒါန်းပြီးသောကာလဝယ် အလှူဝတ္ထု အလှူခံပုဂ္ဂိုလ် မိမိကိုယ်ကို ပညာဖြင့် စစ်ဆေး၍အလှူပေး အလှူခံ လှူရန်ဝတ္ထုသုံးပါးစုံတို့ကိုပင် မကြာခင်မှချုကုန်ပျက်တတ်သော ခယဝယသဘောကြောင့် အနိစ္စတည်း၊ ဘေးဘျမ်းဖြင့် နှိပ်စက်တတ်သောသဘောကြောင့် ဒုက္ခတည်း။ နိစ္စဓုဝ အနှစ်သာရမရှိ၊ မိမိအလိုသို့မလိုက်ကြ အစိုးမရသောကြောင့် အနတ္တတည်း-ဟုလက္ခဏာရေးတင်၍ ဘာဝနာဖြင့် ခြံရံခြင်းသည် သသမ္ဘာရ ဘာဝနာမည်၏၊ဤသို့ ဘာဝနာလေးရပ်တို့ဖြင့် ပြုလုပ်အပ်သော ဒါနသည် အလွန်အကျုး အထူးသဖြင့် မြတ်သော စိတ္တာ လင်္ကာရ မည်၏၊ ထိုကြောင့် အင်္ဂုတ္တရ အဋ္ဌကထာ၌-ဒါနေသု စိတ္တာလင်္ကာရ ဒါနမေဝ ဥတ္တမံ-ဟု မိန့်ဆိုတော်မူ၏။ ။ဒါနေသု၊ အလှူဒါနတကာတို့တွင်။ စိတ္တာလင်္ကာရ ဒါနမေဝ၊ စိတ္တာသင်္ကာရ ဒါနသည်သျှင်။ ဥတ္တမံ၊ ဆထက်လွန်ကျူး အထူးသဖြင့် မြတ်ပေသတည်း။ ။ဤသို့ ဘုရားလောင်း သူတော်ကောင်းတို့၏ ထုံးဟောင်းအရ ပြုအပ်သော စိတ္တလင်္ကာရ ဒါနကို နေ့ည မယုတ်စွမ်းအားထုတ်၍ ပြုလုပ် ကြရာ၏။ ။ထိုမှတပါးသော ဓမ္မိက ဒါနသုံးပါး အဓမ္မိကဒါနကိုးပါး အစရှိသော ဒါနအပြားကိုကား သိလွယ်ကြသည်ဖြစ်၍ ခွဲခြားမပြလိုက်ပြီ။ ။ဤသည်လျှင် စိတ္တာလင်္ကာရ ဒါနအပြီးတည်း။

ဤအရာ၌ ဘုရားလောင်း သူဌေးသား၏ ရှေးဘဝက အားထုတ်ခဲ့ဘူးသော ပုဗ္ဗယောဂကို ပြဆိုပေအံ့။ ။မဟာသုဒဿန စကြာမင်းကြီးသည် ရှေးဘဝက သူဌေးမျိုး၌ဖြစ်တော်မူ၏။အခါတပါး၌လည်း ကဿပဘုရားရှင် ထင်ရှားရှိစဉ် သာသနာတော်မြတ်၌ မထေရ်တပါးသည် တော၌ သီတင်းသုံးနေထိုင်တော်မူ၏၊ ဘုရားလောင်း သူဌေးသားသည် မိမိကိစ္စဖြင့် တောသို့သွားသည်ရှိသော် ထိုမထေရ်ကိုမြင်၍ အနီးသို့ကပ်ခါ ရှိခိုးပြီး၍ မထေရ်၏နေထိုင်ရာ စင်္ကြံသွားရာ အရပ်ဌာနတို့ကိုကြည့်ပြီး၍ အရှင်ဘုရား-ဤအရပ်၌သာလျှင် နေထိုင်တော် မူပါသလားဟု မေးလျှောက်၏။ ဥပါသကာ နေထိုင်ပါ၏ဟု ဆိုလျှင် ဤအရပ်၌သာလျှင် အရှင်မြတ်အား သစ်ရွက်မိုးကျောင်း ဆောက်ပေးခြင်းငှာသင့်တော်၏ဟု ကြံစည်ပြီး၍ မိမိအမှုကိစ္စကို ပယ်၍ သစ်သားများကိုခုတ်၍ သစ်သားကျောင်းကိုပြုလုပ်ပြီး သုံးဆောင် နေထိုင်ခြင်းငှာ အလိုရှိသလော, အလိုမရှိသလောဟု စုံစမ်းလို၍ သင့်တော်ရာမှာ ထိုင်နေ၏။ ထိုနောင် မထေရ်သည် ရွာတွင်းမှ ပြန်ကြွလာပြီး သစ်ရွက်မိုးကျောင်းသို့ဝင်၍ သစ်သားအခင်း၌ နေထိုင်တော်မူ၏။ ဘုရားလောင်း သူဌေးသားသည်လည်း လာ၍ရှိခိုးပြီး အနီးအနား၌နေလျက် အရှင်ဘုရား သစ်ရွက်မိုးသောကျောင်း၌သီတင်းသုံးနေထိုင်ခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါ၏လောဟု မေးလျှောက်၏။ ထိုအခါ မထေရ်က ဒါယကာ ရဟန်းတော်များနှင့် လျောက်ပတ်၍ ချမ်းသာပါ၏ဟု ဆို၏၊အရှင်ဘုရား ဤသို့ဆိုလျှင် ဤသစ်ရွက်မိုးသော ကျောင်း၌ သီတင်းသုံး နေထိုင်ပါလေဟုလျှောက်၍ မထေရ်မြတ်လည်း သည်းခံသော အခြင်းအရာကို ပြသည်ဖြစ်၍ အမြဲမပြတ် အကျွန်ုပ်၏ အိမ်သို့ကြွရောက်တော်မူပါဟု တဘန်ဝန်ခံစေပြီး၍ အရှင်မြတ်ဘုရား အကျွန်ုပ်အား တခုသော ဆုထူးဆုမြတ်ကို ပေးသနားတော်မူပါဟု လျှောက်ရာ၊ ဒါယကာ မည်သို့သော ဆုကိုတောင်းမည် နည်းဟု မေးရာ အရှင်ဘုရား အပြစ်မရှိသော ဆုကိုတောင်းပါမည်ဟု လျှောက်၏။ ဒါယကာ တောင်းလေ့ဟု ခွင့်ပေးရာ အရှင်ဘုရား အမြဲမပြတ်နေထိုင်ရာဌာနသို့ လူတို့မည်သည် မင်္ဂလာရှိသော်၎င်း၊ မင်္ဂလာမရှိသော်၎င်း ကြွလာခြင်းကို အလိုရှိကြကုန်၏။ မကြွလာလျှင် မနှစ်သက်ကြကုန်၊ ထို့ကြောင့် သူတပါး ပင့်ဘိတ်ရာ ဌာနသို့ကြွပြီးသော်လည်း အကျွန်ုပ်၏အိမ်သို့ ကြွရောက်၍သာလျှင် ဆွမ်းကိစ္စကိုဘုဉ်းပေးပြီးဆုံးစေလို၏ဟု လျှောက်၏။ မထေရ်သည် သည်းခံအပ်သည်

ဖြစ်၍ ဒါယကာသူဌေးသားသည် သစ်ရွက်မိုးသောကျောင်း၌ သင်ဖျူး ဖျာ ပုဆိုး ညောင်စောင်း ကုတင် အင်းပျဉ် အိပ်ရာကို ခင်းစေ၏၊ မီးရာတကဲ အမှိုက်ချထား၏၊ ခြေဆေးကျောက်ပြားကို ထား၏၊ ရေတွင်း ရေကန်ကိုတူး၏၊ ဇရိယာပုထ်မျှစေရန် သွားလာစရာစင်္ကြံကို ပြုလုပ်၍ သဲမြေကိုကြဲဖြန့်၏၊သားသမင်တို့သည် လာ၍ နံရံကိုပွတ်တိုက်၍ လိမ်းကျံ ထားသော မြေညက်ကျမည်ကို မြော်မြင်၍ ဆူးစောင်ရမ်း အရာမ်ကို ဝန်းရံကာထား၏၊ တူးအပ်သော ရေတွင်း ရေကန်များ၌ ရေများကို ခြောက်သွေ့နောက်ကျုသည်ကို မြင်သည်ရှိသော် အတွင်း၌ ကျောက်တို့ ဖြင့်စီ၍ အပြင်အပ၌ အရာမ်ဝန်းရံပြီး၍ အတွင်းစည်းရိုးအဆုံး၌ ထန်းပင် အစဉ်တို့ကို စိုက်ပျိုးထား၏၊ စင်္ကြံကြီး၌ ပြေပြစ် ညီညွတ်သော အရပ် ဌာနကို ချောက်ချားခြင်းကိုမြင်၍ စင်္ကြံကိုလည်း စောင်းရန်း စည်းရိုးဖြင့် ဝိုင်းရံကာ၍ အတွင်း စောင်းရန်းအဆုံး၌ ထန်းပင်အစဉ်ကို စိုက်ပျိုး၏၊ ဤသို့အရိပ်အာဝါသကိုပြီးဆုံးစေ၍ မထေရ်အားတိစီဝရိက်သက်န်းဆွမ်း သောဇဉ်ဆေးပစ္စည်း အသုံးအဆောင် ပုဂံခွက်ယောက် အနားဖောက် သောစူး သင်ခုန်းထား လက်သည်းလှီးဓား အပ် တောင်ဝှေး ဘိနပ် ရေပူး ဆီ ဆီမီးခွက် နဖာချေးကလော် ရေစစ် ဓမကရိဏ် သပိတ် ခွက် စသော သုံးဆောင်ရာဖြစ်သော အလုံးစုံကို ပေးလှူ၏။ မထေရ်အား ဘုရားလောင်း သူဌေးသားသည် မပေးလှူဘူးသော ပရိက္ခရာ အသုံး အဆောင်မည်သည် မရှိ၊ ထိုဘုရားလောင်း သူဌေးသားသည် ငါးပါး ရှစ်ပါး ဆယ်ပါးသီလတို့ကို စောင့်ရှောက်၏၊ ဥပုသ် ဆောက်တည်၏၊ ကိုယ်အသက်ရှိသမျှ ကာလပတ်လုံး မထေရ်မြတ်ကို ဆည်းကပ် လုပ် ကျွေး၏။ ။(မှတ်ချက်)။ မထေရ်မြတ်သည် ထိုအရပ်သစ်ရွက်မိုး တော ကျောင်း၌သာလျှင် နေထိုင်ပြီး သမထဝိပဿနာတရားများကို ပွားများ ကြိုးစားအားထုတ်၍ ရဟန္တာအရှင်မြတ် အဖြစ်သို့ရောက်၍ ပရိနိဗ္ဗာန် စံဝင်လေ၏၊ဘုရားလောင်းသူဌေးသားသည် အသက်ရှည်သမျှ ကာလ ပတ်လုံး ကုသိုလ် ကောင်းမှုများကို ကြိုးစားအားထုတ်၍ နတ်ပြည်၌ ဖြစ်ပြီး၍ ထိုနတ်ပြည်မှတဖန် စုတေ့ပြန်၍ လူပြည်သို့ရောက်သည်ရှိသော် ကုသဝတီ မင်းနေပြည်၌ မဟာသုဒဿန စကြာမင်းကြီးလာ၍ဖြစ်လေ၏။

## ဘုရားလောင်း၏ ကုသိုလ်ကောင်းမှုအကျိုးပေးပုံ

မဟာကုသိုလ် အဒေါသသီလ မေတ္တာအစွမ်းကြောင့် နတ်၌ဖြစ်သော စကြာရတနာ အလိုလို ဖြစ်ပေါ်လာပေ၏၊ သစ်ရွက်မိုး ကျောင်းကို

သားသမင်တို့မဝင်စေရန် ဆူးအကာအရံ ပြုလုပ်ခဲ့သော မဟာကုသိုလ် အလောဘ ဒါနအစွမ်းကြောင့်ရတနာခုနစ်ပါးဖြင့်ပြီးသော တံတိုင်းခုနစ် ထပ်တို့သည်အလိုလိုဖြစ်ပေါ်လာပေ၏၊ရေတွင်း ရေကန် စကြံအတွင်းသို့ သားသမင်များ မဝင်စေရန် ကျောက်တံတိုင်းနှင့် ထန်းပင်စိုက်ပျိုး ခဲ့သောမဟာကုသိုလ် အလောဘဒါနအစွမ်းကြောင့် ရတနာခုနစ်ပါးဖြင့် ပြီးသော ခုနစ်ဆင့်သော ထန်းပင်အစဉ်တို့သည် အလိုလိုဖြစ်ပေါ်လာ ပေ၏၊ တခုသာလျှင်ဖြစ်သော သစ်ရွက်မိုးကျောင်းကို လှူဒါန်းရသော မဟာကုသိုလ် ဒါန အကျိုးဆက်ဖြင့် ရှစ်သောင်း လေးထောင်သော မြို့ပြသာဒ်စုလစ်မွန်းချွန် အထွဋ်တင်သော အိမ်တော် နန်းတော်တို့သည် ၎င်း အလိုလိုဖြစ်ပေါ်လာပေကုန်၏။ အိပ်ခြင်း လျောင်းခြင်းအကျိုးငှာ ညောင်စောင်းကုတင်ကို လှူရသော မဟာကုသိုလ် အကျိုးဆက်ဖြင့် ရှစ်သောင်းလေးထောင်သော ပလ္လင်တို့သည် အလိုလို ဖြစ်ပေါ်လာပေ ကုန်၏၊ နေထိုင်စရာအလို့ငှာ အင်းပျဉ်ထိုင်ခုံကို လှူဒါန်းရသော မဟာ ကုသိုလ် ဒါန အကျိုးဆက်ဖြင့် မြေလျှိုး မိုးပျံနိုင်သော ရှစ်သောင်း လေးထောင်သော ဆင်ပျံတို့သည်၎င်း မြင်းပျံတို့သည်၎င်း ရထားတို့ သည်၎င်း အလိုလို ဖြစ်ပေါ်လာပေကုန်၏၊ တခုသော ဆီမီးခွက်ကို လှူရသော မဟာကုသိုလ်ဒါန အကျိုးဆက်ဖြင့် ရှစ်သောင်းလေးထောင် သော ဝေပုလ္လတောင်မှလာသော ပတ္တမြား ရတနာတို့သည် အလိုလို ဖြစ်ပေါ်လာပေကုန်၏၊ တခုသောရေတွင်း ရေကန်ကိုလှူရသော မဟာ ကုသိုလ် ဒါနအကျိုးဆက်ဖြင့် ရှစ်သောင်းလေးထောင်သော ရေတွင်း ရေကန်တို့သည် အလိုလို ဖြစ်ပေါ်လာပေကုန်၏၊ ရဟန်းသံဃာတို့အား သုံးဆောင်စရာ ပန်းကံခွက်အစ တောင်ဝှေးအဆုံးရှိသောဝတ္ထုကိုလှူဒါန်း ရသော မဟာကုသိုလ် ဒါနအကျိုးဆက်ဖြင့် ရှစ်သောင်းလေးထောင် သော မဒ္ဒရာဇ်မင်းမျိုးမှလာသော (တနည်း)။ ဥတ္တရကုရုမြောက်ကျွန်းမှ အလိုလိုရောက်လာသော မိန်းမရတနာတို့သည်၎င်း၊ သားကြီးရတနာ တို့သည်၎င်း၊ သူဌေးရတနာတို့သည်၎င်း အလိုလိုဖြစ်ပေါ်လာပေကုန်၏၊ နွားနို့လှူဒါန်းရသော မဟာကုသိုလ် ဒါနအကျိုးဆက်ဖြင့် ရှစ်သောင်း လေးထောင်သော နို့စားနွားမတို့သည် အလိုလို ဖြစ်ပေါ်လာပေကုန်၏၊ အဝတ်အရုံ သင်္ကန်းကို လှူဒါန်းရသော မဟာကုသိုလ် ဒါနအကျိုး ဆက်ဖြင့် ကုဋေ ရှစ်သောင်းလေးထောင်သော အဝတ်ပုဆိုးတို့သည် အလိုလိုဖြစ်ပေါ်လာပေကုန်၏၊ ဆွမ်းဘောဇဉ်အာဟာရတို့ကိုလှူရသော

မဟာကုသိုလ် ဒါနအကျိုးဆက်ဖြင့် ရှစ်သောင်း လေးထောင်သော ချက်ပြီးသော ထမင်းအိုးတို့သည် အလိုလို ဖြစ်ပေါ်လာပေကုန်၏-ဟု သုတ်မဟာဝါ အဋ္ဌကထာ မဟာသုဒဿနသုတ်၌-တောနိ ကိရ စတုရာသီတိ နဂရ သဟဿာနိစေဝ ပါသာဒ သဟဿာနိစ ကူဋာဂါရ သဟဿာနိစ ဧကိဿာယေဝ ပဏ္ဏသာလာယ နိဿန္ဒေန နိဗ္ဗတ္တာနိ စတုရာသီတိ ပလ္လင်္ကသဟဿာနိ နိပဇ္ဇနတ္ထာယဒိန္နမဉ္စကဿ နိဿန္ဒေန နိဗ္ဗတ္တာနိ စတုရာသီတိ ဟတ္ထိ သဟဿာနိ အဿသဟဿာနိ ရထ သဟဿာနိ နိသီဒနတ္ထာယ ဒိန္န ပီဌဿ နိဿန္ဒေန နိဗ္ဗတ္တာနိ စတုရာသီတိ မဏိသဟဿာနိ ဧကဒီပဿ နိဿန္ဒေန နိဗ္ဗတ္တာနိ စတုရာသီတိ ပေါက္ခရဏီ သဟဿာနိ ဧကပေါက္ခရဏိယာ နိဿန္ဒေန နိဗ္ဗတ္တာနိ စတုရာသီတိ ဣတ္ထိသဟဿာနိ ပုတ္တသဟဿာနိ ပရိဘောဂ ဘာဇန ပတ္တ ထာလက ပရိဿာဝန အာရကဏ္ဋက ပိပ္ဖလိက နခစ္ဆေဒန ကုဉ္စိက ကဏ္ဏမလဟရဏီ ပါဒကထလိက ဥပါဟန ဆတ္တ ကတ္တရယဋ္ဌိဒါနဿ နိဿန္ဒေန နိဗ္ဗတ္တာနိ စတုရာသီတိ ဓေနုသဟဿာနိ ဂေါရသဒါနဿ နိဿန္ဒေန နိဗ္ဗတ္တာနိ စတုရာသီတိ ဝတ္ထကောဋိ သဟဿာနိ နိဝါသန ပါရုပန ဒါနဿ နိဿန္ဒေန နိဗ္ဗတ္တာနိ စတုရာသီတိ ထာလိပါက သဟဿာနိ ဘောဇနဒါနဿ နိဿန္ဒေန နိဗ္ဗတ္တာနီတိ ဝေဒိတဗ္ဗာနိ-ဟု မိန့်ဆိုတော်မူ၏။

ကိရ၊ တဆင့်စကား ကြားဘူးသည်ကား။ (ဝါ)၊ ချဲ၍ ဆိုဦးအံ့။ ဧကိဿာယ၊ တခုသာလျှင် ဖြစ်သော။ ပဏ္ဏသာလာယ၊ သစ်ရွက်မိုးကျောင်း၏။နိဿန္ဒေန၊အကျိုးဆက်ဖြင့်။ စတုရာသီတိနဂရသဟဿာနိစ၊ ရှစ်သောင်းလေးထောင်သော မြို့တို့သည်၎င်း။ ပါသာဒသဟဿာနိစ၊ ရှစ်သောင်း လေးထောင်သော ပြာသာဒ်တို့ သည်၎င်း။ ကူဋာဂါရသဟဿာနိစ၊ ရှစ်သောင်း လေးထောင်သော စုလစ်မွန်းချွန် အထွဋ်တင်သော အိမ်တော်နန်းတော်တို့သည်၎င်း။ နိဗ္ဗတ္တာနိ၊ အလိုလိုသာလျှင် ဖြစ်ပေါ်လာကြ ကုန်၏။ နိပဇ္ဇနတ္ထာယ၊ အိပ်ခြင်း, လျောင်းခြင်းငှာ။ ဒိန္နမဉ္စကဿ၊ ညောင်စောင်း အင်းပျဉ် ကုတင်လှူရခြင်း၏။ နိဿန္ဒေန၊ အကျိုးဆက်ဖြင့်။ စတုရာသီတိပလ္လင်္ကသဟဿာနိစ၊ ရှစ်သောင်း လေးထောင်သော ပလ္လင်တို့သည်၎င်း။ နိဗ္ဗတ္တာနိ၊ ဖြစ်ပေါ်လာကြ ကုန်၏။ နိသီဒနတ္ထာယ၊ နေထိုင်စရာအလို့ငှာ။ ဒိန္နပီဌဿ၊ အင်းပျဉ် ထိုင်ခုံကို လှူရခြင်း၏။ နိဿန္ဒေန၊အကျိုးဆက်ဖြင့်။စတုရာသီတိ ဟတ္ထိသဟဿာနိ

စ၊ရှစ်သောင်းလေးထောင်သော ဆင်တို့သည်၎င်း။ အဿသဟဿာနိစ၊ ရှစ်သောင်း လေးထောင်သော မြင်းတို့သည်၎င်း။ ရထသဟဿာနိစ၊ ရှစ်သောင်းလေးထောင်သော ရထားတို့သည်၎င်း။ နိဗ္ဗတ္တာနိ၊ ဖြစ်ပေါ်လာကြကုန်၏။ကောဒိပဿ၊တခုသော ဆီမီးခွက်ကိုလှူရခြင်း၏။နိဿန္ဒေန၊ အကျိုးဆက်ဖြင့်။ စတုရာသီတိ မဏိသဟဿာနိစ၊ ရှစ်သောင်း လေးထောင်သော ပတ္တမြားတို့ သည်၎င်း။ နိဗ္ဗတ္တာနိ၊ ဖြစ်ပေါ်လာကုန်၏။ ဧာပေါက္ခရဏိယာ၊ တခုသော ရေတွင်း ရေကန် တူးလှူရခြင်း၏။ နိဿန္ဒေန၊ အကျိုးဆက်ဖြင့်။ စတုရာသီတိ ပေါက္ခရဏီ သဟဿာနိစ၊ ရှစ်သောင်းလေးထောင်သော ရေတွင်း ရေကန်တို့သည်၎င်း။ နိဗ္ဗတ္တာနိ၊ ဖြစ်ပေါ်လာကြကုန်၏။ ပရိဘောဂ ဘာဇန။ပ။ ကတ္တရယဋ္ဌိဒါနဿ၊ ရဟန်းတို့၏ အသုံးအဆောင် ပုဂံ ခွက်အစရှိသော။ပ။ တောင်ဝှေးကို လှူဒါန်းရခြင်း၏။ နိဿန္ဒေန၊ အကျိုးဆက်အားဖြင့်။ စတုရာသီတိ ဣတ္ထိ သဟဿာနိစ၊ ရှစ်သောင်းလေးထောင်သော မိန်းမရတနာတို့သည်၎င်း။ ဂဟပတိ သဟဿာနိစ၊ ရှစ်သောင်း လေးထောင်သော သူဌေးရတနာ တို့သည်၎င်း။ နိဗ္ဗတ္တာနိ၊ ဖြစ်ပေါ်လာကြကုန်၏။ ဂေါရသဒါနဿ၊ နွားနို့ကိုလှူရခြင်း၏။ နိဿန္ဒေန၊ အကျိုးဆက်ဖြင့်။ စတုရာသီတိဓေနု သဟဿာနိစ၊ ရှစ်သောင်းလေးထောင်သော နို့စား နွားမတို့သည်၎င်း။ နိဗ္ဗတ္တာနိ၊ ဖြစ်ပေါ်လာကြကုန်၏။ ဘောဇနဒါနဿ၊ ဆွမ်း ဘောဇဉ် အစာအာဟာရကို လှူဒါန်းရခြင်း၏။ နိဿန္ဒေန၊ အကျိုးဆက်ဖြင့်။ စတုရာသီတိ ထာလိပါကသဟဿာနိ၊ ရှစ်သောင်း လေးထောင်မသော ချက်ပြီးသော ထမင်းအိုးခွက်တို့သည်၎င်း။ နိဗ္ဗတ္တာနိ၊ ဖြစ်ပေါ်လာကြကုန်၏။ နိဝါသန ပါရုပန ဒါနဿ၊ ဝတ်ရုံပုဆိုး သင်္ကန်းကို လှူရသော ဒါန၏။နိဿန္ဒေန၊အကျိုးဆက်ဖြင့်။ စတုရာသီတိဝတ္ထကောဋိသဟဿာနိ စ၊ ကုဋေ ရှစ်သောင်း လေးထောင်သောပုဆိုး အဝတ်တို့ သည်၎င်း။ နိဗ္ဗတ္တာနိ၊ အလိုလိုသာလျှင် ဖြစ်ပေါ်လာကြကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာနိ၊ သိအပ်၏။

## အကျိုးပေးပုံ မြန်မာလင်္ကာ

ဆယ်ပါးပညတ်၊ ကုသိုလ်ရင်ကို၊ ပြုအပ်ပြီးသည်၊ လူတမည်ကား၊ လူ့ပြည်နတ်ပွဲ၊ ရမခဲတည်း၊ ယူစွဲမှုချ၊ ယွင်းမခွဘူး၊ ဒါနသီလ၊ ကုသလ နိုက်၊ လို့လလွတ်လျှော့၊ လေးဖင့်ပေါ့၍၊ မေ့လျော့သောသူ၊ သေသူ ဟူ၏၊ အလှူသီတင်း၊ မကင်းဘာဝနာ၊ မချာရက်နေ့၊ မမေ့လျော့တတ်၊

ထိုသူမြတ်တို့၊ လူနတ်ခန္ဓာ၊ ပြောင်းလဲလာလျှင်၊ ချမ်းသာသုခ၊ မပျက်ကြ ကြောင့်၊ ဘဝသဘော၊ ရွေ့လျောခြင်းဟူ၊ စုတိမူလည်း၊ သေသူမမည်၊ ဟူတုံသည့်တည်၊ ခိုင်ကြည်ဝမ်းထဲ၊ အမြဲမှတ်ပြု၊ ကံကောင်းမှုကို၊ မှတ်ရှု လူပေါင်း၊ ကြောက်မရှောင်းနှင့်၊ ဘုန်းခေါင်းမိပတိ၊ မဟိဒ္ဓိနှင့်၊ လောကိ ဟမွှတ်၊ စက္ကဝတ်မဟာ၊ မြတ်ရာဇာတို့၊ စကြာ ယာဉ်မင်း၊ ဆင်မြင်း ရတနာ၊ ဤသုံးဖြာကို၊ မဟာကုသလ၊ အဒေါသကြောင့်၊ ရ၏ဟူငြား၊ ပတ္တမြားနှင့်၊ မိဖုရားနတ်၊ သူဌေးမြတ်မှူ၊ စွန်းလျှူစာဂ၊ အလောဘ ကြောင့်၊ ရ၏ဟူပေ၊ သက်ဝေသြရသ်၊ အိမ်ရှေ့မြတ်ဟု၊ လောကခေတ် နယ်၊ ထက်ဝန်းကျယ်၌၊ နတ်နှယ်အလား၊ လေးကျွန်းသားကို၊ တရား မပေါက်၊ ရှုချီးမြှောက်၍၊ စောင့်ရှောက် နိုင်းသီး၊ ချစ်မငြီးသည့်၊ သားကြီးပရိဏာ၊ ရတနာကား၊ ပညာဟူယ၊ အမောဟဖြင့်၊ မူလဟိတ် ကျိုး၊ စုံပြည့်ဖြိုး၏၊ တန်ခိုးမဟိဒ်၊ ပုညဇိဒ်တည်း၊ အတိတ် ကာလ၊ ရှေ့ဘဝက၊ ပြုထမှာ၊ ပုညအားကြောင့်၊ တရားဖြင့်သာ၊ သကာလာ နှင့်၊ စကြာပြောင်ရွှန်း၊ ရွှေဆောင်ညွှန်းလျက်၊ ထိုက်ဝန်း နှယ်ကြား၊ ခွဲခြားပြီးလျှင်၊ ရွှေခွင်နောက်မြောက်၊ တောင်ကိုအောက်ပြီး၊ ပြန်ရောက် သပြေ၊ လှည့်သော ထွေဖြင့်၊ ခြေပြင် ရေပြင်၊ ပတ်ပတ် နှင်လျက်၊ ကောင်းကင်ပြန်ကြွ၊ ဘုန်းတော်ပြ၍၊ တလောကလုံး၊ လေးကျွန်းဆုံး အောင်၊ လက်ရုံးမထောင်၊ လိုလိုအောင်၏၊ မှတ်ဆောင်တဆစ်၊ ရေစစ် ဆေးကျောင်း၊ အဟောင်းပြုပြင်၊ ပဥ္စ အဋ္ဌ၊ ဒသတလည်၊ သီလ မည် သာ၊ ဤခြောက်ဖြာလည်း၊ ဒီဃာယုက၊ ပုညခေါ်မျိုး၊ ကျင့်တမျိုး တည်း၊ အားကြိုးသမှု၊ ဆောက်တည်ပြုက၊ ယခုဒိဋ္ဌ၊ ဤဘဝ၌၊ သုခပွား စည်၊ စည်းစိမ်တည်၍၊ သက်ရှည်ဘုန်းကြီး၊ အံ့မငြီးအောင်၊ ဖွံ့ချီးလှူ ဘောင်၊ ဘဝနောင်လည်း၊ အခေါင်မိမိုင်း၊ တုမဲ့နိုင်းသည်၊ ဖြစ်တိုင်း ကျော်ရမည် မလွဲတည်း။

အနည်းငယ်မျှ လှူဒါန်းက အကျိုးပေးကြီးပုံ

စေ့ံနာတိ မဟန္တမ္ပိ၊ ပုည့ံ အာယတနေကတံ။
မဟာဝိပါကံ ဟောတိတိ၊ ကာတဗ္ဗံတံဝိဘာနာ။

ဟု မိန့်ဆိုတော်မူ၏။ ။စေ့ံ၊ ကဿပ ဘုရားလက်ထက်က ဘုရား လောင်း သူဌေးသား လှူဒါန်းခဲ့သော ကုသိုလ်မျိုးကဲ့သို့။ အာယ တနေ၊ ကောင်းမှု၏ တည်ရာ ဖြစ်ငြား သီလဝံ သံဃာတော် အရှင် မြတ်များ၌။ ကတံ၊ ဒက္ခိဏေယျဂုဏ် အလုံးစုံကို အာရုံကြည်ဖြူ ပေးလှူ

အပ်သော။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ နာတိမဟန္တံ ဝိ၊ မကြီးမကျယ် အနည်းငယ် ဖြစ်ငြားသော်လည်း။ မဟာဝိပါကံ၊ ကြီးကျယ် ပွားစီး ညောင်ပင်ကြီးမျှ အကျိုးဝိပါက်ကိုရနိုင်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ မုချမသွေ ဖြစ်ရလေ၏။ ဣတိတသ္မာ၊ ထိုသို့ ညောင်စေ့လောက်မျှ လှူဒါန်းကလျှင် ညောင်ပင်ကြီးပမာဏမျှ အကျိုးရသောကြောင့်။ ဝိဘာဝိနာ၊ သဒ္ဓါရွှေထား ဖွံ့ထွားပညာ ကောင်းစွာရှိငြား အမျိုးသားသည်။ တံပုညံ၊ ဖြစ်ရာစဉ်စိုက် မပြတ် လိုက်ဘတ်သော အနုဂါမိမှန် ထို ကောင်းမှုကံကို။ ကာတဗ္ဗံ၊ နောက်တွန့်မဆုတ် အားပါး ထုတ်၍ လျင်မြန်စွာ ပြုလုပ်အပ်လေတော့သတည်း။

## သာသနာအချိန် ကုသိုလ်ရှိန်တရားတော်

သာသနိကာ အညိကာစ၊ ကတ္တဗ္ဗာ ကုသလာဒုဝေ။
ဖလဒါနေ န သမန္တိ၊ အပ္ပတရာဟိ အညိကာ။

သာသနိကာစ၊ ဘုရားရှင်သာသနာမှာ သဒ္ဓါကို အရင်းထူ၍ အတွင်း ဖြူဖြူနှင့်ပြုကြတဲ့ ကုသိုလ်ကောင်းမှုတို့ ၎င်း။ အညိကာစ၊ သာသနာပ ခါသမယ၌ ဒါန သီလ ဘာဝနာအလုပ် အားထုတ် ဆည်းပူး ကုသိုလ် ထူးတို့၎င်း။ ဣတိ၊ ဤသို့ ဝိုင်းခြား သရုပ်အားဖြင့်။ ကတ္တဗ္ဗာ၊ ထိုထို သတ္တဝါ ပေါင်းများစွာတို့ သဒ္ဓါ စွမ်းထုတ် ပြုလုပ်အပ် ကုန်သော။ ကုသလာ၊ စည်းစိမ်မျိုးအထွေထွေ ကြက်သရေအဆင့်ဆင့် အထက်စခန်း ဘုံမြင့်သို့ အသင့်ရောက်ကြောင်း ကုသိုလ်ကောင်း တို့သည်။ ဒုဝေ၊ နှစ်မျိုးနှစ်ထွေ ရှိကြလေကုန်၏။ တေ၊ ထိုချစ်ပဂေး ကြွယ်ဒွေး တက်တိုး ကုသိုလ်မျိုး တို့သည်။ ဖလဒါနေ၊ သုဂတိ ဘုံအထက်တန်းနှင့် တဘက် ကမ်းခေမာသောင် တင်နေအောင် တန်ခိုးမသေးတဲ အကျိုးပေးတဲ့ အရာ ဌာန၌။ နသမန္တိ၊ ချက်ကျောက်နှင့် ပတ္တမြား အလားပုံဟန် အမှန်ပင် မတူကြကုန်။ ဟိ၊ စင်စင်မှန်၏။ အညိကာ၊ သာသနာပ ကာလမကောင်း သောင်းသောင်းပြုစု ကုသိုလ်ကောင်းမှုတို့သည်။ အပ္ပတရာ၊ အကျိုးပေး နုံ့နှေး၍ ဂုဏ်သေးကာ အမြင့်မတိုးနိုင်အောင် မဖွံ့ဖြိုးဘဲ ရှိကြလေတော့ သတည်း။

## သဒ္ဓါတည်းဟူသောမိုယ်း ပြည့်စုံသောတရားတော်

ခေတ္တေ ဖလာနိ ဇဉ္ဇန္တိ၊ ဝဿန္တာ အမ္ဗုဒါ သမံ။
တထေဝ သာသနေ ခေတ္တေ၊ ဝဿေယျုံ သဇ္ဇနာ သဒါ။

ခေတ္တော၊ မိုဃ်းမြေသုံးစား စည်းကမ်းထား၍ ပိုင်းခြားသတ်မှတ် မြေအရပ်၌။ အမ္ဗုဒါ၊ သတ္တဝါများ အားထားမှီတင်း ရှင်မိုဃ်းမင်းသည်။ သမံ၊ မိုဃ်းဦးမိုဃ်းလယ် တသွယ်မိုဃ်းနှောင်း ညီညွတ်ကောင်းစွာ။ ဝဿန္တာ–ဝဿန္တာဧဝ၊ ကောင်းကင်အလုံး မှောက်ကြဲသလို သောက်သောက်လဲ ရွာသွန်းကုန်မှသာလျှင်။ ဖလာနိ၊ လက်ရွေးစင်မျိုးကောင်း စပါးသီးနှံ အပေါင်းတို့သည်။ ဇုဗ္ဗန္တိ၊ အဆီဩဇာ အရသာနှင့် လွန်စွာမွှမ်းတုံ ပြည့်စုံကြလေကုန်၏။ တထေဝ၊ ထိုနည်းတူစွာ ဥပမာအတိုင်းသာလျှင်။ သာသနေခေတ္တေ၊ ကုသိုလ်မျိုးတို့ စိုက်ပျိုးတည်ရာ သာသနာတော်ခေတ် ဆီနှစ်ပွားစီး လယ်ခင်းကြီးထဲ၌။ သဇ္ဇနာ၊ များဗိုလ်အသီး ကြီးထွားဖွံ့ဖြိုးရန် စိတ်ကြံရွယ်ကြောင်း သူတော်ကောင်းတို့သည်။ သဒ္ဓါ၊ ရေသန့်ရေကြည် မနသီညွတ်ပျောင်း သဒ္ဓါတည်းဟူသော မိုဃ်းရေကောင်းတို့သည် မိုဃ်းရေကောင်းတို့ကို။ ဝဿေယျုံ၊ ပုဗ္ဗ မုဉ္စ အပရစေတနာ သုံးဖြာစည်းကမ်း ဆင့်ဆင့်လန်းအောင် သွန်းဖျန်းနိုင်ကြလေကုန်တော့သတည်း။ ဝါ၊ အချိန်ရှိခိုက် လုံ့လစိုက်၍ ပန်း၌ဝတ်ရည် နှစ်အဆီကို စစ်ချိရုံးရုံး ပျားပိတုန်းတို့ စားသုံးသည်သွင် ပမာတင်လျက် ညဏ်ထွင်လုံ့လ ဥဿာဟနှင့် ဗုဒ္ဓမိန့်မှာ သာသနာဝယ် ရောင်ဝါတောက်ထိန် ခေတ်ကောင်းချိန်၌ အားရှိန်စိုက်ကာ ရသာဓမ္မ မြေဩဇာတို့ ချိုမြဝတ်ရည် နှစ်အဆီကို ရစ်သီရုံးရုံး စစ်ချိသုံးသည့် ပိတုန်းပျားသွင် များလူရှင်တို့ ကြည်ရွှင်ပြုံးပြုံး သဒ္ဓါလုံးဖြင့် မမုန်းစွာအပ်ပျားပန်းခတ်သည် နှိုင်းအပ်တူစွာ ဥပမာသည် သူငါမှတ်သုံး ကျင့်ထုံးဓမ္မတာဖြစ်ရလေတော့သတည်း။

## ရိက္ခာစုဆောင်း သိဒ္ဓိကောင်းတရားတော်

သဒ္ဓါ ဗန္ဓတု ပါထေယျံ၊ တဒေသနံ ဇုဓေဝဟိ။

ဘဝန္တရေ နလဗ္ဘေယျ၊ အပါထေယျာတိ ဒုက္ခိတော။

ဘိက္ခဝေ၊ လောကသံသရာ နှစ်ဖြာမုန်းပြီး မြန်မြန်ကြီးသွားလိုကြကုန်သော အိုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ သဒ္ဓါ–သဒ္ဓါယ၊ ကံ–ကံ၏အကျိုးကို မြတ်နိုးဝေဘန် သုံးတန်ပိုင်းခြား သဒ္ဓါတရားဖြင့်။ ပါထေယျံ၊ သံသရာစခန်း ခရီးလမ်း၌ မပန်းဘို့ရာ ဒါနသီလတည်းဟူသော ရိက္ခာထုပ်ကြီးကို။ ဗန္ဓတု၊ သိဒ္ဓိကောင်းအနေထား၍ ကြိုးစားရှာမှီး သိမ်းဆည်း တုပ်နှောင်ကြပါလေလော့။ ဟိ၊ ကိုယ်နှင့်မကွာ ထပ်ချပ်ပါအောင် တုပ်နှောင်ဘို့ရာ တိုက်တွန်းအားပေးလိုက်ပေ

ဦးအံ့။ တဒေသနံ တံ သေနံ၊ ထိုသို့ရှာမှီးဆည်းစု သူတော်ကောင်းတရား တုပ်နှောင်မှုကို။ ဠရ၆၀-ဠရ၆ ၆၀၊ ဤဘုရားပွင့်ရာ အခါကောင်း၌ သာလျှင်။ လဗ္ဘေယျ၊ စိတ်ထင်တိုင်း ခရီးပေါက်၍ ပြီးမြောက်ပိုင်ပိုင် လက်ရောက် ရရှိနိုင်ကြပါ၏။ တဒေသနံ တံသေနံ၊ ထိုရှာမှီးဆည်းစု သူတော်ကောင်းတရားတုပ်နှောင်မှုကို။ ဘဝန္တရေ၊ သာသနာရောင်ရှိန် ပြောင်မထိန်ဘဲ ခေတ်ကောင်းနှင့် လွဲနေသောအခါ၌။ နလဗ္ဘေယျ၊ မှန်းချေကိုက်အောင် ထိုက်ထိုက်တန်တန် မရနိုင်ရိုးမှန်ပါပေ၏။ အပါထေယျော၊ ခရီးရိက္ခာ မပါကင်းလွတ် ယွင်းချွတ်မွဲတေ၍နေသော သူသည်။ အတိဒုက္ခိတော၊ လူပြည်မှာလဲမရွှင်သာ နတ်ပြည်မှာလည်း မပြူးဝံ့ အလွန့်အလွန်ပင် အောက်တန်းကျ၍ ဆင်းရဲလှ လေတော့ သတည်း။

## နေ့ညမပြတ် ကောင်းမှုအားထုတ်ရန် ဥယျောဇဉ်လင်္ကာ

ယောဂဟဠ္ဌာ၊ ပုညကရာ၊ အစဖြာသား၊ ဂါထာအရ၊ သင်္ဂန်းစသည်၊ ဒါနကောင်းမှု၊လှူဝတ္ထုကို၊ ပေးပြုတဖြာ၊ သရဏဂုံ၊ မြတ်သုံးစုံကို၊ ထုံသည်တဝ၊ ပဉ္စအင်္ဂ၊ဒသင်္ဂဟု၊ နိစ္စဒိဝသ၊နိယာမဖြင့်၊ သီလစောင့်ခြင်း၊ မကင်းတပါး၊တရားညီစွ၊ ဓမ္မိယဖြင့်၊အိမ်ယာထောင်ငြား၊ သားမယားမှု၊ မွေးပြုဖြောင့်မှန်၊ ကျွန်လေးတန်နှင့်၊ ဘောက်ပြန်မသွေ၊ လူ့ဘုံနေကို၊ မဟေသက္ခ၊ ဒေဝထွန်းဖျား၊ သိကြားနတ်ကျော်၊ မြင့်မိုရ်ပေါ်က၊ ကော်ရော်ဦးခိုက်၊ ပူဇော်ထိုက်ဟု၊ ကျမ်း၌ထင်ရှား၊ မိန့်ဟောထား၏၊ တပါးထိုမှ၊ ဝိသေသသည်၊ အန္ဒပါန၊ ဟာရကြည်ဖြူ၊ ဆွမ်းအလှူဖြင့်၊ သက်လျှာအာယု၊ မန္ဓာတုသို့၊ ရှည်မှုလွင့်ပေါ်၊ သက်တန်းကျော်၏၊ တဖော် ဆင်မြန်း၊ ဝတ်သင်္ကန်းကို၊ လှူဒါန်းသည့်သူ၊ အဆင်းလှူတည်း၊ နတ်လူတို့ဘောင်၊ ဖြစ်တိုင်းနောင်ဝယ်၊ အခေါင် ဦးစွန်း၊ ကိုယ်ရောင် ထွန်း၍၊ တုညွန်းလွတ်ကွာ၊ မယ်ဥမ္မာနှင့်၊ ပဘာဝတီ၊နတ်ဒေဝီသို့၊ အညီနှိုင်းညှိ၊ လှခေါင်ထိလိမ့်၊ ဆီမီးအလှူ၊ မျက်စိဟူလင့်၊ ယာဉ်မှုလှူသီး၊ ချမ်းသာကြီး၏၊ ခိုမှီးအာဝါ၊ သာယာရိပ်ချမ်း၊ လူသွားလမ်းမှာ၊ ကိုယ်ပါစိတ္တ၊ ချမ်းသာရ၏၊ ဒါနရေလှူ၊ကိုယ်မှုတွင်းပ၊အေးကြလေရာ၊ ဝိဟာသင်္ကန်း၊ပေးလှူဒါန်းက၊ ဆုံးခန်းမရှိ၊ ကြီးဘိကျိုးရပ်၊ နိဗ္ဗာန်စပ်အောင်၊ မဟာပ္ဖလံ၊ ရှပ်ရဗ်တည်း၊ နန္ဒိသာရ၊ နသာသဖြင့်၊ ဓမ္မတရား၊ သူတပါးအား၊ ဟောကြားပြသ၊ ဆုံးမတတ်သူ၊အမြိုက်ဟူသည်၊ အလှူများမင်း၊အခေါင်ချင်းဟု၊ ကျမ်းရင်းဓမ္မစက်၊ မိန့်တော်ထွက်သို့၊ ခွန်းမြွက်အစုံ၊ ကွမ်တုံ သမဏာ၊ ထေရ်မဟာ

သည်၊ ညွန်းလွှာထုတ်တော်၊ ရေးသော်ပြုစု၊ သနားမှုသည်၊ တခုမြဟ္မစိုရ် ဖြစ်သတည်း။

ဤပေးလှူခြင်းဒါနမည်သည်ကား ချမ်းသာခြင်းတို့၏ အကြောင်းရင်း ပြည့်စုံခြင်းတို့၏ အမြစ်မူလ ဥစ္စာ ပစ္စည်းတို့၏ ဟည်ရာ ဖြစ်သတည်း။ မညွတ်ခြင်းကို စောင့်ရှောက် ပုန်းအောင်း လဲလျောင်း မှီခိုရာတည်း။ ဤလောက တမလွန်လောကတို့၌ ဒါနနှင့် တူသော မှီခိုရာ ထောက်တည်ရာ အာရုံပြုရာ စောင့်ရှောက်ရာ ပုန်းအောင်းရာ လဲလျောင်းရာ သည် မရှိ၊အားကိုးရာမရှိ။ဤစကားမှန်လှပေ၏။ ဤပေးလှူခြင်း ဒါနသည် မှီခိုရာ အနက်သဘောကြောင့် ရကနာဖြင့်ပြီးသော ခြင်္သေ့ခံ လေသာ ပြူတင်းပေါက်နှင့် တူ၏၊ ဘည်ရာ အနက်သဘောကြောင့် ရှစ်သောင်း လေးထောင်အထုရှိသော မဟာပထဝီမြေကြီးနှင့်တူ၏။

(တနည်းကား) ဤပေးလှူသော ဒါနသည် ဆင်းရဲဒုက္ခကို ကယ်တင်ရာ အနက်သဘောကြောင့် သင်္ဘော လှေကြီးနှင့်လည်းတူ၏၊ သက်သာရာ အနက်သဘောကြောင့် စစ်မြေပြင်၌ သူရဲကောင်း စစ်မိုလ်ကြီးနှင့်လည်းတူ၏၊ ဘေးရန်ကို စောင့်ရှောက်ခြင်း အနက်သဘောကြောင့် ကောင်းစွာ ပြုပြင် စီမံ ခန့်ခွဲထားသော မြို့ကြီး ပြကြီးနှင့်လည်း တူ၏၊ ဝန်တိုခြင်း အညစ်အကြေး မစွန်းရ မလစသည်တို့ဖြင့် မလိမ်းကျံ မငြိကပ်သော အနက်သဘောကြောင့် မဟာပဒုမ္မာ ကြာပင်ကြီးနှင့်လည်း တူ၏၊ ပေးလှူစွန့်ကြဲခြင်း ဒါနသဘော၏ ပူလောင်ပင်ပန်းခြင်း အနက်သဘောကြောင့် လျှင်သောအဆိပ်ရှိသော မြွေဆိပ်ကြီးနှင့်လည်း တူ၏၊ ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့ခြင်း မရှိသော အနက် သဘောကြောင့် တောသုံးတောင်ကို အစိုးရသော ကေသရာ ခြင်္သေ့မင်းကြီး နှင့်လည်း တူ၏၊ ခွန်အားဗလ အားကြီးခြင်းရှိသော အနက် သဘောကြောင့် ဆဒ္ဒန် ဆင်မင်းကြီးနှင့်လည်းတူ၏၊ အလွန်မြတ်သော မင်္ဂလာရှိသည်ဟု သမုတ်အပ်သော အနက်သဘောကြောင့် ကောင်းကင်ပျံ ဝလာဟက မြင်းမင်းနှင့်လည်းတူ၏။ ။တနည်း မှတ်ချက်အထူးကိုပြပေအံ့။ ။ဤပေးခြင်းဒါနသည်ကား လူ့ပြည် လောကကြီး အတွင်း၌ သိကြားမင်းကြီး၏ စည်းစိမ်ချမ်းသာကို၊ မာရ်မင်းကြီး၏ စည်းစိမ်ချမ်းသာကို၊ ဗြဟ္မာမင်းကြီး၏ စည်းစိမ်ချမ်းသာကို၊ စကြဝတေး မန္ဓာတ်မင်းကြီး၏ စည်းစိမ်ချမ်းသာကိုရ၍ သာဝကပါရမီဉာဏ် ပစ္စေကဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ် ဘုရားအဖြစ်သို့ ရောက်အောင် ပေးစွမ်းနိုင်၏။ ။ဤသည်ကား

ဇာတ္တာသယ ၄၇၇-၄၀

ဒါနအာနိသင် ဂုဏ်ကျေးဇူးနှင့် စပ်သော စကားတရပ် အပြီးသတ်တည်း။

ထိုကြောင့် သုတ်မဟာဝါ- မဟာပဒါနသုတ် အဋ္ဌကထာ၌။ ။ တတ္ထ ဒါနကထန္တိ၊ ဣဒံ ဒါနံ သုခါနံ နိဒါနံ သမ္ပတ္တီနံ မူလံ ဘောဂါနံ ပတိဋ္ဌာ၊ ဝိသမဂတဿ တာဏံ လေဏံ ဂတိ ပရာယနံ ဣဓလောက ပရလောကေသု ဒါနသဒိသော အဝဿယော ပတိဋ္ဌာ အာရမ္မဏံ တာဏံ ဂတိ ပရာယနံ နတ္ထိ၊ ဣဒဉှိ အာသယဋ္ဌေန ရတနမယံ သီဟာသန သဒိသံ၊ ပတိဋ္ဌာနဋ္ဌေန မဟာပထဝီ သဒိသံ၊ အာရမ္မဏဋ္ဌေန အာရမ္မဏရဇ္ဇုသဒိသံ၊ ဣဒဉှိဒုက္ခနိတ္ထရဏဋ္ဌေန နာဝါ၊ သမဿာသဋ္ဌေန သင်္ဂါမသူရော၊ ဘယပရိတ္တာဏဋ္ဌေန သုသင်္ခတနဂရံ၊ မစ္ဆေရမလာဒီဟိ အနုပလိတ္တဋ္ဌေန ပဒုမံ၊ တေသံ နိဒဟဋ္ဌေန အဂ္ဂိ၊ ဒုရာသဒဋ္ဌေန အာသီဝိသော အသန္တာသနဋ္ဌေန သီဟော ဗလဝန္တဋ္ဌေန ဟတ္ထိ၊ အဘိမင်္ဂလ သမ္မတဋ္ဌေန သေတဥသဘော၊ ခေမန္တ ဘူမိသမ္ပာပနဋ္ဌေန ဝလာဟက အဿရာဇာ ဒါနဉှိလောကေ သက္ကသမ္ပတ္တိံ ဒေဒါတိ မာရသမ္ပတ္တိံ၊ ပြဟ္မသမ္ပတ္တိံ၊ စက္ကဝတ္တိ သမ္ပတ္တိံ သာဝကပါရမီဉာဏံ၊ ပစ္စေကဗောဓိဉာဏံ၊ အဘိသမ္ဗောဓိဉာဏံ ဒေတီတိ ဧဝမာဒိဒါနဂုဏပဋိသံယုတ္တကထံ-ဟု မိန့်ဆိုတော်မူ၏။

တတ္ထ၊ ထိုခြောက်ပါးသော ဒါနတို့တွင်။ ဒါနကထန္တိ၊ ဒါနကထာဟူသည်ကား။ ဣဒံဒါနံနာမ၊ ဤပေးလှူခြင်း ဒါနမည်သည်။ သုခါနံ၊ ချမ်းသာခြင်းတို့၏။ နိဒါနံ၊ အကြောင်းရင်း နိဒါနမည်၏။ သမ္ပတ္တီနံ၊ ပြည့်စုံခြင်းတို့၏။ မူလံ၊ အမြစ်မူလမည်၏။ ဘောဂါနံ၊ ပစ္စည်းဥစ္စာတို့၏။ပတိဋ္ဌာ၊ ထောက်တည်ရာ မည်၏။ ဝိသမဂတဿ၊ မညီမညွတ်ဖြစ်ခြင်းကို၊ တာဏံ၊ စောင့်ရှောက်ရာတည်း။ လေဏံ၊ ပုန်းအောင်းရာတည်း။ ဂတိပရာယနံ၊ ဖြစ်ရာ လဲလျောင်းရာတည်း။ ဣဓလောက ပရလောကေသု၊ ဤလောက တမလွန် လောကတို့၌။ ဒါန သဒိသော၊ ဒါနနှင့်တူသော။ အဝဿယော၊မှီခိုရာ တည်နေရာသည်။ပတိဋ္ဌာ၊ ထောက်တည်ရာသည်။ အာရမ္မဏံ၊ အာရုံပြုရာသည်။ တာဏံ၊ စောင့်ရှောက်ရာသည်။ လေဏံ၊ ပုန်းအောင်းရာသည်။ ဂတိပရာယနံ၊ ဖြစ်ရာ လဲလျောင်းရာသည်။ နတ္ထိ၊ စင်စစ်မုချ မရှိချေ။ ဟိသစ္စံ၊ ထိုစကားမှန်လှပေ၏။ အဝဿယဋ္ဌေန၊ မှီရာ နေရာ ဟူသော အနက်သဘောကြောင့်။ ရတနမယံ၊ ရတနာဖြင့်ပြီးသော။ သီဟာသနသဒိသံ၊ ခြင်္သေ့ခံ လေသာ ပြူတင်းပေါက်နှင့်တူ၏။ ပတိဋ္ဌာနဋ္ဌေန၊တည်ရာဌာနဟူသောအနက်သဘောကြောင့်။မဟာ

ပထဝီသဒိသံ၊ ကြီးစွာသောမြေကြီး ပထဝီနှင့်တူ၏။ အာရမ္ဘဏ ဌေနှ၊
အာရုံပြုရာ အနက်သဘောကြောင့်။ အာရမ္မဏရင္ဇုသဒိသံ၊ အာရုံပြုရာ
ကြိုးကြီးနှင့်တူ၏။ ဟိ၊ တနည်းအားဖြင့် ဆိုဦးအံ့။ ဠုဒံ၊ ဤ ပေးလှူခြင်း
ဒါနသည်။ ဒုက္ခနိတ္ထရဏဋ္ဌေန၊ ဆင်းရဲဒုက္ခကို ကယ်တင် ထုတ်ဆောင်ရာ
အနက်သဘောကြောင့်။ နာဝါ၊ လှေ သင်္ဘော ဖောင်ကြီးနှင့် တူ၏။
သမဿာသဋ္ဌေန၊သက်သာရာ အနက် သဘောကြောင့်။ သင်္ဂါမသူရော၊
စင်မြေပြင်၌ ရဲရင့်သော သူရဲကောင်း စစ်ဗိုလ်ကြီးနှင့်တူ၏။ ဘယပရိတ္တာ
ဏဋ္ဌေန၊ ဘေးရန်ဥပဒ် အန္တရာယ်ကို စောင့်ရှောက် တားမြစ်တတ်
သော အနက်သဘောကြောင့်။ သုသင်္ခတနဂရံ၊ ကောင်းစွာစီစဉ်ပြုပြင်
ခန့်ခွဲထားသော မြို့ကြီးနှင့်တူ၏။ မစ္ဆေရမလာဒီဟိ၊ ဝန်တိုခြင်း မစ္ဆေရ
မလစသည်တို့ဖြင့်။ အနုပလိတ္တဋ္ဌေန၊ မငြိကပ် မလိမ်းကျံခြင်း အနက်
သဘောကြောင့်။ ပဒုမံ၊ မဟာပဒုမ္မာရွှေကြာပင်နှင့် တူ၏။ တေသံ၊
ထို ပေးလှူခြင်း၌ လောဘ စသည်တို့ကို။ နိဒဟဋ္ဌေန၊ လောင်ကျွမ်း ဖုတ်
မြှိုက်ခြင်း အနက်သဘောကြောင့်။ အဂ္ဂိ၊ တောမီးကြီးနှင့် တူ၏။
ဒုရာသဒဋ္ဌေန၊ ခဲယဉ်းစွာ ချဉ်းကပ်ရသာ အနက် သဘောကြောင့်။
အာသီဝိသော၊ လျင်သောအဆိပ်ရှိသော မြွေဆိပ်နှင့်တူ၏။ အသန္တာ
သနဋ္ဌေန၊ ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့ခြင်းမရှိသော အနက်သဘော
ကြောင့်။ သီဟော၊ ကေသရာ ခြင်္သေ့မင်းကြီးနှင့် တူ၏။ ဗလဝန္တ
ဋ္ဌေန၊ ကြီးစွာ ခွန်အားဗလ ရှိသော အနက် သဘောကြောင့်။ ဟတ္ထိ၊
အားတော်ဆယ်ပါးရှိသော ဆဒ္ဒန္တဆင်မင်းနှင့်တူ၏။ အဘိမင်္ဂလ သမ္မတ
ဋ္ဌေန၊ အလွန်မြတ်သော မင်္ဂလာရှိ၏ ဟု-သမုတ်အပ်သော အနက်
သဘောကြောင့်။ သေတဥသဘော၊ ဖွေးဖွေးဖြူသော နွားလားဥသဘ
ကြီးနှင့်တူ၏။ ခေမန္တဘူမိသမ္ပာပနဋ္ဌေန၊ ဘေးကင်း ချမ်းသာရာအရပ်သို့
ကောင်းစွာ ရောက်စေတတ်သော အနက်သဘောကြောင့်။ ဝလာဟက
အဿရာဇာ၊ ကောင်းကင်ပျံ မြင်းမင်းနှင့်တူ၏။ဟိ၊ ချဲ၍ အထူးကိုပြဆိုဦး
အံ့။ ဒါနံ၊ ပေးလှူရခြင်းဒါနသည်။ သက္ကသမ္ပတ္တိံ၊ သိကြားမင်းကြီး
စည်းစိမ်ကိုရင်း။ မာရသမ္ပတ္တိံ၊ မာရ်မင်းကြီး စည်းစိမ်ကိုရင်း။ ဗြဟ္မ
သမ္ပတ္တိံ၊ ဗြဟ္မာမင်းကြီး စည်းစိမ်ကိုရင်း။ စက္ကဝတ္တိသမ္ပတ္တိံ၊ စကြဝတေး
မန္ဓာတ်မင်းကြီးစည်းစိမ်ကိုရင်း။ သာဝကပါရမီဉာဏံ၊ ပကတိ သာဝက
မဟာသာဝက အဂ္ဂသာဝက ပါရမီ ဉာဏ်ကိုရင်း။ ပစ္စေကသမ္ဗောဓိ
ဉာဏံ၊ ပစ္စေကဗုဒ္ဓသမ္ဗောဓိဉာဏ်ကိုရင်း။ အဘိသမ္ဗောဓိဉာဏံ၊ သမ္မာ

သမ္ဗုဒ္ဓ အဘိသမ္ဗောဓိဉာဏ်ကိုရင်း။ ဒေတိ၊ မုချမသွေ ပေးနိုင်ပေ၏။ ဣတိ၊ ဤသို့။ ဝေမာဒိဒါနဂုဏ်၊ ဤသို့ အစရှိသော ဒါနဂုဏ်ကျေးဇူး အာနိသင်နှင့်။ ပဋိသံယုတ္တကထံ၊ စပ်ယှက်သောစကား ပေတည်း။

**သဟပုညကာရီ ကုသိုလ်မျိုး၏ အကျိုးပေးပုံ တရားတော်**

ကေတောကမ္မံ ကတ္တာန၊ ပုညခေတ္တေ အနုတ္တရေ။
ကေတော သံသရိတ္တာန၊ ကေတော ဝိနိဝတ္တယျုံ။

အနုတ္တရေ၊ ဘယ်ကပ်ဘယ်ခါ ဘယ်ကမ္ဘာတွင်းမှာမှ ပြိုင်လာလျှင် အရှုံးပေး၍အဝေးကိုရှောင်ပြေးရသဖြင့် မြတ်ခေါင်အချုပ် အထွဋ်ဆုံးဟု ခေါ်သမုတ် အပ်သော။ ပုညခေတ္တေ၊ တကြိမ်စိုက်ပျိုးက ကောင်းကျိုး အသချေ ပေးနိုင်ပေ၍ မြေကောင်း ရေကောင်း ချောင်းဝင် မြောင်းဝင် တည်တွင် ခိုင်းဖြိ လယ်ကောင်းကြီးပမာ မဟာပုည ကြဲချ အားကိုး ကုသိုလ်မျိုးကို စိုက်ပျိုးရာအစစ် သာသနာတော်ဈေးကြီး ခေတ်အတွင်း၌။ ကေတော၊ စေတနာအတူ သဒ္ဓါဖြူ၍ ကြည်ဖြူမကွဲ တပေါင်းတည်းသာ လျှင် မကွဲအောင် အသင်းဖွဲ့ကြကုန်လျက်။ ကမ္မံ၊ အလှူဒါန သီလအာဒိ အစရှိသည် သုစရိုက်ဆယ်ရပ် ကောင်းမှုမြတ်ကို။ ကတ္တာန၊ သူရော ကိုယ်ပါ ညီညာနှစ်သက် မတွက်မကပ် လေးမြတ်သမှု ပျော်ပျော်ကြီး ပြုကြကုန် သောကြောင့်။ ကေတော၊ သုဂတိဘုံတခွင်မှာ ဆုံလျှင်မကွဲ တပေါင်းတည်း သာလျှင်။ သံသရိတ္တာန၊ လူ့ပြည်မှာလဲအတူတူ နတ်ပြည်မှာလဲမကွဲမကွာ တသိုက်တရုံး အုံးအုံး ကြွက်ကြွက် ကုသိုလ်ဘက် အသင်းဝင်မို့ ပျော်ရွှင်စွာ ကျင်လည်ကြကုန်လျက်။ ကေတော၊ အဆုံး ဘဝ အန္တိမအခိုက်မှာလဲ တသိုက်တဝန်း အတူဆုံ၍ လူ့ဘုံတွင် မကွဲကြ ကုန်ဘဲ။ ဝိနိဝတ္တယျုံ၊ မဂ္ဂင် ဖောင်တော် နန်းယာဉ်ပေါ်မှာ ပျော် ပျော်ကြီး အတူစီးလျက် အမြိုက်ထီး ဖြန့်မိုးရာနိဗ္ဗူတာ ခေါင်ကြငှန်းသို့ အတူတူစုံမြန်းလျက် ကျွတ်တမ်းဝင်နိုင်ကြလေကုန်တော့သတည်း။

**သဒ္ဓါတရားနှင့်ပြည့်စုံသော သူဆင်းရဲလင်မယားဝတ္ထု**

သီဟိုဠ်ကျွန်းကြီးမှာ တခါက မြာဟ္မဏတိဿ ခိုးသူဘေးကြီး ထတော့ ပြည်သူများမှာ အလွန်တရာ ဆင်းရဲ ဒုက္ခရောက်၍ နေကြသတဲ့၊ သည် အထဲမှာ မိုးဿ ၁၂-နှစ်လုံးလုံး ကောင်းစွာမရွာဘဲနေတော့ မိုးဿခေါင် ရေရှားနှင့် ကောက်စပါး အလွန်ဆုတ်ယုတ်၍ တဆုပ်ထမင်း တလုပ် ဟင်းတို့ကို စားသောက်ဘို့ရာ အင်မတန်ကြပ်တည်းပြီး အဆင်းရဲကြီး ဆင်းရဲ၍ နေကြတယ်၊ ထမင်းအစာ မစားရ သောကြောင့် ရောဂါ

အမျိုးမျိုး တိုးပွားဖြစ်ပေါ်ပြီးလျှင် လူတွေမှာ အရိုးနှင့် အရေသာ ကျန်တော့သတဲ့၊ ကြုံကြုံလှီလှီ ပိန်ပိန် ခြောက်ခြောက် မျက်တွင်းဟောက်ကြီးတွေနှင့် ကြောက်လန့်စရာ မိန်းမတွေက ဘီလူးသဘက်ရုပ် ယောကျ်ားတွေက တစ္ဆေ ပြိတ္တာရုပ်ကြီးတွေလိုဘဲ လူတွေဟာ ဝိုကြွေးသောအသံ၊ ဟစ်အော်မြည်တန်းသော အသံတို့ဖြင့် တညံ့ညံ့ တဆူဆူ ခွေးတွေအူ၊ ကျီးတွေပြိုလျက် အုတ်အုတ် ကျက်ကျက်ဖြစ်၍နေတယ်။

လူသေကောင်တွေလဲ ချမှဲ့သူတွေမရှိသောကြောင့် အရပ်တကာမှာ အပုပ်နံ့တထောင်းထောင်းနှင့် အလောင်းချင်းထပ်နေတာဘဲ အဲသည် လူသေကောင်းပုပ်တွေကို အစိမ်းသူရဲ ဘီလူးသဘက်တွေက သူ့ထက်ငါ ဝင်ရောက် စားသောက်ကြသဖြင့် ထိုဟာက ပြန့်ပွား၍ အန္တံအပြား ရောဂါအမျိုးမျိုးဖြစ်ပြန်တယ်၊ ယခုကာလ ပုလိပ်ရောဂါကြီးဖြစ်သလို ပေါ့လေ၊ တယ်ပြီးကြောက်စရာကောင်းတဲ့အခါကြီးဘဲနော်၊ ရောဂန္တရကပ် ဒုဗ္ဘိက္ခန္တရကပ် အမျိုးမျိုးကပ်တိုက်နေတာဘဲ။

အဲသည်ကပ်တိုက်နေတော့ အချို့လူတွေဟာ မြို့ထဲရွာထဲမှာမနေဝံ့ဘဲ တောထဲတောင်ထဲကိုသွားပြီး ရေကြည်ရာမျက်နုရာဆိုသလို သင့်တော်တဲ့ နေရာမှာ ပုန်းအောင်းပြီး သစ်သီးသစ်ရွက် သစ်မြစ်သစ်ဥများကို မသေရုံ ရှာဖွေစားသောက်၍နေရှာကြရတယ်၊ ထိုသို့နေထိုင်ကြရာ ဝင္ကလအမည်ရှိတဲ့ တောင်ခြေရင်း၌ မှီခိုပုန်းအောင်း၍ နေကြတဲ့လူစုထဲမှာ အလွန်တရာသဒ္ဒါတရားထက်သန်လှတဲ့ ဇနီးမောင်နှံနှစ်ယောက် ပါရှိကြတယ်၊ တနေ့သ၌ လင်ယောကျ်ားဖြစ်သူသည် ဝင္ကလ တောင်ကြီးပေါ်တက်၍ သစ်ရွက်သစ်သီးများကို ရှာဖွေရာ အခန့်သင့်စွာပင် သဖန်းပင်ကြီးတပင်ကိုတွေ့တယ်၊ သည်တော့မှ နေရာကျပြီ သည်သဖန်းပင်ကြီးကို အမှီပြု နေရတော့မည်လို့ဆိုပြီး သဖန်းပင်ကြီး၏အနားမှာ အိမ်ဆောက်၍ လင်မယားနှစ်ယောက် ဝင္ကလတောင်ကြီးပေါ်မှာ နေထိုင်ကြတယ်၊ သဖန်းပင်ကြီးမှာလဲ အခက်အရွက် သုံးခုသာရှိသတဲ့၊ အဲသည်တော့ တခက်ကို ဧည့်သည် အာဂန္တုများ စားသောက်ဘို့ထားမယ်၊ တခက်ကို ငါတို့ လင်မယား စားသောက်မယ်၊ တခက်ကိုတော့ ငါတို့မှာရှေးဘဝက မလှူခဲ့ မတန်းခဲ့လို့ ဒါနကုသိုလ် နည်းခဲ့လို့ ယခုလို ငတ်မွတ် ခေါင်းပါးတဲ့ ဒုဗ္ဘိက္ခန္တရကပ်တိုက်တဲ့အခါကြီးနဲ့ တွေ့ကြုံရတယ်၊ အဲဒါကြောင့် အတိုးထိုက် အတိုးတန်ကြီး မဟုတ်သော်လဲ နောင်သံသရာရိက္ခာမျိုးပါအောင် သံဃာတော်များ ကြွလာပါလျှင် တတ်အားသမျှ ဤသဖန်း ခက်မှ

အရွက်ကိုဘဲလှူရတော့မှာဘဲလို့ကြံပြီးသံဃာတော်များအတွက်ရည်မှန်း၍ ထားသတဲ့၊ တယ်ပြီး ချီးမွမ်းဘို့ ကောင်းပါပေသနော်၊ သည်လောက် ဝတ်မွတ် ခေါင်းပါး၍ မစားရ မသောက်ရနေတဲ့ အခါထဲမှာတောင် ရရှိတဲ့ သဖန်းရွက်ကလေးကို လှူဒါန်းဘို့ ကြံစည်သေးတယ်၊ ယခုလူများ စိတ်ဟာမလျှော့ကြနဲ့နော်၊ မလှူချင်ရင်သာပ သဒ္ဓါရှိရင်တော့ ထိုလင် မယားလောက် လှူဘွယ်ဝတ္ထု မရှားသေးပါဘူး၊ ထိုကဲ့သို့ ဆင်းရဲသား လင်မယားတို့သည် ထိုသဖန်းပင်ကြီး၏ အရွက်များကို ချက်ပြုတ်စား သောက်၍ နေထိုင်လာကြရာ တနေ့သ၌တော့ ရဟန်းတော် တပါးသည် ဆွမ်းခံ လှည့်လည်တော်မူရာထိုအိမ်က ဟင်းရွက်ပြုတ်တဲ့မီးကို မြင်သဖြင့် အစဉ်အတိုင်း ထိုအိမ်ဦးကို ဆွမ်းခံကြွလာတော်မူတယ်၊ အင်း-သည်လို အခါကြီးမှာ ဘုန်းကြီးရဟန်းများလဲ ဆွမ်းအလွန် ရှားပါးသပေါ့လေ၊ ဆွမ်းအတွက် ယောက်ယက်ခတ်နေရှာကြမှာပေါ့။

သည်တော့ ဆင်းရဲသား ဒါယကာက ဝမ်းသာ ဝမ်းမြောက်နှင့် အရှင်ဘုရား ကြွခတော်မူပါ-ကြွတော်မူပါ၊ ရဟန်းသံဃာများကို တပည့် တော်မျှော်ယင့် နေလျက်ရှိပါသည်၊ အရှင်ဘုရားများဘို့ သဖန်းခက် တခက်ရည်မှန်း၍ထားပါသည် သစ်ရွက်ဆွမ်းရပါလိမ့်မည်၊ ပြာပြာသလဲ ပင့်ဖိတ်ပြီး သပိတ်လှမ်းယူ၍ ချမ်းသာသော အရပ်မှာ သီတင်းသုံး နေစေတယ်၊ ထိုနောင်မှ ဒါယကာသည် သဖန်းရွက်ခူး၍ပြုတ်ရန် သဖန်း ပင်ကြီးကို သွားကြည့်တော့ သဖန်းပင်ကြီးမှာ ဘာမှရစရာ မရှိတော့ဘဲ အကုန်လုံး ပိုးကိုက်လောက်စားဖြစ်ကုန်သတဲ့၊ အခက်စုရော အရွက်ရော အမြစ်ရော အပွေးအခေါက်မှ မကျန်အောင် တပင်လုံးအကုန်လုံးပိုးထိုး၍ ကုန်တယ်၊ ဖြစ်မှဖြစ်ရလေနော် လှူရတဲ့အခွင့်ကြီးကြုံတဲ့နေ့မှဘဲ သည်လို ဖြစ်ရတာ များစွာဝမ်းနည်းဘို့ကောင်းတာဘဲ၊ အတော်လဲ ဆန်းကြယ်တဲ့ အဖြစ်ဘဲနော်၊ အဲသည်တော့ သူဆင်းရဲ ဒါယကာသည် များစွာစိတ် ပျက်ပြီး မျက်နှာမသာမယာနှင့် အိမ်ကိုပြန်လာ၍ ရှင်မရဲ့ငါတို့လင်မယား ဟာ ကုသိုလ်နဲ့ပုံများတော့ ပြောဘဲ မပြောချင်တော့ပါဘူး၊ ယခုငါတို့ သဖန်းပင်ကြီးကို ပိုးတွေစားကုန်လို့ ဘာမှရစရာမရှိတော့ဘူး ရှင်မရဲ့လို့ အောက်ပါစကားဖြင့် ပြောပြရှာတယ်။

ရှင်မရေ- ဘုန်းရှိ သူများကိုဖြင့် လားလားမပြိုင်လေနှင့် ဘုန်းရှိ ဘုန်းမဲ့ဟာ ကွာချင်တိုင်းကွာနေတာကလား သူတို့မှာတော့ (နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်) ရွှေကုသိုလ်ကံစီမံ ဖန်တီး တန်ခိုးကြီးဆိုတဲ့

စကားလို ကုသိုလ်ကံကို အရံသင့်ဖန်းတီး၍ပေးတော့ အစစအရာရာ ဘယ်ဟာမျိုးမဆို ကြံတိုင်းအောင်လို့ ဆောင်တိုင်း မြောက်ကြတယ်၊ ငါတို့လို ကုသိုလ်နဲတဲ့ ငမွဲတေ ဘုန်းမဲ့သူတွေမှာတော့ ဘယ်လိုပင် အကြံကြီးသော်လည်း အချည်းနှီးဖြစ်ကုန်တာဘဲ၊ မျှော်ကိုးသမျှ ဘယ် မှာမှမပြည့်စုံ ကြည့်စမ်းပါရှင်မရယ် ဘယ်လိုများဖြစ်ပုံထူးလို့ မကြွလာ စဘူး အထူးကြွလာတော်မူတဲ့ ကိုယ်တော်အရှင်မြတ်အား တတ်အား သမျှ လှူချင်လွန်းလို့ သဖန်းပင်ကိုသွား၍ ကြည့်လိုက်တာ ဘာမှရစရာမရှိ တော့ဘဲအကုန်လုံး ပိုးကိုက်လောက်စားဖြစ်၍ကုန်တယ်၊ ဘယ့်နှယ်များ ဖြစ်တယ်လို့ ကနေ့မှ ကြုံမှကြုံရပလေ ရှင်မရယ်၊ ငါတို့နှယ် ကုသိုလ်နဲ လေခြင်း မွဲရပုံအချက်ကဖြင့် အံ့မခန်းပါဘဲလို့ အဲသို့ကလို ယောကျ်ားက ပြောတော့ မိန်းမကလဲပြန်ပြီးတော့ အမောင်ရယ် အားမငယ်နဲ့တော့ ယခုလိုဖြစ်ရတာဟာ လောကမွှတာကြီးဘဲ အဆန်းကြီးမဟုတ်ပါဘူး၊ အကျွန်ုပ်တို့မှာ ကုသိုလ်က နဲကြတာကိုး ကုသိုလ်နည်းသူများမှာတော့ ဘယ်လိုကြံဖန်သော်လဲ အတန်တန်ပျက်စီးရတာဘဲ၊ ဝီရိယ အားထုတ် သော်လည်း လုပ်တိုင်းလွဲတတ်တယ်၊ စုဆောင်း၍ ထားတဲ့ပစ္စည်းတောင် တနည်းနည်းနှင့် ပျောက်ပျက်တတ်တာကလား၊ အဲသို့ကလို မိန်းမက ပြန်ပြောတယ်၊ ဤကဲ့သို့လင်နှင့်မယား ကုသိုလ်ရှိသူနှင့်မရှိသူတို့ ကွာခြား ပုံများကို အပြန်အလှန် ပြောကြပြီးနောက် မယားကဘာကြံသလဲဆိုတော့ ငါတို့နှစ်ယောက်မှာဖြင့် လှူဘို့ရန် ရလမ်းမမြင်တော့ဘူး၊ အယုတ်ဆုံး အားဖြင့် သစ်ရွက်ကိုမျှ ရှာ၍မရအောင်ဖြစ်နေပြီ၊ ဒါလောက်တောင် နံ့စုတ်တဲ့ဘဝ နဲနဲမှ စိတ်မရှော့ဘူး အလှူထူးကိုလှူမယ် ယခုလိုဆန်းဆန်း ကြယ်ကြယ် ကြုံရတာဟာ ကုသိုလ်ထူး ဖြစ်ချင်လို့ဘဲလို့ စိတ်ထဲက အောက်မေ့လိုက်တာဘဲ၊ အပြင်အပ ဗာဟိရ ပစ္စည်းမလှူရလျှင် အတွင်း အဇ္ဈတ္တိကအလှူ မိမိအသားကိုလှူမယ်လို့ အဲသည်လိုကြံပြီး ပေါင်သားကို လှီးရန်ဓားငယ်တစင်းကိုကိုင်၍ အခန်းတွင်းသို့ ဝင်သွားဝယ်တဲ့။

ကဲ–ဘယ်လောက်များ အံ့ဩဘို့ ကောင်းသလဲ ဒါယိကာမကြီးတို့ လှူစရာဘာမှရှာမရတော့ ပေါင်သားလှီး၍လှူမယ်လို့ ကြံသတဲ့၊ ခုကာလ လှူစရာရှိရက်နှင့် ဝှက်ထားတဲ့ အချို့လူတွေ ဆွမ်းတွေ အပြည့်ရှိရက်နှင့် သူတို့ကိုယ်တော် မဟုတ်ဘူးလို့ ကန်တော့ဆွမ်းဆိုတဲ့ လူတွေနဲ့ ကွာခြား ချင်တိုင်း ကွာမနေကြဘူးလား၊ အဲသည်လို ဇနီးမယားက ဒါးကိုကိုင်၍ အခန်းထဲသို့ ဝင်သွားပြီးနောက် လင်ယောကျ်ားက မယားနည်းတူ

ကြံပြီးလျှင် မိမိပေါင်သားကို လှီးရန် အခန်းထဲသို့ ဝင်သွားပြန်တယ်၊ အခန်းထဲမှာ လင်မယားနှစ်ယောက် ဒါးကိုယ်စီနှင့် ဆုံနေကြတာပေါ့ လေ။လင်ယောကျ်ားက မယားလှီးမယ်လို့ လုပ်နေတာမြင်တော့ ရှင်မ-ဘယ့်နှယ်လုပ်တာလဲလို့ မေးတယ်၊မယားက မိမိပေါင်သားကို လှီး၍ လှူမည့်အကြောင်းကိုပြောတော့လင်ကရှင်မရယ် မင်းတို့မိန်းမဆိုတာစိတ် နုတယ်၊အသဲငယ်တယ်၊ ပညာနဲတယ်၊အဆင်းရဲမခံနိုင်ဘူး၊ သဘောထား မကြီးဘူး၊ သည်လိုအရာမျိုးဆိုတာ ငါတို့ယောကျ်ားများနှင့် တော်တာ ကလား၊သွေးထွက်သံယိုနှင့် အသားကို ဘယ်လိုလှီးလှီး သည်းခံနိုင်တယ်၊ နာတယ် ကျင်တယ်လို့ မအောက်မေ့ဘူး၊ ရှင်မ–အသာသာ နေပါ၊ ငါ လှူပါ့မယ်လို့ ပြောတော့ မယားကလဲ အညှံ့မခံချင်တဲ့သဘောနှင့် ရှင် ပြောတာ မတရားဘူး၊ဘုရားက ယောကျ်ားသာလှူစေ့,မိန်းမ မလှူရဘူးလို့ ဟောပါသလား၊ ကျွန်မလဲ မိန်းမသားပေမဲ့ သဒ္ဓါတရား သန်လွန်းလို့ အင်မတန် လှူချင်ပါတယ်၊ သည်လောက် အနာ အကျင်ကလေးတော့ သည်းခံနိုင်ပါတယ်–နှင့် တယောက်တခွန်း ပြောကြပြီး လင်ကလဲ သူ လှူမယ်၊မယားကလဲ သူလှူမယ်နှင့် သူ့ပေါင်သားကို လှီးမယ်၊ ငါ့ပေါင် သားကိုလှီးမယ်နှင့် ချိန်ရွယ်လုယက်နေကြတာပေါ့လေ။

အတွင်း အဇ္ဈတ္တိကဖြစ်တဲ့ ပေါင်သားကိုတောင် လှီး၍လှူသေးတယ်၊ အပေါ်ရံအပြင်ပဖြစ်တဲ့ ရွှေတို့ ငွေတို့ ဆွမ်း သင်္ကန်း စသည်တို့ကိုတော့ ပြောဘွယ်မရှိပါဘူးတဲ့၊မြန်မြန်ကြီး လှူမဲ့သူတွေပါတဲ၊ လှူတဲ့အလုပ်မှာဖြင့် နောက်ဆုတ်တဲ့သူတွေ မဟုတ်ပါဘူးတဲ့၊ အဲသည်လို လင်မယား နှစ် ယောက် သူ့ပေါင်သားလှူမယ်၊ ငါ့ပေါင်သားလှူမယ်နှင့် ဓားတလက်စီ နှင့် ငြင်းခုံလုယက်၍ နေကြတာကို သိကြားမင်း မြင်သဖြင့် လွန်မင်းစွာ ချီးမွမ်းထောမနာပြီး ထိုသူတို့ကိုကယ်မရန် ဆန်တတင်းနှင့် အမဲညှင်းကင် နို့ခမ်းအိုးတို့ကိုယူ၍ မထင်ရှားသော အညတြအသွင်ဖြင့် ထိုအိမ်အနားမှ ဘွားကနဲ ပေါ်လာတယ်၊ အဲသည်လို သိကြားမင်းကြီး ပေါ်လာပြီး အိမ်ရှေ့မှာရပ်ခါ အိမ်ရှင်များ မရှိကြဘူးလားလို့ မေးမြန်းတော့ အခန်း ထဲမှ လင်မယားက လှီးမဲ့ဓားကို အသာရပ်ပြီး နားထောင်စမ်း ရှင်မ-အိမ်ရှေ့က လူသံကြားတယ်၊ဘယ်လိုများအကြောင်းထူးပါလိမ့်မလဲဆိုပြီး လင်မယားနှစ်ယောက် အခန်းတွင်းက ထွက်လာကြတော့ လူယောင် ဖန်ဆင်းလာတဲ့ သိကြားမင်းက အခြားမဟုတ်ပါဘူး၊ အသင် တို့မှာ လှူစရာ တန်းစရာ စားစရာ သောက်စရာ ရှိကြရဲ့လား၊ မရှိလျှင် ဟော

သည့် ဆန်တတင်းနှင့် အမဲညှင်းကင် နို့ဓမ်းအိုးတို့ကို အလိုရှိရာ လှူဒါန်းကြပေတော့၊ ကျွန်ုပ်ဟိုအနားကို ကိစ္စကလေးရှိလို့ သွားလိုက်ပါအုံးမယ်၊ ကျွန်ုပ်မပြန်လာရင်လဲ လှူသာလှူကြ၊ စားသာစားကြပေတော့၊ စောင့်မနေကြနဲ့တော့လို့ ပြောဆိုမှာထားပြီး၍ ထိုပစ္စည်းများသည် လှူဒါန်း၍မကုန်နိုင် စားသောက်၍ မကုန်နိုင်စေသတည်းလို့ အဓိဋ္ဌာန် ထားပြီး သိကြားမင်းကြီး နတ်ပြည်သို့ ပြန်သွားလေတော့သတည်း။

သည်တော့မှ လင်မယား နှစ်ယောက် ဝမ်းမြောက် ဝမ်းသာနှင့် ကောင်းမွန်စွာ ချက်ပြီးလျှင် မထေရ်မြတ်အား ဆွမ်းကပ်လှူလိုက်တယ်၊ ထို့နောင်မှ လင်မယား နှစ်ယောက်စားကြရာ ထမင်းအိုးမှာ ယောက်မ ရာမျှ မထင်ဘူးတဲ့၊ခူးလိုက်ရင်း ပြည့်နေရင်း၊ယူလိုက်ရင်း ပိုနေရင်းဘဲတဲ့၊ အဲသည် ထမင်းတွေကို သံဃာတော်များစွာတို့အား ပင့်ဖိတ်၍ လှူဒါန်းတယ်၊ဝတ်မွတ်ခေါင်းပါး၍နေတဲ့ များစွာသော လူအပေါင်းတို့ကိုလည်း ကောင်းမွန်စွာ ကျွေးမွေး ပေးကမ်း လှူဒါန်းတယ်တဲ့၊ ဘယ်လိုပင်လှူလှူ ဘယ်လောက်ပင် ပေးပေး ထမင်းအိုးထဲမှာ ယောက်မရာ မထင်ဘဲ ဘယ်တော့မှ မကုန်နိုင်ဘူးတဲ့၊ ပေါင်သားကိုတော့ သိကြားမင်းလာပြီး ကယ်မတာနှင့် မလှူရတော့ဘူးနော်၊ ကြံရုံသာ ကြံလိုက်တာဘဲ၊ထိုဇနီးမောင်နှံ နှစ်ယောက်တို့သည် ထိုသိကြားမင်း ပေးခဲ့သော ဆန်များနှင့် အမဲညှင်းကင် နို့ဓမ်းဆွမ်းဒါနများကို မပြတ်လှူဒါန်းကြပြီးလျှင် ငါးပါးသီလ ရှစ်ပါးသီလ သမထဝိပဿနာ ဘာဝနာများကိုလဲ စောင့်ရှောက် ထိန်းသိမ်း ပွားများအားထုတ်ပြီးလျှင် သေသောအခါ နတ်ရွာသုဂတိဘုံသို့ လားကြလေတော့သတည်း။

## သမ္မဒါတရား နိဂုံးလင်္ကာ

အဋ္ဌင်္ဂတ္တိုရ်၊ ကျမ်းအလိုဖြင့်၊ မပိုသဘော၊ ပုဒ်တိုင်းဟောအံ့၊ ခရေ နောင်ပါ၊ လွန်ချမ်းသာအောင်၊ ဥဋ္ဌာနာရက္ခ၊ မိတ်ကလျာဏနှင့်၊ သမ ဇီဝိတာ၊ သဒ္ဓါသီလ၊ စာဂပညာ၊ သမ္မဒါဟု၊ ကောင်းမှု လုံ့လ၊ စောင့် ရှောက်ကြ၍၊ ကောင်းလှ မိတ်ပေါင်း၊ စံနစ်ကောင်းနှင့်၊ ပျော့ပျောင်း သဒ္ဓါ၊ ငါးဖြာသီလ၊ ဒါနလည်းပွား၊ ပညာများဟု၊ ရှစ်ပါးအင်္ဂါ၊ ပြည့်စုံ ရာသည်၊ မကြာတိုးပွား၊ အကျိုးများကြရလေတော့သတည်း။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဇုန္ဓာသယ ၄၇၇-၄၁

ဝေဝံ၊ဂုဏ်တော်မြတ်အစိန္တေ သိရသရေအဓိကမိုသိကြဘို့ ပြဆိုခဲ့သည့် အတိုင်းသာလျှင်။ ဗုဒ္ဓါ၊ ဆည်းကပ်သော အန္ဓတို့များမှာ အမှန်ပ မညှိုးငယ် တန်ခိုးကြွယ်ကာ တအားသစ်နိုင်တဲ့ ဘုရားစစ် ဘုရားမှန် ဟူသမျှ တို့သည်။ အစိန္တိယာ၊ အတွေးညာဏ် မရောက်အား နိုင်ဘု ထောက်ထားစရာ ညာဏ်မှီအောင် ကြံစည်ခြင်း မပြုနိုင်ကြလေကုန်။ ဗုဒ္ဓဓမ္မာ၊ ကိုယ်တော်မြတ် ပုံသဏ္ဍာန် ဟောသမျှ ဒေသနာ ညာဏ်ကို ဘွေ့ရှာကြံလျှင် မပြတ်မြင်ကြသည့် မြတ်အရှင်၏ ဂုဏ်တော်အပေါင်း တို့သည်။ အစိန္တိယာ၊ အတွေးညာဏ် မရောက်အားနိုင်ဘု ထောက်ထား စရာ ညာဏ်မှီအောင် ကြံစည်ခြင်းမပြုနိုင်လေကုန်။ အစိန္တိယေ၊ မတွေး မကြံသာ ညာဏ်ပတ္တရာဖြန့်မရသည် ဗုဒ္ဓ ဓမ္မ သံဃ အရှင်မြတ်များ၏ အနန္တဂုဏ်တော် အပေါင်း၌။ ပသန္နာနံ၊ စိတ်စေတနာ သဒ္ဓါမျှ၍ အနိဌ္ဌေဘာသာမကျလေအောင် ဂါရဝ မှီခိုလျက် ကြည်ညိုလေးစားကြတဲ့ သူအပေါင်းတို့၏။ ဝိပါကော၊ လောကီစခန်းမှာတော့ ဘေးဘယာ ပျောက် လောကုတ္တရာစခန်းမှာတော့ အေးအမတာရောက် တွေးကာ ထောက်လျှင် စိတ်ရှိတိုင်း ညာဏ်အမြင်မှို သိဒ္ဓိဂုဏ်းဝင်ဖြစ်တဲ့ အကျိုး တရားသည်။ အစိန္တိယော၊တန်ခိုးတော်အစုံစုံ ဂုဏ်တော်အနန္တမှိုကြံသမျှ မပြီးနိုင်ဘဲ ညည်းမှိုင်၍နေရာသည်။ ဟောတိ၊ ဘယ်လိုမှ ညာဏ်မကစား နဲ့တော့ အမှန်အားဖြင့် ဖြစ်နိုင်လေတော့ သတည်း။ ဤသည်လျှင် သူဆင်းရဲ လင်မယားဝတ္ထုစကားတရပ် အပြီးသတ်သတည်း။

**ခွေးမပိန်အား ထမင်းတလုပ်ပေးလှူသော သဿဒ္ဓတ္တမထေရ်ဝတ္ထု**

သီဟိုဠ်ကျွန်း အနုရာဓမြို့၌ တဦးသောသူသည် မင်းမှုဖြင့် အသက် မွေး၍နေ၏၊ တနေ့သ၌ ထိုယောကျ်ားသည် မင်း၏ကိစ္စတခုဖြင့် မုဂ္ဂါ ရတနတိုင်းဝယ် တံငါသည်ရွာသို့သွားလေ၏၊ ထိုတံငါသည်တို့၏ရွာ၌ ရွာသူ ရွာသားတို့တွင် ယောကျ်ားတို့ သည်ကား မင်းစေတမန်လာ သည်ဖြစ်၍ များစွာသောသေရက်သေရည်တို့ကို·ပို့လာကုန်၏။ ထိုမင်း၏ စေတမန်ကျွန်သည် ပို့လာသော သူတို့နှင့်အတူ သေရည် သေရက်ကို သောက်စား မူးယစ်သည်ဖြစ်၍ တညပတ်လုံး ကခုန်မြူးတူးလျက်နေကြ ကုန်၏၊ တနေ့သောအခါ သေရည်သေရက်အဆိပ်သည် ပျက်ပြယ်သည် ဖြစ်၍ ငတ်မွတ် ဆာလောင်ခြင်းဖြစ်သေ၏၊ ရွာသားတို့ကို ထမင်းရှိပါ သလောဟု မေး၏၊ ထိုရွာသားတို့ သည်လည်း ဤ မင်းတမန်ကျွန် ယောကျ်ားသည် ငတ်မွတ်ခြင်း မဖြစ်စေကောင်းဟု ကြက်သားကိုရင်း

ထောပတ်ကိုဂင်း၊ သလေးထမင်းကိုဂင်း ပေးကြကုန်၏၊ ထိုအခါ တမန် ယောကျ်ား၏ ထမင်းနှံ့သည် မွှေးပျံ့လေသောကြောင့် ခွေးဝိန်မငယ် တကောင်းသည် ပြေးတည့်၍လာလေ၏၊ တမန်ယောကျ်ားသည် ထိုပြေး လာသော ခွေးဝိန်မငယ်ကိုမြင်၍ အမျက်ထွက်သဖြင့် သစ်သားထင်းတို့ ကိုဂင်း၊ ကျောက်ခဲအိုးခြမ်းတို့ကိုဂင်း မမြင်သောကြောင့် မိမိစားတော့ အံ့ဟုပြုသော ရှေ့ဦးအစဖြစ်သော ထမင်းလုပ်ကိုကိုင်ခြင်း အံ့သွားခဲခြင်း မျက်စိ နီတွေးခြင်းတို့ကိုပြု၍ ကြမ်းကြုတ်စွာသော အသံကို ပြုလျက် ထိုထမင်းဆုပ်ဖြင့် ခွေးဝိန်းမငယ်ကိုပစ်၏၊ ထိုသို့ပစ်သောအခါ ထိုခွေးမ ဝိန်ငယ်သည် ထမင်းဆုပ်ကိုစား၏၊ ထိုယောကျ်ားသည် တပါးသော ထမင်းဆုပ်ကိုယူ၍ မိမိခံတွင်း၌ထည့်လျှင်အရသာရှိသည်၏အဖြစ်ကိုသိ၍ အံ့ဘွယ်ရှိစွတကား၊ ကောင်းလှစွာသော အရသာရှိသော ဆိမ့်အီလှ စွာသော ကြက်သား အရသာနှင့်ယှဉ်သော သလေးကို တဖန်ဆုပ်၍ ငါသည် ခွေးမဝိန်အားလျှာတော့အံ့တကားဟူ၍ အပရစေတနာဖြစ်ပြန်၏၊ ထိုယောကျ်ားသည် ထိုမျှဖြစ်သောကောင်းမှုပြု၍ တဘန်မြို့သို့ပြန်ခဲ့သည် ရှိသော် ဧကရဿမည်သော တောအုပ်သို့ရောက်၏၊ ထိုတောအုပ်၌ သူခိုးတို့သည် ထိုမင်း၏စေတမန်ယောကျ်ားကိုမြင်၍ ခုတ်သတ်ရိုက်ပုတ် သဖြင့် သေလေကုန်၏၊ ထိုယောကျ်ားသည် သေလေသည် ရှိသော် မဟာလေဏာကျောင်း တောအုပ်အနီး ရွာတရွာ၌ လူပြန်ဖြစ်လေ၏၊ ထိုသူငယ်အား အမိအဘတို့သည် သဃ်ဒတ္တဟူသော အမည်ကိုမှည့် ကုန်၏၊ ထိုသဃ်ဒတ္တသူငယ်သည် အစဉ်သဖြင့် ကြီးမြင့်လာလတ်သော် မဟာလေဏာကျောင်းရပ်ဝယ် တပါးသောမထေရ်မြတ်အထံ၌ ရဟန်း ပြုပြီးလျှင် ဝတ်ကြီး ဝတ်ငယ်နှင့်ပြည့်စုံစွာ ပဋ္ဌင်းအဖြစ်ကိုရ၍ တရား တော်မြတ် ပိဋကတ်သုံးပုံကိုသင်ယူ၏၊ အခါတပါးဝယ် သီဟိုဠ်ကျွန်း၌ မြာဟ္မဏတိဿ သူခိုးသည် အနုရာဓမြို့ကို လုယက် ဖျက်စီးအံ့သောငှာ လာလေ၏၊ လူတို့သည် နေထိုင်ခြင်း ကျဉ်းမြောင်းလှ သောကြောင့် အသက်မွေးခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ထိုထိုဇနပုဒ်တောတောင်သို့ ပြေးသွားကြလေကုန်၏၊ တောတောင်ချောက်ကြားဖြစ်သော တောအုပ် ကြီးရာသို့ဝင်၍ အသက်မွေးကြကုန်အံ့ဟူ၍ သွားကြသောအခါဒါယကာ တို့သည် ထိုသဃ်ဒတ္တ မထေရ်ထံသို့ ချဉ်းကပ်၍ လျှောက်ဆိုကြကုန်၏၊ အရှင်ဘုရား- ဤအရပ်၌နေ၍ အသက် ရှည်ခြင်းငှာ မတတ်နိုင်ကုန်၊ တပါးသောအရပ်သို့ သွားကြကုန်အံ့ အရှင်ဘုရားသည် သွားခြင်းငှာ

အကယ်၍ အလိုရှိပါအံ့၊ အကျွန်ုပ်နှင့် အတူတကွ ကြွတော်မူပါဟု ဒါယကာတို့ဆိုကြကုန်၏၊ ထိုဒါယကာတို့၏ စကားကိုကြား၍ သဃ်ဒတ္တ မထေရ်မြတ်သည် ဆိုပေ၏-ဒါယကာတို့ ဤစေတီတော်ကိုရင်း၊ ဗောဓိ ပင်ကိုရင်း စွန့်ပစ်၍ သွားခြင်းငှာ မတတ်ကောင်းချေ ဘုရားသခင် ကိုယ်တော် မိန့်တော်မူတိုင်း ဝတ်အကျင့်ကိုပြုလျက် ငါ့အား ဤအရပ်၌ သေရခြင်းသည် မြတ်၏ဟုဆို၍ ဒါယကာတို့နှင့် လိုက်ခြင်းကိုခွင့်မပြု။

လူတို့သည်ကား ထိုသို့ ရှေည်ညွှန်းအပ်သော တောအရပ်သို့ သွားကြ လေကုန်၏၊ ထိုလူတို့ သွားကြလေသောအခါ သဃ်ဒတ္တ အမည်ရှိသော မထေရ်မြတ်သည် နှစ်ရက်မြောက်သောနေ့၌ တံမြက်လှည်းခြင်း အစ ရှိသောအလုံးစုံသောဝတ်တို့ကိုပြု၍ တံမြက်စည်းစသည်တို့ကို သိမ်းထား ပြီး၍သပိတ်သက်န်းစသည်တို့ကိုယူလျက် ဆွမ်းခံသွားရာအရပ်တို့ကိုမမြင် သောကြောင့် လိုဏ်ဂူဝသို့ ရှေ့ရှုရပ်၍နေလေ၏။ ထိုအခါ ထိုလိုဏ်ဂူဝ၌ ရောက်သော တခုသောသစ်ပင်ကို စိုးအုပ်သော ရုက္ခစိုး နတ်သားသည် သစ်ပင်၌ လူ၏အသွင် ဘန်ဆင်း၍ မထေရ်မြတ်သို့ချဉ်းကပ်ပြီးလျှင် ခြေ တော်အစုံကိုရှိခိုး၍ အရှင်ဘုရားတို့အား ဆွမ်းရှာခြင်းသည်ရင်း အစောင့် အရှောက်သည်ရင်းအကျွန်ုပ်၏တာဝန်ဖြစ်ပါစေ၊ ကြောင့်ကြမဲ့ဤအရပ်၌ နေတော်မူလျက် ရဟန်းတို့၏ ကျင့်ဝတ်တရားကိုသာလျှင် ဖြည့်တော် မူ၍ သီတင်းသုံးတော်မူပါဟု ဘိတ်မန်လျှောက်ထား၏။ ထိုအခါ အရှင် သဃ်ဒတ္တ မထေရ်မြတ်သည်လည်း ဆိတ်ဆိတ် နေသဖြင့် သည်းခံတော် မူ၏၊ ထိုရုက္ခစိုး နတ်သားသည် မထေရ်မြတ်၏ သည်းခံတော်မူသော အဖြစ်ကိုသိ၍ နတ်၌ဖြစ်သော ဆွမ်းဟင်းစသည်ဖြင့် လုပ်ကျွေး၏။ ဤသို့ လျှင် တဆယ့်နှစ်နှစ် ကာလပတ်လုံး ကောင်းမွန်စွာ သဃ်ဒတ္တ မထေရ် မြတ်ကို ရုက္ခစိုးနတ်သားသည် လုပ်ကျွေးလေ၏။ ထိုအခါ မထေရ်မြတ် သည် တနေ့သ၌ ဆိတ်ငြိမ်ရာအရပ်၌ ငြိမ့်သက်စွာနေ၍ ဤသို့ကြံလေ၏။ အလုံးစုံသော လူအပေါင်းတို့ကို ဝတ်မွတ်ခေါင်းပါးသော ဘေးသည် နှိပ်စက်လေကုန်၏။ ဤနတ်သားသည်ကား နတ်မင်း၏ ထမင်းအဖျော် တို့ဖြင့် မပြတ်ဘဲလျှင် တဆယ့်နှစ်နှစ် ကာလပတ်လုံး လုပ်ကျွေးမွေးမြူ ပေ၏၊ ငါသည် ရှေ့ဘဝ၌ သဗ္ဗညုဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝက ဖြစ်တော်မူသော ရဟန္တာတို့တွင် တဦးဦးသော အရိယာတို့အား ပေးလှူ ဘူးသောကုသိုလ်ကံ၏ အကျိုးသည် ဖြစ်လေသလောဟု ကြံတော်မူမိ၏။ ထိုအခါ ရုက္ခစိုး နတ်သားသည် တနေ့သ၌ မထေရ်မြတ်ထံသို့ ချဉ်းကပ်

ရှိခိုးပြီးလျှင် သင့်တင့်သောအရပ်၌ နေလေ၏။ ထိုနတ်ချဉ်းကပ်၍ ရှိခိုးလာသောအခါ သဃ်ဒတ္တ မထေရ် မြတ်သည် ထိုသို့သော အကျိုးအကြောင်းကို မေးလိုသည် ဖြစ်၍ ဤသို့သော စကားဖြင့် မေးမြန်းပြောဆိုလေ၏။

(မှတ်ချက်)။ ။သဃ်ဒတ္တမထေရ်သည် ရက္ခစိုးနတ်သားကို မေးမြန်းသောအခါ တဖန်ရက္ခစိုးနတ်သားက သဃ်ဒတ္တ မထေရ်မြတ် ရှေ့ဘဝက ပြုခဲ့ဘူးသော အခြင်းအရာကို ကုန်စင်အောင် ပြန်ပြောင်း၍ လျှောက်ဆိုသောအခါ ထိုသို့ ပြန်လျှောက်ဆိုသော ရက္ခစိုး နတ်သား၏ စကားကို ကြားရ၍ သဃ်ဒတ္တအမည်ရှိသော မထေရ်မြတ်သည် အံ့သြဘွယ်ရှိလေစွတကား၊ အမျက်ထွက်သဖြင့် ပုတ်ခတ်ခြင်းငှာ ခွေးဝိန်မအား ပစ်အပ်ပေးလှူအပ်သော ထမင်းစိုင်ခဲမျှဖြင့်လျှင် ဤသို့သော အကျိုးထူး အကျိုးဆက်ကို ခံစားရပေသတည်း ဟု သဒ္ဓါယုံကြည်သဖြင့် သီလရှိသော ရဟန်း သံဃာတော်မြတ်အား စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သော အလှူမြတ်၌ကားအဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း၊ အတိုင်းမသိသော အကျိုးမြတ်ကို မုချကေန် စင်စစ်မသွေ ခံစားရာ၏။

ဤသို့ ထိုမထေရ်အား အတိုင်းထက်အလွန် နုသောဝမ်းမြောက်ခြင်းဖြစ်၏၊ နုသောဝမ်းမြောက်ခြင်းသည် အားကြီးသော ဝမ်းမြောက်ခြင်းအကျိုးရှိ၏၊ အားကြီးသော ဝမ်းမြောက်ခြင်းသည် ကိုစိတ်နှစ်ပါး ငြိမ်းခြင်းအကျိုးရှိ၏၊ ကိုယ်စိတ်နှစ်ပါးငြိမ်းခြင်းသည် တည်ကြည်သော သမာဓိဖြစ်ခြင်း အကျိုးရှိ၏၊ တည်ကြည်သော သမာဓိဖြစ်ခြင်းသည် ယထာဘူတဉာဏ်ဖြစ်ခြင်း အကျိုးရှိ၏၊ ယထာဘူတဉာဏ် ဖြစ်ခြင်းသည် နိဗ္ဗိန္ဒဉာဏ်ဖြစ်ခြင်းအကျိုးရှိ၏၊ နိဗ္ဗိန္ဒဉာဏ်ဖြစ်ခြင်းသည် ရာဂကင်းခြင်း အကျိုးရှိ၏၊ ရာဂကင်းခြင်းသည် ကိလေသာမှလွတ်ခြင်း အကျိုးရှိ၏၊ ကိလေသာမှလွတ်ခြင်းသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မြင်ခြင်းအကျိုးရှိ၏၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မြင်ခြင်းသည် ဥပါဒါန်တရား မစွဲလန်းမူ၍ အာသဝေါတရား ကင်းပြီး ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် အကြွင်းမရှိ၊ ပရိနိဗ္ဗာန်ဝင်စံရခြင်းအကျိုးကို ရရှိလေ၏။

ထို့ကြောင့် ထိုသဃ်ဒတ္တမထေရ်သည် ဝမ်းမြောက်သော စိတ်ကိုခွါလျက် သမာဓိကိုဖြစ်စေ၍ လက္ခဏာရေးနှင့်ယှဉ်သော ဝိပဿနာကိုပွားပြီးလျှင်အရဟတ္တဖိုလ်သို့ ကောင်းစွာ ရောက်ရှိလေသတည်း။

## စိတ်ကြည်လင်က ဣန္ဒြေကြည်လင်ပုံ

စိတ္တေ ပသန္နေ လောဟိတံ ပသီဒတိ၊ လောဟိတေ ပသန္နေ မနုဿဌာနိ ဣန္ဒြိယာနိ အတိဝိယ ဝိရောစတိ-ဟု အဋ္ဌကထာဆရာမြတ်မိန့်ဆိုအပ်၏။ စိတ္တေ၊ စိတ်သည်။ ပသန္နေ၊ ကြည်လင်သည် ရှိသော်။ လောဟိတံ၊ သွေးသည်။ ပသီဒတိ၊ ကြည်လင်၏။ လောဟိတေ၊ သွေးသည်။ ပသန္နေ၊ ကြည်လင်သည်ရှိသော်။ မနုဿဌာနိ၊ မနလျှင် ခြောက်ခုမြောက် ကုန်သော။ ဣန္ဒြိယာနိ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန, ဟူသော ဣန္ဒြေတို့သည်၊ အတိဝိယ၊ အလွန်လျှင်။ (ဝါ)၊ အတိုင်းထက်အလွန်။ ဝိရောစတိ၊ အလွန်လှပတင့်တယ်လေသတည်း။

ဧဝံ နာတိ မဟန္တမ္ပိ၊ ပုညံ အာယတနေ ကတံ။
မဟာဝိပါကံ ဟောတီတိ၊ ကာတဗ္ဗံ တံ ဝိဘာဝိနာ။

ဧဝံ၊ သီဟိုဠ်ကျွန်းတွင် သဃံဒတ္တမထေရ်သည် ခွေးမ ကလေးအား တဆုပ်တခဲ ပေးလှူခဲ့သော ကုသိုလ်မျိုးကဲ့သို့။ အာယတနေ၊ ကောင်းမှုများစွာ တည်ရာဖြစ်ငြား သီလန္တ သံဃာတော် အရှင်မြတ်များ၌။ ကတံ၊ ဒက္ခိဏေယျဂုဏ် အလုံးစုံကို အာရုံကြည်ဖြူ ပေးလှူ အပ်သော။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ နာတိမဟန္တမ္ပိ၊ မကြီးမကျယ် အနည်းငယ်ပင်ဖြစ်ငြားသော်လည်း။ မဟာဝိပါကံ၊ ကြီးကျယ်ပွားစီး ညောင်ပင်ကြီးတမျှ အကျိုးဝိပါက်ကို ရနိုင်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ အကျိုးကြီးရလေသောကြောင့်။ ဝိဘာဝိနာ၊ သဒ္ဓါရွှေသွား ပညာထွားသည့် အမျိုးသားသည်။ တံပုညံ၊ အနုဂါမိက မှန် ထို ကောင်းမှုကံကို။ ကာတဗ္ဗံ၊ နောက်တွန့်မဆုတ် အားပါးထုတ်၍ ပြုလုပ်သင့်လှ လေတော့သတည်း။ ။ဤသည်လျှင် သဃံဒတ္တ စကား တရပ် အပြီးသတ်တည်း။

## နတ်သမီးသာခုခေါ်သော သဃံမစ္စ လုလင်ဝတ္ထု

သီဟိုဠ်ကျွန်းတွင် မဟာဂါမ အမည်ရှိသော ရွာကြီးတရွာ၌ သဃံမစ္စ အမည်ရှိသော တဦးသော အမတ်သည် ရှိ၏၊ ထိုအမတ်အား သမီး တယောက်၊ သားတယောက် ဖြစ်သတည်း၊ သားတယောက် ကိုကား မိမိ၏အမည်ဖြစ်သော သဃံမစ္စအမည်ကိုပင် မှည့်၍၏၊ ထိုအဘဖြစ်သော သဃံမစ္စသည် မိမိသေရာ ညောင်စောင်းနှင့် နီးသောအခါ အကြီး ဖြစ်သောသမီးကိုခေါ်၍ မောင်သူငယ်၏လက်ကိုကိုင်၍ နှမကြီး၏လက်၌

ထား၍ ငါ့သားချစ်အား ကြီးရင့်သော အခါ၌ သုံးပါးသော ဘဏ္ဍာတို့ကို ပေးပါဟု ဆို၍ အသပြာတထောင်စီ ထိုက်သော ပုဆိုးကောင်းတစုံ, ရတနာတို့ဖြင့်စီအစ်သော သန်လျက်, မြတ်သော ကျောက်တို့ဖြင့်စီအစ်သော ဘယက်သွယ်, ဤငါးသုံးမျိုးတို့ကို ပေးအပ်ခဲ့ပြီးလျှင် ထိုအဘဖြစ်သော သဏ္ဍမဏ္ဍ အမတ်သည် သေခဲ့၏။

ထိုသူငယ်သည် အစဉ်သဖြင့်ကြီးမြင့်၍ တဆယ့်နှစ်နှစ် ရှိလတ်သော်ခွန်အားဗလနှင့် ပြည့်စုံ၏၊ ကြီးသောအခါ အရွယ်အဆင်း အင်္ဂါနှင့်ပြည့်စုံလျက် နှမကြီး၏ အိမ်၌ နေ၏၊ ထိုအခါ ခိုးသူဘေးကြီးသည်ဖြစ်လေ၏၊ ထိုခိုးသူဘေးဖြစ်လတ်သော် ထိုသဏ္ဍမဏ္ဍ အမည်ရှိသောသူငယ်သည် ဤသို့သောခိုးသူဘေးသည် ငြိမ်းပြီးသည်ရှိသော် ပြန်လာအံ့ဟု ဆို၍ မိမိဥစ္စာတို့ကို နှမကြီးထံ ထားခဲ့ပြီးလျှင် ဇနပုဒ်ရွာ တရွာသို့သွား၍နေလေ၏၊ နောက်အခါ သူခိုးဘေးငြိမ်း၍ တဘန် ထိုမဟာဂါမရွာသို့ ပြန်ခဲ့ပြီးလျှင် နှမကြီးအိမ်၌ပင်လျှင် နေပြန်၏၊ တနေ့သော အခါ၌နံနက် စောစောက ရေချိုး အံ့သော်ငှာ တိဿဝါပိ အမည်ရှိသောရေကန်သို့သွားလေ၏၊ ထိုအခါ ကောဋပဗ္ဗတဝါသီ အမည်ရှိသောတောင်၌ သီတင်းသုံးနေတော်မူသော မဟာနာဂအမည်ရှိသော မထေရ်မြတ်သည် အလုံးစုံသော မဟာဂါမရွာ၌ အိမ်စဉ် ဆွမ်းခံပါသော်လည်း ဆေးထားသော သပိတ် အတိုင်းပင် ဆွမ်းမရသည် ဖြစ်၍ကျောင်းသို့ ပြန်လာခဲ့၏၊ ထိုအခါ သဏ္ဍမဏ္ဍလုလင်သည် ထိုမဟာနာဂမထေရ်မြတ်ကိုမြင်လေလျှင် ဘိက္ခာဟာရော ဘန္တေ လဒ္ဓေါ-ဟုလျှောက်သေ၏။ ဘန္တေ၊ အရှင်ဘုရား။ ဘိက္ခာဟာရော၊ မျှလောက် ရံသောဆွမ်းကို။ လဒ္ဓေါ၊ ရပါ၏လော။ ဤသို့ မေးလျှောက်၏။ ထိုတိဿနာဂမထေရ်မြတ်သည် ဥပါသကာ လဘိဿာမ-ဟု မိန့်ပြန်၏။ ဥပါသကာ၊ ဒါယကာ။ လဘိဿာမ၊ ရပါလတ္တံ့-ဟု မိန့်ဆို ပြန်သည် ရှိသော်ထိုသဏ္ဍမဏ္ဍ အမည်ရှိသော လုလင်သည် ထပ်မံ၍ လျှောက်ပြန်လေ၏။ ထိုသို့ဆွမ်းမရသေးပါလျှင် ဤအရပ်၌ပင်လျှင် ငံ့လင့်တော် မူပါဦးဟုဘိတ်မန်ပြီးလျှင် နှမအိမ်သို့သွားပြီး၍ နှမကြီး ထမင်းရှိပါ သလောဟုမေး၏၊ နှမကြီးသည်လည်း ထမင်းမရှိသေးဖြစ်သောကြောင့် အမောင်ထမင်းမရှိချေသေးဟု ဆို၏၊ ထိုသဏ္ဍမဏ္ဍလုလင်သည် အဆောတလျင်အိမ်နီးပါးချင်းဖြစ်သော သူတို့ထံသို့ ချဉ်းကပ်၍ မိမိ၏အဘိုးတထောင်ထိုက်သော ဘယက်သွယ် တန်းဆာကိုအပိုင်ပေး၍ ထမင်းထုပ်ကိုယူခဲ့

ပြီးလျှင် အရှင်မဟာနာဂမထေရ်ရှိရာအရပ်သို့ အဆောတလျင် ကပ်ပြီးသော် မိမိယူဆောင်ခဲ့သောထမင်းတို့ကို အရှင်မြတ်၏ သပိတ်တော်၌ ထည့်၍လှူဒါန်းလေ၏၊ အရှင်နာဂမထေရ်မြတ်သည် ထိုဆွမ်းကိုခံတော်မူပြီး၍ ဆွမ်းအကျိုး အနုမောဒနာပြုပြီးလျှင် ဆွမ်းကိုယူဆောင်၍ ချမ်းသာယာ ရှိရာအရပ်သို့ ကြွတော်မူလျက် မိမိကိုယ်ကို ဆုံးမတော်မူ၍ သင်္ခါရတရားတို့ကို သုံးသပ် ဆင်ခြင်တော်မူလျှင် ရဟန္တာ အဖြစ်သို့ ရောက်ပြီးမှလျှင် ဆွမ်းကိုဘုန်းပေးတော်မူ၏။

ထိုအခါ အနုရာဓမြို့၌ ဝဋ္ဋဂါမဏိမင်း၏ညီတော် သဒ္ဓါတိဿမင်း၏ သားတော်လေးဦးတို့တွင် အငယ်ဆုံးဖြစ်သော ဝဋ္ဋဂါမဏိမင်းမြတ်၏ ထီးချက်စောင့် နတ်သမီးသည် သဃ်မစ္စလုလင်၏အလှူကို ဝမ်းမြောက်ခြင်း ဖြစ်၍ ထီးချက်၏အဝမှထွက်၍ ကောင်းချီးပေး၏။

သာဓု သာဓု တယာဒိန္နံ၊ ဒါနံ ဌာနေ ပတိဋ္ဌိတံ။
တသ္မာတံ အနုမောဒါမိ၊ သာဓုသာဓု ဥပါသကာ။

ဥပါသကာ၊ အလှူဒါယကာ။ သာဓုသာဓု၊ ကောင်းလေစွ ကောင်းလေစွ။ တယာ၊ သင်လုလင်သည်။ ဒိန္နံ၊ လှူအပ်သော။ ဒါနံ၊ အလှူသည်။ ဌာနေ၊ ပေးအပ်သော အလှူခံပုဂ္ဂိုလ်မြတ်၌။ ပတိဋ္ဌိတံ၊ တည်ထားလှူမိလေ၏။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုသင်၏အလှူကို။ သာဓု သာဓုတိ၊ သာဓု သာဓု ဟူ၍။ အနုမောဒါမိ၊ ဝမ်းမြောက် ဝမ်းသာ ခြင်းကိုပြုသတည်း။

ဤသို့လျှင် သဃ်မစ္စအား ရွှေဦးစွာထီးချက်စောင့်သော နတ်သမီးသည် ကောင်းချီးနှမော် သာဓုခေါ်လေသတည်း၊ ထိုအခါ ဝဋ္ဋဂါမဏိမင်းကြီးသည် ထီးချက်စောင့်နတ်သမီး၏သာဓုခေါ်သော အသံကိုကြားတော်မူ၍ ဤအသံသည် အဘယ်သူအား သာဓုခေါ်သော အသံနည်းဟု မေးတော်မူ၍ ထိုသို့မေးသောအခါ ထီးချက်စောင့်သော နတ်သမီးသည် သဃ်မစ္စလုလင်၏အလှူသည်မြတ်လှသည့်အဖြစ်ကိုကြားပေ၏၊ ထိုနတ်သမီးစကားကိုကြားလျှင် ဝဋ္ဋဂါမဏိမင်းသည် ကြည်ညိုစွာသောစိတ်ဖြစ်၏။

ထိုနောင်မှ တနေ့သ၌ ထိုသဃ်မစ္စသည်ဂေါတသမုဒ္ဒရာ၌ရေချိုးသည်ရှိသော် ထိုသဃ်မစ္စ၏ ကုသိုလ်ကောင်းမှု အာနုဘော်၏ အစွမ်းကြောင့် ရွှေကောက်ပဲလေးထောင်ဖြင့် ပြည့်သော ကျင်တုံးတခုသည် မျောလာလေ၏၊ ထိုကျင်တုံးသည် ထိုသဃ်မစ္စကို ထိခိုက်လာလေ၏၊ ထိုအခါ သဃ်မစ္စလုလင်သည် ထိုကျင်တုံးကို ထင်းတုံးဟု အောက်မေ့သည်ဖြစ်၍

လက်ဖြင့် အဝေးသို့ တွန်းဖယ်လိုက်၏၊ ထိုသို့ တွန်းဖယ် သော်လည်း ထိုကျင်တုံးသည် ကြိမ်းဖန်များစွာလျှင် ထိုသဏ်မစ္စ၏ ကိုယ်ကိုထိခိုက် လာ၏၊ ထိုသို့ကိုယ်ကို ကြိမ်ဖန်များစွာ ထိခိုက် လာသောကြောင့် အကြောင်းရှိသည်ဖြစ်ရာ၏ဟုအောက်မေ့မိလေ၏၊ ထိုအခါထုတ်ဆော်၍ ကြည်းကုန်းထက်သို့တင်ပြီးလျှင် သန်လျက်ဖြင့်ခုတ်ဖြတ်၍ ကြည့်သည် ရှိသော် ရွှေကိုမြင်သဖြင့် ထိုရွှေကိုအိမ်သို့ ဆောင်ယူခဲ့ပြီးလျှင် နှမအား ပေးခဲ့၍၊ အနုရာဓမြို့သို့ သွားအံ့ဟူ၍ နှမ၏ လက်၌ရှိသော အသပြာ တထောင်စီထိုက်သော ပုဆိုးအစုံကိုယူ၍ ရတနာတို့ဖြင့် စီအပ်သော အရိုးရှိသော သန်လျက်ကို ခါး၌ချည်ပြီးလျှင် မဟာဂါမရွာမှ ထွက်သွား လေသောအခါ တပါးသောရဟန်းမြတ်သည် သက်နိုးရုံ၍ တိမ္ဗဂါမရွာ၌ အိမ်စဉ် ဆွမ်းရပ်ပါသော်လည်း ဆေးပြီးတိုင်းသော သပိတ်နှင့်သာ ဆွမ်းမရဘဲလျှင် ထိုတိမ္ဗဂါမရွာမှ ထွက်ခဲ့လေ၏၊ ထိုသဏ်မစ္စလုလင်သည် တုစ္ဆ ဟတ္ထဟု ဆိုအပ်သော သပိတ်သာပိုက်၍ ရွာမှထွက်လာသော မထေရ်မြတ်ကိုမြင်လေလျှင် ဘိက္ခာဟာရောဘန္တေ လဒ္ဓေါ ဟု လျှောက် လေ၏၊ ထိုအခါ မထေရ်မြတ်သည်လည်း ဥပါသကာ လဘိဿာမဟု မိန့်ဆိုတော်မူ၏၊ ထိုအခါ သဏ်မစ္စလုလင်သည် အရှင်ဘုရား ဤအရပ်၌ အတန်ငယ်ငံ့လင့်တော်မူပါဟု လျှောက်ထားပြီးလျှင် ထိုတိမ္ဗဂါမရွာသို့ ဝင်ပြီးလျှင် အသပြာငါးရာထိုက်သော မိမိရုံခဲ့သော ပုဆိုးတို့ကိုပေး ပြီးလျှင် ထမင်းကိုယူခဲ့၍ ထိုရဟန်းမြတ်၏ သပိတ်တော်ကို တောင်း၍ ဆွမ်းထည့်ပြီးလျှင် လှူဒါန်းလေ၏၊ ထိုမထေရ် မြတ်သည်လည်း ထို ဒါယကာလှူသောဆွမ်းကိုယူ၍ချမ်းသာစွာသောအရပ်၌နေ၍ အဟာရဇ ကာယ၌ သမထ ဝိပဿနာဉာဏ်ကိုသွင်း၍ ပွားများ ဆင်ခြင်သုံးသပ် လတ်သည်ရှိသော် ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ ထိုသို့ရောက်မှ ဆွမ်းကို ဘုဉ်းပေးလေ၏၊ ထိုအခါ၌လည်း ဝဋ္ဋဂါမဏိမင်း၏ ထီးချက် စောင့်သော နတ်သွီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်၍ ထိုသဏ်မစ္စ၏ အလှူကို ကောင်းချီးပေးပြန်လေ၏။

သာဓုသာဓု တယာ ဒိန္နံ၊ ဒါနံ ဌာနေ ပတိဋ္ဌိတံ။
တဿာ တံ အနုမောဒါမိ၊ သာဓုသာဓု ဥပါသကာ။

(ဎင်းဂါထာအနက်ကို နောက်ကအတိုင်းမှတ်ယူပါလေ) ဤသို့လျှင် ဝဋ္ဋဂါမဏိမင်းကြီး၏ ထီးချက်စောင့်နတ်သွီး သာဓု ခေါ်ခြင်းသည် သဏ်မစ္စလုလင်၏ အလှူကို ဝမ်းမြောက်သဖြင့် နှစ်ကြိမ် မြောက်သော

သာဓုခေါ်ခြင်းတည်း၊ ထိုအခါဝင္ဂါမဏိမင်းကြီးသည်လည်း ထီးချက်စောင့်နတ်သွီး၏သာဓုခေါ်သောအသံကိုကြား၍ နတ်သွီး-အဘယ်သူ၏အလှူကို သာဓုခေါ်သနည်းဟု မေး၏၊ နတ်သွီးလည်းဆိုလေ၏ မင်းကြီးသဃ်မစ္စ၏အလှူသည်မြတ်လှသောကြောင့် ငါသာဓုခေါ်ပေသတည်းဟုဆိုလေ၏၊ ထိုနတ်သွီးစကားကိုကြား၍ ဝင္ဂါမဏိမင်းကြီးသည် ကြည်ညိုလေးမြတ်သောစိတ်ဖြစ်လေ၏။

ထိုမှ တပါးလည်း ဒေဝဂိရိဝိဟာရ- အမည်ရှိသော တောင်ထိပ်ကျောင်းရပ်၌ သီတင်းသုံးသော ရဟန်းမြတ်အား တဆယ့် နှစ်နှစ်ကာလပတ်လုံး လေနာသည် နှိပ်စက်လှဘိ၏၊ ထိုအရိယာ ရဟန်းမြတ်သည် တနေ့သ၌ တပည့်ငယ်တဦးကိုခေါ်၍ အမောင်သာမဏေ ငါ့အားထောပတ်ကို အလိုရှိသည်ဟု ဆို၏၊ သာမဏေသည်လည်း ကောင်းပြီဟုဝန်ခံပြီးလျှင် ကောင်းစွာဖုံးလွှမ်း ဝတ်ရုံလျက် ခွက်ငယ်ကိုယူ၍ အလုံးစုံသောရွာတို့၌ လှည့်ပတ်၍ရှာသည်ရှိသော် အနည်းငယ်မျှလောက်သောထောပတ်ကိုမျှမရပါ၍ ကျောင်းသို့ပြန်လာခဲ့ရာ ခရီးအကြား၌ သဃ်မစ္စလုလင်နှင့်တွေ့သဖြင့် ထိုသာမဏေသည် ခွက်ငယ်ကိုကိုင်ကာ လက်ချည်းသာလျှင် လာလတ်သည်ကို မြင်၍ ဘန္တေ-ကိံ ပရိယေသထ၊ အရှင်ဘုရား။ အဘယ်သို့သောဝတ္ထုကို ရှာသနည်းဟု ဤသို့ မေးလျှောက်၏၊ ထိုအခါ သာမဏေသည် မေးသောဒါယကာအား မိမိလိုသော ထောပတ်ဝတ္ထုကို အလုံးစုံသော ရွာတို့၌ အလှူခံပါသော်လည်း အနည်းမျှမရသည့်အတွက် ခွက်ချည်းသာလျှင် ပြန်လာခဲ့ရသော အကြောင်းကိုပြန်ပြောလေ၏၊ ထိုအခါ သဃ်မစ္စလုလင်သည် ထိုသာမဏေ လိုသောထောပတ်ကို လှူလိုလှသည် ဖြစ်၍ အရှင်ဘုရား ဤအရပ်၌ သာလျှင်အတန်ငယ် ရပ်နေတော်မူပါ ဘုရားဟု လျှောက်ထား ပြီးလျှင် ထိုသာမဏေ၏ခွက်ကိုယူ၍ ရွာတွင်းသို့ဝင်ပြီးလျှင် ကိုယ်တွင် ဆင်ယင်အပ်သော မြတ်သောကျောက်တို့ဖြင့် စီအပ်သော လည်ရွဲဘယက် တန်ဆာတို့ကို ထောပတ်အလို့ငှာ ထားခဲ့၍ ရှစ်အသပြာ အဘိုးထိုက်သော ထောပတ်ကို ခွက်၌ အပြည့်ထည့်လျက် ဆောင်ယူခဲ့ပြီးလျှင် သာမဏေအားလှူလိုက်လေ၏၊ သာမဏေသည် ထောပတ်ကိုယူဆောင်ခဲ့၍ ဆရာတော်ဖြစ်သော မထေရ် မြတ်အား ကပ်လေ၏၊ ထိုထောပတ် ရခဲ့သောအကြောင်းကိုလည်း အလုံးစုံအကြွင်းမရှိ ကုန်စင်အောင် ပြန်လျှောက်ကြားပေ၏၊ မထေရ်မြတ်သည်လည်း ထိုထောပတ်ကို ဆေးစပ်ပြီးသော်

ဆီတို့နှင့် ရောစပ် ချက်ကြိုပြီး၍ နှာနှတ်တံတွင် သုတ်လိမ်း၍ နှာနှတ်သည် ရှိသော် ထို တဆယ့်နှစ်နှစ်အစဉ် နာနေသော လေရောဂါသည် ပဒုမ္မာကြာဖက်မှ ရေပေါက်တို့ကဲ့သို့ တခဏချင်းလျှင် ပျောက်လေ၏၊ ထို မထေရ်မြတ်သည် အနာငြိမ်းပြီးသည် ရှိသော် ကျန်သော ထောပတ်ဆီတို့ကို ဘုရားသခင် ဆင်းတုတော် တည်ရာ လိုဏ်ဂူတွင်း၌ ဆီမီးထွန်းညှိ ပူဇော်လေ၏၊ ထိုမထေရ်သည် လေနာကင်းငြိမ်းသည်ရှိသော် ကိုယ်စိတ်နှစ်ပါးတို့၌ ကျန်းမာခန့်ငြားသည့်အတွက် တည်ကြည် ငြိမ်သက်သော သမာဓိခြေကို ရှေ့သွားပြု၍ သမထဝိပဿနာ တရားကို ပွားများစေအပ်သည်ရှိသော် များမကြာမီပင် ရဟန္တာအဖြစ်သို့ ကောင်းစွာရောက်ရှိတော် မူလေသတည်း။ ထိုအခါ ရှေ့နည်းတူပင်လျှင် ထို ဝဋ္ဋဂါမဏိမင်းကြီး၏ ထီးချက်စောင့်သော နတ်သမီးသည် ကောင်းချီး သာဓုပေးလိုသည်ဖြစ်၍ ဤဂါထာဖြင့် ဆို၏။

သာဓု သာဓုတယာဒိန္နံ၊ ဒါနံ ဌာနေ ပတိဋ္ဌိတံ။
တသ္မာတံ အနုမောဒါမိ၊ သာဓုသာဓု ဉပါသကာ။

(၎င်းဂါထာပါဌ်အနက် နောက်ကနှင့် အတူတူမှတ်ယူပါ။)ဤသို့လျှင် သဿမစ္စလုလင်၏ အလှူကို ဝဋ္ဋဂါမဏိမင်း၏ ထီးချက်စောင့် နတ်သမီးသည် သုံးကြိမ်သော သာဓုခေါ်ခြင်းတည်း။

ထိုနောက် ဝဋ္ဋဂါမဏိမင်းကြီးသည်လည်း ရှေ့နည်းအတူဖြင့်သာလျှင် နတ်သမီးကိုမေးတော်မူ၏၊ ထိုထီးချက်စောင့် နတ်သမီးသည် ဟုတ်မှန်သည့်အတိုင်းကိုဆိုသော် ဝဋ္ဋဂါမဏိမင်းကြီးသည် ဝမ်းမြောက်သည် ဖြစ်၍ ထိုသဿမစ္စလုလင်ကို မြင်လိုရကား အမတ်တို့ကို ခေါ်၍ အမောင်အမတ်တို့ သဿမစ္စဟူသော သူသည် အဘယ်မှာ ရှိလေသနည်း–ဟု မေးတော်မူ၏၊ အမတ်တို့သည် အရှင်မင်းကြီး အကျွန်ုပ်တို့သည် မသိချေဟူ၍ လျှောက်ထားကုန်၏၊ အမောင်အမတ်တို့ ထိုသဿမစ္စကို စူးစမ်းဘွေရှာ၍ ဆောင်ယူကြလေကုန်၊ ထိုသဿမစ္စအား ကြီးစွာသောစည်းစိမ်ချမ်းသာ အခြွေအရံတို့ကို ပေးတော်မူလိုသည်ဟု ဆိုတော်မူ၏။ ထိုသို့သောမင်းမြတ်၏ အမိန့်စကားကိုကြား၍ အမတ်တို့သည် သဿမစ္စကို ရှာအံ့သော၄ှာ တံခါးလေးမျက်နှာတို့မှ ထွက်ကြလေကုန်သည် ရှိသော် အရှေ့တံခါးဖြင့် ထွက်သွားသောသူသည် စိတ္တလဝါဝိ အမည်ရှိသော ရေကန်၏အနီး၌ တွေ့မြင်လေ၏၊ထိုသဿမစ္စလုလင်သည်ကား မင်းကြီးကို

ဖူးမြင်အံ့ဟူ၍ သန်လျက်ကိုခါး၌ ချည်နှောင်ဖွဲ့စည်းလျက် ပင်ပန်းသော သဘောဖြင့်သာလျှင် လာလေ၏။

ထိုအခါ မင်း၏တမန်တို့နှင့် တွေ့ဆုံကြလေသော် မင်း၏ တမန်တို့သည် ထိုလုလင်အား အမျိုးအမည်တို့ကို မေးသည်ရှိသော် သဏ်မစ္စ လုလင်၏ အဖြစ်ကိုသိ၍ ပြည်ကြီးသခင် အရှင်မင်းသည် အမောင် သဏ်မစ္စကို မြင်ခြင်းငှာ အလိုရှိတော်မူပါသည်၊ ရှာတွေ့ကြဟူ၍ ငါတို့ကို စေတော်မူသောကြောင့် အရှာလာရသည်ဆိုဟု၏၊ ထိုသဏ်မစ္စ လုလင်ကို မင်းချင်းတမန်တို့သည် ခေါ်၍ သွားကြလေကုန်၏၊ ထိုသဏ်မစ္စလုလင် သည် မင်း၏စေကျွန်တမန်တို့နှင့်တကွ လာခဲ့ကြသည်ရှိသော် စေတိယ ပဗ္ဗတ အမည်ရှိသောတောင်၌ ကျောင်းစရပ် ပရိဝုဏ်သို့ ရောက်လျှင် ရဟန်းတော်တို့ကိုရှိခိုး၍ အပင်ပန်းဖြေနားနေစဉ် တဦးသောဒီဃာသဝ ဖြစ်သော ရဟန္တာအရှင်မြတ်သည် သက်နီးချုပ်သော အမှုကို ပြုသည် ရှိသော် ပုဆိုးပိုင်းပြတ်သည် မလောက်ဘဲရှိသောကြောင့် ခေါက်လျက် ထားရလေ၏ ထိုအကြောင်းကို သဏ်မစ္စမြင်၍မိမိ၏ အဝတ်ကို ဖြတ်၍ လှူလေ၏၊ထိုရဟန္တာမြတ်သည် ထိုသက်နီးကိုရောစပ်၍ချုပ်၏၊ထိုသဏ်မစ္စ လုလင်သည် ထိုသက်နီးချုပ်ပြီးသည်ကို မြင်၍ ဝမ်းမြောက် ဝမ်းသာ ရှိလျက် အနုရာဓမြို့သို့ ဝင်လေ၏၊ ထိုအခါ၌လည်း ဝဋ္ဋဂါမဏိမင်း၏ ထီးချက်စောင့်နတ်သွီးသည် ရှေ့ကကဲ့သို့ ကောင်းချီးသာဓု ပေးပြန်၏။

သာဓု သာဓု တယာဒိန္နံ၊ဒါနံ ဌာနေပတိဋ္ဌိတံ။
တသ္မာတံ အနုမောဒါမိ၊ သာဓု သာဓုဥပါသကာ။

(ဂုင်းဂါထာပါဌ်အနက်ကို နောက်ကအတိုင်းမှတ်ယူပါ။) ဤသို့လျှင် သဏ်မစ္စအလှူကို ထီးချက်စောင့်နတ်သွီးသည် သာဓုခေါ်ခြင်း လေးကြိမ် မြောက်ဖြစ်လေသတည်း။

ထီးချက်စောင့်နတ်သွီး သာဓုခေါ်သည်ကို မင်းကြီးကြားတော်မူ၍ ရှေ့နည်းအတူလျှင် ဝမ်းမြောက်ဝမ်းသာ ထိုသဏ်မစ္စ၏ကျေးဇူးစကားကို အမတ်တို့အားပြော၍ နေတော်မူလင့်သတည်း၊ ထိုပြောသော ကာလ ၌လျှင် သဏ်မစ္စသည် ရောက်လာလေ၏၊ ထိုသဏ်မစ္စ ရောက်သော အကြောင်းကို မင်းအားလျှောက်လေ၏၊ ထိုအခါဝဋ္ဋဂါမဏိမင်းကြီးသည် ထိုသူအား အလျှင်ဝင်လာစေရန် ပြောလေ၏၊ သဏ်မစ္စလုလင်သည် ရွှေနန်းတော်တွင်းသို့ဝင်၍ မင်းကြီးအားရှိခိုး၍ လျှောက်ပတ် သင့်တင့် သော အရပ်၌ နေလေ၏၊ ထိုအခါ သဏ်မစ္စအား မင်းကြီးသည်နှစ်သက်

တော်မူသည်ဖြစ်၍ သာယာစွာသောစကားဖြင့် မေးမြန်းခြင်းကို ပြု၍ များစွာသော အခြံအရံစည်းစိမ်နှင့်တကွ ဘဏ္ဍာအုပ်စိုးရသောအရာဖြင့် ချီးမြှောက် ထောက်ပံ့တော်မူ၏၊ ထိုသဿမစ္စလုလင်သည် ရှေးဇာ ပြုခဲ့ ဘူးသော ကုသိုလ်ကောင်းမှုထို ဝမ်းမြောက်ဝမ်းသာဖြစ်၍ မြတ်နိုးစွာ လှူဒါန်း ပေးကမ်းခြင်းကို ပြုမိလေသည်တကားဟု အောက်မေ့လျက် မင်း၏အထံတော်၌ မင်းပေးသော စည်းစိမ် ချမ်းသာဖြင့် သာလျှင် ဝမ်းမြောက်ဝမ်းသာနေလေ၏။ ဤသည်လျှင် သဿမစ္စလုလင်၏ စကား တရပ်အပြီးသတ်သတည်း။

## သက်န်းတထည်လှူဒါန်းသော သဿဒတ္တာသူငယ်မ၏ အကျိုးပေးပုံဝတ္ထု

တနေ့သောအခါ ဗြာဟ္မဏတိဿပုဏ္ဏားသည် အနုရာဓမြို့ကို တောင့် တသည်ဖြစ်၍ စစ်ပြုအံ့သောငှာလာလတ်သောအခါ တဦးသောအမျိုး၌ သားယောကျ်ား ခုနစ်ယောက် သမီးတယောက် ရှိသည်ဖြစ်၍ သမီး တယောက်ကိုမူကား သဿဒတ္တာဟူသော အမည်ကို မှည့်၏၊ မိဘတို့ သေလွန်သည် ရှိသော် ဗြာဟ္မဏတိဿ ပုဏ္ဏားသည် အနုရာဓ မြို့ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ခုနစ်ပြည်တောင်သော ဒမိဠကျေးအရိုင်း တို့သည် ရောက်လာပြန်သတည်း၊ ထိုသို့ကျေးရန်သူ အများတို့ လာကြ ကုန်သောကြောင့် သဿဒတ္တာဟူသော သူငယ်မ၏ မောင်ခုနစ်ယောက် တို့သည် ငါတို့ကား ရွာစွန်တောအုပ်နီးရာသို့သွားကုန်၍ အသက်မွေးအံ့ ဟူ၍ အလုံးစုံသော မောင်ခုနစ်ယောက် နှမတယောက်၊ ဤသားချင်း ရှစ်ယောက်တို့သည် အလိုဆန္ဒ တူကြကုန်သည်ဖြစ်၍ နှမငယ်ဖြစ်သော သဿဒတ္တာအား သွားအံ့သောအကြောင်းကိုဆို၏၊ နှမငယ်လည်း သွားအံ့ သောအကြောင်းကိုသိပြီး၍ မိမိ၏ဆရာ ဆွမ်းအမြဲ ဘုဉ်းပေးလာသော ဝိယောဂ ဂလ္လကျောင်း၌ သီတင်းသုံးသော စူဠနာဂ မထေရ်မြတ်ကို ပင့်ဆောင်ပြီး၍ ပစ္စန္တရစ် တောအုပ်နှင့်နီးသော ရွာစွန်သို့သွားကြကုန်၏၊ ထိုအခါ စူဠနာဂမထေရ်မြတ်အား သစ်ရွက်မိုးသောကျောင်း၌ နေစေ၍ ခုနစ်ယောက်သော မောင်တို့သည် တောအုပ်သို့ သွားပြီး၍ အထူး ထူးသော သစ်သီးတို့ကို ဆောင်ယူကုန်၍ မထေရ်မြတ်အားငင်း နှမငယ် အားငင်း ကျွေးမွေးကြကုန်၏၊ တနေ့သောအခါ၌ မောင်တို့သည် လှည့်ပတ် သွားရာအရပ်၌ တထည်သော ပုဆိုးကိုရခဲ့၏၊ ထိုပုဆိုးကို နှမငယ်အား ဝတ်စိမ့်သောငှာ ပေးကုန်၏၊ ထိုသဿဒတ္တာ အမည်ရှိသော

သူငယ်မသည် ခုနစ်ရက်မြောက်သောနေ့၌ ဆွမ်းဘုဉ်းပေးအံ့သောငှာ နေရာအိမ်သို့ ကြွလာတော်မူသော ဆရာဖြစ်သော ရှုဥနာဂ မထေရ်မြတ်၏ အဝတ်သက်န်း နွမ်းပါးသည်ကို သဏ်ဒတ္တသူငယ်မ မြင်သည်ရှိသော် ငါ့အားမောင်တို့သည် ဝတ်စိမ့်သောငှာ ပေးသော အဝတ်တထည်ကို မထေရ်မြတ်အား လှူအံ့ဟုကြံ၍ မိမိသည်ကား နွမ်းနယ်စုတ်ပြတ်သောအဝတ်ကိုဝတ်၍ထိုမောင်တို့ပေးသောပုဆိုးသစ်ကိုမထေရ်မြတ်အားလှူလေ၏၊ ထိုအခါ မထေရ်မြတ်သည်ကား ဤသို့ဆို၏၊ နှမ ငါရဟန်းသည်ကား ထိုပုဆိုးသစ်ကို အလိုမရှိ အဟောင်းအနွမ်းကိုသာလျှင် အလိုရှိသည် အကယ်၍ အနွမ်းရှိတုံအံ့၊ ထိုအနွမ်းသည်သာ ငါ့အား လျှောက်ပတ်၏ဟုဆို၍ ပယ်လေ၏၊ ထိုသဏ်ဒတ္တအမည်ရှိသော သူငယ်မသည် ဆရာဖြစ်သော ရှုဥနာဂမထေရ်မြတ်အား အကြိမ်ကြိမ်တောင်းပန်လျက် ပုဆိုးကိုခြေရင်း၌ထားခဲ့၏၊ ထိုမထေရ်မြတ်သည်လည်း ထိုပုဆိုးကိုချုပ်ဆိုးဝတ်ရုံ၍ စိတ်၏တည်ကြည်ခြင်းကိုရသဖြင့် ဝိပဿနာတရားကိုပွားများသည်ရှိသော် ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏၊ ထိုသဏ်ဒတ္တ သူငယ်မသည်လည်း ထိုအဝတ်ကိုလှူရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိသည်ဖြစ်၍ မိမိအလှူကိုဆင်ခြင်၍ နေလေ၏၊ ညအခါ၌လည်း မိမိအဝတ်လှူသည်ကို တစိမ့်စိမ့် အောက်မေ့လျက် အိပ်၏၊ ထိုအလှူ၏အာနုဘော်အစွမ်းကြောင့် ထိုခဏ၌သိကြား၏ ပဏ္ဍုကမ္ဗလာကျောက်ဖျာ နေရာသည် ပူသောအခြင်းအရာကိုပြု၏၊ ထိုသိကြားမင်းသည် ဆင်ခြင်ကြည့်ရှုလတ်သည်ရှိသော် သဏ်ဒတ္တသူငယ်မသည်ပြုအပ်သော ကုသိုလ်ကောင်းမှုကံကိုမြင်သဖြင့် နှစ်သက်ရွှင်လန်းသောစိတ်ဖြင့် ရှစ်ထည်သော နတ်ပုဆိုးတို့ကို တခုသော ပခြုပ်အိတ်၌ထည့်၍ ကိုယ်တိုင်ယူဆောင်ခဲ့ပြီး ထိုသဏ်ဒတ္တအမည်ရှိသောသူငယ်မ၏ ဦးခေါင်းရင်း၌ထား၍ ဤပခြုပ်၌ ပုဆိုးတို့ကို ယူ၍မကုန်နိုင်စေသတည်း ဟု မိဌာန်ခဲ့ပြီးလျှင် မိမိနေရာတာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏၊ ထိုသဏ်ဒတ္တ သူငယ်မသည် နိုးလတ်သည်ရှိသော် မိမိ၏ဦးခေါင်းရင်း၌ သိကြားမင်း ထားခဲ့သော ပခြုပ်ကိုမြင်၍ ကြည့်သည်ရှိသော် တိမ်ခိုးနှင့်တူသော သိမ်မွေ့နူးညံ့သော နတ်ပုဆိုးတို့ကိုမြင်၍ ငါလှူအပ်သော အလှူ၏အကျိုးကို ယနေ့ပင်ရလေပြီဟု ဝမ်းမြောက် ဝမ်းသာခြင်းဖြစ်လျက် ထိုပခြုပ်မှ ထုတ်၍ တထည်သော ပုဆိုးကို မိမိဝတ်ပြီးလျှင် မောင်ခုနစ်ယောက် တို့အား ပုဆိုးတထည်စီပေးပြီးလျှင် ဆရာဖြစ်သော ရှုဥနာဂ မထေရ်မြတ်အား

သက်နီးသုံးထည် လောက်လောက်ရုံ လှူ၏၊ ထိုသို့သုံးဆောင်ပေးလှူပြား သော်လည်းပခြုပ်၌ပုဆိုးတို့သည်မကုန်နိုင်သည်ကိုမြင်၍ဝမ်းမြောက်သော စိတ်ဖြင့် ထိုပစ္စေကဗုဒ္ဓရစ်ရှာစွန်၌ အစွန့်ရှည်စွာ ကာလပတ်လုံး နေပြီးမှ ပြည်ရွာငြိမ်းချမ်းသည်ရှိသော် ပစ္စေက ပဗ္ဗတဟု ဆိုအပ်သော ရွာစွန် တောအရပ်မှဘဲခွါခဲ့၍ အနုရာဓမြို့သို့ပြန်ခဲ့သည်ရှိသော်တိဿဝါပီအမည် ရှိသော ရေကန်သို့ ရောက်လာလေ၏။ ထိုအခါ သဏ်မစ္စလုလင်သည် များစွာသော အခြီအရံတို့နှင့်တကွ ဗဟုသုတပဏ္ဍိတဖြစ်သော ပညာရှိတို့ ခြီရံလျက် ရေချိုးအံ့သော ငှာလာ၍ တိဿဝါပီ ရေကန်၌ ရေကစား ကြကုန်၏၊ ထိုခဏ၌ပင်လျှင် မိုဃ်းကြီးသည် သည်းထန်စွာရွာလတ်သော် ပြင်းထန်စွာသောအသံတို့ဖြင့် ထစ်ချုန်းအော်မည်လျက် ထိုထိုကောင်း ကင်မှ မိုဃ်းကြိုးကျလတ်သည်ရှိသော် ရေကန်ရိုးထိပ်၌ ဆောက်လုပ် အပ်သော မဏ္ဍပ်သို့ပြေးဝင်ကြကုန်၏။

ထိုအခါ သဏ်ဒတ္တသူငယ်မနှင့်အတူ လာကုန်သော ခုနစ်ယောက် သော မောင်ကြီးတို့သည်လည်း မိုဃ်းကြီးသည် ရွာလတ်သောကြောင့် ထိုမဏ္ဍပ်သို့ ပြေးဝင်ကြကုန်စဉ် ထိုသဏ်ဒတ္တ သူငယ်မသည် အတုရိတ-ဟု ဆိုအပ်သော မလျင်မလျား ပကတိသော သွားမြဲတိုင်းသာ မိန်းမတို့၏ အခြင်းအရာ အပြုအပြင်နှင့် ပြည့်စုံစွာလျှင် သာယာ ဖြည်းညှင်းစွာ လာလတ်သတည်း။ ထိုအခါ သဏ်မစ္စလုလင်သည် ထိုသဏ်ဒတ္တ အမည် ရှိသော သူငယ်မ၏ သွားသော အခြင်းအရာကို မြင်၍ ဤနှမငယ်သည် ကား တည်ကြည် ငြိမ်သက်သောဂုဏ်နှင့် ပြည့်စုံသော သူငယ်မတည်း။ ဤ နှမငယ်ကဲ့သို့သော အရှက်အကြောက် နှင့်ပြည့်စုံသော သူငယ်မကို မမြင် စဘူးချေ-ဟူ၍ ကြံပြီးလျှင် ထိုသဏ်ဒတ္တသူငယ်မ၌ တပ်စွန်းငြိတွယ် သော စိတ်ရှိသည်ဖြစ်၍ ထိုသူငယ်မကို မမြင်သော အယောင်ကဲ့သို့ နေပြီးလျှင် ပညာရှိသောသူတို့သို့ ရှေရှုသည်ဖြစ်၍ ထိုပညာရှိတို့အားအဘယ်ကဲ့သို့ သော ဂုဏ်ကျေးဇူး အကျင့်လက္ခဏာနှင့် ပြည့်စုံသော မိန်းမ တို့သည် လင်၏ အမျိုးအဆွေ သားစဉ်မြေးဆက် တိုးပွားစေတတ်ပါသနည်း-ဟု မေး၏၊ ထိုအခါပညာရှိတို့သည်-

၁။ လောကာ ဝဒန္တိ ပုရိသာ၊ သုခ ဒုက္ခံ ဘဝါ ဘဝံ။
ဘရိယာ ယတ္တန္တိ ဥတ္တာ၊ ကိလန္တိ သင်ဟော ဗုဓော။
၂။ ယာကညာ ဒေဝကညာ ဝ၊ ဟောတိ သဗ္ဗင် သောဘဏာ။
တဿာစေ ဒုဗ္ဗဏ္ဏာ ဟောတိ၊ တေဟိ ရူပမ္ပိ ဋ္ဌယတိ။

စသည်ဖြင့် မဓုရသဝါဟိနီ ဝတ္ထုကျမ်း၌ လာသည့်အတိုင်း များစွာ ဆိုကြကုန်၏။ ယာကညာ၊ အကြင်မိန်းမသည်။ ဒေဝကညာဝ၊ နတ်သမီးကဲ့သို့။ သဗ္ဗင်္ဂသောဘဏာ၊ ခပ်သိမ်းသော အင်္ဂါ လက္ခဏာ တို့ဖြင့် တင့်တယ်သည်။ စေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ ပုရိသာ-ပုရိသာနံ၊ လင်ဖြစ်သော ယောကျ်ားတို့၏။ ဘဝါဘဝံ၊ ဘဝငယ် ဘဝကြီး၌ဖြစ်သော။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲသည်။ ဘရိယာယတ္တံ၊ မယားဖြစ်သော ငါတို့ မိန်းမနှင့် စပ်ချေသည်တကား။ ဣတိ၊ ဤသို့။ ဥ တွာ၊ သိတတ်၍။ ကိလန္တသင်္ဂဟော၊ မပျင်းမရိ တကြွလုံ့လစိုက်ခြင်းအမှု၌။ ဗုဓာ၊ပညာဉာဏ်ရှိ၏။ တဿ၊ ထိုသို့ပညာရှိ၍ စိမ်တတ်သောမိန်းမအား။ တေဟိ၊ ထိုသို့သော အကျင့်ကျေးဇူးကြောင့်။ စေဒုဗ္ဗဏ္ဏာဟောတိ၊ အဆင်းအဝါ မလှငြားသော်လည်း။ ရူပမှိ၊ အဆင်းအဝါ လှပတင့်တယ်သော သဘော၌။ ဌိယတိ၊ တည်လေ၏။ ဣတိ၊ ဤသို့။ လောကာ၊ လူတို့သည်။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ ဤသို့လျှင် ပညာရှိသောသူတို့သည် သဉ်မစ္စလုလင်ကို မိန်းမတို့၏ ကြန်အင်္ဂါလက္ခဏာတို့ကို ဆိုပေ၏၊ ထိုပညာရှိတို့ စကားကို ကြား၍ သဉ်မစ္စလုလင်သည် အဝေးမှ လာလတ်သော- သဉ်ဒ္ဒတ္တ သူငယ်မကို ပညာရှိဘို့အား ညွှန်ပြသည်ရှိသော် ထိုပညာရှိ တို့သည် ဤကဲ့သို့သော သူငယ်မကို မမြင်ဘူးချေ၊ အသိအမြင် ပညာနှင့် ပြည့်စုံသော •သူငယ်မပေတည်းဟု ပြောဆိုကြသဖြင့် သဉ်မစ္စ လုလင်သည် အခြံအရံ ဖြစ်သောသူတို့ကို အမောင်တို့-ဤသူငယ်မအား ခင်ပွန်းလင် ရှိမရှိကို သိအောင်ပြုပါချေဟု စေ၏။

ထိုသူများတို့သည် သွားကြကုန်သည်ဖြစ်၍ မေးလတ်သည် ရှိသော် ခင်ပွန်းလင် မရှိသော အဖြစ်ကိုသိ၍ သဉ်မစ္စလုလင်အား အကြောင်းကို ကြားကြကုန်၏၊ ထိုသဉ်မစ္စလုလင်သည် ထိုသို့သောစကားကို ကြားလျှင် သဉ်ဒတ္တသူငယ်မ၏ မောင်ခုနစ်ယောက်တို့ကို ခေါ်စေ၍ သဉ်မစ္စ လုလင်သည် မိမိမယားပြုခြင်းငှာ အလိုရှိသည်၏အဖြစ်ကို ဆိုပေ၏၊ သဉ်ဒတ္တ မောင် ခုနစ်ဖော် တို့သည် သဘောတူညီကြ ပြီးသည် ရှိသော် သဉ်မစ္စလုလင်သည် အလုံးစုံသော တန်ဆာတို့ဖြင့် ဆင်ယင်ပြီးလျှင် ကြီးစွာသောမင်္ဂလာကိုပြု၍ မိမိ၌ရှိသော အလုံးစုံသော စည်းစိမ်ချမ်းသာတို့ကို အပ်နှင်းလေ၏၊ ထိုသဉ်ဒတ္တ သူငယ်မ သည်လည်း လင်ဖြစ်သော သဉ်မစ္စလုလင်ကို အစပြု၍ အယုတ်သဖြင့် အစေအပါး ဖြစ်သော ကျေးကျွန်စသော သူတို့အားလည်း နတ်ပုဆိုးတို့ကို ပေး၏၊

ထိုနောင် သဉ်မစ္ဆလုလင်သည် သဉ်ဒတ္တ သူငယ်မ၏ မောင်ခုနစ်ယောက်တို့ကို မြင်းကျောက်ကုန်းထက်၌ စီးစေကုန်လျက် များစွာသော အခြံအရံတို့နှင့် တကွ ခြံရံလိုက်စေ ပြီးလျှင် အနုရာဓမြို့သို့ပို့စေ၏၊ မိမိသည်ကား ဇနီးမယားဖြစ်သော သဉ်ဒတ္တသူငယ်မနှင့် အတူတကွ တခုသောယာဉ်၌စီးလျက် အနုရာဓမြို့သို့ ရှေ့ရှုလာ၏၊ ထိုသို့ ရှေ့ရှုလာသော အခါ သဉ်ဒတ္တသူငယ်မသည် ဒက္ခိဏမဟာစေတီကိုငင်း၊ ရတနမာလိက မဟာစေတီကိုငင်း မြင်၍ လုလင်ဖြစ်သော သဉ်မစ္ဆကိုဆို၏၊ အရှင့်သား– ဤနှစ်ရပ်ကုန်သော ကျောင်းအရံတို့၌ နှစ်ဆူကုန်သော စေတီတော်ကို တံခွန် ကြက်လျှာ ကုပ်ကားတို့ဖြင့် ပူဇော်လှူဒါန်း၍ သွားကြကုန်အံ့ဟု– ဆိုသည်ရှိသော် သဉ်မစ္ဆလုလင်သည် များစွာကုန်သော တံခွန်တိုင် ဝါးတိုင်တို့ကို လှည်းနှင့်အပြည့်တင်စေ၍ ဆောင်ယူစေ၏၊ ထိုခဏ၌ သဉ်ဒတ္တသည် နှစ်ရပ်သောကျောင်းအတွင်းဝယ် စေတီတော် တို့အား တံခွန် ကြက်လျှာ ဝါးတိုင်တို့ကို စိုက်ဆောက်ပြီးလျှင် ရွှေဝါသော အဆင်းရှိကုန်သော နတ်ပုဆိုးတို့ဖြင့် တံခွန်ပြုလုပ်၍ ပူဇော် လေ၏၊ လေညှင်း သုတ်ခတ်သည် ရှိသော် တံခွန်တိုင် တို့သည် အလွန်တရာ တင့်တယ်ကုန်၏၊ ထိုနောင်မှ နှစ်ဆူကုန်သော စေတီတို့၌ နံ့သာမွှေးတို့ဖြင့် လိမ်းကျံခြင်းကိုပြု၏၊ နံ့သာလက်ဝါးဖြင့် လက်ဝါး လက်ချောင်း အရာထင်အောင် ပူဇော်ပြီးလျှင် ခင်ပွန်းလင်ဖြစ်သော သဉ်မစ္ဆနှင့်အတူ တကွ အနုရာဓမြို့သို့ဝင်လျက် အစဉ်သဖြင့်သွား၍ မိမိနေရာ သဉ်မစ္ဆ၏ အိမ်တော်သို့ ရောက်လေ၏။

ထိုအခါ သဉ်ဒတ္တ ဒါယိကာမသည် အိမ်၌ရှိသည့် ကျေးကျွန်တို့ကို အစေ့အန္တံ့ နတ်ပုဆိုးတို့ကို တစုံစီပေးပြီးလျှင် ပြည်ကြီးသခင် ဝဋ္ဋဂါမဏိ မင်းကြီးကိုအစပြု၍ အလုံးစုံသော အနုရာဓမြို့၌ နေကုန်သော မိန်းမ ယောက်ျားတို့အား နတ်၌ဖြစ်သောပုဆိုးတစုံစီပေးကမ်းစေ၏၊ထိုနောင်မှ နှစ်ရပ်သော တောကျောင်းဇရပ်ကြီး၌ ရဟန်းသံဃာအပေါင်းတို့အား တိစီဝရိက်သက်န်း သုံးထည်လောက်ရုံချည်း နတ်ပုဆိုးတို့ကို လှူလေ၏၊ မဥ္ဇူသဟု ဆိုအပ်သော နတ်ပုဆိုးသေတ္တာ၌ နတ်ပုဆိုးတို့သည်မကုန် နိုင်ကုန်။ ဤသို့အားဖြင့် သဉ်မစ္ဆသဉ်ဒတ္တ အမည်ရှိသော လင်မယား နှစ်ယောက်တို့သည် များစွာသော ကုသိုလ် ကောင်းမှုတို့ကို ပြုလျက် နေ့ရက် လနှစ်တို့ကို လွန်စေကုန်၏၊ တရံရောအခါ သဉ်မစ္ဆသည် အမဲသားစိုင်တို့ကိုယူစေ၍ လုလင်တို့ကို ဝဋ္ဋဂါမဏိမင်းအား ဆက်ကပ်

လေစေ၏၊ ထိုအခါမင်းကြီးသည် ဤသဏ်မစ္စသည် ပစ္စန္တရစ်ဇနပုဒ်ကို စားလိုသည်ဖြစ်အံ့ဟု ကြံပြီးလျှင် တောင်တံခါးမှစ၍ အလုံးစုံသော အရပ်တို့ကို ပေးတော်မူ၏၊ ထိုသဏ်မစ္စသည် ထိုပေးတော်မူသော တောင်အရပ်၌ပင်လျှင် ရှည်စွာနေပြီး၍တနေ့သောအခါဝယ် ဝင္ကဂါမဏိ မင်းကြီးအား ရှေးကဲ့သို့ မဝကဟု ဆိုအပ်သော မရွေးပေါက်ပေါက်ကို ဆက်ကပ်ပြန်၏၊ ဝင္ကဂါမဏိမင်းကြီးသည်လည်း ဤသဏ်မစ္စကား ဂေါဏ ဇနပုဒ်ဟူသော နွားတို့၏မွေးရာဖြစ်သော ဇနပုဒ်ကိုစားလိုသည်ဖြစ်အံ့ဟု ကြံတော်မူပြီးလျှင် ပစ္ဆိမဒွါရဖြစ်သော အနောက်မျက်နှာကိုပေးပြန်၏၊ ထိုအခါ မင်းကြီးပေးသော အနောက် အရပ်၌ပင်လျှင် နေလေ၏၊ ထိုသဏ်မစ္စသည် တနေ့သ၌ မင်းကြီးအား ဘိသမူလဟူသော ကြာစွယ် ကြာမြစ်တို့ကို ဆက်ကပ်ပြန်စေ၏၊ မင်းကြီးသည်လည်း ဤသဏ်မစ္စသည် ဂင်္ဂါမြစ်၏အနီး၌ နေလိုသည်ဖြစ်၏ဟု ကြံတော်မူပြီးလျှင် အရှေ့တံခါးမှ စ၍ အလုံးစုံသော အရှေ့အရပ်ကိုပေးတော်မူ၏၊ သဏ်မစ္စသည်အရှေ့ အရပ်၌နေလျက် တနေ့သောအခါ ဂင်္ဂါမြစ်နားတွင် ကစားမြူးတူး ကြသည်ရှိသော် သမုဒ္ဒရာအဝသို့ ရောက်လေ၏၊ ထိုအခါ ထိုသဏ်မစ္စ၏ ပုညာနုဘာဝဟူသော ကောင်းမှု၏ အာနုဘော်အစွမ်းအားဖြင့် ထူးထူး ထွေထွေတပ်စွမ်းချင်ဘွယ် အဝတ်တို့ဖြင့် ပြည့်သောလှေသည် လူမပါဘဲ လာလတ်၍ ထိုသဏ်မစ္စ အမတ်၏ထံသို့ ရွှေရှု တည်လာရပ်လာ၏၊ သဏ်မစ္စအမတ်သည် ထိုသဘော်လှေမှပုဆိုးတို့ကို ယူဆောင်၍ ဂုတ္တိလ ကျောင်းဇရပ်၌ ရဟန်း သံဃာတို့အား သင်္ကန်းအလှူငှာလှူ၏၊ များ စွာသော ကုသိုလ်ကောင်းမှုတို့ကို ဖြည့်ဆည်းပူးလျက် အနုရာဓမြို့၌ သာလျှင်နေ၍ အသက်၏ အဆုံး၌ ဇနီးမယားဖြစ်သော သဏ်ဒတ္တနှင့် တကွ နတ်ပြည်၌ ဖြစ်ကြလေကုန်၏၊ ထိုသဏ်ဒတ္တ သဏ်မစ္စတို့ကို အကြောင်းပြုဆုံးမလို၍-

သံသာရ ဒုရုတ္တိဏ္ဏေ ဘယဒဿကော အသာရေ ရောပေတွာ ဒါနံ သုရပါဒပသဏ္ဍာနံ ဥဠာရံ တဿာနုဘာဝဇနိတံ သုခ မေဿမာနာ ဘဝန္တေနုဘောန္တိ သုဇနာ အမတနိဗ္ဗာနန္တိ-ဟု မိန့်ဆိုတော် မူ၏။ ဘောန္တော၊ အိုတရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့။ တုမှေ၊ သင် သူတော်ကောင်း တို့သည်။ အသာရေ၊ အနှစ်သာရ မရှိသော။ ဘယဒဿကော ဘေးဥပဒ်ကြောက်လန့်ဘွယ်တို့ကိုပြတတ်သော။ သံသာရ ဒုရုတ္တိဏ္ဏေ၊ ကူးခတ်နိုင်ခဲသော သံသာရဝဋ် တည်းဟူသော သမုဒြာ၌။

ဥဥ္ဇာရုံ၊မြတ်လှစွာသော။ သုရပါဒပ သဏ္ဍာန်၊ နတ်တို့၏ ပဒေသာပင်နှင့် တူသော။ ဒါန်၊ အလှူမျိုးစေ့ကို။ ရောပေတွာ၊ စိုက်ပျိုး၍။ တဿ၊ ထိုအလှူမျိုးစေ့၏။ အာနုဘာဝဇနိတံ၊ အာနုဘော်၏ အစွမ်းကြောင့် ဖြစ်သော။ သုခံ၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ သေမာနာ၊ ရှာမှီး ခံစားကြ ကုန်သည်ဖြစ်၍။ သုဇနာ၊ သူတော်ကောင်းတို့သည်။ ဘဝန္တေ၊ ဘဝ၏ကုန်ဆုံးရာ၌။ အမတနိဗ္ဗာနံ၊ မအိုရာ မသေရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို။ အနုဘောန္တိ၊ ဘယ်လိုမှ ဉာဏ်မကစားနှင့်တော့ အမှန်အားဖြင့် ခံစားကြရလေကုန်တော့သတည်း။ ဤသည့်လျှင် သဿမစ္ဆ လုလင် သဿဒတ္တသူငယ်မဝတ္ထုစကားတရပ် အပြီးသတ်တည်း။

## နှမြောဝန်တိုသော ကောသိယသူဌေးကြီးဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ကုဋေ ရှစ်ဆယ် ကြွယ်ဝသော သူဌေးကြီးတယောက်ဟာ တယောက်တည်း စဉ်းစား သည်မှာ သြော်မြားမြောင်ကြီးကျယ်အံ့ချီးဘွယ်သော ဤသူဌေးစည်းစိမ် ကြီးကို ညီးထိန်စွာ ခံစားရရှိခြင်းသည်ကား ရှေးရှေးဘဝ သံသရာ အခွန့် ကာလက ဒါနသီလ ဘာဝနာ ကုသိုလ်များကို အားထုတ် ဆည်းပူးခဲ့ သဖြင့် ထူးမြတ်သောဤစည်းစိမ်ကို ညီးထိန်စွာခံစားရပေသည်၊ယခုဘဝ မှာလည်း မမေ့မလျော့ခြင်း အပ္ပမာဒဖြင့် ပုညဆောင်ဦး ကုသိုလ်ထူး တို့ကို ဆည်းပူး အားထုတ် သင့်ပေသည်လို့ အဲသည်လို သမာဆန္ဒ စိတ်ကောင်းရပြီးလျှင် မြို့တံခါး လေးမျက်နှာတို့မှာ အလှူမဏ္ဍပ်ကြီး လေးဆောင်၊ မြို့လယ်မှာတဆောင်၊ မိမိအိမ်တံခါးမှာတဆောင်၊သို့ကလို အလှူမဏ္ဍပ်ကြီး ခြောက်ဆောင် ဆောက်လုပ်ပြီးသကာလ အလှူမဏ္ဍပ် တခုတခုမှာ တသိန်းတသိန်းကျစီအားဖြင့် တနေ့တနေ့မှာ ခြောက်သိန်း ခြောက်သိန်း ကုန်အောင် တနေ့မပြတ် ကြီးမြတ်သော အလှူကြီးကို ပေးတယ်။

ထိုသူဌေးကြီးသည် ဤကဲ့သို့ တသက်ပတ်လုံး များမြတ် ကြီးကျယ် ကောင်းမှု အသွယ်သွယ်တို့ကို သယ်ပိုးဆည်းပူး အထူး လှူဒါန်းပြီး သကာလ ငါ၏ ကုသိုလ်အဆက်ကို သားစဉ်မြေးဆက် မပျက်ရစ်ကြ စေနှင့်လို့ မှာထားဆုံးမပြီးလျှင် စုတိမနေ သေလွန်သောအခါ ဒေဝါ သနင်း သိကြားမင်းကြီးသွား၍ဖြစ်တယ်၊ ထိုသူဌေးကြီး၏ သား မြေး မြစ် များလဲ သူဌေးကြီးနည်းတူ အလှူဒါနပြုကြ၍ လ,နတ်သား၊ နေ,နတ်သား၊ မာတလိ နတ်သား၊ ပဥ္စသိခ်နတ်သားရယ်လို့ အစဉ်အတိုင်း သွား၍

ဖြစ်ကြသတဲ့ သူဌေးကြီးကလဲ ပစ္စည်းတွေကို နောက်ဘဝသို့ပါအောင် လုပ်သွားသည့်ပြင် သားစဉ်မြေးဆက်တောင် မပျက်အောင် မှားထားခဲ့ ပေသေးတယ်၊ သူဌေးကြီး၏သားမြေးများကလဲလူကြီး၏စကားကိုများစွာ လိုက်နာပြီး သူဌေးကြီး၏ ခြေရာကိုနင်းနိုင်ကြပါပေရဲ့၊ ထိုသူဌေးကြီးမှ ထောက်၍ ခြောက်ယောက် မြောက်သော ကောသိယမည်တဲ့ သူဌေး ကတော့ စေးနဲနှမြော အလွန်တရာဝန်တိုသော သူဌေးဖြစ်သတဲ့၊ အလှူ အတန်းဝါသနာမပါဘဲ လှူတယ်တန်းတယ်ဆိုတဲ့စကားကို နားမှလေသံ မကြားချင်သူဖြစ်တယ်၊ သူကဘယ်လို ကြံပါသလဲလို့ ဆိုတော့ ငါ၏ ဘေးဘိုးများကား တကယ်မိုက်လေစွတကား၊ ခဲယဉ်းစွာ ရှာဘွေ၍ရတဲ့ ပစ္စည်းကို အချည်အနှီး လှူ၍ပစ်ရမလား ငါကတော့ ဘယ်သူကိုမှ တပြားတချပ် မပေးလှူဘဲ မူအသစ်နဲ့ ကျစ်နေအောင် ထုပ်ထားမယ်၊ အသကား ရှေးလူကြီးတွေဟာ ဉာဏ်မရှိလို့ ထင်မိထင်ရာ လှူသလေး တန်းသလေးနှင့် အရမ်းမဲ့ဖြုန်းတီးကုန်ကြတာ၊ ကိုယ်ဥစ္စာကိုမဆိုင်ဘဲနှင့် တပြားတချပ်မှ မပေးနိုင်ပါဘူး၊ သက်သက်မဲ့ လှူတယ်တန်းတယ်ဆိုပြီး ကိုယ်ပစ္စည်းကို သူတပါးအား ပေးပစ်ရတာဟာ လွန်စွာတွက်ရေးရှုံးတဲ့ အလုပ်ဘဲတဲ့၊ အဲသို့ကလို့ မဟုတ်မတရား အယူမှားယူပြီးလျှင် ဘိုးစဉ် ဘောင်ဆက် ဘွားလက်ထက်က အလှူတင်းကုပ် မဏ္ဍပ်ကြီးတွေကို မီးနှင့် တိုက်၍ပစ်တယ်၊ အခြားက အပြင်ပလူများကို မဆိုထားနှင့် မိမိသားမယားကိုတောင် မသဒ္ဓါဘူး မကျွေးမမွေးရက် မပေးကမ်းရက် ဘူးတဲ့၊ သားမယားကို မသဒ္ဓါယုံသာမကသေးဘူး မိမိကိုယ်တိုင်လည်း မစားရက် မသောက်ရက် မသုံးစွဲရက် ရှာဘူး၊ ဘယ်လောက်များ နှမြောပါသလဲဆိုလို့ရှိလျှင် စားတဲ့အခါ ဆန်ကွဲထမင်း ပုန်းရေဟင်းနှင့် စားပြီး ဝတ်တဲ့အခါတော့ ဝါချည်ကြမ်းနှင့်ယက်တဲ့ ပုဆိုးကြမ်းကြီး တွေကိုဝတ်သတဲ့၊ ထီးတို့ ဘိနပ်တို့ဆိုတာလဲ မဝယ်ခြမ်းဘဲ မိုးဃ်းရွာ နေပူတဲ့အခါ သစ်ရွက်ကို ထီးလုပ် ဆောင်းသတဲ့၊ လှည်းမောင်းတဲ့ အခါလဲ သစ်သစ်လွင်လွင် ကောင်းကောင်းမွန်မွန်ဖြစ်တဲ့ လှည်းကောင်း နွားကောင်းနှင့်မသွားဘဲ အိုမင်းပျက်စီး ပြိုလုနီးတဲ့ လှည်းအိုကြီးတွေကို နွားအိုကြီးတွေနှင့် တပ်ပြီးမောင်းတယ်တဲ့။

ထိုသူဌေး စေးနဲကြီးသည် တနေ့သ၌ ပြည့်ရှင်မင်းကြီးထံ ခစားရန် သွားမည်ဟု သူငယ်ချင်းအဘော် သူဌေးကလေးတဦးကို အခေါ်သွား တော့ ထိုသူဌေးငယ်ကလေးမှာ သားသမီးခြွေရံ၊ ပရိသတ်တွေ ခြံရံ

လျက် ထောပတ် ပျားသကာတို့ဖြင့် ချက်အပ်သော နို့ဂဏာကို စားနေ ခိုက်ကြိုသဖြင့် သူဌေးကလေးက သူဌေးစေးနဲကြီး လာတာကို မြင်လျှင် မြင်ချင်း နေရာမှထ၍ ပြာရိပြာရာနှင့် သူဌေးရဲ့ ကြွတော်မူပါ ကြွတော်မူပါ၊ နို့ဂဏာ သုံးဆောင်တော်မူပါ၊ အလွန်တရာကောင်းမွန်ပါတယ်၊ ချိုမြိန်ပါတယ်နှင့် ဝမ်းသာအားရ ဘိတ်မန္တက ပြုတော့ သူဌေး စေးနဲ ကြီးမှာ စားချင်လိုက်တာလေ ပါးစပ်ထဲက သွားရေတွေများ ကျလို့တဲ့၊ သို့ပေမဲ့ သူဟာ သူ့ဟာကိုစားလျှင် ငါကလဲ လောကွတ် ကျေအောင် ပြန်ပြီး ကျွေးရလိမ့်မယ်လို့ တွေးပြီး ကိုယ်ကပြန်ပြီး ကျွေးရမှာ နှမြော တာနှင့် မစားဘဲ အောင့်အီးနေပြီး တော်ပါပြီ–တော်ပါပြီ ကျုပ်ပ် ထမင်းစားခဲ့ပါပြီလို့ ပြောသတဲ့၊ ထိုသူဌေးစေးနဲကြီးသည် မင်းကိုခစား ပြီးနောက် အိမ်သို့ပြန်ရောက်တဲ့အခါ သူဌေးငယ်ကလေး စား၍နေတဲ့ နို့ဂဏာကိုသာ အခါခါအမှတ်ရပြီး စားချင်လှသောအာသာဖြင့် လွန် စွာ ချဉ်ခြင်းဖြစ်၍ နေသတဲ့၊ သို့ပင်နေသော်လည်း အကယ်၍ ဤနို့ဂဏာ မျိုးကို ငါချက်၍ စားပါက ငါ၏ သားမယားများနှင့် ဝါကျွ တအိမ် သားလုံး စားချင်ကြလိမ့်မယ်၊ ငါ့ဟာတွေကုန်လိမ့်မယ်လို့ တုန်နေအောင် နှမြောရှာလွန်းလို့ အောင့်အည်းသည်းခံကာ နို့ဂဏာကို ချက်၍ မစားဘဲနေတယ်၊ ထိုကဲ့သို့ နှမြောသည့်အတွက် နို့ဂဏာချက်၍ မစား ရက်ဘဲ စားချင်တာကလဲ အလွန်တရာ နှမြောတာကလဲ အလွန်အမင်း ချင်ခြင်းကိုလည်း ထုတ်ဖော်၍ မပြောဝံ့ တွန့်တိုဆုတ်နစ် ညစ်ညျူးမွဲတေ သားရေရေ့ပါး ဖျော့တော့ ပိန်ချုံး လူလုံးမလှ ဖြစ်ရရှာကာ ကာလ ကြာသော် စာရေမဝင် အင်မတန်ချုံး လုံးလုံးကြီဖြတ် အစားပြတ်၍ မတ်တတ်ကလဲ၍ အိပ်စက်မထ ရောဂါကြီးရရောတဲ့၊ ဖြစ်မှ ဖြစ်ရလေနော် အတော်ဒုက္ခကြီးတဲ့ သူဌေးစေးနဲကြီးဘဲ ကိုယ့်ကိုဘို့ သက်သက်တောင်ဘဲ ဒုက္ခဆင်းရဲ ရောက်ခံနိုင်ပါပေရှဲ၊ အဲသည်လို ရောဂါကြီးရလို့ အိပ်ရာက မထတော့ သူဌေးကတော်ကြီးက အနီးသို့ချဉ်းကပ်၍ ကျောကို လက်နှင့် အသာသပ်ပြီး အရှင်သူဌေးရဲ့ ဘာဖြစ်တာလဲ၊ ဘာရောဂါ စွဲတာလဲ၊ ဘာကြောင့်မချမ်းသာတာလဲ၊ သူဌေးကြီးရောဂါကို ကျွန်တော်မ သိစမ်း ပါရစေ၊ စောစော စီးစီးက ဆရာဝန် ခေါ်ရင်လဲ ခေါ်ရအောင် အကြောင်းကိစ္စကို ဖွင့်၍ပြောမှပေါ့၊ တော်တော်ကြာ ရောဂါရင့်လာရင် ခက်သည်ထက် ခက်ပါလိမ့်မယ်၊ အကြောင်းခြင်းရာကို မိန့်တော်မူပါလို့ တစာစာ မေးမြန်းသော်လဲ ကျန်းမာပါရဲ့ကွာ ဘာရောဂါမှ မစွဲပါဘူး၊

ဘာမှ မဖြစ်ပါဘူးလို့ လိမ်လည် ပြောသတဲ့၊ အင်း-သူ့ရောဂါ ကလဲ ဖွင့်ပြောရမှာ အကြပ်သား ကလား၊ လူကြားလို့တောင် ရှက်စရာကြီး၊ သူဌေး ကတော့ လင်မယားဖြစ်လို့ သနားခြင်း မကင်းလေတော့ စိုးရိမ်သောကနှင့် ပြာပြာသလဲ မေးလား မြန်းလား လုပ်ရှာတာဘဲ၊ သူဌေးကြီး ကလဲ သူ့ရောဂါက လူကြားလို့တောင် ရှက်စရာကြီးမို့ ဖွင့်ပြောလို့ မကောင်းတာနဲ့ မပြောဘဲနေတာဘဲ၊ သို့ပင် မပြောဘဲနေ သော်လည်း သူဌေးကတော်ကြီးက အနည်းနည်း အခါခါ တစာစာ တဖွဖွ မရမက မေးလွန်းအားကြီးတော့မှ မပြောဘဲမနေသာဘဲ နို့ဂဏာ ကိုစားချင်သည့် အတွက် အသက် သေလုခမန်း ဖြစ်နေရ ကြောင်းနှင့် အကြောင်းခြင်းရာကို လင်က ပြန်ပြောတယ်၊ ခုမှဘဲ သူ့အထုပ်ကြီးဘွင်း ဘွင်း ပေါ်တော့သနော်၊ ကြာရှည်တော့လဲ အောင့်မထား နိုင်တော့ ဘဲကိုး၊ သို့ကလိုပြန်ပြောတော့မှ သူဌေးကတော်ကြီးက ဖြစ်မှဖြစ်ရလေ မောင်ရယ်၊ သည်လောက်ကလေး ချင်ခြင်းနှင့် အဆင်းရဲ သည်လောက် တောင် ခံရတာလား၊ သည်လိုနို့ဂဏာများကိုတော့တမြို့လုံးစားလောက် အောင် ချက်နိုင်ပါတယ်လို့ လွတ်ကနဲ ပြောလိုက်တော့ သူဌေးကြီး ခေါင်းကို တုတ်နှင့်ရိုက်လိုက်သလို တခါထဲကိုက်ခဲ့သွားပြီး အမလေး ဘုရားဘုရား-လူကြားကုန်ပါမယ် မယ်မင်းကြီးမရယ်၊ တိုးတိုး ပြောပါ- မင်းပိုက်ဆံပေါမှန်းကို သိပါရဲ့ သူဌေးမကြီးရယ်၊ မင်းမိဘက ထည့် လိုက်တဲ့ဥစ္စာ ဘယ်လောက်များပါလာလို့လဲ သည်တမြို့လုံးကို နို့ဂဏာ ချက်ကျွေးလို့ ဘာကျေးဇူးရှိသလဲ တကထဲ သဒ္ဓါတရား ကောင်းနေ လိုက်တာ သည်လောက်တောင် သဒ္ဓါတရား ကောင်းလျှင် ‘မင့်အိမ်က ပစ္စည်းတွေကို အကုန် ချက်ကျွေး ပါလားလို့ မျက်နှာထား ကြီးနှင့် ငေါက်ပြီးပြောသတဲ့၊ သည်တော့ သူဌေးကတော်ကြီးက ဒါမှ မဟုတ် ရင် တသမ်းထဲနေသူများ စားလောက်ရုံချက်မယ်၊ အိမ်နီးချင်း ခုနစ်အိမ် စားလောက်ရုံ ချက်ပါမယ်၊ ကျွန်ုပ်တို့ အိမ်နေ ခြွေရံ ပရိသတ်များ စားလောက်ရုံ ချက်ပါမယ်၊ သားသမီးဆွေမျိုးတစု စားလောက်ရုံ ချက် ပါမယ်လို့ သို့ကလို အစဉ်အတိုင်း လျှော့၍ လျှော့၍ ပြောသော်လည်း ဟိုဟာတွေကို အကုန်လုံးပယ်ပြီး ပစ္စည်းကုန်မှာကို ကြောက်သဖြင့် သည်လောက်များများ မချက်ပါနဲ့လို့ပြောတယ်၊ သည်တော့မှ သူဌေး ကတော်ကြီးက ဒါဖြင့် သူဌေး မင်းကြီးရယ် ကျွန်ုပ်တို့ လင်မယား စားလောက်ရုံ ချက်တာပေါ့လို့ ပြောတော့ အိုကွယ် မစားချင်ပါနဲ့

ကောင်းတာမျိုး မဟုတ်ပါဘူးလို့ ပြောသတဲ့၊ အဲ့ဒြဲဘို့ အတော်ကို ကောင်းတဲ့ သူဌေးစေးနဲကြီးဘဲနေဘ်၊ ကိုယ့်မယား ကိုတောင် ကိုယ် မသဒ္ဒါဘူး၊ ကိုယ့်ဝမ်းမှကိုယ် မသဒ္ဒါဘဲလေ မယားကို ဘယ်မှာသဒ္ဒါ တော့မှာလဲ။

ဒါဖြင့် အရှင်သူဌေးမင်းကြီး တယောက်စာ ချက်ပါမယ်လို့ ပြော တော့မှ ငါ့ဘို့လဲမချက်ပါနဲ့ သည့်အိမ်မှာ ချက်ရင်လည်း အိမ်သားတွေ စိုင်းပြီးစားလို့ အလကား ကုန်ပါလိမ့်မယ်၊ ငါ့ဟာငါ တော်ရာမှာ သွားပြီးချက်ပါရစေ၊ ငါ့ကို ဆန်တခွက်နှင့် ဆန်၏ လေးဘို့ တဘို့ဖြစ် သော နို့ရေ သကာ ထောပတ် ပျားရည်နှင့် ဂဏာချက်ဘို့ အိုးတလုံး ကိုသာ ပေးပါလို့ သို့ကလို သူဌေးကတော်ဆီက အစုံအလင် တောင်း ယူပြီး တပည့် အခိုင်းအစေတယောက်အား ထိုပစ္စည်းများကို ယူစေ၍ အရင်သွားနှင့်စေတယ် သူကတော့ အိမ်သားများမသိရအောင် တောင် သွားမလိုလို၊ မြောက်သွားမလိုလိုနှင့် ရီးတီးရားတားလုပ်ပြီး ရပ်ဖျောက် ထွက်သွားကာ မြစ်ဆိပ်ကမ်းနား တခုသော ချုံပုတ်ထဲသို့ တပည့်အား ရေ ထင်းတို့ကို သယ်ယူစေ၍ တောင်မြောက် လေးပါး လူသူများကို ကြည့်၍နေနေဘ် လူလာရင် ငါ့ကို အချက်ပေးလိုက်လို့ ပြောဆိုမှာထား၍ တပည့်ကို လမ်းလေးဝမှာ အစောင့်ထားပြီး သူဌေး တယောက်ထဲ ချုံထဲမှာ နို့ဂဏာချက်၍ နေတယ်။

ထိုအခါ ဒေဝါသနင်း သိကြားမင်းကြီးက လူ့ပြည်သို့ ကြည့်ရှုခိုက်နှင့် ကြုံကြိုက်နေသဖြင့် ထိုသူဌေးစေးနဲကြီး၏ အခြင်းအရာကို မြင်တော့ အင် မတန် သနားကရုဏာ သက်လှ၍ စေးနဲသော ဘဝမှ ကျွတ်အောင် ချွတ်မယ်၊ကောင်းရာသို့ ကယ်တင်မယ်လို့ ကြံစည်ပြီးတော့ လနတ်သား နေ့နတ်သား မာတလိ နတ်သား ပဥ္စသိခ နတ်သားများကို ခေါ်၍ အမောင်နတ်သားတို့ ရှေးလူဘဝတုန်းက ငါတို့၏ မိတ္တညာတိကောသိယ သူဌေးဟာ လွန်စွာနှမြော မှားသောလမ်းကို လိုက်နေတာ ယခုမြစ်ဆိပ် ကမ်းနားချုံပုပ်တခုထဲမှာ နို့ဂဏာပုန်းပြီးချက်နေတယ်၊ ထိုနေရာသို့ ငါတို့ ငါးဦးသာပုဏ္ဏားယောင်ဖန်ဆင်း၍ အလှူခံဝင်ရောက်၍မစောင့်ရှောက်ဆုံးမ တရားပြကြအုံးစို့ရဲ့၊ သို့ကလို တိုင်ပင်ပြီး သိကြားမင်းကြီးက ရှေဦးစွာ ပုဏ္ဏားယောင်ဖန်ဆင်း၍ ချုံတွင်းသို့ဝင်သွားပြီး အို–ခင်ဗျားသူဌေးကြီးရဲ့ မာရာဏသီပြည် ဘယ်ဆီကသွားရပါသလဲလို့ ရုတ်ခနဲ မေးလိုက်တယ်။ ထိုအခါ သူဌေးကြီးစိတ်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး အသားများဆတ်

ဆတ်တုန်မျှ ဟဲ့-ပျဏ္ဏားပျက် နင်အရူးလား ဗာရာဏသီပြည် သွားတဲ့ လမ်းကိုမှ နင်မသိဘူးလား၊အလကား ပေါက်ပေါက်ရှာရှာများ သည် ထဲကိုဝင်လာလို့ သွားသွားနင်မြန်မြန်သွားသည်အနားမလာနဲ့လို့ သို့ကလို ငေါက်ငန်း နှင်ထုတ်ငြားသော်လည်း ပုဏ္ဏားက မကြားချင်ယောင် ဆောင်ပြီး အနားရောက်အောင် တိုးသွားတယ်၊သည်အခါ သူဌေးကြီး မှာ ချွေးဒီးဒီးကျ ဒေါသအလွန်ဖြစ် စိတ်အလွန်ညစ်လျက် ဖြစ်မှ ဖြစ်ရ လေကရော၊သည်ပုဏ္ဏားကို ဘယ်သူကများလက်ထောက် ချလိုက်ပါလိမ့် မလဲ၊တယောက်ထဲပုန်းပြီးချက်နေတာ ဘယ်နေကရာများ သိသွားပါလိမ့် မလဲ၊ ဟိုအစောင့်ထားတဲ့ အကောင်ကလဲ ယောင်တောင်တောင်နှင့် ဘယ်များသွားနေပါလိမ့်မလဲ၊တကတဲ တယ်ပြီး ဝွကြပါကလား ခက်ပါ ကလား၊အတော်နေရာရှာတဲ့ပုဏ္ဏား အလိုက်မသိတဲ့ပုဏ္ဏားဘဲ၊အဲသို့ကလို ညည်းတွားပြီးလျှင် ဟယ်ပုဏ္ဏားနားပင်း အတင်းနှင်နေတာ နင်ငါ့စကား ကို မကြားလို့ ဂရုမစိုက်တာလား အိုဘယ့်နဲ့ဟာ သည်အနားကို တိုးလာ ပြန်တာလဲ တခါထဲ ငါယောက်မနှင့်ရိုက်လိုက်ရ မာလကသွားရေ့မယ် လေ၊ ဒီပုဏ္ဏားချုံထဲက မြန်မြန်ထွက်သွားပါလို့ သို့ကလို ရိုက်မောင်းပုတ် မောင်းနှင့် အကြောင်းမတန် ဆဲရေးရေရွတ်တော့ ပုဏ္ဏားကတော်တော် ဒေါသကြီးပါ့ သူဌေးရယ် ကြောက်စရာမလုပ်ပါနှင့်၊ အောင်မယ် သည် မှာ မီးနဲ့ထင်းနဲ့လက်စသတ်တော့ နှိုဂဏ္ဍာချက်နေတာပါကလား၊ နေရာ ကျလိုက်တာဗျာ၊ ပုဏ္ဏားတွေကို ပင့်ဘိတ်ဆွမ်းကျွေး အလှူပေးမယ်လို့ ထင်ပါရဲ့ အကျွန်ုပ်လဲ အလှူခံစားတဲ့ ပုဏ္ဏားတယောက် ဖြစ်ပါတယ်၊ ဂဏ္ဍာဆွမ်းကျွေးရင် နဲနဲကလေး ရပရစေလို့ ပြောတော့ ဟဲ့ရူးရူးချာချာ နှင့် ပုဏ္ဏား-နင်သည်းခြေနောက်လို့ ရောက်တတ်ရာရာ ပြောနေတာလား ဂယောင်ဂတန်းနှင့် ရူးနှမ်းနေပြီ ထင်တယ်၊ ဘယ်က ဆွမ်းဝေတဲ့နေရာ ဟုတ်ရမလဲ နဲနဲမှနင့်ကို မပေးနိုင်ဘူး၊ ငါစားလောက်ရုံ နဲနဲကလေးချက် တာ သည်ဟာကလေးလဲ သူများဆီက တောင်းလာရတာ နင့်ဟာနင် တခြားမှာသွား၍ အလှူခံစားချေ၊ငါ့ဟာကိုဖြင့် နဲနဲကလေးမှ မပေးနိုင် မလှူနိုင်ဘူးလို့ ဇွတ်အတင်းခံပြီး ငြင်းဆန်၍နေတယ်၊သည်တော့ ပုဏ္ဏား ကြီး ဘသည့်သို့ သုံးပါနဲ့ သူဌေးကြီးရယ်၊ပေးပြီးမှစားလျှင်များများကြီး အကျိုးရှိပါလိမ့်မယ်၊ သင်သူဌေးကြီး သိရအောင် ပါဠိဂါထာနှင့်တရား ပေစာကလေးများ တပုဒ်လောက် ဟောပါရစေအုံးလို့ ဆိုလျှင် သင်၏ တရားကို နားညီးအောင် ငါမနာချင်ဘူး၊မြန်မြန်သာသွားပါလို့ များစွာ

ဖယ်ဖယ်ငြင်းငြင်းနှင့် ဇွတ်အတင်း ပုဏ္ဏားက အောက်ပါအတိုင်း တရား ဟောလေသတည်း။

အပ္ပမှာ အပ္ပကံ ဒဇ္ဇာ၊ အနုမဇ္ဇတော မဇ္ဈကံ။
ဗဟုမှာ ဗဟုကံ ဒဇ္ဇာ၊ အဒါနံ နုပပဇ္ဇတိ။
တံတံ ဝဒါမိ ကောသိယ၊ ဒေဟိ ဒါနာနိ ဘုဉ္ဇထ။
အရိယမဂ္ဂံ သမာရုဟ၊ နေကာသိ လဘတေ သုခံ။

ကောသိယ၊ကောသိယတွင် များပြင်ကြွယ်ပြီး အိုသူဌေးကြီး။အပ္ပမှာ၊ မကြီးမကျယ် အနည်းငယ်သော ပစ္စည်းဝတ္ထုမှ။ အပ္ပကံ၊ မကြီးမကျယ် အနည်းငယ်မျှလောက်ကို။ ဒဇ္ဇာ၊ ထိုက်သည်အလျောက် သဒ္ဓါပေါက်၍ ဝမ်းမြောက်ကြည်သာ ပေးလှူရာ၏။ ဗဟုမှာ၊ကြီးကျယ်ခမ်းနား များပြား လှစွာ ပစ္စည်းဥစ္စာထဲမှ။ ဗဟုကံ၊ အကြီးအကျယ် သွယ်သွယ် စားစား အများအပြားကို။ဒဇ္ဇာ၊ထိုက်သည်အလျောက် သဒ္ဓါပေါက်၍ ဝမ်းမြောက် ကြည်သာ ပေးလှူရာ၏။ အနုမဇ္ဇတော၊ သင့်တင့်လျောက်ပတ် အလယ် အလတ်ပစ္စည်းမှ။ မဇ္ဈကံ၊ အလတ်စားဖြစ်သောအလှူကို။ ဒဇ္ဇာ၊ဝမ်းမြောက် ကြည်သာ ပေးလှူရာ၏။ အဒါနံ၊ နဲနဲများများ အလတ်စားလဲ လားလား ကမှ မမျှတဘဲ စိတ်ကတွန့်တို အလိုမဖြူ မပေးလှူ ခြင်းသည်။ နုပပဇ္ဇတိ၊ ရှင်ချစ်မကြိုက် ညစ်စရိုက်ဖြင့် မဖြစ်ထိုက် မဖြစ်သင့်လေရာ။ ကောသိယ၊ ကောသိယဟု နာမထင်လင်းအိုသူဌေးမင်း။တံတသ္မာ၊ထိုသို့ နဲနဲများများ အလတ်စားထဲမှ သော်လည်း လိုအပ်သည့် အားလျော်စွာ ပေးလှူမှ သာလျှင် ဖွယ်ရာလျောက်ပတ် ကောင်းမြတ်လေသောကြောင့်။ တံ၊ ထို နှမြောတွန့်တို မပေးလိုခြင်း သူဌေးမင်းကို။ ဝဒါမိ၊ တရားသဘော ဟောပြောပြသ တိုက်တွန်းရပေ၏။ အရိယမဂ္ဂံ၊ အရိယာ အပေါင်း သူတော်ကောင်းတို့၏ လမ်းကြောင်းခရီးစဉ်ကို။သမာရုဟ၊ပြောင်းသဒ္ဓါ ဖက် ကောင်းစွာတက်၍။ ဒါနာနိ၊ အလှူဒါန မြတ်စာဂတို့ကို။ ဒေဟိ၊ စိတ်ထားဖွေးဖြူ အရေးယူ၍ ပေးလှူ လိုက်ပါလော့။ ဘုဉ္ဇထ၊ ထိုက်သည် အားလျော်စွာ မိမိလည်းစားသောက်ပါလော့။ကောသိ၊ မိမိကိုယ်ချည်း တယောက်ထည်းသာ စားသောက်ခါလျှင် လျော်စွာဝေခြမ်း မပေးကမ်း သော သူသည်ကား။ သုခံ၊ လူနတ်နိဗ္ဗာန် မဆိတ်ညံ့တဲ့ သုံးတန်သော ချမ်းသာကို။ နလဘတေ၊ မှချမသွေ မရလေရာသတည်း။

အဲသည်လို ပုဏ္ဏားက တရားသဘော ဟောပြောပြတော့မှ အနည်း ငယ်မျှ စိတ်ကသေးနူးညံ့လာပြီး ဒါဖြင့်ရှိပါစေတော့ပုဏ္ဏားရယ်တယ်ပြီး

ဇာတ္တာသယ ၄၈၈-၄၄

ကပ်နေတာကိုး၊ မရလျှင်သွားမဲ့ပုဏ္ဏားမဟုတ်ဘူး၊ ရူးတယ်ဆိုတာလဲ အခက် အင်မတန် အရှက်နဲတဲ့လူမျိုးကလား သူများဟာ လှူချင်မှန်းလဲ မသိ မလှူချင် မှန်းလဲမသိ ကိုယ် လိုချင်တာလောက်သာ သိတာဘဲ ကဲကဲခေတ္တကလေးသာ ဆိုင်းပါတော့ နို့ဂဏာကျက်လျှင် နဲနဲကလေး တော့ ပေးရတာပေါ့ဟုပြောလေလျှင် ပုဏ္ဏားကြီးကလဲ သင့်လျော်သော အရပ်က ခေတ္တစောင့်ဆိုင်းနေတယ်။ ထိုနောက် လ,နတ်သား နေ့, နတ်သား မာတလိနတ်သား ပဉ္စသိခ်နတ်သားများလဲ ပုဏ္ဏားအသွင်ဖြင့် လာကြ၍ ဒါန၏အကျိုးကို အမျိုးမျိုး ဟောကြားကြ ပြန်တော့ နဲနဲ ပါးပါးတော့ ရပါစေမယ် နို့ဂဏာကျက်ရုံကလေး ဆိုင်းကြပါအုံးလို့ သူဌေးကြီးကပြောတော့ ပုဏ္ဏား ငါးယောက်လဲ လျောက်ပတ်သော နေရာကနေ့ကြစဉ် နို့ဂဏာလဲ ကျက်လေသတဲ့။

ထိုသို့ကျက်သောအခါ ပုဏ္ဏားငါးယောက်တို့ကို နဲနဲစီ ပေးကမ်း လေရာ နို့ဂဏာကုန်သွား၍ အိုးခွက်မျှသာ ကျန်တော့သဖြင့် သူဌေးကြီး သည်ခွက်ကိုကိုင်၍ ကြိမ်ပိုင်နေစဉ်အတွင်း ပဉ္စသိခ်နတ်သားကခွေးယောင် ဖန်ဆင်း၍ ထိုသူဌေး၏ရှေ့မှာပင် ကျင်ငယ်စွန့်သွားတယ်၊ ပုဏ္ဏားတွေ ကလဲ ကရားမှရေကိုယူ၍ နို့ဂဏာစားကြဟန် ပြုကြသောအခါ သူဌေး ကြီးကလဲ ငါကိုလည်းရေပေးကြပါ လက်ဆေး၍စားပရစေ ငါကတော့ နို့ဂဏာပေးရတယ် ရေကလေးတော့ ပေးကြပါအုံးလို့ ပြောတော့ သင့်ဟာသင် မြစ်ဆိပ်သို့သွား၍ ရေခပ်ပါလား၊ ငါတို့ဟာ အတုံ့ ပေးရိုးထုံးမရှိဘူး သူများဟာကို ယူရိုးသာ ရှိတယ်လို့ ပုဏ္ဏားများက ဆိုသောအခါ ဒါဖြင့်ဂဏာခွက်ကို ကြည့်ရစ်ကြပါအုံး ရေခပ်သွားပရ စေလို့ဆိုပြီး သူဌေးကြီး မြစ်သို့ဆင်းသွားစဉ်အတွင်း ယခင်ကဖန်ဆင်း ထားတဲ့ခွေးကြီးက ဂဏာအိုးကိုကျင်ငယ်နှင့် ပြည့်အောင်ပန်းသောအခါ သူဌေးကြီး ကဗျာကရာပြေးပြီး ခွေးကိုဒုတ်နှင့် ပစ်လေသော် ခွေးက အမျိုးမျိုး ဖန်ဆင်း၍ အတင်းဘဲ သူဌေးကြီးကို လိုက်တယ်၊ သည်လို လိုက်ခတော့သူဌေးကြီးမှာ ကြောက်လိုက်တဲ့ အကြောက်ဟာ ဘာပြော စရာရှိတော့မှာလဲ အသက်နှင့်ကိုယ် အိုးစားကွဲမလောက်ပေါ့၊ သို့ကလို သူဌေးကြီးသည် အသက်ပျောက်ခမန်း ကြက်သီးဖြန်းဖြန်းထခါ အလွန် တရာကြောက်လှ၍ ပုဏ္ဏားတွေဆီသို့ အူရားဖါးယားနှင့်ပြေး၍ကပ်သော အခါ ပုဏ္ဏားတွေက ပုဏ္ဏားဟန် အကုန်လုံးဖျောက်ပြီး သိကြားဟန်ဖြင့် ကောင်းကင်ဝယ်တည်ကြပါလေရော။

ထိုသို့တည်ကြပြီး သိကြားမင်းက တရားဟောသည်မှာ အိုကောသိယ သူဌေးကြီး ငါတို့ဟာ ပုဏ္ဏားစစ်တွေမဟုတ်ကြဘူး ရှေ့လူ့ဘဝကသင်၏ ဘ-ဘိုး-ဘေး-ဘီဘင်များဖြစ်ကြတယ်၊ သိကြားမင်း လ,နတ်သား နေ, နတ်သား မာတလိနတ်သား ပဉ္စသိခ်နတ်သားဖြစ်ကြတယ်၊ ငါတို့ငါးဦး သားမှာ ရှေ့ဘဝက အလှူဒါန ကောင်းမှုကုသိုလ်များကို အားထုတ်ခဲ့ ကြလို့ ယခုနတ်ပြည်မှာ လွန်စွာကြီးကျယ်တဲ့ နတ်၏စည်းစိမ်ကို ခံစား စံစား၍နေကြရတယ်၊ သင့်မှာငါတို့၏ နိမဗ္ဗဝတ်ဖြစ်သော ကုသိုလ်တွေကို ဖျက်ဆီး၍ အနှမြောကြီးနှမြောကာ လမ်းမှားသို့လိုက်နေသဖြင့် တရား ဟောချင်လို့ သင့်ထံလာခဲ့ခြင်းဖြစ်တယ်၊ သင်သည် လမ်းမှားသို့လိုက်ပြီး အမိုက်အမဲ အမှုတွေကိုပြု၍ မနေနှင့် သင်၏ပစ္စည်းဟာ ကိုယ်လည်း မစားရက်၊ လှူလဲမလှူရက်၊ သက်သက်အသုံးမကျဖြစ်နေတယ်၊ မလှူဒါန်း မပေးကမ်းလို့ ဝန်တိုနှမြော စေးနဲသောသူဟာ ငရဲရွာသို့ ရောက်တတ် တယ်၊ လှူဒါန်းပေးကမ်းတဲ့သူဟာ ငါတို့လိုထူးမြတ်တဲ့ နတ်စည်းစိမ်ကို ခံစားရတယ်လို့ အဲသည်လိုသိကြားမင်းကြီးက ဒိဋ္ဌသက်သေပြပြီး တရား ဟောတော့မှ ကောင်းကောင်းကြီး သတိသံဝေဂရပြီး ရှေးရှေးကပြုခဲ့ လေသမျှ မှားခြင်းကြီးမကမှား၍ကုန်ပြီ၊လွန်လေသမျှကိုဝန်ချတောင်းပန် ပါတော့မည် နောက်နောက်ကိုဖြင့် ဤအမှုအရာမျိုးကို မပြုလုပ်မကျင့်ကြံ တော့ပါ၊ မှုဟောင်းကိုပစ်၍ မှုသစ်ကို ပြောင်းပါတော့မည်လို့ ပြောဆို ပြီးလျှင် အောက်ပါအတိုင်း ပဋိညာဉ်ဝန်ခံချက် ပေးလေတော့သတည်း။

သောဟံ တထာ ကရိဿာမိ၊ ယံ မံ သမနုသာသထ။
နပိဝေ အဒတွာ ကမ္ပိ၊ ပဗ္ဗဇ္ဇိဿာမိ ဝါသဝ။

ဝါသဝ၊ နတ်များသနင်း အို-သိကြားမင်း။ တုမှေ၊ ရှေ့ဘဝကမိတ္တ ဉာတိတော်ခဲ့သိပြား လွန်ထင်ရှားသည် သင်သိကြားနတ်မင်းတို့သည်။ ယံ၊ အကြင်သို့သော အလှူ၏အကျိုးတရားကို။ မံ၊ အကျိုးထင်စွာမမြင် ပါ၍ သဒ္ဓါမကူမကြည်ဖြူဘဲ မလှူမပေး အကျွန်ုပ် ကောသိယ သူဌေးကို။ သမနုသာသထ၊ ကြောင်းကျိုးပြသ ဆုံးမကြပေကုန်၏။ သောအဟံ၊ ရှေးအခါက လွန်စွာနှမြော မရက်ရောဘဲ သဘောတွန့်ဆုတ် အကျွန်ုပ် သည်။ တထာ၊ ထိုသိကြားမင်းတို့ ဟောကြားပြသဆိုဆုံးမသည်အတိုင်း။ ကရိဿာမိ၊ လိုက်နာအသင့် သဒ္ဓါပွင့်၍ ပြုကျင့်အားထုတ်ပါတော့အံ့။ ကမ္ပိ-ဥဒကမ္ပိ၊ မကြီးမကျယ် အနည်းငယ်စွာလှ ရေကိုမျှလည်း။ အဒတွာ၊ မပေးမကမ်း မလှူဒါန်းဘဲ။ နပိဝေ၊ မသောက်မျိုတော့ပါ။ ပဗ္ဗဇ္ဇိဿာမိ၊

ဖန်ဝါ ဆင်မြန်း ဝတ်သက်န်းနှင့် ရသေ့ ရဟန်း ပြုလုပ် ပါတော့အံ့ သတည်း။

အရှင်သိကြားမင်းကြီးရဲ့ အကျွန်ုပ်သည် ရှေးအခါကတော့ အကျိုးမသိ ညဏ်မရှိ၍ မလှူမိမတန်းမိပါ ဆရာသမား လူကြီးမိဘများ၏ စကားကို နားမထောင်ဘဲ ကိုယ်ဟာကိုယ်ထင်ရာလွတ်ပြီး ဇွတ်အတင်းအယူသည်း မိခဲ့ပါသည် ယခုတော့ ရှင်သိကြားမင်းကြီးက တရား လင်းအောင် ပြောပြ၍ ဒိဋ္ဌမျက်မြင် ထင်ထင်လင်းလင်းကြီး တွေ့မြင်ရသဖြင့် အလှူဒါန၏အကျိုးကို အမျိုးမျိုးယုံကြည်ပါပြီ၊ ယနေ့ကစ၍ မလှူမပေးရ သေးဘဲ ရေကလေးတပေါက်ကိုမျှ မသောက်တော့ပါ ရှိသမျှပစ္စည်း ကိုလည်း အနည်းငယ်မျှမတွယ်တာတော့ပါ၊ အကုန်လုံးစွန့်ကြဲလှူဒါန်း၍ ရသေ့ရဟန်းပြုလျက် တောထွက်ပါတော့မည်လို့ အဲသည်လို ပဋိညာဉ် ဝန်ခံချက်ပေးလိုက်လေတယ်။

သည်လိုတော့လဲတယ်ပြီး ချီးမွမ်းဘို့ကောင်းပါပေသနော် လုံးလုံးကြီး သဘောပြောင်းသွားတာဘဲ ရေတပေါက်တောင် သူများကိုပေးပြီးမှ ကျန်တာသောက်တော့မတဲ့ ဦးဦးဖျားဖျားမလှူရသေးဘဲနှင့်ဖြင့် ဘာတခု ကိုမှမစားတော့ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ သည်တွင် မကသေးဘူး ရှိသမျှ ပစ္စည်းကို အကုန်လုံးစွန့်ပြီး တောထွက်မတဲ့ ရက်ရောမယ်ဆို တော့လဲ ရက်ရောပါပေရဲ့ ပုဂ္ဂိုလ်ခင်မှ တရားမင်ဆိုတဲ့စကားလို ဆွေမျိုး တော်ခဲ့ဘူးတဲ့ သိကြားမင်းကြီးကိုယ်တိုင် ဒိဋ္ဌသက်သေပြပြီး လက်တွေ့ တရားဟောနေမှဘဲ သဘောမကျဘဲ နေနိုင်ပါ့မလား တရားရရောပေါ့ အဲသည်လို သိကြားမင်းထံမှာ ပဋိညာဉ်ဝန်ခံချက်ပေးပြီးလျှင်ထိုပဋိညာဉ် အတိုင်းပင် လူ့ဘောင်မှာ ကြာရှည်အောင်မနေတော့ဘဲ ရှိသမျှပစ္စည်းကို အကုန်လုံး လှူဒါန်းစွန့်ကြဲပြီးနောက် ဟိမဝန္တာတောထဲမှာ ရသေ့ရဟန်း ပြုလုပ် နေထိုင်တော်မူလေသတည်း။ ဤသည်လျှင် ကောသိယ သူဌေး စေးနဲကြီးဝတ္ထုစကားတရပ် အပြီးသတ်သတည်း။

## မြတ်ဒါနအလှူ ရှစ်လုံးဘွဲ့ကဗျာ

၁။ တရားစည်ကြီး ရိုက်တီးဖန်ခါ၊ မဂ္ဂင်ဖောင်ကြီး တက်စီးညီညာ၊ နိဗ္ဗာန်ဝင်လဲ မကွဲမကွာ၊ အသင်းကြီး ဖွဲ့စည်းတည်ထောင်ရာ။

၂။ လေးဆူဘုရား ပွင့်သွားအတည်၊ တဆူဘုရား ကျန်ငြားပြန်ပြီ၊ ကျန်တဆူနှင့်တူ လိုက်ဘို့ရည်၊ ကောင်းမှုမြတ် ပြုအပ်အလီလီ။

၃။ ဒါနသီလ ညီမျှတူစုံ၊ ဘာဝနာလမ်း ကျင့်ခန်းတဖုံ၊ သုံးစင်း ဖောင်ကြီး ဖွဲ့စည်းလေကုန်၊ ဖောင်တော်ကြီး စီး၍မြှိက်ထိုးလှုံ။
၄။ လောဘငွေတိုးပေးရိုးပမာ၊ သာသနာကြီး ဆုံဆီးခုခါ၊ ဒါနတိုးရင်း ပေးသွင်းကြပါ၊ ပြုလုပ်ကြ မုချကြီးပွားရာ။
၅။ သံသရာရေး ကြီတွေးသူငါ၊ နတ်လူအများ ခံစားရတာ။ အညွှန့်အတိုး ဆိုရိုးပုံလာ၊ ပြုလုပ်ကြ မုချကြီးပွားရာ။
၆။ သံသရာခရီး အပြီးသွားသူ၊ နတ်ရွာရောက်ကြောင်း အပေါင်း ပြည့်သူ၊ ဒါနစောင်းတန်း ဖြောင့်တန်းစိုက်ထူ၊ ကုသလ ပြုကြ မြတ်အလှူ။
၇။ သံသရာခရီးအပြီးပိုင်ပိုင်၊ ဒါနရွှေအိုး လူမခိုးနိုင်၊ ရိက္ခာထုပ်ကြီး သိမ်းလက်ကိုင်၊ ပြုလုပ်ကြ မုချကိုယ်ကနိုင်။
၈။ ဆံပင်ဖြူခြင်း မယွင်းမသွေ၊ အောင်လံစိုက်ထား နတ်သားတတွေ၊ စိတ်ချဒိဋ္ဌ သေရပုံသေ၊ မြန်မဆိုင်း နှေပိုင်းရက်ပိုင်းလေ။
၉။ မျက်မြင်သေဘေး ကြီတွေးဆင်ခြင်၊ဆောလျင်ခဏပျက်ရတာမြင်၊ ဒါနသီလ ပြုကြစုံလင်၊ သက်ဇီဝ ဖြူဆွမသေခင်၊ မြတ်သီလပြုကြ ဘာဝနာပင်။
၁၀။ ပျိုပျိုတုန်းက လုံးဝသဏ္ဌာန်၊ မကုန်းမကွ ချောလှအမှန်၊ နုနယ်ပျိုမြစ် ထိုခေတ်ကုန်ပြန်၊ ရှင်သေမင်း ခံတွင်းသူ့နိုင်ငံ။
၁၁။ အမှန်မယွင်းသက်ဆင်းအမြန်၊သူရောငါရော သောသောဖန်ဖန်၊ တလောကလုံး သေဆုံးအမှန်၊ ဖြစ်သမျှ ပျက်ရလောကဓံ။
၁၂။ ပျော်ပါးမော်ကြွား ပယ်ရှားပါလေ၊ တရားအလုပ် အားထုတ် ရှာဖွေ၊တရားသတိ ကင်းဘိပုံသေ၊ ရှင်သေမင်းချိန်းခွင်းပါလို့နေ။
၁၃။ သာသနာလင်း ထိန်ဝင်း ပြောင်ပြောင်၊ အချိန်ရှိက လုံ့လ စိုက်ဆောင်၊ ဒုက္ခပူဆွေး ရန်ဘေး ပယ်ရှောင်၊ဆဲ့တမီး ငြိမ်းကြီး ငြိမ်းတဲ့အောင်။
၁၄။ သော်တာလမင်း ထွန်လင်းခိုက်ဝယ်၊ ကြိုက်ဆုံခုက ပြုကြရမယ်၊ ဘုန်းတော်ကြီးက ဟောပြလေတယ်၊ ဆုလျှင်တောင်း လွတ် ကြောင်း ပါယ်လေးသွယ်။

## မြတ်ဒါနအလှူ သံပေါက်တရားတော်

၁။ ကုသိုလ်ရှင်များ ဒါနအား စောင်းတန်းလှေကားမည်သည်သာ။
၂။ ကုသိုလ်ရှင်များ ဒါနအား ရိက္ခာဝန်ထုပ် မည်သည်သာ။

၃။ ကုသိုလ်ရှင်များ ဒါနအား ဖြောင့်တန်း လမ်းမည်သည်သာ။
၄။ ကုသိုလ်ရှင်များ ဒါနအား အကျင့်ကောင်း မည်သည်သာ။
၅။ ကုသိုလ်ရှင်များ ဒါနအား စည်းစိမ် ဥစ္စာ ပြည့်စုံခြင်း မည်သည်သာ။
၆။ ကုသိုလ်ရှင်များဒါနအားချမ်းသာလုံးစုံပြီးစေခြင်းမည်သည်သာ။
၇။ ကုသိုလ်ရှင်များ ဒါနအား အစိုးရခြင်း မည်သည်သာ။
၈။ ကုသိုလ်ရှင်များ ဒါနအား ကြွယ်ဝချမ်းသာ သုခ ဖြစ်ခြင်းမည်သည်သာ။
၉။ ကုသိုလ်ရှင်များဒါနအားမိမိကိုယ်ကိုစောင်မခြင်းမည်သည်သာ။
၁၀။ ကုသိုလ်ရှင်များ ဒါနအား ချမ်းသာသုခ တိုးပွားခြင်းမည်သည်သာ။
၁၁။ ဒါနလူမျိုး မြတ်ရွှေအိုး ပြိုင်ရိုးအတူမရှိပါ။
၁၂။ သီလနှင့်သာ နိုင်းသင့်စွာ တန်ဆာဘယ်မရှိပါ။
၁၃။ ဘာဝနာဟူ တရားမှု မြတ်သူမရှိပါ။
၁၄။ တဏှာနှင့်မှု ပြိုင်ဘက်ဟူ ရန်သူမရှိပါ။
၁၅။ မြတ်သန္တောသ တူတန်မျှ ဓနဥစ္စာမရှိပါ။

### မဟာပနာဒ မင်းမြတ်ကျောင်းအလှူ လင်္ကာကဗျာ

စုလစ်တရာ၊ ဆန်းကြွယ်စွာသား၊ ရတနာဘုံထွင့်၊ ကောင်းကင်ညွတ်မျှ၊ တမွတ်ကျက်သရေ၊ တက်သစ်နေသို့၊ ရွှေတခဲနက်၊ ပြိုးပြိုးပျက်တိ၊ ခွဲဝက်ယုဇနာ၊ ကျယ်စွာနံလျား၊ အစောက်အားမူ၊ နွားမင်းရှစ်ထွန်၊ နည်းညွန်မှတ်ပြု၊ ရှစ်ဥသဘ၊ တစ်ကဏ္ဍဖြင့်၊ မြားကျတထောင်၊ အမြင့်ဆောင်သည်၊ ရွှေတောင်ဖြိုးမောက်၊ နန်းမြေပေါက်နှင့်၊ မိုဃ်းအောက်ဝန်းကျင်၊ တုမမြင်အောင်၊ လူ့ခွင်စည်းစိမ်၊ စံမွေ့သိမ်လျက်၊ ကြိမ်ကြိမ်လူ့ရွာ၊ မသက်လာဘဲ၊ ကာမာဝစရ၊ သုခပြောစည်၊မိုဃ်းမြင့်တည်သား၊ ခြောက်ပြည်နတ်ရွာ၊ နိမ္မာဝသ၊ စသည်ထက်အောက်၊ ဖန်ခေါက်ခေါက်တည်း၊ ဆုံးရောက်စံကာ၊ ပြန်လူးလာဖြင့်၊ ချမ်းသာအတိ၊ ဘဒ္ဒဇိဟု၊ ဘုန်းရှိထင်ရှား၊ သူဌေးသားသို့၊ အပြားခုနစ်၊ ဥစ္စာနှစ်နှင့်၊ စင်စစ်ကုံလုံ၊ ခိုင်ပြည့်စုံကာ၊ လူ့ဘုံနတ်ရွာ၊ နိဗ္ဗာန်တာသည်၊ မြန်စွာပေါက်ရေး၊ ကြာမနှေးသည်၊ မဝေးဖြစ်သတည်း။

## သိကြားမင်းတို့ ကျင့်ဝတ်ခုနစ်ဖြာ လေးဆစ်ကဗျာ

အလေးမူ ရွေးယူတတ်သူတို့ ရှေ့ပကတူ သွေးတူခေတ်ပေမို့ မွေးမြူ အပ် မိဘကို။ ခြောက်–အဆုံးဟောမလို့ ပြုံးပြုံးနဲ့ ပြောလိုက်မယ်ကွဲ့ ကုန်း မချောမူ၍ မှန်သော သစ္စာနှင့် နူးညံ့စွာ နူတ်ပြေပြစ်တဲ့ပြင် ကင်းလစ် ဝန်တို။ ။အမျိုးဝယ် အရွယ်ကြီးလျှင်ဖြင့် ပုထိုးနှယ် တကယ်မှီးပါလို့ ကျောက်ထီးသို့ လေးမြတ်လို အမျက်ကိုနှိပ်နင်း။ ။ခုနစ်အင် တရား စုံလင်က ဝတ်ခွင်နတ်အပေါင်းသော်မှ လူမနော် သူတော်ကောင်းပေလို့ ကျမ်းဟောင်း ရွှေသံယုတ်မှာလ အမယ်မင်း....လောကုတ္တရာသဘော လုပ်ကြတဲ့ တောအုပ်က တပည့်အရင်းတို့ရဲ့ ခြောက် ဘောမနသတို့ဘို့ စောဗုဒ္ဓက ဟောထုတ်ပြခဲ့သမင်း။

## သိကြားမင်းကျင့်ဝတ် ခုနစ်ဖြာ တရားလင်္ကာကဗျာ

နတ်သိကြားရှင်၊ နတ်များရှင်လည်း၊ လူခွင်မှာမူ၊ လူဖြစ်ခါက၊ ရွာမ စလ၊ထိုဂါမ၌၊မာဃမည်ပြား၊မင်းယောကျ်ားသည်၊မယားလေးယောက်၊ လက်အောက်လူစစ်၊ သုံးကျိပ်နှစ်နှင့်၊ လွန်ချစ်ကုသိုလ်၊ ဆုဆိုမြတ်လှ၊ ယှဉ်းမခွဘူး၊ နေ့ညမပြတ်၊ အိမ်ရှေ့နတ်သို့၊ မြတ်မြတ်နိုးနိုး၊ စိတ်ကိုနိုးပြီး၊ ရှိခိုးဦးတင်၊ ကြည်လင်ညွတ်တွား၊ ထိပ်ထက်ထားလျက်၊ ခစားမပျင်း၊ လုပ်ကျွေးခြင်းဖြင့်၊ မကင်းဝီရိယ၊ ကိုယ်တိုင်ထ၍၊ မိဘနှစ်ဆူ၊ မွေးမြူမငြီး၊ သက်ကြီးရိုသေ၊ ကုလေဇေဋ္ဌ၊ စသည့်တရား၊ ခုနစ်ပါးမြတ်၊ ပဋိပတ်ကို၊ မချွတ်ကျင့်နေ၊ မြဲသောထွေနှင့်၊ မိုဃ်းမြေသွားလာ၊ သာယာစခန်း၊ လမ်းပန်းသုတ်သင်၊ ရှင်လူသုံးသပ်၊ ဇရပ်ရေကန်၊ ပန်းမာလ် ဥယျာဉ်၊ အစဉ်ပြုစု၊ ကောင်းမှုမမေ့၊ အားထုတ်လေ့၍၊ စုတေ့သောခါ၊ ဝတ်သာ ဝယ်၊ ဇူန္ဒာဒေဝရာဇ်၊ နတ်မင်းဖြစ်၏၊ စင်စစ်ထို့တူ၊ ကောင်းနည်းယူက၊ မည်သူမဆို၊ ဖြစ်ရာကိုယ်၌၊ ကုသိုလ်အကျိုး၊ ဘုန်းဝေဖြိုး၍၊ ကြိုးပမ်းကြ လေရာသတည်း။

## သူတော်ကောင်းဥစ္စာ ၇–ဖြာတရား လင်္ကာကဗျာ

ခုနစ်မဟာ၊ရတနာတိ၊ သဒ္ဒါပတ္တမြား၊ဘိုးများနည်း၊သီလပုလဲ၊ မျက်ရွဲ သုတ၊ စာဂသန္တာ၊ ပညာ စိန်ကျောက်၊ ထိန်တောက်ဝင်းညို၊ ဟိရိ ကျောက်ငွေ၊ ဩတ္တပ်ရွှေဟု၊ မသွေပြည့်နှံ၊ ဥစ္စာမွန်နှင့်၊ ဂုဏ်ဝန်ကျော်၊ အိုသူတော်တို့၊ ရှုမျှော်ပညိန်၊ နှိုင်းချိန်မမေ့၊ တရားမွှေ၍၊ စေ့စေ့ဆင်ခြင်၊ သိစေချင်၏၊ ကိုယ်ပင်တရား၊ အခြားမဟုတ်၊ မုချမှန်ဘိ၊ သုတရှိက၊ သပ္ပုရိခေါ်၊ မြတ်သူတော်ကား၊ အကျော်ခုနစ်ပါး၊ ဥစ္စာများ၍၊ တရား

ယုံလစ်၊ သီလချစ်လျက်၊ ခုနစ် သုစရိုက်၊ ကိုယ်၌ဖြူဆွတ်၊ အာဇီ ဝင္နှင့်၊ မချွတ်ပြည့်ငြား၊ ပြီးသောအားဖြင့်၊ မလားပါယ်ရပ်၊ မကပ်ဝေးကွာ၊ ကျင့်သမ္မာနှင့်၊ အရိယာသူမွန်၊ သောတာပန်သို့၊ လမ်းမှန် ဖြောင့်စွာ၊ မထောက်ရာသည်၊ နတ်ရွာနိဗ္ဗာန်၊ကေန်ရောက်ရေး၊ ကွာမဝေး ဖြစ်လေသတည်း။

## ငှင်းရှစ်လုံးဘွဲ့ တရားကဗျာ

၁။ သဒ္ဓါမှုကား, မြဲသားပုံနေ၊ သီလကျင့်မြဲ, ပုလဲမသွေ၊
သန္တာဆိုရ၊သုတထွေထွေ၊ ပတ္တမြား-မှတ်သား စာဂလေ။
၂။ ပညာ ထိန်ထောက်, စိန်ကျောက် ရောင်ရှင်၊ ဟိရိ ခေါ်သုံး၊ ဘော်တုံးအသွင်။
ဩတ္တပ္ပကား, ရွှေသားကြည်လင်၊ မြတ်ဒါန-မှတ်ကြဉာဏ်သိမြင်။

## သံဝေဂတရားနှင့်စပ်သော နိဗ္ဗိန္ဒတေးထပ်

ပင်ကန့်ဂေါ် အရှင်ပွင့် အဆင်သင့်ပါရန်၊ အမြင်ချင့် စာဓမ္မခန်ကို၊ သဒ္ဓါဉာဏ်ရင့်ကြောင်း။ ပိုမလျှော့ဆကာယူတယ် ယထာဘူနိုင်းတတ်မှ ကောင်း။ မဏ္ဍိမပဋိပဒါကို သိပါစေအပေါင်း အရိယာငွေမောင်းဖြင့် ဖွေလောင်းလို့ နှိုးဆော်။ ဗုဒ္ဓပ္ပါဒဝမခေတ်ကိုတဲ့ မှန်အစစ်ခုကြုံရနော်။ ပြုကုန်ကြ ကုသိုလ်တော်ကို ခုလိုနော် အရကောင်းခိုက်မို့ အမတကြောင်း ဆိုက်လမ်းသာသာ လှမ်းမခက်ပါ မြန်းတက်ဘို့ ရှာမှီးပါလျှင် ဒါ သီဘာ ပြုကြတော့လေး။

## ပုဗ္ဗစေတနာအကျိုးပေးပုံ တရားကဗျာ

စေတနာသုံးတန်မှု ပုဗ္ဗတဲ့စေတနာ။ ပဋိသန်နေခင်ဖလ ပေးသင့်လှပါ။ဘယ်သူမှာ ရှေ့စေတနာအကျိုး။ ဘယ်ဂတိ ဘယ်ဌာန်၌ ပဋိသန်နေလေရတယ် ကျမ်းပြလို့ကိုး။

ရာဇဂြိုဟ်ပြည်ဘုမ်ပါတဲ့ ဇောဝိတိရှင်စွာ။ စေတီကို ပန်းတင်သွား မှာလ နွားသားသယ်ရင်ကိုတိုက် လမ်း၌ဆုံးရှာ။မပူဇော်ခင်ပါရဘဲကိုတဲ့ မငြိငွဲ့စေတနာဝယ် ဝတိံမှာဖြစ်သော။ပါဠိ-အဋ္ဌကထာနှင့် ကျမ်းရှေ့စာ၊ ဝိမာနမှာ ဟောပြလေသကော။

## ဗုဒ္ဓသာသနာအနှစ် ၅၀၀၀-တရားလင်္ကာကဗျာ

အစိန္တေယျ၊ နှိုင်းမရသည့်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာကား၊ ငါးထောင်ဖြစ်၏၊ ခေတ်ကောင်းကြုံရ၊ ဒုလ္လဘတွင်၊ ဓမ္မရေအေး၊ အမြိုက်ဆေးကို၊ စုဝေးညီညာ၊ သောက်သုံးကာဖြင့်၊ လူရွာနတ်ရပ်၊ ထွန်းမြတ်ပြဟွာ၊

ရောက်စိမ့်ဌာဟု၊ကုသလာပုည၊ပြုကုန်ကြလော့၊အမတမှန်၊ပြည်နိဗ္ဗာန်ကို၊ ရည်သန်တောင့်တ၊သမထနှင့်၊ဝိပဿနာ၊ ကြိုးစားရာသည်၊ သံသရာဘေး ဝေးရာတည်း။

## နည်းများမဆို ဒါနဟူသည်ပြုကောင်းပုံ

## တရားလင်္ကာကဗျာ

ထိုထိုဌာန၊ ဒေသရပ်ရွာ၊ ရှစ်မျက်နှာက၊ သွားလာစုံလင်၊ များလူရှင်တို့၊ ခိုဝင်နေနား၊ သုံးစားချိုချဉ်၊ ဥယျာဉ်ရပ်ကြီး၊ ကျောင်းပါးနီးဝယ်၊ သစ်သီးဝလံ၊ ပန်းအရံနှင့်၊ တင့်စံသာမော၊ သစ်သီးတောကို၊ မနော ရွှင်ဖြိုး၊ သဒ္ဓါနိုး၍၊ စိုက်ပျိုးကုန်မင်း၊ ပေါ့မပျင်းလင့်၊ သွားခြင်း လမ်းတာ၊ သာယာလမ်းပန်း၊ ရေဖြင့်ဖျန်းလျက်၊ စောင်ရန်းပြုပြင်၊ မစင်ညစ်ကြေး၊ ရှုံ့ညွန်စေးကို၊ ဖယ်ဝေးသန့်ရှင်း၊ သုတ်သင်လျှင်းလော့၊ ရေတွင်းရေကန်၊ သောက်ရန်လမ်းတွင်၊ ရေအိုးစင်နှင့်၊ ထိုပြင်တခြား၊ တံတားမဏ္ဍပ်၊ ဇရပ်တန်ဆောင်း၊ ကျောင်းအာဝါသ၊ကိန်းဝပ်ရာတည့်၊ သဒ္ဓါဝဆွေနှ၊ ထာဝရဟု၊ ပုညခေါ်ရိုး၊ ကုသိုလ်မျိုးလည်း၊ အားကြိုး ကြရာ၊ ဝေးရပ်ရွာက၊ ရောက်လာညှေ့သည်၊ အတည်တည်နှင့်၊ မထေရ် ရဟန်း၊ သက်နန်းခြုံဝတ်၊ သူမြတ်တို့ကို၊ ခရီးဆို၍၊ ဆီးကြိုဆောင်ပင့်၊ အသင့်ဌာန၊ နေရာချလျက်၊ ဖြဖြညီညွတ်၊ ပြုဝတ်ပျူငှာ၊ မမြကွာသည်၊ လိမ္မာကိုယ်ဘို့ မရိုင်းတည်း။

လိမ္မာအလို၊ ကိုယ်ဘို့ကိုတည့်၊ ကုသိုလ်အမျိုး၊ နောင်အကျိုးဟု၊ အားကြိုးအပ်စွာ၊ မပျင်းရာဘူး၊ ဓမ္မိယာလဒ္ဓ၊ ပစ္စယဖြင့်၊ အန္နပါန၊ စသည်ရေစာ၊ ရခဲ့ရာသား၊ ချိန်ခါကာလ၊ ရပ်ဒေသ၌၊ အဂ္ဂပရမတ်၊ ပုဂ္ဂိုလ်မြတ်အား၊ စွန့်လတ်သဒ္ဓါ၊ လှူရပါသော်၊ ဝမ်းသာသောမနသ်၊ ဖြစ်တုံလတ်၍၊ ဥက္ကဋ္ဌဖလ၊ ကျိုးထူးရ၏၊ အပ္ပဝဋ္ဋ၊ မရှုဘို့ရာ၊ နည်းမျှ သာလည်း၊ တယာကွမ်းဆေး၊ ရေအေးတခွက်၊ ဆီတစက်နှင့်၊ လဘက် တရိုး၊ ကြိတချိုးမျှ၊ မြတ်နိုးကြည်ဖြူ၊ ဒါနဟူသည်၊ အလှူကောင်းမှု၊ ရရာပြုလေတော့သတည်း။

## နိဗ္ဗာန်ရောက်ဘွယ်ကြွေးကိုးဆယ် မြန်မာတရားတော်

အသင်္ခတဓာတ် နိဗ္ဗာန်မြတ်သို့ ရောက်ကြောင်း အစစ်ဖြစ်သော ကြွေးကိုးဆယ်ဟူသည်ကား-သုစရိုက် ၁၀-ပါးတရားတို့ကို သမာဒါန ဝိရတိ သမ္ပတ္တဝိရတိ သမုစ္ဆေဒဝိရတိတို့ဖြင့် မြောက်အပ်သော် သုစရိုက် သုံးဆယ်ဖြစ်၏၊ဒါနသီလ စသောပုညကြိယာဝတ္ထု၊ဆယ်ပါးတို့တွင်တပါး

တပါး၌ ကာယကံ ဝစီကံ မနောကံဟူ၍ သုံးပါးစီ ပြားသောကြောင့် ပုညကြိယာဝတ္ထုသုံးဆယ်ဖြစ်၏၊ ဒါနစသော ပါရမီ ဆယ်ပါးတို့တွင် တပါးတပါးသော ပါရမီ၌ ဟီန မဇ္ဈိမ ပဏီတအားဖြင့် သုံးပါးစီပြား သောကြောင့် ပါရမီသုံးဆယ်ဖြစ်၏၊ ဤသို့အားဖြင့် သုစရိုက်သုံးဆယ် ပုညကြိယာဝတ္ထုသုံးဆယ် ပါရမီသုံးဆယ် ပေါင်းကိုးဆယ်သောတရား တို့သည် နိဗ္ဗာန်သို့ရောက်ကြောင်း ကြွေးချသည်နှင့်တူသောကြောင့်နိဗ္ဗာန် သို့ရောက်ဘွယ်ကြွေးကိုးဆယ်မည်၏။

ထို့ကြောင့် ဧကနိပါတ်ဇာတ် ဋီကာ၌- သမတိံသ သမတိံသာနိ သုစရိတဓမ္မ ပုညကြိယာဝတ္ထု ပါရမိယောတိ ဧတမေ နဝုတိဓမ္မာ နိဗ္ဗာ နတ္ထာယ ဥပနိမိဘဏ္ဍာနာမဟုမိန္နဆိုတော်မူ၏။သမတိံသ သမတိံသာနိ၊ အမျှသုံးဆယ်နှစ်လီကုန်သော။ သုစရိတဓမ္မပုညကြိယဝတ္ထု ပါရမိယော၊ သုစရိုက်ဆယ်ပါး ပုညကြိယာဝတ္ထုဆယ်ပါး ပါရမီဆယ်ပါးတို့ရင်း။ ဧတိ၊ ဤသို့။ ဧတမေနဝုတိဓမ္မာ၊ ဤကိုးဆယ်သောတရားတို့သည်။ နိဗ္ဗာ နတ္ထာယ၊ နိဗ္ဗာန်အကျိုးငှာ။ ဥပနိမိဘဏ္ဍာနာမ၊ ကြွေးချသည်အလား အပ်နှံထားသော ဘဏ္ဍာမည်၏။ ဤသည်လျှင် နိဗ္ဗာန်ရောက်ဘွယ် ကြွေးကိုးဆယ်စကားတရပ်ပြီး၏။

## အသာထုတ်တဲ့ မဟာဒုဂ်မြန်မာတရားတော်

သံဃေ ဒိန္နံ မဟပ္ဖလံ အဟဥ္စေ ပူဇိတော။ သံဃေ-သံဃာသာ၊ အရိယာနွယ်ဝင် သံဃာတော်အရှင်မြတ်များအား။ ဒိန္နံ၊ ပေးလှူပူဇော် ရခြင်းသည်။ မဟပ္ဖလံ၊ ကြီးကျယ် မြင့်မြတ်သော အကျိုးရှိပါပေ၏။ အဟဥ္စေ၊ ငါဘုရားကိုယ်တိုင်ကိုပင်လျှင်။ ပူဇိတော၊ ပူဇော်ပေးလှူ အပ်သည်မည်၏-ဟု ဘုရားမြတ်စိန္တေယျာသည်ဟောကြားတော် မူသည် ဖြစ်၍ဉာဏပဏ္ဍိ ကဝိတဖြာ ဒါယကာကြီးငယ် အလှူသယ်တို့ ပြုဘွယ်မဆွ ဒါနကုသိုလ် သဒ္ဓါဝိုလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုရသတဲ့၊ ဒါနမှာအရင်း ပေးကမ်းခြင်း သဘော စေတနာဇော မယုတ်သဖြင့် မဟာဒုဂ်ပေါ် သည်မှာ လတ်တလောထင်ဘင် သဒ္ဓါဇောသက်ဝင်၍ စောဗုဒ္ဓ မြတ် ရှင်အား သံဃဒါနဆွမ်းကပ် လှူဒါန်းရသောကြောင့် ရတနာရွှေအိုး အိမ်မိုးခေါင်ထိ၍ နေစရာ မရှိအောင် ဝင်းရောင်အတိ ရွှေတောင် ဘောက်ပြောင်သောသူဌေးမင်း တယောက်ကဲ့သို့ ယခုပင် မျက်မှောက် ရတနာမိုး ရောက်မည်တရပ် ရာဇဗြိုဟ် ပြည်မြတ်ဝယ် မွဲကပ်သည် မောင်ကာကသည် ဆန်ကွဲဂဏာ အမြဲမကွာအောင် ထမနဲသာကြို့ရှာ၍

ကပ်ခဲ့ရ တပဲမျှလည်းငွေမရှိ မြတ်မုနိထိုသံဃာ ကြွရောက်တော်မူခါတွင် ယာဂုထမနဲ တပဲတန်မျှ ကပ်လှူရတာကြောင့် များမကြာ ၇-ရက် ဆက်ဆက်ပင်ကြာမနှေး မဟာသူဌေးကြီးကေန်ဖြစ်ပါကြောင်း အကျိုး ပေါင်းကိုရေတွက်လို့ စုပေါင်းပါသော်လဲ ပြဟ္မာ့အသက်သာကုန်၍ အကျိုးထူးမကုန်နိုင်သဖြင့် သုံးခရိုင်နယ်တွင်း သူဌေးမင်းဟုထင်ပေါ် လူမော်ကြီးတယောက်ဖြစ်ကြရန် သဒ္ဓါတတ်အားသမျှ မဟာကုသိုလ် သံဃဒါနကို အနုဂ္ဂဟစိတ်ထား ဇောသုံးတန်ပြတ်သား၍ မဟာ သူဌေးကြီးဖြစ်ကြရန် မဂ်ဖိုလ်နိဗ္ဗာန်လိုလား အမျိုးသား အပေါင်း သူတော်ကောင်းတို့သည် အလှူရေစက် လက်နှင့်မကွာ ဝိဝဋ္ဋဒါနကုသိုလ် ပါရမီကျိုး အားကိုးလောက်သော တရားထူးကို ဆည်းပူး ရှာဖွေနိုင် ကြသည် ဖြစ်ကြပါစေကုန်သတည်း။

## အသာထုတ်တဲ့ မဟာဒုဂ် တရားဒေသနာကဗျာ

ဆင်းရဲချမ်းသာမရွေး ပေးတာက ဒါနကိုယူနိုင်ပါသည်၊ သိန်းထီ ပေါက်မှ ကျောင်းဆောက်မည်၊ အချို့လူများက ပြောတတ်ကြသည်၊ ဘုရားဟောတာကတော့ စေတနာသာ ပဓာနအတည်။ တတ်အား သမျှကို ဆိုအုံးမည်၊ ညောင်စေ့လောက်ပင် လှူပေမဲ့လို့ ညောင်ပင်ကြီး လောက် ကုသိုလ်ရနိုင်သည်၊ကဿပဘုရား တင်ရှားပွင့်ချိန်မှို ဗာရာဏသီ ရွှေပြည်တိုင်း မဆိုင်း ကြွမြန်းလို့စည်၊ ရဟန္တာအပေါင်း နှစ်သောင်း ခြံရံသည်၊ အဲသည်အခါဝယ် အာဂန္တုက တုသိတာနတ်ပြည် တဇ္ဇမ်းက လှူဒါန်းကြသည်၊ မင်းမှူးမတ် ကုန်သည် သူဌေး သူကြွယ်မရွေးခဲ့ပြီ ဝမ်းမြောက်စရာ ပဓာနပါရမီ၊ သူဆင်းရဲတယောက်မှာ စေတနာတွေ ထက်သန်လာလေပြီ၊ ဩော်-အားကျကာ ပကာလုပ်ဘို့ အစဉ်ကြည် သဒ္ဓါအဟုတ်ရှင်လို့ အတည်၊ မဟာဒုဂ်က ဆွမ်းကပ်ပေပြီ၊ ဒိဋ္ဌဝေဒနီယ ပစ္စက္ခမှိ လှူဒါန်းညီ၊ မျက်မှောက်သည်ဘဝမှာ ကောင်းကျိုး ချမ်းသာ ကေန်ရနိုင်ပြီ၊ ယခုအခါ ရှုစရာ ဥပမာပြမည်၊ သူဆင်းရဲ သဒ္ဓါမယုတ်တဲ့ မဟာဒုဂ်ကိုသာရည်၊ ချွေးနဲစာ အသပြာကြေး အလှူပေးလို့ သူဌေးကြီး ဖြစ်လေသည်၊ စေတနာသာ ပဓာန တတ်အားသမျှကို လှူမယ် ကြံစည်၊ တနေကုန်အစား သူတပါးထံ အန္တနာခံခဲ့ပြီ၊ပင်ပန်းတယ်ဆို ဘယ်မရှိပြီ၊ မောပန်းတယ်ဆို ဘယ်မရှိပြီ၊ မဟာဒုဂ် မောင်နှံဇနီး မငြီးနိုင် ဘယ် အမှုမဆို ကုသိုလ်တော်အကျိုး သည်ပိုးကာပင်ရည်၊ထင်းပေါက်ဆန်ဖွတ် မလွတ်စေပြီ၊ မြတ်ဒါနကိုရည် သုံးတန်စေတနာ သဒ္ဓါဟုန် တတ်ပါလို့

အာရုံတက်မှီ၊ ဘုရား ကျောင်း မနှောင်းပင်ရောက်ပြီ၊ ကဿပစိန္တေ ဦးနှိမ်ခွေကာအတည်၊ သပိတ်တော်ကို သနားရင်ဖြင့် ဘုရားရှင်ပရမေ လျှောက်ခါပြလေသည်။

## ကုန်သည်ခရီးကို လွှန်မြောက်သော ဝေဿန္တရာဒေသနာ
## တရားကဗျာ

သဗ္ဗညုတရွှေဉာဏ်ကေနိုလို စိတ်မှာထား မြတ်စွာဘုရားဖြင့် တရားနှင့် ရည်ရွယ်ကာ၊ လေးသင်္ချေ ကမ္ဘာတသိန်း တိုက်ရယ်က စောင့်ထိန်းခဲ့ရ ပါတဲ့ ပါရမီမျှော်ခါ၊ဩော်-စေတနာကောင်းလိုက်တာကတော့ ဘုရား လောင်း ဝေဿန္တရာ၊ဇမ္ဗူပေါ် ဒွဲမခန်းလှူဒါန်းပေတာ၊ ရှင်လူပျော်မှီး ထင်သူခေါ်ပြီး ဆင်ဖြူတော်ကြီး လှူပြီးသည့် အခါမှာ၊ ပြည်ရပ်ရွာတို့မှာ မကြေနပ်ပါလို့သာ၊ ဘုရားအလောင်းမြတ် ဝေဿန္တရာ၊ တိုင်းပြည် ကနက် ဩော်-ထွက်ရတော်မူရှာ၊ မယ်မဒ္ဒီကြင်သက်လျှာ မယွင်းခါပါပြီ ကျင့်စာဂီ လင့်ပါရမီ ဖြည့်မယ့်သူလဲပါ၊ ကဏှာဇာလီတို့မှာ သနားစရာ တဘဝါးမကွာ သွားရာကို လိုက်ကာသာပ လူမမယ်တွေမှာ၊အပူတကယ် မအေးစရာ ခရီးအကြားဝယ် ရထားပါလှူရှာ၊ သမီးသားနှင့် မယားပါ တူမကွာ၊ မြေပြင်ခြေတင်လို့သာ ပင်ပန်းစွာတောတန်းကိုလာ သနား စရာဖမ်းလာ လောင်းဝေဿန္တရာ ရင်သွေးနှစ်ဖြာ တောင်းလေပြန်တာ အစဉ်ပေးပါ (၂) ထိတ်စရာ ဘဝင်ကိုဆိုပုံစကား မိစ္ဆာအသွင်လို ထို ပုဏ္ဏား ရိုင်းရိုင်းပြစွာ မိုက်လှတာ ရိုင်းပြစွာ (၂) တရားနည်းမျှော်ခါ ရူပနာဘွေမှာ သားသွီးနှစ်ဘော်ကိုပေးလှူတာ၊ လက်ကိုကြိုးတဲခါသာ သွေးယိုစီးဆင်းလေတာ ဩော်-အထူးမမြင်ရက်စရာ ဆူးခက်နှင့်သာ ရိုက်နှက်ခါ ခေါ်ပြန်တာ တောလယ်ဝနာမှာ မယ်မဒ္ဒီသစ်သီးရှာကာ ပြီးလို့ ခရီးကိုပြန်လာ၊ ပူဆွေးလို့ မျှော်နေပြန်တာ၊ မယ်မဒ္ဒီမှာ တော လမ်းကမောပန်းလို့လာ၊ မှန်းမျှော်ကာ ခေါ်သံပေး ကလေးများ သူတို့ မလာ၊အဲသည်အခါမှာ ဘဝင်ထဲ အသဲရော အူတုန်စရာ မယ်မဒ္ဒီမှာ ရင်သွေးများကိုသာ၊ မမြင်တွေ့လေရာ မြေမှာသူလဲရှာ၊ ဝေဿန္တရာ ဘုရားလောင်းကသာ တရားကြောင်းပြလို့ ဆုံးမတော်မူလေရှာ။

## တနည်း-ဝေဿန္တရာဓမ္မဒေသနာ တရားကဗျာ

ဆုကြီးကိုမှီ မယ်မဒ္ဒီသက်နှင်း လောင်းဝေဿန်မင်းမြတ်သည်းချာ(၂) သားလှမောင်လာ ဝက်ဘာ ကဏှာတို့စံရွှေကျောင်း လွှမ်းဘို့ကောင်း ပါရမီလွှန်ရင့်ညောင်းတဲ့ လောင်းမေဘမိထံတော် သားဝယ်လှူခံလာ

မောင်ဖြူပွဲကျောကိုတဲ့ ဗောဓိဆွေသဒ္ဒါပြင်း ရင်သွေးမောင်ဇာ ကဗျာတို့ ကန်တော်တွင်း ဆင်းတယ်လို့ ပြေးသကိုနော် ပုန်းကြလေသော် တကျော်ကျော် ဘေခေါ်ပြီကွဲ့ မောင်နှမငယ်လေး ထူးပါကြလေး၊ ဘဘုန်းဝေခေါ်သံကြားလို့ သွားကြစို့မောင်လှရယ်၊ မုဋ္ဌလိန် ကန်တော်ထဲက လက်ဟဲ့ကာ မောင်နှမတို့ တောင်းပန်ကြတယ်၊ ဆုကြီးကိုရွယ် ဘဘုန်းကြွယ်ရယ်က သူ့လက်တွင်းကိုလေး တင်းလေတင်းလေ ထည့်လိုက်တယ်၊ မယ်ခင်ဒွိ မြင်အိပ်မက်ကယ်ကြောင့် ရွှေစိတ်စက်မနေသာ၊ သမီးလှမယ်ကဗျာနှင့် သားမောင်ဇာ သူ့အကြောင်းကြောင့် အမေလေး နေမကောင်းပါဘူး၊ ခြင်းတောင်း ညှာတံချူနှင့် နေပူရင် စလူဆောင်းပါလို့ စံကျောင်းတော်ဝက်ဘာက သစ်သီးရှာသွားရာခိုက်ကိုတဲ့ လှူလိုက်လေ လက်ပြန်ကြိုးနှင့် အမျိုးယုတ်ဇူဇကာ မစာနာ အိုမညှာတာလို့ ရိုက်လေခြင်း သွေးဖြာလို့ဆင်း၊ စီးကျထွေထွေ ရွှေမျက်ရေကွဲ့ သည်မစဲ နှင်းရည်လို့ရွဲ၊ မယ်မဒ္ဒီစုံမြိုင်ထဲက ထုံးကေသီ ဖြေရော့ရဲငယ်နှင့် ခြင်းတံချူ လက်မှာစွဲပါလို့ နေနဲ့ရင်ဖြင့် ပြန်လိုလာ။

## တနည်း ဝေဿန္တရာ ဓမ္မဒေသနာ တရားကဗျာ

တောင်ဝက်ဘာ မာလာကြိုင်လှိုင်မွှေးပျံ့သင်း၊ ဇာမရိ ဏော်ကိန္နရာကိန္နရီ ဝိဇ္ဇာ တပသီ ဇော်ဂျီပျော်စံခင်း၊ လောင်းမင်းဝေဿန် ရာဇာဘုန်းတို့သာ ကြည်သုံးဆောက်တည်ရာ တောဟေမာ ဂန္ဓာမြိုင်ညိုတွင်း၊ သီးရွှေဝါ ရသာလွန်ချိုသင်း၊ မဒ္ဒီမယ် ဘော်လဲမပါ တောနက်ကန္တာလှမ်းလေသောခါ ဒေဝါနတ်မောင် ဘန်ဆောင်ကူခါ သစ်ကျားပမာဆီ ကာလမ်းမြောင်ဘေး ပါရမီတော်ရှင် (၂) သည်တွင် ဇာလီ ကဗျာပုဏ္ဏား ဇူဇကာ လှူခံရာ မကြာရွှေရှုနှင်း လှူထည့်အပ်ပေး။ ဇာလီရင်သွေး မယ်ကဗျာ လွန့်ပူဆွေး ထွက်ပြေးသောခါ၊ ပုဏ္ဏား ယုတ်မာသားချင်း မစာ တုပ်နှောင်ကာ ရိုက်တွင်း သေလုရှာ ဘရာဇာမင်းငယ်ညီးမိမှား တဘန်လည် ခန္တီပရမေအောက်မေ့ဆည်ဖြေ၊ လောင်မြတ်ဖျားနတ် မယ်မဒ္ဒီ ပြန်ကာမေးသနှင့်သာ ပုဏ္ဏား ထံမှာ ဇာလီကဗျာ သည်းချာနှစ်ဘော် လှူလိုက်ပြီးနော် မိန့်ဘော် မြွက်ဟကြူးတောင်ညာနန်းမမူး မြေမှာလဲလို့လူး မူးမိုင်း ဝေ ထွေထွေရာရာ လွမ်းတငိုမိရှာ ဝက်ဘာသေလာတောင်စွယ် နက်ကယ်မူရာ ကဲဆင့်ပူဗျာ ပြန်ခါလှန်ခါ ရှာသော် တွေ့ပေါင် မျှော်ကာ ထင်ယောင် မြောက်တောင်ဘယ်ဆီမှန်း၊ မိုဃ်းဇုန္ဒာ ပိုင်ရှင် သိကြားရယ်က ပုဏ္ဏား သဏ္ဍာန်

ဘန်ဆောင်တူစွာ နန်းမယ်တောင်ညာ တောင်းသနှင့်သာ လောင်းတော်မြတ်ရာဇာ ကြည်သာချိုဧ သောက မနှောင့်နှေး စိတ်ရွယ်သန်ရွေး တာတွယ်မပူဆွေး၊ ကြင်ရာရွှေသွေး နှင်းလျှာထည့်အပ်ပေး၊ ငြိမ်းလေး ဆုပန် မြွက်ဆိုဧ၊ နောင်ဝယ်သုံးဘုံကြူ ပျံ့မွှေးသနှင့်သာ တွေးချင့်ကြံရွယ် ကာ ပါရမီစာဂီ ပြည့်စေမှန်း အောင်ခန်းလေး ခေမာနိဗ္ဗာန် မဂ္ဂင်မှူး မည်ကူးဘို့ရည်ပြန် ဆုယူတောင်းတယ် မြတ်လောင်း မင်းဝေဿန်။

## မီးပုံထဲခုန်ဆင်းသည့် ရွှေယုန်မင်း ဒါနကဗျာ

ရွှေလမှာ ယုန်ဝပ်ပါတဲ့ အကြောင်းကိုလ ထပ်လောင်းကာ အတည်၊ အော်မှတ်ညှောင်းစရာပ ကျွန်တော် ကျွန်မ ဇာတ်ကြောင်း ပြန်ပါ မည်။ ။လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဘုရားလောင်း တော် နုစဉ်တုန်းက- တောအုပ်ချုံတိုး ယုန်အမျိုး ဖြစ်တော် မူခဲ့သည်၊ သီတင်းသုံးတော် သူတော်ဓလေ့နှင့် ပျော်မွေ့ကြခါအတည်၊ ဖျံ မြောက် မြေခွေး အဆွေတစု တောင်ခြေမှီ (၂) ဒါန ကိုယ်စီ သီလကိုယ်စီ ဘာဝနာကိုယ်စီ စောင့်ထိန်းပါမည် နောင်အရေးလဲ ပါနိုင်သည် (၂) နက်ဖြန်ခါ ဥပုသ်နေ့မို့ ရက်ကောင်းကြုံလာပြီ၊ ရွှေယုန်မင်းက ဩဝါဒ ပေးတိုက်တွေးနှိုးဆော်သည်၊ သဗ္ဗညုတ ရွှေဉာဏ်တော် အမှန်အနှစ် ကိုလ ချစ်ချစ်ခင်ခင် လိုချင်တောင့်တ စိတ်ဇောမနသိ ရွှေယုန်ပဏ္ဍိတ အကြံရှိလိုက်ပုံက အံ့ဩဘွယ်ရာ ဖြစ်ဘို့ ကြုံလာပြီ(၂) မြေဇာပင်ကို ပန်းတော်ဖြူမုံညှင်း ငါ့ထမင်းမို့ လူနဲ့လဲ မသင့်တော်သည်၊ ဝတ္တု မကောင်းတော့ သူမနှစ်သက် အကျိုးဆက်မရှိနိုင်ပြီ(၂) ငါ့အသက်ကို သတ်ပါလို့ အသားကိုလှူမည်၊ အလှူခံ လာတော့မယ့် လမ်းကို ဥပုသ် စောင့်ရင်း မျှော်မှန်းကာနေသည်၊ သိကြားမင်းစံရာ ပဏ္ဍုကမ္ဗလာတင်း မှိုင်ချောင်းတွင်း ပုဏ္ဏားအိုယောင် သူဖန်ဆင်း၊ ယုန်းမင်းထံချဉ်းကပ်ခါ အလှူခံလာတော့သည်၊ အောင်ပြီ အောင်ပြီ ငါ့အကြံ ထုတ်ချောက် လိုရာပြီး မြောက်သည်၊ သဗ္ဗညုတ ရွှေဉာဏ်ရရန် မဝေးပြီ (၂)အသွေးနဲ့ လှူမည် အသားနဲ့လှူမည် ဇီဝိတရုပ်နာမ် အဟုတ်အမှန်လှူမည်လို့ မီးပုံ တခု လျှင်စွာပြု ပုဏ္ဏားအိုကိုအတည် တံစို့ကင်စားပါ ကျွန်ုပ်ပါရမီ မြောက်စေပြောအောင်အတည် ရဲရဲတောက်ပြောင် ပူလောင်ပြင်းပါဘိ မီးပုံအတွင်းသို့ ခုန်ဆင်းရှာလေပြီ၊ အလောင်းတော် ယုန်မင်း ပါရမီ ရင်းကြောင့် သီတာရေ မြေသလို အပူဘေးမခလေပြီ(၂) ထိုရောအခါ အံ့ဘွယ်မြင်ရပြီ ရှင်သိကြားသည် ရင်မှာပိုက်ထွေး ရွှေယုန်ကလေးကိုဖြင့်

ဂုဏ်သတင်းမွှေးအောင် ကျေညာမည်၊ မိုဃ်းကောင်းကင် အဆီအနှစ်နဲ့ လဗိမာန်ရွှေယုန်ချစ်တို ကမ္ဘာ့တံဆိပ် ခပ်နှိပ်လိုက်လေသည်။

## မိဘနှစ်ပါးလုပ်ကျွေးသော အလောင်းတော်

## သုဝဏ္ဏသာမတရားကဗျာ

မင်္ဂလမ်းကိုယူ လောင်းဒုကူစံခင်း ပါရိကမင်းမြတ်သည်းချာ၊ သား သုဝဏ္ဏာ ရင့်ကြောင်းကိုရှာ သာပေသည် သည်မြိုင်စောင် လွှမ်းရန်ဘို့ ကောင်း၊ ရွှေမိဂါသမင်ပေါင်းနှင့် လောင်းတော်မြတ် ရေခပ်လာရာ၊ တိုင်းဗာရာရွှေပြည်က မင်းရာဇ ပီဠိယက္ခာ၊ ပစ်လိုက်လေ မျက်မာန် ပွားလို့ ရွှေမြားတော် ရင်ကိုခွင်းတယ် သဲသာသာ လဲရှာပေါ့ မြတ် မယ်ဘွား၊ ပြေးမြင်လှည့်လား၊ ဆုကြီးပန်ညည်းသံကြားလို့ ပါးတော်က ဖွင့်လောင်း မှန်ကိုမှားချေပေါ့ ခွင့်တောင်းပန်ကာ မွေးမိခင်ဘခင် ရေးကြောင့် လုပ်ကျွေးမည် စိတ်တော်ချပါဟု ရဲအာမခံတော်မူရှာ၊ မိဘနှစ်ပါးထံသို့ သုံးရန်ဘို့ရေကိုထမ်း မင်းပီဠိလှမ်း။ ။မြတ်သား တော်ဟန် မြေသံကမမှန်လွှဲ၊ မင်းဘယ်ကလဲကွဲ့ သည်းချာ ပြောပမှန်ရာ၊ လောင်းသုဝဏ်စုံမြိုင်ဝ၊ မြားမှန်ကာနတ်ရွာကြွပေါ့ တောင်းပန်သရှိခိုး တင်ကာ၊ တိုင်းဗာရာရွှေပြည်တွင်းက ပီဠိဖျားယက္ခမင်းလို့ ဝတ်စင်းလို့ လျှောက်ကြားသိသာ ကျွန်ုပ်ကိုသာ ပါရိကနှင့် ဒုကူမင်း သားအမှတ် သွင်း လောင်းသုဝဏ် သည်ပူမီးငယ်ကြောင့် ပါရိကာ ရင်တီးပါလို့ ပထဝီမြေပြင်ဟီးအောင်ပ....လူးလဲကာ အိုငိုတော့ရှာ၊

## တနည်းသုဝဏ္ဏသျှံ တရားဓမ္မဒေသနာကဗျာ

ဒုကူလပါရိကာတို့ တူစုံနှစ်လီ မွေ့လျော်ခြင်းနှင့်တောသို့မှီ ကျင့်ဝတ် တရားကို အားထုတ်သည်( ၂) ကာမဂုဏ်နှစ်ဦးလုံးညီညီ မုန်းလှပါပြီ ဆုံးမကြသည်( ၂) မေထုန်မမှိဘဲနဲ့ ချက်ပေါ်လက်တော်ရစ်လို့သန္ဓေတည် ထွန်းကားမဲ့သားသည် ရွှေအဆင်းလိုဝင်းပအညီ သုဝဏ္ဏသာမအမည် ဂါရဝချီ မိဘလုပ်ကျွေးသည် ပီဠိယက္ခမင်းကမြားနှင့်ခွင်းပြီ၊ သုဝဏ္ဏသျှံ ရွှေစင်အိကို ထိမှန်တော့သည်( ၂) သို့ပေမဲ့ သာနိုင်ရိုးလား မိဘကို လုပ်ကျွေးတဲ့ဂုဏ်ရည်၊ မိဂ သမင်တွေ အနားကခြံရံသည် ဘုရားလောင်း နေရှာပြီ၊ နှစ်ပါးမိဘ လိုရာဖြည့်စွက်ဘို့အတည်( ၂) မြစ်ဆိပ်ကမ်းဆီ အပန်းဖြေတော့သည် ရွှေသမင်အလယ်မှာ စိုးမိုးအုပ်ချုပ်နေခဲ့အတည် ( ၂)၊ သနားစရာဘဲတလီ မှားရှာတော့သည် အထင်တော်လွှဲပြီ ပစ်ခတ် ခြင်းမှာ အလျှင်းမတော်ပါသည် ဒုကူလပါရိက မြွေယုတ်မာအတည်

မှတ်ပြန်တော့သည် စကျွ ုတော်ထိုနှစ်ကွင်းမှာ အိုမလင်းပါပြီ၊ ဝိပါက အတည်(၂) သုံးဦးသား နှလုံးမကြည်၊ ဗဟုသုန္တြီနတ်သွီးဆင်းလို့ကယ် သည်(၂)၊ (မှတ်ချက်)ဝိဋ္ဌိယကွမင်းဆက်ဆိုပါ။

**ဒါန သံသရာချဲ့ မချဲ့အကြောင်းတရားကဗျာ**

မာရ်ငါးတွေ ရှောင်သွေ့ကြဉ်တဲ့ အောင်မြေပလ္လင် ညောင်ဗွေရိပ် ကယ်က ရွှေစိတ်တော်ဆင်ခြင်လို့ ပုထုဇဉ်လူသား ခွင်သားတွေနှင့် သိကြားပါ ပြဟ္မာနတ်တို့ အများသတ္တဝါ တရားမနာတတ်ပါဘူ ဘုရား ဘဂဝါမြတ်ကြီတော်မူ။ ။သာရမဏ်ကမ္ဘာ ဒီပံကရာ ထံသာမှောက် တွင်မှ ပန်ကာလျှောက်တင် ဆင်သည်ဆုနှင့် ရှင်သုမေဓာ တာပသက သာဝက အာသဝကင်းလောက်တဲ့ ကျန်ကြွင်းဝေနေမျှားကို သနားမျှော် ကော်ရော်လို့ တရားတော် ကြားဖော်မြွက်မည်ဟု ဘုရားအဆက်ခံ ပတ္ထနာခဲ့ အထက်ပြဟ္မာ သက်လာလျှောက်ခါမှ ဓမ္မစကြာ ဝဂ္ဂါ မြောက်တဲ့ ငါးယောက်စဉ်ကောဏ္ဍညတို့ သမင်တော ဟောကာစခဲ့ လောကသုံးလူ။

မကိုင်နှုပရမေ မြိုက်ရေကျွေးသော်ကြောင့် သူဌေးတွေ စေတနာဖြူလို့ လေးစတူပေးလှူဒါန်းကြ ဆေး ကွမ်းပါ သင်္ကန်းဝါ ကျောင်းရယ်နှင့် အသပြာပေါင်း ငွေကုဋေလွန်တဲ့ ဇေတဝန်ဝိဟာရောင်ပြင် နိဂြောခရုံ နှင့် ပုဗ္ဗာရုံ လုပ်ခါဆောက်ကြ ပုဂ္ဂလာအလျောက်ပင် နောက်အစဉ် တရားနှင့် ဝင်စားအောင် မြွက်ခါဟောတော့ မဂ်သောတာပန်နှင့် သကဒါဂါမ် အနာဂါမ်ပါ ရသတဲ့ သာဝကဘာဝကျွတ်တန်သူ၊ အထွဋ် သယမ္ဘူမိန့်ကြား။ ။အဘိဓမ္မာနှင့်ဝိနယသုတ္တန်တရားတို့ ဗုဒ္ဓဘုရားငယ် ပစ္စေကာသော်မှ အနတ္တကို တတ်ရာမဟောနိုင်ဘူး ခတ်သဘာဝေါပင် အစဉ်ကဖြစ်ခဲ့ရင် အပင်အမြစ်ကို ရှာမရလို့ ဒါနသီလာနှင့် နိက္ခမာ ရိက္ခာဖြတ်တော့ စိတ်ပရမတ်တွင် ဆင်ခြင်စရာတို့ထင်မြင်ကာ ပညာစွမ်း နိုင်ပါမလား မဟာလမ်းတော်ပေတရာကဲ့သို့ ဒေသနာရှိလျက်သားနှင့် ဝိတက်များစရာဝါစကဖြင့် ဒါနသီသီကြမ်းသည်ဟု ဤလမ်းကိုဆို့ကာ ဝိတ်ရင်ဖြင့် မြို့နိဗ္ဗာန်ဖိုလ်မဂ်အမတာထိ ဗိုလ်ပါစုံလိုရာသို့မကပ်သည်ပြင် ဟိုနတ်ထံဘယ်သူလှမ်းနိုင်လိမ့် မလှူဒါန်းချင် စေတနာက ဖြတ်ရင်ဖြင့် လူရဟန်းရှင် ရေစာတ်ကြလိမ့် ကမ္ဗဋ္ဌာန်းတင်စရာ လမ်းပြင်ကာ ပရမတ်ကယ်နှင့် ဆန်းအလင်္ကာ မကျွမ်းကျင် သဒ္ဒါမနပ်ကြတဲ့ ကျမ်း တတ်ကများ အလကာ အလကား။

## တနည်း ဒါနသံသရာမရှေပါ အဖြေကဗျာ

မြေခွင်ရေပြင်ကျယ်တဲ့ ဘွေပင်လယ် နောက်စွန်း၏ ငယ်ကျွန်းရံ သီဟိုဠ်သို့သွားဘို့ လေးငါးခုနစ်လအတိ နှေးအကြာ ရှေ့အခါသမယ ငယ်က ဝေးပါလှမရောက်နိုင်။ ငှက်အသွင်ရက်စဉ်ခရီးမှိ တက်စီးကာ မိုလ်ခြေတို့ မီး ရေ လေ ညီတေဇောနှင့် ကြီးမောသြဃာဇလုပ်၏ လှိုင်း အပြင်မှာ ဝိုင်းနှင်ခုတ်လိုက်တော့ သမုဒ်နယ်ပင်လယ်ဝက ပဥ္စမာ ည ကွာသည့်ငါးရက်နှင့် ဘုရားရှင်စွယ်တော်ထူးသို့ မျှော်ဖူးမည်အလှူဝတ် ကယ်နှင့် ဦးညွှတ်လို့ယိုင်။

အဝိဇ္ဇာတဏှာ ဖြစ်ပုံကား ဗလဝါမြစ်ပင်လယ် သမုဒ္ဒရာကဲ့သို့ ဗုဒ္ဓေါ ဘဂဝါဟောပြခဲ့ ဒါန ကြွေးမြီထားသည့်နှယ် မြေးသားငယ် ရှင်ပြုရေး ကိုတော့ သူဌေးသူကြွယ် ဆုတောင်းခဲ့၊ကပြောင်းကပြန်နှင့် ကျောင်းကန် ဆွမ်းလှူဇရပ်ကို လှူတတ်ရင် ကုသိုလ်ဖြစ်ပါတယ်၊ တရားကို စစ်လျှင် မဂ်ဖိုလ်ရှစ်ခွင် အရဟတ္တစခန်းသို့ မြတ်ကမ္မဋ္ဌာန်းဆောင် ဘာဝနာ စောင့်သူတို့ကိုဖြင့်လမ်းဖြောင့်ဖြောင့် ရောက်လွယ်နိုင်နယ်ခရိုင်ကျယ်ဌမ်း။ နှလုံးထားငယ်က သုံးပါးကွယ်ရတနာနှင့် ဘာဝနာ မပြတ်ပွားသူတို့ မြတ်ဘုရားရှင် အပါးတွင်ရှိစေဘို့ သတိကိုမလိပ်စေနှင့် စိတ်ထဲဝယ် အမြဲ တွယ်လို့ငြိတတ်တဲ့ သက္ကာယဒိဋ္ဌိတွေနှင့် မာနမပိုမိုလို့ ငါ ငါ့ကိုယ် မထင်မှတ်လျှင်ဖြင့် ဝင်အရဟတ္တမဂ်ဖိုလ် ဟိုနောက်ပါရအောင် ပရမတ် အလား အနတ္တတရားပ မှတ်သားကာ နားနာလို့တွေးကြတော့ မဟာ သူဌေးတွေ ကုန်သည်များတို့ ရှေ့ခါကိုဝေးရာသို့ မသွားပြီဘုလေ ငါ ခုနစ်ရက်နှင့် စွန်ငှက်လို အလွန်မြင့်လှ၊ကပ္ပိတိန် မာလိန်မှူးတို့ ချိန်ကူးကာ သီဟိုဠ်က ခုတ်လေသို့ ဥပုသ်သည်ဒါယကာတို့ သာသနာငါးထောင် ဝက်ကယ်မှိ ဖောင်မဂ္ဂင် နာဝါလှေနှင့် ကမ္ဘာ့ကမ္ဘာ တာရှည်၍ မငေါ့ ရအောင်၊ဘာဝနာကန္တာရ မမြောသူတို့ တင်းအတူ သိတင်းအလှူမရှော့ ပါနှင့် သဘော်ဖြင့် ဖြတ်လမ်း ဖြတ်လမ်း။

## ကာမကုသိုလ်အကြောင်းခံသော မဂ်ဖိုလ်နိဗ္ဗာန်တရားတော်

မဟာဝဂ္ဂတာနုတ္တရာနဋ္ဌ ကုသလာနံ ကာမာဝစရကုသလာ မိဋ္ဌာနတ္တာ ပဌမံ ကာမာဝစရ ကုသလံ-ဟူ၍ သီဟိုဠ်ကျွန်း ပေါရဏဋီကာ ထိုမှ တပါး ဝိဘာဝနိဋီကာကျော် အဋ္ဌသာလိနီအဋ္ဌကထာ အလားတူ မိန့်ဆို တော်မူ၏။

ဇုန္ဆာ့ဘာယ ၄၀၀-၄၆

မဟဂ္ဂတာနုတ္တရာနံ၊ မဟဂ္ဂုတ်လောကုတ္တရာဖြစ်ကုန်သော။ ကုသလာနဉ္စ၊ ကုသိုလ်တရားတို့၏လည်း။ ကာမာဝစရ ကုသလာဓိဋ္ဌာနတ္တာ၊ ကာမာဝစရကုသိုလ်တရားသာလျှင် တည်ရာရှိသည်၏ အဖြစ်ကြောင့်။ ပဌမံ၊ ရှေ့ဦးအစ ပဌမဆုံး။ ကာမာဝစရကုသလံ၊ ကာမာဝစရကုသိုလ်တရား ဓမ္မ ဒေသနာတော်မြတ်ကို။ သတ္ထာရာ၊ ငါနှင့်တကွ ရှိကြလေသူ လူနတ်ဖြဟ္မာ သတ္တဝါ၏ ဆရာတဆူ ဖြစ်တော်မူသော မြတ်စွာဘုရား သခင်သည်။ ဒေသိတံ၊ ဟောကြားတော်မူအပ်၏။ ။(မှတ်ချက်)။ ရူပါဝစရ အရူပါဝစရလောကုတ္တရာကုသိုလ်တို့သည် ကာမာဝစရကုသိုလ်သာလျှင် တည်မှီရာရှိကုန်၏။ ကာမာဝစရ ကုသိုလ်ကိုသာစွဲ၍ ဖြစ်ရကုန်၏။ ထို့ကြောင့် ကာမာဝစရကုသိုလ်ကိုသာ ရှေ့ဦးစွာ ပြအပ်၏ဟု အသေအချာမှတ်လေ။

ယေစ ဗုဒ္ဓါ အတီတာစ၊ သမုဒ္ဒဝါဠုကူပမာ။
ဒါနံဝ အာဒိကံ ကတွာ၊ သမ္ဗောဓိံ စ လဘန္တိ တေ။

သမုဒ္ဒဝါဠုကူပမာ၊ သမုဒ္ဒရာ သဲလုံးနှင့်အမျှ ပွင့်တော်မူကြကုန်သော။ အတီတာ၊ ပရိနိဗ္ဗာန်စံ၍ လွန်ကုန်ပြီးထသော။ ယေဗုဒ္ဓါ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို ကိုယ်တော်သိပြား ဝေနေအားလည်း ထင်ရှားသိစေတော်မူတတ်သည့် အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်လည်း။အတ္ထိသန္တိ၊ ထင်ထင်ရှားရှား ရှိတော်မူကြကုန်၏။ တေဗုဒ္ဓါ၊ထိုပွင့်ကြသီးသီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်။ ဒါနံဝ၊ ပေးလှူခြင်းဆိုတဲ့ ဒါနတရားကြီးကို သာလျှင်။အာဒိကံကတွာ၊ အစအဦး ဆည်းပူးခြင်းကို ပြုတော်မူကြ၍။ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကြီးကို။ လဘန္တိ၊ စင်စစ်ကေန် နိုင်နိုင်နင်းနင်းကြီး လက်ကိုင်အပိုင်ရရှိတော်မူကြလေကုန်၏။

ဤသိဟိုဠ်ဖြစ် ဋီကာဟောင်းအစရှိသော ကျမ်းဂန်စကားသည် အနှစ်သာရနှင့် ပြည့်စုံလှပေ၏၊ အသက်ထက်ဆုံး နှလုံးသွင်းအပ်လှပေ၏၊ အချို့သော ပုဂ္ဂိုလ်တို့သည် ဤကဲ့သို့ ကျမ်းဂန်စသည်တို့၌ လာသည်ကို နှလုံးမသွင်းမိခြင်းကြောင့် မဟဂ္ဂုတ်လောကုတ္တရာကုသိုလ်တို့ကိုသာလျှင် သက်သက်သာသာ အားထုတ်လိုကြောင်း၊ ကာမာဝစရ ကုသိုလ်ကို အားထုတ်ခြင်း၌ ငြီးငွေ့ဆုတ်နစ်လေဟန်၊ သံသရာနခမ်း ခါးပန်းမသတ်နိုင်လေကြောင်း များနှင့် မိမိတို့လည်း အယူဝါဒကြီးတခု ပြုလုပ်၍ မြို့ကျော် ရွာကြား ရဟန်းရှင်လူတို့အား ပြောဆို ဟောကြားကြကုန်၏။

ပြောဆို ဟောကြားကြရသော ရဟန်းရှင်လူတို့တွင် အချို့လည်း ရှေ့နောက် အောက် ထက် နှီးနှောခြင်းကို မပြုကြကုန်၊ တွေးမိ တွေးရာများကိုသာ မှတ်သား၍ ပြောဆိုကြကုန်၏။ ထို့ကြောင့် သူ့အထင် ငါ့အလို ပြောဆိုပိုဝါး ကြမ်းကြားလေကြား ကျမ်းဂန်လွတ် စကားများကို မမှတ်သားအပ်၊ မယုံကြည်အပ်ဟု အသေအချာ မှတ်သားလေ။ ထို့ပြင် နိဗ္ဗာန်ရောက်ဘွယ် ကြွေကိုးဆယ်ဆိုတဲ့ တရားများကိုလဲ ယောဂါဝစရ အားထုတ်ဘွယ် နယုပဒေသကျမ်းမှာ ကြည့်လေ။သဒ္ဓါတရား ပြဋ္ဌာန်းသော ကာမာဝစရကုသိုလ်ကို အမှီပြု၍ ဒါနကုသိုလ် သီလကုသိုလ် ရူပ အရူပကုသိုလ် သမထကုသိုလ် ဝိပဿနာကုသိုလ် အဘိညာဉ်ကုသိုလ် မဂ်ကုသိုလ် ဖိုလ်ကုသိုလ် သမာပတ်ကုသိုလ်တို့သည် အခြေကြီးအနေကြီး ဖြစ်အောင် ကျေးဇူးပြုသည်များကို သိကြလေ။

## နှလုံးသွင်းဆင်ခြင်ရန် သံပေါက်လင်္ကာ

ပညာရှိထံ၊ နည်းမခံ၊ ဂုဏ်မာန် တကြွားကြွား။ ဗဟုသုတ၊ မရှိက၊ တွေးဆအမှားမှား။ ကျမ်းပေါင်းမစုံ၊ မာနဂုဏ်၊ ပြောကုန်မယုံရာ။ ငါသာအတတ်၊ ငါသာမြတ်၊ မမှတ်မထင်ရာ။ အဋ္ဌကထာ၊ ကျမ်းဋီကာ၊ ဆရာအာဇာနည်။ မြင့်မိုရ်ပမာ၊ ထေရ်ဆရာ၊ ညှိကာကြံစည်စည်။ ခါချဉ်ကောင် မာန်တက်၊ ပယ်ခါဖျက်၊ အနက်သူမှိ။ ခါချဉ်ကောင် မာန်ကြီးလို့၊ တောင်ကြီးဖြိုမည်ကြံ၊ ခါးကမသန်။ သံကိုသံဖျက်၊ သံချေးတက်၊ မှားချက်အလွန်များ၊ နောက်လာ နောက်သား၊ လူသူများ သတိထားစေဌာ။ ကွမ်တုံသမဏ၊ ရေးကာပြ၊ သာရနိစ္စယာ။ သင့်တော်မတော်၊ ကြံစည်မျှော်၊ လျော်ရာယူလေပါ။ မသင့်မတော်၊ စွန့်ပစ်သော်၊ မျက်တော်မဖြစ်ရာ။ စီးပွားချမ်းသာ၊ မင်္ဂလာ၊ များစွာပွားစေရာ။

## ကိုးခန်းပျို့က မှတ်စရာလင်္ကာ

ချိုတဲ့ပညာ ညှိုးမျက်နှာနှင့် ရွံ့ရှာလန့်ထိတ် အသံဆိတ်၏ တိတ်တိတ်မနေ ဆိုပါချေလည်း မပြေမပြစ် အထစ်ထစ်လျှင် ကျစ်လစ်မရှိ အငြိငြိတည်း ဟုတ်လိနိုးနိုး ဆင်ကန်းတိုးသို့ အကျိုးအကြောင်း ကောင်းကောင်းမမှန် သမ္မန်ပါဌ်လျှောက် ရှေ့နောက်မညီ အစီအဉ် အစလျဉ်မသင့်တဖြင့်တပါး ရယ်ဘွယ်များခဲ့ ဘိုးဘွားမိဘ သူကြီးမ၍ မလှမညှိုး မစိုးမရိမ် နတ်စည်းစိမ်သို့ ရွှေအိမ်ဘုံမြင့် ခုနစ်ဆင့်ထက် နေလင့်ကစား ပြာသာဒ်ဖျားဝယ် နားသည့်ကြိုးမျှ ပမာကျလိမ့် အင်ပဋ္ဌင် သွင်ပြင်ရပ်ဝါ ပြည့်စုံပါလည်း နှံ့သာလှိုင်ခြင်း ဂုဏ်နံ့ကင်းမူ အဆင်းလှဆန်း လူပေါက်

ပန်းဟု သွမ်းမှန်းသိထွေ ကဲ့ရဲ့လေအံ့။ ဤသို့ပြဆိုသော အချက်တို့ကို ထောက်ထား ဆင်ခြင်ကြပြီးလျှင် ကံအားလျော်စွာ ထူးမြတ်သော လူ့ဘဝကို ရရှိ၍လာကြရာတွင် လူမင်္ဂလာကြီး အမှန်ဖြစ်ပေသော ဗဟုသုတပညာကို များစွာ ရရှိလေအောင် မိမိတို့ကို ယ်ဝိုင်နားကို အရင်းအနှီး ပြုကြပြီးလျှင် တတ်စွမ်းသမျှ ကြိုးစားအားထုတ်သင့်ကြပေသတည်း။

## သဒ္ဓါစစ်ဖြစ်ဘို့ရည်မှန်း ဒါနခန်း

အထူးခင်မင်သည့်ကို အကြည်ညို မသိကိုအသိ မဟုတ်သိကများ အဟုတ်သိက ရှာလှချေ၏၊ အားနာတာက တပိဿာ မလွဲတာက ငါးဆယ်သား ဂုဏ်တုဂုဏ်ပြိုင်တာက တဆယ်သား သဒ္ဓါတရားက နှစ်ပြားသား၊ အားလုံးလေးပကာသနဆိုတဲ့ အလှူဆေးဖော်တာလိုဖြစ်နေကြတတ်သည်၊အဲဒါကြောင့် လှူရတာအလှူအကျိုးနပ်အောင် သဒ္ဓါတရား စစ်စစ်ဖြစ်ဘို့ အထူးသတိပြုရသည်ဟူလို။

## လက္ခဏာရေးဆင်ခြင်၍ ပေးလှူလျှင်ဒိဋ္ဌိငါတလုံးပြုတ်ပုံ

မရှိလို့မလှူ မလှူလို့မရှိ မွဲလို့ဆင်းရဲ ဆင်းရဲလို့မွဲ မလှူလေမွဲလေဘဲ မွဲလေမလှူလေဘဲ မောင်ကလှူတော့ မယ်ကကြည်ဖြူ မယ်ကလှူတော့ မောင်ကနှစ်သက် ကုသိုလ် အသင်းဝင်ဘက် ဖြစ်ကြ၏၊ မလှူချင်တာ ဘာလဲတဲ့ အစေတနာရုပ်ခတ်ဘဲ လှူချင်တာဘာတဲ့လဲ စေတနာနာမ်ခတ်ဘဲ လှူတာကမမျှကိုယ်ဆင်းရဲ လှူဒါမှာ ငါမပါ ပေးကမ်းသမျှအစာ ဒါန်ခေါ်ကြတာ။ ဝတ္ထုဒါနပေးပြီးက ဒါနချုပ်တော့သာ။ သတ္တဝါများ ငါထင်မှား လားလားမဟုတ်ပါ။သတိပဋ္ဌာန်အလုပ်မှန်ရုပ်နာမ်သိနိုင်ရာ။ သတိလေးပါး အာရုံပွား ဘုရားမိန့်ဟောတာ။

အခုဟောတာက ပုဗ္ဗစေတနာ ရှိသေးတယ်၊ ဒါနစဇန နယ်သို့ မရောက်သေးဘူး ဒါမေမဲ့ အဲဒီလိုဉာဏ်နှင့် မြင်လိုက်သည်နှင့်တပြိုင်နက် ငါအနေ သူအနေစွဲနေတဲ့ အတ္တဒိဋ္ဌိအစွဲဟာ ဒီနေရာမှာ တခါထဲပြုတ်သွားတယ်၊ အဲဒါကိုပင် ဝိပဿနာနယ်က ပစ္စုပ္ပန်ကျေးဇူးရှိပုံနှင့် ဒိဋ္ဌိငါတလုံး ပြုတ်သွားတာဘဲ ရှိလို့လဲလှူ လှူလို့လဲရှိ ချမ်းသာလို့ မဆင်းရဲ မဆင်းရဲလို့ချမ်းသာ ချမ်းသာလေ လှူလေဘဲမှတ်ပါတော့။

## အလှူဒါနကိုပေးလှူရာ၌ တရားခြောက်ပါး

၁။ သယံကာရ မိမိသဘောအလျောက်ပြုသောကုသိုလ်။

၂။ ပရံကာရ သူတပါးပြုသည်ကိုမြင်၍ အတုအပပြုသောကုသိုလ်။

၃။ သာဟတ္ထိက မိမိကိုယ်တိုင်ပြုသောကုသိုလ်။
၄။ အာဏတ္တိက သူတပါးတို့ကိုစေခိုင်း၍ပြုသောကုသိုလ်။
၅။ သမ္ပဇာန ကံကံ၏အကျိုးတို ယုံကြည်၍ပြုသောကုသိုလ်။
၆။ အသမ္ပဇာန ကံကံ၏အကျိုးကို မယုံကြည်၍ပြုသောကုသိုလ်။

ဤသို ပြဆိုအပ်ပြီးသော တရားမခြောက်ပါး တိုတွင် သယံကာရ သာဟတ္ထိက သမ္ပဇာန ကုသိုလ်သုံးပါးသည် အထူးသဖြင့်ကောင်းမြတ်ပေ၏။ ပရံကာရ အာဏတ္တိက အသမ္ပဇာန သုံးပါးသည် ရွှေသုံးရပ်ကဲ့သို မမြတ်ဟုမှတ်သားအပ်လေတော့သတည်း။

## တရားနှင့်ဆင်ခြင်ပြီးလှူဒါန်းက အကျိုးကြီးပုံ

သီလသမာဓိပညာနှင့် ပြည့်စုံသောရဟန်းပုဏ္ဏားတို့၏ဂုဏ်ကျေးဇူးကို အာရုံပြုပြီး နှလုံးသွင်းမှတ်သား၍ မိမိစိတ်ကို ကြည်ညိုစေ၍ အကျိုးဖလ အာနိသင်ကို တဖန်ပညာဖြင့် ဆင်ခြင်သဖြင့်သုံးပါးသော ပုဗ္ဗ မုဉ္စ အပရ စေတနာတို့ကို သုတ်သင်စင်ကြယ်စေပြီး စွန့်ကြဲ ပေးကမ်း လှူဒါန်းသော ကုသိုလ်ကောင်းမှုသည် အငယ်မည်သည်မရှိ ကြီးကျယ် မြင့်မြတ်သော အကျိုးရှိသည်ဖြစ်ရာ ဖြစ်ရာဘုံဌာနဘဝများ၌ လူနတ်နိဗ္ဗာန်ချမ်းသာ ပြည့်စုံခြင်းကိုသာလျှင်မိမိသည်ဘယ်သို့မှညာဏ်မကစားနှင့် အမှန်အားဖြင့် ပေးစွမ်းနိုင်လေသတည်း။

ထို့ကြောင့် ကျမ်းဂန်များ၌– ဂုဏဝန္တာနံ သမဏဗြာဟ္မဏာနံ ဂုဏံ သလ္လက္ခိတွာ စိတ္တံ ပသာဒေတွာ ဖလံ ပဋိသင်္ခါယ တိဿော စေတနာ ဝိသောဓေတွာ ဒိန္နာ ဒက္ခိဏာ အပ္ပမတ္တကာနာမ နတ္ထိ၊ နိဗ္ဗတ္တနိဗ္ဗတ္တ ဌာနေ မယှံ သမ္ပတ္တိမေဝ ဒေတိ–ဟုမိန့်ဆို၏။ ဂုဏဝန္တာနံ၊ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ရှိကုန်သော။ သမဏဗြာဟ္မဏာနံ၊ ရှင်ရဟန်း မြတ်သောပုဏ္ဏားတို့၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးမြတ်အထူးကို။ သလ္လက္ခိတွာ၊ ကောင်းစွာ ယုံယုံကြည်ကြည် မှတ်သားပြီး၍။ စိတ္တံ၊ လောဘ ဒေါသ မောဟမိမိစိတ်အစဉ်ကို။ ပသာဒေတွာ၊ ပယ်ရှားပြီးကြည်ညိုစေ၍။ ဖလံ၊ အကျိုးကျေးဇူး အာနိသင်များကို။ ပဋိသင်္ခါယ၊ တဖန်ပညာဖြင့် ဆင်ခြင် သုံးသပ်သဖြင့်။ တိဿော၊ သုံးပါးကုန်သော။ စေတနာ၊ ပုဗ္ဗ မုဉ္စ အပရစေတနာတို့ကို။ ဝိသောဓေတွာ၊ ရှင်းလင်းသုတ်သင်စင်ကြယ်စေပြီး၍။ ဒိန္နာ၊ ပေးလှူစွန့်ကြဲသော။ ဒက္ခိဏာ၊ မြတ်သောအလှူကောင်းမှုသည်။ အပ္ပမတ္တကာနာမ၊ အနည်းငယ်မည်သည်။ နတ္ထိ၊ စင်စစ်မုချ မရှိချေ။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာ ဖြစ်လေရာ ဘုံဘဝဌာနများ၌။

မယုံ၊ မိမိသည်။ ဝါ၊ အလှူရှင်ဒါယကာအား။ သမ္ပတ္တိမေဝ၊ လူနတ်နိဗ္ဗာန် ချမ်းသာ ပြည့်စုံ ကုံလုံလောက်ခြင်းကို သာလျှင်။ ဒေတိ၊ ဘယ်လိုမှ ညစ်ညမ်းမကစားပါနှင့်တော့ အမှန်အားဖြင့် ပေးစွမ်းနိုင်သည် သာလျှင်တည်း။

## ဒါနူပနိဿယ သီလူပနိဿယ ဘာဝနူပနိဿယ ကုသိုလ်ကိုပြခြင်း

ဥပနိဿယပစ္စည်း တပ်ကုန်သော မဟာကုသိုလ်တို့သည် ဒါနူပနိဿယသီလူပနိဿယ ဘာဝနူပနိဿယဟူ၍ သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် ဒါနူပနိဿယ သီလူပနိဿယ ကုသိုလ်တို့သည် အားသေးသော ဒုဗ္ဗလတရားဖြစ်ရကား အောက်မဂ် အောက်ဖိုလ် သုံးပါးတို့ကို ရောက်စေကုန်၏။ ဘာဝနူပနိဿယ ကုသိုလ်သည် အားကြီးသော ဗလဝတရားဖြစ်ရကား အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ကို ရောက်စေကုန်၏ဟု မဂ္ဂဖလဒါနက္ကမ အားဖြင့် ပိုင်းခြား မှတ်သား အပ်ကုန်၏။ ထိုကြောင့်ရကား ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ၌ ဒါနသီလူပနိဿယာဟိ တယော မဂ္ဂေစ ဖလာနိစ ပါပေန္တိ ဘာဝနူပနိဿယော အရဟတ္တံ ပါပေတိ-ဟု ဘွင့်ပြဲတော်မူ၏။ ။ဟိသစ္စံ၊ ထိုစကားသည် မှန်လှပေ၏။ ဒါနသီလူပနိဿယာ၊ ဒါနူပနိဿယ ကုသိုလ်, သီလူပနိဿယ ကုသိုလ်တို့သည်။ တယောမဂ္ဂေစ၊ သုံးပါးသောမဂ်တို့ကိုငှင်း။ ဖလာနိစ၊ သုံးပါးသော ဖိုလ်တို့ကိုငှင်း။ ပါပေန္တိ၊ ရောက်စေတတ် ကုန်၏။ ဘာဝနူပနိဿယော၊ ဘာဝနူပနိဿယ ကုသိုလ်သည်။ အရဟတ္တံ၊ အရဟတ္တ မဂ်ဖိုလ်သို့။ ပါပေတိ၊ ရောက်စေ၏။

ဤအဋ္ဌကထာဆရာမြတ်သည် ပိုင်းခြားမှတ်သား မဂ်ဖိုလ် အစဉ်အားဖြင့် ထားခဲ့ရကား ဤသုံးပါးကိုပင်လျှင် နေ့ညမယုတ် အားထုတ် ပြုလုပ်အပ်၏။ ။ဤသို့ ပြုလုပ်ပါလျှင် ဒါနဖြင့် လောဘ အကုသိုလ်ကိုပယ်၊ သီလဖြင့် ဒေါသကိုပယ်၊ဘာဝနာဖြင့် မောဟအကုသိုလ်ကို ပယ်ရှား၍ အလောဘ အဒေါသ အမောဟကုသိုလ်သုံးချက်ဖြင့်နိဗ္ဗာန်တွက် ကောန် ရောက်ရန် စင်စစ် ဖြစ်တော့သည်ဟုမှတ်။ ။ဤသုံးရပ်တို့တွင် ဒါနသည် ပါရမီဖြည့်စဉ်၌ သီလတရားအား ကျေးဇူးများ စေ၍ ပြုလွယ်ရကား ရှေ့ဦးအစ ပဌမဟု ဟောကြားတော်မူ၏။

ထို့ကြောင့် သီလက္ခန္ဓိကာသစ်၌-တတ္ထဟိ ဒါနံ သီလဿ ဗဟူပကာရံ သုကရဥ္စာတိ အာဒိမှိ ဝုတ္တံ-ဟု ဘွင့်ပြ၏။ ဟိ၊ ထင်စွာအစဦးကို ပြဆိုအံ့။ တတ္ထ၊ထိုပါရမီ ဆယ်ပါးတို့တွင်။ ဒါနံ၊ပေးလှူခြင်းဒါနသည်။

သီလသာ၊သီလအား။ ဗဟုပကာရံ၊ များစွာကျေးဇူးလည်းရှိ၏။ သုကရဥ္စ၊ ပြုလည်း ပြုလွယ်၏။ ဇာတိတသ္မာ၊ ထို့ကြောင့်။ အာဒိမှိ၊ အစဦး၌။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကား သီလတရားသာလျှင် အဦးအစ အာဒိတရား ဖြစ်၏ဟုမှတ်။ ထို့ကြောင့် ဓမ္မပဒပါဠိတော်၌- တတြာယမာဒိ ဘဝတိ-ဟု ဟောကြားတော်မူ၏။ တတြ၊ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၌။ အယံ၊ ဤစတုပါရိသုဒ္ဓိသီလ တရားသည်။ အာဒိ၊အစအဦး ပဌမမည်သည်။ဘဝတိ၊ဖြစ်၏။ ၎င်းအဋ္ဌကထာ၌လည်း- စတုပါရိသုဒ္ဓိသီလံဟိ ပုဗ္ဗဋ္ဌာနံနာမ-ဟု ဘွင့်ပြတော်မူ၏။ ဟိသစ္စံ၊ ထို စကားသည် မှန်လှပေ၏။ စတုပါရိသုဒ္ဓိသီလံ၊ စတုပါရိသုဒ္ဓိ သီလသည်။ ပုဗ္ဗဋ္ဌာနံနာမ၊ ရှေ့ဦးအရာ ဌာနမည်၏။ အသခ်တဓာတ် နိဗ္ဗာန်မြတ်ကို ပစ္စက္ခသိဒ္ဓိအားဖြင့် မျက်မှောက်ပြုရာ၌လည်း သောတာပတ္တိမဂ်သည် သာလျှင် ရှေ့ဦးစွာ ပဌမမျက်မှောက် ပြုရာ၏။ ထို့ကြောင့် မာတိကာ ပါဠိတော်၌-ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ-ဟူ၍ ဟောကြားတော်မူ၏။ ဒဿနေန ပဟာတဗ္ဗာ၊ သောတာပတ္တိ မဂ်သည် ပယ်အပ်ကုန်သော။ ဓမ္မာ-နိဿတ္တ နိဇ္ဇီဝ သဘာဝါ၊ သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ထင်ထင်ရှားရှားရှိကုန်၏။ ဤသုံးရပ် အဆုံးအဖြတ်ကို အရာဌာနအားလျော်စွာ မှတ်သား ပိုင်းခြား အပ်ကုန်၏ ထို့ကြောင့်ရကား ရှေပညာရှိ ကဝိဆရာထေရ်မဟာတို့သည် သီလအစ ဘာဝနာပဌမ မဂ်ပဌမ ဒါနရှေ့ဦးစွာဟု စပ်ဆိုတော်မူကုန်၏။ ဤသည့်လျှင် ဒါနူပနိဿယ သီလူပနိဿယ ဘာဝနူပနိဿယကုသိုလ်ကို ပြခြင်းစကားတရပ် အပြီးအဆုံးသတ်ပေသတည်း။

## တိလောကဝိဇယ စကြာမင်းကြီးဝတ္ထု

တိလောကဝိဇယ စကြာမင်းကြီးသည် မိမိ၏ စိတ်တော်၌ စေတော ပဏိဓိအားလျော်စွာ ကြံစည်အောက်မေ့သဖြင့် စိတ်တော်၌ ထင်လာ မြင်လာသော ဂင်္ဂါဝါဠူ သဲလုံးမက ပွင့်တော်မူကြပြီးကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက ပရိနိဗ္ဗာန်စံသော မထေရ်မြတ် တို့အား ရတနာခုနစ်ပါး ဆယ်ပါးဖြင့်ပြီးသော ကျောင်းတော်ကြီးတို့ကို ဆောက် လုပ်လှူဒါန်းပြီးလျှင် ကမ္ဘာမြေပေါ်တွင် ရှိရှိသမျှ သစ်သီးဝလံ ချိုချဉ် ရသာဟူသမျှနှင့် ဆွမ်းကွမ်းသကာ်န်းစသော ပစ္စည်းလေးပါးတို့ကို စိတ် တော်ဖြင့် လှူဒါန်း ပူဇော်လေ၏။ ထိုမနောပဏိဓိ ကုသိုလ်ကြောင့်

တာဝတိံသာ နတ်နန်းဝယ် စံမြန်းရလေ၏။ ထို့ကြောင့် ဗုဒ္ဓအပါဒါန် ပါဠိတော်၌–

မနသာဒါနံ မယာဒိန္နံ၊ မနသာ ပသာဒမာဝဟိံ။
ပူဇိတာ သဗ္ဗ သမ္ဗုဒ္ဓါ၊ ပစ္စေကာ ဇိနသာဝကာ။
တေန ကတေန ကမ္မေန၊ စေတနာ ပဏိဓီဟိစ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသံ အဂစ္ဆဟံ။

ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။ ။တဒါ၊ထိုတိလောကဝိဇယ မည်သော စကြာဝတေးမင်း ဖြစ်တော်မူသောအခါ၌။ မယာ၊ ငါဘုရား သည်။ မနသာ၊စိတ်ဖြင့်။ ဒါနံ၊အလှူဒါနကို။ ဒိန္နံ၊ ပေးလှူအပ်ပြီ။ မနသာ၊ စိတ်ဖြင့်။ ပသာဒံ၊ကြည်ညိုဝမ်းမြောက်ခြင်းကို။ အာဝဟိံ၊ဖြစ်စေပြီ။ သဗ္ဗ သမ္ဗုဒ္ဓါစ၊ပရိနိဗ္ဗာန်စံကြွန်း ခပ်သိမ်းသော ဘုရားရှင်တို့ကိုလည်း။ ပစ္စေကာ စ၊ ပစ္စေကဗုဒ္ဓါတို့ကိုလည်း။ ဇိနသာဝကာစ၊ မြတ်စွာဘုရား တပည့်များ သာဝကတို့ကိုလည်း။ မနသာ၊ စိတ်တော်ဖြင့်။ ပူဇိတာ၊လှူဒါန်းပူဇော်အပ် ကုန်ပြီ။ ကတေန၊ ပြုအပ်ပြီးသော။ တေနကမ္မေန၊ ထို ကုသိုလ်ကံဖြင့် ကံကြောင့်။ စေတနာပဏိဓီဟိစ၊ စိတ်စေတနာတောင့်တခြင်းတို့ဖြင့်လည်း။ မာနုသံဒေဟံ၊ တိလောကဝိဇယ စကြာမင်းဖြစ်သောငါ၏ကိုယ်ကို။ ဇဟိ တွာ၊စွန့်၍။ဝါဝတိံသံ၊တာဝတိံသာထက်နတ်ရွာသို့။ အဂစ္ဆိံ၊သွားရ လေပြီ သွားရလေတော့သတည်း။

### ပညတ်နှင့်ပရမတ်သတိချပ်၍ ပြုအပ်သောဒါနကဗျာ

တသိန်းရယ်ကမ္ဘာနှင့်ကိန်းဇယာအသင်္ချေယျံက ဆင်ချေပန်ဝေသန် ဇာတ်ငဲ့ပြင် သိဒ္ဓတ္ထာ နိက္ခမတ်ကိုလ ထပ်ထပ်သဒ္ဓါ ပွားသောကြောင့် ရပ်ထားသည်မာရ်ဒေဝါနှင့် မယားပါ သားပါပစ်ခဲ့လို့ ဘုရားမဟာ ဓမ္မရာဇ်ဖြစ်တော်မူ။ အများသတ္တဝါ တရားမနာမည်ကြောင့် ရှာလှစ်ချန် သမ္ဗုဒ္ဓေါက ထုတ်ဟောမည်မကြံဘိဟု သဏ္ဍိကေအထံသို့ ဗြဟ္မာသဟံ ဖန်ဆင်းလာသောကြောင့် မိဂဒါဝုံမဝါတောတွင်မှ ဓမ္မစကြာ မြွက်ခါ ဟောတော့ အာသဝေါကင်း ပဥ္စဝဂ်ကယ်တို့ ဇော်မဂ်သို့ယူ။ ခြောက်နှစ် လွန် ခုနစ်ဝါတော့ လွန်တရာအမွန် ဗြဟ္မာနတ်တွေတို့ ပြတ်ဝပ်ခါ အဥ္စလီနှင့် ဓမ္မသင်္ဂဏီ အစဉ်အစီတန်းခဲ့ ပဋ္ဌာန်းဝါစာဝိဘင်းတို့ အမိ ရင်းထံ မယ်တော်နတ်ကယ်ကြောင့်လင်းလှပ်၍ဗျာသံကြူ၊သယမ္ဘူတရား။ စာပေတွင် ပါလေသမျှတို့ ဒါနသီလာနှင့် နိက္ခမာသိက္ခာရင့်မှ ဆင်ခြင် စရာပညာပွင့်သတဲ့ ဗြဟ္မာမင်းတို့ တိဟိတ်သားသော်မှ စိတ်မှာလျှင်

လွယ်တကူနှင့် အပါယ်စတူမျောကာကျတတ်တဲ့ လောဘတဖြာနှင့် ဒါနကိုအမူကြမ်းသည်ဟု မလှူဒါန်းချင် ရဟန်းရှင်ရသေ့တို့ ဖြတ်လမ်းရှာ ပရမတ်ကျမ်းစာဋ္ဌေရုံနှင့် မတတ်မစွမ်းပါနိုင် အဃာတ်စခန်းသာလို့ တွေ့တော့မပ မှန်း၍ချင့်စာ အသဲနှလုံးစွဲအောင် သတိကြပ်ကြပ်ရှုပါ လေတော့သတည်း။

## ကုသိုလ်တရား၏ဝစနတ္ထစသည်ကိုပြခြင်း

ကုသိုလ်တရားသည် လက္ခဏာစသည်အားဖြင့် ကိလေသာဟူသော အပြစ်ဒေါသမှကင်းသော ဇုဋ္ဌဖြစ်သော နာမက္ခန္ဓာဟူသောကောင်းကျိုး တရားလျှင်မှတ်ကြောင်း အနဝဇ္ဇသုခ ဝိပါကလက္ခဏာရှိ၏၊ အကုသိုလ် ကိုဖျက်ဆီးခြင်း ဝိဒ္ဓံသန ကိစ္စရှိ၏၊ ဖြူစင်သည်၏ အဖြစ် သာလျှင် ညဏ်အားထင်သော အခြင်းအရာရှိသော ဝေါဒါန ပစ္စုပဋ္ဌာန်ရှိ၏။ အသင့်လမ်းမှန်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းလျှင်နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏၊ (ယောနိသော မနသိကာရ ပဒဋ္ဌာန်ဟူလို) ဤသို့အားဖြင့် ကုသိုလ်သည် အနဝဇ္ဇသုခ ဝိပါကလက္ခဏာ အကုသလ ဝိဒ္ဓံသနရသ ဝေါဒါန ပစ္စုပဒဋ္ဌာန် ယောနိသောမနကာရပဒဋ္ဌာန်ရှိ၏ ဟူ၍မှတ်အပ်ရာ၏၊ ဤသို့မှတ်အပ်သောကုသိုလ်သည် ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ပယ်ဖြတ်တတ်သောကြောင့် ကုသိုလ်မည်၏။

ထို့ကြောင့်ရကား အဋ္ဌသာလိနီ အဋ္ဌကထာ၌- ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာ-ဟု မိန့်ဆိုတော်မူ၏။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ ကုစ္ဆိတေ၊ ပညာရှိတို့ စက်ဆုပ်အပ် ကဲ့ရဲ့အပ်ကုန်သော။ ပါပကေ၊ ယုတ်မာကုန်သော။ ဓမ္မေ၊ အကုသိုလ်တရားတို့ကို။ သလယန္တိ-စလယန္တိ၊ တဒင်္ဂပဟာန်ဖြင့်တုန်လှုပ် တတ်ကုန်၏။ သလယန္တိ-ကမ္ပေန္တိ၊ ဝိက္ခမ္ဘနပဟာန်ဖြင့် ပြင်းစွာတုန်လှုပ် စေတတ်ကုန်၏။ သလယန္တိ-ဝိဒ္ဓံသေန္တိ၊ သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပျက်စီးစေတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေဓမ္မာ၊ ထိုတရား တို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်၏။

(မှတ်ချက်) ဤအဋ္ဌကထာပါဌ်၌ စကားရပ်၌- စလယန္တိ ဟူသော ဓာတွတ္ထဖြင့် ကာမာဝစရ ကုသိုလ်သည် အကုသိုလ်တရားတို့ကို တဒင်္ဂ ပဟာန်ဖြင့် ပယ်ဟန်အကြောင်းကို ပြတော်မူ၏။ ကမ္ပေန္တိ ဟူသော ဓာတွတ္ထဖြင့် မဟဂ္ဂုတ်ကုသိုလ်သည် အကုသိုလ်တရားတို့ကို ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ဟန်ကိုပြတော်မူ၏။ ဝိဒ္ဓံသေန္တိ ဟူသောဓာတွတ္ထဖြင့်

လောကုတ္တရာကုသိုလ်သည်အကုသိုလ်တရားတို့ကို သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်ဟန်ကို ပြတော်မူ၏။

ထိုကြောင့်မူလဋီကာ၌-သလနဿ အတ္ထ ဒီပနာနိ စလနာဒီနိ တီဏိ တဒင်္ဂပ္ပဟာနာဒီဟိ ယောဇေတဗ္ဗာနိ-ဟု ဘွင့်ပြတော်မူ၏။ သလနဿ၊ သလနဓာတ်၏။ အတ္ထဒီပနာနိ၊ အနက်ကိုပြတတ်ကုန်သော။ စလနာဒီနိ၊ စလန အစရှိကုန်သော။ တီဏိ၊ သုံးပါးတို့ကို။ တဒင်္ဂပ္ပဟာနာဒီဟိ၊ တဒင်္ဂပဟာန်အစရှိသော သုံးပါးသောပဟာန်တို့ဖြင့်။ ယောဇေတဗ္ဗာနိ၊ ယှဉ်တွဲအပ်ကုန်၏။ ဤသို့ပြတော်မူသည်နှင့်အညီ ကုသိုလ် တရားတို့သည် အကုသိုလ်တရားတို့ကို ပယ်တတ် သတ်တတ်ရကား ပဟာယကတရား မည်ကုန်၏၊ အကုသိုလ်တရားတို့သည် ပယ်အပ်သောတရားဖြစ်ရကား ပဟာတဗ္ဗတရားမည်ကုန်၏၊ ဤသို့တရားနှစ်ပါးတို့သည် လောကူပမာဖြင့် ကြောင်နှင့်ကြွက်ကဲ့သို့ မှတ်အပ်၏ဟူလို။

### ကုသိုလ်သုံးတန် ပဟာန်သုံးချက်ကိုပြဆိုခြင်း

ပါဏာတိပါတစသော ဒုစရိုက်ဆယ်ပါး၌ ကမ္မပထမြောက်အောင် ရှက်ဆောင် အားကြီးစွာ ဖြစ်လာလတ္တံ့သော ဝီတိက္ကမ ကိလေသာ အကုသိုလ်စေတနာကို ပါဏာတိပါတာဝေရမဏီစသော ကာမာဝစရ ကုသိုလ် ဝိရတီစေတနာ သုစရိုက် ဆယ်ပါးတို့သည် တဒင်္ဂပဟာန် သတ္တိဖြင့် ပယ်ရှားကုန်၏၊ တဒင်္ဂပဟာန်ဟူသည် တ-အင်္ဂပုဒ်ဖြတ်၍ ထိုထိုကုသိုလ်အင်္ဂါဖြင့် ပယ်အပ်၏ဟူလို။ ဉပမာ-အားဖြင့်ဆီမီးရောင်ဖြင့် အမိုက်မှောင်ကို ပယ်ဖျောက် သကဲ့သို့တည်း။ ဤကား ကာမာဝစရ ကုသိုလ် အပြတည်း။

အကြြင်ပြဆိုအပ်ခဲ့ပြီးသော ရူပစိတ် ၁၅-နှင့် အရူပစိတ် ၁၂-ပါးတို့ ပေါင်းစပ်သည်ရှိသော် အမည်အားဖြင့် မဟဂ္ဂုတ်စိတ်ဟု အဘယ့် ကြောင့် မှတ်ခေါ်အပ်ပါသနည်းဟူမူ ဤရူပအရူပစိတ်သည် ကြီးကျယ် မြင့်မြတ်သော အရိယာစသော အဖြစ်သို့ဝင်း၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ဝင်း ရောက်စေတတ်သောကြောင့် မဟဂ္ဂုတ်အမည် သမုတ်အပ်တော့သည် ဟုမှတ်၊ ထို့ကြောင့်ရကား မဟန္တဘာဝံ ဂတန္တိ မဟဂ္ဂတံ-ဟုဝစနတ္ထ ပြုတော်မူ၏။ မဟန္တဘာဝံ၊ မြင့်မြတ်ကြီးမားသည်အဖြစ်သို့။ ဂတံ၊ ရောက် သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်မည်၏။ တနည်း-အကြင်ရူပ အရူပဈာန်တရားတို့ကို မြတ်ကုန်သော ဆန္ဒ ဝိရိယ စိတ္တပညာရှိကုန်သောပုဂ္ဂိုလ်တို့သည် ကျင့်အပ်သောကြောင့် မဟဂ္ဂုတ်ဟု

မှတ်သားအပ်ကုန်၏၊ မဟဂ္ဂုတ် ကုသိုလ်၌ကား မျက်နှာ မျက်ခွက် ခြေလက်အင်္ဂါ ဘောက်ပြန် ချွတ်ယွင်းအောင် ကိုယ်တွင်းသန္တာန်က ထိုးကျင်တတ်သော ပရိယုဋ္ဌာန ကိလေသာ နီဝရဏ အကုသိုလ်ကို မဟဂ္ဂုတ်ကုသိုလ်ဈာန်အင်္ဂါ ကုသိုလ်စေတနာသည် ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ရှားအပ်လေ၏၊ ဝိက္ခမ္ဘန ပဟာန်ဟူသည် ဈာန်အင်္ဂါဖြင့် နီဝရဏ တရားတို့ကို ပယ်ခွါတတ်၏ဟူလို ဥပမာအားဖြင့် ရေအိုးဖြင့် မှော်သေး မှော်ညှင်းတို့ကို တွန်းခွဲဘိသကဲ့သို့တည်း။ ဤကား မဟဂ္ဂုတ်ကုသိုလ် အပြတည်း။

ဣန္ဒြိယဗဒ္ဓ ဖြစ်သော ခန္ဓာတို့၏ အပေါင်းသည် သတ္တလောက မည်၏၊ အနိန္ဒြိယဗဒ္ဓဖြစ်သော ရုပ်တို့၏ အပေါင်းသည် ဩကာသ လောကမည်၏၊ ဣန္ဒြိယဗဒ္ဓ အနိန္ဒြိယဗဒ္ဓနှစ်ပါးတို့၌ ဖြစ်သောခန္ဓာသည် သင်္ခါရလောကမည်၏။ ဤသို့ပြခဲ့ပြီးသောလောကသုံးပါးကိုလွန်မြောက် တတ်သောကြောင့် လောကုတ္တရာစိတ်မည်၏။ ထို့ကြောင့် ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌-လောကံ တရတီတိ လောကုတ္တရံ။ လောကံ ဥတ္တရတီတိ လောကုတ္တရံ-ဟု ဘွင့်ပြ၏။ လောကံ၊ လောကသုံးပါးကို။ တရတိ၊ ကူးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ လောကုတ္တရံ၊ လောကုတ္တရာ မည်၏။ လောကံ၊ လောကသုံးပါးကို။ ဥတ္တရတိ၊ လွန်မြောက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ လောကုတ္တရံ၊ လောကုတ္တရာမည်၏။ လောကံ၊ လောကသုံးပါးကို။ သမတိက္ကမ၊ ကောင်းစွာလွန်မြောက်၍။ အဘိဘုယျ၊ အလွန်လွှမ်းမိုး၍။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ လောကုတ္တရံ၊ လောကုတ္တရာမည်၏။

ဤသို့ အဋ္ဌကထာပြအပ် ဝိဂ္ဂြိုဟ်သုံးရပ်တို့တွင် ပဌမဝိဂ္ဂြိုဟ်ဖြင့် မဂ် လေးပါး၏လောကုတ္တရာ ဖြစ်ပုံကိုပြသည်၊ ဒုတိယဝိဂ္ဂြိုဟ်ဖြင့် ဖိုလ်လေးပါး ၏ လောကုတ္တရာ ဖြစ်ပုံကိုပြသည်၊ တတိယဝိဂ္ဂြိုဟ်ဖြင့် အသင်္ခတဓာတ် နိဗ္ဗာန်တရား၏ လောကုတ္တရာမည်ပုံကို ပြလိုက်သည်ဟု မှတ်အပ်တော့ သည်ဟု ယူအပ်၏ဟူလို။ ။လောကုတ္တရာ ကုသိုလ်၌ကား ကိုယ်တွင်း သဏ္ဌာန်၌ အမြဲကိန်းတတ်သော အနုသယကိလေသာ တည်းဟူသော အကုသိုလ်ကို မဂ်ကုသိုလ်စေတနာ လေးပါးသည် သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ပယ်တတ်၏ဟုမှတ်။ ဤကား လောကုတ္တရာကုသိုလ်အပြတည်း။ သမုစ္ဆေဒပဟာန် ဟူသည် သိကြားမင်း၏ လက်နက် ဝရဇိန်စက်ကဲ့သို့

အကြွင်းမဲ့ပယ်ဖြတ်၏ဟူလို၊ ထို့ကြောင့်ရကား ကုသိုလ် အကုသိုလ်နှစ်ပါး တို့၏ ထူးခြားဟန်ကို မြတ်စွာဘုရားသည် ထိုထိုပါဠိတော်၌–

ပဟာယကံဝ ပုညမ္ပိ၊ ပဟာတဗ္ဗံဝ ပါပကံ။
တံ ပဒိပန္နကာရံဝ၊ ဒွယံ ဩတွာ ဥကံဝိယ။

ဟု ဟောတော်မူ၏။ ။ပုညမ္ပိ၊ ကုသိုလ်ကောင်းမှုသည်။ ပဟာယကံဝ၊ ပယ်တတ်သောတရားသာတည်း။ ပါပကံ၊ မကောင်းမှုအကုသိုလ်သည်။ ပဟာတဗ္ဗံဝ၊ ပယ်အပ်သော တရားသာတည်း။ တံဒွယံ၊ ထို ကုသိုလ် အကုသိုလ်တရားနှစ်ပါးတို့သည်။ ပဒိပန္နကာရံဝ၊ ဆီမီးရောင်နှင့် အမိုက်မှောင် အလားကဲ့သို့ရင်း။ ဩတွာဥကံဝိယ–ဩတုအာဥကံဝိယ၊ ကြောင်နှင့်ကြွက်အလား ပုံမခြားဘိသကဲ့သို့ရင်း။ ဟောတိ၊ဖြစ်၏။ ဤသည်လျှင် ပဟာန်သုံးချက်တို့ဖြင့် ကုသိုလ်သုံးချက်တို့ကို နှိုင်းယှဉ်၍ပြဆိုခြင်းတည်း။

## နိဗ္ဗာန်နှင့်ဖိုလ် အကုသိုလ် ပယ်ပုံကိုပြခြင်း

နိဗ္ဗာန်နှင့်ဖိုလ် အကုသိုလ် ဘယ်လိုပယ်သနည်း။
နိဿရဏပဟာန် ပဋိပဿဒ္ဓိ ကေန်ပယ်၏တည်း။

အသင်္ခတဓာတ် နိဗ္ဗာန်မြတ်သည် မိမိကိုယ်ကို အာရုံပြုကုန်သော သတ္တဝါတို့ကို သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်စေသဖြင့် ကိလေသာတို့မှ လွတ်စေ ကင်းစေတတ်၏၊ နိဿရဏပဟာန်သတ္တိဖြင့် ပယ်၏ဟူလို။ ။ ဥပမာအားဖြင့် ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ ကြိုးတန်းကို ဆွဲသျက် ကူးဘိသကဲ့သို့တည်း။ ဖိုလ်လေးပါး သည်ကား မဂ်ပယ်အပ် ပြီးသော ကိလေသာ၏ အခိုးအထုံတို့ကို နောက်တဖန် ငြိမ်းစေဟန် အားဖြင့် ပယ်ရှား၏၊ ပဋိပဿဒ္ဓိပဟာန် ဟူလို။ ။ဥပမာ အားဖြင့် ပြာပုံကြီးကို ရေထပ်ဖျန်းဘိသကဲ့သို့တည်း။ဤအကြောင်းတို့ကို သမ္မောဟ အဋ္ဌကထာကြီးမှ ယူအပ်ကုန်၏။

## ပန်းတပွင့်နှင့် ပါရမီဆယ်ပါးဖြစ်ပုံ

ဤပန်းကလေးသည် ဝတ္ထုဒါနဟုမှတ်၊ မြတ်စွာဘုရားအား ဤပန်းပွင့် ကလေး လှူဒါန်းမည်ဟု ကြံစည်စဉ်က စေတနာဒါနဟုမှတ်။

၁။ ထိုဒါနဝတ္ထုပန်းပွင့်ကို ဘုရားသခင်အား ကြည်လင်သော သဒ္ဓါ တရားဖြင့် လှူဒါန်းသောကြောင့် ဒါနပါရမီ မည်သည်။

၂။ ကာယကံသုံးပါး ဝစီကံလေးပါး ကိုယ်နှုတ်များကို စောင့်ထိန်း၍ ပန်းပွင့်ကလေး လှူဒါန်းရသောကြောင့် သီလပါရမီမည်တယ်။

၃။ ပိုက်ဆံတပြားမှ အဘိုးမထိုက်တန်သော ပန်းပွင့် ကလေးကို နှမြောခြင်း မဘက်သည့်အတွက် လောဘမှ ထွက်မြောက်၍ လှူဒါန်းရသောကြောင့် နိက္ခမပါရမီမြောက်ပြန်တယ်။

၄။ ဤကဲ့သို့ ပိုက်ဆံတပြားမှ မထိုက်တန်သော ပန်းပွင့်ကလေးကို ဘုရားရှင်အား လှူဒါန်းရလျှင် လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ဆိုတဲ့ ချမ်းသာသုံးပါးထင်ရှားကေန် အမှန်မုချ ရလိမ့်မည်ဟု သိခြင်းဖြင့် ပညာပါရမီ မြောက်ပြန်တယ်။

၅။ တဘန် ပန်းပွင့်ကလေးကို လက်နှင့်ဆွတ်ခူးသော အခါကစ၍ လုံ့လကြိုးကုတ် အားထုတ်၍ လှူဒါန်းရာ ဖြစ်သောကြောင့် ဝီရိယပါရမီ မြောက်ပြန်တယ်။

၆။ ဤလှူဒါန်းသော ဒါနဝတ္ထုနှင့် နှစ်သက် တွယ်တာတတ်သော လောဘတရားကို သည်းခံ၍ ပန်းပွင့်ကလေး လှူဒါန်းရသောကြောင့် ခန္တီပါရမီ ဖြစ်ပြန်တယ်။

၇။ ဤပန်းပွင့်ကလေး ခူးစဉ်အခါက ဘုရားအား လှူဒါန်းတော့မည် ဟု ဝန်ခံသည့်အတိုင်း မပျက်မကွက် ဆက်ဆက်ကြီး ဘုရားမှာ လှူဒါန်း သောကြောင့် သစ္စာပါရမီ မည်ပြန်တယ်။

၈။ လှူဒါန်းမည်ဟု ပြဋ္ဌာန်းသည့်အတိုင်း လှူဒါန်းသောကြောင့် အဓိဋ္ဌာန်ပါရမီ မည်ပြန်တယ်။

၉။ ဤပန်းပွင့်ကလေး လှူဒါန်းနေစဉ် မိမိစိတ်က သုံးဆယ့်တဘုံ၌ ကျင်လည်နေကြကုန်သော သတ္တဝါအပေါင်းတို့ကို ချမ်းသာစေလိုသော စိတ်ထားဖြင့် လှူဒါန်းရသောကြောင့် မေတ္တာပါရမီဖြစ်ပြန်တယ်။

၁၀။ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော သတ္တဝါ အပေါင်းတို့အား ချစ်ချင်လဲမထား မုန်းစိတ်လဲမဝင် အလယ် အလတ်တွင် ထား၍ လျစ်လျူရှုသော စိတ်ထားဖြင့် လှူဒါန်းရသောကြောင့် ဥပေက္ခာပါရမီ ဖြစ်ပြန်တယ်။ ဤသည်ကား ပန်းတပွင့်ပါရမီဆယ်ပါးဖြစ်ပုံတည်း။

## ပါရမီဆယ်ပါးတချက်တည်းပြည့်အောင်အားထုတ်နည်း

ရှစ်ရက် လပြည့် လကွယ် ကျသောအခါ၌ ပီတိသောမနဿဖြစ်၍ ကျောင်းသို့ သွားသောအခါ အားထုတ်ခြင်းသည် အဓိဋ္ဌာန်ပါရမီ မည်၏။ မေတ္တာတရားပွားများခြင်းသည် မေတ္တာပါရမီမည်ပေ၏၊ ယနေ့ အဘို့မှာ ငါ့ဥစ္စာမရှိဟု လျစ်လျူရှုခြင်းသည် ဥပေက္ခာ ပါရမီမည် ပေ၏၊ အပြောအဆိုစသည်မှ သည်းခံ ခြင်းသည် ခန္တီ ပါရမီမည်

ပေ၏၊ တရားဓမ္မကိုကောင်းစွာ မှတ်သားခြင်းသည် ပညာပါရမီမည်၏၊ သီလကို ခံယူခြင်းသည် သီလပါရမီမည်၏၊ ရေ ထင်း မြက်စသော သေနာသနကိုပြုခြင်းသည် ဒါနပါရမီမည်၏။

**ကထိန်ခေါ် ဝေါ်ခြင်းပါဠိအနက်**

ကထိနံ ဟိ ဝရံ ပုညံ၊ သဗ္ဗဗုဒ္ဓေဟိ ဝဏ္ဏိတံ။
ကထိနေန သဒိသတ္ထာ၊ ကထိနေ ာတိ ပဝုစ္စတိ။

ကထိနံဟိကထိနံနာမ၊ ဘုရားသာသနာ ပွင့်လင်းသာမှ ကောင်းစွာ လှူရ ကထိန်ဒါနဟူသည်ကား။ ဝရံ၊ ကြောင့်ကြမလဝ် တောင့်တအဝ်၍ မြတ်လှပေစွာသော နုပျိုအထူး ပြုလိုသူမျိုးလောက်တဲ့ ကုသိုလ်ထူး ကုသိုလ်မြတ်ကြီးပေတည်း။ သဗ္ဗဗုဒ္ဓေဟိ၊ ဂင်္ဂါဝါဠူ သဲစုမက သဲထုထ သဖြင့် ပွင့်ကြတုံရှောင်း ခဝ်သိမ်းသော ဘုရားရှင်အပေါင်းတို့သည်။ ဝဏ္ဏိတံ၊ စည်းကမ်းသဝ်ယဝ် နည်းလမ်းပြတ်သဖြင့် ချီးမွမ်းအဝ်သော ကုသိုလ်ပေတည်း။ ကထိနေန၊ တောဟေမဝါ ဗေ့ဝနာတွင် လေလာ ယိမ်းယိုင် မတိမ်းနိုင်တဲ ခိုင်ခဲ့လေပြီး သစ်ပင်ကြီးနှင့်။ သဒိသတ္တာ၊ အကျိုး ငါးပါး ပေါင်းဖြစ်ပွားပြီး လှုပ်ရှားယိမ်းယိုင် မတိမ်းနိုင်တဲ ခိုင်ခံ့စင်စစ် နမူနာယူဆလိုက်တော့ တူလှသည်၏ အဖြစ်ကြောင့်။ ကထိနော ာတိ၊ အချိန်အခါ တသိရ်ဖြာသမို့ အရှိန်သန္တာ ့မမှိန်ပါတဲ့ ကထိန်ရတနာ မဟာအလှူကြီးဟူ၍။ ပဝုစ္စတိ၊ အသီးအဖူးနည်းအထူးဝယ်နှင့် ချီးကျူး အဝ်ပေ သတည်း။

**ကထိနဒါန ဥယျောဇဉ်ဓမ္မဒေသနာ**

သရိတ္တာန ကရေယျာထ၊ စီဝရဿ မဟာန္တတံ။
သဒ္ဓါယ စီဝရံ ဒါနိ၊ ဒုလ္လဘော ဗုဒ္ဓသာသနေ။

ဘောန္တော၊ ဗုဒ္ဓသာသနာကို ကြည်ညိုလေးစား၍ မှိုခိုအားထားကြ ကုန်သော အိုတရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့။ စီဝရဿ၊ အနှစ်တထောင်တရာကြာမှ တခါဖြစ်ပေါ်လာသော အာသာဝတီနွယ်နီ နတ်ပန်း ပါရစ္ဆတ္တက ကောဝိဠာရမည်တူး ရသည့် ပင်လယ်ကာသစ်ပန်း တို့လို သာသနာခေတ်ကြုံမှ လူ့ဘုံ၌ပေါ်ထွန်း၍လာသော ဖန်ဝါရောင် လျှမ်း မြတ်သင်္ကန်း၏။ မဟာန္တတံ၊ အရဟတ္တဓိုလ်၏ တံခွန်ဖြစ်၍ အလွန် မြင့်မြတ်ကြောင်းကို။ သရိတ္တာန၊ သမ္မယုတ်ဉာဏ်အမြင် အားဖြင့် ဆင်ခြင် တွေးတော ကြကုန်လျက်။ ဒုလ္လဘော၊ ကမ္ဘာတွက်ကိန်း သိန်းပေါင်း များစွာ ကုန်ဆုံးပါလည်း လွန်စွာရခဲလှစွာထသော။ ဗုဒ္ဓသာသနေ၊

ရှင်တော်ဘုရား တည်ထားမိန့်မှာ သာသနာ၌။ ဝါ၊ ဘုရားအစရှိသော သူတော်ကောင်းတို့နေရာမြတ်၌။ သဒ္ဒါယ၊ လွန်ကဲပိုမို ကြည်ညိုသဒ္ဒါ ထက်ကဲစွာဖြင့်။ စီဝရဒါနံ၊ လှူဒါန်းခြင်းငှာ ကြိုခဲစွာသည့် မဟာဒါန စီဝရမည်ခေါ် ကထိန်ဒါနအလှူတော်ကြီးကို။ ကရေယျာထ၊ ဘဝတိုင်း ချမ်းသာ၍ ပြည်ခေမာ အမြန်ကူးရအောင် ဆည်းပူးအားထုတ်ပြုလုပ် ကြိုးစားနိုင်ကြစေကုန်သတည်း။

ဒုလ္လဘံ စီဝရံ သေဋ္ဌံ၊ အနုဋ္ဌံ သာသနဒ္ဓဇံ။
တံ ပါရုပ္ပ ဝိမုစ္စန္တိ၊ တိဝဋ္ဋတော အနာသဝါ။

စီဝရံ၊ ဖန်ဝါရောင်လျှမ်းဝတ်သင်္ကန်းသည်။ဒုလ္လဘံ၊ကမ္ဘာ့ကုဋေသင်္ချေ သင်္ချာကုန်ဆုံးပါလည်း လွန်စွာရခဲလှပေ၏။ သေဋ္ဌံ၊ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်ဝယ် အထည်အဝတ်မှန်သမျှထက် နှိုင်းဆမရာ ထွန်းလည်း ထွန်းမြတ်ပါပေ၏။ သာသနဒ္ဓဇံ၊ တွေ့ခဲ လှစွာသော သာသနာ တံဆိပ်အောင်ဟိတ် အောင်လံ အမှန်ကြီးလည်း မှန်လှပါပေ၏။ တံ၊ ထို ကြိုခဲစွာမှန် အတိုးတန်၍ အောင်လံ တံခွန်ကြီးဖြစ်သော သင်္ကန်းကို။ ပါရုပ္ပ-ပါရုပိတွာန၊ ဝတ်ရုံ ဆင်မြန်းတော်မူကြကုန်၍။ အာနသဝါ၊ အာသဝေါကို ခွါလျော့ဖြတ်ခွင်း ရှင်းရှင်းစင်ကြယ် နွယ်အရိယာရဟန္တာ တို့သည်။ တိဝဋ္ဋတော၊ သုံးပါးဝဋ်ဗွေ ကရွတ်ခွေကြီးထဲမှ။ ဝိမုစ္စန္တိ၊ ထွက်မြောက်ခြင်းကြီး ထွက်မြောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်တော် မူကြလေကုန်သတည်း။

ယထာ ဝဿ သဟဿိကံ၊ အာသာဝတီလတုတ္တမံ။
ဒဒေယျုံ ကထိနဒါနံ၊ ဒုလ္လဘံ ဗုဒ္ဓဝဏ္ဏိတံ။

ဝဿသဟဿိကံ၊ မညစ် ပြောင်ပြောင် သစ်အခေါင်မို့ အနှစ် တစ်ထောင်ကြာမှ ပွင့်သီးသော။ အသာဝတီလတုတ္တမံယထာ၊ အကျော် အစော မျှော်တော်ဇောနှင့် မောကြပါသည့် တျာတျာချီသည့် အာသာ ဝတီနွယ်နီနတ်ပန်းနှင့်တူသော။ ဒုလ္လဘံ၊ ဘုရားသာသနာခေတ်အတွင်း မှာမှ ကောင်းစွာလှလှ လှူခွင့်ရသဖြင့် အလွန်တရာ ရခဲလှသော။ ဗုဒ္ဓ ဝဏ္ဏိတံ၊ ဒြမ်အဖျား မြတ်တရားသည် ထပ်မနားလတ် နည်းအဆန်း တို့ဖြင့် ချီးမွမ်းတော်မူအပ်သော။ ကထိနဒါနံ၊ မညစ်သပ ခေတ်ဘဝတွင် ဖြင့် သစ်လှသည့် သမ္ဘာရှိန်နှင့် တနှစ်မှ တခါကြိမ်ရတဲ့ မဟာကထိန် အလှူတော်ကြီးကို။ ဒဒေယျုံ၊ သဒ္ဒါဖွေးဖြူ အရေးယူ၍ အလေးတမူ မနှေးကြူပြီး ပေးလှူဆက်ကပ်ကြကုန်ရာသတည်း။

ကထိနံ ကထိနဖလံ၊ ဝရံ ဝရာနိ ထောမိကံ။
ဒုလ္လဘံ ဒုလ္လဘာနန္တံ၊ ဘဂ္ဂါဘဂ္ဂံ အဟော ကထံ။

ဘောန္တော၊ တနှစ်မှတခါကြုံ ရတနာပုံ ယခုဆိုက်သကဲ့သို့ အမှုစိုက်ကာ တရားသက်တဲ့ သဘောနှင့် အားတက်သရော ယခုလုံးပြီးတော့ စုရုံးလာညောင်း အိုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ကထိနဖလံ၊အကျိုးပေးတဲ့ အရာမှာ တန်ခိုးမသေးပါသဖြင့် ညှိုးမှေးစရာ အငုံမရှိတဲ့အပြင် အကုန်ဖိကာ တသန်သန်လှိုင်လို့မို မဏ္ဍိုင်လို မယိုင်မနွဲ့သဖြင့် ခိုင်ခိုင်နှင့် ကသီကယီ မလန့်ရအောင် တည်ကုံ့တော်မူပေထသော။ဝရံ၊ဇမ္ဗူပေါ်တွင် သူတော်စင်မှန်သမျှတို့က အနန္တ ထိုအနက်ဟာမို့ အကျိုးတွက် ရော်ရမ်းပြီး မျှော်မှန်း တောင့်တအပ်ပေထသော။ ဝရာနံ၊ လောကီရေးရာ အစုတ်နှင့် ဂုဏ်လုပ်စိတ်မကူးကြဘဲ ထိပ်ဖူးသည့် မဏ္ဍိုင်အရိပ်ကိုမှ ဆိုက်ကပ်ဖို့ ဖိကာကြံ အရိယာအမှန် သိမ့်သိမ့်နှင့် ထိပ်ထိပ်ကြဲပုဂ္ဂိုလ်မြတ်တို့သည်။ ဝါ၊ သဘောရှိသမျှ ပေါ်ပြည့်ဝကြသည့် ဇောတိက အနာထပိဏ်ငဲ့ပြင် ဇောတကြွကြွနှင့် မင်းကောသလ ဗိမ္ဗိသာမကျန်ရတဲ့ အလိမ္မာဉာဏ်ကြီခန်း မပြောင်းရာသည့် ပဌမတန်း ကျောင်းအမ ဝိသာခါတို့လို။ အရိယာ၊ ထိုထိုမဂ်စခန်း သွားကြသည့် အထက်တန်းစား ပုဂ္ဂိုလ်မြတ်တို့သည်။ ထောမိကံ၊ အချက်ကောင်း အလက်ကောင်းဟု လက်ခမောင်း တဖြောင်ဖြောင် ခပ်မတတ် အခေါ်ငါအမြတ် အဆင့်ပဌမရယ်လို့ ဖွင့်ဟကာ ထောမနာဘွဲ့ အရေးဖြင့် ဩဘာပေးချီးမွမ်းအပ်ထသော။ဒုလ္လဘံ၊တနှစ်မှတလ တလမှတရက် တရက်မှတကြိမ်တည်းဟာမို့ အချိန်နည်းစွာ မရမကကြံရသဖြင့် ရခဲလှပေထသော။ ဒုလ္လဘာနံ၊ လူ့ချင်ပြန်လဲ ပစ္စည်းမရှိ ပစ္စည်းရှိပြန်ရင်လဲ မသဒ္ဓါ သဒ္ဓါပြန်လဲ အလှူခံချိုသဖြင့် မူမှန်လို အကဲရည်စစ်စစ်နှင့် ပွဲတချီဖြစ်ဘို့ တကယ်ကြံခဲ့လျှင် မယ်ကန်ကန် မလွဲမကင်း လှသဖြင့် ခဲယဉ်းလှသည့် အလှူမျိုးတွင်။ အနန္တံ၊ ခဲယဉ်းလှသည့်အပေါ်မှာ တမျိုးခက်ရလေတော့ အဘိုးအနန္တ အမှန်တကယ်ထိုက်သဖြင့် မြန်နယ်တပိုက် ဇမ္ဗူတခွင်မှာ အတူယှဉ်ပါလျှင် အချွန်ဆုံးဟာမို့ အလွန်ဆုံး အသာဆုံး ဖြစ်ပေထသော။ ဘဂ္ဂံ၊ ကိလေသာရန် အစစ်တို့ကို အမြစ်ပါထုတ်ဖော်သဖြင့် ကုတ်ကော်ညှဉ်းသတ် အစင်းတပ်လျက် စင်စစ်ဖျက်ဆီးနိုင်ပေထသော။ အဘဂ္ဂံ၊ အသွယ်သွယ် အဝဝ အနယ်မှထကြသည့် ဘယ်ဓားမြ ဘယ်သူခိုးတို့မှ အစုပျက်အောင် မလုယက် နိုင်ပေထသော။ ကထိနံ၊ ဘုရား ကိုယ်တော်တိုင်

အားပေးသဖြင့် အများတတ တပည့်သာဝကတို့မှာ သိသာလှအောင် အဟုတ်မှတ်ပြီးသော် နှုတ်မြွက်ခါ အနည်းနည်း ဆန်းသဖြင့် ချီးမွမ်းအပ်တဲ့ ကထိန်အလှူတော်ကြီးကို။ ကထံ၊ သဒ္ဒါရွှင်ရွှင်နဲ့ တသိန်းတန်းက ပြိုင်ကြသဖြင့် ရတနာအဝင် စိန်ပန်းခိုင်ရသလို ထိန်လျှမ်းပိုင်ပိုင် အများမက်တဲ့ ဇောတွေနဲ့ အားတက်သရော ယခုလိုလုံးပြီးတော့ စုရုံးလုပ်အပ်ပေပြီ။ ဝါ၊ အမြောက်အမြား ဒါယကာ ဒါယိကာမတို့က သဒ္ဒါဗလဝ အရင်းခံလျက် အခင်းမဟန် ငွေကြေးပြတ်ကြသော်လည်း အရှည်တွေးတဲ့ မင်္ဂလာဏ်အမြင်တို့ကြောင့် သမ္ဘဇဉ်အရှိန်ဝင်းသဖြင့် ကထိန်ခင်းရတဲ့ ယခု အလုပ်သည်။ အဟော၊ အချက်ကျကျနှင့် အတွင်းရောက်ပေ သဖြင့် ဝင်းဝင်းတောက် အကျိုးရတော့မှာမို့ အမျိုးပါပ,တိုးမလပ်ရဘဲဩော်- ရကျိုးနပ်ပါတော့သည် တကား။

## ကထိန်အကျိုးပေးကြီးပုံ

ယာဝ အကနိဋ္ဌာ ဒေဝါ၊ သုဝဏ္ဏရဇတံ ဗဟုံ။
နာနာရတနရာသိစ၊ ဒဒေ သံဃဿ သဗ္ဗဒါ။
ကေကထိန ဒါနဿ၊ ကလံ နဂ္ဃတိ သောဠသိံ။

မနုဿလောကတော၊ လူ့ပြည်လောကမှ။ ယာဝ အကနိဋ္ဌာဒေဝါ၊ အကနိဋ္ဌမည် ဗြဟ္မာ့ပြည် တိုင်အောင်။ ဗဟုံ၊ များပြားလှစွာ။ သုဝဏ္ဏရဇတဥ္စ၊ ရွှေငွေကိုငင်း။ နာနာရတနရာသိစ၊ အထူးထူးသော ရတနာခုနစ်ပါး ဆယ်ပါးအစုတို့ကိုငင်း။ သဗ္ဗဒါ၊ နေ့ရောညပါ ဘယ်ခါမပျက် အသက်ဆုံးသည် တိုင်အောင်။ သံဃဿ၊ သံဃာတော် အရှင်မြတ်များတို့အား။ ဒဒေ ဒဒေယျ၊သာဟတ္ထိကဒါန မိမိကိုယ်တိုင် ပေးလှူရာ၏။ တံဒါနံ၊ ထိုသို့ပေးလှူသော ဒါနမျိုးသည်။ ကေကထိနဒါနဿ၊ ယခုလို ကထိန်တခါမျှ လှူရသောဒါနမျိုး၏။ သောဠသိံကလံ၊ တဆဲ့ခြောက်စိတ် တစိတ်ကိုမျှ။ နအဂ္ဃတိ၊ တုပြိုင်၍ အဘိုးမှန် မမှီနိုင် မတူနိုင်လေတော့သတည်း။ ။(အထူးမှတ်ချက်)။ ။တပါးသော အလှူဒါနမျိုး တို့မှာ အကြောင်း ဒါနဝတ္ထုပင် ကဲလွန်သော်လည်း သာသနာ အတွင်း၌ အာပတ် အညစ်အကြေးကို ဘယ်အလှူဒါနမှ ဆေးကြော သုတ်သင် မတားမြစ်နိုင် မကုစားနိုင်၊ ကထိန်အလှူဒါနမှာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်မှုထိုးထွင်း၍ ရသိတော်မူအပ်သော အာဏာဒေသနာ ဝိနည်းပညတ် အာပတ်အညစ်အကြေး သိက္ခာပုဒ်တော်များကို ဖျက်ဆီး

တားမြစ် ကုစားနိုင်၍ ကုစားခြင်းငှာ စွမ်းနိုင်၏၊ အလွန်ကြီးကျယ် မွန်မြတ်သော စတုပါရိသုဒ္ဓိ သီလကြီးကိုပင် ထောက်ပံ့ချီးမြှင့်၍ ဖြူစင်အောင် အမိသီလဖြစ်အောင် ပြုစွမ်းနိုင်၏။ ထို့ကြောင့် ဂန္ထန္တရကျမ်းတပါး၌-

ယသ္မာ အာပတ္တိံ နာသေတိ၊ ဘိက္ခူနံ ကထိနံ ဒါနံ။
တသ္မာ တံ သမ္ဗုဒ္ဓါနေယှိ၊ အတိဥတ္တမံ ပသဋ္ဌံ။
တသ္မာဟိ ပဏ္ဍိတော ဇနော၊ သမ္ပဿံ သုခမတ္တနော။
သမ္ပတ္တေ ကထိနေခေတ္တေ၊ ဒဒေ သံဃဿ ကထိနံ။

ဟုမိန့်ဆိုတော်မူ၏။ ကထိနဒါနံ၊ တချိန်တခါမျှ ပေးလှူရသော ကထိန်ဒါနသည်။ ဘိက္ခူနံ၊ တထောင့်ငါးရာ ကိလေသာကို ဖျက်ဆီးလေ့ရှိသော ရဟန်းအပေါင်းတို့၏။ ဝါ၊ သံသရာဝဋ်ဒုက္ခဘေးကို ရှုလေ့ရှိကုန်သော ရဟန်းအပေါင်းတို့၏။ ဝါ၊ အရိယာတို့၏။ ဝါ၊ တောင်းစားလေ့ရှိသောရဟန်းအပေါင်းတို့၏။အာပတ္တိ၊စာရိတ္တဟု စသည်ပညတ်ငြိကပ်မည့်အရေး အာပတ်အညစ်အကြေးကို။ ယသ္မာ၊ အကြင့်ကြောင့်။ နာသေတိ၊ ဖျက်ဆီးတားမြစ်နိုင်၏။ တသ္မာ၊ ထို့ကြောင့်။ တံဒါနံ၊ ထိုကထိန်အလှူဒါနကို။ အတိဥတ္တမံ၊ အလွန်မြတ်၏ဟူ၍။ ပသဋ္ဌံ၊ ဘုရားအရိယာအပေါင်း သူတော်ကောင်းတို့သည် ကောင်းချီးမလပ် ချီးမွမ်းအပ်ပေ၏။ တသ္မာဟိ-တသ္မာဝ၊ ထို့ကြောင့်သာလျှင်။ အတ္တနော၊ မိမိ၏။ သုခံ၊ ချမ်းသာကို။ သမ္ပဿံ-သမ္ပဿန္တော၊ ကောင်းစွာရှုမြင်သော။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသော။ ဇနော၊ လူများအပေါင်းသည်။ ကထိနေခေတ္တေ၊ ကထိန်ခေတ် ကာလသည်။ သမ္ပတ္တေ၊ နှစ်တပတ်ပြောက်ရောက်ခဲ့သည်ရှိသော်။ သံဃဿ၊ သီလဂန္ထကလျာဏဖြစ်သော သံဃာတော်မထေရ်မြတ်အပေါင်းအား။ ကထိနံ၊ ပရိယာယ်ဩဘာ မပါမဝင် အာဏာခွင်သို့ မြှုမှင်မသန်း ဖြူစင်သော ကထိန်လျှာသက်န်းကို။ ဒဒေ-ဒဒေယျ၊သာဟတ္ထိကဒါန မိမိကိုယ်တိုင်ဖြင့် စွန့်ကြဲပေးကမ်းလှူဒါန်းအပ်လေတော့သတည်း။

**ကထိနပုဒ်၏ဝိဂ္ဂိုဟ်ဝစနတ္ထပြခြင်း**

ကထိနန္တိ ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ သင်္ဂဟနတ္ထေန ကထိနံ၊ ထိရန္တိ အတ္ထော။ ။ကထိနန္တိ၊ ကထိနံဟူသည်ကား။ ပဉ္စာနိသံသေ၊ အနာမန္တစသည်ငါးပါးသော အကျိုးအာနိသင်တို့ကို။ အညတ္ထ၊ တပါးသောအရပ်၌။ (ဝါ)၊ တပါးသောအရပ်သို့။ ဂန္တုံ၊ သွားခြင်းငှာ။

အဒတ္တာ၊ မပေးမူ၍။ သင်္ဂဟနတ္ထေန၊ ရေတွက်ခြင်းအနက်ဖြင့်။ (ဝါ)၊ ရေတွက်ခြင်းအနက်ကြောင့်။ ကထိနံ၊ ကထိန်မည်၏။ ထိုရုံ၊ မြဲမြံခိုင်ခံ့၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ကင်္ခါဝိတရဏီ ဆရာ၏ အနက် အဓိပ္ပါယ်အလိုပေတည်း။

ကထိနန္တိ ပဉ္စာနိသံသေ အန္တော ကရဏသမတ္ထတာယ ထိရန္တိ အတ္ထော။ ။ပဉ္စာနိသံသေ၊ ငါးပါးသော အကျိုး အာနိသင်တို့ကို။ အန္တောကရဏ သမတ္ထတာယ၊ အတွင်းပြုခြင်းငှာ စွမ်းနိုင်သဖြင့်။ (ဝါ)၊ စွမ်းနိုင်သောကြောင့်။ ထိရံ၊ မြဲမြံခိုင်ခံ့၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ သာရတ္ထဒီပနီဋီကာ ဝိမတိဋီကာ ဝဇီရဗုဒ္ဓိဋီကာဆရာ၏ အလိုပေတည်း။ ။ကထတိ ကိစ္ဆေန ဇီဝတီတိ ကထိနော၊ ကထိနော ဝိယာတိကထိနံ။ ။ကိစ္ဆေန၊ ငြိုငြင်ပင်ပန်းသဖြင့်။ ကထတိ ဇီဝတိ၊ အသက်ရှည်တတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ ကထိနော၊ ကထိနမည်၏။ ကထိနောဝိယ၊ ငြိုငြင်ပင်ပန်းသဖြင့် အသက်ရှည်တတ်သော သစ်ပင် ကဲ့သို့တည်း။ (ဝါ)၊ သစ်ပင်နှင့်တူ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ကထိနံ၊ ကထိန်မည်၏။

ကထိယတေ သိလာဃတေ ဗုဒ္ဓါဒီဟိ ဝါ ကထိနံ။ ။ဝါ၊ တနည်း။ ဗုဒ္ဓါဒီဟိ၊ ဘုရားအစရှိသော အရိယာ သူတော်ကောင်း အပေါင်း တို့သည်။ ကထိယတေ- သိလာဃတေ၊ ချီးမွမ်းထောမနာ ပြုအပ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ကထိနံ၊ ကထိနမည်၏။ ထိုတိုက်ထဲမှာ၊ မြဲမြံစွာ၊ စီဝရအတွက်ပါ။ ကြောင့်ကြစိုက်ထား၊ အနက်သွား၊ ခင်းပြား ကထိနာ။

## ကထိန်ဩဝါဒ ဓမ္မဒေသနာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကထိန်သင်္ကန်းလှူအံ့သောငှာ စည်းဝေး ရောက်လာ ကြကုန်သော ကထိန်ဒါယကာ ဒါယိကာမ အပေါင်းတို့သည် နှစ်ထောင်းရှင်လန်း ကထိန်သင်္ကန်းမလှူမီ ရှေးဦးမဆွက ကထိန်ကပ်လှူရာ၌ နှလုံးသွင်းပုံ အခြင်အရာကို ရှိသေလေးမြတ်စွာ မှတ်သားနာယူကုန်ရာ၏၊ အဘယ်သို့ လျှင်မှတ်သားနာယူကုန်ရာသနည်းဟူမူ ကထိန်ကင်္ကန်းလှူရာ၌-

၁။ အတွင်းစိတ်ဓာတ်ဖြစ်ပုံဟု ဆိုအပ်သော စိတ္တုပ္ပါဒ်သို့လိုက်၍ ဆုံးဖြတ်သော ဆရာတို့၏ဝါဒ။

၂။ နတ်မြွက်ရှုတ်ဆိုခြင်း တည်းဟူသော ဝစီဘေဒ သဒ္ဒသို့လိုက်၍ ဆုံးဖြတ်သောဆရာတို့၏ ဝါဒဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် အတွင်းစိတ်ဓာတ်ဖြစ်ပုံဟုဆိုအပ်သော စိတ္တုပ္ပါဒ်သို့ လိုက်၍ ဆုံးဖြတ်သော ဆရာတို့၏ဝါဒကား ယခုအခါ၌ များသော အားဖြင့် ဒါယကာ ဒါယိကာမတို့သည် သင်္ကန်းကို ဝယ်ယူသည်မှစ၍ ငါတို့၏သင်္ကန်းကို ဤကျောင်းတိုက်၏အတွင်း၌ သံဃမထေရ်ကြီး တို့အား ဆက်ကပ်လှူဒါန်းပါကုန်အံ့ဟု အရံတိုက်တွင်း၌ သံဃထေရ် သီတင်းကြီးဖြစ်သော တိုက်တာ အကြီးအမှူး ပုဂ္ဂိုလ်ကို အာရုံပြု၍ လာရောက်ကြကုန်၏၊ ထိုသို့သံဃထေရ်သီတင်းကြီး ပုဂ္ဂိုလ်အား လှူဒါန်း ပါကုန်အံ့ဟု ပုဗ္ဗစေတနာက ပုဂ္ဂိုလ်ကိုညွှတ်သော်လည်း ကထိန်သင်္ကန်း ကပ်လှူဆဲဖြစ်သော မုဥ္စစေတနာအခိုက်၌ ငါတို့သည် မြတ်စွာဘုရား၏ တပည့်သား သံဃာတော်အား လှူဒါန်းကုန်အံ့ဟု သံဃာကို အာရုံပြု၍ လှူဒါန်းကုန်ရာ၏၊ ထိုသို့သံဃာကိုရည်မှန်း၍လှူမှသာလျှင် သံဃိကဒါန ဖြစ်ချေမည်၊ သံဃိကဒါနဖြစ်မှသာလျှင် ဥတ်သင်္ကန်းဖြစ်ထိုက်ပေမည်၊ ထိုနောက်မှ ဉတ္တိ ဒုတိယကမ္မဝါစာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ကထိန်ခင်းမည့် ပုဂ္ဂိုလ်အရှင်မြတ်အား ကထိန်ခင်းစိမ့်သောငှာ ပေးထိုက် ချေသည်၊ ကထိန်ခင်းမည့် ပုဂ္ဂိုလ်ကလည်း ဥတ်ထိုက်သောသင်္ကန်းဖြင့် ကထိန်ခင်းမှသာလျှင် ပုရိမဝါသားရဟန်းတော်များလည်း အနာမန္တ စာရ စသော အကျိုးငါးပါးတို့ကို ယခုပစ္စက္ခမျက်မှောက်ဘဝ၌ ခံစားရ ပေမည်၊ ရဟန်းတော်များက အကျိုးငါးပါးကို ခံစားရမှသာလျှင် ဒါယကာတို့မှာကြီးမားဖွံ့ဖြိုးသော အကျိုးကို ခံစားရပေမည်။

ပုဗ္ဗစေတနာအခိုက်၌ ပုဂ္ဂိုလ်ကို ညွှတ်၍ မုဥ္စစေတနာအခိုက်၌လည်း ပုဂ္ဂိုလ်ကို ညွှတ်ပြန်အံ့၊ ထိုသို့ညွှတ်သည်ရှိသော် သံဃိကဒါန မဟုတ်၊ ပုဂ္ဂလိကဒါနသာ ဖြစ်ချေသည်၊ ပုဂ္ဂလိကဒါန ဖြစ်ခဲ့သော် ထိုသင်္ကန်း သည် ဥတ်မထိုက်၊ ဥတ်မထိုက်သော သင်္ကန်းကို အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်ခင်းစိမ့် သောငှာ ပေး၍ ကထိန်ခင်းပုဂ္ဂိုလ်က ဥတ်မထိုက်သော သင်္ကန်းဖြင့် ကထိန်ခင်းသော်လည်း ပုရိမဝါသား ရဟန်းတော်များတို့သည် အနာ မန္တစာရ စသော အကျိုးငါးပါးကို မခံစားရ၊ ရဟန်းတော် များက အကျိုးငါးပါးကို မျက်မှောက် မခံစားရသော်လည်း ဒါယကာတို့မှာ အလှူ၏အကျိုးကို ခံစားထိုက်သလော၊ မခံစားရချေ၊ ထို့ကြောင့် ပုဗ္ဗ

စေတနာ အခိုက်၌ ပုဂ္ဂိုလ်ကို ညွတ်သော်လည်း မုဥ္စစေတနာ အခိုက်၌ သံဃာကိုညွတ်၍ လှူဒါန်းကုန်ရာ၏၊ ထိုသံဃာကို ရည်မှန်း၍ လှူဒါန်းမှသာလျှင်သံဃိကသက်န်းဖြစ်၍ ဥတ်သက်န်းထိုက်သဖြင့်အနာမန္တစာရစသော အကျိုးငါးပါးကို ခံစားရချေမည်။ အကယ်၍ ပုဗ္ဗစေတနာ အခိုက်ကလဲ သံဃာကိုရည်မှန်း၍ မုဥ္စစေတနာအခိုက်ကလည်း သံဃာကို ရည်မှန်း၍လှူဒါန်းမည်ဆိုလျှင် သာရဝိသုဒ္ဓစာရ စင်ကြယ်သောစေတနာ ဖြစ်လေသတည်း။ ။ဤကား စိတ္တုပ္ပါဒ်သို့လိုက်၍ ဆုံးဖြတ်သော ဆရာတို့၏ အယူဝါဒတည်း။

ဝစီဘေဒသဒ္ဒသို့ လိုက်၍ ဆုံးဖြတ်သောဆရာတို့၏ အယူဝါဒကား ကထိန်သက်န်းကိုလှူဒါန်းသော ဒါယကာ ဒါယိကာမအပေါင်းတို့သည် မိမိတို့ စေတနာက ဤတိုက်အရာမ်တွင်း၌ သီတင်းကြီး မထေရ်အား လှူဒါန်းပါအံ့ဟု ပုဂ္ဂိုလ်ကို ညွတ်ရိုးမှန်သော်လည်း သက်န်းကပ်လှူဆဲအခါ၌ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ-ဟု နှုတ်မြွက်၍ လှူဒါန်းမှသာလျှင် သံဃိကဒါန ဖြစ်လေတော့သည်။ ထိုသံဃိကဒါန ဖြစ်သည်ရှိသော် ဥတ်ထိုက် လေတော့သည်၊ ထိုဥတ်ထိုက်သော သက်န်းဖြင့် ကထိန်ခင်းသည်ရှိသော် ပုရိမဝါသား ရဟန်းတော်များလည်း အနာမန္တစာရစသော အကျိုးငါးပါးကို မျက်မှောက် ခံစားရလေတော့သည်၊ ရဟန်းတော်များက အကျိုးငါးပါး ခံစားရသောကြောင့် ကထိန် သက်န်းလှူဒါန်းသော ဒါယကာ ဒါယိကာမတို့မှာလည်း ကြီးပွားဖွံ့ဖြိုးသော အကျိုးကို ခံစားရလေ၏။ထို့ကြောင့် မိမိစေတနာက ပုဂ္ဂိုလ်ကို ညွတ်ရိုးမှန်သော်လည်း သက်န်း ကပ်လှူသောအခါ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ-ဟု နှုတ်မြွက်၍ လှူဒါန်းကုန်ရာ၏။ဤကား ဝစီဘေဒသဒ္ဒသို့လိုက်၍ ဆုံးဖြတ်သော ဆရာတို့၏ အယူဝါဒပေတည်း။

ထိုနှစ်ပါးသော ဝါဒတို့တွင် စိတ္တုပ္ပါဒ်သို့ လိုက်၍ ဆုံးဖြတ်သော ဝါဒကား ယခုအခါ ဒါယကာ ဒါယိကာမတို့၏ အတွင်းစိတ်ကို သိစေခြင်းငှာ ခဲယဉ်းလှလေသောကြောင့် စိတ္တုပ္ပါဒ် ဝါဒကို ဆုံးဖြတ်ရန် ခဲယဉ်းလှလေသည်၊ ထို့ကြောင့် ဝါဒနှစ်ပါးလုံးနှင့် မညီညွတ်သော်လည်း ဝစီဘေဒသဒ္ဒ ဝါဒနှင့် ညီညွတ်စွာ လှူဒါန်းကုန်ရာ၏။ ဤသို့ ကထိန်သက်န်းကို မလှူကပ်မီရှေ့အဘို့က နှလုံးသွင်းပုံကို နာယူမှတ်သားကုန်ရာ၏။

ထိုမှတပါးလည်း ကထိန်သင်္ကန်းကို ဥတ္တသင်္ကန်းဟု ခေါ်ရခြင်း အကြောင်းကိုလည်း မှတ်သား နာယူကုန်ရာ၏၊ ယခုအခါ ဒါယကာ ဒါယိကာမ တို့သည် နှစ်ထပ် ဒုကုဋ္ဌသင်္ကန်းကြီးကို ဥတ္တသင်္ကန်းဟု မှတ်ထင်၍ ထိုဥတ္တသင်္ကန်းကို လှူမှပင်လျှင် အကျိုးကြီးမား၏ဟု မှတ်ယူ၍ ထိုဥတ္တသင်္ကန်းကို သာလျှင် အလုအယက် သူ့ထက် ငါဦးအောင် လှူဒါန်းကြကုန်၏၊ ဥတ္တသင်္ကန်းသည် ဒုကုဋ္ဌခေါ် နှစ်ထပ်သင်္ကန်းသာ ဥတ္တသင်္ကန်းဖြစ်ထိုက်သည် မဟုတ်၊ သံဃာကို ရည်မှန်း၍ လှူဒါန်းအပ်သော သံဃိက သင်းပိုင်။ ကိုယ်ဝတ် ဒုကုဋ္ဌဟု ဆိုအပ်သော သင်္ကန်း သုံးထည်တို့တွင် အမှတ်မရှိ တထည်ထည်သော အကြင် သင်္ကန်းကို သံဃာသည် ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်ခင်းစိမ့်သောငှာ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ပေး၏၊ ထိုသင်္ကန်းသည်ပင်လျှင် ဥတ္တသင်္ကန်း ဖြစ်လေသည်။ ။ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌- ဒါယကေန ပန သံဃဿ ပရိစ္စတ္တတ္တာ သံဃိကဘူတံ ကထိနစီဝရံ ယသ္မိံကာလေ သံဃော ကထိနံ အတ္ထရိတုံ အဋ္ဌင်္ဂသမန္နာဂတဿ ဘိက္ခုနော ဒေတိ၊ တသ္မိံကာလေ ဥတ္တိဒုတိယကမ္မဝါစံ ဉာဒါနိ မနုဿာ ဥတ္တိတိ ဝေါဟာရန္တိ၊ တဒ္ဓ စီဝရံ ဥတ္တိလဒ္ဓစီဝရန္တိ၊ တံစီဝရံ ဒါယကဥ္စ ဥတ္တိလဒ္ဓ ဒါယကောတိ-ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဒါယကေန၊ ဒါယကာသည်။ သံဃဿ၊ သံဃာအား။ ပရိစ္စတ္တတ္တာ၊ စွန့်လှူအပ်သည်၏အဖြစ်ကြောင့်။ သံဃိကဘူတံ၊ သံဃိကဖြစ်၍ ဖြစ်သော။ ကထိနစီဝရံ၊ ကထိန်သင်္ကန်းကို။ ယသ္မိံကာလေ၊ ၌။ သံဃော၊ သည်။ ကထိနံ၊ ကို။ အတ္ထရိတုံ၊ ဖြန့်ခင်းစိမ့်သောငှာ။ အဋ္ဌင်္ဂသမန္နာဂတဿ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဘိက္ခုနော၊ ရဟန်းအား။ ဒေတိ၊ ပေး၏။ တသ္မိံကာလေ၊ ထိုအခါ၌။ ဥတ္တိဒုတိယကမ္မဝါစံ၊ ဥတ္တိဒုတိယ ကမ္မဝါစာကို။ ဉာဒါနိ၊ ယခုအခါ၌။ မနုဿာ၊ လူတို့သည်။ ဥတ္တိတိ၊ ဥတ်ဟူ၍။ ဝေါဟာရန္တိ၊ ခေါ်ဝေါ်ကြကုန်၏။ တဒ္ဓစီဝရံ၊ ထိုဥတ္တိဒုတိယကမ္မဝါစာဖြင့် ပေးအပ်သော သင်္ကန်းကိုလည်း။ ဥတ္တိလဒ္ဓစီဝရန္တိ၊ ဥတ်ဖြင့် ရအပ်သော သင်္ကန်းဟူ၍။ ဝေါဟာရန္တိ၊ ခေါ်ဝေါ်ကြကုန်၏။ တံစီဝရ ဒါယကဥ္စ၊ ထိုသင်္ကန်းကို ပေးလှူသော ဒါယကာကိုလည်း။ ဥတ္တိလဒ္ဓ ဒါယကောတိ၊ ဥတ်ရသင်္ကန်းကို ပေးလှူသော ဒါယကာဟူ၍။ ဝေါဟာရန္တိ၊ ခေါ်ဝေါ်ကြကုန်၏။

ဤသို့ကျမ်းဂန်လာ စကားကို သောက်ဆရှုမျှော်၍ သံဃာအား ရည်မှန်းပြီး လှူဒါန်းအပ်သော သံဃိကဖြစ်သော ကထိန်သင်္ကန်း တို့တွင် အမှတ်မရှိသောသင်္ကန်းကိုယူ၍ သိမ်အပြင်ရှိ သံဃာများက ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်ခင်းမည့် ပုဂ္ဂိုလ်အား ပေးလျှင် ဉတ်သင်္ကန်း ဖြစ်တော့သည်ဟု မှတ်သားအပ်၏၊ အသေအချာ မှတ်ယူပါ။

**ကထိန်အာနိသံ ကျိုးဖလံ**

ပြီးပြွမ်းသော ပကိဏ္ဏက အမိပ္ပါယ်ကို ပြဆိုပေအံ့။ ကထိန်သင်္ကန်း ကမ္မဝါစာ ရွတ်ဘတ်ရာ၌ ဆရာမြတ်တို့ ဤသို့ အယူရှိကြ၏။ စီဝရ သဒ္ဒါသည် ပြီးပြီးသောသင်္ကန်းကို ဟောသကဲ့သို့ ဒုဿသဒ္ဒါဟောသည် မဟုတ် မပြီးသေးသော သင်္ကန်းလျာကိုသာ ဟောသောသဒ္ဒါဖြစ်၍ ပြီးပြီသောသင်္ကန်းကို ကမ္မဝါစာရွတ်ဘတ်ရာ၌ ဣဒံ သံဃဿ ကထိန စီဝရံဟု ပြင်၍ဘတ်အပ်သည်ဟု ဆရာတို့ယူကြကုန်၏၊ ထိုသို့ယူသော ဆရာတို့သည်လည်း သင့်မြတ်၏၊ ဗုဒ္ဓရက္ခိတ ဓမ္မရက္ခိတ အမည်ရှိသော ရဟန်းလောင်းကို နာဂအမည် ပညတ်၍ ကမ္မဝါစာ ရွတ်ဘတ်ရာ၌ ဥပသမ္ပဒကံ ပြည့်စုံသကဲ့သို့ ပြီးပြီးသောသင်္ကန်းကို ဣဒံ သံဃဿ ကထိန ဒုဿံ-ဟုရွတ်ဘတ်သော်လည်း ကံပြည့်စုံ၏၊ ဤသို့အမိပ္ပါယ်ယူ။ ကထိန် ခင်းသောရဟန်း, အနုမောဒနာပြုသော ရဟန်းတို့ ရအပ်သော အကျိုး ငါးပါးတွင်-

အနာမန္တစာရဟူသည်ကား-အကပ္ပိယ ဝေါဟာရဖြင့် ဒါယကာတို့ ပင့်ဘိတ်အပ်သော ဆွမ်းရှိလျက် ထင်ရှားရှိသော ရဟန်းကိုမပန်ကြား မူ၍ ဒါယကာတို့အိမ်သို့ သွားခြင်း၌ ပါစိတ်အာပတ် မသင့်ခြင်းလျှင် အနာမန္တစာရ အကျိုးတည်း။

ယောပန ဘိက္ခု နိမန္တိတော သဘတ္တော သမာနော အစရှိသည်ဖြင့် ပညတ်တော်မူသော သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ဟူလို၊ ဤသိက္ခာပုဒ်၌ သဘတ္တော ဟူသော သဒ္ဒါရိပ်ဖြင့် အကပ္ပိယ နိမန္တန ယူအပ်ကြောင်းကို သာရတ္ထဒီပနီ ပရိဝါဋီကာဖြင့်ပြသည်။ တဆယ့်နှစ်တောင် အတွင်း၌ ရဟန်းထင်ရှားရှိလျက် ထင်ရှားရှိလျှင် သန္တယူ၊ သာရတ္ထဒီပနီ စာရိတ္တ သိက္ခာပုဒ်။

အသမာဒါနစာရ ဟူလည်ကား တိစီဝရိက် မိဋ္ဌာန်တင်သော သင်္ကန်းနှင့် ညကင်း၍နေခြင်းကြောင့် နိဿဂ္ဂိယပါစိတ်အာပတ် မသင့် ခြင်းသာလျှင် အကျိုးတည်း။

ယာဝဒတ္ထစိဝရ ဟူသည်ကား ရ,ရသမျှသောသင်္ကန်းတို့ကို အဓိဋ္ဌာန် မတင် ဝိကပ္ပနာလည်းမပြုဘဲ သုံးဆောင်၍ ဆယ်ရက်လွန်ရာ၌ နိဿဂ္ဂိ ပါစိတ်အာပတ် မသင့်ခြင်းသာလျှင် အကျိုးတည်း။

ဂဏဘောဇဥ် ဟူသည်ကား အကပ္ပိယနိမန္တနဖြင့် ပင့်ဘိတ်အပ်သော ဆွမ်းကိုခံ၍စားရာ၌ ပါစိတ်အာပတ်မသင့်ခြင်းသာလျှင် အကျိုးတည်း။

ယောစ တတ္ထစိဝရုပ္ပါဒေါ သောနေသံ ဘဝိဿတိ။ အဓိပ္ပါယ်ကား ထိုကထိန်ခင်းသောကျောင်း၌ဖြစ်သော သံဃိကသင်္ကန်းကို ကထိန်ခင်း သော ရဟန်းတို့သည်သာလျှင် ရအပ်၏။ တပါးသော ရဟန်းတို့သည် မရအပ်ကုန်။ သံဃာအားဖြစ်သော သဝိတ်စသော ဘဏ္ဍာစသည်ကား ခပ်သိမ်းသော ရဟန်းတို့အား ရောက်၏။ ထိုမှတပါးလည်း သံဃိက ကျောင်း၌ဖြစ်သော ဆန်စသည်ဖြင့်ဝယ်အပ်သော ဖျဉ်ပုဆိုးသည် ကထိန် ခင်းသော ရဟန်းတို့အားသာ ရောက်၏။ ဖျဉ်ပုဆိုးဖြင့် ဆန်စသည်ကို ဝယ်ကုန်မူကား ခပ်သိမ်းသော ရဟန်းတို့အားရောက်၏။ ဤအဓိပ္ပါယ် သည် ဝိနယတ္ထမဉ္ဇူသာ ဋီကာ၌လာ၏။ ကထိန်ခင်းသော ရဟန်း အနုမောဒနာပြုသော ရဟန်းတို့မှာ ဤအကျိုးငါးပါးကို တပေါင်း လပြည့်တိုင်အောင်ရသည်။ဤအကျိုးငါးပါးသည် ရဟန်းတို့အား ရအပ် သော မျက်မှောက်အကျိုးတည်း။ ကထိန်သင်္ကန်းလှူသော ဒါယကာမှာ ထင်ရှားရှိသော ကထိန်လျာသင်္ကန်းကိုအာရုံပြု၍ ပုဗ္ဗ မုဉ္စ အပရ ကုသိုလ် စေတနါရ အကြိမ်များစွာဖြစ်၏။ ထိုစေတနါရသည် ယခုဘဝပစ္စက္ခကို အစပြု၍ နိဗ္ဗာန်ရသည်တိုင်အောင် အကျိုးရင်း အကျိုးဖျားကို ပေးရာ အခွင့်ရှိသောကြောင့် မည်ရွေ့မည်မျှဟု အကျိုးတရားကို ပိုင်းခြားခြင်း ငှါ မတတ်ကောင်းဟုမှတ်။ ကထိန်မခင်းသော သင်္ကန်းကာလ၌ကား အသမာဒါနစာရ အကျိုးကိုမရအပ်။ လေးပါးသော အကျိုးကိုသာ ရအပ်သည်။ ဤသို့ ဝိနယတ္ထမဉ္ဇူသာဋီကာသစ်၌ မိန့်ဆိုတော်မူ၏။

### ကထိန်သင်္ကန်းဒါယကာတို့မှတ်သားရန်

၁။ ကထိန်သင်္ကန်းလှူဒါန်းသော ဒါယကာ-ဒါယိကာမအပေါင်း တို့သည် အပြစ်ခြောက်ပါးကင်းစေခြင်း၊ ကိုးကမ္ဘာအပါယ်မလားခြင်း၊ လိုရာခရီးသွားလိုပါက ပစ္စည်းဥစ္စာ လုံလောက်ပြည့်စုံခြင်း၊ လျင်မြန်စွာ အကျိုးပေးခြင်း၊ သူတော်ကောင်းတရား သူတော်ကောင်းဥစ္စာနှင့် ဘဝ တိုင်း ဘဝတိုင်းတွေ့နိုင်ခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ဘဝတိုတိုနှင့် ရောက်နိုင် ခြင်း စသော အကျိုးထူးတရားများကို ရရှိနိုင်လေသည်။

၂။ ကျိုးကြောင်းမြင်သိ ပညာရှိသောပုဂ္ဂိုလ်သည် မိမိချမ်းသာသုခကို မြော်မြင်လျက် ချမ်းသေသော သီဝသန္တိလက္ခဏာရှိသော အသခ်တဓာတ် အမြတ်နိဗ္ဗာန်ကို လိုချင်တောင့်တ၍ သီတင်းကျွတ်လဆုတ် ၁-ရက်မှ တန်ဆောင်မုန်းလဆန်း ၁၅-ရက်နေ့အထိ သင်္ကန်းကာလ ကထိန်ခေတ် အခါ တလအတွင်းတွင် သံဃာတော်အား ကထိန်သင်္ကန်းကပ်လှူပေ၏၊ ထိုကထိန်ဒါယကာသည် သံဃာတော် အရှင်မြတ်အား မြတ်သော ကထိန်သင်္ကန်းအလှူဒါနကို ပေးလှူခြင်းကြောင့် အသခ်တဓာတ် နိဗ္ဗာန် ချမ်းသာမြတ်ကြီးကို စင်စစ်မုချမသွေ ရနိုင်လေသည်။

သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားသမီးတို့သည် မိမိတို့၏ ကထိန်လျာအဝတ်ပုဆိုးကို မြတ်စွာဘုရား၏ သာသနာတော်တွင်းအခါ၌ ကထိန်ဒါန အလှူကို လှူသည်။ ထိုကထိန် အလှူကိုလှူသော ဒါယကာ ဒါယိကာမ အပေါင်းသည် တဆယ့်ခြောက်ကမ္ဘာတိုင်တိုင် အပါယ် မလားဘဲ ပေါကြွယ်ဝသော ချမ်းသာသုခကို ကေန်စင်စစ် ခံစားစံစား ရလေ၏။ ဤသို့ အပါယ်မလားရဘဲ တဆယ့်ခြောက်ကမ္ဘာတိုင်တိုင် ချမ်းသာတွေနဲ့ချည်း နေရခြင်းအကျိုးသည် ကထိန်သင်္ကန်းလှူဒါန်းခဲ့တဲ့ အကျိုးပါပေတည်း။ ဤကဲ့သို့ ကထိန်ဒါနအလှူစသည်ကို လှူဒါန်းကြ၍ တစတစ တရားရပြီးနောက် ဆုံးဘဝ နောက်ဆုံးကာလ၌ ပရိနိဗ္ဗာန်စံနိုင် နိဗ္ဗာန်သို့ ရောက်နိုင်ဝင်နိုင်ပုံကား မိမိတို့၏ ကထိန်သင်္ကန်းအလှူ ကျောင်း အလှူ၊ သိမ်အလှူ၊ ဇရပ်အလှူ၊ တန်ဆောင်းအလှူ၊ ဆွမ်းရဲသော ဖုန်း တောင်း ယာစကာတို့အား ပေးကမ်းစွန့်ကြဲသောအလှူ၊ သံဃာတော် အပေါင်းတို့အား နံနက်တိုင်း နေ့တိုင်း ဆွမ်းပေးကမ်းစွန့်ကြဲသောအလှူ သည်မှတပါး အထူးထူး အပြားပြားသောအလှူ ဘုရား-တရား-သံဃာ ရတနာသုံးပါးကို ယုံကြည်တဲ့ သရဏဂုံသီလကုသိုလ်တွေ ဘုရားဘုရားဟု ဆိုမိသော သရဏ သမထကုသိုလ်တွေ အနိစ္စ,ဒုက္ခ,အနတ္တဟု ဆိုမိရွတ်မိ သရဇ္ဈာယ်မိသော ဝိပဿနာကုသိုလ်တွေ ဤလို ဒါန, သီလ, ဘာဝနာ ကုသိုလ်တွေ တဖြေးဖြေး တစတစ ဆုံးပြီးသော နောက်ဆုံးကာလ နောက်ဆုံးဘဝတရားရချိန်ကျတော့ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝတို့တွင် ကာမာသဝ ဘဝါသဝ ဆိုတာ လောဘဘဲ၊ ထို လောဘဟာ ဒုက္ခအမျိုးမျိုးကို ချွတ်တွင်တတ်တဲ့ တရားဆိုးကြီးဟူ၍ငင်း ဒိဋ္ဌာသဝဆိုတာ မိစ္ဆာဒိဋ္ဌိအယူဒိဋ္ဌိဘဲ ထိုဒိဋ္ဌိဟာဘုရားမှန်းမသိတရားမှန်း မသိ သံဃာမှန်းမသိ သံသရာမျှောတတ် အတောမသတ်နိုင်တဲ့ တရားဆိုး

ကြီးဟူ၍ရင်း၊ အဝိဇ္ဇာသဝကို တရားကိုယ်ကောက်တော့မောဟတဲ၊ထို မောဟသည် မဂ်ကိုမသိအောင် ဖိုလ်ကိုမသိအောင်နိဗ္ဗာန်ကို မသိအောင် သစ္စာလေးပါးတို့တွင် အကြောင်းဖြစ်သော သမုဒယသစ္စာ အကျိုး ဖြစ်သောဒုက္ခသစ္စာ ဤလောကီ သစ္စာနှစ်ပါးကိုလည်း မသိရအောင် ဖုံးကွယ်နိုင်သရွေ့ ဖုံးကွယ်ထားတဲ့ မောဟ တရားဆိုးကြီး ဟူ၍ရင်း၊ ပိုင်းပိုင်းခြားခြားသိ၍ ဒုက္ခခပ်သိမ်းတို့၏ချုပ်ရာ သင်္ခတလက္ခဏာရှိသော အသင်္ခတဓာတ် နိဗ္ဗာန်ကိုမြင်သိပြီး ပရိနိဗ္ဗာန်စံရ နိဗ္ဗာန်သို့ရောက်ရ ဝင်ရလေသတည်းဟု မိမိတို့ပြုအပ်သော ကထိန်ဒါနကို မပြတ်သတိရ၍ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြု၍ သာဓု သာဓု သာဓု ခေါ်ယူ နိုင်ကြစေကုန်သတည်း။

ကထိန်ဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့သည် မိမိတို့ လှူဒါန်းသော ကထိန်အလှူကို မပြတ်ဆင်ခြင် အောက်မေ့၍ ဘယ်ကဲ့သို့ ဝမ်းမြောက်ကုန်ရာသနည်း ဟူမူကား- ငါတို့ မြတ်စွာဘုရား သည် သိက္ခာပုဒ် ပညတ်တော် မူမည့်အရေး လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး တဆယ့်ခြောက်သင်္ချေနှင့် တကမ္ဘာတသိန်း ကာလပတ်လုံး မရေတွက် နိုင်သောဘဝတို့၌ အသက်ကို ပေးလှူခြင်း၊ ရွှေ ငွေ ဆင် မြင်း စသော ဝတ္ထုကိုပေးလှူခြင်း၊ သားမယားကိုပေးလှူခြင်း၊ လူသာမန်တို့ပြုနိုင်ခဲသော အမှုကိုပြုလျက် ကိုယ်၏ပင်ပန်းခြင်း၊ စိတ်၏ပင်ပန်းခြင်းကို ဝဲ့ကွက်တော် မမူဘဲ ဝေနေယျသတ္တဝါတို့၏ အကျိုးငှာ ပါရမီဆယ်ပါးစွန့်ခြင်းကြီး ငါးပါး စရိယသုံးပါးတို့ကို ဘုရားလောင်းတို့၏ ဓမ္မတာဖြည့်ကျင့်တော် မူမှ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၍ သိက္ခာပုဒ် တော်ကို ပညတ်ခတော်မူရလေသည်။ ထိုသို့မြတ်စွာဘုရား ပညတ်တော် မူအပ်သော သိက္ခာပုဒ်တို့ကို လွန်ကျူးသည်ရှိသော် ဝိနည်းဒေသနာ တော်ကား အာဏာဒေသနာတော် ဖြစ်သည်နှင့်အညီ မည်သည့်ပုဂ္ဂိုလ် ကိုမျှ မငဲ့မညှာဘဲအာပတ်သင့်လေတော့သည်၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကိုလွန်ကျူးကအာပတ်မသင့်အောင်စကြဝဠာတိုက်တာ တသောင်းအတွင်း ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပနိုင်သော ဗြဟ္မာမင်း သိကြားမင်းတို့သော်မှ တားမြစ်၍ မရကောင်းသော အာပတ် သိက္ခာပုဒ်ကို ငါတို့ပေးလှူသော ကထိန်သင်္ကန်းကား အာပတ်သိက္ခာပုဒ် တခုတည်းမဟုတ် အာပတ်သိက္ခာပုဒ် ငါးခုကိုသော်မှ ပိတ်ပင်တားမြစ်

နိုင်ခြေ၏တကား၊ ငါတို့လှူဒါန်းသော ကထိန်သင်္ကန်းက တားမြစ်သည့်အတွက် ရဟန်းသံဃာတော်တို့မှာ ချမ်းချမ်းသာသာနေရပေတော့မည်၊ ဤသို့အာပတ်သိက္ခာပုဒ်ငါးပါးကို တားမြစ်တတ်သည့် ကထိန်သင်္ကန်းကို တနှစ်မှတကြိမ် လှူဒါန်းရသည့်အတွက်ကြောင့် ငါတို့သည် အာပတ်သိက္ခာပုဒ်တော်ကို တားမြစ်တတ်သော ကထိန်သင်္ကန်းကို အသက်ရှည်သမျှကာလပတ်လုံး နှစ်စဉ်အမြဲလှူဒါန်းနိုင်ရန် အားထုတ်သင့်လှပေ၏တကားဟု မိမိတို့ပြုအပ်သော ကထိန်ဒါနကို အမြဲမပြတ် သတိရ၍ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ သာဓု သာဓု သာဓု ခေါ်ယူနိုင်ကြစေကုန်သတည်း။

## တနည်းကထိန်သင်္ကန်းအလှူအကျိုး

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ-ဟု ဒေသနာတော် လာရှိသည့်အတိုင်း အလုံးစုံသော အလှူကို တရားတည်းဟူသော အလှူက နိုင်၏၊ ဤသို့ ဟောတော်မူအပ်သော ဒေသနာနှင့်အညီ ကထိန်သင်္ကန်းလှူခြင်းသည် ရဟန်းတော်တို့အား ငါးပါးသောသိက္ခာပုဒ်အာပတ်မှ လွတ်ကင်းစေ၍ သံဃိကသင်္ကန်းဟူသမျှရခြင်းကိုလည်း ဖြစ်စေတတ်ရကား တရားအလှူကို လှူသည်မည်ခြင်းကြောင့် ခပ်သိမ်းသော အလှူတို့ထက် မြင့်မြတ်သော အလှူမည်ပါပေ၏။

ထိုမှတပါးလည်း သံဃာတော် အရှင်မြတ်တို့အား ငါးပါးသော အကျိုးအာနိသင်တို့ကိုရစေခြင်း၊ ခိုင်မြဲစေခြင်းကြောင့် သုဇာတာသူဌေးသွီးလှူသောဆွမ်းအလှူပမာ များစွာသော အာနိသင်တို့ကိုလည်း ရစေနိုင်၏၊ သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တလအတွင်း၌သာ လှူဒါန်းပူဇော်နိုင်သောအလှူဖြစ်၍ ကာလဒါနလည်းမည်၏။

၁။ ဖြစ်လေရာရာ သံသရာဘဝတို့၌လည်း ပဋိသန္ဓေတည်နေရသော အခါ တဆယ့်နှစ်တောင်တိုက်ခန်းတွင် နေရခြင်းကဲ့သို့ မကျဉ်းမမြောင်း ချမ်းသာစွာနေရခြင်း၊ ချမ်းသာစွာမွေးဖွားရခြင်း၊ မိမိအပေါ်၌မည်သူမျှ စိုးမိုးနိုင်ခြင်းမရှိမူ၍မိမိကသာသူတပါးကိုစိုးမိုးနိုင်ခြင်းဟူသောအနာမန္တစာရ သဒိသအကျိုးပေတည်း။

၂။ စိတ္တသူကြွယ်ပမာ သွားလေရာရာ၌ လူနတ်တို့ပူဇော်ထောက်ပံ့၍ သုံးဆောင် စားသောက်ပေးကမ်း စွန့်ကြဲ၍ မကုန်နိုင်သော အသမာဒါနစာရ သဒိသအကျိုးပေတည်း။

၃။ အနှစ်တသောင်း ကာလပတ်လုံး နေ့စဉ်ဆန်လှည်း အစီးပေါင်း ခြောက်သောင်း လှူဒါန်းသော်လည်း မကုန်မခန်းနိုင်သော ဘောဇဉ် ခဲဘွယ်တို့နှင့် ပြည့်စုံသော အကိုရမင်းသားကဲ့သို့ သုံးဆောင်ပေးကမ်း လှူဒါန်းစွန့်ကြဲ၍ မကုန်နိုင်သော ခဲဘွယ်ဘောဇဉ်တို့နှင့် ပြည့်စုံခြင်း ဟူသောဂဏဘောဇန သဒ္ဓိသအကျိုးပေတည်း။

၄။ မေဏ္ဍကသူဌေး၊ ၎င်း၏ဇနီး၊ ၎င်း၏သား၊ ၎င်း၏ချွေးမ၊ ၎င်း၏ သွီးတို့သည် အလိုရှိသမျှ လှူဒါန်းပေးကမ်း၍ မကုန်နိုင်သော ရွှေ ငွေ ရတနာ ဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံခြင်းဟူသော ယာဝဒတ္ထစိဝရ သဒ္ဓိသ အကျိုးပေတည်း။

၅။ မိမိတိုင်းပြည်တွင်းရှိ လူအပေါင်းတို့အား ပေးကမ်း၍ မကုန် နိုင်သော ပဒေသာပင်မှဖြစ်သော အဝတ်ပုဆိုးတို့နှင့် ပြည့်စုံသော နန္ဒိယ မင်းသားကဲ့သို့ သုံးဆောင်ပေးကမ်း လှူဒါန်း စွန့်ကြဲ၍ မကုန်နိုင်သော အဝတ်အထည် ပုဆိုးတို့နှင့် ပြည့်စုံခြင်းဟူသော ယောစ တတ္ထစိဝရပ္ပါဒ သဒ္ဓိသအကျိုးပေတည်း။

### တနည်း ကထိန်သင်္ကန်း အကျိုးရှစ်ပါး

လှပအဆင်း၊ ချမ်းသာခြင်းတည်း၊တေးကင်းလီလီ၊ အသက်ရှည်ခြင်း၊ ပေါက်သည့်ပဒေသာ၊ ကြီးဗလာနှင့်၊ ပညာပြည့်ဝ၊ နိဗ္ဗာန်ရသည်၊ အဋ္ဌ ကထိန်လှူကျိုးတည်း ဟူ၍ ဖြစ်ပေသည်။ ဤလို ကထိန်သင်္ကန်း လှူဒါန်း ရခြင်းကြောင့်။ ၁။ အဆင်းလှခြင်း။ ၂။ ချမ်းသာကြီးခြင်း။၃။ အန္တရာယ် ကင်းခြင်း။ ၄။ အသက်ရှည်ခြင်း။ ၅။ ပဒေသာပင်ပေါက်ခြင်း။ ၆။ ခွန် အားကြီးခြင်း။ ၇။ ဉာဏ်ပညာကြီးခြင်း။ ၈။ နိဗ္ဗာန်ရခြင်းတို့ ဖြစ် လေသည်။

### တနည်း ကထိန်သင်္ကန်း အကျိုးဆယ်ပါး

တနည်းအားဖြင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းရသော ပုဂ္ဂိုလ် များအား။ ၁။ ရွှေအဆင်းနှင့်တူသောအဆင်းနှင့်ပြည့်စုံခြင်း။ ၂။ ကိုယ်၌ အညစ်အကြေး ကင်းစင်သန့်ရှင်းခြင်း။ ၃။ ကိုယ်မှ နေရောင် လရောင် ကဲ့သို့ အဆင်းထွက်ခြင်း။ ၄။ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံခြင်း။ ၅။ လဲဝါ ဝွမ်း၏ပမာ ကိုယ်ခန္ဓာ နူးညံ့ သိမ်မွေ့ခြင်း။ ၆။ ဖြူသောအထည် ရွှေဝါ သောအထည် နီမြန်းသော အထည်တို့ကိုရခြင်း။ ၇။ ခေါမ အထည် သက္ကလပ်အထည် ပိုးထည်တို့ကို ရနိုင်ခြင်း။ ၈။ သွားလေရာရာ အထည် ဗိမာန် အမိုးအကာ မိုးလျက် ရရှိခြင်း။ ၉။ ပူပင်သောက မရှိခြင်း။

၁၀။ ယောက်ျားဖြစ်လျှင် မြတ်စွာဘုရားက ဟေဝိတက္ခ၊ဟူ၍ ခေါ်တော်မူခြင်းနှင့် တပြိုင်နက် ဝါတော် (၆၀) ရပြီး မထေရ်ကြီးကဲ့သို့ ရဟန္တာဖြစ်ရခြင်း၊မိန်းမဖြစ်လျှင် အတိုးတသိန်းထိုက်သော မဟာလတာပသာဒနတန်ဆာကြီးကို ဆင်မြန်းလျက် ရဟန္တာမ, ဖြစ်ပြီး နိဗ္ဗာန် ဝင်နိုင်ခြင်းဟူသော အကျိုးဆယ်ပါးကိုရလေသည်။ ဤသို့ စသောအားဖြင့် မရေမတွက်နိုင်သော အကျိုးအာနိသင်တို့ကို ရနိုင်ခြင်းတည်း။

**အထူးကထိန်ဒါနအကျိုးကြီးပုံ**

ကထိန်သင်္ကန်း လှူဒါန်းရသော ဒါယကာ ဒါယိကာမ အပေါင်းတို့သည် ဤစကြဝဠာနှင့် အညီအမျှ ပစ္စည်းလေးပါးကိုစုပုံ၍ လှူရသောအလှူထက် ကထိန်တကြိမ်တခါ ခင်းကျင်းလှူဒါန်းရသော အလှူကားအလွန်အကဲ မြတ်ပါပေ၏ဟု ဟောကြား မိန့်မှာတော် မူလေသည်။

**နာဂိတမထေရ်အလောင်း နာဂိတကုမာရစကား**

ကထိနဒါနံ ကတွာန၊ သံဃေ ဂုဏဝရုတ္တမေ။
ဋတော တိံသမဟာကပ္ပေ၊ နာဘိဇာနာမိ ဒုဂ္ဂတိံ။
အဋ္ဌာရသာနံ ကပ္ပါနံ၊ ဒေဝလောကေ ရမာမဟံ။
စတုသဋ္ဌိ သတ္တက္ခတ္တုံ၊ ဒေဝရဇ္ဇံ မကာရယိံ။
အသီတိစ သတ္တက္ခတ္တုံ၊ စက္ကဝတ္တိ မဟောသဟံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ချယော။

ဂုဏဝရုတ္တမေ၊ ဂုဏ်ကျေးဇူးအားဖြင့် မြတ်သည်ထက် မြတ်သော။ သံဃေ၊သံဃာတော်မြတ်အပေါင်း၌။ (ဝါ)၊ သံဃာတော်မြတ်အပေါင်းအား။ ကထိနဒါနံ၊ ကထိန်အလှူဒါနကို။ ကတွာန၊ လှူဒါန်းပြုလုပ်ရသောကြောင့်။ ဋတော၊ဤကမ္ဘာမှ။ တိံသမဟာကပ္ပေ၊ သုံးဆယ်သော မဟာကမ္ဘာထက်၌။ ဒုဂ္ဂတိံ၊ မကောင်းသဖြင့် လားရာအပါယ် ဆင်းရဲ ဒုဂ္ဂတိဘဝသို့။ နာဘိဇာနာမိ၊ တရံတဆစ်မျှ မသိစဘူး။ ဝါ၊မရောက်စဘူး။

အဋ္ဌာရသာနံ၊တဆယ့်ရှစ်ဖြစ်ကုန်သော။ ကပ္ပါနံ၊ကမ္ဘာတို့၏။ အဟံ၊နာဂိတမထေရ်အလောင်း နာဂိတကုမာရအမည်ရှိသော အကျွန်ုပ်သည်။ ဒေဝလောကေ၊ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပ ပျော်မွေ့စရာဖြစ်သော အထက်နတ်ပြည်၌။ ရမာမိ၊မွေ့လျော်ရပေ၏။ ဝါ၊ ခံစားရပါပေ၏။ စတုသဋ္ဌိစ၊ ခြောက်ဆယ့်လေးကြိမ်ရင်း။ သတ္တက္ခတ္တုံစ၊ ခုနစ်ကြိမ်တိုင်တိုင်ရင်း။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ဝါ၊ သိကြားမင်း၏အဖြစ်ကို။ အကာရယိံ၊ ပြုဘူးလေပြီ။

အဟံ၊ နာဂိတမထေရ်အလောင်း နာဂိတကုမာရ အမည်ရှိသော အကျွန်ုပ်သည်။ အသီတိစ သတ္တကွတ္တုံ၊ ရှစ်ဆယ့်ခုနစ်ကြိမ် တိုင်တိုင်ရှင်း။ စက္ကဝတ္တိ၊ စကြဝတေးမင်းသည်။ အဟောသိံ၊ ဖြစ်ဘူးလေပြီ။ ဝိပုလံ၊ ကြီးကျယ် ပြန့်ပြောသော။ ပဒေသရဇ္ဇံ၊ ပဒေသရာဇ်မင်း၏ အဖြစ်သို့။ ဂဏနာတော၊ရေတွက်သောအားဖြင့်။ အသင်္ချေယျာ၊မရေတွက်နိုင်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေ၏။

## ရဟန်းတော်များရသော အကျိုးအာနိသင် ၅-ပါး သံပေါက်

၁။ လှည့်လည်သွားငြား၊ မသင့်အား၊ မှတ်သား အနာမန္တစာရ။
၂။ တိစီဝရိက်နှင့်၊ညကင်းအိပ်လည်း၊မသင့်ငြား၊မှတ်သား အသမာဒါနစာရ။
၃။ အကပ္ပိယ၊ ဝေါဟာရနှင့်၊ တောင်းဆိုငြားမူ၊ မသင့်သူ၊ မှတ်ယူ ဂဏဘောဇန။
၄။ မိဋ္ဌာန်ဝိကပ်၊ မပြုလတ်မူ၊ ဝိုလွန်သက်န်း၊ ဆယ်ရက် တိုင်လျှင်၊ မသင့်ပင်၊ မှတ်လျှင် ယာဝဒတ္ထစီဝရ။
၅။ ကျောင်းတိုက်တွင်း၌၊ သေလွန်သက်န်း၊ သံဃိကနှင့်၊ ဝေဘန်မစား၊ မသင့်ငြား၊ မှတ်သား ယောစ တတ္ထ စီဝရုပ္ပါဒ။

## ကထိန်သက်န်းလှူဒါန်းသော ဒါယကာ ဒါယိကာမများ အကျိုးအာနိသင် ခံစားရပုံ အကျဉ်းချုပ်

ဒါယကာ ယောကျ်ားများမှာ သိကြား၊ ဟေရညမထေရ်၊ အနုရုဒ္ဓါမထေရ်၊ ကစ္စည်းမထေရ်၊ အယမထေရ်၊ နန္ဒိယမင်း၊ မဟာကပ္ပိနမင်း၊ ကဿပအလောင်း ပိပ္ပလိလုလင်တို့လို ကောင်းခြင်းငါးပါးနှင့် ပြည့်စုံပြီးလျှင် လူနတ် စည်းစိမ် ချမ်းသာ ခံစံစားပြီးလျှင် လူမင်း နတ်မင်း သိကြားမင်း ဗြဟ္မာမင်း စကြဝတေးမန္ဓာတ် ပဒေသရာဇ် ကေရာဇ်မင်း အဖြစ်တို့ကိုမရေမတွက်နိုင်၍ နောက်ဆုံးဘဝ၌ ဈာန် အဘိညာဉ် သမာပတ်၊ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ သုခပဋိပဒါခိပ္ပါဘိညာ ဧဟိဘိက္ခု ရဟန္တာမြတ် ဖြစ်၍ မဂ်ဖိုလ်အလယ် နိဗ္ဗာန် အဆုံးရှိသော တရားထူး တရားမြတ်ကို ရကြကုန်၏။

ဒါယိကာမ မိန်းမများမှာ ဥမ္မာဒန္တီ, ဥပ္ပလဝဏ်ထေရီ, အနောဇာမိဖုရား, မယ်ဘဒ္ဒါ, မယ်ဓမ္မာတို့လို ကောင်းခြင်းငါးပါးနှင့် ပြည့်စုံ၍ မဂ်အစဖိုလ်အလယ် နိဗ္ဗာန်အဆုံးရှိသောတရားတော်မြတ်ကိုရကြကုန်၏။

(မှတ်ချက်) အထူးဝိသေသ အားဖြင့် ဝိသာခါ မလ္လိကာ မိဖုရား ဗာရာဏသီပြည် သူဌေးသမီး မယ်သုမနတို့လို ကောင်းခြင်းငါးပါးနှင့် ပြည့်စုံပြီးလျှင် ဆင်ပြောင် ငါးစီးအားကိုရ၍ လက်ခတသိန်း အဘိုး ကိုးကုဋေထိုက်တန်သော ရတနာ ခုနစ်ပါးတို့ဖြင့် မွမ်းမံချယ်စီထားသော ဦးခေါင်းငှက်ရုပ်ပုံဖြင့်ပြီးသော မဟာလတာ တန်ဆာထူးဖြင့် ဆင်မြန်း ကြ၍ နောက်ဆုံးဘဝ၌ ဈာန်အဘိညာဉ်သမာပတ် ပဋိသမ္ဘိဒါ လေးပါး နှင့်တကွ သုခပဋိပဒါခိပ္ပါဘိညရဟန္တာ မိန်းမဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနှင့် ဝင်နိုင်ကြစေကုန်သတည်း။

**ကထိန်သင်္ကန်း ပံ့သကူသင်္ကန်း လှူဒါန်းရသော ဒါယကာယောကျ်ားတို့ အကျိုးပေးပုံကို ပြဆိုခြင်း**

ဘဝဆက်တိုင်း ဆက်တိုင်း လူမင်းစည်းစိမ် နတ်မင်းစည်းစိမ်ကို ခံစံစားရသည်၏ အကြောင်း အဆုံးစွန်လျှင် ဧဟိဘိက္ခု ရဟန္တာ၏ ဆုတောင်းပတ္ထနာ ပြည့်စုံသည်၏ အကြောင်းတည်း။ သပိတ် သင်္ကန်းကို သော်၎င်း၊ပရိက္ခရာ ရှစ်ပါးလုံးကိုသော်၎င်း လှူဒါန်းခဲ့ဘူးသော သူတို့မှာ ဧဟိဘိက္ခု ရဟန်း ခေါ်တော်မူသည်။ မလှူဒါန်း ခဲ့ဘူးသော သူတို့သည် ရဟန်းပြုတော်မူပါဟု တောင်းပန်သော်လည်း ပရိက္ခရာ ရှစ်ပါးကို ရှာလေဦးဟု မိန့်တော်မူသည်။ အရှင်ဒါရုစိသည် ဆွမ်းခံ ဝင်သော မြတ်စွာဘုရား အထံတော်မျက်မှောက်သို့ လိုက်၍ အကျွန်ုပ်ကို ချွတ်တော်မူပါဟု တောင်းပန်၏။ မြတ်စွာဘုရားလည်း ဒါရုစိ အခါ မဟုတ်သေးဟု ပယ်တော်မူ၏။ မြတ်စွာဘုရားသည် ကျွတ်မည့်သူကိုပင် လျှင် အခါမဟုတ်သေးဟု မိန့်တော်မူဘိ သလောဟု တောင်းပန်ပြန်၏။ မြတ်စွာဘုရားသည် ရပ်လျက်ပင် တရားဟောတော်မူ၍ ရဟန္တာ ဖြစ် လေ၏။ အကျွန်ုပ်ကို ရဟန်းပြုတော်မူပါဟု တောင်းပန် ပြန်လေ၏။ မြတ်စွာဘုရားသည် ဧဟိဘိက္ခု ရဟန်းခေါ်အံ့သောအကြောင်း မပြည့်စုံ သောကြောင့် သင် အဝတ်သင်္ကန်း ပရိက္ခရာနှင့်တကွ ရဟန်း ပြုလိုသော် သင်္ကန်းပရိက္ခရာ ရှာလေဦးဟု မိန့်တော်မူပြန်၏။ ဒါရုစိ သည်လည်း သင်္ကန်းပရိက္ခရာ ရှာမည်ဟုသွားလေသော် ရှေးဘဝက ရန်သူဟောင်း ဖြစ်ခဲ့ဘူးသော ဘီလူးမသည် နွားအယောင် ဆောင်ပြီးလျှင် ဝှေ့ခတ် သတ်၍ ပရိနိဗ္ဗာန် စံမြန်းရလေ၏။ လူဝတ် လူစားအဖြစ်နှင့် ပင်လျှင် ရဟန္တာ ဖြစ်သော်လည်း ပရိနိဗ္ဗာန် စံမြန်းရလေ၏။ထို့ကြောင့် ကထိန် သင်္ကန်း ပံ့သကူသင်္ကန်း လှူဒါန်းခဲ့ဘူးသော ဒါယကာ ယောကျ်ား

တို့သည် ပေါ်ဘိက္ခု ရဟန္တာဆုပတ္တနာနှင့် ပြည့်စုံ၏ဟုမှတ်ရာ၏။ ဤသည် လျှင် ကထိန်သက်န်း ပံသုကူသက်န်း ၅ူဒါန်းရသော အကျိုးစကား တရပ် အပြီးသတ်တည်း။

## ဆောင်ပုဒ်လင်္ကာ

သာသနာကို ကြည်ညိုလေးစား အိုလူများတို့ အနှစ်တထောင်တရာ ကြာမှ တခါဖြစ်လာ အာသာဝတီ နွယ်နီနတ်ပန်းနှင့် ပင်လယ်ကသစ် ပန်းတို့ကဲ့သို့ သာသနာကြုံ လူ့ဘုံပေါ်ထွန်း ဖန်ဝါရောင်လျှမ်း မြတ်သက်န်းက အရဟတ္တဖိုလ် တံခွန်သဖွယ် မြင့်မြတ်ခြင်းရာ သမ္မယုတ်ညာဏ် အမြင်အားဖြင့် တွေးတောကြလျက် ကမ္ဘာ့တွက်ကိန်း သိန်းပေါင်း များစွာ ကုန်ဆုံးပါလည်း ရခဲလှ၏၊ ရှင်တော်မြတ်ဘုရား တည်ထား မိန့်မှာ သာသနာ၌ ကြည်ညိုသဒ္ဓါ ထက်မြက်စွာဖြင့် ကြုံခဲ့လှသည့် မဟာ ဒါန စီဝရမည်ခေါ် ကထိန်ဒါန အလှူမြတ်ကို ဘဝချမ်းသာ ပြည် ခေမာသို့ အမြန်ကူးရအောင် ကြိုးစားအားထုတ်နိုင်ကြပါစေသော်။

## ကထိန်ဒါနရှစ်လုံးဘွဲ့နှင့် လင်္ကာများ

၁။ ဓမ္မသံဃာ့ သုံးဖြာ၊ ဂုဏ်တော်အပေါင်း ညွှတ်ပြောင်းစေရာ။
လက်စုံယှက်မိုး ရှိခိုးခါခါ၊ ပဏာမ ဦးချဝန္ဒနာ။
၂။ ကွမ်တုံမည်ရ ထေရမဟာ၊ နာနာဓမ္မ ဟောပြလေရှာ။
ကျေးဇူးဂုဏ်ပန်းရည်မှန်းမျှော်ကာ၊ တပည့်များညွှတ်တွားဝန္ဒနာ။
၃။ ကထိန်ဒါန ပြုကြသူတွေ၊ အကျိုး ငါးရပ် ရလတ် မသွေ။
ဂုဏ်ပေါင်းလျှံဘိ သိဒ္ဓိထွေထွေ၊ အလွယ်ပေါက် ထိရောက် နိဗ္ဗူပြေ။
၄။ ပဌမအကျိုး တန်ခိုးအဟုန်၊ အရာရာသွား ဆီးတားကာဆုံ။
လာဘ်ရစမြဲ နှောင်တဲမျိုးစုံ၊ မတွေ့ဘဲ ရှောင်လွှဲရောက်ရာဘုံ။
၅။ ဒုတိယအကျိုး တန်ခိုးအရှိန်၊ တဏှာဝန်များ ပေါ့ပါးမွေးမှိန်။
ပလူကောင်လား ပါးရှားသေးသိန်၊ အလွယ်မြတ် ဆိုက်ကပ် နိဗ္ဗူတိ်။
၆။ တတိယအကျိုး တန်ခိုးအရာ၊ နတ်ဝတ်ပုဆိုး ရရိုးမှန်စွာ။
ပဒေသာပင် သန္တစင်ပေါက်ကာ၊ အလိုတိုင်း ဆုတ်ဆိုင်းမကုန်ပါ။
၇။ စတုတ္ထအကျိုး တန်ခိုးမယိုင်၊ ဘောဇဉ်ရသ ဩဇမြိုင်မြိုင်။
နတ်သုဒ္ဓါဟုန် မျိုးစုံလှိုင်လှိုင်၊ သဘောရှိ ရဘိမကုန်နိုင်။

၈။ ပဋ္ဌမအကျိုး တန်ခိုးအဆိုင်၊ မိမိဉစ္စာ ကိုယ့်ဟာအပိုင်။
ခွားပြသူခိုး ဝှက်လျှိုးမနိုင်၊ မပေးတဲ ရှောင်လွဲမထားနိုင်။
၉။ အဝတ်သက်နိုးလှူဒါန်းသူငါ၊ဒါယကာများဝမ်းအားမြောက်ရာ။
ရွှေဆင်းစသား ကျိုးသွားရှစ်ဖြာ၊ကျမ်းလာရ ဟောပြသေအချာ။
၁၀။ ရွှေရောင်ဆင်းသွေး မြူကြေးကင်းစင်၊
တောက်ပရောင်ပျံ နူးညံ့စွာလျှင်။
သုံးဖြာပုဆိုးလေးမျိုးချည်သွင်၊ သိန်းမက ထုတ်ပြကျိုးရှစ်အင်။
၁၁။ အသံအဆင်း နှံ့သင်းကြိုင်ထုံ၊ သုံးဆောင်ရသ နူးစွကုန်လုံ၊
ရောဂါကင်း၍ ချမ်းမြေ့တဖုံ၊ ဘိဓမ္မ ကျိုးပြ၍ခြောက်စုံ။
သက်နိုး ဆွမ်း ဆေး ကျောင်း၊ လေးပါးပေါင်း၊ မှတ်ကြောင်း ဝိနည်းဒါနသာ။
၁၂။ အဝတ်သက်နိုး လှူဒါန်းကြည်ညို၊ ရွှေရောင်ဝင်းလို့ အဆင်းဒီလို၊
အကြောင်းပြုတဲ့ ကောင်းမှုကုသိုလ်၊ ပျော်စံသုံး နောက်ဆုံး နိဗ္ဗာန်ကို။
၁၃။ သဒ္ဓါမှုကား မြဲသားပုံနေ၊ သီလကျင့်မြဲ ပုလဲမသွေ၊ သဏ္ဌာဆိုရ သုတထွေထွေ၊ ပတ္တမြားး မှတ်သားစာဂပေ။
၁၄။ ပညာ ထိန်ထောက် စိန်ကျောက် ရောင်ရှင်၊ ဟိရိ ခေါ်ထုံး ဘော်တုံးအသွင်။ ဩတ္တပ္ပကား ရွှေသားကြည်လင် မြတ်ဒါန မှတ်ကြညာ၏သိမြင်။
၁၅။ သံသရာခရီး အပြီးပိုင်ပိုင်၊ ဒါနရွှေအိုး လူမခိုးနိုင်၊ရိက္ခာထုပ်ကြီး သိမ်းလက်ကိုင်၊ ပြုလုပ်ကြ မုချကိုယ်ကပိုင်။
၁၆။ သီလယနံ့ မွှေးပျံ့ထုံထုံ၊ ရှင်တော်မြတ်ဖြား ဟောကြားဖုံဖုံ၊လူရှင် အားလုံး ကျင့်သုံးကုန်လုံ၊ဘုရားနောက် သွားရောက်ပြည်ရွှေဘုံ။
၁၇။ ခန္ဓာပြိုကွဲ သေရမှာတဲ၊ သေရဲအောင်ကြိုးစားပါ၊ သေဘို့နေ့ရက် လက်ချိုးတွက်ခါ စောင့်လျက် သူငါနေရပါ။ မဂ္ဂင်လုပ်ငန်း လွန်ကြိုးပမ်းသာ၊ အောက်တန်းကမကျရပါ။
၁၈။ လွန်ကျူးဆူပွက်၊ မျိုးမပျက်၊သုံးချက်ကိလေသာ။
သီလသမာ၊ ဓိပညာ၊သတ်ရာသုံးသိက္ခာ။
၁၉။ အနာနှင့်ဆေး လိုက်အောင်ပေး၊ ပျောက်ရေးမခက်ပါ။
သိပယ်ဆိုက်ပွား လေးပါးအချက်၊ တပြိုင်နက်ပင် မဂ်၏ကိစ္စ အမှန်တည်း။

ဇာတ္ထသယ ၄၈၈-၅၀

၂၀။ တရားစည်ကြီး ရိုက်တီးဖန်ခါ၊ မဂ္ဂင်ဖောင်ကြီး တက်စီးညီညာ။ နိဗ္ဗာန်ဝင်လဲမကွဲမကွာ၊ အသင်းကြီး ဖွဲ့စည်းတည်ထောင်ရာ။

၂၁။ ဒါနသီလ ညီမျှတူစုံ၊ ဘာဝနာလမ်း ကျင့်ခန်းတဖုံ။ သုံးစင်း ဖောင်ကြီး ဖွဲ့စည်းလေကုန်၊ ဖောင်တော်ကြီး စီး၍မြိုက်ထိး‌လုံ။

၂၂။ မဂ္ဂင်ရှစ်ပါး ရထားယာဉ်ပျံ၊ နိဗ္ဗာန် ရောက်ကြောင်း လမ်း ကောင်းအမှန်။ ဝိဝေကလမ်း မျှော်မှန်းရည်သန်၊ ဝဋ်စခန်း ကျွတ်တမ်းဝင်ဘို့ရန်။

၂၃။ ဆင်းရဲဟူသမျှ မူလကိုရှာ၊ ဇာတိလက်ချက် စနက်ထင်စွာ။ ဗုဒ္ဓဘုရား ဟောထားမိန့်မှာ၊ ဇာတိကင်း အရှင်းကျွတ်လွတ်ကွာ။

၂၄။ ပြုမှုပြင်မှု ဝဋ္ဋုတန်တန်၊ ဖြစ်ပြန်ပျက်မြဲ မလွဲကောန်။ ဇာတိ လက်တွင်း သက်ဆင်းပူပန်၊ ဇာတိသိမ်း ငြိမ်းပြည်နိဗ္ဗာန်။

၂၅။ ရွှေငွေစိန်ကျောက် ထိန်တောက်ဝေဝေ၊ နိစ္စထားလို့ မောက် ကြွားသူတွေ။ သခ်ါရတဲ မလွဲပုံသေ၊ တနေ့ကျ ပျက်ရမှန်မသွေ။

၂၆။ ညိုရွှေရှိန်ဝင်း ထိန်လင်းကွန့်လည်၊ နီဖြူရောင်လျှမ်း ကွန့်မြန်း အတည်။ ပြုံးပြက် ထွန်းရွှန်း လဝန်း ဂုဏ်ရည်၊ မဠိုဋ္ဌော မောင်းသောခြောက်ရောင်ခြည်။

၂၇။ လေးဆူဘုရား ပွင့်သွားအတည်၊ တဆူဘုရား ကျန်ငြားပြန်ပြီ။ ကျန်တဆူနှင့် လိုက်မိဘို့ရည်၊ ကောင်းမှုမြတ် ပြုအပ်အလီလီ။

၂၈။ အနိစ္စဟု စိတ်ကထင်ထင်၊ ဒုက္ခဒုက္ခ နှုတ်ကတွင်တွင်။ အနတ္တဟု မှတ်ကြလူရှင်၊ အသုဘ ရှုကြထာဝစဉ်။

၂၉။ ခုနစ်နှစ်ခုနစ်ရက်ပေ၊ ပွားများနေ၊ ဖြစ်လေအနာဂါမ်ရဟန္တာ။ ခပ်သိမ်းဒုက္ခ၊ ချုပ်ပြတ်ရ၊ သုခနိဗ္ဗုတာ။

၃၀။ တရားရေအေး မြိုက်ဆေးဓမ္မာ၊ ဒါယကာများ သောက်စား ကြရာ။ မပျင်းမရိ အားဖြည့်ထုတ်ခါ၊ နိဗ္ဗာန်လမ်း မျှော်မှန်း ကောန်သာ။

၃၁။ ကွမ်တုံကျော်ကြား တို့များအရှင်၊ သွန်သင်ပြသ ဆုံးမနေ့စဉ်။ နောင်လာနောင်သား လူအများပင်၊ သတိထား မှတ်သားကြ စေချင်။

၃၂။ ဤသို့ပြုရ ကုသလကြောင့်၊ မေတ္တေယျရှင် ဂန္ဓဂေါ်ပင်တွင်၊ လေးအင်သစ္စာ ပွင့်သောခါလျှင်၊ အတူပါလို ခုကကြို၍၊ ဝိဝဋ္ဋ ကုသိုလ်ကောင်းမှု ပြုနိုင်ကြပါစေသော်။

၃၃။ မျှားသတ္တဝါ ဝေနေယျာလည်း ရောဂါခပင်း လွတ်လွတ်ရှင်း၍ ငြိမ်းခြင်းရောက်ပါစေ။ စိုးရိမ်ကြောင့်ကြဗျာပါရမှ ကင်းစေလို ဆုပန်ဆို လူဗိုလ်သတ္တဝါ။
၃၄။ အမျိုးသားချင်း ဘေးကင်းရန်ချွေ၊ မေတ္တာတရား ပွားများ ထွေထွေ။ အမျက်ဒေါသ ကင်းကြရင်လေ၊နတ်အများစောင့်ကြြား မကွာပေ။
၃၅။ ကျန်းမာကြပါစေ လန်းဖြာဖြာပဝေ၊ချမ်းသာကြပါစေ၊ ချမ်းသာ ကြပါစေ။ တရားများ အားထုတ်ကြမသွေ နိဗ္ဗာန်ရောက်ရ မှန်မသွေ။
၃၆။ စွန့်ကြဲပေးကမ်း လှူဒါန်းမသွေ မဂ်ဖိုလ် နိဗ္ဗာန်နန်း စံမြန်းဝင် နိုင်ပါစေ။
၃၇။ ကိုယ်နှုတ်နှစ်ထွေ စောင့်ရှောက်မသွေ၊ မဂ်ဖိုလ်နိဗ္ဗာန်းနန်း စံမြန်းဝင်နိုင်ပါစေ။
၃၈။ မယာကတာ ကုသလကို မျှားလှဝေနေ ရကြစေ ပေးဝေအမှု သာဓု သာဓု ခေါ်နိုင်စေ။

## ကထိန် ဒကာများ၏ အကျိုးငါးပါးဂါထာ

၁။ သဆန္ဒ ဂမနာ ဒဏ္ဍာ၊ မုစ္စန် ဘာရခေပနံ။
ဗဟွာ ဟာရံ ဗဟုဝတ္ထံ၊ ဘောဂေ စ အဝိလုပ္ပနံ။
၂။ ဣတိ ပဥ္စာနိသံသာနိ၊ သဒ္ဓါ ကထိန ဒါယကာ။
သေဒ္ဓ ပုညာန ရူပေန၊ လဘန္တိ သေဒ္ဓ ဘာဂိနော။

သဆန္ဒဂမနာ–သဆန္ဒဂမနေန၊ အဆီးအတား မရှိဘြားဘဲ သွားလာ လိုရာ ချောင်ချိစွာပင် သွားလာ နိုင်ခြင်းဖုင်း။ ဒဏ္ဍာမုစ္စနံ၊ တွေ့ကြုံဘို့ ဘေးဒဏ်တို့မှ မချွတ်မယွင်း လွတ်ကင်း ရခြင်းဖုင်း။ ဘာရခေပနံ၊ ဝန်ထုပ်မပါ ပေါ့ပါးစွာနှင့် ခန္ဓာဝန်ထုပ် အလွန်ပုပ်ကို အဟုတ်ပစ်ချ ရခြင်းဖုင်း။ ဗဟွာဟာရံ-ဗဟုအာဟာရံ၊ ခဲဘွယ်ဘောဇဥ်ချိုချဥ်စားစား အစာအာဟာရပေါများခြင်းဖုင်း။ ဗဟုဝတ္ထံ၊ခေါမ ရေမကောဇ္ဇုမ္ဗရနှင့် စသည်ခင်းခင်း အဝတ်အထည် ပေါများခြင်းသည်ဖုင်း။ ဘောဂေ၊ မိမိဥစ္စာမဟုတ်ပါသည့် ရတနာရွှေငွေ အထွေထွေတို့ကို။ အဝိလုပ္ပနံ၊ မလုမယက် မခိုးဝှက်ဘဲ မတိုက်ဖျက် မယူနိုင်ခြင်းဖုင်း။ ဣတိပဥ္စာနိ- သံသာနိ၊ ဤသို့ချီးကျူး အမျိုးမျိုးမြူးလောက်တဲ့ အကျိုးထူးငါးပါးတို့ကို။ သဒ္ဓါ၊ မကွာမမှား အခါခါပွားပြီး သဒ္ဓါတရားထက်လှကုန်သော။

ကထိနဒါယကာ၊အရှိန်တလျှပ်လျှပ် ကထိန်ကပ်ကြတဲ့အမြတ်ထိပ်ဆောင်း တသိရ်ဖြာတဲ့ ကထိန်ဒါယကာအပေါင်းတို့သည်။ သေဋ္ဌပုညာနုရူပေန၊ အမ္ဗူးနဝရတ် အဖူးတပ်ပြီး ထူးမြတ်လှသော ကုသိုလ်ကံအားလျော် သဖြင့်။ သေဋ္ဌဘာဂိနော၊ အမ္ဗူးနဝရတ်အဖူးတပ်ပြီး ထူးမြတ်သောအဘို့ ရှိကုန်သည်ဖြစ်၍။ လဘန္တိ၊ အလျှံကြွားကြွား အမှန်အားဖြင့် ခံစား ရရှိကြလေကုန်သတည်း။ (မှတ်ချက်)။ ။ကထိန်သင်္ကန်းဟာ သာမည သင်္ကန်းနှင့်မတူ တမူထူးခြားပြီး အထူးအားဖြင့် မြင့်မြတ်တယ်ဆိုတာ လွန်စွာသိသာတာဘဲနော် ဤအကျိုးငါးပါးကို ကထိန်သင်္ကန်း၏အစွမ်း အာနုဘော်ကြောင့် ရရှိတာကိုး သာမညသင်္ကန်းကတော့ ဤကထိန် အကျိုးငါးပါးကို မရရှိဘဲကလား ကထိန်သင်္ကန်းလောက် မမြတ်ဘူး ဆိုရမှာပေါ့။

(ကောက်နှုတ်ချက်) အားလုံး အကျိုးတွေကို ပေါင်းလိုက်တော့ ချောင်ချောင်ချိချိစိတ်ရှိတိုင်းသွားလာနေထိုင်ရခြင်း ဘေးဒဏ်အမျိုးမျိုးမှ လွတ်ကင်းခြင်း၊ ဝန်ထုပ်မပါ ပေါ့ပါးစွာ သွားလာခြင်း၊ ခန္ဓာဝန်ကို ပစ်ချ၍ နိဗ္ဗာန်သို့ဝင်ခြင်း၊ အစားအသောက် ဘောဇဉ် အာဟာရ များခြင်း၊ နတ်သြဇာကိုပင်ရနိုင်ခြင်း၊ အဆိပ်ကိုပင် ကြေစေနိုင်ခြင်း၊ ပေသီးနှင့် ဝက်သားစသော မသင့်တဲ့ အစာချင်း ရောနှော၍စား သော်လည်းဘေးမဖြစ်နိုင်ခြင်း၊ မိမိဥစ္စာကိုသူခိုးသူဂှက်မလုယက်နိုင်ခြင်း၊ ကိုယ်ကမပေးလျှင် မိတ်ဆွေချည်မျှင်ကလေးကိုမျှ သူတပါးမယူနိုင်ခြင်း ဟူသော အကျိုးအာနိသင်များတို့ကို ထင်ရှားစွာ ရရှိခံစားရတယ်လို့ မှတ်သားနာယူကြကုန်ရာ၏။

## ကထိန်တရားကဗျာ

ဘဂဝါရဟန်း သင်္ကန်းကိုပင် လှူပါမည် ဆီမီးရောင်စုံဖြန့်၍၊ နတ်ဘုံ နတ်နန်း မှန်းလောက်ပေတော့သည်။ လပြည့်ဝန်း ထွန်းသစ်တဲ့ခါမှီ၊ ဗြိန္တာထိုရာသီ ပုလဲယ်တင့်ဆဲပွင့်ညီ ကြတ္တိကာကြယ်မင်း လင်းရောင်စုံ ချယ်သည့်၊ အာသာဝတီ တုသိတာပြည် စူဠာမဏိ မြတ်မဟာစေတီ၊ ခြောက်ပါးရောင်ခြည်ကွန့်မြူးသည် ကြည်နူးစွာဖူးမျှော်မည်၊ ပူဇော်မဆုံး တန်ဆောင်မုန်းရာသီ ကြည်နူးသည် ရည်စူးမည်၊ ဗုဒ္ဓဘဂဝါစိန္တေယျာ သည် စေတနာတွေပြိုင် တန်ဆောင်တိုင် မြိုင်မြိုင်နွဲ့မည်၊ နေမင်းဖန်ဝါ လတန်ဆောင်မုန်းဆီ ငွေနှင်းထန်ကာ ကျဆောင်ဖုံးသည်၊ ဘုန်းတော် မြတ် ရာဇာဘုရင်သည် ရှိလေလျှင်ဆင်ယင်နွဲ့မည်။ မြတ်စေတီ ဆယ်ဖြာ

ဦးချိ ရွှေသက်န်းမြတ် လှူဒါန်းအမျှဝေမည့် ပျော်ပျော်ရွှင်ရွှင် တမင်္ဂလာ ဟူ၍ မွန်ဗမာဟူသမျှ လှူဒါန်းကြသည်၊ တိုင်းအနယ်နယ်ပြည် ကထိန်ပွဲ ဆင်နွဲကြစုံညီ-ဆင်နွဲကြစုံညီ။

## တနည်း-ကထိန်သင်္ကန်း တရားကဗျာ

သာစွလေလေ၊ အာဒိဟေမန်၊ ရောက်လတ်ထန်သော်၊ မြောက်ပြန် လေညှင်း၊ ဆန္ဒေသွင်းလို့၊ မြူနှင်းငွေတုံး၊ တန်ဆောင်မုန်းဝယ်၊ မှတ်ထုံး အစဉ်၊ ပြုမြဲယှဉ်သား၊ မုတင်အရိယာ၊ သံဃာထေရ်မြတ်၊ ဆက်ကပ် လှူဒါန်း၊ ဥတ်သင်္ကန်းနှင့်၊ ထက်နန်းဗိမာန်၊ အာကာယံက၊ ထွန်းလျှံ မပြတ်၊ ကြတ္တိနတ်လည်း၊ နေရပ်မမှား၊ စန်းရထားနှင့်၊ လှည့်သွားအညီ၊ ပုဏ္ဏမီတည်း၊ ထောင်ခြည်ရဟတ်၊ ကြေရွှာချပ်နှင့်၊ ဒေါင်းနတ်ရှင်လည်း၊ အပြင်မာဟိ၊ ကွန့်မြူးချီ၍၊ ရာသီဗြိစ္ဆာ၊ ရောက်သောခါဝယ်၊ မဟာ ဝိဿနိုး၊ နတ်ရှင်နိူးလျက်၊ မျိုးရိုးဆက်သည်၊ အသက်ရာကျော် ယွန်း တည့်လေ၊ စည်ကားပါသည်၊ မြန်မာပြည် ဇမ္ဗူကျွန်းတည့်လေ၊ ကျွန်း တည့်လေ။

(တနည်းကား) ကထိန်ပွဲခင်းကျင်း၍ အမင်းမင်းပူဇော်၊ အချင်းချင်း ယှူမျှော်သည့် သူတော်တို့ဓလေ့၊ ဤကောင်းကျိုး ဥတ်ကထိန်ကို နတ် ဝတိ ပြောင်းတို့ မျှော်၍၊ ဝတ်သင်္ကန်း မရှိကြအင်ကို၊ ဇိနရှင်ကိုယ်တွေ့၊ ညှိဆလျှင် အလိုပြည့်စေမို့၊ထိုနေ့၌ထုတ်ပြန်၊ တထည်စိုတထည်မလဲနိုင်လို့၊ ဤပွဲ၌ခွင့်ပြုတန်တန်၊ ကထိန်အကျိုး အာနိသံကို၊ ပါဠိဓမ္မကွန် သုတ် တော်ထွက်ကိုလ၊ ထုတ်ဖော်လျက်ပြုရလျှင်၊ဆုံးစမမြင်၊မန္တာတ်နှင့်သိကြား ဘုရင်လို အများပင် ဖြစ်ကြောင်းတဲ့လေး-ဖြစ်ကြောင်းတဲ့လေ။

(တနည်းကား) တိဂုံရှင်စေတီမြတ်ကိုလ ပန်းကပ်ပါလို့ မီးပူဇော်၊ မြတ်ကုသိုလ် ရရှိရေးကိုကွယ် တွေးဆရည်ရော်။ ကထိန်တဲ့ ပွဲတော် နွဲပျော်ဘို့အရေး၊ အကုသိုလ်အရေး ဘေးမကပ်ရအောင် ကုသိုလ်ရေး အခေါ်တ်ကိုဖြင့်(ကွယ်တို့ရေ)ထွေးပတ်စို့လေး။

(တနည်းကား) နှင်းငွေရည် ဒေါင်းယာဉ်ခပါလို့၊ ဆောင်းဝင်စ ဤအခါ၊ ကောင်းကင်က ကြယ်တာရာမှာ၊ ညီညာစွာ တောက်ထွန်း၊ ဗြိစ္ဆာတဲ့ရာသီခွင်မှာ၊ သာကြည်လင် မြေလို့ရွှန်း၊ ကထိန်ပွဲ ဤအခါမှာ၊ ညီတညာလွန်လွန်း၊ ပြည်မွန်မြန်မာ အရှည်ထွန်းစေဘို့၊ ရည်ညွှန်းလို့ ခင်းမယ်၊ ပါတော်မူ နေ့မြတ်ထူးကိုလဲ၊ မမေ့အပ်ဘူး ကျင်းပသွယ်သွယ်၊ ဝါနိစ်မ်း မီးရောင်ခြယ်တယ်၊ ညီးအောင်ကွယ် တကယ်ထွန်းပါလို့၊

ကြိုရွယ်သွန်း ပြည့်ခေမာ၊ ရောက်ဘို့ရန်သာ၊ နှံ့သာနှင့် ပန်းမာလာကို၊ ဘုရားမှာ လှူအုံးစို့လေး။ (ဝါ)၊ အမျိုးသားနေ့ စဉ်အလာကို မင်္ဂလာဖြည့်ဦးစို့လေး။(ဝါ)၊ လ,ရက်လွန်၊ ဟေမန်ဆောင်းအဝင် ကောင်းကင်ပြာနု၊ ရတုသာလို့ရှင်၊ငွေစန္ဒာလျှင် ရောင်ရှင်ပဝင်း ဝန်းရံပတ်ချာ ကြယ်တာရာ၊ ညီလာသဘင် ကျင်းသည့်နှင့်လေး၊ ဝဿန် မိုးကြွင်း၊ ဆီးနှင်းတဝေဝေ၊ မြူးခုန်အသော့၊ ပွေနော့ မြောက်ပြန်လေ၊ ခဲခိုင်ရွှေ မြိုင်ခြေလှိုင်ဖြိုး၊ မငြိမ့်မညံ့ သွန်းချခါပြန်၊ မတန်သည့်မိုးငယ်နှင့်လေး။ စေတီပုထိုး ရောင်မျိုးယှက်သန်းဖြာ၊ ရှုလေမငြီး ဆီမီး သာယာယာ၊ သိင်္ဂုတ္တရာကုန်းသာဆင်နွဲ၊ မသိုးမည့်တွင် သက်န်းလျှင် ပြိုင်ရှည်ယက်ပွဲငယ်နှင့်လေး။ မြတ်ကျောင်းတော်ထဲ၊ ကထိန်ပွဲသာစည်၊ မြူးခုန်ကလို့၊ ပျော်ရှင်ကြသည်၊ ပုံမောင်းအိုးစည် တေးသီသံဆန်း၊ တနှစ်မှ၊ တကြိမ်လှူ၊ နိဗ္ဗူရွှေပြည်မှန်းပါလို့လေး။ ပြည်ထောင်တဇမ်း သစ်ဆန်း တန်ဆောင်တိုင်နီပြာဝါရဲ မီးပွင့်တဖြိုင်ဖြိုင်၊ ချစ်ခွန်းကြူလှိုင်၊ တူပြိုင်ယှဉ်တွဲ၊ ဝတ်သစ်လွင်လွင်ဆင်မြန်းရင် ပြုံးရွှင်မောင်မယ်နွဲ့သည်နှင့်လေး။ ပြောင်းကွဲသည့်ဝဿန်ခါ၊ ကျန်ခါရစ်တော့သည်၊ ဆောင်းလတည့်ဟေမန်ခါ၊ လျှမ်ဖြာသစ်တော့သည်-သစ်တော့သည်။

(တနည်းကား) ကောင်းကင်ယံ ကြည်ပြာလွဲ့ဒါကြောင့် စီကာနွဲ့နှင်းမှုံရယ်၊ ညီညာဘွဲ့ဆင်းစုံတယ်၊ သလင်းကျိုမြေပြန့်၊ ဆောင်းလရာသီဟေမန္တာငယ်၊၂လေပြန်ကာမြောက်လေကဖြန့်၊စန္ဒာမင်းကြတ္တိကြယ်သည်၊ ကပ်မှီဘွယ်ကျယ်ပြန့်၊ နတ်ပြည်ဝယ် တကယ်အံ့လောက်ရဲ့၊ နယ်အန္တွန်းပြောင်၊ သူရိယာမဏ္ဍလမ်းဆီသို့ ရစ်ဝေသန်း လှည့်ပေါ့မရှောင်၊ တိုင်းမြန်မာ့ ပြည်ဘောင်မှာ ရည်ဆောင်ကာ ကထိန်ပွဲကိုဖြင့် ရှိန်မစဲကောင်းမှုခါခါ၊ ပေါင်းစုမကြာ၊ တောင်းဆုတဲ့ ဂယက်သံဟာ၊ဘဝဂ်ထံတက်ပါဘိလေး။ခဲပန်း ကြိုင်ထုံလေတယ်၊ ခိုင်စုံပေ ပွင့်ဆဲမို့လေး-ပွင့်ဆဲမို့လေး။

(တနည်းကား) ကြတ္တိကြယ် စန်းအမြွေမှာဖြင့်၊ ဆန်းသရွေ့မှတ်ခါ၊ ပန်းအငွေ့ဒြပ်ဖြာပြီ၊ မြတ်မာသာခါမို့၊ ခဲကတနဲ့မှူ၊ အမြဲသင်းကြူသင်းပျံ့ဝေလို့၊တနှစ်မှတခါကြိမ်တယ်၊ မဟာကထိန်လှူစို့၊ သဒ္ဓါရှိန်မြူမချို ဖြူသမို့ဝင်းဝါ၊ကောင်းကင်ဘုံ ထက်ရပ်နန်းမှာလ၊နက္ခတ်ပန်းကြယ်တန်းလို့ဖြာ၊ မင်းသိဝိဘုရင်ကြိုရှာတယ်၊ ခင်ဥမ္မာမယ် တယောက်ကယ်ကြောင့်၊ သေမယ်လောက် ရူးဘွယ့်တကြိမ်၊ ထူးတဲ့အချိန်၊ ဗြိန္ဓာမှီးဆီမီး ထိန်သည်၊

ပြည်ကြီးသိရ် ဆင့်ချိန်ပလေး။ ။ဥတ်ကထိန်နက္ခတ်ပွဲ ဆင်နွဲကြသာကြည်၊ ဆောင်ဘုံထီး ရောင်မီး ထိန်တလီဖြင့်၊ ဆန်းကွန့်ညီစီရရီ ထွန်းကာပ၊ စိန္တေကို နှိမ်ချွေလို့ညွှန်းကြတယ်ကွယ်၊ လွှမ်းဘို့ရာသီ၊ ဇာတ်ရုပ်သေး ရှုပ်ထွေးတဲ့ပွဲလီလီ နွဲမှီလို့ကြည်စွာပြီး၊ဇနီးမောင်နှံတို့သိဂ်ုတ်ကယ် တောင် ယံက စီဝရံဂုဏ်ပြိုင်ပွဲကိုလ အာရုံမှီ စုံအညီနွဲကြတယ်၊ ပွဲလထိပ်ဆုံး။ ။ ဝဿန်နှောင်း ပြန်လောင်းတဲ့ နှင်းငွေမှုံ၊ မြောက်လေပင့် ကြွေလင့်ပမာသို့၊ အာကာဘုံ မှောင်မည်သာဟု၊ ကြတ္တိကာ ရောင်အဆင်းဝယ်၊ သင်းပွဲ့ကာခြို၊ ယိမ်းတန္ဓွဲငယ်နှင့် တိမ်ငွဲ့ငွဲ့ခဝဲရုံ၊ သင်းထုံလို့ကြူမွှေး၊ ဥတ် ကထိန် ဒါနဇ္ဇအချိန်မို့၊ မဟာသိမ် ရိပ်သာအတွင်းမှာလဲ၊ မြတ်သံဃာ ကပ်ခါခါင်းကြတယ်ကွယ်၊လင်းမှညက်ဆွေး-လင်းမှညက်ဆွေး- ဆွေး။

အမြတ်တန်ဆောင်ထူသင့်ပါပြီ၊ မြောက်လေချိသာ၊ငုံစီဖွဲ့ဖွဲ့နှင့် ပုလဲတို့ မစဲပါလှ၊ လှမျိုးကြွယ်လျက် ချယ်သကုံးဆင့်၊ ငွေရောင်ပွင့်၊ ဓာတ်မြူလွှင့် မီးရောင်၊ထိန်ဝါပြောင်သား တန်ဆောင်လမြတ် ချေဆိုမှတ်သည်၊ ကြယ် ကြတ္တိကာ၊ ငွေရောင်ဖြာလည်း၊ သော်တာရောင်ဝင်း ရွှေလမင်းကို ဂုဏ်ချင်းယှဉ်ပြိုင် မျက်နှာဆိုင်လျက် မြိုင်မြိုင်တင့်ဆန်း၊ ခဝဲပန်းလည်း ပွင့်လန်းစီစီ ဝါနီနီဖြင့် လှပြီအဆင်း ပပဝင်းတည့်၊ ဖြူဝင်းသဒ္ဒါ၊ ဝေဖြိုး စွာသား၊ မဟာကထိန် လှူဒါန်းချိန်ဝယ်၊ ဂုဏ်ရှိန်ပွင့်ပွင့် ရာသီဖွင့်သည်၊ ထူးတင့်ပါပြီ သာကလား။

## ရွှေသက်န်း၊ ရွှေသက်န်း

ဝဿန်နှောင်း ကြွင်း ဆောင်းရည်နှင်းမှုံမှုံ၊ လတန်ဆောင်မုန်း တင့် ဆုံးသာမျိုးကုန်၊ဆီမီးရောင်စုံ နတ်ဘုံတမျှ ရာသီဖြိုးစွာ ကြတ္တိကာ ရောင်ဝါ ရွှန်းတောက်ပသည်နှင့်လေး၊လှူကထိန်ဒါန ပြုကြကြည်ဖြူ သဒ္ဒါပြည့်လျှမ်း ရည်မှန်းပြည်နိဗ္ဗူ၊ ရန့်ကြူကြူမြိုင်ငုစခန်း၊လေညှင်းငယ်သုံသုံ၊သင်းပျံ့လို့ထုံ၊ ဝတ်မှုံခဝဲလန်းသည်နှင့်လေး။ မသိုးသက်န်းလှူဒါန်းရည်၊ယက်ကန်းပြိုင်ပွဲ ဆင်နွဲပျိုမဒီ၊ ပြီးနွဲ့ဟန်ချီ၊ ပီတိကြိုင်လျက် သဒ္ဒါကြည်လင် ဇောစိတ် ရွှင်ရွှင် ရွှေစင်သက်န်း ယက်သည်နှင့်လေး။ ဗုဒ္ဓမြတ်ထွဋ် မှန်းလျက် ကြည်ရွှင်၊ပျိုစင်တသိုက် အားစိုက်ပြိုင်ပွဲဝင်၊ အာကာဝေဟင်၊ ကြည်လင် မြူကင်း နက္ခတ်စုံညီ တောက်ရွှန်းကြည်ကြည် ညီလာခံပွဲ ကျင်းပသည် နှင့်လေး။

ဆောင်ချင်းတန်ဆောင်ချိန်၊ ထိန်ဖြာဝင်းတော့သည်၊ ပြောင်လင်း ရောင်ရှိန် ဝတိံသာချဉ်းတော့သည်၊ (ရှစ်ဆယ်ပေါ်) ကောန်သွေလှန်

လေပြန်ညှင်းသမို ဘွေယံလင်းလို့ပြာ၊ ပြဒါးဟေမန် နှင်းစို့ သာသည့် လွှားလွှားမည်ဆေးချယ်မှုန်း၊ စန္ဒာတိထိကြွတ္တိနှစ်ဆိုင်မှာ သတ္တိပြိုင်ကာ ခရီးယှဉ်လို့ရုန်း၊ ရာသီဖြိုးသွာ ခဝဲမာလာရယ် အထဲသာသာပွင့်ဝါဖုံး၊ မစဲဒါနာသင့်ကာဆုံးမို၊ အခွင့်သာတုံးကထိန်၊ လက်လှမ်းယူရှိန် နေသူ ရိန်ရွှန်းသဖြင့်၊ ပူရှိန်ထွန်းတင့် တေဇောခတ်ကလျှံ၊ရတုသာရဒ စောရ ထန်တယ်၊ သောဘဂဝါအရပ်တမျိုး၊ ဆင်လွှမ်းဘို့မသိုးသက်န်းသူမှန်း ထက်ရပ်ဌာန်၊ လှူဒါန်းဆက်ကပ်ပြန်၊ ညှိပြာညက်တဲ့ မိလက်သံရယ်၊ ထိဘဝဂ္ဂ ရိုက်ညှောင်းသာလို့လေး၊ ထိုနက္ခတ်ပွဲ တူနွဲ့ဆင်သည်၊ အူသဲ ဘဝင် ကြည်ရှာကြလေး။

**ကထိန်မင်္ဂလာသင်္ကန်းလျှာ(၈၀)ပေါ်ကဗျာ**

ဗျာဒိတ်တော်ချွေ အသိသာပြ၍ ဝိသာခါတကာမ အမြတ်သွင်းချိန်၊ မိဂါရမာတာဥ တ်ရင်းကထိန်ဝယ်၊ နဝရတ်အလင်းရှိန်ဒါနမျိုး၊ ကထိန် စီဝရံကြိုလာပြန်သည် ဥမ္မာဒန္တီ ဟိုရှေးကံ့ရဲ့အကျိုး၊ ကဒဏ်ထိုးပြာသာဒ် နှင့် တန်းဆာစုံအောင် နန်းအမရာအဖုံဖုံ အကုန်မျိုး၊ချမ်းသာကြွပုံ အကုန် တို့း၍ မနံ့တန်ခိုးကြီးကြပေ၊ ပုဗ္ဗ-မုဉ္စ-အပရစေတနာ သုံးတန်ဖြတ်လို့၊ ဘုန်းကံအရပ်ရပ် မြင့်မြတ်တိုးတက်စေ၊ သံဃဿဒေမ သင်္ကန်းအထွေ ထွေကို ရွှင်လန်းကြက်သရေ အစဉ်မြင်ကာသတိနှင့်၊ မင်္ဂလာ၏ နှောင်း ခုသစ်လွှင်စွာ၊ ကောင်းမှုဖြစ်ချင်ရာ၊ ဒါနံဒေတိ ဒါတဗ္ဗအလာကို ဘဂဝါ မြတ်စွာ ဓမ္မတာမိန့်ခွန်းချွေခဲ့လေး၊ အိုတန်ဆောင်သရဒ ကျွတ်တမ်း အချိန်မှာ၊ လွှတ်ခန်းကထိန် တည်ခင်းကြိုလို့လေး။ မြန်မာချိန်သာရဒ၊ အာကာဝ လင်းလင်းဖြာ စန္ဒာလမင်း မင်းမဟာမှာ ဆင်းရတနာတင့်ထူး ကြွတ္တိကာကြယ်စုံဝယ် ပါဝါဂုဏ် ကြွားယှဉ်လို့မှူး၊ရွှေခဝဲယိမ်းနွဲ့ကြူတယ်၊ တိမ်ငွဲ့မှုဆောင်ကူး၊သိမ်းမွဲ့သူအရောင်ဖူးရောထင့်၊တန်ဆောင်ထူးပွဲတော်၊ မြတ်စိန္တေရင်ပြင်ဦးမှာဟော့၊ သွင်ပြင်မှူးထူးကြပျော်ပျော်၊ ကထိန်ခေတ် ကိုယ့်ကာလနေ်သာခိုက်မို၊ သဒ္ဓါစိတ်တိုက်ရွှေဘဝင်၊ ပြုံးပျှိုကြည်လင် နိဗ္ဗာန်မြို့ကြောင်းပြုဆင်တယ်၊ ကောင်းမှုတွင်ထိုပ်တန်းကွဲ့လေး။ နက္ခတ် ပွဲခါအချိန်ငယ် ဖြာဖြာထိန် တင့်လွှန်းလှလေး။

ရွှေကြိုးသာရိန်ချိန်သာရဒမို၊ ဝတိံသာကမြူနှင်းဖြာ၊ ကထိန်ဒါန လှူခင်းမဟာကို၊ ဖြူစင်းသဒ္ဓါလင်းလာနွဲ့၊ ခဝဲရွှေပွင့်လေလွှင့်ဖြာတယ်၊ ခြွေချင့်စရာကွယ်တင့်ဆန်းထုံပြန့်ကြဲ၊ ဗုဒ္ဓဘာသာ သာကီနွယ်ဖွားဓမ္မရည် ရွှယ်အောင်ဂုဏ်စွဲ၊ ပြာနီဝါသွယ်ရောင်စုံဆွဲဘို့၊ ဆောင်ဘုံအထဲမီးပူဇော်၊

သက်ကြင် မောင်နှံ့ စိန္တေဦးသို့ နှိမ်ချွေဖူးလို့ ဆုထူး တောင်းပြုခေါ်၊ သိဝိရှုးတဲ့ ဥမ္မာအမော်ကို ထုံနံ့သာနှော်တင်ကာမှုံးလို့၊ ယဉ်စွာတထုံး ထွင့်ဖျားညွန့်ကေခိုင်၊ ဝတ်စားကွန့်ဝေဆိုင်၊ ကြတ္တိကာပွဲ တန်ဆောင် တိုင်ငယ်၊ အမှောင်ခရိုင်ပယ်ရှင်းပြန်ရှင့်လေး၊ လေးဆူဓာတ်စွဲ မြတ်မဟာ တိဂုံမှာ မပြတ်သဒ္ဒါရုံ ကွန့်မြူးပြန်ကြလေး။

(တနည်း) မြဆောင်းဟေမန် ပြောင်းစဉ်အခိုက်၊ ဒေါင်းယာဉ် အကြိုက်မဖျိုမေ၊ ကောင်းကင်တဝိုက်လှစ်ကြည့်ဖွေလျှင်ပြစ်မရှိပေညိုမှောင် ကင်း၊ စန္ဒာမင်းနှင့် ကြတ္တိကြယ်ပေါ် ကပ်မှီဆွယ်ကာ ခရီးယှဉ်လို့နှင်း၊ ရာသီဥတုမြေပုံမှာ၊ ဘေးမခအကုန်ရန်စွယ်ရှင်း၊ ရှေးကမကြို မာန်စွယ် ကင်းဘို့၊ မြန်နယ်အတွင်းပြုကြရှာ၊ ကိုးဆဲ့ခြောက်ဖြာ ဘယာမကပ်အောင် ဘဂဝါအမြတ် တောင်းဆုဖြာဖြာ၊ ဆွေသဟာကောင်း ပေါင်းစုကာ ငယ်၊ ကောင်းမှုပတ္တနာ မိဋ္ဌာန်မှီး၍၊ စိတ်အကြံကြီး စွာလှဂုဏ်မမှိန်၊ ဒါနဘုံကထိန်၊ အခါကောင်းဟု ပေါင်းစုကြွမ်တယ်၊ ကောင်းမှုအချိန် ရဆဲသာပလေး၊ အော်အချိန်ရခိုက် မျှားသံဃာကို တအားထန်ကာ လှူလိုက်မယ်ပလေး၊ ငါလူဖြစ်ခိုက်မို့ မြတ်ကုသိုလ်ကို မပြတ်ခုလိုလုပ်စမ်း မယ်ပလေး။

## လမြတ်တန်ဆောင်

ဟေမန္တာ တန်ဆောင်မုန်းမှာလ၊ လေထန်ကာ အမှောင်ဖုံးလောက် အောင်ပ၊ အိုကွယ်-တတောင်လုံးမှာဖြင့် မြူနှင်းစို၊ ရွှေခဝဲတွေ ခဲ့ကာ သီကရီနှင့်၊စီရရီအပြိုင်မှီးကာပ၊ ညီတညီတခိုင်ကြီးသာကွယ်၊သီးတဲ့လကို။ လှူကထိန် ရွှေသက်န်းရယ်နှင့်၊ တူသရိန် ချွေဆင်မြန်းခဲ့၊ ဝေဟင်နန်း ဆုပန်ဆို၊ခုမြန်တခိုမှာဖြင့် ကုသိုလ်ပွါး၊ယုံကြည်ရာ ဂုဏ်တည်ရာ လောက ထွတ်မှူးမှာလ၊ စုံညီစွာ ဇောညွတ် ဖူးကာပ၊ ဘုံသီတာ လောဆွတ်ထူး ဆီသို့၊ကွယ်တို့ရယ်-ကူးကြစို့လား။

## ဗုဒ္ဓပူဇော်ပွဲ

ဝါကျွတ်ပွဲ့ရဲ ဤအချိန်ခါ၊ ဆီမီးတွေကဖြာ၊ နီပြာစိမ်းဝါ ရောင်စုံစု၊ ကြည့်ရှုပဏာပြု။ ဟိုလက်ဒီလက် ဆီမီးရောင် ထွန်းလင်းထိန်ထိန်ပြောင်၊ မယ်နှင့်မောင်တူစုံမြူး စိတ်မှာလွန်ကြည်နူး။ ကထိန်ပွဲတဲ့စုံညီစွာ လှူဒါန်း ကြပေတာ၊ သူသူငါငါ ပျော်ရွှင်နွဲ၊ ဗုဒ္ဓပူဇော်ပွဲ။ မြူးကြွသိမ့်သိမ့်သဲ။ ကောင်းခြင်းမူရာ ကြည်သာလှ၍၊ ဒီခါသမယအခေါင်ဆိုင်၊ ညီညာဖျဖျ တန်ဆောင်တိုင်ကို မရှောင်နိုင်အောင်ပြုခါကျင်း။ မီးအိမ်ဆီမီး ညှိထွန်း

ကာငယ်၊ရည်ညွှန်းမကြာပုဒ္ဒမြတ်ခြေရင်း၊ကထိန်အကျိုးအာနိသင်ကို လာရှိကျမ်းတွင် ထုတ်ပြန်လင်း၊ ဘဂဝါဇိနံပုဒ္ဓိသနင်းက၊ အဟုတ် မချန်ခြင်း မိန့်မြွက်ခါ၊ ကထိန်ပွဲတော်ပြည့်ခွင်တဝှမ်းမှာ ထေရ်ရှင်ရဟန်းတို့ မြူးကြွသိမ့်သိမ့်ဖြာ။ စန္ဒာမင်းနှင့် ကြတ္တိကာမှာ၊ ကပ်မိုဖြာဖြာ အတူနှင်းလို မြူခြေကင်းရှင်း လင်းပအာကာဘုံ၊ ဆင်းကြွဖြာဖြာစုံ၊ ကြယ်အပေါင်းတို့ နက္ခတ်ကြိုတယ်၊ ရက်မြတ်တဖုံခါထူးပေမို့လေး။ မြတ်ပန်းခဲ ကြိုင်ထုံကာငယ် မြိုင်ရဂုံမှာ သာတင့်ပါတိလေး။ အလှူမြတ် မင်းကျောင်းသိမ်မှာခင်းလောင်းကထိန်ခေါင်ဆုံးပေမို့လေး။

တန်ဆောင်ငယ်မာသ၊ ဆယ့်နှစ်လတွင်၊ ချမ်းမြအေးယာဉ်၊ ဗြိန္ဓာခွင်သို့၊ ဂဏ်ဝင်ပြောင်းခွါ၊ ခဲညှာလဲ၊ ခိုင်လွှာဝတ်မှုံ ရနံ့သာထုံတော့တယ်၊ ဘုန်းဂဏ်ကျော့သမ္တိန်မှာ၊ လှူကထိန်သဘင်ခင်းပါလို့၊ ကျင်းပကြတယ်လေး။

**လှူကထိန်**

ငွေစန်းရယ်တဲ့ ပုဏ္ဏမီ၊ ရွှေကျီးငယ် တာရာနှင့်၊ ကြတ္တိကာ ယှဉ်ဖြိုင်လျှမ်းတယ်၊ ချမ်းစရာသီ။ လှူကထိန်ခါတော်ပွဲရယ်နှင့်၊ ခဲပွင့်ဝါဝါစီ၊ သာကြည်လဲ့မြူနှင်း၊ တန်ဆောင်မုန်းမှာတော့၊ မြတ်ဘုန်း ဝါဝါထိန်နှင့်၊ သဒ္ဓါရှိန်လှူတော်ပွဲမှာလ၊ သဲငြိမ့်ငြိမ့်လင်း။

(မဂ်လမ်းဆုပန်) လှူကထိန်သင်္ကန်းနှင့် မဂ်လမ်းတဲ့ ဆုပန်ရွယ်၊သည် ချိန်ကိုဝတ်မှုံကြ၊ ခဲရွှေညှာရင်းမှာ သင်းရနံ့ကြွယ်၊ ကောင်းကင်လယ် ထက်ဝယ်ဘုံဦး၊ ရွှေလ စန္ဒာနှင့် ကြတ္တိကာ ကြယ်ရောင်ရွှန်းတယ် ထွန်းထိန်လို့မြူး။ဤသည်လျှင် ကထိန်နှင့်စပ်ပြီး စကားရပ်အပြီးသတ်သတည်း။

---

လူတို့သည် လူဖြစ်ပါလျက် အချင်းချင်း မတူကြ၊ အယုတ်အမြတ်ဖြစ်ကြသည်ကား အဘယ် အကြောင်းကြောင့်နည်းဟု သာဝတ္ထိပြည်တောဒေယျပုဏ္ဏားသား သုဘလုလင် လျှောက်ထားသည်နှင့် ဘုရားရှင်ဟောတော်မူအပ်သော ဥပရိပဏ္ဏာသစူဠကမ္မဝိဘင်္ဂသုတ်လာ စကားကိုအများကျက်မှတ် ကြည့်ရှုပြောဟောရန်ကောင်းလှ၍ ထုတ်ပြအပ်သောကမ္မဝိဘင်္ဂဒေသနာ တရားတော်မြတ်မှာ။

**ကဏှာပက္ခ ၂-ဂါထာ**

၁။ ပါဏာတိပါတီ အပ္ပါယု၊ ဗဟွာဗာဓော ဝိဟေဌကော။
ကောဓနော ဒုဗ္ဗဏ္ဏော ဟောတိ၊ အပ္ပေ သက္ခော စ ဇုသုကိ။

၂။ အဒါတာ အပ္ပဘောဂေါစ၊ နိစကုလော တိမာနိကော။
ဒုပ္ပညော အပရိပုစ္ဆံ၊ ကမ္မသကာဟိမာဏဝါ။

ပါဏာတိပါတီ၊ သတ္တဝါကို သတ်လေ့ရှိသော သူသည်။ အပ္ပါယု၊ တိုသော အသက်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝိဟေဌကော၊ သတ္တဝါကို ညှဥ်းဆဲတတ်သောသူသည်။ ဗဟွာဗာဓော၊ အနာရောဂါ များသည်။ ဟောတိ၊ ဖြစ်၏။ ကောဓနော၊ အမျက်ဒေါသ ကြီးသော သူသည်။ ဒုဗ္ဗဏ္ဏော၊အဆင်းသဏ္ဌာန်မလှသည်။ ဟောတိ၊ဖြစ်၏။ဣဿုကီ၊သူတပါး ပြည့်စုံသည်ကို မနာလိုသော သူသည်။ အပ္ပေသက္ခော၊ ဘုန်းတန်ခိုး ရှိန်စော် အာနုဘော်နည်းပါးသည်။ ဟောတိ၊ဖြစ်၏။အဒါတာ၊ပေးကမ်း လေ့ မရှိသောသူသည်။ အပ္ပဘောဂေါ၊ စည်းစိမ်ဥစ္စာ နည်းပါးသည်။ ဟောတိ၊ဖြစ်၏။အတိမာနိကော၊ရိုသေနည်းပါး မာန်ထောင်လွှားသော သူသည်။နိစကုလော၊ ယုတ်ညံ့သောအမျိုးရှိသည်။ ဟောတိ၊ဖြစ်၏။အပရိ ပုစ္ဆံ-အပရိပုစ္ဆန္တော၊ ဆွေးနွေး မေးမြန်းခြင်း မရှိသော သူသည်။ ဒုပ္ပညော၊ ပညာနည်းပါးသည်။ ဟောတိ၊ဖြစ်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်လှပါပေ၏။ မာဏဝ၊ သတ္တဝါ လုလင် တို့သည်။ ကမ္မသကာ၊ ကံသာလျှင် မိမိဥစ္စာ ရှိကြကုန်၏။

## သုက္ကပက္ခ ၂-ဂါထာ

၁။ ပါဏံ နဃာတိ ဒီဃာယု၊ အပ္ပါဗာဓော အဟေဌကော။
အက္ကောဓနော ပါသာဒိကော၊ မဟေသက္ခော အနိဿုကီ။
၂။ ဒါတာ မဟာဘောဂေါ ဟောတိ၊ ဥစ္စာကုလော အမာနိကော။
ပညဝါ ပရိပုစ္ဆန္တော၊ သုဘာသဝေါစ နာယကော။

ပါဏံ၊ သတ္တဝါအသက်ကို။ နဃာတိ၊ သတ်လေ့မရှိသော သူသည်။ ဒီဃာယု၊ ရှည်သောအသက်ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဝိဟေဌကော၊ သတ္တဝါကို မညှဥ်းဆဲတတ်သောသူသည်။ အပ္ပါဗာဓော၊ အနာရောဂါ နည်းပါးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အက္ကောဓနော၊ ရန်မျက်မလို စိတ်မတိုသော သူသည်။ ပါသာဒိကော၊ ကြည်ညိုစဘွယ် တင့်တယ်လှပ သည်။ ဟောတိ၊ ဖြစ်၏။ အနိဿုကီ၊ သူပြည့်စုံသည် နာလို ဝမ်းမြောက် တတ်သော သူသည်။ မဟေသက္ခော၊ ဘုန်းတန်ခိုးရှိန်စော် အာနုဘော် ကြီးမားသည်။ ဟောတိ၊ဖြစ်၏။ ဒါတာ၊ ပေးကမ်းလှူဒါန်းလေ့ ရှိသော သူသည်။ မဟာဘောဂေါ၊ စည်းစိမ်ဥစ္စာများခြင်းသည်။ ဟောတိ၊ဖြစ်၏။ အမာနိကော၊ မာန်စောင်နည်းပါး သူတပါးကို ရိုသေ တတ်သော

သူသည်။ ဥစ္စာကုလော၊ မြတ်သောအမျိုး၌ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ပရိပုစ္ဆကော၊ ဆွေးနွေးမေးမြန်း တိုင်ပင်တတ်သော သူသည်။ ပညဝါ၊ ပညာရှိသည်။ ဟောတိ၊ဖြစ်၏။ ဧတိ၊ဤသို့။ နာယကော၊ လူသုံးပါးတို့၏ ရှေ့သွား ခရီးညွှန် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သုဘာသာ၊ သုဘလုလင်အား။ အဝေါစ၊ ဟောတော်မူလေသတည်း။

## မြန်မာသံပေါက် တရားဒေသနာ

၁။ သူတပါးအသက်၊ သတ်သည့်တွက်၊ အသက်တိုလှပါ။ ။ ၂။ သူတပါးမူ၊ ညှဉ်းဆဲသူ၊ ရောဂါများသည်ဟူ။ ။၃။ အမျက်ကြီးသူ၊ ဆင်းမတူ၊ ရုပ်မူဆိုးလှပါ။ ။၄။ ကြီးပွားပြည့်စုံ၊ မနာတုံ၊ ဘုန်းကံ နည်းသည်တုံ။ ။၅။ အလှူဒါန၊ မရှိက၊ ဆင်းရဲများသည်သာ။ ။ ၆။ ထောင်လွှားမာန၊ ရှိသူက ယုတ်ညံ့ အမျိုးမှာ။ ။၇။ သင်ကြား ဆွေးနွေး၊ မရှိရေး၊ ပညာမဲ့သည်သာ။ ။ ၈။ တပါးအသက်၊ မသတ်ချက်၊ ရှည်လှအသက်ပါ။ ။၉။ သူတပါးဟူမညှဉ်းမူ၊ရောဂါကင်း သှသူ။ ။၁၀။ အမျက်ဒေါသမရှိက၊ လှပကြည်ညိုရာ။ ။၁၁။ ပြည့်စုံ ဝမ်းမြောက်၊ လိုရာပေါက်၊ ကြီးမြောက်ဘုန်းမဟာ။ ။၁၂။ ဒါနအလှူ ရှိလှသူ၊ များပြားစည်းစိမ်ဟူ။ ။၁၃။ မာန်စောင်နည်းပါ၊ ရှိသေစွာ၊ မျိုးမြတ်ဖြစ်လေရာ။ ။၁၄။ လေ့လာပွားများ၊ပညာများ၊ကြီးပွာတို့သူငါ။ ။ ၁၅။ မြို့သာဝတ္ထိ၊ ဘုန်းမုနိ၊ ဟောတိဝေဖန်ရာ။ ။၁၆။ တောဒေယျသား၊ လုလင်အား၊ မိန့်ကြားမြတ်ဗုဒ္ဓါ။ ။၁၇။ သူငါအများ၊ လေ့ ကျက်ထား၊ ဆောင်ရွက်ကျိုးများစွာ။ ။၁၈။ ပစ္စုပ္ပန်သံသာ၊ ထိုနှစ်ဖြာ၊ လိုရာရောက်မည်မှာ။ ။၁၉။ ဆရာသခင်၊ ကျေးဇူးရှင်၊ ကြည်လင်စိတ် စေတနာ။ ။၂၀။ တောင်းဆုများစွာ၊ များမကြာ၊ လျှင်မြန်ပြည့်လိုရာ။ ၂၁။ ပါရမီရှင်၊ ဒို့အသွင်၊ အတူနိဗ္ဗာန်ဝင်။ ။၂၂။ စေတနာသက်၊ ယွင်းမကွက်၊ အတူတူကုသိုလ်ဝင်။ ။၂၃။ ဤသည်အဆုံး၊ ခါးပတ်ဖုံး၊ နိဂုံးသတ်လိုက်ပြီ။

## ကဝိဘမ္မင်္ဂလက်ာဒေသနာ

ပါဏာတိပါတ် သက်သတ်ရှေဟို အကုသိုလ်ကြောင့် သက်တို လူ့ဝယ် သေပျောက်လွယ်၏ အကယ်ဆက်ဆက် သူ့သက်သတ်မှ မပြု အစဉ် မေတ္တာယှဉ်၍ ပယ်ကြဉ်တတ်ငြား သက်ရှည်လျှား၏ သနား မဲ့လျက် ဒုတ်လက်နက်ဖြင့် နှိပ်စက်တတ်သူ ရောဂါထူ၏ ကိုယ်တူမခြား သူတပါးအား သနားတတ်လျှင် ကင်းစင်အနာ များစွာမျက်ရှု ထွက်တတ်

သူတို့ လူနှင့်လူချင်း မတူလျင်းအောင် အဆင်းမလှ မျက်နည်းကလျှင် ရုပတင့်တယ် ရှုဘွယ်မငြိး ဇာသာကြီးက ကိုယ်ထီးချိုတဲ့ ရှိန်စော်မဲ့၏ ကွဲ့ရဲ့ပြုံရူ ကင်းသူတို့ကား ပေါ်များခြွေရံ တန်ခိုးလျှံ၏ လှူခံတို့အား ဆယ်ပါးဒါန လှူမချသော် အပွဘောဂါ ဖြစ်လေရာဝယ် ချမ်းသာမရ မဝရေစာ ဆင်းရဲစွာ၏ ဆယ်ဖြာဝတ္ထု လှူကောင်းမှုကို ရှေးပြုများသူ ထိုထိုသူက လူတွင်လူနတ် လူများမှတ်အောင် သမ္ပတ်ရိပ်ငြိမ် ဘုံနန်း အိမ်နှင့် စည်းစိမ်ကြီးကျယ် ဖြည့်ဖြိုးကြွယ်၏ အကယ်ရှေ့က ကြီးမာနနှင့် နှိမ်ချမကျိုး ရှိခိုးထိုက်စွာ ဂုဏ်ဝါကြီးမား သူတို့အားလျှင် မပြား မဝပ် မပျပ်မကိုင်း မိုက်ရိုင်းမထေ ရိုသေကင်းက လူတို့မှုကား ဟီန မျိုးနွယ် ညှိုးငယ်ယုတ်မာ ဖြစ်တတ်စွာ၏ သဂါရဝ သတ္တစွဖြင့် နှိမ့်ချ ကော်ရော် ပူဇော်လေးမြတ် ပြုတတ်တုံက သေဌနွယ်ရိုး လူမျိုးရိုညွတ် မျိုးမြတ်ထွတ်၏ သူမြတ်တို့ထံ နာခံတရား လျှောက်ထားမေးခြင်း အပြု ပျင်းက ညံ့ဖျင်းပညာ နုံထိုင်းရာ၏ ကြားနာမွေ့ သုတဆွေစစ် ကျိုးပြစ် အရေး လျှောက်မေးတတ်စွာ သုတကာမှု ပညာကျယ်နက် ဉာဏ်ထက် မြက်၏ ဟောမြွက်မိန့်မှာ ဒေသနာ၌ သချာပေါင်းဖွဲ့ တဆယ့်လေးပါး ဤအပြားကို မှတ်သားဝမ်းထဲ သေချာစွဲလင့် ချွတ်လွဲမိစ္ဆာ ပေါ့ဖျင်း စွာသား ဘာသာယူရိုး ပုဏ္ဏားမျိုးသို့ ရေချိုးပြုက အကုသလ ကံပါပတို့ တစမကြွင်း ရှင်း၏ဟူငြား ယူမမှားနှင့် လူများရတနာ လုံးစုံသာလျှင် မကောင်းရာကြဉ် ကောင်းရာယှဉ်ပြီး သမ္ဗဇဉ်မကင်း ရိုးရင်းမပျက် ဆောက်တည်လျက်ဘိ အောက်ထက်မျှော်ရှု ဗုဒ္ဓကိုတို့ ရှေးသူ့ကျင့်ထုံး အစဉ်သုံးလေတော့သတည်း။

## သံဝေဂ ရှစ်ပါးတရားတော်

ဟာယောဗ္ဗနာ ဇရာအန္တာ၊ ဟာနသဿန္တာ မဟဒ္ဓနာ။
ဟာသံယောဂါ ဝိယောဂန္တာ၊ ဟာမတန္တာ သဇီဝကာ။

၁။ ယောဗ္ဗနာ၊ အဆင်းအရွယ် နုနယ်ပျိုပြစ်ခြင်း ဟူသမျှတို့သည်။ ဟာဇရာအန္တာ၊ တနေ့တခြား သွားကျိုးဆံဖြူ အရေမူတွန့် ကြောက်ရွံ့စရာ ပမာမျှောက်အို ပုံဆိုမက အိုမင်းရခြင်းလျှင် အဆုံးရှိကြပါကုန်စွ တကား။

၂။ မဟဒ္ဓနာ၊ ရွှေငွေလယ်ယာ ဥစ္စာစည်းစိမ် ဂုဏ်သိရ်ပြည့်တင်း ပေါ်များခြင်းဟူသမျှတို့သည်။ ဟာနသဿန္တာ၊ ပိုက်ဆံတစိ မိမိလက်ကိုင်

စိုးမပိုင်ဘိ မရှိမဲ့တေ ယွင်းသွေ့ ပျက်စီးရခြင်းလျှင် အဆုံးရှိကြ ပါကုန်စွတကား။

၃။ သံယောဂါ၊ ချစ်သူတို့နှင့်အသင့်ကြိုက်ကြုံတွေ့ဆုံနှီးနှောရောယှက် ပေါင်းသင်း ပျော်ရွှင်ရွှင်နေရခြင်း ဟူသမျှတို့သည်။ ဟာဝိယောဂန္တာ၊ တယောက်တယောက် မျက်စိအောက်မှာ မပျောက်စေလို တောင်းဆုဆိုလည်း ဘယ်လိုနည်းမှ မရနိုင်ဘဲ ရှင်ကွဲ သေကွာ ခွဲခွါရခြင်းလျှင် အဆုံးရှိကြပါကုန်စွတကား။

၄။ သဇီဝကာ၊ ကိုယ်စိတ်နှစ်ဖြာ ခန့်ကျန်းမာ၍ အနာကင်းလျက် အသက်ရှင်ခြင်းဟူသမျှတို့သည်။ ဟာမတန္တာ၊ ဖြဟ္မာနတ်လူ အဘယ်သူမျှ အာဏာပြ၍ မရအလျင်း တွင်းတွင်းသောက်သောက် တယောက်မကျန် အမှန်မသွေ ကေန်သေရခြင်းလျှင်အဆုံးရှိကြ ပါကုန်စွတကား။

ဟာဉန္နတာ သြနတန္တာ၊ ဟာဝိယာသောက အန္တကာ။
ဟာထောမနာ ဝိနိန္နန္တာ၊ ဟာဒုက္ခန္တာ မဟာသုခါ။

၅။ ဉန္နတာ၊ ငါတကားဟု ထောင်လွှားမန်မူ တံခွန်ထူလျက် လူသူကြွားမောက်အထက်ရောက်ခြင်း ဟူသမျှသည်။ ဟာသြနတန္တာ၊မှန်ကင်းတလှဲ့ ထင်းတလှဲ့ပုံ ဂုဏ်သရေယုတ် သတင်းပုပ်လျက် သစ်ငုတ်တူစွာ မျက်နှာမလှ အောက်သို့ကျရခြင်းလျှင် အဆုံးရှိကြပါကုန်စွတကား။

၆။ ဝိယာ၊ ခုံတမင်မင် မခွဲချင်ဘဲ ချစ်ခင်ကုန်ကြ စုံမက်ခြင်းဟူသမျှတို့သည်။ ဟာသောကအန္တကာ၊ မျက်စိအောက်မှာ မပျောက်စေလို တောင်းဆုဆိုလည်း လိုတိုင်းမရ ခွဲခွါရသဖြင့် လွမ်းတပိုကြွေး ပူဆွေးစိုးရိမ်ခြင်းလျှင် အဆုံးရှိကြပါကုန်စွတကား။

၇။ ထောမနာ၊ ရဟန်းလူရှင် များဖြင့် ပေါ်ရယ် မျက်ကွယ် မျက်မှောက် ချီးမြှောက်အံ့သြခြင်းဟူသမျှတို့သည်။ ဟာဝိနိန္နန္တာ၊ လူအမျိုးမျိုး လက်ညှိုးထိုးလျက် တိုးတိုးသာသာ တဟာဟာနှင့် မျက်နှာရှုံ့မဲ့ အကဲ့ရဲ့ခံရခြင်းလျှင် အဆုံးရှိကြပါကုန်စွတကား။

၈။ မဟာသုခါ၊ ခနဉစ္စာ လွယ်ခါခဏ ရှာဖွေရကြသဖြင့် ကာယစိတ္တ သုခနှစ်ပြင် လိုအင်ပြီးစီး ချမ်းသာကြီးခြင်း ဟူသမျှ တို့သည်။ ဟာဒုက္ခန္တာ၊ ခနဉစ္စာ လွယ်ကာခဏ ထင်တိုင်းမရသဖြင့် ကာယစိတ္တ ဒုက္ခနှစ်ဖြာ လွန်စွာပင်ပန်း မရွှင်လန်းနိုင်ကြဘဲ ညှိုးနွမ်းဆင်းရဲရခြင်းလျှင် အဆုံးရှိကြပါကုန်စွတကား။

## ရင်းသံဝေဂဒေသနာ ရှစ်ပါးသံပေါက်

၁။ ချမ်းသာဆင်းရဲ၊ ပေါ်ရှားမြဲဆိုကွဲချစ်ရိုးရှင်သေမျိုး။ ၂။ ချီးမွမ်းပြစ်တင်၊ ထောင်လဲချင်၊ ပျိုလျှင်အိုရိုးသံဝေမျိုး။ ၃။ ရှင်သေဖြစ်လျက်ရကုန်ဆိုကွဲ၊ မျက်မြင်ဒိဋ္ဌ ကမ္ဘာ့ဥာဒ်န်းတဲ။ ၄။ ထောင်လွှားမာန ဟူသမျှ၊ အောက်ကျအဆုံးမှာ။ ၅။ ချစ်ခင်ကုန်ကြ၊ ခုံမင်ကြ၊ သောကအဆုံးမှာ။ ၆။ ချီးမွမ်းကုန်ကြ ဟူသမျှ ရှုံ့ချအဆုံးမှာ။ ၇။ ပျိုမြစ်လှပ ဟူသမျှ အိုမှဆုံးကြမည်။ ၈။ ကုန်တန်ကြွယ်ဝ ဟူသမျှပျက်မှဆုံးကြသည်။ ၉။ တွေ့ကြုံနေကြ ဟူသမျှ ကွဲမှဆုံးကြသည်။ ၁၀။ အသက်ရှည်ကြဟူသမျှ သေမှဆုံးကြသည်။ ၁၁။ ချမ်းသာသုခ ဟူသမျှဒုက္ခအဆုံးမှာ။ ၁၂။ ကြောက်ဘွယ်တရား ဤရှစ်ပါး အများတွေ့ရမှာ။ ၁၃။ မည်သူတို့မှ ရှောင်မရမုချတွေ့ကြုံမှာ။၁၄။ မတွေ့မိုကကြုံစည်ကြ တွေ့ကာ့သက်သာရာ။၁၅။အကြံမရှိ ဒုဂ္ဂတိ မချိပူလောင်စွာ။ ၁၆။ အမျိုးကောင်းသား သမီးများ စဉ်းစားကြလေပါ။ ၁၇။ ကွမ်းတုံသခင် ထေရ်အရှင် သွန်သင်ညွှန်ပြတာ။

### သံဝေဂဒေသနာ ရှစ်လုံးပိုဒ်ကဗျာ

၁။နနယ်ရပ်ဆင်း ပဝင်းတဖြာ၊ ချောမောကျစ်လစ် ပျိုမြစ်သည်မှာ၊
တနေ့တခြား လိုက်ဝါးစရာ၊ ပုံယိုယွင်း အိုမင်းအဆုံးသာ။
၂။စည်းစိမ်ထွေထွေ ရွှေငွေလယ်ယာ၊ ဂုဏ်သိမ်မောက်ကြွား ပေါများလှသာ။ ပိုက်ဆံတစိ မရှိမွဲစွာ၊ ဥစ္စာယွင်း ပျက်ခြင်းအဆုံးသာ။
၃။ချစ်သူတို့နှင့် အသင့်မှန်စွာ၊ တွေ့ဆုံပေါင်းဘက် ရောယှက်သည်မှာ။
လွမ်းမပြေဘဲ သေကွဲရှင်ကွာ၊ ခွဲခွါခြင်း ကွေကွင်းအဆုံးသာ။
၄။ ကိုယ်စိတ်နှစ်ဝ ကြည်ဆွဲရွှင်စွာ၊ ဘေးပေါင်းကင်းစင် သက်ရှင်သည်
မှာ။သူငါဖေါက်ထွင်မမြင်နိုင်ရာ၊ရှင်သေမင်း လက်တွင်းအဆုံးသာ။
၅။ငါတကာ့ဟု ထောင်လွှားခါခါ၊ မာန်မူတက်ကြွ မောက်ကြသည်
မှာ၊ တလှဲမှန်ကင်း ဖွဲ့ထင်းပမာ၊ မျက်နှာချ အောက်ကျအဆုံးသာ။
၆။ခုံမင်စွဲမြဲ မခွဲမခွါ၊ မျိုဝါးတမျှ ချစ်ကြသည်သာ။
လိုတိုင်းမကျ ခွဲရပြန်ခါ၊ လွမ်းဟုံကြွ သောကအဆုံးသာ။
၇။လူရှင်ရဟန်း ချီးမွမ်းခါခါ၊ ဘဝဂ်သို့ရောက် ပင့်မြှောက်သည့်မှာ။
လူအမျိုးမျိုး လက်ညှိုးညွှန်ကာ၊ မျက်နှာမဲ့ ကဲ့ရဲ့အဆုံးသာ။
၈။ဥစ္စာဓန ပြည့်ဝဖွေရှာ၊ လိုအင်ပြီးစီး ရိပ်ကြီးချမ်းသာ။
လိုတိုင်းမရ ခဏထိုခါ၊ ညှိုးနွမ်းကြ ဒုက္ခအဆုံးသာ။

၉။ကြောက်ဖွယ်တရား ရှစ်ပါးမှန်စွာ၊ သူငါဖယ်လွဲ မလွဲနိုင်ရာ။
မည်သူတို့မှ မရရှောင်ခွါ၊ မြဲဒိဋ္ဌ စိတ်ချတွေ့မည်မှာ။
၁၀။ကွမ်တုံမည်ရှိ ကဝိမဟာ၊ ရေးသားစီကုံး နည်းထုံးဖြာဖြာ။
မှိုခိုရေးသား တရားကဗျာ၊ သူတော်များ ကြိုးစားဆောင်ရွက်ပါ။
ဤသည်အဆုံး ကမ္ပတ်ဖုံး နိဂုံးသတ်လိုက်ပြီ။

**တန်ခိုးပြတဲ့ ယမကဒေသနာ ရှစ်လုံးဘွဲ့ကဗျာ**

၁။မဟာဗောဓိ မည်ရှိမဏ္ဍိုင်၊ ဗုဒ္ဓဘုရား ရငြားအပိုင်။
မာရ်ငါးရန်ငါး လှည့်စားမနိုင်၊မင်္ဂလက်နက် ဆက်ဆက်ဖျက်ဆီးနိုင်။
၂။အနိမိကုန်း ရွှေဘုန်းမြတ်စွာ၊ မမှိတ်မျက်စိ ဆက်ကြည့်သေချာ။
နှုတ်ကဗုဒ္ဓ ရှုတ်ချဒေဝါ၊ ယမကပြုရသည်အခါ။
၃။ပြည်ကပ္ပိလ မည်ရအကျော်၊ ဗုဒ္ဓဘုရား ကြွသွားပြန်သော်၊ဆွေတော်
အပေါင်း သရောင်းပျက်ချော်၊ ယမက ပြရတို့ဘုန်းမော်။
၄။ပဋိယသား ထင်ရှားအမှန်၊ ဆုံးမနည်းပေး စည်းဝေးသတံ။
ပရိသတ်ပေါင်း ထောင်သောင်းခြီရံ၊ ယမက ပြရတို့ဘုန်းလျှံ။
၅။သရက်ပင်မင်း ဖြူဝင်းအရောင်၊ တကာကဏ္ဍာ မှန်စွစိုက်ထောင်။
တိတ္ထိရန်မျိုး ပယ်ချိုးရာထောင်၊ ယမက ပြရတို့ဘုန်းခေါင်။
၆။တန်ခိုးလေးပါး ပြငြားအမှန်၊ သတ္တဝါများ စိတ်အားထက်သန်။
ဓမ္မတရား ရငြားစေရန်၊ အဟုတ်ပ ထုတ်ပြယမကံ။
၇။ကောင်းကင်စခန်း တက်လှမ်းချိန်ရွယ်၊ ရတနာပေါင်း ထောင်
သောင်းချယ်လှယ် စင်္ကြံတော်မင်း၊ ဖန်ဆင်းပြန်တယ်၊ အဟုတ်ပ
ဗုဒ္ဓဉာဏ်ကြီးကျယ်။
၈။နိမ္မိရုပ်ပွား ဘုရားတဆူ၊ စံကင်းဖန်ဆင်း မုန်ရင်းတမူ၊ နှစ်ဆူဘုရား
ပြငြားအတူ၊ အသရေကြွ နေလများပုံဟူ။
၉။ လကျာလက်ဝဲ ထွက်မြဲမီးရေ၊ ရောင်တော်ခြောက်ပါး မောက်ကြွား
ထွေထွေ၊ တလံတော်မှ ဗျာမပွပေ၊ အစုံပြ ကြိုရယမကေ။
၁၀။ယမကမြတ် ပြလတ်ပြီးပြန်၊ တမ်းတမှန်းဆ လှမ်းကြွဘို့ရန်။
ရွှေဉာဏ်စက္ခု ကြည့်ရှုဖန်ဖန်၊ ဝတိံနန်း စံမြန်းစဉ်နိယံ။
၁၁။ရှေးဘုရားတို့ ကြွသွားနိယံ၊ ထင်ရမြင်ရ ရှင်ပြတဖန်။
သုံးဘဝါးနဲ့ ဆုံးငြားအမှန်၊ ဝတိံဖျား ကြွသွားတို့ဘုန်းလျှံ။
၁၂။အာသံနက္ခတ် ယှဉ်ကပ်ဝါဆို၊ စန္ဒပုဏ္ဏ ကြိုရဗဟို၊ ဆီးဈာချိန်ရောက်
ထိန်တောက်စိုစို၊ ညနေချမ်း နတ်နန်းတက်လို့ခို။

၁၃။လက်ာအသွား မှတ်သားနာယူ၊ ဓမ္မတရား ရငြားအတူ၊ အရ
ကျက်၍ နှုတ်တက်ဆူဆူ၊ သတိထား ရွတ်ငြားများဗိုလ်လူ။
၁၄။နေ့စဉ်ရှိခိုး ဘေးမျိုးကင်းရှောင်၊ ရအောင်ကျက်လို့ နှုတ်တက်ကုန်
ဆောင်၊ စီးပွားကျိုးဆက် တိုးတက်လေအောင်၊ အပါယ်ဘေး
ကင်းမ၀းပါလို့ရှောင်။
၁၅။စေ့စေ့သေချာ တွေးကြည့်ပါက၊ သူငါကစ ဆိုသမျှ၊ လုံ့လပြုထိုက်
စွာ။ အမှန်တရား သိသူများ လွန်အားတက်ဘို့ရာ။
၁၆။ကွမ်တုံသခင် တို့ဘုန်းအရှင်၊ သွန်သင်ညွှန်းပြ ဆုံးမနေ့စဉ်၊ နောင်
လာနောက်သား လူသူအများ သတိထား၊ မှတ်သားကြစေချင်။

## ဘုရားဝင့်တော်ဆယ့်နှစ်ပါး

၁။ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာ၊ ကျင့်ရှာဘယ်ဝိပါက်။ ကဿပ
မည်တွင်၊ ဘုရားရှင်၊ ပြစ်တင်ဝစီထွက်။ ၂။ စိဥ္စမာန၊ ကိုယ်ဝန်ပြ၊
စွဲရဘယ်ဝိပါက်။ နန္ဒရဟန္တာ၊ ကျင့်ယုတ်မာ၊ ပြောရှာ ဝစီထွက်။
၃။ သုန္ဒရီပရိဗိုက်မ၊ စွပ်စွဲရ၊ ရှေးကဘယ်ဝိပါက်။ ရှင်ပစ္စေက၊ ဒုဿီလ၊
ပြောကဝစီထွက်။ ၄။ သုန္ဒရီသေ၊ တိတ္ထိတွေ၊ ဆဲလေဘယ်ဝိပါက်။
ရှင်ရသေ့အား၊ ကျင့်ဖောက်ပြား၊ ပြောကြားဝစီတွက်။ ၆။ ခြေမ
တော်ဝယ်၊ သွေးစိမ်းတယ်၊ ဘုန်းကြွယ်ဘယ်ဝိပါက်။ ဆွမ်းခံကြွဝင်၊
ပစ္စေရှင်၊ လမ်းတွင်ခဲပစ်ချက်။ ၇။ နာဠာဂိရိဆင်၊ တိုက်သည့်အင်၊
ဘုန်းရှင်ဘယ်ဝိပါက်။ ဆင်ထိန်းဖြစ်စဉ်၊ ပစ္စေရှင်၊ လမ်းတွင်ဆင်တိုက်
ချက်။ ဂ။ ခြေမကိုက်လှ၊ ဇီဝက၊ ခွဲရဘယ်ဝိပါက်။ မင်းဖြစ်လေငြား၊
သေသောက်စား၊ လူများသတ်သည့်တွက်။ ၉။ ခေါင်းတော်ရုံဖန်၊
ခဲရပြန်၊ ရှေးကံဘယ်ဝိပါက်။တံငါအပေါင်း၊ ငါးဥက္ကောင်း၊ ထုထောင်း
ဝမ်းမြောက်ချက်။ ၁၀။ ဆွမ်းမုယောဆန်၊ စားရပြန်၊ ဘယ်ကံဘယ်
ဝိပါက်။ သံဃာ တော်အား၊ ဆွမ်းကြမ်းစား၊ ပစ်မှား ဝစီထွက်။
၁၁။ ခါးတော်ရုံဖန်၊ နာရပြန်၊ ရှေးကံဘယ်ဝိပါက်။ လက်ဝှေ့ သမား၊
တဖက်သား၊ ခါးကိုချိုးသည့်တွက်။ ၁၂။ ဝမ်းတော်လားရ၊ ကြီးဒုက္ခ၊
ဗုဒ္ဓဘယ်ဝိပါက်။ ဆေးအခမပေးငြား၊ သူဌေးသား၊ ဝမ်းလားဆေး
ပေးချက်။ ၁၃။ ဝင့်တော် ဆယ့်နှစ်ပါး၊ မြတ်ဘုရား၊ ရှောင်ရှား
မလွတ်သာ။ သူငါမလွဲ၊ ဤလိုဘဲ၊ အမြဲဖြစ်ရမှာ။ ၁၄။ ကိုယ်နှုတ်
စိတ်ကြီ၊ ဤသုံးတန်၊ ကြိမ်ဖန်စောင့်ရှောက်ပါ။ ကိုယ်နှုတ်စောင့်မှ၊
ဝင့်ဒုက္ခ၊ မုချလွတ်မည်သာ။ ၁၅။ သုတလိုလား၊အမျိုးသား၊ ကြိုးစား

ဇုဏ္ဍာသယ ၄ဂဂ-၅၂

ကျက်မှတ်ပါ။ ကွမ်တုံသခင်၊ ထေရ်အရှင်၊ သွန်သင် ဆုံးမတာ။ ၁၆။ နောင်လာနောက်သား၊ လူအများ၊ သတိထား၊ မှတ်သားကြစေရာ။ ဤတွင်အဆုံး၊ ခါးပတ်ဖုံး၊ နိဂုံးသတ်လိုက်ပြီ။

## ဗုဒ္ဓဝင်ရှစ်လုံးဘွဲ့ကဗျာ

၁။ကုဋေမက မျှားလှဥစ္စာ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပြီးကာ။
ဂနိုင်ပျော်မွေ့ ရသေ့ပြုရာ၊ သမာပတ် ရလတ်သုမေဓာ။

၂။သံဃာတော်ထိန်း လေးသိန်းရံကာ၊ ဒီပင်္ကရာဘုရား ကြွသွားစေ၄ာ။
ကိုယ်ကိုတံတား လှူပြားပြုကာ၊ ဘုရားဆု တောင်းပြုလျှောက်ပန်ထွာ။

၃။လေးသင်္ချေနှင့် သိန်းဆင့်ကမ္ဘာ၊ ရှေးကြာလွန်မြောက် ဝင်ရောက်သောခါ။ ဘုရားစင်စစ် ဖြစ်လိမ့်မှန်စွာ၊ ဗျာဒိတ်ကြား ရှင်အားသုမေဓာ။

၄။ရှေးကြာဗျာဒိတ် ခပ်နှိပ်လေပြီ၊ စိတ်ရောကိုယ်ရော နှုတ်ရောဖြည့်ညီ။
ပါရမီဆယ်ပါး ဆင့်ပွားသုံးလီ၊သင့်သက်တန်း တက်လှမ်းဘုံတုသီ။
၅။သေတကေတု ခေါ်ပြုနာမံ၊ တုသိတာရှိ ဗောဓိသတ်ထံ။
စက္ကဝါပေါင်း တသောင်းကြော်လျှံ၊ ဗြဟ္မာနတ် ချဉ်းကပ်ညွှတ်တောင်းပန်။
၆။အမိမဲ့သား ရေနဲငါးဟန်၊ သံသရာရေကြော နစ်မျောကြမ်ဖန်။
သတ္တဝါကျိုး သည်ပိုးပါရန်၊ သင်နတ်သား ဘုရားဖြစ်ချိန်တန်။
၇။ကာလဒီပ ဒေသကုလံ၊ ကြည့်ခြင်းငါးရပ် လောင်းမြတ်ထုံးစံ။
မယ်တော်အာယု ကြွင်းမှုတဖန်၊ ရှေ့ညဏ်ချင့် နှုတ်ဖြင့်တာဝန်ခံ။
၈။ခြောက်ဆဲ့ခုနစ်ခု ဥတုဂိမ်မာန်၊ ဝါဆိုလပြေ့ ကြွက်နေ့ကြိမ်ပြန်။
သေတကေတု သုံးလူ့လောင်းမှန်၊ မာယာဝမ်း ကိန်းခန်းကြို့ရပြန်။
၉။သက္ကတိုင်းဟု ဇမ္ဗူ့ဒီတွင်၊ ကပ္ပိလဝတ် ပြည်မြတ်ဘုရင်။
သုဒ္ဓေါဒန မွေးဘသခင်၊ မယ်တော်မိ သီရိမာယာတွင်။
၁၀။မယ်တော်ဝမ်းတွင်း သန့်ရှင်းကြည်လင်၊ သမင်ခွေဘွဲ့ သက်ရှဲသစင်။ ဂွမ်းဝါဖြူနု ပုလဲဥသွင်၊ အံ့မဆုံး စံနှုံးသူမမြင်။
၁၁။ဝရဇိန်ရောင်ချင်း နတ်ဖြစ်လေတွင်၊ နှုတ်ငုံလွယ်ထား မောင်အားပြချင်။ ဒေဝဒဟ ပြည်မတိုင်းခွင်၊ စက်ဆုံမြန်း ကြခန်းခါတော်ဝင်။
၁၂။ပြည်သာဝတ္ထိ နယ်၏အစွန်၊ လုမ္ဗိနီသာမော စုံတောဟောဝန်။
လေ ကမ္ဘ၊ လှုပ်ကြွတသွန်၊ ဖွားမလေ့ ချိန်စေ့ဓမ္မတာဝန်။

၁၃။ကွမ်းထောက်စခန်း ရိပ်ဝန်းသာယာ၊ ရပ်တန့်ခရီး ခိုမှီးရိပ်သာ။
ပင်ပျိုအင်ကြင်း ပင်ချင်းစပ်ခါ၊ သဒ္ဒါခက် ရွှေလက်လှမ်းလင့်ခါ။
၁၄။ခြောက်ဆဲ့ရှစ်ခု ဥတုနွေဝင်၊ ကဆုန်လပြေ့ ပူးနေ့စည်စဉ်။
နေဝင်းပေါ်ထွက် တချက်တီးတွင်၊ညစ်ကြေးကင်း လောင်းမင်းဖွား သန့်စင်။
၁၅။ဖွားလျှင်ဖွားချင်း လောင်းမင်းသခင်၊ ဒေသလေးရပ် နှံ့စပ်ထင်ထင်။
ခုနစ်ဘဝါး ကြွသွားမြေပြင်၊ ငါတကား ကြိုးဝါးမြွက်သံထင်။
၁၆။အဂ္ဂေါဟမသ္မိလောကဿ၊ သဒိသော ဟမသ္မိလောကဿ။
၁၇။သိဒ္ဓမင်းဟု သောင်းတွင်းကြေငြာ၊ တဆဲ့ခြောက်နှစ် ရောက်လစ်သောအခါ။ ဒေဝီလှချော ယသောဓရာ၊ ရစ်စုလျား မှတ်ထားကြင်ဖက်ယာ။
၁၈။သုံးဆောင်နန်းထက် ပျော်လျက်စံရွှင်၊ နှစ်ဆဲ့ကိုးနှစ် သက်စေ့ရောက်တွင်။ နိမိတ်လေးဝ နတ်ပြမျက်မြင်၊ သားရာဟု ဖွားမှုတကြောင်းပင်။
၁၉။ကိုးဆဲ့ခုနစ်ခု ဥတုနွေကုန်၊ ကဆုန်လပြေ့ ကျားနေ့နှင့်ကြုံ။ သန်းခေါင်ချိန်စေ့ ညီးငွေ့လူ့ဘုံ၊ နော်မာဘက် လှမ်းတက်တောရိပ်မြုံ။
၂၀။လွန်ပင်လုံ့လ ဒုက္ကရစရိယာ၊ ခြောက်နှစ်ပတ်လုံး ကျင့်သုံးပေရှာ။
ကိုယ်တော်ပင်ပန်း ညှိုးနွမ်းခန္ဓာ၊ ပျောက်ကွယ်ပ ဗုဒ္ဓလက္ခဏာ။
၂၁။ထိုရော်ကာလ ဒေဝပဥ္စသီ၊ စောင်းတော်ကိုပွေ့ မလေ့ဝဒနီ။
မလျော့မတင်း ညှင်းညှင်းသံညီ၊ လောင်းဗောဓိ သတိညဏ်ဂမ္ဘီ။
၂၂။ဆွမ်းခံခြင်းဖြင့် အားတင်းပြီးမှန်၊ နေရဉ်မည်မှတ် မြစ်စပ်ကမ်းယံ။
သုဇာတာဆက် ရွှေခွက်သိန်းတန်၊ဂဏာမြတ် လျှကပ်ဘုန်းပေးပြန်။
၂၃။တရာ့သုံးခု ဥတုနွေဝယ်၊ဝါဆိုလပြေ့ ဟိုင်းနေ့ကြုံဝယ်။
အပရာဇိ ဗောဓိရိပ်ဝယ်၊ မာရ်ငါးစင်း နှိပ်နင်းတို့ဘုန်းကြွယ်။
၂၄။သဟံပတိ မည်ရှိဗြဟ္မာ၊မင်ဖိုလ်မြိုက်ဆေး တိုက်ကျွေးစေဌာ။
မြင့်မိုရ်တန္တူး ပန်းကုံးသီတာ၊ခြေတော်ရင်း ဝပ်စင်းတောင်းပန်လာ။
၂၅။ဘုရားဖြစ်စ နှစ်လအကြာ၊ဝဂ္ဂီပဥ္စ ဒေဝဗြဟ္မာ။
မိဂဒါဝန ဒေဝစကြာ၊ တရားဦး ဟောကျူးညဦးခါ။
၂၆။နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ၊ဟောဖော်ညွှန်ကြား တရားဖုံဖုံ။
နိဗ္ဗာန်အောင်မြို့ ဆောင်ပို့ဗိုလ်ပုံ၊လေးဆဲ့ငါး ပိုင်းခြားဝါတော်ကုန်။

၂၇။ခြောက်ဘုံထွင့်က မာရဒုသီ၊ သခ်ါအာယု လွှတ်ဘို့တလီ။
အမှန်ဇွတ်အတင်း ထင်လင်းလျှောက်သည်၊ဘုရားက မြွက်ဟ မိန့်ကြားသည်။
၂၈။ထိုစဉ်မာရ်နတ် လျှောက်လတ် လေလျှင်၊ရှင်တော်ဗုဒ္ဓ မြွက်ဟမှန်ပင်။
သုံးလလွန်မြောက် ချိန်ရောက်ခါတွင်၊ နိဗ္ဗာန်နန်း ကြွမြန်းတော့မည်ပင်။
၂၉။သခ်ါအာယု လွှတ်ပြုချိန်သော်၊ပထဝီမြေကြီး တုန်ဟီးရိုက်ဆော်။
အောက်နရက်မှ ဘဝဂ်လွန်ကျော်၊သမာပတ် ရလတ်အာနုဘော်။
၃၀။ထိုမှာသ ကာလအကြာ၊မဂ်ဖိုလ်မြိုက်ဆေး တိုက်ကျွေးပြီးခါ။
သုံးဘုံဝင့်တွင်းဝင့်ခင်းတပြာ၊ဝမ်းသက်လျှောရှင်စောကိုယ်တော်မှာ။
၃၁။ရှင်တော်မြတ်ဖျား ညီဖွားအာနန်၊ဝန်းရံကူပ နန္ဒထေရ်။
သံဃာတော်များ ဝန်းထားကာရံ၊ လွန်ပင်ပန်း စက်ပန်းကြွချီပြန်။
၃၂။မလ္လာပင်မင်း ပျော်ခင်းရိပ်ငြိမ်၊ ပါဝါတိုင်း မလှမ်းကြွကုသိန်။
ဉယျာဉ်တော်တွင်း ရပ်လျှင်းခါချိန်၊ ညောင်စောင်းထက် လျောင်းစက် လွန်မွေ့သိမ်။
၃၃။ဝေဒနာလွန်ကဲ အားခဲသည်းခံ၊ဟန္ဒဒါနိ အာဒိဝစနံ။
သုံးခွန်းစကား မှာထားခဲ့ပြန်၊နိဗ္ဗူနန်း ကြွမြန်းကိုယ်တော်စံ။
၃၄။ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ။ဝယဓမ္မာ သခ်ါရာ အပ္ပမာဒေန သမ္ပာဒေထ။
၃၅။ဇီဝိန်ပျက်ခြင်း သေမင်းလက်ဝယ်၊ရောက်ရစမြဲ မလွဲမဖယ်။
ဘုရားသော်မှ မြန်းကြွရိပ်လယ်၊သေရခြင်း မကင်းဝင့်ပင်လယ်။
၃၆။သုံးသွယ်ဝင့်တွင်း မယွင်းအနိစ္စာ၊ဒုက္ခဆင်းရဲ ညှဉ်းဆဲမညှာ။
အစိုးမရ တားမရကာ၊အနတ္တ မုချဖြစ်သည်သာ။
၃၇။ရာလေးဆယ့်ရှစ် သတ္တရာဇ်ခါကြုံ၊နိဗ္ဗာန်ရွှေမြို့ ဆောင်ဖို့ဖိုလ်ပုံ။
သုံးပုံအတွင်း နေမင်းကွယ်ပုံ၊ဝမ်းနည်းကြ ဖြစ်ရလူအကုန်။
၃၈။သုံးဘုံတိုက်လုံး မီးအုံးကြိမ်ဟန်၊သဲအူဖိုလှိုက် ငိုရှိုက်ဖန်ဖန်။
ဆယ့်နှစ်ရက်မြောက် ချိန်ရောက်ခါမှန်၊ ရှင်မြတ်စော တေဇော မာတ်မီးလျှံ။
၃၉။ဗုဒ္ဓကိုယ်စား ကြွင်းငြားစေရန်၊ ရိုးတော်မြတ်နှင့် စွယ်မြတ်သွားအံ။
ရှစ်ပြည်ထောင်မင်း ဆောင်နှင်းဝေဘန်၊ စေတီအား သွင်းထား ပူဇော်ခံ။

၄၀။အမျိုးသားချင်း ဘေးကင်းရန်ချွေ၊မေတ္တာတရား ပွားများထွေထွေ။
အမျက်ဒေါသ ကင်းကြရင်လေ၊နတ်အများ စောင့်ငြားမကွာပေ။
၄၁။ကျန်းမာကြပါစေ လမ်းဖြောဖြောပစေ၊ ချမ်းသာကြပါစေ ချမ်းသာကြ
ပါစေ၊ တရားများ အားထုတ်ကြမသွေ၊ နိဗ္ဗာန်ရောက်ကြမှန်မလေ၊
စွန့်ကြဲပေးကမ်း လှူဒါန်းမသွေ၊ မဂ်ဖိုလ်နိဗ္ဗာန်နန်း စံမြန်းဝင်နိုင်
ပါစေ။ ကိုယ်နှုတ်နှစ်ထွေ၊ စောင့်ရှောက်မှုသွေ၊ မဂ်ဖိုလ်နိဗ္ဗာန်နန်း၊
စံမြန်းဝင်နိုင်ပါစေ။ သမထဝိပဿနာ၊ပွားများမသွေ၊ မဂ်ဖိုလ်နိဗ္ဗာန်
နန်း၊စံမြန်းဝင်နိုင်ပါစေ။မယာ ကတ၊ကုသလကို၊များလှဝေနေ၊ရကြ
စေ၊ပေးဝေအမျှ သာဓု-သာဓု-သာဓု ခေါ်နိုင်ကြစေသော်။

## ၃၈-ဖြာ မင်္ဂလာအစစ် တရားအနှစ်

၁။ ဗုဒ္ဓ-ဓမ္မ၊ သံဃသုံးဖြာ၊ ဂုဏ်တော်အပေါင်း၊ ညွတ်ပျောင်းစေတနာ။
လက်စုံယှက်မိုး၊ ရှိခိုးခါခါ၊ ပဏာမဦးချဝန္ဒနာ။
၂။ တဆယ့်နှစ်နှစ်၊ တွက်စစ်ချိန်ခါ၊ လူရောနတ်ရော၊ သောသောမြိမ့်ငြာ။
ချမ်းသာစေမှု၊ ရှံးစုကြံရှာ၊ လက်မှိုင်ချ၊ မရမင်္ဂလာ။
၃။ မြို့သာဝတ္ထိ၊ မည်ရှိပြည်မှာ၊ ဇေတဝန်ကျောင်း၊ ကိန်းအောင်းနေခါ။
သန်းခေါင်ချိန်ကျ၊သတ္တဒေဝါ၊ကိုယ်ရောင်လင်း၊ဝင်းဝင်း ထိန်လို့ဖြာ။
၄။ ဘုရားသို့ကပ်၊ တင့်အပ်နေရာ၊ ရှိခိုးညွတ်ပြား၊ ဝတ်တွားပြီးခါ။
အစိန္တေယျ၊ ဗုဒ္ဓထံမှာ၊ ဂါထာဖြင့် အသင့် သူလျှောက်ရှာ။
၅။ ဘုန်းတော်ကြီးလှ၊ ဇိနမြတ်စွာ၊လူရောနတ်ရော၊ကြံသောအခါ။
ဆယ့်နှစ်နှစ်လုံး၊ ကုန်ဆုံးခဲ့ပါ၊ စောဗုဒ္ဓ၊ မြွက်ဟမင်္ဂလာ။

၁-သူမိုက်တို့အား၊ ရှောင်ရှားပယ်ခွါ။ ၂-ပညာကြီးမြတ်၊ဆည်းကပ်မှီခါ။ ၃-ပူဇော်ထိုက်က၊ နေ့ညပူဇာ၊ ဒေဝိန္ဒ မှတ်ပဤသုံးဖြာ။ ၄-ပတိရူပတ်၊ တင့်အပ်ဒေသာ။ ၅-ရှေးကပြုထား၊ ရှိငြားပုညာ။ ၆-ကိုယ်နှုတ်စိတ်များ၊ ထိန်းထားကောင်းစွာ၊ ဒေဝိန္ဒ၊ မှတ်ပဤသုံးဖြာ။ ၇-အမြင်အကြား၊ အများရှိကာ။ ၈-ပညာမျိုးမျိုး၊ တတ်ရိုးစုံစွာ။ ၉-သင်အပ်ပြီးစီး၊ ဝိနည်းအရာ။ ၁၀-စကားသုံး၊ ချိုပြုံး ဤလေးဖြာ။ ၁၁-လုပ်ကျွေးပါကြ၊ မိဘနှစ်ဖြာ။ ၁၂-သဂြိုဟ် ထောက်ထား၊ မယားသားပါ။ ၁၃-စီးပွားပျက်မှု၊ မပြုပယ်ခွါ၊ ဒေဝိန္ဒ၊ မှတ်ပဤသုံးဖြာ။ ၁၄-လှူကြတန်းကြ၊ ဒါနအရာ။ ၁၅-သီလအကျင့်၊ ကိုယ်နှင့်မကွာ။ ၁၆-ဆွေများမျိုးများ၊ထောက်ထားရှုကာ။၁၇-ပြစ်ကင်းပ၊ရှုကြအရာရာ။၁၈-မကောင်းမှုများ၊ ရှောင်ရှားစိတ်မှာ။ ၁၉-အထူးပြတ်ရှင်း၊ လွတ်ကင်းကြိုလာ။

၂၀-သေရည်သေရက်၊ မဘက်ရှောင်ပါ။ ၂၁-မဓမ္မလျော့ ပြုလော့မြတ်ပညာ။ ၂၂-ရိုသေထိုက်က၊ ညွတ်ခ၍သာ။ ၂၃-မရှိမာန၊ နှိမ့်ချလေပါ။ ၂၄-ရောင့်ရဲစွာကျင့်၊ အသင့်တော်စွာ။ ၂၅။ ကျေးဇူးသိ။ ၂၆-နာဘိတရားသာ။ ၂၇-သည်းခံရခြင်း၊ စိတ်တွင်းချိုသာ။ ၂၈-ဆုံးမစကား၊ နာကြားလွယ်ပါ။ ၂၉-ရဟန်းပုဏ္ဏား၊ ဝင်တွားဖူးကာ။ ၃၀-ဓမ္မရေးဆွေးနွေး သင့်လျော်ပါ။ ၃၁-မြိုးခြိစွာကျင့်၊ နိုင်းချင့်ပြီးကာ။ ၃၂-မြတ်သောအကျင့်၊ ကိုယ်နှင့်မကွာ။ ၃၃-သစ္စာလေးဝ၊ သိကြစေရာ။ ၃၄-နိဗ္ဗာန်ရောက်၊ မျက်မှောက်ပြု၍သာ။ ၃၅-လောကဓမ္မ၊ တွေ့ရသောခါ၊ ယောက်ျားမြတ်များ၊စိတ်ထားခိုင်မာ။ ၃၆-စိုးရိမ်။ ၃၇-ရမက် ပယ်ဖျက်ကင်းကွာ။ ၃၈-ဘေးနှစ်သင်း၊ ရှင်းရှင်းမရှိပါ။

၁။ သုံးဆယ့်ရှစ်ပါး၊ကျင့်ငြားသေချာ၊ရန်သူတို့အား၊ ပယ်ရှားအောင်ရာ။ ချမ်းသာသို့ရောက်၊ မျက်မှောက်ကိုယ်မှာ၊ မင်္ဂလ သုတ္တနိဒ္ဒိတာ။

၂။ သင်အံ့လေ့ကျက်၊ ဆောင်ရွက်ကြပါ၊ အမျိုးကောင်းသား၊ လိုလားချမ်းသာ၊ နေ့ညဥ့်မယုတ်၊ အားထုတ်ခါခါ။ အံ့မခန်း၊ မြတ်ကျမ်းမင်္ဂလာ။

**မင်္ဂလာတရားကဗျာ**

၁။ လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊ မမှိဝဲနှင့် ကင်းအောင်နေ၊ ပညာရှိကို အရှည်ဖွဲ့လို့၊ မှီဝဲဆည်းကပ် နည်းယူစေ၊ သုံးပါးရတနာ မိဘများနှင့်၊ ဆရာသမားကိုပူဇော်လေ၊ ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ-အဲဒါမှဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၂။ ကုသိုလ်ပညာ ဥစ္စာရတို့၊ သင့်ရာဒေသအမြဲနေ၊ ရှေးကတင်ကြိုပြုခဲ့ဘူးသည့်၊ ကောင်းမှု အထူးရှိပါစေ၊ မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်လေ၊ ဥစ္စာကိုပေး နေထိုင်ရေး၊ မျှော်တွေးသုံးချက်ပေ-အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၃။ တတ်ကောင်းတတ်ရာ ဟူသမျှကို၊ကြားမြင်သုတရှိပါစေ၊အိုးအိမ်တည်ထောင် ဝမ်းစာရေးနှင့်၊ အသက်မွေးဘို့ အတတ်သင်လေ၊ လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊ ကောင်းစွာသင်ကြား နားလည်စေ၊ မှန်ကန်ယဉ်ကျေး ချိုသာအေး၊ ဆိုရေးပြောရေး တတ်ကြပါစေ-အဲဒါမှဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၄။ မြင့်မိုရ်ရွှေတောင် မိဘကျေးကို၊ ကောင်းစွာဆပ်ပေး ဝတ်ကြေကြေ၊ ကျွေးသစ်ချကာ သားမယားနှင့်၊ မြှောက်စားချီးမြှင့် ဝတ်ကြေ

ကုန်စေ၊ အလုပ်တာဝန် မလစ်ဟင်းနဲ့၊အပြစ်ကင်းအောင် လုပ်ကြပါလေ၊ စည်းစိမ်ကိုပေး ပြုစုရေး၊ မျှော်တွေးထောက်ဆ သုံးချက်ပြုလေ–အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၅။ သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ လှူနိုင်ကြစေ၊ ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနှင့်၊ သင်္ဂဟတရားနှင့် ချီးမြှောက်လေ၊သန့်စင် ပြစ်မျိုး လူထုအကျိုး သည်ပိုးအားထုတ် ရွက်ဆောင်ကြစေ–အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၆။ အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရှိသေကြစေ၊ မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ်ကိုနှိမ့်ချ အမြဲနေစေ၊ လောဘအပို လိုမလိုက်နဲ့၊ ကိုယ်ထိုက်တာနဲ့ ကြေနပ်ပါလေ၊ ကိုယ့်ပေါ်ပြုဘူး သူ့ကျေးဇူးတွေ၊ အထူးသိတတ် ရှိကြပါစေ၊ ကောင်းကျိုး ဆင့်ပွား မြတ်တရားတွေ၊ နာကြားမပြတ် လေ့လာကြပေ–အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၇။ မကောင်းမှုတွေ ဟူသမျှကို၊ မတွေ့ခင်က ရှောင်ကြဉ်လေ၊ တွေ့ကြုံလာလျှင် မလွန်ကျူးနှင့်၊ အထူးသဖြင့် စောင့်စည်းနေလေ၊အရက်သေစာ မသောက်စားနှင့်၊ မှောက်မှားတတ်တဲ့ အရာပေ၊ လုပ်ကိုင်ပြောကြား သတိထားပါလေ၊ တရားမမေ့ စောင့်ရှောက်ပါစေ–အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၈။ ဝတ်စားနေထိုင် ဘေးရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း သည်းခံကြလေ၊ ကျိုးကြောင်းပြည့်နှံ ဆုံးမစကားကို၊ ပြောကြားလာက နားလည်ကြစေ၊ သူမြတ်ပုဂ္ဂိုလ် ဟူသမျှ၊ မကြာခဏ တွေ့ဆုံမေးမြန်းလေ၊ သဘာဝတွေ မှန်ကန်ဟုတ်ရေး၊ ဆွေးနွေးတိုင်ပင် မပြတ်ရှိပါစေ–အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၉။ လောကီအာရုံ ဇိမ်ယစ်မူးလို့၊ မပျော်မကျူးနဲ့ မြိုးခြိလေ၊ မေတ္တာပြဟ္မစိုရ် လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး ယွင်းပုံမသွေ၊လေးပါး သစ္စာ ဉာဏ်မြင်ကြည့်လို့ အမှန်သိအောင်ကြိုးစားပါလေ၊ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်းကပ်၊ အလင်းရောင်ပေါက်နိုင် ရောက်နိုင်ကြပါစေ– အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁၀။ ဆင်းရဲချမ်းသာ သဘာဝ၊ တွေ့ကြုံနေကြ လူတိုင်းပေ၊ ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊ တလှဲစီလှဲ အမြဲနေလေ၊ လောကဓံကြုံ မဖြုန်

တန်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်ပါစေ၊ သောကကိုထိန်းလို့ ရမ္မက်သိမ်း၊ ငြိမ်းသုခ ချမ်းသာသာနေ-အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁၁။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံး ပန်ဆင်သူတွေ၊ စီးပွားချမ်းသာ ကြက်သရေတိုးလို့၊ ကောင်းကျိုး စည်ပွင့် တဝေဝေပေ၊ ဘေးကင်းရန်ကွာ ချစ်သူပေါ်လို့၊ စိတ်ရောကိုယ်ရော ချမ်းသာမလေ၊ ပြောဆိုကြံဆ ဆောင်နိုင်သမျှ၊ အောင်ရမည်ပ မုချ ကိန်းသေ၊ အဲဒါကြောင့် ပန်ကြ ဆင်ကြ မင်္ဂလာပန်း အခိုင်ခိုင်တွေ-အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁၂။ မြင်ရတွေ့ရ အေးမြပါစေ၊ ယုတ်သော မြတ်သောသဘော ခန္ဓာ၊ မြင်တိုင်းတွေ့တိုင်း ညွတ်ကိုင်းရှိသေ၊ မိတ်ဆွေစစ်စင်စစ်ရှာကြလေ၊ ချစ်ဖွယ်သက်ထား ရငြားတတွေ၊ ကိုယ်ပိုင်ဉာဏ်ရင်း လူမင်းသိစေ။

၁၃။ စွန့်ကြပေးကမ်း လှူဒါန်းမသွေ၊ မဂ်ဖိုလ်နိဗ္ဗာန်နန်း စံမြန်းနိုင်ကြပါစေ၊ ကိုယ်နှုတ်နှစ်ထွေ စောင့်ရှောက်မသွေ၊ မဂ်ဖိုလ်နိဗ္ဗာန်နန်း စံမြန်းဝင်နိုင်ပါစေ၊ သမထဝိပဿ် များပြားမသွေ၊ မဂ်ဖိုလ်နိဗ္ဗာန်နန်း စံမြန်းဝင်နိုင်ပါစေ။

၁၄။ ဗုဒ္ဓဘာသာဆိုတာ ဘာလဲဟု၊ ဘာသာတခြားတွေက မေးကြလိမ့်အဖုံဖုံ၊ သစ္စာလေးပါးနှင့် သဗ္ဗညုတဉာဏ်အာရုံ၊ ဘုရားကိုလဲယုံ တရားကိုလဲယုံ၊ သံဃာကိုလဲယုံ ကိုးကွယ်မှုသရဏဂုမ်၊ ငါးပါးသီလလုံ အပါယ်လေးပါး တံခါးပိတ်လိုက်ကုန်-အဲဒါမှ ဗုဒ္ဓဘာသာဖြစ်တယ်လို့ယုံ။

## ၇-ရက်တွက်စစ်ပုံ သံဝေဂကဗျာ

၁။ လောင်းတော်ညွန့်ဖူး ကွန့်မြူး ဉာဏ်ယှဉ်၊ တုသိမြနန်း ကြွလှမ်းစံစဉ်၊ ဖြဟ္မာနတ်များ ညွတ်တွားပန်ဆင်၊ နေ့ ကြွက်မင်း-သက်ဆင်း သန္ဓေဝင်။

၂။ သုဒ္ဓေါ်မင်းမြတ် နှင်းအပ်ဒေဝီ၊ မာယာမယ်ဖွား နွယ်အားသာကီ၊ ဝမ်းတော်လွယ်ရ ဆယ်လ ကြာရှည်၊ ပူးမင်းနေ့- ဖွား၍ အောင်သံချီ။

၃။ သွင်မူချောလျှပ် သောဥသ်ချိန်ခါ၊ ယသော်နတ္ထား စုလျားပြိုင်ကာ၊ ရာဟုသားမြတ် ဖွားလတ်မြင်လာ၊ နေ့ဗျာဓ္တ ထွက်ကြွမြိုင်တောမာ။

၄။ ဥရုဝေဠ ဟောမမြိုင်ခွင်၊ ခြောက်နှစ်ကျင့်သုံး မြင့်ဘုန်းအရှင်၊ သစ္စာဖွင့်ပွဲ တင့်ကဲအောင်မြင်၊ ဗုဒ္ဓဟူး-နေ့ထူးကြုံခိုက်ပင်။

၅။ ဗာရာကြဲငှန်း၊ တောတန်းမြိုင်ဗွေ၊ ဝဂ္ဂိပဋ္ဌ-သင်ပြတူနေ၊ မြဟ္ဟာ ထပ်လောင်း နတ်ပေါင်းသင်္ချေ၊ ဓမ္မောစက် ဟောမြွက် နေ့စနေ။

၆။ မလ္လာပင်မင်း၊ အင်ကြင်းမြိုင်ယံ၊ အားတော်ခွေလျှ၊ ကြွေကျ ပုံဟန်၊ ငိုပွဲယိုပွဲ ပြိုလဲဆူညံ့၊ အင်္ဂါနေ့-ပြောင်းနွေ့ပြည်နိဗ္ဗာန်။

၇။ နံ့သာကျောင်းနှင့် ရွှေခေါင်းစီမံ၊ တေဇောရှိန်လင်း ထိန်ဝင်း တောက်လျှံ၊ မြတ်အလောင်းမှ ဓာတ်ပေါင်းတော်ကျန်၊ ဂဠုန်နေ့-ကြိုတွေ့တေဇောသံ။

## အကျဉ်းဆောင်ပုဒ်

ကြွက်-သံ-ပူးဖွား၊ ကျားတောသွား၊ ဆင်ဘုရားဖြစ်၊ စက်လှစ်နဂါ၊ နိဗ်-သီဟ၊ ဂရုဠ ဓာတ်မီးလောင်။

သန့်ရှင်းသာယာ၊ သိသာအလွယ်၊ နာဘွယ်တနဲ၊ ဖရိုဖရဲ ကင်းလျက်၊ လုံးနက်ပွဲ့တင်၊ အဌင်္ဂခေါ် သံရှစ်ဖော်။

အာ-ဗော-ကာ-ယ-ဆန်-ရွှေ-ကဏ်။

နေ့၌ကားလူ ညမူရွှေယံ သမဏ်တည်း လယ်ယံရွှေနတ် ဖလတ် လျှောင်းနောက် နောက်ယံရောက်ကား မြားမြောင်ဝေနေ ရှုကြည့်လေ ပရမေကိစ္စတည်း။

## ဘုရားနေ့ထူး ၄-ရက် သံဝေဂ ဘုရားပွင့်ရာဗောဓိပင် ညောင်ရေသွန်းလောင်းရန် ကဗျာများ

၁။ သုမေဓာလောင်း ကပ်ဟောင်းလွန်လေ၊ ဒီပင်ထံပါး-တံတား အနေ၊ ရွှေဗျာဒိတ်ပန်း ဆင်မြန်းဆွတ်ချွေ၊ ကဆုန်လ ပုဏ္ဏဒိဝသေ။

၂။ သုဒ္ဓေါဒနေ လောကကျက်သရေ၊ မာယာနွယ်ဘွား ထွန့်ဖျား မဟော၊ အောင်သံကျူး၍ မီးရှူးမြင်ချေ၊ ကဆုန်လ ပုဏ္ဏဒိဝသေ။

၃။ ဗောဓိညောင်နန်း၊ အောင်ပန်းညောင်ရေ၊ သစ္စာဖွင့်ပွဲ၊ တင့်ကဲ သရေ၊ ဂုဏ်ကိုးပါးနှင့်၊ ဘုရားဖြစ်ချေ၊ ကဆုန်လ ပုဏ္ဏဒိဝသေ။

၄။ ကပ္ပိမြနန်း ကြွလှမ်းစိန္တေ၊ ပြည်တော်သာရေး၊ မျှော်တွေးခါပေ၊ တန်ခိုးပြလို့ မိုးကြွသရေ၊ ကဆုန်လ ပုဏ္ဏဒိဝသေ။

၅။ ခန္ဓာပြတ်ငြိမ်း၊ ဇာတ်သိမ်းဝင်ချွေ၊ မလ္လာနယ်တွင်း၊ အင်ကြင်း ရဝေ၊ နိဗ္ဗာန်သောင်ကမ်း ဖောင်နန်းလွှင့်ချွေ၊ ကဆုန်လ ပုဏ္ဏဒိဝသေ။

၆။ ဗုဒ္ဓနေ့မြတ်၊ ရည်မှတ်စိန္တေ၊ ညောင်ရေသွန်းလောင်း၊ အောင် ကြောင်းထွေထွေ၊ ပြည်တော်သာမှု တောင်းဆုပန်ချွေ၊ ကဆုန်လ ပုဏ္ဏဒိဝသေ။

ဣန္ဒာသယ ၄၈၈-၅၃

### အရှေ့အရပ်ရှိသူများက သွန်းလောင်းရန်

၁။ ဗောဓိညောင်နန်း၊ အောင်ခန်းဇိနေ၊ မာရ်မင်းစစ်ရှုံး၊ ပြေးပုန်းရှောင်သွေ၊ ဖြဟ္မာပေါင်းတို့၊ သံညောင်းဘိသော၊ ကဆုန်လ ပုဏ္ဏာသွန်းညောင်ရေ။ (သုံးခေါက်ဆိုပြီးမှ ညောင်ရေသွန်းလောင်းပါ)။

### တောင်အရပ်ရှိသူများက သွန်းလောင်းရန်

၂။ ဗောဓိညောင်နန်း၊ အောင်ခန်းဇိနေ၊ မာရ်မင်းစစ်ရှုံး၊ ပြေးပုန်းရှောင်သွေ၊ နတ်အပေါင်းတို့၊ သံညောင်းဘိသော၊ ကဆုန်လ ပုဏ္ဏာသွန်းညောင်ရေ။ (သုံးခေါက်ဆိုပြီးမှ ညောင်ရေသွန်းလောင်းပါ)။

### အနောက်အရပ်ရှိသူများက သွန်းလောင်းရန်

၃။ ဗောဓိညောင်နန်း၊ အောင်ခန်းဇိနေ၊ မာရ်မင်းစစ်ရှုံး၊ ပြေးပုန်းရှောင်သွေ၊ နဂါးအပေါင်းတို့၊ သံညောင်းဘိသော၊ ကဆုန်လ ပုဏ္ဏာသွန်းညောင်ရေ။ (သုံးခေါက်ဆိုပြီးမှ ညောင်ရေသွန်းလောင်းပါ)။

### မြောက်အရပ်ရှိသူများက သွန်းလောင်းရန်

၄။ ဗောဓိညောင်နန်း၊ အောင်ခန်းဇိနေ၊ မာရ်မင်းစစ်ရှုံး၊ ပြေးပုန်းရှောင်သွေ၊ ဂဠုန်အပေါင်းတို့၊ သံညောင်းဘိသော၊ ကဆုန်လ ပုဏ္ဏာသွန်းညောင်ရေ။ (သုံးခေါက်ဆိုပြီးမှ ညောင်ရေသွန်းလောင်းပါ)။

### ဆုတောင်းပတ္ထနာကဗျာများ

၁။ သွန်းကြ သွန်းကြ ရွှန်းပညောင်ရေ၊ ဂဠုန်နဂါး နတ်များ ဖြဟ္မေ၊ နှစ်စဉ်ပေါင်းလို့ ကောင်းမှုအနေ၊ အကျိုးများ တိုးပွားကျက်သရေ။

၂။ ငါးမာရ်အောင်ကြီး၊ ဆောင်ထီးပရမေ၊ သာသနာရောင်ဝန်း၊ ပြောင်ရွှန်းထိန်ဝေ၊ ကမ္ဘာမိုးလို့၊ ဆိုးယုတ်ပယ်ချွေ၊ လူရှင်များ တရားထုံမွှန်းစေ။

၃။ မြန်မာပြည်ကြီး၊ စည်ထီးဝေဝေ၊ ဆန်ရေစပါး၊ ပေါများရွှေငွေ၊ ငန်သူဘေးပေါင်း၊ ဝေးရှောင်းမသွေ၊ မပျက်နှံ၊ တည်တံ့ခိုင်မြဲစေ။

၄။ ဤသို့ပြုရ၊ ကုသလကြောင့်၊ မေတ္တေယျရှင်၊ ဂန္ဓဝေါပင်တွင်၊ လေးအင်သစ္စာ၊ ပွင့်သောခါလျှင်၊ အတူပါရလို၊ ယခုကကြို၍ ဝိဝဋ္ဋကုသိုလ် ကောင်းမှု ပြုနိုင်ပါစေသော်။

၅။ များသတ္တဝါ နေဝေယျာလည်း၊ ရောဂါခပင်း၊ လွတ်လွတ်ရှင်း၊ ငြိမ်းခြင်း ရောက်ပါစေ၊ စိုးရိမ်ကြောင့်ကြ၊ ဗျာပါရမှ၊ ကင်းကြစေလို၊

ဆုပန်ဆို၊ ဗိုလ်လူသတ္တဝါ။ မယာကတာ၊ ကုသလကို၊ များလှဝေနေ၊ ရကြစေ၊ ပေးဝေအမျှ၊ သာဓု-သာဓု-သာဓု ခေါ်စေသော်။

## ကဆုန်ညောင်ရေသွန်းသီချင်း

၁။ အစိန္တေယျာဘုရားကိုရည်၊နှိမ်ချွေကာ တရားလိုအညီ၊ရေသွန်းပွဲ ဆင်နွှဲကြသည်၊ခင်တို့နှင့် မောင်တို့နှင့်တွေ့ရပါပြီ–၂။ ပြည်ထောင်စုခေတ် သစ်ကိုမှတ်မိကြပါသည်၊ ဘုရားမွေးတဲ့နေ့မှာ၊ ကြည်ညိုကာသာ မမေ့ပြီ၊ မုဒုံ-ရွှေဒုံနဂရ နွေကဆုန်ပွဲကို နွှဲသည်၊ ခင့်ကိုသာပင် မောင့်ကိုသာပင် နှစ်စဉ်မြင်ပါပေသည်။

သံပြိုင် သွန်းရေပွဲနွှဲကြသည်၊ ခင့်နေရပ် မောင့်နေရပ် ဘယ်ဌာနီ မင်မင်ကာ တွေ့ပါရစေ၊ ရေအိုးကလေးတွေ ခေါင်းနဲ့ရွက်လို့၊ တဘက်တွေ ကိုယ်စီ၊ ညောင်ရေသွန်းတော့မည်–၂။ ထူးကဲတဲ့စေတနာ သေချာ ရည်စူးလို့၊ဖူးစာအတည်၊နောက်ဘဝမှာလဲ မလွဲအတည်၊ ပါရမီတူညီပြီး၊ နီးပါရမည်၊ စိတ်ထားတော် ဖြူလှပါသည်၊ သဒ္ဓါတိုးတဲ့ မိုးကျမဒီ၊ သွန်းရေပွဲ နွှဲပျော်ကြတဲ့၊ ခင်ပျိုကုမ္ဘာရီ–၂။ နောင်လဲမျှော်ဆရည်၊ မောင်လဲ ခေါ်ပရစီ၊လှမ်းတက်ကြတဲ့ နိဗ္ဗာန်နန်းရွှေပြည်။

သံပြိုင် (သွန်းရေပွဲ နွှဲကြသည်၊-ပြန်ကောက်ဆို)

၂။ ရေသွန်းကြတဲ့ပွဲတော် နွှဲပျော်တဲ့ချိန်ခါမှာတည်၊ လူအများက စိတ်ထားညီ၊ ပြည်ထောင်စု ခေတ်သစ်အဖွဲ့က စိတ်ထားညီ၊ သူတော် ကောင်းတရားလဲပြည့်ဝခဲ့ကြပြီ၊ မမေ့ကြပါတော့သည်၊ နှောင်လဲချိန်ခါမှီ အမြဲဘဲ နှစ်စဉ်ဆောင်ရွက်မည်-ဆောင်ရွက်မည်၊ ဘုရားစင်စစ်ဖြစ်လေပြီ၊ သစ္စာလေးအင် မြင်လေသည်၊ ဘဂဝါစိတ်မှန်း ဗျာဒိတ်ပန်း ဆင်မြန်းတဲ့၊ လကဆုန်ဆီ၊ဗောဓိနန်းနဲ့ ပတ္တမြားပလ္လင်မှီ၊သုံးလူ့ဗုဒ္ဓင်အောင်မြင်သည်၊ ရန်စွယ်များ မာန်ပယ်ရှားတဲ့ လရာသီ၊ ဂိမ္ဟပေ လနွေဦးဆီ၊ ဒို့ ပြည်ထောင်စု အသင်းတော်ကြီး ပဌမအကြိမ်မြောက် အမှန် ရောက်လာလေပြီ။

သံပြိုင် မဒို့တရို့နဲ့နော် ရွှေမျက်နှာတော်ကြည်၊ အိုးကလေး ရွက်လို့သာ၊ကြိုတဲ့ကုမ္ဘာရီ။ ကွမ်တုံရပ်က မယ်တို့ပြည်ထောင်စုရောက်လေပြီ။ အားထားကြတဲ့သူမယ်တို့တူညီမည်၊ နန်းနိဗ္ဗာန်ကတို့ဖောင်ဆီ၊ ပို့ဆောင်မည်၊ ကတို့ဖောင်ဆီ မယ်တို့ပို့လာပြီ။

ဝိသာခါကြယ်၊ တိမ်လယ်ခိုမှာ၊ မြူးတဲ့ ကဆုန်လမှီ ပြည်ထောင်စု လုံချည်၊ ဆင်တူဝတ်ခါ သွန်းရေ လောင်းတော့ပါမည်၊ အသားကို

ယူယူ ကြည်ဖြူတဲ့ မယ်လက်ဆောင် ချွေပါမည်။ ပန်းတော်စပယ်ဖြူ ရှယ်တူချင်းမို့ အထူးဘဲ ပေးချင်သည်၊ အမှန်မဖောက်ကြိုသူ နှလုံး ကျောက်သူ ပျိုဖြူခင်မေမဒီ၊ အထူးဘဲ မမေ့ပေါင်၊ နှစ်ဦးလဲ တွေ့အောင် မမလာပါပြီ၊ ချစ်စရာနေ့မှာ မနှစ်ကတွေ့တာ ဒီအချိန် ကဆုန်လရာသီ၊ မယ်မင်းနှမ တွေ့ဆုံရပြီ၊စပယ်ပန်းကလေးနှင့် သပြေတခက်စီ၊လှူဒါန်းပါ ခင်မဒီ၊ ပြည်ထောင်စုမယ်နှင့် နှစ်စဉ်တွေ့ရပါပြီ။

သံပွိုင့် (မဒို့တရို့ပြန်ဆို)။

ခုလိုခါသမယ ကုသိုလ်ရှာကြ နိဗ္ဗာန်နန်းကိုမှန်းဆလို့ရယ်၊ ပျိုကညာ တို့ ကဆောင်ရွက်ခဲ့သည်၊ ချစ်သူခင်နှမလောကွတ်တော်ဝိုလှ၊ ပဌမကြိမ် ရောက်တဲ့ ပြည်ထောင်စုအသင်းကို မတွေ့ရမချင်း စောင့်စားကြသည်၊ မယ်မိဗ္ဗာန်ပါကွယ် ရွှေနိဗ္ဗာန်သာရယ်၊ မယ်တို့နှမကငယ်ငယ် သဘော ထားဖြင့် မြတ်ပါပေတယ်၊ သာဓု-သာဓု-သာဓု ခေါ်ပါပေသည်။ ကုသိုလ်ရေးမှာတူညီ ဘုရားသွားကျောင်းတက်ပါခဲ့ပြီ၊တက်ဖြစ်ပါသည်၊ နေညိုစကွယ် တနည်းဆိုပြတယ်၊ ကွမ်တုံဌာနီ မေပျိုနှမရယ် ဆီးကြိုပါ အတည် နန်းကေသီ ပါရမီဖြည့်ဆုပန်ချီ။

၃။ သာဓုရဂုဏ် ပန်းမျိုးစုံတို့ ပွင့်စုံမာလာ စီစီဖြာလျက် သန္တာ ခက်ညွန့် ပုရစ်တွန့်မှ မြူးကွန့်လေဟုန်ရနံ့ထုံ၍ တောအုံမြိုင်တန်း သင်းကြူ လျှမ်းသော် သက်တန်းနနယ် ရွှေငှက်ငယ်တို့ ဟိုဝယ်သည်ကူး ပျံသန်း မြူးသည် ကြည်နူးဘွယ်ရာပါတကား။

မာသကဆုန် အာကာဘုံဝယ် ငွေယုန်စန္ဒာ ဝိသာခါနှင့် ယှဉ်ကာ ပြည့်ညီ ပုဏ္ဏမီဟု ဂုဏ်ရည် လျှမ်းပေ့ ဗုဒ္ဓနေ့တွင် ဓလေ့စဉ်လာ များသူငါတို့ သဒ္ဓါရွှင်လန်း မြတ်ဆုမှန်းလျက် ညောင်နန်းပင်ထူး ရေသွန်းဖြူးသည် ပြည်မှူးရှယ်ခါပါတကား။

ဌာနမုဒုံ သာမျိုးစုံဝယ် ကွမ်တုံမည်ကျော် ကျောင်းတော်ကြီး၌ အဖော်အသင်း ပေါင်းဆုံချဉ်းလျက်၊ ရှင်ရင်းစရာ ပင်ရက္ခာကို ဇလာ ရေသွန်း ဆုချွေညွှန်း၍ ခွန်းမြတ်ခါခါ ပြည်တော်သာတို့၊ စိတ်မှာရည်စူး စာဆိုဖူးသည် ရှိဦးဘွယ်ရပါတကား။

နေ့ထူးဗုဒ္ဓ ပြိဿကဆုန် လပြည့်ကြိုကာ လုံးစုံကျော်ကျူး ထူးထက် ထူး၍ လက်ဦးထိုခါ ပြည်မြမ္ဗာတွင် မြတ်စွာနေဆာ၊ မုနိန္ဒသည် ဗုဒ္ဓ မည်လျှမ်း၊ ဗျာဒိတ်ပန်းကို ဆင်မြန်းပန်ဆင် ပွဲကြီးရင်၏၊ အစဉ်ထိုမှ မြတ်ဗုဒ္ဓသည်၊ ဘွားထမပျက် ထိုနေ့ရက်သည်၊ လေးချက်သစ္စာ ညဏ်

ဓမ္မာဖြင့်၊ မှန်စွာသိမြင် နိဗ္ဗာန်ဝင်သည့် အစဉ်အဆက် ဤနေ့ရက်ကို၊ ဆက်ဆက်မမှား သတ်မှတ်ထား၏၊ တရားပေါင်းစစ် နှစ်ကျိပ်ရှစ်ဟု၊ ရှင်ချစ်သယမ္ဘူ၊ အဆူဆူလည်း၊ နိဗ္ဗူလှမ်းကြွ မိဂမဖြင့် ပြည့်လကဆုန် လမြတ်ကြုံကို အာရုံတော်ပြု ထိုမိတ်စုကြောင့် ကြည့်ရှုမှန်စွာ ဤအခါကို သေချာမှတ်သား ကုသိုလ်ပွားဖို့ များပြားသွယ်သွယ်၊ ပျိုနုနယ်တို့ ကိုယ်ဝယ်နှံ့သာ လိမ်းကျံခါဖြင့် ညီညာနုခန်း သပြေပန်းနှင့် ရေချမ်း သွန်းရန် စိတ်ရည်သန်၍ အသံချိုချို တောင်းဆုဆိုလျက် ပင်ပျိုဗောဓိ တုမရှိကိုမုနိအမြတ် ပွင့်ရာမှတ်၍ မပြတ်စုပေါင်းညောင်ရေလောင်းသည် အောင်ကြောင်းမင်္ဂလာနေ့ထူးတည်း။

(မုဒုံနဂရ ကွမ်တုံဝိဟာရ ပုရာဏဘိက္ခု အမိပတိ)

**မဟာမင်္ဂလာခွဲအမေးအဖြေ**

မေး။ ယခုအဘယ်စာကိုသင်သနည်း။

ဖြေ။ မဟာမင်္ဂလာသုတ်ကို သင်ပါသည်ဘုရား။

မဟာမင်္ဂလာသုတ်၌ အပြားဘယ်မျှရှိပါသနည်း။ သုံးဆယ့်ရှစ်ပါး အပြားရှိပါသည်ဘုရား။

အဘယ်ပါဠိကိုထောက်၍ သိရပါသနည်း။ ဒေသနာ ပရိယောသန နိဂုံးအဆုံးဖြစ်သော တောဒိသာနိ အဋ္ဌတိံသ မင်္ဂလာနိဟူသောပါဠိကို ထောက်၍သိရပါသည်ဘုရား။

အဘယ်မျှသော ဂါထာဖြင့် ဟောတော်မူပါသနည်း။ ဆယ်ဂါထာ ဖြင့် ဟောတော်မူပါသည်ဘုရား။

ဟောတော်မူသောဂါထာ အဘယ်ဂါထာနည်း။ အသေဝနာစ လည်း တဂါထာ၊ ပတိရူပလည်းတဂါထာ၊ ဗာဟုသစ္စဉ္စလည်းတဂါထာ၊ မာတာပိတုလည်း တဂါထာ၊ ဒါနဉ္စလည်းတဂါထာ၊ အာရတီလည်း တဂါထာ၊ ဂါရဝေါလည်းတဂါထာ၊ ခန္တီစလည်းတဂါထာ၊ တပေါစ လည်း တဂါထာ၊ ဖုဋ္ဌဿလည်း တဂါထာ-ဤဆယ်ဂါထာဖြင့် ဟော တော်မူပါသည်ဘုရား။

အဘယ် အရပ်မှာ ဟောတော်မူ ပါသနည်း။ သာဝတ္ထိပြည်တွင် ဟောတော်မူပါသည်ဘုရား။

သာဝတ္ထိပြည်ဟု အဘယ်ကြောင့်တွင်သနည်း ဆိုသနည်း။ သဗ္ဗံ ဓန မေတ္ထ အတ္ထီတိ-ဟု ပါဠိရှိသောကြောင့် ခပ်သိမ်းသော လောကီစည်းစိမ်

ချမ်းသာ ရတနာ အပေါင်းတို့သည် လိုရာမတ, ပြည့်စုံသောကြောင့် သာဝတ္ထိပြည်ဟု ခေါ်တွင်ပါသည်ဘုရား။

သာဝတ္ထိပြည်တွင် အဘယ်အရပ်မှာ ဟောတော်မူသနည်း။ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူပါသည်ဘုရား။

ဇေတဝန်ကျောင်းတော်ဟု အဘယ့်ကြောင့် ခေါ်သနည်း။ ဇေတမင်းသားဥယျာဉ်ကို ငွေအသပြာအတိခင်းပြီးလျှင်မြေဘိုးပေး၍ ဆောက်သောကြောင့် ဇေတဝန်ကျောင်းတော်ဟု ဆိုပါသည်ဘုရား။

အဘယ်သူ ဆောက်သနည်း။ အနာထပိဏ်သူဌေး ဆောက်ပါသည်ဘုရား။

အနာထပိဏ်သူဌေးဟု အဘယ့်ကြောင့်ခေါ်ပါသနည်း။ အနာထာနံ ပိဏ္ဍံဒဒါတီတိ အနာထပိဏ္ဍိကော-ဟူသော ပါဠ်နှင့်အညီ ကိုးကွယ်ရာ မရှိသောသူတို့ကို ထမင်းရေစာ ပေးတတ်သောကြောင့် အနာထပိဏ် သူဌေးဟုခေါ်တွင်ပါသည်ဘုရာ။

ငယ်မည်ကို အဘယ်သို့ဆိုသနည်း။ သုဒတ္တဟု ဆိုပါသည်ဘုရား။

ဇေတဝန် ကျောင်းတော်သည် သာဝတ္ထိပြည်နှင့် နီးသလော၊ ဝေးသလော အရှေ့ အနောက် တောင် မြောက် စသည်တို့တွင် အဘယ် အရပ်မှာရှိသနည်း။ ဘဂဝါသာဝတ္ထိယံ သာဝတ္ထိနဂရဿ အဝိဒူရေ ဓနုပဥ္စသတမတ္တေ ဒက္ခိဏပဿေ-ဟူသော သာဓကပါဠ်ရှိသောကြောင့် သာဝတ္ထိပြည်၏ တောင်ဘက်အရပ်၌ဖြစ်သော ကုလလေးတာ အပြန် ငါးရာအရပ်တွင် ဖြစ်ပါသည်ဘုရား။

ဇေတဝန် ကျောင်းတော်သည် လေးထောင့်လော၊ စမွယ်ရုံလော၊ ဦးပြည်းလော။တိဘုမ္မိကေသုဂန္ဓကုဋီသုဟူ၍ သာဓကပါဠ်ရှိသောကြောင့် စုလစ်မွန်းချွန်တို့ဖြင့် တင့်တယ် ဆန်းကြယ် တန်ဆာဆင် အပ်သော ဘုံသုံးဆင့်ရှိသော ဇေတဝန်ကျောင်း၌ ဖြစ်ပါသည်ဘုရား။ အမျိုးအမည် မထင်ရှားသော နတ်သားတောင်းပန်၍ ဟောတော်မူပါသည်ဘုရား။

အဘယ့်ကြောင့် မထင်ရှားသော နတ်သားဟု ဆိုပါသနည်း။ အထခေါ အညတရာဒေဝတာ ဟူသောပါဠ်ကို ထောက်၍ ဆိုပါသည် ဘုရား။

မထင်ရှားသောနတ်သား အဘယ်သူ ဖြစ်ပါသနည်း။ ဇာနန္ဒသတ္တ သိကြားဟုဆိုပါသည်ဘုရား။

အဘယ်အခါတောင်းပန်ပါသနည်း။ သန်းခေါင်းအခါ တောင်းပန်ပါသည်ဘုရား။

အဘယ့်ကြောင့် သိရပါသနည်း။ အတိက္ကန္တာယ ရတ္တိယာဟူသော ပါဌ်ကိုထောက်၍သိရပါသည်ဘုရား။

မထင်ရှားသော နတ်သားကို အဘယ်အကြောင်းကြောင့် သိကြားဟု ဆိုပါသနည်း။ ဘုရားသခင်ခြေတော်ရင်း၌ ညဉ့်ဦးယံကားစတုမဟာရာဇ် နတ်တို့သည် ဆည်းကပ် ဖူးမျှော် ပူဇော်မြဲ အချိန်အခါ ဖြစ်ပါသည်။ သန်းခေါင်းယံအခါ၌ တာဝတိံသာ နတ်သိကြားတို့သည် ဆည်းကပ် ဖူးမျှော်မြဲ အချိန်အခါ ဖြစ်ပါသည်၊ ထိုအချိန် ကာလ သုံးပါးတွင် သန်းခေါင်ယံအချိန်ဖြစ်သောကြောင့် သိကြားဟု ဆိုရပါသည်ဘုရား။

သိကြားတောင်းပန်ကြောင်းကို အဘယ်သူ ကြားသနည်း။ အရှင်အာနန္ဒာကြားပါသည်ဘုရား။

အရှင်အာနန္ဒာ ကြားကြောင်းကို အဘယ်ကြောင့် သိရပါသနည်း။ အာနန္ဒတ္ထေ ရေန သုတံ ဟူသောပါဌ်ကိုထောက်၍ သိရပါသည်ဘုရား။

အရှင်အာနန္ဒာကြားသော် အဘယ်သူကို ပြောပါသနည်း။ အရှင်မဟာကဿပမထေရ်ကို ပြောပါသည်ဘုရား။

အရှင်မဟာကဿပဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။ ကဿက ကမ္မာဒိ သု သံဝေဂံ ပဋိလဘိတွာန ပဗ္ဗဇ္ဇနတောဘတိ ကဿပေါဟူသော ဝိဂြိုဟ်နှင့်အညီ လယ်လုပ်ခြင်း အစရှိသော အမှုတို့၌ ထိတ်လန့်ခြင်း တရားကိုရ၍ ရဟန်းပြုသောကြောင့် ကဿပဟု ခေါ်ပါသည်ဘုရား။

ငယ်မည်ကိုအဘယ်သို့ဆိုပါသနည်း။ ရွှေအဆင်းကဲ့သို့ ကိုယ်အသားကိုယ်အရေတို့၏ တင့်တယ်ခြင်းရှိသောကြောင့် ပိပ္ပလိလုလင်ဟု ဆိုပါသည်ဘုရား။

မင်္ဂလာသုံးဆယ့်ရှစ်ပါးဆိုသော် အဘယ်သူတို့နည်း။ အသေဝနာစ (ပ) တေံမင်္ဂလမုတ္တမံ ဟူသော ပဌမဒေသနာတော်၌ မင်္ဂလာသုံးပါး။ ပတိရူပ(ပ) တေံမင်္ဂလမုတ္တမံ ဟူသော ဒုတိယ မင်္ဂလာဒေသနာတော်၌ မင်္ဂလာသုံးပါး။ ဗဟုဿစ္စဥ္စ (ပ) တေံမင်္ဂလမုတ္တမံ ဟူသော တတိယ ဒေသနာတော်၌ မင်္ဂလာလေးပါး။ မာတာပိတု (ပ) တေံမင်္ဂလမုတ္တမံ ဟူသော စတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါး။ ဒါနဥ္စ(ပ)တေံမင်္ဂလမုတ္တမံ ဟူသော ပဥ္စမဒေသနာတော်၌ မင်္ဂလာလေးပါး။ အာရတိ(ပ)

တော်မင်္ဂလမုတ္တမံ ဟူသော ဆဋ္ဌမဒေသနာတော်၌ မင်္ဂလာလေးပါး၊ ဂါရဝေါစ (ပ) တော်မင်္ဂလမုတ္တမံ ဟူသော သတ္တမဒေသနာတော်၌ မင်္ဂလာငါးပါး။ ခန္တီစ (ပ) တော်မင်္ဂလမုတ္တမံ ဟူသော အဋ္ဌမဒေသနာတော်၌ မင်္ဂလာလေးပါး။ တပေါစ(ပ)တော်မင်္ဂလမုတ္တမံ ဟူသော နဝမဒေသနာတော်၌ မင်္ဂလာလေးပါး။ ဖုဋ္ဌဿ(ပ)တော်မင်္ဂလမုတ္တမံဟူသော ဒသမဒေသနာတော်၌ မင်္ဂလာလေးပါး ဤသို့အားဖြင့် မင်္ဂလာသုံးဆယ့်ရှစ်ပါးရှိပါသည်ဘုရား။

အသေဝနာစ အစရှိသော ပထမဒေသနာတော်၌ မင်္ဂလာသုံးပါး ဆိုသော် အဘယ်သည်တို့နည်း။ သူမိုက်တို့ကို မမှီဝဲမချဉ်းကပ်ရခြင်း သည်လဲ မင်္ဂလာတပါး။ပညာရှိတို့ကို မှီဝဲဆည်းကပ်နှီးနှောရခြင်းသည်လဲ မင်္ဂလာတပါး။ ဘုရားအစရှိသော ရတနာသုံးပါးတို့ကို အရိုအသေ အလေးအမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် အသေဝနာစ အစရှိသော ပထမဒေသနာတော်၌ မင်္ဂလာသုံးပါး ရှိပါသည်ဘုရား။

အသေဝနာစ အစရှိသော ပထမဒေသနာတော်၌ မင်္ဂလာသုံးပါးကို သိရပါပြီ။ ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။ တင့်အပ် လျှောက်ပတ်သောအရပ်၌နေရခြင်းသည်လည်း မင်္ဂလာတပါး။ ရှေးကပြုခဲ့ဘူးသော ကောင်းမှု ရှိခြင်းသည်လည်း မင်္ဂလာတပါး။ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါးရှိပါသည်ဘုရား။

ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါးရှိသည်ကို သိရပါပြီ။ ဗဟုသစ္စဉ္စ အစရှိသော တတိယဒေသနာတော်၌ မင်္ဂလာလေးပါးဆိုသော် အဘယ်သည်တို့နည်း။ ကျမ်းဂန်တရား အကြားအမြင် များရခြင်းသည်လည်း မင်္ဂလာတပါး။ အပြစ်ခပ်သိမ်း ကင်းသော နှုတ်မှုအတတ်တို့ကို တတ်ရခြင်းသည်လည်း မင်္ဂလာတပါး။ ကောင်းစွာသိအပ်သော ဝိနည်းတရားတို့ကို သင်ကြားရခြင်းသည်လည်း မင်္ဂလာတပါး။ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို ပြောဆိုခြင်း သည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် ဗာဟုသစ္စဉ္စ အစရှိသော တတိယဒေသနာတော်၌ မင်္ဂလာလေးပါး ရှိပါသည်ဘုရား။

ဗာဟုသစ္စဋ္ဌ အစရှိသော တတိယဒေသနာတော်၌ မင်္ဂလာလေးပါးကို သိရပါပြီ။ မာတာပိတုအစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။ အမိအဖတို့ကို လုပ်ကျွေးမွေးမြူရခြင်းသည်လည်း မင်္ဂလာတပါး။ သားမယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး။ အနှောင့်အယှက်မရှိသော လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းအမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် မာတာပိတု အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာတရားသုံးပါးဖြစ်ပါသည်ဘုရား။

မာတာပိတု အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာတရားသုံးပါးကိုသိရပါပြီ။ ဒါနဋ္ဌအစရှိသော ပဉ္စမဒေသနာတော်၌ မင်္ဂလာတရားလေးပါးဆိုသော် အဘယ်သည်တို့နည်း။ အလှူပေးရခြင်းသည်လည်း မင်္ဂလာတပါး။ တရားကိုကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး။ အဆွေအမျိုးတို့အား ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး။ အပြစ်မရှိသော အကျင့်အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် ဒါနဋ္ဌ အစရှိသော ပဉ္စမဒေသနာတော်၌ မင်္ဂလာလေးပါးဖြစ်ပါသည်ဘုရား။

ဒါနဋ္ဌ အစရှိသောဒေသနာတော်၌ မင်္ဂလာတရားလေးပါးကို သိရပါပြီ။ အာရတီ အစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရားလေးပါးဆိုသော် အဘယ်သည်တို့နည်း။ မကောင်းမှုကိုမပြုမူ၍ ဝေးစွာသို့ကြဉ်ရခြင်းသည်လည်း မင်္ဂလာတပါး။ ကိုယ်၏အသက်ကို ဝဲ့ကွက်ခြင်းကင်းသောစိတ်ဖြင့် ငါသည် မကောင်းမှုကိုမပြုပြီ၊ ငါ၏အသက် သေသော်လည်း သေပါစေ၊ သူ၏အသက်ကို မသတ်မူ၍ သူ၏ဥစ္စာကို ခိုးယူခြင်းစသော အမှုကိုမပြုဟု အထူးသဖြင့် ကြဉ်ရှောင်ခြင်းသည်လည်း မင်္ဂလာတပါး ဖြစ်ပါသည်ဘုရား။

သုရာငါးပါးဆိုသည် အဘယ်နည်း။ ပိဋ္ဌသုရာ၊ မုံ့ညက်ဖြင့်ပြုသောသေ။ ပူဝသုရာ၊ မုံ့ဖြင့်ပြုသောသေ။ ဩဒနသုရာ၊ ထမင်းဖြင့်ပြုသောသေ။ ကိဏ္ဏပက္ခိတ္တသုရာ၊ တဆေးထည့်၍ပြုသောသေ။ သမ္ဘာရသံယုတ္တာ၊ များစွာသော အဆောက်အဦတို့ဖြင့်ပြုသောသေ။ ဤသည်ကား သေငါးပါးဖြစ်ပါသည်ဘုရား။

မေရယငါးပါးဆိုသော် အဘယ်သည်တို့နည်း။ ပုပ္ဖါသဝေါ၊ အပွင့်အရည်တို့ဖြင့်ပြုသောအရက်။ ဖလာသဝေါ၊ သစ်မည်စည်သီးအစရှိသည်

တို့ဖြင့် ပြုသောအရက်၊ မဓွာသဝေါ၊ မုဒရက်သီး အစရှိသည်တို့ဖြင့် ပြုသောအရက်။ ဂုဠာသဝေါ၊ ကြံရည်တို့ဖြင့်ပြုသောအရက်။ သမ္ဘာရ သံယုတ္တော၊ များစွာသော အဆောက်အဦတို့ဖြင့်ပြုသောအရက်။ဤသည် ကား မေရယငါးပါး ဖြစ်ပါသည်ဘုရား။ ဆိုအပ်ခဲ့ပြီးသော ယဇ်မျိုး ငါးပါးကို သောက်စားခြင်းမှ စောင့်စည်းရခြင်းသည်လည်း မင်္ဂလာ တပါး။ ဒါန-သီလ-ဘာဝနာ-အပစာယန-ဝေယျာဝစ္စ-ပတ္တိဒါန-ပတ္တာ နုမောဒန-ဓမ္မသဝဏ-ဓမ္မဒေသနာ-ဒိဋ္ဌိဇုကမ္မ ဟူသော ကုသိုလ်တရား ဆယ်ပါးတို့၌ မမေ့မလျော့ရခြင်းသည်လည်း မင်္ဂလာတပါး ဤသို့အား ဖြင့် အာရတီအစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည်ဘုရား။

အာရတီအစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရားလေးပါးကို သိရပါပြီ၊ ဂါရဝေါစအစရှိသော သတ္တမဒေသနာတော်၌ မင်္ဂလာ တရားငါးပါး ဟူသော်ကား အဘယ်သည်တို့နည်း။ ဇာတ်ဂုဏ်ရှိသော သူတို့အား အရိုအသေအလေးအမြတ် ပြုခြင်းသည်လည်း မင်္ဂလာတပါး၊ မိမိကိုယ်ကိုနှိမ့်ချရခြင်းသည်လည်း မင်္ဂလာတပါး၊ ရရသမျှသော ပစ္စည်း အသုံးအဆောင်တို့ဖြင့် ရောင့်ရဲလွယ်ရခြင်း သည်လည်း မင်္ဂလာတပါး၊ သူတပါးကျေးဇူးကို သိရခြင်းသည်လည်း မင်္ဂလာတပါး ဤသို့အားဖြင့် သတ္တမဒေသနာတော်၌ မင်္ဂလာတရား ငါးပါးဖြစ်ပါသည်ဘုရား။

သတ္တမ ဒေသနာတော်၌ ဖြစ်သော ဂါရဝေါစ-၌ မင်္ဂလာတရား ငါးပါးကိုသိရပါပြီ၊ ခန္တီစ အစရှိသော အဋ္ဌမဒေသနာတော်၌ မင်္ဂလာ တရားလေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။ ကိုယ့်အောက် ယုတ်သောသူတို့ကို သည်းခံရခြင်းသည်လည်း မင်္ဂလာတပါး၊ သူတော် ကောင်းတို့ဆိုလွယ်သောသူ၏ အဖြစ်သည်လည်းမင်္ဂလာတပါး၊ ရဟန်း ပုဏ္ဏားတို့အားဖူးမြင်ရခြင်းသည်လည်း မင်္ဂလာတပါး၊ လျောက်ပတ်သော တရားစကားကို နှီးနှောပြောဆိုရခြင်းသည်လည်း မင်္ဂလာတပါး ဤသို့ အားဖြင့် အဋ္ဌမဒေသနာတော်၌ဖြစ်သော ခန္တီစ၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည်ဘုရား။

အဋ္ဌမဒေသနာတော် ခန္တီစ၌ မင်္ဂလာတရားလေးပါးကို သိရပါပြီ၊ တပေါစ အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဟူသည်ကား အဘယ်သည်တို့နည်း။ မြိုးမြီစွာ ကျင့်ရခြင်း သည်လည်း မင်္ဂလာတပါး၊ မြတ်သော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ-တည်

ဟူသော ပြဟ္မာစိုရ်တရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အရိယာသစ္စာတရား အမှန်တို့ကိုသိမြင်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အရဟတ္တ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် တပေါင်း အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဖြစ်ပါသည်ဘုရား။

နဝမဒေသနာတော်ဖြစ်သော တပေါင်း၌ မင်္ဂလာတရား လေးပါးကို သိရပါပြီ၊ ဖုဋ္ဌဿ အစရှိသော ဒသမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဟူသော်ကား အဘယ်သည်တို့နည်း။ လာဘော အလာဘော ယသော အယသော နိန္ဒာ ပသံသာ သုခံ ဒုက္ခံ တည်းဟူသောလောကဓံ တရား ရှစ်ပါးတို့နှင့် တွေ့သော ရဟန္တာပုဂ္ဂိုလ်၏စိတ်သည် တုန်လှုပ်ခြင်း မရှိသောအဖြစ်သည်လည်း မင်္ဂလာတပါး၊ ထိုလောကဓံတရား ရှစ်ပါး တို့ကို တွေ့သောအခါ စိုးရိမ်ခြင်း မရှိသည်လည်း မင်္ဂလာ တပါး၊ ကိလေသာရမက်ဟူသော အညစ်အကြေးမတင် သန့်ရှင်းစင်ကြယ်သော အဖြစ်သည်လည်း မင်္ဂလာတပါး ဤသို့အားဖြင့် ဒသမ ဒေသနာတော်၌ မင်္ဂလာတရားလေးပါးဖြစ်ပါသည်ဘုရား။

မင်္ဂလာတရားကို အရှင်အာနန္ဒာမထေရ်သည် အရှင်မဟာကဿပ မထေရ်ကို ပြောသည်ဆိုသော် အဘယ်အရပ်မှာပြောသနည်း။ ရာဇဂြိုဟ် ပြည်မှာ ပြောပါသည်ဘုရား။

ရာဇဂြိုဟ်ပြည်ဟု အဘယ်ကြောင့်ခေါ်ပါသနည်း။ စကြဝတေး အစ ရှိသောဘုန်းကြီးသောမင်းတို့သည် သိမ်းယူရာဖြစ်သောကြောင့် ရာဇဂြိုဟ် ပြည်ဟု ခေါ်တွင်ပါသည်ဘုရား။

ရာဇဂြိုဟ်ပြည်၏ မြို့တွင်းမှာလော၊ မြို့ပြင်မှာလော၊ အရှေ့အနောက် တောင် မြောက် စသော အရပ်တွင် အဘယ်အရပ်မှာ ပြောသနည်း။ ရာဇဂြိုဟ်ပြည်၏မြို့ပြင်မြောက်ဘက်အရပ်၊ ဝေဘာရတောင်ဝှမ်းစရည်းပင် ရောက်သော ကျောက်ဂူလိုဏ်ဝ၌ နတ်တို့ ဘုံဆောင်ဗိမာန်နှင့်တူသော ရတနာမျိုးတို့ဖြင့် တန်ဆာဆင်အပ်သော ချောမောပြေပြစ် ဆန်းကြယ် လှစွာသော ရတနာသဘင် မဏ္ဍပ်၌ ဣန္ဒနီလာ မသာရဂလ် မနောမယ- အစရှိသော ရတနာမျိုးတို့ဖြင့် စီမံအပ်သော ထွေထွေဒိုးဒိုးရွှေချောင်းစီး သကဲ့သို့ လျှံညီးတောက်ပသော ပလ္လင်ထက်၌ အတိုး အတိုင်း မသိ ထိုက်သော ခင်းနှီးနေရာပေါ်တွင် ဆင်စွယ်စီသော ယပ်ကိုကိုင်၍ အရှေ့ ရှုးရှုးသို့မျက်နှာမူလျက် နေတော်မူပြီးလျှင် ပဋ္ဌမသင်္ဂါယနာကိုအမှူးပြု၍

ဆောင်ရွက်တော်မူသော အရှင်မဟာကဿပ ရဟန္တာကြီးက မေးတော်မူလျှင် အရှင်အာနန္ဒာဖြေကြားလျှောက်ထားပါသည်ဘုရား။

မင်္ဂလာတရားကို ဟောတော်မူသောအခါ အရိယာဖြစ်သူမည်မျှရှိပါသနည်း။နတ်သားတောင်းပန်၍ ဟောတော်မူသောအခါ ကုဋေရှစ်သန်းလောက်မျှကုန်သောနတ်သားတို့သည် ရဟန္တာဖြစ်ကြ၏ဟု ဆိုပါသည်၊ သောတာပန် သကဒါဂါမ် အနာဂါမ်ဖြစ်သူအနန္တဟုဆိုပါသည်ဘုရား။ မဟာမင်္ဂလာခွဲ၍တွင်ပြီး၏။

## မင်္ဂလသုတ်အဓိပ္ပါယ် အထူးမှတ်ချက်

မဟာမင်္ဂလသုတ်၌ အဓိပ္ပါယ်ကို အထူးမှတ်သားရန် အနည်းငယ်မျှ ထည့်သွင်းလိုက်ပါဦးအံ့။ ။ကေမဋ္ဌံ အဋ္ဌာသိဟူသောပါဌ်၏ အဓိပ္ပါယ်ကား နီးလွန်းသော အရပ်၊ ဝေးလွန်းသောအရပ်၊ လေညာ ဖြစ်သော အရပ်၊ မြင့်သောအရပ်၊ ရှေ့တူရူဖြစ်သောအရပ်၊ နောက်တူရူဖြစ်သော အရပ်၊ ၎င်းခြောက်ရပ်မှ လွတ်သောအရပ်ကို ဆိုလိုသည်။ ။ပတိရူပ ဒေသဝါသောစ ဟူသောပါဌ်၏အဓိပ္ပါယ်ကား ရတနာသုံးပါးထင်ရှားရှိသောအရပ်၌ နေရခြင်းကိုဆိုလိုသည်။ ။သုဘာသိတဝါစာဟူသော ပါဌ်၏ အဓိပ္ပါယ်ကား၊ ပိသုနဝါစာမှ ကြဉ်၍ဆိုသော သုဘာသိတစကား၊ ဖရုသဝါစာမှ ကြဉ်၍ ဆိုသောစကား၊ သမ္ဖပ္ပလာပမှ ကြဉ်၍ ဆိုသောစကား၊ မုသာဝါဒမှ ကြဉ်၍ ဆိုသောစကား၊ ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသော စကားကိုဆိုလိုသည်။ ပုတ္တဒါရဿ သင်္ဂဟော-ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား သရဏဂုံဆောက်တည်၍ ပဉ္စသီကိုထိန်းစောင့်၍ ကုသိုလ်ကောင်းမှုကိုပြု၍ တရားတော်နှင့်အညီ၊ သားမယားကို မွေးမြူရမည်ကိုဆိုလိုသည်။ ဒါနဥ္စဓမ္မစရိယာဟူသော ပါဌ်၏ အပ္ပါယ်ကား၊ ဆွမ်း သင်္ကန်း ကျောင်း ယာဉ် အဖျော် နံ့သာ ပန်း နံ့သာပျောင်း အိပ်ရာနေရာ ဆီမီး ၎င်းဒါနဝတ္ထု ဆယ်ပါး၊သူနာတို့၏ အထောက်အပံ့ဖြစ်သောဆေး ဤတဆယ့်တပါးကို ဒါနဥ္စပုဒ်၌သွင်းအပ်၏၊ငါးပါးသီလ ဆယ်ပါးသီလ စတုပါရိသုဒ္ဓိသီလတို့ကို ဓမ္မစရိယာပုဒ်၌ သွင်းအပ်၏၊ အဋ္ဌင်္ဂသီလကို အနဝဇ္ဇာနိကမ္မာနိ ဟူသောပုဒ်၌သွင်းအပ်၏။

အာရတိ ဝိရတိ ဟူသောပါဌ်၏ အဓိပ္ပါယ်ကား စိတ်နှလုံးဖြင့် ကျဉ်ခြင်းသည်အာရတိမည်၏၊ ဤကိုယ်နှုတ်နှစ်ပါးဖြင့် ကျဉ်ခြင်းသည် ဝိရတိမည်၏။မဇ္ဇပါနာပါဌ်၏ အဓိပ္ပါယ်ကား သုရာငါးပါး မေရယငါးပါးကို ကြဉ်ရှောင်ရမည်ကို ဆိုလိုသည်။ သန္တုဋ္ဌီစ ပါဌ်၏ အဓိပ္ပါယ်ကား

ကိလေသာတို့ကို ခေါင်းပါးစေခြင်း၄၁ လောဘအာရုံသို့ မလိုက်မူ၍ ရရှိသမျှသော ပစ္စည်းတို့ကို ရောင့်ရဲ၍ သုံးဆောင်ရမည်ကို ဆိုလိုသည်။ ကာလေန ဓမ္မသဝဏံ ဟူသောပါဌ်၏ အဓိပ္ပါယ်ကား ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက် ဤမိစ္ဆာဝိတက် မဝင်လာသောအခါ တရားတော်ကို နာခြင်း၄၁ လျှောက်ပတ်သော အခါမည်၏။ သော ဝစဿတာ ဟူသောပါဌ်၏ အဓိပ္ပါယ်ကား သားတော် ရာဟုလာကို အဆုံးအမပေးသောအခါ တခွန်းတည်းသော စကားဖြင့် နားထောင် ယူလွယ်ရမည်ဆိုလိုသည်။ သမဏာနဥ္စဒဿနံ ဟူသောပါဌ်၏ အဓိပ္ပါယ် ကား သီလဝန္တ ပုထုဇ္ဇနုပ်ပုဂ္ဂိုလ်တို့နှင့်တကွ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက် တို့အား ဖူးမြင်ရမည်ဆိုလိုသည်။ တပေါစ ဟူသောပါဌ်၏ အဓိပ္ပါယ် ကား ဝိရိယကိုဖြစ်စေ၍ ဣန္ဒြိယသံဝရသီလကို လုံအောင် ထိန်းသိမ်း ရမည်ဆိုလိုသည်။ ဗြဟ္မစရိယဉ္စ ဟူသောပါဌ်၏ အဓိပ္ပါယ်ကား မေထုန် ခုနစ်ပါးမှ ကြဉ်ရမည်ဆိုလိုသည်။ အရိယသစ္စာနဒဿနံ-ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား သစ္စာလေးပါးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မြင်ရသည်။ နိဗ္ဗာနသစ္ဆိကိရိယာစ ဟူသောပါဌ်၏ အဓိပ္ပါယ်ကား လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြံအရံရှိခြင်း၊ အခြံအရံမရှိခြင်း၊ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဤလောကဓံတရား ရှစ်ပါးကို ဆိုလိုသည်။ အထူးမှတ်ရန် အကျဉ်းအဓိပ္ပါယ်ပြီး၏။

## မဟာမင်္ဂလာတရား ၃၈-ပါး သံပေါက်

၁-ကောလာဟဠ၊ ကြီးကုန်ကြ၊ ဒေဝမနုဿာ။ ၂-သတ္တသိကြား၊ တောင်းပန်ငြား၊ ဟောထားဒေသနာ။ ၃-အသေဝနာစ၊ ဗာလာန၊ ရှောင်ကြ ဝေးဝေးခွါ။ ၄-ပဏ္ဍိတာနဥ္စ၊ သေဝနာ၊ ပေါင်းကြမိုဝဲရာ။ ၅-ပူဇနိယ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။ ၆-ပတိရူပ၊ တင့်အပ်လှ၊ ဒေသ အရပ်မှာ။ ၇-ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးကပြုသော်သာ။ ၈-ကိုယ့်ကို စောင်မ၊ ဆောက်တည်က၊ လားကြနိဗ္ဗူတာ။ ၉-အကြားအမြင်၊ များ မြောက်ပင်၊ ကြည်လင်အားထုတ်ပါ။ ၁၀-အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကဝိမှတ်ကုန်ရာ။ ၁၁-ဝိနယောစ၊သိက္ခိတ၊သင်ကြမျိုးလေးဖြာ။ ၁၂သုဘာ သိတ၊ ယာဝါစ၊ ကောင်းလှ ဆိုအပ်စွာ။ ၁၃-မာတာပိတ၊ မိနှင့်ဖ၊ နိစ္စလုပ်ကျွေးပါ။ ၁၄-မယားသားအား၊ သင်္ဂြိုဟ်ငြား၊ တပါးမင်္ဂလာ။ ၁၅-အနာကုလ၊ ကမ္မန္တ၊ ပြုကြမှုကိစ္စာ။ ၁၆-အလှူဒါန၊ ပေးဝေ၄၊ ထက်လှစေတနာ။ ၁၇-အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မခွသူတော်စွာ။

၁၈-ဉာတကာနဥ္စ၊ သင်္ဂဟ၊ မစသဂ္ဂြိုဟ်ပါ။ ၁၉-အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြ အပ်သည်သာ။ ၂၀-အာရတီစ၊ အဓမ္မ၊ နှေ့ညကြဉ်ကုန်ပါ။ ၂၁-ဝိရတီစ၊ ထူးထွေလှ၊ ကြဉ်ကြမှုပါပါ။ ၂၂-မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြ လူတကာ။ ၂၃-ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နေ့ညမမေ့ရာ။ ၂၄-ဂါရ ဝေါစ၊ ရိုတုပ်ကွ၊ မြတ်လှဓမ္မတာ။ ၂၅-နိဝါတောစ၊ ကိုယ်နှိမ့်ချ၊ မာန မထောင်ရာ။ ၂၆-သန္တုဋ္ဌီစ၊ ရောင့်ရဲကြ၊ နိစ္စအလွယ်သာ။ ၂၇-သူ၏ ကျေးဇူး၊ မတိမ်မြုပ်၊ ကြည်နူး သိကုန်ပါ။ ၂၈-လျောက်ပတ် ကာလ၊ မြတ်ဓမ္မ၊ နာကြအပ်သည်သာ။ ၂၉-သည်းခံနှလုံး၊ သူတော်ထုံး၊ ရှင်ပြုံး ကျင့်အပ်စွာ။ ၃၀-ကောင်းသည့် စကား၊ ဆိုအပ်ငြား၊ အများ ကြည် မေတ္တာ။ ၃၁-မခကောင်းမှုအား၊ ဝေးစွာရှား၊ လားလားကြဉ်ကုန်ပါ။ ၃၂-ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယွင်းချွတ်မရှိရာ။ ၃၃-သုံးခါတလ၊ မြတ်ဓမ္မ၊ နေ့ညဆွေးနွေးရာ။ ၃၄-မြိုးခြီကျင့်ဝတ်၊ သူတော်မြတ်၊ မပြတ် အရိယာ။ ၃၅-ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြ ပဏ္ဍိတာ။ ၃၆-အရိယ သစ္စ၊ ဒဿန၊ သိကြမျိုးလေးဖြာ။ ၃၇-နိဗ္ဗာန် မျက်မှောက်၊ ပြုကုန် မြောက်၊ ထွန်းတောက် မင်္ဂလာ။ ၃၈-လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ။ ၃၉-စိုးရိမ်သောက၊ စိတ်မခ္ခ၊ ကင်းကြ လွတ်သည်သာ။ ၄၀-ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြက်ချိုးရှင်းရှင်းကွာ။ ၄၁-အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှလွတ်သည်သာ။ ၄၂-သုံးဆယ့်ရှစ်ပါး၊ ဤတရား၊အများ မှတ်ကုန်ပါ။ ၄၃-ကျက်၍ အရ၊ ဆောင်လေက၊ ကြီးလှ မင်္ဂလာ။ ၄၄-ကျက်သရေမျိုး၊ နေ့တိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ။ မဟာမင်္ဂလာ သံပေါက်ပြီးပြီ။

## တနည်း-မင်္ဂလာကဗျာများ

၁-နတ်လူအများ၊ ကြိုးစားကြလေ၊ ဘယ်လူနတ်မျှ၊ မသိကြပေ၊ ထိုကြောင့်ရကား၊ ဟောကြားစိန္တေ၊ မှတ်ကုန်ကြ၊ များလှမျိုးတထွေ။ ၂-လူမိုက်ခဲ၊ အမြဲရှောင်ရာ၊ ပညာရှိလတ်၊ ဆည်းကပ်တဖြာ၊ ပူဇော် ထိုက်က၊ နိစ္စပူဇာ၊ ဤသုံးဝ၊ မှတ်ကြမင်္ဂလာ။ ၃-ကိုယ်နှင့် သင့်မြတ်၊ နေရပ်တဖြာ၊ ရှေးကပြုဘူး၊ ကံထူးပါလာ၊ ဆောက်တည်နေ့ည၊ ကာယ စိတ်သာ၊ ဤသုံးဝ၊ မှတ်ကြမင်္ဂလာ။ ၄-ကြားမြင်များခြင်း၊ တတ်ခြင်း ပညာ၊ ကောင်းစွာသင်ပြီး၊ ဝိနည်းနှစ်ဖြာ၊ ကောင်းစွာဆိုတတ်၊ သင့်မြတ် ဝါစာ၊ ဤလေးဝ၊ မှတ်ကြမင်္ဂလာ။ ၅-လုပ်ကျွေးကုန်ကြ၊ မိဘနှစ်ဖြာ၊ ထောက်ပံ့တုံငြား၊ သားမယားမှာ၊ နှောက်ယှက်မပြု၊အမှုကိစ္စာ၊ ဤသုံးဝ၊

မှတ်ကြမင်္ဂလာ။ ၆-အလှူပေးလတ်၊ မြင့်မြတ်ကျင့်ရာ၊ ထောက်ပံ့ မညှိုး၊ ဆွေမျိုး ဉာတကာ၊ အပြစ်မရှိ၊ ပြုဘိမှုသာ၊ ဤလေးဝ၊ မှတ်ကြ မင်္ဂလာ။ ၇-ဝေးစွာအထူး၊ နှစ်ဦးပါပါ၊ သေရည်သောက်မှု၊ ပေါင်းပြုရှောင်ရာ၊ ကုသိုလ်မမေ့၊ ခလေ့ထုံခါ၊ ဤလေးဝ၊ မှတ်ကြမင်္ဂလာ။ ၈-ရိုသေပြုခြား၊ တရားတော်နာ၊ ကိုယ်ကိုနှိမ့်ချ၊ ပြုကြကုန်ရာ၊ ရောင့်ရဲလွယ်ဦး၊ ကျေးဇူး သိပါ၊ ဤငါးဝ၊ မှတ်ကြမင်္ဂလာ။ ၉-သည်းခံကုန်ကြ၊ ဆုံးမနာပါ၊ ပုဏ္ဏား ရဟန်း၊ ရှင်လန်းဖူးကာ၊ လျောက်ပတ်ချိန်ဌ၊ ဆွေးနွေးကုန်ရာ၊ ဤလေးဝ၊ မှတ်ကြမင်္ဂလာ။ ၁၀-မြိုးခြီးကျင့်လတ်၊ မြင့်မြတ်ကျင့်မှာ၊ ကျင့်ဆောင် ရခြင်း၊ ရှုလင်းသစ္စာ၊ မျက်မှောက်ပြုရ၊ မြေနိဗ္ဗာ၊ ဤလေးဝ၊ မှတ်ကြ မင်္ဂလာ။ ၁၁-လောကဓံနှင့်၊ တွေ့လင့်ဗျာပါ၊ မတုန်မလှုပ်၊ ကင်းပြုတ် တဏှာ၊ စိုးရိမ်လွတ်ကင်း၊ ဘေးကင်းစွာ၊ ဤလေးဝ၊ မှတ်ကြ မင်္ဂလာ။ ၁၂-ဤသုံးဆယ့်ရှစ်၊ မှတ်လစ် မင်္ဂလာ၊ ရန်သူခပင်း၊ အောင်ခြင်း အောင်ရာ၊ လုံးစုံအရပ်၊ ရလတ်ချမ်းသာ၊ မှတ်သားကြ၊ မုချကျိုးဖလာ။ ၁၃-ရှင်တော်ဘုရား၊ ဟောကြားမိန့်ခွင်၊ ကျက်သရေတိုး၊ ကျိုးမျိုးစုံလင်၊ လောကီလောကုတ်၊မယုတ်ကျိုးထင်၊ဆောင်ကုန်ကြ၊မုချလွန်အောင်မြင်။ ၁၄-ရတနာသုံး၊ စိန်တုံးပမာ၊ မင်္ဂလာအစစ်၊ မှတ်လစ်ကမ္ဘာ၊ မင်္ဂလာ အကျိုး၊ တန်ခိုးထင်စွာ၊ လောကလုံး၊ အောင်ဆုံးမင်္ဂလာ။ (မင်္ဂလာတရား ကဗျာပြီး၏)။

## အပြင်အောင်ခြင်းကဗျာ

၁။ နတ်မင်း မာရ၊ အာဠဝကာ၊ နာဠာဂီရိ၊ မည်ရှိ ဆင်မှာ၊ အင်္ဂုလိမာလ၊ စိဉ္စမာနာ၊ သစ္စက၊ ပရိဗ္ဗဇကာ။ ၂။ နန္ဒောပနန္ဒ၊ ဗကဗြဟ္မာ၊ ဤသူရှစ်ဦး၊ အထူးအောင်ရာ၊ သုံးလူ့မြတ်မင်း၊ အောင်ခြင်း မင်္ဂလာ၊ ငါတို့အား အများကောင်းစေပါ။ ၃။ ဤသူရှစ်ဦး၊ အထူး အောင်မြင်၊ ရှင်တော်ဘုရား၊ အများဂုဏ်အင်၊သစ္စာစကား၊ မမှားဆိုတွင်၊ ထို့ကြောင့်မို့၊ ငါတို့အောင်ပန်းဆင်။

## အပြင်အောင်ခြင်းအမေးအဖြေ

အဘယ့်ကြောင့် အပြင်အောင်ခြင်းဟု ခေါ်ဆိုပါသနည်း။ မြတ်စွာ ဘုရားကိုယ်တော်မှ အပပြင်ပဖြစ်သော ရန်သူအပေါင်းကို ကောင်းစွာ အောင်မြင်သောကြောင့် အပြင်အောင်ခြင်းဟု ခေါ်ဆိုရပါသတည်း။

မြတ်စွာဘုရားသည် အဘယ်မည်သောရန်သူတို့ကို အောင်မြင်တော် မူပါသနည်း။ မြတ်စွာဘုရားသည် ၁-မာရ်နတ်သား၊ ၂-အာဠဝက

ဘီလူး၊ ၃-နာဠာဂိရိဆင်၊ ၄-အင်္ဂုလိမာလခိုးသူ၊ ၅-စိဉ္စမာနမည်သော မိန်းမ၊ ၆-သစ္စကပရဗိုဇ်၊ ၇-နန္ဒောပနန္ဒနဂါး၊ ၈-ဗကဗြဟ္မာ အားဖြင့် ရှစ်ယောက်သော ရန်သူတို့ကိုအောင်မြင်ပါသည်။

ထိုရှစ်ယောက်သော ရန်သူတို့ကို အဘယ်အရပ်၌ာနှင့် အဘယ်တရားဖြင့်အောင်မြင်တော်မူပါသနည်း။ ၁-မာရ်နတ်သားသည် လက်ဝဲတဆယ့်နှစ်ယူဇနာ၊ လက်ျာတဆယ့်နှစ်ယူဇနာ၊ အနောက်မျက်နှာကား စကြဝဠာတံတိုင်းအထိ အထက်ကိုကိုးယူဇနာ သို့စဉ်လောက် များပြားစွာသော ဂိရိမေခလာ မည်သော ဆင်ကြီး၌တက်စီးကာ မိမိကလည်း လက်နက်ကိုကိုင်စွဲလျက်ရှိသော လက်မောင်းလက်ရုံးပေါင်းတထောင်ကို ဖန်ဆင်းလျက် အောင်မြေမှန်ဘိ အပရာဇိ ရွှေပလ္လင်မြေ၌ အလောင်းဘုရား ထက်ဝယ်ဖွဲ့ခွေ နေတော်မူစဉ် တိုက်ဖျက်လာလေသည်။ ထိုသို့များပြားစွာသော နတ်စစ်သည်နှင့်တကွ မာရ်နတ်သား၏ တိုက်ဖျက်ပစ်ခတ်အပ်သမျှသော လက်နက် အမျိုးမျိုးတို့သည် အလောင်းတော်မြတ်ဗောဓိသတ်၏၊ ပါရမီတော်အဟုန်ဘုန်းတော်ဂုဏ်ကြောင့် ကိုယ်တော်ကို ထိခိုက်ဘို့ဝေးစွ လက်နက်အသွင် ပပျောက်လျက် ပန်းပေါက်ပေါက်ဖြစ်ရ၍ ခြေတော်ရင်းသို့ကျရောက်ကြကုန်ပြီး နတ်စစ်သည်အပေါင်းတို့ အလိုလိုပြိုပျက်၍ ထွက်ပြေးကြရကား ကိုယ်တော်၏အစိတ် ကိုယ်လက်တော်မျှ မလှုပ်ရှားပါဘဲ အောင်ခြင်းကြီး အောင်မြင်တော် မူလေသတည်း။ ၂-ဟိမဝန္တာ၏အနီး အာဠဝိပြည်ကြီးဝယ် မင်းတို့စံပျော်ရွှေမြို့တော်နှင့်မနီးမဝေး တခုသောပင်ညောင်ပင်ကြီးကို သိကြားမင်းအထံမှ အပိုင်စားရ၍ ထိုပင်ညောင်ပင်အနီး သန့်ရှင်းသောမြေအပြင်၌ အပြန့်ါးယူဇနာအစောက်အားဖြင့် သုံးယူဇနာရှိသော ရတနာဗိမာန်၌ စံနေသော အာဠဝကအမည်ရှိသော ဘီလူးနတ်မင်းသည် နတ်အစည်းအဝေးသို့သွားခိုက် သုံးလောကထွဋ်ထား သဗ္ဗညုဘုရားသည် ၎င်းဗိမာန်တွင်းသို့ ဝင်ရောက် သီတင်းသုံးနေရာ အာဠဝကဘီလူး သိရှိသဖြင့် လျင်မြန်စွာ ပြန်လာ၍ အမျက်ဒေါသ ပြင်းထန်စွာ ထွက်လှရကား ညဥ့်သုံးယမ် ပတ်လုံး မာရ်မင်းသက် ကဲလွန်စွာ သူတပါးတို့သည် သည်းမခံနိုင်စရာ ကြောက်မက်ဘွယ်ရာ အခိုးလျှံဖြာသော လက်နက်မိုးဘွဲ့ဖြူလက်နက်စသည်တို့ဖြင့် ပစ်ခတ်တိုက်ဖျက်လေ၏၊ ထိုအလုံးစုံသော ကြောက်မက်ဘွယ်ရာ လက်နက်သည် မြတ်စွာဘုရား၏ ခန္တီ တရားမေတ္တာဓာတ် အားကြောင့် ခြေတော်ရင်းသို့ရောက်လျှင် ပန်းပေါက်

ပေါက်ကောင်း နှံ့သာပြောင်းများ ဖြစ်ကြကုန်လျက် အောင်ခြင်းကြီး အောင်မြင်တော်မူလေသတည်း။

(မှတ်ချက်) ဤနေရာ၌ ဘွဲ့ဖြူလက်နက် ဆိုသည်မှာ ဘွဲ့ဖြူနတ်ပုဆိုး ပင်တည်း၊ ထိုဘွဲ့ဖြူလက်နက်သည် ယခုခေတ်သုံး အနုမြူဗုံးလက်နက်ထက် အဆရာပေါင်းများစွာ ပိုမိုပြင်းထန်ပေ၏၊ ၎င်းဘွဲ့ဖြူလက်နက်ဖြင့် ကောင်းကင်သို့ ပစ်သည်ရှိသော် တဆယ့်နှစ်နှစ်ပတ်လုံး မိုးမရွာနိုင် မြေပြင်သို့ ပစ်သည်ရှိသော် သစ်ပင် အပေါင်းတို့သည် တဆယ့်နှစ်နှစ် ပတ်လုံး လောင်ကျွမ်း ခြောက်သွေ့ အညွန့်မပေါက်နိုင်ကုန်၊ သမုဒ္ဒရာအတွင်းသို့ ပစ်သွင်းသော် ယူဇနာရှစ်သောင်းလေးထောင်နက်သော သမုဒ္ဒရာသည် အိုးကင်းပူရှိရေပေါက်ကဲ့သို့ ခန်းခြောက်လေသည်၊ ဤ၌ကား အရာအား လျော်စွာ အကျဉ်းသခ်ေပမျှ ဖော်ပြလိုက်ရပေ၏။ သုတ္တနိပါတ် အဋ္ဌကထာ၌ အကျယ်လိုလျှင် ကြည့်ရှုလေ။

၃။ ရှင်ဒေဝဒတ်သည် ရာဇဂြိုဟ်မြို့တော် အဇာတသတ်မင်းကြီး နန်းတော်သို့ဝင်၍ နာဠာဂီရိဆင်ဖြင့် မြတ်စွာဘုရားကိုသတ်ရန်စေခိုင်းသဖြင့် မင်းကြီးက ဆင်ထိန်းကိုခေါ်၍ ရှင်ဂေါတမ ကြွလာသောအခါ ဆင်တော်ကို ရှေ့ရှုလွှတ်ရန် စေတော်မူ၏။ ကြိုတင်၍ သိရှိတော်မူရကား လောကထွဋ်ထား မြတ်စွာဘုရားသည် ရောင်ခြည်တော် ခြောက်ဆိုင်ကို တပြိုင်တည်း ကွန့်မြူးစေလျက် ဝေဠုဝန် ကျောင်းတော်မှ ရဟန္တာ အပေါင်းခြံရံကာ ရာဇဂြိုဟ်မြို့ မင်းလမ်းမဖြင့် ဆွမ်းခံထွက်ကြွတော်မူလေရာ ဆင်ထိန်းဆရာတို့သည် နာဠာဂီရိဆင်ကိုအရက်များစွာတိုက်၍ လွှတ်ကြကုန်၏၊ နာဠာဂီရိဆင်တော်သည်လည်း ဘုရားသခင်ကြွလာသည်ကို အဝေးကမြင်သောအခါ ကောင်းကင်မိုးလုံး ထစ်ချုန်းရိုက်ဟီး ပွဲတင်သည်းမျှပြင်းထန်သောကြိုးကြာသံလိုဟာစ်လျက် မြတ်စွာဘုရားထံသို့ တဟုန်တိုး ထိုးဝင်လေ၏။ မြတ်စွာဘုရားသည်လည်း ချစ်သားနာဠာဂီရိ အခြားသူထံမသွားနှင့် ငါ့အား ရှေ့ရှုလာလှည့်ဟု မေတ္တာစကားဖြင့် ခေါ်တော်မူသောအသံကို ကြားလေလျှင် ဆင်မင်းသည်မြတ်စွာဘုရား၏ ရောင်ခြည်လျှံဝေ တင့်တယ်သော အသရေတော်ကိုမြင်ရ၍ ကြည်လင်သောစိတ်စေတနာဖြစ်ရကား သေယစ်ခြင်းပျောက်ကင်း သတိအလင်း ရသဖြင့် အမြီး နားရွက်ကိုချကာ ခံတွင်းဝသို့ နှာမောင်းကို သွင်း၍ မြတ်စွာဘုရားခြေတော်ရင်းသို့ ဝပ်စင်းတုပ်ပျပ်လေသဖြင့်အောင်ခြင်းကြီး အောင်မြင်တော်မူလေသတည်း။

ဇာတ္တကသယ ၄၈၈-၅၅

၄။ ကောသလတိုင်း သာဝတ္ထိပြည်ဝယ်အဂ္ဂိကမည်သောပုရောဟိတ် ပုဏ္ဏားကြီး၏သား အဟိံသကမည်သော သူငယ်သည် မိဘတို့စေခိုင်း ချက်အရ တက္ကသိုလ်ပြည်သို့ ပညာသင်သွားရာ မကြာမီ ပညာစုံတတ် မြောက်၍ တက္ကသိုလ် ဆရာကြီးနှင့်တကွ ဆရာကတော်တို့၏ ဝတ္တရား ကျေပြွန်၍ များစွာချစ်ခင်ခြင်း ခံရသည်ကို အတူနေတပည့်တို့က မနာလို ဝန်တိုကုန်းချောမှုကြောင့် ဆရာကြီးက ပရိယာယ်ဖြင့်သတ်လို၍ လက်ညှိုး ပေါင်း တထောင်ဖြင့် ငါ့အားပူဇော်ပါမူ တပည့်အား ပညာထူး ပေးမည်ဟု ပြောဆိုသည်ကို တကယ်ပင် ထင်မှတ်၍ လက်ညှိုးပေါင်း တထောင်ရရန် လူများစွာကိုသတ်၍ လက်ညှိုးပန်း ပြုလုပ်သောအခါ အင်္ဂုလိမာလသူခိုးဟု ကျော်ကြားလေ၏။

တနေ့သ၌ လက်ညှိုးတထောင်ပြည့်ရန် လက်ညှိုး တချောင်းမျှလိုနေ သဖြင့်တွေ့မရှောင်သတ်မည်ဟု သံလျက်ကိုဝင့်၍အထွက် အမိပုဏ္ဏေးမ ကြီးကလည်း သားအတွက်ကောသလမင်းကြီး၏ စစ်သည်တော်ငါးရာက သတ်မည်စိုး၍လာအပြော အမိကိုမြင်ကာမျှဖြင့်လိုက်လေရာ လျင်မြန်စွာ မြတ်စွာဘုရားကြွလာ၍ သားအမိတို့ကြားသို့ဝင်ကာ စင်္ကြံကြွနေသော အခါ အင်္ဂုလိမာလသည်လည်း မြတ်စွာဘုရားကိုပင် သတ်မည်ဟုလိုက် လေ၏။ မြတ်စွာဘုရားလည်း ပကတိမြေကြီးကိုရေသဖွယ် လှိုင်းထစေရန် တန်ခိုးတော်ဖြင့် ဖန်ဆင်းလေရာ သုံးယူဇနာခရီးကို တဟုန်တည်း ပြေး စွမ်းနိုင်သော သူခိုးကြီးစဉ်လျက် ဟိုက်ဟိုက် မောပန်း မလိုက်နိုင်စွမ်း သဖြင့် အောင်ခြင်းကြီး အောင်မြင်တော်မူလေသတည်း။

၅။ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှုန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်နေတော်မူစဉ် မိစ္ဆာဒိဋ္ဌိဆရာကြီးတို့သည် မြတ်စွာဘုရားကြောင့် ငါတို့ လာဘ်ပူဇော်နည်းကုန်၏ဟု မြတ်စွာဘုရား အား ရန်ငြိုးဖွဲ့သဖြင့် ဘုရားကိုယ်တော် ညှိုးကွယ်ပျက်စီးစေရန် အလွန် တရာလှပသော စိဉ္စမာနမည်သော ပရိဗိုဇ်မအား ဖျက်ဆီးခိုင်းသဖြင့် ၎င်းပရိဗိုဇ်မသည် သစ်သားဝန်းကို အဝတ်ဖုံးကာ ကြိုးနှင့်ရစ်ပတ်ဖွဲ့ချည် ပြီး ကိုယ်ဝန်ရပုံပြု၍ ဇေတဝန်ကျောင်း၌ ပရိသတ်အပေါင်းအား တရား ဟောစဉ် လာရောက်စွပ်စွဲလေရာ၊ မြတ်စွာဘုရား၏ ဘုန်းတော်ကြောင့် သိကြားမင်းသည် နတ်သားလေးယောက်နှင့် လာရောက်ကာ နတ်သား တို့အား ကြွက်ငယ်လေးကောင်ဟန် ဘန်ဆင်း၍ ချည်ထားသော ကြိုးစ လေးဘက်ကို တချက်တည်း ကိုက်ချစေရာ၊သစ်သားဝန်းသည် စိဉ္စမာန၏

မြေပေါ်သို့ကျ၍ မြေပြိုတ်သွားရုံမက တရားနာပရိသတ်တို့ ရိုက်နှက် မောင်းမဲခြင်းခံရ၍ ထွက်ပြေးရာ ဇေတဝန် ကျောင်းတော်၏ ပြင်ပသို့ ရောက်သောကာလ၊ မဟာပထဝီမြေကြီး ထက်ခြမ်းကွဲ၍ အဝီစိငရဲသို့ ကျရောက်သဖြင့် အောင်ခြင်းကြီး အောင်တော်မူသတည်း။

၆။ ဝေသာလီပြည်၌ အဘထံမှသင်ယူအပ်သော ဝါဒငါးရာ၊ အမိထံမှသင်ယူအပ်သော ဝါဒငါးရာ ပေါင်းတထောင်နှင့်တကွ ဝဏ္ဏပုံပြင် မဗေဒ်မကြွင်း ခပင်းဥဿုံ လောကီကျမ်းအလုံးစုံကို တတ်သဖြင့် အလွန် ကျော်ကြားသော လိစ္ဆဝီမင်းတို့ကို ပညာသင်ပေးရသော သစ္စကပရိဗိုဇ် ဆရာကြီးသည် ဝေသာလီပြည်သို့ မြတ်စွာဘုရား ဒေသစာရီ ဖြန့်ချီ ကြွရောက်လေရာ၊ လိစ္ဆဝီမင်းများ မြို့သူမြို့သား တပည့်များနှင့် တကွ လာရောက်၍ မြတ်စွာဘုရားအား ဝါဒဖြင့် နှိပ်စက်မည်ဟု သဘော ပိုက်လျက် ရှင်ကြီးဂေါတမ-သင်သည် တပည့်သားတို့အား အဘယ် တရားကို ဟောပါသနည်းဟု မေးလျှောက်၏။ မြတ်စွာဘုရားက သစ္စက ပရိဗိုဇ်-ငါကား တပည့်သားတို့အား နာမ်ရုပ်တို့၏ အနိစ္စ,ဒုက္ခ,အနတ္တ အဖြစ်ကို ဟော၏ဟု မိန့်တော်မူသောအခါ မြတ်စွာဘုရား ဟောသော အနတ္တသည် မဟုတ်မမှန် အတ္တ သာတည်းဟု ဝါဒဖြင့်တင်ရာ၊ မြတ်စွာ ဘုရားက ဥပမာအားဖြင့် ပြည့်ရှင်မင်းသည် နိုင်ငံသူ နိုင်ငံသားများ အပေါ်၌ အစိုးရသကဲ့သို့ သင်၏ရုပ်နာမ်အပေါ်၌ သင်အစိုးရ သလော ဟု မေးသောအခါ၊မြတ်စွာဘုရား ဒေသနာ ဟုတ်မှန်ကြောင်း သိလျက် မိမိရှုံးမည်ကြောက်၍ တုဏှီဘာဝေ-မလျှောက်ဆိုဘဲ နေလေရာ၊သိကြား မင်း လာရောက်ခြိမ်းချောက်မှ အနတ္တအဖြစ်ကို လျှောက်ထား ဝန်ခံကာ မိမိဝါဒကို စွန့်ပစ်သဖြင့် အောင်ခြင်းကြီး အောင်တော် မူလေသတည်း။

၇။ နန္ဒောပနန္ဒ နဂါးမင်းသည် မြင့်မိုရ်တောင်ခြေရင်း မိမိဗိမာန် အတွင်း၌ ဗိုလ်ပါပရိသတ်အပေါင်း ခြံရံကာအဖျော်သောက်ပွဲသဘင် ခံရန် ပြုလုပ်နေစဉ် မြတ်စွာဘုရားသည် ရဟန္တာငါးရာနှင့်တကွ မိမိတို့ အပေါ် ဖြတ်ကျော်သွားသည်ကို မခံနိုင်ရကား မြင့်မိုရ်တောင်ကြီးကို အရင်းမှ အဖျားတိုင် ခုနစ်ဆင့်ရစ်ပတ်လျက် ပါးပြင်းဖြင့် အုပ်၍ထား သောအခါ မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန်ကို ဆုံးမရန်နည်းညွှန် ပေးကာမိန့်တော်မူသဖြင့် ရှင်မောဂ္ဂလာန်သည်ငင်းနန္ဒောပနန္ဒနဂါးထက် အဆပေါင်းများစွာကြီးသော နဂါးကြီးဟန် ဖန်ဆင်းလျက် နဂါးမင်း၏ အထက်၌ တဆယ့်လေးပတ် ရစ်ပတ်ပြီးသော် နဂါး ခေါင်းပေါ်၌

မိမိပါးပြင်းကိုအုပ်လျက် မလှုပ်နိုင်အောင် မြင့်မိုရ်တောင်ဖြင့် ညှပ်၍ ကြိတ်ထားသဖြင့် အခိုးအလျှံလွှတ်ခြင်းစသော ဆုံးမခြင်းဖြင့် ဆုံးမတော်မူ၍ အောင်ခြင်းကြီး အောင်မြင်တော်မူလေသတည်း။

၈။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း စံနေတော်မူစဉ် အာဘဿရဘုံ၌နေသော ဗကမည်သော ဗြဟ္မာမင်းကြီးသည် အလွန်တရာ အသက်ရှည်ရကား ဗြဟ္မာအဖြစ်သည် အိုနာသေဘေးမရှိ အတိသုခ အစစ်ဖြစ်သော နိဗ္ဗာန်ပင်တည်းဟု မိစ္ဆာဒိဋ္ဌိ အယူရှိသဖြင့် မြတ်စွာဘုရားသည် အာဘဿရဗြဟ္မာဘုံသို့သွားရောက်၍ ဗြဟ္မာအဖြစ်သည် နိဗ္ဗာန်မဟုတ်၊ အနိစ္စသာတည်းဟု ဉာဏ်တော်အလင်း ညွှန်ပြခြင်းဖြင့် အောင်ခြင်းကြီး အောင်တော်မူလေသတည်း။ အပြင် အောင်ခြင်း အမေးအဖြေပြီး၏။

## အပြင်အောင်ခြင်း ရှစ်ပါးကဗျာ

၁။လက်ရုံးဘန်ဆင်း မာရ်မင်းဒေဝါ၊ များစွာသောင်းသောင်း မိုလ် ပေါင်းစုံစွာ။ လက်နက်မိုဃ်းပေါက် ပစ်ဖောက်သောခါ၊ ဘုန်းတော် ဖြင့် ကင်းလွတ်အောင်မြင်ရာ။

၂။ညဥ့်သုံးယာမ်လုံး ထစ်ချုန်းမိုဃ်းဟန်၊ စစ်ထိုးတုံငြား များပြားခက် ထန်။ အာဠာဝက ယက္ခမျက်မာန်၊ သည်းခံခြင်း အောင်လျှင်းမင်္ဂလံ။

၃။တောမီးမိုဃ်းကြိုး တက်တိုးပြင်းထန်၊ တဟုန်ပြင်ထိုး ဆင်မျိုးမင်းစံ၊ နာဠာဂီရိ မည်ရှိဂဇံ၊ မေတ္တာဖြင့် အောင်လင့်မင်္ဂလံ။

၄။ကိုင်ထား သန်လျက် လက်လက်ဝင်းပြောင်၊ ကိုယ်တွင် ဆင်ထိုး လက်ညှိုး တထောင်၊ အင်္ဂုလိမာမိုက် ဟိုက်ဟိုက် မောအောင်၊ တန်ခိုးဖြင့် အောင်လင့်တို့ဘုန်းခေါင်။

၅။သစ်သားဝန်းအပ် ရစ်ပတ်ကိုယ်မှာ၊ ကိုယ်ဝန်ပြုလုပ် မဟုတ်မရာ။ ပရိသတ်ထဲ စွတ်စွဲစိဉ္စမာ၊ ဘုန်းတော်ဖြင့် အောင်လင့်မင်္ဂလာ။

၆။မှန်သော စကား ပယ်ရှား ပြစ်တင်၊ မမှန်သောအား ထင်ရှား ဟုတ်ထင်။ သစ္စကဟု နာမကျော်တွင်၊ ပညာဖြင့် ပယ်လှှင့်လွှန် အောင်မြင်။

၇။တန်ခိုးကြီးမား နဂါးမျိုးမှန်၊ နန္ဒောပနန္ဒ ပြင်းပြမျက်မာန်။ ရှင်မောဂ္ဂလာန်အား ညွှန်ကြားသောဟန်၊ တန်ခိုးဖြင့် အောင်လင့် မင်္ဂလံ။

၈။မြဟ္မာ့အဖြစ် မှတ်လစ်နိဗ္ဗာန်၊ အထူးမှားလတ် ဘဿရစံ။
ဗကမည်ရ မြဟ္မာ့မင်းမှန်၊ ဉာဏ်တော်ဖြင့် အောင်လင့်မင်္ဂလံ။
၉။ရန်သူရှစ်မျိုး နှိမ်ချိုးပယ်လှန်၊ ရွှေဘုန်းတော်ဖြင့် အောင်လင့်အမှန်။
လောကထွတ်ထား ဘုရားဘုန်းကံ၊ ရိဋ္ဌတ်ကျိုး ရှိခိုးသောအဟံ။

## အပြင်အောင်ခြင်းရှစ်ပါး ငါးပေါက်သံကဗျာ

၁။ အောင်ခြင်းရှစ်ပါး အသံကြားတဲ့အခါ၊ စီးပွားဉစ္စာ အဟုတ် မကြာအောင် ကျန်းမာချမ်းသာပါလို့ ဘေးရန်မဝိုင်း ကြံတိုင်းအောင် ဆောင်တိုင်း မြောက်မှာ၊ ခုနစ်ရက် သားသွီးများနဲ့ လူနတ် ဗြဟ္မာ၊ သတ္တရာဇ်ကောဇာ တရာ့သုံးခုမှာ လပြည့်နွေကဆုန် ရွှေဘုန်းတော် ခြောက်ဖြာတောက်ခါ မဟာဗောဓိညောင်ပင်အောက်မှာ ဘုရားအဖြစ် တရားအစစ်နဲ့ ရွှေပလ္လင်ထက်မှာ စံပယ်ချိန်အခါ ပြောင်မာတင်မေခလာ ဆင်ရတနာစီးလို့ မာရ်နတ်မင်းရယ် အားမာန်တင်းကာ ဝဿဝတ္တီ နတ်ပြည်ကသာ စစ်ချီကာရန်တွေမူလို့ ဘုရားကိုယှဉ်တု ပလ္လင်လုပြန်တာ သည်းခံပါလို့ အမျက်မထား၊ ပါရမီဆယ်ပါးနဲ့ မာန်နတ်မင်းရန် နှိမ်နှင်းပေရှာ မေတ္တာခါတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်းနှင်းတဲ့ အောင်ခြင်း ရှေးဦးစွာ ပဌမပါ။

၂။ အာဠဝိပြည်အနီး ညောင်ပင်ကြီးမှာ တဦးတည်း ဘီလူးကြီး အာဠာဝကစံရာ၊ တနေ့သော် မြတ်စွာဘဂဝါ သူ့စံနန်းမြန်းတော်မူလာ ဘီလူးကြီးအာဠာဝက ယမ်းပုံမီးကျ တားမရဆီးမနိုင် ဒေါသလှိုင်ကာ ဘုရားကိုပြိုင်ဆိုင် မနိုင်ငြား၊ ရန်စွယ်များလဲကျရရှာ မေတ္တာခါတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းတဲ့အောင်ခြင်း နှစ်ခုမြောက် ဒုတိယပါ။

၃။ အခါတပါး ဘုရားမြတ်စွာ ရာဇဂြိုဟ်ပြည်လမ်းမှာ ဆွမ်းခံကြွ လာခိုက် သတ်လိုက်မယ်တဲ့ ဒေဝဒတ်မိုက်ဟာ ကြံစည်ပြန်ကာ နာဠာဂိရိ အမည်ရှိတဲ့ဆင်ကို အရက်အမျိုးမျိုးတွေ အတင်းတိုက်လို့သာ ဘုရား မြတ်စွာကိုပင် အနင်းခိုင်းလိုက်တာ သို့ပါသော်လဲ ဆင်မိုက်ကြီးမှာ ဒူးတုပ်ရရှာ မေတ္တာခါတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းတဲ့ အောင်ခြင်း သုံးခုမြောက် တတိယပါ။

၄။ ရှေးသရောအခါ သာဝတ္ထိပြည်ဌာနမှာ၊ လူဆိုးမိုလ် အင်္ဂုလိ မာလဟာ သန်လျက်များ မချပါ– ၂။ ခေါးမြကြီးလုပ်၍ ဆိုးယုတ်နေတာ လက်ညှိုးတွေခုတ်လို့သာ ဘုရားကြွလာ မမှားဘို့ရာ တရားပြတော်မူရှာ၊

မေတ္တာဓာတ်နှင့် ဗုဒ္ဓမြတ်စွာ ဆောင်နှင်းတဲ့ အောင်ခြင်းလေးခုမြောက် စတုတ္ထပါ။

၅။ မြတ်တရားတော် မြွက်ရှာပါလို့ သိကြားပြဟ္မာ အများသတ္တဝါ ဗိုလ်ပုံပရိသတ်စုံတဲ့မင်္ဂလာပွဲမှာ၊ စိဉ္စမာနမိန်းမယုတ်မှာ၊ သူ့ဗိုက်ကိုပျဉ်ချပ် ဖုံးခါ၊ ရဟန်းဂေါတမနဲ့ ကမ္ဗဒ္ဓာန်းဇောကြွခါ၊ ငိုကြွေးအရှက်မွှန် ကိုယ် လေးလက်ဝန် ရှိတဲ့ပုံဟန်ဆောင်၍ သူစွပ်စွဲလာ၊ အပြစ်တော်မယူဘဲ လူပုံ ထဲမှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းတဲ့ အောင်ခြင်း ငါးခု မြောက်-ပဉ္စမပါ။

၆။ သုံးလူ့ထွဋ်ထား မြတ်ဘုရားဒေသနာ၊ မှတ်သားဘွယ်ဝေနေယျာ အနိစ္စရယ်-ဒုက္ခရယ်-အနတ္တတရား၊ မှားတယ်ဆို၍ မကြည်ညိုပြန်တာ၊ အသူသွဲ့တဲ့ ငရဲမိတ္တာ သစ္စကပရဗိုဇ် မလိမ်မာ၊ ဒေသနာတော်အနန္တကို မြတ်ဘုရားက နောင်မမှားရအောင်ပ သစ္စကကို တရားပြတော်မူရှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းတဲ့ အောင်ခြင်း ခြောက်ခုမြောက် ဆဋ္ဌပါ။

၇။ မြင့်မိုရ်ရွှေတောင် ခါးပန်းမှာ ကြမ်းတမ်းတဲ့ နတ်နဂါးဟာ၊ မှတ်သားလောကစရာ၊ နန္ဒောပနန္ဒ လျှပ်တပြက် အသက်ရာကုဋေချွေခွင်း မြွေမင်းရာဇာ၊ မြတ်ဘုရားရဲ့ သားတော်ရှင်မောဂ္ဂလာ၊ နှိမ်နင်းဘို့ လွှတ် လိုသာ စိတ်နှလုံးသိမ်မွေ့ခါ၊ နဂါးကြီးခေါင်းစိုက် ဦးခိုက်ပါလို့ ခစားဘို့ ရောက်လိုလာ၊ မေတ္တာဓာတ်နှင့် ဗုဒ္ဓမြတ်စွာ၊ ဆောင်နှင်းတဲ့ အောင်ခြင်း ခုနစ်ခုမြောက်-သတ္တမပါ။

၈။ မြဟ္မာဘုံမှာ တန်ခိုးဂုဏ်မာန်တင်း၊ နေဆယ်စင်းသို့ပုံပမာ၊ ဗက မြဟ္မာကြီးဟာ အမှားကြီးမှားလို့ အယူသည်းနေရှာ၊ ငါသာ မြတ်တယ် စိတ်မှာစွဲခါ၊ ဘုရားကိုပင် ကန့်လန့်တိုက်၍ မိုက်နေပုံကို ဆိုးနေပုံကို ဘဂဝါဘုရားကသာ ဒေသနာတရားပြကာ၊ အဲသည်တော့ ဗကမြဟ္မာ မာန်စွယ်ကျိုးလို့ ရှိခိုးရရှာ၊ မေတ္တာဓာတ်နှင့် ဗုဒ္ဓမြတ်စွာ ဆောင်နှင်းတဲ့ အောင်ခြင်း ရှစ်ခုမြောက်-အဋ္ဌမပါ။

## အတွင်းအောင်ခြင်းကဗျာ

၁။ ဥခွံအမိုက် လိုက်လိုက်မီးဟုန်၊ ရေယာဉ်မျောဘိ ကိလေသာစုံ၊ အမြဲမပြတ် ကိုက်သတ်မြွေပုံ၊ တွင်းရန်ဆိုး မျိုးမျိုးနှိပ်စက်ကုန်။

၂။ ရှင်တော်ဘုရား ဟောကြားမဂ္ဂင်၊ သစ္စာလေးဆင့် တိုက်လှင့် ကုန်စင်၊ ကိလေသာရန်စု တခုမတင်၊ အောင်မြင်မှု အောင်ဆုမြဲပန်ဆင်

၃။ ရှင်တော်မှန်ကင်း အတွင်းရန်သူ၊အကုန်ပယ်ရှင်း မယွင်းလွယ်ကူ၊ သစ္စာစကား မမှားဆိုသူ၊ ထို့ကြောင့်မို့ ငါတို့အောင်လံထူ။

ရတနာရွှေချိုင့်ကဗျာ

၁။ ရတနာခုနစ်ပါး စီထားချိုင့်တွင်၊ ရတနာရွှေချိုင့် ထို့ကြောင့် မည်တွင်၊ဘေးရန်အပေါင်း မကောင်းကင်းစင်၊ စေမှု ဆောမြဲပန်ဆင်။

၂။ မာရ်မျိုးငါးရပ် သတ်ဖြတ်အောင်မြင်၊ သစ္စာလေးပါး ဟော ကြားကုန်စင်၊ တဏှာကြ အစရှင်ပင်၊ နှစ်ကျိပ်ရှစ် ဦးရစ်အမြဲတင်။

၃။ ကျွန်ုပ်ထိပ်ထက် ဝင်းလက်ရောင်ရှင်၊ အမြဲတည်ငြား သုံးပါး ထွဋ်တင်၊ နတ်မင်းလေးပါး သိကြားဝန်းကျင်၊ ရွှေချိုင့်တွင်း ရန်ကင်း ဘေးအောင်မြင်။

နမက္ကာရအကျိုးပြကဗျာ

၁။ နမက္ကာရ မျှားဘိဂါထာ၊ မဆိုထားမှု တခုမျှသာ၊ ဆောင်ရွက် တုံငြား အမျိုးသားမှာ၊ မှတ်သားလင့် များဖြင့် ကျိုးဖလာ။

၂။ ယခုမျက်မှောက် ကင်းပျောက်ဘေးရန်၊ အနာကင်းမှု အာယု ဒီဃံ၊ လူသူခပင်း ချစ်ခြင်းပိယံ၊ ပူဇော်ကြ မုချကျိုးဖလံ။

၃။ တမလွန်ကား ကင်းငြားအပါယ်၊ လူမင်းနတ်မင်း ဖြစ်ခြင်း သွယ်သွယ်၊ ဥစ္စာစီးပွား ပေါများလွန်ကြွယ်၊ နိဗ္ဗာန်ဆု ရမှုမြဲဘွယ်။

သိကြားမင်းမပေးနိုင်သောဆု ၆-မျိုး

၁။ မျက်ထွက်ပြစ်မှား နှစ်ပါး မရှိတာ။ ၂။ သူတပါး စည်းစိမ် တပ် နှစ်သက်ခြင်းကင်းတာ။ ၃။ သူတပါးတို့၌ ချစ်ခြင်းမဖြစ်တာ။ ၄။ လျစ်လျူ သမှု ရှု၍နေခါ။ ၅။ လေးအရိယာ ရောဂါမရှိတာ။ ၆။ ကိုယ့် အတွက် ကြောင့် သုံးဒွါရမှာ သတ်စိတ်မရှိဘဲ ပျောက်ပျက် ကင်းကွာ ဤဆုများ ကိုသာ ငါလိုချင်တာ။

(မှတ်ချက်)။ အလောင်းတော် ကဏှာ ရှင်ရသေ့သည် အကျင့်များ သောကြောင့် သိကြားမင်းစည်းစိမ် တုန်လှုပ်ရကား-အလိုရှိသောဆုကို တောင်းပါဟု လျှောက်ထားသောအခါ သိကြားမင်း မပေးနိုင်သော ဆုကို တောင်းလေသတည်း။

အိမ်ထောင်စုံလေးမျိုး ရှစ်လုံးဘွဲ့

၁။ အိမ်ရှင်လင်က သီလဖြူစင်၊ အိမ်သူမယား ဖောက်ပြား ကျင့်စဉ်၊ လင်ကနတ်သား မခြားပုံသွင်၊ ချစ်ဇနီး အပြီးသူသေပင်။

၂။ အိမ်ရှင်သူမ သီလဖြူစင်၊ အိမ်ရှင်သက်ထား တရားမခင်၊ သေသူ လင်သား မခြားပုံသွင်၊ ချစ်ဇနီး နတ်သွီးတူလှပင်။

၃။ လင်နှင့်မယား နှစ်ပါးညီတူ၊ ကျင့်ဝတ်ဖောက်ပြား တရားမဖြူ၊ သူသေနှစ်ဦး ယှဉ်ပူးကာမြူ၊ ချမ်းသာလွဲ ငရဲကျ၍ပူ။

၄။ လင်နှင့်မယား နှစ်ပါးညီတူ၊ ကျင့်ဝတ်တရား လေးပါးစင်ဖြူ၊ နတ်သွီး,နတ်သား နှစ်ပါးချီမြူ၊ ခိုမှီကပ် လူနတ်မြတ်နိဗ္ဗူ။

၅။ အိမ်ထောင်လေးပါး ရှုစားဆင်ခြင်၊ မကောင်းပယ်လှပ် ကောင်း မြတ်ခင်မင်။ စိတ်တူကိုယ်မျှ စစပြုပြင်၊ မြန်ခဏ စံရနိဗ္ဗူခွင်။

**သီဝလိရှစ်လုံးဘွဲ့ကဗျာနှင့် အလင်္ကာတရားဓမ္မ ဒေသနာ**

၁။ သီဝလိဟု မည်ပွိုထေရ်ရှင်၊ ဗြဟ္မာ လူနတ် လေးမြတ်ချစ်ခင်၊ဂုဏ် တန်ခိုးကြောင့် မြတ်နိုးခင်မင်၊ ကျွန်ုပ်အား လေးစားထာဝစဉ်။ လူနတ် ကုန်စင် ခုံမင်မြတ်နိုး၊ လာဘ်စွေဖြိုး၍ လာဘ်မိုးရွာဘိ၊သီဝလိမည်ခေါ် မထေရ်ကျော်၏၊ ဂုဏ်တော်မျိုးမျိုး ရှိန်တန်ခိုးကြောင့်၊ မြတ်နိုးချစ်ခင် လာဘ်မိုးရွှင်သည်၊ လူ့ခွင်နတ်ရပ် ဘုံတိုင်တည်း။

၂။ ဂုဏ်ကြီးမားဘိ သီဝလိထေရ်မော်၊ လူနတ်အများ လေးစား ပူဇော်၊ ထေရ်ရှင်အလား ကျွန်အားရှုမျှော်၊ မြင်သူများ လေးစား ချစ် စေသော်။ ဂုဏ်တော်ကြီးမြတ် လူနတ်ပူဇော်၊ မထေရ်ကျော်၏ တေဇော် ဘုန်းဟုန်၊တန်ခိုးဂုဏ်ကြောင့် လုံးစုံညွတ်ခ၊ပူဇော်ရသည် ဘဝဆက်တိုင်း ဖြစ်စေသော်။

၃။ တန် ခိုးကြီးဘိ သီဝလိထေရ်ရှင် တပည့်ထိပ်ထက် ကိန်းလျက် အစဉ်၊ အာဏာရှိန်စု ဇမ္ဗူ့မြေပြင် ချမ်းသာပွား မန္တယား အောင်ပန်း ဆင်။ တန်ခိုးကြီးဘိ သီဝလိမည်တွင် ထေရ်အရှင်ကား ထက်ခွင် ဦးဆီ မြဲစွာတည်၍ စုံညီပွားတိုး မြတ်တန်ခိုးကြောင့် စိုးမိုးပေါ်ထင် ဇမ္ဗူခွင်၌ အောင်မြင်မန္တယား ချမ်းသာပွားသည် ကျွန်အားစင်စစ် ဖြစ်စေသော်။

၄။ လာဘ်ပေါများဘိ သီဝလိထေရ်ရှင်၊ လူနတ်ပေါင်းက တောင်း တခင်မင်၊ ထေရ်မြတ်တန်ခိုး လာဘ်မျိုးစုံရွှင်၊ ခါမခြား ကျွန်အားမြတ်နိုး ခင်။ လာဘ်လာဘရွှင် လူနတ်ခင်၍၊ ဖူးမြင်ပူဇော် မထေရ်ကျော်၏၊ တေဇော်ပြည့်ဖြိုး မြတ်တန်ခိုးကြောင့်၊ လာဘ်မိုးစွေကာ ပဒေသာသို့၊ ပြည့်ရွာတလွှား မြတ်လေးစားသည်၊ ကျွန်အားမုချ ဖြစ်စေသော်။

၅။ ဘုန်းကံကြီးဘိ သီဝလိထေရ်၊ ချမ်းသာပေးတတ် များလတ် ဝေနေ၊ တန်ခိုးစွမ်းကြောင့် ဘေးကြမ်းကင်းလေ၊ ဘုန်းကံလင်း လွှန်မင်း

ချမ်းသာစေ၊ ဤ ဘုန်းကံကြီးမား သတ္တဝါများကို စားစားချမ်းသာ ပေးကာဝေတတ်၊ မထေရ်မြတ်၏ နှစ်စပ်ကျော်ကြား တန်ခိုးအားကြောင့်၊ ဘေးများကင်းကွာ ဘုန်းသမ္ဘာကြီးမား၊ ချမ်းသာပွားသည် ကျွန်အား မပြတ်၊ ပွားစေသော်။

၆။ ကိုယ်အားဉာဏ်အား ကြီးမားထေရ်ရှင်၊ တန်ခိုးစွမ်းကြောင့် ချေမ်းအစဉ်၊ ဆင်းလှနာဝေး ယဉ်ကျေးဂုဏ်တင်၊ အမြတ်ထား လေးစား ရှိခိုးတင်၊ စုံလင်ပြည့်ဖြိုး မြတ်တန်ခိုးကြောင့်၊ ပွားတိုးသုခ အဆင်းလှ၍၊ ကင်းပရောဂါ ယဉ်ကျေးစွာဖြင့်၊ တေဇာကျော်ကြား အမြတ်ထားသည်၊ ကျွန်အားမလင့် ဖြစ်စေသော်။

၇။ ရှင်သီဝလိ မည်ရှိထင်ပေါ်၊ နတ်လူအပေါင်း ခညောင်းပူဇော်၊ ထေရ်နတ်တန်ခိုး မြတ်နိုးမကော်ရော်၊ ကျွန်ုပ်အား လေးစားယုံကြည် သော်။ လူနတ်ကျော်ကြား လေးစားပူဇော်၊ မထေရ်ကျော်၏ တေဇော် ဖွံ့ဖြိုး၊ ရှိန်တန်ခိုးကြောင့် မြတ်နိုးကြည်သာ၊ လေးစားစွာဖြင့် မကွာနေ့ည၊ ပူဇော်ရသည် မုချကျွန်အား ဖြစ်စေသော်။

၈။ သနားလွန်သိ သီဝလိထေရ်ရှင်၊ မြင်ကြသူများ လေးစားချစ်ခင်၊ ထေရ်ရှင်တန်ခိုး မြတ်နိုးခင်မင်၊ ဂုဏ်ထင်လင်း စိတ်တွင်း နှစ်မြို့ဝင်။ ညှာတာသနား မြင်သူများတို့၊ လေးစားချစ်ခင်ႇ ထေရ်အရှင်၏၊ စုံလင် ပြည့်ဖြိုး ရှိန်တန်ခိုးကြောင့်၊ မြတ်နိုးခင်မင် လူပေါ်ထင်၍၊ သက်ဝင်အမြဲ စိတ်မှာစွဲသည် မလွဲကျွန်အားဖြစ်စေသော်။

၉။ သီဝလိဟု မည်ပြုထေရ်မွန်၊ အောင်မြင်ပြီးမြောက် ဘုန်းတောက် ကဲလွန်၊ တန်ခိုးစွမ်းကြောင့် အောင်ပန်းတံခွန်၊ ခရီးပေါက် ပြီးမြောက် ဂုဏ်ထူးချွန်၊ ဘုန်းကံ ရှိန်တောက် ဂုဏ်ဖြိုးမောက်၍၊ ပြီးမြောက် အောင်မြင် ထေရ်အရှင်၏၊ စုံလင်ပြည့်လျှမ်း တန်ခိုး စွမ်းကြောင့်၊ ညှိုးနွမ်းကင်းလျှင် လွန်ကြည်လင်၍၊ အောင်မြင်ပြီးမြောက် ဘုန်းရှိန် တောက်သည်၊ ပေါက်ရောက်ကျွန်အား ဖြစ်စေသော်။

၁၀။ သီဝလိထေရ နာမပေါ်ထင်၊ လာဘ်ပေါသူများ ထိပ်ထား ဘုရင်၊ ခံယူထိုက်လှ ပစ္စယကုန်စင်၊ ကျွန်ုပ်အား လာဘ်များဆက်တိုင်း ရှင်၊ သီဝလိမည်တွင် လာဘ်ဘုန်းရှင်ဟု၊ ဂုဏ်ထင်ကျော်လတ် မထေရ် မြတ်ကား၊ လူနတ်မြဟ္မာ ပေါင်းများစွာတို့ ကြည်သာလှူကြ၊ ပစ္စယ တန်တန်၊ လှူခံထိုက်ပြား စွမ်းပကားကြောင့်၊ ကျွန်အားလာဘ်မိုးသည်း ရွာသွန်းဖြိုးသည် တန်ခိုးနေသို့ ထွန်းစေသော်။

ဇာနဲ့ာသယ ၄၈၈-၅၆

## ငါးပါး–ရှစ်ပါး–ဆယ်ပါးသီလ သံပေါက်

၁–ဆရာ့ထံမှာ၊ သီလယူရာ၊ မှတ်ကြတို့သူငါ။ ၂–သူများအသက်၊ ရှောင်ကြဉ်ချက်၊ မှတ်ကြပါဏာတိပါတာ။ ၃–ကိုယ်နှုတ်နှစ်ပါး၊ မပေးငြား၊ မှတ်ကြအဒိန္နာဒါနာ။ ၄–အိမ်ရာမှောက်မှား၊ မကျင့်ငြား၊ မှတ်ကြကာမေသုမိစ္ဆာစာရာ။ ၅–မေထုန်တရား၊ မပြုငြား၊ မှတ်ကြ အဗြဟ္မစရိယာ။ (မှတ်ချက်) ၎င်းအဗြဟ္မစရိယာကို ရှစ်ပါး ဆယ်ပါးသီလနှင့်ဆိုင်သည်။ ၆–မဟုတ် မလျှား၊ မဆိုသား၊ မှတ်ကြ မုသာဝါဒါ။ ၇–သေရည်သေရက်၊ မသောက်စွက်၊ မှတ်ကြသုရာမေရယာ။ ၈–နေလွဲညစား၊ မစားပါ၊ မှတ်ကြဝိကာလဘောဇနာ။ ၉–က,ခြင်း စသည်၊ ရှောင်ကြဉ်မည်၊ မှတ်ကြ နစ္စ ဂီတ ဝိဘူသနာ။ ၁၀–နိစ္စစသည်၊ ရှောင်ကြဉ်မည်၊ မှတ်ကြနစ္စဒဿနာ။ ၁၁–ပန်းပန်စသည်၊ ရှောင်ကြဉ်မည်၊ မှတ်ကြမာလာဂန္ဓ ဝိဘူသနာ။ (မှတ်ချက်) ဆယ်ပါးသီလဖြစ်၍ ခွဲလိုက်သည် သတိပြုပါ။ ၁၂–မြင့်မြတ်နေရာ၊ မနေသာ၊ မှတ်ကြ ဥစ္စာ မဟာသယနာ။ ၁၃–ရွှေငွေဒင်္ဂါး၊ မကိုင်ငြား၊ မှတ်ကြဇာတ ရူပ ရဇတာ။ ၁၄–ငါးပါးသီလ၊ မပျက်ကြ၊ စောင့်ကြအခါခါ။ ၁၅–ရှစ်ပါးသီလ၊ မပျက်ကြ၊ စောင့်ကြအခါခါ။ ၁၆–ဆယ်ပါးသီလ၊ မပျက်ကြ၊ စောင့်ကြအခါခါ။ ၁၇–ပဉ္စပဒတ်၊ နိသာဘထေရ်၊ မြတ်မဟော၊ လွန်စွာအားကျဘွိုရာ။ ၁၈–အနာထပိဏ်၊ ဝိသာခါ၊ နှိုင်းချိန် လိုကြည့်ပါ။ ၁၉–ပြည့်ရှင်ဗာရာ၊ စူဠသုဘာ၊ ပွားများရာ၊ ရှစ်ပါးသီလသာ။ ၂၀–ငါးနှစ်ခုနှစ်နှစ်၊ အရွယ်စစ်၊ ဖြစ်လစ်ရဟန္တာ။ ၂၂–အရိယာဇာတ်၊ အန္တယ်မြတ်၊ ဝင်ကြရမည်မှာ။ ၂၃–သူငါမလွဲ၊ အကုန်ဘဲ၊ ရောက်ကြ နိဗ္ဗူတာ။ ၂၄–နိဗ္ဗာန်ရောက်မှတ်၊ အမြဲတ်၊ ဆုံးကြဒုက္ခသာ။ ၂၅–ဤသည်အဆုံး၊ စကားချုံး၊ နိဂုံးသတ်လိုက်ပြီ။

## သီလအကျိုး ငါးပါးသံပေါက်

၁–ကျောင်းသို့ထွက်လာ၊ သီလခံရာ၊ မှတ်ကြဒါယကာ။ ၂–ကိုယ်နှုတ်နှစ်ပါး၊ စောင့်ရှောက်ထား၊ မှတ်ငြားသီလသာ။၃–သီလပြည့်စုံ၊ မမေ့တုံ၊ စုပုံပစ္စည်းလာ။ ၄–သီလရှိငြား၊ ချီးမွမ်းအား၊ ပြဟ္မာ နတ်ပြည်တိုင်။ ၅–သီလစောင့်ထား၊ လူသူများ၊ ရဲရင့်ဝင်နိုင်ပါ။ ၆–သီလ ရှိလေ၊ မတွေဝေ၊ ကြည်လင်စိတ်ချ သေရမှာ။ ၇–ဘဝပြောင်းခါ၊ ထိုသူမှာ၊ နတ်ရွာ သုဂတိသာ။ ၈–အကျိုးအနန္တ၊ မြော်ကိုးလှ၊ သူ့ထက်ငါ

မနေသာ။ ၉-နေ့စဉ်မကွာ၊ ကျောင်းတော်မှာ၊ သီလခံယူရာ။ ၁၀-၅၅ သည့်အဆုံး၊ စကားချုံး၊ နိဂုံးသတ်လိုက်ပြီ။

## သီလဂုဏ်တော်ရှစ်ပါးကိုအောက်မေ့၍ စီးဖြန်းရန်မြန်မာလို

၁-မမသမုတ် အကျွန်ုပ်ကောင်းစွာစောင့်သုံးသီလတို့သည် ကလနား အမြိတ်ပြတ် ပုဆိုးခြဲဇ်ကဲ့သို့ မကျိုးအပ်ကုန်သည်ဖြစ်၍ အံ့သြဘွယ်ရှိပေ ကုန်စွတကား။ ၂-မမသမုတ် အကျွန်ုပ်ကောင်းစွာ စောင့်သုံး သီလ တို့သည် အလယ်ပေါ်ထပ် ပုဆိုးခြဲဇ်ကဲ့သို့ မပေါက်အပ်ကုန်သည်ဖြစ်၍ အံ့သြဘွယ် ရှိပေကုန်စွတကား။ ၃-မမသမုတ် အကျွန်ုပ် ကောင်းစွာ စောင့်သုံး သီလတို့သည်ကိုယ်အဆင်းပြား နွားကြားမကဲ့သို့ မကျားအပ် ကုန်သည်ဖြစ်၍ အံ့သြဘွယ် ရှိပေကုန်စွတကား။ ၄-မမသမုတ် အကျွန်ုပ် ကောင်းစွာ စောင့်သုံး သီလတို့သည် သဘောမတူသော အပြောက် ဆန်းကြယ်ပေါက်သည့် နွားပြောက်မကဲ့သို့ မပြောက်ကုန်သည်ဖြစ်၍ အံ့သြဘွယ် ရှိပေကုန်စွတကား။ ၅-မမသမုတ် အကျွန်ုပ် ကောင်းစွာ စောင့်သုံး သီလတို့သည် တဏှာကျွန်မခံ တော်လှန်မင်းစစ် ကေန်မုချ ဖြစ်ကုန်သည်ဖြစ်၍ အံ့သြဘွယ် ရှိပေကုန်စွတကား။ ၆-မမသမုတ် အကျွန်ုပ်ကောင်းစွာ စောင့်သုံးသီလတို့သည် ပညာရှိအပေါင်းသူတော် ကောင်းတို့သည် ကောင်းချီးမလပ် ချီးမွမ်းအပ်ကုန်သည်ဖြစ်၍အံ့သြဘွယ် ရှိပေကုန်စွတကား။ ၇-မမသမုတ် အကျွန်ုပ်ကောင်းစွာ စောင့်သုံးသီလ တို့သည် တဏှာမာနဒိဋ္ဌိတရားတို့ဖြင့် အာရုံကပ်၍ မသုံးသပ်အပ်ကုန်သည် ဖြစ်၍ အံ့သြဘွယ်ရှိပေကုန်စွတကား။ ၈-မမသမုတ်အကျွန်ုပ်ကောင်းစွာ စောင့်သုံး သီလတို့သည် ဈာန်အဘိညာဉ် သမာပတ် သမာဓိတရားတို့ကို ကေန်စင်စစ် အမှန်ပင် ဖြစ်စေနိုင်ကုန်သည်ဖြစ်၍ အံ့သြဘွယ်ရှိ ပေကုန်စွ တကား။

## သံဝေဂလင်္ကာ မြန်မာလို

မမသမုတ် အကျွန်ုပ် အိုခြင်းဇရာ၊ နာခြင်းဗျာဓိ၊ သေခြင်းမရဏ တရားခမ္ဘ ၅၅သုံးပါးဖြင့် ဖန်တလဲလဲ မပြတ်ညှဉ်းပန်း နှိပ်စက်နေ၍ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ အသက်ဝိညာဉ် အလွန်နည်းငယ် လျင်မြန် တိုလှ သေရရှာ၏ တလန်မျှလောက် ခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည် သေကြေပျက်စီး ရွှေလျောတတ်၏၊ မအိုမနာ မသေမပျက် ရွှေဘုံကာလ အကျွန်ုပ်အား ဒါနသီလ သမထဝိပဿနာ ဘာဝနာကို ကြိုးစားလုံ့လ အားမထုတ်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ နေခြင်း တနာရီခန့်

တပီဇနာ တမိနစ်မျှ ပိုလွန်ပါလှ အချိန်ကာလ စင်စစ်မှချ မရှိချေ တကား။

**မရဏာနုဿတိ သမထကမ္မဋ္ဌာန်းမြန်မာလို စီးဖြန်းပုံ**

မမသမုတ် အကျွန်ုပ် စုတေ့မကင်း သေရခြင်းလျှင် ဧကန်စင်စစ် ဖြစ်ရလတ္တံ့၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ မှချဆတ်ဆတ် ပြတ်ရလတ္တံ့၊ မချွတ်မယွင်း သေရချေမည် သေရချေမည်တကား။

**လက္ခဏာရေးသုံးပါး ဝိပဿနာစီးဖြန်းပုံ မြန်မာလို**

၁-ကြီးကြီးငယ်ငယ် အရွယ်မထောက် ပျက်ချိန်ရောက်က ပျက်စီးရမည်၊ စိတ်ချအနိစ္စခန္ဓာကိုယ်။ ၂-အသက်ရှိစဉ် မသေခင်လည်း ပူပင်သောက ဗျာပါရမှ စသည်မစဲ ဆထက်ကဲ၍ ဆင်းရဲရမည်ဟုတ်စွ ဒုက္ခခန္ဓာကိုယ်။ ၃-ပင့်သဓ္ဓေ နေ၍ယွင်းယို အိုချိန်အိုခါ နာချိန်နာလျက် သေခါချိန်ကျ သေပျောက်ရသောကြောင့် အစိုးမရဟု မှတ်ကြအနတ္တခန္ဓာကိုယ်။

**မြန်မာလိုဆုတောင်းပုံ**

ဤသို့ပြုရ ကုသလကြောင့် မေတ္တေယျရှင်ဂန္ဓေါပင်တွင် လေးအင်သစွာ ပွင့်သောခါလျှင် အတူပါရလို ယခုကြို၍ ဝိဝဋ္ဋကုသိုလ်ကောင်းမှု ပြုနိုင်ပါစေသော်၊ များသတ္တဝါဝေနေယျာလည်း ရောဂါခပင်းလွတ်လွတ် ရှင်း၍ ငြိမ်းခြင်းရောက်ပါစေ၊ စိုးရိမ်ကြောင့်ကြ ဗျာပါရလည်း ကင်းစေလို ဆုပန်ဆို မိုလ်လူသတ္တဝါ။

**အမျှပေးဝေပုံမြန်မာလို**

မယာကတ ကုသလကို များလှဝေနေရကြစေ ပေးဝေအမျှ သာဓု-သာဓု-သာဓု-ခေါ်စေသော်။

**နေ့ညမပြတ် ကုသိုလ်ကောင်းမှု ကြိုးစားအားထုတ်ကြရန် ဉယျောဇဉ်လင်္ကာ**

ယေဂဟဋ္ဌာ ပုညကာရာ အစဖြာသား ဂါထာအရ သက်န်းစသည် ဒါနကောင်းမှု လှူဝတ္ထုကို ပေးပြုတဖြာ သရဏဂုဏ် မြတ်သုံးစုံကို ထုံသည်တဝ ပဥ္စအဋ္ဌ ဒသင်္ဂဟု နိစ္စဒိဝသ နိယာမဖြင့် သီလစောင့်ခြင်း မကင်းတပါး တရားညီစွာ ဓမ္မိယာဖြင့်အိမ်ယာထောင်ငြား သားမယားမှ မွေးပြုဖြောင့်မှန် ဤလေးတန်နှင့် ဘောက်ပြန်မသွေ လူ့ဘုံနေကို မဟေသတ္တ ဒေဝထွဋ်ဖျား သိကြားနတ်ကျော် မြင့်မိုရ်ပေါ်က ကော်ရော်

ဦးခိုက် ပူဇော်ထိုက်ဟု ကျမ်း၌ထင်ရှား ဟောမိန့်ထား၏၊ တပါးထိုမှ ဝိသေသတည်း အန္တဒါန ဟာရကြည်ဖြူ ဆွမ်းအလှူဖြင့် သက်မူအာယု မန္တာတုသို့ ရှည်မှုလွန်ပေါ် သက်တန်းကျော်၏ တဖော်ဆင်မြန်း ဝတ်သင်္ကန်းကို လှူဒါန်းသည့်သူ အဆင်းလှူတည်း နတ်လူတို့ဘောင် ဖြစ်တိုင်းနောင်ဝယ် အခေါင်ဦးစွန်း ကိုယ်ရောင်ထွန်း၍ တုကင်းလွတ်ကွာ မယ်ဥမ္မာနှင့် ပဘာဝတီ နတ်ဒေဝီတို့ အညီနှိုင်းညှိ လှခေါင်ထိလိမ့် ဆိမ်းအလှူ မျက်စိဟူလင့် ယာဥ်မှုလှူသီး ချမ်းသာကြီး၏ ခိုမှီးအာဝါ သာယာရိပ်ချမ်း လူသွားလမ်းမှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရရာ ကျောင်းသိမ်သင်္ကန်းကား ဆုံးခမ်းမရှိ ကြီးဘိကျိုးရပ် နိဗ္ဗာန်ရပ်အောင် မဟာပွလံ ရှပ်ရဗံတည်း နတ်ထံသာရ နုသာသဖြင့် ဓမ္မတရား သူတပါးအား ဟောကြားပြသ ဆုံးမတတ်သူ အမြိုက်ဟူသည် အလှူများမင်း အခေါင်ချဉ်းဟု ကျမ်းရင်းဓမ္မစက် မိန့်တော်ထွက်တိုင်း ကွမ်တုံသမဏာ ထေရ်မဟာသည် ညွန်ကြား ထုတ်ဖော် ရေးခါပြုစု ပြဟ္မစိုရ်မှု ဖြစ်လေသတည်း။

## မုဒ္ဒိုနဂရ ကွမ်တုံဝိဟာရ ပုရာဏာဘိက္ခု အဓိပတိ သီလအတိုချုပ် မှတ်သားရန်

ကာယကံ ဝစီကံတို့ကို ကောင်းစွာထားတတ်တာ သီလမည်၏မှတ်၊ တနည်းကား-သမာဓိ ပညာ ဝိမုတ္တိစသော တရားတို့ကို ကောင်းစွာထားတတ်တာ သီလမည်၏မှတ်။(မှတ်ချက်) ငါးပါးသီလသည် ဒုစရိုက်ဆယ်ပါးမှ ကြဉ်ရှောင်ခြင်းသည် သဒ္ဓါစေတသိက် သတိစေတသိက်တို့ဖြင့် မပြုမကျင့် ရှောင်ကြဉ်အပ်သောကြောင့် ဝါရိတ္တသီလ မည်၏၊ တားမြစ်သော သီလမည်၏ဟု မှတ်ထားအပ်၏၊ ရှစ်ပါး ဆယ်ပါးသီလသည် ဥပဇ္ဈာယဝတ် အာစရိယဝတ်အစရှိသော အဘိသမာစာရိကသည် သဒ္ဓါစေတသိက် ဝီရိယစေတသိက်တို့ဖြင့် ဖြည့်ကျင့်အပ်သောကြောင့် စာရိတ္တသီလမည်၏၊ ကျင့်အပ်သော သီလမည်၏ဟုမှတ်။

(အထူးမှတ်ချက်) စင်စစ်ကား နိဗ္ဗာန်တောင့်တ၍ ဆောက်တည်ကျင့်သုံးအပ်သော ငါးပါး ရှစ်ပါး ဆယ်ပါး သီလသည် နိဗ္ဗာန်ရောက်ကြောင်း အဓိသီလမည်၏။ဘုရားရှင် လက်ထက်တော်၌လည်း ဝိသာခါ အနာထပိဏ်စသော လူသောတာပန် တို့သည်ပင်း၊ ငါးပါးသီလကိုပင် အဓိသီလ သိက္ခာအဖြစ်ဖြင့် ဆောက်တည်၍ မဂ်ဖိုလ်နိဗ္ဗာန် ရတော်မူကြ

ကုန်၏၊ ရှစ်ပါးသီလ ဆယ်ပါးသီလတော့ ပြောစရာမရှိ အထူးဘဲ မင်္ဂဖိုလ် နိဗ္ဗာန်ကို ရကြကုန်၏။

(အထူးမှတ်ချက်) ပါဏာတိပါတစသော ရှေ့ငါးပါးသီလ ပျက်ရာ၌ သာလျှင် အပါယ် လားကြောင်းအပါယဂမနိယကံမြောက်၏ဟု မှတ်ယူအပ်၏။ အပါယ်ပဋိသန္ဓေ အကျိုးကိုလည်း ပေးစွမ်းနိုင်၏၊ အဘယ့်ကြောင့်ဟူမူ လောကဝဇ္ဇ သိက္ခာပုဒ် ဖြစ်သောကြောင့်တည်း။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာအပြစ်ရှိ၏၊ ဝိကာလဘောဇနစသော နောက်သိက္ခာပုဒ် ပျက်ရာ၌ကား အပါယ်မလား အကုသိုလ်ကမ္မပထမမြောက်ကုန်၊ အဘယ့်ကြောင့်ဟူမူ ပဏ္ဏတ္တိသိက္ခာပုဒ် ဖြစ်သောကြောင့် ပညတ်သည် ဖြစ်၍ အပါယ်မလား ပစ္စုပ္ပန်သာ အပြစ်ရှိသည်ဟုမှတ်။

## နေ့တဝက်စောင့်သော ဥပစုဥပုသ်ကိုပြခြင်း

ဥပစုဥပုသ်ဟူသည် ညနေအခါဝယ် စောင့်သုံး အပ်သော ဥပုသ်ကို မှတ်ယူအပ်၏၊ ထိုညနေအခါ စောင့်သော ဥပုသ်ကိုလည်း အနာထပိဏ်သူဌေး၏ အမှုလုပ် ယောကျ်ားကဲ့သို့ တနေ့ပတ်လုံး အာဟာရကို မစားဘဲ ယူမှသာလျှင် ညနေအခါ ထက်ဝက်သော ဥပစုဥပုသ်ကို ဆောက်တည်၍ရ၏ဟုမှတ်၊ ထိုမှတပါးအလိုရှိတိုင်းအစာအာဟာရတို့ကို စား၍ ညနေအခါ ကျောင်းသို့ လာ၍ ဥပုသ်ကို စောင့်သုံးရာ၌ကား ဥပုသ်မရကုန်ဟုမှတ်။

(အထူးမှတ်ချက်) သီလကိုတပေါင်းတည်း ခံယူလျှင် တပါးပျက်လျှင် အကုန်ပျက်တာဘဲ မှတ်ပါ၊ ပဉ္စ အဋ္ဌ ဒသသိက္ခာပဒါနိ သမာဒိယာမိ တပေါင်းတည်းခံယူပုံ၊ သီလကိုအသီးသီးတပါးစီတပါးစီခံယူလျှင် တပါးပျက်လျှင် ကြွင်းတာမပျက်ဟုမှတ်ပါ၊ ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–အစရှိသော ဇာတရူပ ရဇတသိက္ခာပဒံ သမာဒိယာမိ– အသီးသီး တပါးစီ တပါးစီခံယူပုံ။ ငါးပါးသီလထက် ရှစ်ပါးသီလ မြတ်၏၊ ရှစ်ပါးသီလထက် ဆယ်ပါးသီလမြတ်၏၊ ဝိရတီရှစ်ချက်ဆယ်ချက် ပြားသောကြောင့်တည်း။

## ရှစ်ပါး ဆယ်ပါးသီလကို ခံယူပြီးနောက် ငါးပါးသီလ ခံခြင်းကိုပြဆိုခြင်း

ရှစ်ပါး ဆယ်ပါးသီလကို ခံယူပြီးသော သူသည် တဘန် ငါးပါး သီလကိုခံယူရာ၌ ရှေ့ခံယူပြီးသော ရှစ်ပါး ဆယ်ပါး သီလသည် မပျက်ကုန်ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။ (မှတ်ချက်) သိက္ခာပုဒ်၏ အပိုင်း

အခြားအားဖြင့် ဆောက်တည်အပ်သော သီလတို့သည် လွန်ကျူးသဖြင့်၎င်း၊ သေသဖြင့်၎င်း ပျက်ရာသော အကြောင်းနှစ်ပါးမှ တပါး ပျက်ရန် မရှိသောကြောင့်တည်း။

(အထူးမှတ်ချက်) တူရာမှာထပ်လျှင် ဖွေးဟုဆိုသကဲ့သို့ နောက်ထပ် ခံယူရာ၌ ရှစ်ပါး ဆယ်ပါး သီလ၀ယ် ကျိုးပေါက်သော သိက္ခာပုဒ် တပါးပါး ရှိခဲ့သော် သီလတရားထပ်၍ ဖွေးမြဲတော့သည်သာတည်းဟု အသေအချာ မှတ်အပ်၏။

## သီလခံယူပုံကိုပြခြင်း

မိမိကိုယ်တိုင် ဘာသာလဲ သီလလက္ခဏာကိုသိ ပညာရှိသော လူတို့ သည် ခံယူဆောက်တည် ကြကုန်၏။ (မှတ်ချက်) ဘုရားထံမှာ ဖြစ်စေ၊ အဂ္ဂသာ၀က ရဟန္တာသာ၀က ထံမှာဖြစ်စေ ခံယူကောင်း၏ ဟုမှတ်။ ယခုခေတ်အခါမှာ သံဃာရှိလျက် သံဃာအထံမှာ မခံယူလျှင် သံဃာ အဂါရ၀တရား မရှိသေရာကျ၏။ အခါကာလ သမယအားဖြင့် နေ့ရက် ကာလတို့ကို ပိုင်းဖြတ်၍ ဆောက်တည်အပ်သော သီလသည် ကာလ ပရိယန္တသီလမည်၏၊ အသက်ထက်ဆုံး ဆောက်တည်အပ်သော သီလ သည် အာပါဏကောဋိကသီလမည်၏ဟုမှတ်အပ်၏။ ထိုမှတပါး ကာလ ပရိယန္တ အပိုင်းအခြားတွင် ၀ိဟာရပရိယန္တ ကျောင်း၌ နေခြင်း အဆုံး ရှိသောသီလ၊ ပရိ၀ေဏ ပရိယန္တ ပရ၀ုဏ်၌ နေခြင်း၊ ကျောင်းခြံ၀င်း၌ နေခြင်း အဆုံးရှိသော သီလဟူ၍ ပြတော်မူခြင်း အရကိုလည်း နံနက် အခါကာလကို၎င်း၊ ညနေအခါ အစာအာဟာရ မစားသော သူတို့၏ စောင့်သုံးရာကာလကို၎င်း ရည်သန်လျက် ပြလိုက်ပါ၏ဟု မှတ်ယူကြပါ၊ ပညာရှိအပေါင်းတို့။

မုဒုံနဂရ ကွမ်တုံ၀ိဟာရ ပုရာဏဘိက္ခု အဓိပတိ ကျိုက္ကမောကလေး တောင်ပေါ်ဘုရား၌ စိမံအုပ်ချုပ်နေသော မုဒုံမြို့ကွမ်တုံကျောင်းဟောင်း ဘုန်းတော်ကြီးသည် ယခုပစ္စုပ္ပန်ဘ၀မှာပင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက် ကြရန် ရည်ရွယ်တောင့်တ၍—

တနင်္ဂနွေထောင့်က စ၍ တနင်္ဂနွေထောင့်သို့ ပြန်ထိ အောင် လက်ျာရစ်၍ လှည့်လျက် အစဉ်အတိုင်း စိတ်ကစည်းချ၍ရွတ်၊ ဆရာ အစဉ်အဆက် ဆောင်ရွက်သင်ကြားလာကြသော အန္တရာယ်ကင်း စည်း ချပုံမြန်မာလိုပြဆိုဦးအံ့။

၁။ (တနင်္ဂနွေ အရှေ့မြောက်၊တန်ခိုးဇ္ဈဒ္ဓိပါဒ် အာနုဘော်သို့ရောက်တော်မူသော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော်အာနုဘော်ဖြင့် အလုံးစုံထက်ဝန်းကျင်အရပ်မှ အစောင့်အရှောက် အရံအတား ဖွဲ့စည်းပိုင်းထားပါ၏ အရှင်မြတ်ဘုရား။

၂။ (တနင်းလာ အရှေ့တည့်တည့်) ဘေးကင်းငြိမ်းချမ်းရာနိဗ္ဗာန်သို့ရောက်တော်မူပြီးသော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော်အာနုဘော်ဖြင့် အလုံးစုံထက်ဝန်းကျင် အရပ်မှ အစောင့်အရှောက်အရံအတား ဖွဲ့စည်းပိုင်းထားပါ၏ အရှင်ဘုရား။

၃။ (အင်္ဂါ အရှေ့တောင်ထောင့်) ကိလေသာ-အဘိသင်္ခါရ ခန္ဓ မစ္စု-ဒေဝပုတ္တ တည်းဟူသော မာရ်ငါးပါးကို အောင်ခြင်းသို့ ရောက်တော်မူသောမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ဖြင့် အလုံးစုံ ထက်ဝန်းကျင်အရပ်မှ အစောင့်အရှောက်အရံအတား ဖွဲ့စည်းပိုင်းထားပါ၏ အရှင်မြတ်ဘုရား။

၄။ (ဗုဒ္ဓဟူး တောင်တည့်တည့်) သူတော်တကာတို့ တောင့်တ နှစ်သက် မြတ်နိုးအပ်သော နိဗ္ဗာန်သို့ရောက်တော်မူသော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ဖြင့် အလုံးစုံထက်ဝန်းကျင်အရပ်မှ အစောင့်အရှောက် အရံအတား ဖွဲ့စည်းပိုင်းထားပါ၏အရှင်ဘုရား။

၅။ (စနေ အနောက်တောင်ထောင့်) ထွန်းလင်းတောက်ပ ထက်မြက်ခြင်းသို့ ရောက်တော်မူသော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ဖြင့် အလုံးစုံထက်ဝန်းကျင် အရပ်မှ အစောင့်အရှောက်အရံအတား ဖွဲ့ပိုင်းထားပါ၏ အရှင်ဘုရား။

၆။ (ကြာသပတေး အနောက်တည့်တည့်) အားတော် ဆယ်ပါးသို့ ရောက်တော်မူသော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော်အာနုဘော်ဖြင့် အလုံးစုံ ထက်ဝန်းကျင်အရပ်မှ အစောင့်အရှောက်အရံအတား ဖွဲ့စည်းပိုင်းထားပါ၏ အရှင်မြတ်ဘုရား။

၇။ (ရာဟု အနောက်မြောက်ထောင့်) အခြံအရံ အကျော်အစောချီးမွမ်းခြင်းသို့ ရောက်တော်မူသောမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်သို့၏ တန်ခိုးတေဇော်အာနုဘော်ဖြင့် အလုံးစုံထက်ဝန်းကျင် အရပ်မှ အစောင့်အရှောက် အရံအတား ဖွဲ့စည်းပိုင်းထားပါ၏ အရှင်ဘုရား။

၈။ (သောကြာ မြောက်တည့်တည့်) ဘုန်းပညာအသရေတင့်တယ် ပြည့်စုံခြင်းသို့ ရောက်တော်မူသော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏ တန်ခိုးတေဇော်အာနုဘော်ဖြင့် အလုံးစုံထက်ဝန်းကျင် အရပ်မှ အစောင့်အရှောက်အရံအတား ဖွဲ့စည်းဝိုင်းထားပါ၏ အရှင်ဘုရား။

၉။ (တနင်္ဂနွေ အရှေ့မြောက်ထောင့်) တန်ခိုးဣဒ္ဓိပါဒ် အာနုဘော်သို့ ရောက်တော်မူသောမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော်အာနုဘော်ဖြင့် အလုံးစုံထက်ဝန်းကျင် အရပ်မှ အစောင့်အရှောက်အရံအတား ဖွဲ့စည်းဝိုင်းထားပါ၏အရှင်ဘုရား။

**ကမ္ဘာဌာန်းအားထုတ်ရာ၌ မေတ္တာပို့သပုံ မြန်မာလို**

၁။ မိမိခန္ဓာကိုယ် ဘေးရန်ကင်းကွာ၍ ကျန်းမာချမ်းသာကြပါစေ။
၂။ မိမိခန္ဓာကိုယ်၌ စောင့်ရှောက်၍နေသော နတ်များ အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်ကင်းကွာ၍ ကျန်းမာချမ်းသာ ကြပါစေ။
၃။ မိမိနှင့် ချစ်ခင်မြတ်နိုး နှစ်သက်အပ်သော ပိယပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်ကင်းကွာ၍ ကျန်းမာချမ်းသာ ကြပါစေ။
၄။ မိမိနှင့် မချစ်ခင်မမြတ်နိုး မနှစ်သက်အပ်သော ဝေရီပုဂ္ဂိုလ် အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်ကင်းကွာ၍ ကျန်းမာ ချမ်းသာကြပါစေ။
၅။ မိမိနှင့်လျစ်လျူရှု၍နေကြသော မဇ္ဈတ္တပုဂ္ဂိုလ်အပေါင်း သူတော် ကောင်းတို့သည် ဘေးရန်ကင်းကွာ၍ ကျန်းမာချမ်းသာကြပါစေ။
၆။ ဤအရံအဝိုင်းအခြား၌ စောင့်ရှောက်၍နေကြသော နတ်လူအ ပေါင်း သူတော်ကောင်းတို့သည် ဘေးရန်ကင်းကွာ၍ ကျန်းမာ ချမ်းသာကြပါစေ။
၇။ ဤမဏ္ဍာရုံကမ္ဘာဌာန်းကျောင်း၌ စောင့်ရှောက်၍နေကြသော နတ်လူ ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်ကင်းကွာ၍ ကျန်းမာချမ်းသာကြပါစေ။
၈။ ဤမြို့ရွာဌာနဒေသ၌ စောင့်ရှောက်၍နေကြသော နတ်လူပုဂ္ဂိုလ် အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်ကင်းကွာ၍ ကျန်းမာ ချမ်းသာကြပါစေ။

၉။ ဤတောတောင် သမုဒ္ဒရာ သစ်ပင် မြေစသည်၌ စောင့်ရှောက်၍ နေကြသော နတ်လူအပေါင်း သူတော်ကောင်းတို့သည် ဘေးရန်ကင်းကွာ၍ ကျန်းမာချမ်းသာကြပါစေ။

၁၀။ မိမိ၏ အမိအဘ မောင်နှမ ညီအစ်ကို ဆရာသမား ဆွေမျိုး ဉာတကာ ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်ကင်းကွာ၍ ကျန်းမာချမ်းသာကြပါစေ။

၁၁။ ငါတို့ကျက်စားရာ မြို့ရွာဌာနဒေသ၌ နေထိုင်ကြသော ကြီးငယ်မဟူ ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန် ကင်းကွာ၍ ကျန်းမာချမ်းသာကြပါစေ။

၁၂။ အရပ်လေးမျက်နှာ ရှစ်မျက်နှာ ဆယ်မျက်နှာဒေသဌာန၌ သွားလာနေထိုင်ကြသော ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်ကင်းကွာ၍ ကျန်းမာချမ်းသာကြပါစေ။

## သံဝေဂရှစ်လုံးဘွဲ့ကဗျာ

နွေစဉ်ပျော်ပါး မော်ကြွားချိန်ကုန်၊ မေ့လျော့နိုင်အား တရားမထုံ၊ ကုသိုလ်ကိစ္စ စိတ်ကသုန်မှုန်၊ သတိပေါ့ ကြည့်တော့လူတို့ဘုံ။ ။ကာမဂုဏ်တော ထူပြောစုံစုံ၊ သတ္တဝါများ လိုက်စားဖုံဖုံ၊ အာရုံရှုပ်လှ ဒုက္ခဤဘုံ၊ အကြိုက်တွေ့ လိုက်၍ ဘယ်မကုန်၊ နိဗ္ဗာန်ဘုံမှ ဝေးကြသူငါ ခန္ဓာကောင်ကြီး လောင်မီးတူစွာ၊ သူတော်စင်များ ရှုစားခါခါ၊ သူမထိန်း ပူငြိမ်းကေန်သာ။

## ဗုဒ္ဓ-ဓမ္မလက်နက် ခန္တီလက်သုံး ဂါထာ

နယန္တိစ မဟာဝီရာ၊ သဒ္ဓမ္မေန တထာဂတာ။
ဓမ္မေန နယမာနာနံ၊ ကာဥဿုယာ ဝိဇာနတံ။

မဟာဝီရာ၊ ကြီးကျယ်မြင့်မြတ် လုံ့လဥဿာဟ ရှိတော်မူကုန်သော။ တထာဂတာ၊ ရှေးဝိပဿီ အစရှိသော ဘုရားတို့ကဲ့သို့ ကောင်းစွာလားခြင်းရှိတော်မူကုန်သော မြတ်စွာဘုရား သခင်တို့သည်။ သဒ္ဓမ္မေန၊ သူတပါးကို အနိုင်အထက် နှိပ်စက်မမှု သူတော်ကောင်းတရား၌ တည်သဖြင့်။နယန္တိစ-နယန္တိဝေ၊အပါယ်ဆင်းရဲ ဝဋ္ဋဒုက္ခမှ လွတ်ထွက်မြောက်အောင် စိတ်ကရည်သန်၍ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာသို့ ဆောင်ပို့တော်မူကုန်သည်သာလျှင်ကတည်း။ ဓမ္မေန၊ သူတော်ကောင်းတရားဖြင့်။ (ဝါ)၊ နတ်လူနိဗ္ဗာန် သုံးတန်ချမ်းသာသို့ အဖန်ဖန် ရောက်နိုင်သော မဂ်

ဖိုလ်နိဗ္ဗာန် ပရိယတ္တိဟု ဆိုအပ်သော သူတော်ကောင်းတရား ဆယ်ပါး ဖြင့်သာလျှင်။နယမာနာနံ၊မတုန်မလှုပ် မကြောက်ရွံ့ဘဲ နောက်သို့မဆုတ် အားပါးထုတ်၍ ဆောင်ကုန်သော။ ဝိဇာနတံ–ဝိဇာနန္တာနံ၊ လောကီ လောကုတ် ပစ္စုပ်သံသရာ ထိုနှစ်ဖြာကို အထူးသဖြင့် သိမြင်လေ့ ရှိကုန် သော ပညာရှိအပေါင်း သူတော် သူမြတ်လောင်းတို့အား။ ဥဿုယာ– ဥဿုယာပန၊ စောင်းမြောင်းငြူစူ ပြစ်ယူကျိုးမဲ့ ကဲ့ရဲ့ရှုတ်ချ ခြင်းသည် ကား။ ကာ၊ ပစ္စုပ်သံသရာ ဟိဘဝ ဒိဘဝမှာလဲ အရေအဖတ် အသား မရဘဲ အဘယ်မှာ အကျိုးရှိအံ့နည်း။ ကာ–ကုအာ–ကုစ္ဆိတာ၊ စက်ဆုပ် အပ်စွာ ချမ်းသာမရှိ ငရဲပြိတ္တာ တိရစ္ဆာန် အသူရကာယ် အပါယ် လေးဘုံသို့ လားရခြင်း အကျိုးရှိသည်သာလျှင်ကတည်း။

## နိဗ္ဗာန်သို့ရောက်ရန် ဥယျောဇဉ်

အကိလာသု နော ဝဏ္ဏပထေ ခဏန္တာ၊
ဥဒင်္ဂဏေ တဏ္ဍပါပံ အဝိန္ဒုံ။
ဇဝံ ဝိရိယ ဗလူပပန္နော၊
အကိလာသု ဝိန္ဒေ ဟာဒယာ သန္တိံ။

ဘိက္ခု၊ချစ်သားရဟန်း(ဝါ)၊သံသရာဝဋ်ဆင်းရဲဘေးကြီးကို ထိတ်လန့် ကြောက်မှု ရှုလေ့ရှိသော လူရှင်ရဟန်း အပေါင်း သူတော်ကောင်းတို့။ အကိလာသုနော၊မပျင်းမရိ အမောအပန်း ခံနိုင်ကြသော ရှေးသူဟောင်း သူတော်ကောင်းတို့သည်။ဥဒင်္ဂဏေ၊မိုးဿရေမနီး မြေမာအတိပြည့်သော။ ဝဏ္ဏုပထေ၊ သဲပုပ်ကန္တာရခရီးခဲ၌။ခဏန္တာ၊ရေအလို့ငှာ တူးကြကုန်သည် ဖြစ်၍။ တဏ္ဍ၊ ထိုသို့တူးရာ ကျောက်ဖျာကို ဖောက်ခွဲနိုင်သော အခါ၌။ ပပံ–ပ–အာပံ၊ နည်းငယ်မက များသောရေကို။ အဝိန္ဒုံ၊ သုံးဆောင်ရ၍ ချမ်းသာရဘူးလေကုန်ပြီ။ဇဝံ၊ ရေကိုသုံးဆောင်ရ၍ ချမ်းသာရဘူးသော ဤရှေးဟောင်းတို့အတူ။ ဝိရိယဗလူပပန္နော၊ ပညာသတိ ဝိရိယဗလအား အစွမ်းနှင့်ပြည့်စုံသော။အကိလာသု၊မပျင်းမရိ အမောအပန်းခံနိုင်သော။ မုနိ၊ လူရှင်ရဟန်းမြတ် ဖြစ်သော သူတော်ကောင်းတို့သည်။ ဟာဒယာ၊ ကိုယ်စိတ်နှလုံး သုံးပါး၏။ သန္တိံ၊ သံသရာဝဋ်ဆင်းရဲ ဒုက္ခအပေါင်းမှ ချုပ်ငြိမ်းရာ ချမ်းသာရာ စင်စစ်ဖြစ်သော အသခ်တဓာတ် နိဗ္ဗာန်ရွှေပြည် မြတ်ကြီးကို။ဝိန္ဒေ–ဝိန္ဒေယျ၊ ပစ္စုပ်တမလွန် နှစ်တန်ဘဝမှာပင် မလွဲကေန် အမှန်ရရာ၏။ (ဝါ)၊ရရာသည်သာလျှင်ကတည်း။

## သာသနာ အားနည်းသောဂါထာ

သဒ္ဓါယ ထမ္ဘိတာ ရညာ၊ ပစုရာ စေတိယာဒယော။
ဧတေ ဒါနိ ဝိနဿန္တိ၊ အဟော ဝေ ဗုဒ္ဓသာသနေ။

ဘောန္တော၊သာသနာတော်စက်အတွင်းမှာ အသက်နှင်းကာကြည်ညို လေးမြတ် မှီခိုအားထားကြကုန်သော အို ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဗုဒ္ဓသာသနေ၊ သစ္စာလေးဝ ဥဒ္ဒေ ယျ ငါးတန် တရားမှန်ကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရားသခင် သာသနာတော်မြတ်ကြီး အတွင်း၌။ ဝေ-ကေန္တေန၊ မုချကေန် အမှန်စင်စစ် အားဖြင့်။ ရညာ၊ သမ္မာအယူ ကြည်ဖြူ ဝပ်စင်း ဘုရင် မင်းသည်။ သဒ္ဓါယ၊ ဗုဒ္ဓမြတ်စွာ သာသနာကို လွန်စွာအားထား ကိုးစား ယုံကြည် မနသိပျော့ပျောင်း သဒ္ဓါတည်းဟူသော စိတ်ကောင်း စိတ်မြတ်ဖြင့်။ ထမ္ဘိတာ-ထမ္ဘိတာဝေ၊ ဓနဥစ္စာ အာဏာရောစွက် နှစ်သက် မြတ်လေး ကူညီအားပေး ထောက်ပံ့ ချီးမြှောက်ကုန်မှသာလျှင်။ စေတိယာဒယော၊ သာသနာ့အမွှန် တံခွန်သဘွယ် တင့်တယ်မြင့်မား ကျောင်းကန်ဘုရား သိမ်စရပ်လမ်း တန်ဆောင်း ဂူပြာသာဒ် အရပ်ရပ် အဖုံဖုံ သာသနာ့ ကျက်သရေဂုဏ်တို့သည်။ ပစုရာ၊ ပုဂံပြည် မန္တလေးမြို့ကြီး ကောင်းစား စဉ်က အလောင်းဘုရား ဘုရင်တွေ ကျောင်းကန်ဘုရား အသင်္ချေကို ပလ္လင်ဗွေအခန်းခန်းနှင့် သဒ္ဓါပန်းတလိုင်လိုင် မြိုင်မြိုင်ဆိုင်ဆိုင် တည်ထား သလို စည်ကားပြည့်စုံ ပေါများ ကြလေကုန်၏။ ဒါနိ-ဣဒါနိ၊ သဒ္ဓါ ဗလဝနှင့် ရာဇာသန ဒါယကာ ရှောင်တိမ်း၍ အမှောင်ကိန်း ဆိုက်လာ ဤယခုလိုခေတ်အခါ၌။ ဧတေ၊ ထိုရှေးကစည်ကား တန်ဆောင်းများနှင့် ကျောင်းဘုရားစေတီ မြေမဟီတွင် ကေရီအများ ပြုစုထားခဲ့ကြကုန်သော အစစအမွှန်မွှန် သာသနအောင်လံ တံခွန်ကြီးတို့သည်။ ဝိနဿန္တိ၊ တချို့ မှာလဲ ပျောက်ပျက် တချို့မှာလဲပြိုဆဲမို့ ဖရိုဖရဲဖြစ်လို့ နေကြကုန်သတည်း။ အဟော-အဟောဝတ၊ သာသနာကြီး နောက်ဆွယ်မှာ ကြောက်စဘွယ် လန့်စဘွယ် မွှန်မြန့်တနယ် ဤတဝိုက်တွင်ဖြင့် အကြည်ဆိုက်၍ အိပ်စက် မနိုင်အောင် ဩော်-စိတ်အပျက်ကြီး ပျက်စရာ ကောင်းလှ လေကုန်စွ တကား။

မုဒ္ဒိုနဂရ ကွမ်တုံဝိဟာရ ပုရာဏဘိက္ခု အဓိပတိ ကျိုက္ကမေ့ ကလေး ကေသာဆံဓာတ် ဘုရားမြတ်တွင် ရေတိုက် အဆောက် အဦပြုလုပ်ရာ၌ ကုသိုလ်ဒါန အလှူပေါင်းဝင်ကြရန်။

## နှိုးဆော်စာ

နမော ဗုဒ္ဓါယ သဗ္ဗသိဒ္ဓိ သဗ္ဗမင်္ဂလာ ဝဍ္ဎန္တု၊

(မုဒိတာကထာ အဘိပတ္ထနာ) ဝမ်းမြောက်ဘွယ် မြွက်ဆို၍ အထူးဆုတောင်းခြင်း-**မင်္ဂလာစကား**။

ပသန္န မုခဝဏ္ဏာစ၊ ပရိပုဏ္ဏာ မနောရထာ။

ပီတိပါမောဇ္ဇ ဗဟုလာ၊ စိရံ ဇီဝန္တု နာ မယာ။

သဗ္ဗေ၊ တယောက်မကြွင်း ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သတ္တာ၊ ရတနာသုံးရပ် အမြတ်မြတ်ကို ကိုးကွယ်မှီခဲ ဆည်းကပ်ကြကုန်သော လူရှောနတ်ပါ သတ္တဝါဟူသမျှတို့သည်။ ပသန္နမုခဝဏ္ဏာစ၊ ရေတွေ့ကြာပမာသို့ ကြည်သာရွှင်လန်း မျက်နှာပန်းရှိကြကုန်သည်ဖြစ်၍ငင်း။ ပရိပုဏ္ဏမနောရထာစ၊ ချမ်းသာရိပ်ငြိမ်မြတ်စည်းစိမ်နှင့် ဂုဏ်သိရ်ကြက်သရေ အထွေထွေဝယ် လိုလေသမျှ မရှိရဘဲ လောက်ငှကုန်တန် ဖြိုးဖြိုးလျှံ သဖြင့် စိတ်အကြံ ပြည့်ဝကြကုန်သည်ဖြစ်၍ငင်း။ ပီတိပါမောဇ္ဇဗဟုလာ၊ ဇာဇ္ဇအာရုံ ကောင်းမျိုးစုံကို ဖုံဖုံခံစား သုံးဆောင်အားကြောင့် များစွာ နှစ်သက် စိတ်စက်ရွှင်မြူး ကြည်နူး နှစ်သိမ့်ကြကုန်သည် ဖြစ်၍ငင်း။ အနာမယာ၊ ရောဂါဟူက မြူမျှမတင် ကင်းစင်လွင့်ပျောက်ကြကုန်သည် ဖြစ်၍ငင်း။ စိရံ၊ မြင့်မြောက်ရှည်ကြာ နှစ်တရာကာလပတ်လုံး။ ဇီဝန္တု-လဘန္တု-ပပ္ပေါန္တု၊ တွင်းပပြင်ဘေး ပူဘွယ်ရေးတို့ ကင်းဝေးပျောက်ပျက် အသက်ကြာရှည် တည်နေနိုင်ကြ၍ မီးလိုလင်း ရေလိုဧ ပန်းလိုမွှေး အသံကြား သနားပါစေ မရှိစကား တောင်းဆိုငြား ကင်းဝေးပါစေ လိုတရစေ ဆုနှစ်ထွေနှင့် ပြည့်စုံပြီး၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနှင့် လျင်မြန်စွာ ရောက်နိုင်ရနိုင်ကြပါစေကုန်သတည်း။

## ရေအကျိုးဆယ်ပါး သံပေါက်

၁-ရေလှူသည်ကျိုး၊ တရားမျိုး၊ ဆယ်ပါးမှတ်ကြပါ။ ၂-စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊ ခြံရံများသည်သာ။ ၃-ရေဆာငတ်ကင်း၊ ပယ်ဖျောက်ခြင်း၊ စွမ်းနိုင်လေသည်သာ။ ၄-သက်ရှည်ဆင်းလှ၊ ချမ်းသာကြ၊ ခွန်အားကြီးလှသည်သာ။ ၅-ပဋိဘာန၊ လျင်မြန်ရ၊ ပညာကြီးသည်သာ။ ၆-ပစ္စုပ်သံသာ၊ ဤနှစ်ဖြာ၊ အေးကြငါးခန္ဓာ။ ၇-ခန္ဓာလေတ်၊ နိဗ္ဗာန်မြတ်၊ မချွတ်ရောက်ကြမှာ။ ၈-ဓာတ်ခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဓာတ်သိမ်းပြည့်နိဗ္ဗာန်။ ၉-ကွမ်တုံသခင်၊ ထေရ်အရှင်၊ သွန်သင်ညွှန်ပြတာ၊ ဤသည်အဆုံး၊ စကားချုပ်၊ နိဂုံးသတ်လိုက်ပါ။

ထို ပြင် အကြောင်းထူး ဝိသေသမှာ အသက် ငါးဆယ်ကျော်မှ ကံပေါ်သည်ဆိုသည့်စကားပုံအတိုင်း မိမိတို့မှာဇောတိရသ ပြည်တန်မြ ပတ္တမြားတုံးကြီး ရတနာ ဆိုက်ရောက်လာသကဲ့သို့ မှတ်ထင်ကြရမည်၊ မှတ်ထင်ရပုံမှာ ရေတွင်းရေကန်တူး၍ ပြုလုပ်၍ လှူဒါန်းကြရတဲ့ဒါန အထူးရှိသော လူ့ရှင်ရဟန်းအပေါင်း သူတော်ကောင်းတို့သည် လူ့ရှင် ရဟန်းဖြစ်ရင်လဲ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း ချမ်းသာကြီးခြင်း၊ ပညာကြီးခြင်းဆိုတဲ့ တရားငါးပါး သူများထက်ပိုသာ၍ ထူး၏၊ နတ် သိကြားဖြစ်ရင်လဲ ထိုနည်းအတူ နိဗ္ဗာန်ခရီးကူးရင်လဲ ဈာန်အဘိညာဉ် သမာပတ် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ သုခပဋိပဒါ ခိပ္ပါဘိညာဥ်ဆိုင်ရာ တညူ ပုဂ္ဂိုလ်ထူးဖြစ်၍ မဂ်အစ ဖိုလ်အလယ် နိဗ္ဗာန်အဆုံးရှိသော တရား တော်မြတ်ကြီးကို ချမ်းချမ်းသာသာအကျင့်ရှိ၍ လျင်မြန်စွာ ထိုးထွင်း သိရခြင်းဆိုတဲ့ တရားတော်လဲ သူများထက်ပိုသာထူး၏၊ အဘယ်ပုဂ္ဂိုလ် ဝတ္ထုကိုထောက်၍ သိရမလဲ ဘဒ္ဒဇိသူဌေးသား၊ အနာထပိဏ်၊ ဝိသာခါ၊ ဇဝနဝသဘမင်း၊ မဟာသုဒဿန စကြာမင်း၊ မာဃ သိကြားမင်း၊ သနင် ကုမာရဟရိတ ပြဟ္မာမင်း၊ အနေက ဝဏ္ဏနတ်သား၊ ပဥ္စသိခ်နတ်သား ၎င်းဝတ္ထုများကိုထောက်၍သိရ၏၊ သာသနာအစ ရေတိုက်ကဆိုသည့် အတိုင်း တန်ဆောင်မုန်းလကစ၍ ကျိုက္ကမော့ကလေး ကေသာဆံခာတ် ဘုရားမြတ်စွာ ရေတိုက်အသစ်တဖန် ထပ်မံပြုပြင်နေသည်ဖြစ်၍ ဒက္ခိ တဿ သတ္တစ္စံ ကရောတိ၊ ကိစ္စံ တထာဝိမံ သပ္ပုရိသံ ဝဒန္တိ-ဟုဟော တော်မူအပ်သည်နှင့် အညီ ကာယ ဝစီမနော မေတ္တာ ထားပြီးလျှင် မြတ်စွာဘုရား သာသနာတော်ကြီး ဆင်းရဲညှိုးနွမ်းခြင်းသို့ ရောက်တဲ့ အခါမှာ ပစ္စည်းဥစ္စာတွင်မကသာဟတ္ထိကဒါန မြောက်အောင်ကိုယ်တိုင် ဆောင်ရွက်သော ပုဂ္ဂိုလ်ဟူသမျှသည်သပ္ပုရိသဝန္တ သူတော်ကောင်းကြီး အစစ်ပါပေတည်း၊ (ဝါ)လူဖြစ်ကျိုးနပ်ပါပေသည်၊ သို့အတွက်ကြောင့် ဆိုအပ်ခဲ့ပြီးသော အကျိုးထူးအာနိသင် ဝတ္ထုကိုထောက်၍ ကြီးကြီး ငယ်ငယ်ဟူသမျှ သူငါကစ မြို့သူမြို့သား ရွာသူရွာသား လူ့ရှင်ရဟန်း အပေါင်း သူတော်ကောင်းတို့သည် ၎င်းရေတိုက်ကုသိုလ်ထူး ပါရမီ အဆောက်အဦကို ကူညီဝိုင်းဝန်းကြရန် မေတ္တာတရား ကရုဏာရှေ့ ထား၍ နှိုးဆော် တိုက်တွန်းလိုက်ပါသည်၊ ကြီးကြီးငယ်ငယ် ဟူသမျှ သူတော်ကောင်း အပေါင်းတို့– မရှိတာထက် မသိတာ ခက်သည်၊ မသိလျှင်ကျော်သွား သိလျှင်ဖော်စား၊ ပြောမယုံ ကြုံဘူးမှ သိမည်

သင့်တော်မတော် ကြီးစည်သော် လျော်ရာယူကြ ပညာဝါ၊ မသင့်မတော် စွန့်ပစ်သော် အမျက်ဒေါသ မဖြစ်ရာ။

မုဒ္ဒုံနဂရ ကွမ်တုံဝိဟာရ ပုရာဏဘိက္ခု အဓိပတိ၊ ဗုဒ္ဓသာသနာ့
ဝေယျာဝစ္စ နိယာမအသင်း၊ ကျိုက္ကမော့ကလေး
ဘုရားပွဲတော်ကျင်းပရန်နှင့် ဘုရားလမ်းမ

**ရေစက်ချရန် နှိုးဆော်စာ**

ရတနတ္တယံ ရက္ခတု မံ နိစ္စံ၊ အန္တရာယံ ဝိနဿတိ။
သမ္ဘာဒေဝါ ရက္ခန္တု သဒါ၊ မနုဿာ မောဒန္တု သဗ္ဗဒါ။
သဗ္ဗာ မင်္ဂလာ ဝဍ္ဎန္တု နိရန္တရာ။

၁၂၉၆-ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျိုက္ကမော့ကလေး နာမတင့်ဆန်း ကေသာဆံဓာတ် ဘုရားမြတ်ပွဲတော် ကျင်းပရန်နှင့် ချမ်းသာရရာ ကိုယ်စိတ်နှစ်ဖြာ လူသွားလာရာ ကုသိုလ်ထူးလှ ဘုရား လမ်းမရေစက်ချပါမည့်အကြောင်း ရတနာရွှေစာမောင်းနှင့်သတိတရား မလစ်ရအောင် နှိုးဆော်တိုက်တွန်းလိုက်ပါသည်၊ ဗုဒ္ဓဂါရဝ ဗုဒ္ဓမာမက ဖြစ်ကြသော မြို့သူမြို့သား ရွာသူရွာသား ကြီးငယ်မဟူ အများသူတို့- ဒူဟူဟူ-ဒူဟူဟူ-ဒူဟူဟူ။

ကျိုက္ကမော့ကလေး ကေသာဆံဓာတ် ဘုရားမြတ်ငါတို့ ဂေါတမ ဗုဒ္ဓ မြတ်စွာ ရှစ်ဝါမြောက်ခါ ဝေနေယျကြွာသတ္တဝါတွေကို နတ်ရွာသုဂတိ နိဗ္ဗာန်သို့ရောက်အောင်ဟု သနားငဲ့ညှာ၍ မုနိရသေ့စုဋ္ဌရသေ့နှစ်ဦးတို့ကို ဆံတော်တဆူစီမျှပေးသနားခဲ့သောကြောင့် ဆံတော်များကို ကျိုက္ကမော့ ကလေး တောင်တွင်္ဂတောင်မြတ် တောင်ကလပ် တောင်ထိပ်အပေါ်မှာ ဌာပနာ ထားခဲ့လေသည်၊ သို့အတွက်ကြောင့် အသက် ရှည်စေလို ကေသာဆံဓာတ်ဘုရားမြတ် ကျိုက္ကမော့ကလေးသို့ ခိုကပ်ကြပါ နတ်ရွာ သုဂတိနိဗ္ဗာန်ရောက်လို ကေသာဆံဓာတ်၏ ဘုရားမြတ် ကျိုက္ကမော့ ကလေးသို့ မပျင်းမရိဘဲအားခဲ၍ ဘုရားဖူးသွားကြပါ၊ မာရ်ငါးပါးကို အောင်မြင်တော်မူသော ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ကြီးပွားစေလို ပရိယတ္တိ ဝိနည်းစာပြန်ပွဲကို စိတ်ရောကိုယ်ပါ အားပေး ချီးမြှောက် ထောက်ပံ့ကြပါ၊ ရတနာရွှေငွေ စည်းစိမ်ချမ်းသာ လယ်ယာချောင်း မြောင်း တိုးတက်ကြီးပွားစေလို လူရှင်ရဟန်း ပရိသတ် ကျွေးမွေးညှော်ခံ ကြရန် ဝတ္ထုကြေးငွေ ဆန်ရေစပါးများ သူ့ထက်ငါ လှူဒါန်းပါဝင် တော်မူကြပါ။

ထူပံ စေတိယံ ပုပ္ဖေဟိ၊ ပူဇနစိတ္တံ။
သိဒ္ဓမေဝ ယေနသာ၊ ဒေဝလောကေ ဥပ္ပန္နာ။

ဟုဟောတော်မူ၏။ ထူပံစေတိယံ၊ ပုထိုးစေတီတော်ကို။ ဝါ၊ ဘုရားဖူး သွားခြင်းကို။ ပုပ္ဖေဟိ၊ အထူးထူး အဆန်းဆန်း ပန်းအမျိုးမျိုးတို့ဖြင့်။ ဝါ၊ ဖယောင်းတိုင် ကြက်ရှာ တံခွန် ကုက္ကား မလေးဘွား ဆွမ်းလှူဒါန်း ခြင်းစသည်တို့ဖြင့်။ ပူဇနစိတ္တံ၊ သဒ္ဓါကြည်ဖြူ ပူဇော်မြတ်နိုးလိုသော စိတ်သည်။ သိဒ္ဓမေဝ၊ ပြီးသည်သာလျှင်ကတည်း။ ယေန၊ အကြင် ကုသိုလ် အမျိုးမျိုးအထူးထူး ကြောင့် ။သာ၊ ထိုသတို့သမီးသည်။ ဝါ၊ ထိုသတို့သား လူရှင် ရဟန်းအပေါင်း သူတော်ကောင်းသည်။ ဒေဝ လောကေ၊ ထွန်းလင်းတောက်ပ ချမ်းသာသုခ နတ်ပြည်ရပ်၌။ ဝါ၊ အံ့ဘွယ်မခန်း မင်္ဂဖိုလ်နိဗ္ဗာန်မြို့နန်းကြီး၌။ ဥပ္ပန္နာ၊ စိတ်သာချ၍ ဖြစ်ရ လေတော့သတည်း။

ဤသို့ ဟောတော် မူခြင်းကြောင့် ဘုရားဖူး သွားသော ကုသိုလ် စေဘနာကလဲ ကမ္မပထ မြောက်လို့ ပန်းပူဇော်ခြင်း ဆွမ်းလှူဒါန်း ခြင်း စိတ်ကလဲရှိသေမြတ်နိုးခြင်း အပစာယန ကုသိုလ်ကလဲ ကမ္မ ပထမြောက်လို့ တခါထိုး ချိထိရော ဆိုသလို နတ်ရွာသုဂတိ နိဗ္ဗာန် ရွှေပြည်မြတ်ကြီးသို့ ရောက်ကြမည် မလွဲကေန်ဘဲ အသဲစွဲဟုမှတ် တန္ခစ်မှ တကြိမ်သာလျှင် ကေသာဆံဓာတ် ဘုရားမြတ် ကျိုက္ကမေ့ာကလေးသို့ ဘုရားဖူးသွားကြမည့်အကြောင်း လေးနက်စွာ ရတနာ ရွှေစာမောင်းနှင့် နှိုးဆော်တိုက်တွန်းလိုက်ပါသည်၊ ကြီးကြီးငယ်ငယ်ဟူသမျှ လူရှင်ရဟန်း အပေါင်းသူတော်ကောင်းတို့-ဒူဟူဟူ-ဒူဟူဟူ-ဒူဟူဟူ။

### မုဒုံနဂရ ကွမ်းတုံဝိဟာရ ပုရာဏာဘိက္ခု အဓိပတိ ဗုဒ္ဓသာသန ဝေယျာဝစ္စ နိယမအသင်း

မုဒုံမြို့ ကွမ်းတုံကျောင်းဟောင်း ဘုန်းတော်ကြီးသည် ကေသာဆံဓာတ် ကျိုက္ကမေ့ာကလေး ဘုရားမြတ်ဆုတောင်းပြည့် တောင်ထူးတောင်မြတ် တောင်ထွဋ် တောင်ကလပ် အပေါ်ထိပ်တွင် ဆယ့်ခြောက်ဝါမြောက် နိက္ခမဒါနပါရမီ အဇ္ဈာသယ စိတ်ဓာတ်ပေါက်၍ အငုည္ဥဝါသို ဂဝေသီ တောရ ဆောက်တည်နေတော်မူသောအခါ ရေးသား စီရင်အပ်သော ကုသိုလ်ဒါန လှူဒါန်းပြုလုပ်ပုံ အကျဉ်းချုပ်နှင့် သံဝေဂလင်္ကာ-

## ဓမ္မဒေသနာ တရားတော်မြတ်ကြီး

(က) လူတို့သတ္တရာဇ် ကောဇာဝေါဟာ တထောင့်နှစ်ရာ ကိုးဆယ့်
ခုနစ်၊မုဒုံနဂရ ရွာဂါမက ကွမ်တုံဝိဟာရ ပုရာဏမည် နေရာဒေသ
ကျောင်းဌာနမှ အရှေ့မျက်နှာ ပုဗ္ဗာဒိသငါးတိုင်ခရီး ကျွန်းရွာလမ်းမကြီး
ကေသာ ဆံဓာတ် ကျိုက္ကမော့ကလေး ဘုရားမြတ် ဆုတောင်းပြည့်
တောင်ထူး တောင်မြတ် တောင်ထွဋ် တောင်ကလပ် အပေါ်ထိပ်တွင်
ဆယ့်ခြောက် ဝါမြောက် နိက္ခမဒါန ပါရမီ အဇ္ဈာသယ စိတ်ဓာတ်
ပေါက်၍ အရည့်ဝါသီ ဂဝေသီတို့ ထုံးဟောင်းဓလေ့ ဓမ္မမွေလျော်
သီတင်းသုံးပျော်စံခါ လမ်းကြီးလမ်းငယ် အသွယ်သွယ်ပါ ကိုယ်စိတ်
နှစ်ဖြာ ချမ်းသာရမှာ ကုသိုလ်ထူးလှ ဘုရားလမ်းမ ဆုမတောင်းဘဲ
ဆယ်ပါးအာနိသင် ကျိုးအင်ပြည့်ခြင်းကြောင့် ပစ္စုပ်သံသာ နှစ်ဖြာရော
ဒေဝနတ်ပြည် နန္ဒကန်ပမာ မခြားတူလှ အမျှားသူတကာ တွေ့ကြုံကြတဲ့
နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် အသက် ငါးဆယ်ကျော်မှ
ကံပေါ်သည် ဆိုသည့်စကားနှင့်အညီ ကုသိုလ် ထူးဆန်းလှပေ ဘုရား
ရေကန်တွေ့ သီကုံးဖွဲ့စည်း ပန်းဆိုင်းပန်းခိုင် စွန့်လွှတ်အပ်သော ပန်းကြိုး
တန်ဆာဖြင့် ကြဲဖြန့်အပ်သော အထူးထူး ရွှေပန်းကုံး ပန်းဆိုင်းတို့ဖြင့်
ထွန်းလင်းတောက်ပသော နန္ဒ စိတ္တ မိဿ ဖာရုသ နတ်ဥယျာဉ်နှင့်
တူသော ဘုရားဥယျာဉ် အရာမ်ပိုင်းခြား သီဟဠဒီပ မဟာမေဃဝန်
ဥယျာဉ်မြေပြင်၌ တည်သော မဟာဝိဟာရ ကျောင်းကြီးကဲ့သို့ ဝေဆာ
သစ်ပင် ဇီးဖြူဖန်ခါး ညောင်ချဉ် ညောင်ဗုဒ္ဓဟေ စသည်ညီညာ ပြေပြစ်
ဖြူစင်သန့်ရှင်း ကျိုက္ကမော့ကလေးဘုရား ကုန်းမြေပြင်သာယာ လိပ်ကုံး
ပမာ တူလှစွာသော ဝိသကြုံနတ် ဖန်ဆင်းသကဲ့သို့ ကုသိုလ်ဖန် ဗိမာန်
အသင့် ဘုံအသင့် ဆိုသည့်အတိုင်း လောကီလောကုတ် ထိုနှစ်ပြင်မှာ
အထက်တန်းကျလျက် စကြာ သိကြား ဗြဟ္မာ သာဝက ပစ္စေကဗုဒ္ဓါ
သမ္မာသမ္ဗုဒ္ဓ မဂ်ဖိုလ်နိဗ္ဗာန် တိုင်အောင် ရောက်နိုင်သဖြင့် တဏှာမဝင်
သံယောဇဉ်မဘက် နှစ်ပါးစုံ စင်ကြယ်ခြင်းကြောင့် ညောင်စေ့မျှလှူဒါန်း
က ညောင်ပင်ကြီးလောက် အကျိုး ဝိပါက်ကို ပေးစွမ်းနိုင်သဖြင့် အတိုး
မဖြတ်နိုင်၊ အံ့ဘွယ်မခန်း ကုသိုလ်ကြီးငယ် အသွယ်သွယ် သစ်ခက်သစ်
ရွက်ဖြင့် ဆောက်လုပ် လှူဒါန်းအပ်သော ဓမ္မာရုံကမ္ဘဋ္ဌာန်း ကျောင်းနှင့်
စကြံ စရပ် ကုဋ္ဌီ ရေတွင်း ရေကန် လမ်းမ ဘုရားပုထိုး စေတီ တိုင်းသူ

ပြည်သားဒါယကာများသဒ္ဓါလှူမျိုး တကြိမ်ပျိုးက ကောင်းကျိုးအသင်္ချေ တိုးပွားစေသည် လယ်မြေအမှန် ခွန်ထွက်သန် ကေန်မုချ ရမည်တည်း။

**မဟာသုဒဿနစကြာမင်း ကုသိုလ်အကျိုးပေးကြီး၍**

**ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးဂါထာ**

ဧဝံ နာတိမဟန္တမ္ပိ၊ ပုညံ့ အာယတနေ ကတံ။

မဟာဝိပါကံ ဟောတီတိ၊ ကာတဗ္ဗံ တံ ဝိဘာဝိနာ။

ဧဝံ၊ကဿပဘုရားလက်ထက်က အလောင်းတကာတို့လို ပြုလုပ်သော ကုသိုလ်မျိုးကို။ အာယတနေ၊ ကောင်းမှုတည်ရာဖြစ်ငြား ရတနာသုံးပါး အရှင်မြတ်များ၌။ကတံ၊ဗုဒ္ဓဓမ္မသံဃာဂုဏ် အလုံးစုံကို အာရုံကြည်ဖြူ ပေးလှူ အပ်သော။ ပုညံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သော ဒါနကောင်းမှု ကုသိုလ်စုသည်။ နာတိမဟန္တမ္ပိ၊ မကြီးမကျယ် အနည်းငယ် ညောင်စေ့ သဘွယ်ဖြစ်ငြားသော်လည်း။ မဟာဝိပါကံ၊ ကြီးကျယ်ပွားစီး ညောင်ပင် ကြီးမျှ အကျိုးဝိပါက်ရနိုင်သည်။ ယသ္မာ၊အကြင့်ကြောင့်။ ဟောတိ၊ကေန် စင်စစ် ဖြစ်ရချေ၏။ ဣတိတသ္မာ၊ ညောင်စေ့လောက်မျှ လှူဒါန်းကလျှင် ညောင်ပင်ကြီးပမာဏ အကျိုးရသောကြောင့်။ ဝိဘာဝိနာ၊သဒ္ဓါရွှေသွား ဖွံ့ထွားပညာ ကောင်းစွာရှိငြား အမျိုးသား သမီးသည်။ တံပုညံ၊ ဖြစ်ရာ စဉ်စိုက် မပြတ်လိုက်သော အနုဂါမိမှန် ထိုကောင်းမှု ကံကို။ ကာတဗ္ဗံ၊ နောက်တွန့်မဆုတ် အားပါးထုတ်၍ လျင်မြန်စွာ ပြုလုပ်ထိုက် ပြုလုပ်သင့် ပြုလုပ်အပ်လေတော့သတည်း။

(ခ) အရည်ကင် ဓုတင်ရအောင် ရှာကိုရှောင်၍ လေးတောင်ထွာ မြတ် အစွန်းလွတ်မှ ကိုင်းညွတ်ကွေးကွေး ကုလလေးတာ ပြန်ငါးရာလျှင် သင်္ချာမှန်သ တကောသ၌ နေထကိန်းအောင်း သင်္ခမ်း ကျောင်းလည်း ညောင်စောင်းခြီရံ တစုံသက်နီး ဖန်ရည်စွန်းသား ခါးပန်း သင်းပိုင် ကရိဏ်ပဲကွပ် သပိတ်အပ်နှင့် ဘိနပ်ထီးကုပ် လက်ဆုပ်ကိုင်သွား ကရား သားရေနယ် ပခုံးလွယ်လျက် လေးဆယ်ကမ္မဋ္ဌာန်း ကသိုဏ်းဝန်းလည်း စီးဖြန်းထစ်ထစ် ထွာလေးသစ်နှင့် မချစ်ဖော်ရွေ ကိုယ်တည်းနေ၍ ကေစာရ မာန်စောင်ချလျက် လောဘမစော လူမနှောသည့် တတော ထွက်လျှင် တတောင်ဝင်၍ တပင်ထွက်သွား တပင်နားလျက် ခေါင်းပါး အစာ မျှရုံသာလျှင် ချောက်ချာမများ လုပ်ရေစား၍ လေးငါး လုပ်လျှော့ ဖြော့တော့ကိုယ်လက် ပစ္စဝေက်လည်း လေ့ကျက်အမြဲ သုံးစွဲ တိုင်းပင်ရှက်ဆင်ခြင်၍ သုတ်သင်အာပတ် ပရိဝါသ်နှင့် မာနတ်ဘန်သွင်း

မကောင်းစောင့်စည်း သီလဆည်း၍ ပလလည်းဆင် ကျင့်သောသွင်သို့ အောင်မြင်တံခွန် သာမျိုးလွန်သည့် နိဗ္ဗာန်ရွှေမြို့ ပျော်မည်ဘို့တည်း။

(ဂ) မယှဉ်သဘင် စိတ်ကိုသင်၍ တော၀င်ပိပိ ညရီနံနက် ခတ်တံမြက်နှင့် ကိုယ်လက်ကျန်းအောင် သုံးရွှေဆောင်၍ ဈောင်ဗောဓိပင် စေတီပြင်ကို သုတ်သင်တံမြက် ကျောင်းသို့တက်၍ ဓမ္မစကြာ အနတ္တလက္ခဏ သတိပဋ္ဌာန် မဟာသမယ အာဋာနာဋိ အဋ္ဌဇေယျမင်္ဂလာ ရတနာ ရွှေချိုင့် နမက္ကာရ တံတိုင်းပမာ စောင်ရန်းကာ၍ မေတ္တာရွတ်ပြီး ဆွမ်းခံနီးသော် ကြယ်ကြီးနက္ခတ် အခါမှတ်လျက် လွယ်သွတ်သပိတ် ပရိတ်ရွတ်သွားသင့်ရာနားမှာ သုံးပါးအ၀န်း ခါးပန်းပတ်ရစ်ပုဆစ်ဒူးမှရှစ်သစ်ချ၍ ပတ်ထသင်းပိုင် ယှဉ်ပြိုင်ရောရွတ် ဒုကုဋ်ထို့ထက် လေးသစ်တက်၏ နှစ်ဘက်အစွန်း ညီ၀န်းသတ်သတ် ထိုကပတ်လည်း မချွတ်၀ာရှည် မြဲအောင်ချည်၍ လည်လက်ကောက်၀တ် ဖုံးလွှမ်းပတ်မှ အိတ်သွတ်ရေကျင်း မကောင်းလက်၌ သပိတ်ပိုက်လျက် ငိုက်ဆိုက်မျက်နှာ ပြင်းစွာမသွား ရထားထမ်းပိုး မျှော်ရိုးတည့်တည့် လေးတောင်ကြည့်၍ မလှည့်အာရုံ ရေလှုပ်ရုံသို့ ခြေစုံရွှေတွင် ရပ်သည်မြင်သော် ပွတ်စင်ရောင်မောင်း စားပေါင်းလက်စွဲ လှူဆဲဆဲ၌ လက်ဝဲခက်ထုတ် ဒုကုဋ်လှစ်ခွါ လက်ျာညွတ်ခံ ပိနည်းကံနှင့် တစံတည်းပင် ယွင်းမထင်သည့် မဂ္ဂင်ကူးတို့ လှော်မည်ဘို့။

(ဃ) တစဉ်တပြင် ဘုံသုံးခွင်မှ လွတ်ချင်သောထွေ ကျင့်ဘူးလေသား သက်သေသော်ကား ရေးသော်များ၏ မင်းသားတေမိ ကူသိဇနက် တောထွက်ရှေးခါ သုမေဓာတို့ မြိုင်သာတောဖျား သစ်သီးစား၍ လေးပါးဗြဟ္မ ဝိဟာရကို ရွရွစီးဖြန်း ကမ္ဘဋ္ဌာန်းဖြင့် မစွန်းသီလ ဈာန်ပျံ့ရ၍ ဗြဟ္မဘုံနေ ဖြစ်ဘူးလေ၍ လူ့ပြေခါသင့် သစ္စာပွင့်၏ ထိုနှင့်တမျှ ဈာန်မရလည်း နောက်မှ၀ါသနာ ပါစိမ့်ငှာလျှင် သစ္စာမိဋ္ဌာန် ပြုသင့်တန်ဟု သုသာန်ရုက္ခ အရည်နှင့် တကွမကွာ ဘောဂါနိသဇ် ကြိုက်လစ် ပွဲ့သကူ ဆောင်ယူမြဲကြိတ် စိ၀ရိက်နှင့် ကောင်းစိတ်မကွာ ယထာသန္တတိ မရှိနိုင်းပြိုင် ပတ္တပိုဏ်နှင့် ထပ်ဆိုင်ရောယု ခလုပစ္ဆာ သပ္ပဒါနှင့် ဧကာသန မလွတ်ရတည်း ခံထဆွမ်း၀တ် ပိဏ္ဍပါတ်က မချွတ်မြဲပင် ဓုတင်အမျိုး သုံးဆယ့်ကိုးကို ကျင့်ရိုးအမှန် မိဋ္ဌာန်ဝိကပ် ရှစ်ရပ်ဆယ်ဖြာ ပစ်ခွါလျှော်ကြ အရိယာ၏ ဝံသလေးသွယ် စင်ကြယ်သီလ သန္တောသဟု ဓမ္မကျင့်မှု ဆယ်ခုနစ်ကို သာဓုနတ်လူတို့ ခေါ်မည်ဘို့။

**လောကမှာတမ်းလင်္ကာ ဓမ္မဒေသနာတရားတော်**

၁-မာနကဲပို၊ စကားဆို၊ သူ့ကိုနှိပ်၍၊ မပြောနှင့်၊ ၂-သူလည်းကျင့်ဆိုး၊ ကိုယ့်ကိုချိုး၊ ရန်ငြိုးမထားနှင့်၊ ၃-မြွေငယ်မီးသေး၊ ငါမလေးဟု၊ အရေးမပေါ့နှင့်၊ ၄-ငါ့ကိုမပစ်၊ သက်လုံးချစ်ဟု၊ စင်စစ်မယုံနှင့်၊ ၅-မိတ်ဆွေနီးလျက်၊ မာနတက်၊ ရန်ဘက်ကိုလည်း၊ မရှာနှင့်၊ ၆-လုံ့လအပ်စွာ၊ အရာရာ၊ ကံကိုမရိုးနှင့်၊ ၇-ပညာနှိုင်းညှိ၊ ကြံခွင့်ရှိ၊ သတိမကင်းနှင့်၊ ၈-မချင့်မတွေး၊ အရေးရေး၊ မိုက်သွေးရဲစိတ်၊ မဝင်နှင့်၊ ၉-မြင်မြင်သမျှ၊ တွေ့ကရ၊ ရမ်းဆ၍လည်း၊ မကြောက်နှင့်၊ ၁၀-ရှေးထုံးရှေးစံ၊ လက်ဟောင်းမှန်၊ ပယ်လှန်မပစ်နှင့်၊ ၁၁-သီလစောင့်ရှာ၊ သည်းခံကာ၊ မေတ္တာမလစ်နှင့်။

မုဒုံနဂရ ကွမ်းတိုဝိဟာရ ပုရာဏဘိက္ခု၊ အဓိပတိ၊ ဗုဒ္ဓသာသနာ့
ဝေယျာဝစ္စ နိယမအသင်း၊ နမော ဗုဒ္ဓဿ၊
ကျိုက္ကမော့ကလေး ဆုတောင်းပြည့်
ဘုရားပွဲတော်ကျင်းပရန်

**ဥယျောဇဉ်ဂါထာနှင့် နှိုးဆော်စာ**

ဆာယုဒက သမာပုဏ္ဏံ၊ သာနုကန္တရ သောဘိတံ။
နာနာဒိဇဂဏာ ကိဏ္ဏံ၊ မယံ ဂန္တာမ ပဗ္ဗတံ။

ဘောန္တော၊ ရွှေဆံတော်မြတ် လေးဆူကပ်သည့် ဘုရားမြတ်သို့ သွားလာဖူးကာ အလိုရှိငြား ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဆာယုဒက သမာပုဏ္ဏံ၊ ဇုန္ဒနီလာ မြညှာရွက်လိပ် မိုးကာပိတ်သည့် အရိပ်စခန်း နတ်ရေကန်ပမာ ကြည်လျှမ်း၍ စိမ့်စမ်းပေါက်လုံ ကောင်းစွာပြည့်စုံထသော။ သာနုကန္တရသောဘိတံ၊ တောင်စဉ်တောင်တန်း တောင်ဝှမ်းရှိခင် တန်ခိုးတို့ဖြင့် နတ်ဖန်သည့်ပမာ အဆန်းတကြယ် ကောင်းစွာတင့်တယ်ထသော။ နာနာဒိဇဂဏာကိဏ္ဏံ၊ ဘာသာဘာဝ ပျော်ရှာကြသည့် ဗိုမလည်ရှက် ပင်ပေါ်ထက်က စက္ကဝက်လင်းပြာ ကြိုးကြာဥဒေါင်း ငှက်မျိုးစုံအပေါင်းတို့၏သောင်းသောင်းညံ့ကြွေးကြော် ပျော်မြူးရာလည်း ဖြစ်ပေထသော။ ပဗ္ဗတံ၊ သမိုင်းအရ ကေသာဆံဓာတ် ဆုတောင်းပြည့်ကျိုက္ကမော့ကလေး ဘုရားဗုဒ္ဓဟု နာမကျော်ဟိုး မင်္ဂလာဩဘာ ထောမနာကာ သတင်းဖြာသည့် ကေသာဓာတ်မြတ် ကိန်းဝပ်ပျော်မှီး တောင်တော်ကြီးသို့။ မယံ၊ ကုသိုလ်အထူး ပါရမီကို ညီညာဖျူဖျူ ကူညီဝိုင်းကာ ဗုဒ္ဓပူဇာ မင်္ဂလာနှိုးရင်း အဖော်တသင်း ဖြစ်ကြကုန်သော

သူတော်ကောင်းအကျွန်ုပ်တို့သည်။ ဂန္ဓာမ၊ ကုသိုလ်အတွက်စိတ်မပျက်ဘဲ တော၀င်စဉ်တောင်တန်း မျှော်မှန်းခါလျှင် ပင်ပန်းလိုက်ခုန် ဘုရားဖူး မည်ဟု တက်လာကြ ပါကုန်ပြီဘုရား။ ဝါ၊ ဓာတ်တော် လေးဆူ ကျိုက္ကမေ့ဟူ လိုအင်ဆန္ဒ ဆုတောင်းကြ၍ ဗုဒ္ဓဝန္ဒနာ ရှိခိုးကာဖြင့် သုဘူတိဖုသဒေဝ ရဟန္တာမြတ်လို ဘုရားအောက်မေ့ပြီး ဝိပဿနာ ပွားများကာဖြင့် မဂ်ဖိုလ်တက်လှမ်း နိဗ္ဗာန် ရွှေနန်းသို့ မကြာခဏ လျှင်မြန်ဆောစွာ ဆိုက်ရောက်ကြလေကုန်တော့သတည်း။

၁၂၉၈-ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျိုက္ကမေ့ကလေး နာမည်ဆန်း ကေသာဓာတ် ဘုရားမြတ်ပွဲတော်ကျင်းပရန် ရတနာ ရွှေစာမောင်းနှင့် သတိတရားမလစ်ရအောင် နှိုးဆော်တိုက်တွန်းလိုက် ပါသည်၊ ဗုဒ္ဓဂါရဝ ဗုဒ္ဓမာမက ဖြစ်ကြကုန်သော မြို့သူမြို့သား ရွာသူ ရွာသား ကြီးငယ်မဟူ အများသူတို့-ဒူဟူဟူ။

ကျိုက္ကမေ့ကလေး ကေသာဓာတ် ငါတို့ဂေါတမမြတ်စွာဘုရား ရှစ်ဝါမြောက်သောအခါ ဝေနေယျကြ သတ္တဝါတွေကို နတ်ရွာသုဂတိ နိဗ္ဗာန်သို့ရောက်အောင်ဟု သနားငဲ့ညှာ၍ မုနိရသေ့ စူဠရသေ့နှစ်ဦးတို့ကို ဆံတော်တဆူစီမျှ ပေးသနားခဲ့သောကြောင့် ဆံတော်များကို ကျိုက္ကမေ့ ကလေးတောင်ထွဋ် တောင်မြတ် တောင်ကလပ် တောင်ထိပ်ပေါ်မှာ ဌာပနာ တည်ထားခဲ့လေ၏၊ အသက် ရှည်စေလို ကေသာဓာတ် ဘုရားမြတ် ကျိုက္ကမေ့ကလေးသို့ခို၊ နတ်ရွာသုဂတိ နိဗ္ဗာန်ရောက်စေလို မပျင်းမရိဘဲ အားခဲ၍ ဘုရားဖူးသွားကြပါ၊ ရတနာရွှေငွေ စည်းစိမ် ချမ်းသာ လယ်ယာ ချောင်းမြောင်း တိုးတက် ကြီးပွားစေလို လူရှင် ရဟန်းများ ကျွေးမွေးညှော်ခံကြရန် သူ့ထက်ငါ လှူဒါန်းပါဝင်တော် မူကြပါ၊ ဘုရားဖူးသွားသောကုသိုလ်ကလဲ ကမ္ဘာပထမြောက်လို့ ပန်းပူ ဇော်ခြင်း ဆွမ်းလှူဒါန်းခြင်း စိတ်ကလဲရှိသေမြတ်နိုးခြင်းဖြစ်တဲ့ အပစာ ယနကုသိုလ်ကလဲ ကမ္ဘာပထမြောက်လို့ တခါထိုး ချိုထိရော ဆိုသလို နတ်ရွာသုဂတိနိဗ္ဗာန် ရွှေပြည်မြတ်ကြီးသို့ ရောက်ကြမည်မလွဲ ဧကန်ဘဲ အသဲစွဲမှတ်ဟု တနှစ်မှတကြိမ်သာလျှင် ကေသာဓာတ် ဘုရားမြတ် ကျိုက္ကမေ့ကလေးသို့ ဘုရားဖူးသွားကြမည့်အကြောင်း လေးနက်စွာ ရတနာရွှေစာမောင်းနှင့် နှိုးဆော်တိုက်တွန်း လိုက်ပါသည်၊ ကြီးကြီး ငယ်ငယ်ဟူသမျှ လူရှင်ရဟန်းအပေါင်း သူတော်ကောင်းတို့- ဒူဟူဟူ- ဒူဟူဟူ-ဒူဟူဟူ။

ဥက္ကဋ္ဌ နာယက မုဒုံမြို့ ကွမ်တုံ ကျောင်းဟောင်း ဘုန်းတော်ကြီးကို
အမှူးထား၍ အကျိုးတော်ဆောင် ဗုဒ္ဓသာသန ဝေယျာဝစ္စ နိယမ
အသင်းသူအသင်းသားများ။

နမာမိ ရတနတ္တယံ၊ မုဒုံမြို့ကွမ်တုံကျောင်းဟောင်း ၁၂၉၆-ခုနှစ်

**ဝိနယစာပြန်ပွဲအတွက် နှိုးဆော်စာ**

ဝိဝိဓာ နယာ တေသာတိ ဝိနယော။ တေသ၊ ထိုငါးပါးအပြား ရှိသော ပါတိမောက္ခုဒ္ဒေသ-အစရှိသော နည်းအား။ နည်း၏။ ဝိဝိဓာ၊ အထူးထူး အပြားပြားရှိကုန်သော။ နယာ၊ ဆောင်ခြင်း သိခြင်းနည်း တို့သည်။ အတ္ထိသန္တိ၊ ထင်ထင် ရှားရှား ရှိကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိနယော၊ ဝိနည်းမည်တော်မူ၏။ ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော။ ဧတ္ထ၊ ဤဝိနည်း၌။ ဝိသေသာ၊ လောကပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်၌ ဒဠှီသိထိလ ကရဏအားဖြင့် ထူးကုန်သော။ နယာ၊ ဆောင်ခြင်းကျင့်ခြင်း သင်ခြင်းတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိနယော၊ ဝိနည်းမည်တော်မူ၏။ ကာယဝါစာ ဝိနေတီတိ ဝိနယော။ ကာယဝါစာ၊ ကိုယ်နှုတ်အမူအရာတို့ကို။ ဝိနေတိ၊ မယဉ်ကျေး ယဉ်ကျေးအောင် ကျင့်တတ် သင်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိနယော၊ ဝိနည်းမည်တော်မူ၏။ ဝိနေတိ သိက္ခယတီတိ ဝိနယော၊ ယော၊ အကြင်သိက္ခာပုဒ် အပေါင်းသည်။ ဝိနေတိ-သိက္ခယတိ၊ အကျင့် သိက္ခာကိုယူစေ သင်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိနယော၊ ဝိနည်းမည်တော်မူ၏။ ဝိနေတိ ဧတေနာတိ ဝိနယော၊ ဧတေန၊ ဤဝိနည်း တရားတော်ဖြင့်။ ဝါ၊ အဓိသီလသိက္ခာပုဒ်ဖြင့်။ ဝိနေတိ၊ ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို ယဉ်ကျေးအောင် ဆုံးမတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိနယော၊ ဝိနည်းမည်တော်မူ၏။

၁-ထူးထူးဖြာဖြာ၊ နည်းနယာ၊ မှတ်ကြဝိနည်းသာ။ ၂-ဒဠှီသိထိလ၊ ဝိသေသ၊ မှတ်ကြ ဝိနည်းသာ။ ၃-ယဉ်ကျေးစေရာ၊ ကိုယ်နှုတ်ပါ၊ မှတ်ကြဝိနည်းသာ။ ၄-အကျင့်သိက္ခာ၊ သင်ယူရာ၊ မှတ်ကြဝိနည်းသာ။ ၅-အဓိသီလ၊ သိက္ခာပြ၊ မှတ်ကြဝိနည်းသာ။

ဝိနယောနာမ သာသနဿ အာယု ဝိနယေဋ္ဌိတေ သာသနံ ဌိတံ ဟောတိ။ ဝိနယောနာမ၊ ဝိနည်းတော်မည်သည်ကား။ သာသနဿ၊ မြတ်စွာဘုရား သာသနာတော် မြတ်ကြီး၏။ အာယု၊ အသက်တော်

ပေတည်း။ ဝါ၊ ရေသောက်မြစ်ကြီးပေတည်း။ ဝိနယေ၊ ဝိနည်းသည်။ ဌိတေ၊ တည်သည်ရှိသော်။ သာသနံ၊ မြတ်စွာဘုရား၏ သာသနာတော်သည်။ ဌိတံ၊ တည်သည်မည်သည်။ ဟောတိ၊ မုချမသွေ ကေန်စင်စစ် ဖြစ်လေတော့သတည်း။

သံဃေဒိန္န မဟပ္ဖလံ၊ အဟဋ္ဌေဝ ပူဇိတော။ သံဃေ-သံဃာသ၊ အရိယာနွယ်ဝင် ဂုဏ်အင်ကိုးပါး သံဃာတော် အရှင်မြတ်များအား။ ဒိန္နံ၊ ပေးလှူပူဇော်ရခြင်းသည်။ မဟပ္ဖလံ၊ ကြီးကျယ်မြင့်မြတ်သော အကျိုး ရှိပါပေ၏။ အဟဋ္ဌေဝ၊ ငါဘုရားကိုယ်ကိုပင်လျှင်။ ပူဇိတော၊ ပူဇော် ပေးလှူအပ်သည်မည်၏ ပူဇော်ပေးလှူအပ်သည်ရှိသော် ဖြဟ္မာတထောင် တယောက်လျှင် လျှာတထောင်ဖြင့်ဘန်ဆင်း၍ ဟောကြားသော်လည်း သံဃာဒါနအကျိုးသည် ကုန်ဆုံးခြင်းသို့ မရောက်နိုင်ဟု ဘုရားမြတ်စွာ စိန္တေယျာသည် ဟောကြားတော်မူသည်ဖြစ်၍ ဉာဏပဏ္ဍိ ကဝိတဖြာ ဒါယကာကြီးငယ် အလှူသည်တို့ပြုဘွယ်မဆွ ဒါနကုသိုလ် သဒ္ဓါပိုလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုရသတဲ့၊ ဒါနမှာအရင်း ပေးကမ်းခြင်းသဘော စေတနာ ဇောမယုတ်သဖြင့် မဟာဒုဂ် ပေါ်သည်မှာ လတ်တလော ထင်ထင် သဒ္ဓါဇောသက်ဝင်၍ စောဗုဒ္ဓင်မြတ်စွာ သံဃာဆွမ်းကပ် လှူဒါနကြောင့် ရတနာရွှေအိုး အိမ်ခေါင်မိုးထိ၍ နေစရာမရှိအောင် ဝင်းရောင်အတိ ရွှေတောင်တောက်ပြောင်သော သူဌေးမင်း တယောက်ကဲ့သို့ ယခုပင် မျက်မှောက် ရတနာမိုးသွန်း ရောက်မည်တရပ် ရာဇဂြိုဟ် ပြည်မြတ်ဝယ် စွဲကပ်သည့်မောင်ကာကသည် ဆံကွဲဆံညှာ အမြဲမကွာအောင် ထမနဲသာ ကျိုရှာ၍ကပ်ခဲ့ရ တပဲမျှလည်းငွေမရှိ မြတ်မုနိထိုသံဃာ ကြွရောက်တော် မူရာတွင် ယာဂုထမနဲ တပဲတန်မျှကပ်လှူရဒါကြောင့် များမကြာခုနစ်ရက် အတွင်း ဆက်ဆက်ပင်ကြာမနှေး မဟာသူဌေးကြီး ကေန်ဖြစ်ပါကြောင်း အကျိုးအကြောင်းကို စုပေါင်း၍ ရေတွက် ပါသော်လည်း မြဟ္မာ အသက်သာကုန်၍ အကျိုးထူး မကုန်နိုင်သဖြင့် သုံးခရိုင်နယ်အတွင်း သူဌေးမင်းဟု ထင်ပေါ်လူမော်ကြီး တယောက်ဖြစ်ကြရန် လှူဒါန်းပါဝင် ကြမည့်အကြောင်း နိဗ္ဗာန်ဆော်တို့က တိုက်တွန်း နှိုးဆော်လိုက်ပါသည်၊ သာသနာ့ဒါယကာအစစ် မင်းကေရာဇ်တို့ခင်ဗျား။

မုဒုံနဂရ ကွမ်တုံဝိဟာရ ပုရာဏဘိက္ခု အဓိပတိ၊
နှုတ်လျှာမှာအပြော၊ လက်ရုံးမှာအလုပ်-ဟူသော

**ဩဝါဒ ဒေသနာဂါထာနှီးဆော်စာ**

မာစလေထ ဗဟုက္ခတ္တုံ၊ ဩဠ္ဍံ ဝေါ ဘာသိတုံ ကထံ။
ဗာဟုံ စာလေ ထထာမေန၊ ကမ္မံကာတုံ ဖလာစိတံ။

ဘောန္တော၊ မင်္ဂိုလ်နိဗ္ဗာန်လိုလား အိုသူတော်ကောင်းတို့။ ကထံ၊ နည်းတပေါင်တိတ်နိမိတ်စကားပြောဟောခြင်းကို။ ဘာသိတုံ၊ ထင်တိုင်းမြင်တိုင်းပြောဆိုခြင်းငှာ။ ဝေါ၊ သင်သူတော်ကောင်း အပေါင်းတို့၏။ ဩဠ္ဍံ၊ လျှာနှစ်သစ် နှုတ်ခမ်းပဲ့ကလေးကို။ ဗဟုက္ခတ္တုံ၊ အကြိမ်ပေါင်းများစွာ။ မာစလေထ-မာစလေယျာထ၊ မလှုပ်ရှားကြ ပါကုန်လင့်။ ဖလာစိတံ၊ အကျိုးနှင့်စပ်သော ကောန်အမှန်အကျိုးရှိရန်ဖြစ်သော။ ကမ္မံ၊ အမှုပေါင်းမျိုးစုံကို။ ကာတုံ၊ ကျကျနန ပြုလုပ်ဆောင်ရွက်ခြင်းငှာ။ ဝေါ၊ သင်သူတော်ကောင်း အပေါင်းတို့၏။ ဗာဟုံ၊ လက်ရုံးလက်မောင်းကို။ ထာမေန၊ အားအစွမ်းဖြင့်။ ဝါ၊ အာဇာနည်းမျိုးဟေ့။ ဗဟုက္ခတ္တုံ၊ အကြိမ်ပေါင်းများစွာ များနိုင်သမျှ အကြိမ်များအောင်။ စာလေယျာထ၊ လှုပ်ရှားစေ ကြိုးစားကြလေကုန်သတည်း။

ဎင်းအထက်ပါ နီတိမာလာကျမ်းဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်ကား အိုသူတော်ကောင်းတို့ စနီးတပေါင်တိတ် နိမိတ်စကား ပြောဆိုခြင်းငှာ သင်၏ နှုတ်ခမ်းကိုအကြိမ်ပေါင်းများစွာ မလှုပ်ရှားကြပါစေကုန်လင့်၊ အကျိုးရှိသောအလုပ်ကို လုပ်ဆောင်ခြင်းငှာ သင်တို့၏လက်ရုံး လက်မောင်းကို အကြိမ်ပေါင်း များစွာ အားအစွမ်းဖြင့် နောက်မဆုတ်ဘဲ အာဇာနည်ဆိုပြီး ကျကျနနလုပ်ကိုင်၍ လှုပ်ရှားကြပါစေကုန်လော့ဟူ၍ ဆိုလိုရင်းဖြစ်သတည်း။

၁-ဖြောင့်မတ်သော သစ္စာစေတ်ကို မွေးမြူကြခြင်း။ ၂-သူတပါးတို့ ဆွဲတိုင်း မယိမ်းယိုင်ဘဲ ခိုင်ခံ့သော သမာဓိစေတ်ကို မွေးမြူခြင်း။ ၃-ကိုယ်ကျင့်ကောင်းအောင် အမြဲလေ့ကျင့်ခြင်း။ ၄-အသိအမြင်ကြီးထွားအောင် ပညာဗဟုသုတများကို ကြိုးစား၍ ဆည်းပူးခြင်း၊ ဤ အချက်ကြီးလေးပါးကို တိုးပွားအောင်ကြိုးစည်သင့်ကြပေသတည်း။

**ဆောင်ပုဒ်လင်္ကာ အတိုချုပ်**

ကိုယ်စွမ်းအားကိုး အကျိုးရွက်ဆောင်၊ စိတ်နေကြီးထွား မြင့်မားအခေါင်၊ မျိုးစရိုက်နှင့် ဘိုးထိုက်လေအောင်၊ သေးသိမ်ခြင်းကို အရှင်း

လွှတ်ရှောင် ခစ်သိမ်းဝါကျ စကားဟူသမျှ လိုရင်းအထက်ပါအတိုင်း ဖြစ်ပါသည်။

၁၃၀၀-ပြည့်နှစ် တံကူးလဆန်း ၁-ရက်နေ့ကစ၍ အမည်နာမ မွေးပြန့်တဲ့ ကျိုက္ကမေ့ကလေး ဘုရားတောင်နောက်လမ်း ပြုပြင်နေ ပါသည်ဖြစ်၍ မြို့သူမြို့သားအပေါင်းသူတော်ကောင်းတို့ ကြီးကြီးငယ်ငယ် ဟူသမျှလှည်းသမားကစ၍လျစ်လျူမရှုကြဘဲကိုယ်စီကိုယ်ငှ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟအားဖြင့် မပျက်မကွက် ချီးမြှောက်ထောက်ပံ့ အားပေးကူညီ ကြရန် အထူးဝိသေသအားဖြင့် များစွာ မေတ္တာရပ်လိုက် ပါသည်။ ကြီးကြီးငယ်ငယ် ဟူသမျှ လှည်းသမားကစ၍ မြို့သူမြို့သား အပေါင်း သူတော်ကောင်းတို့။ ထို့ပြင်အထူး ဝိသေသအားဖြင့် ဆင်ခြင်စဉ်းစား၍ တဦးနှင့်တဦး အပေါ်မှာ ယုံမှားသံသယ မရှိကြရန် အလုပ်ကို ကြည့်ပြီးတော်သလို ကူညီဝိုင်းဝန်းကြရန် နောက်မဆုတ်ဘဲ သည်တပွဲမှာ အားခဲကြပါ နှိုးဆော်တိုက်တွန်း လိုက်ပါသည်၊ ညီညာပေါင်းသင်း ဆက်ဆံခြင်းကား ခွန်အားဗလ ပြည့်စုံခြင်းတည်း၊ သို့အတွက်ကြောင့် မိမိတို့အရပ်တိုင်းမှာ လျစ်လျူမရှုကြဘဲ စွမ်းနိုင်သမျှ အားပေးကူညီ၍ ထွက်ကြပါ အထူးမေတ္တာရပ်ပါသည်။

ယုံယုံကြည်ကြည်နှင့် တနေ့သုံးကြိမ် ရှိခိုးလျှင် ဗောဓိပင် စည်ကား ကြီးပွားသကဲ့သို့ အကြောင်းပြု အကျိုးပေး ပစ္စုပ်တမလွန် ကြီးပွား ချမ်းသာလိမ့်မည်။

ဗောဓိရုက္ခော ခယံ ဝယံ၊ စတုသစ္စ ဝိဇာနနံ။
ကေဝုမို ကေဇာတံ၊ ကေကေ ဗုဒ္ဓပူသိတံ။
အဟံ ဝန္ဒာမိ သက္ကစ္စံ၊ ကေပူဇံ သုခါဝဟံ။

ခယံ၊ကိလေသာမှီ ကျွန်သူပုန်တို့၏ ကုန်ခန်းခြောက်သွေ့ရာလည်း ဖြစ် တော် မူထသော။ ဝယံ၊ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ်ကြီးကို ဖြတ် တောက်ခုတ်လှဲ၍ပျက်စီးရာလည်း ဖြစ်တော်မူထသော။စတုသစ္စဝိဇာနနံ၊ သစ္စာလေးတန် တရားမှန်ကို မကျန်ကုန်စင် သိမြင်တော်မူရာလည်း ဖြစ် တော်မူထသော။ ယောဗောဓိရုက္ခော၊ ဆဗ္ဗဏ္ဏရံသီ ခြောက်လီရောင်စုံ ရှုပါရုံတို့နှင့် ပြည့်စုံတော်မူသော အကြင်ဗောဓိပင်ကြီးသည်။ကေဇာတံ၊ မြတ်စွာဘုရား ဘွားမြင်တော် မူသောနေ့၌ တပြိုင်နက် တချက်တည်း သာလျှင် အညွန့်အညှောက် ပေါက်ရောက်စည်ကား ဖြစ်ပွားတော်မူ ပေ၏။ကေဝုမို၊အဖော်မမှီး တပင်တည်းသာလျှင်စွင့်စွင့်ငွါးငွါး စည်ကား

ကြီးပွားသော် မူပါပေ၏။ ကေကာဗုဒ္ဓပူသိတံ – ကေကာဗုဒ္ဓဝိကာသိတံ၊ တခုခုသော ဗောဓိပင်ရင်း၌ တဆူတဆူသော ဘုရားရှင်ကိုယ်တော်မြတ် တို့သည်သာလျှင် ပါရမီဉာဏ်ရင့် အချိန်သင့်၍ ပွင့်တော်မူကြပါပေ၏။ ကေပူဇံ၊ တကြိမ်တခါလောက်မျှ သဒ္ဒါရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော် လိုက်ရသည်ရှိသော်။ သုခါဝဟံ၊ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ဆောင်ပို့တော် မူတတ်ပါပေ၏။ သောဗောဓိရုက္ခော၊ ထို ကေဇာတ စသည်ဂုဏ်ထူး မြတ်ကျေးဇူးကို ချီးကျူးမကုန် လုံးစုံအောက်ထက် ဘဝင်ကျော်ကြား မြတ်ဘုရား၏ ဖွားဘက်တော်ရင်း ဗောဓိပင်မင်းကို။ အဟံ၊ခန္ဓာနာမ်ရုပ် လူဟုသမုတ် အကျွန်ုပ်သည်။ သက္ကစ္စံ၊ ရိုရိုသေသေ လေးလေးမြတ်မြတ် အာရုံကပ်၍။ ဝန္ဒာမိ၊ စိတ်ဖြင့်ဦးတန်း ဂုဏ်တော် တွေကိုမှန်းလျက် ချီးမွမ်းထောမနာ ပဏာညွတ်ကျိုး လက်စုံမိုး၍ အကြိမ် ကြိမ် ရှိခိုးလိုက်ပါ၏ အရှင်ဘုရား။

**မော်လမြိုင်မြို့ သတိပဋ္ဌာန် ကျောင်းအဖွဲ့**

**မြတ်စွာဘုရား ၄၅–ဝါ ဝါဆိုသောဌာနများ ဝါဆိုစဉ်**

၁။ သယမ္ဘူ စောနတ်၏ မနောခတ်ချီရွှင်၊ ပြောစမှတ် စာဆို တင်မည် ဝါဆိုစဉ်မှတ်သား၊ မြတ်ဓမ္မရွှေစကြာကို မိဂဒါဝေါကပ် ရွှေဖျား၊ဒု-တ-စ-ရာဇဂြိုဟ်မှာ ဝါဆိုတော်မူငြား၊ဝေသာလီ ပြည်အပါး မှာတော့ ငါးဝါမြောက်ဘုန်းကြွယ်၊ မကုလာတောင်ဂိရိ ခြောက်ဝါရှိ ကိန်းဝပ်စံပယ်၊ နေခ်ါခါသိ ထိမ်းမှတ်လွယ်အောင် ကိန်းသပ္ပါယ် ညွှန်ရစ်တော့၊ခုနစ်နှစ်တာဂတိံသာ မြိန်းကြွကပ်ရှာ၊ ရှစ်ဝါမြောက် စံတု ကွာသည် သံသုမာဂီရိပလေး။

၂။ နဝမံကောသမ္ဗီ စောလျှံကြွစွဲထိုင်၊တောကန္တပုလဲမြိုင်မှာ မလွဲနိုင် ဆယ်သား၊ပြာဟ္မဏနာလရွာမှာ ဝါကြွတာ ကိန်းဆယ့်တစ်ငြား၊ဝေရဉ္ဇ ရပ်ဌာနီ ဒွါဒသီမှတ်သား၊ တောစာလီ မြတ်အပါးမှာတော့ ဆယ့်သုံး ထားလျှမ်းညီ၊ စုဒ္ဒသာဇေတဝ ကပ္ပိလပန္နရသီ၊ သောဠသ အာဠဝီမှာ စာအညီမှတ်စမ်းတော့၊စံမြန်းတဲ့ ရာဇဂြိုဟ် ဆယ့်ခုနစ်ဆို၊ ဆယ့်ရှစ်နှင့် ဆယ့်ကိုးအလိုမှာ စာလီဆို တောင်ထိပ်ပလေး။

၃။ ရာဇဂြိုဟ်ဝါဝိသ စာရိမျှသုံးချွေ၊ ဌာနီကြွ ဘုန်းဝေမှာ၊ ထုံးအနေ မမြဲနှစ်ဆယ့်လေး ဝါကျွတ်မှီသည်၊ သာဝတ္ထိမြို့ပြည်၌ဘဲ၊အန္တိမ နောက် တဝါမှာ ဗေလုရွာမလွဲ၊ အာယုတော် ဇီဝိန်းနဲ့ပြိုမို့ ရည်ချိန်မြဲထုံးစံ၊ ဖျည်းစာလီဝါအဆိုက် အမတာမြိုက် မြန်းကြွအမှန်၊ သတ္တဝါသိုတက်

ဒိပက်ဇံကို ယာဉ်ပျံတော် မင်္ဂနန်းနှင့် တဘက်ကမ်း ပြည်ခေမာ လှမ်းပို့တင်ရှာ၊ဘုရားမြတ် ဆိုစဉ်ဝါကို လိုချင်စရာ မှတ်စမ်းတော့လေး။
(ဦးဇာနက–ကျိုက်ပိုင်းဆရာတော်)

## တနည်း ဘုရားမြတ် ဝါဆိုစဉ်

ငါးမာရ်အောင်ဇိနရဲ့ သိစရာ့ဝါကို၊ တိအကျစာဆိုမယ် ကဗျာချိုမွှတ်ကျူး၊ စ–ဝါကပ် မိဂဒါမှာ စက်ဓမ္မာဟောလတ်ရှေးဦး၊ ဒုတိယဝါအဆို ရာဇဂြိုဟ်စံမြူး၊ဝေသာလီ ပြည်အထူးမှာလ ငါးဝါကူးဘုန်းဝေ၊ မကုလာတောင်တော်ရပ် ခြောက်ဝါကပ် ကိန်းဝပ်စံနေ၊ဝါသတ္တ ဝတိံသာမှာ အစိန္တေကူးကြွလို့ ထူးလှတဲ့အဘိဓမ္မာ ဟောလတ်မိန့်ကာ၊ရှစ်ဝါ မြောက်စံပြုရာမှာ သံသုမာတောင်ထိပ်ပလေး။

ကောသမ္ဗီကိုးဝါရ စိုးနာထမ်းထိုင်၊ ဖြိုးသာစွပုလည်းမြိုင်မှာ အပြီးပိုင်ဆယ်ကူး၊ဗြာဟ္မဏနာဠ္ဌရွာမှာ ဝါကြွတာ ဆယ့်တစ်ရွှင်မြူး၊ တဆယ့်နှစ်နေလျှင်ဝါ ဝေရဥ္စာပြည်ထူး၊တောင်စာလီ မြတ်အဦးမှာတော့၊ဆယ့်သုံးကျူး ဝါတော်၊ ဆယ့်လေးကြိမ် ဇေတဝ ကပ္ပိလ ဆယ့်ငါးဝါခေါ်၊ အာဠဝိ ဆယ့်ခြောက်ကျော်မှာ စက်ရောက်ပျော်ပြန်လှမ်းလို့ စံမြန်းတဲ့ ရာဇဂြိုဟ် ဆယ့်ခုနစ်ကို၊ဆယ့်ရှစ်နှင့် ဆယ့်ကိုးအလိုမှာ စာလီဆို တောင်ထိပ်ပလေး။

ရာဇဂြိုဟ်တသွယ်ညှိ နှစ်ဆယ်ပြည့်ဝါချိန်၊ နယ်မလှည့် မာရဇိန်မှာ ဇရာနှိမ်အိုရွှမ်း၊ နှစ်ဆယ့်လေး သာဝတ္ထိမှာ ဝါကျွတ်မှီ လှည့်ပတ်စံမြန်း၊ အန္တိမနေမှုမှာ ဝေဠုရွှာတခန်း၊အာယုတော် ဇီဝိန်ခွမ်းပြီမို့ ရည်ချိန်မှန်းစဉ်လာ၊ မြတ်ဆိုဝါ လေးဆယ့်ငါးတွင်မှ အေးနယ်သွား မြန်းကြွခေမာ၊ များဝေနေ့ သံသရာကို ယာဉ်တဖြာ မင်္ဂနန်းနှင့် ဖျက်လှမ်း၍ နိဗ္ဗူခွင်လှမ်းပို့ကယ်တင်၊ဘုရားမြတ်ဝါဆိုစဉ်ကို စာလိုချင် မှတ်စမ်းတော့လေး။
(သတိုးသောင်း)

## မိတ်ရန်နှစ်ဖြာကို လင်္ကာဖြင့်ပြဆိုခြင်း

မိတ်ရန်နှစ်ဖြာ လက္ခဏာကို၊ လင်္ကာစီရင် ရေးသားတွင်အံ့၊ မြင်လျှင်မပြုံး နှလုံးမသာ၊ မျက်နှာမပေး ကျင့်ရေးဆန့်ကျင်၊ ရန်တွင်မှီခို မိတ်ကိုပယ်ရှား၊မြှောက်စားမလို ဆဲဆိုသူဖက်၊လျှို့ဝှက်မကြား ရှက်ထားဖော်ဆို၊ မှုကိုပြစ်ရှာ ပညာပြစ်တင်၊ဖျက်လျှင်ဝမ်းသာ ပွားလျှင်မုန်းထား၊ စားထူးရမေ့ နေလေ့မတ၊ ဆယ့်ခြောက်ဝဟု မှတ်ကြရန်သူ၊ပြန်ယူမိတ်မှတ် လူကဲ

ခတ်၍၊မပြတ်ပေါင်းလေ မိန့်ခွန်းချွေသည်၊ စိန္တေဟော အပ်လေတော့သတည်း။

## ကပ်ကျော် ဖြစ်တော်ပေါင်းအင် ဘုရားရှိခိုး

အစကြီးကြာ၊ ဆယ့်ခြောက်ခါတည်း၊ ဟယ်ာကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျီးညိုသုံးခါ၊ သံသာကျူးညိတ်၊ကရဝိက်ငါး၊လေးကားကိန္နရီ၊ စာမရီဆယ့်ငါး၊ မျောက်ကားတဆယ်၊ ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ်ဆယ့်လေး၊ကေကေးသိန္ဒဝ၊ကျွဲအဌနှင့်၊တွန်ထသံညောင်း၊ဥဒေါင်းနှစ်ခါ၊ သာလိကာသတ္တ၊ ဒွါဒသကြက်၊ ဝက်တဆယ့်သုံး၊ ပေါင်းရုံး များစွာ၊ တရာ့သုံးခြောက်ဖြစ်၍ အန္တရာယ်မရှိ ဘေးမငြိဘဲ မုနိမြတ်လောင်း ဂုဏ်တော်ပေါင်းကို ညွတ်ပျောင်းစေတနာ ဦးထိပ်ထား၍။ အဟံ၊ဘုရား တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ လက်စုံမိုး၍ အခါခါ ရှိခိုလိုက်ပါ၏ အရှင်ဘုရား။

## မဂ္ဂင်မည်ကြောင်းကိုပြဆိုခြင်း

သုဂတိ နိဗ္ဗာနာနိ မဂ္ဂန္တိ ပါပုဏန္တိ ဧတေဟိတိ မဂ္ဂါနိ။ ဧတေဟိ၊ ထိုသမ္မာဒိဋ္ဌိစသောတရားတို့ဖြင့်။ သုဂတိနိဗ္ဗာနာနိ၊ ကောင်းစွာလားရာ သုဂတိနိဗ္ဗာန်တို့သို့။ မဂ္ဂန္တိ-ပါပုဏန္တိ၊ ရောက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မဂ္ဂါနိ၊ မည်ကုန်၏။ မဂ္ဂါစတေ အင်္ဂါနိစာတိ မဂ္ဂင်္ဂါနိ။ မဂ္ဂါစ၊ မဂ်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုမဂ်တို့ဟူသည်။ အင်္ဂါနိစ၊ အကြောင်းအင်္ဂါတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့မည်ကုန်၏။ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို အရကောက်ယူအပ်၏၊ ဤသို့ပြအပ်သောမဂ္ဂင်ရှစ်ပါးဝယ် အထူးဝိသေသ အားဖြင့်ခွဲခြား၍ ယူဟန်ကား သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ တို့သည်ဝိဇ္ဇာတရားမည်၏၊ ကြွင်းသောမဂ္ဂင်ခြောက်ပါးသည်စရဏတရား မည်၏၊ယာနအားဖြင့် ၎င်းဝိဇ္ဇာမည်သောတရားနှစ်ပါးသည် ဝိပဿနာ ယာဉ်မည်၏၊စရဏမည်သောတရားခြောက်ပါးသည်သမထယာဉ်မည်၏၊ ခန္ဓာအားဖြင့် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတရားနှစ်ပါးကို ပညာက္ခန္ဓာဖြင့် ရေတွက်အပ်၏၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ တရားသုံးပါး တို့ကို သီလက္ခန္ဓာအားဖြင့် ရေတွက်အပ်၏၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ တရားသုံးပါးတို့ကို သမာဓိက္ခန္ဓာအားဖြင့် ရေတွက် အပ်၏၊ ဤသို့ရေတွက်ရာဝယ် လောကူပမာအားဖြင့် မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသော ခရီးသွားယောကျ်ားကဲ့သို့ ဝိဇ္ဇာတည်းဟူသောမျက်စိ စရဏ

တည်းဟူသော ခြေထောက်တို့နှင့် ပြည့်စုံသည်ဖြစ်၍ ဝိပဿနာယာဉ်ဖြင့် ကာမ သုခလ္လိကာနုယောဂ အယုတ်တရားကိုပယ် သမထ ယာဉ်ဖြင့် အတ္တကိလမထာ နုယောဂ အယုတ်တရားကို ပယ်အပ်ကုန် ပြီးလျှင် ပညာက္ခန္ဓာဖြင့် မောဟတုံးကိုဖောက်ခွဲလျက် သမာဓိခန္ဓာဖြင့် လောဘ တုံးကိုဖောက်ခွဲလျက် အဓိပညာ သိက္ခာဖြင့် ပညာပြည့်စုံ အဓိသီလ သိက္ခာဖြင့်သီလပြည့်စုံ အဓိစိတ္တသိက္ခာဖြင့် သမာဓိပြည့်စုံခြင်းသို့ရောက်၍ အလွန်အထူးအမြတ်အားဖြင့် မဟာအမတနိဗ္ဗာန်ကြဝှန်း ရွှေဘုံနန်းသို့ ခိုလှုံခါမျက်မှောက်ပြုရ၏ဟု အဋ္ဌကထာဆရာမြတ် ပြဆိုအပ်၏။

### မဂ္ဂင်ဖောင်တော်ကြီး နိဗ္ဗာန်မြို့တရားတော်
### သံဝေဂလင်္ကာ ဆုံးမစာ

မှတ်ပါရစ်စေ မှာခဲ့ပေအံ့ သံဝေခွဲယူ များမိုလ်လူတို့ နိဗ္ဗူအောင်ခန်း ဆောင်ကြဝှန်းသို့ တက်လှမ်းဘို့ရေး မရောက်သေး၍ ရှည်ဝေးသံသာ ဤလောကာ၌ အိုနာမကင်း ဖြစ်ပျက်ခြင်းကို မယွင်းမုချ တွေ့ကြုံရလိမ့် ဒါနရွှေကံ အသင့်ဖန်၍ တန်တန်ဥစ္စာ ရတနာနှင့် များစွာရွှေငွေ ရတုံပေလည်း ရလေကုန်လေ ပျက်စီးချေသော် ထွေထွေဒုက္ခ လွန်များ လှ၏ ဘဝရေးခါ ကုသလာကြောင့် မေတ္တာရေစက် အတူဖက်၍ နှစ်သက်မြတ်နိုး ချစ်ပင်ပျိုးလျက် ချစ်ရိုးထွေထွေ ချစ်ပေးဝေ၍ ချစ်ဆွေ လင်သား ချစ်မယားက ချစ်သားချစ်သွီး ချစ်ပစ္စည်းနှင့် ချစ်ငြိုးဝေဝေ ချစ်မြေးတွေ၌ ချစ်မလေမစဲ အချစ်ပွဲကို ချစ်မြဲနေည ချစ်ကုန်ကြလည်း ကွဲရမည်သာ ဓမ္မတာတည်း။

ရူပါအဆင်း နတ်မယွင်းမျှ လွန်မင်းတင့်တယ် လှဂုဏ်ချယ်လည်း သက်ရွယ်ယိုယွင်း ဇရာညှဉ်းက အိုးမင်းမည်မှာ မလွဲသာခဲ့ များစွာ ဂုဏ်ပေါင်း စုခါလောင်း၍ ထောင်သောင်းလူမိုလ် ချီးမွမ်းဆိုလည်း သပြိုဟ်ကဲ့ရဲ့ ခါခါရွံ့လျက် ပြစ်ဖွဲ့ရှုတ်ချ တဖွဖွနှင့် ဆိုကြကေန် တွေ့ရ ပြန်လည်း ခြွေရံတင့်တယ် မိုးလကြယ်သို့ ဖွယ်ဖွယ်ရာရာ ရှိကုန်ပါလည်း မှန်စွာမယွင်း တကိုယ်ချင်းလျှင် ကွေကွင်းရမည် မှတ်ယုံကြည်လော့ ရေကြည်ကလလ တည်ဦးကလျှင် ခဏမဆိုင်း အပျက်ပိုင်းသို့ အလှိုင်း ကြီးစွာ နီးကြရာသား သာဓုသုခ ကံကောင်းမ၍ ဇီဝသက်ရှည် ဆက်ခါ တည်လည်း ဇာလီအေးယာဉ် စိန်ခြူးဆင်၍ မိခင်လွဲဆက် မြပုဏ်ကနှင့် နေ့ရက်ကြာရှည် ဝေးရချေလည်း နီးလေပျဉ်ခေါင်း ဝင်ခါအောင်းလိမ့် အကြောင်းမလျော် သုံးရက် ကျော်လျှင် ပုပ်စော် ညှီလှောင်း မြင်

မကောင်း၍ အပေါင်းချစ်သူ မကြည်ဖြူတဲ မျက်နှာလွှဲ၍ ခွဲခွါဝေးစွာ မကပ်လာခဲ့ မြို့ရွာဆွေမျိုး ဂုဏ်တန်ခိုးနှင့် ပြည့်ဖြိုးဥစ္စာ ရတနာကို စွန့်ခွါ အပြီး လူမနီးသည့် တောကြီးမြိုင်ယံ မြေသုသာန်၌ ရောက်ပြန်မရှိ မြုပ်နှံဘိ၍ မိမိကိုယ်ချင်း ခြောက်ပေတွင်းဝယ် စင်းစင်းအိပ်ခါ မလွဲ သာသဲ နေရန်ကို အမြဲဆင်ခြင် သမ္မဇဉ်နှင့် ညဏ်မြင်စူးရှ ရှုကုန်ကြလော့ ဒုက္ခရိပ်မြို့ လောကီဘုံမှ လွတ်ခုန်ကျော်လွှား အလိုအားဖြင့် တရားမဂ္ဂင် ဓမ္မယာဉ်ကို အစဉ်မလွဲ ချိန်မဆွဲတဲ အမြဲစိတ်သန် အဓိဋ္ဌာန်သော် နိဗ္ဗာန် မြို့ ရောက်မည်တည်း။

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါကိုဥပမာဖြင့်ပြခြင်း

ထိုပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ရပ်တို့တွင် ပဋိစ္စသမုပ္ပါဒ်နည်း ဟူသည် ကား အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ အကျိုး တရားတို့၏ ဖြစ်ရာဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏ဟုမှတ်၊ ထို့ကြောင့် ဋီကာတို့၌ ပစ္စယသာမဂ္ဂိံ ပဋိစ္စ သမံ သင်္ဂမ္မ ဖလာနံ ဥပ္ပါဒေါ တေသွာတိ ပဋိစ္စသမုပ္ပါဒေါ-ဟု ဝစနတ္ထကို မိန့်တော်မူအပ် သတည်း။ တေသွာ၊ ထိုအဝိဇ္ဇာအစရှိသော အကြောင်းတရားကြောင့်။ ပစ္စယသာ မဂ္ဂိံ၊ အကြောင်းတရားတို့၏ညီညွတ်သောအဖြစ်ကို။သမံ၊ အညီအညွတ်။ ပဋိစ္စသင်္ဂမ္မ၊ စွဲ၍။ ဖလာနံ၊သင်္ခါရစသောအကျိုးတရားတို့၏။ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသွာ၊ ထို့ကြောင့်။ ပဋိစ္စသမုပ္ပါဒေါ၊ ပဋိစ္စသမုပ္ပါဒ်မည်၏။ တနည်း-အဘိဓမ္မတ္ထသင်္ဂဟသင်္ဂြိုဟ်ကျမ်း၌-

> ဝဋ္ဋမာဗန္ဓ မိစ္စေဝံ၊ တေဘူမက မနာဒိကံ။
> ပဋိစ္စ သမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။

ဟုမိန့်တော်မူ၏။ ဣစ္စေဝံ-ဣတိဧဝံ ယထာဝုတ္တနယေန၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော ဤသို့သောနည်းအားဖြင့်။ အာဗန္ဓံ၊ မပြတ်လည်တတ် ဖွဲ့တတ်သော။ အနာဒိကံ၊ အစမထင်သော။ ဝါ၊ မသိအပ်သော အစ ရှိသော။ တေဘူမကံ၊ ဘုံးသုံးပါး၌ဖြစ်သော။ ဝဋ္ဋံ၊ ကိလေသ ကမ္မ ဝိပါကဟု ဆိုအပ်သောဝဋ်သုံပါးကို။ ဝါ၊ ဝဋ်တရားကို။ ပဋိစ္စသမုပ္ပါ ဒေါတိ၊ အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ အကျိုးတရားတို့၏ ဖြစ်ရာဟူ၍။ မဟာမုနိ၊ ကြီးမြတ်သော မြတ်စွာဘုရားသည်။ ပဋ္ဌပေသိ- ပညပေသိ၊ ပညတ်တော်မူ၏။ ဝါ၊ ပဋ္ဌပေသိ-ဒေသေသိ၊ ဟော တော်မူ၏။

၁-အဝိဇ္ဇာသည် တရားမဲ့တို့ကို ဝိသေသ လက္ခဏာ သာမည လက္ခဏာအားဖြင့် မသိမမြင်သောကြောင့် မျက်စိနှစ်ဘက် စုံလုံးပျက်သောသူကန်းနှင့်တူ၏။ ၂-သင်္ခါရသည် သူကန်း၏ ချွတ်ချော်တိမ်းယိမ်းသည်နှင့်တူ၏။ ၃-ဝိညာဉ်သည် တိမ်းယိမ်းချွတ်ချော်ခြင်းကြောင့် လဲပြိုခြင်းနှင့်တူ၏။ ၄-နာမ်ရုပ်သည် လဲပြိုခြင်းကြောင့် အိုင်းအမာဖြစ်သည်နှင့်တူ၏။ ၅-သဠာယတနသည် အိုင်းအမာစက်သဖြင့် အဖုပေါက်ခြင်းနှင့်တူ၏။ ၆-ဖဿသည် အိုင်းအမာအဖုတို့၏ ထိခိုက်ခြင်းနှင့်တူ၏။ ၇-ဝေဒနာသည် အိုင်းအမာအဖုတို့၏ ထိခိုက်ခြင်းကြောင့်ဖြစ်သော ဆင်းရဲခြင်းနှင့်တူ၏။ ၈-တဏှာသည် ထိုဆင်းရဲသောသူကန်း၏ ကုသရန် ဆေးကိုတောင့်တခြင်းနှင့် တူ၏။ ၉-ဉပါဒါန်သည် ဆေးကို တောင့်တသဖြင့် မသင့်မတင့်သော ဆေးကို တောင်ယူခြင်းနှင့် တူ၏။ ၁၀-ဘဝသည် တောင်းယူအပ်သော မသင့်မတင့်သော ဆေးကိုသုတ်လိမ်းခြင်းနှင့်တူ၏။ ၁၁-ဇာတိသည် မသင့်မတင့်သောဆေးကို သုတ်လိမ်းမိသောကြောင့် အိုင်းအမာ ဖောက်ပြန်ခြင်းနှင့်တူ၏။ ၁၂-ဇရာမရဏသည် ဖောက်ပြန်ခြင်းကြောင့် အိုင်းအမာပေါက်ကွဲခြင်းနှင့်တူ၏၊ ဤသည်လျှင် ဉပမာစကားတရပ် အပြီးသတ်သတည်း။

အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့ကြောင့် သင်္ခါရစသော အကျိုးတရားတို့သည်ဖြစ်ကုန်၏။ထို့ကြောင့် အကြောင်းတရားနှင့်ကင်း၍ မဖြစ်။ အကြောင်းကို တပ်အပ်ထင်ထင် သိမြင်သောဉာဏ်သည် တရား၌ တည်သော မဇ္ဈိတိဉာဏ်မည်၏၊ ဤဓမ္မဋ္ဌိတိဉာဏ်ဖြင့်သာလျှင် သုံးလူ့ထွဋ်ထား သဗ္ဗညုမြတ်စွာသည်လည်း ထိုအဝိဇ္ဇာအစရှိသော တရားတို့ကို ဟုတ်မှန်လှစွာသည့်အတိုင်းသိ၍ ထိုဝဋ်တရားတို့၌ ငြီးငွေ့ရကား ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ဤပဋိစ္စသမုပ္ပါဒ် တည်းဟူသော သံသရာစက်၏ အာသဝေါ ဖြစ်ပြီးသော ဝင်ရိုးဖြင့်ထိုး၍ ဘဝသုံးပါးတည်းဟူသော ရထား၌သာလျှင် ကောင်းစွာတပ်အပ် အစမရှိသော ကာလပတ်လုံးလည်ထသော အဝိဇ္ဇာတဏှာဖြစ်ပြီးသော ပုံတောင်း၊ ပုညာဘိသင်္ခါရ အစရှိသော အကန့်၊ဇရာမရဏ တည်းဟူသော အကွပ်တို့ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်တော်၏ ကြည်လင်ရာ ဖြစ်သော ဗောဓိပင်ရင်း၌ ဝိရိယတည်းဟူသော ခြေထောက်ဖြင့် သီလတည်းဟူသော မြေပြင်၌ ရပ်နင်းတော်မူ၍ သဒ္ဓါတည်းဟူသော လက်တော်ဖြင့် ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ကုန်ခြင်းကိုပြုတတ်သော သမာဓိ တည်း

ဟူသော ကျောက်ဖျာဝယ် ကောင်းစွာ သွေးအပ်သော အရဟတ္တမဂ်ဉာဏ်တော် တည်းဟူသော ပုဆိန်ဖြင့် လက်နက်ကို ကောင်းစွာကိုင်ယူ၍ ပယ်ဖျက်တော်မူရ၏။

## ဇာတိ ဇရာ မရဏသုံးပါးကို ဥပမာအားဖြင့်ပြဆိုခြင်း

ဤဇာတိဇရာမရဏ သုံးပါးသည် သတ်အံ့သောအလို့ငှာ အခွင့်ရှာ၍ လှည့်လည်သော ရန်သူ သုံးယောက်နှင့် တူ၏၊ ထိုသုံးယောက်သော ရန်သူတို့တွင် တယောက်သောရန်သူသည် ဤမည်သောတော၏ ဤမည်သောဂုဏ်ကို ချီးမွမ်း၍ ဤမည်သောသူကို ထိုတောအုပ်သို့ရောက်အောင် သွေးဆောင်ခြင်းသည် ငါ၏တာဝန်ဖြစ်စေဟု ဝန်ခံသည့်အတိုင်း ပြု၏။ သုံးယောက်သော ရန်သူသည် သင်ပုတ်ခတ်၍ အားနည်းသော သူကို သန်လျက်ဖြင့် ဦးခေါင်းဖြတ်၍ သတ်ခြင်းသည် ငါ၏တာဝန်ဖြစ်စေဟု ဝန်ခံသည့်အတိုင်း ပြု၏၊ ဤဥပမာ၌ တောအရပ်သို့ ဆောင်ခြင်းသည် ပဌမရန်သူ၏တာဝန်ဖြစ်သကဲ့သို့ ချစ်ကျွမ်းဝင်သော ဆွေမျိုးတို့အလယ်မှ ဆွဲငင်ထုတ်ယူ၍ အမှတ်မရှိသော ဘဝ၌ဖြစ်စေခြင်းသည် ဇာတိ၏ကိစ္စဖြစ်၏၊ထိုတောအုပ်သို့ရောက်သောအခါ၌ အားနည်းအောင်ပြုခြင်းသည် ဒုတိယရန်သူ၏ တာဝန်ဖြစ်သကဲ့သို့ ဖြစ်သောခန္ဓာကိုယ်၌ ကျသည်ဖြစ်၍ ညောင်စောင်းလျှင် လဲလျောင်းရာရှိသည်၏ အဖြစ်ကိုပြုခြင်းသည် ဇရာ၏ ကိစ္စဖြစ်၏၊ ထက်စွာသော သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ခြင်းသည် တတိယရန်သူ၏ တာဝန်ဖြစ်သကဲ့သို့ အသက်ကုန်ခြင်းသို့ ရောက်စေခြင်းသည် မရဏ၏ကိစ္စဖြစ်၏ဟု ဥပမာ ဥပမေယျ နှစ်ရပ်ကို ဂဟေစပ်၍ ကောင်းမွန်စွာ မှတ်သား အပ်တော့သတည်း။

## သံပေါက်လင်္ကာအတိုချုပ်

၁။ ဝဋ္ဋသံသရာ၊ တောဘုံမှာ၊ ဒုက္ခများပြားစွာ။ ၂။ ဇာတိဇရာမရဏ၊ ဘယဘေးတွေ့ရာ။ ၃။ နာမရူပ၊ ပရိစ္ဆေဒ၊ ပစ္စယပရိဂ္ဂဟော။ ၄။ ဓမ္မဋ္ဌိတိဉာဏ်၊ အမြင်သန်၊ အမှန်ခွဲဖြတ်ပါ။ ၅။ ဝိဝဋ္ဋမည်လတ်၊ နိဗ္ဗာန်ဓာတ်၊ ရောက်အပ်ပြုပုညာ။ ၆။ ကွမ်တုံသခင်၊ ထေရ်အရှင်၊ သွန်သင်ညွှန်ပြတာ။ ၇။ နားမလည်သေး၊ ပြန်၍မေး၊ ကျင့်ရေးအလွယ်သာ။ ၈။ အမှန်တရား၊ သိသူများ၊ လွန်အားတက်ဘို့သာ။ ၉။ နောင်လာနောက်သား၊ သတိထား၊ မှတ်သားကြီးစည်ရာ။ ၁၀။ ဤသည်အဆုံး၊ ခါးပတ်ဖုံး၊ နိဂုံးသတ်လိုက်ပြီ။

အလွန်ကျစ်သစ် စီစစ်ခက်ခဲ နက်နဲသိမ်မွေ့ ဟောလေ့ခန်းခန်း ထူးဆန်းဘွယ်ရာ ဆန်ကြယ်စွာသော ဒေသနာမြတ် သမုပ္ပါဒ်ဇက် ရပ်ဓာတ်ကွက်ကို ဉာဏ်မဂ်ဝရဇိန် ဓားပုဆိန်ဖြင့် မချိန်မရွယ် မဖျက်ပယ်ခဲ့ကြောက်ဘွယ်ဘနန်း ဘေးဘျမ်းများစွာ သံသရာ၌ ကံတဏှာလုပ် ခန္ဓာပုပ်မှာ နစ်မြုပ်ကြရှာ ဝဋ်လည်ရာတို့ တဏှာကိစ္စပယ်ပစ်ချ၍ ဒါနသီလဘာဝနာအရေး လွတ်မည့်ဘေးကို ကြံတွေးစိမ့်၄ှာ စိတ်မှာအမြဲ ကြိတ်အံ့ခဲ၍ ကံဘဲအားသစ်နိုင်ကြ ပါစေကုန်သတည်း။

## ပဋိစ္စသမုပ္ပါဒ်လက်္ကာပွားများရန်

မသိတတ်စွာ အဝိဇ္ဇာကြောင့် ကာယဝစီ စိတ်တမည်နှင့် သုံးလီသင်္ခါရ ဖြစ်ပေါ်ကြ၏ သင်္ခါရကြောင့် ခြောက်ဝိညာဏ် ထိုဝိညာဏ်ကြောင့် နာမ်ရုပ်ပေါ်ငြား နာမ်ရုပ်အားကြောင့် ခြောက်ပါးအာယတနဖြစ်ပေါ်ရပြီး ဖဿတွေ့ငြား ခံစားဝေဒနာ တဏှာနှစ်သက် စွဲချက်ဥပါဒါန် အကြောင်းခံ၍ ကံခေါ်ဘဝ ဖြစ်လာရ၏ ဘဝအတွက် ဇာတိထွက်၍ အိုပျက်ပူဆွေး ငိုကြွေးဆင်းရဲ စိတ်ထဲမသာ ပင်ပန်းစွာတို့ဖြစ်လာသီးသီး လောကကြီးသည် ပွားစီးနေရ ကြောင်းကျိုးမျှတည်းထာဝရဘုရား ဖန်ဆင်းထားသည် လားလားမဟုတ် အကြောင်းချုပ်ကကျိုးပြုတ်ပျက်စီး လောကကြီးသည် ချုပ်ပြီးမုချ အေးငြိမ်းရသည် ဗုဒ္ဓဝါဒဗုဒ္ဓဘာသာ အယူမှန်လေသတည်း။

(မှတ်ချက်) အကြောင်း အကျိုးဆက်၍ ဖြစ်ပျက်ပုံကို ဖော်ပြသော ဤပဋိစ္စသမုပ္ပါဒ် နည်းများကို သဘောကျလျှင် လောကကြီးသည် အကြောင်းအကျိုးမျှသာဖြစ်သည် အကြောင်းတရား အကျိုးတရားတွေဖြစ်ပေါ်၍နေသဖြင့် အမျိုးမျိုးသော မိစ္ဆာဒိဋ္ဌိ အယူမှားတွေမှာ ကင်းစင်လေတော့သတည်း၊ သို့အတွက် ပဋိစ္စသမုပ္ပါဒ်နည်းကို ကောင်းကောင်းကြီး နားလည်ကြအောင် လေ့လာအားထုတ် သင်ကြား အပ်ပေတော့သတည်း။

## ပဋိစ္စသမုပ္ပါဒ်နည်း လေးပါးကိုပြဆိုခြင်း

၁။ ဤပဋိစ္စ သမုပ္ပါဒ်နည်း လေးပါး ဟူသည်ကား ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းအားဖြင့် လေးပါးရှိ၏၊ ထိုလေးပါးတို့တွင် ဧကတ္တနည်းဟူသည် မျိုးစေ့မှ အညွန့်စသည်ဖြစ်သဖြင့် သစ်ပင်၏အဖြစ်သို့ ရောက်သကဲ့သို့ အဝိဇ္ဇာစသော အကြောင်းကြောင့် သင်္ခါရစသော အကျိုးဖြစ်၍ အကြောင်းအကျိုး၏ အစဉ်မပြတ်ခြင်း

သာတည်း၊ ထိုဧကတ္တနည်းကို ကောင်းစွာဉာဏ်ဖြင့် သိသည်ရှိသော် အကြောင်းအကျိုး အစဉ်မပြတ် စပ်ခြင်းကိုသိသောကြောင့် ဥစ္ဆေဒဒိဋ္ဌိ အယူကိုစွန့်၏၊ မှားသောအားဖြင့် သိမြင်သည်ရှိသော် အကြောင်း အကျိုး အစဉ်မပြတ်စပ်ခြင်းကို တခုတည်း၏အဖြစ်ဖြင့် ယူခြင်းကြောင့် သဿတဒိဋ္ဌိဖြစ်၏။

၂။ နာနတ္တနည်းဟူသည် အဝိဇ္ဇာအစရှိသောအကြောင်း သင်္ခါရ အစရှိသော အကျိုးတရားတို့၏ မိမိဟိုသဘောလက္ခဏာကို အသီးသီး မှတ်သား ပိုင်းခြားခြင်း သာတည်း၊ ထိုနာနတ္တနည်းကို ကောင်းစွာ ဉာဏ်ဖြင့်သိမြင်သည်ရှိသော် အသစ်အသစ်သော သတ္တဝါတို့၏သန္တာန်၌ ရုပ်နာမ်ဖြစ်သည်ကိုသိမြင်သောကြောင့် သဿတဒိဋ္ဌိကိုစွန့်၏၊ မှားသော အားဖြင့် မြင်သည်ရှိသော် သန္တာန်တခု၌ ကျသည်ကို သန္တာန်ပြား၍ ကျသကဲ့သို့ အသီးသီး နာနတ္တအားဖြင့် ယူသောကြောင့် ဥစ္ဆေဒဒိဋ္ဌိ မည်၏။

၃။ အဗျာပါရနည်းဟူသည် သင်္ခါရစသော အကျိုးကိုဖြစ်စေအံ့ဟု အဝိဇ္ဇာအစရှိသော အကြောင်းတရား၏ အားထုတ်ခြင်းလုံ့လဗျာပါရ ကင်းခြင်းသည်သာတည်း၊ ထိုအဗျာပါရနည်းကို ကောင်းစွာသိမြင်သည် ရှိသော် ပြုတတ်သောသူ၏ မရှိခြင်းကို သိမြင်ခြင်းကြောင့် သတ္တာယ အတ္တဒိဋ္ဌိကိုစွန့်၏၊ မှားသောအားဖြင့် သိမြင်သည်ရှိသော် ဗျာပါရ ကင်းငြားသော်လည်း သဘာဝနိယာမအားဖြင့် ပြီးသောအဖြစ်ကို မယူ ခြင်းကြောင့် အကိရိယဒိဋ္ဌိမည်၏။

၄။ ဧဝံဓမ္မတာ နည်းဟူသည် နို့ရည်မှ နို့ဓမ်းဖြစ်သကဲ့သို့ အဝိဇ္ဇာ စသောအကြောင်းမှ သင်္ခါရစသော အကျိုးဖြစ်ခြင်းသာတည်း၊ ထိုဧဝံ ဓမ္မတာနည်းကို ကောင်းစွာဉာဏ်ဖြင့် သိမြင်သည်ရှိသော် အကြောင်း အားလျော်စွာ အကျိုးကိုသိမြင်ခြင်းကြောင့် အဟေတုကဒိဋ္ဌိ အကိရိယ ဒိဋ္ဌိကိုစွန့်၏၊ မှားသော အားဖြင့် မြင်သည်ရှိသော် အကြောင်းအား လျော်စွာ အကျိုးဖြစ်ခြင်းကို မယူမူ၍ တစုံတခုသော အကြောင်းကြောင့် တစုံတခုသော အကျိုးတရားမဖြစ်ဟု ယူခြင်းကြောင့် အဟေတုကဒိဋ္ဌိ ဖြစ်၏၊ ဤသို့သုံးလူ့ထွင်ထား သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဟောကြား တော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်သည် မဏိဂင်္ဂါရေကဲ့သို့ နက်သာနက်၍ တိမ်ရောင်မဟုတ် သစ်ပုပ်ရေကဲ့သို့ တိမ်လျက် နက်ရောင်မူသည်လည်း မဟုတ်၊ အိုးစရည်း၌ ရေကဲ့သို့ တိမ်လည်း တိမ်ရောင် မူသည်လည်း

မဟုတ်ကုန်၊ စင်စစ်အားဖြင့်သော်ကားမြင့်မိုရ်တောင်ခြေ မဟာသမုဒ္ဒရာရေကဲ့သို့ နက်လည်းနက်၏ နက်ရောင်လည်းမူ၏ဟုမှတ်၊ ထို့ကြောင့် သုတ်မဟာဝါ ပါဠိတော် မဟာနိဒါနသုတ်၌-ဂမ္ဘီရောစာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝ ဘာသောစ-ဟု ဟောတော်မူသည့်အတိုင်း။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ အယံပဋိစ္စသမုပ္ပါဒေါ၊ ဤပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည်။ဂမ္ဘီရောစ၊နက်လည်းနက်၏။ ဂမ္ဘီရာဝဘာသောစ၊နက်ရောင်လည်းထင်၏။ ဤသို့ဟောကြားသောဒေသနာနှင့်အညီ နက်လည်းနက်၊ နက်ရောင်မူသည့်လည်း နက်ရောင်မူအပ်သော ဤပဋိစ္စသမုပ္ပါဒ်စက်ရဟတ် စကားမြတ်ကို တတ်အပ်ထင်ထင် သေချာစွာ သိမြင်ရခြင်းသည် သံသရာမှ လွတ်မြောက်နိုင်ကြောင်းကောင်းမှု အထူးဝိသေသဖြစ်တော့သည်ဟုမှတ်အပ်၏။ ဤသည်လျှင် ပဋိစ္စသမုပ္ပါဒ်နည်း သိလွယ်ရုံသာ အမိပ္ပါယ်ကားပြီးပြီ။

ကေနာနာ၊ အဗျာပါ၊ ဓမ္မတာနည်းလေး။
ကြောင်းကျိုးနှစ်ဖြာ၊ ဆက်စပ်ရာ၊ ကြိကာညာဏ်ဖြင့်ဆေး။

## ဝဋ်မြတ်နှစ်ပါး သတိထား

အဝိဇ္ဇာနှင့် တဏှာမူလ သူတို့စ၍ ဒုက္ခပတ်ခါ မီးစကြာကို ကိုင်ခါရမ်းလျှင် အဝိုင်းထင်သို့ အစဉ်ခန္ဓာ ဖြစ်နေတာကြောင့် သတ္တဇီဝ ပုဂ္ဂလဟု ထင်ရမည်မှာ အမှားသာဟု သိရာသိကြောင်း ညာဏ်ရေလောင်းပါ အခါခါ။

သစ်ပင်တိုင်းမှာ အမြစ်သန်က ခက်မတွေမှာ ခက်ငယ်ဖြာလျက် ဝေဆာပွင့်သီး ပမာနည်းကို ခရီးနက်ကျယ် အကြောင်း ဆွယ်က ကျိုးခဏတို့ ဖြစ်ကြသည်မှာ အဝိဇ္ဇာနှင့် တဏှာမူလ အမြစ်မကြောင့် ခက်မပမာ ငါးခန္ဓာဝယ် ခက်ငယ်တမျှ အာယတနနှင့် ဓာတ်ကပွင့်သီး စုံလေပြီးက ဆယ့်တမီးလောင် ဒုက္ခနှောင်သည် တွေးခေါင်သိခါ ကြောက်လန့်စရာ။ ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်း၏ မူလကား အဝိဇ္ဇာ၊ နောက်ပိုင်း၏ မူလကား တဏှာဟူ၍ မူလနှစ်ပါးရှိ၏၊ ရှေ့အပိုင်းကား ဥစ္ဆေဒဒိဋ္ဌိကိုပယ်ခြင်းငှာ နောက်အပိုင်းကား သဿတဒိဋ္ဌိကိုပယ်စေခြင်းငှာ ဟောတော်မူသည်ဟုမှတ်။

(မှတ်ချက်) မူလအနုသယ ဖြစ်သော ရန်သူကို မသတ်သမျှမသေ၊ မသေသမျှ သံသရာဒုက္ခကား မအေးနိုင်သေး၊ ထိုအနုသယ ရန်သူရှိက ပရိယုဋ္ဌာနဝီတိက္ကမရန်သူတို့သည် ဖြစ်မြဲ နှိပ်စက်မြဲပင်ဖြစ်၏။ ထို့ကြောင့်

မြတ်စွာဘုရားသခင်သည် လက်နက်ကြီးသုံးခုကို ထားတော်မူခဲ့၏၊ကိုင်ကြပါ၏လော၊ အသင်တို့မှာ ၎င်းလက်နက်များ ထားကြ ရှိကြပါ၏လော၊ စဉ်းစားကြပါ။

## လက်နက်ကြီး သုံးခုကား

၁–သီလလက်နက်ကား အောင့်အီးသည်းခံ၍ အတန်တန်ပစ်ရသော လက်နက်ဟူသော အလေ့အကျင့်ကြီးတပါး။ ၂–သမာဓိ လက်နက်ကား အရှည်ခိုင်ခံ့သဖြင့် တည်ကြည်ငြိမ်သက် မလှုပ်မရှက်မူ၍ တခါပစ်က အသစ်ရန်သူ ရုတ်တရက်မပေါ်နိုင်သော လက်နက်ဟူသော တည်ကြည်မှုကြီးတပါး။ ၃–ပညာ လက်နက်ကား လောင်မီး မိုးကြိုးစက်ကဲ့သို့ တခါပစ်က အမြစ်ပါ ထွန်းလှန်လျက် ရန်သူအကြွင်းမဲ့ ကင်းသော ထိုးထွင်း၍ သိတတ်ခြင်းကြီး တပါးဟူ၍ သုံးပါးရှိရာတွင် သီလ လက်နက်သည် ဝီတိက္ကမ ဟူသော ကျူးလွန်မှုကြီးကို တဒင်္ဂပဟာန် တခဏ သတ်နိုင်၏၊သမာဓိလက်နက်သည် ပရိယုဋ္ဌာနဟူသော ထိုးကျင့်ထကြွသောင်းကျန်း ဘရမ်းဘတာ ကြီစည်မှုကြီးကို ဝိက္ခမ္ဘနပဟာန် ခေါင်းပါးသောအားဖြင့်တည်ကြည်ငြိမ်သက်သလောက်သတ်နိုင်ပယ်ဖျောက်နိုင်၏၊ပညာလက်နက်သည် မိမိသဏ္ဍာန်၌ အမြဲကိန်းဝပ် ခိုအောင်း၍ နေသော အနုသယရန်သူကို အမြစ်ပါနှုတ် အငုပ်ပါမကျန် နလံမထူနိုင်အောင် တချက်တည်း သတ်ဖြတ်ပယ်ဖျက် သမုစ္ဆေဒပဟာန်ဖြင့် သတ်နိုင်၏၊ ၎င်းလက်နက်ကို အားတက်ကြိုးစား၍ ကိုင်ကြပါ၊ အိုသူတော်ကောင်း သူမြတ်လောင်း အပေါင်းတို့။ယခုလို ဗုဒ္ဓသာသနာကြီး ထွန်းလင်းတဲ့ အခါမှာ လွယ်ကူစွာနှင့်ပြုလုပ်တို့ ခဲယဉ်းတဲ့ စိတ်အလုပ်များကို ကြိုးစားအားထုတ်ဘို့ သင့်ကြပေတယ်။ ဗဟိဒ္ဓအလုပ်ရယ်လို့ ခေါ်ရတဲ့ စီးပွားရှာမှုအလုပ် ကာမဂုဏ် အလုပ်တွေကို ယခုလို ခေတ်ကောင်း အခါကောင်းကြီးနဲ့ကြုံတဲ့အခါ အသာဖြုတ်ထားပြီး အဇ္ဈတ္တအလုပ်တော်ကြီးရယ်လို့ ခေါ်ရတဲ့ သမာဓိဘာဝနာအလုပ် စိတ်အလုပ်များကို ကြိုးစားလိုက်မယ်လို့ ဆိုပါလျှင် သံသရာစခန်းမှာ လမ်းဖြောင့် အခြေသို့ ဆိုက်ရောက်သွားတော့မှာ အမှန်ပါဘဲ။

အလုပ်မှန်မှလည်း လမ်းမှန်တယ်၊လမ်းမှန်မှလဲ အလုပ်မှန်တယ်ဆိုတဲ့ စကားကိုလဲ များစွာ သတိပြုကြရမယ်၊ ကာမဂုဏ်အလုပ် စီးပွားရေးအလုပ်ဆိုတာက အလုပ်မှားတွေ ဖြစ်ကြတယ်၊ အလုပ်မှားပြီ ဆိုမှဖြင့် လမ်းအမှားနှင့် စခန်းသွားကြရတော့တာဘဲ၊ အလုပ်မှားတဲ့ အထွက်နှင့်

လမ်းမှားနေကြပုံကို အထူးပြောဖွယ်တို့ မရှိပါဘူး၊ စီးပွားရေးအလုပ် ကာမဂုဏ်အလုပ်ဆိုတဲ့ အလုပ်မှားကြီးတွေကို လျှောက်နေကြတာ ဘယ်ကလောက်ကြာတယ်ဆိုတာကိုသာ စဉ်းစားလို့ကြည့်ကြပေတော့။ အလုပ်မှန်ကို လုပ်ကိုင်ကြိုးစားခဲ့ပါလျှင် လမ်းမှန်သို့ ဆိုက်ရောက်နိုင်ကြတယ်။ အလုပ်မှန်ဆိုတာ ဘာကို ခေါ်သလဲဆိုတော့ သမာဓိ ဘာဝနာအလုပ် စိတ်ကို ယဉ်ကျေးအောင် လေ့ကျက်တဲ့ အလုပ်များကို အလုပ်မှန်ရယ်လို့ ဆိုတယ်။မဂ္ဂင်ရှစ်ပါးကိုတော့ လမ်းမှန်လမ်းဖြောင့်ကြီးရယ်လို့ဆိုရတယ်၊ အလုပ်မှန်ပြီး လမ်းမှန်ခရီးသို့ ဆိုက်ရောက်ပြီဆိုမှဖြင့် စိတ်သာချတော့ ဒိဋ္ဌချမ်းသာကိန်းကြီး ပွင့်တော့မှာ အမှန်ပါဘဲ၊ မှတ်ပါတော့။

ဘာဝနာအလုပ် ဆိုတာကလဲ သမထဘာဝနာ ဝိပဿနာဘာဝနာ ရယ်လို့ နှစ်မျိုးရှိပြန်တယ်၊ ကသိုဏ်းအလုပ် ထွက်သက်ဝင်သက်အလုပ်၊ ကေသာ လောမာ အစရှိတဲ့ ကောဋ္ဌာသအလုပ်၊ အသုဘ အလုပ်မှစ၍ ကမ္မဋ္ဌာန်းလေးဆယ်ရယ်လို့ ခေါ်ရတယ်၊ဤအလုပ်များကိုတော့ သမထဘာဝနာအလုပ်ရယ်လို့ မှတ်ကြရမယ်။ ရုပ် နာမ် ခန္ဓာ အာယတနဓာတ်တို့ကို သရုပ်သဘောနှင့်တကွ ထိထိမိမိ သိရှိကြေနပ်အောင် ကြိုးစားပြီး ထိုရုပ်နာမ်တရားတို့၏မမြဲသောသဘောရှိပုံအနိစ္စသဘောအစစ်၊ဆင်းရဲပုံ ဒုက္ခသဘောအစစ်၊ အစိုးမရပုံ အလိုသို့မလိုက်ပုံ အနှစ်သာရမရှိပုံ အနတ္တ သဘောအစစ်။ အဲသည်လို အနိစ္စ-ဒုက္ခ-အနတ္တ သဘောကြီး အစစ် သုံးပါးကို ထင်ထင်ရှားရှား ပိုင်းခြားဝေဘန်ကာ အသိဉာဏ် ထိုးထွင်းနိုင်တဲ့ အလုပ်ကြီးဆိုတဲ့ ဝိပဿနာ ဘာဝနာ ရယ်လို့သေသေ ချာချာ ဂဂနန မှတ်ကြရမယ်။

ဤသို့ပြဆိုခဲ့ပြီးသော ဘာဝနာ အလုပ်စခန်းကို ထူထောင်ကာ လုပ်ကိုင်ကြိုးစားပြီဆိုမှဖြင့် လမ်းဖြောင့်လမ်းမှန်အစစ်ကြီးရယ်လို့ခေါ်ဆို ရတဲ့ မဂ္ဂင်လမ်းမတော်ကြီးသို့ ဆိုက်ရောက်ပါရော၊ မဂ္ဂင်လမ်းမတော် ကြီးသို့ ဆိုက်ရောက်ပြီဆိုမှဖြင့် သောတာပန်အစ ရဟန္တာအဆုံးရှိတဲ့ အရိယာဇာတ် ပုဂ္ဂိုလ်မြတ်အဖြစ်သို့ ဆိုက်ရောက်ပြီး နိဗ္ဗာန်သို့ပေါက် တော့တာဘဲ အောက်ထစ်တန်းလို့ခေါ်ရတဲ့ အယုတ်ဆုံး အပိုင်းအခြား အားဖြင့် ဆိုရလျှင် သမထဘာဝနာဟာ ကာမဘုံကို လွန်မြောက်၍ ဗြဟ္မာပြည်သို့ ဆိုက်ရောက်စေနိုင်တယ်၊ တကယ်လို့ ဈာန်မရဘူးဆိုပါ အုံးတော့ ဘာဝနာအာရုံနှင့် စုတေလျှင် စိတ်သာချပေတော့ ဒိဋ္ဌနတ် ပြည်သို့ ရောက်ပြီးသားဘဲ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်လို့

ကောဂ္ဂတာ သမာဓိကိုမျှ ရမယ်ဆိုပါလျှင် နတ်ပြည်ခြောက်ထပ် ဆိုက်စလက်လှမ်းပြီး လွယ်လွယ် ကူကူကလေး ရရှိနိုင်တာ အမှန်ပါဘဲမှတ်ပါတော့၊ ဘာဝနာ ကုသိုလ်ဆိုတာ လွန်စွာ ထူးမြတ်တာကလား၊ စိတ်ဖြင့်ရင်းနှီး၍ အကြီးအကျယ်ကြိုးစားရတာမျိုးမို့ မထူးကဲဘဲ မမွန်မြတ်ဘဲ နေနိုင်ပါ့မလား၊ ဒါနဆိုတာ ဗဟိဒ္ဓပစ္စည်းဖြင့် ရင်းနှီးရတဲ့ကုသိုလ်မျိုးဖြစ်တယ်၊ သီလဆိုတာ ကိုယ်နှုတ်နှစ်ပါးတို့ဖြင့် ရင်းနှီးရတဲ့ကုသိုလ်မျိုးဖြစ်တယ်၊ ဘာဝနာဆိုတာကစိတ်ဖြင့် ရင်းနှီးရတဲ့ကုသိုလ်မျိုးဖြစ်တယ်၊ ရပုံခြင်းကွာခြား၍ အားထုတ်ရပုံခြင်း ကွဲပြားလို့အကျိုးပေးလဲ ထူးခြားတာပေါ့၊ ဘာဝနာကုသိုလ်ဆိုတာက သာမန်မျှ ပြုလုပ်ကြိုးစားနိုင်တဲ့ကုသိုလ်မျိုးမဟုတ် တကယ့်ဝီရိယ-တကယ့်သမာဓိ-တကယ့်ပညာရှိမှ ပြုလုပ်နိုင်တာမျိုးဖြစ်တယ်၊သို့အတွက်ကြောင့် ဘာဝနာကုသိုလ်မျိုးကို အကျိုးအကြီးဆုံးရယ်လို့ ခေါ်ဆိုတာပေါ့၊ သမာဓိဘာဝနာ အလုပ်ကို အားထုတ်ကြိုးစားနေရင် ဈာန်လမ်း-မဂ်လမ်း-ဖိုလ်လမ်း-နိဗ္ဗာန်လမ်းသို့ မပေါက်သေးဘဲ တကယ်လို့စုတေ့လာခဲ့လျှင် နောက်ဘဝမှာ လွယ်ကူစွာနှင့် တရားထူးကိုရနိုင်တယ်၊ ဘာဝနာအလုပ်ကို လက်ကိုင်ထားပြီး သေရခြင်းဆိုတာ လွန်စွာမြင့်မြတ်တဲ့ သေရခြင်းပေါ့၊ ကြိုးစားအားထုတ်ခဲ့တဲ့ သမာဓိအဟုန် ဝီရိယအဟုန် ပညာအဟုန် ဝသီအထုံတွေက အစွမ်းကုန်ကျေးဇူးပြု၍ နောင်တလွန်ဘဝမှာ လှလှကြီးအကျိုးပေးမှာဘဲ မှတ်ပါတော့၊ စိတ်သာချ ဒိဋ္ဌမလွဲကောန်မုချဘဲ။

(အထူးမှတ်ချက်) ယခုပြဆို ရေးသားခဲ့ပြီးသော တရားဒေသနာကို သေချာကျနစွာ နှလုံးသွင်းပြီးလျှင် မိမိတို့ ဂုဒါန်းပြီးသော ဒါနကို စာဂါနုဿတိ ခြောက်ပါးနှင့် မိမိတို့သီတင်းသီလ ဆောက်တည်ခံယူပြီးလျှင် သီလာနုဿတိရှစ်ပါးနှင့် ဘာဝနာကို စီးဖြန်းလိုလျှင် သမထဝိပဿနာနှစ်ပါးကို ယထာဘူတ ဟုတ်မှန်စွာ ပညာသိ ဖြစ်အောင် သစ်တပင်ရင်း ဝါးတပင်အောက် ဆိတ်ငြိမ်ရာအရပ်၌ ကျင့်ကြံ ကြိုးကုတ်အားထုတ် နိုင်မှသာလျှင် သံသရာဇာတ်သိမ်းပြီး ဝဋ္ဋဒုက္ခ ချုပ်ငြိမ်း၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနှင့် လျင်မြန်စွာရောက်ကြလိမ့်မည်၊ သို့မဟုတ် ယထာဘူတ ဉာဏ်မရ ပညာသိမဖြစ်လျှင် ဘယ်ကျောင်း ဘယ်ကန် ဘယ်ဘုရားဘဲ သွားသွား အပိုမဟုတ်သော်လဲ အပိုဘဲ အလကား အချည်းနှီးဖြစ်မည်ကိုသတိပြုကြပါ၊ ဝဋ္ဋနှင့်မကင်း၍ သံသရာမြစ်ပင်လယ်ထဲမှာ ဆုံလည်နွားကဲ့သို့ မရပ်မနားဘဲ သစ်တုံးတိုနှင့်မျော၍ဘယ်သောင်

ဘယ်ကမ်းမှ ဆိုက်ကပ်နိုင်မည်မဟုတ်ဘဲ သံသရာသစ်ငုတ် သဘွယ်ဖြစ် လိမ့်မည်။ ထို့ကြောင့် ကျင့်ကြံကြိုးကုတ် အားထုတ်ကြဘို့ အထူးသဖြင့် နှိုးဆော်တိုက်တွန်းလိုက်ပါသည် သူတော် သူမြတ်လောင်း အပေါင်းတို့။

ဥယျောဇနဂါထာ ပါဠိအနက် တရားတော်

ဘာဝေထပ္ပံ ပနိဇ္ဇွဝံ၊ ဘာဝနာဒွယ မုတ္တမံ။
ပဋိပတ္တိရသဿာဒံ၊ ပတ္ထယန္တေန သာသနေ။

ပန၊ ချီးပင့်ကော်ရော် နှိုးဆော်တိုက်တွန်း အမွန်းတင်ရန် ဥယျောဇဉ် စကားကိုပြဆိုဦးအံ့။ ဇ္ဇွဝံ- ဇုတိဝံ- ယထာဝုတ္တနယေန၊ အကြင် အကြင်ဆိုအပ်ခဲ့ပြီး အသီးအသီး ပွားစီးနှစ်ဖြာ ဘာဝနာနှစ်လမ်း နည်းစုံ ပြွမ်းသောအားဖြင့်။ သာသနေ၊ ငါးထောင်ရှည်ကြာ ရောင်ဝါထိန်ရွှန်း မိန့်ခွန်းအာဏာ နှစ်ဖြာအံ့ဘွယ် သာသနာတော်မြတ်ကြီး အလယ်၌။ ပဋိပတ္တိရသဿာဒံ၊ အကျင့်ဝတ်မြတ် ပဋိပတ်ဖြင့် ရအံ့သော ဈာန ဝိပဿနာ မဂ္ဂဖလ နိရောဓ သမာပတ္တိ နိဗ္ဗာန အဆုံးစွန် အချွန်အလွန် အမွန်ချမ်းသာ အရသာကို။ ပတ္ထယန္တေန၊ တောင့်တလိုလား အမျိုး ကောင်းသားသွီးသည်။ ဥတ္တမံ၊ အသက်မက အလွန်မြတ်လှစွာသော။ ဘာဝနာဒွယံ၊ သမထဝိပဿနာ ဘာဝနာနှစ်ရပ် တရားမြတ်ကို။ ဘာဝေ တဗ္ဗံ၊ နေ့ရောညပါ အခါမပြတ် ပွားများကြိုးစား လုံ့လအားထုတ် အပ်လေတော့သတည်း။

(မှတ်ချက်) ဤဥယျောဇဉ်ဂါထာကို အနက်မြန်မာနှင့်တကွ နှုတ်ရ ကျက်၍ တိုးတက်ကာ ဘာဝနာနှစ်ပါးကို အားထုတ်ရမည် ဟူလို။ ရှင်ကောဏ္ဍညသံ-ကဿပ-ဂေါတမ မြတ်စွာဘုရား လက်ထက်တော်က ကြက်,စပါးကြီးမွေ့,လင်းနို့သား, ဘား,ကျေးသား, ကြက်တူရွေး,ဒီးဒုတ်, ခင်ပုတ်ငှက်, ပလလဲဆင်, မျောက်, မဟာဒတ္တန္တားလား- အစရှိသော တိရစ္ဆာန် သတ္တဝါတို့သည် တရားဟောတော်မူသောအခါ ကုသိုလ် အကုသိုလ်၏ အဖြူအမဲအဘို့တို့ကို မသိမူ၍တရားဟူသော အသံအမှတ်ဖြင့် မှတ်ဘူး ကြားနာဘူး နှလုံးသွင်းဘူး ဘုရားကို ကိုယ်စိတ်ဖြင့် ကြည်ညို ဘူးသော ကုသိုလ်ကောင်းမှုကံကြောင့်ငင်း၊ တိရစ္ဆာန်သတ္တဝါတို့သည် နတ်ပြည်သို့ရောက်ကြလေ၏၊ နတ်စည်းစိမ်ကိုခံစားပြီး လူ့ပြည်သို့တဘန် လူဖြစ်ပြန်၍ လူ့စည်းစိမ်ကို ခံစားစံစားပြီးလျှင် နိဗ္ဗာန်သို့ဝင်ကြလေ ကုန်၏၊ ငင်းဝတ္ထုသက်သေသာဓကကို ထောက်တားပြီး၍ သူတော် ကောင်းနှင့် ပေါင်းမိငြားက တိရစ္ဆာန်ပင် ဖြစ်ငြားသော်လည်း တရား

အမွေခံ မဟာပ္ဗလ အာနိသံသကို ရကြသည်ဖြစ်ဟန်ကိုအဖန်ဖန်တွေးဆလို့ သူတော်ကောင်း သူမြတ်လောင်းတို့နှင့်သာ ပေါင်းဖော် မိရအောင် သူတော်ကောင်း သူမြတ်လောင်းတို့ ဟောပြောပြသ ဆိုဆုံးမသော ဩဝါဒကိုသာ လိုက်နာမိရအောင် ကောင်းကောင်းကြီး သတိဆောင် ထားရမည်၊ သူတော်ကောင်း သူမြတ်လောင်း ကျေးဇူးအထူးများ ကြောင်းကိုလဲ ကောင်းကောင်းကြီး သိကြရမည်ဟုလိုသတည်း။

## မြန်မာနိုင်ငံတော် ဝေဠုဝနနိကာယ မဟာနာယက ဓိပတိ မိန့်ခွန်းတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတသင်္ကပ္ပါ၊ သစိတ္တ မနုရက္ခထ။

ဘိက္ခဝေါ၊ ချစ်သား ရဟန်းတို့။ တုမှေ၊ သင်ချစ်သားတို့သည်။ အပ္ပမတ္တာ၊ မမေ့မလျော့သော အပ္ပမာဒတရားနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍။ သတိမန္တော၊မလွတ်မကင်းသောသတိတရားနှင့် ပြည့်စုံကြကုန်သည် ဖြစ်၍။သုသီလာ၊ စင်ကြယ်သောသီလရှိကုန်သည်ဖြစ်၍။ ဟောထ၊မုချမသွေ ဖြစ်ကြကုန်လော့။ သုသမာဟိတသင်္ကပ္ပါ၊ ကောင်းမြတ်သောတည်ကြည် ခြင်းကောင်းမြတ်သော ကြံစည်ခြင်းရှိကြကုန်သည်ဖြစ်၍။သစိတ္တံ၊မိမိခန္ဓာ ကိုယ်၏စိတ်ကို။ အနုရက္ခထ၊ အစဉ်မပြတ် ကောင်းစွာ ကြည့်ရှုစောင့် ရှောက်လိုက်ကြရလေကုန်တော့သတည်း။

ဤဂါထာ၌ အပ္ပမတ္တာ သတိမန္တော-ဖြင့် သမ္မာသတိ မဂ္ဂင်ကို မြတ်စွာဘုရား ဟောကြားတော်မူသည်၊သုသီလာ ဟောထ ဘိက္ခဝေါ-ဖြင့် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝမဂ္ဂင်သုံးပါးကို ဟောကြား တော်မူအပ်သည်၊ သုသမာဟိတသင်္ကပ္ပါ-ဖြင့် သမ္မာသမာဓိနှင့် သမ္မာ သင်္ကပ္ပမဂ္ဂင် နှစ်ပါးကို ဟောကြားတော်မူအပ်သည်၊ အကျိုးဖြစ်သော သမ္မာသင်္ကပ္ပ မဂ္ဂင်ကို ဟောကြားအပ်သဖြင့် အကြောင်းဖြစ်သော သမ္မာ ဒိဋ္ဌိမဂ္ဂင်ကိုလည်း ပဒဋ္ဌာနာ ဟာရနေတ္တိနည်းဖြင့် သိမ်းယူ အပ်သည်။ ဤသို့ မဂ္ဂင်ခုနစ်ပါးကို ဟောကြားတော် မူအပ်သဖြင့် မဂ္ဂင်လက္ခဏာ အားဖြင့် တူညီသော သမ္မာဝါယာမ မဂ္ဂင်ကိုလည်း လက္ခဏာဟာရဖြင့် သိမ်းယူအပ်သည်။ ဤသို့လျှင် ဤဂါထာဖြင့် လောကိယ လောကုတ္တရာ မဂ္ဂင်ရှစ်ပါး တရားဒေသနာတော်ကို ရဟန်းတို့အား ဘုရားဟောတော် မူသည်။

သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ-ဟူသော အဘို့အစု သုံးပါး၊ သုဒ္ဓဝိပဿနာယာဉ် သမထဝိပဿနာယာဉ် ဟူသော ယာဉ်နှစ်ပါးတို့ဖြင့် ရေတွက်အပ်သော မဂ္ဂင်ရှစ်ပါးသည်သာလျှင် ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆန္တိ ဧတေနာတိ မဂ္ဂေါ၊ဟူသော ဝစနတ္ထနှင့်အညီ ကိလေသာတို့ကို ပယ်သတ်ကြောင်း နိဗ္ဗာန်သို့ရောက်ကြောင်း တရားဖြစ်ပေသည်။ မည်သည့်ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါ အရိယာသာဝကမဆို မဂ္ဂင်ရှစ်ပါး တရားတော်နှင့်ကင်း၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်သည် ရသည်ဟူ၍မရှိပေ၊ ဘုရားကိုယ်တော်မြတ် သည်လည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသူတို့ မချွတ်ကျင့်သုံးရသော တရားအစုဖြစ်သည့်အတွက် ပရိနိဗ္ဗာန်စံလွန်တော်မူအံ့ ဆဲဆဲတွင် ဤမဂ္ဂင်ရှစ်ပါး တရား ဒေသနာတော်ကို ကောင်းစွာမှာထားဟောကြားတော်မူခဲ့လေသည်။သို့ဖြစ်၍ ဂိုဏ်းဂဏဝင်မဝင် လူရှင်ရဟန်းတို့သည် လောကိယ လောကုတ္တရာ ဖြစ်သော မဂ္ဂင်ရှစ်ပါးတရား ဒေသနာတော်ကို ပွားများအားထုတ်ကြကုန်ရာသတည်း။

ဤ လောကုတ္တရာမဂ္ဂင်သို့ ရောက်အောင် မစွမ်းနိုင်စေကာမူ၊ လောကုတ္တရာ မဂ္ဂင်တရားတို့ကို ရကြောင်းဖြစ်သော လောကီ မဂ္ဂင်တရားရှစ်ပါးတို့ကိုမူကား ငြဝလုံ့စုံး၍ လွန်ကျူးသော ဒုက္ခဝေဒနာကို ခံစားနေရသူသည် အခြားကိစ္စကို အားမထုတ်ဦးဘဲ စုံးဝင်သော လှံတံကိုသာ ရှေးဦးစွာ နှုတ်ပယ် ရသကဲ့သို့ရှင်း၊ ဦးခေါင်း၌ မီးစွဲလောင်နေသော သူသည် တပါးသောကိစ္စထက် စွဲလောင်နေသောမီးကိုသာလျှင် မြန်စွာငြိမ်းသတ်ရသကဲ့သို့ရှင်း ထိုထိုကိစ္စအဝဝတို့ကို စွန့်ချပစ်ချထား၍ ကြိုးစားပြုလုပ် အားထုတ်ကျင့်ကြံကြကုန်ရာလေတော့သတည်း။

ထိုမှတပါး ဒွေမေဘိက္ခဝေ ပရိသာ ကတမေဒွေ ဥတ္တာနာစ ပရိသာ၊ ဂမ္ဘီရာစ ပရိသာ။ပ။ ဧတဒဂ္ဂံ ဘိက္ခဝေ ဧတာသံ ဒွိန္နံ ပရိသာနံ၊ ယဒိဒံ ဂမ္ဘီရာ ပရိသာ-စသည်ဖြင့်။ ၁-ဥတ္တာနပရိသတ်။ ၂-ဝဂ္ဂပရိသတ်။ ၃-အနန္တဝတီပရိသတ်။၄-အနရိယာပရိသတ်။၅-ပရိသကသဋ္ဌပရိသတ်။ ၆-ဥတ္တာစိတ္တဝိနီတာနော ပဋိပုစ္ဆာ ဝိနီတာပရိသတ်။ ၇-အာမိသဂရုနော သဒ္ဓမ္မဂရုပရိသတ်။ ၈-ဝိသမပရိသတ်။ ၉-အဓမ္မိကပရိသတ်။ ၁၀-အဓမ္မဝါဒီ ပရိသတ်ဟူသော ကဏှပက္ခ၌ ပရိသတ်ဆယ်မျိုး။ ၁-ဂမ္ဘီရပရိသတ်။ ၂-သမဂ္ဂပရိသတ်။ ၃-အဂ္ဂဝတီပရိသတ်။ ၄-အရိယပရိသတ်။ ၅-ပရိသမဏ္ဍပရိသတ်။ ၆-ပဋိပုစ္ဆာဝိနီတာနော ဥက္ကစိတ္တဝိနီတပရိသတ်။ ၇-သဒ္ဓမ္မဂရု နောအာမိသဂရုပရိသတ်။ ၈-သမပရိသတ်။

ဋ္ဌာသယ ၄၈၈-၆၁

၉-ဓမ္မိကာပရိသတ်။ ၁၀-ဓမ္မဝါဒီပရိသတ်-ဟူသော သုတ္တပကွဲ၌ ပရိသတ်ဆယ်မျိုး အားဖြင့် နှစ်ဆယ်သော ပရိသတ်မျိုးတို့ကို ဘုရားဟောတော်မူအပ်သည်။

ထိုပရိသတ်မျိုးတို့တွင် ပျံ့လွင့်ခြင်း၊မာန်တံခွန်ထောင်လွှားခြင်း သပိတ်စသည်ကို မတင့်တယ် တင့်တယ်အောင် တန်ဆာဆင်ခြင်းဖြင့် လျှပ်ပေါ်ခြင်း၊နှုတ်လျှာကြမ်းတမ်းခြင်း၊ စည်းမဲ့ကမ်းမဲ့အကျိုးမဲ့ ဖရိုဖရဲပြန့်ကြဲသော စကားဆိုခြင်း၊ သတိကင်းလွတ်ခြင်း၊ အဆင်ခြင်ဉာဏ်ကင်းမဲ့ခြင်း၊ စိတ္တေကဂ္ဂတာ သမာဓိလောက်မျှ မတည်ကြည်ခြင်း၊ မိမွေးတိုင်း ဘမွေးတိုင်း အရိုင်းပေါက်လွတ် ဣန္ဒြေမဲ့ကင်းခြင်း ဟူသော ဥဒ္ဓတ ဥန္နဠစပလ မုခရ ဝိကိဏ္ဏဝါစာ မုဋ္ဌဿတိ အသမ္ပဇာန အသမာဟိတ ဝိဗ္ဘန္တစိတ္တ ပါကဋိန္ဒြိယ အပြစ်တို့မှ ကင်းလွတ် ရှောင်ခွါ၍ ဂမ္ဘီရပရိသတ်မျိုး ဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသတည်း။

သံဃာတော် အချင်းချင်း ငြင်းခုံစကား ခိုက်ရန်ပွါးခြင်း ဟူသော ဘဏ္ဍန ကလဟ ဝိဝါဒအပြစ်တို့မှ ကင်းလွတ် ရှောင်ခွါ၍ ဧကကမ္မ ဧကုဒ္ဒေသ သမသိက္ခတာ သံဝါသတရားဖြင့် နွားနို့နှင့်ရေနှောအပ်သော ရေအလားကဲ့သို့ အညီအညွတ် ပေါင်းသင်းဆက်ဆံကာ တဦးနှင့်တဦး ပိယစက္ခုတို့ဖြင့် ကြည့်ရှုနေထိုင်နိုင်သော သမဂ္ဂပရိသတ်မျိုး ဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသတည်း။

မဟာနာယက အနုနာယက ဖြစ်သော ဂိုဏ်းဂဏ ခေါင်းဆောင်ပုဂ္ဂိုလ်များက လာဘ်သပ္ပကာရပေါများအောင် အားထုတ်မှု သာသနာတော် အရေးကိစ္စ ကြိုကြိုက်လျှင် ပေါ့ပေါ့ လျော့လျော့ အားထုတ်မှုဟူသော သံဃာငယ်တို့ ဒိဋ္ဌာနုဂတိ ဖြစ်ပွားဘွယ်ရာ ဗာဟုလ္လိက သာထလိက အမှုများ မပြုလွတ်ကင်း ရှင်းရှင်းရှောင်ကြဉ်ကာ အဘိုးတန် ဂုဏ်သရေရှိ ခေါင်းဆောင်ပေါများသော အဂ္ဂဝတိပရိသတ်မျိုး ဖြစ်အောင် ကျင့်ဆောင်နေထိုင်နိုင်ကြကုန်ရာသတည်း။

ဘဏ္ဍာဘာဇနီယ ဝိနိစ္ဆယဋ္ဌာနတို့၌ အဂတိလေးပါး မလိုက်စားဘဲ မျှတဘည့်မှန် ဝေဘန်ဆုံးဖြတ်တတ်သည်ဖြစ်၍ ကြည်လင်သန့်ရှင်းအပြစ်ကင်းသော မွန်မြတ်သော ပရိသမဏ္ဍသာရ ပရိသတ်မျိုး ဖြစ်အောင် ကျင့်ဆောင်နေထိုင်နိုင်ကြကုန်ရာသတည်း။

တထာဂတ ဘာသိတ ဂမ္ဘီရ ဂမ္ဘီရတ္ထ လောကုတ္တရ သုညတာ ပရိသညုတ္တဖြစ်သော သုတ္တန်ဒေသနာတို့ကို ကြားနာရခြင်း သိလိုသင်လို

ခြင်း သင်ယူနာကြားပြီးလျှင် အချင်းချင်း မေးမြန်းခြင်း၊ မပေါ်လွင် မထင်ရှားသည်ကို ပေါ်လွင်ထင်ရှားအောင်ပြုခြင်း၊ ယုံမှားရှိသော်လည်း ပယ်ဖျောက်ခြင်းရှိသော ပဋိပုစ္ဆာဝိနိတ နေ့ာဥတ္တာဝိတ ဝိနိတပရိသတ် မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသတည်း။

အထူးမှာ ပစ္စည်းလေးပါး လာဘ်ပေါ်များအောင် အားထုတ်မှုကို ပယ်ရှား၍ လောကုတ္တရာ တရားအရေး၌ အားပေးဂရု အလေးပြု တတ်သော သဒ္ဓမ္မဂရု နေ့ာအာမိသဂရု ပရိသတ်မျိုး ဖြစ်အောင်ကျင့် ဆောင် နေထိုင်ကြကုန်ရာသတည်း။

အထူးမှာ အဓမ္မကံ ဝိနယကံများစွာမဖြစ်ပွားအောင် စောင့်ရှောက် ကြ၍ ဓမ္မကံ ဝိနယကံတို့ကိုသာ ဖြစ်ပွားစေတတ်သော သမပရိသတ်မျိုး ဖြစ်အောင် ကျင့်ဆောင်နေထိုင်နိုင်ကြကုန်ရာသတည်း။

မြတ်စွာဘုရား၏ တရားဒေသနာနှင့် မသင့်မလျော်သော အမှုအကျင့် တို့ကိုပယ်ရှား သင့်လျော် ညီညွတ်သော အမှုအကျင့်ရှိသော ဓမ္မိက ပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင် နေထိုင်နိုင်ကြကုန်ရာသတည်း။

ဝိဝါဒ အနုဝါဒ အာပတ္တိကိစ္စ အဓိကရုဏ်းမှုများ ဖြစ်ပွားခဲ့လျှင် သမထနည်း ၇-ပါး တရားသဖြင့် ငြိမ်းအေးအောင် ဆုံးဖြတ်ပြောဆို တတ်သော ဓမ္မဝါဒီပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်နိုင်ကြ ကုန်ရာသတည်း။

ထိုမှတပါးသော ယခုကဲ့သို့ ဝေဠုဝန်နိကာယ မဟာနာယကာ ဓိပတိအဖြစ်ကို လက်ခံတော်မူခြင်းသည် သာသနာတော်၌ တသီးတခြား ဂိုဏ်းတပါးဖြစ်စေခြင်းကို ရည်ရွယ်လက်ခံတော်မူခြင်းမဟုတ် အဆိုအဆုံး မအစောင့်အရှောက် အထိန်းအသိမ်း အအုပ်အချုပ် လွယ်ကူစေရန်သာ အဓိကထား၍ လက်ခံ သိမ်းပိုက်တော် မူခြင်းဖြစ်သည်၊ သို့အတွက်ယခု ဂိုဏ်းဝင် သံဃာတော်တို့သည် ဂိုဏ်းတပါးမှ သက်တော် ဝါတော် ဂုဏ်တော်ကြီးမြင့်သော ဆရာတော် သံဃာတော်တို့၌ ဂိုဏ်းဝင်သံဃာ တော်များနှင့် ထပ်တူမခြား ဆည်းကပ်လေးစား ဂါရဝတရားရှိကြကုန်ရာ သတည်း။ ဒေသနာတော်နှင့် မဆန့်ကျင်သော ကိစ္စဌာနတို့၌လည်း အညီအညွတ် အသင့်အတင့် ပြုကျင့် ဆောင်ရွက်ကြကုန်ရာ သတည်း။ ဝေဠုဝန်နိကာယ မဟာနာယကာဓိပတိဆရာတော်– ဆရာတော်ဘုရား ကြီး၏ မိန့်ခွန်းတော်ပြီးပြီ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝေဠုဝန်နိကာယ
မဟာနာယကာဓိပတိ သမုတိသာသနာပိုင်
အဂ္ဂမဟာပဏ္ဍိတ သထုံမြို့

**စန္ဒာရုံဆရာတော်ဘုရားကြီး၏သဘာပတိ မိန့်ခွန်းတော်**

သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မ ဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

ဤဒေသနာတော်သည် လေးပါးသော သုတ္တနိက္ခေပတို့၌ လောကဥ္စ မင်းတို့၏စည်းစိမ် ချမ်းသာသည် သုခဟူ၍၎င်း၊ ကာမဂုဏ်ချမ်းသာသည် သုခဟူ၍၎င်း၊ သာလိမံသဘောဇဥ်စသည်သည် သုခဟူ၍၎င်း စသည်ဖြင့် အယူရှိကြကုန်သော ရဟန်းတော်တို့အား ထိုသုခများသည် ဝဋ္ဋပရိယာပန္နသုခမျှသာ၊ စင်စစ်အမှန်မှာမူကား ဗုဒ္ဓုပ္ပါဒ ဓမ္မသဝန သံဃသာမဂ္ဂီ သမ္မောဒ မာနသုခများသည်သာလျှင် သုခစစ် သုခမှန်ဟူ၍ဟောတော်မူသောကြောင့် အဋ္ဌုပ္ပတ္တိက သုတ္တနိက္ခေပ ဒေသနာတော်မည်၏။

ထိုဒေသနာတော်၌ ဗုဒ္ဓါနမုပ္ပါဒေါဟူသော ပါဌ်သည် အလုံးစုံ သာဓာရဏ ဖြစ်တော်မူပေ၏၊ သဒ္ဓမ္မဒေသနာဟူသော ပါဌ်ဖြင့် ၎င်း ဒေသနာ၏အရ ဒေသိတ္တ သဝနတ္တနှစ်ပါးတို့တွင် သဝနတ္တဖြစ်၍ (တတ္ထ ယာဝိမံသာ ဥဿာဟနာ ကုလနာ ဥပပရိက္ခာ အယံ သုတမယီပညာ) နေတ္တိပါဠိတော်နှင့်အညီ သုတမယဉာဏ်၏ အာရုံဖြစ်သော ပရိယတ္တိ သဒ္ဓမ္မကို ယူရာသည်။

သံဃဿသာမဂ္ဂီ သမဂ္ဂါနံ တပေါ-ဟူသော ပါဌ်ဖြင့် အာကာရ ပရိဝိတက္ကဒိဋ္ဌိ နိဇ္ဈာနက္ခန္တိယာ ဂဟေတဗ္ဗာ ကာရော ဝိမုတ္တာရတန ဝိသေသော ဟူသည်နှင့်အညီ စိန္တာမယဉာဏ်၏ အာရုံဖြစ်သော ပဋိပတ္တိ သဒ္ဓမ္မကို ယူရာသည်၊ သုခေါ သုခါ-ဟူသော ပါဌ်တို့ဖြင့် ဝိပဿနာ ဉာဏာဒိ သဟဂတော ဘာဝနာမယဉာဏ ဂေါစရော-ဟူသည်နှင့်အညီ ဝိပဿနာဉာဏ် စသည်နှင့် တကွဖြစ်သော ဘာဝနာမယဉာဏ်၏အာရုံ ဖြစ်သော ပဋိဝေဓသဒ္ဓမ္မကိုယူရာသည်။

ဤသို့လျှင် သုံးဖြာသော သာသနာတော်ကြီးကို မိမိတို့၏ခေတ်အခါ မိမိတို့၏အသက်ခန္ဓာ ကိုယ်မှာထင်ရှားရှိသရွေ့ ကာလပတ်လုံး မတိမ်း မစောင်းရအောင် ကြိုးစား၍ စောင့်ရှောက်တော် မူကြကုန်ရာသည်။ စောင့်ရှောက်တော်မူနိုင်ကြစေကုန်။

အထူးအားဖြင့် သတိပေးတိုက်တွန်းနှိုးဆော်လိုသည်မှာ ထိုဒေသနာတော်အရ သာမဂ္ဂီဟူသောပါဠိ၌ ယခုနှစ်အခါ ငါတို့၏ သုဝဏ္ဏရွှေဘုံမြို့သထုံဝယ်ကြိုကြိုက်၍ အညီအညွတ် စည်းဝေး တိုင်ပင်တော်မူကြသည့်အားလျော်စွာ သမဂ္ဂဿ ဘာဝေါ သာမဂ္ဂီ-ဟု သမဂ္ဂဟူသော ဒြဗ်ပုဒ်နောင် ဘောဖြင့် ဆောင်ရကား ကာယကံမေတ္တာ ဝစီကံမေတ္တာ မနောကံမေတ္တာ-ဟူသော ဂုဏ်ရောင်တွေ တပြောင်ပြောင် တောက်ပတော်မူကြ၍ ဝဋ္ဋုဝန်နိကာယ ဂိုဏ်းဝင် မဝင်သောသံဃာ သံဃာတော်တို့သည် အချင်းချင်းတပါးသည် တပါးအား ပိယစက္ခုတို့ဖြင့် တစိမ့်စိမ့်ရှုကြည့်နိုင်ကြ၍ ချစ်ဘွယ်သာယာ နားချမ်းသာသော စကားတို့ဖြင့် စည်းဝေး တိုင်ပင် ပြောဆိုနိုင်ကြ စေလိုကြောင်း လေးနက်စွာဖြင့် ဩဝါဒကထာစကား မိန့်ကြားအပ်ပေသည်။

၁၃၂၀-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇-ရက်အင်္ဂါနေ့တွင်သထုံမြို့ စန္ဒာရုံကျောင်းတိုက်၌ ကျင်းပသော ဝဋ္ဋုဝန နိကာယနာယက နှစ်ပတ်လည် အစည်းအဝေးကြီး၌ဝဋ္ဋုဝနနိကာယ ဂဏရက္ခိတ မဟာ နာယက ဖြစ်တော်မူသော ပြည်မြို့ ပွင့်လှ သိမ်ကုန်း ဆရာတော်ကြီး၏-

## ဩဝါဒမိန့်ခွန်းတော်

ပြည်ထောင်စုသမတမြန်မာရဋ္ဌ ထိုထိုသို့သော အရပ်ဒေသ မြို့ရွာဌာန အဝဝတို့မှ ကာယမနသီ သမဂ္ဂီဒွေး ကိုယ်စီပေး၍ စည်းဝေးကြွရောက်လာတော်မူကြကုန်သော သာသနသုဒ္ဓိကာမ သာသနဝုဍ္ဍိကာမ ဂဏပါမောက္ခ ဂဏာစရိယ ဝဋ္ဋုဝနနိကာယ သမဂ္ဂဂိုဏ်းဝင် ထေရ်အရှင်မြတ်တို့အား သမ္မောဒနီယ ကထာစကား ဩဘောက်ထား သိစေလိုသည်မှာ ကေဓမ္မော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုဇနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ကတမော၊ ကေဓမ္မော သံဃဿ သာမဂ္ဂီ-အစရှိသော ခုဒ္ဒကနိကာယ ဣတိဝုတ္တကပါဠိ သံဃသာမဂ္ဂီသုတ် ဖွင့်ထုတ်ဟောကြား ဘုရားတရားတော်အရ ဝေနေမျှားစွာ နတ်လူတကာတို့၏ ချမ်းသာစီးပွား ကောင်းကျိုးတရားတို့၏ တိုးပွားဖြစ်ထွန်းစေရာ အလို့ငှာ ကမ္ဘာလောက၌ ကေဓမ္မ နှစ်ခွမထား တခုသော တရားသည် ငွါးငွါး ထင်စွာ ဖြစ်ထွန်းပေါ်ပေါက်၍ လာလေ၏။ထိုတရားသည်ကား အခြား

မဟုတ် သံဃာ သာမဂ္ဂီမည်သော သံဃာအားလုံး၏ စည်းရုံးညီညာ သာယာရွှင်ပျ ညီညွတ်ကြခြင်းပင် ဖြစ်ပေသည်။

ထိုသို့ စည်းလုံးညီညာ သာယာရွှင်ပျ ညီညွတ်ကြခြင်း ဟူသည်မှာလည်း ထိုပါဠိတော်၌ပင် သံဃာ ခေါ ပန ဘိက္ခဝေ သမဂ္ဂေနစေဝ အညမညံ ဘဏ္ဍနာနိ ဟောန္တိ၊ စသည်ဖြင့်လာရှိသောကြောင့် အချင်းချင်း ခိုက်ရန်ငြင်းခုံမရှိခြင်း၊ မဆန့်ကျင်ခြင်း၊ မစွန့်လွှတ်ခြင်းတို့ဖြင့် အချင်းချင်း အပေါ်၌ မကြည်ညိုစေနိုင်သူတို့ ကြည်ညိုလာစေနိုင်သော ကိုယ်အမူအရာ နှုတ်အမူအရာ ကြည်ညိုပြီးသူတို့ ဆတက်တံပိုး တိုးတက်ကြည်ညိုလာစေနိုင်သော ကိုယ်အမူအရာ နှုတ်အမူအရာတို့နှင့် ပြည့်စုံစေရန် ကျင့်ကြံအားထုတ် ပြုလုပ်စောင့်စည်းကြခြင်းပင်ဖြစ်ပေသည်။

ထိုသို့အချင်းချင်း ကြည်ညို၍ မှီခိုကပ်ချဉ်း ဘဏ္ဍန ကလဟ ဝိဝါဒ စသည်တို့မှ ကင်းရှင်းကြစေရန် ကေန်ကျင့်သုံးရမည့်တရားကား မြတ်စွာဘုရား၏ ဝိနည်းတရားသာလျှင် ဖြစ်သဖြင့် ထိုဝိနည်းတရားကို ကြိုးစားအားထုတ် မယုတ်စေရန် ထက်သန်သောလုံ့လဖြင့် နေ့ညမပြတ်ကျင့်သုံးဆောက်တည် အပ်ပေသည်။ ယုတ်စွအဆုံး ဝိနည်းဆောင်ပုဂ္ဂိုလ်ဟူသော အမည်တံဆိပ်ကိုခတ်နှိပ်ဆွတ်ချူ မခံယူနိုင်ကြသည်တိုင်အောင်လည်း–

နောစေဝိ ဝိနယဓရော ဟောတိ သောစ ဟောတိ ဓမ္မာနုဓမ္မပဋိပန္နော သာမိစိပဋိပန္နော အနုဓမ္မစာရီ၊ သော တတ္ထ ပူဇော သော တတ္ထ ပါသံသော-စသော ဥပရိပဏ္ဏာသ သပ္ပုရိသသုတ္တန်အရ လောကုတ္တရာတရားကိုးပါး အားလျော်စွာ ကျင့်သည်၊ အရိအသေကျင့်သည်၊ တရားအတိုင်းကျင့်သည် ဖြစ်ခဲ့မူ ရဟန်း အပေါင်းတွင် ပူဇော် ထိုက်သည် ချီးမွမ်းထိုက်သည် ဖြစ်လေသောကြောင့် ယခု ကြွရောက်တော်မူလာကြကုန်သော သာသနသုဒ္ဓိကာမ သာသနဝုမိကာမ ဂဏပါမောက္ခ ဂဏာစရိယ ဝေဠုဝနနိကာယ သမဂ္ဂဂိုဏ်းဝင် ထေရ်အရှင်မြတ် အားလုံးတို့သည် သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရား၏ တရားတော်အတိုင်း ကျင့်သုံးနေထိုင်ကြကုန်လျက် အညမည ပိယဒဿန သမ္မောဒမာန သံဃသုဍ္ဍ သံဃဖာသု သုခကာမီ ပုဂ္ဂိုလ်မြတ် စင်စစ် ဖြစ်တော်မူကြပြီးလျှင် ချီးမွမ်းထိုက် ပူဇော်ထိုက်သူတို့ ဖြစ်တော် မူကြကုန်လျက် ယောနိသော မနသိကာရ အရင်းထား၍ ဒုက္ခအားလုံး ဆိတ်သုဉ်းကင်းငြိမ်းရာ မဟာအသင်္ခတ အမတကြွှနဲး နိဗ္ဗာန်နန်းသို့ မျှော်မှန်း ရှေ့ရှုတော်မူနိုင်ကြစေသော်။

စိရံ တိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓသာသနံ။
တသ္မိံ သဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

လောကသ္မိံ၊ ကာမရူပ အရူပဟု လောကသုံးခွင် ဘုံအပြင်၌။ သမ္မာသမ္ဗုဒ္ဓသာသနံ၊ သစ္စာလေးပါး မြတ်တရားကို ထင်ရှားသိမြင် ဘုရားရှင်၏ သွန်သင်ဆုံးမ ဩဝါဒဟု ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည်။ စိရံ၊ နှစ်ပေါင်း သောင်းထောင် မကအောင်လျှင် မြားမြောင်ခွန့်တာ ကြာမြင့်စွာ။တိဋ္ဌတု၊ မညှိုးရောင်ဝါ သာထက်သာလျှင် ကောင်းစွာမသွေ တည်တံ့ပါစေသတည်း။ တသ္မိံ၊ ထိုဗုဒ္ဓမြတ်စွာ တည်ထောင်ရာသည့် ရောင်ဝါထိန်လင်း သာသနာတော်မြတ်ကြီးအတွင်း၌။ သဗ္ဗေပိ၊ တရားရသာ မြိုက်သုခကို သာယာရွှင်ပြုံး စားသုံးခိုလှုံ ခပ်သိမ်းကုန်သော။ ပါဏိနော၊ ကာယမနသီ သာမဂ္ဂီဒွေး ကိုယ်စီပေး၍ စည်းဝေးကြွလာ မြတ်သံဃာနှင့် သဒ္ဓါတက်ပွား ဒါယကာ ဒါယိကာမ များမှ အစပြု၍ ပုပုရွရွ ဒေဝမနုသာ အားလုံးသော သတ္တဝါတို့သည်။နိစ္စံ၊နေ့ရောညပါ ဘယ်ခါမလပ်။ သဂါရဝါ ကိုယ်စီ ကိုယ်င ရှိသေခြင်း ရှိကြကုန်သည်။ ဟောန္တု၊ မုချမသွေ ကောန်စင်စစ် ဖြစ်ကြပါစေကုန်သတည်း။ ပြီးပါပြီ။

၁၃၂၀-ခုနှစ်၊ပြာသိုလပြည့်ကျော် ၇-ရက် အင်္ဂါနေ့တွင်သထုံမြို့ စန္ဒာရုံ ကျောင်းတိုက်၌ ကျင်းပသော ဝေဠုဝနနိကာယနာယက ဆရာတော်များ၏ နှစ်ပတ်လည် အစည်းအဝေး၌ မဲဇလီကုန်းမြို့ ခေမာသီဝံကျောင်းတိုက် ဝေဠုဝနနိကာယ-

## ဩဝါဒါစရိယဆရာတော်၏ ဩဝါဒကထာမိန့်ခွန်း

ဝေဠုဝန် နိကာယဝင် သံဃာတော် အရှင်မြတ်တို့။ စတ္တာရော မေ ဘိက္ခဝေ ဝိယတ္တာ ဝိနီတာ ဝိသာရဒါ ဗဟုဿုတာ ဓမ္မဓရာ ဓမ္မာနုဓမ္မပဋိ ယာပန္နာ သံဃံသောဘေန္တိ-အစရှိသည်ဖြင့် အင်္ဂုတ္တရနိကာယသောဘန သုတ္တန်ထုတ်ပြန်တော်မူအပ်သည်နှင့်အညီ။ ၁-ထက်မြက် လျင်မြန်အသိ ဉာဏ်ပညာ။ ၂-ကောင်းစွာစောင့်စည်း ဝိနည်းတရား။ ၃-ရွံ့ရှာမှုကင်း ရဲတင်းရွှင်ပျသော သတ္တိဓာတ်။ ၄-နှံ့စပ်သိမြင် ကျွမ်းကျင်လိမ်မာသော ဗဟုသုတ။ ၅-အာဂမယုတ္တိ သာဓကမိအောင် ဆောင်နိုင်သော သတိ ဝီရိယမျိုး။ ၆-ကိုးပါးသော လောကုတ္တရာတရားအား လျော်ညီစွာ ကျင့်ကြံမှု ဤဂုဏ်အင်္ဂါအစုစုတို့နှင့်ပြည့်စုံသောရဟန်း ဘိက္ခုနီမ ဉပါသကာ ဉပါသိကာ ဤ လေးဦးတို့သည် သံဃာကျက်သရေကို တိုးတက်တင့်တယ် စေနိုင်ကုန်၏ ဟူသော သာမုက္ကံသိကပါဠိစန မိန့်ခွန်း ဖော်ညွှန်းတော်

မှုချက်ကို လေးလေးနက်နက် ဂရုပြုတော်မူကြ၍ မိမိကိုယ်တိုင်နှင့်တကွ သိဿာနုသိဿ ဒဟာ ဒကာမခပင်းတို့အား ဤအင်္ဂါများနှင့် ပြည့်တင်းစုံညီကြစေရန် စွမ်းအင်ရှိသမျှ အသီးသီးကြိုးပမ်းပေးကြပါလျှင် ဝေဠုဝန နိကာယကြီးနှင့်တကွ ဗုဒ္ဓသာသနာဘုံ ခိုလှုံတော်မူကြသော သံဃာတော်အရှင်မြတ် အပေါင်းတို့၏ ကောင်းမြတ်သော ကျက်သရေ မင်္ဂလာ တိုးတက်မည် အမှန်ပင်ဖြစ်ပါသည်။

ဤနိကာယတခု ပေါင်းစုဖွဲ့စည်း နေထိုင်ကြခြင်း၏ အကြောင်းမူလ အခြေခံအရမှာ သာသနာနှင့်စပ်သမျှ ရဲရဲဝံ့ဝံ့ဆုံးမနာယူလွယ်ကူစေရေး မြှော်တွေးပြီးလျှင် တည်ထွင်ဖွဲ့စည်းအပ်သည်ဖြစ်ပါသဖြင့် ဝေဠုဝန် နိကာယပထမဂဏာဓိပတိ ကျေးဇူးတော်ရှင်တောင်တွင်းကြီးဆရာတော်ဘုရားကြီးသည် လေးစားသမှု ဆုံးမ ဟောကြားတော်မူလေ့ ရှိသော အရိယာဝံသ သုတ္တန် ဒေသနာတော် မြတ်နှင့်အညီ သင်္ကန်း ဆွမ်း ကျောင်း ဆေး–ဟူသော ပစ္စည်းလေးပါးတို့ကို သန္တုဋ္ဌိတရား လက်ကိုင်ထားကာသုံးစွဲမှု ထိုပစ္စည်းတို့အတွက် ဘုရားရှင်စက်ဆုပ်တော်မူသော မအပ်မရာ ရှာဖွေသုံးစွဲမှုမျိုးမှ လွတ်ကင်းအောင် အထူးရှောင်ကြဉ်တော်မူကြ၍ ကပ္ပိယပစ္စည်းတို့ကိုလျက် အာဒီနဝဒဿာဝီ နိဿရဏ ပညာရှင်ဝီသလေအောင် သုံးဆောင်နိုင်တော်မူကြစေလိုပါသည်။

စတုတ္ထမြောက် အရိယာဝံသဒေသနာအရ ဘာဝနာရာမ ပဟာနာရာမ တရားနှစ်ပါးကိုကား မိမိရဟန်းဘဝ၏ အဓိကအရေးဟု အလေးအမြတ် ပြုတော်မူကြလျက် မိမိတို့သည် မည်သည် အချိန်အခါမှစ၍ မည်သည့် ပွားများထိုက်သောတရားကို ပွားများခဲ့သည်၊ မည်သည့်ပယ်ထိုက်သောတရားကို ပယ်ခဲ့သည်၊ လုံ့ခြိုစေခဲ့သည် စသည်ဖြင့် ဘာဝေတဗ္ဗ ပဟာတဗ္ဗ တရားနှစ်ပါးကို အားထား၍ အားထား လောက်အောင်ကိုယ်စီကိုယ်ငှ ကျင့်ဆောင်ကြမှသာလျှင် ပညာရှင်သမဏဗြဟ္မဏတို့၏ ရှုတ်ချကဲ့ရဲ့ခြင်းမှ လွတ်ကင်းကာအဋ္ဌကထာဆရာ ဖွင့်ပြသောဝံသ ၈–မျိုး အနက်ပြိုင်ဘက်ကင်းကွာ မြင့်မြတ်လှစွာသော အရိယာဝံသဟူသော အမည်သညာနှင့် ညီညာတော်မူကြပါလိမ့်မည်ဟုမှတ်ပါ။

ထို့ပြင် မှတ်သားရာကား– ပရိသဒေါသော ခေါ ပန ပရိသဇေဋ္ဌကဿဝ ဥပရိ အာရောပတိ– သီလက္ခန္ဓ အဋ္ဌကထာပါဠိ မိန့်အပ်သည်နှင့်အညီ တပည့်ပရိသတ် သေသတ်မှုကင်း အလုံးစုံသော အပြစ်ခပင်းသည် ဆောင်နှင်းဘွဲ့ပြု ခေါင်းဆောင်မှုတို့အပေါ်ဝယ် အပြစ်တင်

လာဘွယ်ရှိသဖြင့် မိမိ၏တာဝန်အရ ဆုံးမ ဩဝါဒ ပေးအပ်ပါသည်၊ ဝေဠုဝန်နိကာယဝင် သံဃာတော်အရှင်မြတ်တို့-ငြိုးပါငြိ။

သထုံမြို့ ဝေဠုဝန်နိကာယ သံဃအစည်းအဝေးကြီး၌- သထုံမြို့
တပည့်ဒါယကာ- ဒါယိကာမအပေါင်းတို့၊ ညွတ်ပျောင်း
ကော်ရော် ဦးတင်ပူဇော်ကြသော အဘိဝန္ဒနာ-

မင်္ဂလာပိုဒ်စုံရတု

(စိစဉ်ရေးသား ဘတ်ကြားသူ-လယ်တီ ဦးလှတင်)

၁။ ဦးကြို့လှိုကာ၊ စာကဗျာဖြင့်၊ သာယာအေးချို၊ ပန်လျှောက်ဆိုအံ့၊ ဘုန်းမိုမြတ်စွာ၊ သာသနာလျှင်၊ ရှည်ကြာတည်မှု၊ အခြေပြုသည့်၊ ဝေဠုဝန၊ နိကာယ၏၊ တတိယမြောက်၊ တံခွန်ဆောက်သား၊ ပါမောက်ဝိဓူ၊ ရှင်နှင့်လူတို့၊ လိုက်ဆုဝန်းအုံ၊ စန္ဒာရုံဟု၊ လွမ်းခြုံကိတ္တိ၊ မဟိဒ္ဓိဖြင့်၊ လဖွဲ့ကျင့်မွန်၊ သူ့ထက်လွန်သည့်၊ ကျွန်ုပ်တို့ထိပ်တင်၊ ကျေးဇူးရှင်ကား၊ သန္တစင်ဖြူဆွ၊ မြတ်သီလနှင့်၊ ဉာဏဝရဇိန်၊ သမာဓိန်မှု၊ ဂိရိန်မေရု၊ တောင်အထုတည့်၊ သုံးစုသိက္ခာ၊ ဂုဏ်ကိုးဖြာဟု၊ လျှံဝါဆင့်ဆင့်၊ ပွင့်ကြီးပွင့်လျက်၊ ရှင်ပင့်သာသနာ၊ ထက်အာကာမှ၊ မဟာနေမင်း၊ ထွက်ပေါ်လျှင်းသည်။ ။ရောင်လင်းဖြာတော့သည်ဘုရား။

၂။ ဖူးဘို့ကြိုလာ၊ အကြောင်းရှာသော်၊ ရှေးခါကာလ၊ အတီတက၊ ပုညကောင်းကျိုး၊ ဆော်ဖန်နှိုး၍၊ ထက်မိုးဇုန္ဒာ၊ ဝတိန်သာမှ၊ လူ့ရွာဆင်းသက်၊ ကူညီချက်မကြာင့်၊ ခမျက်မှောက်တွင်၊ ဤသဘင်ကို၊ မြင်လာတွေ့ဆုံ၊ လာကြီးကြိုခဲ့၊ အမွှံ့ဇလာ၊ ကင်းရှင်းကွာသည့်၊ သေလာကျောက်သား၊ တောင်မြင့်ဖျား၌၊ ကားကားစွင့်စွင့်၊ ကြာပန်းပွင့်၍၊ နောက်မင့်ဂေါယာ၊ ရပ်ဒိသာမှ၊ ဖလ်ဝါနေဝန်း၊ ပေါ်ထွက်ထွန်းသို့၊ လွှန်လွှန်းကဲကျူး၊ ဤပွဲထူးကား၊ ဖြစ်ဘူးဖြစ်ခဲ၊ ဖြစ်တန်ဘဲနှင့်၊ အံ့အဲဘွယ်ရာ၊ ဖြစ်ပေါ်လာ၍၊ များစွာလူရှင်၊ ဝမ်းမြောက်ရွှင်လျက်၊ သဘင်ဆန်းပြား၊ ခမ်းအနားဖြင့်၊ ညွတ်တွားဝပ်စင်း၊ ဆင်ယင်ကျင်းသည်။ ။အောင်ခြင်းသာတော့သည်ဘုရား။

၃။ ထူးမျိုးစုံစွာ၊သဘင်သာတည့်၊ယင်ရာကာလ၊ ခါသမယမှု၊ မြန်မာ့ဂေါဇာ၊ ထောင့်သုံးရာနှင့်၊ သချာဝီသ၊ စွန်းကော်၌၊ ဖုသျှကြယ်မြတ်၊ ယုန်စန်းနတ်နှင့်၊ပါဒ်ချင်းတူညီ၊ နဝင်းမှီသည့်၊ ရာသီမကာရ၊ ပြာသိုလ၏၊ ပြည့်ဝကျော်ထွက်၊ သတ္တရက်ဟု၊ နံစက်သိမ်မွေ့၊ ခြသော့နေ့၌၊ ချမ်းမြေ့သဘင်၊ ပွဲကြီးယင်ခဲ့၊ များဖြင်ဝန်းရံ၊ သာခုသံဖြင့်၊ မြိမ့်ညံသဲသဲ၊ အံ့မစဲရှင့်၊

ထူးကဲဂုဏ်ရည် မဟာထေရ်ဟု၊ ဇာနည်ဘုန်းမော်၊ ပြည်လုံးကျော်သား၊ တေဇော်တက်ကြွ၊ ထိန်ထွန်းပသည်၊ သူရနေမင်း၊ ရောင်အလင်းကြောင့်၊ သင်းပင်းမိတ္တာ၊ အဖြာဖြာကို၊ မလာရှောင်ကွင်း၊ စင်သန့်ရှင်းသည်။ ။ မှောင်ကင်းကွာတော့သည်ဘုရား။ (လယ်တီ-ဦးလှတင်)

သထုံမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝေဠုဝန်နိကာယ ဂဏရက္ခိတ
မဟာနာယက ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ပြည်မြို့
ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး၏

**သြဝါဒကထာ မိန့်ခွန်းလွှာ**

ဒုက္ကရံ ဝိဝိခံ ကတွာ၊ ပူရယိတွာန ပါရမီ။
ဥပ္ပန္နော်သို့ မဟာဝီရာ၊ စက္ခုဘူတာ သဗြဟ္မကေ။

ဟူသောပရိဝါပါဠိလာရှိသည်နှင့် လျော်စွာ အဇ္ဇောပြင်ကျယ် ကောင်းကင်အလယ်တွင် တင့်တယ်စွာ တွေ့မြင်နေကြရသော နက္ခတ်ကြယ်တာရာတွေအလားရာထောင်စသည် မရေတွက်နိုင်အောင် နှစ်သက်မဆုံးမျက်လုံးတော်တွေကို စွန့်လွှတ်လှူဒါန်းခဲ့ခြင်းစသော ပါရမီစာဂ ဒုက္ကရအမှုတို့ကို လေးအသင်္ချေ ကပ်ရေတသိန်း တွက်ကိန်းများစွာ ဖြည့်ကျင့်ကြိုးစားတော်မူခဲ့ပါသဖြင့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် တည်းဟူသော အလင်းရောင် မျက်လုံးကိုရခါ အမှောင်အတွင်း၌ ချင်းနင်းပြေးသွား နတ်ပြဟ္မာနှင့်တကွသော လောကသားတို့အား လမ်းမှန်လမ်းသန့်ကို ခန့်ခန့်ထည်ထည် တည်ကြည်စွာ ညွှန်ပြတော် မူနိုင်ခဲ့ပါသည်။

တေ ဒေသယန္တိ သဒ္ဓမ္မံ၊ ဒုက္ခဟာနိ သုခါဝဟံ။
သုတ္တန္တံ့ မဘိဓမ္မဥ္စ၊ ဝိနယဥ္စ မဟာဂုဏံ။

ဟူသည်နှင့်အညီ ဆင်းရဲပယ်ဖျောက် ချမ်းသာ ရောက်အောင် ဘုန်းတောက်သယမ္ဘူ သုံးလောကဆွေ မကိုင်္ဃသရဖူ ဖြစ်တော်မူသော ဘုရားရှင်သည် သုတ္တန်အဘိဓမ္မာဝိနယာဟု သုံးဖြာသော သာသနာတော်ကို ဟောတော်ညွှန်ပြ ဆုံးမတော်မူခဲ့ရာတွင် အခါသင့်၍ ဤအချိန်တွင် ဝိနယသာသနာတော်နှင့်စပ်၍ ကြွရောက်တော်မူလာကြသော ဝေဠုဝန်နိကာယဂိုဏ်းဝင်ထေရ်အရှင် အသွယ်သွယ်တို့အား အနည်းငယ် ဆရာတော်က မိန့်ခွန်းကြားလိုသည်မှာ–

ပါတိမောက္ခသံဝရ သံဝုတော ဝိဟရတိ အာစာရ ဂေါစရ သမ္ပန္နော စသည်နှင့်အညီ ကိုယ်နှုတ်နှစ်သွင် အပြစ်မမြင်သော အာစာရ ဂေါစရ

တို့နှင့်ပြည့်စုံကြပြီးလျှင် သိမ်မွေ့သေးဖွဲသော ဒုက္ကဋ် ဒုဗ္ဘာသိအာပတ်တို့ကိုသော်မှလည်း ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်ကြီးအလား ကြီးမားသောဘေးဟု ရှုစားတော်မူကြလျက် ပါတိမောက္ခသံဝရသီလကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြပြီးလျှင် အကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်ရာ ခြောက်ဖြာသော အာရုံများဝယ် သတိတည်းဟူသော စောင့်စည်းမှုဖြင့် တားဆီး ပိတ်ပင်ပြုပြင်တော်မူကြကာ မဟာမိတ္တမထေရ် စိတ္တဂုတ္တမထေရ်တို့သန္တာန်ဝယ်ရှိသော ဣန္ဒြိယသံဝရ သီလမျိုးကိုရင်း။

အနေသနာယ စိတ္တမ္ပိ၊ အဇနေတွာ ဝိစက္ခဏော။
အာဇီဝံ ပရိသောဓေယျ၊ သဒ္ဓါ ပဗ္ဗဇ္ဇိတော ယတိ။

ဟူသည်နှင့်အညီ သဒ္ဓါ၍ရဟန်းပြုလာကြသော အရှင်အပေါင်းတို့သည် ပစ္စည်းလေးပါးဟူသော အကြောင်းကြောင့် ဗုဒ္ဓအလိုတော်နှင့် မတန်ဖောက်ပြန်ရှာမှီးမှုမျိုးကို စွန့်ပယ်တော်မူကြကာ အရှင်သာရိပုတ္တရာအရှင်မဟာတိဿထေရ်တို့ သန္တာန်ဝယ်ရှိသော အာဇီဝပါရိသုဒ္ဓိ သီလမျိုးကိုရင်း၊ ခက်ခဲပင်ပန်းစွာ ရှာဖွေ၍ ရအပ်သော ပစ္စည်းလေးဖြာ ဒကာဒကာမတို့၏ စေတနာသဒ္ဓါကို ငဲ့ညှာထောက်ထား လွန်သနားလျက် မေတ္တာရေချမ်း ပက်ခါဖျန်းပြီးလျှင် ဣဏပရိဘောဂမှ ကင်းစင်အောင် ဆင်ခြင်တော်မူခါ အယျမိတ္တမဟာထေရ် သန္တာန်ဝယ်ရှိသော ပစ္စယသန္နိဿိတ သီလမျိုးကိုရင်း အသီးသီး ပြည့်စုံကြသည်ထက် ပြည့်စုံစေပြီးလျှင်။

စန္ဒနံ တဂရံဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။

ဟူသည်နှင့် လျော်စွာ စန္ဒကူး တောင်ဇလပ် အမြတ်နံ့သာ အဖြာဖြာတို့ထက် ဆထက်ရာထောင် မကသာအောင် လေညာ လေအောက်ထက်အောက်မကျန် မွှေးယနံ့လှိုင် ပျံ့နှံ့စေနိုင်သော သီလတည်းဟူသော နံ့သာပန်းကို ဆင်မြန်းတော်မူကြလျက် သန့်ရှင်းသော သာသနာတော်ကို အရှင် အာနန္ဒာအလား ကြီးမားသော သဒ္ဓါတရားဖြင့် ကြိုးကြိုးစားစား စောင့်ရှောက်တော်မူနိုင်ကြပါစေဟုလေးနက်စွာ သတိပေးရင်းသြဝါဒ ဒေသနာတော်ကို ညွှန်းပြအပ်ပါသည်။

ဝေဠုဝန နိကာယဝင် ထေရ်အရှင်အပေါင်းတို့ ၁၃၂၇-ခုနှစ်ဦး တာကူး လပြည့်ကျော် ၁၀-ရက်နေ့ နေ့လည် ၁၁-နာရီ အချိန်

ရှမ်းပြည်တောင်ကြီးမြို့ ပဌမ တောင်ကျောင်းကြီးတိုက် အတွင်း၌
ဆင်ယင်ကျင်းပအပ်သော ဝေဠုဝနနိကာယနာယက ဆရာတော်
များ၏ နှစ်ပတ်လည် သံဃာအစည်းအဝေး၌ ဝေဠုဝနနိကာယ
မဟာနာယကာ မိပတိ ပုသိမ်မြို့ ဝေဠုဝန်ဆရာတော်ဘုရားကြီး၏

## ဩဝါဒမိန့်ခွန်းတော်

ဝေဠုဝန်နိကာယ သမဂ္ဂဂိုဏ်းဝင် သံဃာတော်အရှင်သူမြတ် သေယျထာပိ ဘိက္ခဝေ မဟာသမုဒ္ဒေါ-စသည် ဟောမြွက် ဓမ္မစက်နှင့် အညီ မဟာသမုဒ္ဒရာ ပမာတူမျှ အနုပုဗ္ဗသိက္ခတာ-အစလာသည့် ရှစ်ဖြာသော အံ့ဘွယ် ကိုးသွယ်သော အင်္ဂါ သုံးဖြာသော ပိဋကတ် ငါးရပ်သော နိကာယ် ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာ အပေါင်းတို့ဖြင့် ဟောကြားညွှန်ပြ ဆုံးမတော်မူအပ်သောသာသနာတော်မြတ်သည်ကား သိက္ခတ္တယ သင်္ဂဟိတံ သာသနံ-ဟူသော အဋ္ဌကထာမိန့်မှာတော်မူသည် နှင့်အညီ အဓိသီလသာသနာ၊ အဓိစိတ္တသာသနာ၊ အဓိပညာသာသနာ ဟူ၍ အကျဉ်းအားဖြင့် သုံးပါးသာ ဖြစ်ပေသည်။ စကြဝတေး မင်း၏ ဥစ္စာရင်းစစ် အမွေအနှစ်တို့ကို ယွင်းကွက်ဖောက်ပြား ပျောက်ပြားမရှိ စောင့်ရှောက်ဘိသကဲ့သို့ ဓမ္မရာဇ်ထွဋ်ဖျား မြတ်ဘုရား၏ ဩရသစစ် သားချစ် ဖြစ်တော်မူကြ ပေကုန်သော ဤဂိုဏ်းများအမွန် ဝေဠုဝန် နိကာယ သမဂ္ဂဂိုဏ်းဝင် သံဃာတော်အရှင်မြတ်တို့သည် အဘဘုရား၏ ထိုသုံးထွေသော သာသနာဓမ္မ အမွေတော်ကို ညစ်ကြေးမတင် ဖြူစင် သန့်ရှင်း လပြည့်ဝန်းပမာ ကောင်းစွာစောင့်ရှောက်ထိန်းသိမ်းကုန်ရာ၏။

ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလတည်းဟူသော စတုပါရိသုဒ္ဓိသီလသည် အဓိသီလ သာသနာမည်၏။ ထိုအဓိသီလ သာသနာကို အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ၊သိက္ခာပဒေသု-ဟူသော ဒေသနာ တော်နှင့်အညီ၊ ပညတ်တော် မူအပ်သော စာရိတ္တသိက္ခာပုဒ် ဝါရိတ္တ သိက္ခာပုဒ်တို့၌ ပရမာဏုမြူသဘွယ် သိမ်မွေ့ သေးငယ်ကုန်သော ပဏ္ဏတ္တိ ဝဇ္ဇ ဒုက္ကဋ်အာပတ်မျှကိုသော်လည်း လျစ်လျူမပြု ဘေးဟုရှုလျက် မကျူး လွန်မိစေကာ၊ ထက်သန်သော သဒ္ဓါတရား ရှေ့ထားသဖြင့်ပျောက်ကြား ကျိုးပြတ် မဖြစ်လတ်အောင် ကောင်းစွာ စောင့်စည်းခြင်းသည် ပါတိ မောက္ခသံဝရသီလ တည်းဟူသော(အဓိသီလ)သာသနာ အမွေအနှစ်ကို ကောင်းစွာ ထိန်းသိမ်းသည် မည်ပေသည်။

စက္ခုစသော ခြောက်ပါးသော ဒွါရတို့၌ အဘိဇ္ဈာ အစရှိသော ဒုဿီလျပါပဓမ္မတို့ မဝင်မပေါက် မကျမရောက်စေရန် သတိယာ ဣန္ဒြိယ သံဝရော သမ္ဗာဒေတဗ္ဗော- မိန့်ဟောညွှန်ကြား အဋ္ဌကထာ စကားအရ သတိသမ္ပဇညတရား လက်ကိုင်ထား၍ ကောင်းစွာ စောင့်ရှောက်ခြင်း သည် ဣန္ဒြိယသံဝရသီလ တည်းဟူသော(အဓိသီလ)သာသနာ့ အမွေကို ကောင်းစွာ ထိန်းသိမ်းသည် မည်ပေသည်။

သာသနာဝန်ထမ်း ရှင်ရဟန်းတို့နှင့် မအပ်မရာ ကုဟနလပနာ စသည်အမှု၊ ကုလဒူသန အနေသနအမှုတို့ကို မပြုရှောင်ရှားကြကုန်လျက် အနေသနံ အပ္ပဋိရူပံ ပဟာယ ဝိရိယေန ပိဏ္ဍပါတစရိယာဒီဟိ သမ္မာ ဧသနာ ဟိ ဧသာ သမ္ပာဒေတဗ္ဗာ-မိန့်မှာတော်မူအပ်သော အဋ္ဌကထာ ပါဠိနှင့်အညီ၊ အပ်စပ်သော ရှာမှီးခြင်း၊ တရားသဖြင့် ဆွမ်းခံ၍စားခြင်း စသောအကျင့်တို့ဖြင့် ရဟန်းတို့၏ အသက်မွေးမှု စင်ကြယ်အောင်ပြုခြင်း သည် အာဇီဝပါရိသုဒ္ဓိသီလ တည်းဟူသော (အဓိသီလ) သာသနာ့ အမွေကို ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်းသည် မည်ပေသည်။

ဓမ္မဝိနယနှင့် မဆန့်ကျင်စေဘဲ တရားသဖြင့် ရအပ်သော လေးရပ် သော ပစ္စည်းတို့ကို ရဆဲကာလ သုံးဆောင်ဆဲ ကာလတို့၌ ဓာတုမနသိ ကာရ ပဋိကူလမနသိကာရ စသည်ဖြင့် ပစ္စဝေက္ခဏာတင် ဆင်ခြင်လျက် ထေယျပရိဘောဂ ဣဏပရိဘောဂ မဖြစ်စေဘဲ ဒါယဇ္ဇပရိဘောဂ ဖြစ်အောင် ပညာဉာဏ် ရှေ့သွားသဖြင့် ဆင်ခြင်လျက် သုံးဆောင်ခြင်း သည် ပစ္စယသန္နိဿိတသီလ တည်းဟူသော (အဓိသီလ) သာသနာ့ အမွေကို စောင့်ရှောက်ထိန်းသိမ်းသည် မည်ပေသည်။

မတ္တညုတာစ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ၊ အဓိစိတ္တေစ အာယောဂေါ၊ ဧတံဗုဒ္ဓါနသာသနံ-ဟူသော ဩဝါဒပါတိမောက်အလာ အာဏာ ဒေသနာတော်နှင့်အညီ ခွင့်ပြုတော်မူအပ်သော လေးရပ်သော ပစ္စည်း တို့ကို ခံယူသုံးဆောင်ရာ၌ လောလုပ္ပတဏှာ ပယ်ခွါ ကင်းဝေးစေလျက် ယထာ လာဘ သန္တောသ ယထာ ဗလသန္တောသ ယထာ သာရုပ္ပ သန္တောသ-ဟူသော တဆယ့်နှစ်ပါးသော သန္တောသ တရားတို့ဖြင့် မိမိ တို့၏ အသက်မွေးမှုကို ပေါ့ပါးအောင် ပြုကြပြီးလျှင် စွမ်းနိုင်သမျှသော ဓုတင်ကျင့်ဝတ် လျှောက်ပတ်သော သမထဝိပဿနာ ကမ္မဋ္ဌာန်းတို့ကို ကြိုးပမ်းအားထုတ်ကြကာ မရရှိသေးသောသမာဓိတရားတို့ကိုရရှိအောင် ရရှိပြီးသော သမာဓိတရားတို့ကို တိုးပွားတည်တံ့ခိုင်ခံ့အောင် အားသစ်

ကြိုးစားခြင်းသည် (အဓိစိတ္တ) သာသနာ့အမွေကို ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်းသည် မည်ပေသည်။

ခရုသင်းပွတ်သစ် ပုလဲနှစ်ကဲ့သို့ စင်စစ်ဖြူစင် ညစ်ကြေးမတင်သော (သီလ)မြဲမြံနိုင်ခံ့တည်တံ့သော(သမာဓိ)ပွားများအပ်ပြီးသော ဝိပဿနာ (ပညာ) တို့နှင့် ပြည့်စုံစေပြီးလျှင် လေးပါးသော သစ္စာ တရားတို့ကို သုံးပါးသော ပရိညာဉ်တို့ဖြင့် ပိုင်းခြားထင်ထင်သိမြင်နိုင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ရင့်သန်လာအောင် အားထုတ်ခြင်းသည်(အဓိပညာ)သာသနာ့ အမွေကို ကောင်းစွာစောင့်ရှောက် ထိန်းသိမ်းသည် မည်ပေသည်။

ဤသို့ဖော်ပြခဲ့ပြီးသော မြတ်စွာဘုရား၏ သုံးထွေသော သာသနာ့ အမွေတော်ကြီးကို ဝေဠုဝန်နိကာယ ဂဏပါလက ဂဏဂူရုဖြစ်တော် မူကြကုန်သော နာယကမဟာထေရ်ကြီးတို့သည် မိမိတို့ကိုယ်တိုင် ကျင့်ကြံ အားထုတ် ထိန်းအုပ် စောင့်ရှောက်ခြင်း၊ သမြဟ္မစာရီ သမဂ္ဂဂိုဏ်းဝင် သံဃာတော်အရှင်မြတ်တို့ကိုလည်းနာယကဂုဏ်မြောက်ထိန်းသိမ်းစောင့် ရှောက်ကြရန် တိုက်တွန်းနှိုးဆော်ခြင်း၊သမဂ္ဂဂိုဏ်းဝင် သံဃာတော်အရှင် မြတ်တို့ကလည်း မာန ကောဓ မက္ခပဠာသ-စသောအမှုတို့ကို မပြုကြဘဲ သောဝစဿတာဂုဏ် ဝစနက္ခမနိယဂုဏ် အလုံးစုံတို့နှင့် ပြည့်စုံစေကာ အလေးအမြတ်ပြု၍ ကျင့်ကြံလိုက်နာခြင်းတို့ကို ပြုကြကုန်ရာသည်။

ဤသို့ သုံးရပ်သော သာသနာတော်မြတ် အရှည် တည်တံ့ရေးကို အသက်ပေးကာ ထိန်းသိမ်း စောင့်ရှောက်ကြရာ၌ (ဆယိမေ အာနန္ဒ ဓမ္မာ သာရဏီယာ ပိယကရဏာ ဂရုကရဏာ သင်္ဂဟာယ အဝိဝါဒါယ သာမဂ္ဂိယာ ဧကီဘာဝါယ သံဝတ္တန္တိ)ဟူသော ဒေသနာတော်ကို နှလုံး ထားတော် မူကြပြီးလျှင် သမာနာစရိယ သမဂ္ဂဂိုဏ်းဝင် သံဃာတော် အချင်းချင်းတို့သည် (ကာယကံမေတ္တာ ဝစီကံမေတ္တာ မနောကံမေတ္တာ အပ္ပဋိဝိဘတ္တဘောဂီ သီလဿ သာမညဂတ ဒိဋ္ဌိသာမညဂတ)ဟူသော ခြောက်ပါးသော သာရဏီယကျင့်ဝတ်တို့ကို မချွတ်မယွင်း စေကုန်မူ၍ အဓိသီလသာသနာ အဓိစိတ္တသာသနာ အဓိပညာသာသနာ တည်း ဟူသော သုံးပါးသော သာသနာ့အမွေတော်ကြီးကို ပေါင်းစည်းညီညာ သာထက်သာအောင် ကောင်းစွာ စောင့်ရှောက်နိုင်တော်မူကြပါစေကုန် သတည်း။

ရာမညရဋ္ဌ တနင်္သာရီတိုင်း၊ ၁၃၂၇-ခုနှစ် တန်ကူးလပြည့်ကျော် ၉-ရက် တနင်္ဂနွေနေ့တွင် ရှမ်းပြည် ပဉ္စမ တောင်ကျောင်းကြီး

တိုက်၌ ကျင်းပပြုလုပ်သော ဝေဠုဝန နိကာယ နာယက နှစ်ပတ်လည် အစည်းအဝေးကြီး၌ ဝေဠုဝန နိကာယ ဂဏရက္ခိတ ဖြစ်တော်မူသော မုဒုံမြို့ ကွမ်တုံကျောင်း ဆရာတော် ဘုရားကြီး၏

**သမ္မောဒနိယ ဩဝါဒ မိန့်ခွန်းတော်**

ယုတ္တာ ယုတ္တံပိ စိန္တေယျ၊ ယုတ္တံ ဂဏှေယျ ပညဝါ။
အယုတ္တံ စေ ဝိသဇ္ဇေယျ၊ မာန ဒေါသံ နစ ကရေ။
သင့်တော်မတော် ကြံစည်သော် လျော်ရာယူကြ ပညဝါ။
မသင့်မတော် စွန့်ပစ်သော် အမျက်ဒေါသ မဖြစ်ရာ။

၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၂။ သာတာဂိရိ နမော ယက္ခော၊ တဿစ အသုရိန္ဒကော။
ဘဂဝတော မဟာရာဇ၊ သက္ကော အရဟတော တထာ။
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ၊ ဧတေ ပဉ္စ ပတိဋ္ဌိတာ။

၃။ ဗုဒ္ဓံ ဓမ္မံ၊ သော အဟံ၊ သံဃံ နမာမိ။
တိရတနံ၊ ပဏာမံ၊ ဘယံ နဿတိ။

၄။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာဒေဝေါ ပဝဿတု။
ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။
သာသနဿစ လောကဿ၊ ဝုဍ္ဍီ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။
ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ဘောန္တော သပ္ပုရိသာ၊ ယခုစည်းဝေးလာကြကုန်သော ရဟန်းရှင်လူ အပေါင်း သူတော်ကောင်းတို့။ ဝိဝါဒံ၊ တယောက်နှင့် တယောက် မထောက်ပြင်းဟုန် ငြင်းခုံကွဲပြား စကားများခြင်းကို။ ဘယတော၊ ကြောက်ဘွယ်အတိ ဘေးဘျမ်းများ၏ဟူ၍။ ဒိသွာ၊ပညာရှေ့တင် သိမြင်ကြ၍။ အဝိဝါဒဉ္စ၊ မငြင်းမခုံ ညီညွတ်ခြင်း ကိုလည်း။ ခေမတော၊ ဘေးဘယမသန်း မြေချမ်း၏ဟူ၍။ ဒိသွာ၊ပညာရှေ့တင် သိမြင်ကြ၍။ သမဂ္ဂါ၊ ညီညွတ်သော ကိုယ်ရှိကြကုန်သည်။ သခိလာ၊ ချိုသာပြေပြစ် ကျစ်လစ်သော စကားရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ ဧသာ၊ ဤသို့ ဆိုဆုံးမခြင်းသည်ကား။ ဗုဒ္ဓါနုသာသနီ၊ သမုဒ္ဒရာ ဂင်္ဂါမြစ်ထဲ သဲလုံးမက

ပွင့်တော်မူကြကုန်ပြီးသော သဗ္ဗာသိမြင် ဘုရားရှင်တို့၏ အကျိုးလိုလား ဆိုဆုံးမတော်မူသော အနုသာသနီ ဩဝါဒစကားတော်ပေတည်း။

ဤသို့ဆိုဆုံးမတော်မူသောကြောင့် ယခုစည်းဝေး ကြွရောက်တော်မူကြသော လူရှင်ရဟန်းအပေါင်း သူတော်ကောင်းတို့သည် တဦးနှင့်တဦး တယောက်နှင့်တယောက် မထောက်ပြင်းဟုန် ငြင်းခုံကွဲပြား စကားများခြင်းကို ဘေးဘျမ်းများ၏ဟူ၍ ပညာရှေ့တင် သိမြင်ကြသဖြင့် တဦးနှင့်တဦး တယောက်နှင့်တယောက် မငြင်းမခုံ ညီညွတ်ခြင်း ပေါင်းသင်း ဆက်ဆံခြင်းကိုလည်း ဘေးဘယမသန်း မြေချမ်း၏ဟူ၍ ပညာရှေ့တင် သိမြင်ကြ၍ ညီညွတ်သောကိုယ်စိတ်နှစ်ဖြာ ချိုသာပြေပြစ်ကျစ်လစ်သော စကားရှိကြကုန်လော့၊ ဤသို့ဆုံးမခြင်းသည်ကား သမုဒ္ဒရာ ဂင်္ဂါမြစ်ထဲ သဲလုံးမကပွင့်တော်မူကြကုန်ပြီးသော သဗ္ဗာသိမြင်ဘုရားရှင်တို့၏ အကျိုး လိုလားဆုံးမတော်မူသည့် အနုသာသနီ ဩဝါဒစကားတော်ပေတည်း။

သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါသဒ္ဓမ္မဒေသနာ။
သုခါသံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

ဟူ၍ ဟောတော်မူခြင်းကြောင့် ယခုအစည်းအဝေး ကြွရောက်လာကြသော လူရှင်ရဟန်းအပေါင်း သူတော်ကောင်းတို့သည် ဘဝသုံးထပ် ဘုံသုံးရပ်လောကဓာတ်ကြီးအတွင်း၌ သမုဒ္ဒရာ ဂင်္ဂါမြစ်ထဲ သဲလုံးမက ပွင့်တော် မူကြကုန်ပြီးသော သဗ္ဗာသိမြင် ဘုရားရှင်တို့သည် ဦးဒည် တောင်စွန်း နေစက်ဝန်းကဲ့သို့ ဖြစ်ထွန်းပေါ်ပေါက် ထင်ရှားပွင့်တော် မူလာခြင်းသည် စင်စစ်ချမ်းသာ သုခကြီးကို ရပါပေ၏၊ သဒ္ဒါဟိရီ ဩတ္တပ္ပ ဗာဟုသစ္စ ဝိရိယ သတိ ပညာ ပဋိယတ္တိ ပဋိပတ္တိ ပဋိဝေဓ မဂ်ဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော သူတော်ကောင်းတရားမြတ်ကို ဆိုဆုံးမ ညွှန်ကြားပြသ ဟောကြားခြင်းသည် စင်စစ်အမြတ်ဆုံး ချမ်းသာ သုခ ကြီးကိုရပါပေ၏၊ ကိုယ်စိတ်နှစ်ဖြာ ညီညွတ် မျှတခြင်း ရှိကုန်သော လူရှင်ရဟန်းတို့သည် သုံးပုံပိဋကတ်ပရိယတ် တဆယ့်သုံးဂူတင် သမထ ဝိပဿနာတရားမြတ်ကို သင်ခြင်းဆောင်ခြင်း အားထုတ်ခြင်းငှာ ငြိုးငြီစွာ ကျင့်ခြင်းကြောင့် စင်စစ်ချမ်းသာ သုခကြီးကို ရပါပေ၏၊ သုခနှစ်ပါး တို့ထက်လွန်ကဲသော ခပ်သိမ်းဒုက္ခ ဆင်းရဲအပေါင်းတို့၏ ချုပ်ငြိမ်းရာ ချမ်းသာရာ စင်စစ်ပရမတ္ထ အသင်္ခတဓာတ် အနှစ်ဖြစ်သော အမြိုက်နိဗ္ဗာန် ချမ်းသာဟူသော နိဗ္ဗာနသုခကြီးကို ရပါပေ၏၊ သို့အတွက်ကြောင့် ယခုအစည်းအဝေးကြီးသို့ ကြွရောက်တော်မူကြကုန်သော လူရှင်ရဟန်း

အပေါင်း သူတော်ကောင်းတို့သည် သူတော်ကောင်းတရား တည်းဟူသော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာတော်ကြီး သုံးပါးကို အစ, အလယ်, အဆုံး ကြီးပွားတိုးတက် စည်ပင်ဖွံ့ဖြိုး ပြန့်ပြောကျယ်ဝန်းကြရလေအောင်ညီညီညွတ်ညွတ် နောက်သို့မဆုတ်ဘဲ ကြိုးစားအားထုတ်လိုက်ကြကုန်လော့၊ ဤသြဝါဒအဆုံးအမ ဒေသနာတော်သည် သမုဒ္ဒရာဂင်္ဂါမြစ်ထဲ သဲလုံးမကပွင့်တော်မူကြကုန်ပြီးသော သစ္စာသိမြင် ဘုရားရှင်တို့၏ အကျိုးလိုလား ဆိုဆုံးမတော်မူသော အနုသာသနီ စကားတော်ပါပေတည်း။

သုခါ သံဃဿ သာမဂ္ဂီ သမဂ္ဂါနံ တပေါ သုခေါ-ဟူ၍ မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ပဌမအချက်မှာ သံဃာတော်များ ညီညွတ်လျှင် ချမ်းသာသည်၊ တိုင်ပင်ညီညွတ် မပြတ်စည်းဝေး နည်းရှေးလိုက်ယူ ကြီးသူရိုသေ ထိန်းလေမျိုးနွယ် နတ်ဝယ်တင်မြှောက် စောင့်ရှောက်ရဟန်း ခုနစ်ခန်း မှတ်တမ်းအပရိဟာ-ဆိုသည့်အတိုင်း တနည်း-ရိုသေကျင့်ရာ ဘုရားတရားမြတ်သံဃာနှင့် အကျင့်သိက္ခာ တည်ကြည်သမာဓိ မိတ်ကောင်းကလျာ ဆုံးမလွယ်ရာ ခုနစ်ပါးအင်္ဂါပြည့်စုံရာသည် မယုတ်တိုးပွားအကျိုးများကြရာလေသတည်း။ ၎င်းအပရိဟာခုနစ်ပါးနှင့် ညီညွတ်သော သံဃာတော်တို့၏ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည် ချမ်းသာခြင်းသည် လိုရင်း ပဌမအချက်ပေတည်း။ ဒုတိယအချက်မှာ ချမ်းသာ၏ သို့အတွက်ကြောင့် သံဃာတော်များ ညီညွတ်ဘို့နှင့် ညီညွတ်သော သံဃာတော်တို့၏ တလုံးတစည်း အားထုတ်ကြဘို့ ကျင့်ကြံကြိုးစားဘို့ အထူးမေတ္တာရပ်ခံပါသည် ဝဋ္ဋကဇာတ် ရုက္ခဓမ္မဇာတ်ကို ထောက်ကြည့်လျှင် သိနိုင်ပါသည်။

ဝိနယောနာမ သာသနဿအာယု၊ ဝိနယေ ဌိတေ သာသနံဌိတံ-ဟူ၍ အဌကထာဆရာ မိန့်ဆိုတော်မူသောကြောင့် ဝိနည်းတရား ဒေသနာတော်သည် မြတ်စွာဘုရား သာသနာတော်၏ အသက်သွေးခဲဖြစ်သည်၊ ဝိနည်းတရားဒေသနာတည်လျှင် သာသနာတော်တည်သည် မည်သောကြောင့် ရှင်သာမဏေရဟန်းသံဃာတော်များသည် ဝိနည်း ရှင်ကျင့်ဝတ်သိက္ခာပုဒ်တော်များကို မပျက်မကွက် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်သမျှ ကျင့်ကြံကြိုးကုတ်အားထုတ်ဘို့ အထူးသဖြင့် မေတ္တာရပ်ခံလိုက်ပါသည် ရှင်သာမဏေရဟန်းအပေါင်း သူတော်ကောင်းတို့။

သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဌိတော ဓီရော၊ ယောဂက္ခေမံ န ဓံသတိ။

ဟူ၍ဆရာမြတ်တို့မိန့်ဆိုတော်မူသောကြောင့် (မှတ်ချက်) ဂန္ထဓုရရှိမှသာလျှင် ဝိပဿနာဓုရရရှိနိုင်မည်၊ဝိပဿနာဓုရရှိမှသာလျှင်ယောဂလေးပါးတို့၏ကုန်ရာကုန်ကြောင်းဖြစ်သောမဂ်ဖိုလ်နိဗ္ဗာန်ပဋိဝေဓသောသနာတော်အကျင့်များ ကေန်စင်စစ် မပျက်စီးနိုင်မဆုတ်ယုတ်နိုင်ရာ၊သို့အတွက်ကြောင့် ရှင်သာမဏေ ရဟန်းသံဃာတော်များသည် ကျင့်ကြံ ကြိုးကုတ်ကြဘို့ ဂန္ထဓုရ ပရိယတ္တိသာသနာတော်မြတ်ကြီးကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြသော ရှင်သာမဏေရဟန်းသံဃာတော်များသည်ကျင့်ကြံကြိုးကုတ်ကြဘို့ အထူးတိုက်တွန်း နှိုးဆော် မေတ္တာရပ်ခံပါသည်။ (မှတ်ချက်) ထို့ပြင် ဂန္ထဓုရကို အားမထုတ်နိုင်လျှင် ဝိပဿနာဆိုတဲ့ဓုရ သမထ ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြဘို့ အထူးတိုက်တွန်း နှိုးဆော်ပါသည်၊ သို့မှသာလျှင် ယောဂလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်မည် ရနိုင်မှသာလျှင် သန္တိသုခဆိုတဲ့ ရပ်နာမ်ခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်းပြည်နိဗ္ဗာန် ကေိန်းသို့မုချအမှန်ရောက်ကြပါလိမ့်မည် လူရှင်ရဟန်းအပေါင်းသူတော်သူမြတ်လောင်းတို့။

ပုံ-ဦးတေဇောဘာသ မုဒုံမြို့ ကွမ်တုံ ကျောင်းဟောင်းဆရာတော်။

## သတိပဋ္ဌာန်တရား လေးပါးကိုပြခြင်း

သတိပဋ္ဌာန်ဟူသည် သရူပတ္ထအားဖြင့် မဟာကုသိုလ် မဟာကြိယာ ဇော အပ္ပနာဇော ဆဗ္ဗိသပေါင်းလေးဆယ့်နှစ်ပါးသောစိတ်တို့၌ရှိသော သတိစေတသိက်ကို ကောက်ယူအပ်၏။ ဝစနတ္ထအားဖြင့် ပဝိသိတ္ဘွာ ဌာတိ ပဝတ္တတီတိ ပဋ္ဌာနံ။သတိယေဝ ပဋ္ဌာနံ သတိပဋ္ဌာနံ-ဟုဝိဂြိုဟ်ပြု။ ပဝိသိတွာ၊သက်ဝင်၍။ဌာတိ-ပဝတ္တတိ၊ဖြစ်တတ်၏။ ဣတိတသ္မာ၊ကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာနမည်၏။ သတိယေဝ၊ သတိစေတသိက် ပင်လျှင်။ ပဋ္ဌာနံ၊ ရူပကာယစသော အာရုံ၌သက်ဝင်၍ တည်တတ် ဖြစ်တတ်သည်တည်း။ သတိပဋ္ဌာနံ၊ သတိစေတသိက်ပင်လျှင် ရူပကာယစသော အာရုံ၌ သက်ဝင်၍ တည်တတ် ဖြစ်တတ်သောကြောင့် သတိပဋ္ဌာန်မည်၏။ ထိုသတိပဋ္ဌာန်တရားသည် သတိစေတသိက် တပါးတည်း ဖြစ်ပါလျက် အာရုံဖြစ်သော ကာယဝေဒနာ စိတ္တဓမ္မတို့၌ သုခ သုဘ နိစ္စ အတ္တ ဝိပလ္လာသတို့ကို ပယ်သောအားဖြင့် လေးပါးအပြားရှိသတည်း။ လေးပါးဟူသော်

ကား ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် ဟူ၍ လေးပါး အပြားရှိ၏။ ထို့ကြောင့် သင်္ဂဟအဋ္ဌကထာ၌-စတ္တာရော သတိပဋ္ဌာနာ၊ ကာယာနုပဿနာသတိပဋ္ဌာနံ၊ ဝေဒနာနုပဿနာသတိပဋ္ဌာနံ၊ စိတ္တာနုပဿနာသတိပဋ္ဌာနံ၊ ဓမ္မာနုပဿနာသတိပဋ္ဌာနံ-ဟု မိန့်တော်မူ၏။

သတိပဋ္ဌာနာ၊ရူပကာယစသည် အာရုံသက်ဝင်ကုန်ပြီး သတိပဋ္ဌာန် တရားတို့သည်။ ကာယာနုပဿနာသတိပဋ္ဌာနံ၊ သုံးဆယ့်နှစ်ကောဋ္ဌာသ ဤကာယကို ပရိသတ်အလယ် မတင့်တယ်စွ စက်ဆုပ်စရာ အသုဘဟု အဘန်တလဲလဲ အောက်မေ့သက်ဝင် ရှုဆင်ခြင်ခြင်းသတိရင်း။ ဝေဒနာ နုပဿနာသတိပဋ္ဌာနံ၊ ဘုံသုံးပါး၌ဖြစ်ငြား လောကီ ဝေဒနာများကို ကေန္တဒုက္ခ ဝိပရိဏာမဒုက္ခ သင်္ခါရဒုက္ခ ဖြစ်ကုန်စွဟု အဘန်တလဲလဲ အောက်မေ့သက်ဝင် ရှုဆင်ခြင်ခြင်း သတိရင်း။ စိတ္တာနုပဿနာသတိ ပဋ္ဌာနံ၊ သရာဂစိတ် ဝီတရာဂစိတ်တို့ကို ခဲကြိတ်ဘွဲ့ဟွဲ့ မမြဲလေစွ အနိစ္စဟု အဘန်တလဲလဲ အောက်မေ့သက်ဝင် ရှုဆင်ခြင်ခြင်း သတိရင်း။ ဓမ္မာ နုပဿနာသတိပဋ္ဌာနံ၊သညာသင်္ခါရ ပေါင်းဓမ္မတို့ကို အစိုးမရ အနတ္တဟု အဘန်တလဲလဲ အောက်မေ့သက်ဝင် ရှုဆင်ခြင်ခြင်း သတိရင်း။ ဣတိ၊ ဤသို့။စတ္တာရော၊ လေးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ စင်စစ်မုချမသွေ ကေန် ဖြစ်နိုင်လေကုန်တော့သတည်း။

ဤသို့ ပြဆိုအပ်ပြီးသော သတိပဋ္ဌာန်တရားလေးပါးတို့ကို ကောင်းစွာ ထင်ထင် ဝိပဿနာဉာဏ်ဖြင့်တင်၍ ဝိပလ္လာသ ကွာစင်အောင် ရှုဆင်ခြင် အပ်ကုန်၏၊ ဝိပလ္လာသ ကွာစင်အောင် ရှုနည်းကား-ကာယာနုပဿနာ သတိပဋ္ဌာန်အရဖြင့် ခန္ဓာကိုယ်၏ ဤကာယ အပေါင်းတို့ကို အသုဘ ဝိပဿနာ ထပ်လောင်း၍ ရှုသော် တင့်တယ်လေစွဟု မှတ်ထင်ရသော သုဘဝိပလ္လာသသည် ပယ်ကွာနိုင်၏၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန် အရဖြင့် ဘုံသုံးပါး၌ ခံစားလေသမျှ ဝေဒနာသုခတို့ကိုဒုက္ခဟု ဝိပဿနာ ထပ်လောင်း၍ရှုသော် ချမ်းသာလေစွဟု မှတ်ထင်ရသော သုခဝိပလ္လာသ သည် ပယ်ကွာနိုင်၏၊ စိတ္တာနုပဿနာသတိပဋ္ဌာန် အရဖြင့် ရာဂရှိသော သရာဂစိတ် ရာဂကင်းသော ဝီတရာဂစိတ်တို့ကို တခဏမျှမမြဲ အနိစ္စဘဲဟု ဝိပဿနာ ဉာဏ်လောင်း၍ ရှုသော် အတည်မလွဲ ကောန်မြဲစွာဟု ထင် ရသော နိစ္စဝိပလ္လာသသည် ပယ်ကွာနိုင်၏၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် အရဖြင့် လူနတ်ဟုမှတ်ထင် ကံပြုပြင်စွ သညာသင်္ခါရ ပေါင်းဓမ္မတို့ကို

အနည်းငယ်မျှ အလိုသို့မလိုက်စွ စိုးမရသော အနတ္တဟု ဝိပဿနာဉာဏ် ထပ်လောင်း၍ ရှုသော် မိမိအလိုသို့ အစဉ်တစိုက် ကေန်ပင်လိုက်၏ဟု မှတ်ထင်လေငြား အတ္တတည်းဟူသော ဝိပလ္လာသ တရားသည် ပယ်ကွာနိုင်၏။

ဤသို့ ဝိပလ္လာသလေးတန် ကွာစင်၍ ဝိပဿနာဉာဏ်အမြင်သန်သော မဂ်ဉာဏ်နှင့်နီးလျက် ရွှေပြည်ကြီးအမတ ရွှေမြို့တော်နိဗ္ဗာန်သို့ ကေန်မုချ ရောက်ရကုန်၏ဟုမှတ်။လောကူပမာအားဖြင့် တံခါးလေးပေါက်ရှိသော မြို့တော်ကြီး၏ အရပ်လေးမျက်နှာ၌နေငြား လူလေးယောက်သားတို့သည် မိမိတို့၏ အရပ်မျက်နှာဝယ် ဖြစ်ပေါ်ကုန်သား ဘဏ္ဍာများကို ယူဆောင်ပြီးလျှင် တံခါးလေးပေါက်မှဝင်ခဲ့သော် မင်းတို့၏ စံတော်မူရာဖြစ်သော မြို့တော်ကြီးသို့ ကေန်ပင်ပေါင်းစုကာ ရောက်ရဘိသကဲ့သို့ ထို့နည်းအတူ သတိပဋ္ဌာန်တရားလေးပါး ဘဏ္ဍာတော်များကို တဆယ့်လေးပါးသော နည်း၊ ကိုးပါးသောနည်း၊ တဆယ့်ခြောက်ပါးသောနည်း၊ ငါးပါးသော နည်းတို့ဖြင့် ယောဂီပုဂ္ဂိုလ် အရှင်တို့သည်ယူလျက် အရိယာမဂ္ဂင်တံခါးမှ ဝင်လျှောက်၍ နိဗ္ဗာန်မြို့တော်သို့ ရောက်ရတော့သည်ဟုမှတ်။ထို့ကြောင့် ရကား သတိစေတသိက် တပါးတည်း သာလျှင် ဖြစ်လျက် အာရုံ၏ အပြားလေးပါး ဖြစ်သောအားဖြင့် သတိပဋ္ဌာန် လေးပါးဟု ဟော ကြားတော်မူ၏။ ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌-

ဧဝံ သရဏဝသေနစေဝ ကေတ္တ သမောသရဏဝသေနစ ကေမေဝ သတိပဋ္ဌာနံ အာရမ္မဏဝသေန စတ္တာရောတိ ဝုတ္တာတိ ဝေဒိတဗ္ဗာ-ဟု မိန့်ဆိုတော်မူ၏။ ဧဝံ၊ ဤသို့။ သရဏဝသေနစေဝ၊ အောက်မေ့သည်၏ အစွမ်းအားဖြင့်ငင်း။ ကေတ္တသမောသရဏဝသေနစ၊ တခုတည်းသော နိဗ္ဗာန်၌စုဝေးသည်၏ အစွမ်းအားဖြင့်ငင်း။ ကေမေဝ၊ တပါးတည်းသာ လျှင် ဖြစ်သော။ သတိပဋ္ဌာနံ၊ သတိပဋ္ဌာန်တရားကို။ အာရမ္မဏဝသေန၊ အာရုံ၏အစွမ်းဖြင့်။ စတ္တာရောတိ၊ လေးပါးတို့ဟူ၍။ ဝုတ္တာ၊ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဤသည်လျှင် သတိပဋ္ဌာန် တရားလေးပါးပြခြင်း ပြီးသတည်း။

**ခန္ဓာငါးပါး၌ သာမညတ္တ ဝိသေသတ္တ ဝိပဿနာရှုဟန်ကိုပြခြင်း**

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တပါးနှင့်တပါး မကဲ့ပြားသော သာမညဝိပဿနာ ရှုနည်းဖြစ်သော ရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ၊ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊သညာ အနိစ္စာ ဒုက္ခာ အနတ္တာ၊သင်္ခါရာ အနိစ္စာ

ဒုက္ခာ အနတ္တာ၊ဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တံ-ဟူ၍ ရှုအပ်သောနည်းဖြင့်လည်း ရှုအပ်ကုန်၏။

ထိုမှတပါးသော ဝိသေသခြားနား၍ ရှုအပ်သောနည်းဖြင့် ရှုဟန်ကား-ရူပက္ခန္ဓာကို မတင့်တယ်စက်ဆုပ်ဘွယ် အသုဘဟူ၍ ရှုအပ်၏။ဤသို့ရှုသည်ရှိသော် ကဗဋီကာရ အာဟာရတို့ကို ပိုင်းခြား၍ သိနိုင်၏။ အသုဘ၌ သုဘဟုထင်မှတ်သော ဝိပလ္လာသကို ပယ်စွန့်၏ဟု မှတ်အပ်ကုန်၏။ရူပံ အသုဘန္တိ ဒဋ္ဌဗ္ဗံ။ ရူပံ၊ဘောက်ပြန်တတ်ငြား ရူပက္ခန္ဓာတရားကြီးကို။ အသုဘန္တိ၊ မတင့်မတယ် စက်ဆုပ်ဘွယ်ဟူ၍။ ဒဋ္ဌဗ္ဗံ၊ ကြည့်ရှုမှတ်သားအပ်၏။

ဝေဒနာက္ခန္ဓာကို ကျင်နာကိုက်ခဲ လွန်ဆင်းရဲသော ဒုက္ခတဲဟူ၍ ရှုအပ်၏၊ ဤသို့ရှုသည်ရှိသော် ဖဿာဟာရကို ပိုင်းခြား၍ သိနိုင်၏။ ဒုက္ခ၌သုခဟု မှတ်ထင်သောဝိပလ္လာသကို ပယ်စွန့်၏ဟု မှတ်အပ်ကုန်၏၊ ဝေဒနာ ဒုက္ခာတိ ဒဋ္ဌဗ္ဗာ။ ဝေဒနာ၊ အာရုံအရသာ ပေါင်းများစွာကို ခံစားတတ်ငြား ဝေဒနာက္ခန္ဓာ တရားကို။ ဒုက္ခာတိ၊ ကျင်နာကိုက်ခဲ အလွန်ဆင်းရဲ၏ဟူ၍။ ဒဋ္ဌဗ္ဗာ၊ ကြည့်ရှုအပ် မှတ်သားအပ်၏။

သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှစ်ပါးကို မိမိ၏အလိုသို့ လိုက်ခြင်းမရှိ အကာအတိဖြစ်သော အနတ္တဟူ၍ရှုအပ်၏၊ ဤသို့ရှုသည်ရှိသော် မနောသဉ္စေတနာဟာရကို ပိုင်းခြား၍သိနိုင်၏၊အနတ္တ၌အတ္တဟု မှတ်ထင်သောဝိပ္ပလ္လာသကိုပယ်စွန့်၏ဟု မှတ်အပ်ကုန်၏၊ သညာသင်္ခါရာ အနတ္တာတိ ဒဋ္ဌဗ္ဗာ။သညာစ၊ အာရုံခြောက်ရပ်မှတ်တတ်ကုန်ငြား သညာက္ခန္ဓာတရားကိုရင်း။ သင်္ခါရာစ၊ ပြုပြင်တတ်ငြား သင်္ခါရက္ခန္ဓာ တရားကိုရင်း။ အနတ္တာတိ၊ အနှစ်သာရမရှိ အကာအတိဟူ၍။ ဒဋ္ဌဗ္ဗာ၊ ကြည့်ရှုအပ် မှတ်အပ်၏။

ဝိညာဏက္ခန္ဓာ တရားကိုဖြစ်ပြီး၍ တဘန်ပျက်ပြန်သော အနိစ္စဟူ၍ ရှုအပ်၏၊ ဤသို့ရှုသည်ရှိသော် ဝိညာဏာဟာရကို ပိုင်းခြား၍သိနိုင်၏၊ အနိစ္စ၌နိစ္စဟုမှတ်ထင်သော ဝိပ္ပလ္လာသကိုပယ်နိုင်၏ဟု မှတ်အပ်ကုန်၏၊ ဝိညာဏံ အနိစ္စန္တိ ဒဋ္ဌဗ္ဗံ။ ဝိညာဏံ၊ အာရုံခြောက်တွေ့ သိလေကုန်ငြား ဝိညာဏက္ခန္ဓာတရားကို။ အနိစ္စန္တိ၊ ဖြစ်ပြီးတဘန်ပျက်ပြန်ကုန်အံ့ မြဲသော သဘောမရှိဟူ၍။ ဒဋ္ဌဗ္ဗံ၊ ကြည့်ရှုအပ် မှတ်အပ်၏။

ဤသို့အားဖြင့် ခန္ဓာငါးပါးကို ဝိပဿနာနည်းအရ ကြည့်ရှုကြသည်ရှိသော် ငါသူတပါး ယောကျ်ားမိန်းမ သတ္တဇီဝသညာတို့ကို ပယ်ရှား၍

မှာမ်ရုပ်နှစ်ခု ပရမတ္ထတရား အစုသာတည်းဟု နာမရူပ ပရိစ္ဆေဒညာဏ် အမြင် ကောင်းစွာထင်လာရကား သက္ကာဒိဋ္ဌိတရား ပယ်ကွာသွား၏ဟု တ်သားအပ်၏၊ ဤသည်လျှင် ဝိပဿနာရှုနည်းတည်း။

## လင်္ကာအတိုချုပ်

၁-ဒိဋ္ဌိကင်းကွာ၊ နေသောခါ၊ သောတာစူဠသာ။ ၂-သောတစူဠ၊ ဖြစ်လေက၊ မကျအပါယ်ရွာ။ ၃-နာမ်ရုပ်တိတိ၊ မြင်အောင်ကြည့်၊ စင်စစ်ဒိဋ္ဌိကွာ။ ၄-နာမ်ရုပ်ကြောင်းမှန်၊ သိနိုင်ပြန်၊ ကေန်ဝိစိကွာ။ ၅-ဒိဋ္ဌိဝိစိ၊ ပယ်နိုင်ဘိ၊ ဖြစ်၏သောတာပန်။ ၆-သမ္မသန၊ ရင့်လေက၊ မုချပြတ်မည်သာ။ ၇-မင်္ဂဖိုလ်နိဗ္ဗာန်တရား၊ လိုသူများ၊ ကြိုးစားကြလေပါ။ ၈-နားမလယ်သေး၊ ပြန်၍မေး၊ ကျင့်ရေး အလွယ်သာ။ ၉-ဝင့်သံသရာ၊ တေဘုံမှာ၊ ဒုက္ခများပြားစွာ။ ၁၀-ဇာတိဇရာ၊ မရဏာ၊ ဘယာဘေးတွေ့ရာ။ ၁၁-နာမရူပ ပရိစ္ဆေ၊ ပစ္စယ ပရိဂ္ဂဟော။ ၁၂-ဓမ္မဋ္ဌိတိညာဏ်၊ အမြင်သန်၊ အမှန်ခွဲဖြတ်ပါ။ ၁၃-ဝိဝဋ္ဋမည်လတ်၊ နိဗ္ဗာန်ဓာတ်၊ ရောက်အပ်ပြုပညာ။ ၁၄-ကွမ်တုံသခင့်၊ ထေရ်အရှင်၊ သွန်သင်ညွှန်ပြတာ။ ၁၅-အမှန်တရား၊ သိသူများ၊ လွန်အားတက်ဘို့သာ။ ၁၆-နောက်လာ နောက်သား၊ သတိထား၊ မှတ်သား ကြံစည်ရာ။ ၁၇-ဤသည်အဆုံး၊ ခါးပတ်ဖုံး၊ နိဂုံးသတ်လိုက်ပြီ။

## ခန္ဓာအာယတန ဓာတ်တို့ကို ဟောတော်မူသည့် ဓမ္မဒေသနာ တရားကိုပြဆိုခြင်း

ဓမ္မဒေသနာတရားကို ဟောကြားတော်မူပြား မြတ်စွာဘုရားသည် သတ္တဝါဝေနေယျတို့အား ခန္ဓာငါးပါးကို ဟောကြားတော်မူလျှင် သတ္တဝါ အပေါင်းတို့သည် မင်္ဂဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း ကေန်ဖြစ်သည် မှန်ပါလျက် အဘယ့်ကြောင့် အာယတန ဓာတုဒေသနာတရားကိုထပ်၍ ဟောပြန်လေသနည်းဟူမူ ဝေနေယျသတ္တဝါတို့ကို ချီးမြှောက်ထောက်ပံ့ ခြင်းအကျိုးငှာ ခန္ဓာဒေသနာ အာယတနဒေသနာ ဓာတုဒေသနာကို ဟောကြားတော်မူသည်၊ ထို့ကြောင့် အဘိဓမ္မာ အနုဋီကာ၌ တိဝိဓ သတ္တာနုဂ္ဂဟတ္ထံ ခန္ဓာဒိတ္တယဂ္ဂဟဏံ ကာတဗ္ဗံ-ဟု မိန့်ဆိုတော်မူ၏။ တိဝိဓသတ္တာနုဂ္ဂဟတ္ထံ၊ သုံးပါးအပြားရှိသောသတ္တဝါတို့ကို ချီးမြှောက် ထောက်ပံ့ခြင်းအကျိုးငှာ။ ခန္ဓာဒိတ္တယဂ္ဂဟဏံ၊ ခန္ဓာဒေသနာ-စသော သုံးပါးတို့၏ အပေါင်းဖြစ်သော ဒေသနာ ယူခြင်းကို။ ကာတဗ္ဗံ၊ ဟောကြားပြုလုပ်အပ်၏။

သတ္တဝါတို့သည်ကား ရုပ်၌တွေဝေသော ရူပသမ္မူဠ္ဌသတ္တဝါ၊ နာမ်၌ တွေဝေသော အရူပသမ္မူဠ္ဌသတ္တဝါ၊ ရုပ်နာမ်နှစ်ပါး၌ တွေဝေသော ဥဘယသမ္မူဠ္ဌသတ္တဝါ-ဟူ၍ သုံးပါးအပြားရှိ၏။ တနည်း-ဉာဏ်ရင့်သော တိက္ခိန္ဒြိယသတ္တဝါ၊ ဉာဏ်မရင့်သော မဇ္ဈိမိန္ဒြိယ သတ္တဝါ၊ ဉာဏ်နုံ့လွန်းသော မုဒိန္ဒြိယသတ္တဝါ-ဟူ၍ သုံးပါးအပြားရှိ၏။ တနည်း-အကျဉ်းနည်းကို နှစ်သက်သော သံခိတ္တရုစိသတ္တဝါ၊ မကျဉ်းမကျယ် နည်းကို နှစ်သက်သော မဇ္ဈိမရုစိသတ္တဝါ၊ အကျယ်ဖြစ်သော နည်းကို နှစ်သက်သော ဝိတ္ထာရရုစိ သတ္တဝါ-ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုပုဂ္ဂိုလ် အပေါင်းတို့တွင် အရူပသမ္မူဠ္ဌသတ္တဝါ၊ တိက္ခိန္ဒြိယသတ္တဝါ၊ သံခိတ္တရုစိ သတ္တဝါတို့၏အကျိုးငှာ ခန္ဓာငါးပါးကို ဟောတော်မူ၏၊ ရူပသမ္မူဠ္ဌ သတ္တဝါ၊ မဇ္ဈိမိန္ဒြိယသတ္တဝါ၊ မဇ္ဈိမရုစိသတ္တဝါတို့၏အကျိုးငှာအာယတန တဆယ့်နှစ်ပါးကို ဟောတော်မူ၏၊ ဥဘယသမ္မူဠ္ဌသတ္တဝါ၊ မုဒိန္ဒြိယ သတ္တဝါ ဝိတ္ထာရရုစိ သတ္တဝါတို့၏ အကျိုးငှာ ဓာတ်တဆဲ့ရှစ်ပါးကို ဟောတော်မူ၏။

ထိုမှတပါး မြတ်စွာဘုရားသည် ဒေသနာစမွယ် တင့်တယ် ပြန့်ပြော စေသော ဒေသနာဝိလာသနည်းအားဖြင့် ဟောကြားတော်မူသည်ဟု မှတ်ပါ လူရှင်ရဟန်းအပေါင်း သူတော်ကောင်းတို့။

## ခန္ဓသဒ္ဒါ၏ ဝစနတ္ထကိုပြဆိုခြင်း

ပဥ္စက္ခန္ဓာဟူသောပါဠ်၌ ပဥ္စသဒ္ဒါဖြင့် သင်္ချာကိုပိုင်းခြား၍ ပြအပ်၏၊ ခန္ဓာဟူသောသဒ္ဒါဖြင့် ပိုင်းခြားအပ်သော တရားတို့ကို ပြတော်မူ၏၊ ထိုသို့ပြရာဝယ် ခန္ဓာဟူသည် အဘယ့်ကြောင့် ခန္ဓာမည်သနည်းဟူမူ ဇာတိဇရာမရဏာဒီဟိ သံသာရဒုက္ခေဟိ ခါဒိတဗ္ဗောတိ ခန္ဓော-ဟုခါဒ ဓာတ် အ-ပစ္စည်းစကားရပ်ဖြင့် ဝစနတ္ထပြုအပ်၏။ ဇာတိဇရာမရဏာ ဒီဟိ၊ ဇာတိဇရာမရဏ အစရှိကုန်သော။ သံသာရဒုက္ခေဟိ၊ သံသရာ ဆင်းရဲတို့သည်။ ခါဒိတဗ္ဗော၊ ခဲအပ်စားအပ်၏။ ဣတိတသ္မာ၊ ထို့ ကြောင့်။ ခန္ဓော၊ ခန္ဓာမည်၏။ ဤဝစနတ္ထအရ အဓိပ္ပါယ်ကား ဇာတိ ဇရာမရဏာဒုက္ခတရားတို့သည် ရုပ်နာမ်တရားတို့ကို အမြဲမပြတ် ခဲစားအပ် ရကား ခန္ဓာဟုဆိုအပ်၏၊ အဘယ်ကဲ့သို့ ခဲအပ်သနည်း ဟူမူကား တယောက်သောပုဂ္ဂိုလ် သတ္တဝါသည် ရှေးဦးစွာ ပဋိသန္ဓေတည်နေ သောအခါ ဇာတိတရားသည်မိမိ၏ အချိန်ကာလကို ကုန်စေ၍ ရုပ်နာမ် တရားတို့ကို မခဲစားသော်လဲ ခဲစားသကဲ့သို့ဖြစ်၏ ထို့နောက်ဇရာတရား

တို့သည် ရုပ်နာမ်တရားတို့ကို ရင့်ကျက်စေလျက် ခဲစားဘိသကဲ့သို့ဖြစ်၏၊ ထို့နောက်မရဏတရားသည် ဟောင်းမြင်း ဆွေးမြေ့ပြီးသော ရုပ်နာမ်တရားတို့ကို ရွေ့ရှားပျက်စီးစေလျက် ခဲစားဘိသကဲ့သို့ဖြစ်၏၊ ဤသို့ဖြစ်ရကား ဇာတိဇရာ မရဏတို့သည် နာမ်ရုပ်တရားတို့၏ ရန်သူ သုံးယောက်တို့နှင့်တူ၏ တူဟန်ကား တဦးသောသူ၏ အကျိုးမဲ့ကိုပြုလိုကုန်သော ရန်သူသုံးယောက်တို့တွင် ပဌမရန်သူသည် ဤသို့ဆိုရာ၏၊ ဤသူကို ဤမည်သော တောအုပ်၏ကျေးဇူးကိုချီးမွမ်း၍ အဆွေအမျိုးစသောသူတို့၏ဘောင်မှခွဲ၍ တယောက်တည်း ထိုတောအုပ်သို့လိုက်ပါရအောင် သွေးဆောင်ခေါ်ငင်ခြင်းကား ငါ၏တာဝန် ဖြစ်စေသားဟုဆို၏၊ ဒုတိယဖြစ်သောရန်သူလည်း ထိုသူသည် ထိုတောအုပ်သို့ရောက်သောအခါ အားနည်းအောင် လဲအောင်ရိုက်နှက်ခြင်းသည်ကား ငါ၏တာဝန်ဖြစ်စေဟုဆို၏၊ တတိယဖြစ်သော ရန်သူလည်း အားနည်း၍လဲသောအခါ ထက်စွာသော သန်လျက်ဖြင့် ပခုံးညွန့်ဖူး ဆွတ်ခူး၍ သတ်ဖြတ်ခြင်းကား ငါ၏တာဝန် ဖြစ်စေဟုဆို၏ ထိုသူ သုံးယောက်တို့သည် တိုင်ပင်သည့်အတိုင်း မဆိုင်းလျင်စွာပြုကုန်ဘိသကဲ့သို့ ထိုနည်းအတူ ဇာတိတရားသည် တစုံတယောက်သောသူကို လူ့ပြည်စသည်၌ဖြစ်စေကုန်၏၊ ဇရာသည်လူ့ပြည်နတ်ပြည်၌ဖြစ်သောသူကို အားနည်းအောင် ဖြစ်စေကုန်၏၊ မရဏသည် အားနည်းသောသူကို အလုံးစုံသော စည်းစိမ်နှင့်တကွ အသက်၏ ကုန်ခြင်းကိုပြုကုန်၏ဟူ၍ တပ်အပ်သေချာ ဥပမာ ဥပမေယျနှစ်ဖြာကို ဂဟေစပ်၍ မှတ်ယူအပ်၏။ ဤသည်လျှင် အဓိပ္ပါယ်တည်း။

တနည်းကား-ခံ အတ္တ နိစ္စာဒိ သုညံ့ ဓာရေတီတိ ခန္ဓော-ဟု ခံ သဒ္ဒူပ ပဒ ဓာ-ဓာတ်၊ အ-ပစ္စည်းဖြင့် ဝစနတ္ထပြုအပ်၏၊ ခံ အတ္တ နိစ္စာဒိ သုညံ့၊ အတ္တနိစ္စစသောအနှစ်သာရမရှိ အချီးနှီးသောသဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ခန္ဓော၊ ခန္ဓာမည်၏။ ဤဝစနတ္ထအရ အဓိပ္ပါယ်သော်ကား ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ မြဲမြံသော အနိစ္စသဘော ချမ်းသာသော သုခသဘော အစိုးရသော အတ္တသဘော လှပတင့်တယ်ရှုဘွယ်ရှိသော သုဘသဘောတို့ကို အမြဲမပြတ်ရှာဖွေအပ်သော်လည်း အနှစ်သာရတခုမျှမရှိ အကာအတိသာ ဖြစ်တော့သည်၊ လောကူပမာ အားဖြင့် တကောင်သော လင်းနို့သည် ခက်မငါးဖြာရှိသော သစ်ပင်ကြီးသို့ဝင်၍ ငါးခုသော

အကိုင်းတို့၌ မိမိအလိုရှိအပ်သော အသီးအပွင့်ကိုရှာသည်ရှိသော် တစုံတခုသော အသီးအပွင့်ကိုမျှမရ၍ ဤသစ်ပင်ကြီးသည်ကား အသီးအပွင့်မရှိ အချည်းနှီးသောသစ်ပင်ကြီးဟု မှတ်ထင်လျက် ပျံသွားဘိသကဲ့သို့ ထို့နည်းအတူ လင်းနို့နှင့်တူသော ဝိပဿနာယောဂီပုဂ္ဂိုလ်သည် ခက်မငါးဖြာရှိသော သစ်ပင်ကြီးပမာတူလှစွာသော ခန္ဓာငါးပါးတို့၌ အနှစ်သာရတရားကို ရှာဖွေပြားသော်လည်း ရှာဖွေ၍မရ အနှစ်သာရမရှိ၊ အကာအတိသာလျှင် ဖြစ်တော့သည်ဟု ဥပမာ–ဥပမေယျနှစ်ရပ် ဂဟေစပ်၍ မှတ်ယူအပ်၏။ ဤသည်လျှင် အဓိပ္ပါယ်မှတ်သားဘွယ်တည်း။

## ခန္ဓာငါးပါးဒေသနက္ကမဖြစ်ဟန်ကိုပြဆိုခြင်း

အစဉ်ဟုဆိုအပ်သော ကမတရားတို့သည် ဥပ္ပတ္တိက္ကမ ပဟာနက္ကမ ပဋိပတ္တိက္ကမ ဘူမိက္ကမ ဒေသနက္ကမ–ဟူ၍ ငါးပါးအပြားရှိ၏ ထိုငါးပါးတို့တွင် ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ ဤသို့ အစရှိသော ပဋိသန္ဓေ ဖြစ်စဉ်သည် ဥပ္ပတိက္ကမ မည်၏။ ဒဿနေန ပဟာတဗ္ဗာဓမ္မာ ဘာဝနာယ ပဟာတဗ္ဗာဓမ္မာ–ဤသို့ အစရှိသော အကုသိုလ်မဂ်ပယ်စဉ်သည် ပဟာနက္ကမမည်၏၊ ကာမာဝစရာ ရူပါဝစရာ အစရှိသော အစဉ်သည် ဘူမိက္ကမမည်၏၊ ဒါနကထာ သီလကထာ စသောစကားသည် ဟောကြားသောအစဉ် ဒေသနက္ကမမည်၏၊ ထိုကမငါးပါးတို့တွင် ဤခန္ဓာပြရာဒေသနာ၌ ဒေသနက္ကမကို မှတ်ယူအပ်၏၊ ထို့ကြောင့်ရကား ခန္ဓာငါးပါးတို့၌ တလုံးတခဲတည်း မကွဲမပြားကြိုယ်ကာယဟူ၍ ယူမှားသော ဝေနေယျသတ္တဝါ အပေါင်းတို့အား အပေါင်းအခဲကို ခွဲခြားသဖြင့် အသင့်ယူလွယ် မှတ်လွယ် စေခြင်းငှာ ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောတော်မူအပ်၏၊ ထို့နောင် ဣဋ္ဌ အနိဋ္ဌ ဖြစ်သောရုပ်တို့ကိုခံစားတတ်သော ဝေဒနာကိုပြခြင်းငှာဝေဒနာက္ခန္ဓာကို ဟောတော်မူအပ်၏၊ ထို့နောင် ဣဋ္ဌာရုံ အနိဋ္ဌာရုံ၏ အခြင်းအရာကို ယူတတ်မှတ်တတ်သောဝေဒနာ၏ အခြီအရံပရိဝါရသညာကို ပြခြင်းငှာ သညာက္ခန္ဓာကို ဟောတော်မူအပ်၏၊ထို့နောင်သညာ၏ အစွမ်းအားဖြင့် ပြုပြင်စီရင်တတ်သော စေတနာ၏ အဦးသဘွယ်ဖြစ်သော သင်္ခါရကို ပြခြင်းငှာ သင်္ခါရက္ခန္ဓာကို ဟောတော်မူ၏၊ ထို့နောင်ခန္ဓာသုံးပါးတို့၏ အကြီးအမှူးပြဋ္ဌာန်းသော အကြောင်းထူးဖြစ်သော ဝိညာဏ်ကိုပြခြင်းငှာ ဝိညာဏက္ခန္ဓာကို ဟောကြားတော်မူအပ်၏ဟူ၍ ဒေသနက္ကမအစဉ်ကို

ဇူဆာသယ ၄၈၈-၆၄

သမ္မောအဌကထာ၌ပြတော်မူ၏။ ဤသည်လျှင် ခန္ဓာငါးပါး ဒေသနက္ကမ ပြခြင်းတည်း။

### ခန္ဓာငါးပါး၌ ဥပမာကိုပြခြင်း

ဖေဏ ပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုပ္ဖုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမာဏံ ဝိညာဏံ၊ ဒေသိတာဒိစ္စ ဗန္ဓုနာ။

(ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်) ရူပံ၊ အလွန်သိုးပုပ် ဤကိုယ်ရုပ်သည်။ ဖေဏပိဏ္ဍူပမံ၊ သုံးယူမဖြစ် အနှစ်မရှိ အကာအတိသာ စွန့်ပစ်စရာ အဟုတ်ပမာရေမြှုပ်နှင့်တူလှ၏။ ဝေဒနာ၊ အာရုံအရသာခံစားပါလည်း အရာမရောက် ခါခါပျောက်သည့် ဤခြောက်ပါးသော ဝေဒနာ အစုသည်။ ပုပ္ဖုဠူပမာ၊ လျှင်စွာပျက်၍ သုံးကွက်ရာမထင်ပမာလျှင် ရေပွက်နှင့်တူလှ၏။ သညာ၊ယောကျ်ားမိန်းမသတ္တဇီဝါထင်မှတ်ပါလည်း မှတ်ရာမမြဲ အထင်လွဲမှုသညာအစုသည်။ မရီစိကူပမာ၊ အဟံမမမှတ်ထင် ရအောင် ရုပ်ဆောင်လှည့်ပတ် အတွေးကပ်သည့် တံလျှပ်နှင့်ပမာတူ လှ၏။ သင်္ခါရာ၊ ကံပြုပြင်ချက် နှစ်မသက်သည့် သင်္ခါရက္ခန္ဓာအပေါင်း တို့သည်။ ကဒလူပမာ၊ အကာလုံးလုံး အနှစ်သုံးသည့် ငှက်ပျောတုံးနှင့် ပမာတူလှ၏။ ဝိညာဏံ၊ မှိအံ့ခိုနေ လူကိုမွေသည့် ခြောက်ထွေသော ဝိညာဏ်သည်။ မာယူပမာဏံ၊ ကျောက်အုတ်ခဲကို ဘောက်လွဲပြုပြင် ရွှေစင်မြသား ပတ္တမြားအရောင် ဟန်ဆောင်ပြုလုပ် မျက်လှည့်ရုပ်နှင့် ပမာတူလှ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ ဂေါတမဟု အစဆင်းသက် နွယ်တော်ဆက်ဖြင့် ရောင်စက်ထိန်ဝင်း သုံးကျွန်းလင်းသည့် နေမင်းပမာ မဟာမိတ်ဆွေနတ် ဖြစ်တော်မူပေလတ်သော မြတ်စွာဘုရားသခင်သည်။ ဒေသိတာ၊ဉာဏ်တော်ကွန်ရွက် ဖြန့်လျက်လွှမ်းခြုံ ဥသုံမကြွင်းအာခံတွင်း ဖြင့် ပွင့်လင်းသေချာ ဟောတော်မူရှာလေပြီ။

ဤဝိဋ္ဌကတော်အရဖြင့် ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူ၏ဟူရာ၌ အဓိပ္ပါယ်ကား ရေမြှုပ်သည် ဖြစ်စကာလဝယ် ဇီးစေ့မျှပမာဏဖြစ်၍ တရွေ့ရွေ့ ကြီးပွားလတ်သော် တောင်ထွဋ်ပမာဏ ရှိလေပြီးလျှင် သမုဒ္ဒရာသို့ရောက်၍ ပျက်စီးခြင်းဖြစ်ရဘိသကဲ့သို့ ထို့အတူ ရူပက္ခန္ဓာသည် ပဋိသန္ဓေတည်စ ကလလရေကြည် ကာလဝယ် အနည်းငယ်မျှ ဖြစ်၍ တရွေ့ရွေ့ ကြီးမားအသက်တိုးပွားလျက် ပျက်စီးခြင်းတရားသို့ရောက်ရ လေကုန်စွတကားဟု အနိစ္စစသောလက္ခဏာယာဉ် တင်ရှုအပ်ရာ၏ဟူလို။

ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်တူရာ၍ အဓိပ္ပါယ်သော်ကား-ရေပွက်တို့ သဘောသည် ရေအပြင်ရေပေါက် ရေ၏အစေး ပေါင်း၍ပြုတတ်သောလေ၊ ဤအကြောင်းလေးထွေကြောင့် ဖြစ်ပါလျက် တစုံတခုသောဝတ္ထု၌ တင်ထားခြင်းငှာ မဖြစ်စေနိုင်၊ ပျက်စီးခြင်းသို့သာလျှင် ရောက်ဘိသကဲ့သို့ ထို့အတူ ဝေဒနာက္ခန္ဓာ သည်လည်း ဝတ္ထုအာရုံ ကိလေသာတည်းဟူသော အစေး၊ ဖဿ တည်းဟူသောလေ ဤလေးထွေသောအကြောင်းကိုစွဲ၍ ဖြစ်ငြားသော်လည်း တခဏမျှသာလျှင် အာရုံကိုခံစား၍ ကြာမြင့်စွာ မတည်နိုင်၊ ပျက်စီးခြင်းသို့သာလျှင် ရောက်ကုန်စွတကားဟု အနိစ္စစသော လက္ခဏာယာဉ်တင်၍ ရှုအပ်ရာ၏ဟူလို။

သညာက္ခန္ဓာသည် တံလျှပ်နှင့် တူ၏ဟူရာ၍ အဓိပ္ပါယ်သော်ကား-တံလျှပ်တို့၏ သဘောသည် အလင်း,လဟာ,နေရောင်,ကြည့်သောသူ၏နှလုံးသွင်း။ ဤလေးပါးသော အကြောင်းရင်း တို့ကို စွဲ၍ အခိုးအလျှံတံလျှပ်ဖြစ်ရ၏။ထိုတံလျှပ်သည် ရေရှိသောတွင်း၊ ရေရှိသော သဲသောင်ပြင်ကဲ့သို့ ထင်မြင်ရ၏၊ထိုသို့ ထင်မြင်ရသော်လည်း ရေကို ကြည့်ရှုရှာဖွေပါသော်လည်း ရေကိုကားမရ၊ ထင်မြင်ကာမတ္တ ဖြစ်ရဘိသကဲ့သို့ ထို့အတူ သညာက္ခန္ဓာသည်လည်း ဝတ္ထု အာရုံ နှလုံးသွင်း၊ သမ္ပယုတ်တရားတည်းဟူသော အကြောင်းတို့ကို စွဲ၍ ဖြစ်ရဘိသကဲ့သို့ ထို့အတူသညာက္ခန္ဓာ သည်လည်း အညို အရွှေ အစရှိသော အဆင်း တို့ကို မှတ်သဖြင့် ခံစားတုန်လှုပ် ရငြားသော်လည်း စိတ်တွင် ထင်ကာမျှ မတ္တသာဖြစ်ရဘိ၏၊အမြဲမှုချ နိစ္စဓုဝ မဖြစ်နိုင်တကားဟု အနိစ္စစသော လက္ခဏာယာဉ်တင်၍ ရှုအပ်၏ဟူလို။

သင်္ခါရက္ခန္ဓာသည် ငှက်ပျောပင်နှင့်တူ၏ဟူရာ၍အဓိပ္ပါယ်သော်ကား-ငှက်ပျောပင်တို့၏ သဘောသည် ပထဝီဓာတ်ဟူသောမြေ၊ ဗီဇနိယာမတည်းဟူသော မျိုးစေ့၊အာပေါဓာတ် တည်းဟူသော ရေ၊ ဥတုတည်းဟူသော အငွေ့၊ ဤသို့သော အကြောင်းတို့ကို စွဲ၍ ဖြစ်ငြားသော်လည်းအနှံ့ အစု အဖတ် အပေါင်းသာတည်း။ အနှစ်သာရမရှိရကား တစုံတခုအဆောက်အဦကို ပြုခြင်းငှာ မရ၊ အမြဲမတည်ရ ဖြစ်ကုန်ဘိ သကဲ့သို့ထို့အတူ သင်္ခါရက္ခန္ဓာသည်လည်း ဝတ္ထုအာရုံ နှလုံးသွင်းခြင်း အစရှိသော အကြောင်းတို့ကို စွဲ၍ ဖဿအစရှိသော ငါးဆယ်သော တရားအပေါင်းတို့သည် ပေါင်း၍ တည်ငြားသော်လည်း နိစ္စဓုဝ အဖြစ်ဖြင့်ယူအံ့သောငှာ မတတ်နိုင်၊ ယူသော်လည်း နိစ္စဓုဝ အခြင်းအရာအားဖြင့်

မတည်နိုင်၊ အနိစ္စ-ဒုက္ခ-အနတ္တသာလျှင် ကေန်စင်စစ် ဖြစ်တော့သည်ဟု အဘန်ဘန် ကြည့်ရှုအပ်၏ဟူလို။

ဝိညာဏက္ခန္ဓာသည် မျက်လှည့်သည်နှင့်တူရာ၌ အဓိပ္ပါယ်သော်ကား- မျက်လှည့်သည်တို့၏ သဘောသည် လှည့်စားတတ်သော ဝတ္ထု၊ လှည့်စားကြောင်းဖြစ်သော အတတ်၊ လှည့်စားတတ်သော သူ၏လို့လ၊ ကြည့်သော သူတို့၏နှလုံးသွင်းခြင်း၊ ဤသို့သောအကြောင်းတို့ကိုစွဲ၍ မျက်လှည့်သည် သည် ဖြစ်၏၊ ထိုမျက်လှည့်သည်သည် ကျောက်ခဲစသည်ကို ရွှေ ငွေ ပုလဲ စသောအားဖြင့် ကြည့်ရှုသောသူတို့အား ထင်ရအောင် ပြုကုန်ငြားသော် လည်း ထိုသို့ထင်သော ဝတ္ထုသည် ရွှေ ငွေမဖြစ်နိုင် သကဲ့သို့ ထို့အတူ ဝိညာဏက္ခန္ဓာ သည်လည်း စက္ခုရူပါရုံကို နှလုံးသွင်းခြင်း စသော အကြောင်းတို့ကြောင့် ဖြစ်ငြားသော်လည်း ဝိညာဏက္ခန္ဓာသည် သွား သောအခါ စိတ်တခြား၊ လာသောအခါ စိတ်တခြားစီ ဖြစ်ရကား ရှေး ရှေးသောစိတ်သည် နောက်တဘန်ထပ်၍ ဖြစ်ဘိသကဲ့သို့ ထင်ရငြား သော်လည်း နောက်တဘန်ထပ်၍ မဖြစ်ကုန်၊ အနိစ္စ အဓုဝသာလျှင် ဖြစ်၍ ချုပ်ရကုန်တော့သည်ဟု အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘအားဖြင့်သာလျှင် ရှုအပ်၏ ဟူလို။ ဤသည်လျှင် ခန္ဓာငါးပါး၌ ပါဠိတော်အရ ဥပမာ ပြခြင်းတည်း။

## ရှင်မဟာဗုဒ္ဓဃောသဝါဒ ဥပမာကိုပြဆိုခြင်း

ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာသည် ဝိညာဏ်တည်းဟူသော လူ နတ် တို့၏ ဝတ္ထုဒွါရအာရုံ၏ အစွမ်းအားဖြင့် နေရာဌာန ဖြစ်သောကြောင့် သူနာစရပ်ကြီးနှင့်တူ၏ဟု ရှုအပ်၏၊ ဝေဒနာက္ခန္ဓာသည်ကား မပြတ်မလပ် အထပ်ထပ်အခါခါ နှိပ်စက်တတ်သောကြောင့် အိုင်းအမာကြီးအနာကြီး နှင့်တူ၏ဟု ရှုအပ်၏၊ သညာက္ခန္ဓာသည်ကား ကာမသညာ စသည်၏ အစွမ်းအားဖြင့် ရာဂစသည်နှင့်ယှဉ်သော ဝေဒနာတို့ကို ဖြစ်စေသော ကြောင့် အနာနှင့်မလျော်သော အနာဖြစ်ကြောင်း ဆေးဝါးနှင့်တူ၏ဟု ရှုအပ်၏။ သင်္ခါရက္ခန္ဓာသည်ကား ဝေဒနာကို ခံစားအံ့သောငှာ ပြုပြင် စီရင်တတ်သောကြောင့် အနာ၏ နီးစွာသော အကြောင်း ဖြစ်သော မသင့်မတင့်သော ဘောဇဉ် အစာ အာဟာရနှင့် တူ၏ဟု ရှုအပ်၏၊ ဝိညာဏက္ခန္ဓာသည်ကား ဝေဒနာတည်းဟူသော အနာမှ မလွတ်သော ကြောင့် လူနာကြီးနှင့် တူ၏ဟု ရှုမှတ်အပ်၏ဟူ၍ သမ္မောဟဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ မိန့်ဆိုတော်မူ၏။

ခန္ဓာငါးပါး၌ ပုခန်းကြီးမြို့ ရွှေဥမင်ဆရာတော် ဘုရားကြီးသည်ကား ဤသို့ရှုတော်မူ၏၊ ရှုတော်မူဟန်ကား ရူပက္ခန္ဓာသည်ကား နာမက္ခန္ဓာလေးပါးတို့ကို ရွက်ဆောင် တတ်သောကြောင့် လှည်းကြီးနှင့် တူ၏၊ ဝေဒနာက္ခန္ဓာသည် ရုပ်၌ဖြစ်သောအာရုံ၊ နာမ်၌ဖြစ်သော အာရုံတို့ကို ခံစားရလေသောကြောင့် လှည်းဝင်ရိုးနှင့်တူ၏၊ သညာက္ခန္ဓာသည် ရုပ်၌ဖြစ်သောအာရုံ၊ နာမ်၌ဖြစ်သော အာရုံနှစ်ခုတို့ကို မှတ်သားရလေသောကြောင့် လှည်းပုံတောင်း နှစ်ဘက်နှင့်တူ၏၊ သင်္ခါရက္ခန္ဓာသည် ကုသိုလ် အကုသိုလ်တို့ကို ဖြစ်စေ၍ ဆောင်တတ်သောကြောင့် ဝန်ဆောင် နွားလားကြီးနှင့်တူ၏၊ ဝိညာဏက္ခန္ဓာသည် အာရုံကို ရှေ့ဆောင်ပြုတတ်သောကြောင့် လှည်းသမားနှင့် တူ၏ဟူ၍ သကင္ဈူပမာဖြင့် မိမိ ကိုယ်ခန္ဓာကို ကြည့်ရှုတော်မူပေ၏၊ ဤသည်လျှင် ဥပမာတနည်း ပြခြင်းတည်း။

## တနည်း ဥပမာအားဖြင့်ပြဆိုခြင်း

၁။ ရူပက္ခန္ဓာသည် ဘောဇဉ်ဖြစ်သော ဝေဒနာ၏ မှီရာ တည်ရာ၏ အဖြစ်ကြောင့် အိုးခွက်,စားခွက်နှင့်တူ၏။

၂။ ဝေဒနာက္ခန္ဓာသည် သုံးဆောင်ခံစားတတ်သော ဝိညာဉ်သည် သုံးဆောင် ခံစားအပ်သည်၏ အဖြစ်ကြောင့် ဘောဇဉ်နှင့်တူ၏။

၃။ သညာက္ခန္ဓာသည် ဝေဒနာကို သာယာခံစားခြင်းကို ရှုခြင်း၏ အကြောင်းဖြစ်သောကြောင့် ဘောဇဉ်၏ဝင်ကြောင်း ဟင်းလျာကောင်းနှင့်တူ၏။

၄။ သင်္ခါရက္ခန္ဓာသည် ဝေဒနာဟူသော ဘောဇဉ်ကို ပြုပြင်စီရင်တတ်သည်၏ အဖြစ်ကြောင့် ချက်ပြုတ်ကျွေးမွေးတတ်သော စဖိုသည်နှင့် တူ၏။

၅။ ဝိညာဏက္ခန္ဓာသည် ဝေဒနာဟူသော ဘောဇဉ်ကို သုံးဆောင် ခံစားတတ်သည်၏ အဖြစ်ကြောင့် မှီဝဲသုံးဆောင် ခံစားတတ်သော ထမင်းရှင်နှင့်တူ၏။

## နှုတ်ငုံအချုပ် အကျဉ်းချုပ်ကား

၁-ရူပါစရုပ်၊ ချဉ်းကပ်ဝေဒနာ၊ ပြင်ရောဂါ သလိပ်ကပ်။ ၂-သင်္ခါ ဘောဇဉ်၊ ဝိညာဉ်သူနာ၊ ငါးခန္ဓာ၊ မှန်စွာအကျဉ်းမှတ်။ ၃-အိုးခွက် အသွင်၊ ဘောဇဉ်ဟင်းလျာ၊ ချက်ရာစဖို၊ ထိုထိုလိုရာ။ ၄-ပိုင်စွာအရှင်၊ ပမာတွင်၊ ခန္ဓာငါးလျှင်၊ အစဉ်ဟပ်။

(တနည်း) အကျဉ်းအားဖြင့် ရှုအပ်၏။ ရှုပုံကား- အာသီဝိသူပမ သုတ်၌ ဟောတော်မူအပ်သော နည်းဖြင့် ခန္ဓာငါးပါးတို့ကို ချီအပ်သော သန်လျက်ရှိသော ရန်သူအားဖြင့် ရှုအပ်ကုန်၏။ ဘာရသုတ်၌ ဟောတော်မူအပ်သော အစွမ်းဖြင့် ဝန်ပုပ် ဝန်ဆွေး ဝန်လေးကြီးအားဖြင့် ခန္ဓာငါးပါးတို့ကို ရှုအပ်၏၊ယမကသုတ်၌ ဟောတော်မူအပ်သည်၏ အစွမ်းအားဖြင့် အနိစ္စ အမြဲမရှိသည်၏အဖြစ်၊ ဒုက္ခဆင်းရဲတတ်သည်၏ အဖြစ်၊ အနတ္တ မိမိကိုယ်မဟုတ်သည်၏ အဖြစ်၊ သင်္ခတ ကံ,စိတ်,ဥတု, အာဟာရဟုဆိုအပ်သော အကြောင်းလေးပါးတို့သည် ပြုပြင်အပ်သည်၏အဖြစ်။ ဝဓကတော၊ ညှဉ်းဆဲတတ်သည်၏ အဖြစ်အားဖြင့်။ ဒဋ္ဌဗ္ဗာ၊ ရှုအပ် မှတ်အပ်ကုန်၏။

### တနည်း အကျဉ်းချုပ်ကား

၁-လေးအာဟာရ၊ ပိုင်းခြားက၊ သိထ ဉာဏ်အလင်း။ ၂-ဝိပ္ပလ္လာသ၊ ဘောက်ပြန်ကြ၊ ပယ်ထပျောက်ကင်းရှင်း။ ၃-ဩဃလေးဖြာ၊ကူးသွားရာ၊ သံသာ လွန်မြောက်ခြင်း။ ၄-ယောဂလေးဖြာ၊ ယှဉ်သည်မှာ၊ မြန်စွာ ကင်းပျောက်ခြင်း။ ၅-လေးအာသဝ၊ စီးဆင်းကြ၊ ယိုထမရှိလျှင်း။ ၆-ဂန္ထ လေးတန်၊ ထုံးဖွဲ့ပြန်၊ အမှန်ပျက်စီးခြင်း။ ၇-လေးဥပါဒါန်၊ မြဲမြဲမှန်၊ တည်ရန်စွဲလန်းကင်း။ အကျဉ်းချုပ် ခန္ဓာငါးပါးတရားပြီး၏။

### ခန္ဓာငါးပါးဝယ် သုဒ္ဓမိဿက ခွဲခြား၍ပြခြင်း

ထိုခန္ဓာငါးပါးတို့တွင် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ နှစ်ပါးတို့သည်ကား တပါးစီသာလျှင် ဖြစ်သောကြောင့် သုဒ္ဓခန္ဓာနှစ်ပါးဟုမှတ်အပ်၏၊ ရူပက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ သုံးပါးတို့သည်ကား များစွာသော တရားတို့ကို တစုတည်း တပေါင်းတည်း ဖွဲ့အပ်သောကြောင့် မိဿကခန္ဓာဟုမှတ်အပ်၏။တနည်း-ရုပ်ခန္ဓာတပါး,နာမ်ခန္ဓာ လေးပါးဟု ခွဲခြားလျက် ယူအပ်၏။

### ခန္ဓာငါးပါး၌ အခြင်းအရာတို့ကို ခွဲပြခြင်း

ခန္ဓာငါးပါး တို့တွင် တပါးတပါးသော ခန္ဓာ၌ အဿာဒ-သာယာတပ်မက်ခြင်း၊ အာဒီနဝ-အပြစ်ဒေါသဖြစ်ခြင်း၊ နိဿရဏ-ထွက်မြောက်ခြင်းဟူသော သုံးပါးစီပြားလာရကား အဿာဒခန္ဓာငါးပါး၊ အာဒီနဝခန္ဓာငါးပါး၊နိဿရဏခန္ဓာငါးပါး အခြင်းအရာတဆယ့်ငါးပါးဖြစ်၏ဟု သံယုတ်ပါဠိတော်၌ ပြတော်မူ၏။ ဤခန္ဓာငါးပါးတို့၌ ဝေဒနာ,သညာ နှစ်ပါးကို စေတသိက်ချင်း တူပါလျက် အဘယ့်ကြောင့် အသီးအခြား

ခန္ဓာတပါးစီ ထားအပ်ပါသနည်း ဟူမူ၊ တေဘူမက ဝဋ်တရားတို့၌ သာယာခံစားခြင်းကိုဍင်း၊ ထိုသာယာခြင်း ဝေဒနာ၏ အဆောက်အဦ ကိုဍင်း အသီးခွဲခြား၍ပြခြင်းငှာ ဝေဒနာ,သညာ,စေတသိက် နှစ်ပါးကို ခွဲခြား၍ ဆိုအပ်၏ဟု ဋီကာကျော် နာမရူပပရိစ္ဆေဒ အဋ္ဌကထာတို့၌ ပြတော်မူ၏။ ဍင်းစေတသိက်နှစ်ပါးသည် တပါးစီဖြစ်လျက် ခန္ဓာဟွဲခြင်း သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ စသော အားဖြင့် ပြားသောကြောင့်တည်း။ဤသည်လျှင်ခန္ဓာငါးပါး ဝိနိစ္ဆယပြခြင်းတည်း။

**အာယတနတဆယ့်နှစ်ပါး သရူပတ္တကိုပြခြင်း**

ဒွါဒသာယတနာနိ စက္ခာယတနံ၊ သောတာယတနံ၊ ဃာနာယတနံ၊ ဇိဝှါယတနံ၊ ကာယာယသနံ၊ မနာယတနံ၊ ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယဝနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ၊ ဓမ္မာယတနံ။ (သင်္ဂဟအဋ္ဌ ကထာပါဠိ) ဍင်းအဋ္ဌကထာပါဠိအရ အာယတန တဆယ့်နှစ်ပါး၏ သရူပတ္တအပြသော်ကား-

၁-စက္ခုပသာဒရုပ် စက္ခာယတနခေါ်။ ၂-သောတပသာဒရုပ် သော တာယတနခေါ်။ ၃-ဃာနပသာဒရုပ် ဃာနာယတနခေါ်။ ၄-ဇိဝှါ ပသာဒရုပ် ဇိဝှါယတနခေါ်။၅-ကာယပသာဒရုပ် ကာယာယတနခေါ်။ ၆-စိတ်တခုယုတ်-၉၀ မနာယတနခေါ် အဇ္ဈတ္တိကာယတနခြောက်ပါး။

၁-ရူပါရုံ ရူပါယတနခေါ်။ ၂-သဒ္ဒါရုံ သဒ္ဒါယတနခေါ်။ ၃-ဂန္ဓာရုံ ဂန္ဓာယတနခေါ်။ ၄-ရသာရုံ ရသာယတနခေါ်။ ၅-ဖောဋ္ဌဗ္ဗာရုံ ဖောဋ္ဌဗ္ဗာယတနခေါ်။ ၆-စေတသိက်ဒွေပညာသ သုခုမရုပ်သောဠသ နိဗ္ဗာန်-၆၉ ဓမ္မာယတနခေါ် အပြင် ဗာဟိရာယတန ခြောက်ပါး။

ဤသို့အားဖြင့် အာယတန တဆယ့်နှစ်ပါးကို အဇ္ဈတ္တိက ဗာဟိရ အပြားအားဖြင့် ဝိုင်းခြား၍ စာသင်သားတို့အား သိလွယ်စေရန် အလို့ ငှာ သင်္ဂြိုဟ်ကျမ်း၌ ရှင်အနုရုဒ္ဓါဆရာ ရေးသားတော်မူ၏၊ အာယတန ဝိဘင်းပါဠိတော်ဝယ် မြတ်စွာဘုရားသည် ဟောတော် မူသောနည်း စက္ခာယတန၊ရူပါယတန၊သောတာယတန၊သဒ္ဒါယတန၊ဃာနာယတန၊ ဂန္ဓာယတန၊ဇိဝှါယတန၊ရသာယတန၊ ကာယာယတန၊ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတန-ဟူ၍ အာယတန တဆယ့်နှစ်ပါး ဖြစ်၏။ ဒေသနက္ကမနည်းတည်း၊ ဤသည်လျှင် ရှင်အနုရုဒ္ဓါရေးသားနည်း၊ ဘုရား ဟောနည်း နှစ်ပါး ထူးခြားဟန်နှင့်တကွ အာယတန တဆယ့်နှစ်ပါး ပြခြင်းတည်း။

## အာယတန ဝစနတ္ထကိုပြဆိုခြင်း

အာယတနဟူသည် စိတ်စေတသိက်တို့ကို ချဲ့ထွင် တတ်သောကြောင့် ၎င်း၊ ရှည်စွာသော သံသရာဝဋ်ဆင်းရဲသို့ ဆောင်တတ်သောကြောင့်၎င်း အာယတနမည်၏။ ထို့ကြောင့် အဘိဓမ္မာသီဟဠ ဋီကာတို့၌-အာယ သဉ္စါတေ စိတ္တစေတသိကဓမ္မေ တောနိ တနောန္တီ ဝိတ္ထာရေန္တီတိ အာယတနာနိ-ဟူ၍၎င်း၊ အာယတံ သံသာရဒုက္ခံ နယန္တိ ပဝတ္တယန္တီတိ အာယတနာနိ-ဟူ၍၎င်း မိန့်တော်မူကြ၏။ တောနိ၊ ထိုစက္ခုပသာဒ ရူပါရုံစသည်တို့သည်။ အာယသဉ္စါတေ၊ အာယဟု ဆိုအပ်ကုန်သော။ စိတ္တစေတသိကဓမ္မေ၊ စိတ်၊ စေတသိက် တရားတို့ကို။ တနောန္တိ-ဝိတ္ထာ ရေန္တိ၊ ချဲ့ထွင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာယတနာနိ၊ အာယတနတို့မည်ကုန်၏။ ပဌမဝိကပ် အာယသဒ္ဒူပပဒ တနုဓာတ်၊ ကတ္တု သတ်တည်း။ အာယတံ၊ ရှည်ကြာလှစွာသော။ သံသာရ ဒုက္ခံ၊ သံသရာ ဝဋ်ဆင်းရဲကို။ နယန္တိ-ပဝတ္တယန္တိ၊ ဆောင်တတ် ဖြစ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာယတနာနိ၊ အာယတနတို့မည်ကုန်၏။ အာ ယတသဒ္ဒူပပဒ နီ-ဓာတ်၊ ဟေတု ကတ္တုသာဓ်တည်း။

စက္ခုစသည်နှင့်တွဲမူစက္ခုမေဝ အာယတနံ စက္ခုယတနံဟုအဝဓာရဏ သမာသ်ပြု၊ စက္ခုမေဝ၊ စက္ခုပသာဒသည်ပင်လျှင်။ အာယတနံ၊ အာယတန မည်သည်တည်း။ စက္ခာယတနံ၊ စက္ခုပသာဒသည်ပင်လျှင် အာယတန၊ အကြွင်း၌လည်းနည်းတူမှတ်လေ၊ ဤသည်လျှင် အာယတန၏ဝစနတ္ထကို ပြခြင်းတည်း။

## အာယတနတို့၏အစဉ်ကိုပြခြင်း

ဤအာယတန တဆယ့်နှစ်ပါးအရ အဇ္ဈတ္တိကာယတန ခြောက်ပါး တို့တွင် ထင်ရှားသည်ဖြစ်၍ ယူလွယ်သောကြောင့်၎င်း၊ ဘုရားကိုဖူးမြင် ခြင်း ဒဿနာနုတ္တရိယ၊ တရားတော်ကိုနာကြားခြင်း သဝနာနုတ္တရိယ တရားတို့၏ အကြောင်းဖြစ်၍ ကျေးဇူးများသောကြောင့်၎င်း စက္ခာ ယတန သောတာယတန နှစ်ပါးကို ရှေးဦးစွာ မိန့်ဆိုတော်မူ၏၊ ထိုနောင်မှ သမ္ပတ္တအာရုံဖြစ်သောကြောင့် ဃာနစသော သုံးပါးသော အာယတနကို မိန့်ဆိုတော်မူ၏၊ ထိုသုံးပါး တို့တွင်လည်း အာရုံကို လျင်မြန်စွာယူနိုင်သောကြောင့် ဃာနာယတနကို ရှေးဦးစွာပြတော်မူ၏၊ ထို့နောင်ဃာနာယတနနှင့် တစိတ်တဒေသအဖြစ်ဖြင့် ဖြစ်ရာတူသော ကြောင့် ဇိဝှါယတနကို ပြဆိုတော်မူ၏၊ ထို့နောင်တကိုယ်လုံး၌ဖြစ်သော

သဗ္ဗဋ္ဌာနိက ဖြစ်သောကြောင့် ကာယာယတနကို မိန့်ဆိုတော်မူ၏၊ ငါးပါးသော ပသာဒတို့၏အာရုံကို ယူနိုင်သောကြောင့် မနာယတနကို နောက်ဆုံးထားတော်မူ၏၊ စက္ခုဝိညာဏ်စသည်တို့၏ ဖြစ်ခြင်းအကြောင်းကို ဝိုင်းခြားသောအားဖြင့် ဗာဟိရာယတန ခြောက်ပါး အစဉ်ကိုထားတော်မူ၏၊ ဤသို့ပြအပ်ပြီးသော အာယတနတို့၌ သရူပတ္တသော်ကား သုဒ္ဓါယတနကိုးပါးမိဿကာယတနသုံးပါးပေါင်းတဆယ့်နှစ်ပါးတည်း တနည်း–နာမ်အာယတနတပါး၊ ရုပ်အာယတနဆယ်ပါး၊ မိဿကာယတနတပါး ပေါင်း တဆယ့်နှစ်ပါးတည်း။ ဤသည်လျှင် ဥပ္ပတ္တိက္ကမတည်း။

## အာယတနတဆယ့်နှစ်ပါးကိုဥပမာအားဖြင့်ပြဆိုခြင်း

အာယတန တဆယ့်နှစ်ပါးတို့တွင် အဇ္ဈတ္တိကာယတန ခြောက်ပါးတို့သည် မြွေသတ္တဝါ၊ မိကျောင်းသတ္တဝါ၊ ငှက်သတ္တဝါ၊ အိမ်ခွေးသတ္တဝါ၊ တောခွေးသတ္တဝါ၊ မျောက်သတ္တဝါဟုဆိုအပ်သော ပိုးကောင်ခြောက်ကောင်နှင့် တူ၏ ဟုမှတ်။ တူပုံအခြင်းအရာကို နောက်က ရုပ်ပိုင်းနှင့်စပ်၍ဆိုခဲ့ပြီးပြီ၊ တနည်းကား–ဒ္ငင်းအဇ္ဈတ္တိကာယတန ခြောက်ပါးသည် မြဲသောမှဝသဘော၊ တင့်တယ်သောသုဘသဘော၊ ချမ်းသာသော သုခသဘော၊ ကိုယ်ခန္ဓာဟုဆိုအပ်သောအတ္တသဘောမှကင်းသောသဘောရှိသောကြောင့် လူမရှိသော ရွာပျက်နှင့်တူ၏ဟုမှတ်၊ ဗာဟိရာယတနခြောက်ပါးသည်ကား ပိုးခြောက်ကောင်တို့၏ရောက်ပေါက်နေမြဲဖြစ်သော အမှိုက်ပုံ၊ ရေနက်တွင်း၊ ကောင်းကင်၊ရွာ၏အတွင်း၊သင်းချိုင်း၊ တောနက်၊ စားကျက်ဟုဆိုအပ်သော ကျက်စားရာ အရပ်တို့နှင့်တူ၏ ဟုမှတ်။ တနည်းကား–ရွာကို ဖျက်တတ်သည့် လူဖျက်သူခိုး ခါးမြမျိုးတို့နှင့်တူ၏ဟုမှတ်၊ သမ္မောဟ အဋ္ဌကထာအထွက်တည်း။

## လင်္ကာအချုပ် နယရှုပ်ကား

၁–စက္ခာယတန၊ မြွေတမျှ၊ ရှုပ်ပွေစွအမှိုက်ပျော်။ ၂–သောတ မိကျောင်း၊ နက်တွင်းအောင်း၊ တူကြောင်းပမာတော်။ ၃–ဃာနငှက်ကြီး၊ လေဟုန်စီး၊ ကောင်းကင်မှီးသူပျော်။ ၄–ဇိဝှါယတန၊ အိမ်ခွေးပြ၊ စဖို့ဝအိပ်မွေ့ပျော်။ ၅–ကာယတောခွေး၊ သင်ချိုင်းပြေး၊ ကျက်စားရေး လူတို့တော်။ ၆–မနာယတန၊ မျောက်တမျှ၊ ငြိမ်မရ ထိုထိုသော်။ ၇–အဇ္ဈတ်ဗဟိဒ္ဓါ၊ ဤနှစ်ဝ၊ ပမာရတူစုံသော်။ ၈ မရှိနေလူ၊ ဥစ္စာဖြူ၊

ရွာပျက်တမူ အဇ္ဈတ္တော်။ ၉-ရွာကိုလူဖျက်၊ ခိုးသူတက်၊ ခြောက်ချက်ဗာဟိရော်။ ၁၀-သမ္မောအဋ္ဌကထာ၊ ကျမ်းဦလာ၊ သေချာမိန့်မြွက်သော်။

## ဓာတ်တဆယ့်ရှစ်ပါး ပိုင်းခြား၍ပြခြင်း

အဋ္ဌရသဓာတုယော စက္ခုဓာတု၊ သောတဓာတု၊ ဃာနဓာတု၊ ဇိဝှါဓာတု၊ ကာယဓာတု၊ ရူပဓာတု၊ သဒ္ဒဓာတု၊ ဂန္ဓဓာတု၊ ရသဓာတု၊ ဖောဋ္ဌဗ္ဗဓာတု၊ စက္ခုဝိညာဏဓာတု၊ သောတ ဝိညာဏဓာတု၊ ဃာန ဝိညာဏဓာတု၊ ဇိဝှါဝိညာဏဓာတု၊ ကာယဝိညာဏဓာတု၊ မနောဓာတု၊ မနောဝိညာဏဓာတု၊ ဓမ္မဓာတူတိ။ (သင်္ဂဟအဋ္ဌကထာပါဠိ)။

## ၎င်းအဋ္ဌကထာပါဠိအရ သရုပ်ထုတ်သော်ကား

၁-စက္ခုပသာဒရုပ် စက္ခုဓာတ်ခေါ်။ ၂-သောတ ပသာဒရုပ် သောတဓာတ်ခေါ်။ ၃-ဃာနပသာဒရုပ် ဃာနဓာတ်ခေါ်။ ၄-ဇိဝှါ ပသာဒရုပ် ဇိဝှါဓာတ်ခေါ်။ ၅-ကာယပသာဒရုပ် ကာယဓာတ်ခေါ်။ (အတွင်း ရုပ်ဓာတ် ငါးပါး)။ ၆-ရူပါရုံ ရူပဓာတ်ခေါ်။ ၇-သဒ္ဒါရုံ သဒ္ဒဓာတ်ခေါ်။ ၈-ဂန္ဓာရုံ ဂန္ဓဓာတ်ခေါ်။ ၉-ရသာရုံ ရသဓာတ်ခေါ်။ ၁၀-ဖောဋ္ဌဗ္ဗာရုံ ဖောဋ္ဌဗ္ဗဓာတ်ခေါ်(အပြင်ရုပ်ဓာတ်ငါးပါး) ၁၁-စက္ခု ဝိညာဉ်ငွေး စက္ခုဝိညာဏ ဓာတ်ခေါ်။ ၁၂-သောတ ဝိညာဉ်ငွေး သောတဝိညာဏဓာတ်ခေါ်။ ၁၃-ဃာနဝိညာဉ်ငွေး ဃာနဝိညာဏ ဓာတ်ခေါ်။ ၁၄-ဇိဝှါဝိညာဉ်ငွေး ဇိဝှါဝိညာဏဓာတ်ခေါ်။၁၅-ကာယ ဝိညာဉ်ငွေး ကာယဝိညာဏဓာတ်ခေါ်။ ၁၆-ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်း ငွေး မနောဓာတ်ခေါ်။ ၁၇-ကျန်စိတ် (၇၃) မနောဝိညာဏဓာတ်ခေါ် နာမ်ဓာတ်ခုနစ်ပါး။ ၁၈-စေတသိက် (၅၂) သုခုမရုပ်(၁၆) နိဗ္ဗာန် ဓမ္မဓာတ်ခေါ် မိဿကဓာတ်တပါး။

ဤသို့အားဖြင့် ဓာတ်တဆယ့်ရှစ်ပါးကို သောတုဇန စာသင်သား တို့အား သိလွယ်စေရန်အကျိုးငှာ ရုပ်ဓာတ်-နာမ်ဓာတ်-မိဿကဓာတ် အစဉ်မှတ်၍ အရှင်အနုရုဒ္ဓါဆရာ ရေးသားတော်မူအပ်၏။

ဓာတုဝိဘင်း ပါဠိတော်၌ မြတ်စွာဘုရားဟောတော်မူသော ဓာတ် တို့၏အစဉ်ကား-စက္ခုဓာတု၊ ရူပဓာတု၊ စက္ခုဝိညာဏဓာတု၊ သောတ ဓာတု၊ သဒ္ဒဓာတု၊ သောတဝိညာဏဓာတု၊ ဃာနဓာတု၊ ဂန္ဓဓာတု၊ ဃာနဝိညာဏဓာတု၊ ဇိဝှါဓာတု၊ ရသဓာတု၊ ဇိဝှါဝိညာဏဓာတု၊ ကာယဓာတု၊ ဖောဋ္ဌဗ္ဗဓာတု၊ ကာယဝိညာဏဓာတု၊ မနောဓာတု၊ ဓမ္မဓာတု၊ မနောဝိညာဏဓာတု-ဟူ၍ တဆယ့်ရှစ်ပါးဖြစ်၏၊ ဒေသနက္ကမ

နည်းတည်း။ ဤသည်လျှင် ရှင်အနုရုဒ္ဓါဆရာရေးသားသောနည်း ဘုရားဟောတော်မူသော နည်းနှစ်ပါး ထူးခြားဟန်နှင့်တကွ ဓာတ်တဆယ့်ရှစ်ပါးကိုပြခြင်းတည်း။

## ဓာတ်မည်ကြောင်း ဝစနတ္ထကိုပြဆိုခြင်း

ဓာတ်ဟူသည်ကား မိမိသဘောတရားကို ဆောင်တတ်သောကြောင့်၎င်း များသောအပြားရှိသော သံသရာဝဋ္ဋ ဆင်းရဲကို စီရင်တတ်ကုန်သောကြောင့်၎င်း ဓာတ်မည်၏ဟုမှတ်။ ထို့ကြောင့် အဘိဓမ္မာဋီကာတို့၌ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓာတုယောဟူ၍၎င်း၊ အနေကပ္ပကာရံ သံသာရဒုက္ခံ ဓိယန္တိ ဝိဒဟန္တိ ဉပ္ပါဒေန္တီတိ ဓာတုယောဟူ၍၎င်း မိန့်ဆိုတော်မူ၏။ ယာဓမ္မဇာတိယော၊ အကြင်သဘောတရားတို့သည်။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သတ္တဇီဝမှဆိတ်သောသဘောကို။ဓာရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တာဓမ္မဇာတိယော၊ ထိုသဘောတရားတို့သည်။ ဓာတုယော၊ ဓာတ်တို့မည်ကုန်၏။ ၎င်းပဌမဝိကပ်အရ ဓရ ဓာတ် တု ပစ္စည်း သုဒ္ဓကတ္တုသာဓ်တည်း။ ယာဓမ္မဇာတိယော၊ အကြင်သဘောတရားတို့သည်။ အနေကပ္ပကာရံ၊ တပါးမကများပြားလှစွာသော။ သံသာရဒုက္ခံ၊ သံသရာ၌ဖြစ်သော ဆင်းရဲကို။ ဓိယန္တိ ဝိဒဟန္တိ ဉပ္ပါဒေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တာဓမ္မဇာတိယော၊ ထိုသဘောတရားတို့သည်။ ဓာတုယော၊ ဓာတ်တို့မည်ကုန်၏။ ဓာ-ဓာတ်၊ တု-ပစ္စည်း၊ ဟေတုကတ္တုသာဓ်တည်း။ စက္ခုနှင့် ဓာတုဟူသောပုဒ်ကို တွဲစပ်သော် စက္ခုမေဝဓာတု စက္ခုဓာတုဟုတွဲစပ်အပ်၏ အဝဓာရဏပြု၊ ဓာတ်တဆယ့်ရှစ်ပါးကို ဉပ္ပတ္တိက္ကမအစဉ်တို့တွင် ဒေသနက္ကမအားဖြင့်မှတ်ယူအပ်၏။(မှတ်ယူဟန်ကား)စက္ခုဓာတ်ရူပဓာတ်သည် အကြောင်းတရားဖြစ်သောကြောင့် ရှေဦးစွာဟောကြားတော်မူ၏၊ စက္ခုဝိညာဏဓာတ်ကား-အကျိုးတရား ဖြစ်သောကြောင့် နောက်မှ ဟောကြားတော်မူ၏၊ အကြွင်းမှာလည်းနည်းတူမှတ်၊ ဤသို့ ဟေတုဖလအစဉ်အတိုင်း ပိုင်းခြား၍ ဘုရားဟောတော်မူ၏၊ ရှင်အနုရုဒ္ဓါဆရာကား-အဇ္ဈတ္တ ဗဟိဒ္ဓ အာရုံအာရမ္မဏိက နိဿယနိဿိတတို့ကို ပိုင်းခြားတော်မူ၍ အစဉ်အားဖြင့် ရေးသားတော်မူ၏။ ဤသည်လျှင် ဓာတ်၏ဝိဂ္ဂြိုဟ်အရ ဉပ္ပတ္တိက္ကမတည်း။

ဓာတ်တဆယ့်ရှစ်ပါးအရ သုဒ္ဓဓာတ်ကိုးပါး၊ မိဿကဓာတ်ကိုးပါးဟူ၍ သရူပတ္ထုခွဲအပ်ရာတွင် စက္ခုဓာတ်ကို စည်ကြီး၏အပြင်ကဲ့သို့မှတ်၊

ရူပဓာတ်ကို စည်လက်ခတ်ကဲ့သို့မှတ်၊ စက္ခုဝိညာဏဓာတ်ကို စည်၏ အသံကဲ့သို့မှတ်။ တနည်း-မှန်အပြင် မျက်နှာရိပ်ပမာကဲ့သို့ရင်း ပွတ်ခုံ ပွတ်ကြေမီးပမာကဲ့သို့ရင်း၊ နှမ်းအသွင် ကျည်ပွေ့ဆီ ပမာကဲ့သို့ရင်း မှတ်အပ်၏၊ သောတ သဒ္ဒ သောတဝိညာဏ ဓာတ်တို့မှာလည်းနည်းတူ ဥမာဆောင်လေကုန်၊ သမ္မော အဋ္ဌကထာအထွက်တည်း။ ဤသည်လျှင် ဓာတ်တဆယ့်ရှစ်ပါးအပြတည်း။

## တနည်းဓာတ်မည်ကြောင်းကို ဝိဂ္ဂိုဟ်ဝစနတ္ထရှစ်မျိုးပြဆိုခြင်း

၁။ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓာတုယော။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ ဖုသနအစရှိသောသဘောကို။ ဓာရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဓာတုယော၊ ဓာတ်မည်ကုန်၏။

၂။ ယထာသမ္ဘဝံ အနေကကပ္ပကာရံ သံသာရဒုက္ခံ ဝိဒဟန္တီတိ ဓာတုယော။ ယာဓမ္မဇာတိယော၊ အကြင်တရား သဘောတို့သည်။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည့် အားလျော်စွာ။ အနေကကပ္ပကာရံ၊ များသောအပြားရှိသော။ သံသာရဒုက္ခံ၊ သံသရာ၌ဖြစ်သောဆင်းရဲကို။ ဝိဒဟန္တိ၊ စီရင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တာဓမ္မဇာတိယော။ တို့သည်။ ဓာတုယော၊ ဓာတ်မည်ကုန်၏။

၃။ ဘာရဟာရေဟိဝိယ ဘာရော သတ္တေဟိ ဓိယန္တိ ဓာရိယန္တီတိ ဓာတုယော။ ဘာရဟာရေဟိ၊ ဝန်ထမ်းယောကျာ်းတို့သည်။ ဘာရော၊ ဝန်ကို။ ဓာရိယတိ ဝိယ၊ ဆောင်အပ်သကဲ့သို့။ သတ္တေဟိ၊ တို့သည်။ ဓိယန္တိ-ဓာရိယန္တိ၊ ဆောင်အပ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဓာတုယော၊ ဓာတ်တို့မည်ကုန်၏။

၄။ အဝသဝတ္တနတော ဒုက္ခံ ဝိဓာန မတ္တမေဝါတိ ဓာတုယော။ အဝသဝတ္တနတော၊ မိမိအာဏာသို့ မလိုက်စေနိုင်သည်၏ အဖြစ်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲကို။ ဝိဓာနမတ္တမေဝ၊ စီရင်ခြင်းမျှသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဓာတုယော၊ မည်ကုန်၏။

၅။ သတ္တေဟိ သံသာရ ဒုက္ခံ အနုဝိဓိယတိ တောဟိတိဓာတုယော။ တောဟိ ဓမ္မဇာတိဟိ၊ တို့ဖြင့်။ သတ္တေဟိ၊ တို့သည်။ သံသာရဒုက္ခံ၊ ကို။ အနုဝိဓိယတိ၊ အဘန်တလဲလဲပြုပြင်စီရင်အပ်၏။ဣတိတသ္မာ၊ ထို့ကြောင့်။ ဓာတုယော၊ မည်ကုန်၏။

၆။ တထာ ဝိဟိတံ စေတဿဝ ဓိယန္တိ ဌပိယန္တိတိ ဓာတုယော။ စေတဿဝ၊ ထိုစက္ခုစသော သဘောတရားတို့၌ သာလျှင်။ တထာ

ဝိဟိတံ၊ အကြောင်း၏အဖြစ်ဖြင့် ပြုပြင်စီရင်အပ်သော သံသရာဆင်းရဲကို။ မိယန္တိ - ဥပိယန္တိ၊ ထားအပ် ကုန်၏။ ဇာတိတသ္မာ၊ ထို့ကြောင့်။ ခါတုယော၊ မည်ကုန်၏။

၇။ ရသသောဏိ တာဒိ သရီရာဝယံ ခါတုယော ဝိယာတိ ခါတုယော။ ရသသောဏိတာဒိ သရီရာဝယံ ခါတုယောဝိယ၊အကြော အသွေး အစရှိသော ကိုယ်၏အစိတ် ဖြစ်ကုန်သော ခါတ်တို့နှင့်တူ ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇာတိတသ္မာ၊ ထို့ကြောင့်။ ခါတုယော၊ မည်ကုန်၏။

၈။ ဟရိတာလ မနောသိလာဒိ တေလာဝယံ ခါတုယော ဝိယာတိ ခါတုယော။ ဟရိတာလ မနောသိလာဒိ တေလာဝယံ ခါတုယောဝိယ၊ ဆေးဒါန်း မြင်းသီလာအစရှိသော ကျောက်၏အစိတ် ဖြစ်၍ဖြစ်သော ခါတ်တို့နှင့်တူကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇာတိတသ္မာ၊ ထို့ကြောင့်။ ခါတုယော၊ မည်ကုန်၏။ (မှတ်ချက်) ဤဝိဂ္ဂြိုဟ် ရှစ်ချက်ကို နှုတ်ရကျက်လေ၊ သို့မှ ခါတ်သဘောကို နားလည်မည်ဟု အသေအချာမှတ်ပါ။

## သစ္စာလေးပါးကို ပိုင်းခြား၍ပြခြင်း

စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ၊ဒုက္ခသမုဒယော အရိယသစ္စံ၊ ဒုက္ခနိရောဓော အရိယသစ္စံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စံ။ (သင်္ဂဟအဋ္ဌကထာပါဠိ)။ ဤအဋ္ဌကထာ ပါဠိအရ၊ သစ္စာလေးပါး၏ သရုပ်ထွက်သော်ကား-လောကီစိတ် ရှစ်ဆယ့်တပါး၊ လောဘကြဉ်သော စေတသိက် ငါးဆယ့်တပါး၊ ရုပ်နှစ်ဆယ့်ရှစ်ပါးသည် ဒုက္ခ မည်၏ဟုမှတ်၊ ဒုက္ခ၏ အကြောင်းဖြစ်သော တဏှာဟူသော လောဘ စေတသိက်သည် သမုဒယသစ္စာ မည်၏ဟုမှတ်၊ ဒုက္ခ သမုဒယသစ္စာ နှစ်ပါး၏ ချုပ်ရာချုပ်ကြောင်း ဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ထိုနိရောဓ နိဗ္ဗာန်သို့ ရောက်ကြောင်း မဂ်လေးပါး၌ ရှိသော လောကုတ္တရာ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏ဟု သစ္စာလေးပါးကို ပိုင်းခြား၍ မှတ်ယူအပ်၏၊ ထို့ကြောင့် သင်္ဂဟအဋ္ဌကထာ၌-

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာသမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

ဟု မိန့်ဆိုတော်မူ၏။ တေဘူမကံ၊ ဘုံသုံးပါး၌ ဖြစ်သော။ ဝဋ္ဋံ၊ဝဋ်တရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာ မည်၏။ တဏှာ၊ လောဘ တဏှာသည်။ သမု

ဒယော၊ သမုဒယသစ္စမည်သည်။ ဘဝေ၊ ဖြစ်၏။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်သည်။ နိရောဓောနာမ၊ နိရောဓသစ္စာမည်၏။ လောကုတ္တရော၊ လောကုတ္တရာဖြစ်သော မဂ္ဂင်ရှစ်ပါးကို။ မဂ္ဂေါ၊ မဂ္ဂသစ္စာဟူ၍။ မတော၊ သိအပ်၏။ ဤသည်လျှင် သစ္စာလေးပါးတည်း။

## သစ္စာဝိမုတ်ကိုပြဆိုခြင်း

မဂ္ဂယုတ္တာ ဖလာစေဝ၊ စတုသစ္စဝိနိဿဋာ (သင်္ဂဟအဋ္ဌကထာပါဠိ)။ မဂ္ဂယုတ္တာ၊ မဂ္ဂင်ရှစ်ပါးနှင့် ယှဉ်သော မဂ်စိတ္တုပ္ပါဒ် နှစ်ဆယ့်ကိုးပါးတို့ သည်၎င်း။ ဖလာစေဝ၊ ဖိုလ်နှင့်ယှဉ်သော ဖိုလ်စိတ္တုပ္ပါဒ် သုံးဆယ့်ရှစ်ပါး တို့သည်၎င်း။ စတုသစ္စဝိနိဿဋာ၊ လေးပါးသော သစ္စာတို့ခြင်းတို့မှ လွတ်ကုန်၏။ ဤဂါထာအရ မဂ်စိတ္တုပ္ပါဒ် ၂၉-ဟူသည်ကား မဂ်စိတ် လေးပါး၌ရအပ်သော စေတသိက် ဆတ္တိံသတို့တွင် မဂ္ဂသစ္စာထိုက်သော မဂ္ဂင်တရားကိုယ် ရှစ်ပါးကြဉ်လျှင် ကြွင်းသော စေတသိက်အဋ္ဌဝီသရ၏။ ၎င်းတွင် မဂ်စိတ်လေးပါးကို အာရမ္မဏ ဝိဇာနနလက္ခဏာ အားဖြင့် တပါးတည်းပြု၍ ထည့်သွင်းလျှင် ဖိုလ်စိတ္တုပ္ပါဒ် သုံးဆယ့်ခုနစ်ပါးဖြစ်၏။ ဤသို့ မုချတ္ထနည်းအားဖြင့် သာလျှင် သစ္စာလေးပါးမှ လွတ်သည်ဟု ရှင်အနုရုဒ္ဓါပြ၏။ သဒိသူပစာရတ္ထ အားဖြင့် ဖိုလ်စိတ်လေးခု၌ရှိသော မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာ၌ ရေတွက်အပ်၏၊ မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ် တို့ကို သင်္ခါရဒုက္ခ၏အဖြစ်ဖြင့် တူသောကြောင့် ဒုက္ခသစ္စာ၌ ရေတွက် အပ်၏ဟုမှတ်၊ ထို့ကြောင့် သာရတ္ထဒီပနီ ဝိနည်းဋီကာကြီး၌ စတုသစ္စ ဝိနိမုတ္တံ ကိဉ္စိ ဉေယျံ နတ္ထိ-ဟု ဘွင့်ပြတော်မူ၏။စတုသစ္စဝိနိမုတ္တံ၊ သစ္စာ လေးပါးမှလွတ်သော။ ကိဉ္စိဉေယျံ၊ တစုံတခုမျှသိအပ်သောတရားသည်။ နတ္ထိ၊ စင်စစ်မုချ မရှိချေတကား။ ဤသည်လျှင် သစ္စဝိမုတ်ကို ပြဆိုခြင်း တည်း။

## အရိယာသစ္စာပုဒ်ကို ဝိဂြိုဟ်ထုတ်ပြခြင်း

အရိယန္တိ ဉာယန္တီတိ အရိယာနိ။ ဗုဒ္ဓါဒိဟိ၊ ဘုရား အစရှိသော အရိယာပုဂ္ဂိုလ်တို့သည်။ အရိယန္တိ-ဉာယန္တိ၊သိအပ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အရိယာနိ၊အရိယာတို့မည်၏။ သစ္စာလေးပါးရ၏။ တစ္ဆာ ဝိပရီတတော ဂစ္ဆန္တိ ပဝတ္တန္တီတိ သစ္စာနိ၊ တစ္ဆအဝိပရီတတော၊ ဟုတ် ဟုတ်မှန်မှန် မဘောက်မပြန်သောအားဖြင့်။ ဂစ္ဆန္တိ-ပဝတ္တန္တိ၊ ဖြစ်တတ် ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သစ္စာနိ၊ သစ္စာတို့မည်ကုန်၏။ သစ္စာ လေးပါးကိုပင်ရ၏၊ နှစ်ပုဒ်အရတူရကား။ အရိယာနိစ တာနိ သစ္စာနိ

စာတိ အရိယသစ္စာနိ။ အရိယာနိစ၊ ဘုရားအစရှိသော အရိယာတို့သည် သိအပ်သည်လည်း ဟုတ်၏။ တာနိ၊ ထိုသိအပ်သည်တို့ဟူသည်။ သစ္စာနိစ မသောက်မပြန်ဟုတ်မှန်သည်လည်း ဟုတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အရိယသစ္စာနိ၊ အရိယသစ္စာမည်ကုန်၏။

ဘုရား အစရှိသော အရိယာ ပုဂ္ဂိုလ်တို့သည် သိအပ်သည် ဖြစ်၍ မသောက်မပြန် မှန်ကန်သောကြောင့် အရိယသစ္စာမည်သော တရားလေးပါးတို့တွင် ဒုက္ခံ အရိယသစ္စံ-ဟူသော ပါဌ်၌ ဒု-သဒ္ဒါသည် စက်ဆုပ်ဘွယ်ဟူသော ကုစ္ဆိတအနက်ကိုဟော၏၊ ခံ-သဒ္ဒါသည် အချည်းနှီးဟူသော တုစ္ဆအနက်ကို ဟောရကား ဒုကုစ္ဆိတဥ္စ တံ ခဥ္စာတိ ဒုက္ခံ-ဟုဝိဂ္ဂြိုဟ်ပြုအပ်၏။ ယံအရိယသစ္စံ၊ အကြင်အရိယာသစ္စာသည်။ ဒုကုစ္ဆိတဥ္စ၊ ရွံဘွယ်အဟုတ် စက်ဆုပ်စရာသည်လည်း ဟုတ်၏။ တံ၊ ထိုစက်ဆုပ်စရာသည်လည်း။ ခဥ္စ၊ အနှစ်သာရမရှိ အချည်းနှီး သည်လည်း ဟုတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံအရိယသစ္စံ၊ ထိုအရိယာ သစ္စာသည်။ ဒုက္ခံ၊ ဒုက္ခမည်၏။

ဤပဌမ သစ္စာသည်ကား-ဇာတိစသော ဆင်းရဲခြင်း တဆယ့်နှစ်ပါးကို ပွားတတ်သောကြောင့် စက်ဆုပ်စရာလည်း မည်၏။ နိစ္စ-ဓုဝ-အတ္တ-သာရ ရှာဖွေ၍ မရသောကြောင့် အချည်းနှီးခံလည်း မည်၏၊ ထိုဗျုပ္ပတ်စကားရပ်ကြောင့်ဒုက္ခသစ္စာမည်၏၊ဒုက္ခံဝေ အရိယသစ္စံ ဒုက္ခအရိယသစ္စံ။ ဟု အဝခေါရဏာဝိဂ္ဂြိုဟ်ပြုအပ်၏။ ဒုက္ခံဝေ၊ဒုက္ခသည်ပင်လျှင်။ အရိယသစ္စံ၊ အရိယသစ္စာတည်း။ ဒုက္ခအရိယသစ္စံ၊ ဒုက္ခသည်ပင်လျှင် အရိယသစ္စာ မည်၏။

ဒုက္ခသမုဒယော အရိယသစ္စံ-ဟူသောပါဌ်၌ သမုဒယဟူသော ပါဌ်ဝယ် သံ-ဥဒ-အယ-ဟူ၍ ပုဒ်ဖြတ်၍ သံ-သဒ္ဒါသည် အဝိဇ္ဇာစသော တပါးသော အကြောင်းနှင့် ပေါင်းယှဉ်သော သံယောဂအနက်၊ ဥဒ-သဒ္ဒါသည် ဒုက္ခတဆယ့်နှစ်ပါး၏ ဖြစ်ခြင်း ဥပ္ပတ္တိအနက်၊ အယ-သဒ္ဒါသည် အကြောင်းဖြစ်သော ကာရဏာအနက်ကို ဟောရကား-အဝသေသပစ္စယသမာယောဂေ သတိဥဒယောတိ သမုဒယော-ဟုဝိဂ္ဂြိုဟ်ပြုအပ်၏။ ယောသဘာဝေါ၊ အကြင်သဘောတရားသည်။ အဝသေသပစ္စယ သမာယောဂေ၊ မိမိဟုဆိုအပ်သော လောဘတဏှာမှ ကြွင်းသော အဝိဇ္ဇာစသော တပါးသော အကြောင်းနှင့် ပေါင်းယှဉ်မိသည်။ သတိ၊ ရှိသည်ရှိသော်။ ဥဒယော၊ တဆယ့်နှစ်ပါးသော ဒုက္ခ၏ဖြစ်ခြင်း၏ အကြောင်း

သည်။ ဟောတိ၊ဖြစ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ သောသဘာဝေါ၊ ထို သဘောတရားသည်။ သမုဒယော၊ သမုဒယမည်၏။ ဒုက္ခသမုဒယောစေဝ အရိယသစ္စံ ဒုက္ခသမုဒယော အရိယသစ္စံ-ဟု အဝဓာရဏ ဝိဂ္ဂြိဟ်ပြု။ ဒုက္ခသမုဒယောစေဝ၊ ဒုက္ခ၏ ဖြစ်ခြင်းအကြောင်းသည် ပင်လျှင်။ အရိယ သစ္စံ၊အရိယာသစ္စာတည်း။ ဒုက္ခသမုဒယော အရိယသစ္စံ၊ ဒုက္ခ၏ဖြစ်ခြင်း အကြောင်းသည်ပင်လျှင် အရိယသစ္စာမည်၏။

နိရောဓောအရိယသစ္စံ ဟူသောပါဠ်၌နိရောဓသဒ္ဒါသည်သံသရာဝဋ် ကျင်လည်တတ်သော ဒုက္ခဟူသောအနက် ရောဓဟူသော အနက်ကို ဟော၏၊ ထိုသို့ဖြစ်ရကား နတ္ထိရောဓော ဧတ္ထာတိ နိရောဓော။ ဧတ္ထ၊ ဤ နိဗ္ဗာန်၌။ ရောဓော၊သံသရာ၌ဖြစ်တတ်သော ဒုက္ခဟူသောရောဓသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ နိရောဓော၊ နိရောဓမည်၏။ တနည်း-နိဿေသတော ရုဇ္ဈနံ နိရောဓော။ နိဿေသတော၊ အကြွင်း မရှိသောအားဖြင့်။ ရုဇ္ဈနံ၊ ဒုက္ခချုပ်ငြိမ်းခြင်း။ နိရောဓော၊ အကြွင်း မရှိသောအားဖြင့် ဒုက္ခချုပ်ငြိမ်းခြင်း။ နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ရှေးဝိကပ်အရ ကောက်ယူအပ်၏၊ နောက်ဝိကပ်အရ အစ္စန္တရူပသမ လက္ခဏကြိယာရ၏၊ နိရောဓောစေ အရိယသစ္စံ နိရောဓော အရိယသစ္စံ။ နိရောဓောစေ၊ နိရောဓသည်ပင်လျှင်။ အရိယသစ္စံ၊ အရိယာသစ္စာမည်၏။ နိရောဓော အရိယသစ္စံ၊ နိရောဓသည်ပင်လျှင် အရိယာသစ္စာမည်၏။

ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ-ဟူသောပါဠ်အရ ဝစနတ္ထ ကား-ဒုက္ခနိရောဓံ ဂစ္ဆတီတိ ဒုက္ခနိရောဓဂါမိနီ ဒုက္ခနိရောဓံ ပဋိပဇ္ဇန္တိ ပါပုဏန္တိ ဧတာယာတိ ဒုက္ခနိရောဓပဋိပဒါ ဒုက္ခနိရောဓဂါမိနီပဋိပဒါ စေဝ အရိယသစ္စံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ-ဟု ဝိဂ္ဂြိဟ်ပြု။ ဒုက္ခနိရောဓံ၊ ဒုက္ခချုပ်ရာနိဗ္ဗာန်ချမ်းသာသို့။ ဂစ္ဆတိ၊ အာရုံပြုသည်၏ အစွမ်းအားဖြင့် သွားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒုက္ခနိရောဓ ဂါမိနီ၊ ဒုက္ခနိရောဓဂါမိနီမည်၏။ ဧတာယ၊ ထိုမဂ္ဂင်ရှစ်ပါးဖြင့်။ ဒုက္ခ နိရောဓံ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့။ ပဋိပဇ္ဇန္တိ-ပါပုဏန္တိ၊ ရောက်တတ် ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒုက္ခနိရောဓပဋိပဒါ၊ ဒုက္ခနိရောဓ ပဋိပဒါမည်ကုန်၏။ မဂ္ဂင်ရှစ်ပါးရ၏။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါစေဝ၊ ဒုက္ခ၏ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ အာရုံပြုသောအားဖြင့် သွားရောက် ကြောင်း အကျင့်သည်ပင်လျှင်။ အရိယသစ္စံ၊ ဝဋ်ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ အာရုံပြုသောအားဖြင့် သွားရောက်ကြောင်း အကျင့်

သည်ပင်လျှင် အရိယသစ္စာမည်၏။ ဤသည်လျှင် သစ္စာလေးပါး၏ ဝိဂ္ဂဟ်ဝစနတ္တပြခြင်းတည်း။

## သစ္စာလေးပါးတို့၏အစဉ်ကိုပြဆိုခြင်း

သစ္စာလေးပါးတို့တွင် ရုန့်ရင်း ထင်ရှားသောကြောင့်၎င်း၊ သတ္တဝါအများနှင့် ဆက်ဆံသောကြောင့်၎င်း ဒုက္ခသစ္စာကို ရှေးဦးစွာဟောတော်မူ၏၊ထိုဒုက္ခသစ္စာ၏အကြောင်းပြလိုသောကြောင့် ဒုက္ခသစ္စာ၏အခြားမဲ့၌ သမုဒယသစ္စာကို ဟောတော်မူ၏၊ အကြောင်းတရားချုပ်သဖြင့် အကျိုးတရားချုပ်လေသောကြောင့် ဝဋ်ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာကိုပြတော်မူ၏၊ ထိုနိရောဓသစ္စာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုပြအံ့သော၄ာ နိရောဓသစ္စာ၏ အခြာမဲ့၌ မဂ္ဂသစ္စာကိုပြတော်မူ၏။

တနည်း- ဝဋ်ဘဝချမ်းသာကို သာယာကြ ကုန်သော ဝေနေယျတို့အား ထိတ်လန့်ခြင်းသံဝေဂကိုဖြစ်စေခြင်း၄ာ ဒုက္ခသစ္စာကို ရှေးဦးစွာဟောတော်မူ၏၊ ဒုက္ခ၏အကြောင်းပြခြင်း၄ာ သမုဒယသစ္စာကိုဟောတော်မူ၏၊ အကြောင်းနှင့် တကွသောဒုက္ခဖြင့် နှိပ်စက်သည်၏အဖြစ်ကြောင့် ဝဋ်ဒုက္ခမှ ထွက်မြောက်ခြင်းကို ရှာမှီးသော ပုဂ္ဂိုလ်တို့အား သက်သာရာကို ဖြစ်စေခြင်း၄ာ နိရောဓ သစ္စာကို ဟောတော်မူ၏၊ ထိုနိရောဓ သစ္စာနိဗ္ဗာန်သို့ ရောက်စေခြင်းအကြောင်း ပြအံ့သော၄ာ မဂ္ဂသစ္စာကို နောက်ဆုံးထား၍ ဟောတော်မူ၏။ဤသည်လျှင် ဒေသနက္ကမအစဉ်ပြခြင်းတည်း။

## သစ္စာလေးပါး၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်ကိုပြဆိုခြင်း

သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာသည် နှိပ်စက်ခြင်း ဗာဓနလက္ခဏာရှိ၏၊ ပြင်းထန်စွာ ပူပန်စေခြင်း သန္တာပနရသရှိ၏၊ ဖြစ်ခြင်းပဝတ္တိပစ္စုပဋ္ဌာန်ရှိ၏၊ သမုဒယသစ္စာသည် ဒုက္ခဖြစ်ကြောင်း အမွန်ပဘာဝလက္ခဏာရှိ၏၊ ဒုက္ခအစဉ်ကို မပြတ်စေတတ်ခြင်း အနုပစ္ဆေဒကရဏရသရှိ၏၊ နှောက်ယှက်ခြင်းပလိဗောဓပစ္စုပဋ္ဌာန်ရှိ၏၊ နိရောဓသစ္စာသည် ငြိမ်သက်မြေခြင်း သန္တိလက္ခဏာရှိ၏၊ မလျှောမရွေ့မစုတေ့ခြင်း အစ္စုတိရသရှိ၏၊ လုံးလုံးလျှောင်းလျှောင်းပေါင်း၍တည်ဟန် သဏ္ဌာန်အကောင်အထည်ဟူသော သင်္ခါရနိမိတ်ကင်းဆိတ်ခြင်း အနိမိတ္တပစ္စုပဋ္ဌာန်ရှိ၏၊ မဂ္ဂသစ္စာသည်ကား ဝဋ်မှ ထုတ်ဆောင်ခြင်း နိယျာန လက္ခဏာရှိ၏၊ ကိလေသာကိုပယ်ခြင်း ကိလေသပ္ပဟာနရသရှိ၏၊ဗဟိဒ္ဓ အဇ္ဈတ္တဖြစ်သော နိမိတ္တ ပဝတ္တနှစ်ပါးမှ ထမြောက်ခြင်း ဝုဋ္ဌာနပစ္စုပဋ္ဌာန်ရှိ၏၊ သစ္စာ

လေးပါး၌ ပဒဋ္ဌာန်ကိုကား မရအပ်ကုန်ဟုမှတ်၊ အဘယ့်ကြောင့်ဟူမူ ပဌမနှင့် တတိယသစ္စာနှစ်ပါးသည်ကား အကျိုးသစ္စာဖြစ်၍ ဒုတိယနှင့် စတုတ္ထသစ္စာနှစ်ပါးသည် အကြောင်းသစ္စာ ဖြစ်သောကြောင့်တည်း။ ဤသည်လျှင် သစ္စာလေးပါး၌ လက္ခဏာစသည်ပြခြင်းတည်း။

### သစ္စာအနက် တဆယ့်ခြောက်ချက်ကိုပြခြင်း

သစ္စာအနက်တို့သည် တဆယ့်ခြောက်ချက်အပြားရှိကုန်၏၊ တဆယ့်ခြောက်အရကား ဒုက္ခသစ္စာအနက်သည်ကား နှိပ်စက်တတ်သောပီဠနဋ္ဌအနက်၊ အကြောင်းတရားတို့သည် ပြုပြင်အပ်သော သင်္ခတဋ္ဌအနက်၊ ပူပန်တတ်သော သန္တာပနဋ္ဌအနက်၊ဖောက်ပြန်တတ်သော ဝိပရိဏာမဋ္ဌအနက်ဟူ၍ လေးပါးအပြားရှိ၏။

သမုဒယသစ္စာအနက်သည်လည်း အားထုတ်တတ်သော အာယူဟနဋ္ဌအနက်၊ အကြောင်းဖြစ်သော နိဒါနဋ္ဌအနက်၊ သံသရာဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော သံယောဂဋ္ဌ အနက်၊ မင်ကိုတားမြစ် တတ်သော ပလိဗောဓဋ္ဌအနက်ဟူ၍ လေးပါးအပြားရှိ၏။

နိရောဓသစ္စာ အနက်သည်လည်း ဝဋ်မှ ထွက်မြောက် တတ်သော နိဿရဏဋ္ဌ အနက်၊ သင်္ခါရ တရားတို့မှ ဆိတ်သော ဝိဝေကဋ္ဌအနက်၊ အကြောင်းတရားတို့သည် မပြုပြင်အပ်သော အသင်္ခတဋ္ဌအနက်၊ စုတေ မနေသေခြင်းမရှိသောအမတဋ္ဌအနက်ဟူ၍ လေးပါးအပြားရှိ၏။

မဂ္ဂသစ္စာ အနက်သည်လည်း ဝဋ်မှ ထွက်မြောက် စေတတ်သော နိယျာနိကဋ္ဌအနက်၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော ဟေတုဋ္ဌအနက်၊ နိဗ္ဗာန်ကို မြင်တတ်သော ဒဿနဋ္ဌအနက်၊ သစ္စာလေးပါးကို မြင်ခြင်း၌ သမ္ပယုတ်တရားတို့ကို အစိုးရသော အဓိပတေယျဋ္ဌအနက်ဟူ၍ လေးပါး အပြားရှိ၏၊ဤသည်လျှင် သစ္စာအနက်တဆယ့်ခြောက်ချက် ဖြစ်သတည်း။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်အထွက်တည်း။

### သစ္စာလေးပါး၌ ဥပမာအားဖြင့်ပြခြင်း

သစ္စာလေးပါးတို့တွင် ဒုက္ခနှင့် သမုဒယသစ္စာနှစ်ပါးသည် ဝဋ္ဋသစ္စာမည်၏၊နိရောဓနှင့် မဂ္ဂသစ္စာနှစ်ပါးသည် ဝိဝဋ္ဋသစ္စာမည်၏၊ သမုဒယနှင့် မဂ္ဂသစ္စာသည် ဟေတုသစ္စာမည်၏၊ဒုက္ခနှင့်နိရောဓသစ္စာသည် ဖလသစ္စာ မည်၏၊ဒုက္ခသစ္စာ သမုဒယသစ္စာ ဤနှစ်ပါးသည် ဉာဏ်ပညာဖြင့် မြင်နိုင်ခဲသောကြောင့် နက်နဲသော သစ္စာမည်၏၊နိရောဓနှင့် မဂ္ဂသစ္စာ နှစ်ပါး

သည် သဘောအားဖြင့် နက်နဲသောကြောင့် မြင်နိုင်ခဲသောသစ္စာမည်၏၊ ထို့ကြောင့် သစ္စဝိဘင်း အဋ္ဌကထာ၌-တတ္ထ ဒွေ သစ္စာနိ ဒုဒ္ဒသတ္တာ ဂမ္ဘီရာနိ၊ ဒွေ ဂမ္ဘီရတ္တာ ဒုဒ္ဒသာနိ-ဟုဘွင့်ပြတော်မူ၏။ တတ္ထ၊ ထိုလေးပါးသောသစ္စာတို့တွင်။ ဒွေ၊နှစ်ပါးကုန်သော။ သစ္စာနိ၊ သစ္စာတို့သည်။ ဒုဒ္ဒသတ္တာ၊ မြင်နိုင် ခဲသောကြောင့်။ ဂမ္ဘီရာနိ၊ နက်နဲခက်ခဲကုန်၏။ ဒွေ၊ နှစ်ပါးကုန်သော။ သစ္စာနိ၊ သစ္စာတို့သည်။ ဂမ္ဘီရတ္တာ၊ နက်နဲလေသောကြောင့်။ဒုဒ္ဒသာနိ၊မြင်နိုင်ခဲကုန်၏တကား။

ဤသို့ပြအပ်ပြီးသော သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာသည် အလွန်လေးလံစွာသော ဝန်ထုပ်ကြီးကဲ့သို့မှတ်အပ်၏၊ သမုဒယသစ္စာသည် လေးလံစွာသော ဝန်ထုပ်ကြီးကို ကိုင်ယူစွဲလန်းခြင်းကဲ့သို့ မှတ်အပ်၏၊ နိရောဓသစ္စာသည်ကား လေးလံစွာသောဝန်ထုပ်ကြီးကို ပစ်ချခြင်းကဲ့သို့ မှတ်အပ်၏၊မဂ္ဂသစ္စာသည်ကား လေးလံစွာသော ဝန်ထုပ်ကြီးကို ပစ်ချခြင်းအလို့ငှာ ကိုင်ယူဘိသကဲ့သို့ မှတ်အပ်၏။

တနည်းကား-ဒုက္ခသစ္စာကို အနာရောဂါ ဝေဒနာကဲ့သို့၊ သမုဒယသစ္စာကို အနာရောဂါဝေဒနာ ဖြစ်ကြောင်းဖြစ်သော မသင့်မတင့်သော ဆေးဝါးအစာအာဟာရကဲ့သို့၊ နိရောဓသစ္စာကို အနာရောဂါ၏ ငြိမ်းခြင်းကဲ့သို့၊ မဂ္ဂသစ္စာကို အနာရောဂါ ဝေဒနာနှင့် သင့်တင့်လျော်ပတ်သော ဆေးဝါးအစာအာဟာရကဲ့သို့ မှတ်အပ်၏။

တနည်းကား-ဒုက္ခသစ္စာကို အစာအာဟာရ ဝတ်မွတ် ခေါင်းပါးဘိသကဲ့သို့၊သမုဒယသစ္စာကို မိုဃ်းခေါင်ခြင်းကဲ့သို့၊ နိရောဓသစ္စာကို အစာအာဟာရဝဖြိုးဘိသကဲ့သို့၊ မဂ္ဂသစ္စာကို မိုဃ်းကောင်းစွာ ရွာသွန်းခြင်းကဲ့သို့ မှတ်အပ်၏။ တနည်း။ ရန်ဖြစ်ခြင်း၊ ရန်သူ၊ ရန်သူ၏အကြွင်းမဲ့ ဖျောက်ရာ၊ ရန်သူ၏ အကြွင်းမဲ့ ဖျောက်ကြောင်း အားဖြင့် ရှုအပ်၏။ တနည်း။ အဆိပ်ရှိသော သစ်ပင်၊ သစ်ပင်၏အမြစ်၊ သစ်ပင်အမြစ်၏ ပြတ်ခြင်း၊ ထိုသစ်ပင်အမြစ်၏ ပြတ်ကြောင်းအားဖြင့်ရှုအပ်၏။ တနည်း။ ဘေးဖြစ်ခြင်း၊ ဘေးဖြစ်ခြင်း၏အကြောင်း၊ ဘေးမရှိခြင်း၊ ဘေးမရှိခြင်း၏ အကြောင်းအားဖြင့်ရှုအပ်၏။ တနည်း။ ဒုက္ခသစ္စာကိုဤမှာဘက်ကမ်းသို့၊ သမုဒယသစ္စာကို မြစ်ကြီးကဲ့သို့၊ နိရောဓသစ္စာကို ထိုမှာဘက်ကမ်းကဲ့သို့၊ မဂ္ဂသစ္စာကို ထိုမှာဘက်ကမ်းသို့ ရောက်စေတတ်သော လှံ့လဝီရိယကဲ့သို့ ရှုအပ်၏၊ဤသည်လျှင် သစ္စာလေးပါး၌ ဥပမာအားဖြင့်ပြခြင်းတည်း။

## ဝဋ်ချုပ်ငြိမ်းရာ အမြတ်တရားတော်

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာဝါ အသင်္ခတာဝါ။
ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ။

ဘိက္ခဝေ၊ သံသရာဝဋ်တွင်းမှ လွတ်ကင်းလိုပြား အိုချစ်သား ချစ်သမီးတို့။ ယာဝတာ-ယတ္တကာ၊ အကြင်မျှလောက်သော။ သင်္ခတာ၊ကံ-စိတ်-ဥတု-အာဟာရတည်းဟူသော အကြောင်းတရား တို့သည် အညီအညွတ်ပြုပြင်စီရင်အပ်ကုန်သော။ ဓမ္မာဝါ၊ ပရမတ္ထတရားတို့သည်ငှင်း။ အသင်္ခတာ၊ ကံ-စိတ်-ဥတု-အာဟာရတည်းဟူသော အကြောင်းတရားတို့သည် အညီအညွတ် မပြုပြင် မစီရင်အပ်ကုန်သော။ ဓမ္မာဝါ၊ ပရမတ္ထတရားတို့သည်ငှင်း။ အတ္ထိသန္တိ၊ ထင်ထင်ရှားရှား ရှိလေကုန်၏။ တေသံဓမ္မာနံ၊ ထိုသင်္ခတ-အသင်္ခတတရားတို့တွင်။ယဒိဒံ-ယောအယံ ဝိရာဂေါ၊ဤရာဂ၏ ကင်းရာကင်းကြောင်း ချုပ်ရာချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်တရားသည်။ အတ္ထိ၊ ရှိ၏။ အယံဝိရာဂေါ၊ ဤရာဂ၏ ကင်းရာကင်းကြောင်း ချုပ်ရာ ချုပ်ကြောင်း ဖြစ်သော နိဗ္ဗာန်တရားကို။ အဂ္ဂံ-အဂ္ဂေါတိ၊ အမြတ်ဆုံး အထွဋ်ဆုံး အထိပ်အထက်ဆုံးဟူ၍။ အက္ခာယတိ၊သင်တို့ဆရာ ငါဘုရား ဟောကြားတော်မူလေတော့သတည်း။

ပဒမစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။
နိဗ္ဗာနမိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။

အစ္စုတံ၊ သင်္ခါရွေကင်း ရှင်းလင်း ခြင်းကြောင့် ရွေ့လျောခြင်း ပြောင်းရွှေ့ခြင်းလည်း မရှိပေထသော။ အစ္စန္တံ၊ လူ့ခန္ဓာကိုယ် ထိုထို ရောက်ခါ ပေါ်ပေါက်လာဘိ စုတိဟုဆိုအပ်သော အဆုံးကို လွန်ထသော။အသင်္ခတံ၊ဘေးပေါင်းဝေးရှား ကြောင်းလေးပါးတို့ အနှာမငင် မပြုပြင်အပ်သော။ အနုတ္တရံ၊ လောကသုံးခွင် ဘုံအပြင်ဝယ် တုမထင်သော ဘုရားရှင်တို့မှ မတုဘက်နိုင်သည် ဖြစ်၍ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ထက်လွန်သော တစုံတခုသော တရားမရှိပေထသော။ ပဒံ၊သံသရာဝဋ် ကျော့ကွင်းညွှတ်မှ လွတ်ရာလွတ်ကြောင်း တရားကောင်းကို။ နိဗ္ဗာနမိတိ၊ အကြောင်းတွေးမှိ ပေါင်းလေးလီတို့ မတည်မကာဝ် နိဿရဓာတ် နိဗ္ဗာန်မြတ်ကြီးဟူ၍။ ဝါနမုတ္တာ၊ ဇာတိမကင်း ဗျာမိညှဉ်း၍ ပူပြင်းပါလှ ဝါနဟု ဆိုအပ်သော တဏှာမှလွတ်တော်မူကုန်သော။ မဟေသယော၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီးလေ့ ရှိကုန်သော

မြတ်စွာဘုရား သခင်တို့သည်။ ဘာသန္တိ၊ တိက္ခဉာဏ်သွား ဝေနေမျှားတို့ စိတ်ထားရည်ရော် ဟောတော်မူကြလေသတည်း။

## အပူကင်းဝေး အအေးနိဗ္ဗာန်တရားတော်

ဉဏှာဉဏှံ နိဗ္ဗာပေယျ၊ သီတသီတလ ဝါရိနာ။
အန္တအန္တော နိဗ္ဗာပေန္တော၊ သန္တသန္တံ့ လဘိဿတေ။

ဘောန္တောသပ္ပုရိသာ၊ မင်္ဂဖိုလ်နိဗ္ဗာန်လိုလား အိုတရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့။ နိဗ္ဗာပေန္တော၊ တရှိန်ရှိန်တပြောင်ပြောင် တောက်လောင်ပူဆွေး တွင်းမီးဘေးကို ငြိမ်းစေကြောင်း နည်းကောင်း ရှာမှီးတဲ့ အမျိုးကောင်းသားသမီးသည်။ ဉဏှာဉဏှံ၊ မီးပူနေပူ လေရေပူနှင့် သဲပူသံပူ မကပူ၍ တပူပူတဝင်းဝင်း တလင်းလင်း တထိန်ထိန် တရှိန်ရှိန် တပြောင်ပြောင် တောက်လောင် ပူပြင်းလှစွာသော။ အန္တ အန္တော၊ ရင်တွင်းဟဒယ စွဲမှီရ၍ လောင်ကြဟုန်းဟုန်း အတွင်းကျ ဆုံးလည်းဖြစ်ပေထသော။ အန္တောဉဏှံ၊ သမီးသားရေး စီးပွားရေးနှင့် မင်းရေးစိုးတာ များပြားစွာတည့် ဗျာပါဒွားကြောင်း တရားပေါင်းတို့ နိုအောင်းကြာရှည် လောင်စွဲတည်သည့် ကိလေသာဟူသော အတွင်းမီး ပူကို။သီတသီတလဝါရိနာ၊ ယမုံသီတာနေဒဗ္ဗာနှင့် နံ့သာစန္ဒကူးရောင် စုံကြူးလျက် ကွန့်မြူးတင့်ဆန်း သော်တာစန်းမျှ မကကြည်လင် ရေစင် ရေသောဘွယ်ဖြစ်ပေထသော။ အန္တအန္တော၊ ရင်တွင်းဟဒယ စွဲမှီရ၍ အေးကြသိမ်းကြိုး အတွင်းအကျဆုံးလည်း ဖြစ်ပေထသော။ အန္တော ဝါရိနာ၊ ပူသမျှ လောင်သမျှ မီးသောကကို မကျမရောက်အောင် တပေါက်တစက် ဆွတ်ဖျန်းပက်ကာ မထွက်ခိုးရှိန် အပူနှိမ်၍ အေးငြိမ် စေတတ် အေးစေတတ်သည့် တွင်းခါတ်မှီအောင်း တရားတည်းဟူသော ရေစင်ကောင်းဖြင့်။ ,နိဗ္ဗာပေယျ၊ နေ့ညမရွေး ဖျန်းပက်ပေး၍ ကင်းဝေး ပူဆာ ငြိမ်းအေးရာ၏။ နိဗ္ဗာပေန္တော၊ အပူမီးလုံး ပူတုံးပူခဲ နှလုံးစွဲ၍ အသဲကျက်ကြွေ လောင်ကျွမ်းစေသည့် ကိလေသာဟူ တွင်းမီးပူကို လွယ်ကူခဏ ဆွတ်ဖျန်းငြိမ်းအေးစေနိုင်ထသော။ ကုလပုတ္တော၊ နာယူ ကျက်မှတ်ရွတ်အဘတ်နှင့် မပြတ်နေ့စဉ် တရားယှဉ်လျက် နေ့စဉ်ရှာမှီး အမျိုးကောင်း သားသမီးသည်။ သန္တသန္တံ၊ အေးပေါင်းငြိမ်းပေါင်း အေးငြိမ်း ပေါင်းထက် ထောင်သောင်းမက သာလွန် ငြိမ်းအေးလှ ပေသော။ သန္တံ၊ အေးရာငြိမ်းရာ အေးငြိမ်းရာမှန် အေးနိဗ္ဗာန်ကို။

လဘိသာတော၊ ရေစင်ဖျန်းကာ အေးငြိမ်းစွာနှင့် အေးရာကျင့်ကြံ အေးပွဲ ခံ၍ ကေန်အေးမြ အေးရပေလတ္တံ့သတည်း။

**အသင်္ခတဓာတ်တရားမြတ်၌ မှတ်သားဘွယ် အလင်္ကာတရားတော်**

နိဗ္ဗာန်ခေမာ ရွှေပြည်သာက ရောင်ဝါမဖြူ မိုက်မှောင်ထူ၍ အယူ မှောက်မှား ကျင့်ပျက်ပြားသည် ဘုရားမလို မှောင်ရိပ်ခိုသား တိမ်ကြို လကြား ပုဂ္ဂိုလ်များတို့ ဉာဏ်သွားလွဲချော် ခွင့်မလျော်၍ မတော်မမှန် မလျော်ကန်ဘဲ ဘောက်ပြန်ယွင်းချွတ် မှတ်ယူအပ်သည့် ပညတ်ဓမ္မ အဘာဝသာ မဟုတ်ပါခဲ့ ပညာလျှံလူး ဉာဏ်ရောင်မြူးသည့် ယထာဘူတံ မဘောက်ပြန်ဘဲ ဟုတ်မှန်တိုင်းဆို ကျမ်းအလိုက မာန်ကြိုးစက်ပုံ ဖိုလ်မင်္ဂဉာဏ်ဖြင့် ရောင်လျှံဝင်းပုံ ယူရန်အာရုံ ဘေးမျိုးလုံသည့် သုံးဘုံ အထက် ကျော်ဇွမ်းတက်သား ဘဝဂ်လွှမ်းမိုး ရန်ပေါင်းချိုးသည့် ညစ်မျိုး မဆန် တန်ခိုးထန်လျက် ရောင်လျှံကြေည် မြတ်မြိုက်ရည်သာ မီးဝေး ကွာ၍ ငြိမ်းရာအမှန် ကေန်ကေ မွန်မြတ်လှသည့် မုချဆတ်ဆတ် ဘိုးထိုက် မြတ်သား ပရမတ်တရား မြတ်ပတ္တမြားလျှင် တရားမွန်ရည် နိဗ္ဗာန် မည်သည် ရွှေပြည်အမတ ဘုံနန်းတည်း။

**တနည်းမှတ်သားဘွယ် နိဗ္ဗာန်တရားအလင်္ကာ**

ရွှေပြည်နိဗ္ဗာန် ရိပ်ပြတာန်ကို စိတ်သန်ရည်ရွယ် ဘေးသွယ်သွယ်တို့ ဝေးကွယ်ကင်းပ အမတဟု ပြည်မသာခေါင် ဘေးမဲ့ ဘောင်တွင် အရောင်လျှံဝေ ဉာဏ်အခြေဖြင့် သန္တေကင်းဘုံ ဇာတိမြို့သည့် ရွှေဘုံ သာကျော် မြနန်းတော်ဝယ် ပျော်ပျော်ရွှင်မွေ့ ဘေးမတွေ့ဘဲ ချေမြွစရာ ပြည်ခေမာဟု တခါရောက်က တခေါက်မပြန် ငြိမ်းရာမှန်သည့် နိဗ္ဗာန် ရွှေမြို့ ရောက်အောင်ကို....ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြရလေတော့ သတည်း။

**ပုထုဇဉ်လူပြိန်းတို့သည်နိဗ္ဗာန်ကိုမိမိအနားတွင် ကပ်ရှိလျက်နှင့် မသိမမြင်နိုင်ပုံတရားတော်**

သန္တိကေ နဝိဇာနန္တိ၊ မဂ္ဂါ ဓမ္မသာ အကောဝိဒါ-ဟု ဟောတော် မူ၏။ ဓမ္မသာ၊ အဟုတ်ရှိတကယ်ရှိ ပရမတ္ထတရား၌။ ဝါ၊ သစ္စာတရား၌။ အကောဝိဒါ၊ မသိမသိမ္မာကုန်သော။ မဂ္ဂါ၊ ပုထုဇဉ်လူပြိန်းတို့သည်။ နိဗ္ဗာန်၊ နိဗ္ဗာန်တရားတော်မြတ်ကြီးကို။ သန္တိကေ၊ အနီး အနားတွင် နီးကပ်စွာ ရှိလျက်နှင့်။ နဝိဇာနန္တိ၊ မသိမမြင်နိုင်ကြ လေကုန်တော့ သတည်း။

ကာမန္တန္ဒာ နပဿန္တိ၊ နိဗ္ဗာနံ တံ ကာမန္တရေ။
ပဿန္တည္တိ ဂတော အန္တံ၊ တသ္မာ ဆန္ဒံ ဝိကောပယေ။

ဟုဟောတော်မူ၏။ ကာမန္တန္ဒာ၊ ဝတ္ထုကာမဂုဏ် ကိလေသာကာမဂုဏ် တို့သည် ကွယ်ကာ ဖုံးထားအပ်သည်ဖြစ်၍။ ဝါ၊ ကွယ်ကာဖုံးထား အပ်သောကြောင့်။ ကာမန္တရေ၊ ကာမဂုဏ်တို့၏ အကြားအလယ်၌။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားတော်မြတ်ကြီးကို။ နပဿန္တိ၊ မမြင်နိုင်မတွေ့နိုင် ကြကုန်။ ဟိ၊ မလွဲကေန် အကယ်မှန်သဖြင့်။ တံ၊ ထိုကာမဂုဏ်တို့၏ အကြား အလယ်ကိုယ့်အနားတွင် ကပ်လျက်ရှိသော နိဗ္ဗာန်တရား တော်မြတ်ကြီးကို။ ပဿံ-ပဿန္တော၊ တွေ့မြင်သောသူသည်။ အန္တံ၊ ဆင်းရဲကင်းတို့ ချမ်းသာဘို့ရန် အားထုတ်ရသောအလုံးစုံသောကိစ္စတို့၏ အဆုံးသို့။ ဂတော၊ စင်စစ်ကေန် အမှန်ရောက်ရလေ၏။ တသ္မာ၊ ထို့ကြောင့်။ ဆန္ဒံ၊ ဝတ္ထုကိလေသာ ကာမဂုဏ်အဖုံးကို။ ဝိကောပယေ၊ ဘယ်လိုမှ ညက်မကစားနှင့်တော့ အမှန်အားဖြင့် ဖျက်ဆီးရလေတော့ သတည်း။

### ပရမတ်လေးပါးအကျဉ်းသံပေါက်

၁-မဘောက်မပြန်မြတ်၊ သဘောရပ်၊ ပရမတ်တပါးပင်။ ၂-အနိစ္စ ပရမတ်၊ ရွှေသုံးရပ်၊ နိစ္စနိဗ္ဗာန်ပင်။ ၃-ကေန်အနေကန်၊ ဤနှစ်တန်၊ အမှန်ခွဲအပ်ရှင်။ ၄-နိဿယ-နိဿိတ၊ ဝိမုတ္တ၊ သုံးဝတနည်းပင်။ ၅-စိတ် စေတသိက်၊ ရူပနိဗ်၊ ကွက်စိတ်လေးဝပင်။ ၆-စကားတရပ်၊ ဤသည်မှတ်၊ အဆုံးသတ်လိုက်ပြီ။

### သင်္ဂြိုဟ်ကျမ်းလာ နိဗ္ဗာန်ငါးပါး သံပေါက်ကိုပြဆိုခြင်း

၁-သဉပါဒိသေသံ၊ မြတ်နိဗ္ဗာန်၊ တည်ရန် အကြွင်းမရှိ။ ၂-အနုပါဒိ သေသံ၊ မြတ်နိဗ္ဗာန်၊ တည်ရန် အကြွင်းမရှိ။ ၃-သုညတမှန်၊ မြတ်နိဗ္ဗာန်၊ ပူပန်ကင်းကွာဘိ။ ၄-အနိမိတ္တမှန်၊ မြတ်နိဗ္ဗာန်၊ ဘေးရန် ကင်းကွာဘိ။ ၅-အပ္ပဏိဟိတမှန်၊ မြတ်နိဗ္ဗာန်၊ တောင့်တရန်မရှိ။

### တနည်း နိဗ္ဗာန်ငါးပါးသံပေါက်

၁-ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်း ပြည်နိဗ္ဗာန်။ ၂-တဏှာ ခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်း ပြည်နိဗ္ဗာန်။ ၃-ဇာတိခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်း ပြည်နိဗ္ဗာန်။ ၄-ကိလေ ခပ်သိမ်း၊ ချုပ် ပြတ်ငြိမ်း၊ ဇာတ်သိမ်းပြည်နိဗ္ဗာန်။ ၅-ရုပ်နာမ်ခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်း ပြည်နိဗ္ဗာန်။ ၆-ဤသည်အဆုံး၊ ကမ္မတ်ဖုံး၊ နိဂုံးသတ်လိုက်ပြီ။

### ဝိပဿနာအလုပ်ကို အားထုတ်၍ နေကြသော သူတို့သည် မဂ်ဖိုလ်နိဗ္ဗာန်လမ်းခရီးသို့ နေ့စဉ်လျှောက်သွား၍ နေကြသော မဂ္ဂင်လမ်းပျော် တရားတော်

ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊ ဝိပဿနာအယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ-ဟူ၍ သံယုတ် ပါဠိတော်၌ ဟောကြားတော်မူ၏။ ဘိက္ခဝေ၊ သံသရာဝဋ်တွင်းမှ လွတ်ကင်းလိုကြသော အို-ချစ်သား, ချစ်သမီးတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ မဂ် ဖိုလ် နိဗ္ဗာန် လမ်းသို့ ဖြောင့်တန်းစွာ ရောက်ကြောင်း ဖြစ်သော လမ်းခရီးသည်။ ကတမောစ၊ အဘယ်နည်း။ ဝိပဿနာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာ အားဖြင့် ကောင်းစွာ ထင်မြင်အောင် ရှုကြည့်မှု ယူသော ဝိပဿနာပေတည်း။ ဘိက္ခဝေ၊သံသရာဝဋ်တွင်းမှ လွတ်ကင်းလိုကြသော အို-ချစ်သား,ချစ်သမီးတို့။ အယံ၊ဤဝိပဿနာဉာဏ်ပညာကို။ အသင်္ခတဂါမိမဂ္ဂေါ၊ မဂ်ဖိုလ်နိဗ္ဗာန်လမ်းသို့ ဖြောင့်တန်းစွာ ရောက်ကြောင်းဖြစ်သော လမ်းခရီးဟူ၍။ ဝုစ္စတိ၊ သင်တို့ဆရာ ငါဘုရားသည် ဟောကြားတော်မူအပ်၏။

ဤသို့ ရေးသား ပြဆိုအပ်ခဲ့ပြီးသော နည်းအစဉ်ဖြင့် မိန်းပွတ်သမားသည် သဲသဲမဲမဲစွဲမှ တန်ဘိ တော်ဘိသကဲ့သို့ ထို့အတူ သမထဝိပဿနာ သုံးသပ်ခြင်း သမ္မသနဉာဏ်သို့ရောက်အောင် နေ့ညမယုတ် အားထုတ်ရာ၏။ထိုသို့အားထုတ်သည်ရှိသော် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါး၌ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲဖြစ်သော ခန္ဓာငါးပါးတို့၏ ပျက်ပြီး ပျက်လတ္တံ့ ပျက်ဆဲဖြစ်သော အနိစ္စလက္ခဏာ၊ ဆင်းရဲပြီး ဆင်းရဲလတ္တံ့ ဆင်းရဲဆဲဖြစ်သော ဒုက္ခလက္ခဏာ၊ ကိုယ်မဟုတ်ပြီး ကိုယ်မဟုတ်လတ္တံ့ ကိုယ်မဟုတ်ဆဲ ဖြစ်သော အနတ္တလက္ခဏာသည် ကောင်းစွာ ထင်လာမြင်လာကုန်၏ ဟူလို။

### အချုပ်သံပေါက် တရားတော်

၁-ဖြစ်ပျက်အစဉ်ရှိ၊ သင်္ခတိ၊ ပယ်ခွါဘိအနိစ္စထင်။ ၂-လေးဇာရိယာပုထ်၊ ပယ်ခွါနှုတ်၊ အဟုတ်ဒုက္ခထင်။ ၃-အဆိုင်မပျက်၊ တခဲနက်၊ ခွဲခြမ်းထွက် အနတ္တထင်။ ၄-လျှပ်စစ်ပမာ၊ ကိုယ်ခန္ဓာ၊ အနိစ္စရှုဆင်ခြင်။ ၅-ရှားမီးပုံကျ၊ ကိုယ်ကာယ၊ ဒုက္ခရှုဆင်ခြင်။ ၆-ကမ္ဘာ့လေတိုက်စွ၊ ကိုယ်အတ္တ၊ အနတ္တရှုဆင်ခြင်။ ၇-ဒိဋ္ဌိကင်းကွာ၊ နေသောခါ၊ သောတာ ရှုဉ်သာ။ ၈-သောတာရှုဉ်၊ ဖြစ်လေက၊ မကျအပါယ်ရွာ။ ၉-နာမ်ရုပ်

တည်တည့်၊ မြင်အောင်ကြည့်၊ စင်စစ်ဒိဋ္ဌိကွာ။ ၁၀–နာမ်ရုပ် အကြောင်း သိမ်းနိုင်က၊ ကေန်ဝိစိကွာ။ ၁၁–ဒိဋ္ဌိဝိစိ၊ ပယ်နိုင်တိ၊ ဖြစ်၏သောတာပန်။ ၁၂–သမ္မသန၊ ရင့်လေက၊ မုချရောက်မည်သာ။ ၁၃–မဂ်ဖိုလ်နိဗ္ဗာန်တရား၊ လိုသူများ၊ ကြိုးစားကြလေပါ။ ၁၄–နားမလည်သေး၊ ပြန်၍မေး၊ ကျင့်ရေး အလွယ်သာ။ ၁၅–ကွမ်တုံသခင်၊ ထေရ်အရှင်၊ သွန်သင် ညွှန်ပြတာ။ ၁၆–နောင်လာနောက်သား၊ လူအများ၊ သတိထား၊ မှတ်သားကြီစည်ရာ။ ၁၇–လင်္ကာအချုပ်၊ စကားထုတ်၊ ဤတွင်ပြီးဆုံး နိဋ္ဌိတာ။

## သူငါမရှိ ရုပ်နာမ်ရှိ သိမြင်နိုင်က နိဗ္ဗာန်ရပုံ

သူမရှိ ငါမရှိ မြင်ရာနာမ်ရုပ်ရှိ၊ သူမဟုတ် ငါမဟုတ် မြင်ရာ နာမ်ရုပ် ဟုတ်၊ မရှိတာအသာနေ၊ ရှိတာကိုရှာလေ၊ စက္ခုန္ဒြေငြိမ်ပါစေ၊ အဲဒါမှ ဒုက္ခအရှိန်သေ၊မရှိတာကိုလဲ မရိုတ်မိ၊ရှိတာကိုလဲ ဘိတ်မသိ၊အရှူးအသွင် ပုထုဇဉ်၊နေ့စဉ်အမျှ၊ ရူးလုံးထ၊ရှက်လဲမရှက်ကြ၊ပရမတ်ဆိုတာ အဟုတ်ရှိ၊ ပညတ်ဆိုတာ သမုတိ၊ မသိမမြင်၊ဒိဋ္ဌိစင်၊ ချိန်ခွင်ပမာဏ၊ဘောင်ခွင်ကျ၊ တာမှနိဗ္ဗာန်ရ–နိဗ္ဗာန်ရ။ (အထူးမှတ်ချက်ကား) လူရှိကအိမ်ရှိ၊အိမ်ရှိက ရွာရှိသကဲ့သို့ အားထုတ်မှုရှိက ထင်မြင်မှုဖြစ်မှုရှိ၏။ ထင်မြင်မှု ဖြစ်မှုရှိက မဂ်ဆိုက်မှု ဖိုလ်ဆိုက်မှု နိဗ္ဗာန်ဆိုက်မှုရှိ၏၊ထို့ကြောင့် ထိုမဂ်ဆိုက်ကြောင်း ဖိုလ်ဆိုက်ကြောင်း နိဗ္ဗာန်ဆိုက်ကြောင်း ဖြစ်သော ဝိပဿနာတရားကို ကြပ်ကြပ်ကြီး ကြိုးကြိုး စားစား ဘိဘိ စီးစီး အားထုတ် လိုက်ကြပါ သူတော်ကောင်း သူမြတ်လောင်း အပေါင်းတို့။

ငါတလုံးနှယ် အနှန်းငယ်ကျယ်သည် သုံးသွယ်မြို့သိုက် ဘုံတတိုက် မှာ၊ တုန်ရိုက်ကယ်ဆူညံ၊ မြူမချန် ပူလျှံတောက်ညီး၊အမြဲစုတေ မစဲချွေ အသေမီးတဲ့လေး။

ထုံဂနိုင်ငယ် စုံမြိုင်ရွက်စိပ်၊ လူမသန်းတဲ့ ဂူနန်းရိပ်မှာ စိတ်တဖြူဖြူ နိမိတ်ယူလို နိဗ္ဗူပရမေအမြန်တွေ့ရအောင် စျာန်လှေ့ကာ မနေစမ်းလေရ၊ ညစ်ငြိမ်းတဲ့ ဝသီတော်ကို မကြည်ပြီနော် ကြာလေမုန်းလှပေါ့၊ဆုံးမမြင် သုံးခွင်ဘုံထုက ကျယ်သနှင့်။ (လယ်တီ)။

သန်းခေါင် လက္ခယ် တောအုပ်လယ်၌ ရှစ်နယ်ပတ်ကုံး အပြည့် ဖုံးသည် မိုဃ်းလုံးတိမ်တိုက် လျှပ်မကြိုက်သား အမိုက်အပြား အင် လေးပါးထက် နင်ကားရာထောင် မကမှောင်၏။

အဏ္ဏဝါအိုင် ဒီရေဆိုင်မှ ထွက်နိုင်ပါဘဲ တဝဲဝဲဖြင့် သဲသဲတုန်ခိုက် တဟိုက်ဟိုက်နှင့် နွမ်းဟိုက်ယိရှား အိုလူများတို့၊ ငါးပါးကာမာ လူချမ်း

သာကို တွယ်တာနှစ်သက် ယင်းအချက်ကြောင့် ဝဋ်စက်ဂနိုင် လွတ်ထွက်နိုင်ဘဲ ခုတိုင်စုံမျော တသောသောတည့် ရှင်စောမြတ်ဖျား ဟောမိန့်ထားသည့် တရားထွေထွေ သင့်ရာဖွေ၍ မြှိုင်ခြေသာခမ်း ရေကြည်စမ်းနှင့် ဂူနန်းကိုပျော် ရှေးသူတော်တို့ အဟော်နိသျှည်း စိတ်ပုတီးနှင့် ရိပ်ကြီးမှာခို ဝဋ်မီးငြိမ်းသည့် လူလိုကျင့်မှ မဂ်ဖိုလ်နိဗ္ဗာန် ရောက်မည်ကေန် ချမ်းသာမြေ ရကြလေတော့သတည်း။

**အရိယာဝိဇ္ဇာဖြစ်နည်း ၅-မျိုး ၆-မျိုး**

၁။ လက္ခဏာသုံးပါးဟူသော ဝိပဿနာတရားသက်သက် တနည်း။
၂။ သမထစျာန်နှင့် ဝိပဿနာဉာဏ် နှစ်ပါးကို ပြသော တနည်း။
၃။ မဂ္ဂင်ရှစ်ပါးလမ်းနှင့် အရိယာဝိဇ္ဇာဖြစ်နည်း တနည်း။
၄။ သီလ သမာဓိ ပညာနှင့် အရိယာ ဝိဇ္ဇာဖြစ်နည်း တနည်း။
၅။ သတိပဋ္ဌာန် နည်းဖြင့် အရိယာဝိဇ္ဇာ ဖြစ်နည်း တနည်း။
၆။ သစ္စာလေးပါးနည်းဖြင့် အရိယာဝိဇ္ဇာ ဖြစ်နည်း။
ပေါင်းခြောက်နည်းရှိ၏။

**သံဝေဂလေးဆစ်သဖြန်**

အနိစ္စ စိတ်ကရယ်တဲ့ မထင်လို၊ ဩော်ဒုက္ခမီးရယ်လို့ နှုတ်ကပင်ယောင်လို့ ငြီးသော်လဲ၊ လူ့စည်းစိမ် စိန်ရွှေငွေရတနာနှင့်၊ ဘမရာဇမ္ဗူဒါတွေတွေးလိုက်ပြန်တော့၊ အေးတော့မလို၊ အနတ္တကိုဘဲ ပါးစပ်ကသာဆို ကိုယ့်ကိုနှင့်ပါတကား၊ ထင်ချက်ကယ်ကွာ တင်လက္ခဏာနှင့်၊ ယာဉ်စကြာဘယ်လိုသုံးသော်လည်း၊ ဝဋ်ဘောင် လွတ်အောင်ရုန်းနိုင်ဘူး-ကွယ်၊ မြှုံးမိတဲ့ငါး-မြှုံးမိတဲ့ငါး။

**သံသရာဝဋ်လည်ဟန်ဂါထာပြခြင်း**

ပဋိသန္ဓိ ဘဝင်္ဂဝီထိယော၊ စုတိစေဟ တထာ ဘဝန္တရေ။
ပုနသန္ဓိ ဘဝင်္ဂမိစ္စယံ၊ ပရိဝတ္တတိ စိတ္တသန္တတိ။ (သင်္ဂဟအဋ္ဌကထာ)

ဣဟ၊ ပစ္စုပ္ပန်မည်စွ-ဤယခုဘဝ၌။ ပဋိသန္ဓိစ၊ ဘဝနှစ်ရပ်ပေါင်းစပ်တတ်ငြား ပဋိသန္ဓေတရားသည်၎င်း။ ဘဝင်္ဂဝီထိယောစ၊ တသွင်သွင်စီးဘိ ဘဝင်ဝိထိသည်၎င်း။ စုတိစ၊ ရွေ့လျောပြတ်ဘိ စုတိတရားသည်၎င်း။ ဣတိ၊ ဤသို့။ အယံစိတ္တသန္တတိ၊ မပြတ်အလျင် ဤစိတ်အစဉ်သည်။ ပရိဝတ္တတိ ယထာ၊ ချားရဟတ်ပမာ မပြတ်လှည့်လည်ရှာ သကဲ့သို့။ တထာ၊ ထို့အတူ။ ဘဝန္တရေ၊ နောင်အနာဂတ်ဖြစ်ငြား ဘဝတပါး၌။ ပုန၊ တခါတုံ့ပြန် နောင်တဘန်မှာ။ ပဋိသန္ဓိစ၊ ပဋိသန္ဓေတရားသည်၎င်း။

ဘဝင်္ဂဝီထိယောစ၊ ဘဝင်ဝီထိတို့သည်ငှင်း။ စုတိစ၊ စုတိသည်ငှင်း။ ဣတိ၊ ဤသို့။ အယံစိတ္တသန္တတိ၊ ဤစိတ်အစဉ်သည်။ ယာဝဝဋ္ဋမူလသမုစ္ဆေဒါ၊ အဝိဇ္ဇာနှင့် ဘဝတဏှာနှစ်ဖြာမူလ ဝဋ်မြစ်မ၏ မုချဆတ်ဆတ် ချုပ်ပြတ်ကြသည့်တိုင်အောင်။ ပရိဝတ္တတိ၊ မနားမရပ် ချား့ရဟတ်သို့ မပြတ်မှန်စွာ လှည့်လည်ရှာရလေတော့သတည်း။

**သံသရာဝဋ်မြစ်ဖြတ်ဟန်ဂါထာကိုပြခြင်း**

ပဋိသမ္ဘိဒါယ ပနေတ မဒ္ဓုဝံ၊ အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ။

သုသမုစ္ဆိန္န သိနေဟ ဗန္ဓနာ၊ သမမေဿန္တိ စိရာယ သုဗ္ဗတာ။

(သင်္ဂဟ အဋ္ဌကထာပါဠိ)။ ဗုဓာ၊ လောကုတ္တရာကိုးတန် တရားမှန်ကို ကေန်သိလိုငြား ပညာရှိအများတို့သည်။ အဒ္ဓုဝံ၊ တခဏမျှတည်မရဘဲ တဖွဲဖွဲပျက် ဖောက်ပြန်ချက်ကြောင့် မပျက်မှန်စွာ မြဲမြံသဘော မရှိပါသော။ တံဝဋ္ဋဓမ္မံ၊ ခါခါမပြတ် ချာချာပတ်သော ရဟတ်စက်ပမာ ဆက်စပ်ခါဖြင့် မြန်စွာဖြစ်တတ် ဤပဋိစ္စသမုပ္ပါဒ် တည်းဟူသော ဝဋ်သံသရာ တရားကို။ ပဋိသမ္ဘိဒါယ၊ ဉာဏ်ပညာဝင် သတိယှဉ်သဖြင့် အဘန်ဘန်ရှုဆင်ခြင်၍။ စိရာယ-စိရကာလံ၊ တာရှည်နေ့ညဉ့် ကြာမြင့်လှစွာ ကာလပတ်လုံး။ သုဗ္ဗတာ၊ ဝိဝဋ္ဋမှန် ကောင်းမှုကံဖြင့် ပြုရန်အားထုတ် ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို သိမ်းရုံးစောင့်လင့် သင့်တင့်ကောင်းမြတ် အကျင့်ပဋိပတ်ရှိကြကုန်သည်ဖြစ်၍။ အစ္စုတံ၊ ပျက်စီးခြင်းကင်း မြဲမြံခြင်းကြောင့် မယွင်းမုချ နိစ္စကေန် အမှန်ဓုဝ ရွေ့လျောခြင်းမရှိပေထသော။ ပဒံ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ တည်းခိုရာမှန် မြတ်နိဗ္ဗာန်ကို။ အဓိဂန္တွာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဤရှစ်တန်ဖြင့် ကေန်တိတိ မျက်မှောက်ပြုဘိကုန်သည်ဖြစ်၍။သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ အတိတဏှာ လွန်ကြီးစွာဖြင့် ခါခါရစ်ပတ် ကာမဓာတ်ကြောင့် မပြတ်ချစ်ခြင်း နှောင်ဖွဲ့ခြင်းကို မကြွင်းမကျန် ရွှေမဂ်ဉာဏ်ဖြင့် ကေန် ဆတ်ဆတ်သတ်ဖြတ်အပ်ကုန်သည်ဖြစ်၍။ သမံ၊ တထောင့်ငါးရာ ကိလေသာမှန် လုံးစုံရန်၏ မလှန်နိုင်လစ် ငြိမ်းရာဖြစ်ပြီး ရန်အောင်မည်သော နိဗ္ဗာန်ရွှေမြို့တော်ကြီးသို့။ ဧဿန္တိ-ပါပုဏိဿန္တိ၊ မကွေ့မကောက် လျင်မြန်စွာ ရောက်ကြကုန်လတ္တံ့သတည်း။

**ဝဋ်သုံးပါးကိုပြဆိုခြင်း**

ဝဋ်သုံးပါးဟူသည် သင်္ခါရ ကမ္မ ဘဝဟူသော ကမ္မဝဋ်တပါး၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော ကိလေသဝဋ်တပါး၊ ဝိညာဉ်နာမ်ရုပ် သဠာ

ယတန ဖဿ ဝေဒနာ ဥပပတ္တိဘဝ ဇာတိဇရာမရဏဟူသော ဝိပါက ဝဋ်တပါး ပေါင်းသုံးပါးတည်း။

၎င်းသုံးပါးတို့သည်ကား အချင်းချင်းစပ်၍ အထပ်ထပ်လည်တတ်သောကြောင့် ဝဋ္ဋမည်၏ဟု မှတ်အပ်တော့သည်၊ ထို့ကြောင့်သာရတ္ထဒီပနီ ဝိနည်းဋီကာတို့၌ အညမညံ့ သမ္ဗန္ဓံ ဟုတွာ ပုနပ္ပုနံ ပရိဝတ္တနဋ္ဌေန ဝဋ္ဋံ-ဟုဘွင့်ပြ၏။ အညမညံသမ္ဗန္ဓံ၊ အချင်းချင်းစပ်သည်။ ဟုတွာ၊ ဖြစ်၍။ ပုနပ္ပုနံ၊ အဘန်ဘန်အထပ်ထပ်။ ပရိဝတ္တနဋ္ဌေန၊ လည်တတ်သော အနက်ကြောင့်။ ဝဋ္ဋံ၊ ဝဋ်မည်၏။ ကိလေသာကြောင့် ကမ္မဝဋ်ဖြစ်ရသည်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်ရတော့သည်၊ ထိုသုံးပါးတို့တွင် အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော ကိလေသဝဋ်သည်သာလျှင် တေဘုမ္မက သံသရာဝယ် ကျင်လည်ရခြင်းအကြောင်း အမြစ်အရင်း မူလပဓာန ပြဋ္ဌာန်းသောတရားဟု မှတ်သား သိမြင်အပ်တော့သည်၊ ဤသို့ပြဋ္ဌာန်းသော ကိလေသာဝဋ်ကြောင့်သာလျှင် တေဘုမ္မက သံသရာဝယ် လူနတ်စသော ခန္ဓာကို ဖြစ်စေတတ်သော ကမ္မဝဋ်သည် လူနတ်ခန္ဓာတည်းဟူသော ဝိပါကဝဋ် မချွတ်မုချ ကေန်ပင်ဖြစ်စေရတော့သည်၊ ထို့ကြောင့် နေတ္တိ ပါဠိတော် နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်၌- အနမတဂ္ဂေါ ယံဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ နပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝိတံ သံသရိတံ-ဟု ဟောကြားတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံသံသာရော၊ ဤသံသရာ စက်ရဟတ်သည်။ အနမတဂ္ဂေါ၊ မသိထိုက်သော အစရှိသည်သာလျှင်။ ဝါ၊ မသိနိုင်သောအစရှိသည် သာလျှင်တည်း။ (ကံအနက်၌သက်သော ကိတ်ပစ္စည်းသည် အရဟာအနက် သတ္တိအနက်ကိုလည်း အပွကအားဖြင့် ထွန်းပြ၏ဟုမှတ်)ပုဗ္ဗကောဋိ၊ ရှေ့အစွန်းသည်။ နပညာယတိ၊ မထင်ရှား။ ဝါ၊ မသိနိုင်။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာတည်းဟူသော နီဝရဏတရား ရှိကုန်သော။ တဏှာသံယောဇနာနံ၊ တဏှာတည်းဟူသော သံယောဇဉ် ကြိုးရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ သံသာရေ၊ သံသရာ ပြင်ကျယ် မြစ်ပင်လယ်ကြီးထဲ၌။ သန္ဓာဝိတံ-သံသရိတံ၊ ကျင်လည်ရလှ လေပြီ၊ ကျင်လည်ရလှလေတော့သတည်း။

ဤသို့မိန့်အပ် ပါဠိရပ်တို့နှင့်အညီ ကိလေသဝဋ်ကြောင့် သာလျှင် ကမ္မဝဋ် ဝိပါကဝဋ် ဖြစ်ရတော့သည်။ ကိလေသာဝဋ် မပါမရှိ၊ အမြစ် ပြတ်တုံဘိဖြစ်လျှင် သံသရာပြင်ကျယ် မြစ်ပင်လယ်ဝယ် တစုံတခုသော

လူနတ်ခန္ဓာသည် မဖြစ်မပေါ်ခြင်း ဖြစ်ရ၏။ ရဟန္တာအရှင် ပရိနိဗ္ဗာန် ဝင်သော ပုဂ္ဂိုလ်တို့ကိုထောက်၍ ညဏ်အဟုန် ဆုတ်မဆိုင်းဘဲ ဟုတ်မှန် တိုင်းကို သိသင့် သိအပ်တော့သည်။

ထို့ကြောင့် ဘုရားရှင်သည် သမူလံ တဏှံ အဗ္ဗုယှ ဝေါမိရော ပရိ နိဗ္ဗုတော-ဟု ဝေါမိရမထေရ် ပရိနိဗ္ဗာန်စံရာ၌ ဟောကြားတော် မူ၏။ သမူလံ၊အမြစ်အရင်းနှင့်တကွဖြစ်သော။ တဏှံ၊တဏှာတရား လောဘကို။ အဗ္ဗုယှ၊ ပယ်နုတ်ထုတ်ဆောင်၍။ ဝေါမိရော၊ချစ်သား ဝေါမိရမထေရ် သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ဝင်စံရလေပြီ။ ဝါ၊ နိဗ္ဗာန်ရောက်ရလေ တော့သတည်း။ ဤသည်လျှင် ဝင့်သုံးပါးအရ သရူပတည်း။

**အဝိဇ္ဇာပုဒ်၏ ဝိဂ္ဂိုဟ်ဝစနတ္ထကိုပြခြင်း**

၁။ အဝိဇ္ဇာဟူသည် အဝိန္ဒိယံ ဝိန္ဒတီတိ အဝိဇ္ဇာ။ အဝိန္ဒိယံ၊ မရအပ် သောဒုစရိုက်ကို။ ဝိန္ဒတိ၊ ရတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ ။၂။ တနည်းကား-ဝိန္ဒိယံ နဝိန္ဒတီတိ အဝိဇ္ဇာ။ဝိန္ဒိယံ၊ ရအပ်သော သုစရိုက်ကို။ န ဝိန္ဒတိ၊ မရတတ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ ။၃။ တနည်းကား-အဝိဇ္ဇမာနေ ဇဝါပေ တီတိ အဝိဇ္ဇာ။ အဝိဇ္ဇမာနေ၊ ပရမတ္ထ အားဖြင့် ထင်ရှား မရှိသော ယောကျ်ား မိန်းမစသည်၌။ ဇဝါပေတိ၊ ယောကျ်ား မိန်းမ စသည်ဟု ထင်မှားစေတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ အဝိဇ္ဇာ၊အဝိဇ္ဇာမည်၏။ ။ ၄။ တနည်းကား-ဝိဇ္ဇမာနေ နဇဝါပေတီတိ အဝိဇ္ဇာ။ဝိဇ္ဇမာနေ၊ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးစသည်၌။နဇဝါပေတိ၊ခန္ဓာစသည် ဟု မထင်မှတ်စေတတ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ မည်၏။ ။၅။ တနည်းကား-ဝိဒိတဗ္ဗံ အဝိဒိတံ ကရောတီတိ၊ အဝိဇ္ဇာ။ ဝိဒိတဗ္ဗံ၊ သိအပ်သော သစ္စာလေးပါးစသည်ကို။ အဝိဒိတံ၊ မသိခြင်းကို။ ကရောတိ၊ပြုတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။အဝိဇ္ဇာ၊အဝိဇ္ဇာမည်၏။ ။ ၆။ တနည်းကား-ဝိဇ္ဇာယ ပဋိပက္ခာတိ အဝိဇ္ဇာ။ ဝိဇ္ဇာယ၊ ပညာ၏။ ပဋိပက္ခာ၊ ဆန့်ကျင်ဘက်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊၏။ ဤသည်လျှင် နေတ္တိအဋ္ဌကထာ ဥဒ္ဒေသဝါရအဘွင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ပဋိစ္စသမုပ္ပါဒ် အဘွင့်အရ ဝစနတ္ထတို့ကို မှတ်သားစေရန် မနောပဏိဓိ ရည်သန်၍ ပြအပ်သတည်း။ မှတ်ချက်။ အဝိဇ္ဇာ၏အရ သရူပတ္ထသော်ကား-သစ္စာလေးပါးတို့၌ဇင်း၊ ရှေ့အစွန်းဟု ဆိုအပ်သော ပုဗ္ဗန္တ၊ နောက်အစွန်းဟု ဆိုအပ်သော အပရန္တ၊ ရှေ့နောက်အစွန်းဟု

ဆိုအပ်သော ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်တို့၏ အကျိုး အကြောင်းဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ် တို့၌ရင်း၊ ဖုံးလွှမ်းတတ်သော မောဟ စေတသိက်သည် အဝိဇ္ဇာမည်၏၊ ဤသည်လျှင် အဝိဇ္ဇာပုဒ်၏ သရူပအရ တည်း။

## နိဗ္ဗာန်အပြားကိုအကျဉ်းပြဆိုခြင်း

နိရောဓသစ္စာ ဟူသည် သဘောသဘာဝ သန္တိလက္ခဏာ အားဖြင့် ငြိမ်းခြင်းသဘော တခုသာရှိသော အသင်္ခတဓာတ် နိဗ္ဗာန်မြတ်တပါး သာတည်း။ ကာရဏ-အာကာရ-ပရိယာယဝေဝစန အားဖြင့် များပြား စွာရှိလှ၏။ များစွာပြားပုံကား-သဂြိုဟ်ကျမ်း၌လာသော သဉပါဒိသေသ စသော နိဗ္ဗာန်အပြား ငါးပါး၊ သမ္မောဟ အဋ္ဌကထာ၌ လာသော အသေသဝိရာဂစသော နိဗ္ဗာန်အပြား နှစ်ဆယ့်ငါးပါး၊ ၎င်းအဋ္ဌကထာ၌ အာဒိသဒ္ဒါဖြင့်လာသော အစလ-စသော နိဗ္ဗာန်အပြား များပြားစွာ လှ၏၊ ဤနိဗ္ဗာန်အပြားကို သိလိုလျှင် ရှဝ်ပိုင်းအဆုံး နိဗ္ဗာန်အခဏ်းမှာ ကြည့်ရှုလေ။ တနည်း၊ထိုငါတို့ ရေးသားထားသော ယောဂါဝစရအား ထုတ်ဘွယ် ကျမ်းမှာ ကြည့်ရှုလေ။ တနည်း၊ အကျဉ်းအားဖြင့် နိရောဓ သစ္စာသည် အသင်္ခတဓာတ်အားဖြင့် တပါး၊ သဉပါဒိသေသ အနုပါဒိ သေသအားဖြင့် နှစ်ပါး၊ ဘဝသုံးပါးမှ ငြိမ်းသောအားဖြင့် သုံးပါး၊ မဂ်လေးပါးကို ရသောအားဖြင့် လေးပါး၊ အာရုံငါးပါးကို နှစ်သက် ခြင်းမှ ငြိမ်းသောအားဖြင့် ငါးပါး၊ ခြောက်ပါးတဏှာ ကုန်ခန်းသော အားဖြင့် ခြောက်ပါး ဖြစ်သတည်း။ နိဗ္ဗာန်ကို အကြောင်းပြု၍ တဏှာ သည် အကြွင်းမရှိသည် ဖြစ်၍ ကင်း၏ ချုပ်၏၊ ထိုနိဗ္ဗာန်ကို တဏှာ၏ သာလျှင် အကြွင်းမဲ့ချုပ်ရာ အသေသဝိရာဂ နိရောဓဟူ၍ မှတ်အပ်၏။ နိဗ္ဗာန်ကို အကြောင်းပြု၍ တဏှာကိုပယ်၏ စွန့်၏၊ တဏှာမှ လွတ်၏ တဏှာဖြင့် မငြိကပ်၊ ထို့ကြောင့် နိဗ္ဗာန်ကို-စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော-ဟူ၍ ဆိုအပ်၏။

ယထာဝိမူလေ အနုပဒ္ဒဝေ ဒဠှေ ဆိန္နောပိ ရုက္ခော ပုနဒေဝ ရုဟတိ၊ ဧဝံပိ တဏှာနုသယေ အနုပဟတေ၊ နိဗ္ဗတ္တတေ ဒုက္ခမိဒံ ပုနပ္ပုနံ-ဓမ္မပဒ ပါဠိတော် မှတ်ချက်နှုတ်ရကျက်တို့ ကောင်းလှ၏။ မူလေ၊ ကြန့်ကြန့် ထိုးထိုး ရေသောက်မြစ်ကြီးသည်။ အနုပဒ္ဒဝေ၊စိမ်းရှင်လတ်လတ် မပြတ် မသတ်သေးသည်ဖြစ်၍။ ဒဠှေ၊ မြဲမြံသေးသည်ရှိသော်။ ဆိန္နောပိ၊ အခက် အရွက်ပင်ပြတ်သော်လည်း။ ရုက္ခော၊သစ်ပင်ကြီးသည်။ ပုနဒေဝ၊ တဖန်

သာလျှင်။ ရုဟတိယထာ၊ ပေါက်ရောက်ပြန်သကဲ့သို့။ ဝံတထာ၊ ပမာ နိုင်းယူ ထို့အတူ။ တဏှာနုသယေ၊ တဏှာဟူသောအနုသယကို။ အနုပ ဟတေ၊ မဂ်ဖြင့်မပယ်အပ် မသတ်သေးသည်ရှိသော်။ ပုနပ္ပုနံ၊ အဘန် တလဲလဲ။ ဣဒံဒုက္ခမ္ဘိ၊ ဤသံသရာ ဝဋ်ဆင်းရဲကြီးသည်လည်း။ နိဗ္ဗတ္တတေ၊ ဘယ်လိုမှ ညက်မကစားနှင့်တော့ အမှန်အားဖြင့်ဖြစ်ရချေတော့သတည်း။

သီဟာသမာနဝုတ္တိနော ဟိ တထာဂတာ၊ သုဝါနဝုတ္တိနော ပန အည တိတ္ထိယာ။ သမ္မောဟအဋ္ဌကထာ။ ဟိသစ္စံ၊ထိုစကားသည် မှန်လှပေ၏။ တထာဂတာ၊ ဘုရားရှင်တို့သည်။ သီဟာသမာနဝုတ္တိနော၊ ခြင်္သေ့မင်းနှင့် အတူ ကျင့်လေ့ရှိကုန်၏။ အညတိတ္ထိယာပန၊ သာသနာတော်မှ တပါး အယူရှိကုန်သော တိတ္ထိတို့သည်ကား။ သုဝါနဝုတ္တိနော၊ ခွေးနှင့်အတူ ကျင့်လေ့ရှိကုန်၏ဟုမှတ်။

လိုရင်းမှတ်ချက် အဓိပ္ပါယ်ကား – ခြင်္သေ့တို့၏ သဘောကား မြား လက်နက်ဖြင့် ပစ်သည်ရှိသော် အကျိုးဖြစ်သော မြားလက်နက်၌ လုံ့လ မပြု၊ အကြောင်းဖြစ်သော လေးသမား၌သာ လုံ့လပြုကုန်၏။ ဤသို့ လုံ့လပြုခြင်းကား မြားလက်နက် မှန်ခြင်းမှလွတ်မြောက်ကြောင်း ဖြစ် သောကြောင့် ကောင်းသော လုံ့လပြုခြင်းတည်း။ ခွေးတို့ သဘောကား ဒုတ်လက်နက်အုဋ္ဌခဲဖြင့် ပစ်သည်ရှိသော် အကျိုးဖြစ်သော ဒုတ်လက်နက် အုဋ္ဌခဲကိုလိုက်၍ကိုက်ကုန်၏၊အကြောင်းဖြစ်သော ဒုတ်လက်နက်အုဋ္ဌခဲကို ပစ်သောသူ၌ လုံ့လမပြုကုန်သောကြောင့် ဒုတ်လက်နက် အုဋ္ဌခဲမှန်လေ ရကား မကောင်းသောလုံ့လပြုခြင်းတည်း။ အထူးအားဖြင့် ဤသို့ ပြဆို အပ်ခဲ့ပြီးသော ဒေသနာအတိုင်း ဒုက္ခသစ္စာ၏ အကြောင်း ဖြစ်သော သမုဒယသစ္စာတဏှာသုံးပါးတို့ကိုသာလျှင် သီလ,သမာဓိ,ပညာဟူသော လက်နက်အကျင့် ပဋိပတ်တရားဖြင့် ပယ်ရှား ချိုးဖျက်သည် ရှိသော် အကြောင်းသမုဒယသစ္စာ တဏှာပြတ်ရကား အကျိုးဒုက္ခလက်စသတ်၍ အသခ်တဓာတ် နိဗ္ဗာန် ရွှေပြည်မြတ်ကြီးသို့ စင်စစ်မုချမသွေ အမှန်အား ဖြင့် ရောက်နိုင်လေသည်ဟု အမြဲမှတ်ကြလေ၊ ပညာရှိအပေါင်း သူတော် သူမြတ်လောင်းတို့။ ဤသည်လျှင် နိရောဓသစ္စာ နိဗ္ဗာန်အကျဉ်းပြခြင်း တည်း။

## နိဗ္ဗာန်၏ သခင်္ခပဝိနိစ္ဆယကိုပြဆိုခြင်း

လောကသုံးတွင် တုယှဉ်မရ အတုလအစစ် ကေန်ဖြစ်တော်မူသော သုံးလူ့သခင် တရားရှင်မြတ်ဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်

ရွှေကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် နေတော် မူစဉ်အခါ မဇ္ဈိမယာမံ သန်းခေါင်ယာမ်တွင် ရောဟိတဿဟု အမည်နာမထင်ရှား တဦးသောနတ်သားသည် မြတ်စွာဘုရားသုံးလူ့ရှင်ရွှေကိုယ်တော်သခင်အား မိမိ၏ သံသယယုံမှားခြင်းကို ဤသို့စကားဖြင့် လျှောက်ကြားလာလေ၏၊ ဂေါတမနွယ်ဘွား အရှင်မြတ်ဘုရား-အကြင်ကာမရူပအရူပဟု လောကသုံးဘုံအလုံးစုံ၏ ကုန်ဆုံးရာဖြစ်သော စကြဝဠာ၌ ပဋိသန္ဓေမနေ မအိုရလေ စုတိပြတ်ကြွေ သက်မသေ မရွေ့လျောမဖြစ် အရှင်ဘုရား လေယာဉ်ပျံ ခတ်ရထား ခြေကျင်သွားခြင်းခရီးဖြင့် သြကာသလောကဘုံးသုံးဝ၏ အဆုံးဖြစ်သော စကြဝဠာကိုသိခြင်း မြင်ခြင်း ရောက်ခြင်းငှာဝင်း တတ်ကောင်းပါအံ့လော-ဤသို့ရွှေနားတော်အား လျှောက်ကြား၏။

ဤကဲ့သို့ ရောဟိတဿနတ်သား လျှောက်ထားသည်ကို မြတ်စွာဘုရား သုံးလူ့ဘ အတုလဘဂဝါ စောမုနိရာဇာသည် မုခ်တော်ရွှေအာလုပ်ကြာကုမုဒ်မှ မိန့်ထုတ်တော်မူလျက် ယခုပြလတ္တံ့သော ဤစကားဖြင့် ဟောကြားတော်မူ၏ ဒါယကာ- ရောဟိတဿနတ်သား အကြင်သင်္ခါရလောက၏ဆုံးရာ နိဗ္ဗာန်ချမ်းသာ၌ ပဋိသန္ဓေမနေ မအိုမသေ မစုတေ တဘန်ပဋိသန္ဓေမနေတတ် ထိုသင်္ခါရလောက၏ဆုံးရာနိဗ္ဗာန်ချမ်းသာကို လေယာဉ်ပျံ ခတ်ရထား ခြေကျင်သွားခြင်းခရီးဖြင့် သိအပ်၏ဟူ၍ မြင်အပ် ရောက်အပ်၏ဟူ၍ ငါဘုရားသည် ဟောတော်မမူ၊ ဤသို့ ဟောကြား မိန့်မြွက်တော်မူ၏၊ ရောဟိတဿနတ်သားသည်ကား စကြဝဠာဟု ဆိုအပ်သော သြကာသလောက၏ အဆုံးကိုမေးလျှောက်၏၊ ဘုရားသခင် ကိုယ်တော်မြတ်သည်ကား သင်္ခါရလောက၏ အဆုံးဖြစ်သော နိဗ္ဗာန်ကိုရည်၍ ဖြေကြားတော်မူ၏၊ ဤကဲ့သို့ သုံးလူ့သခင် ငါးမာရ်ရှင်သည် ဟောကြားမိန့်မြွက်သည်ရှိသော် ရောဟိတဿမည်တွင် နတ်လုလင်သည် ဤကဲ့သို့ဟောကြားမြတ်ဘုရား၏တရားသည်အံ့ဘွယ်ရှိစွမဖြစ်ဘူးမြဲဖြစ်လေစွ အလွန်လျှင်ကောင်းပေစွ တကားဟု အခါခါ ထောမနာစကားဖြင့် လျှောက်ကြားပြီးလျှင် ရှေး၌ဖြစ်ခဲ့ ဘူးသော အဋ္ဌုပ္ပတ္တိ အကြောင်းကို ထပ်လောင်းကာ လျှောက်ကြား ပြန်၏၊ အဘယ်သို့ လျှောက်ကြားပြန်သနည်းဆိုလျှင် သုံးလူ့သခင် ငါးမာရ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ် ရောဟိတဿနတ်သားသည် ရှေးခါကာလသမယ၌ မုဆိုးသားဖြစ် တန်ခိုးစစ်နှင့်ပြည့်စုံ ကောင်းကင်

ဘုံသို့ဈာန်ဟုန်ပျံကြွ သွားတတ်လှသော ရောဟိတဿ ဘွဲ့နာမဖြင့် သာသနာ့ဝန်ထမ်း ရသေ့ရဟန်း ဖြစ်ခဲ့ဘူးပါသည် အရှင်မြတ်ဘုရား၊ ထိုအခါကာလသမယ၌ အကျွန်ုပ်၏ လျင်မြန်ခြင်းဇဝနသည် အဘယ်သို့ ဖြစ်ရပါအံ့နည်းဆိုလျှင် တဆယ့်နှစ်နှစ်ပတ်လုံး ဆရာ့ထံ၌ သင်အပ်ပြီးသော လေးအတတ်အသုံးရှိသော လေးသမားသည် ငြိုငြင်ခြင်းမရှိ ပေါ့ပါးဘိသော မြားဖြင့် အကြင်မျှလောက်သော ကာလ၌ ဝါထွာ လက်သစ်ရှိသော ဘီလာဖြစ်သော ထန်းပင်ရိပ်ကို လွန်စေနိုင်ရာ၏၊ ထိုရွေ့လောက်ခဏသမယ၌ တခုသောစကြဝဠာခရီးကို လွန်နိုင်သည့် လျင်မြန်ခြင်းရှိပါ၏၊ ဤကဲ့သို့လျင်မြန်ခြင်းရှိသော အကျွန်ုပ်ရောဟိတဿ ရသေ့အား ငါသည် ခြေကျင်ခရီးဖြင့်သွား၍ လောက၏ဆုံးရာ နိဗ္ဗာန် ချမ်းသာကိုရောက်အောင် သွားပေတော့အံ့ဟု အကြံအလိုဖြစ်ပါသည် အရှင်ဘုရား၊ ထိုသို့အကြံအလို ဖြစ်သည်နှင့်အညီ စားရသောက်ရာ ခဲရာကာလ ကျင်ကြီးကျင်ငယ် စွန့်ဘွယ်ကာလ အိပ်စက်ခြင်း ပင်ပန်းခြင်း ကာလ ဤအခါသမယတို့ကို ကြဉ်ထား၍အနှစ်တရာ အသက်ရှည်သမျှ ကာလပတ်လုံး တနေ့မျှမနားမရပ် အထပ်ထပ် သွားငြားသော်လည်း ကာမ ရူပ အရူပဟု လောကဆုံးရာ နိဗ္ဗုတာသို့မရောက်မတွေ့ အသက် ဈေ့၍ စကြဝဠာ၏အကြားတွင် သေရခြင်း မရဏတရားကိုသာပြုရပါ တော့သည်အရှင်မြတ်ဘုရား-ဟု လျှောက်ကြားရှာလေ၏။

ဤသို့လျှောက်ကြားသောကာလ သုံးလူ့ဘုံမြတ်ဘုရားသည် နောက် တခါထပ်မံ၍ ဟောကြားပြန်၏၊ သုံးလူ့ထွဋ်ထား မြတ်ဘုရားသည် ရောဟိတဿ နတ်သားအား အိုခြင်းနာခြင်း သေခြင်း စသော ဒုက္ခ အပေါင်းဖြစ်ရာ ရောက်ရာဒုက္ခသစ္စာကိုရင်း ထိုဒုက္ခသစ္စာ၏ဖြစ်ကြောင်း တဏှာဟုဆိုအပ်သော သမုဒယသစ္စာကိုရင်း၊ ထိုဒုက္ခသမုဒယ၏ ချုပ်ရာ အမြိုက်နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာကိုရင်း၊ ထိုနိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း မဂ္ဂင်တရားကိုယ်ရှစ်ပါးဟုဆိုအပ်သော မဂ္ဂသစ္စာကိုရင်း၊ သညာ ဝိညာဉ်နှင့် တကွသော ဤကိုယ်၌ သာလျှင် ပညတ်တော်မူ၏ဟု ဟောကြားတော်မူပေ၏။

(အထူးမှတ်ချက်) ဤသို့အသဉ်တဓာတ် နိဗ္ဗာန်တရားမြတ်ကိုလည်း ကိုယ်၌ငါဘုရားပညတ်တော်မူ၏ဟု ဟောတော်မူရာ၌ ကိုယ်၌ဖြစ်သော ဒုက္ခသစ္စာ သမုဒယသစ္စာတို့၏ချုပ်ခြင်းသည်နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော မဂ္ဂသစ္စာကိုရသဖြင့် ချုပ်ရပေသည်၊ ထို့ကြောင့် ဤကိုယ်၌ အသဉ်တ

ဣန္ဒြာသယ ၄၈၈-၆၈

ခါတ် နိဗ္ဗာန်တရားမြတ်သည်ရှိပေ၏ဟု ဟောကြားတော် မူပေသည်ဟု မှတ်အပ်၏၊ ထိုသို့ဖြစ်သောကြောင့် အရိယာပုဂ္ဂိုလ်တို့သည် သိအပ်ရ အပ်သော ပရမတ္ထအစစ်ဖြစ်ပေသော အမြိုက်နိဗ္ဗာန် တရားမြတ်သည် အာရုံအားဖြင့် ကိုယ်ကိုအစွဲအမှီပြု၍ ဖြစ်သောကြောင့် ဂေါစရဇ္ဈတ္တမည် ကြောင်းကို ပြတော်မူလိုသော အရှင်အာနန္ဒာ မူလဋီကာဆရာသည် အဇ္ဈတ္တရတောတိ ဂေါစရဇ္ဈတ္တေ နိဗ္ဗာနေရတော-ဟု ဘွင့်ပြတော်မူ၏။ အဇ္ဈတ္တရတောတိ၊ ဟူသည်ကား။ ဂေါစရဇ္ဈတ္တေ၊ မိမိကိုစွဲ၍ဖြစ်သော အာရုံဟုဆိုအပ်သော။ နိဗ္ဗာနေ၊ အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ်၌။ ရတော၊ ကာမာဝစရကုသိုလ် ကြိယာ ဉာဏသမ္ပယုတ် မဂ်ဖိုလ်စိတ်ဖြင့် မွေ့လျော်သည်ဖြစ်၍ မွေ့လျော်၏။ (နိဗ္ဗာန်တရားမြတ်ကို ဤကိုယ်၌ ဂေါစရဇ္ဈတ္တအားဖြင့်ရအပ်၏ဟူလို၊ ဤသို့ပါဠိတော်စကားဖြင့် ရောဟိတဿ နတ်သားအား ဟောကြားသည်ကို ကောင်းမွန်စွာ ဉာဏ်ရှေ့သွားသဖြင့် သတိပြု၍ ကြည့်ရှုကြလျက် အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ်ကို ဤခန္ဓာ ကိုယ်၌ ရအပ်သောအဖြစ်ကို ကျစ်လစ်သော စိတ်နှလုံးဖြင့် စွဲသုံးကြ လေကုန်)။ ဤသည်လျှင်တဝ နိဗ္ဗာန သင်္ခေပပြီးပြီ။

## နိဗ္ဗာန်၏ပရမတ္ထအားဖြင့် ထင်ရှားရှိပုံကိုပြဆိုခြင်း

အရှင်ဓမ္မပါလ မထေရ်သည် အနုဋီကာကျမ်း၌-အတ္ထေဝ ပရမတ္ထ တော အသင်္ခတဓာတု-ဟု ဘွင့်ပြ၏။ အသင်္ခတဓာတု၊ အသင်္ခတဓာတ် ဟုဆိုအပ်သော နိဗ္ဗာန်သည်။ ပရမတ္ထတော၊မုချဆတ်ဆတ် ပရမတ်အား ဖြင့်။ အတ္ထေဝ-အတ္ထိဧဝ၊ ထင်ထင်ရှားရှားရှိသည်သာလျှင်တည်း။ မိလိန္ဒ ပဉှာ ပါဠိတော်၌လည်းမိလိန္ဒမင်းကြီးသည် ရှင်နာဂသိန် မထေရ်မြတ် အား အရှင်ဘုရား နိဗ္ဗာန်သည် ထင်ထင်ရှားရှားရှိပါ၏လောဟု လျှောက် ကြား၏။ထိုအခါ ရှင်နာဂသိန်မဟာထေရ်သည်-အတ္ထိ မဟာရာဇ နိဗ္ဗာနံ မနောဝိညေယျံ။ မဟာရာဇ၊ မိလိန္ဒမင်းမြတ်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားသည်။ အတ္ထိ၊ရှိ၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ မနောဝိညေယျံ၊ မနောဝိညာဉ်ဖြင့် သာလျှင် သိအပ်၏။

(အထူးမှတ်ချက်) လောကူပမာ အားဖြင့် ဝါယောဓာတုဟု ဆိုအပ် သောလေကဲ့သို့တည်း။နိဗ္ဗာန်ကိုထင်ထင်ရှားရှားရှိ၏ဟုဆိုရာ၌ ရုပ်တရား ကဲ့သို့ စက္ခုဒွါရိက အားဖြင့် မြင်မြင်ဝါးဝါး ထင်ရှားရှိသည် မဟုတ်၊ မနောဒွါရိက မနောဝိညာဉ်အားဖြင့်သာလျှင် ထင်ရှားရှိ၏ဟု မှတ်သား အပ်၏။

ဤသို့ပြီးအပ်ပြီးသောအသင်္ခတဓာတ်နိဗ္ဗာန်မြတ်သည်အရိယာသာဝက တို့အားပစ္စက္ခသိဒ္ဓိအားဖြင့်ထင်ရှား၏၊ကလျာဏပုထုဇ္ဇဉ်တို့အားအနုမာန သိဒ္ဓိအားဖြင့် သိမြင်ထင်ရှား၏၊ဤပစ္စက္ခသိဒ္ဓိ,အနုမာနသိဒ္ဓိ နှစ်ပါးသည် လည်းဉာဏ်အမြင်၏ထင်ရှားခြင်း၊ဉာဏ်အမြင်၏အနည်းငယ်ထင်ရှားခြင်း အားဖြင့်အာရုံပြုသည်ကိုမှတ်အပ်၏၊ထို့ကြောင့်သဥ္စာယတနသံယုတ်အဋ္ဌ ကထာ၌ သပ္ပုရိသာနံပညာဒဿနေနပဿန္တာနံနိဗ္ဗာနံ အာလောကော ဝိယ ဝိဝဋံ ဟောတိ-ဟု ဘွင့်ပြတော်မူ၏။ ပညာဒဿနေန၊ ဉာဏ်ပညာ အမြင်အားဖြင့်။ ပဿန္တာနံ၊ ရှုမြင်ကြကုန်သော။ သပ္ပုရိသာနံ၊ သူတော် ကောင်း ဖြစ်ကုန်သော ကလျာဏပုထုဇ္ဇဉ် အရိယာတို့အား။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်နိဗ္ဗာန်မြတ်သည်။ အာလောကောဝိယ၊နေ့,လ၏အရောင် အလင်းကဲ့သို့။ ဝိဝဋံ၊ ဟင်းလင်း ပွင့်သည်။ ဟောတိ၊ ဖြစ်၏။ ဤနိဗ္ဗာန ကထာ၌ အချို့သော ဆရာတို့သည်-ပဋိဝိဒ္ဓဓမ္မ သဘာဝါနံ သေက္ခာ သေက္ခာနံ အရိယပုဂ္ဂလာနံ ပတိဋ္ဌာ ဂေါစရနိဝါသနဋ္ဌာနဋ္ဌေန နိဗ္ဗာနံ နဂရန္တိ ဝုစ္စတိ-ဟူသော ဗုဒ္ဓဝံသ အဋ္ဌကထာ တို့ကို ထောက်ထား၍ နိဗ္ဗာန်ဟူသည် အတုမရှိသောမြို့ကြီးဟူ၍ဇင်း၊ အံ့ဘွယ်မခန်း နိဗ္ဗာန်နန်း ဟူ၍ဇင်း ရေးသားကြ၏။ ပဋိဝိဒ္ဓဓမ္မသဘာဝါနံ၊ ထိုးထွင်း၍သိအပ်သော လောကုတ္တရာတရားရှိကုန်သော။ သေက္ခာသေက္ခာနံ၊ သေက္ခ အသေက္ခ ဖြစ်ကုန်သော။ အရိယပုဂ္ဂလာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ပတိဋ္ဌာနဂေါစရ နိဝါသနဋ္ဌာနဋ္ဌေန၊တည်ရာ အာရုံပြုရာ နေရာဟူသော အနက်ကြောင့်။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ်ကို။ နဂရန္တိ၊ အံ့ဘွယ်မခန်း နိဗ္ဗာန်မြို့နန်းဟူ၍။ဝုစ္စတိ၊ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာပါဠိအဓိပ္ပါယ်သော်ကား-ဤသန္တိသိဝ အစ္စန္တသဘော လက္ခဏာရှိသော နိဗ္ဗာန်တရားကို ထိုးထွင်း၍ သိအပ်ပြီးသော သစ္စာ လေးပါးရှိသော သေက္ခ ပုဂ္ဂိုလ်ခုနစ်ယောက်၊အသေက္ခ ရဟန္တာပုဂ္ဂိုလ် တို့သည် အနုပါဒိသေသ ပရိနိဗ္ဗာန်မစံမီ ကာလသမယ၌ ငါတို့၏ နာမ် ရုပ်ဓမ္မ ချုပ်ပြီးသည့်နောက် ကာလဝယ် ငါတို့၏တည်ရာကား သင်္ခါရ ဒုက္ခရာဂစသည်တို့၏ ငြိမ်းရာ စင်စစ်ကေန် သဘောလက္ခဏာ ဖြစ်သော နိဗ္ဗာန်သာတည်း၊ ငါတို့၏အာရုံပြုရာကား နိဗ္ဗာန်သာတည်း၊ ငါတို့၏ မဒိုမသေ အမြဲနေရာကား သန္တိလက္ခဏာ နိဗ္ဗာန်သာတည်းဟူ၍ သေက္ခ အသေက္ခအရှင်မြတ်တို့၏ ကြံစည်သော မနောပဏိဓိရှိသော အနက်ကို

သာလျှင် ရည်ရွေ၍ သန္တိလက္ခဏာဖြင့် မှတ်အပ်သည့် နိဗ္ဗာန်တရားကို အံ့ဘွယ်မခန်း နိဗ္ဗာန်မြို့နန်းဟု အဋ္ဌကထာဆရာ ရှင်ဗုဒ္ဓဒတ္တ ရဟန္တာ မိန့်ဆိုတော်မူ၏။နိဗ္ဗာန်ဘုံဟူသောဌာန ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်ဟူသော ဌာနီစကား အဓိပ္ပါယ်များကို ရည်သန်၍ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူသည်မဟုတ်။ ။နိဗ္ဗာနံ သန္တိလက္ခဏံ-ဟူ၍သာလျှင်ရှိ၏၊နိဗ္ဗာနံ ဌာန လက္ခဏံ-ဟူ၍ အဋ္ဌကထာမရှိ၊ ထို့ကြောင့် နိဗ္ဗာန်ကိုမြို့ကြီးပြည်ကြီးဟူ၍ မမှတ်သားအပ်၊ အရိယာပုဂ္ဂိုလ်တို့၏ အာရုံပြုရာ၊ အာရမ္မဏာဓိပတိ ပစ္စည်းတပ်ရာ ဖြစ်သောကြောင့် သာလျှင် နဂရံဟူ၍ ဆိုသည်ဟုမှတ်။ ထို့ကြောင့် အာယတနဝိဘင်း မူလဋီကာ၌-သန္တိကိရိယ မာနဥ္စ တံ အဓိဂန္တွာ အာရမ္မဏပစ္စယဘူတဥ္စ ပဋိစ္စ အဓိပတိ ပစ္စယဘူတေစ တမ္ပိ ပရမဿာ သလာဘေန ဝိမုတ္တသံ ကိလေသာ ဂတိဘာဝေန ပတိဋ္ဌာန ဘူတေ ပတိဋ္ဌာယ ခယသံ ကိလေသာ မဂ္ဂေ ရာဂါဒယော ခီပေတိ-ဟု ဘွင့်ပြတော်မူ၏။ ဟိ၊ ထိုစကားကိုထင်စွာပြဦးအံ့။ တံ၊ ထိုနိဗ္ဗာန်ကို။ အဓိဂန္တွာ၊ရသိကြ၍။ သန္တိကိရိယမာနံ၊ မျက်မှောက် ပြုအပ်သည့် ရှိသော်။ အာရမ္မဏပစ္စယဘူတဥ္စ၊ အာရမ္မဏပစ္စည်း ဖြစ်သော ဓမ္မာရုံကိုလည်း။ ပဋိစ္စ၊စွဲ၍ အာရုံကို ရည်ရွေ၍။ အဓိပတိပစ္စယဘူတေစ၊ အဓိပတိပစ္စည်း လည်းဖြစ်သော။တမ္ပိ၊ထိုမိမိမဂ်၌။ပရမဿာသလာဘေန၊အလွန်ချမ်းသာ သက်သာရာကို ရသဖြင့်။ ဝိမုတ္တသံကိလေသာ၊ ကောင်းစွာ သံကိလေသမှ လွတ်သော ဖလဋ္ဌာန် ပုဂ္ဂိုလ်၏လည်း။ ဂတိဘာဝေန၊ ရောက်ရာ အဖြစ် ဖြင့်။ ပတိဋ္ဌာနဘူတေ၊ တည်ရာဖြစ်သောနိဗ္ဗာန်၌။ ပတိဋ္ဌာယ၊ အာရုံ ပြုသောအားဖြင့် ထောက်တည်၍။ခယဘူတော၊ကုန်ခြင်းဟုဆိုအပ်သော။ မဂ္ဂေ၊မဂ်သည်။ ရာဂါဒယော၊ ရာဂစသော ကိလေသာတို့ကို။ ခီပေတိ၊ ကုန်စေတတ်၏။

ဤမူလဋီကာဆရာ၏ စကားဖြင့် အဓိပ္ပါယ်ထင်ရှားလှလေပြီ။ နိဗ္ဗာနံ အရဟတော ဂတိ-ဟူသော ပရိဝါပါဠိတော်အရ၊ ဒေဝဂတိ စသော ဂတိငါးပါးကဲ့သို့ မဟုတ်၊ ဝဋ္ဋဒုက္ခမှချုပ်ကင်းသဖြင့် ငြိမ်းသော သန္တိ သဘောသို့ ရောက်ခြင်းကိုသာလျှင် မှတ်အပ်၏။ ထို့ကြောင့် မဓုဋီကာ၌ ဂန္တဗ္ဗာ ပါပုဏိတဗ္ဗာတိဂတိ။ နိဗ္ဗာနံ လဗ္ဘတိ-ဟု ဘွင့်ပြ၏။ ဂန္တဗ္ဗာ ပါပုဏိတဗ္ဗာ၊ အာရုံပြုသော အားဖြင့် ရောက်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂတိ၊ ဂတိမည်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ လဗ္ဘတိ၊ ရအပ်၏။ နိဗ္ဗာန်တရားကို ဥပမာအားဖြင့်သာလျှင် မြို့ဟုမှတ်အပ်၏။

ထို့ကြောင့် သုတ်ပါထေယျ အဋ္ဌကထာ၌-နဂရံဝိယ ဟိ နိဗ္ဗာနံ ပါထေယျံဝိယဒါနံ၊ပါကာရောဝိယ သီလံ၊ပါကာရကာရကံဝိယ ဘာဝနံ၊ ပရိယာယ ပထောဝိယ ဟိရိဩတ္တပ္ပံ၊ ဒွါရံဝိယ အရိယမဂ္ဂေါ၊ ပဏ္ဍိတ ဒေါဝါရိကောဝိယ ဓမ္မသေနာပတိ၊ နဂရပ္ပဝိသနက နိက္ခမနက ဩဠာ ရိကပါဏာဝိယ အတီတာနာဂတပစ္စုပ္ပန္နာ ဗုဒ္ဓါ-ဟူ၍ ဘွင့်ပြ၏။ ဟိ၊ ထင်စွာပြဦးအံ့။ နဂရံဝိယ၊မြို့ကြီးကဲ့သို့။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်သား အပ်၏။ပါထေယျံဝိယ၊ရိက္ခာထုပ်ကြီးကဲ့သို့၊ဒါနံ၊ဒါနကို။ ဒဋ္ဌဗ္ဗံ၊မှတ်သား အပ်၏။ ပါကာရကာရကံဝိယ၊မြို့တံတိုင်းကိုပြုလုပ်တတ်သော ပန်းရံဆရာ ကဲ့သို့။ ဘာဝနံ၊ ဘာဝနာကို။ ဒဋ္ဌဗ္ဗံ၊မှတ်သားအပ်၏။ ပရိယာယပထော ဝိယ၊ မြို့ကိုလှည့်လည်၍သွားသော မင်းလမ်းမ ခရီးကဲ့သို့။ ဟိရိဩတ္တပ္ပံ၊ ဟိရိဩတ္တပ္ပကို။ ဒဋ္ဌဗ္ဗံ၊ မှတ်သားအပ်၏။ ဒွါရံဝိယ၊မြို့တံခါးကဲ့သို့။ အရိယ မဂ္ဂေါ၊အရိယာမဂ္ဂင်ရှစ်ပါးကို။ ဒဋ္ဌဗ္ဗော၊မှတ်သားအပ်၏။ ပဏ္ဍိတဒေါဝါ ရိကောဝိယ၊ပညာရှိတံခါးစောင့်ကဲ့သို့။ ဓမ္မသေနာပတိ၊ ရှင်သာရိပုတ္တရာ ကို။ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။ နဂရပ္ပဝိသနက နိက္ခမနက ဩဠာရိက ပါဏာ ဝိယ၊ မြို့သို့ ထွက်ဝင်သွားလာသော သတ္တဝါတို့ကဲ့သို့။ အတီတာနာဂတ ပစ္စုပ္ပန္နာ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော။ ဗုဒ္ဓါ၊မြတ်စွာဘုရား ရှင်တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်သားအပ်ကုန်၏၊ ဤသည်လျှင် နိဗ္ဗာန်၌ အဆုံး အဖြတ် စကားတရပ်ပြီးပြီ။

## မျက်စိစသည်မှလျှော် မျက်စိစသည်မှုနိဗ္ဗာန်ပြဆိုခြင်း

ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ-ဟူ၍ အဘိဓမ္မတ္ထ သင်္ဂဟပါဠိ၌ မိန့်ဆိုအပ်သည်နှင့်အညီ။ ဝါနသင်္ခါတာယ၊ သတ္တဝါတို့ကိုသံသရာဝဋ်ဒုက္ခ၌ချုပ်တတ်မြေးတတ်သည်၏အဖြစ်ကြောင့် ဝါနဟုဆိုအပ်သော။ တဏှာယ၊ ကာမတဏှာ-ဘဝတဏှာ-ဝိဘဝတဏှာ ဟုဆိုအပ်သော တဏှာသုံးပါးမှ။ ဝါ၊ ဒေါသ မောဟမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်လွတ်မြောက်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်ဆိုအပ်၏။

၁။ (အထူးမှတ်ချက်) ကြည့်ချင်ခြင်း စေတနာ တဏှာလောဘကို အကြွင်းမဲ့ သမုစ္ဆေဒထိအောင် ဖြတ်နိုင်လျှင် မျက်စိလျှော် မျက်စိမှာ နိဗ္ဗာန်မှတ်ပါ။

၂။ ကြားချင်ခြင်း နားထောင်ခြင်းစေတနာတဏှာလောဘကိုအကြွင်း မဲ့ သမုစ္ဆေဒထိအောင်ဖြတ်နိုင်လျှင် နားမှာလျှော် နားမှာနိဗ္ဗာန်မှတ်ပါ။

၃။ နမ်းချင်ခြင်း မွှေးချင်ခြင်း စေတနာ တဏှာလောဘကိုအကြွင်းမဲ့ သမုစ္ဆေဒထိအောင် ဖြတ်နိုင်လျှင် ပယ်နိုင်လျှင် နှာခေါင်းမှာ လျှောင် နှာခေါင်းမှာ နိဗ္ဗာန်မှတ်ပါ။

၄။ စားချင်ခြင်း သုံးဆောင်ချင်ခြင်း စေတနာ တဏှာလောဘကို အကြွင်းမဲ့သမုစ္ဆေဒထိအောင် ဖြတ်နိုင်လျှင် ပယ်နိုင်လျှင် ပါးစပ်မှာလျှောင် ပါးစပ်မှာနိဗ္ဗာန်မှတ်ပါ။

၅။ တွေ့ထိခြင်း ဖောဋ္ဌဗ္ဗ စေတနာ လောဘတဏှာကို အကြွင်းမဲ့ သမုစ္ဆေဒထိအောင် ဖြတ်နိုင်လျှင် ပယ်နိုင်လျှင် ကိုယ်မှာလျှောင် ကိုယ်မှာ နိဗ္ဗာန်မှတ်ပါ။

၆။ မကောင်းသော စိတ် စေတသိက် စေတနာ တဏှာလောဘကို အကြွင်းမဲ့ သမုစ္ဆေဒထိအောင် ဖြတ်နိုင်လျှင်ပယ်နိုင်လျှင် စိတ်မှာ လျှောင် စိတ်မှာနိဗ္ဗာန်မှတ်ပါ။

၄-နံပါတ်တွင် စားခြင်း သုံးဆောင်ခြင်း အရာမှာ မဇ္ဈိမ ပဋိပဒါ ဖြစ်အောင်တရားနှင့်ညီညွတ်စွာ သုံးဆောင် စားသောက်လျှင် တဏှာ မဖြစ်ပါ၊ လူတို့မှာသမ္မာအာဇီဝဖြစ်အောင် သုံးဆောင်စားသောက်ပါ၊ ရဟန်းတော်မှာ ဒိဋ္ဌ သုတ မုတဆိုတဲ့ အစွန်းသုံးပါး လွတ်အောင် သုံးဆောင် စားသောက်ပါ။(တနည်းကား) ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါး၌ ဖြစ်ပေါ်သမျှ မကြောင့်ကြ မတောင့်တဘဲ ရသမျှ သုံးဆောင်စားသောက်ပါ။ တနည်း-ရှင်သာရိပုတ္တရာမထေရ်မြတ်တို့လို ဆွမ်းလေးငါးလုပ် ဘုဉ်းပေးပြီး ရေဝအောင် ဘုဉ်းပေးသုံးဆောင် စား သောက်လျှင် တဏှာလောဘမဖြစ်မှတ်ပါ။ ဤသည်လျှင် မျက်စိမှာလျှောင် မျက်စိမှာနိဗ္ဗာန်ပြီးပြီ။

## တဏှာမပြတ်လို့ ဆယ့်သုံးဘဝလည်ပြီးမှ တဏှာပြတ်တော့နိဗ္ဗာန်ဝင်ပုံ မယ်သုမနဝတ္ထုလင်္ကာတရား

လူ့ကြက် မင်းသွီး ဖြဟ္မာကြီးနှင့် သူဌေးသွီးဝက်မ သုဝဏ္ဏနှင့် ဝန ဗာရာ သုပ္ပါဒက ကေဝိရတည်း နရာဓမ္မာ ရွှာသဏ္ဍောန္တ ဘဝဆယ့်သုံး မဆုံးယုတ်မြတ်ဖြစ်ခဲ့လတ်၍ အမတ်ကတော် အကျော်ဇေယျ ခုဘဝ၌ အမတခွင် နိဗ္ဗာန်ဝင်သည် လူရှင်မှတ်ဘို့ကောင်းသည့် သတိပဋ္ဌာန် မယ်သုမနဝတ္ထုတည်း။

## ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ပုံကဗျာ

ဗုဒ္ဓဘာသာဆိုတာဘာလဲဟု ဘာသာခြားတွေက မေးကြလိမ့်အဖုံဖုံ၊ သစ္စာလေးပါးနှင့် သဗ္ဗညုတညာဏ်အာရုံ၊ ဘုရားကိုလဲယုံ တရားကိုလဲယုံ သံဃာကိုလဲယုံ ကိုးကွယ်မှုသရဏဂုံငါးပါးသီလလုံ၊ အပါယ်လေးပါး တံခါးပိတ်လို့အကုန်၊ အဲဒါမှဗုဒ္ဓဘာသာဖြစ်တယ်လို့ယုံ။

## သာသနာပြုပုဂ္ဂိုလ်ပေါ်ချိန်တရားကဗျာ

ရုပ်နာမ်ဆိုဝါဒမျိုး၊ အုပ်စိုးဘို့ချိန်တော်၊ မြတ်ဗုဒ္ဓရာဇာခေါ်သည်၊ ကမ္ဘာပေါ် ထင်ရှား၊ သုံးဆယ့်တစ်ဘုံခရိုင်၊ အကုန်နိုင် ဖွင့်မဲ့ဘုရား၊ မှောင်မိုက်လို့နေမင်းလာ၊ ပြည်တွင်းမှာ ကြည့်ငြား၊ အပူစုံမျက်စိမှား သူတို့၊ မျက်စဉ်းများဆောင်ပါ၊ ဘာသာမှာသာသနာဆင့်၊ ရာဇာဖြင့် ထွက်လိမ့် မကြာ၊ ဝိဝါဒမျိုးစုံရှာလျှင် ငြင်းခုံစရာ အန္တရာယ်ပွား မည်မို့ ရန်စွယ်သုံးပါးကပ်အပူ ဆုံးဖြတ်မဲ့သူ၊ နှလုံးခေတ် စွဲကပ်အယူကို ခွဲဖြတ်မူရှာကြတော့လေး။ အနတ္တသာသနာကို ငါရာဇာပြုမည်တဲ့လေး- ပြုမည်တဲ့လေး။

## ခေတ်ကာလအားလျော်စွာ စားရေး နေရေး ဝတ်ရေး ဆင်ခြင်ပုံ တရားကဗျာ

ကုသိုလ်ကံပေးသမျှနှင့် ကြေမှတော်မယ်၊ဘေးဘယပေါ်လွယ်အောင် မလော်လည်ချင်ဘူး၊ သက်တမ်းစေ့မနော့ကြည်အောင် သဘောထည် ဝတ်မဲ့စိတ်ကူး၊ ပွဲတော်ချက်ဝက်သားနီကို၊ မမက်ပြီကဘူး၊ ကြက်အညှီ ဆီမလူး-ဘူးဆိုတဲ့ဟင်းချို၊ တပြားတန် ကြွယ်ထမင်းငယ်နှင့် သည်လယ် ပင်း မိတ်လိုသာမျို၊ ရည်ရွယ်ရင်း စိတ်နဂိုရ်မှာ ဟိတ်မလိုချင်လှလို့ မရှင်ပြမျက်နှာတော် ကြွားလို့မမော်၊ ခုမျှားဖြင့် မြူမပျော်တယ်၊ လူခေါ် တောင် အ-ချင်ငဲ့လေး-အ-ချင်ငဲ့လေး။

## တရားကိုးမျိုးအတုယူရန်လက်ာတရား

ထကြွတမျိုး၊ ရှိခိုးတထွေ နေရာကိုပေး လှူရေးတခြား တရားကိုနာ နားစိုက်ခါနှင့် နှုတ်မှာ ဆောင်ထား စဉ်းစားကျင့်ကြံ ဤကိုးတန် လိုက်ရန်အတု ဖြစ်လေသတည်း။ လူမိုက်နှင့်တိရစ္ဆာန် နိဗ္ဗာန်စကား အလွန်ခါးသည့်တရား နားပါးမဝင် သိမြင်မဲ့စွာ သူယုတ်မာအား ခြင်းရာကောင်းဆိုး ကြောင်းကျိုးတရားမဟောကြားရာ ဟောကြားပါက အပြစ်ရ၏ ပါရမီနဂိုရ် မရှိလိုက ကုသိုလ်စရိုက် မဟောထိုက်သည် သူမိုက်တိရစ္ဆာန် နိဗ္ဗာန်စကား အလွန်ခါး၏-အလွန်ခါးလေသတည်း။

**လူမိုက်တရားငါးပါးလင်္ကာ**

ဆင်းရဲဝမ်းသာ လိမ္မာမြင်ပြင်း ကြွယ်ဝမနာလို ချမ်းသာမကြည့်ချင်၊ ကိုယ့်ထက်သာမကြိုက် လူမိုက်တရား ၅ါးပါးတည်း။

**ဤခြောက်ပါးတရားရှိလျှင် ကြီးပွားကြောင်းလင်္ကာတရား**

အနာကင်းခြင်း စောင့်ခြင်းသီလ ဆုံးမသြဝါ ကြားမြင်များစေ ကျင့်သေ သိတိုင်း တွေဝေ ထိုင်းမှိုင်း မရှိခစရ ၅ါးခြောက်ဝ မုချကြီး ပွားကြောင်း။

**လောကီလောကုတ္တရာနှစ်ဖြာကြီးပွားကြောင်းလင်္ကာ**

အဋ္ဌင်္ဂတို့၊ရ ကျမ်းအလိုဖြင့် မပိုသဘော ဟုတ်တိုင်းဟောအံ့၊ ခုရော နောင်ပါ လွန်ချမ်းသာအောင် ဥဋ္ဌာနာရက္ခ မိတ်ကလျာဏနှင့် သမ ဇီဝိတာ သဒ္ဓါသီလ စာဂပညာ သမ္မဒါဟု ကောင်းစွာလုံ့လ ကောင်း စောင့်ကြ၍ ကောင်းလှမိတ်ပေါင်း စနစ်ကောင်းနှင့် ပျော့ပျောင်းသဒ္ဓါ ငါးဖြာသီလ ဒါနလည်းပွား ပညာများဟု ရှစ်ပါးအင်္ဂါ ပြည့်စုံရာသည် မယုတ်တိုးပွား အကျိုးများကြရလေတော့သတည်း။

**အပရိဟာနိယတရားခုနစ်ပါးလင်္ကာ**

တိုင်ပင်ညီညွတ် မပြတ်စည်းဝေး နည်းရှေးလိုက်ယူ၊ ကြီးသူရိုသေ ထိန်းလေမျိုးနွယ် နတ်ဝယ်တင်မြှောက် စောင့်ရှောက်ရဟန်း ခုနစ်ခန်း မှတ်တမ်းအပရိဟာနိယာ။

(တနည်း) ရိုသေကျင့်ရာ ဘုရားတရား မြတ်သံဃာနှင့် အကျင့်သိက္ခာ တည်ကြည်သမာဓိ မိတ်ကောင်းကလျာ၊ ဆုံးမလွယ်ရာ ခုနစ်ပါးအင်္ဂါ ပြည့်စုံရာသည် မယုတ်တိုးပွား အကျိုးများကြရာလေသတည်း။

**သဒ္ဓါစစ်စစ် တကြိမ်လှူဒါန်းကအကျိုးကြီးပုံလင်္ကာတရား**

သဒ္ဓါလှူမျိုး တကြိမ်ပျိုးက ကောင်းကျိုးအသချေ ပွားတိုးစေသည် လယ်မြေအမှန် ခွန်ထွက်သန်သည့် ကောန်မုချ ရမည်မလွဲ ဖြစ်လေ သတည်း။ လူမိုက်အလှူ ပေးပါမူကား ရွယ်ချူဖိုလ်မင် မပန္နက်သည် မှားဘက်ဝယ်သာ ကျင်လည်ရှာ၏။

**လူ့ပြည်လောကဆင်းရဲများပုံလင်္ကာတရား**

ဆင်းရဲအတိ၊ ရံဘိပတ်လည်၊ ဤလူ့ပြည်က၊ သားစည်မြေးပွား၊ မီးပုံလားသို့၊ ငါးပါးကာမ၊ ဝဋ္ဋမီးစာနှင့်၊ ဃရာဝါသ၊ သမ္ဘာဝဟု၊ ဒုက္ခဆိုးကြောင်း၊ ကျဉ်းမြောင်းပွေလီ၊ တအီအီလျှင်၊ ကသီလင်တ၊

လောင်မီးကျသို့၊ နေ့ညပူဆာ၊ မကူသာသည်၊ သူငါလောကီအာရုံတည်း။ များလှမိုလ်လူ၊ ဟိန္ဒူဂူတို့၊ အပူမငြိမ်း၊ တရှိန်းရှိန်းနှင့်၊ ခပ်သိမ်းဘဝ၊ လောင်မီးကျသို့၊ လောဘဒေါသ၊ မောဟဒိဋ္ဌိ၊ အစရှိသား၊ ဝိစိမီးစာ၊ ဝဋ်ကြီးစွာတည်း၊ အဝဋ္ဋာဘုံ၊ မြို့ရန်လုံ၍၊ ခိုင်လုံမြေ၊ မတည်ရသေး၊ ဝေးကြသတ္တဝါ၊ ထိုများစွာအား၊ ယုတ်မာညစ်ဆိုး၊ အခိုးမရှိ၊ ထိန်ထိန်ညှိလျက်၊ ဤကိလေသာ၊ မီးစကြာဖြင့်၊ ပူဆာလွန်ကဲ၊ တရဲရဲသည်၊ လောင်စွဲမပြတ်၊ အမြဲဖြစ်လေတော့သတည်း။ (မန်လည်ဆရာတော်)

## လောဘ-ဒေါသ-မောဟတရားသုံးပါးအပြစ်ကြီးပုံ

ပြောတူရာဂ၊ ရုံကာလ၍၊ ဒုဋ္ဌကွာကပ်၊ နှိပ်စက်အပ်လျက်၊ ကြီးထပ်ဒေါသ၊ သတ္တန္တရနှင့်၊ မောဟပြောခါ၊ ရောဂါကပ်ဆိုး၊ ဘိလွှမ်းမိုး၏၊ တိုးကြတိုးကြ၊ အဆုံးကျက၊ ရာဂမီးဟူ၊ ဒေါသမူရေ၊ တွေဝေမောဟ၊ ပြောထတုံလတ်၊ လေသံဝဠ်ဟု၊ မချွတ်ကမ္ဘာ၊ ပျက်ပြုန်းပါခဲ့၊ ကိလေသာမျိုး၊ တရားဆိုးက၊ ကောင်းကျိုးမထင်၊ ပြစ်ကျိုးမြင်သည်၊ သို့စင်ကြီးလှ ဝဋ်ဘေးတည်း။

## ခန္ဓာကိုယ်ဆင်းရဲဒုက္ခများပုံရှစ်လုံးဘွဲ့ကဗျာ

၁။ ခန္ဓာကောင်ကြီး လောင်းမီးတူစွာ၊ သူတော်စင်များ ရှုစားခါခါ၊သူ့အတွက်ကြောင့် ဝဋ်စက်လည်ဟာ၊သူမကိန်း ပူငြိမ်းကေန်သာ။

၂။ ဃရာဝါသ ကိစ္စထွေထွေ၊ ပစ္စည်းအရေး ငွေ့တွေးရပေ၊ တဟိုက်ဟိုက်မော မိုက်ဇောဆူဝေ၊ ကိုယ်စလေ့ ကိုယ်တွေ့ဤလူ့ပြည်။

၃။ လူ့ဘုံလူ့ရပ် စွဲကပ်ရောက်လာ၊ မချဒုက္ခ ရှုပ်လှပေတာ၊ စားဝတ် သောက်ရေး၊ နေရေးဖြာဖြာ၊ မအေးရ လေးစွဤခန္ဓာ။

၄။ တဏှာလောဘ ဇောကြွသူတွေ၊ လူရောနတ်ရော သောသော ရှုပ်ပွေ၊ ကာမဘုံသား ရှုပ်အားနိုင်ပေ၊ ရှုပ်သမျှ ဒုက္ခပင်လယ်ဝေ။

၅။ တဏှာသူမင်း အရင်းလက်သယ်၊ ခါခါပူပြင်း မငြင်းနိုင်ဘွယ်၊ ကာမထောင်တွင်း လှောင်သွင်းသည့်နှယ်၊ ရှုပ်သမျှ ဒုက္ခသူချယ်လယ်။

၆။ ချမ်းသာတခု မက်မောမှုကြောင့်၊ ပုပုရွရွ ကြိုးပမ်းကြလည်း ဒုက္ခပင်လယ် ကျယ်ထက်ကျယ်သည် ရွယ်တိုင်းမရပါတကား။

၇။ ချမ်းသာနိုးနိုး စိတ်အားကိုးနှင့်၊ အကျိုးငံ့မျှော် စောင့်ပါသော်လည်း၊ သွေချော်တိမ်းပါး ထင်ချက်မှားသည်၊ ထင်စားရကျိုး မနပ်ပါတကား။

ဇဋ္ဌာသယ ၄၈၈-၆၉

၈။ ဆန္ဒအာသာ လိုဇူးဏှာနှင့် တဏှာလောင်မီး ထိန်ထိန်ညီး၍ ကြီးပွားလေလေ ရှာဖွေကြိုးရေး မှုရှုပ်ထွေး၏ ခွေင့်မရှင်း နောက်ဆံ တင်းသည် ထန်ပြင်းဒုက္ခပါတကား။

**ဝိပါက်အမှန်သံဝေဂယူရန်ကဗျာ**

လောကဓံဓမ္မာဆလျှင်ဖြင့် မာန်မာနပယ်ပါ၊ ကံချာကဘယ်အခါ တွယ်စရာခက်ရေး၊ မိုးပေါ်ကပြဟ္မာတွေတောင် တခါတလေဝက်ဖြစ် ရသေး၊ ဘုန်းတော်ရှင်မုနိန္ဒတောင် စိဥ္စမာတွက်ရေး၊ ရှိန်မသာမျက်နှာ ပေးနှင့် ဝင်္ကြွေးတော်ဆိုက်လာ၊ စိန် ရွှေ ငွေ ဘယ်လိုများသော်လဲ သေရမည့်ကား နေ့နှင့်ညသာ၊ သို့မို့ကြောင့်သင်္ခါရာကို တဒင်္ဂါဘယ်ခါ မလစ်ပါနှင့်၊ အထပ်ထပ်ဉာဏ်သံဝေ၊ ပွားရှုကြလေ၊ မာန်ထ၍ ဟန်ကြွ ပေမူ ခံရလေငရဲတဲ့လေး။

**လောင်းလျှာအလိုခြောက်ချက်လင်္ကာ**

လောဘ ဒေါသ မောကင်းလို တောနိတဖြာ ဆိတ်ငြိမ်ရာသက်ဝင်မှ ထွက်သည့် ခြောက်ချက်လောင်းလျှာအလိုတော်တည်း။

**ဤတရားငါးပါးမပြတ်ဆင်ခြင်ရန်လင်္ကာ**

အိုခြင်းတဖြာ နာခြင်းတထွေ သေခြင်းတခြား ကွဲပြားတတန်၊ ကံသျှင်ဥစ္စာ ဤငါးဖြာကို မကွာနေ့ည ဉာဏ်သက်ဝင်၍ ဆင်ခြင်ရာ၏။ သေခြင်းတရား၊ ဤတပါးကား စီးပွားမြားမြောင် အကျိုးဆောင်သည် အိုအောင်အောက်မေ့ စီးဖြန်းကြ-စီးဖြန်းကြ။

**သုဒ္ဓါဝါသငါးဘုံမှတပါးမဖြစ်သောဘုံမရှိ လင်္ကာတရား**

တပြန်ပြောင်းပြောင်း ရှေးနှောင်းဇာတိ မသိစသာ သံသရာ၌ သုဒ္ဓါဝါသဘုံမှတပါး သိကြားပြဟ္မာ နတ်ချမ်းသာနှင့် စကြာရောင်ဝင်း လေးကျွန်းချင်းသား ဘေးကင်းရိပ်ငြိမ် မင်းစည်းစိမ်လည်း အကြိမ်အခါ ရေရာမသိ ဖျင်းညီပေါ်မျှ စံဘူးကြ၏၊ နဝလောကုတ္တရာ ဓမ္မာမတ မြိုက်သုခမူ ခဲလှငြိုငြင် အိပ်မက်တွင်မျှ မမြင်ဘူးကြောင်း ခက်စွာဝေးစွာ ရှောင်းခဲ့လေတော့သတည်း။

**ဒုက္ခတရားတွေဟာ နိဗ္ဗာန်ကျမှအေးမည်တရားကဗျာ**

ဇာတိမှာ ဇရာပေါက်တဲ့ပြင်၊ ဗျာဓိပါ မရဏာဘဲ ရောက်ရလိမ့်အုံး၊ သည်နောက်ဖန်ဖန်လာလို့ သံသရာ ရဟတ်ချားမှာလ၊ ရပ်နားခါဘယ် မှာ ပုန်းနိုင်ပါ့မလဲ၊ ပူလေလေ ပူစေအုံးမှာမို့၊ အပူတွေ ဆူဝေလို့ ချုံး စေနှင့်၊ ကျွန်ဉာဏ်ဝန် တိုတိုနှင့်ရုံးခဲ့ပါတော့၊ သည်အပူတွေ နိဗ္ဗာန်ကျမှ

ဆုံးတော့မှာပေါ့ဘုရား၊ ဧတော့မှာပေါ့ ဘုရား၊ ဘုန်းအသိသား–ဘုန်းအသိသား။

## ဒုစရိုက်ဆယ်ပါးကို မင်္ဂပယ်စဉ် လင်္ကာအချုပ်

ကာယသုံးလီ ဝစီအစ နှစ်ဝမှတ်လေ တထွေဒိဋ္ဌိ ပယ်ဘိသောမင်္ဂ ဖရုသာကဏ်ဗျာပံ အနာဂါမ်ပယ် ကြွင်းဝယ်နှစ်ဝ အရဟတ္တဖိုလ် ပယ်ကြောင်းဆိုသည် အင်္ဂုတ္တိုရ်ကျမ်း အလာတည်း။

## ဉာဏ်တရားငါးပါးနှင့်ပြည့်စုံလျှင်မင်္ဂဖိုလ်နိဗ္ဗာန်ရခြင်း တရားလင်္ကာ

ကျင့်ရန်ရှုကြည့် သီလပြည့်၍၊ဆင်လှည့်မုတင်၊ အလုပ်ဝင်နှင့်၊ သွန်သင်ဟောကြား၊ ဉာဏ်ငါးပါးသည်၊ တရားမင်္ဂဖိုလ်၊ ရင့်ကြောင်း ရကြောင်းတည်း။ ။(တနည်း) သဒ္ဓါ ဖြောင့်စင်း၊ ကင်းစင် ရောဂါ၊ လွန်စွာအားထုတ်၊ ဖြစ်ချုပ်ကိုမြင်၊ ဉာဏ်ငါးအင် လျင်စွာမင်္ဂဖိုလ် ရမကြောင်းတည်း။

## အင်္ဂါလေးပါးနှင့်ပြည့်စုံလျှင် အရိယာသောတာပန် ဖြစ်ခြင်းလင်္ကာ

သူတော်နှင့်ပေါင်း၊ ကြားနာ ရကြောင်း၊ သိအောင် အားထုတ်၊ မင်္ဂဖိုလ်အဟုတ်၊ လေးပါးအင်္ဂါ အရိယာ သောတာပန် ဖြစ်ကြောင်းတည်း။

## ပလိဗောဓဆယ်ပါး သံပေါက်

ကျောင်းအမျိုးလပ်၊ ဂိုဏ်းကမ္မ၊အဒ္ဓခရီးသာ။ ဆွေမျိုးကျင်နာ၊ ကျမ်းဇုဒ္ဓိ၊ ကြောင်းကြဆယ်မျိုးသာ။

## မမှိဝဲအပ်ကြောင်း တဆယ့်ရှစ်ရပ် လင်္ကာအချုပ်

ကြီး–သစ်–အို-လမ်း၊လူတွေပြွမ်း၊ ရွက်ပန်းသစ်နီးတော။ ထုံးအိုင်မြို့နီး၊ ထင်းဝါးမှီး၊ ဆိပ်လယ်နီး ရှိသော။ တိုင်းစွန် တိုင်းစပ်၊ ဘေးနီးကပ်၊ ကလျာမြတ် မိတ်ကင်းနှော။ ဆယ့်ရှစ်ရပ်ကျောင်း၊ ဝေးကွာ ရှောင်း၊ ကြဉ်ကောင်း ပုဂ္ဂလော၊ ကမ္မဋ္ဌာန်းမတည်၊ ကျောင်းကိုမှီ၊ ပျက်ပြီရှောင်စေသော။

## အင်္ဂါငါးပါးရှိသော ကျောင်းတည်ရာ လင်္ကာအချုပ်

မဝေးမနီး၊လူလည်းမရော၊မပေါမှက်ခြင်၊လေးအင်ပစ္စည်း၊ ရလွယ်မှီး၊ မနီးကြောင်းငါးအင်။

## သမ္မပ္ပဓာန်လေးပါးလင်္ကာ

ကြောချင်ရိုးရေ၊ ကြွင်းလေစေ၊ ကုန်စေသားအသွေး။ အသက်ကိုမျှ၊ မညှာရ၊ သမ္မပ္ပဓာန်လေး။

**တရားမရ အင်္ဂါငါးပါးလင်္ကာ**

မစွန့်ကာမာ၊ ဆရာမရှိ၊ ဝီရိယလျော့၊ အားအင်ပြော့ကာ၊ လွန်စွာမှောင့်မှား၊ဤငါးပါး၊တရားမရ၊ကိုနေယျ၊ရကြပါစေ။

**ကမ္မဋ္ဌာန်းအားထုတ်ရန် ပဓာနိယင် တရားငါးပါးလင်္ကာ**

ယုံကြည်ကျန်းမာ၊ ဖြောင့်စင်းစွာနှင့်၊ ဥဿာဟမှု၊ ပညာရှုသည်၊ ငါးခု ပဓာနိယင်တည်း။

**ကမ္မဋ္ဌာန်းထိုင်နည်း ငါးပါးသံပေါက်**

ဆိတ်–တင်း–ဖြောင့်–ငါး၊ ရှေးမြဲပွား၊ ကြိုးစားဘာဝနာ။

**ခန္ဓာကိုယ်ရုပ်အကောင်ပုပ်ကြီးဖြစ်ပုံလင်္ကာ**

စာသစ်စာကျက်၊အောက်ထက်ဝန်းရံ၊ ပုပ်နံညှီလှောင်း၊ ကျဉ်းမြောင်းမည်းမိုက်၊မိဝမ်းတိုက်ဝယ်၊ဘင်၌လောက်လို၊ ကျောက်ကိုဝမ်းပြု၊ ဒူးနှစ်ခုကြား၊ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ခွတိုမှာ၊ မျောက်အိုကုပ်သည့်နှယ်၊ မလှုပ်မယှက်၊ သေသောက်လက်ဝယ်၊ ဆိတ်သူငယ်ကို၊ အလမ္ပါယ်မိ၊ မြွေငယ်ချိသို့၊ အမိစပ်ခါ၊ ပူစေားလည်း၊ ကိုယ်သားဆတ်ဆတ်၊သတ်ဖြတ်တစေ၊တည်နေဆယ်လ၊ ဤကာယ၏၊ဖြစ်ရကြောင်းလျာ၊ အဝိဇ္ဇာနှင့်၊ တဏှာဉပဒ်၊ ကံအာဟာရ၊ပဉ္စကသည်၊ ရူပဟေတု ပစ္စည်းတည်း၊ ဖြစ်ကြောင်းတည်း။

**ကြမ္မာယွင်းယိုပျက်စီးခြင်းတရားလင်္ကာ**

ပျက်စီးဘို့ရန် အချိန်တန် အမှန်ကွယ်ပျောက် အမှားရောက်၏၊ ကြမ္မာယွင်းယို၊ ပျက်စီးလိုက၊ အဆိုတခြား၊ အနေမှား၏၊ ဘုရားသော်မှ၊ တားမရဘူး၊ အကောင်းအဆိုး၊ ထိုနှစ်မျိုးတွင်၊ အဆိုးကြမ္မာ၊ ဝင်၍လာသော်၊ ဆက်ခါမလပ်၊ အမြဲကပ်သို့၊ နောက်ထပ်မစဲ၊ တသဲသဲလျှင်၊ ပူပွဲဆိုက်ရန်၊ ဖန်တီးပြန်သည်၊ ကေန်တွေ့ရ၊ လူ့လောကတည်း၊ ပုထုဇ္ဇန၊ ထိုမျှပုဂ္ဂိုလ်၊ များလူမိုလ်တို့၊ မလိုမကောင်း၊ လိုလျှင်ကောင်း၏၊ အဟောင်းအသစ်၊ ပျိုအိုဖြစ်လည်း၊ မချစ်မလှ၊ ချစ်လျှင်လှ၏၊ လောကဓမ္မတာ၊ လူ့တံထွာတည်း၊အမှားကြာတော့ အမှန်ဖြစ်၊ အမှန်စင်စစ်အမှားထင်၊ဘုရားရှင်ပင် ဟောလို့မရ ချွတ်လို့မရတည်း။

**ဘုရားလောင်းတို့ကျင့်ဝတ်ဓမ္မတာလင်္ကာ**

တရားအောင်မြေ၊ ငါးပါးထွေက၊ပလ္လင်ပေါ်သည့်၊ ညောင်ပင်ကြီးမှ ဗောဓိညောင်ရွှေ၊ပလ္လင်ဗွေထက်၊သိရွှေစိုးစံ၊သတ္တရောင်ဝေ၊မေ့ဓမ္မိဿရ ဓမ္မဒေသနာ၊မြိုက်ရသာကို၊ ကောင်းစွာညွှန်ကြား၊သတ္တဝါများကို၊ ခေမာ

ပူရ၊အမတသို့၊ လျှင်စွာခဏ၊ ရောက်ပါစေသား၊ ဆုပန်ထားသည်၊ ဘုရားလောင်းတို့၊ကျင့်ဝတ်ဓမ္မတာပေတည်း။ဩဇာလေးဖြာ၊လွတ်မြောက်ရာကို၊ ငါသာရည်မှန်း၊ဤကမ္ဘဌာန်းကို၊ စီးဖြန်းရှာရလေတော့သတည်း။

**တနည်းခန္ဓာငါးပါး ရှုပုံလင်္ကာတရား**

ခန္ဓာမီးနိုး၊တိမ်ရပ်မျိုးလည်း၊တစိုးတစိ၊မြဲမရှိဘူး၊ဖြစ်မိဖြစ်ရာ၊ဖြစ်တတ်စွာ၏၊ ကြမ္မာအလိုက်၊ အခိုက်တန့်မျှ၊ အခွန့်မကွာ၊မနည်းကြာရုံ၊ လိုရာမရ၊ တခဏဖြင့်၊ မဝမျက်မြင်၊ မိုဃ်းကောင်းကင်၌၊ ခုဆင်းခုမြင်း၊ ရွှေ့ရွှေ့ယွင်းလျက်၊ ကြည့်ရင်းမမှန်၊ ရုပ်သဏ္ဌာန်တို့၊ ဖောက်ပြန်တုံဘိလေလိုက်အိသို့၊မိမိအမူ၊စိမ်ပြုသည်၊ငါဟုမမူ စသာတည်း။ (မန်လည်ဆရာတော်)။

**ဝိညာဉ်ပညာသိပုံလင်္ကာတရား**

ဝိညာဉ်ပညာ၊ သိရာအမူ၊ မြင်နှစ်ခုတွင်၊ ဝိညာဉ်မြင့်ပုံ၊ နွားမမြီသား၊ နွားငယ်အားဖြင့်၊ နိမ့်မြင့်ဆူကြို၊ မြင်ပုံအလား၊ ပုံမခြားတည်း။ အများသူငါ၊ မိဿာယူလွဲ၊ ငရဲကြီးလှ၊ ကုသိုလ်ရဟ၊ ပြုကြရှောင်ကြဉ်၊ ဝိညာဉ်မြင်တည်း။မှားပင်မှားဘိ၊ မှားခေါင်ထိ၏၊ဉာဏ်သိသဘော၊ ပညာစောမှ၊ သတ္တောကာယ၊ သင်္ခါရမှ၊ လောကဝေါဟာ၊ ပညတ်သာလျှင်၊ ဖြစ်နှင့်ပျက်မှု၊ သဘာဝသာ၊ အဗျာပါရ၊ကေတ္တနှင့်၊ နာနတ္တနည်း၊ ဧဝံနည်းသာ၊ ဓမ္မတာဟု၊ ဖြူခါစင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည်၊ မြင်ကြအများ၊ မှန်အမှားက၊ခြောက်ပါးဝိညာဉ်၊ သိထင်မြင်နှင့်၊သုံးအင်ကမ္ဘ၊ ဒွါရသုံးခု၊ ပြုပြုသမျှမဂ္ဂသစ္စာ၊နိရောဓကျေ၊ဖြစ်ရလေသည်၊ သစ္စာအပြား၊မှန်လေးပါးသည်၊ မုချမလွဲ၊ အမြဲကေန်၊ အမှန်စစ်စစ် ဖြစ်ရလေတော့ သတည်း။ (ကြောင်ပန်းဆရာတော်)။

**ဇရာမရဏစွမ်းရည်လင်္ကာတရား**

သုံးပါးအရွယ်အလယ်အဆုံး ရှိမြဲထုံးဖြင့် အနှုံးစဉ်စိ သန္ဓေချီကနာရီစည်သင့် အဆင့်ဆင့်လျှင် ရင့်မြဲရော်မြဲ တသဲသဲတည်း မစဲနေ့ညတရွရွလျှင် ခဏသန္တတိ အဂ္ဂိဇရာ နှစ်ဖြာလောင်မီး ရှိန်ရှိန်ညီး၍ ကြီးကြီးငယ်ငယ် အရွယ်မထောက် အချိန်ရောက်က ချုပ်ပျောက်ခန္ဓာ မငြင်းသာသည် ဇရာမရဏ စွမ်းရည်တည်း။(လယ်လီဆရာတော်)

**အဆွေခင်ပွန်းကြီးတဆယ်ပါး၌အနက်**

ဗုဒ္ဓေါပစ္စေက ဗုဒ္ဓေါစ၊ သာဝကာ အဂ္ဂသာဝကာ။
မာတာပိတု ဂုရုသတ္ထာ၊ ဒါယကာ ဓမ္မဒေသနာ။

ဗုဒ္ဓေါစ၊ မြတ်စွာဘုရားငင်း။ ပစ္စေကဗုဒ္ဓေါစ၊ ပစ္စေကဘုရားငယ်ငင်း။ သာဝကာစ၊ ရဟန္တာအရှင်မြတ်သာဝကတို့ငင်း။ အဂ္ဂသာဝကာစ၊ လက်ဝဲရံလက်ျာရံ သာဝကအရှင်မြတ်တို့ငင်း။ မာတာစ၊ မွေးသမိခင်အမိသည်ငင်း။ ပိတုစ၊ မွေးသဖခင်အဖေသည်ငင်း။ ဂုရုစ၊ ဆရာသခင်ကျေးဇူးရှင်ငင်း။ သတ္ထာစ၊ အဘန်တလဲလဲ ဆုံးမတတ်တဲ့ ဆရာသခင်အရှင်မြတ်ငင်း။ ဒါယကာစ၊ ပေးလှူစွန့်ကြဲတတ်တဲ့ ဒါယကာဒါယိကာမတို့ငင်း။ ဓမ္မဒေသနာစ၊ တရားဟောပြဘူးတဲ့ ဓမ္မကထိကပုဂ္ဂိုလ်ငင်း။ ဣမေဒသ၊ ဤဆယ်ပါးတို့တည်း။

**အဆွေခင်ပွန်းကြီးဆယ်ပါးမပြစ်မှားသူအကျိုးခံစားရပုံလင်္ကာ**

လူ့ဒွိဂုဏ်ထူး ကျေးဇူးကြီးစွာ ဆရာမိဘ ဘုရားစသား ထိုမျှမိတ်ချစ်သူတော်စစ်ကို မပြစ်မမှား သူတို့အားကား တပါးရပ်ရွာ သွားစပါလဲ အစားအစာ မရှားပါဘဲ ရောက်သွားရာရာ ပူဇော်ရာ၏။ ၁-ရာဇာစောရ ခားမြဲခိုးသူ၊ ကလူနိုင်ထက် မနှိပ်စက်ရာ။ ၂-မျက်နှာချစ်ဘွယ် လသဖွယ်နှင့်။ ၃-ပွဲလယ်အထူး ရဲဂုဏ်မြူးလျက်။ ၄-ကျေးဇူးသတင်း ကျော်ခြင်းမိုးပျံ့။ ၅-ခရီးမကွဲ အမြဲမထွေ။ ၆-ကြက်သရေနတ်နှယ် တင့်တယ်ပွင့်လင်း။ ၇-ဆင်မြင်းကျွဲနွား လယ်ယာများ၌၊ စပါးဆန်နှံ၊ သီးခွံမပျက်။ ၈-တောင်တက်ချောက်ကမ်း စွဲလန်းလွတ်ကွာ ကျတုံပါလည်း တည်ရာရငြား။ ၉-သားနှင့်သွီး ညောင်ပင်ကြီးသို့ နိုင်ဖြိုးခြေမြစ် မြဲမြီဖြစ်ဟု စင်စစ်မှန်လှ ဟောတော်ပြသား ဒသမိတ္တ ပူဇာဂါထာ ဤဆယ်ဖြာကို ကောင်းစွာနားလည်မှတ်သားလေတော့သတည်း။

**နောင်တရားရဘွယ် ၁၀-ပါးလင်္ကာ**

၁-ငယ်ခါကလျှင် မရကိုယ်တွင် မသင်ပညာ။ ၂-ဥစ္စာမရ။ ၃-သူ့ကိုချစ်ပျက်။ ၄-သူ့သက်သတ်စား။ ၅-သူ့မယား၌ ပြစ်မှားတုံဘိ။ ၆-ပစ္စည်းရှိလျက် စိုးစိမလှူ။ ၇-မွေးမြူမိဘ မပြုရလျှင်း။ ၈-ဆုံးမမနာ။ ၉-ပညာရှိထံ နည်းခံမမှတ်။ ၁၀-မမြတ်အကျင့် ဤဆယ်ဆင့်ကား ကြီးရင့်ဇရာ အိုသောခါ၌ ပူဆာနောင်တ ရတတ်စွ၏။

**သိင်္ဂါလကျမ်းလာကျင့်ဝတ်သံပေါက်**

ကျမ်းသိင်္ဂလ၊ သုတ်ဝယ်ပြ၊ သုံးဝမြတ်ဆရာ။ ကျင့်ဝတ်မပြေ၊ ပါယ်လေးတွေ၊ လားလေရှည်မြင့်ကြာ။ ဤသည့်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်တုံထက်နတ်ရွာ။ ။လှည်းဘီးပြင်က နားစောင့်ချသို့ မိဘနှင့်သား မယားနှင့်လင် အရှင်နှင့်ကျွန်၊ ထေရ်မွန်တကာ မိတ်သဟာနှင့် ဆရာတပည့်

တည်တည့်မချွတ် ကျင့်ဝတ်စုံလင် ဖြူသန့်စင်မှု ရှင်လည်းမကွေ့ သေလည်း မကွာ နတ်ရွာလူ့ပြည် လှည့်လည်အတူ စံစားမှု၍ နိဗ္ဗူရွှေပြည် ဝင်အံ့ သည်တည်း။ မတည်ကျင့်ဝတ် ချွတ်သူတို့မှာ မလွတ်သည်သာ လေးရွာ ပါယ်ဘို့ လုံးလုံးလူဖြစ်ရှုံးလေတော့သတည်း။

မိဘမည်ပြား ဤနှစ်ပါးကို ရှေ့ထားအပ်စွာ ဘာဝတ္ထာကြောင့် ပြုပွါ ဒိသာ မှတ်ရာရှေးမှတ် ဆရာမြတ်ကား မပြတ်ကာလ ပူဇော်ရကြောင့် ဒက္ခိဏခေါ် တဖော်ဝန်းလျား သားမယားမူ နောက်ထပစ္ဆိ မှုရှိ ထုတ်ပေ မိတ်ဆွေမြောက်ညား ဥတ္တရမည်ထ ကမ္ဘကရာ ကျေးကျွန် မှာလျှင် ဒိသာအောက်ခန်း ရဟန်းပုဏ္ဏား ဘုရားပစ္စေက ဟူသမျှကား မြတ်လှလူဝါ ထိပ်မှာတင်အပ် အထက်ရပ်တည်း။ ပညတ်ဝေါဟာ ခြောက်ဒိသာကို ကောင်းစွာမငြိုး သက်ဆုံးကိုယ်ဖြင့် ကြည်ညှိအားလှိုင်း သားမောင်ကြိုးလျှင် နေ့တိုင်းကော်ရော် ပူဇော်မပြတ် မြတ်နိုးတတ်က မြတ်ထက်မြတ်ရာ နောင်သံသာ၌ နတ်ရွာခရီး ပိတ်ဆီးမရှိ ဇာတိ မဖောက် ဤမျက်မှောက်လည်း ထက်အောက်ခပဲ အံ့မစဲအောင် ချီးပွဲ ဗိုလ်လူ တောင်းဆုယူလျက် ကြည်ဖြူရွှင်ပြုံး ရွှေစက်အုံး၍ သက်လုံး နှံလိမ့်မည်ဟု မှတ်သားကြရလေကုန်တော့သတည်း။

## အထူးသဖြင့်ဆင်ခြင်နှလုံးသွင်းရန်

၁-ကလေးနှင့်ဘာသာခြားများပင်လျှင် ဗုဒ္ဓဘာသာဆိုတာဘာလဲဟု ရေရေလည်လည် နားလည်အောင် သိရမည်။ ၂-ဗုဒ္ဓဘာသာ တရား အစစ်ကို အမြန်ရအောင်အားထုတ်ရမည်။ ၃-အန္ဓပုထုဇဉ်မှ ကလျာဏ ပုထုဇဉ်အမြန်ရအောင် အားထုတ်ရမည်။ ၄-မိစ္ဆာဒိဋ္ဌိဝါဒီတို့ မလှည့် ပတ်နိုင်သော သမ္မာဒိဋ္ဌိဉာဏ်ပေါက်အောင် သိရမည်။ ၅-ချက်ခြင်း အပူကင်း၍ အပါယ်ဘေးကင်းလွတ်နိုင်သော ကိုယ်ပိုင် ဉာဏ်အမြင် ပေါက်အောင်သိနိုင်ရမည်။ ၆-ဒါန သီလ ဘာဝနာသုံးပါးပြည့်စုံအောင် အားထုတ်ကြိုးစားရမည်။ ၇-သီလသမာဓိပညာတပါတည်းပါဝင်အောင် အားထုတ်ကြိုးစားရမည်။ ၈-မဇ္ဈိမပဋိပဒါ ပိဋကတ်ဉပဒေနှင့် ကိုက်ညီ အောင် ဟောပြောပြသနိုင်သော ပုဂ္ဂိုလ်ထူးကို ဗုဒ္ဓရာဇာဟုခေါ်သည်။

## သေရဲအောင်ကြိုးစားဘို့သံပေါက်ကဗျာ

ခန္ဓာပြိုကွဲ၊ သေမှာဘဲ၊ သေရဲအောင်သာကြိုးစားပါ။ သေဘို့နေ့ရက်၊ လက်ချိုးတွက်၊ စောင့်လျက်သူငါ၊ နေရပါ။ မငွင်လုပ်ငန်း၊ လွန်ကြိုးပမ်း၊ အောက်တန်းမကျပါ။

မငွင်ရှစ်ပါး ရထားယာဉ်ပျံ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း အမှန်။ ဝိဝေကလမ်း မျှော်မှန်းရည်ကာ၊ ဝဋ္ဋစခန်း ကျွတ်တမ်းဝင်ဘို့ရန်။ လွန်ကျူးဆူပွက်၊ မျိုးမပျက်၊ ဆုံးချက်ကိလေသာ။ သီလသမာ၊ ဓိပညာ၊ သတ်ရာသုံးသိက္ခာ။ အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်ရေးမခက်ပါ။ သိပယ်ဆိုက်ပွား၊ လေးပါးအချက်၊ တပြိုင်နက်၊ မဂ်၏ကိစ္စတည်း။

### ပိဋကတ်အစွယ်ထောင်လျှင်အပါယ်ဘောင်ဆင်းတရားကဗျာ

တပိုင်းကြောင် ကျက်စာ ရရုံနှင့် ခက်ပါလှ သဘောညာဏ်၊ တက် မာနအပြောသန်တယ် ဒေါသမာန်ထူပွား၊ စောဒက တဘက်ပါလျှင်၊ သူ့ထက်ငါ ငြင်းတဲ့လူစား၊ ပရိယတ်မြတ်ဓမ္မကွန်၊ တတ်လေဟန်ယောင် ဝါး၊ပရမတ်ပြန်အကြောင် သမားတွေတို့၊ ထောင်လွှားကြ သူ့ထက်ငါ၊ အသိညာဏ် တထွာလောက်ကယ်နှင့် ညှာမထောက် ငြင်းတတ်လှပါ၊ ပရိသတ်ထောမနာအောင်၊ စောဒနာ ညာဏ်အကောက်တွေနှင့်၊ ကန် အကြောက်အတင်းမရှောင် ငြင်းကြလို့ဘောင်၊ ပိဋကတ်အစွယ်ထောင် လျှင် အပါယ်ဘောင်ဆင်းရလိမ့်လေး။

### ကမ္မန္တရာယ်ငါးပါး ခြောက်ပါးသံပေါက်

မဂ်ဖိုလ်မြစ်တား၊ ထိုတရား၊ ရှိငြားအန္တရာယ်။ ကမ္မကိလေ၊ ဝိပါကေ၊ သုံးထွေ အန္တရာယ်။ ၃။ ဥပဝါဒံ အာဏာခံ၊ မိန့်ပြန် အန္တရာယ်။ ၂။ ပဥ္စာနန္တရိ၊မှားယွင်းရှိ၊မှတ်ဘိကမ္မန္တရာယ်။ မာတုဃာတ၊ပိတုမျှ၊လောဟိ တုပ္ပါဒ်ဆွယ်။ သံဃဘေဒံ-အရဟံ၊ မှတ်ရန် ပဥ္စန္တရာယ်။ ဘိက္ခုနီကံ၊ ဖျက်ဆီးပြန်၊ မှတ်ရန်ထို့အတူ။ ကမ္မန္တရာယ် ခြောက်ပါး။

နိယတမူ ဒိဋ္ဌိဟူ ယူလေကိလေသန္တရာယ်။ ၁။ပဏ္ဍုဉဘော တိရစ္ဆာန် နှော၊ ပြောဟောဝိပါကန္တရာယ်။ ၁။ အရိယာမှ၊ စွပ်စွဲကြ၊ မှတ်ပဥပ ဝါဒန္တရာယ်။ ၁။ ကန်တော့လိုက်ငြား၊ ထိုတရား၊ ပျောက်ငြားကင်းစင် ဘွယ်။ပညတ်သိက္ခာ၊လွန်ကျူးရာ၊ အာဏာဝီတိက္ကမန္တရာယ်။ ဒေသနာကံ ဝုဋ္ဌာနကံ၊ ကုစားပြန်၊ မှတ်ရန်ကင်းစင်ဘွယ်။ ငါးပါးအန္တရာယ်၊ အသွယ် သွယ်၊ ကြောက်ဘွယ်ကောင်းလှ-ကောင်းလှတယ်။

### အမွဲတေးထပ်

ဆန်ကွဲကိုထမင်းချက်ပါလို့ ဟင်းရွက်ကထည့်ဆောင်ရန်၊ လင်းကြက် တွေက မရှောင်ပြန်တယ် ညောင်ကန်တွေတွန်စဲ ။ကောက်ရိုးရွှေ နှီး ဖျာလို မြေကြီးမှာ အိပ်ရတာဘဲ။ အိုးတခု တောင်းတလုံး မပါတယ်

ခေါင်အုံးစရာကျောက်ခဲ။ စလောင်းဖုံးမှာ ထမခြောက်ဆန်ကွဲငယ်နှင့် နှစ်ယောက်ထဲမွဲကံကနံ၊ ဆောင်းရာသီအမှန်အေးရင်ဖြင့် ကလန်ကလေး ဖြန့်၍သာခြုံ။ ဆိုးပြန့်လို့မျိုးကံနံ့သည်၊မိုးနံခြုံ ပင်အပေါ်းမှာလ၊ လင်မယား ဟင်းရွက်သယ် မွဲကြပြိုင်မယ်။သစ်ပင်အောက် တလယ်လယ်မှာ၊ စပါယ် ရှယ် ဝတ်တုန်းမှိုလေး။

**ဆင်းရဲရာမှချမ်းသာသော တေးထပ်**

ပါရမီရွှေစက်ဖုန်းရယ်ကြောင့် နေထွက်တုန်းကြည်စွာ၊ ရွှေမျက်လုံး ဝဇီရာ၊ကြည်သာသာတမျိုး၊ ချဉ်ပေါင်ရွက်ခေါင်ကိုင်းပျို၊ မောင်မှိုင်းလို ဖြစ်ပေါ့တမျိုး။ ရှေးတုန်းကတမင်မဟန် ဖျဉ်ကလန်ချုပ်ရိုး။ အင်မတန် ကျွန်ုပ်ညှိုးခဲ့ပါရဲ့ ကံဆိုးတဲ့လူနှယ်။ ယခုတော့ လက်ငင်းရတတ်တာမို့၊ စတ္တင်းကလပ် စီးလို့မော်မယ်၊ အခြေခံပဝေယန်လယ်၊ ရေနံသယ် ပုဝါစ လိုပ၊ မြာရတဲ့ရာသက်တိုင်၊ ပေါ့လက်ကိုင် ပင်စင်စား အရေးပိုင်လို သူဌေးဂုဏ်ပြိုင် မော်အုံးမယ်ပလေး။

**မကျွတ်ထိုက်သောပုဂ္ဂိုလ်ဓမ္မဒေသနာ**

ကိလေသာအညစ်အကြေး များပြားသူ၊နံ့သောညှံ့သော ဇာန္ဒြေရှိသူ၊ ကိုယ်နှုတ်နှလုံး သုံးပါးစုံ မကောင်းသူ၊ သိခဲ မြင်ခဲ တတ်ခဲ့သူ ဤသူများ သည် မကျွတ်ထိုက်သောပုဂ္ဂိုလ်တို့မည်၏။ (ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိ)။

**ကိုယ်စိတ်ယဉ်ကျေး ချမ်းသာရပုံ မယဉ်ကျေး ဆင်းရဲရပုံသံပေါက်**

ကိုယ်စိတ်ကိုယ်ပင်၊ယဉ်ကျေးအင်၊ နေ့စဉ်ဆုံးမလေ။စိတ်ယဉ်ကျေးက၊ မြတ်သုခ၊ ရကြပုံမသွေ။ ယဉ်ကျေးသိမ်မွေ့၊ စိတ်မလေ့၊ နေ့စဉ်အမြဲနေ။ မေ့လျော့ပေါ့စား၊ မာနထား၊ သွားရပါယ်လေးထွေ။

**ဘုရားပစ္စေက ဘုရားရဟန္တာထိအောင် နိပ်စက်ဖိစီးပုံတရား**

နိစ္စ-ဒုက္ခ-အနတ္တတရား သုံးပါးသည် နောက်ဆုံးဘုရား၊ ပစ္စေက ဘုရားရဟန္တာဘဝအထိပင်လျှင် နှိပ်စက်ဘိစီးသည်၊ဘုရားပစ္စေက ဘုရား ရဟန္တာသည် နောက်ဆုံးဘဝကို စွန့်လွှတ်ပြီးနောက် ဘဝတဖန် ပြန်၍ မဖြစ်တော့ပြီ။ ဘဝတဖန်ပြန်၍ မဖြစ်မှသာလျှင် အနိစ္စ-ဒုက္ခ-အနတ္တ တရားသုံးပါးတို့မှ လွတ်၍ ဤအဖြစ်ကိုရစေသော တရားကို ရအောင် ကြိုးစား၍ရှာပါ။

**ဆင်းရဲဒုက္ခကို မည်သူမှအလိုမရှိတရားဓမ္မဒေသနာ**

ပူပင်သောက ဆင်းရဲဒုက္ခရခြင်းကို မည်သူမျှ အလိုမရှိချေ၊ ထိုသို့ မဖြစ်ရအောင် ဆုတောင်းကြလေသည်။ သို့သော် ပူပင်သောက ဆင်းရဲ

ဒုက္ခကင်းအောင် ဆုတောင်းရုံနှင့် ပြည့်ဝလိမ့်မည် မဟုတ်ပေ၊ ကင်း အောင်လုပ်နိုင်မှ ကင်းငြိမ်းပေမည်၊ ပူပင်သောကဆင်းရဲဒုက္ခမရှိ ဖြစ်ချင် လျှင် ဘာမှအလိုမရှိသော စိတ်ကိုရအောင် ကြိုးစား အားထုတ်ရမည်။ မည်သို့ ကြိုးစားအားထုတ်ရမည်ကို ပညာရှိ ပုဂ္ဂိုလ်များအား မေးပါ။ ဘာမှမလိုချင် မတောင့်တလျှင် ဝဲ့ကွက်နှစ်သက်ခြင်း ကင်းလျှင် မရှိလျှင် ဘာမှဆင်းရဲဒုက္ခမရှိနိုင်၊အမှန်ပါပေတည်း။ (သတိပြုပါ)။

**အဆုံးသတ်တရားများကိုရှာပါ တရားဓမ္မဒေသနာ**

အထူးမှာ မိမိကိုယ်ကိုပြန်၍ရှုပါ၊ ကြည့်ပါ၊ မွေးသည့်နေ့မှ ယနေ့အထိ ခံစားခဲ့ရသော စည်းစိမ်ချမ်းသာနှင့် ဆင်းရဲဒုက္ခ တရားတို့ကိုလည်း မှန်းဆကြည့်ပါ၊ မိမိဘဝကို ဟုတ်တိုင်းမှန်စွာ အမှန်အတိုင်း သုံးသပ် ဆင်ခြင်နိုင်လျှင် သတိဝိရိယရှိလာလိမ့်မည်။ ယခု မိမိအဖြစ်တည်လျက် ရှိသော ဘဝသည် တနေ့ကျပျက်ရမည်မလွဲ၊ထိုတနေ့သည် ဘယ်နေ့မဆို ဖြစ်နိုင်၏၊ တနေ့ကျပျက်ပြီး တနေ့ကျအသစ်ပြန်၍ဖြစ်ရမည်။ ၎င်းဘဝ သစ်တွင်လည်း ဆင်းရဲဒုက္ခတွေ တွေ့ရပြီး တဖန်ပျက်ရဦးမည်၊ ဤပျက်မှု တရားများကို အဆုံးသတ် စေတတ်သော တရားထူးများကို ရအောင် ရှာပါ။(သတိပြု)။

**အလုံးစုံပြဿနာကိုဖြေရှင်းနိုင်သော တရား**

ဗုဒ္ဓတရားတော်သည် အလုံးစုံသော ပြဿနာကို ဖြေရှင်းနိုင်၏၊ တစုံ တခုသော ပြဿနာ ပေါ်ပေါက်လာလျှင် အဖြေကိုအလိုရှိလျှင် အခြား ဝါဒများတွင် ရှာဖွေစရာမလိုပေ၊ ဗုဒ္ဓတရားတော်တွင် ရှာဖွေလျှင် မုချ အမှန်တွေ့မည် ဖြစ်ပေသတည်း-အမြဲမှတ်ယူပါ။

ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ အစိုးမရ ခြင်းတို့မှ လွတ်မြောက်အောင် အဘယ်ပုံ ကြိုးစည် အားထုတ်ရမည် ဟူသောအကြီးဆုံးပြဿနာ၌ပင်လျှင် အဖြေရှိသည်၊ ထိုအဖြေကိုရရှိခဲ့ ရသောပုဂ္ဂိုလ်တို့မှာ မရေမတွက်နိုင်အောင်ပင် များပြားလှလေပြီ။

**လောဘဒေါသမောဟရန်သူကိုတိုက်ဖျက်ရန်ဓမ္မဒေသနာ**

လူ့လောကကမ္ဘာကြီးသည် လောဘ-ဒေါသ-မောဟ ရန်သူတွေ ထူထပ်စွာ ဝိုင်းရံနေ၏၊ အဘယ်မှာလျှင် ချမ်းသာမှုကို ရရှိနိုင်မည်နည်း၊ ဤရန်သူတွေကို လောဘ-ဒေါသ-မောဟ လက်နက်ဖြင့် ခုခံခြင်းဖြင့် အဘယ်နည်းနှင့်မျှ မချမ်းသာနိုင်၊ အထူးမှာ သူတော်ကောင်းတို့သည် လောဘရန်ကို အလောဘ လက်နက်ဖြင့်၎င်း၊ ဒေါသရန်ကို အဒေါသ

လက်နက်ဖြင့်ဋ္ဌင်း၊ မောဟရန်ကို အမောဟလက်နက်ဖြင့်ဋ္ဌင်း ခုခံတိုက်ခိုက်မှသာလျှင် ဤသူတော်ကောင်း လက်နက်သုံးပါးသာလျှင် ချမ်းသာခြင်းအစစ်ကိုမုချရနိုင်မည်မှတ်။

**သတိတရားအထူးနှလုံးသွင်းဓမ္မဒေသနာ**

အရိယာပုဂ္ဂိုလ်ဖြစ်အောင် ကျင့်နိုင်လျှင်လည်း ကြိုးစားအားထုတ်၍ ကျင့်ကြပါ၊ အရိယာပုဂ္ဂိုလ်ဖြစ်အောင် မကျင့်နိုင်လျှင်လည်း အပါယ်လေးပါးမှ လွတ်အောင်ကျင့်ကြပါ၊ ယခုခေတ် အနေတိုင်း ဆိုလျှင် သူတော်ကောင်းတရား ခေါင်းပါးနေလျှင် သေလျှင်အပါယ်ဘေးလားကြတော့မည် မုချမလွဲပါ သူတော်ကောင်းတရား ခေါင်းပါး နေသောကြောင့် အကုသိုလ်တရားတွေပွားများပြီး ဆင်းရဲဘေးဒုက္ခ အန္တရာယ်တွေလည်း များလာသည်၊ ဆင်းရဲဘေးဒုက္ခအန္တရာယ်မှ သက်သာရာရစေရန် သူတော်ကောင်းစိတ်ကို ပြန်လည် မွေးမြူကြမှ ဖြစ်တော့မည်၊ ထို့ကြောင့် အချင်းချင်းသတိပေးကြဘို့လိုသည် သတိပေးကြမှဖြစ်မည်။

**အရာရာမှာကိစ္စပြီးသည့်ဗုဒ္ဓဝါဒ**

တကယ် သည်းခံခြင်း၊ တကယ် ကိုယ်ချင်းစာခြင်း၊ တကယ်ပင်သူတပါးအကျိုးကို ဆောင်ရွက်ခြင်း၊ အကြောင်းအကျိုးကိုတကယ်ပင်သိမြင်အောင် နည်းလမ်းပေးနိုင်ခြင်း၊ ရုပ်နာမ်တရားအားလုံးကို သိမြင်စေခြင်းတို့သည် ဗုဒ္ဓဝါဒမှာရှိသည်၊ ဗုဒ္ဓဝါဒသည်ယခု ပစ္စုပ္ပန်ဘဝ၌လည်း အစွမ်းကုန်အကျိုးပေးနိုင်သည်၊ တမလွန်ဘဝ၌လည်း အစွမ်းကုန်အကျိုးပေးနိုင်သည်၊ အကြောင်းအကျိုးအားလုံးကိုအမှန်အတိုင်းသိစေနိုင်သည်၊ ဤမျှထူးမြတ်သော ဗုဒ္ဓဝါဒကို ပေါ့ပေါ့ဆဆ မလုပ်ပါကြနှင့်-သတိပြု။

**နိဗ္ဗိန္ဒတေးထပ်ကဗျာ**

လောကီဘုံရှုပ်သမျှ မနုဿလူ့ပြေ၊ ဒုက္ခနှင့်အမှုပွေတယ် ဥပဒေဆိုစို့၊ ထောင့်ငါးရာကိုလေသာ တိဠ္ဌေခါ ဖြတ်မယ်ကိုယ်ဘို့၊ သံယောဇဉ်တဏှာနယ် ဃရာကြွယ်ပယ်လို့၊ မသဒ္ဒါဘွယ်ဘယ်မညို့ပါဘု ရွယ်သမို့တောဝယ်၊ ဆယ့်တတွေ မီးအများကိုလ ငြိမ်းမှား ငြိမ်းပေါ့တကယ်၊ အမတတရားနယ်ကို မမှားဘွယ် ပျော်ပျော်သုံးပါလို့ သူတော်ထုံးဘာဝနာ ပွားပေါ့ခုခါ၊ ပင်ရက္ခဆိတ်ငြိမ်ရာမှာ နိဗ္ဗိန္ဒာမြဲမယ်ပလေး။

**ရုက္ခမူတေးတပ်ကဗျာ**

နန်းသပြေပင်ညွန့်နှင့် စမ်းရေကွန့်ရိပ်ပျံ၊ ပန်းဟေဝန် ဗိမာန်မှာအမိဋ္ဌာန်ဆင်မြန်း၊ ပင်လုံးကျွတ်ပွင့်ဝေဖြာတယ် ကေစာသုံးတဲ့သခ်မ်း

မြက်နွယ်ညွန့်တည်ရာမှာ လည်လက်ျာခွေမြန်း၊စဉ်မျက်နှာမြေကြွင်းပေမို့ ချွေမြန်းလိုစိတ်သာ၊ တင်စလွယ်ဆင်ချယ်သ အဠှာဒသင်္ဂါ သုံးဆောက် တည်ခါ၊ တကိုယ်မွေ့ဆိတ်ငြိမ်ရာဝယ် နိဗ္ဗိန္ဒာကြည်ဇော့နှင့် သည်တော မြိုင်ဝေဘူ ပန်းစုံကဏ္ဍ၊ ကမ္မဋ္ဌာန်းရ အဋ္ဌဂုမှာ ရက္ခမူ ပျော်အုံး မယ်ပလေး။

## ဘိုးဝန်းတောင်ဘွဲ့ ရှစ်ဆယ်ပေါ်ကဗျာ

မဟာဂနိုင်ဖြာဖြာဆိုင့်နံ့သာကြိုင်လှိုင့် ရွှေဝန်းတောင် ကမ္ဘာတိုင်တိုင့် နေထွန်းပြောင်သလို ပရမေကျွန်းတောင် တောင်ညာခန်း၊ ကပ်ဦး တည်စ အာဒိခါတွင် ဖြပ္ပွာလှည့်ခါ ဖန်ဆင်းပါတဲ့နန်း၊ သံ-ဂုံ-ပ-မ များရှင်တော်ဝယ် တရားရွှင်ပျော်ပျော်စံမြန်း၊ ဘိညာဉ်စကြာယမိုက် ပန်းနှင့် အမြိုက်ကြွင်းဆင်တဲ့နွယ်၊ ဂန္ဓမာတောင် တူပြိုင်ထား ဂူလိုဏ် တပါး အများရေနိုင်ဘွယ်၊ ဆင်းတုတော်မြတ် သောသောကြွယ်သည် ပေါ်တယ်များတယ် အသာဆုံးမို့ တကမ္ဘာလုံး ညွှတ်နူးအောင်ပလေ ထွန်းဖူးခေါင်မျှော့ပရမေ သျှင်မိတေယျ နောက်ပွင့်ချေသော် ခြောက်ဆင့် အသရေရောင်ယှက်ဖြာလိမ့်လေး၊ရှင်ပစ္စေကများသချော်ငယ် တရားမြင်စေ ထူးအောင်းရာပလေး။

## နံ့သာနီတောင် နိဗ္ဗိန္ဒပတ်ပျိုးကဗျာ

နံ့သာနီတောင် ကမ္ဘာတည်အောင် ဖန်ဆိုးနှင့်လဲ ဝတ်ကြောင်၊ ကေဉသျှောင်ပတ်လှိုး ဈာန်နှင့်နီး ပုတီးလက်တွင်ဆောင် ခရီးပမဂ္ဂင်ဖောင်၊ စိန်ကျောက်ရောင်ပြောင်ဝင်း တောင်များမင်းပယင်းနန်းရွှေဂူ တလင်း ပြန့် ပန်းမဉ္ဇူ၊ နန္ဒမူပတ်ဝိုင်း ခံညွှတ်ကိုင်း တံတိုင်း ကျောက်နီလာ ကသိုဏ်းပ ဆောက်တည်စေရာ၊ မကြာလေဖန်ဝတ်နှင့်သွား ဘာဝနာ ဈာန်လွတ်လှိုပ္ပား၊ စုံခြေတောပျိုးကျင့်တရား ပတ္တမြားနှင့် နှင်းဆီခြီ စကားပွင့် သင်းကြည်လျှံ ရွှေဝတ်ဆံတ-တိုင်းမွှေး၊ ကြွေညွှတ်ဟန် ညှာတိုင်းကွေး၊ စပယ်လေးချမ်းဧ-၂၊ မြတ်လေးနှင့်ကန့်ကော် ပန်းစုံတဲ့ ဟောဝန်မော်၊ ပန်းစွယ်တော် ခွါဇလပ်ကယ်နှင့် လှမ်းမယ်နော် ကြာ ပြာသာဒ်ကို၊ ဝါတော်မြတ်ဆောက်တည်ရာ မြိုင်သနင်း ကြိုင်သင်းလေ ပါလှ-ပါလှ၊ ပန်းစုကာတဲ့မှ လွမ်းမူရာ၊ တရားသုံး ကျင့်အုံးရယ်တဲ့ ကွယ်ရာ ကွယ်ရာ၊ ထုံဂန္ဓာသို့သာ ပျော်ရှာတဲ့မြိုင်ဟေမာ၊ မြိုင်အတွင်း မယွင်းအောင် ဘာဝနာနှင့် ခါတရာပွား၊သစ်သီးကိုရှာ ပုတီးဖန်ဝါဝါနှင့် ဂန္ဓမာမြိုင်ညိုကြီးမှာ မှီးရတရား-တရား။

## သံဝေဂလွှမ်းချင်းတရားကဗျာ

ကြည်မမွေ့ချင်ဘူး သည့်တမေ့တွက်တာ ဆည်မသက်သာ ကြည့်ထွက်ခါတောင်ခြေသို့ ချောင်ရွှေလှမ်းချင်တော့တယ်လေး၊ ရက္ခဝင်ရယ် နှုတ်တွင်ကမ္ဘဋ္ဌာန်း ဗုဒ္ဓင်ငြမ်းဖြင့် သာချမ်းရိပ်ငြိမ် ပယ်ခွာဝိတက် ဈာန်ယာဥ်စက် မဂ်စည်းစိမ်နှင့် မွေ့သိမ်စံရာ၊ နိဗ္ဗာန အဝါရိပ်စံရိပ်စံ၊ သိမ်အဆင်း ကျောက်စကြ်နှင့် သယံစမ်းရေ လမ်းအကွေ့ ချမ်းမြေ့ဥမင် ခုနစ်တောင်ဝက် ဆံကေခက် လက်မသင်ဘဲ ရည်ဂူအောင်းလူမထားတဲ့ သိကြားကျောင်းမှာ အလောင်းသုမေ ဆုထူးချွေသို့ ဆွေဆွေကလျာ မေမေညာကို ဇာမပွေ့ပြီ ခွါ၍ဘဲချီပါတော့ ဝသီဘော်ငါးတန်မှာ ပရိကံဈာန်ယာဥ်ဆော့ပါလို့ တနိယံ ခင်ခင်ကျော့ငယ်ကြောင့် ကသိဏ်ဆင်ခြင်တော့မယ်လို့ ခွါပေါ့မေလေး-ခွါပေါ့မေလေး။

## သံဝေဂလက်ာတရားကဗျာ

သေဘေးမမြင် နေရေးရွှင်လျက် အစဥ်မှောင့်မှား ဝေနေများတို့ကြံအားသော်ခု ဉာဏ်မျှော်ရှုဘို့ ဖော်ပြုမယား သမီးသားနှင့် စီးပွားလင်ပိုင် ဇာတ်စင်ပြိုင်လဲ မနိုင်ရှုံးမြဲ နှလုံးစွဲတော့ ပြုံးမြဲပျော်မြဲ ဒွန်စုံတွဲလို့ ငိုပွဲရယ်ပွဲ စခန်းနွှဲခဲ့ လမ်းလွဲတာရှည် ကြာလှပါပြီ၊ ပလီပလာစိတ်မာယာကြောင့် လိုခါချစ်တုန်း မလိုမုန်းကြ ချိုပြုံးလှည့်ပြန် တကယ်ဟန်ကြောင့် သူ့ထံငါလိုက် အပျော်ကြိုက်တို့ ငါ့ထံသူလိုက် အပျော်ကြိုက်တို့ ပေါ်လိုက်မပြီး ဉာဏ်သိမ်းဆည်းလို့ ကိုယ်ထည်းသိရာ လမ်းပေါ်ရှာတော့ ဖွားလာသေမျိုး အနေဆိုးသည် လက်ရိုးဆက်ခါ ပျက်နယ်ရွှာကို တွေးခါတွက်ကြည့် လက်ငင်းသိလိမ့် ရှာသည့်ပစ္စည်း ငါ၏မီးဟုငါ့မီးငါလောင် ငါ့မှာလောင်၏ ငါ့ထောင်ငါချ ငါသာကျခဲ့ ငါကလွန်ကျူး အမိုက်ရူး၍ ထောင်မှူးငါပင် ငါလျှင် ထောင်သား အမှောင်များခဲ့ ရှောင်ရှားဘို့ရာ သာသနာခုတွင် ခုခါတွေ့ရ သတိရကြ ဆရာတွေက သတိရကြ ငါမျှသူပင် လူကောင်မြင်၍ အစဥ်စွဲရှိ မြဲဒိဋ္ဌိကြောင့် ရိပ်မိကြမည် ခြသေ့်ဆီကို သိဂ်ိမြတ်နား ထိတိုင်းကြားလိမ့် တရားထူးမြတ် ဓမ္မဓာတ်သည် ဝိပဿနာ ဘာဝနာငြမ်း ဇာတ်သိမ်းခဏ်း၌ မဂ်လမ်းစူးရှ အထူးပြမည် သံဝေဂဓမ္မလက်ဆောင် ဖြစ်လေတော့သတည်း။

## နှစ်အသင်္ချေမှ တခါမျှကြုံရသော ဒုလ္လဘရှင်ရဟန်းဘွဲ့

နှစ်တထောင်ဆန်းကာလကိုလ မှန်းကာပရွှယ်မို့၊ပန်းအာသ နွယ်နီလိုချိန်ရာသီကြုံခဲ၊ ကပ်ကာလကမ္ဘာရှည်အောင် ပါရမီဖြည့်ရစမြဲ၊ မြတ်ဗုဒ္ဓ

သာသနာဟာ အရာရာလွှန်ကဲ၊ ရှေးကုသိုလ်ဒွန်တွဲမှ မှန်မလွဲကြုံလာ၊ သာမဏေရှင်ရဟန်းရယ်လို့ မြတ်သင်တန်း တက်ရသေချာ၊ အမြတ်ဆုံး နတ်ပြဟ္မာတောင် ဦးညွှတ်ကာ အစုံခတာကြောင့် ဒုလ္လဘဟောပြ ကုန်အောင် လောကဂုဏ်ရောင်၊ပဋိစ္စသွင်းဝင့်နှောင်ကို ရှင်းလွှတ်အောင် ရှန်းနိုင်ဘူးကွဲ့လေး။

## သာသနာ့အမွေခံ ရှင်ရဟန်းတရားကဗျာ

ဓမ္မက္ခန္ဓာ ပေစာပေါင်းမှာတဲ့ ရှစ်သောင်းနှင့် စွန်းလေးထောင်၊ နှိုင်းလျက်ရည်ဆောင်၊ အရှည်နှောင် တည်အောင်ဟုစိတ်ရင်း၊ မြတ်ရာဇိန်ဓမ္မာသော လောကသေဌ်နင်း။ ။အသောကာရာမကျောင်းနှင့် ကောင်းမှုပေါင်းစေတီတော်၊ သောင်းရှစ်လီပေါ်၊ လေးထောင်ကျော် ပူဇော်တဲ့ဘုရား၊ ရေတွင်းရယ်ရေကန်ဟု ကောင်းမှုပြန့်ပွား။ ။တိဿ ထေရ် ပဏ္ဍာလင်းပါလို့ ဓမ္မာမင်း မြတ်ရာဇာ၊ ကြားလျှောက်ပန်ရာ၊ သာသနာဒါယကာဘွဲ့ခံခြင်း။ချစ်သားတော်မဟိန္ဒကိုပဗ္ဗဇ္ဇသွင်း-သွင်း။ ။ချစ်သားတော်မဟိန္ဒနှင့် သဃမိတ္တထေရီမယ် သွင်းတဲ့ခါဝယ်၊ ကေသီ ကိုပယ် စင်ကြယ်ပေဆန္ဒ။ ပြည့်အောင်ချာပါဋ္ဌလိ ကြီးဘိဒါန။ ။ဤ သက်သေ ရှုခါဆလို့ ပြုဒါနအလှူဒါယကာ-ကြီးဘိပုညာ၊ အရဟတ် ဓဇာ မြတ်ဖွာ၏သက်နှီး။ သားရတနာအမွေပေးတယ် ရှေးတန္တုမြင်း။ ။ဝေဒိဿကေ ဥပမာပြ အလှူဒါယိကာမပါရမီ၊ ငါးဝစာဂီ၊ထုံဝသီ သုန္ဒြီ နတ်ပန်ကြား။ သီတဂူ အလှူရေစက်ကို သွန်းသက်သေထား။ ။ပြည် နိဗ္ဗာန်မလင့်သွားဘို့ ပွင့်တံခါးအလှူတော်၊ များသာမုခေါ်၊ ဇမ္ဗူကျော် ဟော်ဝတအောင်ပန်း။အမျှဝေရွှေစည်တီးတယ်၊ ပြီး နိဋ္ဌိတံ-နိဋ္ဌိတံ။

## တနည်း သာသနာ့အမွေခံ တရားကဗျာ

၁။ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ကျမ်းကုန်အောင်လှူပေမယ်လို့၊ သာသနာ့ဒါယဇ္ဇ အမွေမခံထိုက် ပေဘူးလို့သာ၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်ဆရာ မြတ် မိန့်ကြားတော်မူခဲ့တာကတော့ ကိုယ်၏သားဖြစ်စေ၊ ကိတ္တိမသား ဖြစ်စေ သာသနာတွင်းသို့ သွတ်သွင်းမှသာ သာသနာ့အမွေခံ ဧကန် မှန်ပေတာ။

၂။ အသောကရာဇာ မင်းတရားကြီးရဲ့ နည်းစံနစ်ယူကာ၊သားတော် မဟိန္ဒနဲ့ သမီးလှသဃမိတ္တာ၊ ဒုလ္လဘဆုံပြန်ရာ ပဗ္ဗဇ္ဇိတ ရှင်ရဟန်းခံကာ သားရေနွယ် သင်တုံးပါ။ အလုံးစုံ ဆင်မြန်းလို့ တင်ဆွမ်း သပိတ်ပါ၊

သက်န်းပရိက္ခရာ ရှစ်ပါးအစုံနဲ့ ကျမ်းတော်အလာ မှန်းမျှော်ကာ သာသနာတွင်း သွတ်သွင်းပေတာ။

၃။ တရားအလာ ယုံကြည်ကာသာ၊ ပုတ္တသာရှင်လန်း သက်န်းကိုလဲချီပါ၊ သာသနာ့အမွေခံ ကေန်မှန်ခဲ့တာ၊ အလှူတကာ ကျောင်းတကာ၊ သီရိမင်္ဂလာ အသောကရာဇာ။

၄။ ပစ္စဗ္ဗိတဒုလ္လဘနဲ့ ကြုံရတဲ့သူတွေမှာ၊ အဲဒီလို ကုသိုလ်မျိုးမှ အဘိုးတန်ပေတာ၊ ဩော်–ပစ္စဗ္ဗိတဒုလ္လဘနဲ့ကြုံရတဲ့သူတွေမှာ၊အဲဒီလို အလှူမျိုးမှ အဘိုးတန်ပေတာ၊ အပါယ်တံခါးပိတ်ခါ နိဗ္ဗာန်တံခါးပွင့်မှာ အမိဋ္ဌာန်တရားနှင့်သာ၊ မှန်းဆလို့ပါ ရဟန်းသံဃာတို့က မန္တန်အချုပ်အကာအရံချီကာ သံသရာမှိ ဘဝကလွတ်ကြရအောင်ပ သကာလဝဋ္ဋ ဂါထာသရဏ္ဍာယ်ခါ၊ ဝါဝါအထည်ပါ၊ မနသီမှန်းဆပါလို့ စိဝရံကိုသပေတာ၊ စိတ်ကမှန်းဆလို့ သက်န်းကို ဆင်မြန်းပေတာ။

၅။ သုံးဆယ့်တဘုံသားပေမို့ ရစေရာ၊အမျှဝေခါ ငတ္ထနာပြုလို့ သာဓုခေါ်စေရာ၊ ဩော်–ဒါနတော သီလတော ဘာဝနာတော ဟောကြပြန်ပေတာ၊ ရှိသေကာသာ တရားအလုပ်ကိုအားထုတ်ကြပေတာ၊ ယခုအခါ ကုသိုလ်ရှာ၊ စတုဗြဟ္မစိုရ်တရား လေးပါးနှင့်ညီပေတာ။ (တရားအလာ–ပြန်၍ကောက်)။

## လင်္ကာတရားကဗျာ

ကာမဂုဏ်ဆိုး တလွှမျိုးကို မြတ်နိုးတဏှာ လူမိုက်သာတည်း၊ အခါလေးမြင့် ငယ်မူကျင့်လျက် ကြီးရင့်လှအောင် မကြည်ရှောင်ဘဲ ပန္နက်စွဲသို့ အမြဲသိမ်းထုတ် လောဘရှုပ်ရှင့် အကျွန်ုပ်သော်ကား သိတရားဖြင့် စွန့်ထားအိမ်ရာ ချစ်မူကွာ၍ တောသာမြေနန်း မဂ်ဖိုလ်ခန်းဝယ် ရဟန်းနှစ်သိမ့် ပြုလျှင်းပိမ့်၊ ဝဋ်ကြောင်ကိုမုန်း ဆံထုံးကိုပယ်၊ မြိုင်ရိပ်ခိုမှီး တောကြီးအလယ်၊ စိတ်ပုတီးနှင့် မဂ်ထီးကိုရွယ်၊ ဖော်မမှီး ကိုယ်ကြီး ပျော်တော့မယ်။

## ဇနက္ကာဘုရားလောင်း ရှင်ရဟန်းပြုပုံဂါထာပါဠိအနက်

တာစ သတ္တသတ ဘရိယာ၊ အဿဝါ ပိယဘာဏိနီ။

ဟိတွာ သမ္ပါဒဝိ ရာဇာ၊ ပဗ္ဗဇ္ဇာယ ပုရက္ခတော။

ဘောန္တော့သပ္ပုရိသာ၊ မဂ်ဖိုလ်နိဗ္ဗာန်လိုလား အိုတရားနာ ပရိသတ်အပေါင်းသူတော်ကောင်းတို့။ အဿဝါ၊ သခင်မင်းမြတ် သမုတိနတ်၏ စိတ်ဓာတ်ဘဝင် ကြည်လင်စေမှု အပြုကြီးပြုစုတတ် ပါပေကုန်သော။

အသာဝါ၊ ရာဇိန္ဒြေမထောက်သာဘူး တယောက်တဖုံ ထူးကဲပြီး ပလီပလာ လုပ်တော်မူနိုင်ကြပေကုန်သော။ ပိယဘာဏိနီ၊ ပြုံးကာရီကာ ညီတညာဖြင့် ပလူးပလဲ ကတော်ထူးတွေမို့ သံတော်ဦးကိုလဲ တင်တော်မူကြပေကုန်သော။ တာစသတ္တသတဘရိယာ၊ ထိုအလောင်းတော်ဘုရားနှင့်ကောင်းစားဘော် ကောင်းစားဘက်ဖြစ်ကြကုန်သော ခုနစ်ရာသော မယ်မင်းကြီးမအများ တို့ကိုလည်း။ တာစသတ္တသတဘရိယာ၊ အရွယ်တော်စစ် ဆယ်ကျော်နှစ်က အချစ်တော်ဝင် ရွှေသဇင် သီဝလိနှင့် တကွ အမည်မသိ များပြားလှသည့် မိဖုရားခုနစ်ရာ တည်းဟူသော မောင်းမမိဿံ ချွေရံအပေါင်းတို့ကိုလည်း။ ဟိတွာ၊ ဒီတခါဖြင့် ဝေးရောဟဲ့လို့ အသာကလေး ပုန်းရှောင်တော်မူခဲ့လေပြီး၍။ ဟိတွာ၊ ငါးကာမ အပြစ်မြင်သောကြောင့် ချစ်စွာရွှံမမုန်းသော်လဲ လုံးလုံးကြီးစွန့်ခွါတော်မူခဲ့လေပြီး၍။ ပဗ္ဗဇ္ဇာယ၊ စမ်းဂနိုင်ရိပ်အနီးမှာ စိတ်ပုတီးနှင့် ကမ္မဋ္ဌာန်းပွားရသည့် ရဟန်းတရား ရှင်ရဟန်းအကျင့်များကိုသာလျှင်။ ပုရက္ခတော၊ အဓိပတိ စိတ်နှလုံးတို့ဖြင့် အများဆုံး ရှေ့ဆောင်တော် မူခဲ့လေပြီး၍။ ရာဇာ၊ အမတသခင် ဖြစ်တော်မူသည့် ဘဝရှင် ဇနက္ကအလောင်းဘုရားကြီးသည်။ ရာဇာ၊ အချစ်စခန်းနှင့် ဝေးအောင်ဟဲ့လို့ အချမ်ဝရမ်းပြေးလုပ်တော်မူခဲ့တဲ့ အလောင်းတော် အရှင်မြတ်ကြီးသည်။ သမ္ပာဒဝိ၊ မျက်လွှာကိုစုံမှိတ်၍ သပိတ်ကလေးကိုခိုင်ခိုင်လွယ် သားရေနွယ် တောင်ဝှေးနှင့် လူဝေးရာခွာရှောင် အဝါရောင် သင်္ကန်းတို့ဖြင့် ဟိုစကာဝါ မြောင်ခင်တန်းမှာ ဆင်မြန်းကွန့်ချီတော် မူခဲ့လေသတည်း။ ဝါ-သမ္ပာဒဝိ၊ တိတ်တိတ်ကလေး ထွက်ခွါတော်မူခဲ့လေတော့သတည်း။

**ပရိတ်မှန်း ဗုဒ္ဓါဒီနံအနက်**

ဗုဒ္ဓါဒီနာ နုဘာဝေန၊ ဒုနိမိတ္တာ ဒုမင်္ဂလာ။
ဒုဿဒ္ဒါ ပါပဂဟာစ၊ ဝိနဿန္တု၊ ဒုဿုပိနာ။

ဇူမဋ္ဌာနေ၊ ဓမ္မသဘင်ယင်ဆင်ကျင်းပ ဤနေရာဌာနသို့။ အာဂတာနံ၊ မနောပုဗ္ဗင် ဇောအစဉ်နှင့် ကြည်ရွှင်ဟဒယ ရောက်လာကြကုန်သော။ ဝါ၊ နေထိုင်ကြ ကုန်သော။ ဝေါ-တုမှာကံ၊ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၏။ အဇ္ဈတ္တိကဗာဟိရေသု၊ တွင်းပြင်ဝန်းပတ် ကိုယ်တွင်းကိုယ်ပ ထိုထိုသောအရပ်တို့၌။ ဒုနိမိတ္တာစ၊ စနည်းတဘောင် စို့သက်ရောင်နှင့် ချတောင်ပျားဝပ် ဖွတ်လင်းတဂျီး ဆိုးသမှုဂှက် တောနက်တိရစ္ဆာန် ဝင်ပျံ့ခိုအိပ် မကောင်းသော အတိတ် နိမိတ်

တို့သည်ရင်း။ ဒုမင်္ဂလာစ၊ ကြက်သရေဖျင်းသိမ် သတင်းမိုန်၍ ဂုဏ်ရှိန်မလင်း အဆင်းဆိုးပုပ် ယုတ်ယုတ်ညှိုးညှိုး အမျိုးအမည် မကြည်လင်အောင် ကြားမြင်တွေ့လာ မကောင်းသော အမင်္ဂလာ တို့သည်ရင်း။ ဒုဿဒ္ဒါစ၊ လန့်စိုးရွံ့ထိတ် စိတ်မသန့်ဘွယ် ကျယ်ကျယ် လောင်လောင် ထက်ခေါင်အိမ်မိုး ဝင်တိုးကျော်သန်း ငှက်သရမ်းတို့၏ ဆိုးစွမ်းသော အသံတို့သည်ရင်း။ ပါပဂဟာစ၊ ဂြိုဟ်နိမ့်ဂြိုဟ်ဘမ်း စန်းလက်ကြမ်းနှင့် ညှိုးနွမ်းဆိုးယုတ် စုံးဖုတ်ကဝေ တစ္ဆေမှင်စာ မာတြာယက္ခိုက် အတိုက်အမြုပ် အန္တုတ်အဖွဲ့ အစွဲအလန်း အကြမ်းအနုပြုပြုသမျှ မကောင်းသော လုံ့လပယောဂ တို့သည်ရင်း။ ဒုဿုပိနာစ၊ ကြောက်မက် လန့်ဘွယ် အသွယ်သွယ်ဖြင့် နှိပ်နယ်ညှဥ်ပန်း အပြင်းဘမ်းလျက် အကြမ်းအယုတ် ဘမ်းကုတ်ဆုတ်ဆွဲ အသဲအူနုတ် ရိုက်ပုတ်ချီနှောင် ဂယောင်ဂတမ်း ယောင်ရမ်းငိုကြွေး ပူဆွေးဆူပွက် မနှစ်သက်ဘွယ်သော အိပ်မက်တို့ သည်ရင်း။ ဗုဒ္ဓါဒိနံ၊ ဘုရားအစ တရားအလယ် သံဃာအဆုံးရှိသော ရတနာသုံးပါးတို့၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်ကြောင့်။ ဝိနာသမေန္တု၊ မမိုးမစပ် အနီးရပ်သို့ မကပ် မချဥ်း ဝေးအောင်ကွင်းကွာ၍ ကင်းစင် လွင့်ပျောက် ကြပါစေကုန် သတည်း။ ဝါ-ဝိနာသမေန္တု၊ ဝိန်းကြာရွက်ပေါ်ရေမတင်သကဲ့သို့ လျှောကျ ကွယ်ပျောက်ကင်းစင်ကြပါစေကုန်သတည်း။

## တရားအားထုတ်ရာ၌ နည်းသုံးမျိုးကိုပြဆိုခြင်း

၁။ ပဌမနည်းဥပမာမှာ စိုစွတ်သော ထင်းလည်းဖြစ်သည်။ ရေမှာလည်းစိမ်၍ထားသည်၊ ထိုသို့စိုစွတ်၍ ရေထဲမှာစိမ်၍ထားသောထင်းကို ဘယ်နည်းနှင့်မျှ မီးတိုက်သော်လည်း မီးမဖြစ်နိုင်ဘိသကဲ့သို့ အဇ္ဈတ္တသန္တာန်ဝယ် ကာမစ္ဆန္ဒတရားကိုလည်း မပယ်ရှားရသေး ဝတ္ထုအာရုံ ကာမဂုဏ်တို့မှလည်း ဆိတ်ငြိမ်ရာမှာ မနေသေးဘဲနှင့် ဘယ်နည်းနှင့်မျှ ထိုကာမဂုဏ်တရားတို့မှ လွတ်မြောက်ရာ ထွက်မြောက်ရာကိုမရောက်နိုင် အားမထုတ်နိုင်ကြောင်းမှတ်ပါ။

၂။ ဒုတိယနည်းဥပမာမှာ ရေလွတ်ရာမှာပင် ထားသောထင်းပင် ဖြစ်စေ စိုစွတ်၍နေပါမူကား မီးတိုက်၍မရနိုင်သကဲ့သို့ ထို့နည်းအတူပင် အာရုံငါးပါး ကာမဂုဏ်တရားတို့မှ ဆိတ်ငြိမ်ရာအရပ်၌ တောခေါင် အရပ်၌နေစေကာမူလည်း အဇ္ဈတ္တသန္တာန်ဝယ် ကာမစ္ဆန္ဒတရားတို့ကို

မပယ်ရှားရပါမူကား ဉာဏ်အမြင် တည်းဟူသော မီးပွင့်မီးရောင်ကို မဖြစ်စေနိုင်ကြောင်းမှတ်ပါ။

၃။ တတိယနည်း ဥပမာမှာ သွေ့ယောင်း ခြောက်သောထင်းဖြစ်စေရမည် ကြည်းခေါင်ခေါင်အရပ်မှာလည်း ထားအပ်သောထင်းလည်းဖြစ်စေရမည်၊ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံ ညီညွတ်ပါမူကား အလွယ်တကူမီးကိုဖြစ်စေနိုင်ဘိသကဲ့သို့ ထို့နည်းအတူပင် ဝတ္ထုအာရုံ ကာမဂုဏ်တို့မှဆိတ်၍ငြင်း၊ မိမိ၏အဇ္ဈတ္တသန္တာန်ဝယ် ကာမစ္ဆန္ဒတရားတို့မှဆိတ်၍ငြင်း၊ သူတော်ကောင်းတရားကို အားထုတ်နိုင်ပါမူ အသိပညာ ဉာဏ်တည်းဟူသော ဆီမီးအလင်းရောင်ရောက်မည်ဟုမှတ်ပါ။

**နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံပြီးတရားဓမ္မအားထုတ်ရန်**

ထကြွနိုးကြား သနားသည်းခံ ဝေဘန်ကြည့်ရှု ဤခြောက်ပါးသည် ရှေ့သွား လူကြီးကျင့်ရန်တည်းလို့ဆိုတဲ့ နာယကဂုဏ် ခြောက်ပါးနှင့် အမြောက်အများပြည့်စုံကြစေလျက် ဘာမဟုတ်တဲ့ကာမဂုဏ်အပေါ်စား အညံ့စားကလေးတို့၏ အတွက်နှင့် သူ့အသက်သတ်လား၊ သူ့ဥစ္စာခိုးလား၊ အိမ်ရာမှောက်မှားကျင့်လား၊အလွန်တရာဆိုးဝါးတဲ့အဓမ္မတရားဟူသမျှတို့မှ တစတစကင်းဝေးစေလျက် အအေးဆုံး အမြတ်ဆုံး နိဗ္ဗာန်ရောက်မှ အလုပ်ဆုံးရမည် တကားဟု နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ်တို့ကို အားလပ်တိုင်း ကျင့်ကြံကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

**လူပျင်းလူညံ့တို့၏လက္ခဏာတရား ၄-ပါး**

၁-အိပ်ရာတွင်ပက်လက်လှန်၍ အိပ်လေ့ရှိခြင်း။ ၂-တရှူးရှူးတခေါက်ခေါက် ဟောက်လေ့ရှိခြင်း။ ၃-အသက်ရှူ ပြင်းခြင်း။ ၄-ယောင်ရမ်းလေ့ရှိခြင်း။ ဤသည် တို့ကား လူပျင်း လူညံ့တို့၏ လက္ခဏာများ ဖြစ်လေသည်၊ ဤအဓိပ္ပါယ်ကို ရည်၍ ပညာရှိ ပုဂ္ဂိုလ်များကား အိပ်မြဲပက်လက်၊ ဟောက်ဟက်ဆူညံ၊ သက်ရှူသံပြင်း၊ ယောင်ရမ်းခြင်း လူပျင်းလက္ခဏာပေတည်း၊ သတိပြုမှတ်ပါ။

**တန်ဆာဆင်ခြင်းတရားသုံးမျိုး**

လူတို့တွင် စိန်ရွှေငွေတို့ဖြင့် တန်ဆာဆင်ခြင်း၊ ပညာဖြင့် တန်ဆာဆင်ခြင်း၊လုပ်မှုကိုင်မှု အားထုတ်ခြင်းဟူသောဝီရိယဖြင့် တန်ဆာဆင်ခြင်းဟူ၍ သုံးမျိုးရှိရာ စိန်ရွှေငွေတို့ဖြင့် တန်ဆာဆင်ခြင်းမှာ အခါခပ်သိမ်း တင့်တယ်နိုင်သည် မဟုတ်၊အချိန်အရွယ် ကာလတို့ဖြင့်သာ တင့်တယ်

စေနိုင်လေသည်။ ပညာ ဝိရိယတို့ဖြင့် တန်ဆာဆင်ခြင်းမှာ ပူကား-မည်သည့်အချိန်အခါကာလမှာမဆို အမြဲထာဝရပင် တင့်တယ်ခြင်းကို ဖြစ်စေနိုင်လေသည်၊ (သတိပြုပါ)။

**ယောကျ်ားမိန်းမကောင်းဟူသမျှ အာသာဆန္ဒကြီး တရားလေးပါး**

ယောကျ်ား မိန်းမမှန်သမျှ လူဘဝဖြစ်လာသူတိုင်း၏ စိတ်သန္တာန်မှာ အာသာဆန္ဒကြီးလေးချက် ပန္နက်ရိုက်သကဲ့သို့ စွဲမြဲစွာ ရှိသင့်ကြပေသည်။ ထိုအချက်ကြီး လေးချက်မှာကား အခြားမဟုတ်။ ၁-မိမိကြီးပွားရေး။ ၂-အမျိုးတို့၏ တိုးတက်ကြီးမြင့်ရေး။ ၃-နိုင်ငံ၏ ကြီးပွားချမ်းသာရေး။ ၄-ကိုးကွယ်ရာသာသနာ၏ထွန်းလင်းမြင့်မြတ်ရေးများပင် ဖြစ်လေသည်။ (အထူးသတိပြု၍ ကြိုးစားအားထုတ်ကြပါ)။

**လူကြမ်း လူခက်ထန် လူယုတ်မာတို့၏ အင်္ဂါ ၁၀-ပါး**

၁-အသံပြာခြင်း။ ၂-အသားမဲခြင်း။ ၃-စကားအပြောချွဲခြင်း။ ၄-သွားကျဲခြင်း။ ၅-အရပ်ပုကွခြင်း။ ၆-အသားနီတွေးခြင်း။ ၇-ဆံပင်ခွေလိပ်ခြင်း။ ၈-တင်ပါးကောက်ခြင်း။ ၉-မျက်စိမှိတ်လေ့ရှိခြင်း။ ၁၀-စကားပြောရာ၌ ထစ်အဆွံ့ခြင်း ဤဆယ်ပါးကား လူကြမ်း လူခက်ထန် လူယုတ်မာတို့၏ လက္ခဏာ ဖြစ်လေသည်၊ ထို့ကြောင့် သည်ကို ရည်၍ ပညာရှိပုဂ္ဂိုလ်များကား အသံပြာ အသားမဲ၊ စကားချွဲနှင့်၊ သွားကျဲပုကွ၊ နီစွအသား၊ ဆံကားခွေလိပ်၊ တင်ကောက်ချိတ်နှင့်၊ မျက်စိမှိတ်လေ့ ထစ်ဆွံ့အအ ဤဆယ်ဝက ရှောင်ကြစတမ်း လူတကြမ်း ဟူ၍ မိန့်ဆိုခဲ့သည်။

**သံသရာ၌ငြီးငွေ့ရန်တရားဒေသနာ**

လောက၌ ကိုယ်ကျိုးယုတ်အောင် ပြုကြသောကြောင့် ကိုယ်ကျိုးယုတ်ကုန်သော သား,သမီးတို့သည် မိခင်ဘခင်ကျေးဇူးရှင်တို့ကို ပင်ပန်းလေအောင် ပြုကုန်သည်မည်၏၊ထို့အတူ သံသရာ၌ ကမ္ဘာအဆက်ဆက် နစ်ကြောင်းကို ပြုကုန်သောကြောင့် ပုထုဇဉ် အပေါင်းတို့သည်လည်း ဘုရားအဆူဆူတို့ကို ပင်ပန်းလေအောင် ပြုကြကုန်သည် မည်၏၊ ထို့ကြောင့် သံသရာ၌ ငြီးငွေ့သင့်လှလေပြီဟု ဆိုလိုရင်းဖြစ်ပေသည်။

**ပဋိသန္ဓေနေမှုနှင့်မနေမှုတရားဓမ္မဒေသနာ**

ခန္ဓာငါးပါးတို့၏ ပဋိသန္ဓေ နေခြင်းဟူသော ဖြစ်ခြင်း တည်ခြင်း ပေါ်လာခြင်းသည် ဆင်းရဲဒုက္ခဖြစ်သည်မည်၏၊ အနာရောဂါတည်သည် မည်၏၊အိုခြင်း နာခြင်း သေခြင်း ထင်ရှားစွာ ပါလာသည်မည်၏၊ ခန္ဓာ

ငါးပါးတို့၏ ပဋိသန္ဓေ အသစ်မနေခြင်းဟူသော ပျောက်ခြင်း ငြိမ်းခြင်း ကင်းခြင်းသည် အစပျောက်သည်မည်၏၊အနာရောဂါ ငြိမ်းသည်မည်၏၊ အိုခြင်း သေခြင်းကင်းသည်မည်၏။

**သိ ကြားကျင့် ကျင့်ကြပါ ဓမ္မဒေသနာလင်္ကာ**

စိုးပိုင်တဝ မင်းထိုမျှကို နှိမ်ချထိုက်စွာ သူယုတ်မာကို အာဏာနှိမ်ပြီး ချီးမြှောက်ထိုက်ငြား သူကောင်းများအား ဖြောင့်စွာကြည်ဖြူ ချီးမြှောက်မှုဖြင့် မကောင်းသူပယ် ကောင်းသူကယ်သည် ဘုန်းကြွယ်သဏ္ဍာ ဒေဝိန္ဒနှင့် တူကြစေရာ သဘာဝဓမ္မပေတည်း။

**ပညာရှိယောင်ဆောင်ပုဂ္ဂိုလ်ကို ခိုးသူဓားမြထက် ကြောက်ဘွယ်တရား**

ပညာရှိယောင်ဆောင်သောပုဂ္ဂိုလ်ကို ခိုးသူဓားမြထက် ကြောက်မက်ဘွယ် ကောင်းလေသည်။ မှတ်ချက်။ သူခိုး ဓားမြတို့သည် အပြင်အပ ပစ္စည်းဖြစ်သော ရွှေ ငွေ စိန်ကျောက် ပတ္တမြား ရတနာတို့ကိုသာ ခိုးယူလုယက်နိုင်ကြလေကုန်၏၊ ပညာရှိယောင်ဆောင်သော ပုဂ္ဂိုလ်တို့သည်ကား မိမိကိုယ်ကို မှီဝဲဆည်းကပ်သူတို့အား အတွင်းပစ္စည်း ဖြစ်သော အသိဉာဏ် လမ်းလွဲစေလျက် မှောက်မှားရာသို့ ရောက်အောင် ဖန်တီးပို့ဆောင်တတ်ကြလေသည်ဟု မှတ်ပါ။

**ပညာရှိနှစ်မျိုးနှစ်စားဓမ္မဒေသနာ**

ပညာရှိသည် ပကာသနပညာရှိ၊သဘာဝပညာရှိဟူ၍ နှစ်မျိုး နှစ်စား ရှိလေသည်၊မိမိကိုယ်ကို ပညာရှိ ထင်မှတ်အောင် ပယောဂ အမျိုးမျိုးနှင့် ကူပံ့၍ ပကာသန အမျိုးမျိုး ပြုလုပ်သော ပညာရှိသည် ပဌမပညာရှိမည်၏၊ပယောဂလည်း မပါ၊ပကာသနလည်းမရှိဘဲ ငြုတ်သီးမှုန် ခုနစ်လုံး ရေမှာဒုပ်၍ စားသော်လည်း စပ်ရမည်ဆိုသော စကားကဲ့သို့ သဘာဝ အရ တတ်သိ လိမ်မာခြင်းရှိသော ပညာရှိသည် ဒုတိယပညာရှိမျိုး မည်လေတော့သတည်း၊သတိပြု၍ မှတ်ပါလေ။

**ကတပုညတာဟူသော မင်္ဂလာကုသိုလ်မျိုးကိုဖြစ်အောင်အားထုတ်ရန်**

မင်္ဂလာတရား ၃၈-ပါးတွင် ကတပုညတာ ဟူသော မင်္ဂလာပါရှိရာ ၎င်းမှာ ယခု လောလောဆယ် ပြုလုပ်၍ ရရှိသောမင်္ဂလာ မဟုတ်။ မှတ်ချက်။ အနည်းဆုံးတဘဝ ကြိုတင်ပြုလုပ်မှသာ ရရှိနိုင်သော မင်္ဂလာဖြစ်လေသည်။ သို့ဖြစ်၍ လာလတ္တံ့သော ဘဝများတွင် ကတပုညတာ မင်္ဂလာနှင့်ပြည့်စုံစေ၍ ယခုဘဝ၌ ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ကြိုးစား ပြုလုပ်ရန် သင့်လျော်လှပေ၏၊ သတိပြုပါ။

**ကျေးဇူးတရားနှင့် သစ္စာတရားနှစ်ပါးဟာ အနှစ်သာရတရားလက်ာ**

ချစ်ခင်အထူး ပြုပေးဘူးသည့် ကျေးဇူးတင်စွာ ဖြောင့်သစ္စာဟု နှစ်ဖြာ ဓမ္မ သဘာဝကား လောကအနှစ် အမှန်ဖြစ်၏ သုံးခေတ်တိုက်တွင်း သက်ရှင်ခြင်းဖြင့် မိုတင်းတည်နေ ဗိုလ်ခြေများစွာ သတ္တဝါလည်း သစ္စာ ကျေးဇူး နှစ်ပါးမှူးလျက် ကူးလူးဆက်နွယ် ပျက်ပြယ်မပြား တည်တံ့ ငြား၏ နှစ်ပါးသာရ သဘာဝဖြင့် ကမ္ဘာ့မဏ္ဍလင် မြေအပြင်ဝယ် များဖြင်မြို့တိုင်း အဆိုင်းဆိုင်းကို ပရိုဏ်းပမာ လုံအောင်ကာ၍ ကောင်း စွာအုပ်စိုး ဂုဏ်တန်ခိုးနှင့် အမျိုးစည်ပင် ကျော်ဇောထင်သည့် စွမ်းအင် သိဒ္ဓိ နှစ်မျိုးပေတည်း။

**ပညာရှိပုဂ္ဂိုလ်အလုပ်နှစ်မျိုးလုပ်ပုံဆင်ခြင်ရန်လက်ာ**

၁-မစသေးခင် အလုပ်ခွင် ဆင်ခြင်နိုင်းဆရာ။ ၂-ဆောလျင်မပြု ချိန်ကိုက်မှု တခုလက္ခဏာ။ ၃-စ၍တည်ထောင် ပြီးစီးအောင် လုပ်ဆောင် တတ်ပေစွာ။ ၄-အဆုံးတိုင်သိ အောင်မြင်ဘိ ပဏ္ဍိလက္ခဏာ။ ၅-မှတ် ကြောင်းနှစ်မျိုး ဉာဏ်လမ်းရိုး နည်းခိုးကြဘို့ရာ။ ၆-မဆင်မခြင် ဆော တလျင် မြန်ချင်ပျက်တတ်စွာ။ ၇-ခိုင်မြဲသတိ ရှေ့သွားရှိ ပြုဘိမှန်မည်သာ။ ၈-ထို့ကြောင့်စိစ္စေး သတိပေး အရေးကိစ္စမှာ။နှစ်မျိုးပြုပုံ အကြောင်းဆုံ မှတ်ကုန်ပဏ္ဍိတလက္ခဏာ။

**သန့်ရှင်းကောင်းမွန်သောနည်းဖြစ်ပုံ**

အထူးမှတ်ချက်- သူများကိုအပြစ်ဖို့ ပုတ်ခတ် မဟုတ်မဟတ်တာတွေ ပြောဆိုမှသာ ကိုယ့်အရေးအရာများ အောင်မြင်မည် ဆိုသောနည်း ဟူသမျှမှာ သန့်ရှင်းကောင်းမွန်သော နည်းမဟုတ်ဘဲ ကလိန်စေ့ငြမ်း ဆင်သောနည်းဖြစ်သည်၊ မည်သူ့ကိုမျှအပြစ်မဖို့ဘဲ လုပ်ကိုင်မည့်ကိစ္စကို မှန်မှန်ပြော၍ ပြောသည့်အတိုင်း တိကျစွာဆောင်ရွက်သော နည်းသည် သာလျှင်မအောင်မြင်သော်လည်း သန့်ရှင်းသောနည်း၊ ကောင်းမွန်သော နည်းအစစ် အမှန်ဖြစ်ပေသည်ဟုမှတ်။

**ပညာရှိကဇမ္ဗူတခွင်ပြိုင်ဘက်ကင်းဂုဏ်ရောင်လင်းဓမ္မဒေသနာ**

လူဂုဏ်တန်ပညာဝမ္ဘဲ ဉာဏ်ဆင်းရဲက အိမ်ထဲ၌သာ ဂုဏ်ရှိပါ၏ ဥစ္စာ ပေါကြွယ် သူဌေးယက ကိုယ့်နယ်ကိုယ်၌သာ ဂုဏ်ရရာတည်း ရာဇာ သနင်း ပြည့်ရှင်မင်းက ပြည်တွင်း၌သာ ဂုဏ်များစွာ၏ ပညာသူဌေး ဉာဏ်ပဂေးကား နီးဝေးမဟူ ဇာဗူမ္ဗူတွင် ပြိုင်သူဘက်ကင်း ဂုဏ်ရောင် လင်း၏။

ပညာရှိကဝိတံခွန် လူရည်ချွန်သည် သူမွန်အများ မှန်နှင့်မှားကို ဝိုင်းခြားဝေဘန် လူဂုဏ်တန်၊ စိန်ရွှေဘဏ္ဍာ လယ်ယာခြံမြေ ဆန်ငွေစပါး ပေါများကြွယ်ဝ ပေးချအလှူ စင်ဖြူစိတ်သန် လူဂုဏ်တန်၊ ကိုယ့်မြို့ကိုယ့်ရွာ လွတ်လမ်းရှာ၍ ပညာကိုယ့်သက် မတွက်ကိုယ်ကျိုး၊ ပြည်ဝန်ပိုးသည့် ပြည်ကျိုးဆောင်မွန် လူဂုဏ်တန်။

## ဘုန်းကြီးလို့သက်မရှည် သက်ရှည်လို့ဘုန်းမကြီး

ကျေးဇူးသစ္စာ ရှိပါလျက်သား ပြစ်မှားတော်လှန် အကျင့်တန်၍ ဖောက်ပြန်တုံက ဘုန်းစကံညွန့် မကွန့်မဖြိုး သက်ဆိုးမရှည် မတည်စည်းစိမ် မုချမသွေ ဖြစ်ရလေသတည်း၊ မိမိဆင်းရဲကို သုံးသပ်ဆင်ခြင်သောအခါ သူတပါးအားအပြစ်ဖို့နေသည်ထက် မိမိ၏အမှားကိုသိမြင်အောင် သုံးသပ်ဆင်ခြင်လျှင် အမှားအမှန်ကို ဆင်ခြင်နိုင်လိမ့်မည်ဟု မှတ်ပါ။

## အယုတ်အမြတ်တရားနှစ်ပါး

တဏှာလောဘ တရားသည်ကား ကိုယ်ကိုပြုပြင်တတ်သော သဘောတရားရှိ၍ ယခုဘဝ၌ ယုတ်နိမ့်သည့်အောက်ဘဝအဆက်ဆက် ယုတ်နိမ့်ခြင်းကိုပြုပြင်တတ်၏၊ ယုံကြည်ခြင်း သဒ္ဓါတရားကား ယခုဘဝထက် စိတ်ကိုပြုပြင်တတ်သော သဘောရှိသည်ဖြစ်၍ယခုဘဝမြင့်မြတ်သည်ထက် ဘဝအဆက်ဆက် မြင့်မြတ်ခြင်းကို ပြုတတ်သည်ဟု အမြဲမှတ်ယူပါ။ မမေ့နှင့် သတိပြုပါ။

## လူနှစ်ယောက်ကသီလကုသိုလ်ရပုံ

လူနှစ်ဦးတို့သည် ပစ္စည်းကိုတွေ့ကြရာ၌ တဦးသောသူကသူ့ပစ္စည်းကိုယူလျှင် ပစ္စည်းရှင်သိသွားက ရိုက်နှက် ပုတ်ခတ်လိမ့်မည် ကြောက်၍ ရှောင်အံ့ဟုတွေးတောလျက် မယူဘဲရှောင်ကြဉ်၏။ တဦးကမူ အရှင်မပေးသောပစ္စည်းကိုယူလျှင် အပါယ်ကျရောက်တတ်သည်၊ ကြောက်၍ ရှောင်အံ့ဟု ဆင်ခြင်၍ရှောင်ကြဉ်၏ ထိုသူနှစ်ဦးအနက် ပဌမလူသည် သီလကုသိုလ်မရဘဲ ဒုတိယလူသည်သာ သီလကုသိုလ်ကို ရသည်ဟု မှတ်ယူသင့်ပေသည်။ (အထူးသတိပြုပါ)။

## မိန်းမလိမ္မာမိန်းမမြတ်ဟုခေါ်ဆိုရပုံ

(မှတ်ချက်) ၁-စားမှုသောက်မှု ပြုပြင်ရာ၌ မိခင်ကဲ့သို့ ပြုစုခြင်း။ ၂-ရှက်ကြောက် သင့်ရာတွင် နှမရင်းကဲ့သို့ပြုကျင့်ခြင်း။ ၃-လုပ်ကျွေးပြုစုရာတွင် ကျွန်မကဲ့သို့ပြုကျင့်ခြင်း။ ၄-ဘေးရန်အန္တရာယ် ရောက်သော

အခါ မိတ်ဆွေကောင်းကဲ့သို့ ပြုကျင့်ခြင်း။ ၅-ပျော်ရွှင်သင့်သော အခါတွင် နှစ်သက်ဘွယ်ရာပြုကျင့်ခြင်း။ ၆-ပွဲလမ်းသဘင်သို့ ဝင်သောအခါ တင့်တယ်သော မျက်နှာကိုထားခြင်း။ ၇-လင်ယောကျ်ားက မောင်းမဲသောအခါတွင် ဒေါသမာန်မာနမထားဘဲ ကြည်လင်စွာမျက်နှာထားရမည်၊ ဤတရားခုနစ်ပါးနှင့်ပြည့်စုံသောမိန်းမကို မိန်းမမြတ် မိန်းမလိမ်မာဟူ၍ခေါ်ရမည်၊ မချွတ်မယွင်း ကြည့်ရှုရမည် သတိပြု။

## သဘောနှင့်တရားနှစ်ပါးဟာမတူပုံ

သဘောတရားနှင့် တရားသဘောသည် တခုနှင့်တခု တူညီကြသည် မဟုတ်ပေ သဘောတရားကိုသက်ရှိသက်မဲ့သော မည်သည့်ဝတ္ထုပစ္စည်း၌မဆို ရှာဖွေ၍တွေ့နိုင်လေသည်၊ တရားသဘောကိုမူ သူတော်ကောင်းတို့၏သန္တာန်ကိုယ်မှတပါး အခြားတွင်ရှာဖွေတွေ့ရှိနိုင်သည်ဟူ၍မရှိချေ။ (အထူးသတိပြုမှတ်ပါ)။

## ကံ-ဉာဏ်-ဝီရိယ-သုံးပါးတရားလက်ာ

ယောကျ်ားတံခွန် လူရည်ချွန်က မိုးစွန်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်းတည်း၊ ကြိုးပမ်းပုံဟန် လူ့သဏ္ဌာန်မှာ ကံဉာဏ်ထောက်ပ ဝီရိယနှင့် လုံ့လကြီးစွာ စီးပွားရှာသော် ရရာမလွဲ ဖြစ်စမြဲတဲ့ ကြီးပွားရာ ကြီးပွားကြောင်းတည်း။

## လွန်ကဲ၍ဖြစ်ပုံဓမ္မဒေသနာ

ဥစ္စာလွန်သော်မာန၊ ချမ်းသာလွန်သော်ရာဂ၊ အသုံးလွန်သော် ဒေါသ၊ အဝတ်လွန်သော်ဇာတ၊ အစားလွန်သော်ဘယ၊ အအိပ်လွန်သော် မောဟ၊ အဝများစွာလွန်သော်ဇီဝိတ၊ အပိန်လွန်သော်မရဏမှတ်။

## ပါးစပ်နှုတ်က တရားရပုံ ဓမ္မဒေသနာ

အထူးတရား ရသည်ဆိုပြီး လောဘ- ဒေါသ- မောဟ- ပကာသန တွေကို စုံမက်ခင်မင်နှစ်သက် လက္ခဏာတွေကျန် ရှိနေသေးလျှင် ပါးစပ်နှုတ်မှ တရားရသည်သာဖြစ်သည်။ ပါးစပ်နှုတ်က တရားရသည်ဆိုလျှင် စိတ်ကပါ တရားကျဘို့လိုသည်၊ စိတ်ကမကျလျှင် တရားရရုံသာ ရပြီး တရားမကျနိုင်သည်ကို အထူးသတိပြုဘို့ ကောင်းပါသည်။

## ကစားသမားသည် နွဲ့သမားနှင့် တူပုံကိုပြဆိုခြင်း

ကစားသမားတို့သည် နွဲ့သမားနှင့်တူသည်ဟု လူကြီးသူမများ ပြောဆိုသော စကားတခုရှိလေသည်၊ နွဲ့သမား ပါးစပ်မှာ နွဲ့မှုတ်နေစဉ်

ဖောင်း၍ နဲမပူတ်သော အခါ ဝိန်၍နေရာ အဖောင်းနှင့် အပိန်တွင် အပိန်ကများသည်မှာ ထင်ရှားလာပေသည်။ ထို့အတူပင် ကစားသမားတို့ မှာလည်း တရံတခါ နိုင်၍ ခေတ္တခဏ မော်ကြွား သုံးဖြုန်းကြရသည် ကနဲပါးပြီးလျှင် အရှုံးကြီး၍ အောက်ကျ နောက်ကျဖြစ်ကာ စိတ်ဒုက္ခ ဆင်းရဲရောက်ကြသည်သာ များပြားကြလေသည်ဟု မှတ်ပါ။

## ဟိရီ ဩတ္တပ္ပတရားနှစ်ပါး

ဟိရီနှင့် ဩတ္တပ္ပတရားနှစ်ပါးသည် လောကပါလတရားလည်း ဆို၏၊ လောကလူအပေါင်းကို စောင့်ရှောက်တတ်သောကြောင့် လောကပါလ တရားမည်၏၊ လူတို့သည် ဟိရီနှင့် ဩတ္တပ္ပတရားနှစ်ပါးတို့ကို မစောင့် စည်းနိုင်ခြင်းကြောင့် ကမ္ဘာလောကကြီးသည် ဗရမ်းဗတာ ပျက်ပြား၍ နေလေသည်။ ထိုတရားနှစ်ပါးကို စောင့်စည်း ထိန်းသိမ်းနိုင်ခြင်းကြောင့် ကမ္ဘာလောကကြီး ငြိမ်းနေနိုင်လေသည် မှတ်ပါ။

## ကံဆိုတာအလုပ်ဖြစ်သည်

ကံဆိုတာအလုပ်ဖြစ်သည်၊ အလုပ်ကောင်းမှ ကံကောင်းသည်၊ စိတ် ကောင်းမှ လောဘ-ဒေါသ-မောဟ-မာနမကြီးမှ အလုပ် ကောင်းသည် သူတပါးမခံချင်မှာ စိုးသဖြင့် အလိုက်သင့်ပြောဆို၏။ဝိနည်းရှောင်ခြင်း၊ ပိုမိုချဲ့ထွင်၍ ပြောခြင်း၊ သဘောမကျဘဲလျက် သဘောကျအောင် ဟန် ဆောင်ခြင်း စသည်တို့သည် အရှက်မရှိသော လူပူးတောင်းတို့၏ အမှတ် လက္ခဏာများ ဖြစ်ကြလေသည်ဟု မှတ်ပါ။

## လူ့ဝတ်တရားကြေပွန်မှ ထူးချွန်သူဆိုရမည်

မှတ်ချက်။ ထူးချွန်သူဆိုသည်မှာ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာရုံနှင့် မဖြစ်၊ပညာအလွန်အကျွံ တတ်ကာမျှနှင့်လည်း ထူးချွန်သူမဖြစ်နိုင်၊ အမှန် စင်စစ်မှာကား မနုဿလူသတ္တဝါ အချင်းချင်း အပေါ်၌ ပြုသင့်ပြုထိုက် သော လူ့ဝတ္တရား ကျေပွန်မှသာ ထူးချွန်သည် ဖြစ်နိုင်၏၊ အထူးသတိပြု မှတ်ပါ။

## တရားနှင့်အညီလုပ်ရဲသူ ကမ္ဘာပျက်တောင်ချီးမွမ်းပုံ

ရှုပ်ရှုပ်ချွန်ချွန်လုပ်ရဲသော ပုဂ္ဂိုလ်တို့သည် အရေမလယ်ခင် လူအများ ၏ ကဲ့ရဲ့ခြင်းကို ခံရတတ်၍ အရေလယ်သော အခါတွင် ချီးမွမ်းခြင်းကို ခံရစမြဲဖြစ်လေသည်။ သို့ရာတွင် ကဲ့ရဲ့ခြင်းမှာ ယာယီမျှသာဖြစ်၍ ချီးမွမ်း ခြင်းသည်သာ ကမ္ဘာပျက်ဆုံးသည်တိုင်အောင် အစဉ်တည်လျက် ရှိတတ် သည်ဟု အမြဲမှတ်ပါ။

**ပွဲလမ်းသဘင် လိုက်စားလျှင် ပျက်စီးခြင်း**

ပွဲလမ်းသဘင်ကို အလွန်ပင်မလိုက်စားသင့်ပေ၊ ပွဲလမ်းသဘင်ကိုလိုက်စားလွန်းအားကြီးလျှင် တစတစ စိတ်လေလွင့်ပါး၍ ကြီးပွားရေး အလုပ်ကိစ္စဆောင်ရွက်ရာတွင် ဆားမပါသော ဟင်းကဲ့သို့ ဖြစ်တတ်လေသည်၊ ထို့ကြောင့်ပင် ပညာရှိများသည် မစည်ကားအပ်သော အရပ်တပါးတွင် ဤပွဲလမ်းသဘင်ကို ထည့်သွင်းထားခဲ့ကြခြင်း ဖြစ်ကြလေသည်ဟုမှတ်ပါ။

**ယောကျ်ားအာဇာနည်ပီသသူ**

မှန်သည်ထင်သောကိစ္စကို ရဲရဲဝံ့ဝံ့စွန့်စားဆောင်ရွက်သူကိုယောကျ်ားအာဇာနည်ပီသသူဟူ၍ ခေါ်ဆိုကြ၏၊ ထိုကဲ့သို့သောသူများသည် စဝ်စဝ်ထိလျှင်တွန့်၍သွားတတ်သူများ မဟုတ်ကြသဖြင့် မိမိလုပ်ကိုင်ဆောင်ရွက်ရာမှ ပေါ်ပေါက်လာသော ပြဿနာရပ်များကိုလည်း နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရန် ဝန်မလေးသူများ ဖြစ်ကြပေသည်ဟု မှတ်ပါ။

**မေတ္တာတန်ခိုး**

မေတ္တာတရားသည် သတ္တဝါအများ၏ ရေချမ်းအိုးသဖွယ် ကဲ့သို့ ဖြစ်လေသည်၊ တဦးတယောက်က မေတ္တာကို ပွားများအားထုတ်လျှင် ထိုမေတ္တာတရားဓာတ်ကို ခံယူကြရသောသတ္တဝါအများတို့မှာ အချင်းချင်း ရန်မရှိဘဲ ငြိမ်းချမ်းမြေခြင်းသို့ ရောက်ကြရစမြဲဖြစ်ပေသည်။

မှတ်ချက်။ ဝက်ဘာတောင်၌ နေကြကုန်သော တောသားတိရစ္ဆာန်သတ္တဝါအပေါင်းတို့သည် အလောင်းတော် ဝေဿန္တရာ မင်းမြတ်ကြီး၏ မေတ္တာဓာတ် တရားမြတ်သည် သတ္တဝါများ၏ ရေချမ်းအိုးကြီး သဖွယ် ဖြစ်လေသည်။ တဦးတယောက်က မေတ္တာတရားကို ပွားများအားထုတ်လျှင် ထိုမေတ္တာတရားဓာတ်ကို ခံယူကြသော သတ္တဝါအများ တို့အားမှာကား အချင်းချင်းရန်မရှိဘဲ ငြိမ်းချမ်းမြေခြင်းသို့ ရောက်ကြရစမြဲ ဖြစ်ပေသည်။ ဝက်ဘာတောင်၌ နေကြကုန်သော တောသား တိရစ္ဆာန်သတ္တဝါအပေါင်းတို့သည် အလောင်းတော် ဝေဿန္တရာမင်းမြတ်ကြီး၏ မေတ္တာတရားဓာတ်ကို ခံယူရသောကြောင့် အချင်းချင်း သင့်တင့်ညီညွတ်စွာ ငြိမ်းချမ်းသာယာလျက် ရှိကြောင်းနှင့် ဝေဿန္တရာ ဇာတ်တော်ကြီးတွင် ဘုရားဟောတော်မူလျက် ရှိပေသည်၊ အထူးသတိပြု၍ မှတ်ယူပါ။

**စိတ်သည် ကောင်းမှု၌ မပျော်ရွှင်ပုံ**

လူတို့၏စိတ်သည် ပျော်ရွှင်မှုကြုံလျှင် တောင်ထိပ်မှကျသော ရေသည် မြေနိမ့်ရာစီးဆင်းသကဲ့သို့ လျှင်မြန်စွာ လိုက်ပါလေ့ရှိတတ်၏၊ ဒါန သီလ

ဘာဝနာတရားပွဲ စသည်များသို့ လုပ်ကိုင် သွားရောက်ခွင့်နှင့် ကြုံသော အခါများတွင် ကြပ်တီးကုန်းမြေမှ ရေမထွက်သကဲ့သို့ စိတ်စေတနာ သဒ္ဓါတရား ခန်းခြောက်လျက်သာ ရှိတတ်ကြ လေသည်ဟု မှတ်ပါ။ အထူးမှတ်ချက်။ သမားဟူးရားတို့ ဆေးဝါးဖြင့် ကုသပါလျက် ချမ်းသာ ခွင့်မရလျှင် အနာလွန်သော ဂိလာနရောဂါ ပုဂ္ဂိုလ်ဟု ဆိုအပ်သကဲ့သို့ ထို့အတူ ဘုရားသာသနာတော်နှင့် ကြုံကြိုက်၍ ဓမ္မကထာကို ကြားနာ ရပါလျက်နှင့် ဣဿာ-မစ္ဆေရ-ဒေါသစသော ရောဂါမှ သက်သာရာကို မရလျှင် ကိလေသာ အနာလွန်သူဟု ခေါ်ဆိုအပ်ပေသတည်း။

**ကုသိုလ်တရားများကိုကြိုးစားပြီးအားထုတ်ရန်**

အမြဲမတည် တနေ့ထက်တနေ့ ကြီးရင့်အိုမင်း ယိုယွင်းပျက်စီးရမည့်ဒိဋ္ဌ အနိစ္စခန္ဓာကိုယ်၊ နိဗ္ဗာန်မရမီ သတ္တဝါဖြစ်ရာ ဘဝတိုင်းပဋိသန္ဓေနေရခြင်း အိုရခြင်း နာရခြင်း သေရခြင်း ဘေးအမျိုးမျိုးနှင့် အဘန်တလဲလဲတွေ့ကြုံ ရမည်မုချ ဒုက္ခခန္ဓာကိုယ်၊ မမြဲသောအနိစ္စတရားကို တားဆီးခြင်းငှာရင်း၊ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း ဒုက္ခတရားကို တားဆီးခြင်းငှာရင်း၊ အစိုးမရ ကိုယ့်အလိုသို့မလိုက်ဟူ၍မှတ်ကြ အနတ္တ ခန္ဓာကိုယ်၊ သို့အတွက်ကြောင့် ဒါန သီလ ဘာဝနာ ဝိပဿနာတရားကို တတ်နိုင်သမျှ အားထုတ်တော်မူကြပါဟု တိုက်တွန်းလိုက်ပါသည်။

**သံသရာဝဋ်မြစ်နှစ်ပါး**

မောဟဟူသော အဝိဇ္ဇာသည်အမြစ်တခု၊ လောဘဟူသော တဏှာ လည်းအမြစ်တခု ဤအဝိဇ္ဇာတဏှာ ဝဋ်မြစ်နှစ်ခုတို့သည် ကိုယ်ခန္ဓာ၏ အမြစ်တို့တည်း၊ လောက၌ ပညောင်ပင်ကြီး ဖြစ်သော်လည်း အမြစ် ပုပ်ဆွေးပြတ်သောအခါ သေရဘိသကဲ့သို့ ထို့အတူ အဝိဇ္ဇာနှင့်တဏှာ မူလမြစ်မနှစ်ခုတို့၏ ဆွေးမြေ့ပုပ်ပြတ်ကျကုန်သည်ရှိသော် သံသရာဝဋ်မြစ် ဒုက္ခဆင်းရဲခပ်သိမ်းလည်း ငြိမ်းအေးလေကုန်တော့သတည်းဟု မှတ်ပါ။

**အကြောင်းနှင့်အကျိုးဝေဘန်ရန်**

မည်သည့်ကိစ္စမျိုးမဆို အကြောင်းနှင့်အကျိုး ဆက်စပ်ကြည့်ရှုနိုင်မှ ဆက်စပ်လျက်နေသဖြင့် အကြောင်းနှင့်အကျိုး ကြည့်ရှုနိုင်မှ သာလျှင် အမှန်တရားကိုတွေ့ရှိနိုင်မည်ဖြစ်လေသည်၊ အကြောင်းတရားကို မကြည့် ရှုဘဲ အကျိုးတရားတခုတည်းပေါ်၌သာ အကျိုးအပြစ်ကို ဝေဘန်သွား မည်ဆိုလျှင် အဟုတ်အမှန် ယထာဘူတသို့ရောက်နိုင်မည် မဟုတ်သည်ကို သတိပြုသင့်ပေသည်၊ အထူးမှတ်ပါ။

## ခန္ဓာကိုယ်စက်ဆုပ်ဘွယ်ရာနှလုံးသွင်းဆင်ခြင်ရန်

လူတို့ခန္ဓာကိုယ်ကာယသည် တိရစ္ဆာန်တို့၏ ကိုယ်ကာယထက်ပိုမို၍ စက်ဆုပ် ရွံရှာဘွယ် ကောင်းလေသည်၊ အကြောင်းမူကား လူတို့၏ ခန္ဓာကိုယ်ကာယသည် တိရစ္ဆာန်တို့၏ ကိုယ်ကာယကဲ့သို့ မိမွေးတိုင်း ဘမွေးတိုင်းထား၍မဖြစ်ဘဲ ဖုံးလွှမ်းကာဆီးကာ နေ့ရှိသမျှ သုတ်သင် ဆေးကြော၍ နေရသောကြောင့်ဖြစ်ပေသည်၊ အထူးသတိပြုမှတ်ပါ။

ထို့ပြင် မှတ်ချက်ကား- လူတို့၏ ခန္ဓာကိုယ်သည် ယာခင်းနှင့်တူ၏၊ အကုသိုလ် ဒုစရိုက်တို့သည် ပေါင်းမြက်ပင်နှင့်တူ၏၊ ခန္ဓာကိုယ်တည်း ဟူသော ယာခင်းတွင် အကုသိုလ် ဒုစရိုက် ပေါင်းမြက်ပင်တို့ကို ပုည ကိရိယာဆယ်ပါးတည်းဟူသော တူးရွင်း ပေါက်တူး ဓားတို့ဖြင့်တူးဆွ ပေါက်ဆွခုတ်ထစ်ဖြိုခွင်းကာ ရှင်းလင်းသုတ်သင်မှုကိုကြိုးစားလုပ်ရာသည် သတိပြုနှလုံးသွင်းပါ။

## သုရာပါနကြောင့် ဒုစရိုက်များဖြစ်ရပုံ

သုရာပါန အမှုသည် အလုံးစုံ ဒုစရိုက်တရားတို့၏ အညှာနှင့်တူ လေသည်။ (မှတ်ချက်) သစ်ပင်တိုင်း၏ အညှာမှအသီးများ သီးလာရ သကဲ့သို့ ထို့အတူ သုရာပါနအမှုကို ပြုသောသူမှာ မည်သည့်ဒုစရိုက် မျိုးကိုမဆို လွယ်ကူစွာနှင့် ပြုလုပ် ဖြစ်မြောက်နိုင် လေတော့သည်၊ ဗာရာဏသီမင်းကြီးသည် သုရာသောက်စား မူးယစ်ခြင်းကြောင့် မိမိ၏ ရင်သွေးသားရတနာကို မညှာမတာသတ်ဖြတ် ချက်စားဘူးသောထုံး ရှိလေသည်၊ အထူးနှလုံးသွင်းပြီးဆင်ခြင်ပါ။

## မင်းတို့သတ္တိသုံးပါးကိုပြဆိုခြင်း

အစိမ်း-အကျက်-အနီး-အဝေး မရွေးဘဲ ထုံးစံလာရှိသည့် အတိုင်း ရာဇဒဏ်ပေးသော ပဘဝသတ္တိ၊ စပါးဆန်ရေ၊ ရွှေငွေရတနာ၊ ဥစ္စာ ခမ်းနားကို အားထုတ်ဆည်းပူးသော ဥဿာဟသတ္တိ ပညာရှိအမတ် ပုရောဟိတ်တို့နှင့် အမှုခွင့်အားလျော်စွာ တိုင်ပင်နှီးနှောသော မန္တသတ္တိ ဤသုံးပါးကိုမင်းတို့၏သတ္တိသုံးပါးဟု ခေါ်ဆိုရပေသည်ဟုမှတ်ပါ။

## ယဉ်ကျေးသောစိတ်ဖြစ်ပုံ

ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် အပါယ်လေးပါးသို့ မလား မရောက်စေမူ၍ ဒိဋ္ဌဓမ္မပစ္စက္ခတွင် ကိုယ်၏ချမ်းသာခြင်းစိတ်၏ ချမ်းသာ ခြင်းသို့ရောက်စေတတ်သည်၊ ထို့ကြောင့်စိတ်ကိုနှိပ်ကွပ် ဆုံးမခြင်းသည်

ဝိသေသအကျိုး ဖွံ့ဖြိုးကြီးမားတတ်လေရကား မြတ်စွာဘုရား၏ တရားတော်ဖြင့်စိတ်ကိုကြပ်ကြပ်ဆုံးမပေးရန် သတိပြုမှတ်ပါလေ။

## ယထာဘူတဉာဏ်မရလျှင်သံသရာ၌နစ်နာမည်

ဘုံသုံးပါး၌ ကျင်လည်သမျှ ဝေနေယျတို့သည် ယထာဘူတဉာဏ်ဖြင့် ဟုတ်မှန်သည့်အတိုင်း မြင်တတ်သောပညာမျက်စိမရှိ။ ထို့ကြောင့် အနိစ္စ ဒုက္ခ အနတ္တဖြစ်သော ခန္ဓာငါးပါး ပရမတ္ထတရားကိုပင် ငါ၏သား ငါ၏သမီး ငါ၏မယား ငါ၏လင် ငါ၏ကျွန်နွားလယ်ယာ ငါ၏ရွှေငွေဥစ္စာဟု တဏှာဖြင့်စွဲလန်း ကပ်ငြိသောကြောင့် သံသရာဝဋ်ဆင်းရဲဒုက္ခ၌နစ်လျက် ထပ်ခါထပ်ခါ ပျက်စီးရသည်ဟု အထူးမှတ်ပါ။ (သတိထား)

## တရားအတွက်သတိပြုဘွယ်

မှတ်ချက်- တတ်သိလိမ္မာသော ဆေးသမားပင် ဖြစ်သော်လည်း တရံတခါဆေးမှား၍ ချွတ်ချော်တတ်၏၊ မလိမ္မာသော ဆေးသမားကြောင့် သူနာအများ ကြေးငွေလည်းကုန် အသက်လည်းဆုံးရှုံး၍ပြန့်ပွားတီးသည်မှာ လောက၌ ထင်ရှားသိသာလှ၏၊ ထို့နည်းအတူ တရားဓမ္မဒေသနာ ဟောမှားသောကြောင့် တရားနာသူတို့ အကျိုးယုတ်သည်မှာ ယခုပစ္စက္ခပစ္စုပ္ပန် မသိမမြင်နိုင်ရာ သံသရာဝဋ်ဆင်းရဲ၌ နစ်နာရသည်ကိုလည်း သိမြင်နိုင်ကြတော့မည် မဟုတ်ကုန်ပြီ၊ ထို့ကြောင့် အရာရာ၌ လမ်းမမှားအောင် အထူးသတိပြုထိုက် ပေသည်ဟု အသက်ထက်ဆုံး မှတ်ပါ၊ မမေ့နှင့် နှလုံးပြုပါ။

## ဆင်းရဲဒုက္ခတွေ့ရပုံ

ငရဲ- ပြိတ္တာ- တိရစ္ဆာန်- အသုရကာယ် ဖြစ်ကြကုန်သော သတ္တဝါဟူသမျှပင် ရှေးဘဝ လူဖြစ်စဉ်ကာလ၌ ရာဂ-ဒေါသ-မောဟ အစရှိသော ကိုယ်တွင်းရန်သူ လှည့်စား ဖြားယောင်း လေကုန်သောကြောင့် ကိုယ်ကျိုး ရှိမည်ထင်၍ ကိုယ်ကျိုး ယုတ်လေအောင် ကျင့်မှား ကြလေကုန်၏။ထို့ကြောင့် သေပြီးသည့်နောက် ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသုရကာယ်ဘုံသို့ ရောက်ကြရကုန်၍ မိမိ၏ကံအကုသိုလ်နှင့် လျော်ညီစွာ ဆင်းရဲဒုက္ခတွေ့ကြလေကုန်သည် မှတ်ပါ။

## ပညာဉာဏ်နှင့်ဆင်ခြင်ရန်

မိမိပြုပြီးသမျှသော ပြုဘွယ်ကိစ္စဟူသမျှနှင့် ပြုမည့်ဆဲဆဲ ကိစ္စအဝဝ ဟူသမျှတို့သည် မှန်သည် မှားသည် တော်၏ မတော်၏ မြတ်စွာဘုရား၏ အဆုံးအမတော်နှင့် ဆန့်ကျင့်သည် မဆန့်ကျင်သည်တို့ကို ဝေဘန်စဉ်းစား

ရမည်၊ ယင်းသို့ ဝေဘန်စဉ်းစားသောအားဖြင့် ဆင်ခြင်တုံ တရားဖြင့် ပြုလုပ်သောအရာဟူသမျှတို့သည် မမှားမပို လိုသာလိုနေ၏ဟု မှတ်ပါ။

## နိဗ္ဗာန်လမ်းပေါက်

မှတ်ချက်။ သဏ္ဍာယဒိဋ္ဌိ အစွဲအလန်း အမြင် ကင်းပျောက်အောင် လုံ့လစိုက်ထုတ်ရမည်၊အစွဲအလန်း အမြင်သဏ္ဍာယဒိဋ္ဌိကင်းပျောက်လျှင် နိဗ္ဗာန်လမ်းပေါက်သည်၊ နိဗ္ဗာန်လမ်းပေါက်၍ တစိုက်စိုက်လိုက်နိုင်လျှင် နိဗ္ဗာန်သို့ ရောက်တော့မည်၊ နိဗ္ဗာန်ရောက်လျှင်လည်း ဘေးခပ်သိမ်း ရန်ခပ်သိမ်း လွတ်ငြိမ်း ကင်းပျောက်တော့သည်၊ ဘေးခပ်သိမ်း ရန်ခပ်သိမ်း ကင်းပျောက်လျှင် ပြဿနာကိစ္စတခြားမရှိတော့ပြီ မှတ်ပါ။

## ဗာလလူမိုက်ကိုရှောင်ပါ

ဗာလလူမိုက် ဖြစ်သော သူယုတ်မာကို ကိုးကွယ် ဆည်းကပ်လျှင် အသဒ္ဓမ္မသဝန-ဟူသော သူယုတ်မာတို့တရားစကားကို ကြားနာရတတ်သည်၊သူယုတ်မာတို့စကားကိုကြားနာရလျှင် သူယုတ်မာတို့၏ နှလုံးသွင်း ဟူသော အယောနိသော မနသိကာရ ဖြစ်တတ်သည်၊ အယောနိသော မနသိကာရ မသင့်မတင့် နှလုံးသွင်းဖြစ်ခဲ့လျှင် မောဟ အဝိဇ္ဇာ ဖြစ်တတ်သည်၊မောဟ အဝိဇ္ဇာဖြစ်ပါလျှင် ပါပဓမ္မအကုသလ ဆင့်ကာဆင့်ကာ ပွားသောကြောင့် သံသရာ၌ ကမ္ဘာအဆက်ဆက် နစ်နာရခံရလေတော့ သည်ဟု မှတ်ပါ။

## ကုသိုလ်တရားများကို ကြိုးစားရန်

တေဘူမက တည်းဟူသော သင်္ခါရတရားတို့သည် လူတိုင်း လူတိုင်း အမြဲပင် ဖြစ်တည်လျက်ရှိ၏၊ ထိုသင်္ခါရတရားတို့နှင့် ကင်းကွာသော နိဗ္ဗာန်ရွှေပြည်မြတ်သို့ အဆောတလျင် ကူးမြောက်စေရန် ဒါန သီလ ဘာဝနာတည်းဟူသော တရားတို့ကို အားထုတ်ကုန်ရာသည်။ (ဝိသေသ အထူးမှတ်ချက်ကား) စည်းစိမ်ကိုလိုမူ- ဒါန၊ ချမ်းသာကိုလိုမူ-သီလ၊ နိဗ္ဗာန်လိုမူ-ဘာဝနာ၊ အနတ္တဒါနနှင့် စည်းစိမ်ကိုဟပ်၊ သီလနှင့်ရန်သူ ဒေါသကိုဟပ်၊ ဘာဝနာနှင့် သံသရာဝဋ်ကို ပြတ်အောင်ဖြတ်ပါ၊အထူး သတိပြု မှတ်ယူပါ။

## ပစ္စည်းဥစ္စာကို အကျိုးရှိရှိ သုံးစွဲတတ်ရန်

ပစ္စည်းဥစ္စာဆိုတာ ကောင်းစွာသုံးစွဲတတ်မှ အကျိုးရှိတယ်၊ မသုံးစွဲ တတ်လျှင် ဘေးကြီးတခုတဲ၊ ကောင်းစွာသုံးစွဲတတ်ရင် ယခုဘဝမှာလဲ

ချမ်းချမ်းသာသာ၊ နေမြဲမြဲနေထိုင်ရသည့်ပြင် နောင်ဘဝအတွက်တာလဲ နိဗ္ဗာန်မရခင် သံသရာတခွင်မှာ ကျင်လည်လေသမျှ ချမ်းချမ်းသာသာ သုခနှင့်ပြည့်စုံပြီး ပကတိသာဝကဆု၊ မဟာသာဝကဆု၊ အဂ္ဂသာဝကဆု၊ ပစ္စေကဗောဓိဆု၊ သမ္မာသမ္ဗောဓိဆုဆိုတဲ့ ဆုငါးမျိုးတို့တွင် မိမိကြိုက်နှစ်သက်ရာဘု တခုခုပင် ရင်းနှီးထူထောင်နိုင်တဲ့ အထုပ်အထည်ကြီး စင်စစ်ဖြစ်ပါပေ၏၊ အထူးအားထုတ်ယူပါ။

## သင်္ခါရအနိစ္စကိုသိမြင်၍ ကုသိုလ်အားထုတ်ရန်

ပစ္စည်းလည်း သင်္ခါရ၊လူလည်း အနိစ္စ စသော သဘောတရားများကို ဆင်ခြင်မိသော သူတို့မှာ မိမိစီးပွားချမ်းသာနှင့် ဘဝကူး ကောင်းရန် ဒါနသီလဘာဝနာတည်းဟူသော တမလွန်ဘဝကောင်းစားမှုကို ဆောင်ရွက်တတ်ပေသည်။ တကြိမ်တခါ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝဘူးလျှင် ထိုစည်းစိမ်ချမ်းသာကို စုံမက်နှစ်သက်သာယာနေလျှင် အခြေမှပြန်လျော့မသွားစေရန် တရားသောနည်းလမ်း၊ မတရားသောနည်းလမ်း နှစ်နည်းစလုံးကို သုံးတတ်သဖြင့် ပျက်စီးကြဘူး၍ များလှလေပြီ၊ သတိပြုပါ။

ပစ္စည်းဥစ္စာမည်သည် ပျက်လွယ်တတ်သောသဘောရှိ၍ ဥစ္စာဟူသည် မျက်လှည့်မျိုးဟု ဆိုရိုးရှိ၏၊သို့ဖြစ်၍ မိမိတို့ရှာဖွေရရှိသော ပစ္စည်းဥစ္စာကို တချို့ထား တချို့စား တချို့လှူ ထားသမျှ မသေခင် စားသမျှမစင် ပြုသမျှအပင်ဟု ပညာရှိတို့ သွန်သင်ဆုံးမကြ၏၊ မှတ်ပါ။

## တဏှာလောဘမြစ်ရေသည် မပြည့်နိုင်ပုံ

မှတ်ချက်။ ဆင်းရဲသူက ချမ်းသာလို၏၊ချမ်းသာသူကသူဌေးဖြစ်လို၏၊ သူဌေးကလည်း သူကြွယ်ဖြစ်လို၏၊ မည်သူမျှ အလိုဆန္ဒ ပြည့်ဝသည်ဟူ၍ မရှိပေ၊ ပကတိသော မြစ်ရေသည် ရံဖန်ရံခါ ပြည့်လျှံ သေးသော်လည်း တဏှာလောဘ ဟူသော မြစ်ရေမှာ ဘယ်အခါမှ ပြည့်ဝသည်မရှိချေ၊ အထူးသတိပြု မှတ်ပါ။

## မိတ်ဆွေရန်သူဖြစ်ပုံ

မှတ်ချက်။ ပတ်ဝန်းကျင်သည် ကြီးမားသော ရန်သူဖြစ်သကဲ့သို့ ထို့အတူ ကြီးမားသော မိတ်ဆွေလည်း ဖြစ်လေသည်။ ခား-လှံ-သေနတ် သေရက်ဆိုင် စသည်တို့သည် ရန်သူဂိုဏ်းဝင် ပတ်ဝန်းကျင်ဖြစ်၍ ကျောင်း ကန်ဘုရား တရားပွဲစသည်တို့သည် မိတ်ဆွေဂိုဏ်းဝင် ပတ်ဝန်းကျင်များ ဖြစ်ကြလေသည်၊ သတိပြုပါ။

## ဝါသနာဘာဂီဆက်တိုင်းမှီ

မှတ်ချက်။ ပင်္ဂိုသန္တေက ပါ၍လာသော ဝါသနာကို အစင်အကြွယ် ဖျောက်ဖျက်ပယ်ပစ်ရန် ခဲယဉ်းလှပေသည်၊ပြုပြင်မှုဖြင့် ပြုပြင်ဆဲအခါမှာ ခေတ္တခဏမျှ ပြောင်းလဲစေနိုင်သော်လဲ ပြုပြင်မှုကင်းသည်နှင့် တပြိုင်နက် မူရင်းသို့ ပြန်မြဲ ပြန်တတ်လေသည်။ ဥပမာ ခွေးမြီးကောက်ကို ကျည် တောက်ဖြင့် စွပ်ထားရာ စွပ်ခိုက်တွင် ခွေးမြီး ဖြောင့်သော်လည်း ကျည် တောက်ကျွတ်သည်နှင့် တပြိုင်နက် ကောက်မြဲ ကောက်ပြန်လေသကဲ့သို့ တည်း။

## အကြောင်းမှန်လျှင်အကျိုးမှန်

အကြောင်းမှန်ကိုလုပ်လျှင် အကျိုးမှန်ကိုရစမြဲဖြစ်၏၊ အကြင်သူသည် အကြောင်းတခုခုနှင့်ပတ်သက်၍ အလုပ်လုပ်ရာတွင် မိမိရည်ရွယ်သည့် အတိုင်းအကျိုးမှန်ကို မရရှိဘဲဖြစ်အံ့၊ ထိုသူသည် မိမိလုပ်သောအလုပ်၌ အကြောင်းရင်း မှုမမှန်သည်မှတပါး စဉ်းစားစရာ အချက်မရှိသည်ကို သတိပြုထိုက်ပေသည်၊ အကျိုးအပြစ်ကိုသိထိုက်သော ဗဟုသုတရရန် အရေးကြီး၏၊ ထိုဗဟုသုတတို့တွင်လည်း သစ္စာလေးပါးကို အကျိုး အကြောင်းတို့ဖြင့် ဝေဘန်နိုင်သော ဗဟုသုတကိုရဘို့ အရေးကြီးလှ ပေသည်၊ နှလုံးသွင်းပါ။

## လူမျိုးတရား့တပါးမှတ်သားရန်

တရား့တပါး လူမျိုးပြားသား မှတ်သားသစ်သစ် ခုနစ်မြန်မာ မွန်မှာ လေးထွေ၊ ရှမ်းရေသုံးဆယ် သချာသွယ်ပြ ခြောက်ဆယ်ကုလား သချာ ထားသည် ဖြစ်ပွားသုတ ဖြိုးဖြိုးတည်း၊ လူမျိုးတရား့တပါးတွင် တပါးစီ တပါးစီ၌ လူတိရစ္ဆာန် လူငရဲ လူပြိတ္တာ လူပရမတ္ထဟူ၍ လေးမျိုးခွဲလျှင် လူမျိုး လေးရာလေးပါးဖြစ်၏–ဟု ဒုလ္လဘသဂြိုဟ် ကျမ်းကဆိုရာ မိမိ ကိုယ်တိုင်ဘယ်အမျိုး အစားဖြစ်သည်ကို ဝေဘန်သိရှိ နားလည်နိုင်၏၊ အထူးမှတ်သား သတိထားပါ။

## တဦးမေတ္တာတဦးမှာ

သူ့ကိုချီးမြှောက် ကိုယ့်ဂုဏ်မြောက်၏ ယွင်းဖောက်မလို ဝန်မတိုနှင့် သူ့ကိုဂုဏ်နှိမ့် ကိုယ့်ဂုဏ်နိမ့်၏၊ စည်းစိမ်အရာ သူ့ချမ်းသာ၌ ဇာသာမပြု ဝမ်းမြောက်ရှုလော့၊ သူ့ကိုစောင့်မှ သူကကိုယ့်ကို ကြည်ညိုမေတ္တာ စောင့်နိုင်ရာ၏။

## သူယုတ်မာပြုပုံ

အကြွင်သူသည် အကြွင်သစ်ပင်၏အရိပ်၌ နေမှုလည်း နေဘူးအံ့၊ အိပ်မှုလည်းအိပ်ဘူး၏ စားမှုလည်းစားဘူး၏၊ ထိုသူသည်ထိုသစ်ပင်၏ အရိပ်အခက် အကိုင်းအခက်ကိုမချိုးပဲ့ မဖျက်ဆီးရာ အကယ်၍ ချိုးပဲ့ ဖျက်ဆီးအံ့၊ ထိုသူသည်အဆွေခင်ပွန်းပြစ်မှားသော သူယုတ်မာစာရင်းသို့ သွတ်သွင်းခြင်းခံရလေတော့သတည်း-ဟု မှတ်ပါ။

## အပ္ပမာဒတရားဓမ္မဒေသနာ

မမေ့မလျော့ခြင်း အပ္ပမာဒတရားကို သတိဟုဆို၏ ၎င်းသတိသည် လွန်စွာကျယ်ဝန်းသော အရာဌာနရှိသဖြင့် အလုံးစုံသောအမှုကိစ္စဟူသမျှ တို့သည် ၎င်းသတိ၌သာသက်ဝင် ဆိုက်ရောက်ကြရစမြဲ ဖြစ်လေသတည်း။ ဥပမာ-သာကောင်မျိုးစုံ၏ အလုံးစုံသောခြေရာဟူသမျှတို့သည် ဆင်၏ ခြေရာအတွင်းသို့သာ သက်ဝင်ကြရကုန်သကဲ့သို့တည်း။

## ကြီးမြတ်ခြင်းသုံးပါး

အမျိုးမြတ်ခြင်းသည် ဇာတိမဟတ္တမည်၏၊ ဘုန်းကံတန်ခိုးအာနုဘော် ကြီးခြင်းသည် ပုညမဟတ္တမည်၏၊ သီလ သမာဓိ ပညာကြီးခြင်းသည် ပြည့်စုံခြင်းသည် ဂုဏမဟတ္တမည်၏၊ ဤသည်ကား ကြီးမြတ်ခြင်းဟူသော မဟတ္တသုံးပါး၏ အဓိပ္ပါယ်ဖြစ်လေသတည်း။

## ကျွဲနှင့်မအိမ်ထောင်ရေး ရာသက်ပန်တည်မြဲရန်

(မှတ်ချက်) ယောကျ်ားအရွယ်ကြီးရင့်လာလျှင် အလိုက်သိမှု အလို သိမှုကို ကြိုက်တတ်လေသည်၊ လိမ်မာပါးနပ်သော ယောကျ်ားမိန်းမ တို့သည် တဦး၏အကြိုက် တဦးကလိုက်လျောကာ ဆက်ဆံပေါင်းသင်း ခြင်းအားဖြင့် အရွယ်လွန်ကြသည့် တိုင်အောင် အိမ်ထောင်ရေးကိစ္စ မယိမ်းမယိုင် မပြိုကွဲဘဲ ခိုင်မြဲတည်တံ့လေ့ရှိပေသည်၊ သူရောကိုယ်ပါ ဂရုစိုက်ပြုသင့်ကြ၏။

ဒါနလှူမျိုး စိုက်ချပျိုး ကောင်းကျိုးကိုလည်းပေးရမည်။

သီလစောင့်မျိုး စင်ကြယ်ပျိုး လားရိုးကိုလည်းရောက်ရမည်။

အာရုံစိတ်မှန်း ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းကိုလည်းပြုရမည်။

## ကလျာဏပုထုဇ္ဇန်ဖြစ်လျှင်နိဗ္ဗာန်မြင်

နိဗ္ဗာန်ကိုအလိုရှိသောသူသည် အန္ဓပုထုဇဉ်ဘဝမှ ကလျာဏပုထုဇဉ် ဘဝသို့ရောက်အောင် အနိစ္စဒုက္ခ အနတ္တတရားတို့ကို ယထာဘူတ ဉာဏ်ဖြင့် သိမြင်နိုင်ရပေမည်၊ ထိုအဆင့်သို့ရောက်မှသာလျှင် မိမိကိုယ်ကို

ငါတည်းဟူသော မာန်မာနအစွဲမှကျွတ်စေ၍ သတိသံဝေဂ ရကြပေလိမ့်မည်၊ ထိုယထာဘူတညာဏ်သာလျှင် နိဗ္ဗာန်ကူး ဆိပ်ဦးပေတည်း၊ အန္ဓပုထုဇဉ်သည် ဤနိဗ္ဗာန်ကူးဆိပ်ဦးသို့မရောက်နိုင် ကလျာဏပုထုဇဉ်သာလျှင် နိဗ္ဗာန်ကူးဆိပ်ဦးသို့ ရောက်ရာလမ်းကြောင်း၌ တည်ပေသည်၊ သို့ဖြစ်ရာ နိဗ္ဗာန်ရောက်လိုပါ၏ဟု ဆုတောင်းကြကုန်သော သူတို့သည် မိမိတို့ဘဝကို အန္ဓပုထုဇဉ်အဖြစ်ဖြင့် အဆုံးမသတ်ကြဘဲ ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်အောင် အမှန်တရားကို ရှာကြပြီး ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

## အိုနာသေဘေးကင်းလွတ်ရေး

အတိတ်ခန္ဓာကိုလည်း တွယ်တာနှစ်သက်တပ်မက်ခြင်းမပြုရာ ပစ္စုပ္ပန်ခန္ဓာ အနာဂတ်ခန္ဓာတို့ကိုလည်း တွယ်တာ နှစ်သက်တပ်မက်ခြင်းမပြုရာ ဤခန္ဓာသုံးပါးအပေါ် တွယ်တာ နှစ်သက် တပ်မက်ခြင်း ကင်းပါမူဘဝဆုံးလေတော့၏၊အိုနာသေရေး ဒုက္ခဘေးမှကင်းဝေးလေတော့၏မှတ်ပါ။

## တလောကလုံးအရှုံးပေးသွားရပုံ

မာန်မာနထောင်လွှားသောအခါ သေခြင်းတရားကို မေ့နေတတ်၏ တဖက်သားကို နှိပ်စက်ဖျက်ဆီးမှု၌ စိတ်ဝင်စားပြီး မိမိကိုယ်ကိုသာ အထင်ကြီးတတ်၏၊ အထင်ကြီးလေလေ အမှား များလေလေဖြစ်၏၊ (မှတ်ချက်) သေခြင်းတရားကို မြင်သောအခါ၌ မာန်မာနကျလိမ့်မည်၊ သေခြင်းတရားကိုမေ့နေစဉ်အခါ၌ ထောင်လွှားနေသော မာန်မာနသည် သင်္ခါရ တရားကိုလည်းမမြင်၊ အစအဆုံးမရှိသော သံသရာကိုလည်း မတွေးမိ ငါ့စကား ငါ့အလုပ်သာလျှင်ဟုတ်၏ဟု အထင်ကြီးတတ်၏၊ ထိုသူသည် သေသည့်အခါ၌ တလောကလုံးအရှုံးပေးသွားရ၏မှတ်ပါ။

## သူ့နှိပ်စက်လျှင်ကိုယ့်နှိပ်စက်မည့်မေ့ဒေသနာ

မိမိအားနှိပ်စက်ခဲ့သောသူကို မိမိကအလှည့်ကြုံသောအခါ ကလဲ့စားချေလိုသော စိတ်ကို မမွေးမြူရာ မိမိအား နှိပ်စက် ခဲ့သော သူ၏ အပြစ်သည် သူ၌သာရှိသည် ရှိပါစေ၊ သူ၏အပြစ်ကို အကြောင်းပြု၍ အသစ်အသစ်ဖြစ်သော အပြစ်တို့ကို မဖြစ်ပါစေနှင့် (မှတ်ချက်) သူသည် မိမိအား နှိပ်စက်ခဲ့သောကြောင့် မိမိကသူ့အားပြန်၍ နှိပ်စက်စရာမလို သူ၏မကောင်းမှုသည် သူ့ကိုတနေ့နေ့၌ ဖိစီးလိမ့်မည်၊ ထိုသို့သော ဖိစီးမှုကိုမိမိကဖန်တီးစရာမလိုပေ နှိပ်စက်တတ်သောသူသည် သူတပါး၏ နှိပ်စက်ခြင်းကို တနေ့နေ့၌ခံရလိမ့်မည် ကေန်မုချမလွဲ အသဲစွဲမှတ်ပါ။

ဇာနကာသယ ၄၈၈-၇၃

## သံသရာဝဲဩဃမှလွတ်မြောက်ထွက်ပုံ

ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမရာဂ ဗျာပါဒ-ဟူသော အောက်အဘို့ချည်နှောင်သည့် ဩရမ္ဘာဂီယသံယောဇဉ်ကြိုး ငါးသွယ်ကို ဖြတ်၍ ရူပရာဂ-အရူပရာဂ-မာန-ဥဒ္ဓစ္စ-အဝိဇ္ဇာ ဟူသော အထက်သို့ ချည်နှောင်သော၊ ဥဒ္ဓံဘာဂိယ သံယောဇဉ်ကြိုး ငါးသွယ်ကို စွန့်ပယ်၍ စွန့်ပယ်ပြီး ဇာခြွေငါးပါးကို ပွားများအားထုတ်၍ ငြိကပ်ခြင်း ကင်းပြတ်သူကို သံသရာဝဲဩဃမှ လွတ်မြောက် ထွက်မြောက်သောသူဟု ဆိုအပ်လေသည် မှတ်ပါ။

## အနိုင်ရခြင်းအောင်ရခြင်းတရားလေးပါး

၁။ အမျက်ထွက်သူကို ပြန်လှန် အမျက်မထွက် မေတ္တာ တရားဖြင့် အနိုင်ရရာ-အောင်ရရာ၏။

၂။ ယုတ်ယုတ်မာမာ ကျင့်သူကို ကောင်းစွာ ကျင့်ခြင်းဖြင့် အနိုင်ရရာ-အောင်ရရာ၏။

၃။ မပေးမကမ်း ဝန်တိုသူကို ပေးကမ်းစွန့်ကြဲခြင်းဖြင့် အနိုင်ရရာ အောင်ရရာ၏။

၄။ မဟုတ်မမှန် ပြောဆိုသောသူကို အဟုတ်အမှန် ပြောဆိုခြင်းဖြင့် အနိုင်ရရာ-အောင်ရရာ၏။

## အချည်းနှီးတရားခြောက်ပါး

၁-ညှို့မရှိသောလေး။ ၂-မိဘအိမ်၌နေသောလင်မယား။ ၃-တဘက်ကမ်း၌ရှိသော လှေ-သမ္ပန်-မော်တော်-သင်္ဘော။ ၄-ဝင်ရိုးကျိုးသော ယာဉ်ရထား-လှည်း။ ၅-အဝေး၌ရှိသော မိတ်ဆွေ။ ၆-အနီး၌ ရှိသော အဆွေခင်ပွန်းယုတ်။ ဤခြောက်ပါး တို့သည် အရေးကြုံ သော်လည်း အကျိုးစီးပွား မဖြစ်ထွန်းနိုင်ပေ။ အထူးမှတ်ပါ။

## လူ့ဘဝ၏ အမြတ်ဆုံး

မှတ်ချက်။ စားဝတ်နေရေးအတွက် ငွေလိုသည် ငွေရအောင် အလုပ်လုပ်ကြသဖြင့် အလုပ်လုပ်ရင်း ငွေရရင်း စားသောက်သုံးစွဲရင်းနှင့် နေ့ကို လစား လကိုနှစ်စား အချိန်ကုန်ခဲ့ရသည်။ဤနည်းဖြင့် လူကိုအချိန်ကစားလျက် တဘဝ ဆုံးရပြန်သည်၊ တဘဝ အဆုံးသတ်သောအခါ စားဝတ်နေရေးနှင့်သာ အချိန်ကစား၍ ဆုံးရသောသူအား ဘဝ၏အမြတ်သည် မရှိသလောက် နည်းပါးလှသည်။ ကုသိုလ်တရားသည် ဘဝ၏အမြတ် ဖြစ်ရာ အမြတ်ရှိအောင် ဆည်းပူးကြပါ၊ သတိပြုပါ။

## အကြောင်းရှိလျှင် အကျိုးရှိမည် ဓမ္မတာ

အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ ဖြစ်ပျက်သမျှတို့သည် အကျိုးတရားသာဖြစ်သည်။ ထိုအကျိုးတရား ဖြစ်ပေါ်လာခြင်း၌ အကြောင်းတရားများရှိသည်၊ ထိုအကြောင်းတရားများကို သိနိုင်သော ဉာဏ်သည် တန်ဘိုးမဖြတ်နိုင်ချေ။ မှတ်ချက်။ အကြောင်းတရားသည်အကျိုးတရားကိုဖြစ်စေ၏၊ အကြောင်းတရား တစုံတခုကိုသိမြင်နိုင်သောပညာရှိသည် ထိုအကြောင်းကြောင့် ဖြစ်မည့်၊အကျိုးတရားကိုလည်း သိမြင်နိုင်သော ပညာစွမ်းရှိပေလိမ့်မည်၊ အထူးနှလုံးသွင်းပြီး စဉ်းစားဆင်ခြင်ပါ။

## မိတ်ဆွေကောင်းပြုဘွယ်ဝတ္တရား

လူချင်းပေါင်းသင်းဆက်ဆံရာတွင် မိမိအကျိုးပြည့်ဝမှုကိုရရှိပြီးနောက် ဆက်ဆံရေးကိစ္စပြီးပြီဟု သဘောထားတတ်သော သူများရှိ၏၊ ထိုသူတို့သည် တကိုယ်ကောင်းစိတ်ထားသောသူများဖြစ်၍ မိတ်ဆွေကောင်း မဟုတ်ပေ-မမည်ပေ။ လူချင်းပေါင်းသင်း ဆက်ဆံရာတွင် မိမိအကျိုးပြည့်ဝမှုကိုသာ ကြည့်ရသည်မဟုတ်ပေ။ သူ၏အကျိုး ပြည့်ဝမှုကိုလည်း ထပ်တူထပ်မျှ ကူညီရ၏၊ အပြန်အလှန် အကျိုးပြုခြင်းသည် မိတ်ဆွေကောင်းတို့၏ ပြုဘွယ်ဝတ္တရားများ ဖြစ်ပေသည်။

## ခေတ်သဘာဝအတိုင်း အလိုမလိုက်

သဘာဝတရားနှင့်ကိုက်ညီလျှင် ဘာမဆိုအောင်မြင်နိုင်သည်၊သဘာဝ၏ အလိုကိုသိအောင် စူးစမ်းလေ့လာရေးသည် ပြုဘွယ်အလုပ်တို့၏မူလအားကြီးသော အဆင့်ဖြစ်သည်။ ဤအချက်ကို သတိပြု၍ ဆောင်ရွက်လုပ်ကိုင်ပါ၊ ခေတ်သဘာဝကို အခါခပ်သိမ်း သတိပြုပါ။ ခေတ်ဆိုသည်မှာ သတ္တဝါတို့၏ သဘောကို မလိုက်ဘဲ သူ့သဘာဝအတိုင်း ဖြစ်ပျက်သော သဘောကို ဆိုသည်၊ သူ့ကိုမည်သူမျှ မဆန့်ကျင်နိုင်ချေ၊ သူ့သဘောကိုလိုက်၍ လိုရာဖန်တီး စီမံရာသည်။

## စိတ်မမြဲပုံ သတိသံဝေဂရရန်

အကောင်းဖြစ်လျှင်သော်၎င်း၊အဆိုးဖြစ်လျှင်သော်၎င်း ဝမ်းသာခြင်း၊ ဝမ်းနဲခြင်းများ ဖြစ်ကြလေရာ ထိုဝမ်းသာ ဝမ်းနဲစိတ်ပင်လျှင် အမြဲမရှိသည်ကို သတိပြု၍ တရားဓမ္မ သံဝေဂ ရသင့်ပေသည်။ (မှတ်ချက်) လူ့လောကဘုံတခွင်တွင်းမှာ မြင့်ချီ နိမ့်ချီ တွေ့ကြုံဆုံကွဲရမှာ ဓမ္မတာပင် ဖြစ်သဖြင့် သင်္ခါရဘဲ အနိစ္စဘဲဆိုလို့ နှလုံးမသွင်းနိုင်ကြသဖြင့် မလိုလားအပ်

သော ဒုက္ခဆင်းရဲ သဘာဝများကို ပွားများလာတတ်သော တရားရှိကြပေသတည်း။ အသဲနှလုံးစွဲအောင် မှတ်ပါတော့။

## အရိယာလေးပါးရှိပုံ

၁-အာစာရအရိယာ။ ၂-ဒဿနအရိယာ။ ၃-လိင်္ဂအရိယာ။ ၄-ပဋိဝေဓအရိယာ ထိုလေးပါးတို့တွင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အရိယာအကျင့်၌ တည်သောသူသည် အာစာရအရိယာ မည်၏၊ ဣရိယာပုထ်လေးပါးလုံး၌ ကြည်ညိုဘွယ် ရှိသော အဆင်းနှင့် ကြည်ညိုဘွယ် ကြည့်ရှုခြင်းနှင့်ပြည့်စုံသောသူသည် ဒဿနအရိယာမည်၏၊ အရိယာ ပုဂ္ဂိုလ်၏ဝတ်ပုံရုံပုံအစရှိသော အသွင်အပြင်ကိုယူသဖြင့် ရဟန်းသဏ္ဍာန်နှင့်တူသည်ဖြစ်၍ ဆောင်ခြင်းငှါ၊ သီလမရှိ ဒုဿီလဖြစ်သော်လည်း လိင်္ဂအရိယာမည်၏၊ဘုရားပစ္စေက အစရှိသည်တို့ကား ပဋိဝေဓအရိယာမည်၏ဟုမှတ်အပ်၏။ တိကနိပါတ် တိလမုဋ္ဌိဇာတ်၌ ဟောတော်မူ၏။

## ဇာတိဇရာဗျာဓိမရဏဘေးကိုဆင်ခြင်ရန်

ဇာတိဘေးကို ပဋိသန္ဓေနေသောအခါ ဆင်းရဲဒုက္ခရောက်ပုံ ကောင်းစွာထင်မြင်လာလိမ့်မည်၊ အိုဘေးကို အိုမင်းမစွမ်း ဖြစ်လာသောအခါ ကောင်းစွာ သဘောပေါက်လာလိမ့်မည်၊ နာဘေးကို မမာမကျန်းဖြစ်လာသောအခါ ကောင်းစွာ နားလည် လာလိမ့်မည်၊ သေဘေးကို သေအံ့ဆဲဆဲတွင် ကောင်းစွာ သိမြင်လာလိမ့်မည်၊ ဧင်းတရားတို့ကို မည်သူမျှမရှောင်တိမ်းနိုင်ပေ မလွတ်နိုင်ပေ။ မှတ်ချက်-ပဋိသန္ဓေနေရသောကြောင့် အိုခြင်း နာခြင်း သေခြင်းတရားတို့ကို တွေ့မြင်ရသည်၊ ဘဝဟူသည် ဤအတိုင်းပင်ဖြစ်သည် ဤသည်တို့သည် ဒုက္ခဆင်းရဲချည်းဖြစ်ချေသည်၊ ဧင်းဘဝထိုဘဝမှာ သာယာနှစ်သက်နေလျှင် ဤဆင်းရဲဒုက္ခတို့ကိုခံစားရလိမ့်မည်၊ မုချဖြစ်သည်ကို သတိရတိုင်း-သတိရတိုင်း စဉ်းစားဆင်ခြင်သင့်သည်၊ မမေ့ပါနှင့်။

## သမာဓိရှိသောသူကိုယုံကြည်စိတ်ချရန်

မှန်ကန်သောစိတ်သည် သမာဓိရှိသောစိတ်ဖြစ်၏ ဤစိတ်မျိုး၌ ဝိသမညီမညွတ်သော လောဘ-ဒေါသ-မောဟ မရှိချေ၊ ဤစိတ်မျိုးရှိသောသူကိုသာ ယုံကြည်စိတ်ချစွာ ပေါင်းသင်း ဆက်ဆံသင့်၏၊ အကြောင်းအကျိုးမျှတနိုင်၏၊ သမာဓိစိတ်လွတ်နေသောသူသည် အကျိုးအကြောင်းဆင်ခြင်တိုင်းထွာနိုင်မည်မဟုတ်သောကြောင့် ပြောသမျှ လုပ်သမျှတို့၌

အမှားမှားအယွင်းယွင်း ဖြစ်တတ်၏၊ မိမိရောပတ်ဝန်းကျင်ပါ ပျက်စီးတတ်သည်ကို အထူးသတိပြုပါ။

**ကာလသုံးပါးကိုဆင်ခြင်ရန်**

အတိတ် ကာလသည် မည်မျှ ရှည်လျားသည်ကို မခန့်မှန်းနိုင်ချေ၊ ပစ္စုပ္ပန်ကာလသည် ယခုအချိန်မျှသာဖြစ်၍ အလွန်တရာတိုတောင်း၏ အနာဂတ် ကာလသည် မည်မျှ ရှည်လျားသည်ကို မခန့်မှန်း နိုင်ချေ၊ ဤကာလသုံးပါးကို သတိပြုသင့်၏။ မှတ်ချက်–ယခုပြုလုပ်သောကောင်းမှု မကောင်းမှု၏ အကျိုးကို ယခုပင် ခံစားရမည်ဖြစ်သည်၊ ယခုအချိန်ကို လွန်မြောက်၍ အတိတ်၏ကောင်းမှု မကောင်းမှုအဖြစ်သို့ ရောက်သော အခါ၌လည်း ခံစားရ၏၊ ထို့ကြောင့်ယခုပစ္စုပ္ပန်ထို့အတူ သတိကြပ်ကြပ် ပြုပါ။

**တရားအလင်းရောင်ရမှအမှန်အကန်ကိုသိမြင်နိုင်မည်**

တရားတည်းဟူသော အလင်းရောင်ကို မရသမျှ ကာလ ပတ်လုံး ဤသံသရာအမှောင်ကြီးထဲမှ ထွက်ပေါက်ကို သိမြင်နိုင်မည်မဟုတ်ပေ၊ ထိုသူတို့ကို သူတော်ကောင်းတို့၏အမြင် သနားစရာ ကောင်းသော သူတို့ပင်ဖြစ်သည်။ မှတ်ချက်–တရားဓမ္မဒေသနာကို စာသိရုံနှင့် အလင်း ရောင်ရပြီမဆိုနိုင်သေးချေ၊ တကယ်သိပြီးတရားစိတ်ဝင်စားနိုင်မှသာလျှင် အလင်းရောင်ရသည်ကိုဆိုရမည်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် သံသရာ အမှောင်ကြီးထဲ၌ အမှားအမှန်ကို သိမြင်နိုင်ကြလိမ့်မည်၊ အထူးသတိပြု၍ အားထုတ်တော်မူကြပါ။

**တနည်းကဆုန်ညောင်ရေသွန်းကဗျာ**

၁။ ဒီပင်္ကရာ ထံတော်ပါးမှာ၊ ကြည်လင်သစ္စာ မှန်းနေ်ပွားကာ၊ မမှားပြုတာ ဘုရားဆုပါ၊ ကဆုန်လ ပုဏ္ဏဒိဝသာ။

၂။ မယ်တော်မာယာ ထင်လင်းလေတာ၊ နယ်ကျော်တပါး အင်ကြင်းဟေမာ၊ များတွင်ကြေငြာ ဖွားမြင်လေကာ၊ကဆုန်လ ပုဏ္ဏဒိဝသာ။

၃။ ဗောဓိညောင်မင်း ပင်ရင်းအောက်မှာ၊ လောကီ မှောင်ခွင်း ထင်လင်းတောက်တာ၊ မမှားအစစ် ဘုရားဖြစ်တာ၊ ကဆုန်လ ပုဏ္ဏ ဒိဝသာ။

၄။ ဘုန်းဂုဏ်လင်းငြား ဘုရားဘဂဝါ၊ သုံးဘုံတွင်းသား သနား မညှာ၊ နိဗ္ဗာန်နန်းသာ မိဋ္ဌာန်မြန်းတာ၊ ကဆုန်လ ပုဏ္ဏဒိဝသာ။

၅။ ပြည်တော်အမတ ဘေးမှသွေကွာ၊ ရည်မျှော်ကာသ အေးမြ စေရာ၊ အောင်စေညွှန်းကာ ညောင်ရေသွန်းပါ၊ ကဆုန်လ ပုဏ္ဏဒိဝသာ။

မှတ်ချက်-ကဆုန်လပြည့်နေ့ကို ဘုရားနေ့ဟုခေါ်ဆိုရ၏၊ ၎င်းဘုရား နေ့တွင် ဘုရားအလုပ်ကိုလုပ်ရန် မမေ့မလျော့သင့်ပေ၊ ဘုရားအလုပ် ဆိုသည်မှာ အခြားမဟုတ် ဘုရားကိုယ်တိုင် ဟောကြား ဆုံးမတော် မူချက်အရ အဓမ္မအမှုတို့ကိုရှောင်ရှား၍ ဓမ္မအမှုတို့ကိုပွားများ ကျင့်သုံး ခြင်းပင်ဖြစ်လေသည်။

## အတူးဆုံးကဆုန်လတပါး

အမှန်အားဖြင့်လျှင်ကား- ညောင်ရေသွန်းပွဲတော် ဆင်နွှဲရရုံမျှသာ မဟုတ်သေး၊ ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးဆုံးလတပါးလည်းဖြစ် လေသည်၊ ထူးဟန်မှာကား-၁-မြတ်စွာဘုရားရှင်လက်ထက် ကဆုန်လ၌ နိယတဗျာဒိတ်ခံခြင်း။ ၂-မဟာသက္ကရာဇ် ၆၈-ခုကဆုန်လတွင် မြတ်စွာ ဘုရားအလောင်းတော်ကို ဖွားမြင်တော်မူခြင်း။ ၃-မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လတွင် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော် မူခြင်း။ ၄-မဟာသက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လတွင် ပရိနိဗ္ဗာန်စံ ပြုတော်မူခြင်း။ ၅-ကြွင်းကျန်သော ဓာတ်တော်များသာသနာ ၅၀၀၀ ပြည့်ကဆုန်လတွင် ဓာတုပရိနိဗ္ဗာန်စံဝင်မည် ဖြစ်ခြင်းစသော ဝိသေသ အခါကြီးများနှင့် ကြုံကြိုက်ရုံသာမက ဗုဒ္ဓဝင်တရားဟောရာ တေဇော ဓာတ်လောင်ရာ ကမ္ဘာအစ မဟာသမတမင်းမှစ၍ရာဇာဘိသိက်ခံယူရာ စသောအခါများနှင့်လည်း တိုက်ဆိုင်လေသည်မှတ်ပါ။

## အခါတော် ၉-ပါးနေ့ ဓမ္မဒေသနာ

၁-မယ်တော်မာယာ ဝမ်းကြာတိုက်၌ ကိန်းအောင်းသန္ဓေနေတော် မူသည်မှာ ဝါဆိုလပြည့်နေ့ဖြစ်ခြင်း။ ၂-ဥယျာဉ်တော်၌ စမ္မာယ်တော် မူစဉ် နတ်ဝတ်တန်ဆာ ဆင်မြန်းတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ ဖြစ်ခြင်း။ ၃-ဝမ်းကွဲနှမ ကိသဂေါတမီအား ကျေးဇူး ဆပ်လိုသဖြင့် အသပြာတသိန်းလည်ဆွဲကိုစွန့်ကြဲတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ ဖြစ်ခြင်း။ ၄-နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ ထီးနန်းစည်းစိမ်စွန့်ခွါ တောထွက်တော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်ခြင်း။ ၅-ထီးနန်း စည်းစိမ်ကို စွန့်ထွက်တော်မူရာတွင် မာရ်နတ်မင်းက တားဆီးသည်ကို ပယ်ရှားတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်ခြင်း။ ၆-သဗ္ဗညုတ ရွှေဉာဏ်ရ၍ ကျွတ်တမ်းဝင်မည့်ပုဂ္ဂိုလ်တို့အား ဗောဓိဘက္ခုခေါ်တော်

မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်ခြင်း။ ၇-သာဝတ္ထိပြည် သရက်ဖြူ ပင်ရင်း၌ တိတ္ထိတို့အား ရေအစုံ မီးအစုံ တန်ခိုးပြာဋိဟာကို ပြတော် မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်ခြင်း။ ၈-မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ငါးဦးကို တရားဦးဓမ္မစကြာ ဟောမြွက်တော် မူသည်မှာလည်း ဝါဆို လပြည့်နေ့ဖြစ်ခြင်း။ ၉-သန္တုသိတာ မယ်တော်မိ နတ်သားအား မွေးကျွေး ကျေးဇူးတုံ့ ဆပ်ပြန်တော်မူရာ အဘိဓမ္မာ ဒေသနာကို ဟောကြားတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်ခြင်း စသည်တို့ပင် ဖြစ်လေသတည်း၊ အထူးနှလုံးသွင်း၍ မှတ်တော်မူပါ။

## အကျိုးစီးပွားကျင့်ပုံ ဓမ္မဒေသနာ

ဘယ်လိုအကျိုးစီးပွားကျင့်သနည်း-ဒီပင်္ကရာမြတ်စွာဘုရား ခြေတော် ရင်း၌ အလျားမှောက်လျက် မနုဿတ္တံ-စသော ရှစ်ပါးသော ဆုတို့ကို ပေါင်း၍ ဗုဒ္ဓတ္တာယ-ဆိုတဲ့ ဘုရားဖြစ်ခြင်း အကျိုးငှာ ဧရး်ရှုဆုတောင်း တော်မူခြင်းသည်လည်း လူနတ်ပြဟ္မာသတ္တဝါတို့ အကျိုးစီးပွားကျင့်ခြင်း မည်၏၊ဒါနပါရမီ၊ သီလပါရမီ၊နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊သစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ ဟု ဆိုအပ်သော ပါရမီဆယ်ပါးတို့ကို လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ကျင့်တော် မူခြင်းသည်လည်း သတ္တဝါတို့ အကျိုး စီးပွားကို ကြည့်ခြင်းမည်၏။ ခန္တိဝါဒီရသေ့ ဖြစ်သောအခါ စူဠဓမ္မပါလ မင်းသား သတ္တိသားဖြစ်သောအခါ၊ ဆဒ္ဒန္တနာဂဆင်မင်း ဖြစ်တဲ့အခါ၊ ဘူရိဒတ္တနဂါးမင်း ဖြစ်တဲ့ခါ၊စမ္ပေယျနဂါးမင်း ဖြစ်တဲ့အခါ၊ သင်္ခပါလ နဂါးမင်း ဖြစ်တဲ့အခါ၊ မဟာကပိလမျောက်မင်း ဖြစ်တဲ့အခါ၊ ပြုနိုင်ခဲ ခက်ခဲသော အကျင့်တို့ကို ပြုကျင့်တော်မူခြင်း သည်လည်း သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ ဝေဿန္တရာမင်းကြီးအဖြစ်၌ ခုနစ်ရက် ခုနစ်လီ ကြီးစွာသော မဟာဒါနကို စွန့်လှူ၍ ခုနစ်ဌာနအရပ်တို့၌ မဟာ ပထဝီမြေကြီးကို တုန်လှုပ်စေ၍ သဗ္ဗညုတရွှေဉာဏ်တည်းဟူသော ပါရမီ အတွင်းအထိပ်ကို ယူတော်မူခြင်းသည်လည်း သတ္တဝါတို့ အစီးအပွားကို ကျင့်ခြင်းမည်၏၊ဝေဿန္တရာမင်းကြီးဘဝမှ အခြားမဲ့ တုသိတာနတ်ပြည်၌ အသက်တမ်းရှိသမျှကာလပတ်လုံးနေတော်မူခြင်းသည်လည်း သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်သည်မည်၏၊ ထိုတုသိတာနတ်ပြည်၌ နိမိတ်ငါးပါး တို့ကို မြင်တော်မူ၍ တသောင်းသော စကြဝဠာ၌ နေသော နတ်တို့ တောင်းပန်အပ်သည်ဖြစ်၍ ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်ပြီး၍ နတ်

တို့ကို ချီးမြှောက်ခြင်းငှာ ဝန်ခံခြင်း ပဋိညာဉ်ကိုပေး၍ တုသိတာ နတ်ပြည်မှ စုတေ့ရွှေလျှော၍ မယ်တော်မာယာ အမိဝမ်း၌ ပဋိသန္ဓေကို ယူတော်မူခြင်းသည်လည်း သတ္တဝါတို့အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ ဆယ်လပတ်လုံး အမိဝမ်း၌ ပဋိသန္ဓေနေ၍ လုမ္ဗိနီဥယျာဉ်တော၌ အမိဝမ်းမှထွက်တော်မူခြင်း, ဖွားတော်မူခြင်းသည်လည်း သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ နှစ်ဆယ့်ကိုးနှစ်ပတ်လုံး ထီးနန်းစည်းစိမ်တို့ကို ခံစားအုပ်စိုး၍ မြတ်သော တောထွက်ခြင်းကို ထွက်တော်မူ ခြင်းသည်လည်း သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ အနောမနဒီမြစ်ကမ်း၌ ရှင်ရဟန်းပြုခြင်းသည်လည်း သတ္တဝါတို့အကျိုးစီးပွားကို ကျင့်ခြင်း မည်၏၊ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ခဲရင်း ခက်ခဲသော ကမ္မဋ္ဌာန်းပဓာနအကျင့်ဖြင့် မိမိကိုယ်ကိုပင်ပန်းစေ၍ ဘုရားပွင့်ရာ ဗောဓိပလ္လင်သို့ တက်၍ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိမြင်ခြင်းသည်လည်း သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ ခုနစ်ရက်ပတ်လုံး ဗောဓိမဏ္ဍိုင်၌ တရားသဖြင့် မျှတ၍ နေတော်မူခြင်းသည်လည်း သတ္တဝါတို့ အကျိုးစီးပွားကိုကျင့်ခြင်းမည်၏၊ဣသိပတနအမည်ရှိသော မိဂဒါဝုန်တောသို့ ရှေးရှုကြွသွားတော်မူ၍ အတုမရှိသော ဓမ္မစကြာ ဒေသနာတရားတော်မြတ်ကြီးကို ဟောတော်မူခြင်းသည်လည်း သတ္တဝါတို့အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ ရေအစုံစုံ မီးအစုံစုံ တန်ခိုး ပြာဋိဟာကို ပြုတော်မူခြင်း, ပြတော်မူခြင်းသည်လည်း သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ နှစ်လှမ်းနှင့်သုံးဘဝါး နတ်ပြည်သို့တက်ခြင်း, သင်္ကဿနဂိုရ်သို့ဆင်းတော်မူခြင်း, ကြွတော်မူခြင်းသည်လည်း သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ ဘုရားဖြစ်၍ လေးဆယ့်ငါးဝါ ကာလတို့ပတ်လုံး သတ္တဝါတို့ကို တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး၍ တည်နေတော်မူခြင်းသည်လည်း သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ အာယုသင်္ခါရ အသက် အပိုင်းအခြားကို စွန့်တော်မူခြင်း, ခွင့်ပြုတော်မူခြင်းသည်လည်း သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ အင်ကြင်းပင်ပျိုအစုံတို့၏ အကြားအတွင်း၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းသည်လည်း သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်ခြင်းမည်၏၊ အကြင်မျှလောက် ကာလပတ်လုံး မုံညင်းစေ့ မျှလောက်ရှိသော ဓာတ်တော်တို့သည်လည်း ထင်ထင်ရှားရှား ရှိကုန်သေး၏။ ထိုမျှလောက်သောကာလ

ပတ်လုံး သတ္တဝါတို့ အကျိုးစီးပွားကို ကျင့်ခြင်းမည်၏။ (မှတ်ချက်) ဤ သည်ကား သုတ်မဟာဝါ အဋ္ဌကထာ, ဂေါဝိန္ဒသုတ်၌လာသော စကား ပေတည်း။

## ဆရာတော်ဘုရားကြီးအတွက် ရတက်အဟုန် ပူမီးကဗျာ

၁။ မဖွယ်မကြည်ရှာ လူ့ပြည်တလွှားမှာလ၊ အသွယ်သွယ် အလီလီ မသဒ္ဒိစရာ အမှုရှည်မပြတ် ဗျာပါနေဘ်ပွားရန်ဘို့၊ နွယ်အတည် အရိယာ သမုတိ ထေရ်မဟာဆရာတော်ဘုရားရယ်က၊ ဆွယ်လှည့်ကာ တုသိတာ ပြည် နတ်ဌာနီသို့ ကြွကာသွားသော်ကြောင့်၊ အနယ်နယ်ဆီမှာ ယခုရှိ တပည့်ဒါယကာ ဒါယိကာမများမှာလ ဩော်-အထုပရိဒေဝါ တရား ရယ်နှင့် အပူမီးစ မသက်သာ တမုဟုတ်ကြွလို့စွဲကာလောင်၊ ဆရာတော် ဘုရားကြီးရယ်၊အတုမရှိ ဘဂဝါဘုရား၏ လူ့ပြည်သာသနာ မစည်ကား မှာကြောင့် တကြုံကြုံငြိုးတကြွလို ရတက်ဖြာ ရှုပ်သပ ဒုက္ခပွေနှောင်- ဒုက္ခပွေနှောင်။

၂။ အရဟန္တ ဘဂဝါတဆူ၏ မွေစက် သာသနာ နေရောင်ခြည် တောက်ခါမြူးစေဘို့၊ ဂန္ထန္တရပါရဂူထက်မြက်အာဇာနည် မဟာထေရ် ပါမောက္ခဆရာ အမူးရယ်က ဩော်-ပဌာန်းဒေသနာ ရွှေစာကိုလေ အဆန်းဆန်း ဝေဝေဆာဆာနှင့် အခက်းခက်းတွေမှာ မွှေကာနှောက် ကာ နှုးကာမှုတည်လျက်၊ လမ်းမှန်လေစွာ တလူလူ အခက်အလက် ဖြာရှည်ထွက်ခါ အညွန့်အညှောက်တွေ လွင့်ကာသာ ပေါက်ပါစေ ဦးတော့ရယ်လို့၊ ကျမ်းမွေကွန္တာတွေ အဖြာဖြာအဆူဆူ အဆက်ဆက် သာသနာတည်အောင် မပျက်မကွက် စာဝါအလီလီ အခေါက်ခေါက် အခါခါ ကျူးသော်ကြောင့် ဩော်-ထက်အောက် ဒေသာသိသာအဖူး သမဏတို့ရယ်က အထူးပဦးချလျက် ခူးကြဆွတ်ကြ အလျှံနေပမာ ဉာဏ် ပဒေသာ တလူလူဖြာ ဝေဆာအခေါင်၊အိုကွယ်-တလက်လက်မဖောက် တေဇာဟိတ်နာမာနေဘ် ထူးကာကြွပါတဲ့ အမျက်ဓားမောက် ကျောက် ထေရ်ရတနာ ကဝေမဟာထိပ် ဆရာတော်အထူးဘုရားကိုလ၊ ကြည်နူး သဒ္ဓါဗလဝတွေနှင့် ဖူးမဝ ညွှတ်ခသပ မြန်ပြည်မှာ အပြန်အလှန်တွေး ကာ သူငါတွေပါမရှောင်-သူငါတွေပါမရှောင်။

၃။ အမှန်တည်ကြည်ပါသနေဘ်၊ မဟာဝသိစာဂါ အကျင့်ဘာဝနာ တရားရယ်နှင့်၊ ကံတရထည် အကျော်အမော် အကြီအလီလီ မဟော်

ပါရမီ သမ္ဘာရင့်ကာ ထွားပါတဲ့ မဟာထေရ်ဆရာတော် မဟာမိရာ အရှင် မိသမာအများမှာလ၊ ဩော်-ချင့်သိစရာ ပမာထားလိုက်ပါတော့ မသွေမြင့်မိုရ်တောင်၊အိုကွယ်-တဝေဝေလင်းဖြာ အလိုလို အရောင်အဝါ တွေ ထွန်းပါတဲ့ နေသူရိန် အသွင်အလားအလာ ကျောင်းဒါယကာ-ဒါယိကာမများရယ် သေမင်းသတ္တဝါ ဟိုအကောင်လာ၍ မွှန်းရှာပါ ပေါ့ဗျာ၊ဝေဘူစိန် အရှင်တပါး-တပါး။

၄။ ဗျာပါကြီးစွာ ကမ္ဘာမီးဖြာကာလောင်လို့ သာသနာရောင်မှေး လာဘို့ အခိုက်ပေထင့်၊ ပါဝါမပြောင် ကလေးသမဏာတသိုက်ရယ်နှင့် ရှိသမျှမြန်ဇမ္ဗူ လူ့ဒေသဘောင်မှာလေ၊အမိကရအလျှံပူမှုပွေဖြာအောင် မိဘာဟန်တမူ၊ ဓမ္မိကသမဏံတဆူ ထေရ်မဟာခေါင် ပစ်ခွါလိုက်သော် ကြောင့် ဩော်-ခါတ်အမိုက်မှောင် အဝိဇ္ဇာဝိတ်ကာဖုံးရှာတဲ့ ကပ်ဆိုက် လာသယောင် ထိတ်စရာသိဿာအားလုံးတို့မှာလ သဗ္ဗေသင်္ခါရာအနိစ္စာ အမြတ်ဓမ္မေယာဉ် လက္ခဏာကို မပြတ်မကွေမကွာ ထင်လျက်လာအောင် စိတ်မှာလဲ နှလုံးသွင်း နိုင်တော့ဘူးကွဲ့၊ ဒါယကာ-ဒါယိကာမများရဲ့ အမယ်မင်း ယူကြုံးသံတိ အလျင်းမရ၊ အပူလုံးတွေမချိ အတင်းထကာ ကာယေ အတွင်းအပြင်မှာ အထူးပရိဒေဝါပွားလိုက်ပါဘိ၊ဩော်-တဆူ နှုံးရှိခင်းပြ၊ တလူလူဘုန်းပြည့်ဝင်းကြတဲ့ မဟာနေမင်းအရှင်ဟာ အထွက် မာတောင်သို့ ကူးလှည့်သွေခွါကာ သွားတာကြောင့် အများတပည့် သမဏတွေမှာလေ၊တရားအဘိဓမ္မာ ရေအယဉ်နှင့်လဲ ဝေးပါလို့၊ ဘုရား ဇိနဘဂဝါ ပရမေအရှင်မှာ မမှားသည့် ပရိနိဗ္ဗာန်ပြေ ဝင်ရှာတဲ့အရေး လိုပ၊ ဩော်-မအေးစရာ ဘေးဘယာ ဖန်လာပုံဟာ လမ်းကစော၊ အရသာထားလိုက်ကြပေတော့ ဒါယကာ-ဒါယိကာမများရယ်၊ တဖြေး ဖြေးတစတစနှင့် မှေးကြဘို့ ကံကြမ္မာကြိုကာ အနွှောတမ ပွေဖြာပွားကြ ပေလိမ့်၊ ဩော်-တွေးတွေးဆဆနှင့် အရေးမလှ မြန်မာရဂုံမှာ အကြီ ညာဏ်တွေကလဲ လျှော့ကာပါးကြလိမ့်မည်မို့ ဒါယကာ-ဒါယိကာမများ ရယ် ပဂေးဆရာဘုရား၊ ဝေးကွာကြတာကြောင့် ကလေးခမျာတမျှ သူသူ ငါငါအကုန်မှာ အပူဗျာဟုန်ကာအမှန်သဘောကိုလဲ မတွေးမဆ နိုင်ကြ တော့ဘူးကွဲ့၊ ဒါယကာ-ဒါယိကာမ များရယ် အမယ်မင်း အပြန်ပြန် လော့ကာ အဖန်ဖန်မအေးပါ အခါခါတလျက်၊ အိုကွယ်-မမှန်သဘော သံကောတွေဟာ အတန်တန် တွေးဖြာခါ ဆွေးကြရပါပြီတကား-ဆွေး ကြရပါပြီတကား-တကား။

တထေဝ တွံ သဗ္ဗဘဝေ၊ ပဿ အဒ္ဒ၊ ဃရံ ဝိယ။
နေက္ခမ္မာဘိမုခေါ ဟောဟိ၊ ဘဝတော ပရိမုတ္တိယာ။

သောဘန္တေ၊များလှသောင်းသောင်း အိုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ တထေဝ-တထာဝေ၊ မစင်အတိ ဘင်အပြည့်နှင့် လောကိဝဋ်နှောင် ထောင်အိမ်ခြေကျင်း သေစာရင်းတို့မှ ကွေကွင်း ခြင်းငှာ အလိုရှိကြသကဲ့သို့။ တွံ၊ သင်သူတော်ကောင်းသည်။ တုမှေ၊ ပရိသတ်များစွာ တရားနာဟုဆိုအပ်သော သင်သူတော်ကောင်းတို့သည်။ သဗ္ဗဘဝေ၊ကာမရူပ အရူပဟု လောကဝဋ်နှောင် မီးရောင်ထိန်ညီး နှောင် အိမ်ကြီးတို့ကို။အဒ္ဒ၊ဃရံဝိယ၊ကြော့ခါရစ်ခါ အပြစ်ရှာ၍ နစ်နာခုတ်လှီး တကယ့် နှောင်အိမ်ကြီးကဲ့သို့ သာလျှင်။ ပဿ၊ ရှုလိုက်ပါလေလော့။ ပဿထ၊ရုပ်သား နာမ်သားညှက်ရောင်ပွားလို့မို့ ခြားနားအောင် ရှုကြည့် ကြပါကုန်လော့။ဘဝတော၊ငိုဟဲ့-ရယ်ဟဲ့ ပူအုံးဟဲ့နှင့် တကယ့်နှောင်အိမ် ရောင်ရှိန်ထိန်ညီး မီးပုံကြီးဖြစ်တဲ့ ဘဝသုံးဖြာ ဘုံသုံးရွာအတွင်းဆီမှ။ ပရိမုတ္တိယာ၊ အကျွတ်ကြီးကျွတ်ကြ အလွတ်ကြီးလွတ်ကြစေရန် အကျိုးငှာ။ နေက္ခမ္မာဘိမုခေါ၊ငါဟဲ့ယောက်ျား ငါဟဲ့မိန်းမ ရဲဟန်အားဖြင့် ခုန်လွှား ထွက်မြောက်၍ တက်ခေါက် ရှေးရှုနိုင်ခြင်းသည်။ ဟောဟိ၊ ဖြစ်ကြပါ လေလော့။ ဟောထ၊ အချစ်ရော အခင်ရော အထင်အမြင် မစောကြလေနှင့် စုံတောမြိုင်လယ် ကပ်ခါမှီးကြရန် ကာမနယ်ပယ် ရပ်ရွာနှင့် မနီးကြ ရအောင် တထပ်စာမှီးပြီး စိတ်ပုတီးနှင့်သာ ထွက်ကြရကုန်သတည်း။

## ကုန်သည်နှင့်ဘီးလူးမဇာတ်လမ်းဝတ္ထုတရားတော်ကြီး

အာဟာရဒုက္ခံ ဇာနာတိ အာဟာရသမုဒယံ ဇာနာတိ-ဟု ဘုရားရှင် ဟောကြားခဲ့သော တရားတော်သည် ထင်းကနဲ ဝင်းကနဲပေါ်လာသည်၊ ဘုရားရှင်ကသတ္တဝါတို့ နေ့စဉ်နေ့တိုင်း မျက်စိနှစ်လုံး ပွင့်ကတည်းက တလှုပ်လှုပ်တရွရွနှင့် သွားလာရှာဖွေနေသည်မှာဒုက္ခဆင်းရဲကြီးကျယ်ပါ တကား ယင်းသို့ရှာဖွေရခြင်းမှာလည်း တဏှာသမုဒယ တို့ကြောင့်ပါ တကား ဤသို့မြင်အောင်ရှုကြဟု ဟောကြားခဲ့ပေသည်။

မှန်ပါပေသည်၊ နေ့စဉ်နေ့တိုင်း စားဝတ် နေထိုင် နိုင်ရေးအတွက် ရှာဖွေနေရသည်မှာ ခန္ဓာကိုယ်ကြီးကို ကျွေးမွေး သုတ်သင် ရန်သာ ဖြစ်သည်၊ ထို့ကြောင့် ခန္ဓာငါးပါးကိုတကယ်မြင်လျှင် တကယ်ကြောက် စရာထိတ်လန့်မည်ဖြစ်၏၊ ထိုခန္ဓာငါးပါး အကြောင်းနှင့် ပတ်သက်၍ ယောဂီပုဂ္ဂိုလ်များသိလွယ်မြင်လွယ်အောင် ရှေးပညာရှိများ ဥပမာပေးခဲ့

ပုံမှာ-ရှေးအခါက ကုန်သည်ယောက်ျားတဦးသည် မျက်စိလည်လမ်းမှား၍ တောအုပ်ကြီးသို့ တောတခုသို့ရောက်သွားရာ၏၊ ထိုတောအုပ်ကြီးကို အုပ်စိုးနေသော ဘီလူးမကြီးသည် ရွာတရွာမြို့တမြို့ကဲ့သို့ ဖန်ဆင်းပြီးလျှင် သူ့ကိုယ်သူလည်း လှပအောင် ဖီးလိမ်းခြယ်သကာ ကုန်သည်ယောက်ျား လာရာလမ်းကို မျှော်မှန်း၍ နေလင့်၏၊ ကုန်သည် ယောက်ျားသည် ဘီလူးမအနီးသို့ ရောက်သောအခါ တညတည်းခိုခွင့်ကို တောင်း၏၊ ဘီလူးမကလည်း ခွင့်ပြုကာဧည့်ဝတ်ကျေပွန်အောင်ပြုစု၏၊ ညချမ်းရောက်သောအခါ ဘီလူးမကရင်းနှီးပြုပြီး အကြင်လင်မယားအဖြစ်သို့ ရောက်အောင် သွေးဆောင်လေသည်၊ ကုန်သည်ယောက်ျားသည် အပျော်ကြီး ပျော်မွေ့၍ နေပြီးနောက် ရက်လ အတော်ကြာသောအခါ မိတ်ဆွေဖြစ်သော ဝိဇ္ဇာမိုရ်ပညာရှိသည် ထိုကုန်သည်အား လိုက်လံရှာဖွေရာ ဘီလူးမနှင့်ပျော်မြူးနေသည်ကိုတွေ့ရသည်နှင့် အင်း-ငါ့သူငယ်ချင်းတော့ တနေ့နေ့မှာ ဒုက္ခဆင်းရဲ ရောက်တော့မည်၊ သတိပေးအုံး မှဘဲဟု စိတ်အကြံဖြစ်ရာ ဘီလူးမကွယ်ရာကိုခေါ်၍ပြောလေသည်။

ချစ်မိတ်ဆွေ ယခုပေါင်းသင်းနေသော မိန်းမသည် လူသားအစစ်မဟုတ် ဘီလူးမကြီးဖြစ်သည်၊ ကျွန်ုပ်စကားမှန်မမှန်သင့်မိန်းမကို သေသေချာချာ ကြည့်ရှုလော့၊ မျက်ထောင့်နီသည် မျက်တောင်လဲမခတ် နဖူးမောက် နှာယောင်ကောက်၊ ဖနောင့်လဲတိုသည်ဟုပြော၏၊ ကုန်သည်ယောက်ျားသည် မိမိ၏ဇနီးကိုကြည့်သောအခါ ဝိဇ္ဇာမိုရ်ပညာရှိမိတ်ဆွေ ပြောသည့်အတိုင်းပင် ကိုက်ညီနေသည်ကို တွေ့ရလေ၏၊ သို့သော် မိမိအပေါ်ပြုစုပုံ ကြင်နာပုံ ယုယပုံတွေကြောင့် မခွဲမခွါရက်နိုင်ဘဲရှိ၏၊ ထိုအခါဝိဇ္ဇာမိုရ်ပညာရှိကထပ်မံ၍ သတိပေးအုံးမည် သင်ကား-ခက်လှလေပြီ၊ ဤမျှမယုံကြည်သေးလျှင် နက်ဖြန်နေထွက်သောအခါ သင့်မိန်းမကို ပရိယာယ်ဖြင့်ခေါ်၍ကြည့်ရှုလေပါ အရိပ်မထွက်ဟုပြောပြန်လေ၏၊ ကုန်သည်ယောက်ျားသည်လည်း သူငယ်ချင်းပြောသည်အတိုင်း ကြည့်ရှုလေရာ အရိပ်မထွက်သည်ကို တွေ့ရပြန်၏၊ သို့ရာတွင် မိမိအပေါ်ပြုစုပုံ ကြင်နာပုံ ယုယပုံကောင်းသဖြင့် မခွဲရက် မခွါနိုင်ဘဲသာရှိ၏၊ ထိုတွင် ဝိဇ္ဇာမိုရ်ပညာရှိက နောက်ဆုံးစကား ပြောလေသည် ချစ်မိတ်ဆွေ-ညအိပ်သည့်အခါ သင့်မိန်းမကို မီးတိုင်ထွန်းပြီး သေသေချာချာကြည့်ရှုစမ်းပါဟု ပြောသောအခါ သို့နှင့်ညအခါ အိပ်ပျော်ချိန်ရောက်သော် ဝိဇ္ဇာမိုရ်ပညာရှိပြောသည့်အတိုင်း မီးတိုင်ထွန်း၍ ကြည့်လိုက်လျှင်ပင်

လားလား လျှာကြီးတတောင်လောက်ထွက်လျက် အစွယ်ကြီးကလည်း ငေါ့လျက် မျက်လုံးကြီးကများလည်း အသဲတုံစရာ သဏ္ဌာန်ဆိုးကိုမြင်ရလေသည်၊ ထိုအခါကုန်သည်ယောကျ်ားသည်အလွန်တရာကြောက်ရွံ့ပြီး အင်း-သူငယ်ချင်းပြောတာမှန်ပါကလား၊ တနေ့နေ့မှာ ဒီဘီလူးမကြီး ငါ့ကို စားတော့မှာ အမှန်ဘဲဟု ဆိုကာ အလစ်မှာ ထွက်ပြေးခဲ့လေသည်။

မှတ်ချက်-အထက်ပါ ဥပမာကလေးကိုပြန်ကြည့်လျှင် လူအများပင် ခန္ဓာငါးပါးသည် အလွန်ကြောက်စရာကောင်းကြောင်း ပြော၍နေကြ၏၊ သို့သော် မျက်လုံး မျက်ထောင့်နီ နဖူးမောက် နှာယောင်ကောက် မျက်တောင်မခတ် ဖနောင့်တိုသော ဘီလူးမ၏ ပြုံစုပုံ ကြင်နာပုံ ယုယပုံကောင်း၍ မခွဲနိုင်မခွါရက်အောင်ဖြစ်နေသကဲ့သို့ထို့အတူမျက်စိအရသာ နားအရသာ နှာခေါင်းအရသာ လျှာအရသာ ကိုယ်အရသာ မနောအရသာတို့က ပြုစုပုံ ကြင်နာပုံ ယုယပုံတို့ ကောင်းမွန်နေသောကြောင့် ခန္ဓာနှင့် မခွဲနိုင်မခွါရက်နိုင်ပေ၊ အထူးသတိပြု၍ မှတ်သားကြလေပါ။

ခန္ဓာငါးပါးရှိ၍ ဆင်းရဲဒုက္ခရောက်နေရသည်ကို သိကြ၏၊ သို့သော်လည်း စွဲလန်းနေကြ၏၊ နောက်ဆုံးဝိဇ္ဇာမိုရ်ပညာရှိမိတ်ဆွေ ညွှန်ကြားသည့်အတိုင်း ကြည့်ရှုရာ လားလားလျှာကြီး ထွက်လျက် အစွယ်ကြီးကလည်းငေါ်လျက် မျက်လုံးကြီးများကလဲ အသဲရင်တုန်စရာ သဏ္ဌာန်ဆိုးကြီးကိုမြင်ရသည့်အခါ လူသားစား ဘီလူးမမှန်းတကယ်သိ၍ကြောက်ရွံ့ထိတ်လန့်လာလေ၏၊ အသက်ဘေးမှ ချမ်းသာရာရအောင် ပြေးရလေ၏၊ ထို့အတူပင် ယောဂီပုဂ္ဂိုလ်များလည်း လူသားစားဘီလူးမနှင့်တူသော ခန္ဓာငါးပါး၏ ဘေးရန်မှ ကင်းဝေးအောင် ဥဒယဗ္ဗယ ဉာဏ်အမြင်သန်ပြီးလျှင် အဖြစ်အပျက်တရားများကို ရှုကြည့်ဆင်ခြင်၍ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကြီးကို ချက်ချင်းလက်ငင်း မျက်မှောက်ပြုနိုင်ကြပါစေဟု ဆုတောင်းလိုက်ရပါသတည်း။

ဗျာမိတံ ဇနတံ ဒိသွာ၊ အမတာ ပဏံ ပသာရယိံ။
ကမ္မေန တံ ကိဏိတွာန၊ အမတံ ပိဝေထ ဘိက္ခဝေါ။

ဘိက္ခဝေါ၊ ဝေဒနာဘေးဘယာကို တွေးဆခါမြော်မြင် အတော်ပင် ကြောက်လန့် ထိတ်လန့်ကြကုန်သော အိုတရားနာ ပရိသတ်အပေါင်းသူတော်ကောင်းတို့။ ဗျာမိတံ၊ ကမ္ဘာပေါ်မှာ အော်ကာ ဟစ်ကြွေး အိုနာသေစသော ဘေးအပေါင်းတို့မှ ရစ်ထွေးကာ အမျိုးမျိုးနှိပ်စက်

အပ်သော။ ဇနတံ၊ သံသရာခရီးအကြားမှာ ဖန်ခါခါ ညည်းတွားလျက် ကိလေသာ အနာပျက်ကြောင့် မသက်မသာသတ္တဝါအများ ဂိလာန အစားစားကို။ ဒိသွာ၊မျက်မှောက်ထင်ထင် ကိုယ်တော်တိုင်တွေ့မြင်တော်မူသည်ဖြစ်၍။ အမတာပဏံ၊ ကမ္ဘာပေါ်တွင် ထင်ပေါ်ကျော်ကြား သက်သေခံ အမြောက်အများတို့ဖြင့် သောက်စားတိုင်း ဘေးဘယာ ကင်းရှောင်တဲ့ သုံးရပ်သော သာသနာအလင်းရောင် ဆေးဆိုင်ကြီးကို။ အဟံ၊ တိကိစ္ဆကဘေသဇ္ဇပါရဂူ သယမ္ဘူထွန်းထား ငါဘုရားသည်။ ပသာရယိံ၊ ဥရုဝေလ တောဝမြိုင်ယံ ကိုယ်တော်တိုင် အပင်ပန်းခံ၍ ခြောက်နှစ်မှန်မှန် ရှာကြံကြိုးစား မှန်ကန်သော ဆေးမြစ် များဖြင့် လေးဆယ့်ငါးဝါတိုင်တိုင် ဘယ်ဆရာမှ မတုပြိုင်နိုင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ကုသတည်ထောင် ဖွင့်လှစ်ခဲ့လေပြီ။ တုမှေ၊ ဆင်းရဲလှစွာ ဝေဒနာကို မကွာခံစား ဂိလာနဖြစ်ကြကုန်သော သင်တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ တံအမမ ထိုကိလေသာ အနာဝေးပြီးလျှင် မအိုမနာ မသေစေကြောင်း ဆေးမြစ်ကောင်းတို့ဖြင့် စုဆောင်းခါဖော်စပ်သည့်။ အမတောသထံ၊ မသေနိုင်တဲ့ ဆေးတော်မြတ်ကြီးကို။ ကမ္မေန၊ ဒါနစရိ များဘိထွေထွေကုသိုလ်ကံဆိုတဲ့ရွှေငွေဖြင့်။ကိဏိတွာန၊ အချိုးနှင့်အဘိုးကိုချိန်ထိုးကာဝယ်ယူကြကုန်ပြီး၍။ ပိဝေထ၊ ငါးဖြာအာရုံ ကာမဂုဏ်အစာမမှားစေဘဲ ဆေးညွှန်းနှင့်ရေလဲကို တသဝေမလွဲအောင်မှတ်သား ပဓာနဆိုတဲ့ သမ္မပ္ပဓာန်တရားဖြင့်အားရပါရ မှိဝဲစားသောက်လိုက်ကြရလေကုန်တော့သတည်း။

## သာသနာနှင့်ဒါယကာတရားတော်
## အလောင်းတော်တုလက ကိုဘချိန်ဝတ္ထု

စိရံ တိဋ္ဌတု သဒ္ဓမ္မော ဓမ္မေ ဟောန္တု သဂါရဝါ။ သဒ္ဓမ္မော၊ သာသနာသုံးရပ် အမြတ်ထင်ရှား သူတော်ကောင်း သူမြတ်လောင်းတို့၏ အဆုံးအမတရားတော်မြတ်သည်။ စိရံ၊ သာသနာငါးထောင် မြားမြောင်ရှည်ကြာ အခါကာလတို့ပတ်လုံး။ တိဋ္ဌတု၊ တဆင့်တဆင့် မြင့်ထက်မြင့်၍ ပွင့်လျက်တာရှည်အတည်ကြီး တည်တံ့ပါစေသတည်း။ ဓမ္မေ၊ သာသနာသုံးရပ် အမြတ်ထင်ရှား သူတော်ကောင်းသူမြတ်လောင်းတို့၏အဆုံးအမ အကျင့်တရားတော်မြတ်၌။ သဂါရဝါ၊ အသက်အသွင် ထင်မြင်သမျှ ဂရုဂါရဝ အရိုသေကြီး ရိုသေကြကုန်သည်။ ဟောန္တု၊ လူရှာနတ်ပါ ပြဟ္မာမကြွင်း တုပ်ဝပ်စင်း၍ဖြစ်ခြင်းကြီး ဖြစ်ကြပါစေကုန်သတည်း။

ယနေ့တရားပွဲမှာဖြင့် တကာဘက်ကလဲ သာသနာအတွက်အသက်နှင့် လဲလှယ်ပြီး ရဲရဲရင့်ရင့်ကူညီပံ့ သာသနာ့ဝန်ထမ်း သံဃာတော်အရှင်မြတ် ရဟန်းတို့ကလဲ ပရိယတ္တိအလုပ်၊ ပဋိပတ္တိအလုပ်၊ သာသနာ့ဆိုင်ရာ အလုပ်တို့ဖြင့် အဟုတ်အဟပ်ကြိုးစားတော်မူကြပုံ အလုံးစုံတွေကို ပုံစံလဲရ အားကျဘွယ်တမျိုး အတုခိုး အတုယူစရာကအသီးသီး အချိန်ကာလ ခပ်နည်းနည်းနှင့် ခရီးတွင်ကျယ်အောင် ဟောပြရမှာကိုး၊ သာသနာ ဆိုတာ ဒါယကာဘက် ဆရာဘက်နှစ်ဘက်စလုံး ညီညွတ်မှ အားရှိ သလောက် တောက်ပလင်း ထိန်နိုင်တာကလား၊ သာသနာကိုဒါယကာ ဒါယိကာမများချည်းလဲ တောက်ပလင်းထိန်အောင် မတတ်နိုင်ဘူးတဲ့၊ သာသနာ့ဝန်ထမ်း ရဟန်းတော် အရှင်မြတ်ချည်းလဲ တောက်ပလင်း ထိန်အောင် မတတ်နိုင်ဘူးတဲ့၊ တကာဆူမှ ဆရာဆူ၊ ရွာဆူမှကြွယ်ဝဆိုတဲ့ ဥပမာကလေး တကာတကာမတို့၏ အသပြာခနှ သဒ္ဓါအစလနှစ်ဌာန ပြည့်စုံလုံလောက်မှု၊ ဆရာရဟန်းတို့၏ သဒ္ဓါပြဋ္ဌာန်းသော သီလ သမာဓိ ပညာ အသီးသီးပြည့်စုံမှု၊ ညီညီညာညာ အားပေးခြင်းအမှုနှင့် ပြိုစု ပျိုးထောင်ကြမှသာလျှင် သာသနာနေဝန်း ထွန်းလင်း တောက်ပနိုင် ပေမယ်တဲ့၊ အဲဒါကြောင့် လေးလေးနက်နက် အစစအရာရာစဉ်းစားပြီး တရားသားကိုသာ အာရုံပြုကြပေတော့ သုတ္တန်ဝတ္ထုက အစချီးရမည်။

မှတ်ချက်-ဤဇာတ်ဝတ္ထုသည် ဇင်းမယ်ပဏ္ဏာသ၏ ဇာတ်ဝတ္ထုဖြစ် ပါသည်၊ အဆင်းလှ အရွယ်ကောင်း စည်းစိမ်ဥစ္စာ ရတနာအပေါင်း တို့နှင့် ကောင်းကောင်းကြီး ပြည့်စုံတဲ့ သူဌေးကလေး၊ သူဌေးကတော် ကလေး သူတို့ရင်သွေးခလေးသားသူငယ်တယောက်ထိုသူဌေးကလေး၏ အမိအဘ သူဌေးကြီး၊ သူဌေးကတော်ကြီး ကျယ်ဝန်း သားနားတဲ့ တိုက်တာ ဥယျာဉ်ခြံမြေကြီး အသီးသီးတို့ဖြင့် ဓိန္နလို့ဆိုတဲ့ မြို့ကြီးမှာ ကြီးကြီးကျယ်ကျယ် ခံစားစံစားလို့ ရှိကြသတဲ့၊ အဘသူဌေးကြီးတော့ တိုင်းတပါးသို့ သင်္ဘောခုနစ်စင်းနှင့် အရောင်းအဝယ်ထွက်သွားတယ်၊ အထူးမှတ်သားကြ သူတို့တထွေထဲမှာ သူဌေးကလေး နာမည်ကတော့ တုလကတဲ့ ဘယ်အရာမျိုးမဆို ပညာဉာဏ်နှင့် ချင့်ချိန်ပြီး လိမ်လိမ်မာမာ ချိန်ခွင်လျှာလို သေသေချာချာ လုပ်ကိုင်ဆောင်ရွက်လေ့ရှိသတဲ့၊ ဒီလို ဆိုတော့ သူဌေးကလေး ကိုဘချိန်က တနေ့သ၌ တခုသောအချိန်နာရီ အတွင်းမှာ သားကလေးရင်ခွင်ပိုက်လျက် သူ့အပါးမှာ သူ့စကားကို

နားထောင်နေတဲ့ သူ့သူဌေးကတော် ကလေအား ကြင်ကြင် နာနာ အရေးတကြီး ပြောပြနေတာက တာလိုတဲ့- ယုယချစ်ခင် အိမ်ကြီးရှင် ဖြစ်ပေသော အိုသူဌေးကတော် သင်သူဌေးကတော်ကိုယ်တိုင်က ကျမနှင့် ကျမ၏သားကလေးကို မောင်တော်အလိုရှိတဲ့ ရွှေငွေရတနာတို့အတွက် နှစ်သက် သဘောကျတော်မူသလိုဘဲ ရောင်းပါတော့ ဝယ်ပါတော့ ပေါင်ပါတော့ နှံပါတော့လို့ ပျော့ပျော့ ပျောင်းပျောင်း မြွက်ဟတဲ့ အနန္တစကား ရတနာကို မောင်ဘုရား ကြားရသဖြင့် အလွန်အမင်း နှစ်သက်ခြင်း ဖြစ်ရပါတော့တယ်၊ အလိုက်သိသိ အလိုပါပါနှင့် ဆိုရှာ ပြောရှာတော်မူတတ် ပါပေတယ်နော်၊ မချစ်မခင်တဲ့အတွက် ရက်စက် စိမ်းကားတော်မူလွန်းလို့ ရောင်းရတာမဟုတ်ပါဘူး၊ နောင်ခါကာလ နောင်ဘဝဆီ၌ ဘုရားစင်စစ်ကိုယ်တော်တိုင် ဖြစ်လို့ရှိ သဗ္ဗညုတ ရွှေဉာဏ် တော်အလင်းဖြင့် သတ္တဝါအများ သောင်းထိုက်သားတို့ကို နိဗ္ဗာန်တံခါး ကြီးသို့ အရောက်ပို့ဆောင်တော်မူနိုင်ခြင်း အကျိုးငှာသာ ရောင်းရခြင်း၊ ပေါင်နှံရခြင်း ဖြစ်ရိုးမှန်ပါတယ်၊ သူဌေးကတော် ကျွန်ပုံပေါက်လို့ရှိ သူ့အိမ်အောက်မှာ မကြောက်မရှက် ကျွန်ခံထွက်ကြ ပေဦးတော့နော်၊ ညြော်-မြော်မြင်ယိမ်မာတဲ့ သားမယားဆိုတာ လွန်စွာမှအတိုးတန်လှပါ တကားလို့ ပြောကြားရင်းအောက်မေ့တော်မူသတဲ့။

သာဓု ဘဒ္ဒေ ဇုမ်ံဝါစံ၊ သဖလမေဝ ဘာသတိ။
ဝိကိဏိသာမိ တေ ဥဘော၊ ဗောဓိယာဝ အနာဂတေ။

ဘဒ္ဒေ၊ယုယချစ်ခင် အိမ်ကြီးရှင်။ ဝါ၊ယခုဘဝမှာဖြင့် မပြုကြ, မစုကြ ပါနှင့်တော့ ယုယချစ်ခင်တဲ့ အိမ်ကြီးရှင်။ သာဓု၊ မြင့်မြတ် ကောင်းမွန် လှပါပေ၏။တွံ၊ယုယချစ်ခင် သင်အိမ်ကြီးရှင်သည်။ သဖလမေဝ၊ခုအကျိုး နောင်အကျိုး နှစ်မျိုးနှစ်ဝ အကျိုးရှိလှပါသော။ဇုမ်ံဝါစံ၊ရောင်းပါတော့ ဝယ်ပါတော့ရယ်လို့ ပျော့ပျော့ကလေး မြွက်ဟတဲ့ အနန္တ ဥစကား ရတနာမျိုးကို။ ဘာသတိ၊ အလိုက်သိသိ အလိုပါပါနှင့် ဆိုရှာ ပြောရှာ တတ်လှပါပေ၏။ အနာဂတေ၊ နောင်ခါကာလ နောင်ဘဝ၌။ ဗောဓိ ယာဝ၊ သဗ္ဗညုတရွှေဉာဏ်တော် အကျိုးငှာသာလျှင်။ ဝါ၊ ဗောဓိပလ္လင် ဦးမှာ အမြင်ထူးခြင်းဆိုတဲ့ သဗ္ဗညုတရွှေဉာဏ်တော် အကျိုးငှာသာလျှင်။ တေဥဘော၊ မင်းတို့သားအမိ နှစ်ဦးတို့ကို။ ဝိကိဏိသာမိ၊ ရောင်းရပါ တော့အံ့သတည်း။ဝါ၊နိုင်းသမျှအလုပ် နိုင်းဆလို့လုပ်ကြပေရော့ အဟုတ် ပင် ရောင်းရပေတော့အံ့သတည်း။

ကဲ-နားလည်ကြရဲ့လား၊ ဘယ်နားလည်နိုင်ပါ့မလဲ။အကျိုးအကြောင်း စုံစုံလင်လင်မှ မဟောမပြောသေးဘဲကိုး၊ ကောဏာဂုံ မြတ်စွာဘုရား၏ သာသနာတော် နောက်ပိုင်းမှာ ပုဏ္ဏားရိုင်း မိစ္ဆာဒိဋ္ဌိ ပုရောဟိတ်နှင့် ပတ်သက်ပြီး အသက်ဘေး ပျံလွန့်တော်မူခါနီးဖြစ်တဲ့ ရဟန်းနှစ်ပါးနှင့် သာမဏေတပါးကို မယားနှင့်သား အပေါင်ထား၍ ဇီဝိတဒါနပြုတော် မူမယ်လို့တဲ့၊ ပုဏ္ဏားက မတရားကုန်းတိုက်တဲ့အတွက် မင်းမိုက်က ရဟန်း တော်များကို သတ်စေလို့ အမိန့်ထုတ်တယ်။ အဲတာကြောင့် မယားနှင့် သားကို သူဌေးတဦးထံ သွားရောင်း ပေါင်နှံတော့ ရွှေတုံး ရွှေစိုင်တွေ ရလာတယ်၊ ထိုရွှေတွေနှင့် ရဟန်းများကို ချိန်စက် ရွေးယူလိုက်တဲ့အခါ ရဟန်းနှစ်ပါးသာလျှင် အသက်ဘေးမှ လွတ်သွားတယ်။ အဲတာလို မရွေးမှီ ဇီဝိတဒါန သဗ္ဗညုတဉာဏ်တော်၏ အကျိုးငှာ မင်းတို့သားအမိ နှစ်ဦးတို့ကို ရောင်းစားပေါင်နှံရတော့မှာဘဲလို့ အလောင်းတော် သူဌေး ကလေး ကိုဘချိန်က ယခုဒင်က ရွတ်ဆိုပြောပြခဲ့တဲ့ အတိုင်း ရောင်းဘို့ ပေါင်နှံဘို့ အလုံးစုံ ပြောပြတော့(စိတ်နှလုံး)ချောလှတဲ့ သူဌေးကတော် ကလေးက တရွေးမျှမကန့်ကွက်ချက်ခြင်း ပေါင်ရောင်းစားတော်မူပါလို့ တကိုယ်လုံးနှင်းအပ်သတဲ့၊စကားစပ်မိလို့မေးလိုက်စမ်းပရစေ၊တို့တကာမ တွေကို တို့တကာအချို့က ဒီသဘောအတိုင်း စိမံလျှင် နာခံခွင့်ပေးပြီး ကြေအေးဝမ်းသာ နိုင်ကြပါ့မလား၊ လိုက်နာနိုင်ပါတယ် ဆိုလျှင်လဲ အတိုင်းထက်အလွန် တံခွန်နှင့်ဘုရား ဆိုတာလို အများကြီး သာဓုခေါ် လိုက်ပါ့မယ်၊သူများကိုလဲ သာဓုခေါ်အောင် တတ်အားသမျှကြိုးစားပြီး တိုက်တွန်းပေးပါမယ်၊အကယ်မလိုက်နာ နိုင်သေးပါဘုရားလို့ လျှောက် ထားလျှင်လဲ နဲနဲမှ အပြစ်မဆိုပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ဘုရား အလောင်း ယသော်ဓရာအလောင်းတို့လို အလောင်းလျာတွေမှ မဟုတ် ကြသေးဘဲကိုး၊အဲဒီတော့ သူတို့လောက်ဘယ်မှာ စွန့်နိုင်ပါ့မလဲနော်။

အဲဒါလို သားမယားပေါင်နှံပြီး မင်းထံမှ ရွှေစင်ပိဿာနှင့် ချိန်စက် ဝယ်ယူတဲ့အတွက် ရဟန်းတော်နှစ်ပါးဖြင့် လွတ်ထွက် ချမ်းသာတော် မူကြပေပြီ၊အလုပ်အကျွေး သာမဏေကလေးတပါးတည်း ကျန်နေသတဲ့၊ သူတို့ ကိုရင်ကလေးကို ကြည့်ကြည့်ပြီး မချိတော်မူကြဘူးပေါ့။ သူဌေး ဦးဘချိန်မှာလဲ သားဆုံး မယားဆုံး ရွှေလုံးလုံးကုန်၊ အပုံပင် အကြွပ်ကျ နေတော့တာဘဲ၊ကားစင်ပေါ်မှာကျန်ရစ်တဲ့ သာမဏေကလေးမှာတော့ သေရတော့မည့်ဘေး အလွန်မဝေးတဲ့အတွက် သွေးရူး သွေးတန်းနှင့်

တာလို အော်ဟစ် လျှောက်ထား မှာကြားပြောဆိုရှာသတဲ့၊ အိုကျေးဇူး တော်သခင် အရှင်မြတ်ဘုရားတို့ အရှင်ဘုရားတို့မှာတော့ ကံအား လှတော်မူကြတဲ့အတွက် အသေစာရင်းမှ ကွေ့ကွင်း လွတ်မြောက်တော် မူကြပါပြီဘုရား၊ တပည့်တော်တို့ အရှင်ဘုရားတို့၏ တကာကြီး တုလက မှာလဲ သားရေဇနီးပါ ရွှေငွေရတနာနှင့် ပေါင်နှံလဲပြီး လူမွဲကြီးဖြစ်၍ သွားရရှာပါပြီ၊တပည့်တော်၏အသက်ကိုဖြင့် ရွှေစက်၍ လဲလှယ်နှုတ်ယူ နိုင်ပုံ မပေါ်တော့ပါ၊ မကြာမီ အတွင်းမှာဘဲ အသက်နှင့်ခန္ဓာကိုယ် ဖရို ဖရဲနှင့် ပြိုကွဲပျက်စီး ရပါတော့မည်၊အရပ်ဒေသသို့ ဘုရားတပည့်တော်၏ တကာကြီးနှင့် တကာမကြီးတို့ကိုသာ နည်းပေးလမ်းပြ သက်သာအောင် ဆုံးမမိန့်ဆိုတော်မူလိုက်ကြပါတော့ဘုရား၊ တကာကြီးနှင့် တကာမကြီး တို့သည် တပည့်တော် တည်းဟူသော သားရတက်တို့ဖြင့် တရက်ကမ မမေ့ နေ့မှာလဲငို ညမှာလဲငို ရွှေကြက် တောင်ချီ ရွှေနာရီ စက်ဖွင့်၍ ဆယ့်နှစ်ဆင့် တီးလိုက်တဲ့ သန်းခေါင်ယာမ်အခါများလဲငို၊အဲဒါ တငိုထဲ ငိုကြတဲ့အတွက် မျက်ကွင်းများ နက်ပြီးလျှင် အားပျက် လျှော့ဟောက် အသားအသွေး ခန်းခြောက်လို့ ရေခန်းသော မြစ်ချောင်း အင်းအိုင်ရဲ့ အလား များစွာ များစွာမှ သနားစရာ ရှိရှာကြပါလိမ့်မည် ဘုရားလို့ လျှောက်ထား ငိုယိုပါရောတဲ့။ဪ–ဒုက္ခ ဒုက္ခ သံသရာဝဋ်တရားဆိုတာ သနားပေမယ်လို့ မကယ်နိုင်တာတွေ အများကြီးရှိကြတာကလား၊တရား သံဝေဂဖြစ်နိုင်ဘို့သာ သတိပြုတော်မူကြပါတော့နော်။

> ဇဝံ တေ ပရိဒေဝန္တာ၊ အဍ္ဍရတ္တေစ ရတ္တေဝါ။
> နဒိဝ အဝသုဿန္တိ၊ မယှံ မုခံ အဒဿနာ။

ဘန္တေ၊ အိုအရှင်ကောင်း အရှင်မြတ်အပေါင်းတို့။ တေ၊ ထိုအမိရင်း အဘရင်း ဖြစ်ကြတဲ့ တကာကြီးနှင့် တကာမကြီးတို့သည်။ မယှံ၊ ဘုရား့ တပည့်တော်၏။ မုခံအဒဿနာ၊ မျက်နှာကို မမြင်ရလေကြောင့်။ ဝါ၊ အရှင်တို့ ကြွကြွအသွားမှာ ငါ့သားကလေး မမြင်ရပါတကား ရယ်လို့ ရင်ဝမှာ အပူမီးတို့ဖြင့် အူအသည်းပြတ်မတတ် တဆတ်ဆတ် တုန်လှုပ် နွမ်းနယ်လျက်သာလျှင်။ ရတ္တေဝါ၊ ညအခါ ကာလများ၌သော်၎င်း။ အဍ္ဍရတ္တေ ဝါ၊ သန်းခေါင်ယာမ် အခါကာလ များ၌ သော်၎င်း။ ဝါ၊ အတောင်ဟုန် စုံနှက်၍ လင်းကြက် ကလေးတွေ တွန်သံဆော် သန်းခေါင်ကျော်အချိန် နောက်ဆီက မိုးသောက်လုနီး ဖြစ်တဲ့အခါ ကာလများ၌သော်၎င်း။ ဇဝံပရိဒေဝန္တာ၊ သားတည်းဟူသော ရတက်

တွေကြောင့် တမနက် တနာရီ ကလေးမျှမအေး တဆွေးဆွေးတမြွေမြွေ နှင့် တငွေငွေ အောက်မေ့ ငိုကြွေးကြကုန်သည်ဖြစ်၍။ နဒီဝ၊ နွေရာသီ ရေကျတော့ အခြေမလှ လစ်ဟောင်းတဲ့ မြစ်ချောင်း အင်းအိုင်များကဲ့သို့ သာလျှင်။ အဝသုဿန္တိ၊ အသွေးအသားတွေ ခန်းခြောက်ကြကုန်လိမ့် တကား။ ဝါ၊ကားစင်မှာ ခေးတင်လို့နွဲ့တာကြောင့် သားသမင် အသေပွဲ လိုမို့ မကြေအေးဘဲ နွမ်းနယ်ကြကုန်လိမ့်တကား-တကား။

ဩော်-သိသိသာသာ အရှင်လတ်လတ်မှ ဖြတ်ခနဲပြိုကွဲပြီး ဖရိုဖရဲနှင့် အလောင်းကောင်ဖြစ်ရတော့မည့်အရေး သေသေချာချာတွေးကြည့်လျှင် သွေးရှိစရာပင်မရှိတော့ဘူးနော်၊ ခလေး၏အရွယ် သာမဏေငယ်လည်း ဖြစ် ခုတ်ထစ်ကြမည့် ပါးကွက် အာဏာသားများကလဲ သူသတ်ခေး ကြီးတွေ တဝင့်ဝင့်နှင့် အခွင့်အမိန့်ကို စောင့်ဆိုင်း နေကြတာကလား၊ ဟိုကဆွဲ ဒီကချည်မပြီနိုင်အောင်တုပ်ကြ ပတ်ကြလေတော့ စုတ်ပြတ် အသားအရေကွဲရာမှာ သွေးရဲရဲ သံရဲရဲနှင့် အဖန်တလဲလဲစီးကျ ယိုဆင်း ကုန်ကြတယ်၊ ရွှေပင်နားတော့ ရွှေကျေး၊ ငွေပင်နားတော့ ငွေကျေး၊ တရားမဝေးတဲ့ သာမဏေကလေးဖြစ်လေတော့ စနစ်ကျကျတဖန်တွေးမိ ပြန်သတဲ့ မရဏံ-မရဏံ၊ ဩော်သေရတော့မယ်-သေရတော့မယ်၊ မရဏံ မေ ဓုဝံဘဝိဿတိ အကယ်၍ယခုပင် မသေရသော်လည်း အနှေးနှင့် အမြန်သေရမည်ကေန် အမှန်မလွဲ အမြဲသေရချေသေးရဲ့ စသည်ဖြင့် မရဏာနုဿတိ ကမ္ဘဋ္ဌာန်းများစီးဖြန်း ပွားများရှာသတဲ့၊ အဲတာကြောင့် လေးအင်သေမှု တခုခုလည်း ဗဟုအန္တရာယ် အသွယ်သွယ်နှင့် နွယ်နီ ရုံးစည်း တလုံးသီးလျှင် ကြီးကြီးငယ်ငယ် အရွယ်မထောက် အချိန် ရောက်ကချုပ်ပျောက်ခန္ဓာ မငြင်းသာသည်ဇရာမရဏ စွမ်းရည်တည်း-လို့ လယ်တီဆရာတော်ဘုရားရေးသား ဆုံးမတော်မူခဲ့တာပေါ့။

အဲသလို အပ္ပမာဒတရား မရဏာနုဿတိ တရားတို့ဖြင့် အားယူ အားခဲပြီးသကာလ အမြဲမရှိနိုင်တဲ့အဖြစ် စိစစ်တွေးဆ သံဝေဂတရား အပြီးမှာ တကာကြီး-တကာမကြီးတို့ကို ပြေးတဲ့ပြီးထင်မြင်ပြန်ပါရောတဲ့၊ ထင်မြင်လာပြန်တဲ့အတွက် ဆရာဘုရားများဘက်က တကာ-တကာမ ပရိသတ်များဘက် မျက်နှာကလေးတတ်အားသမျှ လှည့်တော်မူပြီးတော့ အို-အရှင်ကောင်း အရှင်မြတ်အမျှုးရှိသော တကာ-တကာမအပေါင်း သူတော်ကောင်းတို့ ယခုဘဝအတွက်မှာဖြင့် အကုသလစက်တို့မှ သွက် သွက် လက်လက် ရှောင်ခွါခဲ့ရိုးအမှန်ပါနော်၊ သံသရာခေါ်တဲ့အတိတ်

ဘဝဆီက ဝိပါကဝဋ်တရားတို့ကြောင့် ချားရဟတ်ပုံအသွင် မမြင်နိုင်တဲ့ အကုသိုလ်ကံတရားတို့ကြောင့်သာ အမှန်အားဖြင့် (ဤဒုက္ခဝေဒနာကြီး) ခံစားရ ပါတော့မယ်၊ မာတာဝိတု ဂုဏော အနန္တော ဘုရားဟော ဒေသနာကို ထောက်ဆပြီးသကာလ အမိအဘ တကာ–တကာမကြီးတို့ အတွက် အပူစက် ကင်းဝေး အမြေဆေးအသွင် ထင်မြင် မှတ်သားရန် မှာကြားပေးဖို့လိုပါတယ်၊ ဆွဲကြတုပ်ကြ ချီနှောင်ကြသဖြင့် သွေးဖြိုင်ဖြိုင် စိုရွှဲလျက် မလဲသာမခွါသာ တဝါဝါဆင်မြန်းတဲ့ (ဟောဒီက)သက်နှိုး ကေသီများကိုရင်း၊ ဆွမ်းလို့ဆိုတဲ့ပုထုဇဉ်လူတို့ဘုံမှာ အတူကြို အတူကွဲကြ ရမည့်၊ မှောင်မဲနက်ကြုတ် အကြိမ်ကြိမ်အခါခါ ဖုတ်ခဲ့တဲ့ ဤသဝိတ် ဤပုဂံများကိုရင်း၊ အကြောင်းအားလျော်စွာ ယူဆောင်တော်မူကြပြီးလျှင် တကာကြီး–တကာမကြီးတို့ကို ပြဖြစ်အောင် ပြတော်မူ စေလိုပါတယ် ဘုရား။

ဇွတ်နှစ်ခါစွပ်စွဲပြီး ဒရွတ်ဆွဲအတင်းသတ်ကြတဲ့အတွက် အသက်နှင့် ခန္ဓာကိုယ် ဖရိုဖရဲပြိုကွဲပြီး ပျက်စီးရမည်အတွက် တကာကြီး-တကာမကြီး တို့၏ သားကလေးမှာဖြင့်မပြေးနိုင်ဘဲ ဓာတ်သဘောတွေမှိုလတ်တလော ပြန်လွန်ရတဲ့ အကြောင်းများကိုလဲ ပြန်ပြောင်း ဟောပြတော်မူကြပါ၊ ပကတိ သားအရင်းကိုပင် မတွေ့မမြင်ရသော်လဲ ဤသက်နှိုး သဝိတ် ပရိက္ခရာအစုံများကိုသာ သားတည်းဟူသောအသွင်ဓာတ်တို့ဖြင့် ထင်မှတ် ကြည့်ကြ ကုန်ပြီးကာ သောကမီး အပူပျောက်လို့မို့ မျက်ရည်ပေါက် မကျမဆင်းရအောင် ဖြည့်တင်းဖြေရစ်ကြစေလိုကြောင်း ထပ်လောင်း၍ အမိန့်ရှိတော်မူကြစေလိုပါတယ်ဘုရား။

အထူးကလေးတချက် ဆက်လက်ပြီး လျှောက်ထား ပါရစေဦးနော် အဓမ္မစွပ်စွဲပြီး ဒရွတ်ဆွဲ အတင်းသတ်မည့်၊ ဒီအရပ် ကမူကုန်းကလေး ပေါ်မှာ လွမ်းစေတီတဆူ ထုံးဖြူဖြူညီညီသားလို့မို့ တည်ထားဖြစ်အောင် တည်ထားကြစေလိုပါတယ်ဘုရားလို့ သနားစရာလျှောက်ထားရှာသတဲ့၊ ပြော်–လွမ်းစေတီ ကလေးလို့ဆိုတော့ တံခွန်တိုင် ရွှေကုက္ကားတွေနှင့် မလေးပွားတွေကလဲတလူလူ ဖူးရသူအမျှသဒ္ဓါလွန်လို့မို့ တကာ–တကာမ တွေလွမ်းလောက်ပေမပေါ့လေ၊ ဆည်းလည်းသံကလေးတွေက တညံညံ တိမ်ယံကလေးတွေကအညို့ညို့ တစို့စို့နှင့် မခို့တရို့ ရွှေသရဖီဖူးတဲ့ အချိန်မှာ စေတီအထူးကလေး တည်ထားတော် မူကြပါမည့်အကြောင်း တောင်းပန်လျှောက်ထား၍အပြီးမှာ တခါတည်းကိုရင်ကလေးဥက္ကောင်း

ငိုက်ဆိုက်ကျသွားရှာသတဲ့၊ သေခါနီးဆဲဆဲဆိုတာ အသဲကွဲသွားအောင် ကြေကွဲလန့် ပူပင်တတ်တာမျိုးပေကိုး၊ ဩြ-အနိစ္စ အနိစ္စ ဘိဇ္ဇန ဓမ္မော ဘိဇ္ဇတိ နဿနဓမ္မော နဿတိ-ဆိုတာများမလွဲနိုင်တဲ့တရားတွေ ပါတဲ့လို့ သတိပြုတော်မူကြပါ။

## မှာပုံတော်နှင့် အာရုံပျော် လွှမ်းစေတီဘွဲ့ဂါထာ

စီဝရံ ပတ္တမာဒါယ၊ ဒဿေထ မမ မာတရံ။
ပဿိတွာ တံ ဝိဟညေန္တု၊ တိဋ္ဌန္တု သရစေတိယံ။

ဘန္တေ၊ အိုအရှင်ကောင်း အရှင်မြတ်အပေါင်းတို့။ ဘောန္တော၊ အိုတကာ-တကာမအပေါင်း သူတော်ကောင်းတို့။ မမ၊ အကျွန်ုပ်၏။ ဝါ၊ ဝိပါကဝဋ်တရားတို့ကြောင့် ခံစား နာကျင်ရပါသော ကျွန်ုပ်၏။ စီဝရဥ္စ၊ သွေးဖြိုင်ဖြိုင်စိုရွှဲလျက် မလဲသာမခွါသာ တဝါဝါဆင်မြန်းတဲ့ သင်္ကန်းကေသီများကိုငင်း။ ပတ္တဥ္စ၊ သူနှင့်ပင်အသက်မွေးခဲ့ရ မအေးတဲ့ ဤလူ့ဘုံတွင် အတူကြုံအတူကွဲရမည် မှောင်မဲလှပတဲ့ ဤသပိတ်ပုဂံအစုံ များကိုငင်း။ အာဒါယ၊ ယူဆောင်တော်မူပြီးလျှင်။ မာတရံ၊ ခမည်းတော် မယ်တော်များကို။ ဝါ၊ သားတယောက်ကယ်လို့ အားမြောက်၍ လွှန် ချစ်ခင် အကြင်ဝါကာကြီး-တကာမကြီးလို့ဆိုတဲ့ ခမည်းတော် မယ်တော် များကို။ ဒဿေထ၊ အသက်ဖြင့်ဆုံးပေါ့လို့ နှလုံးနေအမှန်မမေ့ပါနှင့် တွေ့တွေ့ချင်း ပြောပြတော်မူကြပါကုန်ဘုရား။ တံ၊ ထိုသပိတ်ပရိက္ခရာ အစုံများကို။ ဝါ၊ သွေးတူဘွယ်တပင်တပမ်းသာဖြင့် သင်္ကန်းနှင့်ပရိက္ခရာ အစုံများကို။ ပဿိတွာ-ပဿိတွာန၊ သားဆိုတဲ့အသွင် ဓာတ်တို့ဖြင့် ထင်မှတ်ကြည့်ကြပါကုန်လျက်။ ဝိဟညေန္တု၊ သောကမီးအပူဖျောက်လို့မှို မျက်ရည်ပေါက် မကျဆင်းရအောင် ဖြည့်တင်း ဖြေရစ်ကြ ပါစေကုန် သတည်း။ တသ္မိံ စဥ္စာနေ၊ ကံဆိုးလို့ကျန်ရစ်သဖြင့် ဇွတ်နှစ်ခါစွပ်စွဲပြီး ဒရွတ်ဆွဲ အတင်းသတ်ကြမည့် ဒီအရပ်ကမူကုန်းပေါ်၌။ သရစေတိယံ၊ လွှမ်းစေတီဖြူဖြူကလေးကို။ ဝါ၊ တံခွန်တိုင်ရွှေကုက္ကားတွေနှင့် မလေးပွား တလူလူ ဖူးရသူ အမျှသဒ္ဓါတွေသွန်းလို့မှို တကာမ-တကာတွေ လွှမ်း လောက်တဲ့ လွှမ်းစေတီ ဖြူဖြူကလေးကို။ တိဋ္ဌန္တု၊ တည်ရစ်တော်မူကြ ပါကုန်ဘုရား။ ဝါ၊ ဆည်းလည်းသံ ကလေးတွေကတညံညံ တိမ်ယံ ကလေးတွေက တညို့ညို့ မခို့တရို့ ရွှေသရစီဖူးချိန်၌ စေတီအထုးကို တည်ထားကြပါကုန်ဘုရား။

ရှေးအခါကာလကတော့ အာမကသုသာန် အရှင်လတ်လတ် သတ်တဲ့ သင်းချိုင်းရယ်လို့ရှိတယ်၊ ခြေနှစ်ဘက် လက်နှစ်ဘက် ခါးလက်ကတချက် ရက်ရက်စက်စက် သတ်ကြီးတွေ စို့ကြီးတွေ နှက်ပြီးတော့ အထက်က ကျီးစွန်ငှက်တ တရုန်းရုန်းနှင့် အဖုံးအကာမရှိ ပကတိ ဟင်းလင်းပြင်မှာ အရှင်လတ်လတ် ထားလိုက်သေးတယ်၊ သတ်စေလို့ဆိုတဲ့ အမိန့်ကျလာတော့မှ ကားစင်ပေါ်မှာ ခေါင်းတင်လို့ သတ်လိုက်တာဘဲတဲ့၊ ယခု ကိုရင် သာမဏေကလေးမှာတော့ ရှေးရှေးက ဝဋ်တရားတွေကြောင့် လမ်းသွားရင်း ဘေးသင့်နေရှာကလား၊ အကုသိုလ်လို့ဆိုတဲ့ ဓာတ်တရားတွေဟာ အများကြီး ကြောက်စရာကောင်းတယ်နော်၊အဟောင်းတွေ မဆုံးနိုင်ဘူး ဆိုကိုး။

အဲတာလို သာမဏေကလေးက သေဘေးကြီးကိုကြောက်အားပိုလှတဲ့ အတွက် ဆက်ခါဆက်ခါပြောဆိုရှာတော့ ဆရာမထေရ်ကြီးက ကြက်သီး မွေးညှင်းများ ထလာပြီး ငါ့တပည့်အတွက် ဆရာတော် အသက်ကို စွန့်မယ်၊မငိုနဲ့ ငါ့တပည့်ရယ်လို့ အားပေးဝန်ခံရှာပါရောတဲ့၊ ထိုအခြင်းအရာ ကို အလောင်းတော်တုလက သဒ္ဒါအစလ ကိုဘချိန်မြင်ရလေတော့ သူ့ ကိုယ်သူ တာလိုမေးသတဲ့၊ အမောင်တုလက အသင်သည် ဘုရားသခင်၏ သာသနာတော် မြတ်ကြီးကိုဘဲ ချစ်သလား၊သို့မဟုတ် သင်၏ ခန္ဓာကိုယ် ကိုဘဲ ချစ်သလားလို့ ကွဲပြားအောင် မေးလေတော့ မိမိ၏ ခန္ဓာကိုယ် အတ္တဘောထက် ဘုရားသခင်သာသနာတော်ကြီးကိုသာလျှင် အဆအရာ အထောင်အသောင်းအသိန်းအသန်းကုဋေမက ပိုမိုချစ်ခင်တဲ့ အကြောင်း ကောင်းကောင်းကြီး သိရှိပါရောတဲ့၊သိရှိတဲ့အတွက် ရတ်တရက် ဘုရင် မင်းမြတ် ရှေ့သို့ဝင်ရောက်ခစားပြီး၊ သာမဏေကလေး၏ ထွက်မြောက် လွတ်မြောက်ရန်အတွက် ကျွန်တော်မျိုး၏အသက်ကို မငဲ့ကွက် လဲလှယ် စွန့်ပစ်ပါတော့မည်ဘုရား၊ သက်န်းတော် ဝါဝါအသွေးနှင့် သာသနာ ရေးကို ပြုစုအားထုတ်မည့် ဤယခု သာမဏေကို သေဘေးမှ ချက်ချင်း လွှတ်တော်မူပါဘုရားလို့ တအားကုန် အော်ဟစ် လျှောက်ထားလိုက်ပါ ရောတဲ့။

ဇီဝိတံ မေ ဇဟိဿာမိ၊ သာမဏေရဿ ကာရဏာ။
မောစေဟိ တံ မဟာရာဇ၊ မာရေဟိ မမ ဇီဝိတံ။

မဟာရာဇ၊ အရှင်မင်းကြီး။ သာမဏေရဿ၊ သာသနာ့အသက် သာ သနာ့အသွေး သာသနာ့ဝေပုလ္လ သာမဏေ ကလေး၏။ ကာရဏာ၊

အသက်ဟူသော အကြောင်းကြောင့်။ မေ၊တုလကခေါ် ဘုရား့ကျွန်တော် မျိုး၏။ ဇီဝိတံ၊ အသက်ဝိညာဉ်များကို။ ဇဟိဿာမိ၊ စိတ်သာ ချပါရော့ ဒိဋ္ဌစွန့်ပစ်လိုက်ပါတော့အံ့ သတည်း။ တံ၊ လမ်းသွားရင်း ဘေးသင့်ပြီး အေးခွင့်မရနိုင်တဲ့ ထိုသာမဏေကလေးကို။ မောစေဟိ၊ ချက်ချင်းလွှတ် တော်မူလိုက်ပါလေလော့။ မမ၊ အကျွန်ုပ်၏။ ဇီဝိတံ၊ အသက်ဝိညာဉ် များကို။ မာရေဟိ၊ ပျက်မလွဲ နိုင်လောက်အောင် တချက်ထဲ သတ်တော် မူလိုက်ပါဘုရား။ ဝါ၊ သာသနာ့အတွက် အာလယ မကွက်ပါဘူး ဒါန စက် မဆုတ်မဆိုင်း ရအောင် ခုတ်ပိုင်းသတ်ဖြတ် တော်မူလိုက်ပါ လေလော့။

အလောင်းတော်တို့ လုပ်တဲ့အလုပ် သာမည သူလိုငါလို ပုဂ္ဂိုလ်များ တော့ စိတ်ထဲမှာပင် ကြံဝံ့ကြမယ်မထင်ပါဘူး၊ သားမယား ပေါင်းနှံပြီး ရတနံ သရဏံ ဂစ္ဆာမိ၊ ပြုလုပ်ရုံမက ဇီဝိတဒါန ကိုယ့်အသက်နှင့် သာ မဏေကလေး အသက်လဲပြီး သေပွဲဝင်နိုင်အောင် သာသနာကြည်ညိုတဲ့ ယောကျ်ားပေဘဲ၊ဘယ်လောက်များ အံ့ဩစရာကောင်းလိုက်သလဲ။ ကဲ- တခါဖြင့် သာမဏေကလေးလွှတ်၍ မလွှတ်နိုင်အောင် တုလက ကိုဘချိန် ကို ဆွဲပြီး တခါထဲ အာဏာသားတွေက တုတ်နှောင် မိကြပါရောတဲ့၊ ပါးကွက်အာဏာသားဆိုတာ ဘာစကားမှပြောနေတဲ့လူစားမဟုတ်ဘူး၊ တုတ်ဆိုလျှင်တုတ် သတ်ဆိုလျှင်သတ် သနားတတ်တယ်ဆိုတဲ့ စကား နားလည်တဲ့လူများလည်း မဟုတ်ဘူး၊ဘီလူးနှင့် နင်လားငါလားနေတဲ့ အကောင်တွေဘဲ။

ထိုအခါ ကိုဘချိန်လို့ဆိုတဲ့ အလောင်းတော် တုလကသည် ပဉ္စပတိ ဋ္ဌိတ-တည်ခြင်းငါးပါးဖြင့် အားပါးတရ သံဃာတော်များကို ရှိခိုးပြီး ကြွတော်မူပေရော-ဘုရား၊ သီလတော်မြတ် လုံလုံခြုံခြုံ မေတ္တာဓာတ် တလှိုင်လှိုင် ထုံတော်မူကြလျက် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့ တရားအလုပ်တို့ကိုသာ အားထုတ်ကြိုးစားတော်မူကြပါတော့ ဘုရား၊ သာသနာတော်အတွက် အသက်နှင့်လဲလှယ်လို့ ကယ်ဆယ်ပြုစု လိုက်ပါ တယ်ဘုရားလို့ ဒုက္ခကိုအရေးမထားဘဲ လေးလေးစားစား လျှောက်ထား လိုက်သတဲ့၊ မြို့တော်ကြီးတခုလုံးချောက်ချား မြောက်များစွာ အကြည့် အရှု လာလိုက်ကြတဲ့၊ ပရိသတ် လူထုကြီးမှာလဲ ရှုလို့မဆုံး မြင်လို့မဆုံး တအံ့အံ့ တကြွက်ကြွက် သူ့ထက်ငါ ဆိုသလို ငိုတဲ့သူများကလဲ အော် ဟစ်ပြီး ငိုကုန်ကြတာဘဲတဲ့၊ သူဌေးကတော် ကလေးနှင့် သားကလေး

တို့ဖြင့် ကျွန်မွေး ကျွန်ပုံပေါက်ပြီး သူ့လက်အောက်မှာ ကျွန်ဖြစ်နေရရှာကြတဲ့အတွက် ထွက်လို့မှ ကြည့်ရှုခွင့်မရရှာကြဘူးတဲ့၊ အထူးဘဲ ဝမ်းနဲ့ဘို့ ကောင်းလှ ပါပေတယ်၊ သေခါနီးဆဲဆဲ ဒီတသက် ဒီတခါ မျက်နှာကလေးမျှ မကြည့်ကြရတော့ မချိကြဘူးပေါ့လေ။ လက်ကတုတ် ခြေကတုတ် မလှုပ်နိုင်အောင်၊ကြိမ်ဒဏ်ခတ်ပြီး အရပ်ရပ်လှည့်ရင်း အစိမ်းသေ သုသာန်ထုတ်သွားတာကို၊အလောင်းတော်တုလက မိခင်ကြီး အိုကြီးအိုမ မမြင်ရှာရလေတော့ ရင်ဝမှာ မီးစွဲသွားပြန်တာပေါ့လေ၊ ငါ့သားရေ-ကုန်ရောင်း ကုန်ဝယ်ထွက်သွားတဲ့ မင်းဘခင်ကြီးလဲ မပေါ်လာ တို့မှာ ရှိကြတဲ့ ရွှေရတနာ ငွေရတနာတွေလဲ ပြုတ်ပြုတ်ပြုန်း ချွေးမနှင့် မြေးကလေးကို ပေါင်နှံလို့ သူ့ကျွန်ခံ၊ မင်းဒဏ်ကြောင့် ငါ့သားလဲ နာရီပိုင်း အတွင်းမှာ သေချင်းဆိုးနှင့် သေရှာတော့မယ်၊ငါ့မှာလဲ အရိုးကိုင်းကိုင်း အခကြာပြိုင်းနှင့် ကိုးကွယ်အားထားစရာလဲမရှိ၊ယနေ့လား နက်ဖြန်လား မရဏာသေမင်းပြည်နယ်တိုင်းကို မဆိုင်းဘဲ အမေလိုက်ခဲ့မယ်။လူကလေး ရေလို့ တဆွေ့ဆွေ့ခုန်လို့မို့ တုန်တုန်ရီရီ ငိုကြွေးမှာထားရှာသတဲ့။

ဟာဟာ တာတ အနာထာဟံ၊ ဇိဏ္ဏာစ ဒါနိ ဒုဗ္ဗလာ။
အဇ္ဇေဝ အတ္တနော မတံ၊ နဇာနာမိ ပရေသုဝေါ။

တာတ၊အိုချစ်သား။ ဟာဟာ၊ဩော်-ဩော်ဆင်းရဲလှလေ၏ တကား။ ဒါနိ-ဣဒါနိ၊ ဤယခုအခါ၌။ ဇိဏ္ဏာ၊ ဆွေးမြေ့ဟောင်းနွမ်း၍ နေခဲ့လေပြီးသော။ ဒုဗ္ဗလာ၊ ဇရာလက်ချက်ကြောင့် အားပျက်အားနည်း၍ နေပေသော။ အဟံ၊ ငါမိခင်အိုကြီးသည်။ အနာထာ၊ ကိုးကွယ်ရာ မရှိခဲ့ပါပြီ ဘုရား။ အဇ္ဇေဝ၊ ယနေ့သော်၎င်း။ ပရေသုဝေါ၊ နက်ဖြန်တို့၌သော်၎င်း။ အတ္တနော၊ မိမိ၏။ မတံ၊သေပျောက်ပျက်စီးရခြင်းကို။ နဇာနာမိ၊ တကယ် မသိနိုင်ပါတော့တကား။

ကတညုတ ကတဝေဒီ တရားက အသက်သေးမှ ကင်းဝေးတော်မူ၍ သွားကြတဲ့ ရဟန်းတော်အရှင်မြတ်များလဲ အလောင်းတော်တုလက၏ သဒ္ဓါတရားကိုမျှားစွာထောက်ထား ငဲ့ညှာတော်မူကြတဲ့အတွက်ချက်ချင်း ကိုရင်သာမဏေကလေးကို ပဉ္စင်းခံပေးပြီးလျှင် ဝိပဿနာ ဉာဏ်ဖြင့် သန့်သန့်ကြီးအားထုတ်ပစ်လိုက်ကြတာသာမဏေကလေးနှင့်တကွ ရဟန်းတော်အရှင်မြတ်များတွေ ချက်ချင်းပင် ကိလေသာ အာသဝေါကုန်ခန်းတဲ့ ရဟန္တာချည်း ဖြစ်တော်မူ၍ကုန်ကြပါရောတဲ့ နေရာကျလိုက်တာနော်၊ တကာနှင့်ဆရာ လွန်စွာမှလိုက်လျော ညီညွတ်ကြပါပေတယ်၊ တိုတို

ကျဉ်းကျဉ်းနှင့် လိုရင်းရောက်အောင် ဟောလိုက်ရမှာဖြင့် ရဟန္တာအရှင်မြတ်တို့၏ မေတ္တာတေဇော် တန်ခိုး အာနုဘော်တော် များကြောင့်တကြောင်း၊ အသက်နှင့်လဲလှယ်၍ သာသနာနယ်ကြီးကို ချဲ့လိုက်သော အလောင်းတော်တုလက၏ ဘယ်သူမှ မတုမပနိုင်သော သဒ္ဓါစိတ်ဓာတ်စေတနာဓာတ်တို့ကြောင့်တကြောင်း၊ ခိန္နပြည့်ရှင် ဘုရင်မင်းမြတ်ကြီးနှင့် တကွ တတိုင်းလုံး တပြည်လုံး တိုင်းသူပြည်သား လူအများတို့သည် ဘုရားသခင်၏သာသနာတော်မြတ်ကြီးကိုအလွန်အမင်း ယုံကြည် အလွန်အမင်းမြတ်နိုး အမျိုးမျိုးချီးမြှင့် ကြသဖြင့် (သာသနာတော်မြတ်ကြီး) ကြီးမြင့်တောက်ပ ထွန်းလင်းသဖြင့် အဓွန့်ကာလ ရှည်ကြာစွာတည်၍ သွားပါရောတဲ့။

အလောင်းတော်တုလကလဲ သေခါနီးဆဲဆဲမှ တကာတဲချမ်းသာရာ ရသွားရှာပါတယ်၊ သူ၏သူဌေးကတော်ကလေးနှင့် သားတော်ကလေးတို့လဲ ရွှေးယူနိုင်၍ ရှေးရှေးကထက် ဆထက်တမိုး ဒီရေလိုတိုးတိုးပြီး အမျိုးမျိုးကုသလ မင်္ဂလာတရားတွေနှင့် ပွားများချမ်းသာကြပါရောတဲ့၊ အဘယ့်ကြောင့်ပါလဲ ဆိုတော့ တရားဟော အစက ပြောဟော ပြခဲ့တဲ့ အလောင်းတော်တုလက၏ အဘသူဌေးကြီးလေ သင်္ဘောခုနစ်စင်းနှင့် ပင်လယ်အတွင်း ကုန်ရောင်းကုန်ဝယ် ထွက်သွားတယ်လို့ ဟောပြောပြခဲ့တယ်မဟုတ်လား၊ အလောင်းတော်တုလကကို သုသာန်တစသင်းချိုင်း ဝသို့ထုတ်ဆောင်၍ သွားတဲ့အချိန် အဘသူဌေးကြီးလဲ နိုင်ငံရပ်ခြား တိုင်းတပါးတို့မှ ရွှေတွေငွေတွေသင်္ဘောကြီးတွေနှင့် တင်ဆောင်သယ်ယူ ပို့ပြီး အသက်မှီရုံကလေး နာရီပိုင်းအတွင်းမှာဘဲ ပြန်ရောက်လို့လာတယ်၊ ဒီရွှေတွေငွေတွေနှင့် ရွှေးယူလိုက်တဲ့အတွက် အေးကွက် အေးနယ်ကို အားလုံး ဆိုက်ရောက်ကုန်တာပေါ့၊ အလွန်ပျော်တဲ့ (အနဝဇ္ဇ)ပျော်ပွဲ သဘင်ကြီးပေါ့လေ၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော် ဂုဏ်တော် ပေကိုး မသေလို့တွေ့ကြရ မေ့နိုင်ဘို့ရှိကြသေးရဲ့လား ဆိုတာလိုမြော်လင့် စရာမရှိတဲ့ အဖြစ်မျိုးကအားကိုးစရာ အဖုံဖုံနှင့်စုံစုံလင်လင် ချမ်းသာ သွားကြတာကိုး၊ ဇာတ်ပေါင်းလိုက်တဲ့အခါ ကျလာတော့ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားက ဒေဝဒတ်၊ ခိန္နမင်းမြတ်က ညီတော်အာနန္ဒာ၊ အလောင်းတော် တုလက ကိုဘချိန်၏အမိအဘ သူဌေးကြီး သူဌေးကတော်ကြီးတို့ကတော့ သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာ မိဖုရားကြီးဖြစ်လာတယ်၊ သခင် ရပ်နှင့်သခင်ဟုတ်ခဲ့သော်လည်း (ကြည့်လိုက်ကြစမ်းပါ) ကျွန်အလုပ်ကို

လုပ်၍လင်အလိုလိုက်ခဲ့တဲ့ သူဌေးကတော် ကလေးကတော့ ယသော် ဓရာကြင်ဆွေ နန်းညွန့်မေဖြစ်လာတယ်၊ သားတော်ကလေးကရာဟုလာ အသက်ကိုအသေခံ၍ သာသနာမှန်ကြီးကို ပြုစုသူ တုလက ကိုဘချိန် ကတော့ ဦးပဥ္စင်းတို့ ဂေါတမ မြတ်စွာဘုရား ထင်ရှား ဖြစ်တော်မူ၍ လာပါတယ်။

ယခုအခါ နိဗ္ဗာန်မှာ စံမြန်းချမ်းသာလျက်ရှိကြပေပြီ၊ အဲတာကြောင့် ယခုအခါ တကာ-တကာမများစွာ တရားနာတို့သည် အလောင်းတော် တုလက၏ သာသနာပြုစုပုံကိုအတုယူသင့်တဲ့သူများကအတုယူ၊ ကျောင်း အမသူဌေးကတော်၏အလား လင်ကောင်း လင်မြတ်၏ စကား နား ထောင်ဘို့ အခွင့်ပေါ်လာလျှင် သာသာယာယာ အလွယ်တကူနှင့် ကြည်ကြည်ဖြူဖြူ လိုက်နာကြရမည်၊ ဦးပဥ္စင်းတို့ ရဟန်းတော်များ ဘက်ကလဲ အားတက်စရာတွေ အများကြီးပေါ့၊ မလျော့တဲ့စိတ်ဓာတ်နှင့် အမြတ်ဆုံးပြည်နိဗ္ဗာန်ကို ရည်စိတ်သန်သဒ္ဓါအရင်းစကြလျက် ဒါနတည်း ဟူသော ပစ္စယာနုဂ္ဂဟဘက်က ဗုဒ္ဓဘာသာတို့ (တဘက်နှင့် တဘက်) ကြေပွန်လျက် သေချင်လို့မှမသေရ၊ နာချင်လို့မှ မနာရ၊ အိုချင်လို့မှမအိုရ၊ ငိုချင်လို့မှမငိုကြရတဲ့ဟိုအမတနန်းသို့ စိတ်ကြိုတိုင်းရောက်ရပါလိုသော်ဟု ဆုတောင်းကြရမယ်ဟု နိဂုံးသတ်လိုက်ပါပြီ။

## အဘိဓမ္မာတပ်၍ အဆုံးသတ်ရန်ဓမ္မဒေသနာ

ဤသည်ကား ဘုရားရတနာ တရားရတနာ သံဃာရတနာ တည်း ဟူသော သရဏဂုံသုံးပါးနှင့်တကွ စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သော ဒါနကုသိုလ်၊ စောင့်ရှောက် ထိန်းသိမ်းအပ်သော သီလကုသိုလ်၊ တရား တော်မြတ်ကို ကြားနာရခြင်း ဓမ္မသဝနကုသိုလ်၊ အမှုကြီးငယ်ကို ဆောင် ရွက်ခြင်းစသော ဝေယျာဝစ္စ ကုသိုလ်ဟူသမျှသည် သုတ္တန်ဒေသနာဖြစ် ပေသည်။ ထိုမှတပါး သိမ်မွေ့နူးညံ့နက်နဲ ခက်ခဲသောအဘိဓမ္မာဒေသနာ သစ္စာဟရားတော်မြတ်သည်ကား-

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

ဟူ၍ဆိုအပ်သည်နှင့်အညီ ဘုံသုံးပါး၌ဖြစ်သောလောကီစိတ် ကောသီတိ ရှစ်ဆဲ့တပါး လောဘကြဉ်သော စေတသိက် ဧကပဉ္စာသ ငါးဆဲ့တပါး၊ ရုပ်အဋ္ဌဝီသ နှစ်ဆယ့်ရှစ်ပါးသည် ဒုက္ခသစ္စာမည်၏၊ လောဘတဏှာသည် သမုဒယသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ သမ္မာဒိဋ္ဌိ သမ္မာ

သင်္ကပ္ပ၊ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊သမ္မာသတိ၊ သမ္မာသမာဓိ–ဟူသော မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဒုက္ခသစ္စံ ပရိဇာနန္တော သမုဒယသစ္စံ ပဇဟန္တော နိရောဓသစ္စံ သစ္ဆိကရောန္တော၊မဂ္ဂသစ္စံ ဘာဝေန္တော–ဆိုအပ်သည်နှင့်အညီ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ရုပ်နာမ်ဓမ္မ တရားတွေကို မထင်မြင် ထင်မြင်အောင် ရှုနိုင်ကြည့်နိုင်မှ သာလျှင် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိနိုင်မည်၊ ဒုက္ခသစ္စာ၏ အဝိဇ္ဇာ–တဏှာ–ဥပါဒါန်–ကံ အာဟာရတည်းဟူသော အကြောင်းတရား ငါးပါးတို့ကို သိမ်းဆည်းနိုင်မှ ပွားများနိုင်မှသာလျှင် သမုဒယသစ္စာကို ပယ်စွန့်နိုင်မည်။ ဒုက္ခသစ္စာ သမုဒယသစ္စာ၏ချုပ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက် ပြု၍ဆုတောင်းကြရမည်၊နိဗ္ဗာန်ရောက်ကြောင်းဖြစ်သောမဂ္ဂင်တရားကိုယ် ရှစ်ပါးနှင့်တကွ ဒါန -သီလ–ဘာဝနာ တရားများကို နေ့ညမပြတ်ကျင့်ကြံ ကြိုးကုတ် ကြိုးစား၍ အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

**ယောဂါဝစရ သမုဿာဟ ဥယျောဇဥ်ကိုပြဆိုခြင်း**

ဤကျမ်းမြတ်၌ ဒေသနာနှစ်ရပ်ကို စေ့စပ်ဆတ်ဆတ် ခွဲဖြတ်၍ပြဦးအံ့၊ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော လောကနာထမည်ငြား မြတ်ဘုရားသည် သတ္တဝါဝေနေ များမိုလ်ခြေ တို့အား ကရုဏာတော် ဘန်ဘန်ဆော်၍ ဟောသော်မြွက်ကြား ထားတော်မူအပ်သော ဒေသနာတော် သည်ကား သမုတိသစ္စာ–ပရမတ္ထသစ္စာ ဒေသနာအားဖြင့် နှစ်ပါးသောဒ ရှိတော်မူ၏၊ ထို့ကြောင့်ရကား–မနောရထပူရဏီအဋ္ဌကထာ၌–

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမုတိ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။

ဟု ဟောကြားတော်မူသည်ကို သာကေထား သင်္ဂဟဂါထာ များဖြင့် ပြတော်မူခဲ့ပြီ။ ။ဝဒတံ၊ သေချာပိုင်းဖြတ် အဓိပ္ပါယ်ရပ်ဖြင့် ဟောကြားကုန်တတ်သော သူမြတ်တို့ထက်။ဝရော၊ပြိုင်ဘက်ကင်းလတ် အလွန်မြတ်ထသော။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးစု ငါးခုနက်စံ ဉေယျဓံကို သယမ္ဘူ ဉာဏ်စွမ်း ဆယ့်နှစ်ခန်းဖြင့် ခွဲခြမ်းတိတိ သိတော်မူသော ဘုရားမြတ်သည်။ သမ္မုတိံ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော သမုတိသစ္စာမြတ် ကိုဋ်း။ပရမတ္ထဉ္စ၊ ရုပ်နာမ်နှစ်ရပ် သရုပ်ပါဠ်ကို ဆတ်ဆတ်စေ့ အမှန်

သိအပ် ပရမတ္ထသစ္စာမြတ် ကိုရင်း။ ဒုဝေ၊ သစ္စာဝိုင်းခြား နှစ်ပါးကုန်သော။ သစ္စာနိ၊ မယွင်းမမှား သစ္စာစကားတို့ကို။ အက္ခာသိ၊ဟောကြားမြွက်တော် မိန့်တော်မူရှာ၏။ တတိယံ၊ ထိုမှဆင့်ထောက် သုံးခုမြောက်သော သစ္စာစကားကို။ နုပလဗ္ဘတိ၊ ဒေသနာ သုံးပုံပါ၌ မရအပ်-မရထိုက်ချေ။

ဤသို့မြွက်ကြား ဟောတော်မူအပ်သော သစ္စာစကားတို့တွင် ပရမတ္ထသစ္စာဟူသည် သဘောသတ္တိ လက္ခဏာအားဖြင့် ရအပ်သော အနိစ္စ-ဒုက္ခ-အနတ္တ-ခန္ဓာ-အာယတနဓာတ်-သတိပဋ္ဌာန်စသော တရားမြတ်ကို မှတ်သား အပ်တော့သည်၊ သမုတိသစ္စာဟူသည် စုဝေးသော အထုအစရှိသော အပေါင်း သဏ္ဍာန်အားဖြင့် သိအပ်သော သဘောသတ္တိ လက္ခဏာ ထင်ရှားမရှိသောအားဖြင့် သမုတ်အပ်သော လူ နတ် ဗြဟ္မာ ဟူသော သတ္တ၊ယောက်ျား-မိန်းမဟူသော ပုဂ္ဂလ၊ ငါသူတပါးဟူသော အတ္တ၊ အသက်ဇီဝိန် စိတ်ဝိညာဉ်ဟု ခေါ်ဝေါ်အပ်သော ဇီဝစသော တရားကို မှတ်အပ်တော့သည်။

ဤသို့အားဖြင့် ပြားသော သစ္စာတရား နှစ်ပါးတို့အား လျော်စွာ သုံးလူ့ဘ မြတ်စွာသည် အကြင် ဝေနေယျ သတ္တဝါတို့အား သမုတိဒေသနာစကားကို ကြားနာ မှတ်သားလျက် အနက်သဘောရပ် တို့ကို ထိုးထွင်းခါသိလျက် မောဟတရားကို ပယ်ဖျောက်လျက် ဈာန်မဂ်ဖိုလ်သို့ ရောက်နိုင်ဘွယ်ဌာ စွမ်းနိုင်အံ့၊ထိုဝေနေယျကြာ သတ္တဝါတို့အား သမုတိဒေသနာကို ဟောကြားတော်မူကုန်၏။ အကြင် ဝေနေယျကြာ သတ္တဝါတို့အား ပရမတ္ထဒေသနာစကားကိုကြားနာရမှသာလျှင် အနက်သဘောရပ်တို့ကို ထိုးထွင်းခါသိလျက် မောဟကိုပယ်သဖြင့် ဈာန်မဂ်ဖိုလ်သို့ ရောက်နိုင်ဘွယ်ဌာ စွမ်းနိုင်အံ့၊ထိုဝေနေယျကြာ သတ္တဝါတို့အား ပရမတ္ထဒေသနာစကားကို ဟောကြားတော်မူ၏။ဤအရာ၌ ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ-ဟူသည်နှင့်အညီ လောကူပမာအားဖြင့် အရပ်ဒေသဘာသာရပ်၌ လိမ်မာသော ဗေဒင်သုံးပုံ၌ တဘက်ကမ်းခပ် အနက်သဘောကို တတ်သော ဗေဒပါရဂူဆရာမြတ်သည် အရပ်ရပ်ကို လှည့်၍ အကြင်သူအား ဒမိဠဘာသာအားဖြင့် ဟောကြားမှသာလျှင် အနက်ကို သိအံ့၊ ထိုသူအား ဒမိဠဘာသာအားဖြင့် ဟောကြား၏၊ အကြင်သူအား အန္ဓကဘာသာ အားဖြင့် ဟောကြားမှသာလျှင် အနက်ကိုသိအံ့၊ ထိုသူအား အန္ဓကဘာသာဖြင့် ဟောကြား၏၊ဤသို့ဟောကြားသည်ရှိသော်

ထိုထိုဘာသာဖြင့်လိမ်မာသောဆရာကိုအမှီတကဲသဖဲပြု၍ လုလင်တပည့် အပေါင်းတို့သည် လျှင်မြန်စွာ အတတ်၏ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ထိုနည်းတူ ပမာဏစံယူ၍ သုံးလူ့ဘမြတ်စွာဘုရားသည်လည်း ဒေသနာ တော်အလာ ပိဋကတ်သုံးပုံပါ ဝစနဌ ကျမ်းကျင်တော်မူရကား ပိဋကတ် သုံးပုံ ဒေသနာစကားကို ဒေသနာနှစ်ပါးဖြင့် ဝေနေယျ အများတို့ မင်္ဂဖိုလ်တည်းဟူသော အတတ်ကို သင်ကြားတော် မူရှာ၏ဟု ဥပမာ ဥပမေယျနှစ်ရပ် ဂဟေစပ်၍ မှတ်အပ်တော့သည်။ ထိုဒေသနာ နှစ်ရပ် တို့တွင် ပရမတ္ထဒေသနာသည် မုချဆတ်ဆတ်သဘောအားဖြင့် မှတ်အပ် သည်ဖြစ်၍ မချွတ်လွဲသောကြောင့် သစ္စာမည်၏၊သမုတိ ဒေသနာသည် လည်း ကမ္ဘာဦးအစ ပဌမကပင်လျှင် ခေါ်ဝေါ် သုံးစွဲအပ်သော လောကသင်္ကေတအားဖြင့် မှတ်သားအပ်သည်ဖြစ်၍ မချွတ်မလွဲမှန်သော ကြောင့် သစ္စာမည်၏။ ထိုသို့ဖြစ်ရကား သမုတိဒေသနာစကားကို ဟော ကြားတော်မူသော မြတ်စွာဘုရားအား မုသာဝါဒစကားမဖြစ်ဟု မှတ် သားအပ်တော့သည်။ထိုကြောင့်ရကား အင်္ဂုတ္တရအဋ္ဌကထာ၌-

> တသ္မာ ဝေါဟာရကုသလဿ၊ လောကနာထဿ သတ္ထုနော။
> သမ္မုတိံ ဝေါဟရန္တဿ၊ မုသာဝါဒေါ နဇာယတိ။

ဟုဘွင့်ပြတော်မူ၏။ တသ္မာ၊ ထိုသို့မသွေမလှန် မှန်ကန်သည်၏ အဖြစ် ကြောင့်။ ဝေါဟာရ ကုသလဿ၊ ခေါ်ဝေါ်သမုတ်ခြင်း၌ လိမ်မာတော် မူထသော။ လောကနာထဿ၊ လူတို့၏ကိုးကွယ်ရာအစစ် ဖြစ်ထသော။ သမ္မုတိံ၊ လောကဖြင့်မှတ်အပ် သမုတိသစ္စာ စကားတော်မြတ်ကို။ ဝေါဟရန္တဿ၊ ဟောမြွက်ထိုထို ဆိုတော်မူထသော။ သတ္ထုနော၊ မြတ်စွာဘုရားအား။ မုသာဝါဒေါ၊ ဘောက်ပြန်ယွင်းမှား မုသာဝါဒ စကားသည်။ နဇာယတိ၊ ကေန်စင်စစ် အမှန်ပင် မဖြစ်နိုင်လေတော့ သတည်း။

(မှတ်ချက်) ဤသို့လောကသင်္ကေတအားဖြင့် ခေါ်ဝေါ်သုံးစွဲကာမျှ မတ္တအလို့ငှာ ဟောကြားတော်မူအပ်သော သမ္မုတိဒေသနာစကားကို ကဉ်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ် ဓမ္မဋ္ဌိတိဉာဏ် ယထာဘူတဉာဏ်မှကင်းဝေးကြ ကုန်သော အန္ဓပုထုဇဉ်မိုက်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ခန္ဓာငါးပါးကို ထင်ရှားတိတိ ကေန်ပင်ရှိ၏ဟု မှတ်ထင်ခြင်း တဏှာ မညနာ မာနမညနာ ဒိဋ္ဌိမညနာ တရားသုံးပါးတို့သည်ထင်ရှားဖြစ်ပေါ် လာကုန်၏၊ ထိုသို့မိန်းမယောကျ်ားဟူသောအားဖြင့် မှတ်ထင်ခေါ်ဝေါ်

ပညတ်ခြင်း၊ သမ္မုတိကိုအစွဲပြု၍ ငါ၏ခန္ဓာကိုယ်ဟု မှတ်ထင်ခြင်း၊ တဏှာ မညနာ၊ ငါသည်ခန္ဓာကိုယ်နှင့် ပြည့်စုံ၏ဟု ယစ်မူးမှတ်ထင်ခြင်း မာန- မညနာ၊ ဤခန္ဓာငါးပါးသည် ငါ၏ကိုယ် ငါ၏ကိုယ်နှင့် စပ်၏ဟု မှတ်ထင်ခြင်း ဒိဋ္ဌိမညနာ၊ ဤသို့မှတ်ထင်သဖြင့် သံသရာအစဉ်ကို ချဲ့ထွင် တတ်သော ပပဉ္စတရားသုံးပါးတို့သည်ထင်ရှားဖြစ်ကုန်၏။ ထိုပပဉ္စတရား သုံးပါး ဖြစ်ကုန်သော အန္ဓပုထုဇ္ဇန် ပုဂ္ဂိုလ်တို့အား တထောင့်ငါးရာ ကိလေသာတည်းဟူသော ကိလေသမာရ် ထိုကိလေသာကို အရင်းခံ ပြုသဖြင့် ပြုအပ်သောကုသိုလ် အကုသိုလ်ကံတည်းဟူသော အဘိသင်္ခါရ မာရ်၊ ထိုကံသည် ပစ်ချအပ်သော ခန္ဓာငါးပါးတည်းဟူသော ခန္ဓမာရ်၊ ထိုခန္ဓာငါးပါး၏ သေဆုံးခြင်းတည်းဟူသော မစ္စုမာရ်၊ မာရ်နတ်သား၏ အလိုသို့လိုက်ရခြင်း တည်းဟူသောဒေဝပုတ္တမာရ် ဤမာရ်ငါးတန်တို့သည် ဘွဲ့ချည်အပ်သည်ဖြစ်၍ သုံးဆယ့်တဘုံ ဇာတိမြို့၌ ကျင်လည်မျှောပါး၍ မရပ်မနား ဒုက္ခများစွာကိုခံစားလျက် သံသရာမှ မလွတ်မြောက်နိုင်ခြင်း အကြောင်းဖြစ်တော့သည်ဟုမှတ်။

ထို့ကြောင့်ရကား မဟာနိဒ္ဒေသ အဋ္ဌကထာ၌ မညမာနော ဗဒ္ဓေါ မာရဿ-ဟုဘွင့်ပြတော်မူ၏။ မညမာနော၊ ရုပ်နာမ်တရား၌ တဏှာ မာနဒိဋ္ဌိသုံးပါးဖြင့် ငါ၏ဥစ္စာ ငါတကား ငါ၏ကိုယ်ဟု မှတ်ထင် ယွင်းမှားသောသူကို။ မာရဿ၊ မာရ်ငါးပါး၏။ ဝါ၊ မာရ်ငါးပါးသည်။ ဗဒ္ဓေါ၊ သုံးဆယ့်တဘုံ၌ အမြဲမပြတ် ဘွဲ့ချည်အပ်၏။ ဤသို့ဖြစ်ရကား- ဤခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် ထင်ရှားကားမရှိ လောက သင်္ကေတအားဖြင့် ခေါ်ဝေါ်ခြင်းအကျိုးငှာသာလျှင် ဖြစ်တော့သည်ဟု မသိကြကုန်သော အန္ဓပုထုဇ္ဇန်တို့အား သမုတိပညတ်တရားကြီးမဖုံးလွှမ်း စေခြင်းအကျိုးငှာ အဘိဓမ္မာခုနစ်ကျမ်း၌ ဟောကြားတော်မူအပ်သော ရုပ်နာမ်ပရမတ် စိတ်စေတသိက် စကားရပ်တို့ကို တတ်အပ်ထင်ထင် လွှန်သိမြင်အောင် နောက်သို့မဆုတ် အတိအာရဒ္ဓဝီရိယကို အားထုတ် အပ်တော့သည်ဟုမှတ်၊ ထို့ကြောင့်ဓမ္မပဒပါဠိတော်၌-

ယောဂါဝေ ဇာယတေ ဘူရိ၊ အယောဂါ ဘူရိသင်္ခယော။
ဧတံ ဒွေဓာပထံ ဉတွာ၊ ဘဝါယ ဝိဘဝါယစ။
တထတ္တာနံ နိဝေသေယျ၊ ယထာ ဘူရိ ပဝဍ္ဎတိ။

ဟုဟောကြား၏။ ယောဂါ၊ နောက်သို့မဆုတ် အားထုတ်ခြင်းကြောင့်။ ဝေ၊ စင်စစ်ကေန်။ ဘူရိ၊ ပညာသည်။ ဇာယတေ၊ တနေ့တခြား တိုးပွါးခြင့်

ပွား၏။ အယောဂါ၊ ဝီရိယရှေးရှုလုံ့လမပြုခြင်းကြောင့်။ ဘူရိသင်္ခယော၊ ပညာ၏ ကုန်ခန်းခြင်းသည်။ ဟောတိ၊ ဧကန်စင်စစ် အမှန်ပင်ဖြစ်၏။ ဘဝါယစ၊ ပညာပွားခြင်း၏ငှင်း။ ဝိဘဝါယစ၊ ပညာဆုတ်ယုတ်ခြင်း၏ ငှင်း။ ဧတံဒွေဓာပထံ၊ ဤနှစ်ဖြာသွင့်လောင်း ခရီးကြောင်းကို။ ဉတွာ၊ ဧကန်တိတိ စိတ်ဝယ်သိ၍။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဘူရိ၊ ပညာသည်။ ပဝဍ္ဎတိ၊ မယုတ်ဖွံ့ထွားတိုးခါပွား၏။ တထာ၊ ထိုအခြင်း အရာဖြင့်။ အတ္တာနံ၊ ငါဟုခေါ်ဆိုမိမိကိုယ်ကို။ နိဝေသေယျ၊ မယွင်း မမှား ကျိုးဖွံ့ထွားအောင် သွင်းထားရာ၏။

ဤသို့ပြအပ်ပြီးသော ဒေသနာနှစ်ရပ်တို့တွင် ပရမတ္ထဒေသနာ စကား ရပ်သည်လည်း လောကိယဒေသနာ လောကုတ္တရာ ဒေသနာအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင်လောကိယ တရားတည်းဟူသော ဒေသေ တဗ္ဗသို့ရောက်သည်ရှိသော် စိတ်ကိုအကြီးအမှူး အဦးပြု၍ ဟောကြား တော်မူ၏၊ ထိုကြောင့် ဘုရားမြတ်သည် ဝိနည်းဒေသနာသို့ရောက်၍ ပြဿနာကိုမေးသည်ရှိသော် ဘိက္ခု၊ရဟန်း။ တွံ၊ သင်သည်။ ကိံစိတ္တော၊ အဘယ်စိတ်ရှိသည်။အသိ၊ဖြစ်သနည်း။ဤသို့လောကိယဒေသနာ၌စိတ်ကို သာလျှင် အကြီးအမှူးပြု၍ ဟောကြားတော်မူ၏၊ ဤသို့ဝိနည်းဒေသနာမှ တပါးသောသုတ် အဘိဓမ္မာဒေသနာ၌လည်း လောကိယဒေသနာ၌ စိတ်ကိုသာလျှင် ပဓာနပြု၍ဟောတော်မူ၏၊ ပါကဋ္ဌဖြစ်၍သာလျှင်ဝိနည်း ဒေသနာ၌ပြလိုက်သည်၊ လောကုတ္တရာ တရားတည်းဟူသော ဒေသေ တဗ္ဗသို့ရောက်သည်ရှိသော် ပညာကိုသာလျှင် အကြီးအမှူးပြု၍ အဦးပြု၍ ဟောကြားတော်မူ၏၊ ထို့ကြောင့်ရကား သုံးလူ့ဘမြတ်စွာဘုရားသည် ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ ကတရံပညံ၊ အဘယ်သောပညာကို။ အဓိဂတော၊ ရသည်။အသိ၊ဖြစ်သနည်းဟု မေးတော်မူ၏၊ ဤသို့ပညာကို မေးသောအခါဝယ် ပညာရှိသောရဟန်းတို့အား ပညာအားလျော်က် ပတ်သောသဒ္ဓါ ဝီရိယ သတိ သမာဓိတရားလေးပါးတို့သည်အစဉ်တစိုက် လိုက်၍ ဖြစ်တော့သည်သာတည်း၊ ထို့ကြောင့်သုတ်ပါဠိတော်၌-

ပညဝတော ဘိက္ခုဝေ အရိယသာဝကဿ တဒန္ဒယာ သဒ္ဓါသဏ္ဌာတိ၊ တဒန္ဒယံ ဝီရိယံ သဏ္ဌာတိ၊ တဒန္ဒယာ သတိ သဏ္ဌာတိ၊ တဒန္ဒယော သမာဓိ သဏ္ဌာတိ-ဟု ဟောကြားတော်မူ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ပညဝတော၊ ပညာရှိသော။ အရိယသာဝကကဿ၊ အရိယာသာဝက အား။ တဒန္ဒယာ၊ ထိုပညာအား လျော်က်ပတ် သင့်လျော်သော။ ဝါ၊

ပညာသို့ အစဉ်လိုက်သော။သဒ္ဓါ၊သဒ္ဓါတရားသည်။ သဏ္ဍာတိ၊ကောင်းစွာတည်၏။တဒန္ဓယာ၊ထိုသဒ္ဓါတရားသို့ အစဉ်လိုက်သော။ ဝီရိယံ၊ဝီရိယတရားသည်။ သဏ္ဍာတိ၊ ကောင်းစွာတည်၏။ တဒန္ဓယာ၊ ထိုဝီရိယသို့အစဉ်လိုက်သော။ သတိ၊ သတိတရားသည်။ သဏ္ဍာတိ၊ ကောင်းစွာ တည်၏။ တဒန္ဓယော၊ ထိုသတိတရားသို့အစဉ်လိုက်သော။ သမာဓိ၊သမာဓိတရားသည်။သဏ္ဍာတိ၊ကောင်းစွာတည်၏။ဤသို့အားဖြင့် လောကိယဒေသနာ လောကုတ္တရာ ဒေသနာနှစ်ရပ်၌ ထူးသော အဓိပ္ပါယ် စကားရပ်တို့ကို တပ်အပ်သေချာ ဉာဏ်စိတ်ဖြာ၍ မှတ်ကုန်ရာတော့သည်။ အယမေတ္ထ ဝိညူဟိ ဝိဒိတဗ္ဗနယော ဤသည်လျှင် ယောဂါဝစရ ကမ္မဋ္ဌာန်းတရား အားထုတ်သော ပုဂ္ဂိုလ်အပေါင်းတို့၏ ကောင်းစွာ အဘိဓမ္မာတရားတော်ကို အားထုတ်ခြင်း၌ တိုက်တွန်းအပ်သော ဥယျောဇဉ် စကား အပြီးသတ်တည်း။

ရေစက်ချ–အမျှပေးရန်

အရှင်ဘုရား တပည့်တော်-တပည့်တော်မ တို့သည် သံသရာတည်းဟူသော ဝဋ်ဆင်းရဲ ဝဲဩဃရေအယဉ်မှ ထွက်မြောက်ပါရခြင်း အရဟတ္တမဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုပါရခြင်းအကျိုးငှာ သီလ သမာဓိ ပညာသိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်ကို လေးမြတ်စွာ အားထုတ်ပါ၏ အားထုတ်ရသော ကောင်းမှုအစု ကုသိုလ်အဘို့ကြောင့် ယနေ့မှစ၍ လောကဒုက္ခ သံသရာဘေးဆိုးကြီးမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလိုကုန်၏အရှင်ဘုရား။ဤသို့ သီလသမာဓိပညာသိက္ခာ သုံးပါး သာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ် အဘို့ကို မွေးသမိခင် မွေးသဘခင် ဆရာသမား ဆွေကြီး မျိုးကြီး ဘိုးကြီး ဘွားကြီးတို့ကို အမျှ ပေးဝေပါကုန်၏။ကိုယ်စောင့်နတ် ကျောင်းစောင့်နတ် အိမ်စောင့်နတ် အရံစောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် တိုင်းစောင့်နတ် တောစောင့်နတ် တောင်စောင့်နတ် ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး စတုလောကပါလ နတ်သာသနာတော်စောင့်နတ်နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို အမျှ အမျှပေးဝေပါကုန်၏။သိကြားအသုရာ သန္တုသိတစသော နတ်မြတ် နတ်ကောင်း အပေါင်းတို့ကို အမျှအမျှပေးဝေပါကုန်၏။အထက်ကိုဘဝဂ် အောက်အဝီစိ နှံ့သိစကြဝဠာ ဖီလာထုတ်ချင်း အကြွင်းမရှိ သုံးဆယ့် တဘုံ ကျင်လည်ကုန်သော ဝေနေယျ သုမိတ ဒုက္ခိတသတ္တဝါ အပေါင်း တို့အား အမျှ အမျှ ပေးဝေပါကုန်၏။ အလုံးစုံသော သတ္တဝါအပေါင်း

တို့သည် ကျွန်ုပ်တို့ပြုအပ်သော သီလ သမာဓိ ပညာသိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်အဘို့ကို အကျွန်ုပ်တို့နှင့် တကွ ထပ်တူထပ်မျှ အမျှရကြကုန်၍ ချမ်းသာကြတဲ့ ကိုယ်ဖြစ်ကြပါစေ ကုန်သတည်း။

## (မှတ်ချက်) သစ္စာအဓိဋ္ဌာန်ပြုရန်

ဤသို့ အကျွန်ုပ်တို့ အားထုတ်ရသော သီလ သမာဓိ ပညာ သိက္ခာ သုံးပါး၊ သာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်သည် နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းဟူ၍ ယုံကြည်သက်ဝင်ပါ၏၊ ယုံကြည်သက်ဝင်သည်ကား မှန်ပါ၏ မှန်သော သစ္စာစကားကြောင့် အထူး ဝိသေသ အားဖြင့် ယခုအခါ ကျရောက် ဖြစ်ဆဲသော ရန်သူမျိုးငါးပါး ကပ်ကြီး သုံးပါး ဘေးဆိုးရန်ဆိုးကြီးမှ ၇-ရက် သားသမီးတို့၌ အမြန်ဆုံး ယခု ချက်ခြင်းကင်းဝေးအောင် ကာကွယ်ကြည့်ရှုစောင့်ရှောက်မည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အာဇာနည်ပေါ်ပေါက် ပါစေသတည်းဟု ဆုတောင်းလိုက်ပါ၏။

## အမိမွန်မြန်မာပြည် ဩဒိဿ မေတ္တာပို့

မွန် မြန်မာနိုင်ငံပြည်ကြီး ရန်မီးပျောက်ကာမသွေ၊ ပန်းကြာရေ လန်းပါစေ၊ များဝေနေ လူအပေါင်း၊ ကြည်သာချမ်းမြကြောင်း၊ မွေးသလို အေးချို၊ သေးပြဟွှစိုရိုထုံပေါင်း၊ အောင်စေ ညောင်ရေလောင်း၊ ကုန်ကြောင်းလေးဝေရီ သာခုအောင်ကာ ဝေးသင့်ပြီ၊အေးသင့်ပြီ၊ ဖြန့်သည်၊ ခန့်သည်၊ မြန်မာပြည် သာခန်း၊ မေတ္တာ ဩဒိဝ်ပန်း၊ အနိဋ္ဌာဆိတ်ခါ၊ စိတ်မှာရွှင်လန်း၊ သော်တာသစ် သစ်ဆန်း၊ကုန်ခန်းလေ မိစ္ဆာ၊အဝေးသို့ ပြေးလို့ခွါ၊ ကင်းလွတ်ကွာ၊ ရှင်းလင်းပါ၊ ဥက္ကဋ္ဌာ၊ ချုပ်ချာဗုဒ္ဓရှင်ရင်း၊ သာသနာထွန်းလို့လင်း၊ ထောင်နေ မှောင်ချွေရောင်ဝေ ကြည်ရှင်း၊နတ် ဗြဟ္မာမြတ် အမတာချဉ်း၊ လွှန်မင်းလေဒါန သီလဘာဝနာ၊ များခုသာ အားထုတ်ပါ၊ အရေးသာစေရာ၊ လေးဖြာစက်ကောင်း၊ ဘုရားဇာနည် အပ်ကြောင်း၊ တွေကနာ အဝေရာ၊ ရေကြာစုံပေါင်း၊ ချစ်ဖွာ မေတ္တာ လောင်း၊ ထက်ကောင်းကင်အာကာ၊ ပြိုးပြက်ကြိုးလျက်သာ၊ သွန်းချကာ မွမ်းမျှရွာ၊ သတ္တဝါ ခတ်မလာ၊ မြတ်ရတနာ ရွှေမိုဃ်းကြိမ်ကြိမ် လျှမ်းလို့ဖြိုး၊ ဖြန့်မိုးလေပစ္စူ၊ လောင်းနတ်ဗုဒ္ဓကျူ၊ သိမ်းမြန်းယူ ကိန်းခန်းဟူ၊ မြန်ဇမ္ဗူ စိတ်ဆူ စကြာပျံပုံတောင်းဆိုက် တုန်ညောင်းရိုက်ဆူ စိုးတော်မူ

မိုးတော်မူ ရွှေပြည်သူအောင်ပန်းဆင့် ဘောင်နန်းနှင့် နောင်လှမ်းခွင့် သောင်ကမ်းမြင့် ပြည်နိဗ္ဗူ။

ဆုတောင်းပတ္ထနာ မင်္ဂလာဩဘာ တရားကဗျာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အောင်ဇေယျတု သဗ္ဗမင်္ဂလာ အောင်ဇေယျတု အောင်ဇေယျတု အောင်ဇေယျတုသဗ္ဗမင်္ဂလံ ဇေယျတုသဗ္ဗမင်္ဂလံ အောင်အတိတ်ကျော်ညွှံ့ အောင်ဟိတ်ပေါ်ပြန် ပုဗ္ဗနိမိတ်သုခါဝဟံ နှုတ်ကဘိသိက် ဆုပတ္ထနာ အမှန် တက်နေတိုးသလို ကျက်သရေဖြိုးလို့ တန်ခိုးဂုဏ်ရောင်လျှံ စန်း ပုဏ္ဏမိန်လင်းသလို ဂုဏ်သိန်သတင်းက ဇမ္ဗူတွင်းကြေငြာ မှန်းစိတ်မှာ ကြံသမျှပင် ဣဋ္ဌာရမ္မဏ ဘောဂသမ္ပန္နံ ၂၊ မြတ်ကြောင်း မြတ်ကြောင်း မဟာဇေယျံ နတ်ပေါင်းနတ်ပေါင်း သာမာပေမံ ၂၊ မကြာစေရန် ရတနာခြွေရံ ရာကုဋေအမြန်ပေါ်စရာဩဘာသံ မဟန္တံ သီရိဂုဏ် လာတိ ဂဏ္ဍာတိတိ မင်္ဂလံ၊အိုရွှေပဒေသာ ငွေပဒေသာ ဝေဝေဆာဆာ မြေမှာ ပေါက်ငြား အမြောက်အမြားပြည့်လျှံ ဇောတိက ပမာသဏ္ဍာန် ပေါ်တိ ခနလာဘံ ဇဋိလ မေဏ္ဍကသူဌေးတို့လို အတိတ်ဘဝ ယခင်ကပေးတဲ့ ကုသိုလ်ကံ ရတနာခုနစ်ဝမှာ ကာကောဋ္ဌတို့လို လိုသမျှဣဋ္ဌံတံ ပေး မကုန် လှူမခန်းအောင် ဇမ္ဗူအဝှမ်းမှာ လူစွမ်းတက်ကြပြန် ဝေဖြိုးဝေဖြိုး အနန္တံ မြေစိုးမြေစိုး ဘဝဂ်လျှံ ဒါနကုသလံ သီလကုသလံ ဘာဝနာ ထုံသည် အမတာဘုံရည် စိတ်သန် မံသီရိ လာတိ ဂဏ္ဍာတိတိ မင်္ဂလံ ကျက်သရေ ကမ္ဘာတသောင်း တပေါင်းစည်းပြန် ထက်မြဟွေ ပတ္ထနာ တောင်းလို့ ကောင်းချီးညွှံ့-၂။ ဤတလောကပေါ် မနောမြခေါ် စကြာ ရတနာပတ္တလိုပြည့်ငြား လိုသမျှအကြံ-၂။ယခုပြုမင်္ဂလာမှာလေ၊ လျင်စွာ ပတ္တနာအကျိုး ရတနာမိုးရွာရန် အဟုတ်အတိတ် နားဝင်သာရန် နှုတ်ဘိသိက်မင်္ဂလာအသံ၊ လေးဖြာသူဌေးပမာ မယွင်းအောင် အေးစရာ အခင်းဖြင့် အောင်ခြင်း သုခံသုခံ၊ အိုင်ကုဏ္ဍလာနန်းမှာ ပဒုမ္မာပန်းသို့ ပွင့်လန်းသည့်သို့သဏ္ဍာန် ဝေရော်စနာလင်းသည့် သော်တာမင်းရယ် သန့်ရှင်းကြည်သို့ဟန် စိတ္တသုခံသုခံ ကာယသုခံသုခံ သိဒ္ဓါဘဝန္တု၊ ညွှန့်ဆုသဗ္ဗ ဣဋ္ဌံတံ၊အောင်သီချင်းနှင့် အောင်ခြင်းဇေယျံ နှလုံးကိုလိုရာ အိုမကြံပြည့်ကြောင်းမှန် မင်္ဂလာစောင်းသီချင်း ကောင်းခြင်းဇေယျာ အသံ၊သောင်းတွင်းကြေငြာရန်သဘောစိတ်ရှိသမျှဖြင့် မနောမယိဒ္ဓိပြည့်စုံ ပါစေအမှန်၊ ရပ်ရှစ်ဒိသာ စကြဝဠာပတ်ကုံး ပေါင်းရုံးများစွာ ပြဟွှာ

နတ်များ လူတလွှားတို့သည် ရှင်အားနှစ်သိမ့် ပီတိငါးဖြာစိမ့်လျက် ငြိမ့်ငြိမ့်ညောင်းညောင်း အောင်စည်မောင်းနှင့် အောင်ကြောင်းယင်ယာ မင်္ဂလာတန္တု ငွေခရုဖြင့် ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိ မာဘာတိ စန္ဒိမာ။သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။ အထ သဗ္ဗ မဟောရတ္တိံ၊ဗုဒ္ဓေါ တပတိ တေဇသာ။တိဟိ ရတနေဟိ မုတ္တံတော် ဇယမင်္ဂလံ ဝဒထာတိ-ဟူ၍ အောင်ဆု အောင်ပန်း အောင်ဩဘာ ထောမနာလျက် မြိမ့်ညာမြည်ဟီး ပထဝီမြေကြီး နှံ့စပ် ပွဲတင်ထပ်အောင် အမြတ်အောင်ဟိတ် အောင်နိမိတ်ဖြင့် အောင်ဘိသိက် သွန်းကြစေကုန်သော်။

## ရှစ်လုံးဘွဲ့တရားကဗျာ

၁။ အမျိုးသားချင်း ဘေးကင်းရန်ချေ၊ မေတ္တာတရား ပွားများထွေထွေ၊ အမျက်ဒေါသ ကင်းကြရင်လေ၊ နတ်အများ စောင့်ငြားမကွာပေ။

၂။ ကျန်းမာကြပါစေ လန်းဖြာဖြာပဝေ၊ ချမ်းသာကြစေ ချမ်းသာကြစေ၊ တရားများအားထုတ်ကြမသွေ နိဗ္ဗာန်ရောက်ကြရမှန်မလေ။

## ၎င်းကျမ်းပြုအရှင်မြတ်ဆယ်လုံးဘွဲ့ဆုတောင်းမြန်မာဂါထာ

၁။ ဤသို့ပြုရ အစုစုမြတ်ပုညာ၊ ပညာမိကသမ္ဗုဒ္ဓဖြစ်ရလို၊ သံသရာကျင်လည်ခါ မလားပါယ်ရွာ မဟာသုဒဿန စသည်အလား။

၂။ တိုင်းသူပြည်သား လူအများချမ်းသာရာ အလိုလိုဖြစ်ထွန်းစေလမ်းများရွှေငွေ ထွေထွေရွာသွန်းစေလို မိုဃ်းများရွှေငွေ ဝတ်ပုဆိုးသီးပွင့်လိုရာပဒေသာ။

၃။ လူသူအများ ဆွတ်ခူးစားကြစေရာ စွန့်ပစ်သောအခါ ခန္ဓာကိုယ်ရပ်မှာ အသက် ဆယ့်ခြောက် နှစ်ဆယ်နတ်တို့အရွယ် ကိုယ်ထင်ရှားပဋိသန္ဓေဥပပေ။

၄။ ဂါမဏိတို့လို ပယ်ဖျက်မိစ္ဆာတွေ မဟာပုရိသဖြစ်ရယောကျ်ားမြတ်အသွင် နေလထွန်းပသာသနာ ပတ္ထနာဆုတောင်း၍ပြုကြလေသာ။

၅။ ဆုတောင်းပတ္ထနာ နယပဒေသာ ရေးခါပြ ကွမ်တုံထေရာမြတ်မဟာ နောင်လာနောက်သား လူအများနည်းယူခါ ခါးပတ်ဖုံးအဆုံးနိဂုံးသတ်လိုက်ပြီ။

### တနည်းဆုတောင်းရန်ဓမ္မဒေသနာ

ဤသို့ စွန့်ကြဲပေးကမ်း လှူဒါန်းရသော ဒါနကုသိုလ်၊ စောင့်ရှောက်ထိန်းသိမ်းအပ်သောသီလကုသိုလ် ကြီးစည်ပွားများ အားထုတ်အပ်သော ဘာဝနာကုသိုလ် အစုစုအဟုန်တို့ကြောင့် (          ) ယခုပစ္စုပ္ပန်ဘဝက စပြီးလျှင် သံသရာကျင်လည်၍ အပါယ်မလားဘဲ နတ်ရွာသုဂတိနိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် သမ္ဘူမဒီ ဒေဝီအမရာ ကိန္နရီ ကိန္နရာ သုမေဓာ သုမိတ္တာတို့လို ဘဝဆက်တိုင်းဆက်တိုင်း ကေန်မုချမလွဲ ဥမကွဲ သိုက်မပျက်ဘဲ(          )အစုံစုံတွဲပြီး ချမ်းသာဆင်းရဲ အမြဲမကွာ မငြိုမငြင်မပင်မပန်းဘဲ ရေပူရေချမ်း ကမ်းလှမ်း၍ ကုသိုလ်ထူး ပါရမီထူးတို့ကို ကူညီပိုင်းဝန်းဖြည့်နိုင်ပါစေကုန်သော်။

### နှိုးဆော်စာနှင့် တရားလက်ာသံပေါက်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိံ ဇိနာတိ၊ တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

သဗ္ဗဒါနံ၊ အလုံးစုံသောဒါနအမျိုးမျိုးကို လှူဒါန်းရခြင်းကို။ ဓမ္မဒါနံ၊ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာတရားတော် လှူဒါန်းရခြင်းသည်။ ဇိနာတိ၊ အောင်၏။ သဗ္ဗရသံ၊ အလုံးစုံသော အရသာအမျိုးမျိုးကို လှူဒါန်းရခြင်းကို။ ဓမ္မရသံ၊ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာတရားတော် အရသာသည်။ ဇိနာတိ၊ အောင်၏။ သဗ္ဗရတိ၊ အလုံးစုံ မွေ့လျော်ခြင်း အမျိုးမျိုး အပေါင်းကို။ ဓမ္မရတိံ၊ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာတရားတော်၌ မွေ့လျော်ခြင်းသည်ကား။ ဇိနာတိ၊ အောင်စွမ်းနိုင်၏။ သဗ္ဗဒုက္ခံ၊ အလုံးစုံဆင်းရဲ ဒုက္ခအမျိုးမျိုးကို။ တဏှာက္ခယော၊ ကိလေသာတဏှာကုန်ခန်းရာအရဟတ္တမဂ်ဖိုလ်တရားသည်ကား။ ဇိနာတိ၊ အောင်စွမ်းနိုင်၏။

ဤသို့မုနိဘဂဝါ ဟောတော်မူအပ်သည်နှင့်အညီ ရာဇာရည္မင်းတကာနှင့် သဇ္ဇနာဂိုဏ်းဝင် သူတော်စင်အပေါင်းတို့ ကောင်းစွာကော်ရော် နိဗ္ဗာန်ပေါက် အကျိုးမျှော်၍ ပူဇော်မြဲဓမ္မတာ ထုံးတမ်းလာကြောင့် တို့သူငါလည်း သာသနာတော်တဝင်းဝင်း ထွန်းတောက်၍ လင်းခိုက်တွင် ငြင်းလိုက်လို့မတော် ပူဇော်ထိုက်လှ ပူဇနေယျမင်္ဂလာ ဓမ္မက္ခန္ဓာဒေသနာကို ပရမေဘဂဝါအစစ်ဟု အားသစ်၍ပူဇော်ပါက အလှူတကာအပေါင်းတို့ထက် ဆထက်လွန်ကျူး ထူးမြတ်သော အာနိသံသ အနန္တအကျိုး ကိုးလောက်အောင် ရသည့်အပြင် အသခ်တခါတ် နိဗ္ဗာန်ခွင်သို့စိတ်ကြီလျှင် အမြန်ပေါက်မည်ဟု ဝမ်းမြောက်ဝမ်းသာသော

စိတ်ဆန္ဒဖြင့် ကုသိုလ်ထူးဓမ္မဒါနကိုအားကျ၍ ပူဇော်နိုင်ကြပါစေသောဟု မနောကြည်သာ ပတ္တနာဆုတောင်းနှင့်တကွ ကောင်းမွန်စွာ အကျိုး မျှော်၍ နှီးဆော်တိုက်တွန်းလိုက်ပါသည် သူတော်ကောင်းအပေါင်းတို့။

၁-အမျိုးမျိုးဒါန၊ ဟူသမျှ၊ ဓမ္မဒါနကမြတ်သည်သာ။ ၂-အမျိုးမျိုး အရသာ၊ အဖြာဖြာ၊ ဓမ္မအရသာကမြတ်သည်သာ။ ၃-မွေ့လျော်သမျှ၊ အ၀၀၊ ဓမ္မမွေ့လျော်က မြတ်သည်သာ။ ၄-ဆင်းရဲဒုက္ခ၊ ဟူသမျှ၊ အရဟတ္တမဂ်ဖိုလ်က အောင်နိုင်သည်သာ။

၁-တလုံး အက္ခရာ၊ တဆူသာ၊ တူတာမှတ်ကြ၊ မျိုးလေးဖြာ။ ၂-ကြောင်းကျိုးမြင်သိ၊ ပညာရှိ၊ ပိဋကတ်ကျမ်းရေးပြုဘိ။ ၃-မစွမ်းနိုင်က၊ ပူဇော်ကြ၊ ပြုကြမြတ်ပုညာ။ ၄-အသခ်တခေတ်၊ နိဗ္ဗာန်မြတ်၊ မုချရောက် မည်သာ။ ၅-ကွမ်တုံသခင်၊ ထေရ်အရှင်၊သွန်သင်ညွှန်ပြတာ။ ၆-နောင် လာနောက်သား၊ လူအများ၊ မှတ်သားကြံစည်သာ။ ၇-အန္တရာယ်ဘေး၊ မရှိအေး၊ ငြိမ်းမြေဘက် လွယ်ကူသာ။ ၈-ကျမ်းပြီးအဆုံး၊ ခါးပတ်ဖုံး၊ နိဂုံးအုပ်လိုက်ပြီ။

၁-သက်နိုး ဆွမ်းဆေးကျောင်း၊ အလှူပေါင်း၊ သိန်းသောင်းကျိုးများ စွာ။ ၂-ထိုထက်ကျမ်းဂန်၊ လှူကျိုးသန်၊ဖိနံ့ဟောမိန့်မှာ။ ၃-ကျမ်းဂန်အလှူ၊ ပေးဝေမူ၊ ဘယ်သူမမှီရာ။ ၄-ကျမ်းဂန်လှူကျိုး၊ တက်၍တိုး၊ မိုဃ်းသို့ ဈွေမည်သာ။ ၅-ကျမ်းဂန်လှူမှ၊ မဂ်လမ်းစ၊ မုချတွေ့တော့မှာ။ ၆-သဗ္ဗ ဒါနံ၊ ပရမံ၊ ဓမ္မဇိနာတိ။ ၇-ဓမ္မပဒ၊ ကျမ်းလာပြ၊ မှတ်ကြထိုပါဠိ။ ၈-ကျမ်းဂန်အလှ၊ သူတော်စွာ၊ လိုက်နာဆောင်ရွက်ဘိ။ ၉-မဂ်ဖိုလ် နိဗ္ဗာန်၊ ရောက်လိမ့်မှန်၊ ဇယံအောင်သိဒ္ဓိ။ ၁၀-ထို့ကြောင့်မနှေး၊ သတိပေး၊အရေးယူမှပြည့်။ ၁၁-ကျမ်းဂန်ဒါန၊မြတ်ပုည၊ ဒိဋ္ဌကောင်းကျိုး ရောက်စေသော်။ ၁၂-ဥပါဒ်ဘေးရန်၊ အတန်တန်၊ မုချပျောက် စေသော်။ ၁၃-ရတနာအရှိန်၊ ဝင်းဝင်းထိန်၊ စည်းစိမ်တောင်လိုမောက် စေသော်။ ၁၄-မဂ်ဖိုလ်နိဗ္ဗာန်၊ ရည်တိုင်းဟန်၊ အမြန်ထုတ်ချောက် ပေါက်စေသော်။

## နိဂုံးပတ္ထနာ အာသိသ

ဈွော၀တာစ။

၁။ ရာမည တိဝှယေ ရဋ္ဌေ၊ မုဒ္ဒံဂါမေ သုသမ္ဘုဏ္ဍေ။
နာနာ ဒုမေဟိ သံကိဏ္ဍေ၊ သမ္ပန္န သလိလာသယေ။

၂။ သဒ္ဓါဒိဂုဏယုတ္တေဟိ၊ ရတနတ္တယ မာနိတိ။
ဥပါသကေဟိ အာရာမေ၊ ကာဒိဟန္တေသု နိဋ္ဌိတေ။
၃။ ဘဒ္ဒန္တတေဇဘာသေန၊ သာသနောဒယ ကာမိနာ။
ယတိ ပေါတာ နမတ္တာယ၊ ကတံ ယထာဘူတဂန္ထံ။
၄။ သက္ကရာဇေ ဇ-ခ-ဂ-ကံ၊ ပတ္တေ စတ္တေ န-ဈ-ဃ-ခံ။
ပက္ခေ အာသဠ္ဟိမာသဿ၊ အနာဃာသေန နိဋ္ဌိတံ။
၅။ ဝေံ တံ ရစယန္တေန၊ ယံ ပုညံ ဓိကာတံ မယာ။
တေန ပုညေန သဗ္ဗေပိ၊ သုခံ မေ ဓေန္တု ပါဏိနော။
၆။ သမ္ဗာဝသာတု ဒေဝေါပိ၊ ဘူပေါ ပါတု မဟီတလံ။
သာသန မာနိဝတ္တဿု၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။
၇။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ မွေရာဇဿ တာဒိနော။
ယထာဝိ အမ္ဗရေ စန္ဒ၊ သူရိယာ ကပ္ပဋ္ဌိတိကော။
၈။ မယာကတံ ပကရဏံ၊ ထထာဘူတ မွေဂန္ထံ။
သာသနေ အတိဇောတေတု၊ စန္ဒိမာဝ သုဘောနဘေ။
၉။ ပါမောဇ္ဇတ္တာယ သာဓူနံ၊ ဇိနစက္ကဿ ဝုဍ္ဎိယာ။
အနေကေဟိ ဂန္ထေဟိ၊ သံသန္ဒိယ ပုနပ္ပုနံ။
၁၀။ ဂရူနံ နယမာဒါယ၊ သတ္တေဒံ သုပိသောဓိတံ။
ခလိတံ ကိဉ္စိ သောဓေတွာ၊ ပဿန္တု တုဋ္ဌမာနသာ။
၁၁။ တာဝ တိဋ္ဌတု လောကသ္မိံ၊ လောက နိတ္ထရနေသိနံ။
ဒဿေန္တိ ကုလပုတ္တာနံ၊ နယံ ပညာ ဝိသုဒ္ဓိယာ။
၁၂။ ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ သုဒ္ဓစိတ္တဿ တာဒိနော။
လောကမှိ လောကဇေဋ္ဌဿ၊ ပဝတ္တတိ မဟေသိနော။
၁၃။ ယုတ္တာ ယုတ္တံ ဝိစိန္တေယျ၊ ယုတ္တံ ဂဏှေယျ ပညဝါ။
အယုတ္တံ စေ ဝိသဇ္ဇေယျ၊ မာနဒေါသံ နစ ကရေ။

၁။ စ၊ ကျမ်းဂန်ပြီးဆုံး ခါးပတ်ဖုံး၍ လုံးစုံယူသွင်း နိဂုံးရင်းကို ထင်လင်းသိမှု ဆက်စပ်ပြုလိုက်ဦးအံ့။ဝါ၊ ပြုလိုက်ဦးအံ့။ တွေ့ာဝတာ၊ ဤမျှ စကားအစဉ်ဖြင့်။ရာမညတိဂှယေ၊မွန်တိ-မွန်စွ မွန်ညမည်လှိုင်း မွန်းတိုင်း သုံးအင် အဝင်ဌာနမုတ္တမဝတီ မဏ္ဍလရာ ကာသိကောသလစသည် ဆယ့် ခြောက်ဌာန နာမကွန့်လှိုင် နယ်ခရိုင်ကဲ့သို့ ကျော်ပြိုင်နာမ တခရိုင် ဖြစ်သော အလယ်မကျ အနားစွန်းတိုင်းဌာန၌။ သုသမ္ပုဏ္ဏော၊ လယ်ယာ ဆည်မြောင်း မြစ်ချောင်းဥယျာဉ် လုပ်ခင်းဆောင်တာတို့နှင့် ကောင်းစွာ

ပြည့်စုံထသော။ နာနာဒုမေဟိ–နာနာဒုမသေလေဟိ၊ အပွင့် အသီးကို ဆောင်တတ်သော အထူးထူးသစ်ပင်တောအရပ် တောင်လျှင်တောင်ဝှမ်း ကျောက်မြေတောင် အရပ်ရပ်တို့နှင့်။ သံကိဏ္ဏေ၊ ကိုင်းခက် ရှက်တင် ရောပြွမ်းယှဉ်လျက် အစဉ်မပြတ် ရှိထသော။ သမ္ဗန္ဓသလိလာသယေ၊ နတ်မင်းဖန်သည့် နန္ဒာကန်အလား ရသာပျားသို့ မခြားတမူ ကြေ ချိုမြိန်သော ရေ၏တည်ရာ ရေတွင်း ရေကန်ကြီးလည်း ရှိပေထသော။ မုဒ္ဒုံဂါမေ၊ ကုန်သည်ကြီး,ငယ် အသွယ်သွယ်တို့ ရောင်းဝယ် ဖောက်ကား ကုန်းလမ်း ရေလမ်း မီးရထား ကား လှည်း ဆိုင်ကြီး ဆိုင်ငယ် ဈေးကြီး ဈေးငယ် လမ်းကြီး လမ်းငယ် အသွယ်သွယ်မှု ကြေးနန်းစာတိုက် ရုံးဂတ် ကြီးကျယ် ခမ်းနားတမူ တိုက်အိမ် တိုက်ကြီး ပျဉ်အိမ်အိမ်ကြီး ကြီးကျယ် များစွာ ဥစ္စာခနေ ပေါများကြွယ်ဝ အဆင်းသဏ္ဍာန် ရူပဥမ္မာ ဥပ္ပလ ကစ္စာယန သစ်သီးပန်းမျိုးစုံ ရော်ဘာဥယျာဉ် ကျီစပါး ဆန်စက် ဓာတ် စက် ယက္ကန်းအပ်ချုပ် ဓာတ်မီးခြစ် အလုပ်ရုံနှင့် ကျောင်းဘုရား စေတီ ထူးခြား ကန်တော်ကြီး မြို့ရိုးနန်းတော် မော်လမြိုင် ရန်ကုန် မန္တလေး မခြားလူမျိုး ရောပြွမ်း နှလုံးမွေ့လျော်ပျော်ဘွယ်ရာစခန်း အလားလားနှင့် ပြည့်စုံသောကြောင့် ဤမြို့ယာတည်ဦး ပကတူးအစ လူရှင်ရဟန်းတို့၏ သုဘာသိတ ဓမ္မပီယသစ္စာ အင်္ဂါလေးပါးနှင့် ညီညွတ်စွာ ကြံစည်ပြုလေ့ ဆိုလေ့ နူးညံ့ပြေပြစ် ချိုသာသိမ်မွေ့ သောကြောင့် မာဂဓဝေါဟာရ မုဒ္ဒုံနဂရဂါမဟု နာမထူးဆန်း ဤမုဒ္ဒုံမြို့ကြီး၌။

၂။ သဒ္ဓါဒိဂုဏယုတ္တေဟိ၊ သဒ္ဓါသီလ စသည်ဥသုံ ထိုထိုဂုဏ်တို့နှင့် ယှဉ်ပြိုင်ကုန်ထသော။ ရတနတ္တယမာနိဘိ၊ရတနာသုံးစုံ ဓမ္မာရုံ၌ နှစ်သက် ကုန်လင်း မြတ်နိုးခြင်းရှိကုန်သော။ ဥပါသကေဟိ၊ သံဃာနှင့် ချမ်းသာ ဆင်းရဲအတူ တရားကြီးမှူး အကုသိုလ်ကြဉ် သာသနာကို ကြီးပွား စေလို အယူဖြောင့်စင် လောကီမယုံ ဂေါတမမှ တပါးမရှိ ကိုယ်နှုတ်စောင့်စည်း ပြုစုမရှိ စဉ်းလဲကင်းပ ရတနာသုံး အမြဲဆည်းကပ် ဂုဏ်သကတ်ကြောင့် ဥပါသကာ ရတနပဒုမ ပုဏ္ဍရိကအမည်ပြောင်လင်း လယ်ပိုင်ရှင် သူဌေး ဦးပန်းအင်–ဦးခင်–ဦးရေင်မှ အာဒိစ၍ များစွာဗိုလ်လူ အူအူသောင်း သောင်း တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့သည်။ သုနိမ္မိတာ၊ ဝိသကြုံနတ် ဖန်ဆင်းသကဲ့သို့ ထောင်သောင်းသိန်းသန်းမက ရှုဘွယ် မခန်း ခြူးပန်းခြူးနွယ် အသွယ်သွယ် လေးဆောင် ခုနစ်ဆောင်ပြာသာဒ် လှေခါး စောင်းတန်း အလယ်အနား သိမ် ကျောင်း ဘုရားစေတီ ဇရပ်

သုဓမ္မာဇရပ် ကုဋိ ရေတွင်းရေကန် မဟာရံအုဋ်တံတိုင်း နံရံကြီးနှင့်တကွ ဓမ္မိယာလက်ခပေး၍ ကောင်းစွာပြုပြင် စီရင်ဖန်ဆင်းအပ်သော။ ကာဒိ ဟန္တေ၊က–အစ ဟ–အဆုံး သုတိမတူသော အက္ခရာဖြင့် သိမ်းကျုံးရေ တွက် အပ်သော၊အာရာမေ၊သီဟဠဒီပမဟာမေဃဝန် ဥယျာဉ်မြေအပြင်၌ တည်သော မဟာဝိဟာရ ကျောင်းကြီးကဲ့သို့ လိပ်ကုန်းပမာ နန္ဒစိတ္တ မိဿ ဖရုသက ဥယျာဉ်အလား ဝေဆာသစ်ပင် ညောင်ဗုဒ္ဓဟေ ညီညာ ပြေပြစ် ဖြူစင်သန့်ရှင်း မြေပြင်သာယာ ကွမ်းတိုံပုရာဏဝိဟာရ နာမ မည်သီး ကွမ်းတိုံ ကျောင်းဟောင်း ကျောင်းတိုက်အတွင်း၌။ ဝသန္တေန၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရန်အဘို့ ဓမ္မသဘင် ပွဲကြီးဆင်ယင်လျက် စာသင် ပရိသတ်တို့အား မပြတ်ပို့ချ နေထိုင်တော်မူလေ့ရှိထသော။

၃။ သာသနောဒယ ကာမိနာ၊ ရှင်တော်ဘုရား တည်ထားခဲ့စွာ သာသနာ၏ ထွန်းကားမွန်လစ် အကျိုးတရား ဖြစ်ခြင်းကို အလိုရှိသော။ ဘဒ္ဒန္တတေဇဘာသေန- ဘဒ္ဒန္တတေဇ ဩဘာသေန- ဘဒ္ဒန္တဝေဇော ဘာသေန၊ဂိုဏ်း မနောပုဒ် သမာသ်နှင့် ထွန်းပရောင်ဝါခြံ ဂုဏ်သကတ် ကြောင့် အရှင်ဘဒ္ဒန္တတေဇောဘာသဟု။ ဝါ၊ ဘဒ္ဒန္တတေဇောဘာသ သိရိဝဏ္ဏ မာလာလင်္ကာရ သာသနဝံသ ရက္ခိတဓဇဟု နာမထင်ပေါ် ငါ မထေရ်မေ႒်သည်။ ယတိပေါ်တာနံ၊ပညာခြေစု ဉာဏ်ပျိုနုထွား များပြား သောင်းသောင်း စာသင်သား ရှင်ရဟန်း အပေါင်းတို့အား။ ဝါ၊ နုရင့် ဉာဏ်ပညာနှင့် ပြည့်စုံသော ဒါယကာ ဒါယိကာမ အပေါင်း တို့၏။ အတ္ထာယ၊ ပညာမုန်ရင့် နည်းစုံဆင့်၍ ဉာဏ်ပွားစေခြင်းအလို့ငှာ။ ဝါ၊ သာသနာတော်ကို ကြီးပွားစေခြင်း နိဗ္ဗာန်သို့ရောက်စေခြင်း အကျိုးငှာ။ ယံယထာဘူတဂန္ထံ၊ နယကျယ်ဝှမ်း ယထာဘူတဓမ္မ ဒေသနာကျမ်း၏ သရုပ်ဆန်းကြွယ်သော သဘော သဘာဝ အနက်အလို အဓိပ္ပါယ်ကို လွယ်စွာသိမှု တဘန် ရေးသားပြုပြင်စီရင်၍ ပြဆိုရာ ပြဆိုကြောင်း ဖြစ် သောကြောင့် ယထာဘူတ ဓမ္မဒေသနာ မြတ်ရွှေကျမ်းစာကို။ ကတံ သင်္ခတံ၊ ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ ယောဇနာ ဂန္ထန္တရ အနု မဓု လက်သန်း ဆန်းအလင်္ကာ ကျမ်းအစုံဖြန့်၍ ပမာနှိုင်းစံ ဉာဏ်မွေတံဖြင့် ရေးသားပြုပြင် စီရင်အပ်ပြီ။

၄။ တံ၊ ထိုယထာဘူတဓမ္မဒေသနာ မြတ်ရွှေစာ ကျမ်းသစ်သည်။ သက္ကရာဇေ၊ ထက်သိကြားတွက်စစ် ရှုဥ္စ သက္ကရာဇ်သည်။ ဇ–ခ–ဂ–ကံ၊ တထောင့်သုံးရာ နှစ်ဆယ့်ရှစ်ခု မှတ်ပြုသည့်ရေတွက်မှုသို့။ စတ္တေ၊ ဇိနော်

စက်ခေတ် သာသနာတော်နှစ်သည်။ န-ဈ-ဃ-ခံ၊ နှစ်ထောင့်လေရာ ကိုးဆယ်ပြည့်သို့။ ပတ္တော၊ မသွေထုတ်ချောက် ရောက်လတ်ခဲ့သော်။ အာသဠှိမာသဿ၊ ကြင့်ရာသီ အာသဠှိနက္ခတ်နှင့်ယှဉ် ပုန်းညက်မာလာ ပန်းတွေကြ ရှင်လန်းဝေစီစီ မိုးရွာချိန့်စ ဝါဆိုလ၏။ ပက္ခေ၊ လဆန်း ပက္ခခေါ် လေးရက်စေ့သည့် နံ့ခြသေ့ အင်္ဂါနေ့ နေ့လည် ၁-ဃဠီ အချိန်တွင်။ အနာယာသေန၊ မပင်မပန်းဝေဒနာကင်းပ နှောင့်ယှက်ခြင်း ကင်းသဖြင့်။ နိဋ္ဌိတံ၊ အပြီးအဆုံး ခါးပတ်ဖုံးအပ်ပြီ။

၅။ ဇာတိဝေ၊ ဤသို့။ တံပကရဏံ၊ ထိုယထာဘူတဓမ္မဒေသနာမြွတ် ကျမ်းရွှေစာသစ်ကို။ ရစယန္တေန၊ ကောင်းစွာပြုပြင် စီရင်ရေးသားရ သဖြင့်။မယာ၊ ဘဒ္ဒန္တတေဇောဘာသအမည်ရှိသော မထေရ်မွန်အကျော် သီလဝန်ဆရာ ငါမထေရ်သည်။ ယံပုညံ၊ အာနိသင်ပေါင်းစု အကြင် ကောင်းမှုကို။ အမိဂတံ၊ လက်ဆုပ်လက်ကိုင် အပိုင်အမိ ရခါရှိပြီ။ တေနပုညေန၊ အာနိသင်ပေါင်းစု ထိုကောင်းမှုကြောင့်။ သဗ္ဗေပိ၊ ကြွင်းမဲ့ ဥသုံ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ ဝေနေများစွာ သတ္တဝါ တို့သည်။ သုခံ၊ ကိုယ်စိတ်နှစ်အင် အစဉ်မြေချမ်းသာရဌာန နိဗ္ဗာန်နဂရ မြို့သီဝသို့။ ဓေန္တ္တုပါပေန္တု၊ မကွေ့မထောက် လျင်မြန်စွာရောက်ကြ ပါစေကုန်သတည်း။

၆။ ဒေဝေါဝိ၊ ရေယာဉ်သွန်းဖြိုး ကောင်းကင်မိုးဃ်း သည်လည်း။ သမ္မာဝဿတု၊ မရပ်မစဲ တဖွဲဖွဲနှင့် အမြဲမှန်စွာ ရွာသွန်းစေသတည်း။ ဘူပေါ၊ ရေမြေသေဌ်နင်း ပြည့်ရှင်ဘုရင်မင်းသည်။ မဟီတလံ၊ ဇမ္ဗူ တခွင် မြေအပြင်ဝယ် တည်ထွင်သိမ်းကျုံး သတ္တဝါအလုံးကို။ ပါတု၊ မင်းကျင့်ဆယ်ပါးမပျက်ပြားဘဲ အမြဲနိစ္စစောင့်ရှောက်ကြပါစေသတည်း။ သာသနံ၊ သဉ္ဇာများမြောင် သာသနာငါးထောင်သည်။ မာနိဝတ္တသု၊ တရံတဆစ် ဘယ်ခါခေတ်မှ ဆုတ်နစ်ကွယ်လစ် မဖြစ်ပါစေသတည်း။ ဒေဝါ၊ ထက်သိကြားနှင့် သာသနာစောင့်လင်း ရှင်နတ်မင်းတို့သည်။ သဗ္ဗထာ၊ သတိမတိမ်းစိတ်မယိမ်းဘဲအခါခပ်သိမ်း။ ရက္ခန္တု၊ မပြတ်မလပ် စောင့်ကြပ်ကြပါစေကုန်သတည်း။

၇။ တာဒိနော၊ လာဘာလာဘ စသည်တသွန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံချိသည့် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော။ ဓမ္မရာဇဿ၊ တရားမင်းအစစ် ဧကန်ဖြစ်ငြား မြတ်ဘုရား၏။ သဒ္ဓမ္မော၊ ကောင်းခြင်းသုံးဘော် တရားတော်သည်။ အမ္ဗရေ၊ အဇင္ဇာပြင်ကျယ်

ကောင်းကင်လယ်၌။ ကပ္ပဋ္ဌိတိကာ၊ သန္ဓာချင့်ပြိုင် တကမ္ဘာတိုင်တိုင် တည်ရှိကုန်သော။ စန္ဒသူရိယာယထာ၊ အလျှံဝင်းဝင်း လ,မင်းနေမင်းတို့ ကဲ့သို့။ စိရံ၊ အခါမလင့် ကြာရှည်လေးမြင့်။ တိဋ္ဌတု၊ မုချမသွေတည်ပါ စေသတည်း။

၈။ မယာ၊ ဘဒ္ဒန္တတေဇောဘာသဟု နာမထင်ပေါ် ငါမထေရ် မော်သည်။ ကတံ၊ အသိဉာဏ်ပွားမှု ရေးသားခါပြုသော။ ယထာဘူတ ဓမ္မဂန္ထံ၊ ဟုတ်တိုင်းမှန်စွာ ကျင့်ကြံကြိုးကုတ် ထိုးထွင်း၍ သိမြင်နိုင်သော ယထာဘူတ ဓမ္မဒေသနာကျမ်းသစ်ဟု နာမထင်ပေါ် ခေါ်ချင်ဘွယ် အမည်ရှိသော။ ဇာဒံပကရဏံ၊ ဤကျမ်းမြတ် ရွှေစာသည်။ နဘော၊ အဇင္ဃာတခွင် ထက်ကောင်းကင်၌။ သုဘော၊ အရောင်ထွန်းလင်း ကောင်းမြတ်ခြင်းရှိထသော။ စန္ဒိမာဝ၊ စန်းပုဏ္ဏမိန် ရွှေလအိမ်အလား ကဲ့သို့။ သာသနေ၊ ဇိနော်မြတ်ခေါင် သာသနာငါးထောင်အတွင်း၌။ အတိဇောတတု၊ မချွတ်မယွင်းထွန်းလင်းတောက်ပပါစေသတည်း။

၉။ သာမူနံ၊ကြီစည်ဆိုမှ အကောင်းပြုထဘုရားအဇရှိသော သူတော် ကောင်းတို့၏ သူတော်ကောင်းတို့အား။ ပါမောဇ္ဇတ္ထာယစ၊ နုသော ဝမ်းမြောက်ခြင်း ပါမောဇ္ဇ အကျိုးငှာဧင်း။ ဝါ၊ ပီတိ ပဿဒ္ဓိ သုခ သမာဓိ ယထာဘူတ နိဗ္ဗိန္ဒ ဝိရာဂ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန အနုပါဒါ ပရိနိဗ္ဗာန အကျိုးငှာဧင်း။ ဇိနစက္ကဿ၊ မာရ်ငါးပါးကိုအောင်မြင်တော် မူသော မြတ်စွာဘုရား၏ သာသနာတော်သုံးပါးကို။ ဝုဒ္ဓိယာစ၊ အစ အလယ်အဆုံး သုံးပါးလုံး၌ကြီးပွားစေခြင်းအကျိုးငှာဧင်း။ အနေကေဟိ၊ တပါးမကများစွာကုန်သော။ ဂန္ထေဟိပိ၊ ကျမ်းဂန်တို့ဖြင့်လည်း ကျမ်းဂန် တို့နှင့်လည်း။ ပုနပ္ပုနံ၊ အဘန်ဘန် အထပ်ထပ် အခါခါ။ သံသန္ဒိယ၊ အခါမလပ် အထပ်ထပ်ဖြင့် နှီးနှောကြည့်ရှုပြီး၍။

၁၀။ ဂရူနံ၊ ကျောက်ထီးတမူ အလေးပြုအပ်သော ဆရာတော်ကြီး တို့အား။ နယံ၊ နည်းနာနယ ဥပဒေသကို။ အာဒါယ၊ လက်ဆုပ် လက်ကိုင် အပိုင်ယူ၍။ သုသောဓိတံ၊ ကောင်းစွာအထူးသဖြင့် သုတ်သင် အပ်သော။ ဇာဒံသတ္ထံ၊ ယထာဘူတဓမ္မဒေသနာကျမ်းသစ် အမည်ရှိသော ဤကျမ်းကို။ ဝါ၊ ကျမ်းသစ်သည်။ ကိဥ္စိ၊ ကောင်းစွာသုတ်သင်သော်လည်း အကယ်၍အနည်းငယ်မျှ တစုံတခုသော။ ခလိတံ၊ ချွတ်ချော်မှားယွင်း သည်ကို။ သောဓေတွာ၊ စင်စစ်ပညာရှိ ကေနှပဏ္ဍိတပုဂ္ဂိုလ်တို့ကိုကဲ့သို့ ကောင်းစွာရေးသား အမိပ္ပါယ်စကားရပ်တို့ကို တွေ့ရှိခဲ့လျှင် ချီးမွမ်း

မကောင်းသဖြင့်ရေးသားသောပုဒ်အက္ခရာဝါကျများတွေ့ရှိက အပြစ်မဆို ဖြောင့်မှန်စွာသုတ်သင်ကြ၍။ တုဠ္ဌမနသာ၊နှစ်သက်ရွှင်လန်း ဝမ်းမြောက်သောစိတ်ဖြင့်။ ပဿန္တု၊ စက္ခုဒွါရ ကသိုဏ်းပြလျက် မနသိကာရ သွင်းပိုက်ရှုကြည့်ကြကုန်လော့။ ဝါ၊ ဝိဝဋ္ဋမည်လတ်အသခ်ေတ်နိဗ္ဗာန်သို့ ရောက်အောင် ကောင်းစွာကြိုးကုတ် အားထုတ်နှလုံးသွင်း၍ မိမိစိတ်ကို အနည်းငယ်မျှလည်း အပြင်အပသို့သွားခြင်းငှာမပေးမူ၍ အလုံးစုံသော စိတ်ဖြင့် ရှုကြည့်ဆင်ခြင်မှတ်ကြဆောင်ကြကုန်လော့။

၁၁။ လောကမှိ၊ ဖြစ်လျှင်ပျက်မြဲ သဘောရှိသော လောကသုံးပါး လူများအပေါင်း၌။ လောကဇေဋ္ဌဿ၊ လူသုံးဦးထက် ကြီးမြတ်တော် မူထသော။ ဝါ၊ ချီးမွမ်းတော်မူထသော။ သုဒ္ဓစိတ္တဿ၊ တဏှာရာဂ ကိလေသာစသည်မှ စင်ကြယ်တော်မူထသော။ တာဒိနော၊ လာဘော အလာဘော ယသော အယသော နိန္ဒာ ပသံသာ သုခံ ဒုက္ခံဟု ဆိုအပ်သော လောကဓံ တရားနှင့်တွေ့သော်လည်း ထိတ်လန့်တုန်လှုပ် ခြင်းမရှိ။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော။ မဟေသိနော၊ သီလက္ခန္ဓ စသည်ကျေးဇူးဂုဏ်အထူးကို ဆည်းပူးရှာမှီးလေ့ရှိတော်မူသော မြတ်စွာ ဘုရား၏။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဝါ၊သာသနာ ငါးထောင်တည်သမျှကာလပတ်လုံး။ ဗုဒ္ဓေါတိနာမမ္ပိ၊ ဘုရားဟူသော အမည်သည်လည်း။ ဝါ၊ တရားသံဃာဟူသော အမည်သည်လည်း။ ပဝတ္တတိ၊ ဖြစ်သေး၏။ ဝါ၊ ရှိသေး၏။

၁၂။ လောကနိတ္တရေသိနံ၊ ဖြစ်တတ်ပျက်တတ်သော သတ္တသခ်ါရ ဩကာသလောက သုံးပါးအပေါင်းမှာ နစ်မြုပ်၍နေသော သတ္တဝါ တွေကို သံသရာဝဲဩဃမှ ထုတ်နှုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း ထက်သို့ ကယ်တင်ခြင်းကိုရှာမှီးသော။ နယံ၊ သိအပ်ဆောင်အပ် ညွှန်းပြ အပ်သောနည်းသည်။ ဝါ၊ မုဒ္ဒံနုဂရက္ခမ်တုံဝိဟာရပုရာဏ ယထာဘူတ ဓမ္မဒေသနာကျမ်းသစ်ကို။ ပညာဝိသုဒ္ဓိယာ၊ ပညာအထူးသဖြင့် စင်ကြယ် စေခြင်းအကျိုးငှာ။ ကုလပုတ္တာနံ၊ အမျိုးကောင်း သားတို့အား။ ဝါ၊ အမျိုးကောင်းသမီးတို့အား။ ဒဿေန္တိ၊ ပြလျက်။ ဝါ၊ လက်ဆုပ်လက်ကိုင် ပေးလျက်။ လောကသ္မိံ၊ လောကသုံးပါး လူများအပေါင်း၌။ တာဝ၊ ထိုဘုရား တရား သံဃာဟူသော အမည်သည် သာသနာငါးထောင် တည်သမျှကာလပတ်လုံး။ တိဋ္ဌတု၊ ယထာဘူတဓမ္မဒေသနာ ကျမ်းသစ် သည်လည်း တည်စေသတည်း။ ဝါ၊ တည်စေလို၏။

၁၃။ ပညဝါ၊ ပညာရှိသောပုဂ္ဂိုလ်သည်။ ဝါ၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ဝါ၊ အတိုင်းအရှည်ကိုသိသောပညာရှိသည်။ ယုတ္တာယုတ္တံ၊ သင့်မသင့်ကို။ ဝါ၊ တော်မတော်ကို။ ဝိစိန္တေယျ၊ ထောက်ချင့်စာနာ အထူးသဖြင့် ကြံကြရာ၏။ စေယုတ္တံ၊ အကယ်၍သင့်ငြားအံ့။ ဝါ၊ တော် ငြားအံ့။ ဂဏှေယျ၊ မှတ်ယူရာ၏။ ဝါ၊ မှတ်သား၍ယူရာ၏။ စေအယုတ္တံ၊ အကယ်၍ မသင့်ငြားအံ့။ ဝါ၊ မတော်ငြားအံ့။ မာနဒေါသံ၊ ထောင် လွှားခြင်း မာန်မာန ဒေါသကို။ ဝါ၊ အမျက်ထွက်ခြင်းကို။ နစကရေ၊ မတက်မကြွမထွက်ကြစေရာ။ ဣတိ၊ ဤသည်လျှင်အပြီးအဆုံးခါးပတ်ဖုံး၍ နိဂုံးစကားတရပ်အပြီးသတ်သတည်း။

## မြန်မာဆုတောင်းသံပေါက်

၁။ ဤသို့ပြုရ၊ ကုသလ၊ ခုရမြတ်ပုညာ။
၂။ ဝဋ်သံသရာ၊ တေဘုမ္မာ၊ ဒုက္ခများပြားစွာ။
၃။ ဇာတိဇရာ၊ မရဏာ၊ ဘယဘေးတွေ့ရာ။
၄။ နာမရူပ၊ ပရိစ္ဆေဒ၊ ပစ္စယပရိဂ္ဂဟော။
၅။ ဓမ္မဋ္ဌိတိဉာဏ်၊ အမြင်သန့်၊ အမှန်ခွဲဖြတ်ပါ။
၆။ ဝိဝဋ္ဋမည်လတ်၊ နိဗ္ဗာန်ဓာတ်၊ ရောက်အပ်ပြုပုညာ။
၇။ ကွမ်တုံသခင်၊ ထေရ်အရှင်၊ သွန်သင်ညွှန်းပြတာ။
၈။ နောင်လာလူများ၊ သတိထား၊ မှတ်သားကြံစည်ရာ။
၉။ သင့်တော်မတော်၊ ကြံစည်သော်၊ လျော်ရာယူကြပညဝါ။
၁၀။ မသင့်မတော်၊ စွန့်ပစ်သော်၊ အမျက်ဒေါသမထွက်ရာ။
၁၁။ ခပ်သိမ်းဘယာ၊ ကင်းဝေးကွာ၊ ကျန်းမာချမ်းသာကြစေရာ။
၁၂။ မယာကတ၊ ကုသလကို၊ မျှားလှဝေနေရကြစေ။
၁၃။ ပေးဝေအမျှ၊ သာဓုသာဓုသာဓု၊ ခေါ်စေသော်။
၁၄။ ဤသည်အဆုံး၊ ခါးပတ်ဖုံး၊ နိဂုံးအုပ်လိုက်ပြီ။

## မြန်မာဆုတောင်းလင်္ကာ

၁။ ဤသို့ပြုရ ကုသိုလ်ဒါန၊ ကြည်ဆွရွှင်လန်း လှူဒါန်းပါရ၊ ဤပုည ကြောင့် နှစ်ဝနာမ်ရုပ်၊ အမြန်ချုပ် ပြတ်စေသံသရာ။

၂။ ယခုပြုကြ ကုသလကြောင့်၊ ဘဝနောင်ခါ သံသရာတွင်၊ မဟာ ပုရိသ ဇာနေယျ မုချဖြစ်ရလို။

၃။ သူတော်ဥစ္စာ ခုနစ်ဖြာနှင့်၊ ကောင်းစွာ တည့်တည့် ပြည့်စုံဘိလျက်၊ သက်ရှည်နာကင်း ချမ်းသာခြင်း၊ ထင်လင်းရပါလို။

၄။ ပညာဖြိုးမောက် တန်ခိုးတောက်လျက်၊ စိုးကြောက်မရှိ မိဂိန္ဒရာ၊ ကေသရာန္တယ် သတ္တိကြွယ်၊ တကယ်ဖြစ်ရလို။

၅။ စုတ်ညစ်လှစွာ ကာမဂုဏ်ရှုပ်၊ တရားယုတ်ကို စက်ဆုပ်ရွံရှာ၊ သာသနာထမ်း မြတ်ရဟန်း၊ ရှင်လန်းဖြစ်ရလို။

၆။ ရဟန်းမြတ်စစ် မှန်တိုင်းဖြစ်၍၊ ရှင်ချစ်ဟောလတ် ဝိဋကတ်ကို၊ တတ်သိမြင်ကျွမ်း တဘက်ကမ်း၊ ဆုံးခန်းတိုင်ရလို။

၇။ ခက်စွာသမုတ် နာမ်ရုပ်နှစ်ခု၊ တောင်မရကို ခွဲထုစိတ်ဖြာ၊ ဒေသနာမိုးသည်း ချိမ့်ချိမ့်ကြိုး၊ သွန်းဖြိုးရပါလို။

၈။ နာမ်ရုပ်ဗိုင်ဗိုင် မသိနိုင်၍၊ လက်မှိုင်ချထား မေတ္တာများကို၊ တရားစည်ကြီး ခြိမ့်ခြိမ့်ဟီး၊ တီး၍နှိုးရလို။

၉။ ထက်အောက်ဝှဲချီး ခြိမ့်ခြိမ့်ဟီးလျက်၊ စောထီးမြတ်စွာ သာသနာကို ရောင်ဝါတင့်ရှိန်း၊ မှောင်ကိုတွန်း ထွန်းလင်းရပါလို။

၁၀။ ရုပ်နာမ်အခြေ၊ ဟုတ်မှန်စေ၊ ထုတ်ပေကုသိုလ်နော်။

၁၁။ ဝိရူမဟော်၊ ဉာဏ်ကြီးကျော်၊ သူတော်ပြည့်လို့ပျော်။

၁၂။ ဝင့်မြစ်ဝင့်ဟောင်း၊ ပြတ်၍ရှောင်း၊ ရှင်ကောင်းတင်စေရော်။

၁၃။ သုံးပါးဝိဇ္ဇာ၊ ပုဒိအာ၊ လျှင်စွာခဏ ရောက်လိုသော်။

၁၄။ အရဟတ္တမဂ်၊ ဖြူထီးရွက်၊ ရှစ်ချက်ဆောင်စေသော်။

၁၅။ အသခ်တဓာတ်၊ နိဗ္ဗာန်မြတ်၊ လျှင်စွာခဏရောက်စေသော်။

၁၆။ ပတ္တနာဆု၊ တောင်း၍ပြု၊ မှတ်ကြအဆုံး ခါးပတ်ဖုံး၊ နိဂုံးသတ်လိုက်လေတော့သတည်း။

## အသင့်အတင့်နှလုံးသွင်းဆင်ခြင်ရန်လင်္ကာသံပေါက်

၁။ ပညာရှိထံ၊ နည်းမခံ၊ ဂုဏ်မာန်တကြွာကြွား။

၂။ ဗဟုသုတ၊ မရှိက၊ တွေးဆအမှားမှား။

၃။ ကျမ်းပေါင်းမစုံ၊ မာနဂုဏ်၊ ဟောပြောကုန်မယုံရာ။

၄။ ငါသာအတတ်၊ ငါသာမြတ်၊ မမှတ်မထင်ရာ။

၅။ အဋ္ဌကထာ၊ ကျမ်းဋီကာ၊ ဆရာအာဇာနည်။
၆။ မြင့်မိုရ်ပမာ၊ ထေရ်ဆရာ၊ ညှိခါကြိစည်စည်။
၇။ ခါချဉ်ကောင်မာန်တက်၊ ပယ်ခါဖျက်၊ အနက်သူမှိ။
၈။ ခါချဉ်ကောင်မာန်ကြီးလို့၊ တောင်ကြီးဖြိုမည်ကြံ၊ ခါးကမသန်။
၉။ သံကိုသံဖျက်၊ သံချေးတက်၊ မှားချက်အလွန်များ။
၁၀။ နောင်လာနောက်သား၊ လူသူများ၊ သတိထားစေရာ။
၁၁။ ကွမ်တုံဘိက္ခု၊ ရေးခါပြု၊ သာရနိစ္ဆယ။
၁၂။ သင့်တော်မတော်၊ ကြံစည်သော်၊ လျော်ရာယူကြပညာဝါ။
၁၃။ မသင့်မတော်၊ စွန့်ပစ်သော်၊ အမျက်ဒေါသမဖြစ်ရာ။
၁၄။ စီးပွားချမ်းသာ၊ မင်္ဂလာ၊ နေ့တိုင်းပွားစေသာ။

## ဥယျောဇဉ်

အကြားအမြင်ချို့တဲ့၍ ပညာမဲ့သူတို့ကိုရည်ပြီးလျှင် အရှင်မဟာရဋ္ဌဆရာတော်ကြီးက ကိုးခန်းပျို့တွင် အောက်၌ပါသောအတိုင်း စပ်ဆိုထားလေသည်၊ ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်၊ ရှုံ့ရှာလန့်ထိတ်၊ အသံဆိတ်၍၊ တိတ်တိတ်မနေ၊ ဆိုပါချေလည်း၊ မပြေမပြစ်၊ အတစ်ထစ်လျှင်၊ ကျစ်လစ်မရှိ၊ ဟုတ်လိနိုးနိုး၊ ဆင်ကန်း တိုးသို့၊ အကျိုး အကြောင်း၊ ကောင်းကောင်းမမှန်၊ သမ္ဘန်ပါ၌လျောက်၊ ရှေနောက်မညီ၊ အစီအလျဉ်၊ အစဉ်မသင့်၊တဖြင့်တပါး၊ ရယ်ဘွယ်များခဲ့၊တိုးဘွားမိဘ၊ ကြီးသူမ၍၊ မလှမညှိုး၊ မစိုးမရိမ်၊ နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်၊ ခုနစ်ဆင့်တက်၊နေလင့်ကစား၊ ပြာသာဒ်ဖွားဝယ်၊ နားသည်ကျီးမျှ၊ ပမာကျလိမ့်၊ အင်္ဂပဋ္ဌင်၊ သွင်ပြင်ရပ်ဝါ၊ ပြည့်စုံပါလည်း၊ နံ့သာလှိုင်ခြင်း၊ ဂုဏ်နံ့ကင်းမူ၊ အဆင်းလှဆန်း၊ လူပေါက်ပန်းဟု၊ သွမ်းမှန်သိထွေ၊ ကဲ့ရဲ့လေအံ့။

ဤသို့ပြဆိုအပ်ခဲ့သော အချက်တို့ကို ထောက်ထား ဆင်ခြင်ကြပြီးလျှင် ကံအားလျော်စွာ ထူးမြတ်သော လူ့ဘဝကိုရရှိ၍ လာကြရာတွင် လူမင်္ဂလာကြီးအမှန်ဖြစ်ပေသော ဗဟုသုတပညာများကို ရရှိလေအောင် မိမိတို့ကိုယ်ပိုင်နားကို အရင်းအနှီးပြုပြီးလျှင် တတ်စွမ်းသမျှ ကြိုးစားကျင့်ကြံအားထုတ်သင့်ကြပေသတည်း။ အထူးနှလုံးသွင်းပါ။

## ကျမ်းပြီးနိဂုံးလင်္ကာ

ရင့်ကျူးမြွက်သံ၊ မေတ္တာခံပိမ့်၊ နိုင်ငံသိရိ၊ မြန်ဘူမိဝယ်၊ လောကီလောကုတ်၊ မယုတ်အကျိုး၊ နွမ်းမညှိုးဘဲ၊ တက်တိုးဒီသွင်၊ ကြည်အလင်ဖြင့်၊ စည်ပင်ပြန့်ပြော၊ ပွားစေသောဟု၊ မနောဓိဋ္ဌာန်၊ ရည်စိတ်သန်နှင့်၊ နိဗ္ဗာန်တိုင်ထိ၊ ကျိုးထူးရှိအောင်၊ ဝိနိစ္ဆယ၊ လမ်းမှန်ပြလျက်၊ သုတပေါင်းစု၊ သဂြိုဟ်ပြု၍၊ ရင့်နုစုံလင်၊ ရေးစီရင်သည်၊ ကြည်လင်ရှုဘွယ် အံ့မညီးတည်း။

ပု-ဒိ-အာ နှင့်ပြည့်စုံပါစေသော်။